စစ်ကိုင်းတောင်ရိုး

ပဌာန်းသိပ္ပံဆရာတော် အရှင်ဣန္ဒကထေရ

၏

ပဌာနသာရဝိလာသိနီ

ခေါ်

ပဌာန်းသိပ္ပံကျမ်း

ပထမတွဲ

(ပဌာဝါရဝိဘင်္ဂပါဠိတော်နှင့် အရကောက်)

ရွှေဟင်္သာဆရာတော် အရှင်ပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ)
တည်းဖြတ်တော်မူသည်။

၁၃၇၅ ၂၀၁၃

စစ်ကိုင်းတောင်ရိုး

ပဌာန်းသိပ္ပံဆရာတော် အရှင်ဣန္ဒကထေရ

၏

ပဋ္ဌာနသာရဝိလာသိနီ

ခေါ်

ပဋ္ဌာန်းသိပ္ပံကျမ်း

ပထမတွဲ

(ပဋ္ဌာဝါရဝိဘင်္ဂပါဠိတော်နှင့် အရကောက်)

ရွှေဟင်္သာဆရာတော် အရှင်ပဏ္ဍိတ (အဂ္ဂမဟာပဏ္ဍိတ)
တည်းဖြတ်တော်မူသည်။



ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၀ ကောဇာ ၁၃၃၈ ဧပြီလ ၁၉၇၆

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်

ကောဇာ-၁၃၃၈ ၊ (၁၉၇၆-ခုနှစ်)

ဒုတိယအကြိမ်

ကောဇာ-၁၃၇၅ ၊ (၂၀၁၃-ခုနှစ်)

ပုံနှိပ်

တိပိဋကတ် နိကာယ ပုံနှိပ်တိုက်

မှတ်ပုံတင်အမှတ် (၆၆၄၈)

ထုတ်ဝေ

ဦးမြင့်စိုးအမှူးပြုသော ဗုဒ္ဓစာပေအဖွဲ့ပညာရှင်များ
ကြီးကြပ်ပြင်ဆင်သည်။
ရန်ကုန်မြို့၊ ဗုဒ္ဓစာပေအဖွဲ့ ဦးညွန့်မောင်
ယာယီမှတ်ပုံတင်အမှတ် (၁၃၈၅)က ထုတ်ဝေသည်။



ပဌာန်းသိပ္ပံဆရာတော် အရှင်ဣန္ဒကထေရ
စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။

ဦးကြည်ညွှန့်

ဥက္ကဋ္ဌ၊ ဗုဒ္ဓစာပေအဖွဲ့၏

အမှာစာ

*****

၁၃၇၄-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂-ရက်၊ (၂၇-၂-၂၀၁၃)နေ့ (၀၉း၀၀)နာရီ အချိန်တွင် ရန်ကင်းမြို့၊ ကမ္ဘာအေးစေတီလမ်း၊ ဓမ္မစကြာရိပ်သာကျောင်းတိုက်၌ ကျင်းပပြုလုပ်သော ဗုဒ္ဓစာပေအဖွဲ့၏ (၂/၂၀၁၃) အစည်းအဝေးမှတ်တမ်းတွင် ၁၃၁၇-ခုနှစ်၊ ပဌာန်းသိပ္ပံဆရာတော်၏ သင်တန်းသားဖြစ်သော ဗုဒ္ဓစာပေအဖွဲ့နာယက ရွှေသုဝဏ္ဏာဆရာတော် ဘဒ္ဒန္တသဒ္ဓိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇက ကျွန်တော်ကို ဥက္ကဋ္ဌအနေဖြင့် ပဌာန်းသိပ္ပံကျောင်းဘက်အနေဖြင့် အမှာစာတစ်မျက်နှာခန့် ရေးသားသင့်ကြောင်း မိန့်တော်မူခဲ့သည်။

မြန်မာအဘိဓာန်တွင် အမှာစာဆိုသည်မှာ စာအုပ်၏ အစဦးပိုင်း၌ ယင်းစာအုပ်ပါ အကြောင်းအရာနှင့်ပတ်သတ်၍ ရေးသားထားချက်ဟု အဓိပ္ပါယ်ဖွင့်ထားပါသည်။

ဗုဒ္ဓစာပေအဖွဲ့က ပဌာန်းသိပ္ပံကျမ်း ပဌမတွဲ, ဒုတိယတွဲနှင့် တတိယတွဲဟူ၍ ရိုက်နှိပ်နေရာတွင် ပထမတွဲတွင် အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ရွှေဟသ်ာ ဆရာတော်ကြီးက ပဌာန်းသိပ္ပံဆရာတော်၏ ပဌာန်းသိပ္ပံသင်ကြားပုံမှာ တမူထူးခြား ဆန်းသစ်ကောင်းမွန်ကြောင်းကို **ပဌာနဓမ္မပါမောက္ခဆရာတော်ဟု** ခေါ်ကျူး မိန့်ဆိုထားပါသည်။

ထို့ပြင် ပဉ္ဘဝါရ ဝိဘင်ပါဠိတော်နှင့်အရကောက်၊ အရှင်သီလာနန္ဒ၏ နိဒါန်း၊ ပဌာန်းအရေးကြီးပုံ၊ ထန်းတပင်ဆရာတော်ကြီးအကြောင်း၊ ရန်ကုန်မြို့, မူလပဌာန်း ဆရာတော်ကြီးအကြောင်း၊ ပြုစုခဲ့သောကျမ်းစာများအကြောင်း စသည် ရေးသားထား ပါသည်။

ဒုတိယတွဲတွင် ပဉ္ဘဝါရ အနုလုံနှင့် ပစ္စနိုက်အရကောင်၊ အရှင်သီလာနန္ဒာဘိဝံသ ရေးသားသောနိဒါန်း၊ လိုရင်းမှာ ပဌာန်းကျမ်းကျယ်ဝန်းပုံ ပဌာန်းသင်ကြားရခြင်းအကျိုး ကျမ်းပြုဆရာတော်၏ ထေရုပ္ပတ္တိစသည်တို့ကို ရေးသားထားပါသည်။

တတိယတွဲတွင် ပစ္စယနိဒ္ဒေသနှင့် ဆဝါရအရကောက်၊ ဆရာဦးထွန်းလှိုင်ရေးသားသော နိဒါန်း၊ လိုရင်းချုပ်မှာ ပဌာန်းသိပ္ပံကျမ်းသည်—

(က) ပါဠိစီကုံးမှု အတတ်သင်ခြင်း၊

(ခ) ပါဠိတော်ကို အနက်ပေးမှု အတတ်သင်ခြင်း၊

ပဌာန်းသိပ္ပံကျမ်း

(၀) အဌကထာနည်း ဖွင့်ဆိုမှု အတတ်သင်ခြင်း၊
(ဃ) ဋီကာနည်း ဖွင့်ဆိုမှု အတတ်သင်ခြင်း၊
(c) အရကောက်နည်း အတတ်သင်ခြင်း၊
(စ) ဟောရိုးဆိုနည်း အတတ်သင်ခြင်း၊
(ဆ) ဂဏ္ဌိပညာ အတတ်သင်ခြင်း၊
(ဇ) စာမေးပွဲ ဖြေဆိုနည်း အတတ်သင်ခြင်း၊
(စျ) ဇယားဖြင့် ပဌာန်းအတတ်သင်ခြင်း
စသည် လိုရင်းချုပ် ရေးသားထားပါသည်။

ပဌာန်းသိပ္ပံကျမ်းသုံးတွဲပါ အကြောင်းအရာများကို အကျဉ်းချုပ် ရေးသားပြီးနောက် ယင်းသုံးတွဲကို ဗုဒ္ဓစာပေအဖွဲ့က ရိုက်ရသည့် အကြောင်းအရာအချို့ကို ရေးသားတင်ပြ လိုပါသည် —

၁၉၈၈-ခုနှစ်၊ သက်တော် (၈၆)ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားသော စစ်ကိုင်းအရှေ့တောင်ရိုး ပဌာန်းသိပ္ပံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏ္ဍကသည် ကျွန်တော်၏မိဘသဖွယ် လေးစားခဲ့သော ဆရာတော်ကြီးဖြစ်ကြောင်းကို ရွှေသုဝဏ္ဏ ဆရာတော်က သိထားသည်။

ဆရာတော်ကြီးပြုစုခဲ့သော ကျမ်းဂန်များ ၁၄-ခုအနက်မှ ပဌာန်းသိပ္ပံကျမ်း သုံးတွဲကို ရိုက်နှိပ်ရန် ဖြစ်ပေါ်လာသောအခါ ပဌာန်းသိပ္ပံကျောင်းတိုက်မှ ဆရာတော်ကြီး၏ တပည့် ဘဒ္ဒန္တတရုဏာပဏ္ဍိတကလည်း ကုန်ကျစရိတ်မတတ်နိုင်၊ သာသနာရေးဦးစီးဌာန ကလည်း ရိုက်မပေးနိုင်၊ အလှူရှင်ကလည်း မရှိ၊ ကျွန်တော်ကလည်း မတတ်နိုင်၊ ဤသို့သော အခက်အခဲများကို သိရှိသည့် ရွှေသုဝဏ္ဏာဆရာတော်က ဗုဒ္ဓစာပေအဖွဲ့အနေဖြင့် ကုန်ကျစရိတ်ငွေကို စိုက်ထုတ်ပြီး ရိုက်ပေးမည်ဟု တာဝန်ယူခဲ့ခြင်း ဖြစ်ပါသည်။

ရွှေသုဝဏ္ဏာဆရာတော်၏ စေတနာကား ကြီးမားပေစွ၊ ကျွန်တော်သည် အကြိမ်ကြိမ် ဦးနှိမ်ချမိခဲ့ပါသည်။

ဦးကြည်ညွှန့် (စစ်ကိုင်းကြည်ညွှန့်)
ဥက္ကဋ္ဌ၊ ဗုဒ္ဓစာပေအဖွဲ့
၁၃၇၅-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၃) ရက်

ပဌာန်းသိပ္ပံဆရာတော်ကြီး
အဂ္ဂမဟာပဏ္ဍိတ ဘဒန္တဥာဏိက
၏
ထေရပုတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ပဌာန်းသိပ္ပံဆရာတော်ကြီး အလောင်းအလျာသည် ဓနုဖြူမြို့၊ တောင်ပိုင်းရပ်ကုန်သည်ကြီး ဦးအောင်ရင်+ဒေါ်အေးလှတို့မှ ၁၂၆၄-ခု၊ တပေါင်းလပြည့်ကျော် ၃-ရက်၊ တနင်္ဂနွေနေ့ (၁၅-၃-၁၉၀၃) နံနက် (၁၀း၃၀)မိနစ် အချိန်တွင် ဖွားမြင်တော် မူပါသည်။

ရှင်သာမဏေအဖြစ်သို့ရောက်ခြင်း

ခုနစ်နှစ်သားအရွယ်တွင် ဆရာတော် ဦးဣန္ဒက အလောင်းအလျာသူငယ်သည် ရန်ကုန်မြို့၊ ပုဇွန်တောင်၊ ကျိုက်ထီးရိုးကျောင်းတိုက် အစ်ကို ဝမ်းကွဲတော်သော ဘုန်းကြီး ဦးသောဘိတ၏ အထံသို့ရောက်၍ သာမဏေရှင်ဣန္ဒကအဖြစ်သို့ ရောက်ရှိပါသည်။

ထို့နောက် ဓနုဖြူမြို့ မဟာဗောဓိကျောင်းတိုက်ဆရာတော် ဦးကဝိန္ဒထံ ရောက်ရှိခဲ့ပါသည်။ ရှင်ဒကာများမှာ ဓနုဖြူမြို့ တောင်ပိုင်းရပ် ဘယဆေးကုန်သာ် ဦးအောင်ပွင့်+ဒေါ်သိန်းတို့၏ ရှင်ပြုမင်္ဂလာပွဲ ဆင်နွှဲပေးသည်ကို ခံယူပြန်ပါသည်။

ရဟန်းအဖြစ်သို့ရောက်ခြင်း

၁၂၈၄-ခုနှစ်၊ ဝါဆိုလဆန်း ၁၀-ရက်၊ တနလ်ာနေ့တွင် ဟသ်ာတမြို့၊ ကြည့်ကန်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ရဟန်းဒကာများမှာ ဟသ်ာတမြို့၊ ယစ်မျိုးဝန်ထောက် ဦးဘရှင်း+ဒေါ်ဖော့တို့၏ သမီးများ ဖြစ်ကြသော ဒေါ်သိန်းမေ၊ ဒေါ်အုန်းခင်တို့က ရဟန်းဒါယိကာမများအဖြစ် ခံယူကြသည်။

ဝိနည်း (၅)ကျမ်းပြန်ဆိုခြင်း

၁၂၈၈-ခုနှစ်၊ ရဟန်း (၅)ဝါ အရတွင် မန္တလေးမြို့၊ တောင်ခွင်သာသနာပိုင် ဆရာတော်ကြီး၏ ရှေ့တော်တွင် တပါးတည်း ဝိနည်း ၅-ကျမ်းအလွတ် အာဂုံပြန်ဆိုပြီး ထိုဆရာတော်ကြီး ရေးသားသော ဂုဏ္ဌတ္ထ ဝိနိစ္ဆယစသော ပါဠိတော်များကို အနက်ပြန်ဆိုနိုင်, သဘာဝအဓိပ္ပါယ် စသည်တို့ကို နှုတ်လွတ် ဖြေဆိုနိုင်၍ **မရမ္မရဋ္ဌ ဓမ္မကထိက ဝိနယဓရ** သာသနာပြုဆရာတော် ဟူသော ဘွဲ့တော်ကို ရရှိခဲ့ပါသည်။

တောရဆောက်တည်ခြင်းနှင့် ပဌာန်းမျိုးစေ့

ရဟန်းတော် အရှင်ဣန္ဒကသည် မိမိအားရကျေနပ်သည်အထိ စာပေအားထုတ်အပြီးတွင် ၁၂၉၇-ခုနှစ်မှ ၁၂၉၉-ခုနှစ် (၁၉၃၅-၁၉၃၇)တိုင် ၃-နှစ်ကာလတိုင်အောင်

ရွှေဘုံခရိုင်၊ ခင်ဦးမြို့ ရွှေဘေးကင်း တောရကျောင်း၌ ရန်ကုန်ပြည်လမ်း၊ မူလပဌာန်းဆရာတော် ဦးနာရဒနှင့်တကွ အရည်ဝါသီတောရ ဆောက်တည်တော်မူခဲ့သည်။ ထိုသို့ တောရဆောက်တည်စဉ်မှာပင် မူလပဌာန်းဆရာတော်ကြီး ဦးနာရဒ၏ ပဌာန်းသင်နည်းများတွင် စတင်ရင်းနှီးခွင့် ရရှိကာ ပဌာန်းမျိုးစေ့ ချခဲ့ပါသည်။

ပဌာန်းအားထုတ်ခြင်း

ဆရာတော် အရှင်ဣန္ဒကသည် ပဌာန်းဒေသနာတော်ကို ၁၂၈၆-ခုနှစ်မှ ၁၂၉၆-ခုနှစ်တိုင်အောင် ၁၀-နှစ်တာကာလအတွင်းမှာ –

(၁) အဘိဓဇ မဟာရဋ္ဌဂုရု ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်

(၂) အဘိဓဇ မဟာရဋ္ဌဂုရု ပခုက္ကူမြို့ အရှေ့တိုက်သစ်ဆရာတော်

(၃) အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော် စသော ဆရာတော်များထံ လေ့လာသင်ယူပြီးသော်လည်း နည်းရရန် ရည်ရွယ်ချက်ဖြင့်

(၄) အဂ္ဂမဟာပဏ္ဍိတ မူလပဌာန်းဆရာတော် ဦးနာရဒထံတွင် ဆိုဝါဖြင့် တိက် ၂၂-တိက်ကုန်အောင် မူလပဌာန်းဆရာတော် ကျေနပ်တော်မူသည်အထိ ယင်း ၂-တိက်ကုန်အောင် စာမေးပွဲမေးခွန်းများကိုလည်း ဖြေဆိုအောင်မြင်သည်အထိ သင်ယူခဲ့ပါသည်။

ပဌာန်းသိပ္ပံဆရာတော်

၁၃၁၂-ခုနှစ် (၁၉၅၀)က စတင်ပို့ချခဲ့ရာ ၁၃၁၅-တွင် "ပဌာန်းသိပ္ပံတိုက်"ဟု အမည်သစ်မှည့်ပြီး ပဌာန်းစာဝါများကို ဆက်လက်ပို့ချခဲ့ရာ တိုက်အမည်လိုက်၍ ပဌာန်းသိပ္ပံဆရာတော်ဟု ဌာနူပစာအားဖြင့် အမည်တွင်လာခဲ့ပါသည်။

ဆဋ္ဌသံဂါယနာ၌ ဆောင်ရွက်ခြင်း

၁၃၁၆-မှ ၁၃၁၈-ခုနှစ်၊ (၁၉၅၄-၁၉၅၆)အထိ ဆဋ္ဌသံဂါယနာတင်ပွဲ၌ စစ်ကိုင်းတောင် ဝိနယပါဠိ ဝိသောဓက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ပါဠိဝိသောဓကဘွဲနှင့် အဘိဓမ္မာ ပဌာနပါဠိ ပဋ္ဌိဝိသောဓက ဘွဲများ ရရှိခဲ့ပါသည်။

အဂ္ဂဘွဲ ရရှိခြင်း

၁၃၄၁-ခုနှစ်၊ (၁၉၇၉)ခုနှစ်မှာ နိုင်ငံတော်အစိုးရက ဆက်ကပ်သော အဂ္ဂမဟာပဏ္ဍိတဘွဲတော်ကို ရရှိခဲ့သည်။

ဆရာတော်သည် ၁၃၁၂-ခုနှစ်မှစ၍ ပဋ္ဌာန်းပို့ချခဲ့ရာ ၁၃၄၄-ခုနှစ်အထိ ဖြစ်သည်။ ဤ ၃၂-နှစ်ကာလတွင် အကြိမ်ပေါင်း ၁၁၁-ကြိမ်တိုင်အောင် ပို့ချခဲ့ပါသည်။

ဤမျှ ပရိယတ္တိသာသနာတော်အတွက် ကျေးဇူးများလှသော ပဋ္ဌာန်းသိပ္ပံ ဆရာတော်ကြီးသည် ဘုရား, ရဟန္တာတို့သော်မှ မလွန်ဆန်နိုင်သော သခၤါရတို့၏ သဘော ဓမ္မတာအရ ၁၃၅၀-ခုနှစ်၊ နတ်တော်လဆန်း ၁၅-ရက်၊ လပြည့်နေ့၊ (၁၉၈၈၊ ဒီဇင်ဘာလ၊ ၂၃-ရက်) သောကြာနေ့၊ နံနက် (၀၇း၂၅)မိနစ် အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူပါသည်။

ရေးသားပြုစုသော ကျမ်းဂန်များ

၁။ ကြည့်ကန် မဟာထေရပ္ပတ္တိ ဒီပနီကျမ်း
၂။ ဗာတ္တိသ မဟာပုရိသ လက္ခဏာတော် ကဗျာကျမ်း
၃။ ကထိနပုစ္ဆာဝိသဇ္ဇနာကျမ်း
၄။ ကဗျာမဇ္ဈရီကျမ်း
၅။ နိဓိကဏ္ဍာသုတ် နိဿယကျမ်း
၆။ ပဋ္ဌာန်းလမ်းညွှန်ကျမ်း
၇။ ပဋ္ဌာနသာရ မဇ္ဈရီကျမ်း
၈။ ပစ္စယတ္ထ ဝိဘာဝနီကျမ်း
၉။ ပဋ္ဌာန်းလမ်းပြကျမ်း
၁၀။ ပဋ္ဌာန်းသိပ္ပံကျမ်း ပထမတွဲ
၁၁။ ပဋ္ဌာန်းသိပ္ပံကျမ်း ဒုတိယတွဲ
၁၂။ ပဋ္ဌာန်းသိပ္ပံကျမ်း တတိယတွဲ
၁၃။ ရတနဂုဏ်ရည်ကျမ်း
၁၄။ သုတပဒေသာကျမ်း

တို့ ဖြစ်ပါသည်။

ပဋ္ဌာနသာရဝိလာသိနီ၏ ပဋ္ဌာန်းသိပ္ပံကျမ်း

မဂ်လာကထာ

*****

ပဋ္ဌာန်းဟူသည် ဟေတုအစရှိသော အထူးထူး အပြားပြားကုန်သော ပစ္စည်းတို့၏ အစွမ်းအားဖြင့် ဟောတော်မူသောကြောင့်လည်း ပဋ္ဌာန်းမည်သည်။

တနည်းတုံ-ကုသိုလ်အစရှိကုန်သော တရားတို့ကို ဟေတုအစရှိသော ပစ္စည်းတို့ဖြင့် ဝေဖန်ခွဲခြား၍ ဟောတော်မူသောကြောင့်လည်း ပဋ္ဌာန်းမည်သည်။

တစ်နည်းတုံ-ဓမ္မသင်္ဂဏီအစ, ယမကအဆုံးရှိသော ခြောက်ကျမ်းသော အဘိဓမ္မာတို့ကို ဆင်ခြင်တော်မူသော ကာလ၌ သဗ္ဗညုတညာဏ်တော်တည်းဟူသော ခြေတော် လက်တော်သည် မဆန့်သာသကဲ့သို့ ညာဏ်တော် ကွန့်မြူးခြင်းသို့ မရောက်နိုင်ခဲ့မူ၍ ပဋ္ဌာန်းအဘိ-ဓမ္မာ ဒေသနာတော်ကို ဆင်ခြင်သုံးသပ်တော်မူသော အခါကာလမှ သဗ္ဗညုတညာဏ်တော် ကွန့်မြူးခြင်းသို့ ရောက်သည်ဖြစ်သောကြောင့်လည်း ပဋ္ဌာန်းမည်သည်ဟု အဋ္ဌကထာဆရာ မိန့်ဆိုလေသည်။

ယင်းသို့သော ပဋ္ဌာန်းဒေသနာတော်သည် ကျယ်ဝန်းသည်၊ နက်ဝှမ်းသည် ဟူ၍ ယေဘုယျအားဖြင့် သိရှိ ပြောဆိုကြသည်။ သမုဒ္ဒရာသည် ကျယ်ဝန်းပါ၏၊ အပိုင်းအခြား တည်းဟူသော တဘက်ကမ်းမူကား ရှိသေး၏။ ပဋ္ဌာန်းကျမ်းသည်ကား တဘက်ကမ်း လမ်းဆုံ အပိုင်းအခြား မထင်အောင် ကျယ်ဝန်းပေသည်။ သမုဒ္ဒရာသည် နက်ဝှမ်းပါ၏၊ အောက်ခံမြေ အပိုင်းအခြားမူကား ရှိသေး၏၊ ပဋ္ဌာန်းကျမ်းသည်ကား မည်မျှတိုင်အောင် နက်ဝှမ်းသည်ဟူ၍ မထင်နိုင်အောင် နက်ဝှမ်းပေသည်။

အကျဉ်းအားဖြင့် ပဋ္ဌာန်းကျမ်းသည် ၂၄-ကျမ်း ရှိ၏၊ ၂၄-ကျမ်းဟူသည်မှာ-

၁။ အနုလောမဌာနဒ္ဒ-တိက် (၂၂) တိက်တို့ကို အမှီပြု၍ တိကပဋ္ဌာန်းကို မြတ်စွာဘုရား ဟောကြား ညွှန်ပြတော်မူသည်။

၂။ တရာသော ဒုက်တို့ကို အမှီပြု၍ ဒုကပဋ္ဌာန်းကို ဟောကြားညွှန်ပြတော်မူသည်။

၃။ တိက် (၂၂) တိက်တို့ကို တရာသော ဒုက်တို့၌ ထည့်သွင်း၍ ဒုကတိကပဋ္ဌာန်းကို ဟောကြား ညွှန်ပြတော်မူသည်။

၄။ တရာသောဒုက်တို့ကို တိက် (၂၂) တိက်တို့၌ ထည့်သွင်း၍ တိကဒုက ပဋ္ဌာန်းကို ဟောကြား ညွှန်ပြတော်မူသည်။

၅။ တိက်တို့ကို တိက်တို့၌ပင် ထည့်သွင်း၍ တိကတိကပဋ္ဌာန်းကို ဟောကြား ညွှန်ပြတော်မူသည်။

၆။ ဒုက်တို့ကို ဒုက်တို့၌ပင် ထည့်သွင်း၍ ဒုကဒုကပဋ္ဌာန်းကို ဟောကြား ညွှန်ပြတော်မူသည်။

ရှင်းလင်းပြရမူ-

၁-တိကပဋ္ဌာန်း။	၂-ဒုကပဋ္ဌာန်း။
၃-ဒုကတိကပဋ္ဌာန်း။	၄-တိကဒုကပဋ္ဌာန်း။
၅-တိကတိကပဋ္ဌာန်း။	၆-ဒုကဒုကပဋ္ဌာန်းအားဖြင့်-

အနုလောမဌာနၦ် ပဋ္ဌာန်း (၆) ကျမ်းဖြစ်သည်။

- အနုလောမဌာနၦ် ပဋ္ဌာန်းကျမ်း (၆) ကျမ်းဖြစ်သကဲ့သို့၊
- ထို့အတူ ပစ္စနိယဌာနၦ်လည်း ပဋ္ဌာန်းကျမ်း (၆) ကျမ်း ဖြစ်သည်။
- ထို့အတူပင် အနုလောမပစ္စနိယဌာနၦ် (၆) ကျမ်း၊
- ပစ္စနိယာနုလောမဌာနၦ် (၆) ကျမ်းဖြစ်သည်။

ဤသို့အားဖြင့် ပဋ္ဌာန်းကျမ်းသည် (၂၄) ကျမ်း ဖြစ်သည်။

အထက်အဆိုပါ (၂၄) ကျမ်းသော ပဋ္ဌာန်းတို့ကို အစိတ်အစိတ် ကုသလတိက် စသည်တို့ဖြင့် မြှောက်ပွါးပါမူကား ကုဋေကုဋာတိုင်အောင် ပဋ္ဌာန်းကျမ်းများ ထင်ရှားရှိသည် ဖြစ်၍ ပဋ္ဌာန်းကျမ်းသည် ကျယ်ဝန်းသည်၊ တရားသဘောအားဖြင့် နက်ဝှမ်းသည်ဟူ၍ ဆိုရပေသည်။

(အဌကထာ၌ ကုဋေပေါင်းများစွာသော ပဋ္ဌာန်းကျမ်းတို့ကို သင်္ချာထုတ်၍ ပြလျက်ရှိသည်)။ ပဋ္ဌာန်းဒေသနာတော်သည် ဤမျှပင် ကျယ်ဝန်းတော်မူသည်။ ယခုခေတ် သင်ကြားပို့ချနေကြသော ပဋ္ဌာန်းကျမ်းသည်ကား (၂၄) ကျမ်းသော ပဋ္ဌာန်းကျမ်းတို့တွင် ကုသလတိက် တစိတ်တဒေသမျှသာ ဖြစ်ပေသည်။ ဤတစိတ်တဒေသသည်ပင်လျှင် ကျယ်ဝန်းလှပေပြီ။ သို့သော် ကုသလတိက်၌ ဟောတော်မူသောနည်းကို အမှီပြု၍ ဝေဒနာတိက် စသည်တို့ကိုလည်း ဉာဏ်သက်၍ ဟောလိုမူကား ဟောနိုင်ရာသည်။

မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်သည် ကွယ်ပျောက်သောအခါ ပဋ္ဌာန်းဒေသနာတော်ကစ၍ ကွယ်ပျောက်မည်ဖြစ်သောကြောင့်ရင်း, သဗ္ဗညုတဉာဏ်တော်၏ ကွန်မြူးရာ နက်နဲခက်ခဲကျယ်ဝန်းသော မြတ်သော ပဋ္ဌာန်းဒေသနာတော် ထွန်းလင်းတောက်ပစေခြင်းငှါရင်း ကောင်းသော သမ္မာဆန္ဒ မနသိကာရ ရှိတော်မူကြကုန်သော

ဆရာတော် သံယာတော်တို့သည် ကြောင့်ကြတခုပြု၍ ပဌာန်းကျမ်းကြီးကို လေ့လာပို့ချ တော်မူကြကုန်၏။ သို့ရာတွင် ပဌာန်းကျမ်းကို ပို့ချသော ပဌာနဓမ္မကထိကသံယာမှာမူ ကား နည်းပါးလှပေသည်။

ပဌာန်းကျမ်းကြီး မကွယ်မပျောက်အောင် အားထုတ်ဆောင်ရွက် ပို့ချသင်ကြားလို သော သမ္မာဆန္ဒရှိကြစေကာမူ ပဌာန်းကျမ်းတည်းဟူသော သမုဒ္ဒရာရေပြင်၌ ကူးစွမ်းနိုင် သော အင်အားတည်းဟူသော ဝီရိယနှင့် ဉာဏ်ရှိသူတို့သည်သာလျှင် ဆန္ဒအားလျော်စွာ ကူးမြောက်နိုင်ကြပေသည်။

စစ်ကိုင်းတောင်ရိုး ပဌာန်းသိပ္ပံတိုက် ပဌာန်းသိပ္ပံဆရာတော် အရှင်ဣန္ဒက ထေရ်သည် မြတ်စွာဘုရား၏ သာသနာတော်ကို တထောင့်တနား တက်ဘက်တလမ်းက ထမ်းပိုးကာ ကျားကန်သောသဘောဖြင့်ရင်း, စာသင်သားများနှင့်တကွ ရှင်လူရဟန်းတို့ကို မိမိကဲ့သို့ ပဌာန်းကျမ်းကို ကူးမြောက်စေလိုသော မနသိကာရ နှလုံးသွင်းခြင်းဖြင့်ရင်း မိမိတတ်မြောက် ကျွမ်းကျင်သော ပညာကို ဝန်တိုခြင်း မစ္ဆေရကင်းသော စေတနာဖြင့် သက္ကရာဇ် (၁၃၁၂) ခုနှစ်မှစ၍ ယခု (၉၁) အကြိမ်သို့ ပို့ချခဲ့ပြီး၍ ပဌာနဝိဒူသံယာနှင့် သီလရှင် စုစုပေါင်း (၃၆၄၁) ပါး နားရှင်းအောင် နိုင်နိုင်နင်းနင်း ကွင်းကွင်းကွက်ကွက် ပြတ်ပြတ်သားသား ပို့ချနိုင်သော စွမ်းရည်ကြောင့် မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားသော **ပဌာနဓမ္မပါမောက္ခ** ဆရာတော်ဟူ၍ သိရှိကြပေသည်။

ပဌာန်းသိပ္ပံတိုက် ပဌာန်းသိပ္ပံဆရာတော် အရှင်ဣန္ဒကထေရ်သည် ယခုအချိန်၌ သက်တော် (၇၅) နှစ်-သိက္ခာတော် (၅၅) ဝါရှိနေပြီဖြစ်၍ ကျန်းမာရေးမကောင်းလှသည် တကြောင်းကြောင့်ရင်း သံယာအများစုက တိုက်တွန်းတောင်းပန်သောကြောင့်ရင်း ပဌာန်းစာ ဝါ ပို့ချစဉ်က အသံဖမ်းယူထားသောမှုကို ကူးယူ၍ စာအုပ် ရိုက်နှိပ်ကာ ပဌာန်း သာသနာတော်ကို ကာလအဓွန့်ရှည်စွာ အနာဂတ်ကာလ၌ ထွန်းလင်းတောက်ပစေခြင်း ဖြစ်သည်ဟု ယုံကြည်ကာ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်လိုက်ရပေသတည်း။

အရှင်ပဏ္ဍိတထေရ် (အဂ္ဂမဟာပဏ္ဍိတ)
ရွှေဟင်္သာဆရာတော်-ရွှေဟင်္သာတိုက်သစ်
စစ်ကိုင်းတောင်ရိုး။

ပဌာနသာရဝိလာသိနီခေါ် ပဌာန်းသိပ္ပံကျမ်း

နိဒါန်း

*****

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်တို့ကို ဝိနည်းပိဋကတ်, သုတ္တန်ပိဋကတ်, အဘိဓမ္မပိဋကဟု ပိဋကတ်[1] အားဖြင့် သုံးမျိုးခွဲခြား၍ အရှင်မဟာကဿပ, အရှင်အာနန္ဒာ, အရှင်ဥပါလိ စသော ပဌမသင်္ဂီယနာတင် ရဟန္တာထေရ်အရှင် မြတ်တို့ သတ်မှတ်စီစဉ်၍ သင်္ဂီယနာ တင်တော်မူခဲ့ကြပါသည်။ ဒုတိယသင်္ဂီယနာတင် မထေရ်များမှစ၍ ဆဋ္ဌသင်္ဂီယနာတင် မထေရ်များတိုင်အောင်သော နောက်နောက်သော သင်္ဂီယနာတင် မထေရ်တို့သည်လည်း ပဌမသင်္ဂီယနာတင် ရဟန္တာထေရ်အရှင်တို့ သတ်မှတ်ထားခဲ့သည့် အစီအစဉ်အတိုင်းပင် အဆက်ဆက် သင်္ဂီယနာတင်တော်မူခဲ့ကြပါသည်။

အဘိဓမ္မာပိဋက

ထိုသုံးပုံသော ပိဋကတို့တွင် ဝိနည်းပိဋကကား သာသနာ့ဝန်ထမ်း ရဟန်းယောက်ျား, ရဟန်းမိန်းမများအတွက် သီးသန့်ဟောတော်မူအပ်ခဲ့သော ပိဋကဖြစ်၍ သုတ္တန်ပိဋကသည်ကား ရဟန်းရှင်လူ အားလုံးအတွက် ဟောတော်မူအပ်သော ပိဋက ဖြစ်ပါသည်။ ပုဂ္ဂိုလ်အားလုံးတို့အတွက် ဟောတော်မူအပ်သော ပိဋကဖြစ်၍ သုတ္တန်ပိဋကၦ အများနားလည်နိုင်မည့် လောကဝေါဟာရတို့ကို အများအပြား သုံးနှုန်း၍ ဟောတော်မူခဲ့ပါသည်။ ထိုသို့ ဟောတော်မူရာတွင် ပဓာနဦးတည်ချက်ကား အတ္တဒိဋ္ဌပြုတ်၍ အနတ္တသဘောကို ထင်မြင်ကာ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုရေးပင် ဖြစ်ပေသည်။

လောကဝေါဟာရသို့လိုက်၍ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, သစ်ပင်, တောင်, တောင် စသည်ဖြင့် သုံးနှုန်း ပြောဟောရသော်လည်း "အမှန်သဘော (ပရမတ်") အရ ကြည့်လျှင်ကား ထိုပုဂ္ဂိုလ်, သတ္တဝါ စသည်တို့သည် အစစ်အမှန်ရှိသော တရားများ မဟုတ်ကြ၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါးဟူသည် ရုပ်, နာမ် သို့မဟုတ် ခန္ဓာ ၅-ပါး, ၄-ပါး, ၁-ပါး ပေါင်းစပ်ယှဉ်တွဲနေသော သဘောတရားများသာ ဖြစ်သကဲ့သို့ သစ်ပင်, တော, တောင်

၁။ ကျမ်းပိဋကတ်၊ အစင်တတ်၊ နာဂတ်အတိတ်မြင်။ (ကဝိလက္ခဏသတ်ပုံ)။ ဝိနယ ပိဋကေ၊ ဝိနည်းပိဋကတ်-စသည်။ (ပိဋကတ်တော်သမိုင်း)။

စသော သက်မဲ့ ဝတ္ထုတို့သည်လည်း ဆိုင်ရာရုပ်တရားတို့ အချိုးကျ ပေါင်းစပ် ယှဉ်တွဲ၍ ဖြစ်ပေါ်နေသော သဘာဝတို့သာ ဖြစ်ပေသည်။ ထို့ကြောင့် အနတ္တသဘော ပိုင်နိုင်ရေးဌ ပုဂ္ဂိုလ် စသည်တို့ဝယ် ပေါင်းစပ်ပါဝင်နေသော အစိတ်အစိတ်သော အစစ်အမှန်ရှိ တရားတို့ကို နားလည်ရန် လိုအပ်လေသည်။ ထိုတရားတို့ကို သုတ္တန်ပိဋကဌ အကြောင်းအား လျှော်စွာ ဟောတော်မူခဲ့သည်ပင် ဖြစ်သည်။ သို့သော် အပြည့်အစုံကား မဟုတ်ပေ။ ထို့ကြောင့် ထိုအစစ်အမှန် (ပရမတ္ထ) တရားတို့ကို နည်းအမျိုးမျိုးဖြင့် ပြည့်ပြည့်စုံစုံ ဖော်ပြရန် အဘိဓမ္မာပိဋကဌ ဝါ-အဘိဓမ္မာ ဒေသနာတော်ကို ဟောတော်မူရလေသည်။

ယင်း အဘိဓမ္မာပိဋကဌ ခန္ဓာ, အာယတန, ဓာတ် သစ္စာစသော အရှိတရားတို့ကို ကုသိုလ်, အကုသိုလ်, အဗျာကတ စသည်တို့ဖြင့် အနည်းနည်း ဝေဖန်တော်မူ၍ သဗ္ဗညုတဉာဏ်တော်စွမ်းဖြင့် ဟောတော်မူထားသည်ဖြစ်ရာ သဘောကို ပိုင်ပိုင်ကြီး သဘောပေါက်ရုံမျှမက ရှိရှိသမျှ သက်ရှိသက်မဲ့ သဘောတရားတို့၏ ဖြစ်ပေါ်ပုံ, တည်နေပုံ, ကြောင်းကျိုး ဆက်သွယ်ပုံတို့ကိုပါ နှိုက်နှိုက်ချွတ်ချွတ် သိမြင်၍ သုတ္တန်၌ ဟောတော်မူအပ်သော တရားတို့၏ သဘောအဓိပ္ပါယ်ကို အမှန်အကန်အတိုင်း နက်နဲစွာ သိမြင်နိုင်မည် ဖြစ်ပေသည်။ ထို့ကြောင့် အဘိဓမ္မာဒေသနာတော်သည် ဝါ-အဘိဓမ္မာကို တတ်မြောက်ခြင်းသည် ဘုရားဟောဖော် တရားတော်တို့၏ အနက်အဓိပ္ပါယ်သဘာဝတို့ကို မှန်ကန်စွာ သဘောပေါက်ရေးဌ မရှိလျှင် မဖြစ်သော လိုအပ်ချက် ဖြစ်တော့သည်။

မှန်ပေသည်။ အဘိဓမ္မာမတတ်သူသည် ဘုရားဟောတရားတို့ကို အပြည့်အဝ သိရှိနားလည်နိုင်ရန် ခဲယဉ်းလှပေသည်။ အခြေခံ အကျဆုံး သဘောတခုဖြင့် ရှင်းလင်းပါမည်။ အဘိဓမ္မာမတတ်သူများအနေဖြင့် ကုသိုလ်, အကုသိုလ်ကိုပင် ရှင်းလင်းခွဲခြား၍ နားလည်မည်မဟုတ်ပါ။ ထမင်းစားရင်း အကုသိုလ်ဖြစ်နိုင်သည် ဆိုသည်ကို ထိုသူသည် သိရှိမည်မဟုတ်ပါ။ ထိုသူသည် သူ့အသက်သတ်မှု စသည့် ကြမ်းတမ်းထင်ရှားသော ပြစ်မှုတို့ကိုသာ အကုသိုလ်ဟု ထင်နေမည်ဖြစ်ပါသည်။ ထိုသို့ ထင်နေသဖြင့် "အလုံးစုံသော အကုသိုလ်ကို မပြုနှင့်"[1] ဟု ဟောထားသော သုတ္တန်ဒေသနာအရ ငါးပါးသီလ လုံခြုံလျှင်ပင် ပြည့်စုံပြီဟု ထင်ကောင်း ထင်နေမည်ဖြစ်သည်။ အဘိဓမ္မာသဘောကို နားလည်သူသည်ကား ထမင်းစားရင်းလည်း အကုသိုလ်ဖြစ်နိုင်ပုံ၊ ကောင်းမှုကုသိုလ် ပြုနေသည် ဆိုစဉ်မှာပင် အကုသိုလ်များ ကြားဝင်၍ ဖြစ်နိုင်ပုံကို သဘောပေါက်ထားမည်ဖြစ်ရာ ငါးပါးသီလ လုံခြုံရုံမျှဖြင့် အဆိုပါ သုတ္တန်ဒေသနာတော်လာ ညွှန်ကြားချက်ကို အပြည့်အစုံကျင့်သုံးသည်

၁။ သဗ္ဗပါပဿ အကရဏံ။ (ဓမ္မပဒပါဠိတော်၊ နှာ-၄၁)

မမည်သေးကြောင်း သိရှိပေလိမ့်မည်။ ထိုသို့ သိရှိသဖြင့် အကုသိုလ်ကို ကြောက်ပါလျှင် သိမ်မွေ့သော အကုသိုလ်များမှပင်လည်း ရှောင်ကြဉ်မည် ဖြစ်ပါသည်။ ဤသို့လျှင် သိမှု အရာ၌သာမဟုတ်, လက်တွေ့ ကျင့်ကြံနေထိုင်မှုအရာမှာပင် အဘိဓမ္မာဗဟုသုတသည် မည်မျှကျေးဇူးများ၍ မည်မျှလိုလားအပ်သော ဗဟုသုတဖြစ်ကြောင်း ထင်ရှားသိနိုင်ပေတော့သည်။

ပုံစံတခုပြဦးအုံ၊ ယခုအခါ၌ "စိတ်ကို စိတ်အတိုင်းထား" ဟု ညွှန်ကြားနေသူများ ရှိနေသည်ဟု ကြားသိရ၏။ အဘိဓမ္မာနားလည်သူအဖို့ ထိုညွှန်ကြားချက်သည် ရယ်ဖွယ်သာ ဖြစ်သော်လည်း နားမလည်သူအဖို့ကား ဟုတ်လိမ့်နိုးနိုး ထင်စရာ ဖြစ်ပေမည်။ အဘိဓမ္မာသဘောအရ စိတ်ဟူသော သဘောတရားသည် အာရုံတခုခုကို အာရုံပြုရမှသာ ဖြစ်ပေါ်နိုင်သည်။ အာရုံမရှိပဲ စိတ်ချည်းသက်သက် ဖြစ်ပေါ်နိုင်သည်ဟူ၍ လုံးဝမရှိပေ။ ဤအချက်ကို အဘိဓမ္မာကျမ်းဂန်များ၌ အတိအလင်း မိန့်ဆိုထားပါသည်။[1] ထို့ကြောင့် မည်သည့်အာရုံကိုမျှ အာရုံမပြုပဲ စိတ်ချည်းသက်သက်ထားရန် ညွှန်ကြားချက်ကား အမှီအတွယ်မရှိသော ကောင်းကင်၌ လူချည်းသက်သက်တက်၍ အနေခိုင်းခြင်းကဲ့သို့ မဖြစ်နိုင်သည်ကို ညွှန်ကြားခြင်းသာ ဖြစ်သည်မှာ ထင်ရှားလှပါတော့သည်။

ဤသို့လျှင် အဘိဓမ္မာကို တတ်မြောက်ထားလျှင် ဝါဒရေးဆိုင်ရာတို့၌ လွဲမှားသော အယူအဆတို့ကို အလွဲအမှားဟု စိစစ် ဆုံးဖြတ်နိုင်သည်သာမက မိမိအတွက် အကျိုးရှိအောင် ကျင့်ကြံအားထုတ် နေထိုင်နည်းတို့ကိုပါ သိမည်ဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့အဖို့ မဖြစ်မနေ တတ်ကျွမ်းနားလည်အောင် အားထုတ်သင့်သော ပိဋကတ ဖြစ်ပါတော့သည်။

ဤသို့ အဘိဓမ္မာပိဋကသည် သုတ္တန်ပိဋကလာ တရားဓမ္မတို့ကို အမှန်အကန် အတိုင်း ပြည့်စုံစွာ နားလည်ရေး၌ အလွန်ကျေးဇူးများ၍ သံသရာမှ ထွက်မြောက်ရေးအထိ သတ္တဝါတို့အား အလွန်အကျိုးများသော ပိဋကဖြစ်သော်လည်း ဝါ-သုတ္တန်လာ တရားဓမ္မတို့ကို အမှန်အကန် နားလည်ရေး၌ သော့ချက်ဖြစ်သော်လည်း ပရိယတ္တိသာသနာတော် ကွယ်ပသောအခါ အဘိဓမ္မာပိဋကမှ အစပြု၍ ကွယ်မည်ဟု အဋ္ဌကထာတို့၌[2] မိန့်ထားလေရာ သတ္တဝါများအဖို့ အတိုင်းမသိ ဝမ်းနည်းဖွယ်ကြီး ဖြစ်လေသည်။ အကြောင်းကား အဘိဓမ္မာပိဋက ကွယ်ပြီးနောက် ဘုရားဟောတရားတို့ကို အမှန်အကန်အတိုင်း သိနိုင်ရန် အခွင့်အလမ်း မရှိတော့ပြီ ဖြစ်သောကြောင်းတည်း။

၁။ ကထာဝတ္ထုပါဠိတော်၊ နှာ ၂၉၉။ ဋီကာကျော်၊ နှာ-၇၄

၂။ ဒီဃ၁။၈၂။ မဇ္ဈိ၁။၈၁။ အံ၁။၁။၆၈။ အဘိ၁။၂။၄၁၃

ပဌာန်းဒေသနာ

အဘိဓမ္မာပိဋကတ် ကွယ်သောအခါမှာလည်း ပဌာန်းကျမ်းမှ အစပြု၍ ကွယ်မည်ဟု အဋ္ဌကထာတို့၌ မိန့်ပါသည်[1]၊ ပဌာန်းကျမ်း ကွယ်ပြီးသည့်နောက်တွင်မူ နောက်ပြန် အစဉ်အတိုင်း ဓမ္မသင်္ဂဏီကျမ်းအထိ တကျမ်းပြီးတကျမ်း ကွယ်မည်ဟုလည်း ဆိုပါသည်။ ထိုအဆိုအရ အဘယ့်ကြောင့် ပဌာန်းကျမ်းမှစ၍ ကွယ်မည်နည်းဟု ဆင်ခြင်သော် ပဌာန်းကျမ်းသည် နောက်ဆုံးလည်းဖြစ်, အကျယ်ဝန်းဆုံးလည်းဖြစ်, အခက်ခဲဆုံးလည်း ဖြစ်သောကြောင့် ဖြစ်ဟန်ရှိကြောင်း တွေ့ရှိရပါသည်။

ချဲ့ပြပါဦးအုံ့၊ သုတ္တန်ပိဋကတ် ကွယ်သောအခါ အဂုတ္တရနိကာယ်ကစ၍ ကွယ်မည်၊ ယင်းနိကာယ်တွင်လည်း နောက်ဆုံးဖြစ်သည့် ဧကာဒသကနိပါတ်ကစ၍ ကွယ်မည်ဟုဆိုပါသည်။ ဧကာဒသကနိပါတ်သည် အဂုတ္တရနိကာယ်တွင် နောက်ဆုံးနိပါတ်ဖြစ်ပါသည်။ ထိုနည်း အတူပင် အဘိဓမ္မာပိဋကတ် ကွယ်သောအခါလည်း နောက်ဆုံးမှ စ၍ ကွယ်ရမည်ဖြစ်ရကား ပဌာန်းကျမ်းမှစ၍ ကွယ်မည်ဟု ဆိုခြင်းဖြစ်ဟန်ရှိပါသည်။

ထို့ပြင် ဆဋ္ဌသံဂါယနာတင်မူ အဘိဓမ္မာပိဋကတ် ကျမ်းစာအုပ်များအရ ဆိုရလျှင် ပဌာန်းပါဠိတော်သည် ရှေ့အဘိဓမ္မာ ၆-ကျမ်းပါဠိတော်တို့နှင့် စာမျက်နှာချင်း ညီတူညီမျှလောက် ရှိပါသည်။ တနည်းဆိုရလျှင် ပဌာန်းပါဠိတော်၏ အကျယ်အဝန်း အတိုင်းအတာသည် ကြွင်းအဘိဓမ္မာ ၆-ကျမ်းပေါင်း၏ အကျယ်အဝန်းနှင့် ထပ်တူထပ်မျှလောက် ရှိပါသည်။ ထိုသို့ ကျယ်ဝန်းများပြားသည့်အတွက် အဆောင်အရွက် ခက်၍လည်း ပဌာန်းကျမ်း ရှေးဦးကွယ်လိမ့်မည်ဟု အဋ္ဌကထာဆရာတော် မိန့်ဆိုခြင်း ဖြစ်ဟန်ရှိပါသည်။

ထိုမှတပါး ပဌာန်းကျမ်းသည် အဘိဓမ္မာ ၇-ကျမ်းတို့တွင် အခက်ခဲဆုံး, အနက်နဲဆုံး ကျမ်းလည်း ဖြစ်ပါသည်။ ဘုရားဖြစ်တော်မူပြီးစ စတုတ္ထသတ္တာဟဝယ် ရတနာဃရဏ္ဍ စံနေတော်မူစဉ် ဓမ္မသင်္ဂဏီကျမ်းမှ အစပြု၍ အဘိဓမ္မာ ၇-ကျမ်းကို သဗ္ဗညုတဉာဏ်တော်ဖြင့် အစဉ်အတိုင်း သုံးသပ်ဆင်ခြင်တော်မူရာ ပဌာန်းကျမ်းသို့ ရောက်မှသာ ၀ါ-ပဌာန်းကျမ်းကို သုံးသပ်တော်မူသောအခါမှသာ သဗ္ဗညုတဉာဏ်တော်သည် အစွမ်းရှိသလောက် ကျက်စားခွင့်ရ၍ ကိုယ်တော်မှ အညှို, အရွှေ အစရှိသော ခြောက်ဖြာသော ရောင်ခြည်တော်တို့ ကွန်မြူးထွက်ပေါ်ခဲ့ကြပါသည်။ ထို့ကြောင့် ပဌာန်းကျမ်းသည် အနက်နဲဆုံး ဖြစ်ကြောင်း သိနိုင်ပါသည်။ သင်ကြိုဟ်ကျမ်းမျှကို လေ့လာပြီးသူသည် ဓမ္မသင်္ဂဏီစသော ကျမ်းများကို ဖတ်ရှုပါလျှင် နားလည်နိုင်လောက်ပါသည်။ သို့သော် ထိုသူသည် ပဌာန်းကျမ်းကို ဖတ်ရှုပါလျှင်မူ နားမလည်သည့် နေရာတို့သာ အများအပြား ပါဝင်နေသည်ကို တွေ့ရမည် ဖြစ်ပါသည်။ ဤသို့ အဘိဓမ္မာ ဗဟုသုတရှိပြီးသူတို့ပင် နားမလည် နိုင်လောက်အောင်

---

[1] ဒီဃ၊၃။စ၂။ မဇ္ဈ၊၄။စ၁။ အံ၊၆၊၁။၆စ။ အဘိ၊၆၊၂။၄၁၃။

ခက်ခဲ, နက်နဲသော တရားများပါသော ကျမ်းဖြစ်သောကြောင့်လည်း ပဋ္ဌာန်းကျမ်းသည် ရှေးဦးကွယ်လိမ့်မည်ဟု မိန့်ခဲ့ခြင်း ဖြစ်ဟန်လည်း ရှိပါသည်။

ပဋ္ဌာန်းအရေးကြီးပုံ

ပဋ္ဌာန်းကျမ်းသည် ခက်ခဲ, နက်နဲရုံသာ မဟုတ်သေးပေ၊ တရားမှန်သိမြင်ရန် အတွက် အရေးကြီးသော ကျမ်းလည်း ဖြစ်ပါ၏။ ဗုဒ္ဓတရားတော်လာ အချို့သော အရာတို့၌ ပဋ္ဌာန်းနည်းဖြင့် ဖြေရှင်းမပြလျှင် အဓိပ္ပါယ်သဘာဝမှန်ကို မသိနိုင်လောက်အောင်ပင် ဖြစ်ရသည်။ ထိုနေရာမျိုး၌ ပဋ္ဌာန်းဗဟုသုတသည် မရှိလျှင် မဖြစ်သောအချက် လိုအပ်ချက် ဖြစ်ပါသည်။ ဤမျှတိုင် ပဋ္ဌာန်းကျမ်းသည် အချို့သော တရားတော်တို့ကို အမှန်အတိုင်း သိမြင်ရေး၌ အရေးကြီးလှပေသည်။

ဗုဒ္ဓတရားတော်၌ ပဋ္ဌိစ္စသမုပ္ပါဒ်သည် အရေးကြီးလှသော တရားတော်ဖြစ်၏။ ထိုတရားတော်၏ အဓိပ္ပါယ်သဘာဝကို အမှန်အကန်သိမြင်ရေး၌ ပဋ္ဌာန်းနည်းမပါလျှင် မဖြစ်နိုင်ပေ။ အနည်းငယ်ခဲ့ပြပါအုံ-ပဋ္ဌိစ္စသမုပ္ပါဒ်၌ "အဝိဇ္ဇာကြောင့် သင်္ခါရတို့ ဖြစ်ကြသည်။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်" စသည်ဖြင့် ဟောတော်မူထားရာ အဝိဇ္ဇာစသည်တို့က သင်္ခါရစသည်တို့ကို ဖြစ်စေသည်ဟု အဓိပ္ပါယ်ထွက်နေပေသည်။ ထိုတွင် "အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်" ဆိုသည်တို့ကို ရှင်းရှင်းလင်းလင်း နားလည်နိုင်ကြသော်လည်း "ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်သည်" ဆိုရာ၌ကား နားမလည်နိုင်ပဲ ဖြစ်ကြရသည်။ အဘယ့်ကြောင့်ဟူမူ အကြောင်းနှင့်အကျိုးတို့ တပြိုင်နက် ဖြစ်နေကြသောကြောင့်ပေတည်း။ ထို့ကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာ၌ "ပစ္စယာ" ဟုချည်း ဟောထားသော်လည်း ထို "ပစ္စယာ" တို့ကို ပဋ္ဌာန်းနည်းဖြင့် ညှိ၍ ပဋ္ဌာန်း ၂၄ ပစ္စည်းတို့အနက်မှ မည်သည့်ပစ္စည်း ဝါ-ပစ္စယသတ္တိမျိုးကို ဆိုလိုကြောင်း ခွဲခြားသိမှသာ ထိုတပြိုင်နက် ဖြစ်ပေါ်လာကြသော တရားတို့၏ အကြောင်းအကျိုးဆက်စပ်ပုံကို သဘောပေါက်၍ ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတောကို အပြည့်အဝ နားလည်နိုင်မည် ဖြစ်ပေသည်။ ဤသို့ ပဋ္ဌာန်းနည်းပါမှ ပဋ္ဌိစ္စသမုပ္ပါဒ်သဘောကို နားလည်နိုင်မည် ဖြစ်သောကြောင့် ပင် အဋ္ဌကထာဆရာတော်သည် ပဋ္ဌိစ္စသမုပ္ပါဒ်ကို ဖွင့်ပြသောအခါ ပဋ္ဌာန်းနည်းကိုပါ ထည့်သွင်းဖွင့်ပြတော်မူခဲ့ခြင်း ဖြစ်ပေသည်[1]။

---

[1] ဝိသုဒ္ဓိမဂ်၊ ပညာဘူမိနိဒ္ဒေသမှာ ကြည့်ပါ။ ယင်း၌ ပဋ္ဌာန်း ၂၄-ပစ္စည်း၏ အကျယ်ကိုပင် ထည့်သွင်းပြဆိုထားပါသည်။ ပဋ္ဌာန်းအဋ္ဌကထာ၌ ဖွင့်လတ္တံ့ဖြစ်၍ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ကား ၂၄-ပစ္စည်းကို အကျယ်မပြတော့ဘဲ ပဋ္ဌာန်းနည်းဖြင့် ကျေးဇူးပြုပုံတို့ကိုသာ ထည့်သွင်း ဖွင့်ပြလေသည်။

ဤသို့ပင် ပဌာန်းဒေသနာတော်သည် ဗုဒ္ဓတရားတော်ကို ပိုင်နိုင်စွာ သိမြင်ရေး၌ မရှိလျှင် မဖြစ်သော ဒေသနာ ဖြစ်တော့သည်။ ဤမျှ အရေးကြီးသော ဒေသနာတော်သည် ပရိယတ်ကွယ်ရာတွင် ရှေးဦးဆုံးကွယ်မည့်ဖြစ်ရာ ဗုဒ္ဓသာသနာတော်ကို သက်ဝင်ယုံကြည်သူတို့အဖို့ ထိုအဖြစ်သည် ထိတ်လန့်ဖွယ်ကြီး ဖြစ်တော့သည်။ အဘယ့်ကြောင့်ဟူမူ ပဌာန်းဒေသနာတော် ကွယ်ခဲ့လျှင် ပဌာန်းကို အမှီပြုရမှ အမှန်အတိုင်း သိမြင်ရမည့် ဗုဒ္ဓတရားတော်တို့ကို သိခွင့်ရတော့မည် မဟုတ်။ ထိုသို့ အမှန်အတိုင်း သိခွင့်မရလျှင် အလွဲလွဲ အမှားမှား ယူဆပြောဆိုကြတော့မည်ဖြစ်၍ ဘုရားရှင်၏ သာသနာတော်သည် မကြာမီအတွင်းမှာပင် ကမောက္ကမဖြစ်၍ ပျောက်ကွယ်သွားရပေတော့မည် ဖြစ်သော ကြောင့်တည်း။

ထို့ကြောင့် သာသနာတော်မကွယ်မပပဲ အရှည်တည်တံ့မှုကို လိုလားသော ဘာသာဝင်ပုဂ္ဂိုလ်မှန်သမျှသည် ပရိယတ်မကွယ်ပရန်၊ ပရိယတ်တွင်လည်း အစဆုံးကွယ်မည်ဟု ဆိုထားသော ပဌာန်းကျမ်း မကွယ်မပရန် ကြီးစွာသော လုံ့လဖြင့် အားထုတ်ကြရမည် ဖြစ်ပေသည်။

ပဌာန်းသာသနာပြု ရှေးဆရာတော်ကြီးများ

ပဌာန်းကွယ်လျှင် သာသနာကွယ်မည်ဟု သိရှိနားလည်တော်မူခဲ့ကြသော မြန်မာတိုင်းဖွား ရှေးရှေးဆရာတော်ကြီးများသည် "ပဌာန်းမကွယ်ပရေး" ဟူသော သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တော်မူခဲ့ကြပါသည်။ ပဌာန်းဒေသနာ မကွယ်ပစေလိုလျှင် မိမိကိုယ်တိုင် ပဌာန်းကျမ်းကို တတ်ကျွမ်းနားလည်အောင် သင်ယူလေ့လာ၍ တဆင့်ဖြန့်ဖြူးရမည် ဖြစ်ပါသည်။ ပဌာန်းကျမ်းကြီးကို စာသင်သားများ သင်ယူနိုင်လာအောင်, သင်ယူချင်လည်းလာအောင် ဖန်တီးပေးပါလျှင် ထိုကျမ်းစာကို စာသင်သားများ အဆက်မပြတ် သင်ယူနေကြရမည်ဖြစ်ရာ ထိုသို့ အဆက်မပြတ်သင်ယူခြင်းဖြင့် သာသနာဝင် အရှင်တို့ အမြဲသုံးစွဲနေပါလျှင် ပဌာန်းကျမ်း ကွယ်ပျောက်နိုင်တော့မည် မဟုတ်ပါ။

မြန်မာနိုင်ငံ၌ အင်းဝခေတ်နောက်ပိုင်းမှ စ၍ အဘိဓမ္မာပိဋကကို အထူးအားထုတ် သင်ယူလေ့လာချပို့ခဲ့ကြသည်ဆိုလျှင် မှားမည်မထင်ပေ။ အကြောင်းကား အင်းဝခေတ် နောက်ပိုင်းမှာသာ အဘိဓမ္မာဆိုင်ရာ အရကောက်ကျမ်းများ ထွက်ပေါ်ခဲ့သည်ကို တွေ့ရသောကြောင့် ဖြစ်ပါသည်။ ယနေ့ တွေ့ရှိရသော အထောက်အထားအရဆိုလျှင် ပဌာန်းဒေသနာတော် မကွယ်ပရေးအတွက် နှောင်းပုဂ္ဂိုလ်တို့အား စာပေအမွေပေးခဲ့သော အားဖြင့် ကြိုးပမ်းခဲ့ကြသော ဆရာတော်တို့မှာ —

(၁) တိပိဋကာလင်္ကာရမဟာရာဇဂုရု တောင်ဖီလာဆရာတော်၊

(၂) အဂ္ဂဓမ္မာလင်္ကာရမဟာရာဇဂုရု နန်းကျောင်းဆရာတော်၊

(၃) အနန္တဓဇမဟာရာဇဂုရု တောင်ဘီလူးဆရာတော်၊

(၄) နန္ဒမေဓာဘိသိရိပရမသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ထန်းတပင် ဆရာတော်၊

(၅) ညောင်ကန်ဆရာတော် ဦးပိုး, ဦးပုတ်တို့၏ ဆွေမျိုးဖြစ်သူ အမည်မသိ မထေရ်၊

(၆) ဇမ္ဗုဒီပဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်တို့ဖြစ်ပါသည်။[1]

ယင်းဆရာတော်ဘုရားကြီးတို့သည် ပဋ္ဌာန်း ၂၄-ကျမ်း ပါဠိတော်၏ နိဿယတို့ကို ပြုစီရင်တော်မူကြကာ ပဋ္ဌာန်းသာသနာတော်ကို အခြေတည် ဦးဆောင်ပြုစုသွားတော်မူခဲ့ကြသော ဆရာတော်ကြီးများဖြစ်၍ ယနေ့ သာသနာဝင်ပုဂ္ဂိုလ်အပေါင်းတို့က မမေ့ထိုက်သော ကျေးဇူးရှင် ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြပါသည်။ ထိုဆရာတော်ကြီးများ ပြုစုခဲ့သော ပဋ္ဌာန်းနိဿယတို့ကိုပင် ပဋ္ဌာန်းအရကောက်ဟု ခေါ်ဝေါ်ကြပါသည်။

ထန်းတပင် အရကောက်

ဖော်ပြခဲ့ပြီးသော ဆရာတော်ဘုရားကြီးများ ပြုစုခဲ့သော ပဋ္ဌာန်းအရကောက် (နိဿယ) တို့တွင် ယနေ့မြန်မာနိုင်ငံ၌ သုံးစွဲလျက်ရှိသော အရကောက်ကား အမှတ် (၄) ထန်းတပင်ဆရာတော် ပြုစုတော်မူခဲ့သော အရကောက်ပင် ဖြစ်ပါသည်။ ပိဋကတ် သမိုင်း၌ ယင်းကျမ်းကို "ပဋ္ဌာန်း ၂၄-ကျမ်း ပါဠိတော်နိဿ" ဟု ပြထားသော်လည်း ယနေ့ ပုံနှိပ်စာအုပ်အဖြစ်ဖြင့် တွေ့ရှိရသော ထန်းတပင်ဆရာတော်၏ အရကောက် (နိဿယ) ကား ကုသလတိက် အပြီးအထိသာ ဖြစ်သည်ကို တွေ့ရပါသည်။ ကုသလတိက်ကုန်ပြီးနောက် ကျမ်းနိဂုံးအုပ်ထားသဖြင့် ထန်းတပင်ဆရာတော်သည် ၂၄ ကျမ်းလုံး၏ အရကောက် (နိဿယ) ကို ရေးသားခဲ့သည် မဟုတ်ပဲ ကုသလတိက်၏ အရကောက် (နိဿယ) ကိုသာ ရေးသားခဲ့လေသလောဟု စဉ်းစားဖွယ် ဖြစ်လေသည်။ သို့တည်းမဟုတ် အခြားတိက်တို့၏ အရကောက် (နိဿယ) များသည် ပုံနှိပ်စာအုပ်အဖြစ်သို့ မရောက်ကြဟုပင် မှတ်ရမည်ကဲ့သို့ ရှိပါသည်။ ထန်းတပင်ဆရာတော်၏ ကုသလတိက်အကုန်အထိပါသော ပဋ္ဌာန်းအရကောက် (နိဿယ) ကျမ်းသည်ပင် ယနေ့အထိ ထွက်ပေါ်ခဲ့သမျှသော ပဋ္ဌာန်းကျမ်းအမျိုးမျိုးတို့၏ အခြေခံရာဖြစ်တော့သည်။

---

[1] ပိဋကတ်တော်သမိုင်းအတိုင်း ဖြစ်ပါသည်။

တောင်မြို့ ဆရာတော်များ

တောင်ဖီလာဆရာတော်စသော ဆရာတော်တို့ကဲ့သို့ပင် နောက်ခေတ်တို့၌ ပဌာန်းဒေသနာကို ကြိုးကြိုးစားစား ပြုတော်မူခဲ့သော ဆရာတော်တို့လည်း ထွက်ပေါ်ခဲ့ကြသည်ပင် ဖြစ်ပါသည်။ ထိုဆရာတော်တို့စာရင်းတွင် မန္တလေးမြို့အနီး တောင်မြို့ခေါ် အမရပူရမြို့ မင်္ဂလာကိုက်ဟောင်းဆရာတော်နှင့် ဆရာကြီးဦးအုန်းတို့ကို ချန်ထား၍ မဖြစ်ပါ။ ထိုပုဂ္ဂိုလ်ကြီးတို့သည် ပဌာန်းအပါအဝင် ညဝါတခုတည်းကိုသာ အကြိမ်ကြိမ် အထပ်ထပ် ပို့ချခြင်း၊ ဆရာကြီးဦးအုန်းသည် ညဝါတံခွန်စသော ကျမ်းများ ရေးခြင်းတို့ဖြင့် အဘိဓမ္မာသာသနာတော်ကို ပြုစုခဲ့ကြပါသည်။

မစိုးရိမ်ဆရာတော်ဘုရားကြီး

ထိုဆရာတော်တို့ အလားတူပင် အဘိဓမ္မာသာသနာကို ကြိုးပမ်းပြုစုတော်မူခဲ့ကြသော ဆရာတော်ကား မန္တလေးမြို့၊ မစိုးရိမ်တိုက်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးသည် ခက်ခဲနက်နဲလှသော ပဌာန်းဒေသနာတော်ကို အကြိမ်ကြိမ်အခေါက်ခေါက် ပို့ချတော်မူ၍ ပို့ချနည်းစနစ်သစ်တို့ကို တီထွင်ကာ ဘဝနတ်ထံပျံ့လွန်တော်မူသည်အထိ ပဌာန်းကို ပို့ချ၍ ပဌာန်းသာသနာကို သူမတူအောင် ပြုသွားသော ဆရာတော်ကြီး ဖြစ်ပါသည်။

မစိုးရိမ်ပဌာန်းဆရာတော်

မန္တလေးမြို့ မစိုးရိမ်တိုက် ပါဠိနယူပဒေသကျောင်း၌ သီတင်းသုံးတော်မူသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဦးဝိသုဒ္ဓသည်လည်း ပဌာန်းသာသနာပြုပုဂ္ဂိုလ်တပါးဖြစ်သည်။

ဆရာတော်သည် မစိုးရိမ်ဆရာတော်ကြီး၏ တပည့်ကြီးဖြစ်သည်အားလျှော်စွာ ဆရာတော်ကြီး၏ ပဌာန်းပို့ချနည်းကို လက်ဆုပ်လက်ကိုင် ပိုင်ပိုင်နိုင်နိုင် ရရှိတော်မူသည်။ တပည့်စာလိုက် စာသင်သားတို့အား ပဌာန်းစာဝါကို ပဓာန အဓိကထား၍ ပို့ချတော်မူသည်။ လူဒါယကာ ဒါယိကာမတို့အားလည်း အခွင့်အခါရတိုင်း ဒါနမှု သီလမှု ဘာဝနာမှုတို့၌ ပဌာန်းနည်းဖြင့် အကြောင်းအကျိုးဆက်၍ ဝေဖန်ဟောကြားတော်မူလေ့ရှိသည်။

ဝိပဿနာ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်နည်းကို ပဋ္ဌာန်းနည်းဖြင့် ရှင်းလင်းဖော်ပြသည့် ပဋ္ဌာန်းအခြေခံဝိပဿနာကျမ်း နှင့် မြင်ပဋ္ဌာန်းကျမ်း တို့ကိုလည်း ရေးသားပြုစုတော်မူသည်။

ယခုအခါ ဆရာတော်သည် အဘိဓမ္မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီး၏ အရိုက်အရာကို ခံယူကာ မန္တလေးမြို့၊ မစိုးရိမ်တိုက်ကြီး၏ မဟာနာယက ဆရာတော် အဖြစ်ဖြင့် ပဋ္ဌာန်းသာသနာကို ဆက်လက်ပြုစုတော်မူလျက် ရှိပေသည်။

ရန်ကုန်မြို့၊ မူလပဋ္ဌာန်းဆရာတော်

ထို မစိုးရိမ် ဆရာတော်ဘုရားကြီး၏ အဆက်အနွယ်စာရင်းတွင် အပါအဝင်ဖြစ်သော ရန်ကုန်မြို့၊ မူလပဋ္ဌာန်းဆရာတော်သည်ကား ပဋ္ဌာန်းကျမ်းနှင့် စပ်၍ပြောရလျှင် အလွန်ထူးခြားသော ဆရာတော်တပါး ဖြစ်ပါသည်။ ဆရာတော်သည် ခေတ်ပညာတတ်လည်း ဖြစ်သည်အားလျှော်စွာ ပဋ္ဌာန်းကျမ်းကို လေ့လာရာတွင် လွယ်ကူသည်ထက် လွယ်ကူသော နည်းအမျိုးမျိုးကို စမ်းသပ်ရှာဖွေခဲ့ပါသည်။ "ပဋ္ဌာန်းကျမ်း ခက်လှပါသည်" ဟု ညည်းညူနေကြသော စာသင်သားတို့ နှစ်သိမ့်အားရဖြစ်စေရန် လွယ်ကူသော လေ့လာနည်းတို့ကို ကြံဆ တီထွင်တော်မူခဲ့သည်။ ဤသို့ မနားမနေ ကြိုးပမ်းမှုကြောင့်ပင် ပဋ္ဌာန်းကျမ်းကို ဇယားကွက်ဖြင့် လေ့လာသည့် နည်းစနစ်သည် ပေါက်ဖွားခဲ့ရသည်။ ဆရာတော်သည် မိမိ ရှာဖွေကြံဆ တီထွင်ထားသော စမ်းသပ်ပြီးသည့် ထိုဇယားကွက်နည်းကို ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း ၁၃၀၅,၁၃၀၆-ခုနှစ်တို့၌ စစ်ကိုင်းတောင် မဟာသိဝချောင်ဝယ် သီတင်းသုံးတော်မူလျက် ရဟန်းပရိသတ်, သီလရှင်ပရိသတ်တို့အား ချပြခဲ့ပါသည်။ ဆရာတော်၏နည်းဖြင့် ဆရာတော်ချပြသည့်အတိုင်း အရကောက်အပါအဝင် ပဋ္ဌာန်းကျမ်းကြီးကို လေ့လာရသောအခါ ထင်လွယ်, မြင်လွယ်, မှတ်မိလွယ်ဖြစ်ပြီး "ရှေးက ခက်လှပါသည်" ဟု ဆိုရသော နေရာများမှာပင် ဇယားကွက်ကို ကြည့်ကာကြည့်ကာဖြင့် အလွယ်တကူ ဆိုင်နိုင်ကြသည်ကို စာတတ်သူများ တအံ့တသြ တွေ့ရှိလာခဲ့ကြလေသည်။ ထို့ထက်ထူးသည် မှာကား ရှေးအခါက ပဋ္ဌာန်းအရကောက်ရှိသရွေ့ ကုသလတိက်ကိုပင် ကုန်အောင်ဆိုနိုင်ရန် ခဲယဉ်းလျက်ရှိသော်လည်း ယခု ဇယားကွက်နည်းဖြင့် လေ့လာသောအခါ ကုသလတိက်ကိုသာမက ပဋ္ဌာန်း ၂၂-တိက်စလုံးကိုပါ သက်သာစွာဖြင့် ရွတ်နိုင်ဆိုနိုင်သည်ကို တွေ့ရှိကြရခြင်းပင် ဖြစ်လေသည်။

ဤကျမ်းပြုဆရာတော်

ထိုစဉ်က မူလပဌာန်းဆရာတော်အထံ၌ ပဌာန်းစာဝါလိုက်ကြသော ပုဂ္ဂိုလ်များ တွင် ဤ "ပဌာနသာရဝိလာသိနီ" ခေါ် ပဌာန်းသိပ္ပံကျမ်း ကို ပြုစုတော်မူသော ပဌာန်းသိပ္ပံဆရာတော် အရှင်ဣန္ဒကထေရ်လည်း အပါအဝင် ဖြစ်ပေသည်။ ပဌာန်းသိပ္ပံဆရာတော် အရှင်ဣန္ဒကထေရ်သည် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မဟာသိဝ ဆရာတော်ဘုရား၏ ညီတော်ဖြစ်၍ ထိုအချိန်က မဟာသိဝချောင်မှာပင် သီတင်းသုံးနေထိုင်ခဲ့သည်။ ဆရာတော်သည် ပဌာန်း၌ လွန်စွာ ဝါသနာထုံတော်မူသည်။ ရဟန်း ၂-ဝါရသည့် အချိန်မှစ၍ ပဌာန်းကို ဆရာအမျိုးမျိုးထံမှ နည်းအမျိုးမျိုးဖြင့် လေ့လာဆည်းပူးခဲ့သည်။

ထို့သို့ လေ့လာဆည်းပူးခဲ့သဖြင့် ပဌာန်း၏ ခက်ခဲ, နက်နဲပုံကို ကျနစ်စွာ သိမြင်ခဲ့သည်နှင့်အမျှ ပဌာန်းကို စာသင်သားတို့အား မပင်မပန်းရဘဲ တတ်မြောက်စေလိုသော ဆန္ဒ ပြင်းပြစွာ ရှိခဲ့သည်။ ထိုဆန္ဒ၏ တိုက်တွန်းချက်ဖြင့်ပင် ပဌာန်း၌ အကျဉ်းဆုံးနှင့် အလွယ်ဆုံးဖြစ်သော ချပ်နည်းတို့ကို ကိုယ်တိုင် စမ်းသပ်ရှာဖွေခဲ့သည်။ ယခု မူလပဌာန်းဆရာတော်၏ ဇယားနည်းကို ကိုယ်တိုင်ကိုယ်ကျ တွေ့ရှိလေ့လာရသောအခါမှာမူကား မိမိနှစ်ပေါင်းများစွာ မျှော်မှန်းတောင့်တ ရှာဖွေခဲ့သောနည်းကား ဤနည်းပင် ဖြစ်တော့သည်ဟု ဆုံးဖြတ်၍ မူလပဌာန်းဆရာတော်၏ ဇယားနည်းကို ပိုင်နိုင်အောင် လေ့လာခဲ့သည်၊ မူလပဌာန်းဆရာတော် ကျေနပ်တော်မူသည်အထိ ပဌာန်းစာဝါကို ၂၂-တိက်ကုန်အောင် ဆိုဝါဖြင့် လေ့လာခဲ့၍ ထိုဆရာတော်ပင် ဦးစီးကျင်းပသော ပဌာန်း ၂၂-တိက် စာမေးပွဲကို ဖြေဆိုအောင်မြင်တော်မူခဲ့သည်။

ယင်းသို့ ဇယားနည်းကို ပိုင်နိုင်အောင် လေ့လာပြီးနောက် ယင်းနည်းကို အခြေပြုကာ အဘိဓမ္မာရဌဂုရု ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီး၊ အဂ္ဂ-မဟာပဏ္ဍိတ အဘိဓမ္မာရဌဂုရု ပခုက္ကူမြို့က မဟာဝိဇယာရာမ အရှေ့တိုက်သစ် ဆရာတော်ဘုရားကြီး၊ အဂ္ဂမဟာပဏ္ဍိတ, အဘိဓမ္မာရဌဂုရု ပဌာန်းအကျော် မန္တလေးမြို့ မစိုးရိမ်ဆရာတော်ဘုရားကြီးတို့ အထံမှ ရအပ်သောနည်းဖြင့် မွမ်းမံလျက် ပဌာန်းပို့ချနည်းအသစ်ကို တီထွင်ခဲ့သည်။ အထူးအားဖြင့် မစိုးရိမ်ဆရာတော်ဘုရားကြီးနှင့် မူလပဌာန်းဆရာတော်တို့၏ နည်းတို့ကို အခြေပြုကာ ထိုနည်းသစ်ဖြင့် ဆရာတော်သည် ၁၃၁၂ ခုနှစ်မှ အစပြု၍ ပဌာန်းစာဝါကို ပို့ချတော်မူခဲ့သည်။ စာဝါတကြိမ်ထက်တကြိမ် စာလိုက်သူများလည်း တိုးတက်များပြားလာ၍ နည်းသစ်လည်း စာသင်သားလောကတွင် အသိများ, အကြိုက်များ ဖြစ်လာခဲ့သည်။

ဆရာတော်သည် ပဌမအကြိမ်မှ ပန္နရသမ (၁၅-ခုမြောက်) အကြိမ်အထိ မဟာသိဝခြောင်ဌ် သီတင်းသုံး၍ ပို့ချခဲ့သည်။ ၁၃၁၅-ခုနှစ်တွင်မူ မူလ ရတနာဝုဝံခြောင် ဆရာတော်ဘုရားကြီးက ရတနာပုံ လှိုင်းတက်ခြောင်ကို ချီးမြှင့်သဖြင့် ယင်းခြောင်ကို "ပဌာန်းသိပ္ပံ" တိုက်ဟု အမည်သစ်မှည့်ပြီးနောက် ၁၃၁၅ ခုနှစ်မှ ယနေ့တိုင် ယင်းခြောင်ဌ် သီတင်းသုံးလျက် ပဌာန်းစာဝါများကို အဆက်မပြတ် ပို့ချခဲ့လေသည်။ ဆရာတော်သည် ၁၃၂၂-ခုနှစ်တွင် တကြိမ်, ၁၃၂၃-ခုနှစ်တွင် တကြိမ်, ၁၃၂၄-ခုနှစ်တွင် တကြိမ် ပုပ္ပါးသာသနာပြု ဆရာတော်ဦးကုမာရ၏ စီစဉ် ပင့်လျှောက်ချက်အရ ပုပ္ပါးတောင်ကလပ်, အောင်မင်းခေါင်ရိပ်သာ, ကုမာရာရာမကျောင်းတိုက်သို့ ကြွရောက်သီးတင်းသုံးတော်မူကာ ၂၀၀-ခန့်စီရှိသော စာသင်သားတို့အား အကြိမ် ၅၀-မြောက်, ၅၄-ကြိမ်မြောက်, ၅၇-ကြိမ် မြောက် ပဌာန်းစာဝါတို့ကို ပို့ချခြင်းဖြင့် ပုပ္ပါးတောင်ကို ပဌာန်းဒေသနာဖြင့် ထုံမွမ်းစေခဲ့ပါသည်။

ယနေ့အထိ ပဌာန်းစာဝါပို့ချခဲ့သော အကြိမ်ပေါင်း ၉၁-ကြိမ်ရှိ၍ စာဝါလိုက်၍ လေ့လာသင်ယူခဲ့သူပေါင်း ၃၆၄၁-ဦးရှိလေပြီ။ ထို ၃၆၄၁-ဦးတွင် ယခုအခါ ကျောင်းထိုင်စာချ နာယကနှင့် အစိုးရစေတိယဂ်ဏ-သက္ကသီဟ စာချတန်းအောင်ပြီး ပုဂ္ဂိုလ်, ပိဋ္ဌကတ္တ-ယကောဝိဒ ပိဋ္ဌကတ္တယပါရဂူ ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရှိနေသော ပုဂ္ဂိုလ်အများအပြားပါဝင် ၍ ထိုပုဂ္ဂိုလ်တို့အနက်မှ များစွာသော ပုဂ္ဂိုလ်တို့သည် မန္တလေး, ရွှေဘို, မုံရွာ, ပျဉ်းမနား, တောင်ငူ, ရန်ကုန်, မော်လမြိုင်, ထားဝယ်, ဓနုဖြူ, ညောင်တုန်း, မအူပင်, မြောင်းမြ စသော မြန်မာပြည် အနယ်နယ်အရပ်ရပ်ရှိ စာသင်တိုက်ကြီးတို့၌ ဆင့်ပွားပဌာန်းစာဝါ များကို ပို့ချကြလျက်ရှိကြောင်း သိရှိရပေသည်။

အချို့မြို့ကြီးများ၌ ဆင့်ပွား စာချရာဌာန ၂-ခု, ၃-ခုစီမျှ ရှိကြသည်။ ဆင့်ပွားစာဝါအများရှိရာတွင်လည်း မန္တလေးမြို့ တောင်ပြင် ထီးလင်းတိုက် စာချအကျော် ဆရာတော် ဦးဝဇိရဗုဒ္ဓိ၏ စာဝါကား စာလိုက်သံယာ ၄၀၀-ကျော်အထိ ရှိခဲ့ဖူး၍ စာလိုက်အများဆုံး ဆင့်ပွားစာဝါအဖြစ် မှတ်တမ်းတင်ရမည့် စာဝါဖြစ်ပေသည်။

ပဌာနသာရဝိလာသိနီမည်သော ပဌာန်းသိပ္ပံကျမ်း

ပဌာန်းသိပ္ပံဆရာတော်သည် ပင်ကိုယ်ကပင် ကျန်းမာရေးကောင်းလှသည် မဟုတ်ပါ။ သို့သော် ပဌာန်းသာသနာ ပြန့်ပွားစေလိုလှသဖြင့် ၁၃၁၂-ခုနှစ်မှစ၍ ပဌာန်းစာဝါများကို အင်တိုက် အားတိုက် ပို့ချခဲ့ပါသည်။ တစ်နေ့တည်းမှာပင် စာ ၂-ဝါထား၍ ၂-ကြိမ်

ပို့ချခဲ့ရသည့် အခါများလည်း ရှိခဲ့ပါသည်။ ထိုကဲ့သို့ ခန္ဓာကိုယ် အင်အားနှင့် မမျှအောင် ကြိုးပမ်းမှုကြောင့် ၁၃၂၈-ခုနှစ်တွင် ဆရာတော်၏ ကျန်းမာရေးသည် သိသိသာသာ ကျဆင်းလာခဲ့ပါသည်။ စာဝါပို့ချမှုမှ လုံးဝအနားယူရမည့် အခြေသို့ပင် ဆိုက်ရောက်လုခမန်း ဖြစ်ခဲ့ပါသည်။

သို့ဖြစ်၍ မိမိအနေဖြင့် နောင် မပို့ချနိုင်သည့်တိုင် မိမိ၏ "ပဌာန်းပို့ချနည်း" မကွယ်မပျောက်စေရန် ရည်သန်၍ ထိုနှစ်ဝါတွင်း၌ ပို့ချသော ၇၂-ကြိမ်မြောက် ပဌာန်းစာဝါကို အသံဖမ်းကြိုးခွေတို့ဖြင့် အပြည့်အစုံ ဖမ်းယူထားခဲ့သည်။ ဆရာတော်၏ စာဝါသည် တနေ့လျှင် တနာရီခွဲခန့်ကြာသည်။ အစမှ အဆုံးအထိ စာတဝါလျှင် ပျမ်းမျှအားဖြင့် ချပို့ရက်ပေါင်း ၆၅-ရက် ကြာသည်။ ၇၂-ကြိမ်မြောက် စာဝါကို ပို့ချရာ၌ကား ချပို့ရက် (၆၂) ရက်ကြာခဲ့သည်။ ထို (၆၂) ရက်စာ စာဝါတစ်ခုလုံးကို ဖမ်းယူထားခဲ့သော ကြိုးခွေပေါင်းကား ပေ ၁၂၀၀,၁၈၀၀-ရှိသော အခွေကြီးပေါင်း ၂၉-ခွေ ဖြစ်လေသည်။

ထိုစာဝါ ပို့ချပြီးနောက် ကျန်းမာရေးကို အထူးဂရုပြုလျက် နေထိုင်ခဲ့သဖြင့် ကျန်းမာရေး အခြေအနေ ပြန်ကောင်းလာခဲ့သဖြင့် ပဌာန်းစာဝါများကို ဆက်လက်ပို့နိုင်ခဲ့ရာ ၁၃၃၇-ခုနှစ်၊ ၉၁-ကြိမ်မြောက်အထိ ရောက်ခဲ့ပါသည်။

ဆရာတော်သည် **ပဌာန်းသိပ္ပံနည်းပြ** ကျမ်းငယ်တစောင်ကို ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၌ ၁၃၃၃-ခုနှစ်က ရိုက်နှိပ်စေခဲ့ပါသည်။ ထိုကျမ်းငယ်ရိုက်နှိပ်နေစဉ် စကားစပ်သဖြင့် အဖွဲ့၏ အတွင်းရေးမှူး (အုပ်ချုပ်ရေးအရာရှိချုပ် ညွှန်ကြားရေးမှူးချုပ်) ဦးလှမောင်အား ပဌာန်းစာဝါတစ်ခုလုံးကို အသံသွင်းဖမ်းယူထားသော ကြိုးခွေများရှိကြောင်း အမိန့်ရှိခဲ့ပါသည်။ ထိုအခါ ဒါယကာဦးလှမောင်က ထိုကြိုးခွေများမှ ကူးယူ၍ ကျမ်းစာအဖြစ် ရိုက်နှိပ်ခွင့်ပြုပါရန် ဆရာတော်အား လျှောက်ထားရာ ဆရာတော်ကလည်း ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုတော်မူခဲ့ပါသည်။ ထိုသို့ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်က လျှောက်ထား၍ ဆရာတော်က ခွင့်ပြုတော်မူခဲ့သောကြောင့်ပင် ယနေ့ ဤပဌာနသာရဝိလာသိနီ မည်သော ပဌာန်းသိပ္ပံကျမ်းကြီး ထွက်ပေါ်လာရခြင်း ဖြစ်ပါသည်။

ဆရာတော်သည် ပဌာန်းစာဝါပို့ချသောအခါ ဉာဏ်ထက်, ဉာဏ်လေးမရွေး စာလိုက်သူမှန်သမျှ နားလည်၍ ပဌာန်းပါဠိတော်နှင့် အရကောက်တို့ဝယ် ပိုင်နိုင်စေလိုသော ဆန္ဒ ပြင်းပြတော်မူသည်။ ထို့ကြောင့်ပင် ဆရာတော်သည် ပဌာန်းစာဝါကို ပို့ချသော အခါ အလွန်လွယ်ကူသော သဒ္ဒါဟ်သရုပ်များကိုပင် ကျော်မသွားပဲ အသေးစိတ် ရှင်းပြတော်မူသည်။ သဗ္ဗစိတ္တာသာဓာရဏစေတသိက် ဆိုသည်ကိုပင် တခုစီကောက်၍ ရှင်းပြ

တော်မူသည်အထိ အပင်ပန်းခံတော်မူပါသည်။ နာမ်တရားတခုတခု၏ သဘာဝ အဓိပ္ပါယ်တို့ကိုလည်း သရုပ်နှင့်တကွ ရှင်းပြ၍ ရုပ်တရားတခုတခု၏ သဘာဝအဓိပ္ပါယ်တို့ကိုလည်း အခွင့်သင့်သလို ရှင်းလင်း မိန့်ကြားတော်မူသည်။ ယင်း နာမ်တရား, ရုပ်တရားတို့နှင့် ပတ်သက်၍ သဘာဝအဓိပ္ပါယ်တို့ကို ထင်ထင်ရှားရှား သိစေလိုသော နေရာတို့၌ ပိဋကတ်ကျမ်းစာများမှ သက်ဆိုင်ရာ ဝတ္ထုအကြောင်းများကိုပါ ထည့်သွင်း၍ မိန့်ကြားတော်မူသည်။

ယင်းသို့ နည်းစနစ်ကောင်းမှု, ချပ်နည်း မှန်ကန်မှုတို့ကြောင့် ဆရာတော်၏ စာဝါကို လိုက်နာကြသော စာသင်သားတို့အဖို့ နားမလည်၍ စိတ်ပျက်ရသည်ဟု မရှိပေ။ ပါဠိတော်စာအုပ်, အရကောက်စာအုပ်တို့ကို မဖတ် မရှု မကိုင် မဆောင်ရဘဲ ဆရာတော်ညွှန်ကြားသည့်နည်းဖြင့် ဇယားကွက်တို့ကို ကြည့်ကာ ကြည့်ကာဖြင့်ပင် ပါဠိတော်နှင့် အရကောက်တို့ကို အလွယ်တကူ ဆိုနိုင်ကြသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့ကြရသည်။ သို့ဖြစ်၍ စာသင်သားတို့အဖို့ ဆရာတော်၏ စာဝါကို လိုက်ရသည်မှာ သက်သာလှပေသည်။

စာလိုက်သူများအထံမှ ဆရာတော်တောင်းဆိုသော တခုတည်းသော လိုအပ်ချက်မှာ "သုဒ္ဓသန္ဓာ ခေါ် ပဌာန်းလမ်းပြ ကျမ်းငယ်ကလေး" ကို ကြေညက်စွာ ရရှိထားရန်သာ ဖြစ်ပါသည်။ ယင်း ကျမ်းကလေးကား သဒ္ဒါဟ်စာအုပ်အရွယ်ဖြင့် စာမျက်နှာ ၃၃-မျက်နှာသာ ရှိသည်ဖြစ်ရာ ဆရာတော်၏ တောင်းဆိုချက်မှာ မပြောပလောက်ဟုပင် ဆိုရပါမည်။ စာမျက်နှာပေါင်း ရာဖြင့်ချီ၍ရှိသည့် သဒ္ဒါ, သဒ္ဓိဟ်, အဘိဓာန်စသော ကျမ်းဂန်တို့ကိုပင် အာဂုံရအောင် လေ့လာကြရသော စာသင်သားများအဖို့ ထိုကျမ်းကလေးကို ကျက်ရသည်မှာ တာဝန်မဟုတ်တော့ပေ။ ထို့ကြောင့် ဆရာတော်၏ တောင်းဆိုချက်မှာ မပြောပလောက်ဟု ဆိုရခြင်း ဖြစ်ပေသည်။ ယင်းသို့ မပြောပလောက်ဟု ဆိုရသော်လည်း ယင်းပဌာန်းလမ်းပြ ကျမ်းကလေးသည် လမ်းပြဆိုသည့်အတိုင်း ပဌာန်းကို လေ့လာရာ၌ သော့ချက်ဖြစ်ကြောင်းကား—

ဤကျမ်းတွင် ရသင့်သည်တို့ကိုသာ ကြေညက်အောင် ရပါစေ၊ အကျဉ်းချုပ်များကို မှတ်မိပါစေ၊ ပဌာန်းကို ကျနစွာ တတ်စေနိုင်ပါသည်။ —

ဟူသော ယင်းကျမ်းလာ အမှာစကားဖြင့် ထင်ရှားပါသည်။

ပြခဲ့ပြီးသည့်အတိုင်း "သုဒ္ဓသန္ဓာ" ကို ကြေညက်စွာ ရပြီးပါလျှင် ဆရာတော်ထံ ပဌာန်းစာဝါလိုက်ရသည်မှာ ပျော်စရာ, အားတက်စရာသာ ဖြစ်သောကြောင့် ဆရာတော်၏ စာဝါသည် မြန်မာတနိုင်ငံလုံး၌ ကျော်ကြားရခြင်း ဖြစ်ပေသည်။

ဤမျှကျော်ကြားသော –

စာဝါတခုလုံးကိုပင် ယခုအခါ စာအုပ်အဖြစ်သို့ ရောက်အောင် ပို့ဆောင်အပ်ပေပြီ။ ရှင်းလင်းမိန့်ကြားချက် အားလုံးကိုပင် ကူးယူရိုက်နှိပ်ထားသောကြောင့် ဤကျမ်းသည် ဤစာအုပ်အရွယ်ဖြင့် စာမျက်နှာ တစ်ထောင်ကျော်သည်အထိ ကျယ်ဝန်းရလေသည်။ ထိုစာမျက်နှာ တစ်ထောင်ကျော်ကိုပင် ငါးရာကျော်စီခွဲကာ ပဌမတွဲ, ဒုတိယတွဲဟု နှစ်တွဲထုတ်ဝေမည် ဖြစ်ပေသည်။

စာဝါပို့ချစဉ်က ရှင်းလင်းမိန့်ကြားသည်တို့ကို လုံးစေ့ပတ်စေ့ ထည့်သွင်းရိုက်နှိပ်ထားသောကြောင့် ဤကျမ်းကို **"ပဌာန်းချပို့စဉ်"** ၏ **"ပြည့်စုံသော မှတ်တမ်းကြီး"** ဟုလည်း ဆိုသင့်ပေသည်။ ဤ "မှတ်တမ်းကြီး" ကို ဖတ်ရှုလေ့လာလျှင် ဆရာတော်ကိုယ်တိုင် လာရောက်ပို့ချနေသကဲ့သို့ ဖြစ်၍ ဆရာတော်၏ တောင်းဆိုချက်အတိုင်း **"သုဒ္ဓသင်္ခ"** ကို ကြေညက်စွာ ရပြီးသူ ဖြစ်ပါလျှင် ဆရာမပါဘဲ ဤကျမ်းကို ဖတ်ရှုလေ့လာရုံဖြင့်ပင် ဆရာတော် ဝန်ခံထားသည့်အတိုင်း ပဌာန်းကျမ်းကို တတ်မြောက်မည် ဖြစ်ပါသည်။

ထို့ကြောင့် ဤကျမ်းကို **"ဆရာလွတ် ပဌာန်းသင်နည်းကျမ်း"** ဟုလည်း ဆိုသင့်ပါတော့သည်။ ပဌာန်းတတ်လိုပါလျက် အခါအခွင့်မသင့်၍ ဆရာတော်ထံ သို့မဟုတ် ဆင့်ပွား စာချဆရာတော်များထံ ကိုယ်တိုင်လာရောက်၍ မလေ့လာနိုင်သူများအဖို့ ဤကျမ်းကြီးသည် အဖိုးမဖြတ်နိုင်သော လာဘ်ကြီးတခုပင် ဖြစ်ပါတော့သည်။

ဤကျမ်းကို အမှီပြု၍ မိမိနေမြဲနေရာ၌ နေထိုင်လျက်ပင် ပဌာန်းတတ်နိုင်ပြီဖြစ်၍ ဤကျမ်းသည် မြန်မာနိုင်ငံ၌ ပဌာန်းတတ်ပုဂ္ဂိုလ်ပေါင်း မြောက်များစွာကို ထွက်ပေါ်စေမည်မှာ သေချာလှပါတော့သည်။ ချပို့စဉ်က မိန့်ကြားခဲ့သည့်အတိုင်း ရိုက်နှိပ်ထားသော ကျမ်းဖြစ်၍ ဤကျမ်းစာကို ဖတ်ရှုလေ့လာခြင်းဖြင့် ပဌာန်းတတ်ပုဂ္ဂိုလ် ဖြစ်နိုင်ရုံမျှမက ပဌာန်းပို့ချနည်းကိုပါ တတ်မြောက်ဦးမည်ဖြစ်ရာ ဤကျမ်းကို **"ဆရာကိုင် ပဌာန်းသင်နည်းကျမ်း"** ဟူ၍လည်း ခေါ်သင့်ပါတော့သည်။

ဤသို့ ဤကျမ်းသည် ပဌာန်းကုသလတိုက်ပါဠိတော်, ယင်းအရကောက်တို့နှင့် ပတ်သက်၍ အဘက်ဘက်မှ လိုလေသေးသည် မရှိအောင် ပြည့်စုံသောကျမ်းဖြစ်နေရာတွင် "ရွှေပေါ်မြတင်" ဆိုဘိသည့်အလား ရွှေကျင်နိုကာယ ဥပဉ္စကဋ္ဌ မဟာနာယက အဂ္ဂမဟာပဏ္ဍိတ စစ်ကိုင်းတောင် ရွှေဟသ်ာ ဆရာတော်ဘုရားကြီးကိုယ်တိုင် အစမှ အဆုံးအထိ ကြည့်ရှုသုံးသပ် တည်းဖြတ်တော်မူထားပြန်ရာ မျှားစွာ နှစ်ထောင်းအားရဖွယ် ဖြစ်ရပြန်ပေသည်။

ပြုစုခဲ့သော အခြားကျမ်းများ

ဤကျမ်းပြုဆရာတော်သည် "ပဋ္ဌာနသာရဝိလာသိနီခေါ် ပဋ္ဌာန်းသိပ္ပံ" ကျမ်းကြီး မထွက်ပေါ်မီကပင် "ပဋ္ဌာန်းသိပ္ပံနည်းပြကျမ်း" ကိုရင်း "ပဋ္ဌာနသာရမဇ္ဇရီကျမ်း" ကိုရင်း ရေးသားတော်မူခဲ့ပါသည်။ ထိုတွင် "ပဋ္ဌာန်းသိပ္ပံနည်းပြကျမ်း" ကား ပဋ္ဌာန်းဝိဘင်္ဂဝါရ အရကောက်သက်သက်ကိုသာ ပြသောကျမ်း ဖြစ်၏။ သင်္ဂြိဟ်စာအုပ်အရွယ်ဖြင့် ၁၇၂-မျက်နှာ မျှသာရှိသော ဤကျမ်းငယ်၌ ဆရာတော်သည် ပဋ္ဌာန်းအရကောက်တကျမ်းလုံး၌ လာသော အရကောက်တို့ကို အကျက်ရ, အမှတ်ရ လွယ်စေရန် မျိုးတူရာပေါင်း၍ အကျဉ်းစီစဉ်ထားလေသည်။ ယင်းကျမ်းကို ၁၃၃၃-ခုနှစ်တွင် ရန်ကုန်မြို့, ဗုဒ္ဓသာသနာအဖွဲ့, ပုံနှိပ်တိုက်၌ပင် ရိုက်နှိပ်သည်။

ဒုတိယဖြစ်သော "ပဋ္ဌာနသာရမဇ္ဇရီ" ကျမ်းကား ပဋ္ဌာန်းစာဝါလိုက်သောအခါ စာသင်သားတို့ လက်ကိုင်ပြုရန် နည်းပြဇယားများကို ပြထားသောကျမ်း ဖြစ်လေသည်။ ယင်းကျမ်းကား "အကြောင်းပြလွှာ" နှင့် "နိဂုံး" ပါမှ ဗလာစာအုပ်အရွယ်ဖြင့် စာမျက်နှာ ၃၁-မျက်နှာသာ ရှိသည်။ ရှေးအခါ ချပို့စဉ်က ဇယားများကို စာသင်သားများကိုယ်တိုင် ကူးယူကြရသည်။ ယင်းနောက် အဆင့်ဆင့် ကူးယူကြ၍ အဆင့်များလာသောအခါ ချွတ်ယွင်းမှုများ ပါဝင်လာခဲ့သဖြင့် 'မူမှန်" အတည်ဖြစ်စေခြင်းငှါ ဤကျမ်းကလေးကို ၁၃၃၅ ခုနှစ်တွင် ရေးသား၍ ၁၃၃၆-ခုနှစ်တွင် မန္တလေးမြို့, သုခဝတီပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့သည်။

အဆိုပါ ကျမ်း ၂ ကျမ်းကား ယခုအခါ ပဋ္ဌာန်းစာသင်သားတို့ အလိုလားဆုံး ကျမ်းစာ ၂-စောင် ဖြစ်တော့သည်။ ယင်း ၂-ကျမ်းတွင် ပဌမအကြိမ်ရိုက် "ပဋ္ဌာန်းသိပ္ပံနည်းပြ" ကျမ်းမှာ ကုန်နေပြီဖြစ်၍ ဒုတိယအကြိမ် ရိုက်နှိပ်ရန် စီစဉ်အားထုတ်ဆဲ ဖြစ်လေသည်။

ပဋ္ဌာန်းဆိုင်ရာကျမ်းများအပြင် အခြားပြုစုခဲ့သော ကျမ်းများကား —

(၁) **မဟာပုရိသလက္ခဏာဒီပနီနှင့် ကထိနပုစ္ဆာဝိသဇ္ဇနာကျမ်း၊**

(၂) **ကြည့်ကန်မဟာထေရပွတ္တိဒီပနီကျမ်းတို့** ဖြစ်လေသည်။

ယင်း ၂ ကျမ်းကို ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက ရေးသားရိုက်နှိပ်ထုတ်ဝေခဲ့သည်။ စစ်ကြီးအတွင်းက ပျက်စီးဆုံးရှုံးသည့်အထဲ ပါသွား၍ ယခုအခါ ရှာဖွေတွေ့ရှိ နိုင်ရန်ပင် မလွယ်တော့ပေ။

တာဝန်ကျေပြီ

ဆိုခဲ့ပြီးသည့် ကျမ်းပြုပုံကို ကြည့်ရှုခြင်းအားဖြင့် ဆရာတော်သည် ဒုတိယ ကမ္ဘာစစ်ကြီး ပြီးသည်မှ နောက်ဝယ် ပဌာန်းဒေသနာတော်၌သာ ဉာဏ်ကျက်စားတော်မူခဲ့သည်ကို သိနိုင်ပါသည်။ ပဌာန်း၌ ဝါသနာထုံတော်မူသည်နှင့်အမျှ သူမတူတန်သော "ဇွဲလုံ့လ" တို့ဖြင့် ပဌာန်းစာဝါကို ၂၆-နှစ်အတွင်း ၉၁-ကြိမ်အထိ မနေမနား ပို့ချတော်မူခဲ့၍ ၇၂-ကြိမ်မြောက် စာဝါကို စာအုပ်အဖြစ်သို့ရောက်အောင် ကြိုးပမ်းခဲ့၏။ ထိုသို့ ကြိုးပမ်းခဲ့ရာတွင် ဗုဒ္ဓသာသနာအဖွဲ့. ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်က မိမိတတ်နိုင်သည့်ဘက်မှ အကျိုးဆောင်ခဲ့၍ ဆရာတော်၏တပည့် ရဟန်း ရှင် လူ သီလရှင်အပေါင်းတို့ကလည်း မိမိတို့ စွမ်းနိုင်သည့်ဘက်မှ ကြိုးပမ်းကာ ပဌာန်းဒေသနာတော် မကွယ်ပရေးကို ဆောင်ရွက်ခဲ့ကြသော ပဌာန်းသိပ္ပံဆရာတော် အမှုးရှိသော ပုဂ္ဂိုလ်တို့ကား သာသနာတော်အပေါ်ဝယ် တာဝန်ကျသော ပုဂ္ဂိုလ်များ ဖြစ်ကြပါပြီ။

သာသနာ့သားကောင်းဖြစ်ရေး

ဤသို့လျှင် သာသနာတော်အပေါ်ဝယ် တာဝန်ကျလှသော ပဌာန်းသိပ္ပံဆရာတော်သည် ပဌာန်းဒေသနာတော် မကွယ်ပရေးအတွက် ရှေးပုဂ္ဂိုလ်ကြီးများ၏ နည်းကို မွမ်းမံကာ အစွမ်းထက်လှသော ရသာယနဆေးကြီးကို ကြံဆဖော်စပ် ဖြန့်ဝေလိုက်ပြီးဖြစ်၍ ယခုစာဖတ်သူ၏ လက်ဝယ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်နေပြီဖြစ်ရာ သာသနာမကွယ်ပရေးကို အားပေးလိုသော သာသနာ့သားကောင်းတစ်ယောက် ဖြစ်လိုသည့် စာဖတ်သူအဖို့ ကံကောင်း ထောက်မ၍ လက်ဝယ်သို့ ရောက်လာသော ယင်းရသာယနဆေးတော်ကြီးကို အပြည့်အဝ စားသုံးလိုက်ရန်သာ လိုတော့ကြောင်း စိတ်နှလုံးကောင်းဖြင့် ရေးသား တိုက်တွန်းလိုက်ရပါသတည်း။

အရှင်သီလာနန္ဒာဘိဝံသ
ပရိယတ္တိသာသနဟိတဓမ္မာစရိယ
သာသနဓဇသိရီပဝရဓမ္မာစရိယ

အဘယာရာမရွှေဂူတိုက်
စိန်ပန်း၊ မန္တလေးမြို့။
၁၃၃၈-ခု၊ နယုန်လပြည့်ကျော် (၈) ရက်။
၁၉၇၆-ခု၊ ဇွန်လ (၁၉) ရက်။

ပဋ္ဌာန်းသိပ္ပံကျမ်း
မာတိကာ

အကြောင်းအရာ			စာမျက်နှာ
ပဋ္ဌာန်း မျိုးပစ္စည်းများ	....	....	၁
သုဒ္ဓ ၉-မျိုး	....	....	၁
၁-အာရမ္မဏ ၈-မျိုး	....	....	၁
၂-သဟဇာတ ၁၅-မျိုး	....	....	၂
သဟဇာတမျိုး ငယ် လတ် ကြီး အမည်ပေးပုံ		....	၂
၃-အနန္တရပ ၇-မျိုး	....	....	၃
အနန္တရပမျိုး အနန္တရကမ္မ မှတ်ရန်	....	....	၃
၄-ပကတူပ ၂-မျိုး	....	....	၃
၅-ဝတ္ထုပုရေဇာတ ၆-မျိုး	....	....	၃
၆-ပစ္ဆာဇာတ ၄-မျိုး	....	....	၄
၇-နာနာက္ခဏိကကမ္မ ၁-မျိုး	....	....	၄
၈-ရူပ်အာဟာရ ၃-မျိုး	....	....	၄
၉-ရူပဇီဝိတိန္ဒြိယ ၃-မျိုး	....	....	၄
မိဿက ၃-မျိုး	....	....	၅
၁-သဟဇာတ ပုရေဇာတ မိဿက ၃-မျိုး	....	....	၅
၂-ပစ္ဆာဇာတ အာဟာရ မိဿက ၂-မျိုး	....	....	၅
၃-ပစ္ဆာဇာတိန္ဒြိယ မိဿက ၂-မျိုး	....	....	၅
ပစ္ဆာဟာ ပစ္ဆာတိ မိဿက	....	....	၅
ပဥ္စာဝါရ			
ပဥ္စာဝါရ သုဒ္ဓသင်္ခ်ာ	....	....	၆
၁။ အာရမ္မဏမျိုး သုဒ္ဓသင်္ခ်ာ	....	....	၆
(၁) အာရမ္မဏပစ္စည်း	....	....	၆
(၂) အာရမ္မဏာဓိပတိပစ္စည်း	....	....	၆
(၃) အာရမ္မဏပုရေဇာတပစ္စည်း	....	....	၇
(၄) ဝတ္ထာရမ္မဏပုရေဇာတ နိဿယပစ္စည်း	....	....	၇

အကြောင်းအရာ			စာမျက်နှာ
(၅) အာရမ္မဏပုရေဇာတာဓိပတိပစ္စည်း	....	....	၇
(၆) ဝတ္ထာရမ္မဏပုရေဇာတာဓိပတိပစ္စည်း	....	....	၇
၂။ သဟဇာတမျိုး သုဒ္ဓသင်္ခ်ာ	....	....	၈
သဟဇာတအင်္ဂယ် ၇-မျိုး	....	....	၈
(၁) ဟေတုပစ္စည်း	....	....	၈
(၂) သဟဇာတာဓိပတိပစ္စည်း	....	....	၈
(၃) သဟဇာတကမ္မပစ္စည်း	....	....	၈
(၄) နာမ်အာဟာရပစ္စည်း	....	....	၈
(၅) သဟဇာတန္ဒြိယပစ္စည်း	....	....	၉
(၆) ဈာနပစ္စည်း	....	....	၉
(၇) မဂ္ဂပစ္စည်း	....	....	၉
သဟဇာတ အလတ် ၄-မျိုး သုဒ္ဓသင်္ခ်ာ	....	....	၉
(၁) အညမညပစ္စည်း	....	....	၉
(၂) ဝိပါကပစ္စည်း	....	....	၉
(၃) သမ္ပယုတ္တပစ္စည်း	....	....	၁၀
(၄) သဟဇာတဝိပ္ပယုတ္တပစ္စည်း	....	....	၁၀
သဟဇာတအကြီး ၄-မျိုး သုဒ္ဓသင်္ခ်ာ	....	....	၁၀
သဟဇာတပစ္စည်း	....	....	၁၀
၃။ အနန္တရူပမျိုး သုဒ္ဓသင်္ခ်ာ	....	....	၁၀
(၁) အနန္တရပစ္စည်း	....	....	၁၀
(၂) အာသေဝနပစ္စည်း	....	....	၁၁
(၃) အနန္တရကမ္မပစ္စည်း	....	....	၁၁
၄။ ပကတူပမျိုး သုဒ္ဓသင်္ခ်ာ	....	....	၁၁
(၁) ပကတူပပစ္စည်း	....	....	၁၁
(၂) ဗလဝနာနာက္ခဏိကကမ္မပစ္စည်း	....	....	၁၁
၅။ ဝတ္ထုပုရေဇာတမျိုး သုဒ္ဓသင်္ခ်ာ	....	....	၁၂
(၁) ဝတ္ထုပုရေဇာတ နိဿယပစ္စည်း	....	....	၁၂
(၂) ပုရေဇာတိန္ဒြိယပစ္စည်း	....	....	၁၂

အကြောင်းအရာ			စာမျက်နှာ
၆။ ပစ္ဆာဇာတမျိုး သုဒ္ဓသခ်ၤာ	....	....	၁၂
ပစ္ဆာဇာတပစ္စည်း	....	....	၁၂
၇။ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိကကမ္မမျိုး သုဒ္ဓသခ်ၤာ....		....	၁၂
နာနာက္ခဏိကကမ္မပစ္စည်း	....	....	၁၂
၈။ ရူပ် အာဟာရမျိုး သုဒ္ဓသခ်ၤာ	....	....	၁၃
ရူပ် အာဟာရပစ္စည်း	....	....	၁၃
၉။ ရူပဇီဝိတိန္ဒြိယမျိုး သုဒ္ဓသခ်ၤာ	....	....	၁၃
ရူပဇီဝိတိန္ဒြိယပစ္စည်း	....	....	၁၃
မိဿက သခ်ၤာများ	....	....	၁၃
၁။ သဟပုရေမိဿကသခ်ၤာ	....	....	၁၃
၂။ ပစ္ဆာဇာတာဟာရ မိဿကသခ်ၤာ	....	....	၁၄
၃။ ပစ္ဆာဇာတိန္ဒြိယ မိဿကသခ်ၤာ	....	....	၁၄
၃၂-ကြိမ်မြောက် ပဋ္ဌာန်းသင်တန်း		....	၁၅
သင်တန်းဖွင့်ပွဲ	....	....	၁၅
အသံဖမ်းယူခဲ့ပုံ	....	....	၁၆
မျိုးပစ္စည်းများသင်တန်း	....	....	၁၇
၁။ အာရမ္မဏမျိုး	....	....	၁၈
ပစ္စည်းနာမည် ကျက်နည်း	....	....	၁၈
၂။ သဟဇာတပစ္စည်းမျိုး	....	....	၁၈
၃။ အနန္တရပစ္စည်းမျိုး	....	....	၂၀
၄။ ပကတူပမျိုး	....	....	၂၀
၅။ ဝတ္ထုပုရေဇာတမျိုး	....	....	၂၀
၆။ ပစ္ဆာဇာတမျိုး	....	....	၂၀
၇။ နာနာက္ခဏိကကမ္မမျိုး	....	....	၂၀
၈။ ရူပ်အာဟာရမျိုး	....	....	၂၀
၉။ ရူပဇီဝိတိန္ဒြိယမျိုး	....	....	၂၁

အကြောင်းအရာ			စာမျက်နှာ
မိဿက ပစ္စည်း ၃-မျိုး	....	....	၂၁
မျိုးပစ္စည်း ၉-မျိုး	....	....	၂၂
၈-ပစ္စည်း ၉-မျိုး	....	....	၂၂
ဥပနိဿယ ၃-မျိုး	....	....	၂၃
အာဟာရ ၂-မျိုး	....	....	၂၄
ဣန္ဒြေယ ၃-မျိုး	....	....	၂၄
ပဋ္ဌာဝါရ သုဒ္ဓသင်္ချာဇယားသင်တန်း	....	....	၂၅
အာရမ္မဏသုဒ္ဓသင်္ချာ	....	....	၂၅
ပဋ္ဌာဝါရ ကုသလတိက်ဟောနည်း ၁၅	....	....	၂၆
ပဋ္ဌာဝါရ အနုလုံ သုဒ္ဓသင်္ချာဇယား	....	....	၂၇
ဇယားကြည့်နည်း	....	....	၂၈
အာရမ္မဏပစ္စည်း၏ သုဒ္ဓသင်္ချာ	....	....	၃၀
အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပ သုဒ္ဓသင်္ချာ	....	....	၃၀
အာရမ္မဏပုရေဇာတသုဒ္ဓသင်္ချာ	....	....	၃၂
ဝတ္ထာရမ္မဏပုရေဇာတနိဿယသုဒ္ဓသင်္ချာ	....	....	၃၃
အာပုဓိ သုဒ္ဓသင်္ချာ	....	....	၃၄
ဝတ္ထာဓိ သုဒ္ဓသင်္ချာ	....	....	၃၅
ဟေတုပစ္စည်း သုဒ္ဓသင်္ချာဝါရ	....	....	၃၅
ဟေတုပစ္စည်း ဒုတိယနေ့သင်တန်း	....	....	၃၇
သုဒ္ဓသင်္ချာမှ ပါဠိတော်နှင့် အရကောက် ထုတ်ယူနည်း		....	၃၈
သုဒ္ဓသင်္ချာရဲ့ အဓိပ္ပါယ်	....	....	၃၈
အားတပ်သော စကား၏ အဓိပ္ပါယ်	....	....	၃၉
ပစ္စည်းပြ စကား	....	....	၃၉
ပဋ္ဌာန်းအကျဉ်း ခြောက်ကျမ်း	....	....	၄၁
နည်း ၄-မျိုး	....	....	၄၁
ပဋ္ဌာန်း ၂၄-ကျမ်း	....	....	၄၂
၂၄-ပစ္စည်းကိုလဲ ပဋ္ဌာန်း ၂၄-ကျမ်း ခေါ်ကြပုံ	....	....	၄၃
သင်ကြားပို့ ပြန်ကြည့်ပါ	....	....	၄၄

အကြောင်းအရာ			စာမျက်နှာ
သဂြိုဟ်ထည့်ပြောလျှင် မလာကြတော့ဘူး	....	....	၄၅
ပစ္စည်းသရုပ်ခွဲပုံ	....	....	၄၅
ဟေတုပစ္စယုပ္ပန် သရုပ်ခွဲ	....	....	၄၆
သမ္မယုတ္တခန္ဓာအရ ရှာနည်း	....	....	၄၇
ကုသိုလ် သမ္မယုတ္တခန္ဓာ	....	....	၄၈
အကုသိုလ် သမ္မယုတ္တခန္ဓာ	....	....	၄၈
အဗျာကတ သမ္မယုတ္တခန္ဓာ	....	....	၄၈
ကုသိုလ်ဟိတ် ရှာနည်း	....	....	၅၀
စိတ်နှင့်စေယှဉ်၊ ကျေလည်လျှင်၊ ဟိတ်မြင် မခက်သေးတဲ့		....	၅၁
အကုသိုလ်ဟိတ်ရှာနည်း	....	....	၅၁
မောဟ ၃-မျိုး	....	....	၅၂
အဖော်ရှိတဲ့ မောဟ	....	....	၅၂
အဖော်မရှိတဲ့ မောဟ	....	....	၅၃
အသွင်တူပေမဲ့ အသွေးမတူ	....	....	၅၃
ပဋ္ဌိသန္ဓေအခါမှာ ဝိရတီ မရနိုင်	....	....	၅၄
စိတ္တဇရူပ် အမိပွါယ်	....	....	၅၅
စိတ္တဇရူပ် ၃-မျိုး	....	....	၅၅
စိတ္တဇရူပ်ချင်း ကွာခြားပုံ	....	....	၅၆
သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရူပ်	....	....	၅၇
ယောက်ျား မိန်းမ ဖြစ်ရတဲ့ ကံ	....	....	၅၇
စိတ္တဇရူပ်နှင့် ပဋ္ဌိသန္ဓေကမ္မဇရူပ် ကွာခြားပုံ	....	....	၅၈
ပါဠိတော်ဇယားသင်တန်း	....	....	၅၈
သဟဇယ် ပါဠိတော် ဇယား	....	....	၅၉
သမ္မာယုတ္တကာနံ ခန္ဓာနံ	....	....	၆၀
စိတ္တသမုဋ္ဌာနာနံ ရူပါနံ	....	....	၆၀
ကဋ္ဌတ္တာရူပါနံ	....	....	၆၀
ပါဠိတော်ဖြစ်မည့် ပုဒ်မတွေ	....	....	၆၁
ပဝတ္တိနှင့် ပဋ္ဌိသန္ဓေအဗျာကတ	....	....	၆၁

အကြောင်းအရာ			စာမျက်နှာ
စျာနသုဒ္ဓသင်္ခ်ာ	....	....	၆၂
မဂ္ဂ သုဒ္ဓသင်္ခ်ာ	....	....	၆၂
နာမ်အာဟာရ သုဒ္ဓသင်္ခ်ာ	....	....	၆၃
ရူပ်အာဟာရ သုဒ္ဓသင်္ခ်ာ	....	....	၆၄
တတိယနေ့ သင်တန်း	....	....	၆၄
စိတ္တဇရူပ် ၃ မျိုး	....	....	၆၄
အဗျာကတစိတ္တဇရူပ်	....	....	၆၅
တောထွက်ကိုယ်တော်ကြီးတရား	....	....	၆၇
မထင်ရှားသောစိတ္တဇရူပ်	....	....	၆၈
ကမ္မဇရူပ် ၃-မျိုး	....	....	၆၈
ပစ္စယုပ္ပန် ၃-မျိုး သရုပ်ခွဲပုံ	....	....	၆၉
ကုသိုလ်ဟိတ်အတွက် သုဒ္ဓသင်္ခ်ာ ၃-မျိုး	....	....	၇၀
ဇယားကို ပါဠိတော်ဖြစ်အောင် စီနည်း	....	....	၇၁
သုဒ္ဓသင်္ခ်ာကို ခုံခုံမင်မင် ကျက်ကြ	....	....	၇၂
သုဒ္ဓသင်္ခ်ာနှင့် အိုးစားမခွဲနဲ့	....	....	၇၂
အကုသိုလ်ဟိတ် သရုပ်ခွဲ	....	....	၇၃
သဟိတ်စိတ္တဇရူပ်အားသာ တပ်သော အကုသိုလ်ဟိတ်သုံးပါးတမျိုး	....		၇၃
အကုသိုလ်ဟိတ်အတွက် သုဒ္ဓသင်္ခ်ာ ၃-မျိုး	....	....	၇၃
အဗျာကတဟိတ်အတွက် သုဒ္ဓသင်္ခ်ာ ၂-ပိုင်း	....	....	၇၅
အဗျာကတအတွက် ပဝတ္တိ ပဋိသန္ဓေခွဲပုံ	....	....	၇၅
ပဝတ္တိအတွက် သုဒ္ဓသင်္ခ်ာပိုင်း	....	....	၇၅
ပဋိသန္ဓေအတွက် သုဒ္ဓသင်္ခ်ာပိုင်း	....	....	၇၆
ပဝတ္တိ ပဋိသန္ဓေ ၂-မျိုးခွဲပုံ	....	....	၇၆
ဇယားမှာ သုံးစွဲတဲ့ စကားများ	....	....	၇၈
ပဒ-ဆိုသောစကား အဓိပ္ပါယ်	....	....	၇၉
ပဒါဝယာန-ဆိုသောစကားရဲ့ အဓိပ္ပါယ်	....	....	၇၉
ယမိုက်ကျမ်းမှာ မူ-မူလီ	....	....	၇၉
ဗဟုသုတဆိုတာ ရှာဖွေနှီးနှောရမယ်	....	....	၈၀
ပစ္စည်း ပစ္စယုပ္ပန်အဓိပ္ပါယ်	....	....	၈၁
အကြောင်းရှိက အကျိုးရ မုချမလွဲရာ	....	....	၈၂

အကြောင်းအရာ			စာမျက်နှာ
ဝိထိနှင့် အနုဝါဒ အဓိပ္ပါယ်	....	....	၈၄
ဝိထိနှင့်-ဝိဓိ	....	....	၈၄
လမ်းရှည်ကြီးတွေကို ဝိထိ	....	....	၈၄
နာမ်အစဉ်ကြီးတွေကိုလဲ နာမ်ဝိထိ	....	....	၈၅
ရုပ်တရားအစဉ်ကိုလဲ ရုပ်ဝိထိ	....	....	၈၅
လမ်းပြ ဒေသနာမို့ ဝိထိ	....	....	၈၅
ဝိထိသုံးတဲ့ အဓိပ္ပါယ်	....	....	၈၆
အနုဝါဒ အဓိပ္ပါယ်	....	....	၈၆
ဝိထိက အကျဉ်း အနုပါဒက အကျယ်	....	....	၈၇
ဈာနပစ္စည်း သုဒ္ဓသင်္ခ်	....	....	၈၈
ပဌာန်းဆိုပေမဲ့ သဏ္ဍိဟ်ပါဘဲ	....	....	၈၈
စာမရခြင်း အကြောင်း ၂-ပါး	....	....	၈၉
ပစ္စည်းတရားကိုယ်သရုပ်ကို သိပါစေ	....	....	၈၉
သဟဇယ်ပစ္စည်းများ ပစ္စယုပ္ပန်သာမည တူကြခြင်း	....	....	၈၉
တိကနှင့် ဝေဖန်ပုံ	....	....	၈၉
အမည်တူပေမဲ့ သဘာဝချင်းမတူ	....	....	၉၀
ဈာနပစ္စည်းအဆက်	....	....	၉၄
သင်္ခ်ာသတ္တယူပုံ	....	....	၉၄
မဂ္ဂသုဒ္ဓသင်္ခ်	....	....	၁၀၃
ပါဠိတော် သရုပ်ခွဲ	....	....	၁၀၉
ပါဠိတော်နေပုံ သဘာဝများ	....	....	၁၀၉
အာဟာရ သုဒ္ဓသင်္ခ်	....	....	၁၁၁
ဣန္ဒြိယသုဒ္ဓသင်္ခ်	....	....	၁၁၂
သဘာဝပစ္စည်းရှာနည်း	....	....	၁၁၈
ဣန္ဒြိယသုဒ္ဓသင်္ခ်ာအဆက်	....	....	၁၂၉
ရူပအာဟာရ သုဒ္ဓသင်္ခ်	....	....	၁၃၀
ကလာပ်တူ ကလာပ်ပြားယူပုံ	....	....	၁၃၂
ဣန္ဒြိယ သုဒ္ဓသင်္ခ်ာအဆက်	....	....	၁၃၅
ဣန္ဒြေ ၂၂-ပါးနှင့် တရားကိုယ်	....	....	၁၃၅
သဟတိ = သဟဇာတိန္ဒြိယ သုဒ္ဓသင်္ခ်	....	....	၁၃၈

ပဌာန်းသိပ္ပံကျမ်း

အကြောင်းအရာ			စာမျက်နှာ
ပုတိ=ပုရေဇာတိန္ဒြိယသုဒ္ဓသင်္ခ်ာ	....	....	၁၄၁
ရူပတိ=ရူပဇီဝိတိန္ဒြိယသုဒ္ဓသင်္ခ်ာ	....	....	၁၄၄
ဣန္ဒြိယပစ္စည်း၌ သဘာဝယူပုံ	....	....	၁၄၅
ကမ္မပစ္စည်း	....	....	၁၄၇
သဟဇာတကမ္မ	....	....	၁၄၈
နာနာက္ခဏိကကမ္မ	....	....	၁၄၉
သဟကမ္မနှင့် နာနာကမ္မအထူး	....	....	၁၅၁
သဟဇာတကမ္မသုဒ္ဓသင်္ခ်ာ	....	....	၁၅၄
ဗလဝနာနာက္ခဏိကကမ္မသုဒ္ဓသင်္ခ်ာ	....	....	၁၅၆
ဗလဝနာနာက္ခဏိကကမ္မပစ္စည်းဇယား	....	....	၁၅၇
အနန္တရကမ္မသုဒ္ဓသင်္ခ်ာ	....	....	၁၅၈
ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မသုဒ္ဓသင်္ခ်ာ	....	....	၁၅၉
အဓိပတိပစ္စည်း	....	....	၁၆၄
အာဓိဇယား	....	....	၁၆၈
သဟဇာတာဓိပတိ သုဒ္ဓသင်္ခ်ာ	....	....	၁၇၄
အဓိပတိပစ္စည်းကျေးဇူးပြုပုံ	....	....	၁၇၅
ဣန္ဒြိယပစ္စည်းကျေးဇူးပြုပုံ	....	....	၁၇၆
အဓိပတိနှင့် ဣန္ဒြိယအထူး	....	....	၁၇၆
သဟဇာတာဓိပတိရှင်းချက်	....	....	၁၇၈
ဇော - ၅၅	....	....	၁၈၁
သာမညနှင့် အဓိပတိ	....	....	၁၈၃
ပစ္စယုပ္ပန်သမ္မယုတ္တခန္ဓာ ရှင်းချက်	....	....	၁၈၄
ပါဠိတော်သရုပ်ခွဲ	....	....	၁၈၆
အာရမ္မဏာဓိပတိ	....	....	၁၈၈
အာရမ္မဏာဓိပတိ ၂-မျိုး	....	....	၁၈၉
အာရမ္မဏာဓိပတိ၌ သရုပ်ခွဲ ရှင်းချက်	....	....	၁၉၂
သဟဇာတ သုဒ္ဓသင်္ခ်ာ	....	....	၁၉၈
အညမည သုဒ္ဓသင်္ခ်ာ	....	....	၁၉၉
ဝိပါက သုဒ္ဓသင်္ခ်ာ	....	....	၂၀၀

အကြောင်းအရာ			စာမျက်နှာ
သမ္မယုတ္တသုဒ္ဓသင်္ခ်	....	....	၂၀၀
သဟဇာတဝိပ္ပယုတ္တသုဒ္ဓသင်္ခ်	....	....	၂၀၁
အာရမ္မဏာဓိပတိ အဆက်	....	....	၂၀၂
ကုသလတိက်နှင့် အာဓိမှာ မဟောတဲ့တရား	....	....	၂၀၇
အနိပ္ဖန္နရုပ်ကို ဒေသနာတင်မဟော	....	....	၂၀၉
အဗျာကတော အကုသလသ	....	....	၂၁၂
အဓိပတိ ၂-မျိုးပေါင်း ဟောပုံ	....	....	၂၁၃
သဟကြီးသုဒ္ဓသင်္ခ်	....	....	၂၁၇
သဟကြီးလတ် ပါဠိတော် သုဒ္ဓသင်္ခ်ာဇယား	....	....	၂၁၈
သဟဇာတသုဒ္ဓသင်္ခ်	....	....	၂၁၈
သဟကြီးလတ် ပါဠိတော် အရကောက်ဇယား	....	....	၂၂၇
မဟာဘုတ် ၇-မျိုးနှင့် ပါဠိတော်ဟောပုံ	....	....	၂၃၆
သဟဇာတ သုဒ္ဓသင်္ခ်ာအဆက်	....	....	၂၃၇
အညမညသုဒ္ဓသင်္ခ်	....	....	၂၄၃
အာရမ္မဏပုရေဇာတ သုဒ္ဓသင်္ခ်	....	....	၂၄၇
ဝတ္ထုပုရေဇာတနိဿယသုဒ္ဓသင်္ခ်	....	....	၂၄၈
ပစ္ဆာဇာတသုဒ္ဓသင်္ခ်	....	....	၂၄၈
သဟပုရေမိဿကသင်္ခ်	....	....	၂၄၈
သမ္မယုတ္တ သုဒ္ဓသင်္ခ်	....	....	၂၄၉
ဝိပါက သုဒ္ဓသင်္ခ်	....	....	၂၅၂
သဟဇာဝိပ္ပယုတ္တသုဒ္ဓသင်္ခ်	....	....	၂၅၅
ပစ္စည်းပြိုင်ထုတ်နည်း	....	....	၂၆၀
နိဿယသုဒ္ဓသင်္ခ်	....	....	၂၆၄
ဝတ္ထုပုရေဇာတနိဿယသုဒ္ဓသင်္ခ်	....	....	၂၆၄
ဌာန်း ၂-ပင်	....	....	၂၆၄
နိဿယ ၃-ပါး	....	....	၂၆၅
ဝတ္ထုပုရေဇာတသဘော	....	....	၂၆၆

အကြောင်းအရာ			စာမျက်နှာ
ဥပါဒ်ပြိုင်အဓိပ္ပါယ်	....	....	၂၆၇
ဝတ္ထုပုရေဏတနိဿယ	....	....	၂၇၀
ဝတ္ထုပုရေဏတ နိဿယ ပါဠိတော် ဇယား	....	....	၂၇၀
ဝတ္ထုပုရေဏတ နိဿယ အရကောက် ဇယား	....	....	၂၇၁
သဟပုရေမိဿက သုဒ္ဓသင်္ခ်ာ ပါဠိတော် ဇယား	....	....	၂၇၄
သဟပုရေမိဿက အရကောက်ဇယား	....	....	၂၇၄
သမာဓိအားကောင်းစေခြင်း	....	....	၂၇၉
လင်းနို့သားငါးရာ အကြောင်း	....	....	၂၇၉
တာဝတိံသာမှာ အဘိဓမ္မာ ဟောတော်မူခြင်း	....	....	၂၈၀
ဒေသနာတော် ၃-မျိုး	....	....	၂၈၃
ဥပနိဿယ	....	....	၂၈၄
ဥပနိဿယ ၃-မျိုး	....	....	၂၈၅
ပကတူပနိဿယ သုဒ္ဓသင်္ခ်ာ	....	....	၂၈၅
ပကတ ၂-မျိုး	....	....	၂၈၇
ဥပ္ပါဒိတပကတ	....	....	၂၈၈
ဥပသေဝိတပကတ	....	....	၂၈၈
ပုရေဏတသုဒ္ဓသင်္ခ်ာ	....	....	၂၈၉
ပုရေဏတ ၂-မျိုး	....	....	၂၉၀
အာရမ္မဏပုရေဏတသုဒ္ဓသင်္ခ်ာ	....	....	၂၉၀
အာပု သုဒ္ဓသင်္ခ်ာ ပါဠိတော် အရကောက် ဇယား	....	....	၂၉၁
ပစ္စာဏတာဟာရမိဿကသုဒ္ဓသင်္ခ်ာ	....	....	၃၀၀
ပစ္စာဏတိန္ဒြိယမိဿကသုဒ္ဓသင်္ခ်ာ	....	....	၃၀၀
အနန္တရ သုဒ္ဓသင်္ခ်ာ	....	....	၃၀၁
အာသေဝန သုဒ္ဓသင်္ခ်ာ	....	....	၃၀၂
အနန္တရကမ္မ သုဒ္ဓသင်္ခ်ာ	....	....	၃၀၂
အတ္ထိ ၆-မျိုးဇယား	....	....	၃၀၃
မိဿက ၃-မျိုး	....	....	၃၀၃
အနန္တရဝိထိ ပါဠိတော် အရကောက်ဇယား	....	....	၃၁၁

အကြောင်းအရာ			စာမျက်နှာ
အနန္တရသုဒ္ဓသင်္ဂြာအဆက်	....	....	၃၁၂
ကာမဇောဝါရဝိထိသရုပ်ခွဲ	....	....	၃၁၃
စျာနဝိထိသရုပ်ခွဲ	....	....	၃၁၅
စျာနဝိထိနှစ်မျိုး	....	....	၃၁၆
အာဒိကမ္မိကဝိထိသရုပ်ခွဲ	....	....	၃၁၆
သမာပဇ္ဇနဝိထိသရုပ်ခွဲ	....	....	၃၁၇
မဂ္ဂဝိထိသရုပ်ခွဲ	....	....	၃၁၈
မဂ္ဂဝိထိရှေ့မှာ ကုသိုလ်ဉာဏသမ္ပယုတ်သာ	....	....	၃၂၀
ဖလသမာပတ္တိဝိထိသရုပ်ခွဲ	....	....	၃၂၂
နိရောဓသမာပတ္တိဝိထိသရုပ်ခွဲ	....	....	၃၂၃
မရဏာသန္နဝိထိ	....	....	၃၂၄
ကာမဇောဝါရဝိထိရှင်းချက်	....	....	၃၂၅
ကာမဝိထိ ၂-မျိုး	....	....	၃၂၅
ပဉ္စဒ္ဒါရဝိထိ	....	....	၃၂၅
မနောဒ္ဒါရဝိထိ ၂-မျိုး	....	....	၃၂၅
စျာနဝိထိစသည်ရှင်းချက်	....	....	၃၂၆
ကာမဇောဝါရဝိထိကို တိက်နှင့်ဝေဖန်ပုံ	....	....	၃၂၆
အနန္တရခေါ်ပုံ	....	....	၃၂၇
ကာမဇောဝါရကို တိက်နှင့်ဝေဖန်ပုံ အဆက်	....	....	၃၂၈
စျာနဝိထိကို တိက်နှင့်ဝေဖန်ပုံ	....	....	၃၂၉
စျာန်ရပုဂ္ဂိုလ် ၂-မျိုး	....	....	၃၃၀
ဂေါတြဘူ ၂-မျိုး	....	....	၃၃၁
မဂ္ဂဝိထိကို တိက်နှင့်ဝေဖန်ပုံ	....	....	၃၃၁
ဖလသမာပတ္တိဝိထိကို တိက်နှင့်ဝေဖန်ပုံ	....	....	၃၃၄
ရှင်သာရိပုတ္တရာ သမာပတ် ဝင်စားခြင်း	....	....	၃၃၅
ဘုရားရှင်က သန့်ရှင်းမှကြိုက်	....	....	၃၃၆
ဖလသမာပတ် ဝင်စားတဲ့ပုဂ္ဂိုလ် ၂ မျိုး	....	....	၃၃၈

အကြောင်းအရာ			စာမျက်နှာ
နိရောဓသမာပတ္တိဝိထိကို တိက်နှင့် ဝေဖန်ပုံ	....	....	၃၃၈
အဝိဇ္ဇာန် ၄-ချက်	....	....	၃၃၉
သာမာဝတီ၏ ဝိပါကဝင်္ဂ	....	....	၃၄၁
မရဏာသန္နဝိထိကို တိက်နှင့်ဝေဖန်ပုံ	....	....	၃၄၂
အနန္တရဋ္ဌ ကုသလော ကုသလဿအရှာပုံ	....	....	၃၄၄
နာနာရမ္မဏတရား	....	....	၃၄၇
နာနာဘူမိကတရား	....	....	၃၄၈
အနန္တရဋ္ဌ ကုသလော အဗျာကတဿ အရှာပုံ	....	....	၃၄၉
အရကောက်စာအုပ်ထဲမှာ ဇောနောင်စုတိ ကျန်နေ....		....	၃၅၁
ဝုဋ္ဌောအမည်ရ တရားများ	....	....	၃၅၂
ဓမ္မနှင့် ခန္ဓဟောပုံ	....	....	၃၅၄
ပဉ္စာဝါရမှာ ပရမတ္ထအစစ်ကို ဟောခြင်း	....	....	၃၅၄
အာရမ္မဏနှင့် အာရမ္မဏာဓိပတိမှာ နိဗ္ဗာန်ကိုဟောခြင်း		....	၃၅၅
အနန္တရဋ္ဌ အကုသလော အကုသလဿ အရှာပုံ		....	၃၅၆
အနန္တရဋ္ဌ အကုသလော အဗျာကတဿ အရှာပုံ....		....	၃၅၇
အရကောက် စာအုပ်ထဲမှာ ဇောနောင်စုတိ ကျန်နေ....		....	၃၅၇
အနန္တရဋ္ဌ အဗျာကတော အဗျာကတဿ အရှာပုံ....		....	၃၅၈
ဘုံဘုံပြားပြား ဟောထားတဲ့ ဒေသနာတော်	....	....	၃၆၂
ဘဝဂ်ီ အာဝဇ္ဇနာယ ဟောပုံ	....	....	၃၆၃
ကိရိယဝုဋ္ဌာနဿ ဟောပုံ	....	....	၃၆၄
ဝုဋ္ဌောမည်ပုံ ရှင်းချက်	....	....	၃၆၅
ဘဝဂ်ီ အာဝဇ္ဇနာယ ၂-ဌာန	....	....	၃၆၆
ကိရိယဝုဋ္ဌာနဿ ၄-ဌာန	....	....	၃၆၆
အာသေဝန သုဒ္ဓသင်္ခ်ာ	....	....	၃၆၉
အနန္တရ အရကောက် ဆိုရိုးပြုပုံ	....	....	၃၇၁
ရေးပြီးမကျက်ပါနဲ့	....	....	၃၇၇
သဟဇာတအင်ယ် အရကောက်	....	....	၃၇၉

အကြောင်းအရာ			စာမျက်နှာ
ဟေတုပစ္စည်း အရကောက်	....	....	၃၇၉
သဟဇယ် (၇) အရကောက်ဇယား	....	....	၃၈၀
ဟေတုဌ် ကုသလပဒ ၃-ချက် အရကောက်	....	....	၃၈၁
မှတ်တမ်းရေးထားကြ	....	....	၃၈၆
ကရိဏ်းပါဌ်ထုတ်နည်း	....	....	၃၈၈
သဟကြီး ၄-မှာ ရှာကြည့်	....	....	၃၈၈
အညမညနှင့် သမ္မယုတ္တ သုဒ္ဓသင်္ချာမှာ ရှာကြည့်	....	....	၃၈၈
ဝိပါက သုဒ္ဓသင်္ချာမှာ ရှာကြည့်	....	....	၃၈၉
ဝိပွယုတ္တသုဒ္ဓသင်္ချာမှာ ရှာကြည့်	....	....	၃၈၉
ဟေတုဌ် ကုသလပဒ ၃-ချက် အရကောက် အဆက်		....	၃၉၀
ဟေတုဌ် အကုသလပဒ ၃-ချက်အရကောက်	....	....	၃၉၂
ဟေတုဌ် ဗျာ-ဗျာ အရကောက်	....	....	၃၉၅
ဆိုရိုးဌ် ဘုံသတ် မသတ်	....	....	၃၉၈
တပြိုင်နက် ယထာရဟတပ်ကောင်းသော ဆိုရိုးပြုပုံ....		....	၃၉၉
မူ-မူလီ	....	....	၃၉၉
တပြိုင်နက် ထုတ်ပုံထုတ်နည်း	....	....	၄၀၁
ယထာရဟ ထုတ်ပုံထုတ်နည်း	....	....	၄၀၂
ပစ္စည်းပြိုင်, သဘာဂ	....	....	၄၀၂
စျာနပစ္စည်း အရကောက်	....	....	၄၀၆
ကုပဒ ၃-ချက်အရကောက်	....	....	၄၀၆
အကုပဒ ၃-ချက်အရကောက်	....	....	၄၀၉
ဗျာဗျာပဒ အရကောက်	....	....	၄၁၀
မဂ္ဂပစ္စည်း အရကောက်	....	....	၄၁၁
ကုပဒ ၃-ချက် အရကောက်	....	....	၄၁၁
အကုပဒ ၃-ချက်အရကောက်	....	....	၄၁၃
ဗျာ-ဗျာပဒ အရကောက်	....	....	၄၁၅
ပရိတ္တာရုံဝီထိ အနန္တရပစ္စည်း ပစ္စယုပ္ပန်တပ်ပုံ	....	....	၄၁၆

ပဌာန်းသိပ္ပံကျမ်း

အကြောင်းအရာ			စာမျက်နှာ
ဘဝဂုံပဏ္ဍေဒ	....	....	၄၁၉
အာဟာရပစ္စည်း အရကောက်	....	....	၄၁၉
ကုပဒ ၃-ချက် အရကောက်	....	....	၄၁၉
အကုပဒ ၃-ချက် အရကောက်	....	....	၄၂၁
နာမ်အာဟာရ၌ ဗျာ-ဗျာ အရကောက်	....	....	၄၂၂
ရုပ်အာဟာရ၌ ဗျာ-ဗျာ အရကောက်	....	....	၄၂၃
ဣန္ဒြိယပစ္စည်း အရကောက်	....	....	၄၂၅
ဣန္ဒြိယ၌ သဘာဝပစ္စည်း	....	....	၄၂၆
သဟဇာတိန္ဒြိယ၌ ကုပဒ ၃-ချက် အရကောက်	....	....	၄၂၈
သဟဇာတိန္ဒြိယ၌ ဗျာ-ဗျာ အရကောက်	....	....	၄၂၉
ပုရေဇာတိန္ဒြိယ အရကောက်	....	....	၄၃၁
ရူပဇီဝိတိန္ဒြိယ အရကောက်	....	....	၄၃၃
ကာမဇော၀ါရဝိထိ၌ အနန္တရပစ္စည်း ပစ္စယုပ္ပန်တပ်ပုံ....		....	၄၃၃
အနန္တရပစ္စည်း	....	....	၄၃၆
ကာမဇော၀ါရဝိထိ ဇောနောင် တဒါရုံ ဘဝင်ကျပုံဇယား		....	၄၃၆
ကမ္မပစ္စည်းအရကောက်	....	....	၄၄၁
သဟဇာတကမ္မအရကောက်	....	....	၄၄၁
နာနာက္ခဏိကကမ္မ အရကောက်	....	....	၄၄၄
နာနာက္ခဏိကကမ္မဇယားရေးနည်းနှင့် ရှင်းချက်	....	....	၄၄၄
နာနာက္ခဏိကကမ္မ တနည်းကား အရကောက်ဇယား....		....	၄၄၅
မဟာကုသိုလ် ၃-မျိုး	....	....	၄၄၈
တိဟိတ်ဥက္ကဋ္ဌဖြစ်ပုံ	....	....	၄၄၉
တိဟိတ်သြမကဖြစ်ပုံ	....	....	၄၄၉
ဒွိဟိတ်ဥက္ကဋ္ဌဖြစ်ပုံ	....	....	၄၄၉
ဒွိဟိတ်သြမကဖြစ်ပုံ	....	....	၄၄၉
အနန္တရကမ္မ	....	....	၄၅၂
ဗလဝကမ္မ	....	....	၄၅၂

အကြောင်းအရာ			စာမျက်နှာ
ဗလဝဒုဗ္ဗလကမ္မ	....	....	၄၅၃
နာနာက္ခဏိကကမ္မ ကု-ဗျာ အရကောက် (အကျဉ်း)....		....	၄၅၄
နာနာက္ခဏိကကမ္မ တနည်းကား (အကျယ်) ကောက်ပုံ		....	၄၅၅
နာနာက္ခဏိကကမ္မ အကု-ဗျာ အရကောက်	....	....	၄၅၆
အနန္တရ အရကောက် ဆိုရိုးပြုပုံ အဆက်	....	....	၄၅၈
စျာနဝီထိ စသည်၌ အနန္တရပစ္စည်း ပစ္စယုပ္ပန်	....	....	၄၅၈
ဉာဏသမ္ပယုတ်ဇောနောင် အပ္ပနာဇော ဖြစ်ပုံ	....	....	၄၅၈
မဟာကုသိုလ် ပဌမဒွေနောင် အပ္ပနာဇော ဖြစ်ပုံ	....	....	၄၆၀
မဟာကုသိုလ် တတိယဒွေနောင် အပ္ပနာဇော ဖြစ်ပုံ		....	၄၆၁
မဟာကြိယာ ပဌမဒွေနောင် အပ္ပနာဇော ဖြစ်ပုံ	....	....	၄၆၂
မဟာကြိယာ တတိယဒွေနောင် အပ္ပနာဇော ဖြစ်ပုံ....		....	၄၆၃
အဓိပတိပစ္စည်း အရကောက်	....	....	၄၆၄
သဟဇာတာဓိပတိ အရကောက်	....	....	၄၆၄
သဟာဓိ၌ ကု-ပဒ ၃-ချက် အရကောက်	....	....	၄၆၅
ရှေးအရကောက်နှင့် ယခုအရကောက်	....	....	၄၆၇
သဟာဓိ၌ အကု-ပဒ ၃-ချက် အရကောက်	....	....	၄၆၉
သဟာဓိ၌ ဗျာ-ဗျာ အရကောက်	....	....	၄၇၀
အာရမ္မဏာဓိပတိ အရကောက်	....	....	၄၇၁
အာဓိ၌ ကု-ကု အရကောက်	....	....	၄၇၁
အာဓိ၌ ကု-အကု အရကောက်	....	....	၄၇၂
အာဓိ၌ ကု-ဗျာ အရကောက်	....	....	၄၇၃
အာဓိ၌ အကု-အကု အရကောက်	....	....	၄၇၃
အာဓိ၌ ဗျာ-ဗျာ အရကောက်	....	....	၄၇၄
အာဓိ၌ ဗျာ-ကု အရကောက်	....	....	၄၇၄
အာဓိ၌ ဗျာ-အကု အရကောက်	....	....	၄၇၅
ဗျာ-အကု၌ ၈-ပစ္စည်း ထုတ်ရကြောင်း	....	....	၄၇၆
အပ္ပနာဇော၀ါရဝီထိ ရှင်းချက်	....	....	၄၇၈

ပဌာန်းသိပ္ပံကျမ်း

အကြောင်းအရာ			စာမျက်နှာ
သမာပဇ္ဇနဝိထိဋ္ဌ အနန္တရပစ္စည်း ပစ္စယုပ္ပန်	....	....	၄၃၉
ဇောတူအဓိပ္ပါယ်	....	....	၄၈၀
နိရောဓသမာပတ္တိဝိထိဋ္ဌ အနန္တရပစ္စည်း ပစ္စယုပ္ပန်	....	....	၄၈၃
မဂ္ဂဝိထိဋ္ဌ အနန္တရပစ္စည်း ပစ္စယုပ္ပန်	....	....	၄၈၅
သမာပတ္တိဝိထိဋ္ဌ အနန္တရပစ္စည်း ပစ္စယုပ္ပန်	....	....	၄၈၅
ဇောတူ	....	....	၄၈၅
သဟဇာတ် ၄-ပစ္စည်းအရကောက်	....	....	၄၈၇
သဟဇာတဋ္ဌ ကု-ကု အရကောက်	....	....	၄၈၇
သဟဇာတဋ္ဌ ကု-ဗျာ အရကောက်	....	....	၄၉၀
အစိတ် အစိတ်, အစိတ် အပေါင်း	....	....	၄၉၀
သဟဇာတဋ္ဌ ကု-ကုဗျာ အရကောက်	....	....	၄၉၁
သဟဇာတဋ္ဌ အကုပဒ ၃-ချက် ရကောက်	....	....	၄၉၂
သဟဇာတဋ္ဌ ဗျာ-ဗျာ အရကောက်	....	....	၄၉၂
သဟလတ် ၄-ပစ္စည်းထဲ ရှာကြည့်	....	....	၄၉၄
သဟဇာတဋ္ဌ ကုဗျာ-ဗျာ အရကောက်	....	....	၄၉၇
သဟဇာတဋ္ဌ အကုဗျာ-ဗျာ အရကောက်	....	....	၄၉၈
အနန္တရအရကောက် ဆိုရိုးပြုပုံအဆက်	....	....	၄၉၈
မရဏာသန္နဝိထိဋ္ဌ အနန္တရပစ္စည်း ပစ္စယုပ္ပန်	....	....	၄၉၉
တဒါရုံကျရာဋ္ဌ ဥပမာ	....	....	၅၀၀
အရကောက်စာအုပ်မှာ ကုဗျာ, အကုဗျာ ကျန်နေ	....	....	၅၀၂
မရဏာသန္နဇော ၃-မျိုး ရှိသင့်ပုံ	....	....	၅၀၃
စုတိနောင် ပဋိသန္ဓေ	....	....	၅၀၄
အနန္တရဝိထိဆိုရိုး	....	....	၅၀၉
မှတ်သားဖွယ် အကျဉ်ရာစဉ်	....	....	၅၁၃

ပဌာန်းသိပ္ပံကျမ်း မာတိကာ ပြီးပြီ။

အရှင်ဣန္ဒကထေရ

ပဋ္ဌာနသာရဝိလာသိနီခေါ်

ပဋ္ဌာန်းသိပ္ပံကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဋ္ဌာန်း မျိုးပစ္စည်းများ

သုဒ္ဓ ၉-မျိုး

၁-အာရမ္မဏ ၈-မျိုး

(၁) အာရမ္မဏ
(၂) အာရမ္မဏာဓိပတိ
(၃) ဝတ္ထာရမ္မဏပုရေဇာတနိဿယ
(၄) အာရမ္မဏူပနိဿယ
(၅) အာရမ္မဏပုရေဇာတ
(၆) ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ
(၇) အာရမ္မဏပုရေဇာတတ္ထိ
(၈) အာရမ္မဏပုရေဇာတအဝိဂတ
(၉) အာရမ္မဏပုရေဇာတာဓိပတိ*
(၁၀) ဝတ္ထာရမ္မဏပုရေဇာတာဓိပတိ*

မှတ်ရန်။ ။*ခယားပွင့် အမှတ်အသားပါ (၉) နှင့် (၁၀) ပစ္စည်းနှစ်မျိုးမှာ သဘာဂ, ယဉ္စနာ-ထုတ်ရာ စသည်တွင် လွယ်ကူစွာ ချက်ခြင်း သဘောကျရန် ထည့်ထားသည်။

ထိုနှစ်မျိုးတွင် အာရမ္မဏပုရေဇာတာဓိပတိမှာ အာရမ္မဏပုရေဇာတမှ ထွက်လာ၍ ဝတ္ထာရမ္မဏပုရေဇာတာဓိပတိမှာ ဝတ္ထာရမ္မဏမှ ထွက်လာသော အစိတ်တရားတို့ ဖြစ်၏။

၂-သဟဇာတ ၁၅-မျိုး

(၁) ဟေတု
(၂) သဟဇာတာဓိပတိ
(၃) သဟဇာတကမ္မ
(၄) နာမ်အာဟာရ
(၅) သဟဇာတိန္ဒြိယ
(၆) ဈာန
(၇) မဂ္ဂ
} သဟဇာတ အင်္ဂယ် ၇-ပစ္စည်း

(၈) အညမည
(၉) ဝိပါက
(၁၀) သမ္မယုတ္တ
(၁၁) သဟဇာတဝိပ္ပယုတ္တ
} သဟဇာတအလတ် ၄-ပစ္စည်း

(၁၂) သဟဇာတ
(၁၃) သဟဇာတနိဿယ
(၁၄) သဟဇာတတ္ထိ
(၁၅) သဟဇာတအဝိဂတ
} သဟဇာတအကြီး ၄-ပစ္စည်း

အားလုံးစုစုပေါင်း သဟဇာတမျိုး ၁၅-ပစ္စည်း။

သဟဇာတမျိုး ၎င်း လတ် ကြီး အမည်ပေးပုံ

တရားအရ အရာကျဉ်းမှု အလယ်အလတ်ဖြစ်မှု အရာကျယ်မှုကို အစွဲပြု၍ အထက်ပါ ၎င်း လတ် ကြီး-ဟူသော အမည်များကို ပဋ္ဌာန်းသုံးရာတွင် လွယ်ကူစေရန် လယ်တီ

ဆရာတော်ဘုရားကြီး အမည်ပေးထား၏။ အဌကထာ၌မူ သဟကြီး ၄-ပစ္စည်းကို မဟာစတုက္ကဟု အမည်ပေးထား၏။

၃-အနန္တရူပ ၃-မျိုး

(၁) အနန္တရ
(၂) သမနန္တရ
(၃) အနန္တရူပနိဿယ
(၄) အာသေဝနေ
(၅) အနန္တရကမ္မ
(၆) နတ္ထိ
(၇) ဝိဂတ

အနန္တရူပမျိုး အနန္တရကမ္မ မှတ်ရန်

အနန္တရနှင့် ကမ္မ နှစ်ဘက်ရဖြစ်၏။ သဘာဂ, ယဋ္ဌနာထုတ်ရာတွင် မဂ္ဂါနန္တရ ဖိုလ် ၄-ခုအား တပ်သော မဂ် ၄-ခု စေတနာကို "မဂ္ဂေါ ဖလဿ" ဟု ဟောလတ္တံ့။

၄-ပကတူပ ၂-မျိုး

(၁) ပကတူပနိဿယ
(၂) ဗလဝနာနာက္ခဏိကကမ္မ-
ပေါင်း ပကတူပမျိုး ၂-ပစ္စည်း။

၅-ဝတ္ထုပုရေဇာတ ၆-မျိုး

(၁) ဝတ္ထုပုရေဇာတနိဿယ
(၂) ဝတ္ထုပုရေဇာတ
(၃) ဝတ္ထုပုရေဇာတိန္ဒြိယ
(၄) ဝတ္ထုပုရေဇာတဝိပွယုတ္တ

(၅) ဝတ္ထုပုရေဏတတ္ထိ
(၆) ဝတ္ထုပုရေဏတအဝိဂတ-
ပေါင်း ဝတ္ထုပုရေဏတမျိုး ၆ ပစ္စည်း။

၆-ပစ္စာဏတ ၄-မျိုး

(၁) ပစ္စာဏတ
(၂) ပစ္စာဏတဝိပ္ပယုတ္တ
(၃) ပစ္စာဏတတ္ထိ
(၄) ပစ္စာဏတအဝိဂတ-
ပေါင်း ပစ္စာဏတမျိုး ၄-ပစ္စည်း။

၇-နာနာက္ခဏိကကမ္မ ၁-မျိုး

(၁) ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ။

၈-ရူပ်အာဟာရ ၃-မျိုး

(၁) ရူပ်အာဟာရ
(၂) ရူပ်အာဟာရတ္ထိ
(၃) ရူပ်အာဟာရအဝိဂတ-
ပေါင်း ရူပ်အာဟာရမျိုး ၃-ပစ္စည်း။

၉-ရူပဇီဝိတိန္ဒြိယ ၃-မျိုး

(၁) ရူပဇီဝိတိန္ဒြိယ
(၂) ရူပဇီဝိတိန္ဒြိယတ္ထိ
(၃) ရူပဇီဝိတိန္ဒြိယအဝိဂတ-
ပေါင်း ရူပဇီဝိတိန္ဒြိယမျိုး ၃-ပစ္စည်း။

ပစ္စာဟာ ပစ္စာတိ မိဿက

မိဿက ၃-မျိုး

၁-သဟဇာတ ပုရေဇာတ မိဿက ၃-မျိုး

(၁) နိဿယ
(၂) အတ္ထိ
(၃) အဝိဂတ
} သဟပုရေမိဿကမျိုး ၃-ပစ္စည်း။

မှတ်ရန်။ ။ ဤမိဿကကို သဟဇာတမျိုးနှင့် ဝတ္ထုမျိုးရောပြီး ပဋ္ဌာဝါရဝိဘင်၏ နိဿယ အတ္ထိ အဝိဂတပစ္စည်းများတွင် "သဟဇာတံ ပုရေဇာတံ" ဟု ဟောတော်မူ၏။

၂-ပစ္စာဇာတ အာဟာရ မိဿက ၂-မျိုး

(၁) အတ္ထိ
(၂) အဝိဂတ
} ပစ္စာဇာတအာဟာရ မိဿကမျိုး ၂-ပစ္စည်း။

၃-ပစ္စာဇာတိန္ဒြိယ မိဿက ၂-မျိုး

(၁) အတ္ထိ
(၂) အဝိဂတ
} ပစ္စာဇာတိန္ဒြိယ မိဿကမျိုး ၂-ပစ္စည်း။

ပစ္စာဟာ ပစ္စာတိ မိဿက

ပစ္စာဇာတမျိုးနှင့် ရူပ်အာဟာရမျိုး, ပစ္စာဇာတမျိုးနှင့် ရူပဇီဝိတိန္ဒြိယမျိုးရောပြီး အတ္ထိ နှင့် အဝိဂတ ၂-ပစ္စည်းတွင်သာ "ပစ္စာဇာတံ အာဟာရံ ဣန္ဒြိယံ" ဟု ဟောတော်မူ၏။

ဤမိဿက ၃-မျိုးကို ဝိဘင်းကောက်ရာ, ပစ္စယုဒ္ဓါရထုတ်ရာ စသည်တို့တွင် များစွာ အသုံးဝင်သဖြင့် အစစ လွယ်ကူစိမ့်သောဌါ ထုတ်ပြ၏။ ကုသလတိက်တွင် ဤ ၃-မျိုးကို သာ ဟော၏။ အထက်တိက်များတွင် အားလုံးပေါင်း မိဿက (၈) မျိုး ဟောတော်မူ၏။

ပဋ္ဌာဝါရ

ပဋ္ဌာဝါရ သုဒ္ဓသင်္ခ်ာ

သတိပြုရန်။ ။ဤ သုဒ္ဓသင်္ခ်ာများကို အမှတ်ရလွယ်၍ သဘာဂ, ယဋ္ဌနာထုတ်ရာတွင် ရှင်းလင်း လွယ်ကူ ပေါ်လွင်စေခြင်းငှါ ပစ္စယုဒ္ဓါရ ထုတ်နည်းအတိုင်း မျိုးစဉ် (သမူဟဂ္ဂမ) အားဖြင့်သာ ဖော်ပြပေအုံ့။

၁။ အာရမ္မဏမျိုး သုဒ္ဓသင်္ခ်ာ

(၁) အာရမ္မဏပစ္စည်း။ ။အာရမ္မဏ ပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌-ကာမစိတ်စတုပညာသ၊ ဝိညာဏဉ္စာယတနစိတ် ၃-ခု၊ နေဝသညာနာသညာ-ယတနစိတ် ၃-ခု၊ အဘိညာဉ်ဒွေ၊ လောကုတ္တရာစိတ် ၈-ခုအား တပ်သော စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်၊ ဤတရားတို့သည် အာရမ္မဏ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ နဝ။ ပစ္စည်းရေ (၁) ဟူသည်တည်း။ ပစ္စည်းရေ (၁) ဟူသော်ကား အာရမ္မဏ ဟူသည်တည်း။

အမှာစကား။ ။နဝ-စသော သင်္ခ်ာများကို ဇယားကွက်ဖြင့် စာမျက်နှာ ၂၆-တွင် သီးခြားဖော်ပြထားသည်။ ဤနည်းကိုမှီး၍ နောက်နောင်သော သုဒ္ဓသင်္ခ်ာများကို ဆိုပါလေ။

(၂) အာရမ္မဏာဓိပတိပစ္စည်း။ ။အာရမ္မဏာဓိပတိပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌-အလေးအမြတ်ပြုတတ်သော လောဘမူစိတ် (၈)ခု၊ မဟာကုသိုလ်စိတ် (၈) ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် (၄) ခု၊ လောကုတ္တရာစိတ် (၈) ခုအားတပ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေ မောဟမူဒွေ ဒုက္ခသဟဂုတ် ကာယဝိညာဉ် ကြဉ်သောစိတ် (၈၄) ခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် (၄၇) ခု၊ နိဗ္ဗာန်၊ ဤတရားတို့သည် အာရမ္မဏာဓိပတိပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ သတ္တ။ ပစ္စည်းရေ (၃) ဟူသည်တည်း။ ပစ္စည်းရေ (၃) ဟူသော်ကား အာရမ္မဏ အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ ဟူသည်တည်း။

မှတ်ရန်။ ။အာရမ္မဏမျိုးမှာ အာရမ္မဏပစ္စည်း အမြဲရသည်။

(၃) **အာရမ္မဏာပုရေဇာတပစ္စည်း။** ။အာရမ္မဏာပုရေဇာတ ပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌-ကာမစိတ် စတုပညာသ၊ ဒိဋ္ဌစက္ခု ဒိဋ္ဌသောတ အဘိညာဉ်အားတပ်သော ပစ္စုပ္ပန် နိပ္ဖန္နရူပ် အဌာရသ၊ ဤတရားတို့သည် အာရမ္မဏာပုရေ-ဇာတပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သင်္ခ်ာ တီဏိ။ ပစ္စည်းရေ (၄) ဟူသည်တည်း။ ပစ္စည်းရေ (၄) ဟူသော်ကား အာရမ္မဏာ ပုရေဇာတ အတ္ထိ အဝိဂတ-ဟူသည်တည်း။

(၄) **ဝတ္ထာရမ္မဏာပုရေဇာတ နိဿယပစ္စည်း။** ။ဝတ္ထာရမ္မဏာပုရေဇာတနိဿယ ပစ္စည်း၏ သုဒ္ဓ သင်္ခ်ာဝါရ၌ မနောဒ္ဓါရာဝဇ္ဇန်း၊ မရဏာသန္နဇော ၅-ချက်၊ တဒါရုံအားတပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊ ဤတရားတို့သည် ဝတ္ထာရမ္မ-ဏာပုရေဇာတနိဿယ ပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သင်္ခ်ာတီဏိ။ ပစ္စည်းရေ (၆) ဟူသည်တည်း။ ပစ္စည်းရေ (၆) ဟူသော်ကား အာရမ္မဏာ နိဿယ ပုရေဇာတ ဝိပွယုတ္တ အတ္ထိ အဝိဂတ ဟူသည်တည်း။

မှတ်ရန်။ ။အာရမ္မဏာ ပုရေဇာတ၌ ရသော ၄-ပစ္စည်းတို့တွင် နိဿယနှင့် ဝိပွယုတ္တ ထပ်ပြီးထည့်ရုံသာ ဖြစ်၏။

(၅) **အာရမ္မဏာပုရေဇာတာဓိပတိပစ္စည်း။** ။အာပုဓိ၏ သုဒ္ဓ သင်္ခ်ာဝါရ၌ အလေးအမြတ် ပြုတတ်သော လောဘမူစိတ် (၈) ခုအားတပ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရူပ် အဌာရသ၊ ဤတရားတို့သည် အာရမ္မဏာပုရေဇာတာဓိပတိပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ ဧကံ။ ပစ္စည်းရေ (၆) ဟူသည်တည်း။ ပစ္စည်းရေ (၆) ဟူသော်ကား အာရမ္မဏာ အဓိပတိ ဥပနိဿပ ပုရေဇာတ အတ္ထိ အဝိဂတ ဟူသည်တည်း။

(၆) **ဝတ္ထာရမ္မဏာပုရေဇာတာဓိပတိပစ္စည်း။** ။ဝတ္ထာဓိပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌-အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇော ၅-ချက်အား တပ်သော အလေးအမြတ် ပြုအပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ ဤတရားတို့သည် ဝတ္ထာရမ္မဏာပုရေဇာတာဓိပတိ ပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သင်္ခ်ာ ဧကံ။ ပစ္စည်းရေ (၈) ဟူသည်တည်း။ ပစ္စည်းရေ (၈) ဟူသော်ကား အာရမ္မဏာ အဓိပတိ. နိဿယ ဥပနိဿယ ပုရေဇာတ ဝိပွယုတ္တ အတ္ထိ အဝိဂတ-ဟူသည်တည်း။

(အာရမ္မဏာမျိုး ၈-ပစ္စည်းအကုန်ရသည်။)

သတိပြုရန်။ ။ပစ္စည်းရေကို ပြရာ၌၂၄-ပစ္စည်းအမည်သာမည်ဖြင့် ပြထားသော်လည်း သက်ဆိုင်ရာ မိုးပစ္စည်းတို့၏ အမည်အားဖြင့် ဒေသနာတော်အစဉ်ကျအောင် ရွတ်ဆိုပါလေ။

အာရမ္မဏာမျိုး သုဒ္ဓသင်္ခ်ာ ပြီးပြီ။

၂။ သဟဇာတမျိုး သုဒ္ဓသင်္ခ်ာ

သဟဇာတအင်္ဂယ် ၇-မျိုး

(၁) ဟေတုပစ္စည်း။ ။ဟေတုပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌- သမ္မယုတ္တာခန္ဓာ သဟိတ်စိတ္တဇရူပ် သဟိတ်ပဋိသန္ဓေကမ္မဇရူပ်အား တပ်သော ဟိတ်ခြောက်ပါး၊ ဤတရားတို့သည် ဟေတုပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ သတ္တ။ ယထာရဟ ပစ္စည်းရေ လတ်ကြီး (၈) နှင့် မိ ဂ္ဂံ မဂ် ပေါင်း ၁၂။ (ဟောဆဲ ဟေတုပစ္စည်းပါ ထည့်၍ ၁၂-ဖြစ်သည်။ ဒေသနာတော်အစဉ်ကျအောင်ဆိုပါ)။ ကြွင်း နည်းတူသိပါ။

(၂) သဟဇာတာဓိပတိပစ္စည်း။ ။သဟဇာတဓိပတိပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌-သမ္မယုတ္တာခန္ဓာ သာဓိပတိစိတ္တဇရူပ်အား တပ်သော အဓိပတိတရားကိုယ် ၃-ပါး ၄-ပါးတို့တွင် တပါးပါး၊ ဤတရားတို့သည် သဟဇာတာဓိပတိပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ သတ္တ။ လတ်ကြီး (၈) နှင့် ဟေ-ဟာ-ဂ္ဂံ-မဂ်၊ ပေါင်း ၁၃။

(၃) သဟဇာတကမ္မပစ္စည်း။ ။သဟဇာတကမ္မပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌ သမ္မယုတ္တာခန္ဓာ စိတ္တဇရူပ် ပဋိသန္ဓေကမ္မဇရူပ်အား တပ်သော စိတ်တစ်ခုယုတ် ကိုးဆယ်၌ရှိသော စေတနာ၊ ဤတရားတို့သည် သဟဇာတကမ္မပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ သတ္တ။ လတ်ကြီး (၈) နှင့် ဟာ၊ ပေါင်း ၁၀။

(၄) နာမ်အာဟာရပစ္စည်း။ ။နာမ်အာဟာရပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌ သမ္မယုတ္တာခန္ဓာ စိတ္တဇရူပ် ပဋိသန္ဓေကမ္မဇရူပ်အား တပ်သော ဖဿ စေတနာ ဝိညာဉ်ဟု ဆိုအပ်သော နာမ်အာဟာရတရားကိုယ် ၃-ပါး၊ ဤတရားတို့သည် နာမ်အာဟာရပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သင်္ခ်ာသတ္တ။ လတ်ကြီး (၈) နှင့် မိ-ဂ်-ဂ္ဂံ၊ ပေါင်း ၁၂။

(၅) သဟဇာတန္ဒြိယပစ္စည်း။ ။သဟဇာတိန္ဒြိယပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရဋ္ဌ သမ္မယုတ္တခန္ဓာ စိတ္တဇရူပ် ပဋိသန္ဓေကမ္မဇရူပ်အား တပ်သော ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာဟု ဆိုအပ်သော နာမ်ဂ္ဂန္ဒြေတရားကိုယ် (၈) ပါး၊ ဤတရားတို့သည် သဟဇာတိန္ဒြိယပစ္စည်း တပ်သောတရားတို့ မည်ကုန်၏။ သင်္ခ်ာ သတ္တ။ လတ်ကြီး (၈) နှင့် ဟေ-ဓိ-ဟာ-စျာ-မဂ်၊ ပေါင်း ၁၄။

(၆) စျာနပစ္စည်း။ ။စျာနပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရဋ္ဌ-သမ္မယုတ္တခန္ဓာ စိတ္တဇရူပ် ပဋိ-သန္ဓေကမ္မဇရူပ်အားတပ်သော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာဟု ဆိုအပ်သော စျာနင်တရားကိုယ် (၅) ပါး၊ ဤတရားတို့သည် စျာနပစ္စည်းတပ်သောတရားတို့ မည်ကုန်၏။ သင်္ခ်ာ သတ္တ။ လတ်ကြီး (၈) နှင့် ဣ-မဂ်၊ ပေါင်း ၁၁။

(၇) မဂ္ဂပစ္စည်း။ ။မဂ္ဂပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရဋ္ဌ-သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရူပ် သဟိတ်ပဋိသန္ဓေကမ္မဇရူပ်အား တပ်သော ပညာ ဝိတက် ဝိရတိ ၃-ခု ဝီရိယ သတိ ဧကဂ္ဂတာ ဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်တရား ကိုယ် (၉) ပါး၊ ဤတရားတို့သည် မဂ္ဂပစ္စည်းတပ်သောတရားတို့ မည်ကုန်၏။ သင်္ခ်ာ သတ္တ။ လတ်ကြီး (၈) နှင့် ဟေ-ဓိ-ဣ-စျာ၊ ပေါင်း ၁၃။

သဟဇာတ အလတ် ၄-မျိုး သုဒ္ဓသင်္ခ်ာ

(၁) အညမညပစ္စည်း။ ။အညမညပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရဋ္ဌ-အချင်းချင်းအား တပ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ အချင်းချင်းအားတပ်သော စိတ္တဇ ပဋိသန္ဓေကမ္မဇ ဗာဟိရ အာဟာရဇ ဥတုဇ အသညသတ်ကမ္မဇ ပဝတ္တိကမ္မဇအားဖြင့် မဟာဘူတ် ၄-ပါး၊ အချင်းချင်းအားတပ်သော ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု၊ ဤတရားတို့သည် အညမညပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ တိဏိ။ ပစ္စည်းရေ ၅-ဟူသည်တည်း။ (အညမညနှင့် သဟကြီး ၄၊ ပေါင်း ၅-ပါး ဖြစ်သည်။)။

(၂) ဝိပါကပစ္စည်း။ ။ဝိပါကပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရဋ္ဌ- အချင်းချင်းအားဇင်း, အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရူပ် ပဋိသန္ဓေကမ္မဇရူပ်အားဇင်း တပ်သော အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဟဒယဝတ္ထုအားတပ်သော ပဋ္ဌဝေါဟာရ ပဋိသန္ဓေနာမက္ခန္ဓာ၊ ဤတရားတို့သည် ဝိပါကပစ္စည်းတပ်သောတရားတို့ မည်ကုန်၏။ သင်္ခ်ာ ဧကံ။ ပစ္စည်းရေ ၅-ဟူသည်တည်း။ (ဝိပါကနှင့် သဟကြီး)။

(၃) သမ္မယုတ္တပစ္စည်း။ ။သမ္မယုတ္တပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ-အချင်းချင်းအား တပ်သော အလုံးစုံသော ပဝတ္တိ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ၄-ပါး ဤတရားတို့သည် သမ္မယုတ္တပစ္စည်းတပ်သောတရားတို့ မည်ကုန်၏။ သင်္ချာ တီဏိ။ ပစ္စည်းရေ ၆-ဟူသည်တည်း။ (ညှ, သံနှင့် သဟကြီး)။

(၄) သဟဇာတဝိပွယုတ္တပစ္စည်း။ ။သဟဇာတဝိပွယုတ္တပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ-စိတ္တဇရူပ် ပဋ္ဌိသန္ဓေကမ္မဇရူပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု ဒွေပဉ္စဝိညာဉ် ၁၀၊ ရဟန္တာတို့ စုတိကြည်သော ပဝတ္တိပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ အချင်းချင်းအား တပ်သော ပဉ္စဝေါကာရ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု၊ ဤတရားတို့သည် သဟဇာတဝိပွယုတ္တပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ချာ တီဏိ။ ပစ္စည်းရေ ၅-ဟူသည်တည်း။ (ဝိပ်နှင့် သဟကြီး)။

သဟဇာတအကြီး ၄-မျိုး သုဒ္ဓသင်္ချာ

သဟဇာတပစ္စည်း။ ။သဟဇာတပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ-အချင်းချင်းအားဌင်း, အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရူပ် ပဋ္ဌိသန္ဓေကမ္မဇရူပ်အားဌင်း တပ်သော အလုံးစုံသော ပဝတ္တိ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ အချင်းချင်းအားဌင်း, ဥပါဒါရူပ်အားဌင်း တပ်သော အလုံးစုံသော မဟာဘူတ် ၄-ပါး၊ အချင်းချင်းအားတပ်သော ပဉ္စဝေါဟာရ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု၊ ဤတရားတို့သည် သဟဇာတပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သင်္ချာ နဝ။ ပစ္စည်းရေ ၄-ဟူသည်တည်း။ (သဟကြီးသာ)။

သဟဇာတမျိုး သုဒ္ဓသင်္ချာ ပြီးပြီ။

၃။ အနန္တရူပမျိုး သုဒ္ဓသင်္ချာ

(၁) အနန္တရပစ္စည်း။ ။အနန္တရပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ-ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာအား တပ်သော ရဟန္တာတို့ စုတိကြည်သော ရှေးရှေးသော အလုံးစုံသော စိတ်တခုယုတ်ကိုးဆယ် စေတသိက် ဒွေပညာ-သ ပဝတ္တိပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဤတရားတို့သည် အနန္တရပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ချာ သတ္တ။ ပစ္စည်းရေ ၅-ဟူသည်တည်း။ (ပစ္စည်းရေ ၅-မှာ **အနန္တရ** ၅-ပစ္စည်းဖြစ်သည်)။

(၂) **အာသေဝနပစ္စည်း။** ။အာသေဝနပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရဋ္ဌ-ပဌမဇောဖိုလ်ဇော ကြဉ်သော နောက်နောက်သော ဇောဧကပညာသအား တပ်သော အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇောသတ္တစတ္တာလီသ၊ ဤတရားတို့သည် အာသေဝနပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ တီဏိ။ ပစ္စည်းရ ၆-ဟူသည်တည်း။ (အာသေဝနနှင့် အနန္တရ ၅-ပစ္စည်း)။

(၃) **အနန္တရကမ္မပစ္စည်း။** ။အနန္တရကမ္မပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရဋ္ဌ-မဂ္ဂါနန္တရဖိုလ် ၄-ခုအား တပ်သော မဂ် ၄-ခု စေတနာ၊ ဤတရားတို့သည် အနန္တရ ကမ္မပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ ဧကံ။ ပစ္စည်းရေ ၆-ဟူသည်တည်း။ (ကမ္မနှင့် အနန္တရ ၅-ပစ္စည်း)။

အနန္တရပမျိုး သုဒ္ဓသင်္ခ်ာ ပြီးပြီ။

၄။ ပကတူပမျိုး သုဒ္ဓသင်္ခ်ာ

(၁) **ပကတူပပစ္စည်း။** ။ပကတူပနိဿယ ပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရဋ္ဌ-စိတ်တခုယုတ်ကိုးဆယ် စေတသိက် ဒွေပညာသအားတပ်သော ဗလဝဖြစ်သော စိတ်တခုယုတ်ကိုးဆယ် စေတသိက် ဒွေပညာသ ရုပ်အဋ္ဌဝီသ၊ ဤတရားတို့သည် ပကတူပနိဿယပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ နဝ။ ပစ္စည်းရေ ၁-ဟူသည်တည်း။ (ပကတူပသာ)။

(၂) **ဗလဝနာနာက္ခဏိကကမ္မပစ္စည်း။** ။ဗလဝနာနာက္ခဏိကကမ္မပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရဋ္ဌ-ဝိပါက်စိတ် ဆတ္တိံသနာမက္ခန္ဓာအား တပ်သော ဗလဝဖြစ်သော ကုသိုလ် အကုသိုလ်စေတနာ၊ ဤတရားတို့သည် ဗလဝနာနာက္ခဏိက ကမ္မပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ ဒွေ။ ပစ္စည်းရေ ၂-ဟူသည်တည်း။ (ကမ္မနှင့် ဥပနိဿယ)။

ပကတူပမျိုး သုဒ္ဓသင်္ခ်ာ ပြီးပြီ။

၅။ ဝတ္ထုပုရေဏတမျိုး သုဒ္ဓသင်္ခ်ာ

(၁) ဝတ္ထုပုရေဏတ နိဿယပစ္စည်း။ ။ဝတ္ထု ပုရေဏတ နိဿယပစ္စည်း၏ သုဒ္ဓ သင်္ခ်ာဝါရဋ္ဌ- ပဋ္ဌဝေါကာရဘူဝ်ဋ္ဌ ဖြစ်သော အခါ အရူပဝိပါက် ၄-ခုကြဉ်သော သတ္တဝိညာဏာဓာတ်အားတပ်သော ဆဝတ္ထု။ ဤတရား တို့သည် ဝတ္ထုပုရေဏတနိဿယ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ တီဏိ။ ပစ္စည်းရေ ၅-ဟူသည်တည်း။ ပစ္စည်းရေ ၅-ဟူသော်ကား နိဿယ ပုရေဏတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဟူသည်တည်း။

(၂) ပုရေဏတိန္ဒြိယပစ္စည်း။ ။ပုရေဏတိန္ဒြိယပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရဋ္ဌ ဒွေပဋ္ဌ ဝိညာဉ် ၁၀-အား တပ်သော မန္ဒာယုက အမန္ဒာယုက မဏ္ဍိမာယုကအားဖြင့် ၃-ပါးတို့တွင် မဏ္ဍိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြုင်သော ပဋ္ဌဝတ္ထု။ ဤတရားတို့သည် ပုရေဏတိန္ဒြိယပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ ဧကံ။ ပစ္စည်းရေ ၆-ဟူသည်တည်း။ (ဝတ္ထုမျိုး အကုန်ရသည်)။

ဝတ္ထုမျိုး သုဒ္ဓသင်္ခ်ာ ပြီးပြီ။

၆။ ပစ္ဆာဏတမျိုး သုဒ္ဓသင်္ခ်ာ

ပစ္ဆာဏတပစ္စည်း။ ။ပစ္ဆာဏတပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရဋ္ဌ-ပဋ္ဌိသန္ဓေ အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ ဌိသိုရောက်သော ဧကဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယအား တပ်သော ပဋ္ဌဝေါကာရဘူဝ်ဋ္ဌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြဉ်သော ပဌမဘဝင် အစရှိသော နောက်နောက်ဋ္ဌဖြစ်သော နာမက္ခန္ဓာ ၄-ပါး၊ ဤတရားတို့သည် ပစ္ဆာဏတပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ တီဏိ။ ပစ္စည်းရေ ၄-ဟူသည်တည်း။ (ပစ္ဆာဏတမျိုး အကုန်ရသည်)။

ပစ္ဆာဏတမျိုး သုဒ္ဓသင်္ခ်ာ ပြီးပြီ။

၇။ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိကကမ္မမျိုး သုဒ္ဓသင်္ခ်ာ

နာနာက္ခဏိကကမ္မပစ္စည်း။ ။နာနာက္ခဏိကကမ္မပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရဋ္ဌ-ကာမဝိပါက် တေဝီသ နာမက္ခန္ဓာအားတပ်သော ကာမကုသိုလ် အကုသိုလ်

စေတနာဟု ဆိုအပ်သော ဒုဋ္ဌလ နာနာက္ခဏိက ကမ္မ၊ ကဋ္ဌတ္ထာရုပ်အားတပ်သော ပဠ-ဝေါကာရ ကုသိုလ် အကုသိုလ် စေတနာဟု ဆိုအပ်သော ဗလဝ ဒုဋ္ဌလ နာနာက္ခဏိကကမ္မ၊ ဤတရားတို့သည် နာနာက္ခဏိက ကမ္မပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ချာ ဒွေ။ ပစ္စည်းရေ (၁) ဟူသည်တည်း။ (ကမ္မပစ္စည်းသာ)။

ဗလဝ ဒုဋ္ဌလ နာနာက္ခဏိကကမ္မမျိုး သုဒ္ဓသင်္ချာ ပြီးပြီ။

၈။ ရူပ်အာဟာရမျိုး သုဒ္ဓသင်္ချာ

ရူပ်အာဟာရပစ္စည်း။ ။ရူပ်အာဟာရပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ-ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရူပ်အား တပ်သော စတုသမုဋ္ဌာနိကသြဇာ၊ ဤတရားတို့သည် ရူပ်အာဟာရပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ချာ ဧကံ။ ပစ္စည်းရေ (၃) ဟူသည်တည်း။ (အာဟာရ အတ္ထိ အဝိဂတ)။

ရူပ်အာဟာရမျိုး သုဒ္ဓသင်္ချာ ပြီးပြီ။

၉။ ရူပဇီဝိတိန္ဒြိယမျိုး သုဒ္ဓသင်္ချာ

ရူပဇီဝိတိန္ဒြိယပစ္စည်း။ ။ရူပဇီဝိတိန္ဒြိယပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ-ရုပ်ဇီဝိတိန္ဒြေကြဉ် သော ကလာပ်တူ ကမ္မဇရုပ် ၉-ခုအားတပ်သော ရုပ်ဇီဝိတိန္ဒြေ၊ ဤတရားတို့သည် ရူပဇီဝိတိန္ဒြိယ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ချာ ဧကံ။ ပစ္စည်းရေ (၃) ဟူသည်တည်း။ (ရူပတိ မျိုးသာ)။

ရူပဇီဝိတိန္ဒြိယမျိုး သုဒ္ဓသင်္ချာ ပြီးပြီ။
ပဉ္စာဝါရ သုဒ္ဓသင်္ချာ ပြီးပြီ။

မိဿက သင်္ချာများ

၁။ သဟပုရေ မိဿကသင်္ချာ။ ။သဟပုရေမိဿက-ရသော နိဿယ အတ္ထိ အဝိဂတ ပစ္စည်း၏ သင်္ချာဝါရဋ္ဌ-အချင်းချင်းအားတပ်သော ပဠဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ်ဒွါဒသ ကုသိုလ်စိတ်ဧကဝီသ စေတသိက် ဒွေပညာသ အစိတ်အစိတ်နာမက္ခန္ဓာ၊ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော

စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊ ဤတရားတို့သည် သဟပုရေမိဿကရသော နိဿယ အတ္ထိ အဝိဂတပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သခ်္ခ ဒွေ။ ပစ္စည်းရေ (၃) ဟူသည်တည်း။

၂။ ပစ္ဆာဇာတာဟာရ မိဿကသခ်္ခ။ ။ပစ္ဆာဇာတာဟာရမိဿက ရသော အတ္ထိ အဝိဂတ ပစ္စည်း၏ သခ်္ခာဝါရ၌-ဝုဋ္ဌော မနောဒ္ဓါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော တိဇ စတုဇကာယအား ကာလတူ တပြိုင်နက် တပ်ကောင်းသော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ ကုသိုလ်စိတ် ဧကဝီသ စေတသိက်ဒွေပညာသ အစိတ်အပေါင်း နာမက္ခန္ဓာ၊ ဝုဋ္ဌော မနောဒ္ဓါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သောဩဇာ၊ ဤတရားတို့သည် ပစ္ဆာဇာတာဟာရ မိဿက-ရသော အတ္ထိအဝိဂတ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သခ်္ခ ဒွေ။ ပစ္စည်းရေ ၂-ဟူသည်တည်း။

၃။ ပစ္ဆာဇာတိန္ဒြိယ မိဿကသခ်္ခ။ ။ပစ္ဆာဇာတိန္ဒြိယမိဿက ရသော အတ္ထိ အဝိဂတ ပစ္စည်း၏ သခ်္ခာဝါရ၌-ဝုဋ္ဌော မနောဒ္ဓါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော ကမ္မဇကာယအား ကာလတူ တပြိုင်နက် တပ်ကောင်းသော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ ကုသိုလ်စိတ် ဧကဝီသ စေတသိက် ဒွေပညာသ အစိတ်အပေါင်း နာမက္ခန္ဓာ၊ ဝုဋ္ဌော မနောဒ္ဓါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော ရုပ်ဇီဝိတိန္ဒြေ၊ ဤတရားတို့သည် ပစ္ဆာဇာတိန္ဒြိယ မိဿက-ရသော အတ္ထိ-အဝိဂတ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သခ်္ခ ဒွေ။ ပစ္စည်းရေ ၂-ဟူသည်တည်း။

မိဿကသခ်္ခ ပြီးပြီ။

၇၂-ကြိမ်မြောက် ပဋ္ဌာန်းသင်တန်း

သင်တန်းဖွင့်ပွဲ

ဆရာတော်။ ။ဘဝ၂၈-ခု ဒုတိယဝါဆိုလပြည့်ကျော် ၃-ရက် ကြာသပတေးနေ့မှာ (၇၂) ကြိမ်မြောက်သော ပဋ္ဌာန်းစာဝါကြီးကို စပါပြီ။ ဒါကြောင့် ၇၂-ကြိမ်မြောက်သော ပဋ္ဌာန်းစာဝါကို ဦးပဋ္ဌင်းတို့သည်ပင်လျှင် နမော တဿ-က စ၍ ပစ္စယုဒ္ဒေသကုန်အောင် ရွတ်၍ ဖွင့်တော်မူကြပါကုန်။

စာသင်သား သံယာတော်များ။ ။နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ ၃-ကြိမ်ဆိုသည်။

ဟေတုပစ္စယော အာရမ္မဏပစ္စယော အဓိပတိပစ္စယော အနန္တရပစ္စယော သမနန္တရပစ္စယော သဟဇာတပစ္စယော အညမည-ပစ္စယော နိဿယပစ္စယော ဥပနိဿယပစ္စယော ပုရေဇာတပစ္စယော ပစ္ဆာဇာတပစ္စယော အာသေဝနပစ္စယော ကမ္မပစ္စယော ဝိပါကပစ္စယော အာဟာရပစ္စယော ဣန္ဒြိယပစ္စယော ဈာနပစ္စယော မဂ္ဂပစ္စယော သမ္ပယုတ္တပစ္စယော ဝိပ္ပယုတ္တပစ္စယော အတ္ထိပစ္စယော နတ္ထိပစ္စယော ဝိဂတပစ္စယော အဝိဂတပစ္စယောတိ။

ဆရာတော်။ ။၇၂-ကြိမ်မြောက် ပဋ္ဌာန်းစာဝါဖြစ်ပါသည်။ အခုလို ကြိုးစားပြီး ပို့ချလာတာ ပဋ္ဌာန်းကျမ်းချည်းဘဲ နှစ်စဉ်ပြောပါတော့။ နှစ်အရေအတွက်အားဖြင့် ပြန်ပြီး စဉ်းစားတော့ ၁၅-နှစ်ကျော်ကျော်လောက် ရှိသွားပြီ။ အဆက်မပြတ် ပဋ္ဌာန်းကျမ်းကြီးကို ပို့ချလာတာ အကြိမ်၏ အရေအတွက်အားဖြင့်တော့ အခုပြောခဲ့တဲ့အတိုင်း အခု ပို့ချတဲ့အကြိမ်ဟာ ၇၂-ကြိမ် ရှိပါပြီ။ ပြီးခဲ့တာက ၇၁-ကြိမ်။

ဘုန်းကြီးဆီမှာ စာသင်သွားတဲ့ ရဟန်းတော်များရော သာမဏေများရော သီလရှင်လူဝတ်ကြောင်များပါဆိုလျှင် သုံးထောင် (၃၀၀၀) ကျော်သွားပါပြီ။ အဘယ်လောက် ကျော်တယ်ဆိုတာတော့ အတိအကျ ဘုန်းကြီးမှာ စာရင်းမှတ်ထားတာ ရှိပါတယ်။

အဲဒီလို နောက်ကပြီးခဲ့တဲ့ ၇၁-ကြိမ်သော ပဋ္ဌာန်းစာတွေမှာ အသံဖမ်းယူခြင်းရယ်လို့ သီးခြား မရှိခဲ့ပါဘူး။

ပုပ္ပါးမှာ ၃-နှစ် နွေရာသီ နွေရာသီများမှာ သွားပြီး စာချတုန်းကတော့ သူတို့အကြောင်းအားလျော်စွာ အလိုရှိတဲ့ နေ့ရက်တွေမှာ လာပြီး အသံဖမ်းတတ်တယ်၊ လာလဲ

စုံစမ်းတယ်၊ "ဆရာတော် ဒီနေ့ ဘာပို့ချမှာပါလဲဘုရား၊ အကယ်၍ ဒကာ ဒကာမများနှင့် ပတ်သက်တာတွေပါလျှင် အထူးနာယူကြမည့် ဒကာ ဒကာမတွေ ရှိနေပါတယ်၊ ဆရာတော် အနေနှင့်တော့ မျက်မှောက်မှာ တွေ့ရမည် မဟုတ်ပါဘူးဘုရား၊ အသံချဲ့စက်နဲ့ကတော့ နာယူနေကြတာတွေ ရှိပါတယ်၊ ဒကာ ဒကာမတွေအနေနဲ့ သိမှတ်နာယူလို့ကောင်းမည့် ဒေသနာတော်ကလေးတွေ ထည့်ပြီး ပြောပေးပါလို့" လျှောက်ထားပြီးတော့ အသံဖမ်းယူ ထားကာမျိုး ရှိတယ်၊ ဘယ်တော့ကမှ မလုပ်ပါဘူး ဘုန်းကြီးအနေနဲ့၊ နို့ ဒီနှစ် ဘာဖြစ်လို့ လုပ်သလဲလို့ အမှတ်တမဲ့ အထင်မမှားစေချင်လို့ ဘုန်းကြီးပြောတာ၊ အသံဖမ်းစက်နဲ့ အသံ ဖမ်းယူထားတယ်၊ ကြီးကြီးကျယ်ကျယ်လုပ်တယ်၊ ဝင့်ဝင့်ဝါဝါ လုပ်တယ်၊ မော်မော်ကြွား ကြွား လုပ်တယ်လို့ မမှတ်ကြစေချင်ဘူး၊ ဒီနည်း မဟုတ်ပါဘူး။

အသံဖမ်းယူခဲ့ပုံ

ဘာအလို့ငှါ ဖမ်းယူသလဲလို့ မေးလို့ရှိလျှင် ပြီးခဲ့တဲ့ နွေရာသီမှာ တန်ခူးလ တလ လုံးလုံး နေပြင်းပြစွာပူလို့ ဘုန်းကြီး တော်တော် ပင်ပင်ပန်းပန်း ဖြစ်ခဲ့ပါတယ်။ ကဆုန်လ မှာလဲ ထို့အတူဘဲ။ အဲဒီ ကဆုန်လရဲ့ နောက်ဆုံးရက်ဖြစ်တဲ့ လပြည့်ကျော်တရက်မှ နောက် ပိုင်းမှာ ဆိုလို့ရှိရင် ဘုန်းကြီးအနေနဲ့တော့ သိပ်မထူးဘူးထင်ပေမဲ့ ဘေးက အနေအားဖြင့် ဘုန်းကြီးအပေါ်မှာ မျှော်လင့်စရာ မရှိတော့ဘူးလို့ ဆိုတဲ့အနေမျိုး အဲဒီနှစ် ပင်ပင်ပန်းပန်း မမာမကျန်း ဖြစ်ခဲ့တယ်။

အဲဒါ အကြောင်းပြုပြီးတော့ ဘုန်းကြီးစိတ်ထဲမှာ ဩော်. . . ဒီရက်အတွင်းမှာ စာဆိုဖို့ စာသင်ဖို့ လာလျှောက်ကြတဲ့ ပုဂ္ဂိုလ်တွေကလည်း အဝေးမြို့က ဖြစ်ပြန်၊ ကိုယ် သင်ကြား ပို့ချပေးနေတဲ့ နည်းနာနယကိုလဲ သာသနာတော်က လက်သင့်ခံနေတယ်။ မတော် တဆများ သူများထင်သလို ငါဟာ မျှော်လင့်စရာမရှိတဲ့ ဘဝမျိုး ရောက်သွားလျှင် ဒီကိစ္စ တွေဟာ အကုန်လုံး ဆုံးရှုံးခြင်းသို့ ရောက်တော့မှာဘဲ။ အဲဒီတော့ လွယ်လွယ်ပြောလျှင် **ကိုယ်သေသွားတောင်မှ ကိုယ်ရဲ့ သာသနာတော်နှင့် စပ်တဲ့လုပ်ငန်း မသေရစ်ပါစေနဲ့တော့** လို့ ဆိုပြီး ဒီလို အသံဖမ်းတဲ့စက်မျိုး ရရာရကြောင်းကို ဘေးမှာ ပတ်သက်ရာ ဒကာ ဒကာမများ နှင့် ရှာဖွေတာ ဘယ်မှာမှ မရခဲ့ပါဘူး။

အဲဒီလို အသုံးကျတဲ့ နေရာကျတော့ ဘယ်သူမှ လျှုမည့်သူ မရှိဘူး၊ ရှိပါစေတော့ ဘာဖြစ်လို့ အသံဖမ်းလာသလဲ မေးလျှင် အခုပြောခဲ့ပြီးတဲ့ကိစ္စကြောင့် ဘုန်းကြီးအသံဖမ်း ပါတယ်။ နောက် မော်ကြွားလိုတဲ့ကိစ္စတွေ ဘာမှ မပါပါဘူး။ ဒါကြောင့် "ဦးပဉ္စင်းတို့လဲ ခုတင်က ပြောထားတဲ့အတိုင်း ဖမ်းယူထားတဲ့ အသံကလေးကို နောက်နောင်အခါ ကိုယ့် အကြောင်းပြုပြီးတော့ ကြည်ညြိုဖွယ်ရာ မပျက်ပါစေနှင့်"လို့ နှလုံးသွင်းတော်မူကြ၍ ရွတ်တိုင်း ဖတ်တိုင်း ညီညီညွတ်ညွတ် ရွတ်ဖတ်တော်မူကြပါ။

"စာဆိုပုဂ္ဂိုလ်များကလဲ ထို့အတူ ဒို့ရပြီးပြီဆိုတဲ့ စာကလေးတွေကို ဒါထက် ကျေသွားအောင် ကြိုးစားပြီး ကျက်ကြပါဦး"လို့ တိုက်တွန်းပါရစေ။ ဂါထာတပုဒ်ကို နောင်လဲ ကြည်ညြိုဖွယ်ဖြစ်လေအောင် ဒီစာအုပ် တွေ့တာနဲ့ စာအုပ်ယူလာတယ်။ အဲဒီ ဂါထာကို ဘုန်းကြီး ဒီအထဲမှာဘဲ ကြည့်ပြီး ဖတ်ပါမယ်။ ပြီးတဲ့အခါကျတော့ ဦးပဉ္စင်းများ ဝမ်းမြောက်ဖွယ် သာဓုခေါ်လျှင် ကောင်းမှာပေါ့။

သယံ ဗုဒ္ဓေါ သမ္ဘောဓေတိ၊ ဓမ္မေပိ ဓမ္မသတ္တိယော။
အဟော နော တဿ သုတတ္တံ၊ အဟော နော ဓမ္မစိန္တနံ။

ယော ဇိနော၊ မကိုင်ရှောင်လျှံ ဥသျှောင်ပျံဝယ် အောင်လံစွင့်စွင့် လွင့်တလူလူ အကြင်အောင်တော်မူ မြတ်စွာဘုရားသည်။ ဓမ္မေပိ၊ ရှေ့နောက်စဉ်လျက် ဖြစ်တိုင်းပျက်၍ ဆက်ဆက်မနော တရားသဘောတို့ကိုရင်း။ ဓမ္မသတ္တိယောပိ၊ တရားတိုင်း၏ ဓာတ်ခံပြည့်လျက် သတ္တိအင်အား စွမ်းပကားတို့ကိုရင်း။ သံယံ ဗုဒ္ဓေါ၊ ဗောဓိမဏ္ဍိုင် ခန်းဝါမြိုင်ဝယ် ကိုယ်တိုင်စထွင် သိမြင်တော်မူခဲ့ပြီးသည်ဖြစ်၍။ သမ္ဘောဓေတိ၊ သိတန်သမျှ ဝေနေယျကို မြွက်ဟလှစ်ဖော် သိစေတော်မူခဲ့လေပြီ။ တဿ ဇိနဿ၊ အောင်မြေနက်သန် ဗောဓိမဏ္ဍ်ဝယ် အောင်လံစွင့်စွင့် လွင့်တလူလူ ထိုအောင်တော်မူ မြတ်စွာဘုရား၏။ သုတတ္တံ၊ တရားဓမ္မ သြဝါဒကို ကြားရရှင်ပျော် သားတော် သမီးတော် ဖြစ်ရခြင်းသည်။ အဟော နော၊ ကိုယ့်တွက် ကိုယ့်တာ ကိုယ်ကျိုးပါသဖြင့် ကိုယ့်မှာခုနှယ် သြော် ဝမ်းမြောက်ဖွယ်ကြီးပါတကား။ ဓမ္မ စိန္တနံ၊ ဓမ္မသက်သက် ရှေ့နောက်ဆက်၍ ဖြစ်ပျက်နေဟန် ကြောင်းကျိုးမှန်ကို ဖန်ဖန်ခွဲဝေ ကြံစည်၍ နေရခြင်းသည်။ အဟော နော၊ ကိုယ့်သန္တာန်တွင်း ဉာဏ်ရောင်လင်း၍ ရှင်းကာ ရှင်းကာ သြော်... အားရဖွယ်ကြီးပါတကား...။

သာဓု သာဓု သာဓု။

ဆရာတော်။ ။ကဲ... စာအုပ်ကလေးတွေ ကိုင်ကြစို့၊ လမ်းပြစာအုပ် မရှိသေးတဲ့ ပုဂ္ဂိုလ်များကလဲ သည်းခံပြီး စာလိုက်ကြတာပေါ့။

မျိုးပစ္စည်းများသင်တန်း

မျိုးပစ္စည်းများတဲ့၊ စာအုပ်[1] မရှိသေးတဲ့ ပုဂ္ဂိုလ်များက နောက်ပြီးတော့မှ ဘုန်းကြီးဆီကို လာပြီးအလျှောခံပေါ့။ စာအုပ်[1] ရှိတဲ့ ပုဂ္ဂိုလ်ထဲမှာ ကပ်ပြီးကြည့်ပါ၊ နီးရာကို လှမ်းကြည့်ပါ။

၁။ ပဌာန်းလမ်းပြစာအုပ်။

၁။ အာရမ္မဏာမျိုး

အားလုံး တွေ့ကြရဲ့နော်... မျိုးပစ္စည်းများတဲ့။ စာမျက်နှာ နံပါတ် ဘယ်လောက် မှာတုန်း... ကြည့်ကြစမ်း ဘုန်းကြီး ဖတ်ပြမယ်၊ ရပြီးသား ပုဂ္ဂိုလ်နှင့် မရသေးတဲ့ ပုဂ္ဂိုလ် ဆိုတာက ဘုန်းကြီးထင်တာ ပြောတာပါဘဲ၊ မရသေးတဲ့ ပုဂ္ဂိုလ် မကျက်ရသေးတဲ့ပုဂ္ဂိုလ်က များလိမ့်မယ်လို့ ထင်ပါတယ်။ ရပြီးသား ပုဂ္ဂိုလ်ဖြစ်လျှင်လဲ အဲဒီစာအုပ်ထဲ[1]မှာ ပါနေတဲ့ အတိုင်း ကျက်ပြီးသားဖြစ်လျှင် ဒီအတိုင်းဘဲ ပြင်ဖို့မရှိဘူး။ ဘာရေးထားသလဲဆိုလျှင် ကြည့်စမ်း ဘုန်းကြီး ပြောပြမယ်။ နံပါတ် ၁-က ဘာရှိသလဲ အာရမ္မဏာ၊ ၂-အာရမ္မဏာဓိပတိ၊ ၃-ဝတ္ထာရမ္မဏာပုရေဇာတနိဿယ အစရှိသည်ဖြင့် နာမည်အရှည်နှင့် ရှိတယ်။

ပစ္စည်းနာမည် ကျက်နည်း

ဒီတော့ ရပြီးသားဖြစ်လျှင်တော့ အာရမ္မဏာ, အာရမ္မဏာဓိပတိ, ဝတ္ထာရမ္မဏာပုရေ-ဇာတနိဿယ, အာရမ္မဏူပနိဿယ အစရှိသည်ဖြင့် ကျက်ထားလို့ ရပြီးနေလျှင် ပြင်ဖို့ မလိုဘူး။ အကယ်၍ မကျက်ရသေးတဲ့ ပုဂ္ဂိုလ်ရှိလျှင် ၂၄-ပစ္စည်း၊ ၎င်းပစ္စည်းများကို ခုတင်ကဦးပဉ္စင်းတို့ ရွတ်တဲ့ နာမည်အစဉ်အတိုင်းသာ ကျက်ပါ။

ဒီတော့ ဘယ်လိုလုပ်ပြီး ကျက်မလဲ သတိပြုကြည့်၊ မကျက်ရသေးတဲ့ ပုဂ္ဂိုလ်များ အဖို့နော်...။ အာရမ္မဏာ ဒါကဘာတုန်း၊ နံပါတ် ၁-မဟုတ်လား၊ နံပါတ် ၂-ကို ဘာခေါ်သလဲ မေးလျှင် အဓိပတိ၊ ၃-နံပါတ်က ဘာလဲမေးလျှင် နိဿယ၊ ဒီလိုကျက်ပါ။ ၄-က ဘာတုန်း၊ ဥပနိဿယ၊ ၅-ကဘာတုန်း၊ ပုရေဇာတ၊ ၆-က ဘာတုန်း၊ ဝိပွယုတ္တ၊ ၇-က ဘာတုန်း၊ အတ္ထိ၊ ၈-က ဘာတုန်း၊ အဝိဂတ ဒီတွင် တော်ပါဦး၊ ၉-နှင့် ၁၀-ချန်ထားပါ။

ဒီတော့ ဘယ့်နှယ်လုပ် ကျက်ရမှာတုန်း မေးလျှင် အာရမ္မဏာ အဓိပတိ နိဿယ ဥပနိဿယ ပုရေဇာတ ဝိပွယုတ္တ အတ္ထိ အဝိဂတ၊ ပေါင်း အာရမ္မဏာမျိုး ၈-ပစ္စည်း။ ဒီလိုကလေး ကျက်ပါနော် လွယ်ရဲ့ မဟုတ်လား (မှန်ပါ)။

ဦးသုဇာတ ဖတ်စမ်း တခေါက်လောက်။ (အာရမ္မဏာ အဓိပတိ နိဿယ ဥပနိဿယ ပုရေဇာတ ဝိပွယုတ္တ အတ္ထိ အဝိဂတ၊ ပေါင်း အာရမ္မဏာ ၈-ပစ္စည်း။)
ဆရာတော် ။ ။ အာရမ္မဏာမျိုး ၈-ပစ္စည်းလို့ ဆိုပါ။

၂။ သဟဇာတပစ္စည်းမျိုး

ကဲ... ရှေ့ကို ဆက်ကြပါ။ သဟဇာတ ပစ္စည်းမျိုးပေါင်း ဆယ့်ငါးပစ္စည်းရှိတယ်၊ အဲဒါ ဒီဘက်စာမျက်နှာမှာ ဦးပဉ္စင်းတို့တွေ့တာ သဟဇာတအင်ယမ်မျိုးလို့ ခေါ်တယ်။ ဒီလို

---

[1] ပဋ္ဌာန်းလမ်းပြစာအုပ်။

ကျက်ရတယ်။ ရေးထားတဲ့အတိုင်း ရတဲ့ပုဂ္ဂိုလ်က ရှိပစေ၊ မကျက်ရသေးတဲ့ ပုဂ္ဂိုလ်အတွက် ခပ်ကျဉ်းကျဉ်း ပြောနေတယ်။ ဟေတု အဓိပတိ ကမ္မ။ အဲဒီ ကမ္မမှာ ရေးထားတာတော့ သဟဇာတကမ္မလို့ ရေးထားမှာဘဲ။

အဲဒီအတိုင်းကျက်နိုင်လျှင်လဲ ဉာဏ်ကောင်းလျှင် ကျက်ကြပါ။ အခုဟာက မြန်မြန်လဲ ရစေချင်လို့ ပြောတာပါ။ ဟေတု အဓိပတိ ကမ္မ အာဟာရ ဣန္ဒြိယ စျာန မဂ္ဂ၊ ပေါင်း သဟဇာတအင်ယ် ခုနစ်ပစ္စည်း။ နောက်နားမှာ တွေ့ရဲ့လား (တင်ပါ)။

ထိုနည်းတူစွာ ၂၄-ပစ္စည်း နာမည်ကလေးနဲ့ဘဲ ကျက်ရမယ်နော်၊ ရေးထားတာက တော့ ဘာတဲ့တုန်း။ အညမည ဝိပါက သမ္မယုတ္တ သဟဇာတ ဝိပ္ပယုတ္တတဲ့။ သဟဇာတဝိပ္ပ-ယုတ္တကို ဝိပ္ပယုတ္တလို့ ဆိုရုံဘဲ မဟုတ်လား...။ အညမည ဝိပါက သမ္မယုတ္တ ဝိပ္ပယုတ္တ၊ ပေါင်း သဟဇာတ အလတ်လေးပစ္စည်း။

ဘုန်းကြီး အခုဖတ်ပြနေတဲ့အတိုင်း ကျက်ခဲ့ပါ။ သူ့နေရာကလေးနဲ့ သူပိုင်းပြီး စာအုပ်ထဲမှာ ကျက်ရင်းမတ္တာနဲ့ မြင်လား၊ ကျက်ရင်းမတ္တာနဲ့ သိ။ အင်ယ်ထဲမှာ ဘယ်သူတွေရှိတယ်၊ အလတ်ထဲမှာ ဘယ်သူတွေရှိတယ်၊ ဉာဏ်ကလေးက စူးထားရတယ်။

နောက် လေးပစ္စည်းဆက်ကြည့်နော်... သဟဇာတ, ဒုတိယပစ္စည်းက သဟ-ဇာတနိဿယလို့ ရေးထားပေမဲ့ ၂၄-ပစ္စည်း နာမည်နှင့်ဆိုလျှင် နိဿယပါဘဲ၊ ပြီးတော့ အတ္ထိ အဝိဂတ ဒါဘဲမဟုတ်လား အကျဉ်းချုပ်က၊ ဒီတော့ ဘယ်လိုဖတ်မလဲ၊ သဟဇာတ နိဿယ အတ္ထိ အဝိဂတ၊ ပေါင်း သဟဇာတကြီး လေးပစ္စည်း။

ကဲ... ဟိုဘက်က ကျန်ရစ်ခဲ့တာ ပြန်ကြည့်စမ်း၊ ပြန်ပေါင်းတော့ သဟဇာတ အင်ယ် ခုနစ်ပစ္စည်း၊ သဟဇာတအလတ် လေးပစ္စည်း၊ သဟဇာတအကြီး လေးပစ္စည်း၊ ဒီကျမှ ပေါင်းရတယ်နော်။ ပေါင်း သဟဇာတမျိုး တဆယ့်ငါးပစ္စည်း။

ပဋ္ဌာန်းတတ်ချင်တဲ့ပုဂ္ဂိုလ်ဟာ အဲဒါတွေကျေအောင် လုပ်ထားရတယ်နော်။ အဲဒါတွေ တတ်လျှင် ပစ္စည်းမျိုးတွေ သရုပ်ကွဲပြီး ပဋ္ဌာန်းတကယ် တတ်လာနိုင်တယ်။ ကဲ ဖတ်ပြ စမ်းပါ။

စာသင်သားများ။ ။ဟေတု အဓိပတိ ကမ္မ အာဟာရ ဣန္ဒြိယ စျာန မဂ္ဂ၊ ပေါင်း **သဟဇာတအင်ယ် ခုနစ်ပစ္စည်း။**

အညမည ဝိပါက သမ္မယုတ္တ ဝိပ္ပယုတ္တ၊ ပေါင်း သဟဇာတအလတ်လေးပစ္စည်း။
သဟဇာတ နိဿယ အတ္ထိ အဝိဂတ၊ ပေါင်း သဟဇာတအကြီးလေးပစ္စည်း။
အားလုံးပေါင်း သဟဇာတမျိုး တဆယ့်ငါးပစ္စည်း။

၃။ အနန္တရပစ္စည်းမျိုး

ပြီးတော့ အောက်ပိုင်းကြည့်။ အနန္တရမျိုး အနန္တရူပမျိုး အတူတူဘဲ။ ပြီးလွယ်အောင် ပြောကြပါစို့။ အနန္တရ သမနန္တရ တွေ့ကြတယ်နော်၊ ဥပနိဿယကို ခွဲလိုက်တယ် အနန္တ-ရူပနိဿယလို့။ ပြီးတော့မှ အာသေဝန အနန္တရကမ္မ နတ္ထိ ဝိဂတ၊ ပေါင်း အနန္တရမျိုး ခုနစ်ပစ္စည်း။ ဒါက တမျိုးပြီးသွားရော (မှန်ပါ)။

၄။ ပကတူပမျိုး

ပြီးတော့ ကြည့်စမ်းပါဦ ပကတူပမျိုး မဟုတ်လား၊ ပကတူပနိဿယလို့ ဒီလိုဆိုတယ်နော်။ အောက်က တပစ္စည်းက ဗလဝ နာနာက္ခဏိကကမ္မလို့ ဒီလိုဆိုပါတယ်။ နားလည်တယ်နော် (မှန်ပါ)။

ဘာတဲ့တုန်း ပကတူပနိဿယ၊ ဗလဝ နာနာက္ခဏိကကမ္မ၊ ပေါင်း ပကတူပမျိုး နှစ်ပစ္စည်း၊ နားလည်လောက်တယ်နော် (မှန်ပါ)။

၅။ ဝတ္ထုပုရေဇာတမျိုး

ဆရာတော်။ ။ပြီးတော့ ဝတ္ထု ပုရေဇာတမျိုး။ ဘယ်လောက်တဲ့တုန်း။

သံဃာတော်များ။ ။ခြောက်ပစ္စည်းပါ။

ဆရာတော်။ ။လွယ်လွယ်ကလေးပါ။ နိဿယ ပုရေဇာတ ဣန္ဒြိယ ဝိပွယုတ္တ အတ္ထိ အဝိဂတ၊ ပေါင်း ပုရေဇာတမျိုး ခြောက်ပစ္စည်း။ တကယ်ကျပြီးခဲ့ပြန်ရော။

၆။ ပစ္ဆာဇာတမျိုး

ဆရာတော်။ ။နောက်တမျိုးကြည့်ပါ။ ပစ္ဆာဇာတ ဝိပွယုတ္တ အတ္ထိ အဝိဂတ၊ ပေါင်း ပစ္ဆာဇာတမျိုး လေးပစ္စည်း။

၇။ နာနာက္ခဏိကကမ္မမျိုး

ဆရာတော်။ ။ပြီးတော့ အောက်က တခု ကြည့်ကြစမ်းပါ၊ အဲဒီမှာ ဗလဝ ဒုဋ္ဌလ နာနာက္ခဏိကကမ္မလို့ ပြည့်ပြည့်စုံစုံ ဆိုလိုက်နော် (မှန်ပါ)၊ ဆိုကြစမ်းပါ။

သံဃာတော်များ။ ။ဗလဝ ဒုဋ္ဌလ နာနာက္ခဏိက ကမ္မ၊ ပေါင်း ကမ္မမျိုးတပစ္စည်း။

၈။ ရူပ်အာဟာရမျိုး

ဆရာတော်။ ။ပြီးတော့ ရူပ်အာဟာရမျိုး ဆိုပါ၊ ကြည့်ကြစမ်း လွယ်လွယ်ကလေးပါ။ အာဟာရ အတ္ထိ အဝိဂတ၊ ပေါင်း ရူပ်အာဟာရမျိုး သုံးပစ္စည်း။

၉။ ရူပဇီဝိတိန္ဒြိယမျိုး

ဆရာတော်။ ။ပြီးတော့ ရူပဇီဝိတိန္ဒြိယ မဟုတ်လား၊ ဣန္ဒြိယ အတ္ထိ အဝိဂတ၊ ပေါင်း ရူပဇီဝိတိန္ဒြိယမျိုး သုံးပစ္စည်း။

မိဿက ပစ္စည်း ၃-မျိုး

ဆရာတော်။ ။ဘာကျန်သေးသတုန်း မျိုးပစ္စည်းများ၊ သုဒ္ဓ, မိဿကလို့ နှစ်မျိုးရှိတဲ့ နေရာမှာ သဟပုရေမိဿက, ပစ္ဆာဟာရမိဿက, ပစ္ဆာဇာတိန္ဒြိယမိဿကလို့ မိဿက သုံးမျိုးရှိတယ်၊ သူတို့လဲ လွယ်ပါတယ်၊ လွယ်အောင် ဒီလို ကြည့်ကြတာပေါ့။

နိဿယ အတ္ထိ အဝိဂတ၊ ပေါင်း သဟဇာတ ပုရေဇာတ မိဿက သုံးမျိုး။

နောက်ဟာက အတ္ထိ အဝိဂတ၊ ပေါင်း ပစ္ဆာဇာတာဟာရမိဿကမျိုး နှစ်ပစ္စည်း။

နောက်တခု အတ္ထိ အဝိဂတ၊ ပေါင်း ပစ္ဆာဇာတိန္ဒြိယမိဿကမျိုး နှစ်ပစ္စည်း။

ကဲ ဦးဉာဏ ဖတ်စမ်းပါ။

ဦးဉာဏ။ ။နိဿယ အတ္ထိ အဝိဂတ၊ ပေါင်း သဟဇာတ ပုရေဇာတ မိဿကမျိုး သုံးပစ္စည်း။ အတ္ထိ အဝိဂတ၊ ပေါင်း ပစ္ဆာဇာတာဟာရ မိဿကမျိုးနှစ် ပစ္စည်း။ အတ္ထိ အဝိဂတ၊ ပေါင်း ပစ္ဆာဇာတိန္ဒြိယ မိဿကမျိုး နှစ်ပစ္စည်း။

ဆရာတော်။ ။အဲဒီ စာအုပ်ထဲမှာလဲ ရန်ကုန်ဆရာတော်က ထည့်ရေးတယ်။ ဒီ ပစ္စည်းများကို လေ့လာထားပါလို့။ ဘုန်းကြီးကတော့ ဒီလိုမဟုတ်ဘူး၊ ရအောင် ကို ကျက်ထားနော် (မှန်ပါ)၊ ဒါတွေရမှ ဦးပဉ္စင်းတို့ ဟိုမှာ လွယ်တော့မပေါ့။ ဒါတွေ အပျင်းပြေလောက် လုပ်နေစရာတွေ မဟုတ်ပါဘူး၊ အင်မတန် အရေးကြီးတဲ့ ကိစ္စတွေလို့ မှတ်ထားစမ်းပါ။

ကဲ... အခု ဦးပဉ္စင်းတို့ ဖတ်ပြီးတာကလေးကိုဘဲ ပြန်ပြီးတော့ လေ့လာ ရအောင်၊ ပြန်ပြီး လေ့လာတဲ့နည်းကို ဘုန်းကြီးပြောမယ်၊ စာကျက်ရင်း စာ လေ့လာပြီး ကိုယ့်ဆီမှာ ဉာဏ်ပညာ ဘယ်လောက်တိုးလာမလဲလို့ သတိပြုရ မယ်။ အခု ဦးပဉ္စင်းတို့ ဘာဖတ်ပြီးပြီလဲလို့မေးလျှင် မျိုးပစ္စည်းတွေ ဖတ်ပြီး သွားတယ် မဟုတ်လား။ နားလည်ပလား ဘုန်းကြီးပြောတာ (မှန်ပါ)၊ ဘုန်း

ကြီး စကားပြောတဲ့အခါ သက်သက်မဲ့ အပျင်းပြေပြောလျှင်သာ၊ ဒါမျိုးတွေ ကျတော့ အပိုသိပ်မထည့်ဘူး။ ဘာတွေ ဖတ်ခိုင်းထားသလဲ မေးလျှင်...

သံယာတော်များ။ ။မျိုးပစ္စည်းတွေ ဖတ်ခိုင်းထားပါတယ်။

မျိုးပစ္စည်း ၉-မျိုး

ဆရာတော်။ ။ကောင်းပြီ။ အဲဒီ ဖတ်ခိုင်းထားတဲ့ မျိုးပစ္စည်းဆိုတဲ့ ပစ္စည်းတွေ လျှောက်ပြီး ဖတ်လိုက်တော့ မျိုးပေါင်း ဘယ်နှစ်မျိုး ရှိသလဲလို့ မေးလာရတယ်နော်၊ မသိသင့်ဘူးလား၊ မျိုးပေါင်း ဘယ်နှစ်မျိုးရှိသလဲလို့ မေးလျှင် လက်ချိုးပြီးတော့ ကိုယ့်စာကလေး ကိုယ်ပြန်ကြည့်ပါလား၊ ရေတွက်ကြည့်လိုက်စမ်းပါ၊ **အာရမ္မဏမျိုး သဟဇာတမျိုး အနန္တရုပမျိုး ပကတူပမျိုး ဝတ္ထုပုရေဇာတမျိုး** တွေ့ကြတယ်နော် (မှန်ပါ)၊ ပြီးတော့ **ပစ္ဆာဇာတမျိုး ဗလဝဒုဗ္ဗလ နာနာက္ခဏိကကမ္မမျိုး ရုပ်အာဟာရမျိုး ရူပဇီဝိတိန္ဒြိယမျိုး** လို့ သုဒ္ဓအနေနဲ့ ဘယ်နှစ်မျိုးရှိသတုန်း။

သံယာတော်များ။ ။၉-မျိုးရှိပါတယ်။

ဆရာတော်။ ။လေ့လာကြစမ်းပါ၊ စာကို ရမ်းပြီး မကျက်ပါနဲ့၊ ယုတ်တမ်းရမ်းတုတ်ဆိုတာမျိုးဟာ ဟန်မကျပါဘူး။ နောက် ဘာမှန်းမသိဘူး ဖြစ်တတ်တယ်။ ဩော်... ပဋ္ဌာန်းကျမ်းများမှာ ကုသလတိုက်အနေနဲ့ မြတ်စွာဘုရား ဟောတော်မူတဲ့ ပဋ္ဌာန်းဒေသနာတော်မှာ ပစ္စည်းတွေက မျိုးပစ္စည်း၏ အစွမ်းအားဖြင့် ၉-မျိုးတောင် ရှိပါသလားလို့ နားလည်တော်မူကြစမ်းပါ။ စာကျက်ရင်း စာကျက်ရင်း ပြောတာ။ ဦးပဉ္စင်းတို့ကို ဒီနေ့စာချပေးမှာ မဟုတ်ဘူး၊ စာဖတ်ခိုင်းမလို့။ ကျက်ကြရမယ် ကြိုးစား ပမ်းစား၊ အခုနေက အပင်ပန်းခံပြီး ကျက်ခဲ့ပါလျှင် ဒီဟာတွေ ရပြီးလို့ ပိုင်လာပြီလို့ဆိုတော့ ဦးပဉ္စင်းတို့ အေးအေးသက်သက် သာသာကလေးနဲ့ ဖြစ်လာပါလိမ့်မယ်။ ၉-မျိုးတဲ့ ဟုတ်လား၊ ပြန်ပြီး လေ့လာပြီး တခေါက် ကြည့်လိုက်ကြစမ်းပါ။

၈-ပစ္စည်း ၉-မျိုး

ရမ်းပြီး စာသင်လို့ မတတ်ဘူးနော် လေ့လာနည်းကလေးနဲ့ဆိုယင် တတ်မြောက်ပါလိမ့်မယ်။ ကဲ... ကြည့်ကြစမ်း အာရမ္မဏမျိုး၊ ပြီးတော့ ဘာမျိုးတဲ့ (သဟဇာတမျိုး)၊ သဟဇာတမျိုး ပြီးတော့ ဘာမျိုးတဲ့ (အနန္တရုပမျိုး) **အနန္တရုပနိဿယခေါ်**တယ်၊ **အနန္တရုပ**

နိဿယဆိုတာ ဘာတုန်း အနန္တရ+ဥပနိဿယနော် သတိနဲ့ နားထောင်နေကြပါ။ လိုအပ်လို့ ပြောနေပါတယ်။

ပြီးတော့ နောက်တမျိုးက ဘာမျိုးတဲ့ (ပကတူပနိဿယမျိုး)၊ အဲ... ပကတူပနိဿယဆိုတာလဲ ပကတ+ဥပနိဿယဆိုတော့ ဥပနိဿယဘဲခေါ်တယ်။ ဒီတော့ အနန္တ-ရူပနိဿယဆိုတာကလဲ ဥပနိဿယမျိုးဘဲ၊ ပကတူပနိဿယဆိုတာလဲ ဥပနိဿယပစ္စည်းဘဲ မဟုတ်လား (မှန်ပါ)၊ အဲဒီ အနန္တရူပနိဿယနဲ့ ပကတူပနိဿယ ခေါင်းဆောင်နာမည်တူ နှစ်ခုပေါင်းလိုက်တော့ ခုတင်က ပြောခဲ့တဲ့ ၉-မျိုးဟာ ဘာဖြစ်သွားမလဲ ၈-ပစ္စည်း၊ နားလည်ပလား (မှန်ပါ)။

ဒါကြောင့်မို့ မျိုး၏ အမည်အားဖြင့် ၉-မျိုးရှိနေတဲ့ တရားကို ပစ္စည်းအနေနဲ့ ရှာလျှင် ဘယ်နှစ်ပစ္စည်းတဲ့၊ ၈-ပစ္စည်းပါ။

ဒါကြောင့် ပဋ္ဌာန်းလောကမှာ အရေးတကြီး ခေါင်းကောက်ပြီး မှတ်ရတယ်ဆိုတာက ၈-ပစ္စည်း ၉-မျိုးဆိုတာ သူဘဲလို့ နားလည်တော်မူကြပါ။ (မှန်ပါ)

၈-ပစ္စည်းဆိုတာ ဘယ်သူတွေလဲလို့မေးလျှင် ပြန်ကြည့်ကြပါ၊ အာရမ္မဏ သဟဇာတ ဥပနိဿယ ဝတ္ထုပုရေဇာတ ပစ္ဆာဇာတ ကမ္မ အာဟာရ ဣန္ဒြိယလို့ ဆိုပြီးတော့ ပစ္စည်းအမည် ၈-မျိုး။

၉-မျိုးကနေပြီးတော့ ၈-ဘာဖြစ်လို့ ဖြစ်သလဲ မှတ်မိစေချင်လို့ ထပ်ထပ်ပြောနေတာ ဘုန်းကြီးက။ အနန္တရူပနိဿယ ပကတူပနိဿယ နှစ်မျိုးတို့သည် ဥပနိဿယတူနေသောကြောင့် ပေါင်းလိုက်တယ်။ ဒီလိုသိအောင် မလေ့လာသင့်ဘူးလား။ ရမ်းပြီးကျက်လို့ မဖြစ်ပါဘူး။

ဥပနိဿယ ၃-မျိုး

ကဲ... တနည်းလေ့လာကြဦးစို့ ကြည့်ကြစမ်း၊ စဉ်းစဉ်းစားစား ကိုယ်ဖတ်ထားတဲ့ စာပေါ်မှာ နည်းပေးမယ်၊ ဒါတွေတော့ အကုန်မပြောဘူး၊ ဦးပဉ္စင်းတို့ လိုချင်တဲ့ပုဂ္ဂိုလ်က လေ့လာအားထုတ်ပါ။

ဥပမာ အခုပြောတဲ့ အနန္တရူပနိဿယမှာပါတဲ့ ဥပနိဿယရယ် ပကတူပမှာပါတဲ့ ဥပနိဿယရယ် ပကတူပနိဿယ ဆိုတာလဲ ဥပနိဿယဘဲလို့ ဘုန်းကြီးပြောနေတယ် မဟုတ်လား (မှန်ပါ)၊ အဲဒီ ဥပနိဿယ ပစ္စည်းသည် ဒီနှစ်နေရာအပြင် ဦးပဉ္စင်းတို့ ခုတင်က ဖတ်လာခဲ့တဲ့အထဲမှာ ဘယ်အမျိုးထဲမှာမျှား ဥပနိဿယ ပစ္စည်းရှိသေးသလဲ။

သံယာတော်များ။ ။အာရမ္မဏမျိုးထဲမှာပါ။

ဆရာတော်။ ။အာရမ္မဏမျိုးထဲမှာ ဘာနာမည်နှင့် သူနေသလဲ။

သံယာတော်များ။ ။အာရမ္မဏူပနိဿယ အမည်ဖြင့် နေပါတယ်။

ဆရာတော်။ ။ကဲ သတိပြုလိုက်စမ်းပါ၊ ဒီအနေကို သိလိုက်လျှင်ဘဲ ပြော်...
ဥပနိဿယပစ္စည်းဆိုတာ အာရမ္မဏူပနိဿယတမျိုး အနန္တရူပနိဿယတမျိုး ပကတူပနိဿယတမျိုး၊ ၃-မျိုးထွက်လာတယ်။

အဲဒီ ဥပနိဿယပစ္စည်းကို သတိကလေးနှင့် နားထောင်ကြစမ်းပါ။ ဟိုစာအုပ်ကြီးထဲက စာကျမ္ဘ ခက်တယ်ပြောလို့ မဖြစ်ဘူး။ ဒါတွေကို နားလည်နေလျှင် ပြီးတာဘဲ၊ အဲဒီ ဥပနိဿယပစ္စည်းကိုဘဲ ပြောတာ။ ကြွင်းတဲ့ ပစ္စည်းတွေမှာလဲ တပစ္စည်း တပစ္စည်းအနေနှင့် ဘယ်အမျိုး ဘယ်အမျိုးဟာ ဘာဝင်နေတယ်ဆိုတာကို လေ့လာရပါတယ်၊ ဦးပဉ္စင်းတို့ တာဝန်တွေပါနော်။

အာဟာရ ၂-မျိုး

ဥပမာ ခပ်ကျယ်ကျယ်ကလေး ပြောပြပါမယ်၊ အာဟာရပစ္စည်းကို သတိပြုကြစမ်းပါ၊ ဘယ်နှစ်နေရာလောက် ပါဝင်နေသလဲ, ဘယ်အမျိုးပစ္စည်းထဲမှာ ပါဝင်နေသလဲလို့ ကြည့်လျှင် သဟဇာတအင်ယ် ခုနစ်ပစ္စည်းထဲမှာ နာမ်အာဟာရအနေနှင့် မပါဘူးလား (ပါပါတယ်)၊ ဟိုနောက်နားကို သွားကြည့်စမ်း ရုပ်အာဟာရလို့ မပါဘူးလား (ပါပါတယ်)၊ ဟော အာဟာရပစ္စည်း ကြည့်လိုက်လျှင် နာမ်အာဟာရ ရုပ်အာဟာရလို့ ဘယ်နှစ်မျိုးတုန်း (နှစ်မျိုးပါ)။

ဒါတွေဟာ ကိုယ်စာရပြီး ကိုယ်လေ့လာလိုက်လျှင် သိမည့်ကိစ္စတွေ မဟုတ်လား။ ကျက်ရုံကျက်ထားပြီး ဘုန်းကြီးအခုမေးတဲ့နည်းကို မလေ့လာခဲ့လျှင်လဲ ဒါ ဘယ့်နှယ်လုပ် သိမလဲ မသိဘူးပေါ့။

ဣန္ဒြိယ ၃-မျိုး

ကဲ... စဉ်းစားစမ်းဦး၊ နောက်တခု၊ နှစ်ပစ္စည်း ပြောပေးလိုက်မယ်၊ ကျန်တာ ကိုယ့်ဟာကိုယ် လုပ်ကြပါ။ ဣန္ဒြိယပစ္စည်းတဲ့ ဘယ်နေရာမှာ တွေ့ရှိသလဲ လေ့လာကြစို့ဆိုတော့ သဟဇာတအင်ယ် ခုနစ်ပစ္စည်းထဲမှာ ကြည့်လိုက်စမ်း၊ ဘာအနေဖြင့် သူဖြစ်နေသလဲ (သဟဇာတိန္ဒြိယ အမည်ဖြင့် ဖြစ်နေပါတယ်)၊ သဟဇာတမျိုးထဲမှာ သူနေတော့ သဟဇာတ+ဣန္ဒြိယ ပေါင်းထားတော့ သဟဇာတိန္ဒြိယပေါ့နော်။

နောက်တမျိုးကြည့်။ ဝတ္ထုမျိုးထဲမှာ သွားကြည့်စမ်း၊ ဘာတဲ့တုန်း သူက (ဝတ္ထုပုရေဏတိန္ဒြိယ)၊ သူလဲ ဣန္ဒြိယပစ္စည်းဘဲ မဟုတ်ပါလား။ ဝတ္ထု ပုရေဏတ+ဣန္ဒြိယကို ပေါင်းလိုက်တော့ ဝတ္ထုပုရေဏတိန္ဒြိယ။

နောက် ရူပဇီဝိတိန္ဒြိယမျိုးထဲ ကြည့်လိုက်စမ်းပါ၊ ရူပဇီဝိတိန္ဒြိယ တွေ့တယ် မဟုတ်လား (မှန်ပါ)၊ ဣန္ဒြိယပစ္စည်းကိုကြည့်လျှင် သုံးမျိုးရှိတယ်။ နောက်ကျတော့ ဘုန်းကြီးတို့က အဲဒါကလေးတွေကို လွယ်လွယ်ကလေးတွေနှင့် တိုတိုကလေးတွေနှင့် နာမည်ပေးခေါ်တယ်။ ဘယ်လိုခေါ်သလဲ... သဟတီ ပုတီ ရူပတီ ပြီးရော။ သူ့နာမည်ကြီးက ရှည်က ရှည်သနဲ့ မခေါ်နိုင်ပါဘူး။ ခုလောကကလဲ ခေတ်အားလျော်စွာ လူတွေ နာမည်ပေးကြတယ်၊ ရှည်လိုက်တဲ့နာမည်ကြီးတွေ တချို့လေးငါးလုံးလောက် မှည့်တယ်၊ တလုံး နှစ်လုံးဆိုလျှင် တော်ရောပေါ့။ ဒီမှာလဲ အခု ခပ်ကျဉ်းကျဉ်းဘဲ၊ သဟဇာတိန္ဒြိယဘဲ သဟတီဆိုလျှင် သူ့ကိုခေါ်တာကိုးလို့ နားလည်ပါ။ ပုတီဆိုလျှင် ဘယ်သူ့ခေါ်တာတုန်း မေးလျှင် ဝတ္ထုပုရေဏတိန္ဒြိယ၊ ရူပတီ- ဆိုတာက ရူပဇီဝိတိန္ဒြိယ။

အခုပြီးတာက ဘာတုန်း ဥပနိဿယ သုံးခုပြီးတယ်။ ပြီးတော့ အာဟာရက (နှစ်မျိုးပါ)၊ ဣန္ဒြိယ (သုံးမျိုးပါ)၊ အဲဒါ လေ့လာကြည့်ပါ။ ဒီကို အမှီပြုပြီးတော့ ကျန်တဲ့ပစ္စည်းတွေက ဘယ်နေရာ ဘယ်နေရာမှာ ရှိတယ်ဆိုတာ ဦးပဉ္စင်းတို့ကိုယ်တိုင် လေ့လာခြင်းဖြင့် ပိုမိုဉာဏ်ကြီးထွားစေတတ်ပါတယ်နော်၊ ဘုန်းကြီးက နည်းပေးရုံဘဲ ဆိုကြပါစို့၊ ရှေ့ကို သုဒ္ဓသင်္ခ်ာဖတ်ဖို့ မလို။

ပဉ္စာဝါရ သုဒ္ဓသင်္ခ်ာဇယားသင်တန်း
အာရမ္မဏသုဒ္ဓသင်္ခ်ာ

အာရမ္မဏပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌- ကာမစိတ်စတုပညာသ၊ ဝိညာဏဋ္ဌာယတနစိတ် သုံးခု၊ နေဝသညာနာသညာယတနစိတ် သုံးခု၊ အဘိညာဉ်ဒွေ၊ လောကုတ္တရာစိတ် ရှစ်ခုအားတပ်သော-ဒီမှာ စာတပိုဒ်ဆုံးတယ်နော်၊ ပြီးတော့ ရှေ့ကို ဘယ်လိုဆက်သလဲ စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်-ဒါက တပိုဒ်။ ဤတရားတို့သည် အာရမ္မဏ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ နဝ။ ထည့်သုံးစမ်း၊ ပစ္စည်းရေ ၁-လို့ ရေးပြီးထည့်လိုက်စမ်းပါနော်... စာအုပ်ထဲတော့ မပါဘူး။

အဲဒီမှာ ရေးထားတာက သင်္ခ်ာ နဝ-ဆိုတယ်၊ နဝလို့-ဆိုတာက ပါဠိသုံးကို မြန်မာပြန်တော့ ၉၊ အဲဒီ နဝ=၉ကို ဘယ်မှာ ရှာမလဲ မေးလျှင် ပဉ္စာဝါရ အနုလုံ သုဒ္ဓသင်္ခ်ာဇယားကိုကြည့်ယင် တွေ့ပါလိမ့်မည်။

အဲဒီဇယားက အင်မတန် အဖိုးတန်တဲ့ ဇယားပါ။ အခုတကြိမ်တင် မဟုတ်ဘူး။ နောင်ကို သူနဲ့စပ်ပြီး သိအပ်တဲ့ အဓိပ္ပါယ်တွေ အများကြီးပါနေခြင်းကြောင့် ဘုန်းကြီး ပြောပြဦးမယ်၊ ဦးစွာပဋ္ဌမ နားလည်အောင်လဲ နားထောင်ပါ။ စာကိုလဲ ဂရုစိုက်ကြည့်ပါ။

ပဏ္ဍာဝါရ အနုလုံ သုဒ္ဓသခ်ၢေဇယားလို့ ဒီလို ရေးထားတာဘဲ၊ အဲဒါ ဇယားရဲ့ ခေါင်းစီးလို့ ခေါ်တယ်၊ နောင်ကို ဒီဇယားမျိုး တွေ့ကြဦးမယ်၊ အပေါ်ဆုံးအတန်းမှာ ကြည့်စမ်း ဘာရေးထားသလဲမေးလျှင် တကွက်တကွက်မှာ (ကုပဒ-၄)၊ ဒုတိယအကွက်ကျတော့ ဘာရေးထားတုန်း၊ (အကုပဒ-၄)၊ တတိယအကွက် (အဗျာကတပဒ-၃)၊ စတုတ္ထအကွက် (ကုဗျာပဒ-၂)၊ နောက်တကွက်က (အကုဗျာပဒ-၂)၊ ပြန်ကြည့်လိုက်စမ်း ၄။ ၄။ ၃။ ၂။ ၂။ ပေါင်းလိုက် ယင် တဆယ့်ငါး (၁၅)။

လုပ်ကြပါ၊ ဒါကလေးတွေ ဦးပဠင်းတို့အလုပ်တွေ၊ ဦးပဠင်းတို့ လုပ်တတ်အောင် နည်းပြောနေတယ်၊ ဂဏန်းတွေ့လျှင် ပေါင်းကြည့်ရမယ်၊ တွက်သင့်တာ တွက်ကြည့်ရမယ်။ ပြန်ကြည့်စမ်း ဘုန်းကြီး တခေါက်ပြန်ဖတ်ပြမယ်။ ကုပဒ-၄။ အကုပဒ-၄။ အဗျာကတပဒ-၃။ ကုဗျာပဒ-၂။ အကုဗျာပဒ-၂။ ပေါင်း ၁၅။

အဲဒီ ၁၅-ခုကို ဘာဖြစ်လို့ သိစေသလဲမေးလျှင် ဦးပဠင်းတို့ကို နောင်အခါမှာ အတိုင်းမသိ ကျေးဇူးများမည့်စကားမို့လို့ ဒီမှာ အဖတ်ခိုင်းထားတာ၊ ပါဠိတော် ကျေးဇူးများတာတွေ ပေါ်လာမယ်။

ပဏ္ဍာဝါရ ကုသလတိက်ဟောနည်း ၁၅

အခုနေက သိရုံပြောလို့ရှိလျှင် ဒီ ၁၅-သည် ဘာလဲလို့ မေးလျှင် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်သည် ပဋ္ဌာန်းကျမ်းကြီးကို သုံးသပ်ပြီး ဟောတော်မူတဲ့အခါ ကုသလတိက် ပဏ္ဍာဝါရပဋ္ဌာန်းကျမ်းအတွက် ဟောပုံ ဟောဟန် ဟောနည်းဟာ ၁၅-မျိုးသာ ရှိတယ်၊ အထက်တိက်တွေကျတော့ မကဘူးနော်၊ ၂၀-၃၀-ကျော်ချင်လဲ ကျော်ထွက်သွားတယ်။

ကုသလတိက် ပဋ္ဌာန်းကျမ်းအနေနဲ့ကြည့်လျှင် ဟောပုံ ဟောနည်း ဟောဟန် ဘယ်လောက်ရှိရမယ် (၁၅-မျိုးပါ)။

ဒီထက်မပိုဘူး၊ ဒီထက် လျှော့တဲ့ပစ္စည်းက လျှော့တယ်၊ နည်းတဲ့ပစ္စည်းက နည်းတယ်၊ အများဆုံး ၁၅-ဘဲရှိတယ်။ အဲဒါကြောင့် နောက် ပစ္စနိုက်တို့ ဘာတို့ကျတော့ နဟေတုယာ ပန္နရသ လို့ဆိုပြီး မြတ်စွာဘုရားက ဟောတယ်၊ အဲဒီ ပန္နရသ-က ဘယ်သူလဲ မေးလျှင် အခု ဖတ်ခိုင်းတဲ့ ၁၅-မျိုးဘဲ။

ကျိုးပစ္စည်းများ	ကုပဒ-၄				အကုပဒ-၄				ဗျာပဒ-၃			ကုဗျာ-၂		အကုဗျာ-၂		ကျင်ဆင
	ဘ	ဓမ္မ	သင်	ကိလေသ	ဘ	ဓမ္မ	သင်	ကိလေသ	ဘ	ဓမ္မ	သင်	ဘ	ဓမ္မ	ကိလေသ	ဓမ္မ	
	ဘ	=	=	=	ဘ	=	=	=	ဘ	=	=	ကိလေသ	=	ကိလေသ	=	
အာရမ္မဏ-ပကတ္တ	॥	॥	॥		॥	॥	॥		॥	॥	॥					၉
အာဓိ-အာရမ္မဏ	॥	॥	॥		॥				॥	॥	॥					၂
အာပု-ဝတ္ထာ-ဝတ်ပု									॥	॥	॥					၃
အာပုဓိ-ဝတ္ထာဓိ											॥					၁
သဟဇေယ်-၇	॥		॥	॥	॥		॥	॥	॥							၇
အညမညံ	॥				॥				॥							၆
ဝိပါ-ပုတိ်-ရူပ်ဟာ-ရူပတိ်									॥							၁
သဟဝိပ်-ပစ္စာ			॥				॥		॥							၂
သဟကြီး ၄	॥		॥	॥	॥		॥	॥	॥				॥		॥	၉
အနန္တရ	॥		॥		॥		॥		॥	॥	॥					၇
အာသေဝန	॥				॥				॥							၂
အနန္တရကမ္မ			॥													၁
ဗလဝကမ္မ-နာနာကမ္မ			॥				॥									၂
သဟပုရေမိသက													॥		॥	၂
ပစ္ဆာဟာ-ပစ္ဆက္ကံမိသက													॥		॥	၂

ကာလခေါ်ကြောင်း ၅ ပုဒ်ကြီး

ကာလခေါ်ကြောင်း ၅ ပုဒ်ကြီး

ဇယားကြည့်နည်း

ကဲကဲ... ပြန်ကြည့်ကြပါဦး တခေါက်၊ ကုပဒ ၄-ဆိုတဲ့ အကွက်ကလေးကို ကြည့်ကြစမ်း၊ အခုတော့ နှစ်ကြောင်း ခွဲကြည့်ရတယ်နော်၊ အထက်တကြောင်း အောက်တကြောင်း ပေါင်းပြီးကြည့်ကြပါ။ ၄-ကွက်တို့တွင် ပဌမဆုံးအကွက်မှာ စာလုံးကလေး နှစ်ခုရောထားတယ်၊ တကွက်တခုစီ။ ပဌမအကွက်က ကု၊ ဒုတိယအကွက်ကလဲ ကု-ဘဲ၊ မျက်နှာချင်းဆိုင်ရှိနေတာ ပြောတာ။ ကု-ကု လို့ ကြည့်ရမယ်။ နောက်တကွက် ဆုတ်လိုက်တော့မှ ပုဒ်မကလေး ပြထားတာက အပေါ်ကအတိုင်းဆိုတော့ ကုပေါ့။ ဟိုဘက်က ဘာရှိသလဲ (အကု-ရှိပါတယ်)။ တတိယကျတော့ ပုဒ်မပြလျှင် ကု-ဘဲ မဟုတ်လား၊ အပေါ်က ဘာရှိသလဲ (ဗျာရှိပါတယ်)၊ ဒါ မျက်မြင်စာလုံးကို ပြောနေတာ။ စတုတ္ထအကွက်ကျတော ပုဒ်မပြတာက ကု။ ဟိုဘက်က ဘာရှိသလဲ (ကု-ဗျာ)။

အဲဒီလို သိပြီးတဲ့နောက် ဒီအသုံးကို ဘယ်လိုသုံးမလဲ မေးလျှင် ပဋ္ဌာဝါရမှာ မြတ်စွာဘုရား ဟောတော်မူတဲ့အခါမှာ ဒေသနာတော်တွေကို ဟောပုံ ဟောနည်းက နောင်တော့လဲ တမျိုးတဖုံ သိစရာတွေ အများကြီး ရှိပါတယ်။ အခု သိရုံပြောမလို့။ ရှေ့ပုဒ်ကို ကတ္တားထားပြီး နောက်ပုဒ်ကို သမ္မဒါန်ထားတယ်။ ကတ္တား,သမ္မဒါန် ဟောတယ်လို့ ပြောကြပါစို့နော်။ ပြည့်ပြည့်စုံစုံတော့ နောက်မှ သိရမယ်။

ဒီတော့ ရှေ့ပုဒ်ဆိုတာက ဘာတုန်း၊ ပဌမဆုံးတွေ့တဲ့ ကု-ကလေးက (ကတ္တား)၊ နောက်တွေ့တဲ့ ကု-ကလေးကတော့ (သမ္မဒါန်ပါ)၊ အဲဒါ ကတ္တား သမ္မဒါန်၊ ဦးပဉ္စင်းတို့ ဒီအခြေအနေရောက်တော့ သိနေတော့ ကတ္တားက ဘာလုပ်မတုန်းမေးယင် ကုသလော-ပေါ့။ သမ္မဒါန်ကတော့ (ကုသလဿ-ပါ)၊ ကုသလော ကုသလဿ သွားဖြစ်တယ်။

ဒီတော့ ဘယ်လိုနေသင့်သလဲမေးလျှင် လေးကွက်စလုံးကိုကြည့် ကုသလော ကုသလဿ တချက်၊ ကုသလော အကုသလဿ တချက်၊ ကုသလော အဗျာကတဿ တချက်၊ နောက်ပြီးတော့ ကုသလော ကုသလဗျာကတဿ-တချက်။

ထိုနည်းတူစွာ အကုသလပဒလေးကွက်မှာလည်း ဒီအတိုင်းသွားပါ။ ဒီတော့ ဘယ်လိုရှိမလဲ... အကုသလော အကုသလဿ, အကုသလော ကုသလဿ, အကုသလော အဗျာကတဿ, အကုသလော အကုသလာဗျာကတဿ-လို့ လေးချက်ရှိမှာဘဲ။

ဒီကနောက် အဗျာကတသုံးချက်ကြည့်ပြန်တော့ အဗျာကတော အဗျာကတဿ, အဗျာကတော ကုသလဿ, အဗျာကတော အကုသလဿ ၃-ချက် ရှိမှာဘဲ။

ကုဗျာပဒနှစ်ချက် ကြည့်လိုက်စမ်း... ကုသလာဗျာကတော ကုသလဿ, ကုသလာ-ဗျာကတော အဗျာကတဿ နှစ်ချက်။

နောက်တကွက် အကုသလာဗျာကတော အကုသလသ, အကုသလာဗျာကတော အဗျာကတသ။

ဒီအကွက် ရောက်လာလျှင် ဒီအတိုင်း ဆိုရမှာချည်းဘဲ၊ နားလည်လောက်ပြီ မဟုတ်လား။ နားလည်လျှင် အောက်ကတကြောင်း လက်ရင်းနားက ကပ်နေတဲ့ စာလုံးကလေး နှစ်လုံးကို ဆက်ကြည့်စမ်းပါ ဘာတဲ့တုန်း။

သံယာတော်များ။ ။အာ ဥပ။ (အာရမ္မဏ ပကတူပ)

ဆရာတော်။ ။အာဆိုတာ အာရမ္မဏပစ္စည်း၊ ဥပ ဆိုတာက ဥပနိဿယပစ္စည်း။

အဲဒီ အာရမ္မဏပစ္စည်းနှင့် ဥပနိဿယပစ္စည်းဟာ သင်္ချာအရတူလို့ ပေါင်းထားပါတယ်၊ ခုတင်က အာရမ္မဏက သင်္ချာဘယ်လောက်တဲ့တုန်း (နဝ-ပါ)။

သူနှင့်တည့်တည့်မှာ လျှောက်ကြည့်စမ်းပါ၊ သူရနိုင်တဲ့ နေရာကလေးတွေကို ပုဒ်မကလေးတွေ ပြထားတယ်၊ သတိပြုကြည့်ပြီး နားထောင်စမ်းပါ ဘုန်းကြီး ပြောပြမယ်။

ကုသလပဒ ၄-ချက်တို့တွင် စတုတ္ထအကွက်မှာ ပုဒ်မ မရှိဘူး၊ ကျန်တဲ့ သုံးကွက်မှာ ရှိတယ်။ ဒီတော့ ဘယ့်နှယ်ဆိုမလဲ၊ သင်္ချာမှာ ကုသလော ကုသလသ, ကုသလော အကုသလသ, ကုသလော အဗျာကတသ ဒီတွင် ရမှာပေါ့၊ ၄-နံပါတ်အကွက် မရဘူးနော် (မှန်ပါ။)

ထိုနည်းတူစွာ အကုသလပဒ ၄-ကွက်ရှိရာမှာလဲဘဲ စတုတ္ထအကွက် ရရဲ့လား (မရပါ။) ဒီတော့ အကုသလော အကုသလသ, အကုသလော ကုသလသ, အကုသလော အဗျာကတသ ဒီလိုရမယ်။ ကိုယ်နှင့်သက်ဆိုင်တဲ့ အကွက်ကို ရွေးယူပါနော် (မှန်ပါ)။

အဗျာကတပဒကျတော့ ၃-ကွက်စလုံးရတယ် (မှန်ပါ)။ ဒီတော့ ကုပဒ-က ၃၊ အကုပဒ-က ၃၊ အဗျာကတပဒ-က ၃၊ ပေါင်းလိုက်တော့ (၉-ခုပါ)။

ဒီတော့ ခုတင်က ဟိုက ဆိုထားတာကို ဒီက ဘယ်လိုလုပ် ဖြေမလဲမေးတော့ သင်္ချာ နဝ။ ပစ္စည်းရေ ၁-တည်းလို့ ခုတင်က ဒီလို ဆုံးတယ်မဟုတ်လား (မှန်ပါ)။ နဝ-ဟူသော်ကား... ကုသလော ကုသလသ, ကုသလော အကုသလသ, ကုသလော အဗျာကတသ၊ အကုသလော အကုသလသ, အကုသလော ကုသလသ, အကုသလော အဗျာကတသ၊ အဗျာကတော အဗျာကတသ, အဗျာကတော ကုသလသ, အဗျာကတော အကုသလသ ဆုံးရော မဟုတ်လား၊ ဟူသည်တည်းလို့ ဖြတ်လိုက်နော်။ ပြီးတော့မှ ပစ္စည်းရေ ၁-ဟူသော်ကား အာရမ္မဏ ဟူသည်တည်းလို့ ဒီလိုဆိုပေါ့ ဟုတ်လား (မှန်ပါ)။

အာရမ္မဏပစ္စည်း၏ သုဒ္ဓသင်္ခ်ာ

ဆရာတော်။ ။ဦးသူရိယ ဖတ်စမ်း။

ဦးသူရိယ။ ။အာရမ္မဏပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရဋ္ဌ-ကာမစိတ် စတုပညာသ ဝိညာ-ဏဋ္ဌာယတနစိတ် သုံးခု နေဝသညာနာသညာယတနစိတ် ရှစ်ခုအား တပ်သော စိတ်တခုယုတ်ကိုးဆယ် စေတသိက် ဒွေပညာသ ရူပ်အဋ္ဌဝီသ နိဗ္ဗာန်၊ ဤတရားတို့သည် အာရမ္မဏပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ နဝ။ ပစ္စည်းရေ ၁-ဟူသည်တည်း။

သင်္ခ်ာ နဝ-ဟူသော်ကား ကုသလော ကုသလဿ, ကုသလော အကုသလဿ, ကုသလော အဗျာကတဿ၊ အကုသလော အကုသလဿ, အကုသလော ကုသလဿ, အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ, အဗျာကတော ကုသလဿ, အဗျာကတော အကုသလဿ ဟူသည်တည်း။ ပစ္စည်းရေ ၁-ဟူသော်ကား အာရမ္မဏ ဟူသည်တည်း။

အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပ သုဒ္ဓသင်္ခ်ာ

ဆရာတော်။ ။ပြီးသွားရောနော်။ အောက်နားက တပုဒ်ကြည့်စမ်း။ စာရေးထားပုံနဲ့ ကျက်ဖို့ရာကလေးတွေ လွယ်ကူအောင် ညွှန်ပြတယ်။ စာရေးထားတာက 'အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယဋ္ဌ ဒီလို မဟုတ်လား (မှန်ပါ)။ ရှေ့ တပစ္စည်းကိုသာ ဆိုလိုက်ပေါ့ ကျန်တဲ့ပစ္စည်း ရနိုင်တယ်လို့ ဉာဏ်ကသိ။ အာရမ္မဏာဓိပတိပစ္စည်းဋ္ဌ ခုတင်က အာရမ္မဏပစ္စည်းကို မှီပြီးတော့ ဆိုပါ။ ဋ္ဌ-လို့ ဆိုထားပေမဲ့ အပြည့်အစုံ- 'သုဒ္ဓသင်္ခ်ာဝါရဋ္ဌ' ဒီလိုထိအောင် သွားပါ။ ဘာတဲ့...

သံယာတော်များ။ ။အာရမ္မဏာဓိပတိပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရဋ္ဌ...

ဆရာတော်။ ။အားလုံး ဘယ်ပစ္စည်းနဲ့တွေ့တွေ့ ဒီအတိုင်း 'သုဒ္ဓသင်္ခ်ာဝါရဋ္ဌ'လို့ ထည့်ထည့် ဆိုစမ်းပါ။ မှတ်ထားစမ်းပါ။ ကဲ သတိပြု-အလေးအမြတ် ပြုတတ်သော လောဘမူစိတ်ရှစ်ခု မဟာကုသိုလ်စိတ်ရှစ်ခု မဟာကြိယာ ဉာဏသမ္ပ-ယုတ်စိတ်လေးခု လောကုတ္တရာစိတ်ရှစ်ခုအား တပ်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရူပ် အဋ္ဌာရသ ဒေါသမူဒွေ မောဟမူဒွေ ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်သော စိတ်ရှစ်ဆယ့်လေးခု၊ ဒေါသ ဣဿာ

မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာ ကြည်သော စေတသိက် လေးဆယ့်ခုနစ်ခု၊ နိဗ္ဗာန်၊ (ဤတရားတို့သည်လို့ ထည့်ပါနော်) အာရမ္မဏာဓိပတိပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ သတ္တ။ ပစ္စည်းရေ ၃-ဟူသည်တည်း။

ဒီလို ဖတ်ကျက်ပါနော်... ကဲ သင်္ခ်ာသတ္တကို အရင်ရအောင် ခုတင်က ပဥ္စာဝါရ အနုလုံသုဒ္ဓသင်္ခ်ာ ဇယားသွားကြည့်။ ဘယ်အတန်းကို ကြည့်မလဲလို့ မေးရင် အောက်နားက **အာဓိ အာရမ္မဏူ**လို့ ရေးထားတဲ့ အတန်းကိုကြည့်၊ တွေ့ကြရဲ့လား (မှန်ပါ)။

ခုတင်တုန်းက အာရမ္မဏာတုန်းကတော့ ၉-ချက်မဟုတ်လား၊ စာကျက်ရာမှာ လွယ်ကူတဲ့ နည်းကလေးတွေကို သတိထားပြီး ကြည့်ရမယ်။ ၉-ခုဆိုတာ ကု၃-ချက် အကု ၃-ချက် အဗျာ ၃-ချက်လို့ ပြောတယ်မဟုတ်လား။ အခု ဒီမှာ သတ္တဖြစ်တယ်။ ၇-ချက်ဆိုတော့ ၉-ထဲမှာ ၇-ဖြစ်အောင် ဘယ်လောက် လျော့သွားရသတုန်းဆိုရင် ၂-ခု လျော့သွားပါတယ်။ အခုတင်က ၉-ရလို့ရှိယင် အခု ၇-ခုက ရပြီးသားဖြစ်အောင်မေးလျှင် အကုပဒ နောက် ၂-ချက် ဖြုတ်ပစ်လိုက်။ ကုသလ- ပဒ အစ ၃-ကွက်၊ အကုသလပဒ ပဌမကွက်၊ အဗျာကတပဒ ၃-ကွက် (မှန်ပါ)။ ဟုတ်ကြရဲ့လား။ လောဘတကြီးနဲ့ ဟိုလှမ်း ဒီလှမ်း မလုပ်နဲ့၊ တခုတခုကို မိမိ ရရ ပိုင်ပိုင်နိုင်နိုင် ကျေကျေညက်ညက်ဖြစ်အောင် ကျက်ရမယ်။

ဒီတော့ ခုတင်က နဝ-ရပြီးလျှင် ဒီသတ္တကို ရပြီးသားဉာဏ်နဲ့ ဖတ်... နော်။ ဒါကြောင့် သင်္ခ်ာသတ္တ ဟူသော်ကား ကုသလော ကုသလဿ, ကုသလော အကုသလဿ, ကုသလော အဗျာကတဿ ၃-ချက်။ ပြီးတော့ကော (အကုသလော အကုသလဿပါ)၊ အကုမှာ ဒီတချက်တည်း ရတယ်နော်။ အဗျာကတကို ခုတင်ကလိုဘဲ အဗျာကတော အဗျာကတဿ, အဗျာကတော ကုသလဿ, အဗျာကတော အကုသလဿ... ဟူသည်တည်းပေါ့နော် (မှန်ပါ)။

ကဲ လက်ရင်းပြန်ခဲ့စမ်းပါ။ ပစ္စည်းရေ ၃-ဟူသော်ကား-တွေ့ရဲ့လား (မှန်ပါ)၊ သူ့မှာ ရှိတာက အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပနိဿယ ၂-ပစ္စည်းရှိတယ်၊ မျိုးသည် အာရမ္မဏာ မျိုး ဖြစ်ခြင်းကြောင့် အာရမ္မဏာ တပစ္စည်းထည့်၊ ၃-ပစ္စည်း ဖြစ်ကရောပေါ့။ ဒီတော့ ပြည့်ပြည့်စုံစုံ ဆိုလျှင်တော့ အာရမ္မဏာ အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ ဒီလို ကျက်ရလိမ့်မယ်။

ဒီတော့ လွယ်တဲ့နည်းနှင့် ဘုန်းကြီးပြောနေတော့ လွယ်တဲ့နည်းနှင့် ကျက်လိုက်တော့ ပစ္စည်းရေ ၃-ဟူသော်ကား အာရမ္မဏာ အဓိပတိ ဥပနိဿယဟူသည်တည်း-ဆိုလျှင် ပြည့်စုံရောပေါ့နော်။

ဆရာတော်။ ။'သုဒ္ဓသန္ဓာဝါရ'' ဆိုပြီးတော့ အလေးအမြတ် ပြုတတ်သော လောဘမူစိတ် မဟာကုသိုလ်စိတ်တို့... ဒီလိုဆိုသွားကြပါ။ စိတ်ကလေး ပါသွားပါစေ... ဟုတ်လား (မှန်ပါ)၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် လောကုတ္တရာစိတ်-စိတ်ဆိုတဲ့ အသံကလေးတွေ ပါပါစေ၊ စာအုပ်ထဲမှာ မပါပေမဲ့ ထည့်ပြီး ကျက်စမ်းပါ။

အဲဒါကို နောက်တော့ ဘုန်းကြီးက သုံးတဲ့အခါ အာဓိလို့ဆိုယင် သူဘဲလို့ နားလည်ကြနော်။

နောက်တပုဒ် ကြည့်စမ်း... 'အာရမ္မဏပုရေဇာတ အာရမ္မဏပုရေဇာတတ္ထိ အာရမ္မဏပုရေဇာတအဝိဂတ' လို့ ဒီလို ရေးထားတယ် မဟုတ်လား (မှန်ပါ)၊ ရှေ့တခု ဆိုလိုက်ကြပါ။ အာရမ္မဏပုရေဇာတပစ္စည်း၏ သုဒ္ဓသန္ဓာဝါရ တွေ့ကြတယ်နော် (မှန်ပါ)၊ ဘာတဲ့တုန်း။

အာရမ္မဏပုရေဇာတသုဒ္ဓသန္ဓာ

အာရမ္မဏပုရေဇာတပစ္စည်း၏ သုဒ္ဓသန္ဓာဝါရ- ကာမစိတ် စတုပညာသ ဒိဋ္ဌစက္ခု ဒိဋ္ဌသောတအဘိညာဉ်အား တပ်သော ပစ္စုပ္ပန် နိပ္ဖန္နရူပ် အဋ္ဌာရသ၊ ဤတရားတို့သည် အာရမ္မဏပုရေဇာတ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သန္ဓာ တီဏိ။ ပစ္စည်းရေ ၄-ဟူသည်တည်း။

ကဲ သန္ဓာ တီဏိဇယား[1]ကို သွားကြည့်၊ ဘုန်းကြီး ဒီက ပြောလိုက်မယ်၊ ပြီးပါတယ်။ သို့ပေမဲ့ ဇယား[1]ကို နောက်ကြည့်တတ်အောင်သာ၊ အာပုဝဏ္ဏာ ဆိုတာ သွားကြည့်။ ဘာရှိ သလဲမေးလျှင် တီဏိ-အရ အဖြေဟာ ၃-ခု ဖြစ်ရမယ်မဟုတ်လား၊ ဘယ်မှာလဲမေးလျှင် ဗျာပဒ ၃-ချက်ရပါတယ် ဒါဘဲ။ ဒီ ၃-ချက်က ခုတင်က ပြောခဲ့တာတွေမှာ ပါပြီးသား မဟုတ်လား (မှန်ပါ)။

ဒီတော့ အသစ်မကျက်ရပါဘူး။ လေ့လာပြီး သတိနှင့် မှတ်သွားလျှင် စာတွေဟာ အများကြီးကျက်စရာ မရှိဘူး။ ဖတ်သည်-တတ်သည်-ဘဲ။ ရှေ့ပိုင်းက တွေ့တာကို တကယ်တန်း ကျေညက်အောင် ကြိုးစားရမယ်ဆိုတာ သတိထားပါ။

အဲဒါကြောင့် သန္ဓာ တီဏိ ဟူသော်ကား... အဗျာကတော အဗျာကတသ, အဗျာကတော ကုသလသ, အဗျာကတော အကုသလသ ဟူသည်တည်း၊ ပြီးရောပေါ့နော်။

၁။ ဤကျမ်း နှာ ၂၃-ရှိ ပဋ္ဌာဝါရ အနုလုံ သုဒ္ဓသန္ဓာ ဇယားကိုကြည့်။

ပစ္စည်းရေ ၄-ဟူသော်ကား ခုတင်ကလိုဘဲ သူက အာရမ္မဏမျိုး ဖြစ်နေတော့ အာရမ္မဏ တပစ္စည်းကိုတော့ ထည့်လိုက်ရုံဘဲ။

ဒီတော့ ပစ္စည်းရေ ၄-ဟူသော်ကား အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတဟူသည် တည်း။ ပြီးရောမဟုတ်လား (မှန်ပါ)။

ဝတ္ထာရမ္မဏပုရေဇာတနိဿယသုဒ္ဓသင်္ခ်ာ

ဆရာတော်။ ။ပြီးတော့တမျိုး ဝတ္ထာရမ္မဏ ပုရေဇာတနိဿယ မဟုတ်လား၊ ဝတ္ထာ ရမ္မဏပုရေဇာတနိဿယပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌... နာမည်ကြီးက ရှည် လိုက်တာ။ နောက်တော့ အဲဒါကို ဘုန်းကြီးက ဝတ္ထာ-လို့ ခေါ်တယ်။ ခုတင် ကပြီးတာကလေးတွေတော့ အာပု- လို့ခေါ်တယ်။ နာမည်တို့ သုံးစွဲနည်းလို့ မှတ်ထားကြ ဟုတ်လား (မှန်ပါ)။

ဆရာတော်။ ။အာရမ္မဏပုရေဇာတကို ဘယ်လိုခေါ်မလဲ။

သံယာတော်များ။ ။အာပုခေါ်ပါတယ်။

ဆရာတော်။ ။ဒီဟာကျတော့ ဝတ္ထာ-နော်။ နောက် ဒီနာမည်ကို သုံးမည်။ ဒီအသံကြားလျှင် ဒီတရားဘဲလို့ နားလည်ပါ။

ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌- မနောဒ္ဓါရာ-ဝဇ္ဇန်း မရဏာသန္နဇော ငါးချက် တဒါရုံအားတပ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် တဆယ့်ခုနစ်ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။

သိပ်အဖိုးတန်ပါတယ်၊ ဦးပဉ္စင်းတို့ နောင်ကို ကြီးပြင်းလာလေ ဒါကလေးတွေက ဘယ်လောက် တန်ဖိုးရှိတယ်ဆိုတာ ဒီထက် လိုက်စားလေ သိလေလေ ဖြစ်ပါမယ်။ ဧကန် မုချ ကျေနိုင်သမျှ ကျေအောင် ကျက်ကြစမ်းပါ။ ဘာမှလဲ မမျှားပါဘူး။ သဘာဝအဓိပ္ပါယ် တွေ အခုလိုသိ၊ သိစရာ အဓိပ္ပါယ်တွေလည်း ပြည့်လို့။ ဘာတဲ့...

မနောဒ္ဓါရာဝဇ္ဇန်း (ပ) ဟဒယဝတ္ထု၊ ဤတရားတို့သည် ဝတ္ထာရမ္မဏပုရေဇာတ-နိဿယပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ တီဏိ။ ပစ္စည်းရေ ၆ ဟူသည်တည်း။

သင်္ခ်ာတီဏိက ခုတင်က အတိုင်းဘဲ၊ ဗျာ ၃-ချက် ဆိုလိုက်ပါ။ နားလည်အောင် နားထောင်နော်။

ပစ္စည်းရေ ၆ ဟူသော်ကား ခုတင်က အာ-ပုမှာ ၄-ပစ္စည်းရတယ် မဟုတ်လား (မှန်ပါ)၊ သတိကလေးနှင့် နားထောင်။ အာရမ္မဏ ပုရေဇာတ အတ္တိ အဝိဂတလို့ ရတယ်။ ဒီမှာ ၆-ပစ္စည်းဆိုလျှင် တိုးဖို့ ဘယ်လောက်လိုသလဲ မေးလျှင် (၂-ခုလိုပါတယ်)။ အဲဒီ လို နေတဲ့ ပစ္စည်းက ဘယ်သူလဲလို့ မေးလျှင် နိဿယ ဝိပွယုတ္တတဲ့ မှတ်ထားပါ ဟုတ်လား (မှန်ပါ)၊ အာ-ပု-၄-ပစ္စည်းပေါ်တွင် နိဿယနှင့် ဝိပွယုတ္တထည့်က ဝတ္ထာတရားဖြစ်တယ်။ ဝတ္ထာရမ္မဏပစ္စည်း ဖြစ်တယ်။ ဒါကြောင့်—

ပစ္စည်းရေ ၆-ဟူသော်ကား အာရမ္မဏ နိဿယ ပုရေဇာတ ဝိပွယုတ္တ အတ္ထိ အဝိဂတ ဟူသည်တည်း။

အာပုမိ သုဒ္ဓသင်္ခ်ာ

ဆရာတော်။ ။နောက်တပုဒ် အာရမ္မဏပုရေဇာတာဓိပတိ ခေါ်တယ်၊ အာပုဓိလို့ အကျဉ်းမှတ်။ ဆိုတော့ နှုတ်က အာရမ္မဏ ပုရေဇာတာဓိပတိလို့ဆို။

အာရမ္မဏ ပုရေဇာတာဓိပတိပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌- အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ရှစ်ခုအား တပ်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရူပ် အဌာရသ၊ ဤတရားတို့သည် အာရမ္မဏ-ပုရေဇာတာဓိပတိ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ ဧကံ။ ပစ္စည်းရေ ၆-ဟူသည်တည်း။

ဧကံ ဆိုတာ ခုတင်က ဗျာ ၃-ချက်အနက် နောက်ဆုံးအချက် ဖြစ်တယ်၊ ဒီတော့ ဘယ့်နှယ်ထုတ်မတုန်း။ သင်္ခ်ာ ဧကံဟူသော်ကား အဗျာကတော အကုသလဿ ဟူသည်တည်း။

ပစ္စည်းရေ ၆-က ခုတင်ကလဲ ၆-ဘဲ အခုလဲ ၆-ဘဲ၊ ဘာထူးသလဲမေးလျှင် ခုတင်က ၆-ပစ္စည်း အာပု ၄-ပစ္စည်းပေါ် ဘာထည့်ထားသတုန်း။

သံယာတော်များ။ ။နိဿယနှင့် ဝိပွယုတ္တ ထည့်ထားပါတယ်။

ဆရာတော်။ ။အခုတော့ အဓိပတိနှင့် ဥပနိဿယ ထည့်ပါ။

အဲဒါကြောင့်—

ပစ္စည်းရေ ၆-ဟူသော်ကား အာရမ္မဏ အဓိပတိ ဥပနိဿယ ပုရေဇာတ အတ္ထိ အဝိဂတ ဟူသည်တည်း။

ဝတ္ထာမိ သုဒ္ဓသင်္ချာ

ဆရာတော်။ ။နောက်တပုဒ်က ဝတ္ထာမိ-နော်၊ ဝတ္ထာရမ္မဏ ပုရေဇာတာမိပတိ ပစ္စည်းလို့ အရှည်ခေါ်။

ဝတ္ထာရမ္မဏ ပုရေဇာတမိပတိပစ္စည်း၏ သုဒ္ဓသင်္ချာ ဝါရ၌ အလေး အမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇော ငါးချက်အား တပ်သော အလေးအမြတ်ပြုအပ်သော စုတိစိတ်မှ ပြန်၍ရသော် တဆယ့်ခုနစ်ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ ဤတရားတို့သည် ဝတ္ထာ-ရမ္မဏ ပုရေဇာတာမိပတိပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ချာ ၉ကော်။ ပစ္စည်းရေ ၈-ဟူသည်တည်း။

၉ကော်-ခုတင်က အတိုင်းဘဲ။ ပစ္စည်းရေ ၈-ဆိုတာက အာရမ္မဏာမျိုး ၈-ပစ္စည်းဘဲ စောစောက ဖတ်ထားတဲ့အတိုင်းဆို။ ဦးဉာဏဝရ ထပ်ပြီးဖတ်စမ်း။

ဦးဉာဏဝရ။ ။ဝတ္ထာရမ္မဏ ပုရေဇာတာမိပတိပစ္စည်း၏ သုဒ္ဓသင်္ချာ ဝါရ၌- (၀) သင်္ချာ ၉ကော်။ ပစ္စည်းရေ ၈-ဟူသည်တည်း။

သင်္ချာ ၉ကော်ဟူသောကား အဗျာကတော အကုသလသဿ ဟူသည်တည်း။ ပစ္စည်းရေ ၈-ဟူသော်ကား အာရမ္မဏာ အဓိပတိ နိဿယ ဥပနိဿယ ပုရေ-ဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ-ဟူသည်တည်း။

ဆရာတော်။ ။အာရမ္မဏာမျိုး သုဒ္ဓသင်္ချာဝါရ၊ အာရမ္မဏာမျိုး ပြီးပါပြီ၊ တွက်ကြည့်ယင် ၆-ခုနော်။

ဟေတုပစ္စည်း သုဒ္ဓသင်္ချာဝါရ

နောက်တပုဒ်က ဟေတုပစ္စည်း အားလုံးကြည့်ထားကြစမ်းပါ။ ဒီတပုဒ်ဖတ်ပြီးရင်တော်ပြီ။

ဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌-သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ် ၆-ပါး၊ ဤတရားတို့သည် ဟေတုပစ္စည်း တပ်သော တရားတို့မည်ကုန်၏။ သင်္ချာ သတ္တ။ ယထာရဟ ပစ္စည်းရေ လတ် ကြီး ၈-နှင့် မိ ကံ ဣ ပေါင်း ၁၂-ဟူသည်တည်း။

အခု ဘုန်းကြီးဖတ်တဲ့အတိုင်း ဦးပဉ္စင်းတို့ ရအောင်ကျက်နော်၊ (မှန်ပါ)။ အဲဒီအတိုင်း ကျက်လို့ အဲဒီအတိုင်းရမှ ဘုန်းကြီးပေးထားတဲ့ နည်းတွေနှင့် ဟိုမှာ အဆင်သင့်ဖြစ်သွား

မယ်။ ဘယ်လောက်ကောင်းမယ် ဘယ်လောက် ကျေးဇူးများမယ်ဆိုတာတွေဟာလဲ ဦးပဌွင်းတို့ နောက်တော့ ဒါတွေရပြီး သင်ကြားလာတဲ့ အခါကျတော့ ပေါ်လာမှာပေါ့။ ဘုန်းကြီးခုကတည်းက ပြောရတာ တချို့က မယုံတဝက် ယုံတဝက် ရှိချင်ရှိမယ်။ ကျေနေအောင် ကျက်ပါလို့လဲ တိုက်တွန်းပါတယ်။ ပြန်ပြီးနားထောင်စမ်း တခေါက် (ပြန်ဖတ်သည်)။

ကဲ သင်္ချာ သတ္တတဲ့ ဇယား[1] ကြည့်စမ်း။ ဘာတွေရမလဲဆိုတာ သတိပြုပြီးကြည့်။ ဘုန်းကြီးက ပြောပြမယ်။ ကုသလပဒ ၄-ချက်လို့ ရှိတယ်မဟုတ်လား။ ဒုတိယအချက် မရဘူး။ ကျန်တဲ့ ၃-ချက်ရတယ်။ အကုသလပဒ ၄-ချက်ကလဲ ထို့အတူဘဲ ဒုတိယကွက် ချန်ခဲ့၊ ကျန်တဲ့အချက်တွေ ရတယ်။ ဒီတော့ ၆-ချက်ရသွားတယ်။ အဗျာကတပဒက ပဌမဆုံးဖြစ်တဲ့ အချက်ဘဲ (မှန်ပါ)။

ဒီ ၁၅-ခုထဲမှာဘဲ ဟိုလို ဒီလို လှည့်ပြီး ရှာနေတာ။ အများကြီး လုပ်နေဘာ မဟုတ်ဘူး။ ဒါကြောင့် ၁၅-ခုထဲ ရှိမှန်းသိအောင် ပြောနေတာ။

အဲဒီတော့ သင်္ချာ သတ္တ ဟူသော်ကား- ကုသလော ကုသလဿ, ကုသလော အဗျာကတဿ, ကုသလော ကုသလာဗျကတဿ ဟုတ်ကဲ့လား (မှန်ပါ)။ အကုသလပဒ ၃-ချက်ကလဲ အကုသလော အကုသလဿ, အကုသလော အဗျာကတဿ, အကုသလော အကုသလာဗျာကတဿ။ အဗျာကတပဒတချက်က အဗျာကတော အဗျာကတဿ ဟူသည်တည်းလို့ဆိုတော့ သင်္ချာ သတ္တ-လွယ်ရောပေါ့နော် (မှန်ပါ)။

ဘာပြောနေနေ လတ် ကြီး ၈-ဆိုတဲ့ စကားလေးတွေကို မှတ်ခဲ့။ အလတ် ၄ ပစ္စည်းရယ် အကြီး ၄-ပစ္စည်းရယ် ပေါင်းလိုက်တော့ (၈-ပစ္စည်းပါ)။ အငယ်ထဲကဆိုလျှင် အဓိပတိရယ် ဣန္ဒြိယရယ် မဂ္ဂရယ် ရတယ်။ ဒီတော့ ခုတင်က (၈) ထဲမှာ ၃-ထည့်သော် ၁၁။ ကိုယ်တိုင် ဟေတုပစ္စည်းနဲ့ဆိုတော့ ၁၂။ အဲဒါကို ဒေသနာဣမ ကျကျကလေး သွားရပါတယ်။

အဲဒီတော့ မရသေးတဲ့ပုဂ္ဂိုလ်များအတွက် အချို့ ဝန်လေးတတ်ပါတယ်။ ဝန်လေးတော့ ခုတင်က ဘုန်းကြီးပြောသလို သဟမ္မိုး ၁၅-ပစ္စည်းကို တနေရာမှာ ဟေတု အဓိပတိ စသည်ဖြင့် လျှောက်ပြီးရေးထားပါ။ ဟေတု အဓိပတိ သဟဇာတ အညမည နိဿယ ကမ္မ ဝိပါက အာဟာရ ဣန္ဒြိယ စျာန မဂ္ဂ သမ္မယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ၊ ပေါင်း ၁၅-ပစ္စည်းရှိတယ် မဟုတ်လား (မှန်ပါ)၊ ၁-၂-၃-၄-၁၅ အထိ ရေးထားပါ။

ရေးပြီးတော့မှ အခုပြောတဲ့ဥစ္စာက သိုက်စာညွှန်တဲ့သဘောကိုး။ လတ် ကြီး ၈ ထဲ အလတ် ၄-ပစ္စည်းလဲ ပါပါစေ၊ အကြီး ၄-ပစ္စည်းလဲ ပါပါစေ။ အငယ်ထဲက ဘယ်သူ့ကို

---

[1] ဤကျမ်းနှာ ၂၇-ရှိ ပဉ္ဘာဝါရ အနုလုံ သုဒ္ဓသင်္ချာဇယားကြည့်။

ထည့်ရမလဲဆိုတော့ အဓိပတိ ဣန္ဒြေယ မဂ္ဂ ထည့်လိုက်ဦးတဲ့။ ဟောဆဲပစ္စည်း ရှေ့ကထား ဆိုတော့ ဟေတုကို ရှေ့ထား၊ ဒါကြောင့်–

ပစ္စည်းရေ ၁၂-ဟူသော်ကား ဟေတု အဓိပတိ သဟဇာတ အညမည နိဿယ ဝိပါက ဣန္ဒြေယ မဂ္ဂ သမ္မယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ´ဟူသည်တည်း။

လက်ချိုးထားလိုက်ကြ။ ဟေတု အဓိပတိ သဟဇာတ စသည်ပေါ့လေ၊ ၁၂-ခု စေ့အောင် ဟုတ်လား (မှန်ပါ)။

ဆရာတော်။ ။မှတ်မိလောက်ပါတယ်နော်၊ ဖြည်းဖြည်း အားလုံး ဖတ်ကြစမ်းပါ။ အဲဒီ ပစ္စည်း တပစ္စည်းပြီးတော့ ဒီနေ့တော်ပါပြီ။

ကဲ တော်ကြပါဦးစို့ ဒီနေ့အတွက်။

ဟေတုပစ္စည်း ဒုတိယနေ့သင်တန်း

ဟေတု...

ဆရာတော်။ ။ဒီနေ့ ဒုတိယနေ့နော်၊ ဒုတိယနေ့အစီအစဉ်မှာ ပါဠိတော်စပြီးပြပေးမယ်။ ဒါ မနေ့က အစီအစဉ်အတိုင်း ဟေတုပါဠိတော် စပြပေးမယ်။ ဘယ်နေ့ ဘာပြပေးတယ် ဘာပြောပေးတယ် မှတ်လဲထားရတယ်၊ ဦးပဏ္ဍာဝ ဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ ဆိုစမ်းပါ။

ဦးပဏ္ဍာဝ။ ။ဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ- သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဟိတ် ၆-ပါး၊ ဤတရားတို့သည် ဟေတုပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ချာ သတ္တ။ ယတာရဟ ပစ္စည်းရေ လတ် ကြီး ၈-နှင့် ဓိ-ဣ-မဂ် ပေါင်း ၁၂-ဟူသည်တည်း။

သင်္ချာ သတ္တဟူသော်ကား– ကုသလော ကုသလဿ, ကုသလော အဗျာကတဿ, ကုသလော ကုသလာဗျာကတဿ။ အကုသလော အကုသလဿ, အကုသလော အဗျာကတဿ, အကုသလော အကုသလာဗျာကတဿ။ အဗျာကတော အဗျာကတဿ ဟူသည်တည်း။

ပစ္စည်းရေ ၁၂-ဟူသော်ကား– ဟေတု အဓိပတိ သဟဇာတ အညမည နိဿယ ဝိပါက ဣန္ဒြေယ မဂ္ဂ သမ္မယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဟူသည်တည်း။

ဆရာတော်။ ။အဲဒီလိုဆိုရင်းနှင့် လက်ချိုးသွားရတယ်။ ကိုယ်က ပြီးသွားတော့ သံသယ ဖြစ်မနေအောင်၊ အားလုံး အလွတ်ဆိုကြစမ်းပါတခေါက်။

သုဒ္ဓသန္ဓာမှ ပါဠိတော်နှင့် အရကောက် ထုတ်ယူနည်း

ဆရာတော်။ ။အဲဒီ သုဒ္ဓသန္ဓာကနေပြီးတော့ ဟေတုပစ္စည်းရဲ့ ပါဠိတော်, အရကောက် နှစ်မျိုးစလုံး ကိစ္စပြီးအောင် ပြောပေးမယ်။ သို့ပေမဲ့ အရကောက်က နောက်တော့ ထင်ရှားလာပါတယ်။ ပါဠိတော်အနေအားဖြင့် ရရမယ်၊ အရ ကောက်အနေအားဖြင့် တစိတ်တဒေသ သိလာရမယ်။ သုဒ္ဓသန္ဓာလေးသည် ပင်လျှင် နောင်အစဉ်တစိုက် ဘုန်းကြီးဆီမှာ သင်နေလို့ရှိရင် သူနဲ့ဘဲ အားကိုး ပြီး သူ့ကို မှီငြမ်းပြုပြီး သွားရပါမယ်။ ဦးပဉ္စင်းတို့လဲ အခု ကျေကျေညက်ညက် ရကြသားဘဲ။ အခုတော့ ဘုန်းကြီးသဘောကျသားဘဲ၊ ရွတ်နည်းဖတ်နည်း ကိုလဲ သတိပေးထားတဲ့အတွက် ဦးပဉ္စင်းတို့လဲ ဂရုစိုက်ကြပေါ့။ ဒီတကြိမ် ဒီလောက်သံယာများများမှာ ဒီအသံကလေး ညီညီကလေး ထွက်လာတာ ဘုန်းကြီး သိပ်ဝမ်းသာပါတယ်။ ကြိုးစားလဲ ကြိုးစားကြပါ။ ပြန်နားထောင် ကြစမ်းပါ၊ ဦးပဉ္စင်းတို့ ရွတ်ပြီးသား သုဒ္ဓသန္ဓာကို ဘုန်းကြီး ပြန်ရွတ်ပြီးတော့ အဓိပ္ပါယ် ပြောပေးမယ်။

သုဒ္ဓသန္ဓာရဲ့ အဓိပ္ပါယ်

ဟေတုပစ္စည်း၏ သုဒ္ဓသန္ဓာဝါရဋ္ဌ-တဲ့၊ ဟေတုမှာ ဟောမည့်တရားများကို ပြောပြ ဖို့ရာ ခေါင်းစီးထားတာပေါ့ ဟေတုအတွက် ပြောရမယ်တဲ့။ ဟေတုအတွက်ပြောတော့ ဟေတု သူ့အတွက်မှာသာ ရစကောင်းတဲ့ ပစ္စည်းတရား, သူ့မှာသာ ရှိစကောင်းတဲ့ ပစ္စယုပ္ပန် တရား၊ ဒီပစ္စည်း ပစ္စယုပ္ပန်တရားနှစ်မျိုးကိုဘဲ ရှေ့ဆက်ဖို့ဘဲ၊ ဘာဖြစ်လို့လဲ **သုဒ္ဓသန္ဓာဝါရ** တဲ့။ သုဒ္ဓဆိုတာက ဘယ်ပစ္စည်းနှင့်မျှ မရောမစွက်ဘဲနှင့် သက်သက် သူ့တပစ္စည်းတည်း မှာ ရှိစကောင်းတဲ့တရား ဒီအချိန်မှာပေါ့။ ဒီအချိန်မှာ ဒီတပစ္စည်းမှာသာ ဧကန်ရှိနေကောင်း တဲ့ တရားဘဲ။ ဒါကြောင့် ဟေတုပစ္စည်း၏ သုဒ္ဓသန္ဓာဝါရဋ္ဌ... ဒီအပြောက ဒီနေ့ပြီးလျှင် နောက်တော့ မလိုဘူး။

အားတပ်သော စကား၏ အဓိပ္ပါယ်

'သမ္မယုတ္တာခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော'- အဲဒီတွင် စကားမှာ ဘာတွေလဲ-ဘာတွေဆိုနေသလဲ၊ ဒါ ဘာအတွက်လဲ။ ဦးပဉ္စင်းတို့က စာကျက်ရင်း စဉ်းစားဖို့၊ ဒီတော့ ဘုန်းကြီးက အားလုံး တတ်သိဖို့ ပြောရတယ်။ မည်သည့် ပစ္စည်းမှာမဆို 'သုဒ္ဓသင်္ခါဝါရဋ္ဌ' ဆိုပြီးတော့ စပြီးဆိုလိုက်တဲ့ တရားတွေဟာ နောက်ပိတ်ဆုံး ခုတင်က ဘုန်းကြီး ရပ်ထားတဲ့အထိ ဘာတဲ့တုန်း-**အားတပ်သော**။ ။ဟုတ်လား (မှန်ပါ)။

သုဒ္ဓသင်္ခါဝါရတပုဒ်ကို စဆိုတဲ့ အချိန်ကစပြီးတော့ **အားတပ်သော** တိုင်အောင် တရားအစုသည် ကိန်းသေ ဟေတုရဲ့ ပစ္စယုပ္ပန်တရား။ ဘာတရားလဲ-

သံယာတော်များ။ ။ဟေတုရဲ့ ပစ္စယုပ္ပန်တရား။

ဆရာတော်။ ။ကြွင်းတဲ့ပစ္စည်းတွေဖြစ်လျှင် **အားတပ်သော** ရောက်လျှင် ထိုပစ္စည်းရဲ့ ပစ္စယုပ္ပန် ဖြစ်ရမှာပေါ့။ ပြန်ပြီး တခေါက် နည်းနည်းရှင်းရအောင်။ မည်သည့်ပစ္စည်းရဲ့ သုဒ္ဓသင်္ခါမှာမဆို စပြီဆိုတဲ့ အချိန်ကနေပြီးတော့ တခါတလေလဲ နည်းနည်းဘဲ၊ တခါတလေလဲ များများကြီးဘဲ။ ဘယ်လိုဘဲရှိရှိ စဆိုတဲ့အချိန်က စပြီးတော့ ဘယ်အထိလဲ **အားတပ်သော** တိုင်အောင်ဆိုခဲ့ သမျှ တရားစုသည် ဘာတရားလဲ-

သံယာတော်များ။ ။ပစ္စယုပ္ပန် တရားပါ။

ဆရာတော်။ ။ကဲ- ဒီတော့ အခု ဟေတု ဟောနေကြတော့ ခုတင်က ဆိုလိုက်တဲ့ သမ္မယုတ္တာခန္ဓာခေါ်တဲ့တရားဟာ ဟေတုရဲ့ ပစ္စယုပ္ပန်တရားပေါ့။ ထိုနည်းတူစွာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်ဆိုတဲ့ တရားကရော ဟေတုရဲ့ ပစ္စယုပ္ပန် တရားပါဘဲ။

ဒါက ဒီနေ့ နားလည်အောင် မှတ်ပါ။ ထပ်တလဲလဲ ဒါတွေ ပြောနေဖို့ မလိုပါဘူး။ ဒီအတိုင်းချည်းဘဲ သွားမယ်။

ပစ္စည်းပြ စကား

အဲဒီ **အားတပ်သော** နောက် ဆက်ပြီးဆိုရတဲ့ တရားမှန်သမျှကို ပစ္စည်းတရားလို့ ခေါ်ရမယ်။

ဦးပဉ္စင်းတို့ ဒီ ဟေတုပစ္စည်းကျတော့ **အားတပ်သော**-ဘာတဲ့။ ဟိတ် ၆-ပါး။ အဲဒီ ဟိတ် ၆-ပါးက ဟေတုရဲ့ ဘာတရား ဖြစ်ရမယ်-

သံယာတော်များ။ ။ပစ္စည်းတရားပါ။

ဆရာတော်။ ။နားလည်အောင် ကြိုးစားကြစမ်းပါ။ ဘုန်းကြီးက ပဋ္ဌာန်းပို့ချနည်းနှင့် သင်ကြားပေးနေတာ၊ တပည့်များအတွက် ပြောတာ၊ ရှေ့ပိုင်းမှာ တပည့်များအတွက် အပင်ပန်းခံ ပြောပေးတယ်။ နောက်ပိုင်းကျတော့ ဦးပဉ္စင်းတို့ကိုယ်တိုင်ကလဲ သိလာမှာဘဲ။ သိပ်ပြောဖို့ မလိုတော့ပါဘူး။ ဒါကြောင့် ဘုန်းကြီးက ဒါကို ခဏခဏ သတိပေးတယ် ကြိုးစားအားထုတ်ကြစမ်းပါ။ ဘုန်းကြီးတို့ သင်နည်းနှင့် သင်နေတဲ့ ပုဂ္ဂိုလ်များမှာ ဘာနှင့် တူသတုန်းဆိုတော့ သဲကမ်းပါးကြီးကို အောက်ခြေနားက စပြီးတော့ လက်နှင့်ယက်၊ အပေါ်ကို တက်မတူးရပါဘူး။ အလိုလိုဘဲ သဲကမ်းပါက ပြိုကျတယ်။ ပြိုကျတာမှ လူမရှောင်နိုင်လျှင်တောင် ဒုက္ခပေးတတ်တယ်။ အဲဒီအတိုင်းဘဲ အခြေအမြစ်ပေးနေတာကလေးတွေကို တိတိကျကျ သေသေချာချာ မှန်မှန်ကန်ကန်ရအောင်၊ ဘာပြောနေပါလိမ့်မလဲလို့ နားလည်အောင် လုပ်ကြပါ။ အခု ဘာပြောနေသလဲ ပစ္စည်းရယ် ပစ္စယုပ္ပန်ရယ်နော် (မှန်ပါ)။

သမ္မယုတ္တာခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဒီအထိ ဘာတရားတုန်း (ပစ္စယုပ္ပန် တရားပါ)၊ ဟေတုဏ် ပစ္စယုပ္ပန် တရားနော်။ ဟိတ် ၆-ပါး ဆိုတာကတော့ (ပစ္စည်းတရားပါ)။

အဲဒီလို ပစ္စည်း ပစ္စယုပ္ပန် တရားနှစ်မျိုးကို တွေ့အောင် အရင်ရှာရတယ်။ ဘာကြောင့် ပစ္စည်းခေါ်တယ်၊ ဘာ့ကြောင့် ပစ္စယုပ္ပန်ခေါ်တယ်ဆိုတာ နောက်မှ ပြောပေးမယ်။

အဲဒီလို တွေ့လာတဲ့ပစ္စည်းနှင့် ပစ္စယုပ္ပန်ကိုမှ မိမိတို့ဟောလိုတဲ့ တိက်ဒုက်စသည်တို့၏ အစွမ်းအားဖြင့် ဝေဖန်ရတယ်။

ဘုန်းကြီးက ဒီလမ်းပြစာအုပ်ကလေး သိပ်တန်ဖိုးထားတယ်။ အခု ဦးပဉ္စင်းတို့ ရွတ်တဲ့ 'ဟေတုပစ္စည်း၏ သုဒ္ဓသင်္ခါဝါရဠ' ဆိုတဲ့ ဟေတုရဲ့ ပစ္စည်း ပစ္စယုပ္ပန်တရားကို ပြောပြီးပြီ။ အဲဒီ ဟေတုရဲ့ ပစ္စည်း ပစ္စယုပ္ပန်တရားဟာ ဂေါတမမြတ်စွာဘုရား သာသနာ တော်ကျမှ ဖြစ်ပေါ်လာတဲ့ တရားလားလို့ မေးလျှင် မဟုတ်ပါဘူး။ ဂဂ်ါဝါဠုသဲစုမက ပွင့် တော်မူကြတဲ့ ရှင်တော်မြတ်ဘုရားတွေ အဘိဓမ္မာဒေသနာဟောတုန်းကလဲ ဒီတရားဘဲ။ နောင် ပွင့်တော်မူလတ္တံ့သော ဘုရားရှင်တွေလဲဘဲ ပစ္စည်းပစ္စယုပ္ပန်ဆိုယင် ဒီတရားဘဲ ဟောမှာဘဲ။ အဲဒါလောက် တန်ဖိုးရှိပါတယ် ကြိုးစားအားထုတ်ကြပါ။

ဒီတော့ ဒီနေ့ ဘာလုပ်ပေးရမလဲလို့ မေးလျှင် ဦးပဉ္စင်းတို့ အခုသင်နေကြတယ်၊ ဘာသင်နေကြသလဲလို့ မေးလျှင် ပဌာန်းကို သင်နေတယ်။ အဲဒါကတော့ အခြေခံအနေနှင့် ပြောတာပေါ့။ ပါဠိတော်ထဲ မဝင်ပါဘူး။ သတိပြုနားထောင်ကြပါ။

တစုံတယောက်သောသူက တွေ့တယ်လမ်းမှာ 'ဦးပဉ္စင်း ဘယ်က ပြန်လာသလဲ'လို့ မေးရင် 'ဒို့ပဌာန်းဆိုပြီး' ပြန်လာတယ်။ ပဌာန်း ဘယ်နှစ်ကျမ်းရှိသလဲဘုရာ့လို့' ဆိုးပြီးမျှား မေးလျှင် ဖြေတတ်လျှင် ဖြေတော့၊ မဖြေတတ်လျှင် သက်နိုးခါးတောင်းကျိုက် ပြေးရမှာ။ 'ဘယ်နှစ်ကျမ်းရှိသလဲ'လို့မေးလို့မှ မရကတည်းက 'ဘယ်ပဌာန်းကို အခုဆိုနေသလဲ'လို့ တခါ ဆက်မေးလျှင် မရတော့ဘူး။

အဲဒီတော့ ဘယ်လိုလုပ်ဖြေမလဲလို့ မေးလျှင် မြတ်စွာဘုရားဟောထားတဲ့ ပဌာန်း ကျမ်းကြီးကို အကုန်လုံးခြုံပြီးတော့ ရှေးဦးစွာ သိရမယ်။

ပဌာန်းအကျဉ်း ခြောက်ကျမ်း

ပဌာန်းကျမ်းသည် အကျဉ်းအားဖြင့် ခြောက်ကျမ်းမျှသာ ရှိသည်။

ဆရာတော်။ ။နောင်လဲ အသုံးကျမယ် မှတ်ထားကြပါ။ ခြောက်ကျမ်းစဉ်နည်းကို အထက်အောက်ရေးပါ။

၁။ တိကပဌာန်း၊
၂။ ဒုကပဌာန်း၊
၃။ တိကဒုကပဌာန်း၊
၄။ ဒုကတိကပဌာန်း၊
၅။ တိကတိကပဌာန်း၊
၆။ ဒုကဒုကပဌာန်း-လို့

ပဌာန်းကျမ်းသည် အကျဉ်းအားဖြင့် ခြောက်ကျမ်းသာ ရှိပါတယ်။

ဒါလဲ ခက်တာမဟုတ်ဘူး၊ ဦးပဉ္စင်းတို့ မာတိကာဆိုကတည်းက သိပြီးသားတွေ ဖြစ်ပါတယ်။ လေ့လာပါ။ တလုံးချင်း ဘုန်းကြီးဆီကျတော့ ပြောပေးပါမယ်။

နည်း ၄-မျိုး

ဒီနောက် အောက်နားက တမျိုး ရေးရဦးမယ်။ အဲဒီ ပဌာန်းကျမ်းမှာ ဘယ်ပဌာန်း ကိုဘဲဖြစ်ဖြစ် မြတ်စွာဘုရားဟောနေတဲ့နည်း ၄-မျိုး ရှိတယ်။ အဲဒါကို နယကြီး ၄-ပါးလို့ ခေါ်ပါတယ်။ ရေးရအောင်နော်။

ပဋ္ဌမဆုံး ၁-နံပါတ် အနုလုံ။ သူ့နာမည်အရှည်ရေးခေါ်တော့ အနုလောမနယခေါ်တယ်။ နံပါတ် ၁-အကြောင်းဘဲနော်။

နံပါတ် ၂-က ပစ္စနိုက်။ သူ့ကို ဘာခေါ်သလဲ မေးလျှင် ပစ္စနိုကနယ လို့ ခေါ်ရတယ်။

နံပါတ် ၃-အနုလောမပစ္စနိုက်။ ခုတင်က နှစ်ခုကို ပေါင်းလိုက်တာဘဲ မဟုတ်လား။ ခေါ်တော့လဲ **အနုလောမပစ္စနိုကနယ** လို့ ခေါ်ပေါ့နော် (မှန်ပါ)။

နံပါတ် ၄-ပြောင်းပြန် ပြန်လိုက်ပါ။ ပစ္စနိယာနုလောမ။ နောက် အရှည်ခေါ်တော့လဲ ဒီအတိုင်းဘဲ **ပစ္စနိယာနုလောမနယ**လို့ ခေါ်ပါ။

အဲဒီ ပစ္စနိယနှင့် ပစ္စနိက အသုံးကတော့ သိပ်မကွာကြပါဘူး။ တချို့က ပစ္စနိယ သုံးပြီး တချို့က ပစ္စနိက သုံးတယ်။

ထားပါတော့။ ခုတင်က ပဋ္ဌာန်းခြောက်ကျမ်းတိုပတွင် ၁-နံပါတ် ပဋ္ဌာန်းကျမ်းက ဘယ်သူတဲ့... (တိကပဋ္ဌာန်းပါ)။ နားလည်အောင်လဲ နားထောင်ကြပါ။

တိကပဋ္ဌာန်းလို့ဆိုတော့ ဦးပဉ္စင်းမျှား မာတိကာသင်တုန်းက တိကမာတိကာဆိုခဲ့တယ် မဟုတ်လား။ အခြေအမြစ်နော် အုတ်မြစ်ကို ပြပေးနေတာ။ ကိုယ်သင်တဲ့စာ ဘာမှန်းမသိ ဘယ်ကဟာမှန်းမသိ မဖြစ်စေနဲ့။

အဲဒီ တိက မာတိကာတုန်းက တိက်ပေါင်း ဘယ်လောက်ရှိသတဲ့လဲ (၂၂-တိက်ပါ)။ 'သ-တတန် ဗာဝိတိက်ကို ခဲကျိတ်လို့တွေး' ဆိုတဲ့အတိုင်း ၂၂-တိက်ရှိတယ်။ ရှေးဦးစွာသော တိက်က ဘာတိက်ခေါ်တယ် (ကုသလတိက်ပါ)။ အဲဒီ ရှေးဦးစွာသော ကုသလတိက်ရဲ့ ပဋ္ဌာန်းကျမ်းကို ဘုန်းကြီးတို့ ဟောမလို့နော်။

ပဋ္ဌာန်း ၂၄-ကျမ်း

သတိနှင့် နားထောင်ကြစမ်းပါ။ အဲဒီ တိကပဋ္ဌာန်းမှာ ဘယ်တိက်ကိုပင် မြတ်စွာဘုရား ဟောနေနေ ခုတင်ကပြောတဲ့ နယကြီးလေးပါးလို့ခေါ်တဲ့ **အနုလုံအနေအား**ဖြင့်လဲ ဟောတယ်၊ **ပစ္စနိက်အနေအား**ဖြင့်လဲ ဟောတယ်၊ **အနုလောမပစ္စနိက်အနေ**နဲ့လဲ ဟောတယ်၊ **ပစ္စနိယာနုလောမအနေ**နဲ့လဲ ဟောတယ် ဆိုတော့ ကဲ တိက်မှာလဲ နယလေးမျိုး မရဘူးလား (ရပါတယ်)။ ကုသလတိက်မှာတော့ ခုတင်က ပြောထားတဲ့ ဒီနယကြီးလေးမျိုး မရှိပေဘူးလား... ရှိပါတယ်။ **အနုလုံ**ရှိတယ်၊ **ပစ္စနိက်**ရှိတယ်၊ **အနုလောမပစ္စနိက်**ရှိတယ်၊ **ပစ္စနိယာနုလောမ**ရှိတယ်။ အဲဒါ စာအုပ်ထဲမှာ ရှိတာပြောတာ။ ဦးပဉ္စင်းတို့က အကုန်သင်ကြမှာ မဟုတ်ဘူး။ တခါတခါ သဒ္ဓါတရားကြွယ်တဲ့ ပုဂ္ဂိုလ်မျှားကိုတော့ ဒီလေး

မျိုးစလုံးကုန်အောင် ကုသလတိက်ကုန်အောင် ဘုန်းကြီးကချတယ်။ တချို့က အနုလုံတောင်ကုန်အောင် မသင်ချင်ဘူး။ ဒီ တပတ်တော့ လူစွမ်းကောင်း ရွေးကြည့်ရဦးမယ်။

အဲဒီလို တိက်မှာလဲ နယကြီးလေးမျိုးနှင့် ဟောနေသလို ဒုက်မှာလဲ ဒီအတိုင်း နယကြီးလေးပါးနှင့် ဟောတယ်၊ ထိုနည်းတူစွာ တိက ဒုက ပဋ္ဌာန်းမှာလဲ ဟောတယ်၊ ဒုက တိကပဋ္ဌာန်းမှာလဲ ဟောတယ်၊ တိက တိက မှာလဲ ဟောတယ်၊ ဒုက ဒုကပဋ္ဌာန်းမှာလဲ ဟောတယ်ဆိုတော့ ပဋ္ဌာန်းတကျမ်းတကျမ်းမှာ နယကြီးလေးမျိုးစီ လေးမျိုးစီ မရှိပေဘူးလား (ရှိပါတယ်)၊ ရှိလျှင် ခုတင်က ခြောက်ကျမ်းသောပဋ္ဌာန်းကို ဒီ နယကြီးလေးမျိုးနှင့် မြှောက်ပါ။ ခြောက်လေးလီ (၆×၄=၂၄) ဒီတော့ ဘာဖြစ်လာသတုန်း ပဋ္ဌာန်းကျမ်းသည် ၂၄-ကျမ်း ဖြစ်လာတယ်။

ပါဠိတော်မှာ ကြည့်ပါ... ပုစ္ဆာဝါရတွင် လာတာကလေးတွေနှင့် ဘုရားဟောထားတာတွေ ရှိပါတယ်။ ဘုန်းကြီးက ခပ်ကျဉ်းကျဉ်းကလေးနှင့် သိသာရုံကလေး အုတ်မြစ်ချပြောနေပါတယ်။ အခုလို ရှေ့ပိုင်းတွေ ပြောပေးနေတာ ဦးပဉ္စင်းတို့ သုဒ္ဓသန္ဓာကို ကျေအောင်ကျက်စေချင်လို့ အဓိပ္ပါယ်ကလေးတွေ လျှောက်ပြောပြီးတော့ ပေးနေပါတယ်။ ဖတ်ထားတာကလေးတွေကို ကျေနေအောင်ကျက်ပါ။ နက်ဖြန်ဖို့လဲ ဒီနေ့ထပ်ပြီး ဖတ်ရမယ်။

ဘာပြောလာပါလိမ့်... ပဋ္ဌာန်းကျမ်းသည် အကျဉ်းအားဖြင့် ခြောက်ကျမ်း၊ အကျယ်အားဖြင့် နှစ်ဆယ့်လေးကျမ်းရှိတယ်။ ဘာဖြစ်လို့ နှစ်ဆယ့်လေးကျမ်း ဖြစ်ရသလဲဆိုတော့ ပဋ္ဌာန်းခြောက်ကျမ်းတွင် တကျမ်းတကျမ်းမှာ နယကြီးလေးမျိုးနဲ့ မြှောက်လို့ နှစ်ဆယ့်လေးကျမ်း ဖြစ်လာတယ်။

၂၄-ပစ္စည်းကိုလဲ ပဋ္ဌာန်း ၂၄-ကျမ်း ခေါ်ကြပုံ

အဲဒီ နှစ်ဆယ့်လေးမျိုးသော ပဋ္ဌာန်းကျမ်းကို ဒါက ဘုန်းကြီးတွက်ပေးတဲ့နည်းပေါ့။ တချို့လဲ ပြောကြပါတယ်၊ ဘယ့်နှယ်ပြောသလဲဆိုတော့ ပဋ္ဌာန်း ဘယ်နှစ်ကျမ်းရှိသလဲဆိုတော့ နှစ်ဆယ့်လေးကျမ်းတဲ့။ အဲဒီ နှစ်ဆယ့်လေးကျမ်းဟာ ဘယ်သူလဲဆိုတော့ ဟေတုပစ္စယောက တကျမ်းတဲ့၊ အာရမ္မဏပစ္စယောက တကျမ်းတဲ့ ဒီလို ပြောကြတယ်၊ မဆိုးဘူးနော်၊ ရေတွက်လျှင်လဲ နှစ်ဆယ့် လေးခုရှိတာဘဲ မဟုတ်လား (မှန်ပါ)၊ အဲဒါ ပဋ္ဌာန်းနှစ်ဆယ်လေးကျမ်းတဲ့။ ဘုန်းကြီး ယူဆ နည်းက ခုတင်က ပြောတာ။

ထားပါတော့ ခြောက်ကျမ်းသော ပဋ္ဌာန်းအကျဉ်းတို့တွင် ရှေးဦးစွာသော တိကပဋ္ဌာန်းမှာ ဦးပဉ္စင်းတို့ကို ခုတင်က ပြောသလို ကုသလတိက်က စပြီး ဟောခြင်းကြောင့် တွေ့တိုင်းတွေ့တိုင်းသော... ခုတင်က ဟေတုကို ဦးပဉ္စင်းတို့ ဟောထားတာကိုးနော်... (မှန်ပါ)၊

တွေ့တိုင်း တွေ့တိုင်းသော ပစ္စည်းကို ပစ္စည်းတရားကိုဘဲဖြစ်ဖြစ် ပစ္စယုပ္ပန်တရားကိုဘဲဖြစ်ဖြစ် ကိုယ်ဟောနေတဲ့ ကုသလတိုက်က ပဒနှင့် ဝေဖန်ရတယ်။

ကုသလတိုက်မှာ ပဒဘယ်နှစ်ခုရှိသလဲ... (သုံးခုရှိပါတယ်)။ ဘယ်သူတွေတဲ့... ကုသလာ ဓမ္မာ အကုသလာ ဓမ္မာ အဗျာကတာ ဓမ္မာလို့ သုံးမျိုးရှိတာပေါ့နော်၊ အဲဒီ သုံးမျိုးနှင့် ကိုယ်ကျက်ထားတဲ့ သုဒ္ဒသခ်ၣာမှာရှိတဲ့ ပစ္စည်းကိုလဲ ဝေဖန်လိုက်ရတယ်။ ပစ္စယုပ္ပန်ကိုလဲ ဝေဖန်လိုက်ရမယ်၊ အဲဒါကို မလုပ်ဘဲနဲ့ မရဘူး။ အရကောက် စာအုပ်ကြီး ဖွင့်ကျက်၊ ဘယ်တော့မှ မတတ်ဘူး၊ ကျက်တဲ့နေရာကလေးတော့ ရမှာဘဲ၊ ရရုံရတာဘဲ သိတော့ မသိဘူး၊ အခု ဘုန်းကြီးပေးနေတဲ့နည်းကို အခြေအမြစ်နှင့်တကွ နားလည်အောင် လုပ်ပါ။

အဲဒီတော့ ခုတင်က ပြောလာခဲ့တဲ့ ဟေတုရဲ့ ပစ္စည်းတရားကို ကုသလတိုက်နှင့် ဝေဖန်ကြစို့ဆိုတော့ သုဒ္ဓသခ်ၣာက ဟိတ်ခြောက်ပါးလို့ ဆိုတယ် မဟုတ်လား။

သဠာယတနကို ပြန်ကြည့်ပါ

ကဲပါလေ ဦးပဉ္စင်းတို့ ငယ်နိုင်ဖြစ်တဲ့ သဠာယတနနဲ့ ပြောကြည့်ပါ။ သဠာယတနကော်ကားပိုင်းမှာ မဟုတ်လား၊ ဘာတဲ့တုန်း... ဟေတုဆိုတဲ့ အခန်းမှာ လောဘ ဒေါသ မောဟ အလောဘ အဒေါသ အမောဟလို့ ဒီလိုပြတယ်မဟုတ်လား ဟိတ်ခြောက်မျိုးကို (မှန်ပါ)၊ ပြီးတော့ နိဂုံးချုပ်တော့ ဘာချုပ်သတုန်း...

လောဘော ဒေါသော စ မောဟော စ၊ ဟေတူ အကုသလာ တယော။
အလောဘာဒေါသာမောဟော စ၊ ကုသလာဗျာကတာ တထာ။

ကျဉ်းကျဉ်းကလေး သူ့အပိုင်းကြည့်လျှင် ဘာတဲ့တုန်း... လောဘ ဒေါသ မောဟ ဆိုတာက အကုသိုလ်ဟိတ်၊ အလောဘ အဒေါသ အမောဟ ဆိုတာက ကုသိုလ်ဟိတ်လို့ ခေါ်တယ်၊ အဗျာကတဟိတ်လဲ ခေါ်နိုင်တယ်။

နားလည်အောင် နားထောင်ကြပါ။ ဒီဟေတုမှာ သင့်တော်သလောက် အသေးစိတ်ပြီး ဘုန်းကြီး ပြောပေးမယ်။

ဒီတော့ သုဒသခ်ၣာကတော့ ဟိတ်ခြောက်ပါး ဆိုတာက အရတူလို့ပေါင်းတော့ ခြောက်ပါးတော့ ဟုတ်တာပေါ့။ အသေးစိတ် တိကနှင့် ဝေဖန်တော့ ကုသိုလ်က သုံးပါး၊ အကုသိုလ်က သုံးပါး၊ အဗျာကတက သုံးပါးလို့ ဖြစ်မလာဘူးလား (မှန်ပါ)၊ ဒီတော့ ဟိတ်တရားတွေဟာ ဘယ်လောက်ဖြစ်လာသတုန်း... ၉-ပါး ဖြစ်လာတယ် (မှန်ပါ)။

သဗ္ဗြိဟ်ထည့်ပြောလျှင် မလာကြတော့ဘူး

သဲကွဲအောင် လေးလေးစားစား မှတ်ကြစမ်းပါ။ တချို့တချို့ ပုဂ္ဂိုလ်တွေ ဘုန်းကြီးဆီကို စာချနည်း လေ့လာစုံစမ်းတယ်။ ဒါမျိုးကလေးတွေ ပြောနေတော့... 'ကွာ... ပဋ္ဌာန်းချတာတဲ့ တောက်တီး တောက်တဲ့နဲ့ ပကိဏ်းပိုင်း သရုပ်ပြောလိုပြော၊ စေတသိက်ပိုင်း သရုပ်ခွဲလိုခွဲ' ဆိုပြီး နားထောင်နေကြတယ်။ နောက်တော့ မလာကြဘူး ပြန်သွားရော။ ပြီးရော အဲဒီ ပုဂ္ဂိုလ်အတွက် အညွှန့်တုံးရော ဘုန်းကြီးက ဒါကို အုတ်မြစ်ချပြတာ။

ဟိတ်ဘယ်နှစ်ပါး ရသွားတယ် (၉-ပါးရပါတယ်)။

ပစ္စည်းသရုပ်ခွဲပုံ

သတိထားကြ ဘုန်းကြီးပြောမယ်။ ကုသိုလ်မှာ သုံးမျိုး၊ အကုသိုလ်မှာ သုံးမျိုး၊ အဗျာကတခေါ်တဲ့ တရားတို့၌ ဦးပဋ္ဌင်းတို့ နားလည်ထားပါတယ်။ အဗျာကတဆိုတာ နာမ်တရား အနေနဲ့ကြည့်လျှင် ဘယ်သူတွေကို ခေါ်တာလဲ... ဝိပါက်စိတ်နှင့် ကြိယာစိတ်ကို ခေါ်တယ်။ ဒီတော့ သူတို့မှာ အမျိုးမတူကြလို့ ဟိတ်ကို ဝိပါက်ဟိတ် ကြိယာဟိတ်လို့ခွဲလျှင် မရဘူးလား... ရတယ်နော် (မှန်ပါ)၊ ဘာဖြစ်လို့ ရတယ်ဆိုတာ ဘုန်းကြီး ပြောပြမယ်၊ ဒီတော့ ပြန်ကြည့်ကြပါ ကုသိုလ်ဟိတ်က သုံးပါး၊ အကုသိုလ်ဟိတ်က သုံးပါး၊ ဝိပါက်ဟိတ်က သုံးပါး၊ ကြိယာဟိတ်က သုံးပါးဆိုတော့ သုံးပါးလေးလီ (၃×၄=၁၂) ဆယ့်နှစ်ပါး မဖြစ်သင့်ဘူးလား ဖြစ်သင့်သလား ဆိုတာကိုလဲ စဉ်းစားပါ၊ နောင်ကျတော့ ပါဠိတော် အသုံးချတော့, အရကောက် အသုံးချတော့ ဒါတွေ ပေါ်လာလိမ့်မယ်။ ကြွင်းတဲ့ပစ္စည်းတွေ ဒီနည်းနှင့်သွား။ ဘယ်နှစ်ပါးရှိတယ်... (၉-ပါးပါ)။

ပြန်ပြီးတော့ ဒီ အဗျာကတဟိတ်ကို ကြည့်လိုက်စမ်းပါဦး တခေါက်၊ အဗျာကတမှာ ဝိပါက် အဗျာကတသည် သာမညဝိပါက်စိတ်လို့ တမျိုးရှိတယ်၊ ပဋ္ဌိသန္ဓေကိစ္စတပ်တဲ့ ဝိပါက်စိတ်လို့ တမျိုးရှိတယ်၊ ပေါင်းတော့ နှစ်မျိုးရှိတယ်။

ဥပမာ-သာမညဝိပါက်စိတ်ဆိုတာက ဝိပါက်စိတ်ဆယ်ခုံသကို မယူနိုင်ဘူးလား၊ ပဋ္ဌိသန္ဓေကိစ္စတပ်တဲ့ ဝိပါက်စိတ်ဆိုတော့ ပဋ္ဌိသန္ဓေစိတ်ပေါင်း ဘယ်လောက်ရှိတယ်၊ (၁၉-ပါး ရှိပါတယ်)၊ ဗမာလို ၁၉-ပေါ့။ ပါဠိလိုကတော့ ဧကူနဝီသ။

အဲဒီတော့ သာမညဝိပါက်စိတ်အနေမှာလဲ ဟိတ်သုံးပါးရှိနိုင်တယ်။ ပဋ္ဌိသန္ဓေကိစ္စတပ်တဲ့ အချိန်မှာလဲဘဲ ထိုဝိပါက်မှာ ဟိတ်သုံးပါး ရှိနိုင်တယ်။

လေ့လာကြပါ၊ ဒါက လွယ်တယ်။ လွယ်တာကို အခြေခံ အုတ်မြစ်ချပြောနေပါတယ်။ ဒီတော့ ပြန်ကြည့် ဟိတ်ဘယ်လောက်ရှိသလဲ... ကုသိုလ်က ဟိတ်သုံးပါး၊ အကုသိုလ်က

ဟိတ်သုံးပါး၊ သာမညဝိပါက်မှာ ဟိတ်သုံးပါး ပဋ္ဌိသန္ဓေကိစ္စတပ်တဲ့ဝိပါက်မှာ ဟိတ်သုံးပါး၊ ကြိယာမှာ ဟိတ်သုံးပါး၊ သုံးပါးငါးလီ (၃×၅=၁၅) ဟိတ်ပေါင်း တစ်ဆယ့်ငါးပါးရှိတယ်။

အဲဒါ ခုတင်က ဦးပဉ္စင်းတို့ ရွတ်ဖတ်သရဇ္ဈာယ်သွားတဲ့ **အားတပ်သော ဟိတ်ခြောက်ပါး** ကို ကုသလတိကပဋ္ဌာန်း ဟောတော်မူကြမှာမို့လို့ အကုန်ပြောလာတာတွေကို ဒါဟာ ပြန်ဟပ်ပြီးတော့ စဉ်းစားတာ။ ကုသလတိကပဋ္ဌာန်းကို ဟောကြမှာမို့လို့ ကုသလတိက်၏ အစွမ်းအားဖြင့် ဟိတ်ခြောက်ပါး ပစ္စည်းတရားကို ရသင့်သလို ဝေဖန်ယူရပါတယ်။

ဟေတုပစ္စယုပ္ပန် သရုပ်ခွဲ

ပစ္စည်းအတွက် ကျေနပ်ကြပါတော့။ ကဲ ရှေ့တိုးပြီး ပစ္စယုပ္ပန်ကို ကြည့်စမ်းရအောင်၊ ပစ္စည်းမှာတော့ ဟိတ်ခြောက်ပါးလို့ဆိုပြီး တမျိုးတည်းရှိတယ်။ ပစ္စယုပ္ပန်မှာတော့ ဘယ်နှစ်မျိုးရှိသလဲ ကြည့်စမ်း ဦးပဉ္စင်းတို့ ရွတ်ထားတာ။

'သမ္မယုတ္တာခန္ဓာ' လို့ဆိုတဲ့ နာမ်တရားက တမျိုး၊ 'သဟိတ်စိတ္တဇရုပ်' ခေါ်တဲ့ ရုပ်တရားက တမျိုး၊ 'သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ်' ခေါ်တဲ့ ရုပ်တရားက တမျိုးဆိုတော့ နာမ်က တမျိုး၊ ရုပ်က နှစ်မျိုး။

လေ့လာကြပါ ကြပ်ကြပ်လေ့လာကြပါ။ ဒီပစ္စည်းလေ့လာတတ်လျှင် ဒီပြင်ပစ္စည်းတွေ လေ့လာတတ်ပါမယ်။

သမ္မယုတ္တာခန္ဓာသည် နာမ်တရား၊ သဟိတ်စိတ္တဇရုပ်နှင့် သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ်က ဘာတရားတုန်း (ရုပ်တရားပါ)။

ဒီတော့ ရှေးဆရာတော်ကြီးတွေ ရေးလို့သာ ဒို့က ကောက်ပြီး ကျက်နေရတယ်။ 'သမ္မယုတ္တာခန္ဓာ' ဆိုတာ ဘယ်သူပါလိမ့်မတုန်း... ဆိုတာ မဖြစ်အောင် ကိုယ်တိုင်သိအောင် လုပ်နော်...။ 'သဟိတ်စိတ္တဇရုပ်' ဆိုတာကကော ဘယ်သူကိုခေါ်တာလဲ... ဘာဖြစ်လို့ သူ့ကို သဟိတ်စိတ္တဇရုပ်လို့ ခေါ်ရသလဲ...။ 'သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ်' ဆိုတာကကော ဘယ်သူလဲ... ဘာဖြစ်လို့ ဒီနာမည်ကို သူရနေသလဲ...။ နာမည်ရပုံနှင့် တရားကိုယ်ကို ကိုယ်တိုင်သိ ကိုယ်တိုင်တွေ့အောင် ရှာရလိမ့်မယ်။

ပေးထားပြီး ပဋ္ဌမဆုံး ပစ္စယုပ္ပန်တရားက ဘာတဲ့ (သမ္မယုတ္တာခန္ဓာ)၊ ဘာဖြစ်လို့ သမ္မယုတ္တာခန္ဓာ ခေါ်သလဲ၊ ဘယ်တရားတွေ ဘယ်နာမ်တွေကို ယူမလဲလို့မေးလျှင် သတိနှင့် နားထောင်စမ်းပါ၊ လွယ်လွယ်ကလေးရယ်၊ သမ္မယုတ္တာဆိုတာကို ဦးပဉ္စင်းတို့ ဒီအချိန်ထိအောင် စာသင်လာခဲ့တော့ ဒီပါဠိကလေးကို မြန်မာပြန်လျှင် ဘယ်လိုခေါ်မလဲ...။

သံယာတော်များ။ ။ယှဉ်-လို့ခေါ်ပါတယ်။

ဆရာတော်။ ။'ခန္ဓာ' ဆိုတာက ခန္ဓာ=ဖွဲ့ထားတာကိုလဲ ယူနိုင်တယ်။ တရားအစု အပေါင်းကိုလဲ ယူနိုင်တယ်။

ဒီတော့ 'သမ္မယုတ္တခန္ဓာ' ဆိုတဲ့ နာမည်ကလေးဟာ ဘယ်တရားတွေကို ဘာပြုလို့ ဘယ့်နှယ်လုပ် ခေါ်ထားတာလဲလို့ မေးလျှင် ယှဉ်နေတဲ့တရား ပေါင်းစုလို့ ခေါ်တာပါဘဲ။ ဒီလို ရှေးဦးစွာ မှတ်ထားပါ။

ဘယ်လိုဖြစ်နေရမယ်။ (ယှဉ်နေသော တရားအပေါင်း)။ ဒါဟာ ကျဉ်း ကျဉ်း သူ့နာမည်ဘဲ။ အဲဒီတော့မှ ရှေ့ဆက်ပြီး ကြည့်လိုက်က ပေါင်းပြီး ယှဉ်နေတဲ့ တရားဆိုတော့ ဘယ်သူနှင့် ယှဉ်ရမှာလဲဆိုတာ စဉ်းစားရမယ်။

ကိန်းသေနည်းပါး မှတ်ထားကြစမ်းပါ။ ခုတင်က ပြောတဲ့ပစ္စည်းတရားနှင့် ယှဉ်နေတဲ့ တရားဖြစ်ရမယ်၊ နားလည်ပလား။

ဆရာတော်။ ။ဘယ်သူနှင့် ယှဉ်ရမတုန်း။

သံယာတော်များ။ ။ပစ္စည်းတရားနှင့် ယှဉ်နေရပါမယ်။

ဆရာတော်။ ။ပစ္စည်းတရားက ခုတင်က ပြောခဲ့တာ ဘယ်သူတုန်း၊ ဟိတ်ခြောက်ပါး။ ဟိတ်ခြောက်ပါးက စေတသိက်နော်။ ဟိတ်ခြောက်ပါးနှင့် ယှဉ်နိုင်တဲ့ စိတ်က ဘယ်သူလဲလို့မေးလျှင် ဘာဖြေမလဲ။

သံယာတော်များ။ ။သဟိတ်စိတ်။

ဆရာတော်။ ။သဟိတ်စိတ်ပေါ့ ရဲရဲပြောစမ်းပါ။ သင်ကြိုဟ်သရုပ်ပါ။ ဒါ ပဌာန်းမှ မရောက်သေးဘဲ။ သဟိတ်စိတ် ဘယ်လောက်တဲ့ ၇၁-ပါး။ ကဲ ဒီ ၇၁-ပါး ဘယ်သူလဲလို့ ဘုန်းကြီးက အရှာခိုင်းတာ။

သမ္မယုတ္တခန္ဓာအရ ရှာနည်း

ဒီတော့ စိတ် ၈၉-ရှိတယ် မဟုတ်လား၊ အဟိတ်စိတ် ၁၈-ခု နုတ်လိုက်လျှင် ဘယ်လောက်ကျန်ဘယ် (၈၉-၁۸=၇၁) ၇၁-ပါး ကျန်တယ်။ အဲဒါ အခုလောက်ဘဲ မှတ်ထားဦး၊ နောက်ပြီးတော့ ပြန်ဖော်ပြဦးစို့။ အဟိတ်စိတ် ၁၈-ခုလျော့တယ်၊ ၇၁-ပါးဖြစ်ရော။

အဲဒီ ၇၁-ပါးသော သဟိတ်စိတ်သည် စေတသိက်ပေါင်း ဘယ်လောက် ယှဉ်သတုန်းလို့မေးလျှင် ဦးပဋ္ဌင်းတို့ ဘယ်လိုဖြေမလဲ... စေတသိက်ပေါင်း ဘယ်လောက်ယှဉ်သလဲ (၅၂-ပါးယှဉ်ပါတယ်)၊ အကုန်ယှဉ်နိုင်တယ်နော် ဒါက အပေါင်းကို ပြောတာ။

အဲဒီတော့ သမ္မယုတ္တာခန္ဓာမှာ ဒီဟေတုအတွက်ကြည့်လျှင် ဘယ်တရားရှိမလဲမေး လျှင် ဘာတွေရှိမလဲ ကိုယ်တိုင်မြင်အောင်ကြည့် သိအောင်ကြည့်ရမယ်။ သမ္မယုတ္တာခန္ဓာ ခေါ်တဲ့ စာလုံးကလေးထဲမှာ သဟိတ်စိတ် ၇၁-ရှိတယ်၊ စေတသိက်က ၅၂-ပါးရှိပါတယ်။

ကုသိုလ် သမ္မယုတ္တာခန္ဓာ

အဲဒါ တွေ့တော့မှ သူ့ကို တခါ ခုတင်က ပြောတဲ့အတိုင်း ပစ္စည်းကို ကုသလတိက နှင့် ခွဲသလို ဒီသမ္မယုတ္တာခန္ဓာကို ကုသလတိကနှင့် ခွဲပါဦး။

သဟိတ်စိတ် ၇၁-ဆိုတာ ၈၉-မှာ ဘယ်သူ့ကို လျှော့ထားတယ်။ (အဟိတ်စိတ် ၁၈-ကိုလျှော့ထားပါတယ်)။ အဲဒီလို ၇၁-ပါးသော သဟိတ်စိတ်ထဲမှာ ကုသလာဓမ္မာဆိုပြီး ဟောဖို့ရာ ကုသိုလ်စိတ်ပေါင်း ဘယ်လောက်ရှိမလဲ။

သံယာတော်များ။ ။၂၁-ပါးရှိပါတယ်။

ဆရာတော်။ ။ထိုကုသိုလ်စိတ် ၂၁-ပါးသည် စေတသိက်ပေါင်း ဘယ်လောက် ယှဉ်မလဲ။

သံယာတော်များ။ ။၃၈-ပါးယှဉ်ပါတယ်

ဆရာတော်။ ။လေ့လာကြနော်... အပျင်းပြေ ပြောနေတာမဟုတ်ဘူး၊ အင်မတန် အရေးကြီးတဲ့ကိစ္စ ပြောနေတာ

ဒါဟာ 'ကုသလာ ဓမ္မာ'လို့ရှာလျှင် သမ္မယုတ္တာခန္ဓာထဲက ဒီတရား ထွက်လာတယ်နော်...။

အကုသိုလ် သမ္မယုတ္တာခန္ဓာ

ကဲ... ကြည့်စမ်း 'အကုသလာဓမ္မာ'လို့ ဆိုလိုက်ယင်ကော ဒီသမ္မယုတ္တာခန္ဓာထဲမှာ ဘယ်သူရှိမလဲ... အကုသိုလ်စိတ် စေတသိက်။ ဒါ ရသင့်တာကို ပြောတယ်။ နောက်တော့ ပြန်နုတ်ဦး မှတ်ထားကြပါ။

အဗျာကတ သမ္မယုတ္တာခန္ဓာ

'အဗျာကတာ ဓမ္မာ'လို့ ဆိုလိုက်ယင်ကော ဒီသမ္မယုတ္တာခန္ဓာထဲမှာ အဗျာကတထိုက်တဲ့ တရားတွေ ဘယ်လောက်ရှိမလဲလို့ မေးလျှင် သဟိတ်စိတ်တွင် ရပ်ထားတယ် မဟုတ်လား၊ သဟိတ်ဝိပါက် ဘယ်လောက်တဲ့တုန်း (ဧကဝိသပါ) ၂၁-ပါးနော်။

သဟိတ်ကြိယာစိတ်ပေါင်း ဘယ်လောက်ရှိသလဲ၊ ကြိယာစိတ်ပေါင်း နှစ်ဆယ်ရှိတာ အဟိတ်ကြိယာ သုံးခုနှုတ်ပေါ့ (၁၇-ပါးကျန်ပါတယ်)။

အဲဒါမျိုးတွေကို လေ့လာကြစမ်းပါ၊ ဦးပဉ္စင်းတို့ကို ဒါ နည်းပေးနေတာပါ၊ ဒီနေ့ ပါဠိတော်ချပေးမည်သာ ပြောတာ ရောက်မှ ရောက်ပါဦးမလား မပြောတတ်ဘူး။

ပြန်ပြောဦးမယ် အခုပြောပြီးတဲ့စကားကို။ ဟေတုရဲ့ ပစ္စယုပ္ပန်ဖြစ်တဲ့ သမ္မယုတ္တခန္ဓာ ခေါ်တဲ့ နာမ်တရား အစုအပုံကလေးမှာ ရှိနေတဲ့တရားကို ကုသလတိက်နှင့် ဝေဖန်လိုက်တော့ 'ကုသလာ ဓမ္မာ'အရ ကုသိုလ်စိတ် ဧကဝီသ စေတသိက် အဌတိံ သ၊ တပုံ ရမလာဘူးလား (ရပါတယ်)။

'အကုသလာ ဓမ္မာ'အရ အကုသိုလ်ဒွါဒသ စေတသိက် သတ္တဝီသက တပုံ။ ဟောနေတဲ့အတိုင်း သူထွက်လာရမှာပေါ့နော် (မှန်ပါ)။

'အဗျာကတာ ဓမ္မာ'အရကြည့်နော် သဟိတ်ဝိပါက် ၂၁၊ သဟိတ်ကြိယာ-၁၇၊ သူတို့နှင့် ယှဉ်နိုင်တဲ့ စေတသိက် ၃၈-ဘဲ ရမယ်မဟုတ်လား၊ ဟော သုံးနည်းထွက်လာတယ်။

ဘယ်မှာရှိတာလဲ ဘယ်အထဲက နုတ်တာလဲ မေးလျှင် ဦးပဉ္စင်းတို့ ကျက်ထားတဲ့ သုဒ္ဓသခ်ၣာမှာပါတဲ့ သမ္မယုတ္တခန္ဓာထဲမှာ နုတ်တာ။

ခုတင်က ဘုန်းကြီးက ပြောခဲ့တယ် ယှဉ်နေတဲ့ တရားအပေါင်းဆိုတာ၊ ရှေ့မတိုးသေးဘူး နောက်ကိုပြန်ပြီးတော့ လှည့်ပြီးယူတယ်။

ကုသလာ ဓမ္မာအရ ကုသိုလ်စိတ် ဧကဝီသ, ယှဉ်နေတဲ့ စေတသိက်ပေါင်း ဘယ်လောက် အဌတိံ သ ၃၈-ပါး။

အဲဒီ ၃၈-က ဘယ်သူလဲတဲ့။ လာပြန်ရောနော်...။ လေ့လာပြီး နားထောင်စမ်းပါ၊ ဘုန်းကြီးပြောပေးမယ်။ စကား တောက်တီး တောက်တဲ့ ပြောနေတာ မဟုတ်ဘူး၊ ဒါတွေ အင်မတန် အဖိုးတန်လွန်းလို့ ပြောနေတာ၊ အဌတိံသက ဘယ်သူတွေလဲ မေးတော့ အညသမာန်းက-၁၃၊ သောဘဏစေတသိက်က-၂၅၊ ပေါင်းလိုက်တော့ ၃၈။

ပြန်ကြည့်ဦး တခေါက်၊ အညသမာန်း ၁၃-ဆိုတာ ဘယ်သူလဲ၊ သိနေပါလိမ့်မယ် ဦးပဉ္စင်းတို့၊ သို့သော် ဒါက နည်းရအောင်လို့ ပြောနေတာ။ ဘယ်သူတွေတဲ့... သဗ္ဗစိတ္တသာဓာရဏ စေတသိက်က (၇-ပါး)၊ ပကိဏ္ဏကစေတသိက်က (၆-ပါး) ပေါင်းလိုက်တော့ (၁၃-ပါး)။ အဲဒီ ၁၃-ပါးမှာ ဂရုစိုက်ပြီး ကြည့်စမ်းပါ၊ ဦးပဉ္စင်းတို့ နားလည်ဖို့ နည်းပါ။ သဗ္ဗစိတ္တ-သာဓာရဏစေတသိက် ၇-ခုထဲမှာ ဦးပဉ္စင်းတို့ ခုတင်က ဆိုလာခဲ့တဲ့ ကုသိုလ်နှင့်ယှဉ်တဲ့ ဟိတ်သုံးပါးဆိုတာ ဘယ်သူလဲ အလောဘ အဒေါသ အမောဟ မဟုတ်လား၊ ပါရဲ့လားလို့

ကြည့်စမ်းပါ (မပါပါ)၊ ပကိဏ္ဏား ၆-ခုမှာကော (မပါပါ)၊ ဒါဖြင့် ဒီစေတသိက် ၁၃-ခုထဲမှာ ဟိတ်မရှိဘူး။ နားလည်တယ်နော် (မှန်ပါ နားလည်ပါတယ်)။

သတိပြု သောဘဏစေတသိက် ၂၅-ဆိုတာ ဘယ်သူလဲဆိုတာ အသေးစိတ်လိုက်ပါဦး။ သောဘဏသာဓာရဏက (၁၉-ပါး)၊ ပြီးတော့ ဝိရတိစေတသိက် (၃-ပါး)၊ အပွမညာစေတသိက် (၂-ပါး)၊ ပညာစေတသိက် (၁ ပါး)၊ ပေါင်းလိုက်တော့ ၂၅-ပါး။

ကုသိုလ်ဟိတ် ရှာနည်း

အဲဒီမှာ ခုတင်က လိုချင်တဲ့ ဟိတ်သုံးပါးရှိသလားလို့ လိုက်ရှာရတယ်။ ကျန်တဲ့ ပစ္စည်းတွေလဲ ၎င်းနည်းအတိုင်းပါဘဲ...။ ပေါ့ပေါ့ကလေး နားထောင်မနေစမ်းပါနှင့်၊ ကဲ... လိုက်ရှာကြစမ်း။ သောဘဏသာဓာရဏစေတသိက် ၁၉-ခုကို ဘုန်းကြီးက အစဉ်အတိုင်း ပြောမယ်။ ဟိတ်တွေ့လျှင် ဦးပဉ္စင်းတို့ကပြော၊ သဒ္ဓါ သတိ၊ ဟိတ်ဟုတ်ပါရဲ့လား (မဟုတ်ပါ)၊ ဟိရိ ဩတ္တပ္ပဟိတ် ဟုတ်ရဲ့လား (မဟုတ်ပါ)၊ ပြီးတော့ အလောဘ ဟောဒီ တစ်ခုတွေ့တယ် (မှန်ပါ)၊ ပြီးတော့ ဘယ်သူလဲ (အဒေါသ-ပါ) သူတို့က ဟိတ်မဟုတ်ဘူးလား (ဟုတ်ပါတယ်)၊ အလောဘဟိတ် တွေ့တယ် အဒေါသဟိတ်တွေ့တယ် နော် (မှန်ပါ)။

ပြီးတော့ ရှေ့လျှောက်သွားတော့ တတြမဇ္ဈတ္တတာ ဟိတ်ဟုတ်သေးရဲ့လား (မဟုတ်ပါ)၊ ကာယပွဿဒ္ဓိ စိတ္တပွဿဒ္ဓိ စသည်တို့ကော ဟိတ်ဟုတ်ပါရဲ့လား (မဟုတ်ပါ)၊ မဟုတ်လျှင် သောဘဏသာဓာရဏစေတသိက် ၁၉-ပါးထဲမှာ ဟိတ်ဘယ်နှစ်ပါးရှိပါလိမ့်... (နှစ်ပါးရှိပါတယ်)၊ ဘယ်သူတွေပါလိမ့်... (အလောဘ အဒေါသ) မှတ်ထားခဲ့ကြပါ။

ကဲ... ရှေ့ဆိုပါ- ဝိရတိစေတသိက် ၃-ခုထဲမှာကော ဟိတ်ရှိသလား (မရှိပါ)၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝတဲ့၊ ဟိတ် မဟုတ်ဘူး...။

အပွမညာစေတသိက် နှစ်ခုကကော ဟိတ်ဟုတ်ရဲ့လား (မဟုတ်ပါ)။

နောက်ကျန်တဲ့ ပညိန္ဒြိယကော (ဟိတ်ပါ)၊ ဘာဟိတ်တဲ့တုန်း... (အမောဟ ဟိတ်ပါ)။

ကဲ...ကုသိုလ်စိတ် ဧကဝီသ ခေါ်တဲ့ ၂၁၊ သူနှင့်ယှဉ်နေတဲ့ စေတသိက် အဌတိံသ ၃၈-ပါးထဲမှာ ရှာတော့ ဘာဟိတ်တွေ တွေ့သလဲ... အလောဘ အဒေါသ အမောဟ လို့ သုံးခုတွေ့တယ်၊ အဲဒီထဲမှာ ပါနေတဲ့ ဟိတ်သုံးပါက ပစ္စည်းဖြစ်နေတာ။ ကုသိုလ်ဟိတ် သုံးပါး ပစ္စည်းထားလျှင် ကုသိုလ်စိတ်ဧကဝီသ စေတသိက် အဌတိံသက ပစ္စယုပ္ပန်ဖြစ်လာရော အရကောက် သိချင်လျှင် နည်းပြောတာ။

မှတ်ချက်။ ။ပစ္စည်းထိုက်သော ဟိတ် ၃-ပါးနှုတ်ပါလျက်- စေတသိက် အဌတီသ (၃၈) ပါးက မလျော့သည်မှာ ဟိတ် ၁-ပါးက ပစ္စည်းဖြစ်လျှင် ကျန် ၂-ပါးက ပစ္စယုပ္ပန် ဖြစ်ရသည်၊ သုံးပါးလုံး အလှည့်ကျ ပစ္စည်းပစ္စယုပ္ပန် ဖြစ်နိုင်ကြ၍ အဌတီသ (၃၈) မလျော့သည်၊ ကြွင်းပစ္စည်းများ နည်းတူ သိပါလေ။

အဲဒီတော့ ဒီကိစ္စမျိုးတွေနှင့်စပ်ပြီး ပျံ့လွန်တော်မူတဲ့ ကျေးဇူးရှင်လယ်တီဆရာတော် ဘုရားကြီးက- ဒီဆရာတော်ကြီးများတော့ ကမ္ဘာ့ကျေးဇူးရှင်ကြီးပါ၊ ဘာရေးထားသလဲ မေးတော့ ဒီကိစ္စနှင့်စပ်လို့...

စိတ်နှင့်စေယှဉ်၊ ကျေလည်လျှင်၊ ဟိတ်မြင် မခက်သေးတဲ့

'စိတ်နှင့်စေယှဉ်' ဆိုတာက စိတ်နှင့် စေတသိက် ယှဉ်တာကို သိအောင်လုပ်တဲ့။ 'ကျေလည်လျှင်' ဆိုတာက ကျေကျေလည်လည် နပ်နပ်နောနော သိမှတဲ့...။ အခုတွေ့ပြီ မဟုတ်လား စိတ်နှင့်စေတသိက်အယှဉ်။ ကုသိုလ်စိတ် ဧကဝီသမှာ ယှဉ်တာ စေတသိက်က ဘယ်လောက်တုန်း ၃၈-ပါး။ ဒါကိုတွေ့တော့ ဒီအထဲမှာ ဟိတ်ရှာခိုင်းတာ။

ဒါကြောင့် ဆရာတော်ကြီးက စိတ်နှင့်စေယှဉ် ကျေလည်လျှင် ဟိတ်မြင်မခက်သေး... တဲ့။ ကောင်းလိုက်တာ တိုတိုကလေးနှင့် ထိလိုက်မိလိုက်တဲ့စကား။ ဒါကြောင့် ကမ္ဘာ့ကျေးဇူးရှင်ကြီးလို့ ပြောခဲ့တာ။ ဘုန်းကြီးပြောနေရတာ အကြာကြီးကို၊ ဆရာတော်ကြီးက ဒီတပုဒ်တည်း စာကလေး ၂-လုံး ၃-လုံးနှင့် ပြီးရော...။

ဒါကြောင့်-ကုသလာ ဓမ္မာ အရကောက်ချင်လျှင် ဒီနေရာမှာ ကုသိုလ်ဟိတ် သုံးပါးကပစ္စည်း၊ ကုသိုလ်စိတ် ဧကဝီသ စေတသိက် အဌတီသက ပစ္စယုပ္ပန်လို့ အကြမ်းဖျင်းမှတ်ထားခဲ့- တေးထားခဲ့စမ်းပါ။ အသစ်လဲမဟုတ်ဘူး ဒါတွေ ဦးပဉ္စင်းတို့ နားလည်ပြီးသားတွေပါ။

အကုသိုလ်ဟိတ်ရှာနည်း

ကဲ... ရှေ့တိုးရအောင် ထို့နည်းတူစွာ အကုသလာ ဓမ္မာမှာ ခုတင်က ဦးပဉ္စင်းတို့ ပြောတဲ့ အကုသိုလ်စိတ်ပေါင်း ဒွါဒသမှာ စေတသိက်ပေါင်း သတ္တဝီသယှဉ်တယ်။ အဲဒီ ၂၇-ပါးမှာ ဘယ်သူလဲလို့ ရှာပြန်တော့ ခုတင်က အတိုင်းဘဲ အညသမာန်းစေတသိက်က ၁၃၊အကုသိုလ် စေတသိက်က ၁၄၊ ပေါင်းလိုက်တော့ ၂၇-ပါး။

အဲဒီလို ၂၇-ရှိနေတဲ့အထဲမှာ လိုက်ကြည့်ပါ ဟိတ်ထိုက်တဲ့တရား ရှိ မရှိ သတိနှင့် ရှာပါ။ ရှာပါလို့ဆိုတော့ ဘယ်လိုလုပ် ရှာမလဲ... အညသမာန်းထဲမှာ ခုတင်က ရှာခဲ့တယ် ဟိတ်ထိုက်တဲ့တရား ရှိရဲ့လား... (မရှိပါ)၊ ဒါဖြင့် အကုသိုလ်စေတသိက် ၁၄-လုံးထဲမှာ ရှာ

ရမ္မာပေါ့။ ကဲ ကြည့်စမ်း မောစတုက်ခေါ်တဲ့ မောဟ အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စထဲမှာ တခုရရော မဟုတ်လား။ မောဟဟာ ဟိတ်ပေါ့ (မှန်ပါ)၊ နောက်တခါ လာပြန်တယ်။ **လော**မာန် ဒိဋ္ဌိ **လော**တြိတဲ့၊ **လော**ဘရယ် မာနရယ် ဒိဋ္ဌိရယ် သုံးမျိုးကို **လော**တြိခေါ်တယ်တဲ့။ ဒီထဲမှာကော ဟိတ်မရှိဘူးလား (ရှိပါတယ်)၊ ဘယ်သူပါလိမ့် (လောဘပါ)။

ပြီးတော့ ဒေါစတုက်မှာကော ဟိတ်မရှိဘူးလား (ရှိပါတယ်)၊ ဒေါသဟာ ဟိတ်ဘဲ။ ရှေ့လျှောက်ရှာတော့ မရှိဘူး၊ ထိန မိဒ္ဓ ဝိစိကိစ္ဆာ ရောက်တော့မှာ မဟုတ်လား (မှန်ပါ)။

ဒီတော့ အကုသိုလ်စိတ် ၁၂-ခုနှင့်ယှဉ်တဲ့ စေတသိက် ၂၇-ထဲမှာ ဟိတ်လိုက်ရှာတော့ ဘယ်သူတွေ တွေ့သလဲ... လောဘ ဒေါသ မောဟ သူတို့ဘဲ။

အဲဒီသုံးပါးရလို့ အကုန်လုံး ပစ္စယုပ္ပန်မှာ သတ္တဝိသခေါ်တဲ့ ၂၇-စလုံး ရမ္မာလား မေးလျှင် သတိကလေးပြုလိုက်ကြစမ်းပါ။ မောဟသည် သုံးမျိုးရှိခဲ့၏။

မောဟ ၃-မျိုး

မဆန်းပါဘူး ဦးပဉ္စင်းတို့ နားလည်ပြီးသား၊ သို့သော် ပိုပြီးနားလည်အောင်လို့ ဘုန်းကြီးက ဝေဖန်ပြောတာ။ မောဟ ဘယ်နှစ်မျိုးရှိသလဲ (သုံးမျိုး ရှိပါတယ်)။

ဘယ်လို သုံးမျိုးရှိတာလဲလို့မေးလျှင် သတိပြုပါ။ လောဘမူစိတ်မှာ ယှဉ်နေတဲ့ စေတသိက် ၂၂-ထဲမှာ မောဟ မပါဘူးလား (ပါပါတယ်)၊ ပါတယ်နော်... ပါလျှင် သူ့ကို လောဘမူနှင့်ယှဉ်တဲ့ မောဟဟိတ်လို့ ခေါ်ရတယ်။

ပြီးတော့ ဒေါသမူစိတ်မှာ ယှဉ်နေတဲ့ စေတသိက် ဒွါဝိသထဲမှာကော ဒီမောဟ မပါဘူးလား... (ပါပါတယ်) ပါတယ်။ သူက ခပ်တိုင်းငန်ဘဲ။ ဒီတော့ သူက ဘာတုန်း ဒေါသမူနှင့်ယှဉ်နေတဲ့ မောဟ။ နားလည်ပြီနော်။

နောက်တခုကျန်သေးတယ်။ မောဟမူစိတ်နှစ်ခုမှာ ယှဉ်နေတဲ့ စေတသိက် ၁၆-ပါးထဲမှာကော မောဟမရှိဘူးလား... (ရှိပါတယ်)၊ ရှိလျှင် မောဟနေတဲ့ နေရာ သုံးခု မဖြစ်ဘူးလား (ဖြစ်ပါတယ်)။

အဖော်ရှိတဲ့ မောဟ

လောဘမူနှင့်ယှဉ်နေတဲ့ မောဟသည် လောဘဟိတ်နှင့်ယှဉ်နေတယ်၊ အဖော်ရှိတယ်။ နားလည်ပလား (မှန်ပါ)။

ဒေါသမူစိတ်နှင့်ယှဉ်တဲ့ မောဟသည် သူနှင့်တွဲဖက် ဘယ်သူရှိသလဲဆိုလျှင် ဒေါသ ဟိတ်ရှိတယ်။

အဖော်မရှိတဲ့ မောဟ

မောဟမူနှင့်ယှဉ်နေတဲ့ မောဟမှာ သူနှင့်အတူတွဲဖြစ်တဲ့ ဟိတ်ရှိရဲ့လားလို့ ကြည့်ပါ (မရှိပါ)၊ နားလည်ပစေနော်...။

ဒီတော့ သမ္မယုတ္တာခန္ဓာမှာ နေရမှာ ပစ္စည်းတရားနှင့် ယှဉ်ရမယ်ဆိုတော့ လောဘမူမှာရှိတဲ့ မောဟက ရနိုင်တယ်။ ဒေါသမူနှင့်ယှဉ်တဲ့ မောဟက ရနိုင်တယ်။ မောဟမူနှင့် ယှဉ်နေတဲ့ မောဟက သမ္မယုတ္တာဖြစ်တဲ့ ယှဉ်ဘက်ဟိတ် ရနိုင်ရဲ့လား (မရနိုင်ပါ)၊ မရခြင်းကြောင့် အကုသလာ ဓမ္မာအရ ယူခဲ့လို့ရှိယင် အကုသိုလ်စိတ် ဒွါဒသ မောဟမူဒွေ၌ ယှဉ်ခိုက် မောဟကြဉ်သော စေတသိက် ၂၇-ပါး၊ ၂၇-ကတော့ မလျော့ဘူးနော်...။ ဘာဖြစ်လို့လဲဆိုတော့ လောဘမူ ဒေါသမူနှင့် ယှဉ်နေတဲ့ မောဟက ရှိတယ်။ ကြဉ်နည်း နားလည်ပြီ မဟုတ်လား (မှန်ပါ)၊ ဘာဖြစ်လို့လဲမေးလျှင် ယှဉ်ဖက် သမ္မယုတ်မရှိသောကြောင့် မောဟမူနှင့် ယှဉ်တဲ့ မောဟကြဉ်ရတယ် ပြီးရော။

ကုသလာ ဓမ္မာ အကုသလာ ဓမ္မာ ပြောပြီးပြီ။ အဗျာကတာ ဓမ္မာ၌ ခုတင်ကပြောခဲ့တယ်၊ အဗျာကတသည် ဝိပါက်အဗျာကတ, ကြိယာအဗျာကတ နှစ်မျိုးရှိရာ သာမညဖြစ်တဲ့ ဝိပါက်နှင့်ကြိယာ သဟိတ်စိတ်ကို ယူလိုက်တော့ သတိနှင့် နားထောင်နော်...

ၛင်းဝိပါက်ကြိယာစိတ်သည် စေတသိက်ပေါင်း ဘယ်လောက်ယှဉ်သလဲ မေးလျှင် ၃၈-ပါး၊ ကုသိုလ်နှင့် အတူတူပေါ့ ၃၈-ပါးယှဉ်တယ်။ ၃၈-ရနေမှဘဲ ခုတင်က ကုသိုလ်မှာ ရသလို အလောဘ အဒေါသ အမောဟ ဟိတ်သုံးပါး မပါပေဘူးလားလို့ (ပါပါတယ်)၊ ပါလျှင် သီးခြားမခွဲကြပါနဲ့တော့၊ ခုတင်က ၃၈-ဘဲ မဟုတ်လား (မှန်ပါ)။

ဒါကြောင့် ကုသလာဗျာကတာ တထာ-လို့ အရှင်အနုရုဒ္ဓါက ဆိုတယ်။ ကုသိုလ်ဟိတ်သုံးပါးရနေသလို အဗျာကတဟိတ်သုံးပါးရတယ်လို့ အရချင်းတူနေတာကို တထာသဒ္ဒါနှင့် သုံးထားတာ။ ကုသိုလ်ယှဉ်တဲ့ ဟိတ်သုံးပါးသည်ပင်လျှင် အဗျာကတယှဉ်နေတာနဲ့ အတူတူဘဲလို့ ဒီလိုတော့ မယူဆပါနှင့် အသွင်တူပေမဲ့ အသွေးမတူဘူး (မှန်ပါ)။

အသွင်တူပေမဲ့ အသွေးမတူ

သတိပြုနားထောင်စမ်းပါ။ ကုသိုလ်မှာလဲ အလောဘ အဒေါသ အမောဟလို့ သူတို့ဘဲ မဟုတ်လား၊ အဗျာကတမှာလဲ သူတို့ဘဲ မဟုတ်လား၊ သူတို့ပါဘဲလို့ ပြောလို့ဖြစ်မလား မေးတော့ အသွင်တူတယ် အသွေးမတူဘူးလို့ အခု ဘုန်းကြီးက စကားသုံးပြီးတော့ ပြောတယ်။

အသွင်တူတာက ဘာတုန်း အလောဘချင်းတူတယ်၊ အဒေါသချင်း တူတယ်၊ အမောဟချင်း တူနေတယ် မဟုတ်လား (မှန်ပါ)။

သဘာဝ စစ်ကြည့်စမ်းပါ။ ကုသိုလ်မှာယှဉ်နေတဲ့ အလောဘနှင့် အဗျာကတမှာ ယှဉ်နေတဲ့ အလောဘ သဘာဝချင်း တူပါ့မလား (မတူပါ)။ မတူလျှင် **အသွေးမတူဘူးပေါ့။** မှတ်ထား ဒီစကားလုံးကလေးတွေ နောင်လဲ ဒီအတိုင်း တွေ့လိမ့်မယ်။

ဒါကြောင့် ကုသလာဗျာကတာ တထာ-လို့ဆိုတာ အရေအတွက်တူနေပုံကို ပြောတာ။

အဲဒါက သာမညဖြစ်တဲ့ ဝိပါက်နှင့် ကြိယာမှာယှဉ်ခိုက် အဗျာကတ ဟိတ်သုံးပါး (မှန်ပါ)။ ပဋ္ဌိသန္ဓေကျတော့ အဟိတ်ဝိပါက်တွေ မရတော့ အဟိတ်ပဋ္ဌိသန္ဓေနှစ်ခု မရဘူးပေါ့။ မရတော့ အဟိတ်ပဋ္ဌိသန္ဓေက ဘယ်နှစ်ခုရှိတယ် (နှစ်ခုပါ)။ ဘယ်သူတွေလဲမေးလျှင် ဥပေက္ခာသန္တီရဏနှစ်ပါးဘဲ (မှန်ပါ)။ သူတို့ကိုလျှော့လိုက် ပဋ္ဌိသန္ဓေစိတ်ပေါင်း ဘယ်လောက်ရှိသလဲ ၁၉-ထဲမှာ ၂-ခုလျှော့တော့ (၁၇-ပါးပါ)၊ သဟိတ်ပဋ္ဌိသန္ဓေ သတ္တရသခေါ်တဲ့ ၁၇-ခုဘဲ။

အဲဒီ ၁၇-ခုမှာ စေတသိက်ပေါင်း ဘယ်လောက်ရှိသလဲလို့ ကြည့်ရပါမယ်။ ဘယ်လောက်ယှဉ်မလဲ။ အမောပြေအောင် ကြားဖြတ်ကလေးများ ပြောကြစမ်းပါဦး။ ဘယ်လောက်ယှဉ်မလဲ (၃၅-ပါးယှဉ်ပါတယ်)။ ၃၈-ထဲမှာ ၃၅-ဆိုတော့ ဘယ်နှစ်ခု လျှော့သွားသလဲ (၃ ခု လျှော့ပါတယ်)၊ ၃-ခုဆိုတာဟာ ဝိရတီဘဲ။ သတိနှင့် နားထောင်စမ်းပါ နောင်လဲ ဒီအတိုင်းဘဲ။

ပဋ္ဌိသန္ဓေအခါမှာ ဝိရတီ မရနိုင်

ဝိရတီလို့ခေါ်တဲ့ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ တရားသုံးမျိုးသည် သတ္တဝါတိုင်း၏ ပဋ္ဌိသန္ဓေအခါမှာ ဘယ်တော့မှ မဖြစ်ဘူး။ မဖြစ်ဘူးဆိုတာ ဦးပဉ္စင်းတို့ အခုတွေ့နေပြီ။ မယှဉ်ဘူးမဟုတ်လား (မှန်ပါ)။ အမိဝမ်းတွင်းသို့ ရောက်စ သူသုံးကိုယ်ကိုယ်ပေါ့။ အမိဝမ်းတွင်းသို့ရောက်စ ဥပါဒ် ဌီ ဘင် ခဏငယ်သုံးချက်အတွင်းမှာ သမ္မာဝါစာ ဖြစ်နိုင်ပါ့မလား။ ကောင်းသောစကားကို ပြောဆိုခြင်း ဖြစ်ပါ့မလား (မဖြစ်ပါ)။ သမ္မာကမ္မန္တ သမ္မာအာဇီဝလဲ မဖြစ်ဘူး။ ဒါကြောင့် ပဋ္ဌိသန္ဓေအခိုက်အတန့်ကလေးမှာ မယှဉ်ဘူးလို့မှတ်ပါ။

အဲဒီတော့ သဟိတ်ပဋ္ဌိသန္ဓေဘယ်လောက် ခုတင်ကပြောတာ (၁၇)၊ စေတသိက်ပေါင်း ဘယ်လောက်ယှဉ်သတုန်းမေးတော့ ၃၅-ပါး။ အဲဒီ ၃၅-မှာ ဟိတ်ရှာပြန်တော့ ခုတင်ကလိုဘဲ သောဘဏသာဓာရဏက ရတယ်မဟုတ်လား၊ အလောဘနဲ့ အဒေါသဟိတ် ရခဲ့တယ်။ (စေတသိက် ၅၂-မှာ) နောက်ပိတ်ဆုံး စေတသိက်က ဘယ်သူတဲ့တုန်း (ပညိန္ဒြေ)။ အဲဒါက အမောဟဟိတ်။

အဲဒါကြောင့် ပြန်လိုက်စမ်း တခေါက်ဆုံးသွားပြီ။ ကုသိုလ်မှာ ဟိတ်သုံးပါး၊ အကုသိုလ်မှာ ဟိတ်သုံးပါး၊ သာမညဝိပါက်မှာ ဟိတ်သုံးပါး၊ ကြိယာမှာ ဟိတ်သုံးပါး၊ ပဋ္ဌိသန္ဓေကိစ္စတပ်တဲ့ ဝိပါက်မှာ ဟိတ်သုံးပါး၊ ပေါင်းလိုက်တော့ ခုတင်က စောစောမှာပြောခဲ့တယ် ဘယ်လောက်တဲ့ (၁၅-ပါး)၊ အဲဒါတွေပြောတာ။

ဘာပြောပေးနေသလဲလို့ ပြန်စဉ်းစားပါ။ ပစ္စည်းကို တိကန္ဒာ့ ဝေဖန်ပြီးလို့ ပစ္စယုပ္ပန်ကို တိကန္ဒာ့ ဝေဖန်ပြတယ်၊ သမ္မယုတ္တာခန္ဓာကိုနော် (မှန်ပါ)။

ထားခဲ့ပြီးစကားအကြွင်းအကျန်ရှိနေတယ်၊ နောက်ပစ္စည်းတွေကျမှ ထည့်ပြီးပြောမယ်။

စိတ္တဇရုပ် အဓိပ္ပါယ်

ပြီးတော့ ပစ္စယုပ္ပန်တရားက ဘယ်သူကျန်းသေးသတုန်း။ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ဆိုတာက ဟေတုကြောင့် သဟိတ်ခေါ်တာ။ ဆိုလိုရင်းက ဘယ်သူလဲမေးလျှင် စိတ္တဇရုပ်ဘဲ၊ ဘာဖြစ်လို့ သူ့ကို ဒီနာမည်ကလေးရစေသလဲ၊ ဘာကြောင့် စိတ္တဇရုပ်ခေါ်ရတာလဲ၊ နောင်တွေ့လတ္တံ့ တွေ့လတ္တံ့တွေမို့လို့ ဒီကနေ ကြိုပြီးပြောနေတာ။ ကြိုးစားလဲလုပ်ပါ အားထုတ်ပါ သိအောင်လုပ်ပါ၊ ဘုန်းကြီးပင်ပန်းကျိုး နပ်ပါရစေ။

နာမည်ကလေးက ဘာတဲ့၊ စိတ္တ+ဇ+ရုပ် မြန်မာပြန်လိုက်ပါလား၊ စိတ္တ-က=စိတ်၊ ဇ-က=ဖြစ်တာ ဒီတော့ သူ့ကို ဘာရုပ်ခေါ်မယ်၊ စိတ်ကြောင့်ဖြစ်တဲ့ရုပ်။ နားလည်တယ်နော် (မှန်ပါ)။

ဘယ်စိတ်ကြောင့်ဖြစ်သလဲ၊ ဒီဟေတု အနေနှင့်ကြည့်လျှင် သဟိတ်စိတ်ကြောင့် ဖြစ်တဲ့ရုပ်၊ မဟုတ်ဘူးလား (မှန်ပါ)။

စိတ်ဆိုတာ ပဓာနအားဖြင့် ခေါ်ထားတာ၊ စိတ်စေတသိက် နှစ်မျိုးလုံးကြောင့် ဖြစ်တယ်။

စိတ္တဇရုပ် ၃-မျိုး

ဒီတော့ သဟိတ်စိတ်သည် ကုသိုလ်စိတ် အကုသိုလ်စိတ် အဗျာကတစိတ်လို့ မရှိဘူးလား (မှန်ပါ)။ ဒါကြောင့် စိတ္တဇရုပ်ကလဲ ကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်, အကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်, အဗျာကတကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်လို့ ဘယ်နှစ်မျိုးကွဲလာသတုန်း (သုံးမျိုးကွဲပါတယ်)။

စိတ္တဇရုပ်ချင်း ကွာခြားပုံ

အဲ ခုနတုန်းက ဘုန်းကြီးပြောနေသလို ဟိတ်တွေဟာ ကုသိုလ် အဗျာကတ တူတယ်ဆိုပေမဲ့ အသွင်သာတူတယ် အသွေးတော့ မတူနိုင်ဘူးဆိုတာ ဒီမှာ စဉ်းစားကြည့်စမ်းပါ၊ စိတ္တဇရုပ် သုံးမျိုးကွဲထားတာ တူပါ့မလား မတူဘူးလားလို့ စဉ်းစားလျှင် ကုသိုလ်ပြုခိုက် ကိုယ့်သန္တာန်မှာပေါ်တဲ့ စိတ္တဇရုပ်နှင့် စဉ်းစားစမ်း၊ ဦးပဉ္စင်းတို့ ကိုယ့်သန္တာန်ကို ထည့်စဉ်းစားစမ်း စာပေါ်မှာမတည်ဘူး။ အကုသိုလ်ဖြစ်ခိုက် ကိုယ့်သန္တာန်မှာ ပေါ်နေတဲ့ စိတ္တဇရုပ်၊ အသွင်ချင်း တူပါ့မလားလို့ကြည့်ပါ။ စိတ္တဇရုပ်လို့ နာမည်တော့ တူနေပြီမဟုတ်လား (မှန်ပါ)။ ဘုရားမှာ ရေလျှူနေတယ်၊ ပန်းလျှူနေတယ် တကယ်ရွှင်လန်းတဲ့ သဒ္ဓါတရားနှင့် ကျောင်းထဲမှာ အမှိုက်သရိုက် သုတ်သင်ရှင်းလင်းနေတယ်ဆိုတာ ဒီအချိန်မှာ ဘာတုန်း ကိုယ့်သန္တာန်မှာ မဟာကုသိုလ်စိတ် မဖြစ်ပေဘူးလား (ဖြစ်ပါတယ်)။ ကိုယ့်စိတ်ကလေးနှင့် ကိုယ်ကျေနပ်ပြီးတော့ သဒ္ဓါတရားဖြစ်ပြီးတော့ ကျောင်းဝန်းမှာ တံမြက်လှည်းနေတယ်၊ ဘုရားကို ရေတော်ပန်းတော်ကပ်နေတယ်၊ ဖုံတွေကို တံမြတ်စည်းလှည်းနေတယ်ဆိုတဲ့အခါမှာ ဦးပဉ္စင်းတို့ သန္တာန်မှာ ပေါ်နေမည့် အဒ္ဓတ္တိကမဟာကုသိုလ်စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်သည် ဘယ်အသွင်ရှိမလဲလို့ဆိုတာ သတိပြုကြည့်ပါ၊ ဘယ်အခြေ ဘယ်အချိုးအစား ဝ့ါမျက်နှာရိပ်ရှိမလဲဆိုတာ ကြည်လင်သန့်ရှင်းနေပါတယ် ရုပ်သွင်ဟာ။

ဟာ... ဒါမှမဟုတ်လို့ တစုံတခုသောကိစ္စကြောင့် တစုံတယောက်သောသူနှင့် မသင့်မတင့် မတော်မလျောတဲ့ အာရုံနှင့်တွေ့ပြီးတော့ ဦးပဉ္စင်းတို့ သန္တာန်မှာ ကုသိုလ်စိတ်မဖြစ်ဘဲနှင့် အကုသိုလ်စိတ်ခေါ်တဲ့ ဒေါသစိတ်ဖြစ်နေလျှင်တော့ ဦးပဉ္စင်းတို့မျက်နှာမှာ ဘာစိတ္တဇရုပ်ပေါ်လာမလဲ၊ ဒေါသစိတ္တဇရုပ်တဲ့၊ နားလည်ပလား (မှန်ပါ။)

မထင်ရှားဘူးလားလို့ စိတ်ဆိုးဆဲ မှန်ကလေးနဲ့ ကြည့်စမ်း (ထင်ရှားပါတယ်)၊ ထင်ရှားပြီနော် ဒီကျတော့ (မှန်ပါ)။

ကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်က သိပ်မထင်ရှားပေမဲ့ အကုသိုလ်ဒေါသကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်က သိပ်ထင်ရှားပါတယ်။ လောဘကြောင့်ဖြစ်တဲ့ စိတ္တဇရုပ် ထင်ရှားပါတယ်။ မောဟကြောင့်ဖြစ်တဲ့ စိတ္တဇရုပ် ထင်ရှားပါတယ်။ မတူတော့ဘူး။

အဲဒါကြောင့် ချုံးလိုက်ကြစို့။ သဟိတ်စိတ္တဇရုပ်လို့ခေါ်တဲ့ (သဟိတ်ဆိုတာ ဟေတုဘဲ)။ စိတ္တဇရုပ်သည် ကုသိုလ် အကုသိုလ် အဗျာကတ သုံးမျိုးတို့တွင် ဘာခေါ်မလဲ (အဗျာကတတရား)။ သို့ပင် အဗျာကတတရား ဖြစ်သော်လဲဘဲ သုံးမျိုးကွဲနေတယ်လို့ ဥဏှာထဲမှာ သိပါ။ ဘယ်လိုကွဲနေသတုန်း၊ ကုသိုလ်ကြောင့် ဖြစ်သော စိတ္တဇရုပ်က တမျိုး, အကုသိုလ်ကြောင့် ဖြစ်သော စိတ္တဇရုပ်က တမျိုး, ဝိပါက်ကြိယာလို့ခေါ်တဲ့ အဗျာကတကြောင့် ဖြစ်နေတဲ့ စိတ္တဇရုပ်က တမျိုး။ ဘယ်နှစ်မျိုးရှိသတုန်း (သုံးမျိုးရှိပါတယ်ဘုရား)။

သတိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ်

နောက်တခုကတော့ ဘာတဲ့တုန်း၊ သတိတ်ပဋ္ဌိသန္ဓေ ကမ္မဇရုပ်တဲ့။ (ဝါပမ္ပမဟုတ်ဘဲ ဝါတွင်းဘဲနော်... ဖြည်းဖြည်းမှ ကုန်ချင် ကုန်ပါစေ။ မနေနိုင်တဲ့ ကိုယ်တော်ထွက်ပြေး။ တနာရီ ခွဲဘဲ ဘုန်းကြီးချမယ်။ အရင်နေ့ကထက် နည်းနည်း ပိုကြာမယ်။ ၄-နာရီခွဲပြီဆိုလျှင်ဖြင့် ဘယ်ရောက်ရောက် အဲဒါရပ်တော့မယ်။)

ဒီနေ့ကလဲ ဟေတုပါဋ္ဌိတော်ချပေးမယ်လို့တော့ ပြောထားတာပဲ။ ရောက် မရောက် ဘုန်းကြီးက မခန့်မှန်းနိုင်သေးဘူး။

စိတ္တဇရုပ်သည် ကုသိုလ် အကုသိုလ် အဗျာကတဆိုတဲ့ နာမ်တရား သုံးမျိုးကို စွဲပြီးတော့ ဘယ်နှစ်မျိုးရှိနေတယ်... (သုံးမျိုးရှိပါတယ်)။

ဒီနောက်က ရှိတဲ့ ပဋ္ဌိသန္ဓေကမ္မဇရုပ်ကျတော့ ဘယ်လို ကြည့်ရမလဲ... ဘာကြောင့် သူ့ကို ပဋ္ဌိသန္ဓေကမ္မဇရုပ်ခေါ်ထားသလဲ... သူ့နာမည်ကလေးကို ထပ်ပြီးတော့ စဉ်းစားပါ။ ပဋ္ဌိသန္ဓေ+ကမ္မ+ဇ-ရုပ်တဲ့၊ ဒါ အဓိပ္ပါယ်တမျိုးစီဘဲ။ ဒီတော့ သူ့ကို အဓိပ္ပါယ်ပြန်တော့ **ပဋ္ဌိသန္ဓေကို ဖြစ်စေတတ်တဲ့ ကံကြောင့် ဖြစ်ပေါ်လာတဲ့ ရုပ်ကို ပဋ္ဌိသန္ဓေကမ္မဇရုပ်လို့** ခေါ်ရတယ်။

ယောက်ျား မိန်းမ ဖြစ်ရတဲ့ ကံ

နားလည်အောင် နားထောင်ပါ။ စိတ္တဇရုပ်နှင့် မတူတာကို ခွဲပြောပေးမယ်။ ဘာတဲ့... ပဋ္ဌိသန္ဓေကို ဖြစ်စေတတ်တဲ့ ကံကြောင့် ဖြစ်ပေါ်လာတဲ့ ရုပ်ဆိုတော့...

သတိပြုပါ။ ဦးပဉ္စင်းတို့ ဘုန်းကြီးတို့ အသီးအသီး အခု လူ့လောက လူ့ဘဝ ရောက်နေကြတယ်။ အဲဒီလိုရောက်နေတဲ့ ဦးပဉ္စင်းတို့ ဘုန်းကြီးတို့တတွေသည် အတိတ်ဘဝက လူဖြစ်ရာ လူဖြစ်ကြောင်း ကံတွေကို မဆည်းပူးခဲ့ကြဘူးလား (ဆည်းပူးပါတယ်)။ အတိတ်ဘဝက ဦးပဉ္စင်းတို့ ဘုန်းကြီးတို့ ကိုယ်တိုင် ကိုယ်ကျ လုပ်လာခဲ့တဲ့ ကာမာဝစရခေါ်တဲ့ မဟာကုသိုလ်ကံ စေတနာကြောင့် ဤဘဝမှာ ဦးပဉ္စင်းတို့ ဘုန်းကြီးတို့ အသီးအသီးသော လူမိခင်ဝမ်းသို့ ရောက်လာကြတာ ယောက်ျားကလေးတွေ ဖြစ်ကြရတယ်။ ဘာ့ကြောင့် ဖြစ်သလဲ... ဗလဝကုသိုလ်စေတနာကြောင့် ဖြစ်ရတယ်။ မာတုဂါမတွေ ဖြစ်ကြရတယ်။ အဲဒါကိုတော့ တချို့က ပြောတယ် အကုသိုလ်ကံကြောင့်တဲ့။ မဟုတ်ပါဘူး၊ လူဖြစ်ရတယ်ဆိုတာ ကုသိုလ်ကြောင့် ဖြစ်တာချည်းဘဲ။ **ယောက်ျားများ ဖြစ်ရတဲ့ကံက ဗလဝ မဟာကုသိုလ်ကံ ခေါ်တယ်။ မာတုဂါမဖြစ်ရတဲ့ ကုသိုလ်က ဒုဗ္ဗလကုသိုလ်လို့** ခေါ်ရတယ်။ ကုသိုလ်ကြောင့် ဖြစ်တာချည်းဘဲ လူဖြစ်သမျှ။

ထားပါတော့။ အဲဒီတော့ အတိတ်ဘဝက ပြုလာခဲ့တဲ့ ကာမာဝစရကုသိုလ်ကံကြောင့် ဘုန်းကြီးတို့ ပုံစံထားပြီး မဟာကုသိုလ်လို့ ပြောတာ၊ ဒီဘဝ အသီးအသီး မိခင်ဝမ်းမှာလာပြီးတော့ ဘယ်စိတ် လာဖြစ်ရမလဲမေးလျှင် ပဋိသန္ธေစိတ်။ အဲဒီ ပဋိသန္ธေစိတ်က ဘယ်သူလဲမေးလျှင် မဟာကုသိုလ်ကြောင့်ဖြစ်လျှင် မဟာဝိပါက်တဲ့။ မဟာဝိပါက်စိတ် ရှစ်ခုတို့တွင် တခုခုသော စိတ်ဖြင့် ဦးပဋ္ဌင်းတို့ ဘုန်းကြီးတို့ မယ်တော်ဝမ်းမှာ စပြီး ဖြစ်ရတယ်။

အဲဒီ ပဋိသန္ธေစိတ်သည် ဥပါဒ်ဌိဘင် ခဏငယ်သုံးချက်ဘဲ တည်နေနိုင်တယ်။ အဲဒီ ခဏငယ်သုံးချက် အတွင်းမှာ ပေါ်လာတဲ့ ရုပ်ကို **ပဋိသန္ธေကမ္မဇရုပ်** ခေါ်ရတယ်၊ နားလည်ပလား၊ (မှန်ပါ)။

စိတ္တဇရုပ်နှင့် ပဋိသန္ธေကမ္မဇရုပ် ကွာခြားပုံ

ဒီတော့ အကြောင်းရင်း ရှာစမ်းပါ။ စိတ္တဇရုပ်နှင့် ပဋိသန္ธေကမ္မဇရုပ် ကွာခြားနေပုံ ဘုန်းကြီးပြောမယ်။ ခုတင်က စိတ္တဇရုပ်ကို ဘုန်းကြီးပြောခဲ့တယ်။ ကုသိုလ်လုပ်နေတုန်း ကိုယ့်မျက်နှာ ကုသိုလ်စိတ္တဇရုပ်ကလေးတွေ ပေါ်နေသလို လောဘ ဒေါသ အစရှိတဲ့ အကုသိုလ်တွေ ဖြစ်တဲ့အခါမှာ အကုသိုလ် စိတ္တဇရုပ်တွေ မျက်နှာမှာ ပေါ်လာမယ် မဟုတ်လား (မှန်ပါ)။

ပေါ်လာတော့ လက်တလော ကိုယ့်သန္တာန်မှာ ပေါ်လာတဲ့ ပစ္စုပ္ပန်ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာတည်းဟူသော နာမ်တရားကြောင့်ဖြစ်တဲ့ ရုပ်မျိုးကို **စိတ္တဇရုပ်** ခေါ်တယ်။

ပဋိသန္ธေ ကမ္မဇရုပ်ဆိုတာက အခုလောလောဆယ် ပေါ်တဲ့ ကံမျိုးမဟုတ်ဘဲနှင့် အတိတ်ကံကြောင့် ဖြစ်ပေါ်လာသော ပဋိသန္ธေစိတ်နှင့် တွဲဖက်ပြီးတော့ ပေါ်လာသော ရုပ်ကို ဘာခေါ်တယ် (ပဋိသန္ธေကမ္မဇရုပ် ခေါ်ပါတယ်)။

အကျဉ်းချုပ်ပြောရလျှင် **စိတ္တဇရုပ်ဆိုတာ ပစ္စုပ္ပန်နာမ်ကြောင့် ဖြစ်သည်။ ပဋိသန္ธေ ကမ္မဇရုပ်သည် အတိတ်ကံတည်းဟူသော နာမ်တရားကြောင့် ဖြစ်ရသည်။**

အခု သုဒ္ဓသင်္ဘာ ပစ္စယုပ္ပန်သုံးမျိုး ခွဲလို့ ပြီးသွားပြီ၊ ပြီးသွားတော့ စိတ္တဇရုပ်သည် သုံးမျိုးရှိနေသလို ပဋိသန္ธေကမ္မဇရုပ် သုံးမျိုးရှိမလားလို့မေးလျှင် မရှိဘူး။ ဒီတမျိုးဘဲ ရှိတယ်။ နားလည်တယ်နော် (မှန်ပါ)။

ပါဠိတော်ဇယားသင်တန်း

အဲ... အဲဒါလောက်နှင့်ဘဲ ရပ်ထားပြီးတော့ ပါဠိတော်, သရုပ်သွားရအောင်။ ပါဠိတော်လဲသွားရင်း သရုပ်ကလေး သွားရအောင်လို့ ဆိုတော့ သဟဇယ် ပါဠိတော်ဇယား

သဟဇယ် ပါဠိတော် ၈ယား

	ပဒ	ပဒါဝသာန	သမ္မယုတ္တကာနံ ခန္ဓာနံ	စိတ္တသမုဋ္ဌာနာနံ ရူပါနံ	ကဋတ္တာစရူပါနံ	
သင်္ခ်ာ						
၁	ကု	ကု	။			ပဋဂ္ဂလိက ပုဗ္ဗဟေတုပဋိသန္ဓိ
၂	။	ဗျာ		။		
၃	။	ကုဗျာ	။	။ သေ		
၄	အကု	အကု	။			
၅	။	ဗျာ		။		
၆	။	အကုဗျာ	။	။ သေ		
၇	ပဝတ္တိ ဗျာ၊ဗျာ ပဋိ		။	။		
			။		။	
ကံ	စေတနာ				ဝတ္ထုသြယ	

ဆိုတာကလေး အဲဒါကလေး ခဏကြည့်ကြစမ်း။ သဟဇယ်ခုနစ်ပစ္စည်းရဲ့ ပါဠိတော်ဇယား ဆိုတာ တွေ့ကြရဲ့လား အားလုံး။

ဇယားမှာ အပေါ်ပိုင်းလက်ျာဘက်က စာသုံးကြောင်း ရှိတယ်။ သူ့ကိုချန်ထားခဲ့ပါဦး။ လက်ဝဲဘက်က ဇယားကွက်ကြည့်။ ခေါင်းစီးကစပြီး တလုံးချင်း ပြောပေးဦးမယ်။ ကုန်တတ်သမျှ ပါဠိတော် ချပေးမယ်။

ဇယားခေါင်းစီးကိုကြည့်ပါ။ အပေါ် စာသုံးကြောင်း ချန်ထား ဟုတ်လား။ ဘာတွေ ရေးထားသလဲ ဘယ်သဘောလဲဆိုတာ ဘုန်းကြီးပြောပြမယ်။

အပေါ်ဆုံးအတန်းမှာ ရှေးဦးစွာ အကွက်စိတ်ကလေး သုံးကွက်ပါတယ်။ အဲဒီမှာလဲ ပြောစရာတွေပြည့်လို့ ဒီနေ့တော့ တတ်နိုင်မှာ မဟုတ်ဘူး အချိန်လဲ နည်းသွားပြီ။

နံပါတ် (၁) အကွက်ကလေး ဘာရေးထားသလဲ သင်္ခ်ာ၊ နံပါတ် (၂) အကွက်ကလေးက (ပဒ)၊ နံပါတ် ၃-က (ပဒါဝသာန)။

အမြဲတမ်း မှတ်ထားပါ။ တပည့်တော် ပြပေးလို့ရှိလျှင် လက်ရင်းမှာ သင်္ခ်ာ ပဒ ပဒါ ဝသာန-လို့ ပြမယ်နော်။

သမ္မာယုတ္တကာနံ ခန္ဓာနံ

အဲဒီက နောက် ဘာတွေရေးထားသလဲလို့ မေးလျှင် ခုတင်က ဦးပဉ္စင်းတို့ ရွတ်သွားတဲ့ ဘုန်းကြီး အဓိပ္ပါယ်ပြောလာခဲ့တဲ့ သုဒ္ဓသန္ဓာမှ ပစ္စယုပ္ပန်တရားကို သာမန်အနေအားဖြင့် ပါဠိတော် ဆိုထားတယ်။ ဦးပဉ္စင်းတို့ သုဒ္ဓသန္ဓာ ပစ္စယုပ္ပန်က ဘာတုန်း **သမ္မယုတ္တခန္ဓာ**။ အဲဒီက ဘာရေးထားသတုန်း **သမ္မယုတ္တကာနံ ခန္ဓာနံ**၊ ဘုရားဟောတော်မူတဲ့ ပါဠိတော်။ ဒို့ကျက်တဲ့ 'သမ္မယုတ္တခန္ဓာကို' မြတ်စွာဘုရားပါဠိတော်ဟာ ဒီလိုပါကလားလို့ မှတ်ထားကြပါ။ ဘယ်သူ့ကို စီထားတယ်။ သမ္မယုတ္တခန္ဓာကို ပါဠိစီထားတယ်။ ဘယ်လို စီသလဲ **သမ္မယုတ္တ-ကာနံ ခန္ဓာနံ** တဲ့။

စိတ္တသမုဋ္ဌာနာနံ ရူပါနံ

ပြီးတော့ နောက်တက္ကက် ဘာတဲ့တုန်း၊ သဟိတ်စိတ္တဇရုပ် သို့မဟုတ် စိတ္တဇရုပ် သာမည အတူတူဘဲ၊ ဟေတုမို့လို့ သဟိတ်ပါနေတယ်နော်၊ (မှန်ပါ)၊ စိတ္တဇရုပ်မှန်သမျှကို မြတ်စွာဘုရားက ပါဠိစီတဲ့အခါ **စိတ္တသမုဋ္ဌာနာနံ ရူပါနံ**။

စိတ္တသမုဋ္ဌာနာနံ၊ စိတ်လျှင် ဖြစ်ကြောင်း ရှိကုန်သော (ဝါ) စိတ်ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်တို့အားဇင်းတဲ့။ (မှန်ပါ)၊ ဟေတုကျတော့ သဟိတ်စိတ္တဇရုပ်ကို ယူရတယ်။

ကဋ္ဌတ္တာရူပါနံ

ပြီးတော့ သဟိတ်ပဋ္ဌိသန္ဓေ ကမ္မဇရုပ်တဲ့။ ဟေတုမို့လို့ သဟိတ်ထည့်တယ်။ ဟေတုမဟုတ်လျှင် ဘယ်လို ခေါ်မလဲ၊ **ပဋ္ဌိသန္ဓေ ကမ္မဇရုပ်လို့ခေါ်**။ သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ် သို့မဟုတ် ပဋ္ဌိသန္ဓေကမ္မဇရုပ်လို့ ခေါ်နိုင်တယ်။ ဘယ်လိုပါဠိစီသတုန်း **ကဋ္ဌတ္တာရူပါနံ** တဲ့။ နောက်တွဲရမှာမို့ သဒ္ဒါရေးအားဖြင့် စ-သဒ္ဒါကလေး ထည့်ထားတယ်နော်...။

အဲဒီ ပစ္စယုပ္ပန်တရားကိုကြည့်၍ ဘာတွေ ရေးထားမလဲ မေးလျှင် ဒို့ကျက်ထားတဲ့ သုဒ္ဓသန္ဓာ ရေးထားတာပါကလား။ ပစ္စယုပ္ပန် တရားပါကလား။ **သမ္မယုတခန္ဓာကို သမ္မယုတ္တ-ကာနံ ခန္ဓာနံလို့ စီထားတယ်။ စိတ္တဇရုပ်ကို စိတ္တသမုဋ္ဌာနာနံရူပါနံလို့ စီထားတယ်။ ပဋ္ဌိသန္ဓေ ကမ္မဇရုပ်ကို ကဋ္ဌတ္တာရူပါနံ-လို့ စီထားတယ်လို့** နားလည်ကြပါ။ တရားတင်ဘဲ ပြောပေးတော့မယ်။ ပါဠိတော်ကို မကူးသေးဘူး။

အဲဒီတော့ ဒီအောက်က အတန်းတွေမှာ ဘာတွေ ရေးထားသလဲလို့မေးတော့ ဤတရားတို့သည် ဟေတုပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သန္ဓာ ဘယ်လောက်တဲ့

တုန်း (သတ္တပါ)။ ၁-ကြည့် ဘာရေးထားသလဲ ဦးပဉ္စင်းတို့ ဆိုထားတယ်၊ ကုသလော ကုသလသာ။ ၂-ကတော့ ကုသလော အဗျာကတသာ။ ၃-ကတော့ ကုသလော ကုသလာ-ဗျာကတသာ ဒါတွေ ဦးပဉ္စင်းတို့ ကျက်ထားတာတွေ မဟုတ်လား (မှန်ပါ)။ ၄-က ဘာတုန်း အကုသလော အကုသလသာ။ ၅-က အကုသလော အဗျာကတသာ။ ၆-က အကုသလော အကုသလာဗျာကတသာ။ ၇-က အဗျာကတော အဗျာကတသာ။

ဒါ အသစ်မှ မဟုတ်ဘဲ ဦးပဉ္စင်းတို့ သုဒ္ဓသင်္ခ်ာ ကျက်တုန်းက ပါသွားပြီမဟုတ်လား။ ဆန်းဆန်းကြယ်ကြယ် မဟုတ်စေချင်လို့ပြောတာ၊ ဪ... ပို့ထားပြီးသားတွေ ရေးပေးနေတာပါဘဲကလား။ ဒို့သိပြီးသားဘဲ စာရလျှင် သိမှာဘဲ။ သို့သော်လဲ ပေါ့ပေါ့ဆဆတော့ မလုပ်ကြပါနှင့်၊ (မှန်ပါ)။

ကဲ ကြည့်စမ်းပါဦး။ နံပါတ် ၁-ကု-ကု အတန်းမှာကြည့်လျှင် ပစ္စယုပ္ပန်တရားသုံးမျိုး အပေါ် သုံးကွက်မှာ တည်နေတယ်မဟုတ်လား။ ၎င်းကို ၁-၂-၃- လို့ စိတ်ထဲမှာ မှတ်ထား၊ ဘယ်အကွက်မှာ ပုဒ်မကလေးပြထားသလဲ။ (၁-နံပါတ်အကွက်မှာ ပြထားတယ်၊) ကု-ဗျာဖြစ်ခဲ့လျှင် ဘယ်အကွက်မှာ ပုဒ်မ ပြထားသလဲ၊ (၂-နံပါတ်အကွက်မှာ ပြထားပါတယ်)၊ ကု-ကုဗျာ-ဖြစ်ခဲ့လျှင် သမ္မယုတ္တကာနံ ခန္ဓာနံမှာလဲ ကြည့်ရမယ်၊ စိတ္တသမုဋ္ဌာနာနံ ရူပါနံ-စိတ္တသမုဋ္ဌာနရူပ်မှာလဲ ကြည့်ရမယ်။ ၂-ဌာနနော် (မှန်ပါ)။

၄-နံပါတ် ဘယ်အကွက်မှာ ပုဒ်မ ရှိသလဲ (၁-နံပါတ်အကွက်မှာ ရှိပါတယ်)။ ၅-နံပါတ် (၂-နံပါတ်အကွက်မှာ ရှိပါတယ်)။ ၆-နံပါတ် (၁-နံပါတ်နှင့် ၂-နံပါတ်မှာ ရှိပါတယ်)။

ပါဠိတော်ဖြစ်မည့် ပုဒ်မတွေ

ဒါတွေဟာ ပါဠိတော်တွေဖြစ်မှာပါ။ ဘုရားဟော ပါဠိတော်တွေဖြစ်မည့် ပုဒ်မကလေးတွေ၊ ဘုရားဟော ပါဠိတော်ကလေးတွေ ဖြစ်မယ်ဆိုတော့ ဘုရားဖြစ်မည့် ကျောက်ခဲကလေးတွေပေါ့။ အင်မတန် အဖိုးတန်တဲ့ ပုဒ်မကလေးတွေ မှတ်ထားကြပါ၊ နက်ဖြန်ခါမှ ဟောမယ်။

ပဝတ္တိနှင့် ပဋ္ဌိသန္ဓေ အဗျာကတ

၇-နံပါတ်ကျတော့ သတိပြု၊ ခုတင်က ဘုန်းကြီးပြောတယ် အဗျာကတသည် သာမည အဗျာကတမျိုး, ပဋ္ဌိသန္ဓေ အဗျာကတမျိုးလို့ နှစ်မျိုးခွဲထားတယ် မဟုတ်လား (မှန်ပါ)၊ အပေါ်တန်း ဒီသာမည **အဗျာကတ**ကို ပဝတ္တိလို့ ခေါ်ပါတယ်။ အဲဒီ ပဝတ္တိအတန်းမှာ ကြည့်လျှင် ပုဒ်မကို ဘယ်နေရာတွေ ကြည့်မလဲ၊ (၁-နှင့် ၂-မှာ ကြည့်ရပါတယ်)။ ပဋ္ဌိသန္ဓေလို့ဆိုတဲ့ အောက်တန်းမှာ ကြည့်လျှင် ပုဒ်မ ဘယ်မှာရှိသလဲ (၁-နံပါတ်နှင့် ၃-နံပါတ်မှာ ရှိပါတယ်)။

ကုန်ရောမဟုတ်လား ဇယား၊ အောက်နားက လက်ရင်းနားက စေတနာ၊ နောက်နားက ဝတ္ထုဩ-ပါတယ်၊ သူနှင့်မဆိုင်သေးဘူး ကမ္မအတွက်နော် (မှန်ပါ)။

အဲဒါ ဇယားကို လေ့လာထားပါလို့ နည်းပေးပါတယ်၊ ပါဠိတော် နက်ဖြန်ကျမှ စမည်၊ ဒီနေ့ ရှေ့တိုးကျက်ဖို့ သုဒ္ဓသင်္ခ်ာကလေးဖတ်ကြည့်ပြီး တော်ကြရအောင်။

စျာနသုဒ္ဓသင်္ခ်ာ

ကဲ ဦးပဉ္စင်းတို့တော့ အရဆောင်ထားကြပါနော်၊ ဟေတုကို မနေ့က ရအောင် ကျက်ထားသလို ကျော်ပြီးတော့ ကျက်စမ်း၊ နောက်နားက အဓိပတိ ကမ္မ အာဟာရ ဣန္ဒြိယ ချန်ထားခဲ့၊ ဦးဥဏ္ဏဝရ ဖတ်စမ်း စျာနပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၊

ဦးဥဏ္ဏဝရ။ ။စျာနပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌- သမ္မယုတ္တာခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာဟု ဆိုအပ်သော စျာနင်တရားကိုယ် ငါးပါး၊ ဤတရားတို့သည် စျာနပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။

သင်္ခ်ာ သတ္တ။ ယထာရဟ ပစ္စည်းရေ လတ် ကြီး ၈-နှင့် ကုံ့ မဂ်၊ ပေါင်း ၁၁-ဟူသည်တည်း။

သင်္ခ်ာသတ္တ ဟူသော်ကား- ကုသလော ကုသလသ, ကုသလော အဗျာကတသ, ကုသလော ကုသလာဗျာကတသ၊ အကုသလော အကုသလသ, အကုသလော အဗျာကတသ, အကုသလော အကုသလာဗျာကတသ၊ အဗျာကတော အဗျာကတသ ဟူသည်တည်း။

ပစ္စည်း ရေ ၁၁-ဟူသော်ကား-စျာန သဟဇာတ အညမည နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ သမ္မယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဟူသည်တည်း။

မဂ္ဂ သုဒ္ဓသင်္ခ်ာ

ဆရာတော်။ ။ပါဠိတော်သင်တော့ ကျော်ပြီး သင်မလို့ ကျော်ပြီးတော့ အဖတ်ခိုင်းတာ၊ ပြီးတော့ ရှေ့ဆက်လျက်ရှိတဲ့ မဂ္ဂပစ္စည်းသွားပါ။ ဦးသူရိယဖတ်စမ်း မဂ္ဂပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌၊

ဦးသူရိယ။ ။**မဂ္ဂပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ**၌-သမ္မယုတ္တာခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ပညာ ဝိတက် ဝိရတိ စေတသိက် သုံးခု ဝိရိယ သတိ ဧကဂ္ဂတာ ဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်တရား ကိုယ် ၉-

ပါး၊ ဤတရားတို့သည် မဂ္ဂပစ္စည်းတပ်သောတရားတို့ မည်ကုန်၏။ သင်္ခ်ာ သတ္တ။ ယထာရဟပစ္စည်းရေ လတ်ကြီး ၈-နှင့် ဟေ-ဓိ-ဣ္ဂံ စျာ၊ ပေါင်း ၁၃-ဟူသည်တည်း။

သင်္ခ်ာ သတ္တဟူသော်ကား ကုသလော ကုသလသ, ကုသလော အဗျာ-ကတသ, ကုသလော ကုသလာဗျာကတသ၊ အကုသလော အကုသလ-သ, အကုသလော အဗျာကတသ, အကုသလော အကုသလာဗျာကတ-သ၊ အဗျာကတော အဗျာကတသ ဟူသည်တည်း။

ပစ္စည်းရေ ၁၃-ဟူသော်ကား မဂ္ဂ ဟေတု အဓိပတိ သဟဇာတ အည-မည နိဿယ ဝိပါက ဣန္ဒြိယ စျာန သမ္မယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ-ဟူသည်တည်း။

နာမ်အာဟာရ သုဒ္ဓသင်္ခ်ာ

ဆရာတော်။ ။သင်္ခ်ာကတော့ အတူတူဘဲနော်- ပစ္စည်းရေပြောင်းတယ်။ ပြီးတော့ နာမ်အာဟာရတွက် ရအောင် ဦးဉာဏ ဖတ်စမ်း နာမ်အာဟာရပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရဋ္ဌ၊

ဦးဉာဏ။ ။**နာမ်အာဟာရပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရဋ္ဌ**- သမ္မယုတ္တခန္ဓာ စိတ္တဇရုပ် ပဋ္ဌိသန္ဓေကမ္မဇရုပ်အားတပ်သော ဖဿ စေတနာ ဝိညာဉ်ဟု ဆိုအပ်သော နာမ်အာဟာရတရားကိုယ် သုံးပါး၊ ဤတရားတို့သည် နာမ်အာဟာရ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ သတ္တ။ ယထာရဟပစ္စည်း ရေ လတ်ကြီး ၈-နှင် မိ-ကံ-ဣ္ဂံ၊ ပေါင်း ၁၂-ဟူသည်တည်း။

သင်္ခ်ာ သတ္တဟူသော်ကား ကုသလော ကုသလသ, ကုသလော အဗျာ-ကတသ, ကုသလော ကုသလာဗျာကတသ၊ အကုသလော အကုသလသ, အကုသလော အဗျာကတသ, အကုသလော အကုသလာဗျာကတသ၊ အဗျာကတော အဗျာကတသ ဟူသည်တည်း။

ပစ္စည်းရေ ၁၂-ဟူသော်ကား အာဟာရ အဓိပတိ သဟဇာတ အည-မည နိဿယ ဝိပါက ကမ္မ ဣန္ဒြိယ သမ္မယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဟူသည်တည်း။

ဆရာတော်။ ။နာမ်အာဟာရမှာ ဟိုနေ့ကလဲ တခါပြောခဲ့တယ် မျိုးပစ္စည်းပြော တုန်းက။ အာဟာရသည် ဘယ်နှစ်မျိုး ရှိသတုန်းဆိုတော့ နာမ်အာဟာရတမျိုး

ရုပ်အာဟာရတမျိုးလို့ နှစ်မျိုးရှိတယ်နော်။ နောက်ပိုင်းနားမှာ ရုပ်အာဟာရ သုဒ္ဓသင်္ချာရှိတယ် သူနဲ့တွဲပြီး ကျက်ရတယ်။ ဦးသုဇာတဖတ်စမ်း၊ ရုပ်အာဟာရ ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ၊

ရုပ်အာဟာရ သုဒ္ဓသင်္ချာ

ဦးသုဇာတ။ ။ရုပ်အာဟာရပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ-ကလာပ်တူ ကလာပ်ပြား ဖြစ်သော စတုသမုဋ္ဌာနိကရုပ်အားတပ်သော စတုသမုဋ္ဌာနိကဩဇာ ဤတရား တို့သည် ရုပ်အာဟာရပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ချာ ဧကံ။ ပစ္စည်းရေ ၃-ဟူသည်တည်း။

သင်္ချာ ဧကံ ဟူသော်ကား အဗျာကတော အဗျာကတသ ဟူသည်တည်း။ ပစ္စည်းရေ ၃-ဟူသော်ကား အာဟာရ အတ္ထိ အဝိဂတ ဟူသည်တည်း။ ဒီနေ့ တော်ကြပါဦးစို့။

ဒုတိယနေ့သင်တန်း ပြီးပြီ။

တတိယနေ့ သင်တန်း

စိတ္တဇရုပ် ၃ မျိုး

ဆရာတော်။ ။မနေ့က တရားဆက်ပြမယ်။ မနေ့က သမ္မယုတ္တခန္ဓာကို ကုသိုလ် အကုသိုလ် အဗျာကတလို့ သုံးမျိုးခွဲပြီး ပြန်ပြီးလေ့လာရမယ်။ ကုသိုလ် သမ္မယုတ္တခန္ဓာရှိနေသလို အကုသိုလ်သမ္မယုတ္တခန္ဓာလဲ ရှိတာဘဲ။ သဟိတ် ဝိပါက်ကြိယာလို့ဆိုတဲ့ အဗျာကတသမ္မယုတ္တခန္ဓာလဲ ရှိတာဘဲ။ ထိုနည်းတူစွာ စိတ္တဇရုပ်ကျတော့လဲ ဒီအတိုင်းဘဲ၊ ကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်၊ ရေးထားတာတော့ စိတ္တဇရုပ်ဘဲ ရေးထားတာဘဲ၊ ကိုယ်က သိရမယ်၊ ကုသိုလ် ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တမျိုး, အကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တမျိုး, အဗျာကတခေါ်တဲ့ ဝိပါက်ကြိယာစိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ကတမျိုးလို့ သုံးမျိုးခွဲရမယ်။

အဲဒီလို ကွဲလာတာနဲ့စပ်ပြီး မနက်က ဘုန်းကြီးထံ ဦးသုဇာတက လာပြီးတော့ လျှောက်တယ်။ စိတ္တဇရုပ်ကို ဆရာတော်သုံးမျိုးခွဲပြတာ သူသိပ်ပြီး ဝမ်းသာပါတယ်တဲ့။ ဒါပေမယ့်လို့- ဆိုပြီးတော့ သူက မကျေနပ်တာနဲ့ ဆက်မေးတယ်။ စိတ္တဇရုပ်သုံးမျိုး ခွဲလာ တဲ့အခါကျတော့ ကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ပေါ်လာပုံ, အကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ပေါ်လာပုံကိုတော့ တရားကိုယ်နှင့် ဥပမာပေးပြီးတော့ ပြောပြလို့ ပိုပြီးတော့ ဝမ်း

မြောက်ဝမ်းသာ နားလည်ရပါတယ်တဲ့။ အဗျာကတခေါ်တဲ့ ဝိပါက်ကြိယာကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ကို အမှတ်တမဲ့ သူဘဲ မကြားလိုက်လို့လား ဆရာတော်အမိန့်မရှိလို့လား မသိဘူးတဲ့ အဲဒါ လာမေးတယ်။ မနက်က သူ့ကိုတော့ ပြောပြီးပါပြီ။ ဒါကို အများနားလည်အောင် နည်းနည်းထပ်ပြောမယ်။

မနေ့က ပြောတာက မည်သည့်ပုဂ္ဂိုလ်မဆို ကုသိုလ်ကောင်းမှု အတိအကျ ပြောတာ။ ဘုန်းကြီးတို့နှင့် ထိုက်တန်တဲ့ ကုသိုလ်က မဟာကုသိုလ်၊ အဲဒီ မဟာကုသိုလ်စိတ်ကို ခက်ပါတယ်၊ အမှတ်တမဲ့နှင့် ကိုယ့်ဟာကိုယ် မတွေးဘူး၊ စာသင်တော့ ကုသိုလ်စိတ် ဧက ဝိသရှိတယ် မဟုတ်လား ၂၁-ပါး။ ဘယ်သူတွေလဲမေးလျှင် မဟာကုသိုလ်က ၈-ခု မဟဂ္ဂတ် ကုသိုလ်က ၉-ခု မဂ်ကုသိုလ်က ၄-ခု အားလုံး ၂၁-ပါး။ ဒါတွေအကုန်လုံး ကိုယ့်သန္တာန်မှာ ဖြစ်သလိုလို ဘာလိုလိုနှင့် အထင်သိပ်ကြီးမနေနှင့်နော်(မှန်ပါ)၊ မဟာကုသိုလ်စိတ် ၈-ခု ကလွဲလို့ ဘုန်းကြီးတော့ မဖြစ်ဖူးဘူးလေ၊ ဦးပဉ္စင်းတို့တော့ မပြောတတ်ဘူး။ မဟဂ္ဂတ် ကုသိုလ်ဖြစ်ဖူးပလားလို့မေးလျှင် ဒီဘဝအတွက် ဘယ်နှယ်ပြောမလဲ (မဖြစ်ဘူးသေးပါ)၊ မဂ်ကုသိုလ်ဆိုတာကတော့ သံသရာကစပြီး မဖြစ်ဖူးသေးဘူးနော် (မှန်ပါ)၊ မဟဂ္ဂတ်ကုသိုလ် မျိုးဆိုတာကတော့ နောက်နောက်ဘဝတုန်းက ရဖူးကြပြီဟု ဆိုနိုင်ပါတယ်။

အဲဒါကြောင့် ကိုယ့်ဘဝနဲ့ ကိုယ့်အဆင့်အတန်းနှင့် တော်တဲ့ မဟာကုသိုလ်စိတ်မျိုး ကိုယ့်သန္တာန်မှာ ပေါ်လာတဲ့အခါမှာ ဒါနသီလဘာဝနာ ပွားများအားထုတ်နေတယ်၊ ကုသိုလ်ကောင်းမှု တစ်ခုခု လိုလိုချင်ချင်ပြုနေရတဲ့ အချိန်မှာ မဟာကုသိုလ်စိတ်တွေဖြစ်လို့ ကိုယ့်မျက်နှာမှာ ကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေဟာ ထင်ထင်ရှားရှားကြီး ပေါ်နေတယ်။ ဒါ ပြောပြခဲ့တယ်။

အဲဒီမှာ သာဓကထုတ်ပြီး ပြောပြစရာကလေးတွေ ရှိတယ်။ အချိန်နှမြောလို့ မပြောဘူး။ အင်မတန်သိသာတဲ့ သာဓကတွေ။ အကျဉ်းဆုံးနှင့် အလွယ်ဆုံး သိချင်လျှင် ဝိသာခါ ကျောင်းအမကြီး ကျောင်းရေစက်ချတာကို ပြုခဲ့တယ် စိတ်ရောကိုယ်ပါ၊ သူ့သန္တာန်မှာ ဘယ်လောက် ကုသိုလ်စိတ္တဇရုပ် ပေါ်နေတယ်ဆိုတာ ဟုတ်လား။ အကုသိုလ်ကလဲ ထင်ရှားတဲ့ အကြောင်းကို မနေ့က ပြောခဲ့ပြီ။

အဗျာကတစိတ္တဇရုပ်

အဗျာကတစိတ္တဇရုပ် ဖြစ်ပုံကိုတော့ မနေ့က အမိန့်ရှိသလား ဘာလားတောင် မသိလိုက်ဘူးတဲ့ အမှတ်တမဲ့မို့ဆိုတော့၊ အဲဒီနေရာမှာ ဦးပဉ္စင်းတို့ မှတ်သားချင်လျှင် ဒီလို မှတ်ရမယ်။ ဘုန်းကြီးသဘောကျတဲ့ စကားကို ဘုန်းကြီးပြောပေးမယ်။

စိတ္တဇရုပ်ဖြစ်မှုဆိုတဲ့ ဥစ္စာက အရှင်အနုရုဒ္ဓါက ဘာပြောသလဲ 'အရူပဝိပါကဒ္ဌိပဋ္ဌ-ဝိညာဏာဝဇ္ဇိတံ'တဲ့- ဒါ ရုပ်ပိုင်းမှာ မဟုတ်လား (မှန်ပါ)၊ 'ပဋ္ဌသတ္တတိဝိဓမ္မိ စိတ္တံ စိတ္တသမုဋ္ဌာနရူပံ' ဒီလိုလာတယ် မဟုတ်လား (မှန်ပါ)၊ စိတ် ၈၉- ရှိတယ်တဲ့၊ နောင်လဲ တွေ့လတ္တံ့ပါဘဲ၊ အခုလောလောဆယ် ကိစ္စမို့လို့ပြောတာ။ ၈၉ ခုထဲက အရူပဝိပါက် ၄-ခုရယ် ဒွေပဋ္ဌဝိညာဉ် ၁၀-ရယ် ပေါင်း ၁၄-ခု လျှော့လိုက်တော့ ဘယ်လောက်ကျန်သတုန်း (၇၅-ပါးကျန်ပါတယ်)၊ အဲဒီ ၇၅-ပါးသောစိတ်တွေက စိတ္တဇရုပ်ကို ဖြစ်စေတယ်။ မှတ်ထားခဲ့ပါဦး။

နိဿယ ဆရာတော်ဘုရားကြီးများက ထည့်တော့ ဒီအထဲမှာ ဘယ်သူတွေ ထည့်ပြသတုန်း၊ ရုပ်ကို မဖြစ်စေတတ်တဲ့ စိတ်ဆိုတော့ ရဟန္တာတို့၏ စုတိစိတ်လဲ စိတ္တဇရုပ်ကို မဖြစ်စေနိုင်ဘူးနော် (မှန်ပါ)။

ဒါကြောင့် အရူပဝိပါက် ၄-ခု ဒွေပဋ္ဌဝိညာဉ် ၁၀ ရဟန္တာတို့၏ စုတိသည် ကြဉ်အပ်သော ပဋ္ဌသတ္တတိဝိဓံ ဆိုပြီး အရှင်အနုရုဒ္ဓါ ပြခဲ့တယ်။

နောက် ဒီထက် နည်းနည်းကလေးပိုပြီး သိချင်လျှင် သတိပြုလိုက်ကြပါဦး။ စိတ္တဇရုပ်ကို မဖြစ်စေနိုင်တဲ့ နာမ်တရားတမျိုးရှိသေးတယ်၊ ဘယ်သူလဲလို့မေးလျှင် (**အလုံးစုံသော သတ္တဝါတို့၏ ပဋိသန္ဓေစိတ်တဲ့**)၊ ဘယ်တော့မှ စိတ္တဇရုပ်ကို မဖြစ်စေနိုင်ဘူး၊ နားလည်လောက်ပြီနော်... (မှန်ပါ)။

ကဲ... ထားခဲ့ကြပါစို့၊ အဲဒီလိုဖြစ်တဲ့ နေရာမှာ ကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်, အကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ် ထင်ရှားပြီးတော့ ဝိပါက်ကြိယာခေါ်တဲ့ ၇၅-ပါးထဲမှာ ပါတဲ့ အဗျာကတကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေကော ဘယ်လိုလုပ် သိရမလဲလို့ မေးတော့ ဘုန်းကြီးက အဲဒါကို မနက်က ဒီလို ဖြေထားတယ်။ ရုပ်ကို ဖြစ်စေတတ်တဲ့ စိတ်ကြောင့် ဖြစ်တဲ့ရုပ် ထင်ရှားတာက ဇောစိတ်တွေကြောင့် ဖြစ်တဲ့ရုပ်က ထင်ရှားတယ်။ မဟုတ်ဘူးလား (မှန်ပါ)။

ဘယ်စိတ်ကြောင့် ဖြစ်တဲ့ရုပ် (ဇောစိတ်ကြောင့် ဖြစ်တဲ့ရုပ်က ထင်ရှားပါတယ်)။

ခုတင်က ကုသလာ ဓမ္မာမှာပါတဲ့ ကုသိုလ်တွေဟာ အားလုံး ဇောမထိုက်ဘူးလား (ထိုက်ပါတယ်)၊ အကုသလာ ဓမ္မာမှာပါတဲ့ အကုသိုလ်ဒွါဒကကော ဇောမထိုက်ဘူးလား (ထိုက်ပါတယ်)။

နားလည်အောင် နားထောင်ကြပါ။ တော်တော်နေတော့ အမှတ်တမဲ့နဲ့ ဝေ့လည်ကြောင်ပတ် ဖြစ်တတ်တယ်။

ဒါဖြင့် သဟိတ်ဝိပါက် သဟိတ်ကြိယာလို့ခေါ်တဲ့ ဝိပါက်ကြိယာတွေမှာကော ဇော ထိုက်တဲ့စိတ် မရှိဘူးလားလို့မေးလျှင် ကြိယာမှာကြည့်စမ်း မဟာကြိယာစိတ် ၈-ခုက ဇော မထိုက်ဘူးလား၊ (ထိုက်ပါတယ်)၊ မဟဂ္ဂုတ်ကြိယာ ၉-ခုကကော (ထိုက်ပါတယ်)။

နားလည်အောင် နားထောင်ပါ။ ဝိပါက်မှာကော ဖိုလ်စိတ်လေးခုဟာ သဟိတ်စိတ်ဘဲ မဟုတ်လား၊ အဲဒီ ဝိပါက်ကကော ဇောမထိုက်ဘူးလား၊ (ထိုက်ပါတယ်)။

အဲဒီ ဇောထိုက်တဲ့ အဗျာကတကြောင့် ထင်ရှားတယ်ဆိုလျှင် ဘုန်းကြီးတို့ ဘယ့်နှယ်လုပ်ပြီး သိပ့်မလဲလို့မေးလျှင် အခုတော့ မထင်ရှားဘူးမဟုတ်လား (မှန်ပါ)၊ ဘယ်ထင်ရှားမလဲ ဦးပဉ္စင်းတို့ ဘုန်းကြီးတို့ သန္တာန်မှာ ဖြစ်မှ မဖြစ်သေးဘဲကိုး။ ဖြစ်ပလားလို့ မေးတော့ ဘယ်နှယ်ပြောမလဲ (မဖြစ်သေးပါ)၊ **မဟာကြီယာစိတ်** ဘယ်နှစ်ခါ ဖြစ်ဘူးသလဲ မေးလျှင် (မဖြစ်ဘူးသေးပါ)၊ မဖြစ်ဘူးသေးပါဘူးနော်၊ အခုဘဝသာ မဖြစ်ဘူးသေးတာ မဟုတ်ဘူး ဘယ်ဘဝတုန်းကမှ မဖြစ်ဘူးသေးတာ။ **မဟဂ္ဂုတ်ကြီယာ**ကော ဖြစ်ခဲ့ဘူးပလား (မဖြစ်ခဲ့ဘူးသေးပါ)၊ **ဖိုလ်စိတ်လေးခု**ကော (မဖြစ်ခဲ့ဘူးသေးပါ)၊ ဘုန်းကြီးတို့ ပြောတာနော်၊ သန်းခေါင်စာရင်း ကောက်ကြည့် ပုထုဇဉ်နယ်ထဲက မလွတ်သေးဘူး။

တောထွက်ကိုယ်တော်ကြီးတရား

ဒါပေမဲ့ တောထွက်ကိုယ်တော်ကြီးတပါး တရားဟောသလိုတော့ ကောင်းတောင်းတောင်းဘဲ။ တောထွက် ကိုယ်တော်ကြီးတပါးက တရားဟောတယ် သံသရာရှည်ကြောင်း။ ကျောင်းထိုင်တာကလဲ တောမှာဆိုတော့ သူ့ဟာက အံ့တော့အံ့ကိုက်ဘဲ၊ ဘယ့်နှယ် ဟောသတုန်းဆိုတော့ သံသရာကြီး ရှည်လှပြီတဲ့ အမိမတော်ဖူးသော ပုဂ္ဂိုလ်လဲမရှိ အဖမတော်ဖူးသော ပုဂ္ဂိုလ်လဲ မရှိပေါ့လေ၊ သံသရာရှည်ကြမှာကိုး။ ကဲ ဒီကနေ ဆက်ပြီးမတော်ဖူးတာတွေ ပြောလာလိုက်တာ နောက်ပိတ်ဆုံးကျတော့ ဘယ်ရောက်သတုန်းဆိုတော့ ရှည်လှပြီတဲ့ သံသရာက၊ ဒကာကြီးတွေ ဒကာမကြီးတွေက ဘုရားဖြစ်လို့ ကျုပ်တို့က ဖူးခဲ့ရပေါင်းလဲ များလှပြီတဲ့၊ သူ့တရားက ဘုန်းကြီးတို့က ဘုရားဖြစ်လို့ ဒကာကြီးတို့ ဒကာမကြီးတို့က ကိုးကွယ်ရပေါင်းလဲ များလှပြီဆိုတော့ **သူ့အရိယာက နယ်လှည့်နေတဲ့ အရိယာဖြစ်နေတယ်**။

ဘယ်တော့မှ မဖြစ်ခဲ့ဖူးသေးဘူး၊ မဖြစ်ဘူးသေးတော့ ကိုယ့်သန္တာန်မှာ မဖြစ်ဘူးသေးတဲ့ ရုပ်ကို ကိုယ်က ထင်ရှားအောင် ကြည့်ချင်လို့ ဖြစ်ပ့ါမလားလို့ မေးလျှင် ဘယ့်နှယ်ပြောမလဲ (မဖြစ်ပါဘူး) မဖြစ်နိုင်ပါ။

ဒါဖြင့် ထိုဇောထိုက်သော ဝိပါက်ကြီယာမှ တပါးသော ဝိပါက်ကြီယာတွေ ရှိသေးတယ်။ အဲဒီ ဝိပါက်ကြီယာတွေကြောင့်ဖြစ်တဲ့ ရုပ်တွေ မရှိဘူးလားလို့ မေးတော့ ဝိထိတခုသာမန်ချကြည့်လိုက်စမ်း၊ အတီတဘဝင်-ဒါဟာဘာတုန်း ကုသိုလ်လား အကုသိုလ်လား (ဝိပါက်ပါ)၊ အဗျာကတပေါ့၊ ဝိပါက်အဗျာကတ။ ဘဝဂ်စလနဆိုတော့ကော (ဝိပါက်အဗျာကတ)၊ ဘဝဂ္ဂုပစ္ဆေဒ အတူတူဘဲ။ ပဉ္စဒ္ဒါရာဝဇ္ဇန်းတဲ့ ဘာတုန်း (ကြီယာ)၊ ပဉ္စဝိညာဉ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဒါတွေ ဘာတွေလဲ ဝိပါက်တွေ မဟုတ်လား (မှန်ပါ)။

အဲဒီ အခိုက်အတန့်တွေမှာကော စိတ္တဇရုပ် မဖြစ်ဘူးလားလို့မေးလျှင် ပဋ္ဌဝိညာဉ်က လွဲလို့ အားလုံးဝိပါက်ကြိယာတွေဟာ စိတ္တဇရုပ်ကို ဖြစ်စေကြတာဘဲ၊ (မှန်ပါ)၊ ပဋ္ဌဝိညာဉ်ကတော့ မဖြစ်ဘူးနော်၊ ခုတင်က အရှင်အနုရုဒ္ဓါ ပယ်ထားတယ်မဟုတ်လား။

မထင်ရှားသောစိတ္တဇရုပ်

ဒီတော့ အဲဒီ ဝိပါက် ကြိယာတွေကြောင့်ကော ဦးပဋ္ဌင်းတို့ ဘုန်းကြီးတို့သန္တာန်မှာ ဝိပါက်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေရှိတယ်၊ ကြိယာကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေ ရှိပါတယ်။ ရှိပေမဲ့ သူတို့ကြောင့် ဖြစ်သောရုပ်သည် ကုသိုလ် အကုသိုလ် (တနည်း) ဇောထိုက်သော စိတ်ကြောင့်ဖြစ်သော ရုပ်တရားများကဲ့သို့ မထင်ရှားဘူး၊ ကျေနပ်ကြပလား (မှန်ပါ)။

အဲဒီလို ပြောစရာကလေးတွေရှိလို့ ပြောတော့ အချိန်က နုတ်နုတ်သွားတယ်။ ၁၅-မိနစ်သာသွားပြီ။

၃၊ မနေ့က ပြောခဲ့ပြီးတဲ့စကား ဘုန်းကြီးထံ ဦးသုဇာတ လာလျှောက်လို့ အဖြေပေးထားတယ်။ ကျန်သေးတယ် ပုစ္ဆာ၊ နောက်ပြီးတော့မှ ပြောတော့မယ်။ နောက်ထပ် ၁၅-မိနစ်နုတ်သွားလိမ့်ဦးမယ်။

ပါဠိတော်ကူးဖို့လို့ သုဒ္ဓသခ်ၣာသရုပ်ခွဲနှင့် ဇယား[1] ခေါင်းစီး ကြည့်စမ်း။ သမ္မယုတ္တကာနံ ခန္ဓာနံဆိုတာ မနေ့ကပြောတယ်၊ ဘယ်သူ့ကို ဖြေထားတဲ့ပါဠိတဲ့တုန်း (သမ္မယုတ္တ ခန္ဓာပါ)။ စိတ္တသမုဋ္ဌာနာနံ ရူပါနံက စိတ္တဇရုပ်၊ ဟေတု မဂ္ဂဆိုလျှင် သဟိတ်စိတ္တဇရုပ်ယူ (မှန်ပါ)၊ ကဋ္ဌတ္တာ စ ရူပါနံဆိုတာက ပဋ္ဌိသန္ဓေကမ္မဇရုပ်လို့ ဆိုတယ်။

ကမ္မဇရုပ် ၃-မျိုး

အဲဒီနားမှာ တခု နည်းနည်း ပြောမယ်။ ပဋ္ဌိသန္ဓေကမ္မဇရုပ်သည် မနေ့က အဗျာကတနေရာမှာဖြင့် စိတ္တဇရုပ်များလို ကုသိုလ်ကြောင့်ဖြစ်တဲ့ ကမ္မဇ၊ အကုသိုလ်ကြောင့်ဖြစ်တဲ့ ကမ္မဇ၊ အဗျာကတကြောင့်ဖြစ်တဲ့ ကမ္မဇလို့ မခွဲရပေမဲ့ သတိကလေးနှင့် နားထောင်ကြပါ နောင်လဲတွေ့မှာမို့။ ကမ္မဇရုပ်လဲ သုံးမျိုးဘဲရှိတယ် (မှန်ပါ)။

အဲဒီ သုံးမျိုးဟာ ဘယ်သူလဲမေးလျှင် အခု ဒီမှာတွေ့နေတယ်၊ ပဋ္ဌိသန္ဓေကမ္မဇဆိုတာက တမျိုး (မှန်ပါ)။ နားလည်အောင် နားထောင်နော်...။ ဘာကမ္မဇတဲ့... (ပဋ္ဌိသန္ဓေကမ္မဇပါ)။

၁။ ဤကျမ်း နှာ-၅၉ သဟဇယ် ပါဠိတော်ဇယားကြည့်။

နောက်ဒုတိယမျိုးက **ပဝတ္တိကမ္မဇ** တတိယမျိုးက **အသညသတ်ကမ္မဇ**လို့ ကမ္မဇရုပ် သုံးမျိုးရှိတယ်။ ဒီမှာတော့ ပဋိသန္ဓေ ကမ္မဇသာ သုံးနေလို့ သူ့နှင့်စပ်လျဉ်းနေလို့ ပြောနေပါတယ်။

ထိုသုံးမျိုးသော ပဋိသန္ဓေကမ္မဇ ပဝတ္တိကမ္မဇ အသညသတ်ကမ္မဇရုပ်လို့ ခေါ်တဲ့တရား တွေကို မြတ်စွာဘုရား ဒေသနာတော်တင်ပြီး ပါဠိတော်အစဉ် စီတဲ့အခါမှာ အခုတွေ့နေတဲ့ အတိုင်း ကဋ္ဌတ္တာလို့ဘဲ သုံးလိမ့်မယ်။ ကဋ္ဌတ္တာရုပ်ဆိုတဲ့ အနေနှင့်ဘဲ သုံးလိမ့်မယ်။

ဒီတော့ ဒီအပေါ်ခေါင်းစီးတန်းကလေးမှာ စီထားတဲ့ ပါဠိဟာ အခုကျက်ထားတဲ့ ဟေတုသုဒ္ဓသင်္ချာ-သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်ဘဲလို့ ဉာဏ်ထဲက ထင်ပြီး ကြည့်ထားစမ်းပါ။ သမ္မယုတ္တခန္ဓာမှာလဲ သုံးမျိုးရှိနေတာ သိတယ်၊ စိတ္တဇရုပ်သုံးမျိုးရှိတာလဲ အခုသိနေပြီ မဟုတ်လား (မှန်ပါ)၊ ပါဠိတော်လဲဖြစ် အရကောက်လဲဖြစ်အောင် သရုပ်ခွဲရအောင် သတိပြုကြစမ်းပါ။ ဟိတ်ခြောက်ပါးက ပစ္စည်းတရား မဟုတ်လား၊ ပစ္စည်းတရား၊ ဒီထဲမှာ မရေးဘဲ ပစ္စယုပ္ပန်ငဲ့ပြီးတော့ ကုသိုလ်အတွက် ခွဲရအောင်။

ပစ္စယုပ္ပန် ၃-မျိုး သရုပ်ခွဲပုံ

သမ္မယုတ္တခန္ဓာအားသာ တပ်သော အဲဒါ ပစ္စယုပ္ပန်သုံးကွက်မှာ ဘယ်အကွက်ကို ဆိုသလဲ (ပဌမအကွက်ပါ)။

သမ္မယုတ္တခန္ဓာအားသာတပ်သော ကုသိုလ်ဟိတ်သုံးပါးတမျိုး၊ ဆိုရလိမ့်မယ် မှတ်ထားနော်... (မှန်ပါ)၊ သူ့အလှည့် ပြီးသွားပြီ။

ပြီးတော့ နောက် ဒုတိယ ပစ္စယုပ္ပန်အကွက် ကြည့်တော့ သဟိတ်စိတ္တဇရုပ် မဟုတ်လား (မှန်ပါ)၊ **သဟိတ်စိတ္တဇရုပ်အားသာတပ်သော ကုသိုလ်ဟိတ်သုံးပါးတမျိုး။**

ဘယ်မှ မရှာနဲ့၊ ဒီအပေါ်ခေါင်းစီးတန်းကလေးကို မျက်လုံးက စူးနေအောင် ကြည့်ပါ။ ဟိုမှာ ဒီမှာ ရှာမနေနှင့်။

နံပါတ် ၁-က သမ္မယုတ္တခန္ဓာ ပစ္စယုပ္ပန်ထားတယ်။ နံပါတ် ၂-က ဘာထားတယ် (စိတ္တဇရုပ် ထားပါတယ်)၊ ဒုတိယအကွက် ဟုတ်လား (မှန်ပါ)။

နောက်တမျိုးက ၃-နံပါတ်။ အဲဒီ ၁-နှင့် ၂-နှင့် နှစ်ခုပေါင်းပြီးတော့ ပစ္စယုပ္ပန် ထားလိုက်။ **သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အားတပ်သော ကုသိုလ်ဟိတ်သုံးပါးတမျိုးလို့။**

နားလည်ပလား၊ သုံးမျိုးထွက်လာတယ်။ ကုသိုလ်ဟိတ်ဆိုတာက အမြဲတမ်း ပစ္စည်းတရားပေါ့၊ ပစ္စယုပ္ပန်ကိုလှည့်နေတာ၊ ဦးဉာဏဝလ ခွဲစမ်းပါ။

ကုသိုလ်ဟိတ်အတွက် သုဒ္ဓသင်္ခ်ာ ၃-မျိုး

ဦးဉာဏဇလ။ ။၁။ သမ္မယုတ္တခန္ဓာအားသာတပ်သော ကုသိုလ်ဟိတ်သုံးပါးတမျိုး။
၂။ သဟိတ်စိတ္တဇရုပ်အားသာ တပ်သော ကုသိုလ်ဟိတ်သုံးပါးတမျိုး။
၃။ သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အားတပ်သော ကုသိုလ်ဟိတ်သုံးပါ တမျိုး။

ဆရာတော်။ ။သုံးပါးကွဲလာတယ်။ ဘယ်က ယူလိုက်တာလဲလို့ မေးလျှင် သုဒ္ဓသင်္ခ်ာ ကလို့ နားလည်ပါနော်။ ပစ္စည်းတရားအနေနှင့်က (ကုသိုလ်ဟိတ် ၃-ပါး) ချည်းဘဲ ဖြစ်ရမည်။ ပစ္စယုပ္ပန် သမ္မယုတ္တခန္ဓာဆိုတာ ဘယ်သူလဲ၊ မနေ့က ပြောထားတယ် ကုသိုလ်စိတ် ဧကဝီသ စေတသိက် အဌသိသ သမ္မယုတ္တခန္ဓာ။

နားလည်တယ်နော်၊ ပစ္စည်းတရားက ကုသိုလ်ဟိတ်သုံးပါး။ ပစ္စယုပ္ပန်တရားက ကုသိုလ်စိတ်ဧကဝီသ စေတသိက်အဌသိသ တည်းဟူသော သမ္မယုတ္တခန္ဓာ၊ ကြည့်စမ်း ပစ္စည်းတရားကလဲ နာမ်၊ ပစ္စယုပ္ပန်တရားကလဲ နာမ်ဘဲနော်၊ ရမ်းပြီးဆိုသွားတော့ မသိဘူး၊ ဒါကို ကိုယ့်စိတ်ကူးကလေးနှင့်ကိုယ် လေ့လာပါ။

ဒုတိယကျတော့ သဟိတ်စိတ္တဇရုပ်အားသာ တပ်သော ကုသိုလ်ဟိတ်သုံးပါး တမျိုး။ ပစ္စည်းတရားက ကုသိုလ်ဟိတ်ဆိုတော့ နာမ်၊ ပစ္စယုပ္ပန်တရားက ဘာဖြစ်သွားသတုန်း (ရုပ်ပါ)၊ ပစ္စည်းက နာမ်၊ ပစ္စယုပ္ပန်က ရုပ်။

တတိယကျတော့ သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အား တပ်သော ကုသိုလ်ဟိတ်သုံးပါးတမျိုးဆိုတော့ ကုသိုလ်ဟိတ်ကတော့ နာမ်ချည်းဖြစ်မှာဘဲ မဟုတ်လား။ ပစ္စယုပ္ပန် ဘာဖြစ်နေသတုန်း ကြည့်စမ်း ဘာဖြစ်နေသတုန်း၊ (နာမ်နှင့် ရုပ်ဖြစ်နေပါတယ်)။ နာမ်နှင့် ရုပ် နှစ်မျိုးစုံ မလာဘူးလား (မှန်ပါ)။

နံပါတ် ၁-မှာ ပစ္စည်း နာမ်၊ ပစ္စယုပ္ပန် နာမ်။ နံပါတ် ၂-မှာ ပစ္စည်း နာမ်၊ ပစ္စယုပ္ပန်က ရုပ်။ နံပါတ် ၃-ကျတော့ ပစ္စည်းက နာမ်၊ ပစ္စယုပ္ပန်က နာမ်ရုပ်။

လေ့လာကြပါ။ အကြမ်းဖျင်းနှင့် လျှောက်ကျက်ပြီး သင်လို့ရတဲ့ တရားမျိုး မဟုတ်ပါဘူး။

အဲဒီ ဥစ္စာတွေကို အရကောက်က ဒါဘဲ ရေးမှာ။ တော်တော်ကြာ အရကောက် ဆရာတော်ဘုရားကြီးက ဒီအတိုင်း ကောက်မှာ။ ပါဠိတော်လုပ်ချင်တော့ သတိ... လက်ရင်း နာက သင်္ခ်ာနံပါတ်-၁။ ပဒက ကု၊ ပဒါ၀သာနာက ကု။ ပစ္စည်း နာမ်၊ ပစ္စယုပ္ပန်နာမ်ကို ဒီနေရာမှာ ထည့်လိုက်နော် (မှန်ပါ)။

ဇယား[1]ကို ပါဠိတော်ဖြစ်အောင် စီနည်း

နောက်က ပုဒ်မက ဘယ်ပြထားသတုန်း၊ သမ္မယုတ္တခန္ဓာမဟုတ်လား၊ သမ္မယုတ္တခန္ဓာအားသာတပ်သော ကုသိုလ်ဟိတ်သုံးပါးဆိုတော့ ဘယ်သူလဲမေးလျှင် ပစ္စည်းကုသိုလ်ဟိတ်ကလဲ ကုသလော ဓမ္မောဘဲ မဟုတ်လား၊ ပစ္စယုပ္ပန် သမ္မယုတ္တခန္ဓာ မေးကြည့်တော့ ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ဒါဘဲ မဟုတ်လား (မှန်ပါ)၊ အဲ ဦးပဋ္ဌင်းတို့ သခ်ၭာနံပါတ် ၁-က ဘယ်လိုထားသလဲ၊ ကုသလော ကုသလဿ မဟုတ်ဘူးလား။

အဲဒါကြည့်ပြီး မြတ်စွာဘုရားက ဟောတော့မယ်၊ အစဆုံး ၁-ကုကုလေးကို ကြည့်ပြီးတော့ ကုသလော ဓမ္မောတဲ့ ကတ္တား၊ ပြီးတော့ ကုသလဿ ဓမ္မဿ။ ဟေတုကို ပြောနေတယ်၊ ဒါကြောင့် ဟေတုပစ္စယေန ပစ္စယော။

ကျေနေအောင် ညက်နေအောင် စဉ်းစဉ်းစားစား နားထောင်ပြီး ရွတ်ထားကြပါ။ ဘာတဲ့တုန်း၊ ကု-ကု-ဆိုတဲ့ စာလုံးကလေးနှစ်လုံးကြည့်ပြီးတော့ ဘာတဲ့တုန်း-ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။

ဒီအတိုင်း လာမှာတွေ အများကြီး၊ အဲဒါကို ဝိထိပါဠိတော်လို့ ခေါ်ရမယ်တဲ့။ ဘာဖြစ်လို့ ဝိထိပါဠိတော်ခေါ်တယ် စသည်တို့ကို ဒီနေ့ အချိန်ရလျှင် ဒီနေ့ သို့မဟုတ် နောက်နေ့ ပြောပေးမယ်။

ပါဠိတော် နှစ်ထပ်ဟောတယ်၊ နောက်တထပ်က အနုဝါဒခေါ်တယ်၊ ဘယ်လို ဟောမလဲမေးလျှင် ဦးပဋ္ဌင်းတို့ ခုတင်က ခွဲထားတဲ့ သရုပ်က ပစ္စည်းက ဘာတုန်း ကုသိုလ်ဟိတ်မဟုတ်လား၊ ကုသလာ ဟေတူ... တဲ့။ ကိုယ်က ကုသိုလ်ဟိတ်သုံးပါးမှန်း သိနေသားဘဲ၊ ကုသိုလ်ဟိတ်သုံးပါးကို ပါဠိစီတော့ ဘယ်လိုစီရမယ်၊ ကုသလာ ဟေတူလို့ စီရမယ်၊ သမ္မယုတ္တခန္ဓာကတော့ ဒီအတိုင်းဘဲ သမ္မယုတ္တကာနံ ခန္ဓာနံ...။ အပေါ်ခေါင်းစီးကလဲ ဒီအတိုင်းဘဲ မဟုတ်လား၊ **ကုသလာ ဟေတူ သမ္မယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော** လို့ ပါဠိတော်စီ၊ ရှေ့ပိုင်းက ပါဠိတော်က ဘာခေါ်သလဲ (ဝိထိ)။ နောက်ပိုင်းက ပါဠိတော်က ဘာခေါ်သလဲ (အနုဝါဒ)၊ အဓိပ္ပါယ်တွေ နောက်တော့ ပြောပေးမယ်။

ကျက်ဖို့နှင့် ရဖို့ကလေးကို ဘုန်းကြီးက နည်းနည်း ဂရုစိုက်ပြီးတော့ အဓိပ္ပါယ်များများ ပြောပေးနေတယ်၊ ကြိုးစားကျက်ကြပါ၊ ဒီနေ့ အဓိပ္ပါယ်ကလေးတွေ နားထောင်ပြီး ဒို့ကျက်စရာနည်းတယ် မထင်ကြနဲ့၊ ကြိုးစားကျက်ထားပါ၊ နောက်ပိုင်းကျတော့ အများကြီး သွားလိမ့်မယ်။

၁။ ဤကျမ်း၊ နှာ-၃၈၀-ရှိ သဟဇယ် (၇) အရကောက်ဇယားကြည့်။

နောက်တခု သရုပ်ခွဲထားတာက ဘာတဲ့တုန်း သဟိတ် စိတ္တဇရုပ်အားသာ တပ်သော ကုသိုလ်ဟိတ်သုံးပါးတမျိုး ဒီလိုလား (မှန်ပါ)၊ သင်္ချာနံပါတ် ၂-ကြည့်လိုက်စမ်း၊ ပဒ-က ကု၊ ပဒါဝသာနက ဘာဖြစ်သတုန်း (ဗျာ-ပါ)။ ကုသလော ဓမ္မော အဗျာကတသ ဓမ္မသ ဟေတု-ပစ္စယေန ပစ္စယော။ ကုသိုလ်ဟိတ်သုံးပါက ပစ္စည်းဘဲ မဟုတ်လား (မှန်ပါ)၊ ပစ္စယုပ္ပန်က ဘာတုန်း (ရုပ်ပါ)။ ပုဒ်မကလဲ ဒုတိယအကွက်မှာ မတွေ့ဘူးလား (မှန်ပါ)၊ ကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ နားလည်တယ်နော် (မှန်ပါ)၊

သုဒ္ဓသင်္ချာကို ခုံခုံမင်မင် ကျက်ကြ

ဘာခက်သတုန်း... ပါဠိတော်, အရကောက်၊ ဒို့ သုဒ္ဓသင်္ချာရနေလျှင် အလိုလို ကိစ္စပြီးနိုင်တယ်လို့ နားလည်ပြီးတော့ သုဒ္ဓသင်္ချာကို ခုံခုံမင်မင် မြတ်မြတ်နိုးနိုး ကျက်ကြစမ်းပါ၊ အားလုံး ဒီနည်းလာလိမ့်မယ်။

နံပါတ် ၃-သရုပ်ခွဲတာက ဘာတဲ့တုန်း၊ သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အား တပ်သော ကုသိုလ်ဟိတ် သုံးပါတမျိုး၊ ဘုန်းကြီးတို့ဆီက သင်္ချာနံပါတ်စဉ် ၃-ကြည့်၊ ကု-ကုဗျာ မဟုတ်လား (မှန်ပါ)၊ **ကုသလော ဓမ္မော ကုသလသ စ အဗျာကတသ စ ဓမ္မသ ဟေတု ပစ္စယေန ပစ္စယော။**

ကဲ- အနုဝါဒက ခုတင်က ကောက်ခဲ့တဲ့တရားကို ကြည့်ပြီးတော့ ကုသိုလ်ဟိတ်သုံးပါး ကြည့်ပြီးတော့ ပစ္စည်း ဘယ်လို ထားမယ်၊ ကုသလော ဟေတူ (မှန်ပါ)၊ ပစ္စယုပ္ပန်က ပုဒ်မ နှစ်ခု တွေ့နေပြီမဟုတ်လား၊ ရှေ့ပိုင်းကနာမ် နောက်ပိုင်းက ရုပ်၊ နာမ်နှင့်ရုပ်နှင့် နှစ်ခုပေါင်းတဲ့အခါ သဒ္ဒါနည်းအားဖြင့် စ-သဒ္ဒါကလေးထားရတယ်၊ **ကုသလာ ဟေတူ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။** ဒီနေ့ ဒီပါဠိတော်ရပြီးလျှင် နောက်တရက် နှစ်ရက် ဦးပဉ္စင်းတို့က ရေသာခိုလိုက်နေ။ ဘာမှမထူးဘူး ဒီအတိုင်းတွေဘဲ သွားနေမှာဘဲ။ ဘာတဲ့-

> ကုသလော ဓမ္မော ကုသလသ စ အဗျာကတသ စ ဓမ္မသ ဟေတုပစ္စယေန ပစ္စယော။ ကုသလာ ဟေတူ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ ဟုတ်လား (မှန်ပါ)။

သုဒ္ဓသင်္ချာနှင့် အိုးစားမခွဲနဲ့

ဆရာတော်။ ။အဲဒီလို ဟောပြီးတော့ သုဒ္ဓသင်္ချာကို ပြန်ပြီး စဉ်းစားလိုက်။ သုဒ္ဓသင်္ချာကို ဘယ်တော့မှ အိုးစားမခွဲခဲ့နှင့်၊ တွဲပြီး ကြည့်ရမယ်။ ဒီကနေ သရုပ်ခွဲပြီး

ဒီလို ပါဠိတော်ကြီး စိလိုက်တော့ ဒို့ကျက်ထားတဲ့ သုဒ္ဓသင်္ခ်ာထဲက ဘာတွေ လျော့သွားမလဲ၊ ဘာတွေ ပြီးသွားမလဲ၊ ပြန်လေ့လာရတယ်နော်။

ကဲ... အခု ပြီးသွားတော့ သုဒ္ဓသင်္ခ်ာထဲက ကုသိုလ်နှင့်စပ်တဲ့ နာမ်တရားတွေ ပါသွားပြီ မဟုတ်လား။ ကုသိုလ်သမ္မယုတ္တခန္ဓာတွေ ပါသွားပြီ။ ထိုကုသိုလ် နာမ်တရားတည်း ဟူသော သမ္မယုတ္တခန္ဓာကြောင့် ပေါ်လာရတဲ့ ကုသိုလ်စိတ္တဇရုပ်တွေလဲ ရှိသေးရဲ့လား (ပြီးသွားပါပြီ)။

ဒီတော့ ဘာကျန်သေးသတုန်း ဒို့ကျက်ထားတဲ့ သုဒ္ဓသင်္ခ်ာထဲမှာ။ အနေတော့ မပျက်ဘူး သမ္မယုတ္တခန္ဓာ စိတ္တဇရုပ် ပဋ္ဌိသန္ဓေ ကမ္မဇရုပ်တော့ ရှိနေတာဘဲနော်၊ (မှန်ပါ)။ ဘာတွေ ကျန်သတုန်းမေးလျှင် အကုသိုလ် သမ္မယုတ္တခန္ဓာ, အဗျကတသမ္မယုတ္တခန္ဓာတွေ ရှိသေးတယ်၊ ပြီးသွားတာလဲသိ၊ ကျန်နေရစ်ခဲ့တာ ဘယ်သူလို့လဲ သိပါ။ စာသင်နည်းဆိုတာ အဲဒါကို ဘုန်းကြီးက ပြောနေတာ။

ထို့အတူပင် စိတ္တဇရုပ်ကြည့်လိုက်ပြန်တော့- ကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တော့ ပါသွားပြီ။ ဘာတွေကျန်နေသလဲ အကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေ ကျန်နေတယ်။ အဗျာကတကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေ ကျန်နေသေးတယ်။ အဲဒီလို ဉာဏ်ထဲမှာ ပေါ်လာရတယ်။ ဒီတော့မှ 'ဇယားထဲက ဘာကို ငါဟောနေတာ၊ မြတ်စွာဘုရားလဲ ဘာကိုရည်ညွှန်းပြီး မိန့်တော်မူတာ'လို့ သိလာမှာပေါ့နော် (မှန်ပါ)။

အကုသိုလ်ဟိတ် သရုပ်ခွဲ

ကဲ-ဒါဖြင့် ကုသိုလ်နည်းတူ သတိမူလိုက်စမ်း။ အကုသိုလ်ဟိတ် သရုပ်ခွဲ ဒီအတိုင်းဘဲ။ **သမ္မယုတ္တခန္ဓာအားသာ တပ်သော အကုသိုလ်ဟိတ်သုံးပါးတမျိုး...။** ခုဟင်ကဟာ ရလျှင်ရမယ်နော် (မှန်ပါ)၊ နောက်ပြီးတော့ တခြားက ဟာလို့ မယူနဲ့၊ သုဒ္ဓသင်္ခ်ာကို ငါတို့ သရုပ်ခွဲနေတယ်လို့သိ။

သဟိတ်စိတ္တဇရုပ်အားသာ တပ်သော အကုသိုလ်ဟိတ်သုံးပါးတမျိုး။

နောက်တမျိုးက **သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အားတပ်သော အကုသိုလ်ဟိတ်သုံးပါးတမျိုး။** ဒီလိုသုံးမျိုး ဖြစ်လာတာဘဲ။ ဦးပညာနန္ဒ ခွဲကြည့်စမ်း။

အကုသိုလ်ဟိတ်အတွက် သုဒ္ဓသင်္ခ်ာ ၃-မျိုး

ဦးပညာနန္ဒ။ ။၁။ **သမ္မယုတ္တခန္ဓာအားသာ** တပ်သော **အကုသိုလ်ဟိတ်** ၃-ပါး **တမျိုး**။
။၂။ **သဟိတ်စိတ္တဇရုပ်အားသာ** တပ်သော **အကုသိုလ်ဟိတ်** ၃-ပါးတမျိုး။

၃။ သမ္မယုတ္တာခန္ဓာ သဟိတ်စိတ္တဇရုပ်အားတပ်သော အကုသိုလ်ဟိတ်သုံးပါး တမျိုး။

ဆရာတော်။ ။ခုတင်ကဟာနဲ့ မထူးဘူး မဟုတ်လား၊ ဒီတော့ ကြည့်စမ်း- သင်္ချာနံပါတ် ၄-ကိုကြည့်။ ဘာတဲ့တုန်း အကု-အကု မဟုတ်လား။

ဒါက ဘယ်သူ့အတွက်တုန်း မေးလျှင် သမ္မယုတ္တာခန္ဓာအားသာ တပ်သော အကုသိုလ်ဟိတ်သုံးပါးတမျိုး-သူ့အတွက်။

ပြီးတော့- သဟိတ်စိတ္တဇရုပ်အားသာ တပ်သော အကုသိုလ်ဟိတ်သုံးပါးဆိုတော့ သင်္ချာနံပါတ် ဘယ်လောက်တုန်း၊ (၅-ပါဘုရား)။ အကု-ကနေပြီးတော့ ဗျာ-။ (အကုဗျာအတွက်)

နောက်တခု သမ္မယုတ္တာခန္ဓာ သဟိတ်စိတ္တဇရုပ်အားတပ်သော အကုသိုလ်ဟိတ်သုံးပါးတမျိုး ဆိုတာက သင်္ချာနံပါတ် ဘယ်လောက်တုန်း (၆-ပါ)။ ဘာတဲ့တုန်း (အကု-အကုဗျာ)။

ခုတင်က ကုသိုလ်ကို ဟောတတ်လျှင် သူလဲ အတူတူဖြစ်မှာပေါ့ (မှန်ပါ)၊ သို့ပေမဲ့ ဘုန်းကြီးဟောပေးပါဦးမယ်။ ၄-နံပါတ်ကိုကြည့် အကု-အကု-ကြည့်။

အကုသလော ဓမ္မော အကုသလသဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ ဝိထိ ပါဠိတော်။

အနုဝါဒက-ခုတင်က ကုသလာ ဟေတူ ဆိုတော့ အခု ဘာဖြစ်မယ်။

အကုသလာ ဟေတူ သမ္မယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။ ဟုတ်တယ် မဟုတ်လား (မှန်ပါ)။

ထို့အတူ နံပါတ် ၅-အတွက်

အကုသလော ဓမ္မော အဗျာကတသဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ အကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

နည်းပေးထားတာကို ဉာဏ်ကလေးနဲ့ လှမ်းလှမ်းပြီး မြော်ပြီးတော့ ကြည့်ရတယ် (မှန်ပါ)။

သင်္ချာနံပါတ် ၆-ကိုကြည့်ပါ။ သမ္မယုတ္တာခန္ဓာ သဟိတ်စိတ္တဇရုပ်အားတပ်သော အကုသိုလ်ဟိတ် သုံးပါးတမျိုး၊ ဒီလို မဟုတ်လား (မှန်ပါ)။

အကုသလော ဓမ္မော အကုသလသ စ အဗျာကတသ စ ဓမ္မသ ဟေတုပစ္စယေန ပစ္စယော။ အကုသလာ ဟေတူ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမุฏฐာနာနဉ္စ ရူပါနံ ဟေတု ပစ္စယေန ပစ္စယော။

ကုသိုလ်မူတုန်းက ရခဲ့လျှင် ဒီမှာလဲ ရရမယ်နော် (မှန်ပါ)။

အဗျာကတဟိတ်အတွက် သုဒ္ဓသခ္ခ်ာ ၂-ပိုင်း

ကုသိုလ်နှင့်စပ်တဲ့ နာမ်တရားတွေ ရုပ်တရားတွေ ပြီးသွားသလို ယခု ကုန်သွားသလို သုဒ္ဓသခ္ခ်ာထဲက အကုသိုလ်နှင့်စပ်တဲ့ နာမ်တရားတွေ ရုပ်တရားတွေ ဟောလို့ ပြီးသွားပြန်ပြီ။

အဗျာကတအတွက် ပဝတ္ထိ ပဋ္ဌိသန္ဓေခွဲပုံ

ဒီတော့ ဒို့ သုဒ္ဓသခ္ခ်ာထဲမှာ ဘာကျန်သလဲမေးလျှင် အဗျာကတနှင့်စပ်တဲ့ နာမ်တရားတွေ ရုပ်တရားတွေ ကျန်သေးတယ်။ အဲဒီ အဗျာကတ နာမ်တရား, ရုပ်တရားတွေကို ပဝတ္ထိနှင့် ပဋ္ဌိသန္ဓေလို့ နှစ်မျိုး ခွဲလိုက်တယ်။

ပဝတ္ထိဆိုတာ ဘာတုန်း ပဋ္ဌိသန္ဓေကိစ္စမတပ်တဲ့ နာမ်တရားပေါ့ ဟုတ်လား (မှန်ပါ)။ ဒီတော့ သခ္ခ်ာနံပါတ် ၇-မှာ ဗျာ-ဗျာလို့ ဇယားက ပြထားတယ်။ အပေါ်တန်းကို မနေ့ကပြောတယ် ဘာတဲ့တုန်း ပဝတ္ထိ။ အဲဒီ ပဝတ္ထိအတွက် သရုပ်ခွဲချင်လျှင် ဟေတု သုဒ္ဓသခ္ခ်ာ ကြည့်စမ်း။ နာမ်နှင့်ရုပ် မခွဲရဘူး၊ နာမ်နှင့်ရုပ် တခါတည်းတွဲလိုက်။ သတိပြု နားထောင်ပါ။

သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အားတပ်သော ဒီလိုဆိုပါ။

ကုသိုလ် အကုသိုလ်တုန်းကတော့ နာမ်သန့်သန့်ခွဲတယ်၊ ရုပ်သန့်သန့်ခွဲတယ်နော်။ အဗျာကတမှာတော့ နာမ်နှင့်ရုပ် မခွဲဘူး တွဲထားတယ်။

ပဝတ္ထိအတွက် သုဒ္ဓသခ္ခ်ာပိုင်း

သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အားတပ်သော သာမညဝိပါက်, ကြိယာဟိတ် သုံးပါးတမျိုး။

သာမညဆိုတဲ့ အဓိပ္ပါယ်က ဘုန်းကြီး ရည်ညွှန်းထားတာ ပဋ္ဌိသန္ဓေကိစ္စမတပ်သေးလို့ သာမညလို့ပြောတာ။ ဒါ ပဝတ္ထိအတွက် ပြန်ကြည့်စမ်းပါဦး...။

သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အားတပ်သော သာမညဝိပါက်, ကြိယာဟိတ်သုံးပါးတမျိုး။ သာမညဆိုတော့ အခုအချိန်မှာ ဟေတုပစ္စည်းနှင့်ဆိုတော့ သဟိတ်ဝိပါက် ဧကဝီသ သဟိတ်ကြိယာ သတ္တရသ-ရမှာပေါ့။ သူတို့နှင့်ယှဉ်တဲ့ဟိတ်ကို ယူရတယ်။

ပဋ္ဌိသန္ဓေအတွက် သုဒ္ဓသင်္ချာပိုင်း

ကဲ- ပဋ္ဌိသန္ဓေအတွက် သရုပ်ခွဲရအောင် ကြည့်စမ်း။ ပဋ္ဌိသန္ဓေ သမ္မယုတ္တာခန္ဓာလဲ ရှိမယ်မဟုတ်လား (မှန်ပါ)။ စိတ္တဇရုပ်မရဘူး ကျော်လိုက်၊ သမ္မယုတ္တာခန္ဓာ သဟိတ်ပဋ္ဌိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဒီမှာ ပါဠိစီထားတာတော့ ကဋ္ဌတ္တာ တွေ့မှာပေါ့ ဟုတ်လား (မှန်ပါ)။

သမ္မယုတ္တာခန္ဓာ သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ်အားတပ်သော ပဋ္ဌိသန္ဓေကိစ္စတပ်သော-ခုတင်တုန်းကတော့ သာမညဆိုခဲ့တယ်။ ဒီကျတော့ ပဋ္ဌိသန္ဓေကိစ္စတပ်သော ဝိပါက်ဟိတ် သုံးပါးတမျိုး၊ ကြိယာမပါဘူးနော် (မှန်ပါ)၊ ကြိယာက ပဋ္ဌိသန္ဓေကိစ္စမှ မတပ်ဘဲ ဟုတ်လား (မှန်ပါ)၊ ဘာတဲ့တုန်း ပြန်နားထောင်ကြစမ်းပါ ပဋ္ဌိသန္ဓေအတွက်—

သမ္မယုတ္တာခန္ဓာ သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ်အားတပ်သော ပဋ္ဌိသန္ဓေကိစ္စတပ်သော ဝိပါက်ဟိတ်သုံးပါးတမျိုး။

နားလည်ပလား၊ နှစ်မျိုးခွဲရတယ်။ ဒါကြောင့် ဇယားမှာ စာနှစ်ကြောင်း ပေးထားတယ်။ ဦးပဏ္ဍာဝ ဆိုစမ်း။

ပဝတ္တိ ပဋ္ဌိသန္ဓေ ၂-မျိုးခွဲပုံ

ဦးပဏ္ဍာဝ။ ။၁။ သမ္မယုတ္တာခန္ဓာ သဟိတ်စိတ္တဇရုပ်အားတပ်သော သာမညဝိပါက် ကြိယာဟိတ်သုံးပါး တမျိုး။

၂။ သမ္မယုတ္တာခန္ဓာ သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ်အား တပ်သော ပဋ္ဌိသန္ဓေကိစ္စ တပ်သော ဝိပါက်ဟိတ် သုံးပါးတမျိုး။

ဆရာတော်။ ။နှစ်မျိုးထွက်လာတယ်၊ အဲဒါလဲခွဲပြီးရော ဦးပဉ္စင်းတို့ သုဒ္ဓသင်္ချာတရား ကျန်သေးသလား-သိရတယ်နော်၊ ကုသိုလ် သမ္မယုတ္တာခန္ဓာ ကုန်သွားတယ်၊ အကုသိုလ်သမ္မယုတ္တာခန္ဓာလဲ မရှိဘူး၊ အဗျာကတကလဲ မရှိဘူး၊ ရုပ်တွေလဲ မရှိဘူး၊ အကုန်လုံးကုန်ပြီ မဟုတ်လား။ ပါဠိတော်လဲ ဒီကျတော့ ကုန်မှာဘဲ။ အဲဒီ သရုပ်ကလေး တခေါက် ခွဲကြစမ်းပါ။

ပါဠိတော် စီကြစို့။ ဝိထိကတော့ တမျိုးတည်းပေါ့။ ပဝတ္တိအတွက်-**အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။** ပဝတ္တိမှာ ဝိပါက် ကြိယာနှစ်မျိုးရှိတယ်။

ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ဟေတူ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

အောက်တန်းကြည့်၊ ပဋ္ဌာန်းအခါ ဟောတာလို့ မိန့်တော်မူတာ မဟုတ်လား မြတ်စွာဘုရားက၊ ကာလကြားတဲ့ ဒေသနာတော်၊ ပဋ္ဌာန်ကွဏော-လို့ ထည့်လိုက်။

ဆရာတော်။ ။ဘယ့်နယ်ထည့်ရတယ်။

သံဃာတော်များ။ ။ပဋ္ဌာန်ကွဏော-ထည့်ရပါတယ်။

ဆရာတော်။ ။ကာလကြားတယ် ခေါ်တယ်နော်...။

ပဋ္ဌာန်ကွဏော ဝိပါကာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ ဟေတုပါဠိတော် ကုန်ရော။ ဦးဉာဏဝရ ဟောစမ်းပါ။

ဦးဉာဏဝရ။ ။အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ ဝိပါကဗျာကတာ ကိရိယာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ ပဋ္ဌာန်ကွဏော ဝိပါကာ-ဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

ဆရာတော်။ ။ပါဠိတော်ကို သိပ်မမြန်နှင့်၊ တကြိမ်မှ မလိုက်ဘူးသေး မသင်ဘူးသေးတဲ့ ပုဂ္ဂိုလ်တွေလဲ ပါတယ်။ မိမိအသံကြားသဖြင့် အသင့်အတင့်ရှိတဲ့ ပုဂ္ဂိုလ်များ ဉာဏ်တိုပွားလာနိုင်တယ်၊ အဲဒီလို စိတ်ထဲက ရည်မှန်းပြီးတော့ နှုတ်က ဖြည်းဖြည်းကလေး ရွတ်သွားပါ၊ စာတက်ရင်းမတ္တန့် ဓမ္မဒေသနာတမျိုး ရပါတယ်၊ အစအဆုံး ကုန်အောင် ဖြည်းဖြည်းကလေး၊ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အားလုံးဘဲ ဟောစမ်းပါ။

သံဃာတော်များ။ ။အစအဆုံး ဟေတုပစ္စည်း ပါဠိတော် အကုန် ဟောကြသည်။

ဆရာတော်။ ။ကုန်ရော ဟေတုပါဠိတော်။ ဟေတုပြီးတော့ ပါဠိတော် ခဏရပ်ထားမယ်။ အဲဒီ ဇယားရဲ့ အထက်နားက ရှိနေတဲ့ စာကလေး သုံးကြောင်းနှင့် စပ်ပြီးတော့ အဓိပ္ပါယ်ပြောပေးမယ်။ ရှေ့ဆက်ဖို့ ပါဠိတော်ကတော့ အချိန်ကြည့်ပြီးတော့ ဆက်ပေးမယ်။ စောစောက စာမချခင်ကတော့ စိတ်ကူးထားတာက 'ဒီနှစ် ဝါတွင်း စာတော့ အသံဖမ်းယူရအောင်လို့ ခပ်ကျဉ်းကျဉ်းဘဲ ချရမယ်၊ လိုရင်းလောက်ဘဲ' ဒီလို စိတ်ကူးထားတာ၊ ဘာဖြစ်လို့ မေးလို့ရှိလျှင်

ကြိုးခွေမလောက်မှာစိုးလို့၊ ပျင်းလို့ မဟုတ်ပါဘူး၊ ကြိုးခွေမလောက်မှာစိုးလို့ ခပ်ကျဉ်းကျဉ်းချမယ်လို့ အဲဒီလို စိတ်ကူးတယ်။

ဒါပေမယ်လို့ စိတ်ကူးထားတာက စိတ်ကူးဘဲရှိတယ်။ ဒီနေ့ ဦးပဉ္စင်းတို့ ဆိုသည်အထိက နှစ်ရက်နှင့်ပြီးတဲ့ကိစ္စ ဒီနေ့အထိ ရောက်နေတယ်။ နာရီအား ဖြင့် သုံးမတ်ကျော်ကျော် တနာရီနီးပါး ရှိနေပါပြီ။ ဒါမနေ့က ပြီးရမည့်တာဝန်။

၇ယားမှာ သုံးစွဲတဲ့ စကားများ

ထားပါတော့ ကဲ စာကလေးသုံးကြောင်းကို ကြည့်စမ်း၊ လက်ဝဲဘက်အပေါ်ဆုံး အကြောင်းကိုကြည့်၊ ဘုန်းကြီးဖတ်ပြောမယ်၊ အကွက်ကျယ်အနေအားဖြင့် ၂-ကွက်ရှိတယ် အပေါ်ဆုံးအတန်းမှာနော်၊ ဘာရေးထားသလဲ ပဌမကွက်မှာ (ပဒ)၊ ကော်မာကလေးပြထား နော် ပဒ-ဆိုပြီးတော့ ဆက်မရေးနဲ့၊ ကော်မာကလေးပြထား အမှတ်သားကလေး ပြထား၊ ဘာကလေးပြထားပေါ့။ နောက်တခုက (ပစ္စည်းတဲ့)၊ သူ့နောက်ကလဲ ဒီလိုဘဲ အမှတ် အသားကလေးပြထား ကော်မာပြပြ တုံးကလေးပြပြ ဟုတ်လား (မှန်ပါ)၊ ပြီးတော့ နောက် တခုက (ကတ္တား) လို့ ရှိသေးတယ် သုံးမျိုးရှိတယ် (မှန်ပါ)။

အဲဒါတွေက ပဌာန်းတကျမ်းလုံးမှာ ပဉ္ဘာဝါရအနေနှင့် နေရာမလွတ် သုံးရမည့်ကိစ္စ တွေကို ဒီက ကြိုပြီးသိအောင် ပြောထားမယ်၊ နောင်တော့ ပြောဖို့မလိုတော့ဘူး။

ထိုနည်းတူစွာ ဒုတိယအကွက်ကျယ်ကြီးမှာကြည့်လျှင် ဒီအတိုင်းဘဲ တရားသုံးမျိုး ရှိပါတယ်။ ပဌမတွေ့တဲ့ အမျိုးက ဘာခေါ်တယ် (ပဒါဝသာန)၊ အမှတ်အသားကလေး ခွဲလိုက်နော်၊ နောက်တခုက ဘာတဲ့တုန်း (ပစ္စယုပ္ပန်)၊ သူ့ကိုလဲ ခွဲထားပါ၊ နောက်တခုက ဘာတုန်း (သမ္ဘဒါန်)၊ နောက်ပိုင်းကတော့ ကရိဏ်းပါဌ်ဖြစ်သွားတယ်။

အဲဒီလို တကွက်တကွက်လျှင် သုံးမျိုးသုံးမျိုးသော စကားကလေးတွေရှိရာမှာ သတိနှင့် နားထောင်စမ်းပါ။ ရှေ့အကွက်က (ပဒ) နှင့် နောက်အကွက်က (ပဒဝသာန) တစုံတွဲပြီးတော့ မှတ်ရတယ်။ ဒီတော့ ဘာဖြစ်လာသလဲ **ပဒ ပဒါဝသာန**၊ ခုတင်က ဦးပဉ္စင်းတို့ သင်သွားတဲ့ ပါဠိတော်ဇယားမှာ လက်ရင်းနားက ပဒ ပဒါဝသာနလို့ တွေ့တယ်မဟုတ်လား၊ အဲဒီတစုံဘဲ တလျှောက်လုံး ဒါတွေ တွေ့နေမယ်။

နောက်တနည်းက ဘာတုန်းမေးလျှင် ရှေ့အကွက်က (ပစ္စည်း)၊ နောက် အကွက် ကတော့ (ပစ္စယုပ္ပန်) ပစ္စည်း ပစ္စယုပ္ပန်လို့ဆိုပြီးတော့ တမျိုးသုံးမယ် (မှန်ပါ)။ ပဒ ပဒါဝသာန လို့ တစုံသုံးသလို ပစ္စည်း ပစ္စယုပ္ပန် လို့ တစုံသုံးရမယ်။ ပြီးတော့ နောက်တခု ရှေ့ပိုင်းက ဘာတုန်း (ကတ္တား)၊ နောက်အကွက်ကတော့ (သမ္ဘဒါန်)၊ **ကတ္တား သမ္ဘဒါန်** လို့ဆိုပြီး စကား တစုံ သုံးလိမ့်ဦးမယ်။ သုံးမျိုးသော စကားတွေ (မှန်ပါ)။

ဘာတဲ့ ပဒ ပဒါဝသာနက တမျိုး၊ ပစ္စည်း ပစ္စယုပ္ပန်က တမျိုး၊ ကတ္တားသမ္ဗန္ဓိန်က တမျိုးလို့ သုံးမျိုးရှိတယ်။

အဲဒီသုံးမျိုးတို့တွင် ပဒ ပဒါဝသာနဆိုတဲ့ အစုံမှာ ပဒဆိုတာ ဘာဖြစ်လို့ သူ့ကို ပဒခေါ်သလဲ၊ ဒါကလေးတွေကို ဘုန်းကြီးပြောပေးမလို့။ ပဒါဝသာနလို့ကော ဘာဖြစ်လို့ ခေါ်ရတာလဲ။

ပဒ-ဆိုသောစကား အဓိပ္ပါယ်

ပဒ ဆိုတာ သူ့ဟာသူ ရှင်းနေတဲ့အတိုင်းကတော့ ပဒဆိုတာ ဦးပဉ္စင်းတို့ ဗမာပြန်တော့ ဘာပြန်တုန်း (ပုဒ်သို့ပြန်ပါတယ်)၊ တ-သတ်ပြီး ပုတ်လို့မရေးနှင့် နော်၊ဒနှင့် သတ်၊ ပုဒ်လို့ရေး၊ တသတ်နှင့် သတ်လျှင် နော် ဟန်မကျဘူး လွှင့်ပစ်ရလိမ့်မယ်။

အဲဒီ ပဒဆိုတဲ့ပုဒ်က ဘာလဲလို့ မေးလျှင် ပဒ-က လာတဲ့ပုဒ်ကို သတိပြုပါ၊ **မူ**တည်ထားတဲ့ ပုဒ်တဲ့...။

မူတည်ထားတဲ့ပုဒ်...။ အခုနားမလည်သေးလျှင် နောက်ပြောတော့ နားလည်လိမ့်မယ် သတိပြုမှတ်ခဲ့ကြပါ။

ပဒါဝသာန-ဆိုသောစကားရဲ့ အဓိပ္ပါယ်

သူနှင့် တွဲနေတာက ဘယ်သူတဲ့တုန်း... ပဒ+အဝသာန=ပဒါဝသာန တဲ့၊ ပဒက ခုတင်က ပြောတဲ့ပုဒ်ဘဲ။ အဝသာနက ဘာတဲ့တုန်း... (အဆုံးပါ)၊ ဒီတော့ ပုဒ်၏ အဆုံး။

ပုဒ်၏အဆုံးဆိုတာ ဘာလဲ မေးရလိမ့်မယ်၊ ခုတင်က ပဒကို မူတည်ထားတဲ့ ပုဒ်လို့ ဆိုလျှင် သူက **မူ**လီဖြစ်တဲ့ ပုဒ်တခုဘဲ။ **မူ**လီဖြစ်တဲ့ ပုဒ်ဘဲ (မှန်ပါ)။

ယမိုက်ကျမ်းမှာ မူ-မူလီ

ဒီတော့ မြတ်စွာဘုရားသည် ကုသလတိုက်ပဌာန်းကျမ်းမှာ ပဉ္စာဝါရအနေနှင့် ဟောနေတာ၊ ဦးပဉ္စင်းများ ယမိုက်မှာလဲ သုံးခဲ့တယ် မဟုတ်လား မူ-မူလီလို့ (မှန်ပါ)။ အဲဒီအတိုင်းဘဲ ဒီမှာ **မူ** **မူ**လီ သုံးဖို့ ဟောနေတာ။

ဥပမာ - ခုတင်က ဟောပြီးသား အောက်နားက ဇယားမှာ ကြည့်လိုက်စမ်း ၁-၂-၃- ကို ကြည့်စမ်း၊ ကုသိုလ်ကို ပဒ=**မူ**တည်ထားပြီးတော့ ပဒါဝသာနထုတ်တာ၊ ကုသိုလ်ကတကြိမ် အဗျာကတာက တကြိမ် ကုသိုလ်အဗျာကတက တကြိမ်၊ **မူ**လီ ၃-ကြိမ် သွင်းထားတယ်။

ဒါကြောင့် ပဋ္ဌာန်းအနေနှင့်သုံးတော့ 'ကုသလပဒကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုကုသလပဒသည်လည်း ကုသလပဒါဝသာန အဗျာကတ ပဒါဝသာန ကုသလာဗျာကတ ပဒါဝသာနအားဖြင့် သုံးမျိုးရှိ၏။' ဟောရိုးတွေကို နောက်တော့ ဘုန်းကြီးက မစစ်ဘူးနည်းပြောပေးတာ၊ အကောက်ကျတော့ ဘုန်းကြီးရှင်းပေးမယ်နော် (မှန်ပါ)၊ ထိုသုံးမျိုးတို့တွင် ကုသလပဒါဝသာနကို ရှေးဦးစွာဟောတော်မူ၏။ ဆိုပြီး အကုန်လျှောက်ဆိုပါ။

ဒီတော့ အခုပြထားလို့ ဇယားမှာလဲ မြင်နေပြီ၊ ပဒဆိုတာ ဘာလဲလို့ မေးလျှင် မူတည်တဲ့ပုဒ်၊ ပဒါဝသာနဆိုတာ ကု-တခါဖြစ်လိုက် ဗျာ-တခါဖြစ်လိုက် ကုဗျာ-ဖြစ်လိုက် ဆိုတော့ သူက ဘာခေါ်တယ် (မူလီခေါ်ပါတယ်)၊ မူ-မူလီဟောတဲ့ ဒေသနာမျိုးကို ပဒ ပဒါဝသာန သုံးတယ်လို့ နားလည်ထားကြပါ။

ဒါကြောင့် ယခု ပြီးသွားတဲ့ ဟေတုပစ္စည်းမှာ မူတည်တဲ့ပုဒ်ပေါင်း ဘယ်လောက် ရှိသလဲလို့မေးလျှင် ခုတင်က ဇယား[1] ကြည့်စမ်း။ လက်ရင်းဘက်က သန္ဓာန်ပါတ် ၁-ကြည့်က ကုပဒ မဟုတ်လား (မှန်ပါ)၊ ၄-ကြည့်က (အကုပဒပါ)။ ဗျာ-က ၇-မဟုတ်လား (မှန်ပါ)၊ ပဒ ၃-ချက်၊ ပဒါဝသာန (၇) ချက်။

ကိုယ်က မြင်နေရတယ် ဇယား[1] မှာ ကြည့်လိုက်လျှင်၊ ဘာမှ ဒါကို အထူးကျက်ဖို့ မလိုဘူးဟုတ်လား၊ (မှန်ပါ)၊ ကုသလပဒက ပဒါဝသာန ၃-ချက် ရှိသလို အကုသလပဒက ပဒါဝသာန ၃-ချက် ရှိတယ်၊ အဗျာကတပဒက ပဒါဝသာန တချက်သာ ရှိတယ်မဟုတ်လား။ အဲဒါ ပဒ ပဒါဝသာန ခေါ်ပုံ အကျဉ်းချုပ်တဲ့။

ဗဟုသုတဆိုတာ ရှာဖွေနှီးနှောရမယ်

နားထောင်ကြပါ ဘုန်းကြီးပြောတာတွေ မှတ်သင့်သလောက် မှတ်ထား, ရေးသင့်သလောက် ရေးထား, အလွတ်မှတ်သင့်တာ မှတ်ထားပြီးတော့ ဗဟုသုတချင်းလဲ တပါးနှင့် တပါး နှီးနှောရတယ်၊ ကိုယ့်ထက်သာတဲ့ ဆရာ့ ဆရာတွေဆီ လျှောက်ထားရတယ်၊ မေးမြန်းရတယ်။ ဘုန်းကြီးကတော့ ကိုယ်ကြိုက်တာကလေးတွေ လျှောက်ပြောတာဘဲ။ ဘုန်းကြီးပြောတာမှ အမှန်အကန် ဒီလိုလဲ မယူရပါဘူး။ ကြိုက်လို့ရှိလျှင် သုံးဖို့ရာ အဓိပ္ပါယ်ပြောပေးနေတာ။

နောက်တစုံက ဘာတဲ့ ပစ္စည်းနှင့် ပစ္စယုပ္ပန်တဲ့။ ဒီလို မဟုတ်လား (မှန်ပါ)။

---

[1] ဤကျမ်း၊ နှာ-၅၉ သဟဇယ် ပါဠိတော်ဇယားကြည့်။

ပစ္စည်း ပစ္စယုပ္ပန်အဓိပ္ပါယ်

ကဲ- သူတို့ကို ဘာဖြစ်လို့ ပစ္စည်းခေါ်သလဲ... ဘာဖြစ်လို့ ပစ္စယုပ္ပန် ခေါ်သလဲ... အဲဒီအဓိပ္ပါယ်တွေ ပြောပြမယ်။

ရေးထားတယ် ပ-စောက်ကလေးတလုံး, စလုံး နှစ်လုံးဆင့်လို့ (စ္စ), နောက်ကညသတ်လို့ ဝစ္စကလေး နှစ်လုံးက ပေါက်ရသေးတယ် ပစ္စည်း တဲ့။

ဘုန်းကြီးတို့ မြန်မာ့ဝေါဟာရအနေနှင့် သုံးထားတာကို။ သူ့ရဲ့ မူရင်းက မြန်မာ့ဝေါဟာရမပေါ်ခင် မူရင်းက ဘယ်က လာသလဲမေးလျှင် ဟေတုပစ္စယော စသည်မှာပါတဲ့ ပစ္စယသဒ္ဒါက လာတာ၊ ဟုတ်ကဲ့လား (မှန်ပါ)။

ပစ္စယဟူသော ပါဠိမှ ဘာဖြစ်လာတယ် ပစ္စည်းဖြစ်လာတယ်။

အဲဒီတော့ မူရင်းပုဒ်ကို ပစ္စယကို တပည့်တော်တို့က အဓိပ္ပါယ်စဉ်းစားရမယ်။ ပစ္စယသဒ္ဒါက ဘာဟောသလဲ... အကြောင်းဟောတာပေါ့ (မှန်ပါ)။

မူလံ ဟေတု နိဒါနဉ္စ၊ သမ္ဘဝေါ ပဘဝေန စ၊
သမုဋ္ဌာနာဟာရာရမ္မဏံ၊ ပစ္စယော သမုဒယေန စ—

အစရှိသည်ဖြင့် ဟောထားတာတွေ ရှိတယ်မဟုတ်လား၊ အကြောင်းဟော ပရိယာယ်တွေဘဲ (မှန်ပါ)။

ဒါကြောင့် ပစ္စည်းဆိုတာ လွယ်လွယ်ပြောကြပါစို့၊ ဘာကို ရည်ရွယ်တာလဲမေးလျှင် **အကြောင်းတရားကို ပစ္စည်းလို့** ခေါ်ထားတာဘဲ၊ ပစ္စယဟူသော ပါဠိမှ ယ-ကို ည-ပြုပြီးတော့ ဝိသဇ္ဇနီ ပေါက်ထားတာ မဟုတ်လား...။ ရှိတဲ့အတိုင်း ဝစ္စပေါက်လိုက်တော့ ပစ္စယ်း (ပစ္စဲ) ဖြစ်တော့မှာပေါ့နော်။ ယ-ကို ည-ပြုထားလို့ ပစ္စည်းလို့ ခေါ်ရတယ်။ အကြောင်းတရားကို ပစ္စည်းခေါ်တယ်လို့ မှတ်တော်မူကြပါ။

ပစ္စည်းဆိုတာ ဘာလဲမေးလျှင် အကြောင်း။ လူတွေ သိမ်းဆည်းထားတဲ့ ရွှေ ငွေ ဘဏ္ဍာ ရတနာတွေကိုလဲ ပစ္စည်းခေါ်တယ် မဟုတ်လား။ အဲဒီ ပစ္စည်းအကြောင်းရှိမှ အကျိုးပြည့်စုံရတာကို၊ ဒါကြောင့် သူ့ကိုလဲ ပစ္စည်းလို့ ခေါ်ရတယ်။

တချို့ကတော့ ဒါကြောင့်မဟုတ်ဘူးတဲ့၊ ရွှေ ငွေ ဘဏ္ဍာ ပစ္စည်းခေါ်တာ ဘာ့ကြောင့် ခေါ်သလဲမေးလျှင် **ပစ်မည်ကြံလျှင် စည်း-စည်းပြီးကပ်နေလို့ သူ့ကို ပစ္စည်း**တဲ့၊ လျှုလို့မဖြစ်တန်းလို့မဖြစ်။ ရွှေ ငွေ ဘဏ္ဍာပစ္စည်းကို ပြောတာ။ ပဌာန်းက ပစ္စည်းမဟုတ်ဘူး။

ကဲ... ဒါဖြင့် ပစ္စယုပ္ပန်သွားရအောင် ရေးထားပုံကြည့်စမ်း-ပစ္စ-ဟုတ်လား။ နောက်က ယ-မှာ တချောင်းငင်ကလေးနှင့် ယု-လို့ ဖြစ်ပြီးတော့ နောက်က ပ-နှစ်လုံး ဆင့်ပြီးတော့

နေ-သတ်တော့ ပစ္စယုပ္ပန် ဒါ မြန်မာသုံး။ ပါဠိကလဲ ဒီအတိုင်းလိုဘဲ အသတ်ဖြုတ်ရုံဘဲ နဂယ် နှစ်လုံးဆင့်ပြီး ပစ္စယုပ္ပန္နဘဲ...။

အဲဒီ ပစ္စယုပ္ပန်က ဘယ်လို ခေါ်ရမှာလဲ၊ ဘာ့ကြောင့် သူ့ကို ပစ္စယုပ္ပန္နလို့ သုံးထားတာလဲ မေးလျှင် သတိပြုကြပါ။ **ပစ္စယတော+ဥပ္ပန္နံ=ပစ္စယုပ္ပန္နံ။ ပစ္စယတော= အကြောင်းတရားကြောင့်။** ဥပ္ပန္နံ=ဖြစ်ပေါ်လာတဲ့ **တရား...။** **အကြောင်းကြောင့်ဖြစ်လျှင် ဘာခေါ်**တယ် (**အကျိုးတရား**ပါ)။

အကြောင်းကြောင့် ပေါ်လာတဲ့ အကျိုးတရားကို ဘာခေါ်တယ် (ပစ္စယုပ္ပန်တရား)။

အကြောင်းကို ပစ္စည်း၊ အကြောင်းကြောင့် ပေါ်လာတဲ့ အကျိုးတရားကို ပစ္စယုပ္ပန်။ မှတ်မိပြီနော် (မှန်ပါ)။

တနည်း—ပစ္စယေဟိ ဥပ္ပန္နံ ပစ္စယုပ္ပန္နံ။ ပစ္စယေဟိ=အကြောင်း ဖြစ်သော ပစ္စည်းတရားတို့သည်။ ဥပ္ပန္နံ=ဖြစ်စေအပ်သော အကျိုးတရားတည်း။

အကြောင်းရှိက အကျိုးရ မုချမလွဲရာ

အကျိုးဆိုတာ အကြောင်းရှိတယ်။ အကြောင်းမရှိဘဲနှင့် အကျိုးမပေါ်ဘူး။ အိပ်နေလို့ ဘယ်မှာ စာရမလဲ၊ စာကျက်မှ စာရမှာပေါ့ဆိုတာမှာ စာကျက်တာက **အကြောင်း** မဟုတ်လား၊ စာရတာက (**အကျိုး**ပါ)၊ ကိုယ်ကျက်သလောက် ကိုယ်ကြိုးစားသလောက် စာတွေ**ရ**တယ်။ **အဲဒီလို အကြောင်းအကျိုးနှစ်မျိုးကို** မြတ်စွာဘုရားက ဟောတော်မူလို့**၍ ပစ္စည်း**လိုတမျိုး ပစ္စယုပ္ပန်လိုတမျိုး ခွဲခြားပြီး ဟောတော်မူတယ်။ နားလည်လောက်ပြီနော် (မှန်ပါ)။

အဲဒီ တရားကိုပင်လျှင် **အ**ရကောက် ဆရာတော်ဘုရားကြီးတွေက **နိ**ဿယ ဆရာတော်ဘုရားတွေက ဘုရားရှင်ဟောတော်မူတဲ့ ဒေသနာတော်ကို ကြည့်ပြီးတော့ ကုသလော ဓမ္မောလို့ သဒ္ဒါရေးနှင့် ကြည့်လိုက်လျှင် ဒါဟာ ကတ္တားပုဒ်တဲ့၊ ကုသလဿ ဓမ္မဿ-က သမ္ပဒါန်အနက်မှာ သက်ထားတဲ့ သဝိဘတ်ဆုံးတဲ့ သမ္ပဒါန်ပုဒ်တဲ့၊ ကတ္တား သမ္ပဒါန်ပုဒ်တဲ့၊ ကတ္တားသမ္ပဒါန်ဆိုပြီး အကောက် ကောက်တော်မူတဲ့အခါကျတော့ **ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ၌ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အ**ရကား ဆိုပြီးတော့ ဆရာတော်ဘုရားကြီးတွေ ဒီလို သုံးတယ်နော်။ **ကုသလဿ ဓမ္မဿ ဟူသော သမ္ပဒါန်ပုဒ်၏ အ**ရကား... တဲ့ **အ**ဲဒီလို ဟောသွားကြတယ်။ ဆရာတော်ဘုရားကြီးတွေ သုံးသွားကြလို့ ခုတင်က ပြောတဲ့ပစ္စည်းသည် **ကတ္တား**မည်ရပြန်တော့**၏**။ ပစ္စယုပ္ပန်သည် ဘာဖြစ်သွားသလဲ (**သ**မ္ပဒါန်ဖြစ်ပါတယ်)။

နာမည်သုံးမျိုး ထွက်နေပေမဲ့ တရားက တခုတည်း။

ပစ္စည်းသည် ကတ္တားလည်း မည်၏၊ ပဒလည်း မည်၏၊ သုံးနာမည်ရတယ်၊ (မှန်ပါ)။ ပဒသည် ပစ္စည်းလည်းမည်၏။ ကတ္တားလည်းမည်၏။ ကတ္တားသည် ပဒလည်း မည်၏။ ပစ္စည်းလည်း မည်၏။ အတူတူဘဲ အပြန်အလှန် ပြောပြနေတာ။

ထို့အတူ ပဒါဝသာန ပစ္စယုပ္ပန် သမ္မဒါန်ဆိုတာ အရကောက်တော့ အတူတူဘဲ။

အဲဒါတွေ ဘယ်သူလဲလို့ သိချင်လျှင် အောက်က စာနှစ်ကြောင်း တွဲကြည့်စမ်း။ ခုတင်က ဟောပြီးသား ပါဠိတော်ကိုထည့်ပြီး ရေးပေးတယ်မဟုတ်လား။ ဝိထိပါဠိတော် ဟောလိုက်တော့ 'ကုသလော ဓမ္မော, ကုသလဿ ဓမ္မဿ' လို့ (မှန်ပါ)။

ကုသလော ဓမ္မောကို ဘာခေါ်မလဲလို့ မေးလျှင် ပဒလည်း ခေါ်နိုင်တယ်၊ ပစ္စည်းလည်း ခေါ်နိုင်တယ်။ ပြီးတော့ကော (ကတ္တားလည်း ခေါ်ပါတယ်)။

ကုသလဿ ဓမ္မဿကို ဘာခေါ်ကြမယ် (ပဒါဝသာန ခေါ်ပါတယ်)။ ပြီးတော့ကော... (ပစ္စယုပ္ပန်နှင့် သမ္မဒါန်လည်း ခေါ်ပါတယ်)။ သုံးမျိုးဘဲနော်။ ဒါဟာ ဝိထိကနေ ပြောတာ။

အနုဝါဒကနေပြီး ကြည့်ပြန်တော့ 'ကုသလာ ဟေတူ, သမ္မယုတ္တကာနံ ခန္ဓာနံ' ဒီလို မဟုတ်လား (မှန်ပါ)။

အဲဒီမှာ ကုသလာ ဟေတူကို ဦးပဉ္စင်းတို့ကို ခုတင်က ပြောသလို ပဒလည်း ခေါ်ရမယ်။ ပစ္စည်းလည်း ခေါ်ရမယ်။ ကတ္တားလည်း ခေါ်ရမယ်။ နာမည်သုံးမျိုး ရတယ်နော်... (မှန်ပါ)။

သမ္မယုတ္တကာနံ ခန္ဓာနံကို ဘာခေါ်ရမလဲ... ပဒါဝသာနလည်း ခေါ်နိုင်တယ်။ ပစ္စယုပ္ပန်လို့လည်း ခေါ်နိုင်တယ်။ သမ္မဒါန်လို့လည်း ခေါ်နိုင်တယ်။ နာမည်သုံးမျိုးဘဲ။

ကုသလော ကုသလဿ မူတည်ပြီး ရေးပြတော့ အောက်က ကုသလော အဗျာကတဿ, ကုသလော ကုသလာဗျာကတဿတွေလဲ ဒီအတိုင်းပေါ့။ ဘာထူးတော့ဦးမှာလဲ... ဟုတ်ပလား (မှန်ပါ)။

ကဲ ကျေနပ်ကြပါတော့။ တကျမ်းလုံးမှာ သုံးနေတဲ့ အသုံးအနှုန်းတွေ ဒီနေ့ရာက ခြုံပြီးပြောလာတယ်။

ကဲ... နောက်နား ဆုတ်ကြည့်တော့ ဟေတုပစ္စယေနကို ဘာခေါ်တယ် (ကရိုဏ်း ခေါ်ပါတယ်)။ အကောက်ဆရာတော်ဘုရားကြီးက 'ဟေတုပစ္စယေန ဟူသော ကရိုဏ်းပါဠ်၏ အရကား'လို့ မိန့်တော်မူတယ်။ ကရိုဏ်းအနက်မှာ သက်ထားတဲ့ တတိယာ နာဝိဘက်ကို ဧန-ပြုထားတယ်။

ဝိထိနှင့် အနုဝါဒ အဓိပ္ပါယ်

မြတ်စွာဘုရားဟောတဲ့ ဒေသနာတော်နှစ်မျိုးဌ် ပဌမမျိုးမှာ စောစောက ပြောခဲ့တယ် ဘာတဲ့... ဝိထိ။ ဒုတိယအမျိုးကို အနုဝါဒ။ ဟိုမှာ ရေးထားတာ ပါပါရဲ့မဟုတ်လား (မှန်ပါ)။

ဝိထိလို့ ဘာဖြစ်လို့ ခေါ်သလဲ... အနုဝါဒလို့ ဘာဖြစ်လို့ ခေါ်သလဲ... သတိပြုနားထောင်ပါနော်။

ဝိထိနှင့်-ဝိဓိ

ဝိထိလို့ သုံးနေတာက ဘုန်းကြီးသုံးနေတာ၊ အကောက်ဆရာတော်ဘုရားကြီးများရဲ့ စာအုပ်မှာ ကြည့်လျှင်တော့ ဓ-အောက်ခြိုက်လုံးကြီးတင်နှင့် ဝိဓိလို တွေ့ပါလိမ့်မယ်၊ ဆရာတော်ဘုရားကြီးတွေ ရေးခဲ့တာ မှားလို့ ပြင်တာမဟုတ်ပါဘူး၊ ကိုယ်ကြိုက်တာကို ကိုယ်ပြင်ရေးတာပါ။

ကိုယ်ပြင်ရေးထားတဲ့အနေနှင့် ရှေးဦးစွာ ပြောပြမယ်။ ဝိထိလို့ ဘာဖြစ်လို့ ခေါ်သလဲ၊ အရှင်ဘုရားတို့ သိရာကနေ ပြောကြစို့။ သင်ကြိုဟ်သင်တော့ စိတ်ပိုင်း စေတသိက်ပိုင်း ပကိဏ္ဏပိုင်းပြီးတော့ ဘာတုန်း (ဝိထိပိုင်းပါ)၊ အဲဒီ ဝိထိပိုင်းကို လှမ်းကြည့်ပြီးတော့ ဘုန်းကြီးက ဒီမှာရေးတယ်။

လမ်းရှည်ကြီးတွေကို ဝိထိ

ဝိထိပိုင်းကို စဉ်းစားလိုက်တော့ ဘာတွေရေးမလဲလို့ မေးလျှင် ပဠဒ္ဓါရဝိထိ မနောဒ္ဓါရဝိထိ ဆိုတဲ့ ဝိထိတွေကို ပြနေတယ် မဟုတ်လား (မှန်ပါ)၊ အဲဒီဟာတွေကို ဘာဖြစ်လို့ ဝိထိလို့ ခေါ်ပါသလဲလို့ ဆရာ့ ဆရာတော် ဘုရားကြီးတွေက မေးလျှင် ပြောကြတယ် ရေးကြတယ်။ ဘယ်လိုရေးသလဲ... ဘယ်လို ဟောတော်မူကြသလဲ... မြို့တမြို့နှင့် တမြို့သို့မဟုတ် တမြို့တည်းမှာပင် ဖြစ်ပစေ မြို့ထုတ်ချင်းပေါက်အောင် သွားလာနိုင်တဲ့ လမ်းကြီးတွေကို ဝိထိလို့ ခေါ်တယ် (မှန်ပါ)၊ ပါဠိလို အဠသံသုံးတယ် ဝိထိလို့သုံးတယ်။ အဲဒီလို မြို့ပေါက် ပြည်ပေါက် ရွာပေါက်တွေကို သွားထားတဲ့ လမ်းကျယ်ကြီးတွေ လမ်းမတော်ကြီးတွေကို ဝိထိလို့ ခေါ်တယ်။

အခု ဗမာပြည်အနေနဲ့ ကြည့်လို့ရှိလျှင် ရန်ကုန်နှင့် မန္တလေး ကားပြေးလို့ရတယ် ရထားပြေးလို့ရတယ် ဒါကို ဝိထိလို့ ပါဠိလို သုံးရတယ်။

နာမ်အစဉ်ကြီးတွေကိုလဲ နာမ်ဝိထိ

အဲဒီ ရှည်လျားလှစွာသော လမ်းမတော်ကြီးတွေကို ဝိထိလို့ သုံးသလိုဘဲ ရှေးဆရာတော်ဘုရားကြီးတွေ သုံးထားတယ်။ ဦးပဉ္စင်းတို့ ဘုန်းကြီးတို့ သက်ရှိသတ္တဝါသန္တာန်မှာ အစဉ်မပြတ် ဖြစ်ပေါ်နေတဲ့ နာမ်တရား အစဉ် အတန်းကြီး နိဗ္ဗာန် မရမချင်း ပြတ်ပျံ့မလား (မပြတ်ပါ) တဘဝက တဘဝကူးလဲ နာမ်တရားအစဉ်ကြီး မပြတ်ဘူး။ အဲဒီလို သတ္တဝါသန္တာန်မှာ ဆက်ကာ ဆက်ကာ ဥပါဒ် ဌိ ဘင် ဥပါဒ် ဌိ ဘင်နဲ့ ဖြစ်ပျက် သွားလာနေတဲ့ အစဉ်ကြီးကို နာမ်ဝိထိလို့ ခေါ်တယ်။

ရုပ်တရားအစဉ်ကိုလဲ ရုပ်ဝိထိ

ထိုနာမ်တရားတွေနဲ့ ပေါင်းပြီးတော့ နာမ်တရားတွေကြောင့် ဖြစ်ပေါ်နေတဲ့ စိတ္တဇရုပ် အစရှိတဲ့ ရုပ်လေးမျိုးကိုလဲဘဲ ဒီအတိုင်း အစဉ်အတန်းကြီး ပါနေတော့ သူတို့ကိုလဲ ရုပ်ဝိထိလို့ ခေါ်ရတယ်။

ဘာ့ကြောင့် ခေါ်သလဲ မေးလျှင် ရှည်လျားလှစွာသော လမ်းမတော်ကြီးများနှင့် တူသောကြောင့် ဝိထိလို့ ခေါ်တယ်လို့ ရှေးဆရာတော်ဘုရားကြီးတွေ သုံးတယ်။

အဲဒါကလေး သဘောကျတာနှင့် ဘုန်းကြီးက ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော အစရှိသည်ဖြင့် ဟောတဲ့ ရှေ့ပိုင်း ဒေသနာတော်ကလေးတွေကို ဝိထိဒေသနာတော်လို့ အမည်ပေးထားတယ်။

လမ်းပြ ဒေသနာမို့ ဝိထိ

ဘယ်နှယ် မတူပါလား၊ ဟိုက လမ်းရှည်ကြီးတွေ ပြောတယ်၊ ဒီက ဘာသုံးတဲ့ လမ်းတုန်း...။

သတိပြု နားထောင်ကြစမ်းပါ၊ မြတ်စွာဘုရား ရှေ့ပိုင်းမှာ ဟောတဲ့ ကုသလော=ကုသိုလ်ဖြစ်သော။ ဓမ္မော=တရားတမျိုးသည်။ ကုသလဿ=ကုသိုလ်ဖြစ်သော။ ဓမ္မော=တရားတမျိုးအား။ ဟေတုပစ္စယေန=ဟေတုပစ္စယသတ္တိဖြင့်။ ပစ္စယော=ကျေးဇူးပြုသည်။ ဟောတိ=ဖြစ်၏။ ဘာတဲ့တုန်း ဗမာလို ဖြောင့်ဖြောင့်ပြန်တော့ ကုသိုလ်တရားတမျိုးက ကုသိုလ်တရားတမျိုးကို ဟေတုသတ္တိဖြင့် ကျေးဇူးပြုတယ်တဲ့၊ အဲဒီမှာ ဘယ်ကုသိုလ်က ဘယ်ကုသိုလ်ကို ကျေးဇူးပြုသလဲဆိုတော့ သေချာရဲ့လား (မသေချာသေးပါဘူး)။

ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုလိမ့်မယ်။ ဒီနည်းကို ဟောမလို့ လမ်းပြလိုက်တာတွေဘဲ။

ဒါ့ကြောင့် ဘုန်းကြီးတို့သုံးတဲ့ ဝိထိသည် လမ်းပြဒေသနာတော်ကို ရည်မှန်း၍ ဝိထိလို့ သုံးသည်။

လမ်းရှည်ကြီးနှင့်တူလို့ မဟုတ်ဘူးနော်၊ ဘာဖြစ်လို့လဲ လမ်းညွှန်ပြလို့။

ဝိထိသုံးတဲ့ အဓိပ္ပါယ်

နို့... ရှေးဆရာတော်ဘုရားကြီးတွေတော့ ဘယ်လိုကြောင့် ၀-အောက်ခြေက်လုံးကြီးတင်နှင့် ဝိဓိလို့ သုံးသလဲလို့မေးလျှင် ကြံဆမှုပြောရမယ်။ ဆရာတော်ကြီးတွေနှင့်တော့ ဘယ်မှာ တွေ့ဘူးမလဲ သူတို့က ပျံ့လွန်တော်မူတာ ကြာလှပြီ။

ဦးပဉ္စင်းတို့ သဒ္ဒါကျမ်းသင်တော့ သုတ်လေးမျိုး ခွဲကြပါတယ်။ အဲဒီ သုတ်လေးမျိုးထဲမှာ ဝိဓိသုတ်ဆိုတာ မပါဘူးလား (ပါပါတယ်)၊ ဘာလုပ်တဲ့သုတ်ကို ခေါ်တာလဲ၊ အစီရင်ကို ပြတဲ့သုတ်။ ဒီမှာလဲ ဝိဓိလို့သုံးတာ အစီရင်တမျိုး ပြတာဘဲ။

ဘယ်လို အစီရင် ပြသလဲ... ခုတင်က ပြောသလို **ကုသိုလ်တရား** တမျိုးသည် **ကုသိုလ်တရားတမျိုးအား ကျေးဇူးပြုပေ၏လို့** သာမညအစီရင် ပြတယ်။ ဒါကြောင့် ဝိဓိလို့ ၀-အောက်ခြေက် လုံးကြီးတင်နှင့် သုံးထားခြင်း ဖြစ်တယ်၊ ရှေးဆရာတော်ဘုရားကြီးတွေ၏ အသုံးအနှုန်းသည် အလွန်ကောင်းမြတ်ပါ၏၊ မပယ်ပါနှင့်၊ ကိုယ်ကြိုက်တာလဲ ကိုယ်လုပ်ပေါ့။ ထားကြစို့... ဒါဖြင့် ဝိထိခေါ်တာ ဒါဘဲလို့။

အနုဝါဒ အဓိပ္ပါယ်

အနုဝါဒလို့ ဘာဖြစ်လို့ ခေါ်ပြန်သလဲ၊ ဒုတိယ ဒေသနာတော်ကို သူ့နာမည်ကလေး အတိုင်း ဘုန်းကြီးကြိုက်ရာက ယူပြီးပြောမယ်။

ခုတင်က ဒေသနာတော်က ဘာဒေသနာတော်လဲ (ဝိထိဒေသနာတော်)။ အခုဟာက အနုဝါဒ၊ အနု=ဝိထိဒေသနာတော်ကို အစဉ်လျှောက်၍၊ ဒါက အနုဆိုတဲ့ ပုဒ်ကလေးရဲ့ အဓိပ္ပါယ်။ ခုတင်က လမ်းခင်းပေးထားတဲ့ ဝိထိကို အစဉ်လိုက်ရမှာ။ ဝိထိဒေသနာနှင့် မတိမ်းရဘူးနော် (မှန်ပါ)။

အနု=ဝိထိဒေသနာတော်သို့ အစဉ်လျှောက်၍၊ ဝါဒ=တဆင့် ဟောထားတဲ့ ဒေသနာတော်။ ဝိထိနှင့် မူမကွဲစေရဘူး။ လမ်းပြပေးတဲ့အတိုင်း ဖြောင့်ဖြောင့်တန်းတန်းဆက်ဟော။

ဒီတော့ ဘယ်နှယ်ဖြစ်သလဲ၊ ကုသလော ဓမ္မောဟာ ဘယ်သူလဲ အဖြေထွက်လိုက်စမ်းဆိုတော့ ဘာထွက်လာသလဲ၊ ကုသလာ ဟေတူလို့ ဖြစ်မလာဘူးလား။ ပဒ=ပစ္စည်း=ကတ္တား-အရ သူများကိုမမှတ်နှင့် ကုသလာ ဟေတူ=ကုသိုလ်ဟိတ် သုံးပါးဘဲလို့ ပြောလိုက်ပြီမဟုတ်လား (မှန်ပါ)။

ကုသလသ ဓမ္မသ ဟူသော ပဒါဝသာန ပစ္စယုပ္ပန် သမ္ဘဒါန်အရတရားဟာ ဘယ်သူလဲမေးတော့ သမ္ဘယုတ္တကာနံ ခန္ဓာနံ...တဲ့။ ယှဉ်နေတဲ့တရားဟာ ဘယ်သူနှင့် ယှဉ် ရမလဲ ကုသိုလ်ဟိတ်သုံးပါးနှင့်ယှဉ်၊ ဒီလိုဆိုတယ် မဟုတ်လား (မှန်ပါ)။

ကောင်းပြီ ကုသိုလ်ဟိတ်သုံးပါးနှင့် ယှဉ်တာ ဘယ်သူလဲမေးတော့ မနေ့က ပြောခဲ့ တဲ့ ကုသိုလ်စိတ်ဧကဝီသ စေတသိက် အဌတိံသ ပစ္စယုပ္ပန်တရားရ၏။

ခုတင်က ဟောတဲ့ ဝိထိဒေသနာတော်နှင့် မလွဲအောင် တန်းပြီးလိုက်သွားတာ၊ အနု=ဝိထိဒေသနာတော်သို့ အစဉ်လျှောက်၍၊ ဝါဒ=နောက်ထပ် ဟောကြားတော်မူတဲ့ ဒေသနာတော်။

အဲဒါ ဝိထိလို့ ခေါ်ပုံ အနုဝါဒလို့ ခေါ်ပုံများပါဘဲ။ အကျယ်အားဖြင့် မှတ်ဖို့နော် (မှန်ပါ)။

ဝိထိက အကျဉ်း အနုပါဒက အကျယ်

အကျဉ်းအားဖြင့် မှတ်ချင်သေးလျှင် တမျိုးပြောပြမယ်။ ဥပမာ-ဦးပဉ္စင်းတို့ ပဌမ ကြိုးတန်းအနေနှင့် မေးတယ် ဆိုကြပါစို့ ပဌာန်းမှာ။ ရအောင် လုပ်ကြပါ၊ စာအုပ်ထဲချည်း ကြည့်ထားလို့လဲ မဖြစ်သေးဘူး။ စာမေးပွဲလဲ ယူသွားလို့မရဘူး၊ **ဝိထိနှင့် အနုဝါဒခွဲ၍ ပြခဲ့ပါ** ပုစ္ဆာတကယ်လို့ ပါလာလျှင် ဘယ်လိုခွဲမလဲ သတိပြုကြစမ်းပါ။ အလွယ်ကလေး ခွဲချင်လျှင် **ဝိထိဆိုတာ အကျဉ်းဟောတာ၊ အနုဝါဒဆိုတာ အကျယ်ဟော့တာ**။ မလွယ်ဘူးလား၊ ကဲ ပြီးသွားတာဘဲ။ (မှန်ပါ) လွယ်လိုက်တာ။ အကျယ်ဆိုတော့ တမျှော်တခေါ် ပြောနေရတယ် နော်... အဲဒါ အကျဉ်းဆုံး ပြောတဲ့နည်းဘဲ။

မှတ်ထားရတယ်။ စာမေးပွဲက မတော်တဆမေးလျှင် ကိုယ်က မမှတ်မိတော့ ဟိုကျ တော့ ရေးစရာမရှိဘူး။ တော်တော်နေတော့ စာချပေးတဲ့ ဘုန်းကြီးခေါင်းကို ထောင်းတော့ တာဘဲ။ သူ့ဆီသွားပြီး စာလိုက်ပါတယ် ဘာတလုံးမှလဲ ရေးစရာ မပါပါဘူး မလုပ်နဲ့နော်။ ကိုယ်က မှတ်မိအောင်လဲ လုပ်ထားကြပါ။

အဲဒါ ပါဠိတော်ဇယား အထက်ပိုင်း လက်ဝဲဘက်မှာ ရှိနေတဲ့ စာကလေးသုံးကြောင်း ကို ပြောပြနေတာ။

နက်ဖြန်ခါကျတော့ ဘာတွေပြောမလဲ၊ ဤတရားတို့သည် ဟေတုပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သခ်ၭာသတ္တ (မှန်ပါ)၊ သတ္တဖြစ်ပုံ ပြောပေးမယ်၊ ယထာရဟပစ္စည်း ရေ-လတ်ကြီး (၈) နှင့် ဓိ=ဣ မဂ်၊ ပေါင်း-၁၂ အချိန်ရလျှင် ၁၂-ဖြစ်ပုံ ပြောပြမယ်။

စျာနပစ္စည်း သုဒ္ဓသင်္ချာ

ဒီနေ့ ရှေ့ပါဠိတော်တွေ တိုးရအောင် ခုတင်က ဟေတုရလျှင် ရပါလိမ့်မယ်။ မနေ့က ကူးထားတာ ဘာတုန်း စျာနမဟုတ်လား (မှန်ပါ)၊ ဦးသုဇာတ ဆိုစမ်း စျာနပစ္စည်း သုဒ္ဓ သင်္ချာ။ ဦးသုဇာတ။ ။စျာနပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ- သမ္မယုတ္တခန္ဓာ စိတ္တဇရုပ် ပဋ္ဌိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာဟု ဆိုအပ်သော စျာနင်တရားကိုယ်ငါးပါး၊ ဤတရားတို့သည် စျာနပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ချာ သတ္တ။ ယထာရဟပစ္စည်းရေ လတ်ကြီး (၈) နှင့် ကျုံ-မဂ်၊ ပေါင်း (၁၁) ဟူသည်တည်း။

သင်္ချာ သတ္တ ဟူသော်ကား- ကုသလော ကုသလသ, ကုသလော အဗျာကတသ, ကုသလော ကုသလာဗျာကတသ၊ အကုသလော အကုသလသ, အကုသလော အဗျာကတသ, အကုသလော အကုသလာဗျာကတသ၊ အဗျာကတော အဗျာကတသ ဟူသည်တည်း။

ပစ္စည်းရေ (၁၁) ဟူသော်ကား စျာန သဟဇာတ အညမည နိဿယ ဝိပါက ဣန္ဒြိယ မဂ္ဂ သမ္မယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ-ဟူသည်တည်း။

အားလုံးရပြီးသား ဖြစ်ကြပါလိမ့်မယ်။ အချိန်ကြည့်ပြီးတော့ မဆိုကြပါနဲ့တော့ ဘုန်းကြီးပြောပြမယ်။

ပဋ္ဌာန်းဆိုပေမဲ့ သင်ကြားပါဘဲ

ဟောနေရတာတွေက ပဋ္ဌာန်းဒေသနာတော်ဆိုပြီး ဦးပဉ္စင်းတို့က ခက်နေကြတယ်။ အမှန်က ဟောပြီးသားရော ဟောလတ္တံ့တွေကရော သင်ကြားပါဘဲ၊ သင်ကြားလ်လဲဘဲ မပစ်လိုက်ကြပါနဲ့။ သင်ကြားကျမ်းကို လေးလေးစားစားကလေး ကျေအောင်လုပ်ခဲ့ကြပါ။ သမ္ဘုစ္ဍည်းပိုင်း မိဿကသင်္ဘာမှာ အရှင်အနုရုဒ္ဓါက နိဂုံးပြထားတယ်။ ဘာတဲ့တုန်း 'ဆ ဟေတူ ပဋ္ဌ စျာနဂီ၊ မဂ္ဂဂီ နဝ ဝတ္ထုတော' အဲဒီဂါထာအရ အခုသွားနေတာပါ။ ဆ ဟေတူဆိုတော့ ခုတင်က ဟောလို့ပြီးသွားပြီ မဟုတ်လား။ အခု ပဋ္ဌ စျာနဂီကို ဟောတာတဲ့။

စာကို ခက်အောင်တွေးတော့လဲ ခက်တာဘဲ။ ငယ်စာရင်း ပြန်ကြည့်တော့ အင်း... ဒို့သိပြီးသားပါကလား။ ဒို့အိမ်နားက ပါကလားဆိုတာ ကျနေပြီ။

သိပြီးသား ပဋ္ဌ စျာနဂီ ဟောတာ။ အဲဒီတော့ အကျဉ်းချုပ် သရုပ်ခွဲနည်း ဘုန်းကြီးပြောပြမယ်။ သုဒ္ဓသင်္ချာ တပုဒ်လုံးရဲ့သရုပ်။ ပြီးတော့မှ ပါဠိတော် သွားရအောင်။

ပစ္စည်းတရားက ဘာဖြစ်ရမယ် ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ။

စာမရခြင်း အကြောင်း ၂-ပါး

စာမရခြင်း၏ အကြောင်းနှစ်မျိုး ရှိတယ်။ ဦးပဉ္စင်းတို့ စာမရခြင်း၏ အကြောင်း လွယ်လွန်းတော့လဲ လွယ်ပါတယ်ကွာဆိုပြီး ပစ်ထားလိုက်တတ်တယ်။ ခက်တော့လဲ ခက်ပါ တယ်ကွာ ကျက်မနေစမ်းပါနဲ့ ဆိုတော့ သွားရော၊ ဘယ်ဟာမှ မရဘူး။ လွယ်တာလဲ မရဘူး။ ခက်တာလဲ မရဘူး။ ပေ့ါပေ့ါဆဆ မလုပ်ကြပါနဲ့ လေးလေးစားစား လုပ်ကြပါ။

ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ ဘာတရားခေါ်တယ်၊ သူတို့ကို စျာနင်ရဲ့ တရားကိုယ်ခေါ်တယ်။ သူတို့က ပစ္စည်းဘဲ။ မနေ့က ဟေတုက ဟိတ်ခြောက်ပါး ပစ္စည်း၊ ယနေ့ စျာနက စျာနင်တရားကိုယ်ငါးပါး ပစ္စည်း။

ပစ္စည်းတရားကိုယ်သရုပ်ကို သိပါစေ

သတိပြုကြစမ်းပါ၊ ပြီးသွားတဲ့ ဟေတုဟိတ်ခြောက်ပါး ပစ္စည်းတရားဟာလဲ ပရမတ္ထ တရားလေးပါးတို့တွင် စေတသိက်တရား၊ လေ့လာဖို့ကို သတိရတုန်း ပြောရတာနော် (မှန်ပါ)၊ ဒီနေ့ စျာနမှာ ဟောနေတဲ့ စျာနင်တရားကိုယ် ၅-ပါး ပစ္စည်းတရားဟာလဲ စေတသိက် ပရမတ္ထ၊ ဒီလို မဟုတ်လား (မှန်ပါ)။

စိတ်ပစ္စည်း လာနိုင်တယ်၊ ရုပ်ပစ္စည်း လာနိုင်တယ်၊ နိဗ္ဗာန်ပစ္စည်းပါ လာမယ်၊ ကိုယ်ဟောပြီးသား ဟောပြီးသား ပစ္စည်းကလေးတွေက ဩော်... သူတို့က စိတ်ဘဲ စေတသိက်ဘဲ ရုပ်ဘဲ နိဗ္ဗာန်ဘဲလို့ တရားကိုယ်သရုပ်ကို သိကြစမ်းပါ။

သဟဇယ်ပစ္စည်းများ ပစ္စယုပ္ပန်သာမည တူကြခြင်း

ထားပါတော့ ပစ္စယုပ္ပန်က သမ္မယုတ္တာခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်ဆိုတော့ နေပုံ ဟေတုပစ္စည်းနှင့် ဘာထူးသတုန်း၊ သဟဇယ် (၇) ပစ္စည်းလုံးသည် ပစ္စယုပ္ပန်အနေ အားဖြင့် တူနေကြ၏။ အကြမ်းဖျင်း တူနေကြတယ်နော်။ ဘယ်လိုတူသလဲ သမ္မယုတ္တာခန္ဓာ လို့ တူတယ်။ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်လို့ တူတယ်၊ ဟေတု မဂ္ဂမှာတော့ သဟိတ်ကလေး ထည့်ထားတယ်၊ ဒါဘဲ မဟုတ်လား၊ ဒါကြောင့် သဟဇယ် (၇) ပစ္စည်းသည် ပစ္စယုပ္ပန် အနေအားဖြင့် သာမညတူကြ၏။ ပစ္စည်းအနေအားဖြင့်သာ ဟေတုက ဟိတ်ခြောက်ပါးယူ သလို စျာနက စျာနင်တရားကိုယ်ငါးပါး ယူထားတယ်လို့ နားလည်ပါ။

တိကနှင့် ဝေဖန်ပုံ

ဒီတော့ ဒီပစ္စည်းနှင့် ဒီပစ္စယုပ္ပန် တနေ့က ဘယ်လိုလုပ်ခိုင်းသတုန်း၊ တိကနှင့် ဝေဖန် ခိုင်းတယ် မဟုတ်လား (မှန်ပါ)။

သတိပြုကြပါ။ ခပ်ကျဉ်းကျဉ်း ဒီနေ့ပြောမယ်၊ စျာနင် တရားကိုယ်ငါးပါး တိကနှင့် ဝေဖန်တော့ ကုသိုလ်စိတ် ဧကဝိသနှင့် ယှဉ်နိုင်တဲ့ စျာနင်တရားကိုယ်ငါးပါး မရှိပေဘူးလား (မှန်ပါ)။

ကုသိုလ်စိတ် ဧကဝိသမှာယှဉ်တဲ့ စေတသိက် အဌတိံသထဲမှာ မနေ့က ဟေတုမှာ ရှာသလို ဝိတက်လိုက်ရှာလျှင် မတွေ့ဘူးလား (တွေ့ပါတယ်)။ ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာကော မပါပေဘူးလား (ပါပါတယ်)၊ အဲဒါတွေက သဗ္ဗစိတ္တသာဓारณတို့ ပကိဏ်း စေတသိက်တို့ မဟုတ်ဘူးလား၊ ဟုတ်တော့ ပါနေတာပေါ့။

အကုသိုလ်ဒွါဒသနှင့် စေတသိက် သတ္တဝီသမှာကော ဒီငါးပါး မရှိဘူးလား ရှိပါတယ်။ အဗျာကတဆိုလျှင် ဆိုဖွယ်မရှိဘူး ရတယ်နော် (မှန်ပါ)။

အမည်တူပေမဲ့ သဘာဝချင်းမတူ

ကဲ... ဒီမှာကြည့်စမ်း... တနေ့က ဘုန်းကြီးပြောတဲ့ စကားကလေးရဲ့ ထောက်ခံချက်တွေကို ဘုန်းကြီးပြောပြမယ်၊ ဥပမာ အခု တွေ့နေတယ်၊ ဝိတက်ဆိုတဲ့ နာမည်ကလေးတွေဟာ ကုသိုလ်မှာလဲ ရှိတယ် အကုသိုလ်မှာလဲ ရှိတယ်၊ အဗျာကတမှာလဲ ရှိနေမယ် မဟုတ်လား၊ အတူတူဘဲလားမေးလျှင် မနေ့က ဘာပြောခဲ့သလဲ အသွင်တော့ တူသားဘဲ အမည်တူသားဘဲ၊ သဘာဝဓာတ်ချင်းတူကြရဲ့လား မေးလျှင် ဝိတက်ချင်း တူပါ့မလား (မတူပါ)၊ ကွဲလာပြီနော်။

ကုသိုလ်နှင့်ယှဉ်နေတဲ့ ဝိတက်ကလေးကတမျိုး သုက္ကဓမ္မ။ အကုသိုလ်နှင့် ယှဉ်နေတဲ့ ဝိတက်ကတော့ ကဏှဓမ္မ။ တူသေးရဲ့လား (မတူပါ)၊ ဝိတက်တော့ ဝိတက်ဘဲ၊ ဒီပြင် ကျမ်းဂန်တွေမှာတော့ ဟောတယ်၊ ကုသိုလ်နှင့် စပ်တာကျတော့ နေက္ခမ္မဝိတက် စသည်ဖြင့် လာတယ်မဟုတ်လား၊ အကုသိုလ်နှင့် စပ်တာကျတော့ ကာမဝိတက် စသည်ဖြင့် လာတယ်နော် (မှန်ပါ)။

နာမည်တူနေပေမဲ့ ကုသိုလ်မှာလဲ ဒီစျာနင်ဘဲ အကုသိုလ်မှာလဲ ဒီစျာနင်ဘဲ အဗျာကတမှာလဲ ဒီစျာနင်ဘဲလို့ ဒီလို မမှတ်ကြပါနှင့်၊ သဘာဝမတူကြဘူး၊ ကွဲကြတယ်။

အဲဒီလို ပစ္စည်းကို တိကနှင့် ဝေဖန်ကြည့်၊ ပစ္စည်းငါးပါးစလုံး တိကနှင့်ကြည့်၊ ပစ္စယုပ္ပန် ကြည့်ရအောင် ပစ္စယုပ္ပန် သမ္မယုတ္တခန္ဓာတွေ ဘယ်သူနှင့် အယှဉ်ခိုင်းသလဲ၊ မနေ့က ပစ္စည်းနှင့် ယှဉ်တဲ့တရားဟာ သမ္မယုတ္တခန္ဓာ ဖြစ်ရမယ် မဟုတ်လား။

ကဲ- ပြောလိုက်ကြစမ်းပါ။ ဝိတက်သည် စိတ်ပေါင်း ဘယ်လောက်ယှဉ်သလဲ (၅၅-ပါးယှဉ်ပါတယ်)၊ ဝိစာရသည် ဘယ်လောက်ယှဉ် (၆၆-ပါးယှဉ်ပါတယ်)၊ ပီတိသည် (၅၁-

ပါး ယှဉ်ပါတယ်)။ သောမနဿတွေပေါ့နော်။ ဝေဒနာသည် (၈၉-ပါးယှဉ်ပါတယ်)။ ဧကဂ္ဂတာ (၈၉ ပါးယှဉ်ပါတယ်)။

ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ စျာနင်တရားကိုယ်ငါးပါး၏ ယှဉ်ရာစိတ်တွေ ရှာတဲ့အခါမှာ နောက်ဆုံးနှစ်ပါးသည် သဗ္ဗစိတ္တသာဓာရဏာ ဖြစ်ခြင်းကြောင့် စိတ် ၈၉-ရနေတယ်။

ဒီတော့ ပေးထားတဲ့နည်းအတိုင်း သမ္မယုတ္တာခန္ဓာမှာ ဘာတွေရှိမလဲဆိုလျှင် စိတ် (၈၉) စေတသိက် (၅၂) လို့ မဖြစ်ပေဘူးလား (ဖြစ်ပါတယ်)။

အဲဒီအတိုင်း ယူရမလား မေးတော့ အရှင်အနုရုဒ္ဓါက အောက်နားမှာ မှာထားပြန်တယ်။ ပဉ္စဝိညာဏေသု စျာနဂ်ါနိ နိ လဗ္ဘန္တိ။ မိဿကသင်္ခ်ာတမှာဘဲနော် (မှန်ပါ)။ ပဉ္စဝိညာဏေသု၊ ဒွေပဉ္စဝိညာဉ် (၁၀) တို့၌။ ဟေတုတုန်းက အဟိတ်စိတ်တွေကြဉ်တယ်။ သူကတော့ ဒွေပဉ္စဝိညာဉ် တဆယ်ကြဉ်တယ်နော် (မှန်ပါ)။ စျာနဂ်ါနိ၊ စျာနင်တို့ကို။ နိ လဗ္ဘန္တိ၊ မရအပ်ကုန်။

ဒါက သင်ြဂိုဟ်က ပြောတယ်။ ဘုန်းကြီးတို့ ဇယား သင်ပေးတော့ ဒီလို မဟုတ်တော့ဘူး။ တိုက်ရိုက်ဘဲ ဒွေပဉ္စဝိညာဉ် (၁၀) ၌ ရှိသော ဝေဒနာ ဧကဂ္ဂတာတို့သည် စျာနင်ကိစ္စ မတပ်ကြဆိုတော့ ပြီးရော။ ရှင်းရောမဟုတ်လား (မှန်ပါ)။

ဆရာတော်။ ။ဒီတော့ သမ္မယုတ္တာခန္ဓာမှာ အခုတင်က စိတ်(၈၉)ပါး ရပေမဲ့ အရှင်အနုရုဒ္ဓါက ဘာကို အလျှော့ခိုင်းသတုန်း။

သံယာတော်များ။ ။ဒွေပဉ္စဝိညာဉ် (၁၀) အလျှော့ခိုင်းပါတယ်။

ဆရာတော်။ ။ဒီတော့ ဘယ်လောက်ကျန်သတုန်း။

သံယာတော်များ။ ။ခုနစ်ဆယ့်ကိုး ကျန်ပါတယ်။

ဒီတော့ ကုသလာ ဓမ္မာမှာ ကုသိုလ်စိတ် ဧကဝိသရှိတယ်၊ အကုသလာ ဓမ္မာမှာ အကုသိုလ်စိတ် ဒွါဒသရှိတယ် အဗျာကတာ ဓမ္မာမှာ ဘယ့်နှယ်နေမလဲ ဒွေပဉ္စ ဝိညာဉ် တဆယ်ကြဉ်သော ဝိပါက်စိတ် ဆဋ္ဌိသ၊ ဒါဘဲ ကျန်မယ်မဟုတ်လား (မှန်ပါ)၊ ကြိယာမှာ မလျှော့ဘူး။ ပဋ္ဌိသန္ဓေကျတော့ လျှော့မလား၊ ဒွေပဉ္စ ဝိညာဉ်တဆယ်လျှော့လို့ ပဋ္ဌိသန္ဓေမှာ မလျှော့နိုင်ဘူးတဲ့နော် (မှန်ပါ)၊ မနေ့က ဟေတုက ဿဟိတ်ပဋ္ဌိသန္ဓေတင် ရတယ်။ ဒီနေ့ စျာနက ပဋ္ဌိသန္ဓေစိတ် ၁၉-ခုစလုံး ရမယ် မဟုတ်လား (မှန်ပါ)။

ရုပ်တွေကိုမေး မနေ့ကလိုဘဲ ကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်, အကုသိုလ်ကြောင့် ဖြစ်တဲ့ စိတ္တဇရုပ်, အဗျာကတကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်၊ မနေ့ကအတိုင်းဘဲ သုံးမျိုးခွဲ ဟုတ်လား။

ပဋ္ဌိသန္ဓေကမ္မဇရုပ် မနေ့ကလိုဘဲ တမျိုးတည်း။ ကျဉ်းပြီးတော့ လုပြောနေတာ။ အချိန်ကုန်ခါနီးလို့ ပါဠိတော်တွေလဲ ဆိုရအောင်။

သရုပ်ခွဲခန်း။ ။အဲဒီလို သုဒ္ဓသင်္ဂြာတပုဒ်လုံး သရုပ်ခွဲပြီးတဲ့ နောက်ပိုင်းကျတော့မှ ပါဠိတော်သရုပ်ဆိုပြီးတော့ ဟေတုအတိုင်း ခွဲစမ်းပါ ဦးဥာဏ။ နားထောင်ထား။

၁။ သမ္မယုတ္တခန္ဓာအားသာ တပ်သော ကုသိုလ် စျာနင်တရားကိုယ်ငါးပါးတမျိုး။
၂။ စိတ္တဇရုပ်အားသာ တပ်သော ကုသိုလ် စျာနင်တရားကိုယ်ငါးပါးတမျိုး။
၃။ သမ္မယုတ္တခန္ဓာ စိတ္တဇရုပ်အား တပ်သော ကုသိုလ် စျာနင်တရားကိုယ် ငါးပါးတမျိုးလို့ သုံးမျိုးမလွယ်ဘူးလား။ ခွဲကြည့်စမ်းပါ။

ဦးဥာဏ။ ။အထက်ပါ အခွဲကို ဆိုသည်။

ဆရာတော်။ ။ဒါပါဘဲ အားလုံးတခေါက် ဆိုကြည့်ကြစမ်းပါ။

သံယာတော်များ။ ။တခေါက်ဆိုကြသည်။

ဆရာတော်။ ။ပါဠိတော့ ခုတင်ကအတိုင်း သွားလိမ့်မယ်။ အကုသိုလ်ကို ဦးသူရိယ သရုပ်ခွဲစမ်း။

ဦးသူရိယ။ ။သမ္မယုတ္တခန္ဓာအားသာ တပ်သော အကုသိုလ် စျာနင်တရားကိုယ် ငါးပါးတမျိုး။

စိတ္တဇရုပ်အားသာ တပ်သော အကုသိုလ်စျာနင်တရားကိုယ် ငါးပါးတမျိုး။

သမ္မယုတ္တခန္ဓာ စိတ္တဇရုပ်အားတပ်သော အကုသိုလ် စျာနင်တရားကိုယ် ငါးပါးတမျိုး။

ဆရာတော်။ ။အဗျာကတနှစ်မျိုး ခုတင်ကအတိုင်း ဦးဥာဏဝရ သရုပ်ခွဲစမ်းပါ။

ဦးဥာဏဝရ။ ။သမ္မယုတ္တခန္ဓာ စိတ္တဇရုပ်အားတပ်သော ဝိပါက်, ကြိယာစျာနင်တရားကိုယ် ငါးပါးတမျိုး။

သမ္မယုတ္တခန္ဓာ ပဋ္ဌိသန္ဓေကမ္မဇရုပ်အားတပ်သော ပဋ္ဌိသန္ဓေကိစ္စတပ်သော ဝိပါက်စျာနင်တရားကိုယ် ငါးပါးတမျိုး။

ဆရာတော်။ ။နှစ်မျိုးထွက်တယ်နော်...။ ပါဠိတော်က ခုတင်တုန်းက ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော လို့ဆိုတယ်။ အခုကျတော့ ဘာ ပစ္စယေန ပစ္စယောလို့ ဆိုမလဲ (စျာနပစ္စယေန ပစ္စယောလို့ ဆို ရပါတယ်)။

ခုတင်က အနုဝါဒ ပါဠိတော်ကျတော့ ကုသလာ ဟေတူလို့ သုံးခဲ့တယ် မဟုတ်လား။ အခုတော့ **ကုသလာနိ စျာနဂ်ါနိ**-လို့ သုံးရမယ်။ နားလည်ကြပလား (မှန်ပါ)။ ပစ္စယုပ္ပန်က အတူတူနော်။ အကုသိုလ်ကျလျှင် အကုသလာနိ။ အဗျာကတဖြစ်လျှင် ဝိပါကာဗျာကတာနိ ကိရိယာဗျာကတာနိ စျာနဂ်ါနိ။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာနိ စျာနဂ်ါနိ။ ခုတင်က ဟေတုအတိုင်း ဖြည်းဖြည်းဟောပြစမ်း အားလုံး။

သံယာတော်များ။ ။ကုသလော ဓမ္မော ကုသလသဿ ဓမ္မဿ စျာနပစ္စယေန ပစ္စယော။ ကုသလာနိ စျာနဂ်ါနိ သမ္မယုတ္တကာနံ ခန္ဓာနံ စျာနပစ္စယေန ပစ္စယော (၁)။

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ စျာနပစ္စယေန ပစ္စယော။ ကုသလာနိ စျာနဂ်ါနိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ စျာနပစ္စယေန ပစ္စယော (၂)။

ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ စျာနပစ္စယေန ပစ္စယော။ ကုသလာနိ စျာနဂ်ါနိ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ စျာနပစ္စယေန ပစ္စယော (၃)။

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ စျာနပစ္စယေန ပစ္စယော။ အကုသလာနိ စျာနဂ်ါနိ သမ္မယုတ္တကာနံ ခန္ဓာနံ စျာနပစ္စယေန ပစ္စယော (၁)။

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ စျာနပစ္စယေန ပစ္စယော။ အကုသလာနိ စျာနဂ်ါနိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ စျာနပစ္စယေန ပစ္စယော (၂)။

အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ စျာနပစ္စယေန ပစ္စယော။ အကုသလာနိ စျာနဂ်ါနိ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ စျာနပစ္စယေန ပစ္စယော (၃)

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ စျာနပစ္စယေန ပစ္စယော။ ဝိပါကာဗျာကတာနိ ကိရိယာဗျာကတာနိ စျာနဂ်ါနိ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ စျာနပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာနိ စျာနဂ်ါနိ သမ္မယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ စျာနပစ္စယေန ပစ္စယော (၁)။ **ကဲတော်ကြဦးစို့။**

စျာနပစ္စည်းအဆက်

ဆရာတော်။ ။မနေ့က စျာနပစ္စည်း နောက်ပိုင်း မကုန်တတ်ဘူး။ ရွတ်တာက ကုန်ပါတယ်။ အသံဖမ်းယူတာက မကုန်တတ်ဘူး။ ဒီနေ့ ဦးပဉ္စင်းတို့က စပြီး ဟောကြပါ။ စျာနပစ္စည်း ပါဠိတော်ကို အစအဆုံး ဖြည်းဖြည်းအားလုံး ရွတ်ကြပါ။

သံယာတော်များ။ ။စျာနပစ္စည်း ပါဠိတော်အစအဆုံး တခေါက်ပြန်ရွတ်ကြသည်။

သင်္ခါသတ္တယူပုံ

ဆရာတော်။ ။မနေ့က ဟောထားတာက ကုသလပဒသုံးချက်။ ဒီနေ့ ရှေ့ပါဠိတော် မဆက်သေးဘဲနဲ့ ဟေတုပစ္စည်းမှ ဤတရားတို့သည် ဟေတုပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သင်္ခါ သတ္တ၊ ယထာရဟပစ္စည်းရေ လတ်ကြီး စနှင့် မိ-ဣ-မဂ်၊ ပေါင်း ၁၂။ အဲဒီစကားကို ဘုန်းကြီးက အဓိပ္ပါယ်ပြောပေးမယ်။

ဟေတုပစ္စည်းမှာ အကောက်ဆရာတော်ဘုရားကြီးများက သင်္ခါသတ္တ-လို့ ဆိုထားတယ်။ ဆရာတော်ဘုရားကြီးများဆိုတဲ့ သတ္တဆိုတာဘာလဲ၊ မြတ်စွာဘုရားဟောတော်မူတဲ့ ဒေသနာတော်အရပါဘဲ၊ ပဉ္ဘာဝါရနောက် သင်္ခါဝါရကျတော့ ဘာမှ မဟောဘူး၊ သင်္ခါကလေးတင်ဟောတဲ့ အချိန်ကျတော့ မြတ်စွာဘုရားက ယေတုယာ သတ္တလို့ ဟောတယ်၊ ဟေတုယာ=ဟေတုပစ္စည်း၌။ သတ္တ=ခုနစ်ပါးကုန်သော။ ဝိသဒ္ဒနာနိ=အဖြေတို့ကို။ လဗ္ဘန္တိ=ရအပ်ကုန်၏၊ ဟေတုပစ္စည်းမှာ သင်္ခါခုနစ်မျိုးဘဲ၊ ပုဗ္ဗာအမေး အဖြေခုနစ်မျိုးဘဲ ထွက်တယ်လို့ ဒီလို ဟောထားပါတယ်။

အဲဒီတော့ ဒေသနာတော်ကတော့ ဘုရားဟောဒေသနာတော်ပေါ့၊ ဒါပေမယ်လို့ ဦးပဉ္စင်းတို့ အသီးသီး စာသင်ပုဂ္ဂိုလ်တို့ အသိဉာဏ် တိုးပွားမှုအတွက် သတ္တထားတာ များတယ်၊ စာသင်သားတွေ မှတ်ရတာ များတယ်၊ ဒီတော့ လျှော့ပြီး ပဉ္စတို့ ဆတို့ထားလျှင် မဖြစ်နိုင်ဘူးလား၊ ကိုယ့်ဟာကို စောဒနာပါ၊ ဒါမှမဟုတ်လို့ သတ္တ-မကဘဲ အဋ္ဌတို့ နဝတို့ ထားလျှင်ကော မဖြစ်နိုင်ဘူးလား၊ ကြံဆစရာကလေးတွေ ဘုန်းကြီးက ပြောပေးမယ်။ မဖြစ်ဘူး တဲ့၊ သတ္တ-သာ ဖြစ်သင့်တယ်၊ ဘယ်လို သတ္တ-သာ ဖြစ်သင့်သလဲဆိုတဲ့ အဓိပ္ပါယ်ကို ဘုန်း ကြီးပြောပေးမယ်။

ဒီလို ကိစ္စတခု ကြုံလာတဲ့အခါ ဟောနေတဲ့ပစ္စည်းရဲ့ မူရင်းကို ကြည့်ရတယ်၊ မူရင်းဆိုတာ ဘာတုန်း မျိုးရိုးဇာတိနော် (မှန်ပါ)၊ ဟေတုပစ္စည်းသည် မျိုး၏ အစွမ်းအားဖြင့် ဘာမျိုးလဲ (သဟဇာတမျိုးပါ) သဟဇာတမျိုး။

သဟဇာတမျိုးမှာလဲ အငယ်ရယ် အလတ်ရယ် အကြီးရယ်လို့ဆိုပြီး သုံးမျိုး တခါ ခွဲပြထားတယ်။

အဲဒီလို အငယ်ရယ် အလတ်ရယ် အကြီးရယ်လို့ သုံးမျိုးခွဲတာကတော့ ဘုန်းကြီးတို့ မှန်းထားချက်ဘဲ အတိအကျတော့ မဟုတ်ဘူး၊ ဟုတ်လောက်တယ်လို့ ယူဆတယ်၊ အထင်ကတော့ လယ်တီဆရာတော်ဘုရားကြီးဘဲ စပြီးထွင်ခဲ့တယ်လို့ သတိပြုမိတယ်၊ အငယ်ပစ္စည်းတဲ့ အလတ်ပစ္စည်းတဲ့ အကြီးပစ္စည်းတဲ့။

နို့ လယ်တီဆရာတော်ဘုရားကြီး ရှေ့နားကကော ဘယ်သူရှိသလဲလို့မေးလျှင် **ပဋ္ဌာန်းအဋ္ဌကထာ**မှာ အငယ် အလတ် အမည်မခေါ်ဘဲနှင့် သဟဇာတ နိဿယ အတ္ထိ အဝိဂတ လေးပစ္စည်းကိုတော့ **မဟာစတုက္ကဆိုပြီး** သုံးစွဲထားတယ်၊ မဟာစတုက္ကဆိုတာ အကြီးလေးမျိုးပေါ့။ အဲဒီ မဟာစတုက္ကခေါ်တဲ့ အဋ္ဌကထာဆရာရဲ့ အာဘော်လိုက်ပြီးတော့ လယ်တီဆရာတော်ဘုရားကြီးက ဘာဖြစ်လို့ အကြီးခေါ်သင့်တယ်ဆိုတာ ထောက်ပြီးတော့ အလတ် အငယ် ပြန်ပြီးတော့ စဉ်းစားတာနဲ့ တူတယ် မှတ်ကားခဲ့ပါတော့ ကျဉ်းကျဉ်းဘဲ။

ဒီတော့ ခုတင်က ပြောလာခဲ့တဲ့ သတ္တခေါ်လျှင်တော့ သတ္တပေါ်အောင် ဘယ်မှာ ရှာကြည့်မလဲလို့ မေးလျှင် ကိုယ့်သန္တာန် ကိုယ်ရှာကြည့်၊ စာအုပ်ထဲမပို့နှင့်၊ ကိုယ့်ခန္ဓာကိုယ်ထဲကို ပို့ပြီး ရှာကြည့်၊ ဒီတရားတွေဟာ ဘုရားဟောထားတာ၊ သတ္တဝါတို့ရဲ့ ခန္ဓာကိုယ်ထဲက ဖြစ်စဉ်ကိုသာ ဟောတယ်။

ဘယ်လိုလုပ် ရှာမလဲမေးလျှင် သတိပြုလိုက်ကြစမ်းပါ၊ အခုလို ဦးပဉ္စင်းတို့ စုပေါင်းပြီးတော့ စာတွေ ရွတ်ဖတ်နေကြတဲ့အချိန် သင်ကြားနေကြတဲ့အချိန် မှတ်သားနေကြတဲ့အချိန် ဘုန်းကြီးပြောပေးနေတဲ့ စာနှင့်စပ်တဲ့ အဓိပ္ပါယ်ကလေးတွေကို နားထောင်နေကြတဲ့ အချိန် ဦးပဉ္စင်းတို့သန္တာန်မှာ ဘယ်လို စိတ္တုပ္ပါဒ်မျိုးတွေ ပေါ်နေသလဲ၊ ကိုယ့်ကိုယ်ကို စဉ်းစားရတယ်၊ ဒီအချိန် ငါ့သန္တာန်မှာ လောဘဖြစ်နေသလား၊ ဒေါသဖြစ်နေသလား၊ မောဟဦးစီးနေသလား၊ အကုသိုလ်စိတ်တွေ ဖြစ်နေသလား ကိုယ့်ကိုယ်ကို ရှာရတယ်၊ အဲဒီလို ရှာတတ်လာတဲ့ ကုသိုလ်ဟာ တနေ့ကျတော့ ပိုပြီးယဉ်ကျေးလာတယ်၊ သိမ်မွေ့တယ်။

ရှာလိုက်တော့ ဘာတွေ့မလဲလို့ မေးလျှင် အခုနေအချိန် ဦးပဉ္စင်းတို့သန္တာန်မှာ အများအားဖြင့် သဘာဝအတိုင်းဆိုလျှင် မဟာကုသိုလ်စိတ်တွေ ဖြစ်နေမယ်၊ အဲဒီလို သိရတယ်။

ငါ့သန္တာန် ဘာစိတ်ဖြစ်နေသလဲ အခုအချိန် အခိုက်အတန့် ဘာစိတ်ဖြစ်သင့်သလဲ၊ မဟာကုသိုလ်စိတ် ဖြစ်သင့်တယ်။ ရှစ်ခုစလုံးလားဆိုတော့ ဘယ်ဟုတ်မလဲ ရှစ်ခုတို့တွင် တခုခုဖြစ်တယ်။

ဘာဖြစ်လို့ မဟာကုသိုလ်စိတ်ရှစ်ခု ဖြစ်နေသလဲ၊ ဘုရားရှင် ဟောတော်မူတဲ့ ဒေသနာတော်တွေကို ဒို့လိုဘုန်းကြီးက ပြောပေးနေတယ်၊ ဒို့က နာယူနေတယ်၊ မှတ်သားနေကြတယ်ဆိုတော့ ဘုန်းကြီး ပြောတဲ့အသံကို နားထောင်ပြီးတော့ ဦးပဉ္စင်းတို့သန္တာန်မှာ ဝိထိလို့ မနေ့ကပြောတဲ့ အနေအားဖြင့် ပဉ္စဒ္ဓါရဝိထိထဲက **သောတဒ္ဓါရဝိထိ** ကျနေတယ်၊ ဆက်ကာဆက်ကာ ကျနေတယ်၊ အာရုံတပါး မပေါက်ကြားခဲ့သော် ပေါ့နော် (မှန်ပါ)၊ စာကို စံတင်ပြီးတော့ ရှာတတ်အောင်လို့ ဘုန်းကြီးပြောနေပါတယ်။

သောတဒ္ဓါရဝိထိ ကျတယ်ဆိုတော့ ဦးပဉ္စင်းတို့လဲ နားလည်သားဘဲ ဘယ်လိုကျမလဲ၊ အကြမ်းဖျင်း ဘုန်းကြီးပြောပြမယ်။ **အတိမဟန္တာရုံချရအောင် အတီတဘဝင် ဘဝဂ်စလန ဘဝဂ်ုပဠေ့ဆ ပဉ္စဒ္ဓါရာဝဇ္ဇန်း** သောတဝိညာဉ် သမ္ပဋ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော ခုနစ်ကြိမ် တဒါရုံ နှစ်ကြိမ် ထို့နောက် ဘဝင်၊ ဒီအတိုင်းသာ နားထောင်နေ ဒီအတိုင်း ပြန်ကျရဦးမှာဘဲ မဟုတ်လား။ ဒါ ဦးပဉ္စင်းတို့ သဏ္ဌိုဟ်ထဲက ပါပြီးသားတွေ။ ဒါ နည်းယူရအောင် ဘုန်းကြီးက သင်ပြတာ။

ဒီတော့ ဒီ ဝိထိတွေ ကျနေတယ်ဆိုတော့ ဘုန်းကြီးက ခုတင်က ပြောတယ်၊ ဦးပဉ္စင်းတို့သန္တာန်မှာ ဘာတွေဖြစ်သလဲ၊ မဟာကုသိုလ်စိတ် ရှစ်ခုတို့တွင် တခုခုဖြစ်နေတယ်။ ဒီလို ပြောထားတယ် မဟုတ်လား (မှန်ပါ)၊

ကဲ- ကြည့်စမ်း အဲဒီ မဟာကုသိုလ်စိတ်တွေဟာ ခုတင်ကချတဲ့ ဝိထိမှာ ဘယ်နေရာမှာ ပါသွားသလဲ ဘယ်မှာ ပါသင့်ကြပါသလဲလို့ မေးလျှင် ဇောမှာ ပါတာပေါ့။ ဇော ခုနစ်ကြိမ်ဆိုတာ မဟာကုသိုလ်စိတ် ရှစ်ခုတို့တွင် တခုခုဟာ ဇော ခုနစ်ကြိမ် အဖြစ်နှင့် လာပါတယ်။ မဟာကုသိုလ်စိတ် ရှစ်ခုတို့တွင် တခုခုသောစိတ်ဟာ ဇောအဖြစ်နှင့် ခုနစ်ကြိမ် ဆက်ဖြစ်တယ်။

တခုခုသော စိတ်ဆိုတော့ ကဲ ဥပလက္ခဏာနည်းအားဖြင့် ယူလိုက်ကြပါစို့၊ မဟာကုသိုလ်စိတ်ရှစ်ခုတို့တွင် ပဌမဆုံးစိတ် ဘယ်သူတုန်းမေးလျှင် **သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်**၊ အဲဒီစိတ်ဟာ ဇော-ဇောနှင့် ခုနစ်ခါထပ်ပြီး ဖြစ်တယ်။ သင်္ကေတနှင့် သဝေထိုးကလေး ခုနစ်လုံးကိုလဲ ဦးပဉ္စင်းတို့ မှတ်ချင်လျှင် မှတ်ထားပေါ့ (၄-၄-၄-၄-၄-၄-၄) ပဌမသဝေထိုးကလေးကို ဘာခေါ်သလဲ ပဌမဇော၊ အစဉ်အတိုင်း ဒုတိယဇော တတိယဇော နောက်ပိတ်ဆုံးကျတော့ သတ္တမဇော။

ပဌမဆုံးရေးထားတဲ့ သဝေထိုးကလေးဟာ ဘာစိတ်လဲလို့ မေးလျှင် မဟာကုသိုလ် ပဌမစိတ်။ မဟာကုသိုလ်စိတ်ရှစ်ခုတို့တွင် ပဌမစိတ်ပါ။ (မှန်ပါ)။

ကြည့်စမ်း မြင်အောင်ကြည့်စမ်း ရေးထားတာကတော့ သဝေထိုးကလေး၊ ရှိနေတာက မဟာကုသိုလ် ပဌမ အသင်္ခါရိကစိတ် (မှန်ပါ)။

မြင်အောင်ကြည့်၊ စိတ်သည် ဖြစ်ပေါ်လာလျှင် သူနှင့် ကေပွါဒဖြစ်တဲ့ စေတသိက်များ မရှိပေဘူးလား (ရှိပါတယ်)။

တွေ့အောင် ကြည့်ကြပါ။ သဝေထိုးကလေးမှာ စေတသိက် ဘယ်လောက်ရှိသလဲ မေးလျှင် ဉာဏသမ္ပယုတ်စိတ်ဆိုတော့ ၃၈-ပေါ့ (မှန်ပါ)၊ ဝိပ္ပယုတ်ဖြစ်လျှင်တော့ ၃၇-ဖြစ်လိမ့်မနော်။ အဲဒါတွေကိုလဲ စဉ်းစားရတယ်။

ကြည့်စမ်း သဝေထိုးစာလုံးကလေးက ဘာတုန်းမေးလျှင် စိတ်၊ ၃၈-ကတော့ (စေတသိက်ပါ)၊ မြင်အောင်ကြည့်။

အဲဒီ စိတ်စေတသိက်မှာ ဥပါဒ် ဌိ ဘင်-လို့ ခဏငယ်သုံးချက် မရှိပေဘူးလား (ရှိပါတယ်)၊ ခဏငယ်သုံးချက် အတွင်းမှာ ထို စိတ် စေတသိက်ကြောင့် စိတ္တဇရူပ်တွေလဲ မဖြစ်နိုင်ဘူးလား (ဖြစ်ပါတယ်)။

ဖြစ်လျှင်ကြည့်စမ်း၊ ပဋ္ဌမဆုံးတွေ့တဲ့ သဝေထိုးကလေးက 'စိတ်'၊ သူ့အထက်နားက ဖြစ်ဖြစ် အောက်နားက ဖြစ်ဖြစ်ရေး ၃၈-ပါးက 'စေတသိက်'၊ သူနှင့်တွဲလျက် အထက်က ဖြစ်ဖြစ် အောက်က ဖြစ်ဖြစ် ရေးပါလား 'စိတ္တဇရူပ်'။ တွေ့ရဲ့လား တရားသုံးမျိုး။ ဘာတွေလဲ စိတ်ရယ် စေတသိက်ရယ် စိတ္တဇရူပ်ရယ်။ တွေ့ပြီနော် (မှန်ပါ)။

ကဲ-ဒါဖြင့် မနေ့ကတုန်းက ရှာပေးထားတဲ့ စေတသိက် ၃၈-ပါးထဲမှာ ကုသလာဟေတူလို့ ခေါ်ရတဲ့ အလောဘ စေတသိက် ပါ မပါ (ပါပါတယ်)။ အဒေါသကော (ပါပါတယ်)။ အမောဟကော (ပါပါတယ်)။

အဲဒီ မဟာကုသိုလ် ပဋ္ဌမဇော်နှင့် ယှဉ်ခိုက် ဟိတ်သုံးပါးက ပစ္စည်း၊ မဟာကုသိုလ် ပဋ္ဌမဇော်နှင့် ပစ္စည်းမဖြစ်သေးတဲ့ ဟိတ်နှင့်တကွ ဒီပြင် စေတသိက်တွေက ပစ္စယုပ္ပန်၊ စိတ္တဇရူပ် မပါသေးဘူးနော် (မှန်ပါ)။

ဘာပြောခဲ့သလဲ။ ကုသိုလ်ဟိတ် သုံးပါးက ပစ္စည်း၊ မဟာကုသိုလ် ပဋ္ဌမဇောစိတ်, ပစ္စည်းမထိုက်သေးသော ဟိတ်နှင့်တကွသော စေတသိက်တို့က ဘာတဲ့တုန်း (ပစ္စယုပ္ပန်ပါ)။

အဲဒီတရားကိုကြည့်ပြီး ဦးပဉ္စင်းတို့က ဘာဟောထားခဲ့သလဲ-

> ကုသလော ဓမ္မော ကုသလသ ဓမ္မသ ဟေတုပစ္စယေန ပစ္စယော။ ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။

ကုသိုလ်ဟိတ်သုံးပါးက ပစ္စည်း၊ မဟာကုသိုလ် ပဋ္ဌမဇောစိတ် စေတသိက်တို့က ဘာတဲ့တုန်း (ပစ္စယုပ္ပန်)။ ကုသလော ကုသလသ တချက်၊ ဒါတင်လား မကဘူးနော် (မှန်ပါ)၊ နားလည်သွားအောင် ပြောတာ။

ပြီးတော့ တခါ အဲဒီစိတ်ကို ဖယ်ထား၊ ဒီ ဟိတ်သုံးပါးကိုဘဲ ပစ္စည်းထားပြီး စိတ်စေတသိက်ကြောင့် ဖြစ်တဲ့ရုပ်ကို ပစ္စယုပ္ပန်ထားလိုက်တော့ ဘာဖြစ်မတုန်း-

ကုသလော ဓမ္မော အဗ္ယာကတသ ဓမ္မသ ဟေတုပစ္စယေန ပစ္စယော။ ကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

သင်္ချာနံပါတ် ၂-ရောက်သွားပြီ မဟုတ်လား (မှန်ပါ)၊ လေ့လာကြပါ ဒါတွေကို။

ထိုနည်းတူစွာ ဒီဟိတ်သုံးပါးကိုဘဲ ပစ္စည်းထား၊ ၁-နံပါတ်က ယူသွားတဲ့ သမ္မယုတ္တခန္ဓာရော ရုပ်ရော နှစ်ခုပေါင်းပြီး ပစ္စယုပ္ပန်ထား၊ ဒီတော့ ဘယ်လိုဖြစ်လာမတုန်း-

ကုသလော ဓမ္မော ကုသလသ စ အဗ္ယာကတသ စ ဓမ္မသ ဟေတုပစ္စယေန ပစ္စယော။ ကုသလာ ဟေတူ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

ကဲ- ကြည့်စမ်း မဟာကုသိုလ် ပဋ္ဌမဇောစိတ် အခိုက်အတန့်ကလေးတွင်ဘဲ ကုကု, ကုဗျာ, ကုကုဗျာလို့ မဖြစ်ပေဘူးလား (ဖြစ်ပါတယ်)။

စဉ်းစားရတယ်။ သဟဇာတမျိုးဆိုတာ ဘာဖြစ်လို့ သူ့ကို သဟဇာတမျိုး ခေါ်သလဲ၊ ဘုန်းကြီးပြောတာ မှတ်ထားပါ။ စာကြံချင်ယင် သူ့နာမည်ကိုလဲ ရှာလိုက်။ သဟ=အတူတကွ။ ဇာတ=ဖြစ်ခိုက်မှာ ကျေးဇူးပြုတဲ့တရားမျိုး။ ၁၅-ပစ္စည်းစလုံးနော်။ ဘယ်အချိန်တုန်းမေးယင် ခုတင်က ဘုန်းကြီးပြောတယ်။ မိမိဖြစ်ခိုက် ဥပါဒ် ဌိ ဘင် ခဏငယ် သုံးချက်ထဲမှာ အတူတကွ ဖြစ်တဲ့ တရားတွေ။

-ဒါကြောင့် သတိထားလိုက်စမ်း၊ ဟိတ်သုံးပါး ပစ္စည်းထားလို့ စိတ္တဇရုပ်ကို ပစ္စယုပ္ပန်ထားတဲ့အခါမှာ ကုဗျာ – ပြောကြပါလို့နော်။ ဟိတ်သုံးပါးကြောင့်သာ ဖြစ်တဲ့ ရုပ်လားလို့ မေးလျှင် ထိုဟိတ်သုံးပါးနှင့် တကွသော သူပါ ပါတဲ့ စေတသိက် ၃၈၊ ထိုဟိတ်နှင့်ယှဉ်သော စိတ်၊ ထို နှစ်မျိုးစလုံးကြောင့် ဖြစ်တဲ့ရုပ်လို့ ယူနိုင်တယ် (မှန်ပါ)။

ဘာ ထောက်မလဲ မေးလျှင် ပစ္စယနိဒ္ဒေသကျတော့ မြတ်စွာဘုရားဟောတဲ့ ဟေတုပစ္စယောတိ ဟေတူ ဟေတုသမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံကိုထောက်၊ ပစ္စည်းက ဟိတ်ခြောက်ပါး၊ ပစ္စယုပ္ပန်က သမ္မယုတ္တခန္ဓာမဟုတ်လား (မှန်ပါ)၊ ရုပ်ကျတော့ ဘယ့်နှယ်လုပ်မလဲ တံသမုဋ္ဌာနာနဉ္စ ရူပါနံတဲ့။ နိဿယ ဆရာတော်ဘုရားကြီးက အနက်ပေးတယ်။ တံသမုဋ္ဌာနာနံ=ထိုဟိတ် ဟိတ်နှင့်ယှဉ်သော စိတ်စေတသိက်လျှင် ဖြစ်ကြောင်း ရှိကုန်သော။ ရူပါနဉ္စ-သဟိတ် စိတ္တဇရုပ်တို့အားဌင်း... တဲ့။ အဋ္ဌကထာက တခါဆင့်ပေးလိုက်တော့ ထိုဟိတ် ဟိတ်နှင့်ယှဉ်သော စိတ်စေတသိက်လျှင် ဖြစ်ကြောင်း ရှိကုန်သော ဆိုတော့ 'ရူပါနဉ္စ=သဟိတ်စိတ္တဇရုပ် သဟိတ် ပဋ္ဌိသန္ဓေ ကမ္မဇရုပ်တို့အားဌင်း' ဆိုပြီး ထည့်

ပေးတယ် ပစ္စယနိဒ္ဒေသအတွက် ပေးပုံ။ ဘာဖြစ်လို့လဲ မေးလျှင် ပဋိသန္ဓေ ကမ္မဇရုပ်အတွက်လဲ ပါနေလို့ (မှန်ပါ)။

အဲဒါကြောင့် ဒါက ဟိုနေ့က စကားကလေးကို ပြန်သွင်းတာ။ ဒီနေ့ ပြောနေတာက ဘာတုန်း သတ္တဝါတိုင်းရဲ့ သန္တာန်မှာ ဖြစ်နေတဲ့ နာမ်တရားအစဉ်ဟု ဆိုအပ်သော ဝိထိတို့တွင် ကုသိုလ်ဇော စောနေတဲ့ အချိန်အခါတွေမှာ ဇောတကြိမ် တကြိမ်လျှင် သခ္ခါဘယ်နှစ်ချက် အမေး ဘယ်နှစ်ချက် အဖြေ ဘယ်နှစ်ချက် ထွက်မလဲမေးလျှင် (သုံးချက် ထွက်ပါတယ်) ဟေတုအနေနဲ့နော်။ ဘယ်လိုထွက်သလဲ-ကုသလော ကုသလဿ တချက်၊ ကုသလော အဗျာကတဿ တချက်၊ ကုသလော ကုသလာဗျာကတဿ တချက်၊ ပေါင်း သုံးချက် ထွက်နိုင်တယ်။ ဒီထက်ပိုထွက်လို့ မရဘူး။ ပိုချင်လို့ ဖြစ်ပ့ါမလား စဉ်းစားပါ (မဖြစ်ပါဘူး)။ လျှော့ထားချင်လို့ကော ဖြစ်ပ့ါမလားတဲ့ (မဖြစ်ပါဘူး)။

ဒါကြောင့် ကုသလပဒ အနေအားဖြင့် မေးခွန်းထုတ်လို့ရှိယင် အဖြေက သုံးမျိုးဘဲ ထွက်နိုင်တယ်လို့ မှတ်ထားပါတဲ့။

ဦးပဉ္စင်းတို့ ဘုန်းကြီးတိုသန္တာန်မှာ မနေ့က ပြောခဲ့တယ်။ ဖြစ်နိုင်တဲ့ ကုသိုလ်က မဟာကုသိုလ်မျှသာ၊ ဒီအချိန်မှာ ရှိတာနော် (မှန်ပါ)။

ထိုနည်းတူစွာ မဟာဂျတ်ကုသိုလ် မဂ်ကုသိုလ်တွေကို ပစ္စည်း ပစ္စယုပ္ပန်ထားပြီး ဟာလဲဘဲ ထိုထိုပုဂ္ဂိုလ်တို့ရဲ့ သန္တာန်မှာ ဒီအတိုင်းဘဲ ပစ္စည်းပစ္စယုပ္ပန် ဖြစ်ရမယ်။

ဒေသနာတော်မှာတော့ ရသင့်ရထိုက်တဲ့ ကုသိုလ်စိတ် ဇကဝိသအကုန်လုံးပေါင်းပြီး ယူထားတယ်။ အခုဟာက သတ္တဝါရဲ့သန္တာန်မှာ ဖြစ်ခိုက်ဖြစ်ခိုက်ကလေးကို စွဲပြီးတော့ ဘုန်းကြီးက ပြောပြနေတာ။

အဲဒီကုသိုလ်ဖြစ်တဲ့အခါမှာ ကုကု-ကုဗျာ-ကုကုဗျာ သုံးချက် ထွက်လာသလို ဦးပဉ္စင်းတို့ သန္တာန်မှာ တစုံတခုသော အကြောင်းကြောင့် အနိဋ္ဌာအာရုံမျိုး တခုခုကြောင့် ဒေါသမူစိတ်ဆိုပြီး ဒေါသစိတ်ပေါ်လာလို့ ဒေါသဇော စောရ် နေတဲ့အခါ စဉ်းစားပါလား ဆက်ပြီး၊ ကုသိုလ်နှင့် ထူးမှာလားလို့၊ ဒေါသ မောဟ ဆိုတဲ့ အကုသိုလ်ဟိတ်နှစ်ပါးက ပစ္စည်း၊ ဒေါသ-သမ္မယုတ္တခန္ဓာက ပစ္စယုပ္ပန်၊ အကုသလော အကုသလဿ မဖြစ်ပေဘူးလား။

ဒီအချိန်မှာ တရှိန်ရှိန်ထွက်ကာ ပေါ်လာတဲ့ ဒေါသစိတ္တဇရုပ်ကို ပစ္စယုပ္ပန် ထားတော့ကော အကုသလော အဗျာကတဿ၊ ခုတင်က နည်းအတိုင်းဘဲ မဟုတ်ဘူးလား (မှန်ပါ)၊ နားလည်အောင်လုပ်ပါ။

အဲဒီသမ္မယုတ္တာခန္ဓာနဲ့ စိတ္တဇရုပ်၊ နှစ်ခုပေါင်းပြီး ပစ္စယုပ္ပန်ထားလို့ ဒေါသဟိတ်ကို ပစ္စည်းထားလျှင်ကော အကုသလော အကုသလာဗျာကတသား။ ဒေါသတင်ဆိုတော့ ဟိတ် ၂-ပါးဘဲ ရမယ်နော် (မှန်ပါ)၊ ဘာတုန်း ဒေါသဟိတ်နှင့် မောဟဟိတ် (မှန်ပါ)။

ကိုယ်မြတ်နိုးလောက်တဲ့ တွယ်တာလောက်တဲ့ နှစ်သက်လောက်တဲ့ သာယာလောက်တဲ့ ဣဋ္ဌရူပါရုံ သဒ္ဒါရုံစသည်နှင့် တွေ့ကြုံတဲ့အခါ ဦးပဋ္ဌင်းတို့သန္တာန်မှာ လောဘစိတ်ပေါ်လာတယ်-လောဘမူစိတ်။

ဒီတော့ ဟေတုပစ္စည်းအနေနဲ့ လောဘမူစိတ် ပေါ်လာတဲ့အခါကျတော့ လောဘဟိတ်နှင့် မောဟဟိတ် ပါမလာဘူးလား၊ ပါလာတော့ ခုတင်က ဒေါသပေါ်သလိုဘဲ အကုသလော အကုသလသာ မဖြစ်ပေဘူးလား (ဖြစ်ပါတယ်)၊ လောဘဟိတ်နှင့် မောဟဟိတ် နှစ်ပါးက ပစ္စည်း၊ ပေါ်လာတဲ့ လောဘစိတ် စေတသိက် သမ္မယုတ္တာခန္ဓာက ပစ္စယုပ္ပန်ဆိုတော့ ဘာတုန်း အကုသလော အကုသလသာ။ ရုပ်ပစ္စယုပ္ပန်ထား အကုသလော အဗျာကတသာ၊ နာမ်ရုပ်ပစ္စယုပ္ပန် တွဲထား အကုသလော အကုသလာဗျာကတသာ-လို့ ဖြစ်ရတယ်။

ဒါကြောင့် ကုသိုလ်မှာ သုံးချက် ပုဏ္ဏာ, အဖြေထွက်လာသလိုဘဲ အကုသိုလ်မှာလဲဘဲ အမေး, အဖြေ သုံးမျိုးဘဲ ထွက်လာတယ်။

ဒီတော့ ဦးပဋ္ဌင်းတို့ ကျက်ထားတဲ့အတိုင်း ကုသလပဒက သုံးချက်၊ အကုသလပဒက သုံးချက် မရဘူးလား (ရပါတယ်)။ ဇောမှာဖမ်းတော့ ဒီတရားက ကျေးဇူးပြုပုံ အင်မတန် ထင်ရှားပါတယ်။

ကဲ-ခုတင်က ချထားတဲ့ ဝိထိအပေါ်မှာ အဗျာကတတွေ လိုက်ရှားစမ်း။ အတီတ ဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင် ၁၉-ခုရှိတယ်မဟုတ်လား။ ၁၉-ခုထဲမှာ အဟိတ်ဘဝင်နှစ်ခု မပါဘူးလား၊ (ပါပါတယ်)၊ ပါနေလျှင် အဟိတ်ဘဝင်ကတော့ ဟေတုပစ္စည်း မတပ်ဘူး၊ ကြွင်းတဲ့ သဟိတ် ဘဝင်တွေကတော့ ဟေတုပစ္စည်းတပ်မယ် မဟုတ်လား၊ ဘဝဂ္ဂံပစ္ဆေဒ၊ ပြီးတော့ ပဋ္ဌဒ္ဓါရာဝဇ္ဇန်း သောတဝိညာဉ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဘာစိတ်တွေတုန်း ဒါတွေက၊ အဟိတ်စိတ်တွေဘဲ မဟုတ်လား၊ အဗျာကတတော့ ဟုတ်တယ် ဘာ အဗျာကတတုန်း အဟိတ်အဗျာကတတွေ။

အဲဒီ ပဋ္ဌဒ္ဓါရာဝဇ္ဇန်း သောတဝိညာဉ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဆိုတာတွေက အဟိတ်စိတ်တွေ ဖြစ်နေလို့ အဲဒီနယ်မှာတော့ ဟေတုပစ္စည်း မရှိဘူး (မှန်ပါ)။

ကျော်သွား ဘယ်မှာ ကျော်သတုန်းမေးတော့ ဇောနောက်မှာ တဒါရုံဆိုတော့ တဒါရုံ ပေါင်း ဘယ်လောက်ရှိမတုန်း (၁၁-ပါး)။ ၁၁-ပါးက ဘယ်သူလဲမေးတော့ သန္တီရဏ ၃-ခု မဟာဝိပါက်စိတ် ၈-ခုဆိုတော့ သန္တီရဏ ၃-ခုက အဟိတ်တဒါရုံ ဖြစ်မနေပေဘူးလား၊

ဒီတော့ သူ့မှာ ဟေတုပစ္စည်း မရှိဘူး၊ နားလည်ကြပေါ့နော်၊ သုဒ္ဓသင်္ခါကို ရနေလျှင် ဒါကို သိရမယ် (မှန်ပါ)၊ မဟာဝိပါက်တဒါရုံ စ-ခုမှာ ဟေတုပစ္စည်း မရှိပေဘူးလား (ရှိပါတယ်)၊ ထိုနည်းတူစွာ နောက် ဘဝင် ဘဝင်တွေ အဗျာကတချည်း ဖြစ်တယ်။

ထားပါတော့ တဒါရုံနှစ်ကြိမ် ကြည့်လိုက်ပါလား၊ ကိုယ့်သန္တာန်မှာစောနေတဲ့ မဟာကုသိုလ်ဇောနဲ့ လျော်တဲ့ သင့်မြတ်တဲ့ 'တဒါရုံတိုင်း ကျလို့ ရတာမှ မဟုတ်ဘဲ'၊ ဟုတ်လား (မှန်ပါ)၊ သင့်မြတ်တဲ့ တဒါရုံ မဟာဝိပါက်စိတ် တခုခုကျပါပြီတဲ့၊ အဲဒီ တဒါရုံသည် မဟာဝိပါက် ဉာဏသမ္ပယုတ် စိတ်ဖြစ်နေလျှင် ခုတင်ကလိုဘဲ စေတသိက် ၃၃-မယှဉ်ပေဘူးလား၊ အတူတူဘဲနော် (မှန်ပါ)၊ ဉာဏဝိပ္ပယုတ်တဒါရုံ ဖြစ်နေလျှင်တော့ ဘယ်လောက် ယှဉ်မတုန်း (၃၂-ပါး ယှဉ်ပါတယ်)။

ကောင်းပြီ အဲဒီ ၃၃၊ ၃၂-ထဲမှာ ဟိတ် ၂-ပါး ၃-ပါး မရှိဘူးလား (ရှိပါတယ်)၊ အဲဒါ ဟေတုပစ္စည်းတဲ့၊ ထိုစိတ်စေတသိက်ကြောင့်ဖြစ်တဲ့ စိတ္တဇရူပ်ကော တဒါရုံ အခိုက်အတန့်မှာ မရှိပေဘူးလား (ရှိပါတယ်)၊ ရှိလျှင် ကုသိုလ်နှင့် ဘာထူးသလဲ သတိပြုလိုက်ပါဦး ခဗျာ၊ တဒါရုံ၌ ရှိနေ ယှဉ်နေတဲ့ ဟိတ်က ပစ္စည်း၊ (အဗျာကတ) ပစ္စယုပ္ပန်မှာ တဒါရုံနာမက္ခန္ဓာ, သူ့ကြောင့်ဖြစ်တဲ့ ရုပ်ဆိုတော့ သူကကော အဗျာကတဘဲ မဟုတ်လား (မှန်ပါ)၊ နာမ်နှင့် ရုပ်နဲ့ နှစ်မျိုးစလုံးသည် အဗျာကတသာ ဖြစ်ခြင်းကြောင့် အဗျာကတဘဲ၊ နားလည်ပါပြီနော် (မှန်ပါ)၊ ဒီတော့ ဘယ်လိုဖြစ်မလဲ အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မသ ဟေတု-ပစ္စယေန ပစ္စယော၊ ဝိပါကာဗျာကတာ ဟေတူ (တဒါရုံအခိုက် ကြိယာမှမရှိဘဲဟုတ်လား) (မှန်ပါ)၊ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော- လို့ မဖြစ်နိုင်ဘူးလား (ဖြစ်နိုင်ပါတယ်)။

ဘယ်နှယ်တုန်း ကုသိုလ်တုန်းကတော့ ပဒါဝသာန ၃-ချက်ထွက်တယ်၊ အကုသိုလ်လဲ ၃-ချက်ထွက်တယ်၊ အဗျာကတကျတော့ တချက်တည်းလားလို့ ဒါကို စဉ်းစားရတယ်နော် (မှန်ပါ)။ ဟိုမှာက ပစ္စည်းက နာမ်၊ ပစ္စယုပ္ပန်မှာ နာမ်က ကုသိုလ်မဟုတ်လား၊ ရုပ်က အဗျာကတ မဟုတ်လား (မှန်ပါ)၊ ဒီမှာ အဗျာကတကနေ ကြည့်တော့ ပစ္စည်းက နာမ် အဗျာကတ၊ ပစ္စယုပ္ပန်မှာ နာမ်ကလဲ အဗျာကတ, ရုပ်ကလဲ အဗျာကတ၊ တူနေတော့ ၃-ချက် မထွက်ဘူး တမျိုးတည်းနှင့် ပြီးသွားတယ် နားလည်တယ်နော် (မှန်ပါ)။

အဲဒါက ပဝတ္တိအနေအားဖြင့် ပြောခဲ့တာ။ အကယ်၍ ပဋိသန္ဓေ ဖြစ်ခဲ့အုံ၊ ပဋိ-သန္ဓိကျခဏော... တဲ့၊ ဦးပဉ္စင်းတို့ ဘုန်းကြီးတို့ စပြီး အမိဝမ်းထဲရောက်တော့ ဟိုနေ့က ပြောခဲ့တယ် ပဋိသန္ဓေဝိညာဉ်စိတ်ကလေး စပြီး ပေါ်တယ်မဟုတ်လား (မှန်ပါ)။

အဲဒီ ပဋိသန္ဓေဝိညာဉ်စိတ်ကလေးဟာ ဘယ်သူလဲလို့ မေးပြန်တော့ ဟိုနေ့က ဘုန်းကြီးပြောခဲ့တယ်၊ မဟာကုသိုလ်ကိုပြုခဲ့လို့ အတိတ်ဘဝက မဟာကုသိုလ်ကံ ထောက်ပံ့

သဖြင့် အတိတ်ဘဝကပြုခဲ့တဲ့ မဟာကုသိုလ်ကံသည် ပစ်ချလိုက်သဖြင့် ယခုဘဝ မိခင်ဝမ်းထဲမှာ ဘာလာဖြစ်ရသလဲ၊ ပဋ္ဌိသန္ဓေစိတ်ဆိုတာ လာဖြစ်တယ်၊ လာဖြစ်တော့ အကြောင်းဘယ်သူလဲလို့ မေးလျှင် မဟာကုသိုလ်လို့ (ပြောခဲ့တယ်)၊[1] အကျိုးက ဘယ်သူလဲ **မဟာဝိပါက်** မဟုတ်ဘူးလား (မှန်ပါ)။

ခုတင်က ဝိပါက်က တဒါရုံ မဟာဝိပါက်၊ အခုဟာက **ပဋ္ဌိသန္ဓေ မဟာဝိပါက်**၊ ကိစ္စချင်း မတူဘူးနော် (မှန်ပါ)။ တဒါရုံဆိုတာက **ပဝတ္တိ**၊ အခုဟာက အမိဝမ်းခေါင်းထဲ စပြီးရောက်တဲ့စိတ်၊ ဘယ်လိုနေမလဲ မေးလျှင် ခုတင်က တဒါရုံလိုဘဲ စိတ်ယှဉ် စေတသိက်ယှဉ်နှင့်တကွ ဟိတ်နေပုံ မတူဘူးလား (တူပါတယ်)၊ ဉာဏသမ္ပယုတ်စိတ်နှင့် ဘုန်းကြီးတို့ ပဋ္ဌိသန္ဓေနေလျှင် ဟိတ်သုံးပါးရှိမယ်။ ဉာဏဝိပ္ပယုတ်စိတ်နှင့် ပဋ္ဌိသန္ဓေနေခဲ့ကြလျှင် ဟိတ်နှစ်ပါး ဖြစ်မှာပေါ့။

ပစ္စယုပ္ပန်အနေအားဖြင့် မဟာဝိပါက် စိတ် စေတသိက်၊ သူ့ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်လို့ ဒီအချိန်မှာရှိသလား၊ မနေ့က ပြောခဲ့တယ် (မရှိပါ)၊ ဘာရုပ်ရှိရမယ်၊ ပဋ္ဌိသန္ဓေကမ္မဇရုပ်လို့ ဟိုနေ့က ပြောပြီးသားနော် (မှန်ပါ)။

ဒီတော့ ဘယ့်နှယ်ဟောမလဲ ပါဠိတော်က-ပဋ္ဌိသန္ဓိကွဏော ဝိပါကာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋ္ဌတ္တာ စ ရူပါနံ ဟေတုပစ္စယေန ပစ္စယောလို့ဟော။ စိတ္တဇရုပ်မရှိဘူးတဲ့ ပြောခဲ့ပြီနော် ဟိုနေ့က (မှန်ပါ)၊ ပဋ္ဌိသန္ဓေနာမ်သည် မည်သည့်ပုဂ္ဂိုလ်သတ္တဝါရဲ့ ပဋ္ဌိသန္ဓေကမ္မဇရုပ်လို့ ဟိုနေ့က ပြောပြီးသားနော် (မှန်ပါ)။

ဒီတော့ ဘယ့်နှယ်ဟောမလဲ ပါဠိတော်က-ပဋ္ဌိသန္ဓိကွဏော ဝိပါကာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋ္ဌတ္တာ စ ရူပါနံ ဟေတုပစ္စယေန ပစ္စယောလို့ ဟော။ စိတ္တဇရုပ်မရှိဘူးတဲ့ ပြောခဲ့ပြီနော် ဟိုနေ့က (မှန်ပါ)၊ ပဋ္ဌိသန္ဓေနာမ်သည် မည်သည့်ပုဂ္ဂိုလ်သတ္တဝါရဲ့ ပဋ္ဌိသန္ဓေစိတ်မဆို စိတ္တဇရုပ်ကို မဖြစ်စေနိုင်ဘူးလို့ ဟိုနေ့က ပြောခဲ့ပြီ။ ဒါကြောင့် ဒီနေရာမှာ ပဋ္ဌိသန္ဓေကမ္မဇရုပ်သာ ရှိရမယ်။

အဲဒါကြောင့် ကု ၃-ချက် အကု ၃-ချက် အဗျာကတ ၁-ချက် ပဝတ္တိ ပဋ္ဌိသန္ဓေ နှစ်မျိုးခွဲပြီးတော့ကြည့်။ ဒီလိုရှိနေခြင်းကြောင့် မြတ်စွာဘုရားက သင်္ခါဝါရကျတော့လဲ ဟေတုယာ သတ္တ လို့ ဟောတော်မူတယ်။ ရှေးဆရာတော်ဘုရားကြီးတွေကလဲ ဒီ ဒေသနာတော်ကို ကြည့်ပြီးတော့ ဤတရားတို့သည် ဟေတုပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သင်္ခါ သတ္တလို့ ဆိုတယ်၊ သင်္ခါ သတ္တဆိုတဲ့ အဓိပ္ပါယ်ကို ဒီနေ့ ပြောပေးပါမယ်။

၁။ ဤကျမ်း၊ နှာ-၁၀၁-၂-ကို ကြည့်ပါ။

နက်ဖြန်ခါကျတော့ ယထာရဟာပစ္စည်းရေ လတ်ကြီး (၈) နှင့် ဓိ ဣ် မဂ်၊ ပေါင်း ၁၂-ဆိုတဲ့ အဓိပ္ပါယ်ကို ပြောပေးမယ်။ ၂၄-ပစ္စည်း ရှိတယ်မဟုတ်လား၊ ဟေတုမှာ ဘာကြောင့် ၁၂-ပစ္စည်းဘဲ ရရသလဲဆိုတာ ဘုန်းကြီးပြောပေးမယ်။ ဒီနေ့ အဓိပ္ပါယ် ဒီနားမှာ ရပ်ထားပြီးတော့ ပါဠိတော် ရှေ့တိုးချင်လို့ ဦးပဉ္စင်းတို့ အခု လွယ်နေပါပြီ ပါဠိတော်က ဒီအတိုင်းချည်းဘဲ သွားလိမ့်မယ်။

မဂ္ဂသုဒ္ဓသင်္ခ်ာ

သုဒ္ဓသင်္ခ်ာအစဉ်အားဖြင့် ဘုန်းကြီးပြပေးတာ စျာနပစ္စည်းပြီးတော့ ဘာတဲ့တုန်း မဂ္ဂပစ္စည်း။

ပဌာန်းလုပ်ပြီး ခက်နေလိုက်ကြတာ၊ ဘုန်းကြီး သင်ကြားပြန်ပို့လိုက်ဦးမယ် တခေါက်။

မနေ့က ပြောထားတဲ့ မိဿကသင်္ဘာကို ပြန်ကြည့်ပါ- ဒီအတိုင်းဘဲ။ ဘာတဲ့တုန်း နိဂုံးက-'ဆ ဟေတူ ပဉ္စ စျာနဂ်ီ၊ မဂ္ဂဂ်ီ နဝ ဝတ္ထုတော'။ အဲဒီက လာမှာ မဂ္ဂပစ္စည်းဆိုတာနော်။ ကျက်လိုက်ရတာ ကျေအောင်တော့ ကျက်ကြပါ။ 'သမ္မယုတ္တာခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ပညာ ဝိတက် ဝိရတီ ၃-ခု ဝီရိယ သတိ ဧကဂ္ဂတာ ဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉-ပါး'ဆိုတာ မဂ္ဂင်တရားကိုယ် ၉-ပါး ရှိလို့။ မဂ္ဂဂ်ီ=မဂ္ဂင်တို့သည်။ ဝတ္ထုတော=တရားကိုယ်အားဖြင့်။ နဝ=၉-ပါးလို့သာ ဆိုတာပါဘဲ။

ဒါက နိဂုံးပြောတဲ့ အကျဉ်းချုပ်ထားတဲ့ ၉-မျိုး။ နိဂုံးမရောက်ခင်တုန်းက အရှင်အနုရုဒ္ဓါက မဂ္ဂင်ပြတော့ ဘယ်လိုပြသတုန်း ဒ္ဝါဒသ မဂ္ဂဂ်ီနီ။ မဂ္ဂဂ်ီနီ=မဂ္ဂတို့သည်။ ဒ္ဝါဒသ=တဆယ့်နှစ်မျိုး။

ကျဉ်းအောင် ကျဉ်းအောင်လို့ဆိုပြီး ပြောခဲ့တော့ အဓိပ္ပါယ်ကလေးတွေလဲ ကျန်ကျန်နေရစ်ခဲ့တယ်။ ညကျတော့ အိပ်ရာထဲရောက်လျှင် သတိရရော။ ဘာကလေးမှ ထည့်မပြောလိုက်မိ ညာကလေးမှ ထည့်မပြောလိုက်မိ။ ကိုယ်ကလဲ မြန်မြန်လဲပြီးချင်။ ဒါဟာ ပြောချင်တဲ့ သဒ္ဓါတရားရှိတာနဲ့ ဦးပဉ္စင်းတို့လဲ ပြန်ပြီးတော့ သိပါစေတော့လို့ ပြောပြရတယ်။

မဂ္ဂဂ်ီနီ=မဂ္ဂင်တို့သည်။ ဒ္ဝါဒသ=တဆယ့်နှစ်ပါးတို့တည်း။ ဘာတွေကို ထုတ်သွားသလဲ သတိပြုကြစမ်းပါ၊ ဦးပဉ္စင်းတို့ နှုတ်ထဲမှာ ရှိပါလိမ့်မယ်။ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိဆိုတော့ ၈-ပါးရှိသွား ရော။ အဲဒီ ၈-ပါးကို ကောင်းတဲ့ မဂ္ဂင် ၈-ပါးလို့ ခေါ်တယ်။ ကောင်းတဲ့ မဂ္ဂင် ၈-ပါး။ နောက်ထပ်ကျန်တဲ့ ၄-ပါးက မကောင်းတဲ့ ၄-ပါး။ ဘယ်သူတွေတုန်း-မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပ မိစ္ဆာဝါယာမ မိစ္ဆာသမာဓိ။

ကောင်းတာသွားတာက ၈-မျိုးရှိတယ်၊ မကောင်းတာသွားတာက ၄ မျိုးရှိတယ်။ ဘုန်းကြီးတို့ လူတွေကလဲ ရှားတာပါးတာကို ကြိုက်နေကြတယ်။ မကောင်းတဲ့ လေးပါးကို ဘဲ မရအရလိုက်တယ်။

ကောင်းတဲ့ဘက်က ၈-မျိုးတောင်ရှိတော့ ဘယ်လောက်သွားစရာကောင်းသတုန်း။ မဂ္ဂ-ဆိုတာ လမ်းကိုဟောတာ။ ဘုန်းကြီးသင်ကြားချတဲ့အခါ မိသဏက သင်ဟကျတော့ ဒါတွေကို အဓိပ္ပါယ်ကလေးတွေ ရေးပေးတော့ **ကြောင်းရင်းဟေတု**တဲ့ ဟေတုဆိုတာ ဘာလဲ အကြောင်းရင်းတရားတဲ့၊ **ကပ်ရှုစျာန်**၊ စျာနဆိုတာဘာလဲ ကပ်၍ရှုတတ်တဲ့တရားကို စျာနလို့ခေါ်တယ်။ **မဂ္ဂလမ်း**မည်၊ သင်ကြားချတဲ့အခါမှာ ပြောတာပါ ဒါက၊ ပဌာန်းထဲမှာတော့ ဝှက်ထားတယ်။

ကြောင်းရင်းဟေတု၊ ကပ်ရှုစျာန်၊ မဂ္ဂလမ်းမည်၊ စိုးတည်ကွန်ဒြေ၊ ခိုင်စေဗိုလ်မှူး၊ ဦးစီးဓိပတိ၊ ဆောင်သည့်အာဟာ၊ ခုနစ်ဖြာ မှတ်ပါမိသဏ—

လို့ဆိုတာ သင်ကြားချတဲ့အခါမှာ ထည့်ပြောတာပါ၊ အခု စပ်ဆိုင်နေလို့ ပြောလိုက်တာပါ။

ထားပါတော့ မဂ္ဂ-ဆိုတာလမ်းဘဲ၊ ရှေ့ပိုင်းက ၈-မျိုးသော မဂ္ဂင်တို့သည် ကောင်းမြတ်ရာရာဖြစ်သော လူ့ရွာသုဂတိ နတ်ရွာသုဂတိ ပြဟ္မာ့ရွာသုဂတိနှင့်တကွ စိတ်ထားမြင့်မြတ်တော်မူကြသော အလောင်းတော်တို့အတွက်ဆိုလျှင် နိဗ္ဗာန်တိုင်အောင် ပို့ဆောင်နိုင်တဲ့ သွားရာလမ်းကောင်းတည်း။

ဝါဆိုလပြည့်နေ့ မြတ်စွာဘုရား ဓမ္မစက္ကြာတရား ဟောတယ်ဆိုတာ ဒီမဂ္ဂင် ၈-ပါးကို ဟောတာ၊ မဂ္ဂင် ၈-ပါး တရားဟောလိုက်တာနှင့် ကောဏ္ဍည ဝပ္ပ ဘဒ္ဒိယ မဟာနာမ် အဿဇိဆိုတဲ့ ပဉ္စဝဂ္ဂိငါးဦးဟာ အစဉ်အတိုင်း တနေ့စီ တနေ့စီ အရိယာနယ်ဘက်ကူးပြီး ရဟန္တာဖြစ်သွားတယ်။ ဘုန်းကြီးတို့ ယခု လူ ရှင် ရဟန်းတွေတော့ ဓမ္မစက္ကြာကို ကိုယ့်ဟာကိုယ် ရွတ်တာကို အခေါက်ပေါင်း မရေတွက်နိုင်ဘူး ဘာမှမဖြစ်သေးဘူး၊ တော့်တော့်ကို ခိုင်တယ်နော်။

ဒီမဂ္ဂင် ၈-မျိုး ဦးစီးပြီးတော့ ဘုန်းကြီးတို့နေနိုင်လျှင် မဂ္ဂပစ္စည်းတပ်နိုင်လျှင် ခုတင်ကဘာပြောခဲ့သလဲ လူ့ရွာသုဂတိ နတ်ရွာသုဂတိ ပြဟ္မာ့ရွာသုဂတိနှင့်တကွ နိဗ္ဗာန်တိုင်အောင် ပို့ဆောင်နိုင်တဲ့ တရားကောင်းပေါ့။

နောက်ထပ်ဆက်ပြီးလာတဲ့ မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပ မိစ္ဆာဝါယာမ မိစ္ဆာသမာဓိခေါ်တဲ့ တရား ၄- မျိုးက ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဟု ဆိုအပ်သော အပါယ်လေးပါးသို့ သတ္တဝါတွေကို မရောက်ရောက်အောင် ပို့ဆောင်နေတဲ့ သွားရာလမ်းကြောင်းကြီးတဲ့၊ မဂ္ဂပစ္စည်းဘဲ သူလဲ၊ မဂ္ဂပစ္စည်း နာမည်ချင်းတူပေမဲ့ ကောင်းရာပို့တဲ့ မဂ္ဂပစ္စည်းရှိတယ်၊ မကောင်းရာပို့တဲ့ မဂ္ဂပစ္စည်းရှိတယ်။

ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ဘုန်းကြီးပြောနေတယ်။ သမ္မာဒိဋ္ဌိ အစရှိတဲ့ ကောင်းတဲ့ မဂ္ဂင်မျိုးပါလာလျှင် ပဝတ္တိအခါမှာ လူ နတ် ဗြဟ္မာပင် မဟုတ်ငြားသော်လဲ တိရစ္ဆာန်ဘဝ သွားဦးတော့ စိတ်က ကောင်းတဲ့ မဂ္ဂင်တွေ အစွမ်းသတ္တိတွေ ပါလာလျှင် ချမ်းချမ်းသာသာ တိရစ္ဆာန် ဖြစ်ရတယ်။ ပြိတ္တာဖြစ်ရဦးတော့ သက်သက်သာသာ ပြိတ္တာဖြစ်ရတယ်။ မကောင်းတဲ့ မဂ္ဂင် ဦးစီးထားပြီဆိုမှဖြင့် လူဖြစ်လဲ ဆင်းဆင်းရဲရဲ နတ်ဖြစ်လဲ မွဲမွဲတေတေ၊ နတ်များလဲ မွဲတယ်၊ တချို့ အတော်မွဲတယ်၊ လူ့အခေါ်ဝေါ်နဲ့ သုံးလျှင် စားစရာတောင် မရှိဘူး၊ တနေ့ကျတော့ ဘုန်းကြီး ဒါတွေ ပြောပြပါမယ်၊ ရှိပါစေဦးတော့ စာကို မရောက်ဘဲ နေမှာစိုးလို့။

အဲဒီ မဂ္ဂင်တဆယ့်နှစ်ပါးထဲက တရားကိုယ်တွေ တူရာပေါင်းလိုက်တော့ သမ္မာဒိဋ္ဌိကို တရားကိုယ်ထုတ်လိုက်တော့ ဘာရသလဲ၊ ပညာရတယ်၊ သမ္မာသင်္ကပ္ပကို တရားကိုယ်ထုတ်လိုက်တော့ကော ဦးပဉ္စင်းတို့ ကျက်ထားတဲ့အတိုင်း ဘာတုန်း (ဝိတက်ပါ)၊ အဲဒီ ဝိတက်သည် ဟိုနေ့က ဘုန်းကြီးပြောသလို ကောင်းတာတွေ ကြံစည်နေတဲ့ အခါကျတော့ သမ္မာသင်္ကပ္ပဖြစ်တာပေါ့နော် (မှန်ပါ)။ မကောင်းတာတွေ ကြံတဲ့အခါကျတော့ ဟိုနောက်ပိုင်းက ပါတယ် မဟုတ်လား မိစ္ဆာသင်္ကပ္ပဖြစ်တယ်၊ ကာမဝိတက်လို့ ဗျာပါဒဝိတက်လို့ ဝိဟိံသာဝိတက်လို့ ဟိုနေ့က ပြောခဲ့တယ်မဟုတ်လား၊ အဲဒီ တရားတွေ နှိုပ်စက်လာတဲ့အခါကျတော့လဲ ဝိတက်ဘဲ၊ ဒါကြောင့် သမ္မာသင်္ကပ္ပကလဲ ဝိတက်ရပြီးတော့ မိစ္ဆာသင်္ကပ္ပကလဲ ဝိတက်ရခြင်းကြောင့် ဒီမှာ အတူတူပေါင်းလိုက်၊ တရားကိုယ်ပစ္စည်းမဝေနဲ့။ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဆိုတာက ဝိရတိ ၃-မျိုးမဟုတ်လား (မှန်ပါ)၊ ဒါကြောင့် ဦးပဉ္စင်းတို့ ကျက်တော့ ပညာ ဝိတက် ဝိရတိ ၃-ခုလို့ ကျက်ခဲ့ကြတယ် မဟုတ်လား။

ပြီးတော့ သမ္မာဝါယာမကို တရားကိုယ်ထုတ်လိုက်တော့ ဘယ်သူတုန်း (ဝီရိယပါ)၊ ကဲ ဟိုဘက်သွားကြည့်စမ်းပါဦး မိစ္ဆာဝါယာမမှာကော ဝီရိယမရှိဘူးလား (ရှိပါတယ်)၊ တူတော့ ပေါင်းထည့်ရမယ်။

ထားပါတော့ ပြီးတော့ပြောမယ်။ သမ္မာဝါယာမက ဝီရိယ၊ နောက်ပြီးတော့ ဘာတုန်း သမ္မာသတိတဲ့။ သူကတော့ **မိစ္ဆာ**သတိမရှိဘူး။

တချို့က ကိုယ်နှင့် ခင်မင်တဲ့သူကလေးတွေ သတိရတယ် ဘာညာနဲ့။ အဲဒါ သတိ မဟုတ်ဘူး၊ ဒါဟာ သတိရတာ မဟုတ်ဘူး၊ သတိဆင်ဆင်ဘဲ။ ဒီမှာ သတိဆိုလျှင် ခက်ရခေါ့ရဲ့။ မိစ္ဆာသတိ ထားရလိမ့်မယ်။ ဒါတွေဟာ ကိုယ်ချစ်တဲ့သူကို အမှတ်ရတာ၊ ကုသိုလ်ဖြစ်တဲ့ သတိမှ မဟုတ်ဘဲ။ ဘာလဲလို့မေးလျှင် အဲဒါမျိုး စိတ်ထဲ အမှတ်ရတဲ့ သညာလို့ ခေါ်တယ်နော် (မှန်ပါ)၊ သတိသွားပြီးမလုပ်နှင့်။

သတိဆိုတာ ဘုရားအစရှိသော ကောင်းသောအာရုံ၌ မမေ့မလျော့ မပျေ့ခြင်းတည်း ဟူသော အမြဲမပြတ် သတိထားနိုင်တဲ့ တရားမျိုး။ တွေ့ကရာ အမှတ်ရတိုင်းသာ သတိဖြစ်

လျှင် ခက်ရခေါ့ရဲ့။ ဒါကြောင့် သူ့မှာ သမ္မာ, မိစ္ဆာရယ်လို့ နှစ်မျိုးမရှိဘူး။ သမ္မာချည်းဘဲ ဖြစ်ရတယ်။

ပြီးတော့ ဘာတုန်း ဧကဂ္ဂတာ၊ ဧကဂ္ဂတာဆိုတာ ဘယ်သူတုန်း သမ္မာသမာဓိမဂ္ဂင်။ ကဲ-ကြည့်စမ်း နောက်က မကောင်းတဲ့အထဲမှာတော့ မိစ္ဆာသမာဓိ မဟုတ်လား။

အဲဒါ ငယ်ငယ်တုန်းက ဘုန်းကြီး မှားခဲ့တာ ကိုယ်တိုင် မှားဘူးတယ်၊ သမာဓိဘဲဗျာ မိစ္ဆာသမာဓိ ရှိရဦးမလားလို့၊ ကိုယ်မှ သမ္ပုစ္ဆည်းပိုင်း မသင်ဘူးသေးဘဲကို။ သမာဓိဆိုတာ ကိုယ်က ကောင်းတာချည်းပဲလို့ မှတ်ထားတာကို။ လူပြော သူပြောနဲ့ မှတ်ရတာ စာက တတ်တာမှ မဟုတ်ဘဲ။ ဒီတော့ သမ္မာသမာဓိရှိသလို မိစ္ဆာသမာဓိရှိတယ်ဆိုတဲ့ ပြောတဲ့လူက လက်လျှော့ရတယ်။ ကိုယ်ကတော့ မရ အရကပ်ပြီး ငြင်းယူတယ်။

ဟော ဒီကျတော့ တွေ့နေပြီမဟုတ်လား မိစ္ဆာသမာဓိတဲ့၊ မကောင်းတဲ့နေရာမှာ ကြံစည်တော့ **မိစ္ဆာသင်္ကပ်**ပဲ၊ မကောင်းတာတွေ တည်ကြည်နေတော့ **မိစ္ဆာသမာဓိ**။

ပြည့်လို့ ပြည့်လို့ ဒါမျိုးတွေ၊ ဟော အခုခေတ်ထဲမှာ သာပြီးပေါသေးတယ်၊ မိစ္ဆာသင်္ကပ်ပွတွေ မိစ္ဆာသမာဓိတွေဟာလေ။ ဘယ်မှာလဲ မေးလို့ရှိလျှင် သိလွယ်အောင်ပြောရလျှင် အနုမြူဗုံးတို့ ဘာတို့ ညာတို့ဆိုတာတွေဟာ အဲဒါ မိစ္ဆာသင်္ကပ်ပွနှင့် မိစ္ဆာသမာဓိက လာတာ။ တကယ်တမ်း ကြံစည်ပြီးတော့ ဒီထဲမှာ စိတ်ဝင်စားပြီးတော့ မဖြစ်မနေ ကြံစည်လုပ်ကိုင်နေကြတာ အဲဒါ မိစ္ဆာသင်္ကပ်ပွတို့ မိစ္ဆာသမာဓိတို့ အလုပ်တွေ၊ ပြည့်လို့ဘဲ ဒီပြင်လဲ အများကြီးဘဲ။ အဲဒါတွေ လျှောက်ပြောလို့ မဖြစ်သေးဘူး။

အဲဒီလို တရားကိုယ် တူတာကလေးတွေ စုစု စုစုပေါင်းလိုက်တော့ ဘာနှင့် ဘာတူသလဲ၊ သမ္မာသင်္ကပ်ပွသည် မိစ္ဆာသင်္ကပ်ပွနှင့် တရားကိုယ်တူလို့ တရားကိုယ်ဝိတက်တခု ရတယ်။ သမ္မာသမာဓိနှင့် မိစ္ဆာသမာဓိ ဘာတူသလဲ ဧကဂ္ဂတာ တရားကိုယ်အဖြစ် တူတယ်။ သမ္မာဝါယာမနှင့် မိစ္ဆာဝါယာမ တူရာ ပေါင်းလိုက်တော့ ဝီရိယတရားကိုယ်။ မတူဘဲ ကျန်နေတာက ဘယ်သူလဲလို့ မေးလျှင် မိစ္ဆာဒိဋ္ဌိ၊ ဒါကြောင့် ကောင်းတဲ့မဂ္ဂင် ၈-ပါးက တရားကိုယ် ၈-မျိုး။ မကောင်းတဲ့ မဂ္ဂင်က တရားကိုယ် ၁-မျိုးသာ ထူးခြားရတော့တယ်။ ပညာ ဝိတက် ဝိရတိ ၃-ခု ဝီရိယ သတိ ဧကဂ္ဂတာ ဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ၉-ပါးက ပစ္စည်းတရား။

ပစ္စယုပ္ပန်ကျတော့ ဟေတုလိုဘဲ သမ္မယုတ္တာခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်လို့ ထွက်မလာဘူးလား (ထွက်လာပါတယ်)။

ဒီတော့ တိကနှင့် ဝေဖန်ကြည့်တော့ အကုသလပဒမှာ ပညာ ပါနိုင်ပါ့မလား (မပါနိုင်ပါဘူး)၊ ဝိတက် (ပါနိုင်ပါတယ်)၊ ပါနိုင်တယ်နော်။ ဝီရိယ (ပါနိုင်ပါတယ်)၊ သတိ (မပါနိုင်ပါ)၊ ဝိရတိ ၃-ခုလဲ မပါဘူး၊ ဧကဂ္ဂတာ (ပါနိုင်ပါတယ်)၊ ဒိဋ္ဌိ (ပါနိုင်ပါတယ်)။

ဒီတော့ မဂ္ဂင်တရားကိုယ် ၉-ပါး အနက်မှ ပစ္စည်းအတွက် အကုသလပဒနှင့် ဝေဖန်လျှင် ဘာတွေရသလဲ၊ ဝိတက် ဝိရိယ ဧကဂ္ဂတာ ဒိဋ္ဌိလို့ မဂ္ဂင်တရားကိုယ် ၄-ပါး ရတယ်။ မှတ်ထားပါနော်။ အကောက်ကျတော့လဲ ဒါတွေဘဲ။

ဘာတွေတုန်း ပြန်ကြည့်စမ်း၊ ကုသလပဒက ပစ္စည်းတရားက ပညာ ဝိတက် ဝိရတိ ၃-ခု ဝိရိယ သတိ ဧကဂ္ဂတာဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ၈-ပါး။ အကုသလပဒဖြစ်ခဲ့လျှင် ဝိတက် ဧကဂ္ဂတာ ဝိရိယ ဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ၄-ပါးက ပစ္စည်းတရား (မှန်ပါ)။

ကဲ ကြည့်စမ်း အဗျာကတပဒ။ **ပဝတ္တိ ပဋိသန္ဓေလို့** နှစ်မျိုးခွဲလိုက်။ ပဝတ္တိဖြစ်လျှင် ဝိပါက်ဆတ္တိံသ ကြိယာဝိသ၊ ယှဉ်တဲ့ စေတသိက်တွေ ဘယ်လောက်တုန်း (အဌတိံသပါ)။ အဌတိံသရှိလျှင် ကုသိုလ်မှာ ပစ္စည်း မဂ္ဂင် ၈-ပါးရနေသလို အဗျာကတ ပဝတ္တိမှာ ၈-ပါး မဖြစ်နိုင်ဘူးလား။ (ဖြစ်နိုင်ပါတယ်)။ နားလည်ပါစေနော်။

ပဋိသန္ဓေအခါ ဖြစ်ခဲ့အုံ၊ စေတသိက် မနေ့ကပြောခဲ့တယ်။ ဘယ်လောက်ယှဉ်သတုန်း၊ ပဋိသန္ဓေစိတ် ဧကူနဝိသရှိရာ ဒီမှာတော့ ဧကူနဝိသ မရဘူး၊ သဟိတ်တင် ရမှာ၊ ဘယ်လောက်ဘဲဖြစ်နေနေ စေတသိက်က ဘယ်လောက် ယှဉ်ရမယ် (ပဉ္စတိံသယှဉ်ပါတယ်)။ ပဉ္စတိံသဆိုတာ ၃၈-ပါးထဲက ၃-ခုလျော့တယ်။ လျော့တဲ့ ၃-ခုက ဘယ်သူလဲ (ဝိရတီ)။

ဒီတော့ အဗျာကတပဒ ပဝတ္တိမှာ ၈-ပါးရပေမဲ့ ပဋိသန္ဓေအခါ ဖြစ်ခဲ့အုံ၊ ပညာ ဝိတက် ဝိရိယ သတိ ဧကဂ္ဂတာဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ၅-ပါးက ပစ္စည်းတရား။

လေ့လာပါ။ ကြပ်ကြပ်နားလည်အောင် လေ့လာပါ။ ပါဠိတော်အတွက်က ဦးပဉ္စင်းတို့ ဘာမှ အခက်အခဲမရှိဘူး။

ပြန်နှလုံးသွင်းလိုက်စမ်း။ **ကုသိုလ်နှင့် အဗျာကတပဒ ပဝတ္တိမှာ** ပစ္စည်း မဂ္ဂင်တရားကိုယ် ဘယ်နှစ်ပါးတဲ့ (ရှစ်ပါး)။ **ပဋိသန္ဓေအခါ** ဖြစ်ခဲ့လျှင် (၅-ပါး)။ အကုသိုလ်ဖြစ်လျှင် ၄-ပါး။ အရကောက် ဒီအတိုင်းကောက်မှာမို့လို့ ထပ်ထပ်ပြောနေတယ်။ ပဌာန်းအရကောက်ကြီး ကျက်ရဦးမှာလား။ ဘာမှမကျက်နဲ့။ သတိရတုန်းပြောမယ်။ ဦးပဉ္စင်းတို့ ပါဠိတော်စာအုပ်ကြည့်လျှင် **ဆိုပြီးသား ပါဠိတော်ကို ပါဠိတော်စာအုပ်မှာ** ကြည့်ပါ၊ မပျင်းပါနှင့်။ ဘုန်းကြီးသင်ပေးလိုက်တာရယ်၊ ပုံနှိပ်ထားတဲ့ ပါဠိတော်စာအုပ်မှာ ရှိနေတဲ့ တရားတော်တွေရယ် တူရဲ့လားဆိုတာ ကြည့်ပါ။ အခုလို ဒီကပြန်သွားလျှင် ၃-ကြိမ်လောက် ရွတ်ပါ။ ရွတ်ပြီးတာနဲ့ တပြိုင်နက် ပါဠိတော်စာအုပ်ကို ဖွင့်ကြည့်ပါ။ အပေါင်းအသင်းအားဖြင့် ၅-ပါးလောက် ရွတ်ကြလျှင် ၁-ခေါက်ရွတ်၊ ၂-ခေါက်ရွတ်၊ ၃-ခေါက်ကျတော့ တပါးပါးက စာအုပ်ကြည့်ပြီး ကျန်တဲ့ပုဂ္ဂိုလ်တွေကရွတ်။ မှားတော့ ထောက်ပေးပေါ့။ တူ မတူ သတိပြု။ အရကောက်

အတွက်လည်း ထိုနည်းတူစွာ ဘုန်းကြီးချပေးပြီးတဲ့ စာတိုင်းစာတိုင်းကို ကြည့်ပါ။ ကြိုတင်ပြီး မကြည့်ရဘူး။ ဘုန်းကြီးဆီက သင်ပြီးမှ စာအုပ်တွေကို ကြည့်ပါ။

ထားပါဦးတော့ ခုတင်က ပစ္စည်းကို ကုသလတိကနှင့် ဝေဖန်သွားပြီ။ ကဲ ပစ္စယုပ္ပန်ကို ကြည့်စမ်း။

နေပုံထိုင်ပုံက ပြီးခဲ့တဲ့ ပစ္စည်းလို [illegible]ယုတ္တခန္ဓာတဲ့။ ဘာဖြစ်လို့ သူ့ကို သမ္မယုတ္တခန္ဓာခေါ်သလဲ။ အထပ်ထပ်မေးပြီး ပြောနေတယ်။ ဘာနှင့်ယှဉ်ရမယ်။ **ပစ္စည်းနှင့် ယှဉ်ရမယ်**။ ကဲ ဒါဖြင့် ယှဉ်ကြည့်စမ်း။ စိတ်ယှဉ် စေတသိက်ယှဉ်ကလေး မေးကြဦးစို့။

ပစ္စည်းက ဘယ်သူတဲ့တုန်း၊ (ပညာစေတသိက်)။ စိတ်ပေါင်း ဘယ်လောက်မှာ ယှဉ်သလဲ။ (၄၇-ပါးမှာ ယှဉ်ပါတယ်)။ ဝိတက်စေတသိက်က (၅၅-ပါးမှာ ယှဉ်ပါတယ်)။ ဝိရတီ စေတသိက် ၃-ခုက (၁၆-ပါးမှာ ယှဉ်ပါတယ်)။ ဝိရတီ စေတသိက် ၃-ခုသည် မဟာကုသိုလ် စိတ် ၈-ခု၌ ရံခါ အသီးအသီး ယှဉ်နိုင်တယ်။ လောကုတ္တရာစိတ် ၈-ခု၌ အမြဲတပေါင်းတည်း ဖြစ်၍ ယှဉ်၏။ ဒီတော့ စိတ်အကျဉ်း ၁၆၊ စိတ်အကျယ် ၄၈-ပါး၌ ယှဉ်၏။ ဘုန်းကြီး သင်ကြိုဟ်ဇယားသင်တော့ အဲဒီအတိုင်း သင်တာဘဲ။

ဝိရိယဘယ်လောက်ယှဉ်တယ် (၇၃-ပါး)။ သတိ ဘယ်လောက်ယှဉ်သလဲ၊ (၅၉-ပါး)။ သတိသည် သောဘဏစိတ်အကျဉ်း ၅၉၊ အကျယ် ၉၁၊ အဲဒီမှာ ယှဉ်တယ်။ ဧကဂ္ဂတာ (၈၉-မှာ ယှဉ်ပါတယ်)၊ စိတ်အကျဉ်း ၈၉၊ အကျယ် ၁၂၁-မှာယှဉ်တယ်။ ဒိဋ္ဌိစေတသိက် ဘယ်လောက်မှာ ယှဉ်သတုန်း၊ (ဒိဋ္ဌိဂတသမ္မယုတ်စိတ် ၄-ပါးမှာ ယှဉ်ပါတယ်)။ နိဂုံးသွား ကြည့်ပါ။

ပဋ္ဌဝိညာဏသု စျာနဂ်ါနိ-ကို မနေ့က ပြောခဲ့တယ်မဟုတ်လား။ စျာနပစ္စည်းဟောတော့ ဒွေပဋ္ဌဝိညာဉ် ၁၀-ကို ကြဉ်ပစ်ရတယ်။ အဝိရိယေသု ဗလာနိ။ ပြီးတော့ နောက်တခုက ဘာတဲ့တုန်း အဟေတုကေသု မဂ္ဂဂ်ါနိ နဝ လဗ္ဘန္တိ၊ အဟေတုကေသု=အဟိတ်စိတ် ၁၈-ခုတို့၌။ မဂ္ဂဂ်ါနိ=မဂ္ဂင်တို့ကို။ နဝ လဗ္ဘန္တိ=မရအပ်ကုန်။ သင်ကြိုဟ်မှာ အရှင်အနုရုဒ္ဓါမိန့်ကြားထားတဲ့ စကား။

အဲဒါကို ဘုန်းကြီးတို့ သင်ကြိုဟ်ဇယားက ဘယ့်နှယ်လုပ်ပြီး ပို့ချသတုန်း၊ **အဟိတ်စိတ် ၁၈-ခု၌ရှိသော ဧကဂ္ဂတာသည် မဂ္ဂင်ကိစ္စ မတပ်နိုင်။**

ဒီတော့ ခုတင်က သမ္မယုတ္တခန္ဓာမှာ စိတ် ၈၉-ရှိရမယ်လို့ဆိုပေမဲ့ ဧကဂ္ဂတာက စိတ် ၈၉-ယှဉ်လို့သာ ပြောနေရဒါကိုး။ အဟိတ်စိတ်ယှဉ်တုန်း ဧကဂ္ဂတာဟာ မဂ္ဂပစ္စည်း မထိုက်ဘူးဆိုတော့ အဟိတ်စိတ် ၁၈-ခုကိုထပ်ပြီး လျှော့ပေါ့။ ဒီတော့ ဘာကျန်ရစ်ခဲ့တော့သတုန်း သဟိတ်စိတ်ဘဲ ကျန်ရစ်တယ်။

သတိပြုကြစမ်း ဦးပဉ္စင်းတို့ သိပြီးပြီ။ ဒီတော့ ဒီသမ္မယုတ္တခန္ဓာမှာ ရှိနေတဲ့တရား သည် ဘယ်ပစ္စည်းနှင့်တူသလဲ။ ဘာနှင့်တူမယ် (ဟေတုနှင့် တူပါမယ်)၊ ဟေတုနှင့် မဂ္ဂ ပစ္စယုပ္ပန် သမ္မယုတ္တခန္ဓာတူတယ်။ သဟိတ် စိတ္တဇရုပ် အတူတူဘဲ ဒီလို ဆိုတယ်မဟုတ်လား။ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် အတူတူဘဲ မဟုတ်လား (မှန်ပါ)၊ ဒါကြောင့် သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော မဂ္ဂင်တရားကိုယ် ၉ ပါး။

ပြီးရောပေါ့ သုဒ္ဓသင်္ချာတပုဒ်လုံး သရုပ်ခွဲကြည့်၊ ဒီတော့ သမ္မယုတ္တခန္ဓာထဲမှာ ကုသိုလ် အကုသိုလ် အဗျာကတခွဲလျှင် ကုသိုလ်စိတ် ဧကဝီသ အကုသိုလ်စိတ် ဒွါဒသ ရှိ ရမယ်နော် (မှန်ပါ)။

ဟေတုနှင့် မဂ္ဂ မတူတာ အကုသိုလ် ပစ္စယုပ္ပန်မှာ ဟေတုက မောဟမူဌ ယှဉ်ခိုက် မောဟကို ကြဉ်ရမယ်လို့ ပြောခဲ့တယ် မဟုတ်လား (မှန်ပါ)၊ မဂ္ဂမှာတော့ မကြဉ်နှင့်၊ ဟိုက ဟိတ်တင် ယူနေတာ။

အဗျာကတကျတော့လဲ သဟိတ်ဝိပါက် ဧကဝီသ, သဟိတ်ကြိယာ သတ္တရသ။ ပဋိသန္ဓေဖြစ်လျှင်လဲ သဟိတ်ပဋိသန္ဓေ သတ္တရသလို့ ယူရတယ်။

အဲဒါက သုဒ္ဓသင်္ချာတပုဒ်လုံးအပေါ်မှာ မူတည်ပြီးတော့ ခွဲတဲ့သရုပ်။

ပါဠိတော် သရုပ်ခွဲ

ကဲ... ပါဠိတော်သရုပ် ထုံးစံအတိုင်း ခွဲရအောင် သတိပြုကြပါ။ ပါဠိတော်ဖြစ်အောင် လုပ်ကြစို့။ မဂ္ဂသုဒ္ဓသင်္ချာ ဟုတ်လား၊ သဟဇယ်အရကောက်ဇယား ပေါ်မှာတည်ပြီး ခွဲနေလဲ ရပါတယ်။

သမ္မယုတ္တခန္ဓာအားသာ တပ်သော ကုသိုလ်မဂ္ဂင်တရားကိုယ် ၈-ပါး တမျိုး။ သဟိတ် စိတ္တဇရုပ်အားသာ တပ်သော ကုသိုလ်မဂ္ဂင်တရားကိုယ် ၈-ပါး တမျိုး။ သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အားတပ်သော ကုသိုလ်မဂ္ဂင်တရားကိုယ် ၈-ပါး တမျိုး၊ ၃-မျိုးမဟုတ်လား (မှန်ပါ)။

ပါဠိတော်နေပုံ သဘာဝများ

သမ္မယုတ္တခန္ဓာအားသာ တပ်သော ကုသိုလ်မဂ္ဂင်တရားကိုယ် ၈-ပါး တမျိုးဆိုတော့ ဘာဖြစ်မလဲ ကုသလော ကုသလသ၊ ထုံးစံအတိုင်းနော်၊ ပါဠိတော်ဟောတော့ အနုဝါဒမှာ ကုသလာနိ ဘယ်လိုဖြစ်ရမလဲ၊ မနေ့ကတော့ ကုသလာနိ စျာနဂ်ါနိ၊ ယနေ့တော့ ကုသလာနိ မဂ္ဂဂ်ါနိ၊ ပစ္စည်းဖြစ်ရော။ ပစ္စယုပ္ပန်တွေ ဒီအတိုင်းဘဲ နေရတယ်။ မှတ်ခဲ့ပေါ့။

ထို့အတူ သဟိတ်စိတ္တဇရုပ်အားသာ တပ်သော ကုသိုလ်မဂ္ဂင်တရားကိုယ် ၈-ပါး ဖြစ်လျှင် ဘယ်လိုဖြစ်မလဲ-ကုသလော အဗျာကတသာ။

သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အားတပ်သော ကုသိုလ် မဂ္ဂင်တရားကိုယ် ၈-ပါးလို့ ဆိုတဲ့ အခါကျတော့ နံပါတ် ၃-မဟုတ်လား (မှန်ပါ)၊ ဘာတဲ့တုန်း ကုသလော ကုသလာ-ဗျာကတသာ၊ မှတ်ထားခဲ့ကြပါ။ ပြီးမှ ပေါင်းရွတ်ရအောင်။

အကုသလပဒဒ္ဒ သရုပ်ခွဲကြည့်။ သမ္မယုတ္တခန္ဓာအားသာ တပ်သော အကုသိုလ် မဂ္ဂင်တရားကိုယ် ၄-ပါးတမျိုး၊ မခက်ပါဘူး။ သို့သော် ဦးပဉ္စင်းတို့ နှုတ်ထဲ ကျေညက်နေအောင်လို့ ထပ်ထပ်ခိုင်းနေတာ၊ သဟိတ်စိတ္တဇရုပ်အားသာ တပ်သော အကုသိုလ်မဂ္ဂင်တရားကိုယ် ၄-ပါးတမျိုး၊ သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အား တပ်သော အကုသိုလ်မဂ္ဂင်တရားကိုယ် ၄-ပါး တမျိုး၊ ဘယ်နှစ်မျိုးတုန်း ၃-မျိုးဘဲ၊ ဦးပညာနန္ဒ ခွဲစမ်း။

ဦးပညာနန္ဒ။ ။သမ္မယုတ္တခန္ဓာအားသာ တပ်သော အကုသိုလ်မဂ္ဂင်တရားကိုယ် ၄-ပါး တမျိုး၊ သဟိတ်စိတ္တဇရုပ်အားသာ တပ်သော အကုသိုလ်မဂ္ဂင်တရားကိုယ် ၄-ပါးတမျိုး၊ သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အား တပ်သော အကုသိုလ် မဂ္ဂင်တရားကိုယ် ၄-ပါး တမျိုး။

ဆရာတော်။ ။အားလုံး ၃-မျိုးဘဲ မဟုတ်လား။ ဟောလိုက်ကြစမ်းတခေါက်။

သံဃာတော်များ။ ။တခေါက် ရွတ်ကြသည်။

ဆရာတော်။ ။အဗျာကတကို ထုံးစံအတိုင်းကြည့် ပဝတ္တိ ပဋ္ဌိသန္ဓေ။ ပဝတ္တိဖြစ်အံ့ သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အားတပ်သော သာမညဝိပါက်, ကြိယာ မဂ္ဂင်တရားကိုယ် ၈-ပါးတမျိုး။ **ပဋ္ဌိသန္ဓေဖြစ်အံ့** သမ္မယုတ္တခန္ဓာ သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ်အားတပ်သော ပဋ္ဌိသန္ဓေကိစ္စ တပ်သော ဝိပါက် မဂ္ဂင်တရားကိုယ် ၅-ပါး တမျိုး။ ဦးဥာဏဝရ ခွဲစမ်းပါ။

ဦးဥာဏဝရ။ ။သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အားတပ်သော သာမညဝိပါက်, ကြိယာ မဂ္ဂင်တရားကိုယ် ၈-ပါးတမျိုး။ သမ္မယုတ္တခန္ဓာ သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ်အား တပ်သော ပဋ္ဌိသန္ဓေကိစ္စတပ်သော ဝိပါက်မဂ္ဂင်တရားကိုယ် ၅-ပါး တမျိုး။

ပဋ္ဌိသန္ဓေကျမှ ၅-ပါး။ ပဝတ္တိကတော့ ၈-ပါး။ ကုန်ရောပေါ့။ ပါဠိတော်က မနေ့က စျာနဟောသလို ဟောရမှာဘဲ။ ရှေ့လဲ တိုးကြရအောင် ခေါင်းဆောင်တွေ ဘာတွေလုပ်ပြီး ရွတ်မနေပါနှင့်တော့။ အားလုံးလဲ ရွတ်တတ်လောက်နေပါပြီ။ ကုသလော ဓမ္မော ကုသလသ ဓမ္မသ မဂ္ဂပစ္စယေန

ပစ္စယော။ ဒီလိုသွားမယ် မဟုတ်လား (မှန်ပါ)၊ ပြီးတော့ကော ကုသလာနိ မဂ္ဂင်္ဂါနိ သမ္မယုတ္တကာနံ ခန္ဓာနံ မဂ္ဂပစ္စယေန ပစ္စယောလို့ အားလုံး ညီညီ ညာညာ ဖြည်းဖြည်းဆေးဆေး ဟောကြစမ်းပါ။

သံယာတော်များ။ ။ကုသလော ဓမ္မော ကုသလသဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။ ကုသလာနိ မဂ္ဂင်္ဂါနိ သမ္မယုတ္တကာနံ ခန္ဓာနံ မဂ္ဂပစ္စယေန ပစ္စယော။ (၁)

ကုသလော ဓမ္မော အဗ္ယာကတဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။ ကုသလာနိ မဂ္ဂင်္ဂါနိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။ (၂)

ကုသလော ဓမ္မော ကုသလသဿ စ အဗ္ယာကတဿ စ ဓမ္မဿ မဂ္ဂပစ္စ-ယေန ပစ္စယော။ ကုသလာနိ မဂ္ဂင်္ဂါနိ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာ-နဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။ (၃)

အကုသလော ဓမ္မော အကုသလသဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။ အကုသလာနိ မဂ္ဂင်္ဂါနိ သမ္မယုတ္တကာနံ ခန္ဓာနံ မဂ္ဂပစ္စယေန ပစ္စယော။ (၁)

အကုသလော ဓမ္မော အဗ္ယာကတဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။ အကုသလာနိ မဂ္ဂင်္ဂါနိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။ (၂)

အကုသလော ဓမ္မော အကုသလသဿ စ အဗ္ယာကတဿ စ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။ အကုသလာနိ မဂ္ဂင်္ဂါနိ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။ (၃)

အဗ္ယာကတော ဓမ္မော အဗ္ယာကတဿ ဓမ္မဿ မဂ္ဂပစ္စယေန ပစ္စယော။ ဝိပါကာဗ္ယာကတာနိ ကိရိယာဗ္ယာကတာနိ မဂ္ဂင်္ဂါနိ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။ ပဋ္ဌိသန္ဓိက္ခဏေ ဝိပါကာ-ဗ္ယာကတာနိ မဂ္ဂင်္ဂါနိ သမ္မယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။ (၁)

အာဟာရ သုဒ္ဓသင်္ခ်ာ

ဆရာတော်။ ။မဂ္ဂပစ္စည်းပြီးတော့ မနေ့က ဘာကို အဖတ်ခိုင်းထားသတုန်း၊ အာဟာရ ပစ္စည်း။ ဦးသူရိယ ဆိုစမ်း နာမ်အာဟာရပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌ —

ဦးသူရိယ။ ။**နာမ်အာဟာရပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌-သမ္မယုတ္တခန္ဓာ စိတ္တဇရုပ် ပဋ္ဌိသန္ဓေကမ္မဇရုပ်အား** တပ်သော ဖဿ စေတနာ ဝိညာဉ်ဟုဆိုအပ်သော

နာမ်အာဟာရ တရားကိုယ် ၃-ပါး၊ ဤ တရားတို့သည် နာမ်အာဟာရ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ချာ သတ္တ။ ယထာရဟပစ္စည်းရေ လတ်ကြီး (၈) နှင့် ဓိ ကံ ဣ၊ ပေါင်း ၁၂[1] ဟူသည်တည်း။

သင်္ချာ သတ္တ ဟူသော်ကား ဟေတုအတိုင်းဆို။ ပစ္စည်းရေ ၁၂ ဟူသော်ကား အာဟာရ အဓိပတိ သဟဇာတ အညမည နိဿယ ကမ္မ ဝိပါက ဣန္ဒြိယ သမ္မယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ-ဟူသည်တည်း။

ဆရာတော်။ ။အားလုံး ရလောက်ပါတယ်နော်၊ မှတ်ထားကြစမ်းပါ။ အဲဒီ နာမ်-အာဟာရပြီးတော့ တခါ ဘာကို ဆက်ပြီး အဖတ်ခိုင်းထားသတုန်း၊ ရုပ်-အာဟာရကို ခိုင်းထားတယ်၊ ဆက်ဆိုစမ်းပါ ဦးသူရိယ။

ဦးသူရိယ။ ။ရုပ်အာဟာရပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ-ကလာပ်တူ ကလာပ်ပြား ဖြစ်သော စတုသမုဋ္ဌာနိကရုပ်အား တပ်သော စတုသမုဋ္ဌာနိကသြဇာ၊ ဤတရားတို့သည် ရုပ်အာဟာရပစ္စည်း တပ်သော တရားတို့ မည်ကုန်၏။ သင်္ချာ ဧကံ။ ပစ္စည်းရေ ၃-ဟူသည်တည်း။

သင်္ချာ ဧကံ-ဟူသော်ကား အဗျာကတော အဗျာကတသ ဟူသည်တည်း။ ပစ္စည်းရေ ၃-ဟူသော်ကား အာဟာရ အတ္ထိ အဝိဂတဟူသည်တည်း။

ဆရာတော်။ ။ဒါက ရုပ်အာဟာရတဲ့။ အားလုံး သုဒ္ဓသင်္ချာကလေးတွေကို ဟိုနေ့ ကလဲ ပြောခဲ့ပါတယ်။ သတိထားရတယ် ငါဟောနေတဲ့ ပစ္စည်းမှာ၊ ဥပမာ ဟေတုပစ္စည်းမှာ ပစ္စည်းတရားတွေဟာ ဘာတွေလဲ နာမ်တရားတွေလား ရုပ်တရားတွေလား ပစ္စည်းတိုင်းမှာ လေ့လာပါနော်။ နာမ်တရားဖြစ်နေလဲ စိတ်နာမ်လား စေတသိက်နာမ်လား သို့မဟုတ် နိဗ္ဗာန်နာမ်လား စဉ်းစားရတယ် ရှာဖွေရပါတယ်။

အဲဒီလို ရှာဖွေလိုက်တော့ နာမ်ရပြန်လဲ နာမ်အကုန် ဟုတ်ကဲ့လား၊ စိတ်ဖြစ်လဲ စိတ်အကုန် ဟုတ်ကဲ့လား၊ စေတသိက်ကုန်ရဲ့လား၊ ရုပ်ဆိုပြန်တော့ ရုပ်တွေ အကုန်ဘဲလား။ ဒီလိုကလေး တွေးလာရမယ်။ အဌကထာက ဒါတွေ ဒီအတိုင်း ဖွင့်တာဘဲ။

၁။ ဟောဆဲ အာဟာရပစ္စည်းပါ ထည့်၍ ပေါင်း ၁၂-ဟု ဆိုထားသည်၊ ကျန်ပစ္စည်းများ ဤနည်းနှင်နှင် သိပါစေ။

ဒီတော့ ဟေတု-ဟိတ်ခြောက်ပါးဆိုတော့ ဘာတုန်း စေတသိက် နာမ်တရား၊ ကုန်ရဲ့လား မေးတော့ စေတသိက်က ၅၂-ပါးရှိသော ဘယ်ကုန်မလဲ၊ ခြောက်ပါးတည်း ရတာဘဲ။ အဲဒါကျတော့ နာမေကဒေသ လို့ အဋ္ဌကထာက သုံးတယ်။ နာမ်တစိတ်တဒေသတဲ့။

ထိုနည်းတူစွာပေါ့ ပြီးလာခဲ့တဲ့ စျာနပစ္စည်း မဂ္ဂပစ္စည်းတို့ ကြည့်လျှင်ကော စေတသိက် နာမ်တရားကလေးတွေဘဲ မဟုတ်လား။ သူတို့ကော ကုန်ရဲ့လား မေးလျှင် (မကုန်ပါဘူး)၊ နာမေကဒေသ တရားတွေဘဲ။

ယခု အာဟာရပစ္စည်း ရောက်လာတယ် ကြည့်စမ်း။ သမ္မယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဖဿ စေတနာ ဝိညာဉ်ဟု ဆိုအပ်သော နာမ်အာဟာရ တရားကိုယ် ၃-ပါးတဲ့။ သတိထားကြစမ်းပါ လွယ်ပါတယ်။ ဖဿဆိုတာ ဘာတုန်း စိတ်လား စေတသိက်လား (စေတသိက်ပါ)၊ စေတနာဆိုတာကကော (စေတသိက်ပါ)၊ ဝိညာဉ်ဆိုတာ ကကော (စိတ်ပါ)၊ စိတ် ၈၉-ပါးလုံးနှင့် ဆိုင်တယ်။ ဒီတော့ စေတသိက် ၂-မျိုး စိတ် ၁-မျိုး ၃-မျိုးရတယ်။ အဲဒီပစ္စည်း ဘယ်က လာသလဲမေးလျှင် ခုတင်က ဘုန်းကြီးပြောခဲ့တယ်၊ မိဿကသင်္ဂဟကလဲ –

ဆ ဟေတု ပဋ္ဌ စျာနဂ်ါ၊ မဂ္ဂဂ်ါ နဝ ဝတ္ထုတော။
သောဋ္ဌသိန္ဒြိယဓမ္မာ စ၊ ဗလဓမ္မာ နဝေရိတာ။
စတ္တာရောဓိပတီ ဝုတ္တာ၊ တထာဟာရာတိ သတ္တဓာ။

ဒီလိုဆိုခဲ့တယ်မဟုတ်လား (မှန်ပါ)၊ အာဟာရလေးပါး ရှိတယ်။ စတ္တာရော ဓိပတိ ဝုတ္တာ-အဓိပတိ ၄-ပါးရှိတယ်၊ တထာဟာရာတဲ့ အာဟာရလဲ ၄-ပါးဘဲရှိတယ်။

ဒီတော့ မေးပေါ့ အရှင်အနုရုဒ္ဓါက ၄-ပါးဆိုတာ ဘယ်သူလဲလို့ မေးတော့ စတ္တာရော **အာဟာရာ – ကဗဠီကာရော အာဟာရော**-တဲ့။ ခုတင်က နောက်ရွတ်တဲ့ သုဒ္ဓသင်္ခ်ာ ဘာတဲ့တုန်း၊ ရုပ်အာဟာရ မဟုတ်လား (မှန်ပါ)၊ အဲဒါကို ပြောတာ။ အခု ဒီမှာတော့ ဘာ တဲ့တုန်း **ဖဿော ဒုတိယော၊ မနောသဉ္စေတနာ တတိယာ၊ ဝိညာဏံ စတုတ္ထံ**တဲ့။ ဒီတော့ သြော်... ဒို့ သင်ကြိုဟ်တုန်းကဟာတွေ ဒီမှာ တွေ့နေတာကိုးလို့ မှတ်ထားစမ်းပါ၊ ပဋ္ဌာန်းလုပ်ပြီး မခက်ပါနဲ့၊ အာဟာရ ၄-မျိုး ရှိပေမဲ့ ကဗဠီကာရ အာဟာရက ရုပ်အာဟာရ ခေါ်တယ်။ ဖဿ စေတနာ ဝိညာဉ်က နာမ်အာဟာရ ခေါ်တယ်။

ဒီ ဖဿ စေတနာ ဝိညာဉ်ခေါ်တဲ့ ပစ္စည်းတရား ၃-မျိုးကို တိကနှင့် ဝေဖန်လိုက်လို့ရှိယင် ကုသိုလ်မှာလဲ ဒီ ၃-မျိုးလုံး မရှိပေဘူးလား၊ ရှင်းအောင် ပြောမလို့နော်၊ (မှန်ပါ)၊ အကုသိုလ်မှာလဲ ဒီ ၃-မျိုးရှိတယ်၊ အဗျာကတမှာလဲ ဒီ ၃-မျိုးရှိရမယ် မဟုတ်ဘူးလား။

သတိနှင့်လဲ နားထောင် စာကို ရှင်းပြောနေတယ်၊ သို့ပေမဲ့ သတိထားဖို့က ဖဿ သည် ကုသိုလ်မှာရှိခိုက် ကုသိုလ်မှာယှဉ်တဲ့ ဖဿ၊ စေတနာလဲ ကုသိုလ်နှင့်ယှဉ်ခိုက် ကုသိုလ်စေတနာ။

ဝိညာဉ်သည် ခုတင်က အပေါင်းပြောတုန်းက စိတ် ၈၉-လို့ ပြောခဲ့တယ် မဟုတ်လား၊ ကုသလပဒအတွက်ကြည့်လျှင် ကုသိုလ်စိတ် ဧကဝီသကိုသာယူ၊ နာမည်ကလေး တူတယ်၊ တရားကိုယ်တူသေးရဲ့လား (မတူပါ)၊ သိသိသာသာကြီး ကွဲမလာဘူးလား။

ထို့အတူ အကုသိုလ်မှာ ရှိပြန်တော့လဲ ဖဿနှင့် စေတနာတို့သည် အကုသိုလ် ဒွါဒသယှဉ်ခိုက်ကလေးသာ ယူ၍ ဝိညာဉ်ယူတဲ့ အခါကျတော့ ဘာယူရမလဲ ၈၉-မဟုတ်တော့ဘူးနော်၊ အကုသိုလ်စိတ် ဒွါဒသသာယူ။ သိသလိုလိုနှင့် အတော်သိမ်မွေ့တဲ့ ကိစ္စတွေ။

အဗျာကတသွားပြန်တော့လဲ ထို့အတူဘဲ ဖဿနှင့် စေတနာသည် ဝိပါက်ကြိယာနှင့် ယှဉ်ခိုက်သာဖြစ်၍ ဝိညာဉ်ကို ဝိပါက်စိတ် ဆတ္တိံသ, ကြိယာစိတ် ဝီသသာယူ။

ပဋ္ဌိသန္ဓေဖြစ်လျှင်လည်း ဖဿ စေတနာသည် ပဋ္ဌိသန္ဓေစိတ်နှင့်ယှဉ်ခိုက် ဖဿ စေတနာဖြစ်၍ ဝိညာဉ်ကို ဘာယူရမလဲ ပဋ္ဌိသန္ဓေစိတ် ဧကူနဝီသယူ။

နားလည်ပြီနော် သူ့နေရာနှင့် သူ့ပဒနှင့် တော်တဲ့ ဝိညာဉ်ကို ယူရတယ်၊ ထိုနည်းတူစွာ ပစ္စယုပ္ပန် သမ္မယုတ္တာခန္ဓာမှာ ဘာတရားတွေ ရှိသလဲလို့မေးလျှင် စိတ် ၈၉-ဘဲပေါ့၊ ဖဿတို့ စေတနာတို့ဆိုတာ သဗ္ဗစိတ္တသာဓာရဏာတွေ မဟုတ်လား (မှန်ပါ)၊ စိတ် ၈၉ စေတသိက် ၅၂ ခုတင်က စျာနမဂ္ဂတို့လို အလျှော့မရှိဘူးနော်။

ရုပ်မှာလဲ စိတ္တဇရုပ် စသည်ဖြင့် ရှိတဲ့နေရာမှာ စိတ္တဇရုပ်ကို ကုသိုလ် အကုသိုလ် အဗျာကတကြောင့်ဖြစ်တဲ့ ရုပ်ဆိုပြီး ၃-မျိုးခွဲလိုက် ပြီးနေတာဘဲ။

ဒီတော့ တပုဒ်လုံးရဲ့သရုပ်ကို နားလည်ယင် ပါဠိတော်သရုပ်ကို ခုတင်ကဟာပေါ်မှာ မှီပြီးခွဲလျှင် ဘယ်လို ခွဲသင့်သလဲ၊ ကုသလပဒ ၃-ချက်ကို ခွဲလျှင် သမ္မယုတ္တာခန္ဓာအားသာ တပ်သော ကုသိုလ် နာမ်အာဟာရ တရားကိုယ် ၃-ပါးတမျိုး... ဒီလိုမဖြစ်ဘူးလား၊ ဦးဉာဏဝံရ ခွဲကြည့်စမ်း။

ဦးဉာဏဝံရ။ ။သမ္မယုတ္တာခန္ဓာအားသာ တပ်သော ကုသိုလ် နာမ်အာဟာရ တရားကိုယ် ၃-ပါး တမျိုး၊ စိတ္တဇရုပ်အားသာ တပ်သော ကုသိုလ်နာမ်အာဟာရ တရားကိုယ် ၃-ပါး တမျိုး၊ သမ္မယုတ္တာခန္ဓာ စိတ္တဇရုပ်အားတပ်သော ကုသိုလ် နာမ်အာဟာရတရားကိုယ် ၃-ပါး တမျိုး။

ဆရာတော်။ ။အကုသိုလ်ခွဲလဲ ၃-ပါးဘဲ မဟုတ်လား၊ ဦးပညာနန္ဒ ခွဲကြည့်စမ်း။

ဦးပညာနန္ဒ။ ။သမ္မယုတ္တာခန္ဓာအားသာ တပ်သော အကုသိုလ် နာမ်အာဟာရတရား ကိုယ် ၃-ပါး တမျိုး၊ စိတ္တဇရုပ်အားသာ တပ်သော အကုသိုလ် နာမ်အာဟာရ တရားကိုယ် ၃-ပါး တမျိုး၊ သမ္မယုတ္တာခန္ဓာ စိတ္တဇရုပ်အားတပ်သော အကုသိုလ် နာမ်အာဟာရတရားကိုယ် ၃-ပါး တမျိုး။

ဆရာတော်။ ။ဒါဘဲ ခွဲရမှာ၊ အဗျာကတဖြစ်လျှင်တော့ ပဝတ္တိ ပဋိသန္ဓေ နှစ်မျိုးခွဲရမယ်၊ ဦးပဏ္ဍာဝ ခွဲစမ်းပါ။

ဦးပဏ္ဍာဝ။ ။သမ္မယုတ္တာခန္ဓာ စိတ္တဇရုပ်အားတပ်သော သာမညဝိပါက် ကြိယာ နာမ်အာဟာရတရားကိုယ် ၃-ပါးတမျိုး၊ သမ္မယုတ္တာခန္ဓာ ပဋိသန္ဓေကမ္မဇရုပ် အားတပ်သော ပဋိသန္ဓေကိစ္စတပ်သော ဝိပါက် နာမ်အာဟာရ တရားကိုယ် ၃-ပါး တမျိုး။

ဆရာတော်။ ။ဒါဘဲ ရှိတာပေါ့၊ ဒါ ထုံးစံအတိုင်း အသီးအသီး ဒီအတိုင်းဘဲ ရနေ ကြပါစေ၊ ဒီတော့ ပါဠိတော်က ဘာဖြစ်လာမလဲ ကုသလော ကုသလဿ စသည်ဖြင့် ၃-ချက်ထွက်မယ်၊ အကုသလော အကုသလဿကလဲ ၃-ချက် ထွက်မယ် မဟုတ်လား။ ဘုန်းကြီး အကျဉ်းဟောပြမယ်။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာဟာရပစ္စယေန ပစ္စယော။

ပြီးသွားတာတွေက ကုသလာနိ စျာနဂ်ါနိ ကုသလာနိ မဂ္ဂဂ်ါနိနှင့် ဒီလိုပြီးနေတယ် မဟုတ်လား။ အခုတော့ ဘယ့်နှယ်တုန်း ကုသလာဟာရာ ပုဒ်စပ်၍ထား။ သို့မဟုတ် ကုသလာ အာဟာရာ ပုဒ်ဖြတ်၍ နှစ်မျိုးစလုံး ရွတ်လို့ရတယ်။ သမ္မယုတ္တကာနဲ့ ခန္ဓာနဲ့ အာဟာရပစ္စယေန ပစ္စယော စသည်ဖြင့် အကုသိုလ်ဖြစ်လျှင်လဲ အကုသလာဟာရာပေါ့။ အဗျာကတဖြစ်လျှင် ဘယ်လိုဖြစ်မယ်-ဝိပါကာဗျာကတာ ကိရိယာဗျာကတာ အာဟာရာ။ ပဋိသန္ဓိက္ခဏော ဝိပါကာဗျာကတာ အာဟာရာ ဆိုပြီးတော့ ဆက်သွားပါ။ အဲဒါက နာမ် အာဟာရပါဠိတော်။

ပြီးတော့မှတခါ ရူပ်အာဟာရကျတော့ ကလာပ်တူ ကလာပ်ပြားဖြစ်သော စတု-သမုဋ္ဌာနိကရူပ်အားတပ်သော စတုသမုဋ္ဌာနိကဩဇာ၊ သူ့ကို တော်တော်များများကလေး အဓိပ္ပါယ်ပြောစရာရှိတယ်။ ဒီတော့ အဓိပ္ပါယ် နောက်နေ့မှပြောမယ်၊ ပါဠိတော်စီနည်းကို ကြည့်ပါ၊ ပစ္စည်းကလဲရူပ် ပစ္စယုပ္ပန်ကလဲ ရူပ်မဟုတ်လား။ အဗျာကတော အဗျာကတသ နောက်ဆုံးက သဏ္ဌိုဟ်ပါဠိအတိုင်းပေါ့။ ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော... လို့ထည့်။ ပါဠိတော်ကုန်ရုံကလေး ဒီနေ့ သင်ပေးနေတာ။

ပဋ္ဌိသန္ဓိက္ခဏော ဝိပါကာဗျာကတာ အာဟာရာ သမ္မယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။ "ကဗဠီကာရော အာဟာရော ဣမသ္မာ ကာယသ္မာ အာဟာရ ပစ္စယေန ပစ္စယော"။ အဲဒီ အဓိပ္ပါယ်တွေ နက်ဖြန်ခါမှ ပြောပေးပါ့မယ် ဒီနေ့ အားလုံး ညီညီ အာဟာရပစ္စည်း ပါဠိတော်ကို ဟောစမ်းပါ။

သံယာတော်များ။ ။ကုသလော ဓမ္မော ကုသလသ္မိံ ဓမ္မေ အာဟာရပစ္စယေန ပစ္စယော။ ကုသလာ အာဟာရာ သမ္မယုတ္တကာနံ ခန္ဓာနံ အာဟာရပစ္စယေန ပစ္စယော။ (၁)

ကုသလော ဓမ္မော အဗျာကတသ္မိံ ဓမ္မေ အာဟာရပစ္စယေန ပစ္စယော။ ကုသလာ အာဟာရာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။ (၂)

ကုသလော ဓမ္မော ကုသလသ္မိံ စ အဗျာကတသ္မိံ စ ဓမ္မေ အာဟာ-ရပစ္စယေန ပစ္စယော။ ကုသလာ အာဟာရာ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တ-သမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။ (၃)

အကုသလော ဓမ္မော အကုသလသ္မိံ ဓမ္မေ အာဟာရပစ္စယေန ပစ္စယော။ အကုသလာ အာဟာရာ သမ္မယုတ္တကာနံ ခန္ဓာနံ အာဟာရပစ္စယေန ပစ္စယော။ (၁)

အကုသလော ဓမ္မော အဗျာကတသ္မိံ ဓမ္မေ အာဟာရပစ္စယေန ပစ္စယော။ အကုသလာ အာဟာရာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အာဟာ-ရပစ္စယေန ပစ္စယော။ (၂)

အကုသလော ဓမ္မော အကုသလသ္မိံ စ အဗျာကတသ္မိံ စ ဓမ္မေ အာဟာရပစ္စယေန ပစ္စယော။ အကုသလာ အာဟာရာ သမ္မယုတ္တကာနံ-ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။ (၃)

အဗျာကတော ဓမ္မော အဗျာကတသ္မိံ ဓမ္မေ အာဟာရပစ္စယေန ပစ္စယော။ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ အာဟာရာ သမ္မယုတ္တကာနံ-ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။ ပဋ္ဌိသန္ဓိက္ခ-ဏော ဝိပါကာဗျာကတာ အာဟာရာ သမ္မယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။ ကဗဠီကာရော အာဟာရော ဣမသ္မာ ကာယသ္မာ အာဟာရပစ္စယေန ပစ္စယော။ (၁)

ဆရာတော်။ ။အဲဒီ ပါဠိတော်တွေထောက်သဖြင့် ပြီးခဲ့တဲ့ ဟေတု စျာန မဂ္ဂတို့မှာ သဟဇာတမျိုး သန့်သန့်တဲ့၊ မျိုးကွဲမရှိဘူး။ အခု အာဟာရကျတော့ မျိုးကွဲ

လာပြီ၊ နာမ်အာဟာရတမျိုး, ရူပ်အာဟာရတမျိုးတဲ့။**နာမ်အာဟာရဆိုတာက သဟဇာတမျိုး, ရူပ်အာဟာရဆိုတာက ဥပသဟဇာတမျိုး** လို့ ဒီလိုလဲ နားလည်ပါ။

နောက်နေ့တွေအတွက် သုဒ္ဓသင်္ခ်ာဖတ်ရအောင် သဟဇယ်က မကုန်သေးဘူး။ သဟဇာတိန္ဒြိယပစ္စည်း တွေ့ကြရဲ့လား။ ဦးဥာဏ ဖတ်စမ်း။

ဣန္ဒြိယသုဒ္ဓသင်္ခ်ာ

ဦးဥာဏ။ ။**သဟဇာတိန္ဒြိယပစ္စည်း**၏ သုဒ္ဓသင်္ခ်ာဝါရ၌- သမ္မယုတ္တခန္ဓာ စိတ္တဇရူပ် ပဋိသန္ဓေ ကမ္မဇရူပ်အား တပ်သော ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာဟု ဆိုအပ်သော နာမ်ဣန္ဒြေ တရားကိုယ် (၈)ပါး၊ ဤတရားတို့သည် သဟဇာတိန္ဒြိယပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ သတ္တ။ ယထာရဟပစ္စည်းရေ လတ်ကြီး (၈) နှင့် ဟေ ဓိ ဟာ စ္စာ မဂ်၊ ပေါင်း ၁၄-ဟူသည်တည်း။

သင်္ခ်ာ သတ္တဟူသော်ကား ဟေတု အတိုင်းဆို။ **ပစ္စည်း**ရေ ၁၄-ဟူသော်ကား ဣန္ဒြိယ ဟေတု အဓိပတိ သဟဇာတ အညမည နိဿယ ဝိပါက အာဟာရ စ္စာန မဂ္ဂ သမ္မယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ-ဟူသည်တည်း။

ဆရာတော်။ ။အားလုံး တခေါက်ဖတ်ကြပါ။

သံယာတော်များ။ ။တခေါက်ဖတ်ကြသည်။

ဆရာတော်။ ။သဟဇာတမျိုး ပစ္စည်းပေါင်း ဘယ်လောက် ရှိတယ် (၁၅-ပစ္စည်း ရှိပါတယ်)။ အခု သူက ၁၄-ပစ္စည်းတောင် ရနေတာ။ ၁၄-ပစ္စည်းဆိုတော့ ၁၅-ပစ္စည်း ထဲမှာ ၁-ပစ္စည်း လျော့တော့တယ်။ သတိထားလျှင် **ကမ္မပစ္စည်း** (မှန်ပါ)။

ကမ္မရဲ့ ပစ္စည်းတရားဟာ ဘယ်သူလဲလို့မေးလျှင် စေတနာ။ စေတနာကို ဣန္ဒြေဖွဲ့လို့ ရပါ့မလား (မရပါ)၊ စေတနိန္ဒြေလို့ မရှိဘူး။ ဒါကြောင့် ဒီ ၁-ပစ္စည်း ကျန်တယ်လို့မှတ်။

သတိပြုပြီး နောက် ဝတ္ထုပုရေဇာတမျိုး သုဒ္ဓသင်္ခ်ာထဲ သွားကြည့်စမ်း၊ ပု-တီ လို့ ရေးထားလိမ့်မယ်။ ဝတ္ထုပုရေဇာတိန္ဒြိယ။ တိုတိုကလေးပါ ဦးသုဇာတ ဖတ်စမ်း။

ဦးသုဇာတ။ ။**ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း**၏ သုဒ္ဓသင်္ခ်ာဝါရ၌- ဒွေပဗ္ဗဝိညာဉ် ၁၀-အားတပ်သော မန္ဒာယုက အမန္ဒာယုက မဏ္ဍိမာယုက ၃-ပါးတို့တွင် မဏ္ဍိမာ-

ယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြုင်သော ပဋ္ဌဝတ္ထု။ ဤ တရားတို့သည် ဝတ္ထုပုရေဏတိန္ဒြိယပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သခ်္ခ ဧကံ။ ပစ္စည်းရေ ၆-ဟူသည်တည်း။ သခ်္ခ ဧကံဟူသော်ကား အဗျာကတော အဗျာကတသ ဟူသည်တည်း။ ပစ္စည်းရေ ၆-ဟူသော်ကား ဣန္ဒြိယ နိဿယ ပုရေဏတ ဝိပွယုတ္တ အတ္ထိ အဝိဂတ— ဟူသည်တည်း။

ဆရာတော်။ ။ဟောဆဲပစ္စည်းကို ရှေ့က ထားစေချင်လို့ ဣန္ဒြိယကို ရှေ့ကထားတာ အားလုံး ဖတ်စမ်းပါ။

သံဃာတော်များ။ ။တခေါက်ပြန်ဖတ်ကြသည်။

ဆရာတော်။ ။အဲဒါ အကျဉ်းချုပ်ခေါ်တော့ ပု-တိ-လို့ နောက်ကို သုံးလိမ့်မယ်။ ပု-တိ ဆိုလျှင် သူ့ကိုမှတ်ပါ။ နောက်နားတခုကြည့်စမ်း ရူပဇီဝိတိန္ဒြိယတဲ့ တိုတိုကလေးပါဘဲ။ ဦးသုဇာတ ဖတ်စမ်းပါ။

ဦးသုဇာတ။ ။ရူပဇီဝိတိန္ဒြိယပစ္စည်း၏ သုဒ္ဓသခ်္ခာဝါရ၌-ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ၉-ခုအားတပ်သော ရုပ်ဇီဝိတိန္ဒြေ၊ ဤတရားတို့သည် ရူပဇီဝိတိန္ဒြိယ ပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သခ်္ခ ဧကံ။ ပစ္စည်းရေ ၃-ဟူသည်တည်း။ သခ်္ခ ဧကံ ဟူသော်ကား အဗျာကတော အဗျာကတသ ဟူသည်တည်း။ ပစ္စည်းရေ ၃-ဟူသော်ကား ဣန္ဒြိယ အတ္ထိ အဝိဂတ ဟူသည်တည်း။

ဆရာတော်။ ။အားလုံး တခေါက်ဖတ်ကြပါ။

သံဃာတော်များ။ ။တခေါက်ဖတ်ကြသည်။

ဆရာတော်။ ။အဲဒီ သုဒ္ဓသခ်္ခာ ၃-ပုဒ်ကို ကျေနေအောင် ကျက်ခဲ့ကြပါ။ ကဲ နာရီစေ့သွားပြီ တော်ကြဦးစို့။

သဘာဂပစ္စည်းရှာနည်း

ဆရာတော်။ ။မနေ့က ပြီးသွားတဲ့အထဲမှာ သခ်္ခာသတ္တ၊ ယထာရဟ ပစ္စည်းရေ လတ်ကြီး (၈) နှင့် ဓိ ဣ ဣ မဂ်၊ ပေါင်း ၁၂-ဆိုတာ အဲဒါကို ပြောပေးမယ်။

ပဋ္ဌာန်းကျမ်းမှာ မြတ်စွာဘုရားဟောတာ ပစ္စယုဒ္ဒေသအနေအားဖြင့် ၂၄-ပစ္စည်းရှိတယ်။ အဲဒီ ၂၄-ပစ္စည်း ရှိတဲ့အနက်က ဟေတုမှာရတာ ပစ္စည်းရေ

၁၂-လို့ဆိုထားတယ်၊ ၁၂-သာ ရတော့ တဝက်ရတယ် ဆိုကြပါစို့။ ကျန်တဲ့ ၁၂-ပစ္စည်းတွေ ဘာဖြစ်လို့ မရသလဲ၊ ၁၂-ပစ္စည်းသာလျှင် ဘာဖြစ်လို့ ရနိုင်သလဲဆိုတာ စဉ်းစားခန်းထုတ်ကြရမယ်။

ဒီတော့ ရှေးဦးစွာ ဘာကို နားလည်ရမလဲလို့ မေးတော့ ပစ္စည်းရေ ထုတ်တယ်ဆိုတဲ့ ဥစ္စာက အခု ဒီက ဟေတုပြောနေလျှင် ဟေတုနှင့် စပ်တဲ့ လွယ်လွယ်ပြောကြပါစို့ သဘာဂပစ္စည်းကို ပြောနေတာ၊ သဘာဂပစ္စည်းကို ထုတ်ပေးနေတာ။

အဲဒီတော့ အဲဒီ သဘာဂပစ္စည်းဆိုတာက ဘယ်မှာ ရှာရသလဲလို့မေးလျှင် သတိပြုကြပါ ရှေးဦးစွာ မျိုးပစ္စည်းမှာ ရှာပါ။

ဆရာတော်။ ။ဘယ်မှာကြည့်ရမလဲ။

သံယာတော်များ။ ။မျိုးပစ္စည်းမှာ ကြည့်ရပါမယ်။

ဆရာတော်။ ။မျိုးပစ္စည်းဆိုတော့ ဟေတုက ဘာမျိုးလဲ။

သံယာတော်များ။ ။သဟဇာတမျိုးပါ။

ဆရာတော်။ ။သဟဇာတမျိုးဆိုလျှင် သဟဇာတမျိုးထဲမှာ ကြည့်ရမယ်။ ဒီတော့ သဟဇာတမျိုးပစ္စည်းပေါင်းက ဘယ်လောက်ရှိသလဲလို့ မေးလျှင်တော့-

သံယာတော်များ။ ။၁၅-ပစ္စည်းပါ။

ဆရာတော်။ ။နားလည်အောင် ဂရုစိုက်ထားကြပါ။ ဒါတွေဟာ အခု ဒီနေရာက နားလည်သွားလျှင် နောက်ပိုင်းမှာ အများကြီး လွယ်သွားမည့် ကိစ္စတွေရှိတယ်။ ဒါကြောင့် အပင်ပန်းခံပြီး ပြောနေတယ်။

ဘုန်းကြီးတို့ငယ်စဉ် ကိုရင်ဘဝက တောင်မြို့ ညဝါအဘိဓမ္မာ ဆရာကြီးဦးအုန်း လက်ထက်ပေါ့။ ဆရာကြီးရဲ့ တပည့်ကြီးတွေလဲဘဲ ပြန်လွန်တော်မူကုန်ကြပြီ။ လွန်ခဲ့တဲ့ ၃-နှစ်က ပြန်လွန်တော်မူတဲ့ မိုးကုတ်ဆရာတော်ခေါ်တဲ့ ဦးဝိမလဟာ ဆရာကြီးရဲ့တပည့် ဘဲ။ နောက်ဒီပြင် မင်္ဂလာတိုက်သစ်မှာနေသွားတဲ့ ဦးဓမ္မသာမိ၊ စောစောပိုင်းက ကွယ်ပျောက်နေတဲ့ ဦးဉာဏိန္ဒလို့ တပည့်ကြီး ၃-ပါးရှိတယ်။

ဘုန်းကြီးတို့က ကိုရင်ဘဝ၊ ခုတင်က ပြောခဲ့တဲ့ မိုးကုတ်ဆရာတော် ဦးဝိမလတို့က ရဟန်းနှစ်ဝါ သုံးဝါအရ အဲဒီမှာ အတူနေခဲ့ရတယ်။

ဘုန်းကြီးတို့ သွားတာကတော့ အဲဒီအချိန်မှာ ပဌာန်းမတက်နိုင်သေးပါဘူး ယမိုက် သွားပြီးဆိုတာ။ သို့ပေမဲ့ ဝါသနာပါတော့ ဘုန်းကြီးက သွားသွားနားထောင်တယ်။

နားထောင်တဲ့အခါ ဆရာကြီး ပြောတဲ့အထဲမှာ ဒီကိစ္စမျိုးတွေနှင့် စပ်ပြီးတော့ ဘာ ပြောလေ့ ရှိသတုန်းဆိုတော့ "**အဖိုးမသိလဲ မဝယ်နဲ့**" "**အမျိုးမရှိလဲ မကျယ်နဲ့**"တဲ့ ဒီစကား ကလေးကို ဆရာကြီးအင်မတန် ပြောလေ့ရှိတယ်။ (**အဖိုးမသိလဲ** မဝယ်နဲ့ **အမျိုးမရှိလဲ** မကျယ်နဲ့-တဲ့)။

ပဋ္ဌာန်းမှာ **အမျိုး**ကို ရှေးဦးစွာ သိရမယ်တဲ့။ **အမျိုးမရှိ** **မကျယ်**နဲ့ ဆိုတာ ပဋ္ဌာန်း ကို ရည်ရွယ်ပါတယ်။ ဟေတုကနေပြီး ရှာချင်လို့ရှိယင် ကိုယ့်မျိုးဖြစ်တဲ့ **သဟဇာတမျိုး**မှာ သာ ရှာရတယ်။ ဒီပြင်မျိုးမှာ မရှာရဘူးလို့ ဆိုလိုတယ်။

အဲဒီလိုမျိုးမှာ တခါကြည့်ပြီးတော့မှ ဘာရှာရသတုန်းဆိုတော့ နောက်ထပ် သဘာဂ ကို ရှာရတယ်။

နှစ်ဆင့်နော် ပဋ္ဌမက ဘာကို ကြည့်ရမလဲ၊ **မျိုး**ကို ကြည့်ရမယ်။ **နောက်ပြီးတော့ သဘာဂ**ကိုကြည့်။

ဒီတော့ ဟေတုက သူဟာ မျိုးနှင့် ရှာလိုက်တော့ ၁၅-ပစ္စည်းရှိတယ်။ အဲဒီ ၁၅-ပစ္စည်းမှာ သဘာဂပစ္စည်းဆိုတာ ရှာရလိမ့်မယ်။

လူ့လောကမှာလဲ ဒီလိုဘဲ လူတွေဟာ **အမျိုး**တော်နေပေမဲ့ **အမျိုး**တိုင်း မခင်ဘူး။ သဘောတူရာချင်းမှ ပေါင်းသင်းမိတယ်။ "ဓာတုသော ဘိက္ခဝေ သတ္တာ သံသန္ဒေန္တိ" ဆိုတဲ့ အတိုင်း သဘောတူရှိတယ်။ ဒီအတိုင်းဘဲ ပစ္စည်းမှာ သဘာဂရှိဆိုတာရှိတယ်။

အဲဒီတော့ ဘယ်နှယ်လုပ်ပြီး ရှာမလဲလို့ မေးလျှင် ဟိုနေ့က ဘုန်းကြီးပြောသွားတဲ့ အတိုင်း သတိပြုနားထောင်ကြပါ။ သဟဇာတ ၁၅-ပစ္စည်းရှိတဲ့အနက်က ၇-ပစ္စည်းကို အဝယ်၊ အညမညအစရှိသော ၄-ပစ္စည်းကို အလတ်၊ သဟဇာတအစရှိသော ၄-ပစ္စည်း ကို အကြီးလို့ ခေါ်ထားပါတယ်၊ လယ်တီဆရာတော်ဘုရားကြီးများ စပြီးတော့ သုံးတယ်လို့ လဲ ပြောခဲ့တယ်။

အဲဒီလို ဘာဖြစ်လို့ ခေါ်ရတာလဲ၊ **အ**ဝယ် **အ**လတ် **အ**ကြီးလို့ ဘာဖြစ်လို့ ခေါ်ရ တာလဲ။ ခေါ်ခြင်း၏ အကြောင်းက ဒီလိုရှိတယ်၊ **အ**ဝယ်လို့ ခေါ်တဲ့ ၇-ပစ္စည်းဟာ ပစ္စည်း တရားအနေအားဖြင့် အလွန်တရာနည်းပါးကြပါတယ်။

ပဓာနအားဖြင့် ပဥ္စာဝါရမှာ ပစ္စည်းကို ဟောပါတယ်။ သို့ပေမဲ့ ယူတော့ ပစ္စ ယုပ္ပန်နှင့်ပင် ညှိယူရပါတယ်။

ဟေတုအစရှိသော ၇-ပစ္စည်းမှာ ပစ္စည်းတရားက အလွန်နည်းပါးပါတယ်။ ဘယ် လောက် နည်းပါးသလဲလို့ မေးလျှင် **အ**ဝယ် ၇-ပစ္စည်းအနေပေါ်မှာ တည်ပြီး ဦးပဠင်းတို့ ကြည့်စမ်း။

ကမ္မပစ္စည်းရဲ့ ပစ္စည်းတရားဟာ ဘာရှိသတုန်း၊ စေတနာ စေတသိက်ကလေးတလုံး ဘဲရှိတယ်။ မနေ့က ဦးပဉ္စင်းတို့ ဆိုသွားတဲ့ နာမ်အာဟာရရဲ့ ပစ္စည်းတရားဟာ ဘယ်လောက် ရှိသတုန်း (ဖဿ စေတနာ ဝိညာဉ် ၃-ပါး ရှိပါတယ်)၊ ၃-ပါးဘဲ ရှိတယ်၊ မနည်းဘူးလား (နည်းပါတယ်)။ အဓိပတိမှာ ပစ္စည်းတရားကိုယ် ဘယ်လောက်ရှိသလဲ (၄-ပါး ရှိပါတယ်)၊ ဆန္ဒ ဝီရိယ စိတ္တ ဝီမံသ ၄-ပါး ရှိပါတယ်။ ပြီးသွားတဲ့ စျာနပစ္စည်းကြည့်စမ်း၊ ပစ္စည်းတရား ကိုယ်ပေါင်း ဘယ်လောက်ရှိမလဲ (၅-ပါးရှိပါတယ်)။ ဟေတုမှာ ဘယ်လောက်ရှိမလဲ (၆-ပါး ရှိပါတယ်)။ ဣန္ဒြေယမှာ ဘယ်နှစ်ပါးတဲ့တုန်း (၈-ပါး)။ မဂ္ဂမှာကော (၉-ပါး)။ ဒီထက်ပိုပြီး မရှိဘူး။

လေ့လာပါ ဒါကလေးတွေ လေ့လာပါ။ ဘုန်းကြီး မနေ့ကလဲ သတိပေးတယ်။ ပြန်နားထောင်စမ်း၊ ဦးပဉ္စင်းတို့ လုပ်စေချင်လွန်းလို့ ဒါကလေးတွေ စဉ်းစားစေချင်တယ်၊ လေ့လာစေချင်လို့ ထပ်ပြောတာ။ တပါးတည်း ပစ္စည်းတရားရှိတာက ကမ္မ။ ၂-ပါးရယ်လို့ မရှိဘူး။ ၃-ပါးက နာမ်အာဟာရ၊ ၄-ပါးက အဓိပတိ၊ ၅-ပါးက စျာန၊ ၆-ပါးက ဟေတု၊ ၇-ပါး မရှိဘူး၊ ၈-ပါးက ဣန္ဒြေယ၊ ၉-ပါးက မဂ္ဂ။ ဘယ်လောက်နည်းသလဲ ပစ္စည်းတရားကိုယ်။

အဲဒီလို ပစ္စည်းတရားကိုယ် အရနည်းလွန်းလို့ သူတို့ကို သဟမ္မိုးထဲပင် ဖြစ်သော်လည်း အင်ယိ ၇-ပစ္စည်းလို့ အမည်ပေးတော်မူခဲ့ကြတယ်။

အဲဒီမှာလဲ ရနေတဲ့ ၁-ပါး ၃-ပါး ၄-ပါး အစရှိတဲ့ ပစ္စည်းတရားတွေက ဘုန်းကြီး ခဏ ခဏ သတိပေးတယ်၊ ဘာတွေလဲ စိတ်တွေလား စေတသိက်တွေလား နာမ်တွေလား ရုပ်တွေလား ဒါကိုလေ့လာပါနော်။

ဘယ်လိုလဲ ပြောပြော အင်ယိ ၇-ပစ္စည်းမှာ ရနေတဲ့ တရားအပေါင်းအစုဟာ နာမေကဒေသ နာမ်တရား တစိတ်တဒေသချည်းဘဲ။ စေတသိက် အချို့အဝက်နှင့် စိတ် အားလုံး ပါနိုင်တာက အာဟာရနှင့် ဣန္ဒြေယလောက်ဘဲရှိတယ်။

ထားပါတော့ အညမည အစရှိသော ၄-ပစ္စည်းသည် အညမည ဝိပါက သမ္မယုတ္တ ဝိပ္ပယုတ္တပေါ့။ အဲဒီ ပစ္စည်းတွေဟာ ဟေတု အစရှိသော ၇-ပစ္စည်းနှင့် နှိုင်းစာမယ်ဆိုလျှင် ပစ္စည်းတရား သူတို့ထက် များတယ်။

ဘယ်လောက်များသလဲလို့ သိချင်လျှင် သုဒ္ဓသင်္ချာတပုဒ်ကို လေ့လာကြည့်ပါ။ ဥပမာ-ဝိပါက ပစ္စည်းကို ကြည့်စမ်း။ အချင်းချင်းအားဇင်း, အချင်းချင်းနာမဂ္ဂန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားဇင်း တပ်သော-သူက ပစ္စယုပ္ပန်နော်။ ပစ္စည်းတရားက ဘာတဲ့တုန်း၊ အလုံးစုံသောဝိပါက်ပဝတ္တိ ပဋိသန္ဓေ နာမဂ္ဂန္ဓာ ၄-ပါး၊ ဟဒယဝတ္ထုအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမဂ္ဂန္ဓာ၊ ဒီတော့ ဘာတွေရသလဲ ဝိပါက်စိတ် ဆတ္တိံသနှင့်

စေတသိက် အဌတိံသ မဟုတ်လား (မှန်ပါ)။ ခုတင်က အငယ် (၇) ပစ္စည်းမှာ ဒါလောက် များများရတာ ရှိသလား မရှိဘူး။ အဲဒါ အလတ် ၄-ပစ္စည်းထဲမှာ သူဟာ တရားအရ အနည်းဆုံး။

အညမညတို့ သမ္မယုတ္တတို့ဆိုလျှင် ပစ္စည်းတရားဟာ စိတ်ကုန် စေတသိက်ကုန် ရနိုင်တယ်။ ရုပ်မကုန်တောင် နိဗ္ဗာန်မှတပါး နာမ်တရားတွေ အကုန်ရနိုင်တယ်။

ဝိပ္ပယုတ္တာမှာ အနည်းအကျဉ်း စိတ်လျှော့တယ်။ အကုန်လုံးတော့လဲ မရတတ်ဘူး။ ဘာဘဲပြောပြော အငယ် ၇-ပစ္စည်းထက်တော့ သူတို့က တရားအရများပါတယ်။ ဒါကြောင့် သူတို့ကို အလတ် ၄-ပစ္စည်းလို့ ခေါ်ရတယ်။

ထိုနည်းတူစွာ ရှေ့ကို တိုးကြည့်လျှင် သဟဇာတ နိဿယ အတ္ထိ အဝိဂတခေါ်တဲ့ (၄) ပစ္စည်းသည် အလတ် (၄) ပစ္စည်းထက် ပိုပြီးတော့ တရားများပါတယ်။ ဘယ်လောက် များသလဲလို့မေးလျှင် နာမ်တရားတွေ အကုန်ရှိတယ်၊ ရုပ်တရားတွေ ရှိတယ်။ နာမ်ကုန် ရုပ်ကုန်လောက်ဘဲရှိတယ်။ နိဗ္ဗာန်တခုဘဲ ကျန်နေတယ်။ အဲဒါကလေး မှတ်ထားပါ။

အဲဒါကြောင့် ဟေတုပစ္စည်းရေ ၁၂-ထုတ်တဲ့ အချိန်မှာ ဟေတုရနေတဲ့ ပစ္စည်း တရားမျိုး အလတ် (၄) ပစ္စည်းမှာ ရှိရဲ့လားလို့ သတိပြုကြည့်လိုက်လျှင် ဟေတုက ဘာရှိ သတုန်း ဟိတ် ၆-ပါး၊ ခုတင်က ပြောတဲ့ ပစ္စည်းတရားတွေမှာ အညမညမှာ နာမ်ကုန်ရ တယ်မဟုတ်လား၊ နာမ်ကုန်ဆိုတာ ဘာတုန်း စိတ်ကုန် စေတသိက်ကုန်ရတယ်။

ဒီလိုဆိုလျှင် ဟေတုရတဲ့ပစ္စည်းက ဟိတ် ၆-ပါး စေတသိက် ၆-ပါးရှိတော့ သူ့ ထက်မများဘူးလား (များပါတယ်)၊ ပိုက်ဆံ ၆-ပြားရှိတဲ့လူက ငွေတဆယ်လောက်ရှိတဲ့လူကို သွားပြီး ပြိုင်လို့ မနိုင်ဘူး၊ ဟိုက နိုင်နေတယ်နော် (မှန်ပါ)။

ဒီတော့ ဟေတုက မေးတယ် ပစ္စည်းပြိုင်တဲ့ သဘောမျိုး ပဋ္ဌာန်းလဲ ပစ္စည်းပြိုင်တာ ခေါ်တာဘဲ၊ ဒါဟာ ကျုပ်မှာ ဟိတ် ၆-ပါး ပစ္စည်းတရားရှိတယ်၊ အညမညအစရှိတဲ့ ၄-ပစ္စည်းတို့ ... ခင်ဗျားတို့မှာ ကျုပ်လို ဟိတ် ၆-ပါးများ ရှိကြရဲ့လားမေးလျှင် အညမည စသည်က ပြောလို့ရှိလျှင်လဲ ရှိတယ်ကွ မင်းလောက် မကဘူး ဒို့မှာ အများကြီး၊ ဒီလို ဖြေမှာပေါ့နော်။

ထိုနည်းတူစွာဘဲ သဟကြီး (၄) ပစ္စည်းကို မေးကြည့်လျှင်တော့ နာမ်တွေ ရုပ်တွေ အကုန်ရတယ်လို့ ပြောထားတယ် မဟုတ်လား (မှန်ပါ)၊ ဟိတ် (၆) ပါး ရှိရဲ့လားလို့ မေးလျှင် ဘယ်လို ဖြေသင့်သတုန်း ရှိတယ်ဘဲ ဖြေရမှာဘဲ။ မင်းဟိတ် (၆) ပါးလုံး ဒို့ဆီမှာရှိတယ် (မှန်ပါ)၊ ရှိတယ်လို့ ဖြေနိုင်တယ်၊ သူ့ထက် တခု တခု သာနေကြတယ်လို့ နားလည်ထား ကြပါ။

ဒါ့ကြောင့် 'သခ်ၠာ သတ္တ၊ ယထာရဟပစ္စည်းရေ လတ်ကြီး (၈) နှင့်' လို့ မပါဘူးလား (ပါပါတယ်)၊ ဒါဟာ အကြီး အလတ်က သူ့ထက်သာတယ်လို့ မှတ်ထားပါ။ ကဲ... ဒါဖြင့် အငယ်ပစ္စည်းချင်း မေးကြစို့။

ဟေတုက မေးတယ်၊ အဓိပတိ အစရှိသော ကျန်တဲ့ (၆) ပစ္စည်းတို့... ငါလိုဘဲ မင်းတို့မှာ ဟိတ် (၆)ပါး ရှိကြရဲ့လားတဲ့၊ မေးခွန်းထုတ်ပြီး မေးလိုက်တော့ အဓိပတိ တရားကိုယ် ၄-ပါးကို မေးကြည့်စမ်း ဟိတ်ပါသလား မပါဘူးလားလို့ (ပါပါတယ်)၊ ဘာဟိတ် ရှိသလဲတဲ့ ဆန္ဒဟာ ဟိတ်ဟုတ်ကဲ့လား (မဟုတ်ပါ)၊ စိတ္တ-ကကော (မဟုတ်ပါ)၊ ဝီရိယကကော (မဟုတ်ပါ)၊ ပြီးတော့ ဘာတဲ့တုန်း (ဝီမံသပါ)။ ဝီမံသ အဓိပတိက ဘာဟိတ်တဲ့တုန်း (အမောဟဟိတ်ပါ)၊ ၆-ပါးတော့မရှိဘူး ငါ့မှာ တပါးတော့ရှိတယ်တဲ့ အဓိပတိက၊ နားလည်ပလား (နားလည်ပါတယ်)။

အဲဒီလို ဟေတုမှာ (၆) ပါးရှိတဲ့အနက်က အမောဟဟိတ်မျိုး အဓိပတိမှာ ဝီမံသာ ဓိပတိအနေနှင့် ရှိနေတော့ သူတို့ချင်း တရားအရ တူတာကို သဘောတူတာကို သဘာဝလို့ ခေါ်တယ်။ အကြီး အလတ် (၈) ပစ္စည်းမှာတော့ (၆)ပါးစလုံး သဘောတူရှိတယ်။ အဓိပတိမှာတော့ ဘယ်နှစ်ပါးတူကြသလဲ (၁-ပါး တူပါတယ်)၊ အမောဟဟိတ်ဟု ခေါ်သော ဝီမံသာဓိပတိ ၁-ပါးတူတယ်၊ မှတ်ထားကြပါ။

ကမ္မကိုမေးကြည့်ပါ၊ ကမ္မ-ရေ ... ဟိတ် (၆)ပါးရှိရဲ့လား မေးတော့ ကမ္မရှိတာက ဘာလဲ (စေတနာပါ)၊ တူသေးရဲ့လား (မတူပါ)၊ မရဘူးတဲ့။ ဟေတုကနေပြီး မေးခွန်းထုတ်လို့ အဓိပတိရတယ်။ ကမ္မကျတော့ (မရပါ)။

အာဟာရပစ္စည်း မေးကြည့်စမ်း။ ဟိတ် (၆) ပါးဟာ အာဟာရတရားကိုယ် (၃) ပါးမှာ ရှိရဲ့လားလို့ ကြည့်စမ်း၊ ဖဿ ဟိတ်မဟုတ်ဘူး၊ စေတနာ ဝိညာဉ် ဟိတ်ဟုတ်ရဲ့လား (မဟုတ်ပါ) မရဘူး။ ဒီတော့ မရတဲ့ပစ္စည်းမှတ်။ ခုတင်က ကမ္မပစ္စည်း၊ အခု အာဟာရပစ္စည်း (မှန်ပါ)။

ဣန္ဒြိယမေးကြည့်။ ဘာတဲ့တုန်း မနေ့က အကျယ်ခိုင်းလိုက်တယ် ဣန္ဒြိယရဲ့ ပစ္စည်းတရားက ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာတဲ့၊ ဟိတ်ဟုတ်ရဲ့လား (မဟုတ်ပါ)၊ နောက်ပိတ်ဆုံး ဘယ်သူတဲ့တုန်း (ပညာပါ)၊ ဘာဟိတ်လဲ (အမောဟဟိတ်ပါ)။ ဒီတပါး လာတူတယ်နော်။ တူတာကို သဘာဂခေါ်တယ်။ သဘောတူတယ်လို့ ဆိုနေတာနော် (မှန်ပါ)။

နောက်နေ့တွေလဲ ထပ်ပြောမှာပါ ဒီစကားကို မှတ်ခဲ့စမ်းပါ ဂရုစိုက်ပြီးတော့။ ဒီတော့ မတူတာက ဘယ်သူတွေ တွေ့နေသလဲ ကမ္မ အာဟာရ၊ တူတာက အဓိပတိနှင့် ဣန္ဒြေယ။

ရှေ့တဆင့်တိုးစမ်း၊ စျာနကို မေးကြည့်။ စျာနင်တရားကိုယ် ၅-ပါးထဲမှာ ဟိတ်ပါ ရဲ့လား (မပါပါ)၊ ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ... တဲ့၊ ဟိတ် မထိုက်ဘူးနော် သူလဲ မရပြန်ဘူး။ ဒီတော့ မတူတာ (၃) ပစ္စည်းရှိနေပြီ။ ဘယ်သူတွေလဲ ကမ္မ အာဟာရ စျာန။

နောက်ကျန်တဲ့ တပစ္စည်းမေးကြည့် မဂ္ဂပစ္စည်း၊ ဘာတဲ့တုန်း ပညာဆိုကတည်းက တွေ့နေပြီမဟုတ်လား (မှန်ပါ)၊ ဘာဟိတ်တုန်း (အမောဟဟိတ်ပါ)၊ နောက်ဆက်ပြီးတော့ ကြည့်တော့ ဝိတက် ဝိရတီသုံးခု ဝီရိယ သတိ ဧကဂ္ဂတာ ဒိဋ္ဌိဆိုတာကတော့ ဟိတ်မဟုတ် တော့ဘူး (မှန်ပါ)။

ဒီတော့ သတိပြုလိုက်စမ်း၊ ဟေတုမှာရှိတဲ့ ဟိတ် (၆)ပါးထဲက တူနိုင်သလောက်တူတဲ့ ပစ္စည်းအနေမှာတော့ ဦးပဠင်းတို့ကျက်တဲ့ သုဒ္ဓသန္ဓာမှာပါတယ် (လတ်ကြီး (၈)နှင့် ဘာတဲ့ ဓိ ဣ ဣ မဂ်၊ ပေါင်း ၁၂) သူတို့ကို ရွေးထုတ်တာ၊ ဒီလိုတူတဲ့ တရားရှိလို့ ရွေးထုတ်တာ။ အဲဒီလို တူနေတာကိုဘဲ သဘာဝလို့ခေါ်တယ်။

ဒီသဘာဝက အင်မတန် ခက်ပါတယ်။ ဒီက နားမလည်ဘဲနဲ့ သဘာဝနေရာကျမှ သဘာဝလုပ်ဆိုလျှင်တော့ ငိုချင်အောင်ခက်တယ်။

အဲဒီတော့ စောစောက ဘုန်းကြီးပြောသလို **ပစ္စည်းတရားတူတာ** သဘာဝလို့ ခေါ်သဖြင့် အငယ် (၇) ပစ္စည်း ကိုယ်မျိုးထဲကရှိလျက်နဲ့ ကမ္မ အာဟာရ စျာန ၃-ပစ္စည်း သည် ပစ္စည်းတရားမတူတော့ သူတို့က ဘာဖြစ်နေသလဲဆိုတော့ **ဝိသဘာဝပစ္စည်းတဲ့**။

ဆရာတော်။ ။ဘာပစ္စည်းခေါ်ကြတယ်...။

သံယာတော်များ။ ။ဝိသဘာဝပစ္စည်းခေါ်ပါတယ်။

ဆရာတော်။ ။သဟာမျိုးပစ္စည်း ၁၅-ပစ္စည်းထဲက သူတို့ (၃) ပစ္စည်းကိုနုတ်၊ ကျန်တဲ့ ပစ္စည်းတွေ ဘာပစ္စည်းခေါ်သလဲ...။

သံယာတော်များ။ ။သဘာဝပစ္စည်းခေါ်ပါတယ်။

ဆရာတော်။ ။**မြတ်စွာဘုရားဟောတော့ သဘာဝကိုဟောတော့ ဒီ ၁၂-ပစ္စည်းကို ဘဲ ဟောတယ်။** ဟေတုပါ ပါလို့ ၁၂-ပစ္စည်းလို့ ဟောတယ်၊ ဟေတုကို နုတ်ထားတော့ ကျန်တဲ့ (၁၁) ပစ္စည်းကို **သဘာဝပစ္စည်းလို့** ခေါ်တယ်။

အဲဒါမျိုးကလေးတွေ သတိထားတဲ့တန်ဖိုးတွေက ဘယ်လောက်သွားသလဲ၊ သဘာဂကို မဆိုရပေမဲ့ ဦးပဋ္ဌင်းများ ပဋ္ဌမကြီးတန်းစသည်တို့မှာ မေးတယ် ဟေတု၏ သဘာဂပစ္စည်းများကို ရေတွက်ပြခဲ့ပါဆိုတော့ ကိုယ်က သုဒ္ဓသန္ဓာ ရထားတဲ့လူဖြစ်နေလျှင် ဘာရေးမတုန်း လတ်ကြီး (၈) နှင့် ဓိ ဣ မဂ် ရေးရုံဘဲ မဟုတ်လား။ နှုတ်ထဲရနေပြီမဟုတ်လား။ ဒီတော့ လတ်ကြီး (၈) နှင့် ဓိ ဣ မဂ်ကို အစဉ်အတိုင်း ရေးထည့်လိုက်ရုံပေါ့။ ဘယ်နှစ်ပစ္စည်းတုန်း (၁၁) ပစ္စည်း၊ သူပါဆိုလျှင်သာ (၁၂) ပစ္စည်း။ ဟေတုရဲ့ သဘာဂဆိုတော့ (၁၁)ဘဲ ရှိတယ်။ ဟေတုပါ ပေါင်းပြထားလို့ ဒီက (၁၂) ခေါ်ထားတာကိုး (မှန်ပါ)။

ဒီတော့ ဘာပြောနေသတုန်း ဒီနေ့ ပြောနေတာ၊ 'ဤတရားတို့သည် ဟေတု ပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သန္ဓာ သတ္တ'ကို မနေ့က ပြောပြီးပြီ။ ဒီနေ့ ယထာရဟ ပစ္စည်းရေ လတ်ကြီး (၈) နှင့် ဓိ ဣ မဂ်၊ ပေါင်း (၁၂) ဆိုတာကို ပြောပေးတယ် မဟုတ်လား။

တခေါက်ပြန်ပြီး ကျဉ်းကျဉ်းကလေး ဘုန်းကြီးပြောပြမယ်...။ ပဋ္ဌာန်းကျမ်းမှာ မြတ်စွာဘုရားသည် (၂၄)မျိုးသော အကြောင်းပစ္စည်းတရားများကို ဟောထားပါလျက် ဟေတုမှာ (၁၂)ပစ္စည်းကိုသာ ဘာဖြစ်လို့ ထုတ်ယူရသလဲ။

ဒီတော့ ရှေးဦးစွာ ဘာရှာခိုင်းလိုက်သလဲ မျိုးပစ္စည်း၊ မျိုးပစ္စည်းရှာတော့ ဟေတုသည် ဘာမျိုးလဲ (သဟဇာတမျိုး)၊ သဟဇာတမျိုးမှာ ပစ္စည်းပေါင်း ဘယ်လောက်ရှိသလဲ (၁၅-ပစ္စည်း)။ ၁၅-ပစ္စည်းထဲမှာ သူနှင့် သဘောတူတဲ့ သဘာဂပစ္စည်း, သဘောမတူတဲ့ ဝိသဘာဂပစ္စည်း နှစ်မျိုးကို သိအောင်လုပ်ရတယ်။ သဘာဂပစ္စည်းဆိုတာ ဘာတုန်း၊ ပစ္စည်းတရား တူတာကို ခေါ်တယ်။ မတူတာကို ဘာခေါ်သလဲ၊ ဝိသဘာဂပစ္စည်း။

ဟေတုနှင့် ပစ္စည်းတရားမတူတာ ဘယ်သူလဲလို့ရှာလိုက်တော့ ခုတင်က ပြောခဲ့တဲ့ ကမ္မ အာဟာရ စျာနလို့ (၃)ပစ္စည်းရှိတယ်။

ကြွင်းတဲ့ ၁၅-ပစ္စည်းမှတပါးသော ပစ္စည်းတွေကတော့ ကိုယ့်အမျိုးမှ မဟုတ်ဘဲနှင့် ဘာမှ စဉ်းစားစရာ မလိုတော့ဘူး။

အဲဒါ ဟေတုကနေပြီးကြည့်တာ၊ အစဉ်အတိုင်း တခုတိုးကြည့်ရအောင်၊ လေ့လာကြပါ။ အမှတ်တမဲ့ ပစ်မထားပါနှင့်၊ အစဉ်အတိုင်းဆိုတော့ စျာနကို ဦးပဋ္ဌင်းတို့ ဆိုခဲ့တော့ သန္ဓာ သတ္တ အတူတူဘဲမဟုတ်လား (မှန်ပါ)၊ ယထာရဟပစ္စည်းရေ လတ်ကြီး (၈) နှင့် ဣ မဂ်၊ ပေါင်း ပစ္စည်းရေ (၁၁) တဲ့။

ကဲ... ကြည့်စမ်းပါ အလတ်နှင့် အကြီးကတော့ နာမ်တွေ အများကြီးမို့လို့ ဧကန် မုချ သဘာဂဖြစ်ပြီလို့ သိပါတော့၊ ဣန္ဒြိယနှင့် မဂ္ဂ ၂-ပစ္စည်းက ဘာဖြစ်လို့ ထွက်လာသလဲ။

မူရင်းက ဘယ်သူလဲ စျာန၊ သူ့မှာရှိတဲ့ ပစ္စည်းတရားတွေက ဘယ်သူလဲ မေးလျှင် ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာတဲ့။ ကဲ- သူ့ကို ကိုင်ထားလိုက်ပါ၊ အဲဒီ (၅) လုံး ကို လိုက်ရှာ၊ ဟိတ် (၆)ပါးထဲမှာ ဒီ (၅)ခုရှိရဲ့လား (မရှိပါ)၊ မရှိလျှင် သူ့ကို ဘာခေါ်မလဲ (ဝိသဘာဂပစ္စည်း)၊ အဓိပတိထဲမှာ ရှာလျှင်ကော မရဘူး၊ ဆန္ဒ စိတ္တ ဝီရိယ ဝီမံသဆိုတော့ စျာနင်တရားကိုယ် မပါဘူး၊ သူလဲ ဝိသဘာဂဘဲနော် (မှန်ပါ)၊ ကမ္မမေးတော့လဲ ကမ္မက စေတနာ၊ တူရဲ့လား (မတူပါ)၊ ဒီတော့ ဝိသဘာဂဘဲ၊ အာဟာရမေးပြန်တော့ ဖဿ စေတနာ ဝိညာဉ် စျာနင်တရားကိုယ် ထိုက်ပါ့မလား (မထိုက်ပါ)၊ ဝိသဘာဂပစ္စည်းတွေချည်း ဖြစ်နေတယ်။

ဣန္ဒြိယကို မေးကြည့်ပါ၊ သတိနှင့်ကြည့်၊ ဟိုက စျာနင်တရားကိုယ်ငါးပါးကိုင်ထား၊ နာမ်ဣန္ဒြေတရားကိုယ် (၈) ပါးထဲမှာ စျာနင်တရားကိုယ် ဘယ်နှစ်ပါးတွေ့နိုင်သလဲ၊ (၂-ပါး တွေ့ပါတယ်)၊ ဘယ်သူတွေတဲ့တုန်း (ဝေဒနာနှင့် ဧကဂ္ဂတာပါ)။ ဟိုမှာ ဝေဒနာစျာနင် ဥပေက္ခာစျာနင် သုခစျာနင် ဖြစ်နိုင်တယ် မဟုတ်လား (မှန်ပါ)၊ ဒီမှာ ဝေဒနာကို ဘာခေါ်သလဲ ဝေဒနိန္ဒြေ၊ ဧကဂ္ဂတာကလဲ ဟိုမှာ ဧကဂ္ဂတာစျာနင်ဖြစ်တယ်၊ ဣန္ဒြေမှာ ဘာဖြစ်လာသတုန်း (သမာဓိန္ဒြေဖြစ်လာပါတယ်)၊ ဒီတော့ စျာနနှင့် ဣန္ဒြိယ သဘာဝဖြစ်တဲ့တရားဟာ ဘယ်သူလဲလို့မေးလျှင် ဘာပြောမယ် (ဝေဒနာနှင့် ဧကဂ္ဂတာပါ)။

ဂရုစိုက်ကြစမ်းပါ နောက်ပိုင်းကျတော့ တပည့်တော်က ဒါတွေကို နှုတ်ထဲရအောင် အကျက်ခိုင်းဦးမှာ၊ '**ဝေဒနာ-ဧကဂ္ဂတာ ဣန္ဒြေ-စျာ**' လို့ ကျက်ရဦးမယ်နော်၊ (မှန်ပါ)၊ ဝေဒနာနှင့် ဧကဂ္ဂတာ တရား ၂-လုံးက ဣန္ဒြိယပစ္စည်းလဲ တပ်တယ်၊ စျာနပစ္စည်းလဲ တပ်တယ်။

ပြီးတော့ နောက်တခုတိုးလိုက်စမ်းပါ၊ မဂ္ဂကို မေးကြည့်စမ်း၊ မဂ္ဂင်တရားကိုယ် (၉) ပါးထဲမှာ လိုက်ကြည့်၊ စျာနင်လဲထိုက် မဂ္ဂင်လဲထိုက်နိုင်တဲ့ တရားဟာ ဘယ်သူရှိသလဲတဲ့၊ ဝိတက်ဟာ စျာနပစ္စည်းမှာ ဝိတက်စျာနင်ဖြစ်တယ်၊ မဂ္ဂင်မှာ ဘာမဂ္ဂင်ဖြစ်နိုင်သတုန်း (သမ္မာသင်္ကပ္ပ မဂ္ဂင်ဖြစ်ပါတယ်)၊ သမ္မာသင်္ကပ္ပမဂ္ဂင်လဲ ဖြစ်နိုင်တယ် မိစ္ဆာသင်္ကပ္ပမဂ္ဂင်လဲ ဖြစ်နိုင်တယ်၊ ကိုယ့်ဉာဏ်ကလေးတွေကို ကိုယ်အသုံးချပြီး တွေးကြပါ။

ပြီးတော့ နောက်တခုက ဘာတုန်း ဧကဂ္ဂတာ၊ ဧကဂ္ဂတာက ဒီမှာ စျာနင်ဖြစ်တယ်၊ မဂ္ဂပစ္စည်းမှာလဲ ဘာမဂ္ဂင်သွားပြီး ဖြစ်နေသတုန်း (သမာဓိမဂ္ဂင်ဖြစ်ပါတယ်)၊ သမ္မာသမာ-ဓိမဂ္ဂင်နှင့် မိစ္ဆာသမာဓိမဂ္ဂင် ဖြစ်နေတယ်။

ဦးပဉ္စင်းတို့ သိကြပါတယ်၊ အလေ့အထမလုပ်တော့ ဘယ်ကဟာ ဘာပြောနေလိမ့်မလဲဆိုပြီး နားဝေတိမ်တောင် ဖြစ်သွားတတ်တယ်၊ သိလျက်သားနှင့် လည်တဲ့မျက်စိ (မှန်ပါ)၊

မသိလို့မဟုတ်ဘူး၊ ဘာဘဲဆိုတာ သိလျက်သားနှင့် မှောင်ထဲမှာ စမ်းနေရတယ် အလေ့အထ မရှိလို့။

ဒီတော့ ပြန်ကြည့်လိုက်စမ်းပါဦး၊ ခုတင်က ဘာနဲ့တူတယ်၊ ဣန္ဒြိယနှင့် စျာန သဘာဝ ဖြစ်နေတဲ့တရားက ဘယ်သူ၊ ဝေဒနာနှင့် ဧကဂ္ဂတာ၊ စျာနနှင့် မဂ္ဂ သဘာဝ ဖြစ်နေတဲ့ တရားက ဘယ်သူတုန်း (ဝိတက်နှင့် ဧကဂ္ဂတာ)။

ကြပ်ကြပ် လေ့လာစမ်းပါ၊ ခက်လဲ မခက်ဘဲနဲ့ ဒါကလေးတွေဟာ၊ ဒါကြောင့် ဤတရားတို့သည် စျာနပစ္စည်းတပ်သောတရားတို့ မည်ကုန်၏။ သန္ဓာသတ္တာ။ ယထာရဟပစ္စည်းရေ လတ်ကြီး (၈) နှင့် ဣ-မဂ်၊ ပေါင်း (၁၁) တဲ့၊ ဣန္ဒြိယနှင့် မဂ္ဂ စျာန၏ သဘာဝပစ္စည်းတဲ့၊ ကြွင်းသောသဟမျိုး အဝယ်ပစ္စည်းတွေက စျာန၏ ဝိသဘာဝပစ္စည်းတဲ့ အဲဒီလို မှတ်ထားပါ။

ကဲ- နောက်တပစ္စည်း တိုးလိုက်စမ်း မဂ္ဂ။ ဤတရားတို့သည် မဂ္ဂပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သန္ဓာ သတ္တာ။ ယထာရဟပစ္စည်းရေ လတ်ကြီး (၈) နှင့် ဘယ်သူတွေတဲ့ တုန်း (ဟေ ဓိ ဣ စျာ၊ ပေါင်း-၁၃)။

ဆိုရင်း စိတ်က မှတ်ထားပါ၊ ဘာတွေတုန်း ဟေ ဓိ ဣ စျာ ၄-ပစ္စည်း။ ဆိုရင်း ဟေ ဓိ ဣ စျာ-ဆိုပြီး မှတ်သွားပါ၊ အကြီး အလတ်ကတော့ ဘာမှ လေ့လာဖို့ မလိုပါဘူး။ ဒီထက် များတယ်လို့ ပြောထားတယ် မဟုတ်လား (မှန်ပါ)။

ဒီတော့ တမျိုး ဘုန်းကြီးမေးမယ်၊ ဦးပဉ္စင်းတို့ စိတ်ကူးရသလို ဖြေစမ်း၊ အခုဟာက မဂ္ဂကနေပြီး ကူးမှာ မဟုတ်လား (မှန်ပါ)။ မဂ္ဂင်တရားကိုယ် (၉) ပါးကနေပြီးတော့ ကျန်တဲ့ အဝယ် (၆) ပစ္စည်းကို စဉ်းစားကြည့်စမ်း၊ မဂ္ဂင်တရားကိုယ် အစက ပညာ မဟုတ်လား၊ အဲဒီ ပညာမဂ္ဂင် တရားကိုယ်ကြောင့် ဘယ်ပစ္စည်းများ သဘာဝ ဖြစ်နိုင်သလဲ (ဟေတုပစ္စည်း)၊ ပြီးတော့ကော (အဓိပတိပစ္စည်း ဣန္ဒြိယပစ္စည်း)၊ ဟေတု အဓိပတိ ဣန္ဒြိယ ၃-ပစ္စည်းရတယ်။ ဒါ ပညာက လာတာ။

ပညာပြီးတော့ ဝိတက်၊ ဒီတော့ ဝိတက်က နေပြီး မေးစမ်း ဝိတက်နှင့် သဘောတူ ဘယ်သူလာမလဲ (စျာန ရပါတယ်)၊ စျာနတပစ္စည်းဘဲ ရမယ်။

ဝိရတီ (၃) ခုကြောင့် ဘယ်ပစ္စည်းလာမလဲ ဘယ်သူမှ မဝင်နိုင်ဘူး။ ဝိရတီ တရားကိုယ် (၃) ခုဟာ သဟဝယ်မျိုးထဲမှာ မဂ္ဂမှတပါး တခြားပစ္စည်းမှာ မရှိပါဘူး။

ဝိရိယကြောင့် ဘယ်ပစ္စည်းများတိုးမလဲ... (အဓိပတိနှင့် ဣန္ဒြိယပစ္စည်း တိုးပါတယ်)၊ အဲဒီလို မှတ်ပေးရတယ်။ ခုတင်က ပညာကြောင့် ဘယ်နှစ်ပစ္စည်း (၃-ပစ္စည်း)။ အခု ဝိရိယကြောင့် (၂-ပစ္စည်း)။

သတိကြောင့် ဘယ်နှစ်ပစ္စည်း တိုးနိုင်သလဲ (ဣန္ဒြိယ ရပါတယ်)၊ ဣန္ဒြိယပစ္စည်းတိုးမယ်၊ သတိနဲ့၊ ဒီမှာတော့ သမ္မာသတိမဂ္ဂင်၊ ဒီလိုဖြစ်မယ် သဘာဝဖြစ်ပုံ။

သိကြပါတယ် ဦးပဉ္စင်းတို့ အားလုံးဘဲ သိကြပါတယ်။ သိလျက်သားနှင့် အခု မျက်စိလည်နေတယ်။

ဧကဂ္ဂတာတဲ့ ရှာကြစမ်းပါ၊ ဧကဂ္ဂတာနှင့် သဘာဝဖြစ်တဲ့ ပစ္စည်း၊ (ဣန္ဒြိယနှင့် စျာန ဖြစ်ပါတယ်)၊ ဒီပြင်ကော ရှိသေးသလား မရှိဘူးနော် (မှန်ပါ)။

ဒီဌိကတော့ သဘာဝမရဘူး။ ဒီဌိကတော့ ဘယ်မှ မသွားနိုင်ဘူး မဟုတ်လား (မှန်ပါ)။

ဒီတော့ ပြန်ပြီး စဉ်းစားစမ်း၊ ပညာနှင့်တူတာက ၃-ပစ္စည်း, ဝိရိယနှင့် တူတာက ၂-ပစ္စည်း, ဧကဂ္ဂတာနှင့် တူတာက ၂-ပစ္စည်း။ ဒီတော့ ဘာတွေရလာသတုန်း၊ ဘယ်ပစ္စည်းတွေတုန်း ခုတင်က ဦးပဉ္စင်းတို့ ကျက်တာမှာပါတဲ့ လတ်ကြီး (၈) နှင့် ဟေ ဓိ ဣ စျာ၊ အဲဒါက မူဖြစ်တဲ့ မဂ္ဂင် တရားကိုယ်က ကိုင်ပြီး ရှာတဲ့နည်း။ အဲဒီလို မူဖြစ်တဲ့ ပစ္စည်းက မရှာဘဲနှင့် မူလီပစ္စည်းက နေပြီးတော့ တမျိုးရှာစမ်း ဒီမဂ္ဂင်ကိုဘဲ ပြောမလို့။ ထွန်ရေးနာနာ ကျေလေ စပါးကောင်းလေ ဆိုတာကို။ ပြန်ထွန်ကြဦးစို့ တလှည့်။

မဂ္ဂင်တရားကိုယ် ၉-ပါးတို့တွင် ဟိတ်ထိုက်တဲ့မဂ္ဂင် ဘယ်သူလဲတဲ့။ ဒါက မူလီကနေပြီး မေးတာနော် (မှန်ပါ)၊ ကိုယ့်အချင်းချင်းလဲ ပြန်ပြီး မေးကြရတယ်၊ ဘုန်းကြီးမေးမှ ဖြေရတာ မဟုတ်ဘူး။ အချင်းချင်း တပါးနှင့်တပါး တယောက်နှင့် တယောက် စစ်ဆေးရတယ် မေးမြန်းရတယ်။

မဂ္ဂင် တရားကိုယ် ၉-ပါးတို့တွင် ဟေတုပစ္စည်းထိုက်တဲ့ မဂ္ဂင် ဘယ်သူလဲ (အမောဟ)၊ အဓိပတိထိုက်တဲ့ မဂ္ဂင် ဘယ်သူလဲတဲ့ ပညာ၊ ပညာက ဘာအဓိပတိ ဖြစ်သလဲ (ဝိမံသာဓိပတိ ဖြစ်ပါတယ်)၊ ဝိရိယကကော၊ (ဝိရိယာဓိပတိ ထိုက်ပါတယ်)၊ ဒါဘဲပေါ့ ဆန္ဒနှင့် စိတ္တက မဂ္ဂင်ထဲ ရှိမှ-မရှိဘဲ၊ ဟေတုပစ္စည်း ထိုက်တာက ၁-ပါး၊ အဓိပတိပစ္စည်းထိုက်တာက ၂-ပါး။ ကမ္မပစ္စည်း ထိုက်တာလို့ ရှိပေါ့မလား၊ (မရှိပါ)၊ အာဟာရပစ္စည်း ထိုက်တဲ့တရား (မရှိပါ)၊ ဒါက ဝိသဘာဝတွေနော် (မှန်ပါ)။

ဣန္ဒြိယပစ္စည်းထိုက်တဲ့ မဂ္ဂင်တရားကိုယ်က ဘယ်လောက်ရှိသလဲတဲ့။ ဣန္ဒြိယနှင့် မဂ္ဂ မဟုတ်လား ဦးဉာဏဝရ မတွေ့ဘူးလား။ အင်ယ်ယဉ္ဇနာတွေ အကျက်ခိုင်းတော့ သာမည ပြီးတော့ ဘာတဲ့တုန်း။ ဝိရိယ သတိ ဧကဂ္ဂတာ ပညာ ဣ မဂ်၊ ဒီလို မဟုတ်လား (မှန်ပါ)။

ဦးပဉ္စင်းတို့ကလဲ အကုန်မေ့ပစ်ကြတာပါ။ စာမေးပွဲပြီးပြီဆိုတာနဲ့ တပြိုင်နက် စာအုပ်တွေအကုန်လုံး ချောင်ကြားထဲ ထိုးသိပ်ချထားသလောက် ပရွက်ဆိတ် တက်ကိုင်မလောက်ဘဲ၊ ဟိုကျတော့ ကျက်ရသေးတယ်နော် (မှန်ပါ)။

ဘာတဲ့... ဝိရိယ သတိ ဧကဂ္ဂတာ ပညာတဲ့၊ အဲဒီ တရားတွေဟာ ဣန္ဒြိယ ပစ္စည်းလဲ ထိုက်တယ်၊ မဂ္ဂပစ္စည်းလဲ ထိုက်တယ်။ ဒီတော့ ၄-ပါးရတယ်။ ကြပ်ကြပ် လေ့လာကြပါ။

စျာန ပစ္စည်းထိုက်တဲ့ မဂ္ဂင်တရားကိုယ် ဘယ်သူတုန်း (ဝိတက်နှင့် ဧကဂ္ဂတာပါ)၊ ဟိုကျတော့ ကျက်ရတယ် **ဝိတက် ဧကဂ္ဂတာ စျာ မဂ်** တဲ့။ ခုတင်က ဟာက ဣ မဂ်။ အခုဟာက စျာ မဂ်။

အဲဒီနည်းကို မှတ်သားပြီးတော့ အခု ဘုန်းကြီးပြောပေးတာ ဟေတုပြီးပြီ စျာနပြီးပြီ မဂ္ဂပြီးပြီ မဟုတ်လား။ ကြွင်းတဲ့ပစ္စည်းတွေကို ကိုယ့်ဟာကိုယ် ရှာကြစမ်းပါ။ အင်မတန် အဖိုးတန်ပါတယ်။ ဘုန်းကြီး ဒါမျိုး ဒီကနေပြီး သတိပေးထားလျှင် ဦးပဉ္စင်းတို့ နားလည်နေလျှင် နောင်အခါမှာ ဘာတွေလာပြီး လွယ်မလဲဆိုလျှင် အခုပြောပြနေတာ သဘာဂအနေနှင့် ပြောတယ်မဟုတ်လား။ သဘာဂဆိုတာလဲ သူဘဲ၊ ယဇ္ဇနာဆိုတာလဲ သူဘဲ။

အခုပြောတဲ့စကားတွေ နားလည်ပြီနော်၊ **သဘာဂလဲ သူဘဲ၊ ယဇ္ဇနာလဲ သူဘဲ၊ ပစ္စည်းပြိုင်ဆိုတာလဲ သူဘဲ**၊ ဒါတွေ မေ့နေလိုရှိလျှင် တော်တော်ကြာကျတော့ အရကောက် ဆရာတော်ဘုရားကြီးက အရကောက်လို့ ကရိဏ်းပါဠိထုတ်ပြီဆိုတော့ ဟေတုပစ္စယေန ဟူသော ကရိဏ်းပါဠိ၏ အရကား, ဘာပစ္စယေန ညာပစ္စယေန-စတဲ့ ကရိဏ်းပါဠိ၏ အရကား ထုတ်လျှင် အဲဒါကို ကြည့်ထုတ်ရတယ်။ ဒါမသိဘဲနှင့် ကရိဏ်းပါဠိထုတ်လို့ကို မရဘူး။

အဲဒါကိုဘဲ မဂ္ဂပစ္စည်း၏ အရကောက် ဦးပဉ္စင်းတို့ **စာအုပ်ထဲမှာ ချို့ယွင်းနေတာ ရှိသေးတယ်**။ သို့ပေမဲ့ ပုံနှိပ် စာလုံးကလေးနှင့်ဆိုတော့ ဦးပဉ္စင်းတို့လဲ အဟုတ်မှတ်ပြီး ကျက်နေကြတယ်။

ဣန္ဒြိယသုဒ္ဓသင်္ခ်ာအဆက်

ကဲ... ပစ္စည်းရေထုတ်နည်း သဘာဂရှာနည်း ဒီတွင်ဘဲ ရပ်တန့်ပြီးတော့ ရှေ့ကို တိုးပြီးတော့ ဣန္ဒြိယပစ္စည်းကို ဟောချင်တယ် ဟောရအောင်နော်၊ ဆိုစမ်း ဦးဥာဏဝရ။ သဟဇာတိန္ဒြိယ ပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရဋ္ဌ –

ဦးဥာဏဝရ။ ။**သဟဇာတိန္ဒြိယ ပစ္စည်း၏** သုဒ္ဓသင်္ခ်ာဝါရဋ္ဌ- သမ္မယုတ္တာခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝိရိယ သတိ ဧကဂ္ဂတာ ပညာ-ဟု ဆိုအပ်သော နာမ် ဣန္ဒြေတရားကိုယ် (၈)ပါး၊ ဤတရားတို့သည် သဟဇာတိန္ဒြိယ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ သတ္တာ။ ယထာရဟပစ္စည်းရေ လတ်ကြီး (၈) နှင့် ဟေ ဓိ ဟာ စျာ မဂ်၊

ပေါင်း ၁၄-ဟူသည်တည်း။ သင်္ခ်ာ သတ္တ ဟူသော်ကား ဟေတုအတိုင်းဆို။ ပစ္စည်းရေ ၁၄-ဟူသော်ကား ဣန္ဒြိယ ဟေတု အဓိပတိ သဟဇာတ အညမည နိဿယ ဝိပါက အာဟာရ စျာန မဂ္ဂ သမ္မယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဟူသည်တည်း။

ဆရာတော်။ ။အားလုံး တခေါက်ဆိုကြပါ။

သံယာတော်များ။ ။တခေါက်ဆိုကြသည်။

ဆရာတော်။ ။ပြီးတော့ ပုရေဇာတိန္ဒြိယပစ္စည်း ဦးပညာနန္ဒ ဆိုစမ်း။

ဦးပညာနန္ဒ။ ။ပုရေဇာတိန္ဒြိယ ပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရဋ္ဌ- ဒွေပဋ္ဌဝိညာဉ် ၁၀-အား တပ်သော မန္ဒာယုက အမန္ဒာယုက မဇ္ဈိမာယုက ၃-ပါးတို့တွင် မဇ္ဈိမာ-ယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြုင်သော ပဋ္ဌဝတ္ထု၊ ဤတရားတို့သည် ပုရေဇာတိန္ဒြိယပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သင်္ခ်ာကေ။ ပစ္စည်းရေ ၆-ဟူသည်တည်း။ သင်္ခ်ာ ဧကံ-ဟူသော်ကား အဗျာကတော အဗျာကတသ ဟူသည်တည်း။ ပစ္စည်းရေ (၆) ဟူသော်ကား ဣန္ဒြိယ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထ အဝိဂတ ဟူသည်တည်း။

ဆရာတော်။ ။နောက်တခု ရူပဇီဝိတိန္ဒြိယပစ္စည်း ဦးပဏ္ဍာဝ ဆိုစမ်းပါ။

ဦးပဏ္ဍာဝ။ ။ရူပဇီဝိတိန္ဒြိယပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရဋ္ဌ-ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ၉-ခုအားတပ်သော ရုပ်ဇီဝိတိန္ဒြေ၊ ဤတရားတို့သည် ရူပဇီဝိတိန္ဒြိယပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သင်္ခ်ာ ဧကံ။ ပစ္စည်းရေ (၃) ဟူသည်တည်း။ သင်္ခ်ာ ဧကံ ဟူသော်ကား အဗျာကတော အဗျာ-ကတသ ဟူသည်တည်း။ ပစ္စည်းရေ (၃) ဟူသော်ကား ဣန္ဒြိယ အတ္ထိ အဝိဂတ-ဟူသည်တည်း။

ရူပအာဟာရ သုဒ္ဓသင်္ခ်ာ

ဆရာတော်။ ။အားလုံး ရကြပါလိမ့်မယ် ဒါတွေကို၊ မနေ့က ကြွေးကလေးတခု ကျန်နေတယ် မပြောရသေးတာ။ ပစ္စည်းရေ လျှောက်ပြောတာနှင့် မေ့သွားတယ်။

မနေ့က နောက်ဆုံးပြောတဲ့ အာဟာရမှာ ရုပ်အာဟာရ သုဒ္ဓသင်္ခ်ာ မဟုတ်လား၊ ဦးဉာဏဝရ ပြန်ဆိုစမ်းပါ ရုပ်အာဟာရပစ္စည်း၏ သုဒ္ဓသင်္ခ်ာကို။

ဦးဉာဏဝရ။ ။ရုပ်အာဟာရပစ္စည်း၏သုဒ္ဓသင်္ခ်ာဝါရဋ္ဌ- ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်အား တပ်သော စတုသမုဋ္ဌာနိကဩ၊ ဤတရား

တို့သည် ရုပ်အာဟာရပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သင်္ချာ ၉ကံ။ ပစ္စည်းရေ ၃-ဟူသည်တည်း။ **သင်္ချာ ၉ကံ**-ဟူသော်ကား အဗျာကတော အဗျာကတသ ဟူသည်တည်း။ **ပစ္စည်းရေ ၃**-ဟူသော်ကား အာဟာရ အတ္ထိ အဝိဂတ ဟူသည်တည်း။

မနေ့က အဲဒါကလေး အဓိပ္ပါယ်ပြောဖို့ အချိန်မရှိလို့ ချန်ပစ်ခဲ့တယ်။ နက်ဖြန်ခါမှ ပြောမယ် ဆိုပြီးတော့ ထားပစ်ခဲ့တော့ ခုတင်က မေ့နေတယ်၊ အခုထပ်ပြောပါဦးမယ်၊ ဣန္ဒြိယ နောက်မှ ဟောရမယ်။

သုဒ္ဓသင်္ချာဆိုထားပုံကလေးကလဲ ဆိုရိုးကလေး နည်းနည်းဆန်းကြယ်တယ်၊ အသိလဲ မလွယ်လှဘူး။ မူရင်းက နားလည်နေကြတာက သဟဇယ် (၇) ပစ္စည်းရဲ့ အဓိပ္ပါယ် နားလည်နေကြတယ်။ သူက တိုးလာတယ်။

ပစ္စည်းတရားကလဲ ရုပ်၊ ပစ္စယုပ္ပန်တရားကလဲ ရုပ်၊ အဲဒါကလေးတွေ အမြဲတမ်း အကဲခပ်သွားပါ၊ ဘာတရားတုန်း ညာတရားတုန်းဆိုတာ သတိထားရတယ်။

ပစ္စည်းတရား ရုပ်က ဘယ်သူလဲလို့မေးလျှင် မနေ့က ပြောခဲ့တဲ့ စတ္တာရော အာဟာရာ ကဗဠီကာရော အာဟာရောခေါ်တဲ့ တရားပေါ့။ ဒါဟာ ပစ္စည်းတရားဘဲ။ ပစ္စည်းတရားဆိုတာ ဘာလဲ မေးလျှင် အကြောင်း။

အကျိုးပစ္စယုပ္ပန်တရားက ဘယ်သူလဲလို့မေးလျှင် အကျင့်ချုပ်ပြောနေတယ် စတု-သမုဋ္ဌာနိကရုပ်။

ပစ္စည်းတရားက ဘယ်သူလဲမေးလျှင် ဩဇာ၊ ရုပ်ဘဲ မဟုတ်လား (မှန်ပါ)၊ ပစ္စယုပ္ပန်တရားက **စတုသမုဋ္ဌာနိကရုပ်**။ အဲဒီတော့ စာသံပေသံပါတော့ နားလျှံသွားပြန်ရော။ စတုသမုဋ္ဌာနိကရုပ်ဆိုတာ ဘယ်သူလဲ၊ ကမ္မဇရုပ် စိတ္တဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်။

ဒို့ကမေးလို့ ကိုယ့်ပြောလှည့်ကျလာလျှင် ပြောသာ ပြောကြပါ ဝန်မလေးကြပါနဲ့။ ပြောမှတတ်သည် ဆိုတဲ့ စကားကလေးတွေရှိတယ်၊ ပြောပေးရတယ်။ မပြောဘူးဆိုယင် သိတော့သိတယ် မပြောတတ်တော့ဘူး။ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီး ကြည့်ပါ။ သစ္စာလေးပါး တရားကို သိတယ်၊ ဘယ်တော့မှ တရားထူး ဟောတော်မူလေ့မရှိဘူး ဘယ်သူနှင့်တွေ့တွေ့ ဘယ်ခါမှာတွေ့တွေ့၊

ဣစ္ဆိတံ ပတ္ထိတံ တုယ္ဟံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ-

ဆိုပြီး ကြွသွားတော်မူကြတာဘဲ။ အဟောတော့ သက်သာတယ်၊ ပြောပေးရတယ်။

ဘုန်းကြီး ဘာတွေ သတိပေးနေသလဲ ပစ္စည်းတရား ရုပ်ဆိုတာက ကဗဠိကာရ အာဟာရဆိုတဲ့ သြဇာရုပ်။ ပစ္စယုပ္ပန်တရားက ဘာရုပ်တဲ့ အကြောင်း ၄-ပါးကြောင့် ဖြစ်တဲ့ရုပ်၊ ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရား ၄-ပါးကြောင့် ဖြစ်တဲ့ရုပ်။

ဒါဟာ သာမန်အနေအားဖြင့် ဒီလို တွေ့နေပြီ၊ တွေ့နေပေမဲ့ ဆရာတော်ဘုရားကြီးများက ကျကျနန သေချာတော်မူလိုသည်ဖြစ်၍ သုဒ္ဓသန္ဒာကို သတိပြုလိုက်စမ်း။

ကလာပ်တူ ကလာပ်ပြား ယူပုံ

ရုပ်အာဟာရ ပစ္စည်း၏ သုဒ္ဓသန္ဒာဝါရ၌–ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်အား တပ်သော-

ဒါပစ္စယုပ္ပန်ပေါ့။ ဘာပြောသွားသတုန်း ရုပ်တော့ ဟုတ်တယ်တဲ့ စတုသမုဋ္ဌာနိကရုပ်။ သို့သော်လဲ ကလာပ်တူခေါ်တဲ့ ရုပ်တမျိုး၊ ကလာပ်ပြားလို့ခေါ်တဲ့ ရုပ်တမျိုး၊ ရုပ် ၂-မျိုး ရှိတယ်တဲ့။ ကမ္မဇမှာလဲရှိတယ်။ စိတ် ဥတု အာဟာရကြောင့် ဖြစ်တဲ့ရုပ်တွေမှာလဲ ဒီအတိုင်း ကလာပ်တူ ကလာပ်ပြားရှိတယ်။ နားလည်တယ်နော်။

အဲဒါ ဘာကို ခေါ်တာလဲလို့ မေးလျှင် ဦးပဉ္စင်းတို့ သင်ကြိုဟ်သင်တော့ ရုပ်ပိုင်းမှာ ရူပကလာပ=ကလာပ်ဖွဲ့တော့ ကလာပ်ပေါင်း ဘယ်လောက်ဖွဲ့လာသလဲ၊ ကလာပါ ဧကဝီ-သတိ ၂၁-ပါး ဖွဲ့လာတယ် မဟုတ်လား (မှန်ပါ)။

ဘုန်းကြီးတို့ ဇယားချပေးတဲ့အခါကျတော့ ၂၁-စည်းမကဘဲနှင့် ၂၃-စည်းဖွဲ့တယ် စိတ္တဇကလာပ် ၂-စည်းတိုးပေးတယ်၊ အဋ္ဌကထာဝါဒ။ လယ်တီဆရာတော်ဘုရားကြီးများလဲ နှစ်သက်တော်မူကြတယ်။

ရှိပေစေ။ ၂၁-စည်းနှင့်ဘဲကြည့်စမ်း ကမ္မဇကလာပ်ပေါင်း ဘယ်လောက်ရှိသတဲ့တုန်း။ သတိကလေးနှင့် နားထောင်နေစမ်း၊ သိပြီးသားတွေ ပြန်ပြောလေ ကြပ်ကြပ်လေ့လာရလေ၊ ဒါဟာ ဒို့ သိပြီးသားတွေဘဲဆိုပြီး မပေါ့နှင့်။

စက္ခုဒသက ကလာပ် အစရှိသော ကလာပ် ၉-စည်းရှိတယ်၊ အဲဒီ စက္ခုဒသကအစရှိသော ကလာပ် (၉) စည်းတို့တွင် ဘာလို့ စက္ခုဒသက ကလာပ်ခေါ်သလဲလို့ မေးလျှင် ရုပ် (၁၀) ခု ပေါင်းစပ်ဖွဲ့ထားတဲ့ ကလာပ်မို့လို့ စက္ခုလျှင် (၁၀) ခုမြောက်ရှိလို့ စက္ခုဒသက ကလာပ်ခေါ်တယ်။

အဲဒီ ရုပ် (၁၀) ခုကို ကိုင်း တွက်ကြည့်၊ ဘယ်သူတွေလဲလို့ ကြည့်လိုက်လျှင် အဝိနိ-ဘောဂရုပ် (၈) ခု ဇီဝိတရုပ် ၁-ခုဆိုတော့ (၉)ခု ရှိသွားရော။ ဒီအထဲ ဘာထည့်လိုက်သလဲ (စက္ခု ထည့်ပါတယ်)၊ စက္ခုထည့်လိုက်တော့ စက္ခုဒသက ကဟာပ်၊ သောတထည့်လိုက်တော့ သောတဒသက ကလာပ်၊ ဒီအတိုင်းဘဲ ဃာနဒသက ကလာပ်၊ ဇိဝှါဒသက ကလာပ်၊

ကယဒသက ကလာပ်၊ ဣတ္ထိဘာဝဒသက ကလာပ်၊ ပုမ္ဘာဝဒသက ကလာပ်၊ ဝတ္ထုဒသက ကလာပ်၊ ဇီဝိတနဝက ကလာပ်ဆိုပြီးတော့ ကမ္မဇကလာပ် (၉)စည်း ထွက်လာတယ်။

ပြန်ကြည့်လိုက်စမ်း စက္ခုဒသက ကလာပ်စည်းထားတာ၊ ကမ္မဇကလာပ် (၉)စည်းတို့တွင် စက္ခုဒသက ကလာပ်ဆိုတာ ဘယ်သူလဲ မေးလျှင် အဝိနိဗ္ဘောဂရုပ် (၈)ခု ဇီဝိတရုပ် စက္ခုပသာဒရုပ်၊ ပေါင်း (၁၀) ခုကို ခေါ်တယ်၊ အဝိနိဗ္ဘောဂရုပ် (၈) ခုဆိုတာ ဘယ်သူလဲ ပထဝီ အာပေါ တေဇော ဝါယောလို့ခေါ်တဲ့ မဟာဘူတ် (၄) ပါးနှင့် ဝဏ္ဏ ဂန္ဓ ရသ ဩဇာတဲ့။

နောက်ပိတ်ဆုံး ပြောတာက ဘာတဲ့ (ဩဇာ)၊ သတိထားကြပေါ့၊ အဲဒီဩဇာကို လိုချင်လို့ လိုက်ရှာတာ၊ မဟာဘူတ် လေးပါး, ဝဏ္ဏ ဂန္ဓ ရသ ဩဇာခေါ်တဲ့ ရုပ်က ၄-ပါး၊ ပေါင်း ၈-ခုကို အဝိနိဗ္ဘောဂရုပ် (၈) ခုလို့ သင်ကြိုဟ်မှာ အရှင်အနုရုဒ္ဓါဆရာ ဆိုတယ် မဟုတ်လား။

ကြွင်းတဲ့ စိတ္တဇ ဥတုဇ အာဟာရဇ ကလာပ်တွေ ဖွဲ့လဲဘဲ ထိုရုပ် ၈-မျိုးမပါလျှင် ဘယ်ကလာပ်မှ ဖွဲ့လို့ မရဘူး။

ထားပါတော့ သင်ကြိုဟ်ရောက်သွားတာနဲ့ တော်တော်ကြာနေဦးမယ်။ အဲဒီ (၈) မျိုး သော ရုပ်ထဲမှာပါတဲ့ ဩဇာသည် ယခုပြောနေတဲ့ ရုပ်အာဟာရရဲ့ ပစ္စည်းတရားတဲ့။

မူမှန်အောင်လဲ မှတ်ထားကြပါ ဘုန်းကြီးပြောတာတွေ၊ နောက်ပြီးတော့ ဘေးမှာ တမျိုးဖြစ်ဖြစ် မနေကြပါစေနှင့်။

ဒီတော့ အခုပြောနေတဲ့ စက္ခုဒသက ကလာပ်ထဲမှာပါတဲ့ ဩဇာကလေးတွေ့ပြီ မဟုတ်လား၊ ဘာပြောခဲ့သလဲ ဘုန်းကြီးက၊ အဲဒါဟာ ရုပ်အာဟာရရဲ့ ပစ္စည်းတရားလို့ ပြောတယ် မဟုတ်လား။ အဲဒီ ဩဇာနုတ်လျှင် ဒသကကလာပ်မှာ ရုပ်ပေါင်း ဘယ်လောက် ကျန်ရစ်ခဲ့သေးသတုန်း (၉) ခု မကျန်လား (ကျန်ပါတယ်)၊ **စက္ခုဒသက ကလာပ်ထဲက ဩဇာကလေးကို ရုပ်အာဟာရ ပစ္စည်းထားလျှင် ဒီ စက္ခုဒသက ကလာပ်မှာ ကျန်နေရစ်ခဲ့တဲ့ ရုပ် (၉)ခုက ကလာပ်တူ ပစ္စယုပ္ပန်ခေါ်တယ်။**

ဘာခေါ်တယ် (ကလာပ်တူပစ္စယုပ္ပန် ခေါ်ပါတယ်)၊ နားလည်အောင်လဲ လုပ်ကြပါ၊ ခုတင်က ပြောသလို တလွဲမှတ်ပြီးတော့ တော်တော်နေတော့ တမျိုးပြောမနေကြပါနှင့်ဦး။

ပြီးတော့ ကလာပ် ၂၁-စည်းမှာ အခု စက္ခုဒသက ကလာပ်ပြောနေတော့ စက္ခုဒသကကလာပ်မှတပါး သောတဒသက အစရှိသော ကလာပ်ပေါင်းက (၂၀) မရှိဘူးလား (ရှိပါတယ်)၊ **အဲဒါက ကလာပ်ပြား ပစ္စယုပ္ပန်ခေါ်တယ်။**

ပြန်ပြီး တခေါက်နားထောင်ကြစမ်းပါ၊ (စက္ခုဒသကကလာပ်၌ပါသော သြဇာကို ပစ္စည်းအဖြစ်ဖြင့် ယူပါလျှင် ထိုကလာပ်တွင်ကျန်သော ရူပ် (၉) ခုသည် ကလာပ်တူ ပစ္စယုပ္ပန် ဖြစ်၍ သောတဒသကကလာပ် စသော ကြွင်းသောကလာပ် (၂၀)သည် ကလာပ်ပြား ပစ္စယုပ္ပန်မည်၏။

အဲဒီနည်းကို ပုံစံထားပြီးတော့ သောတဒသက ကလာပ်ထဲက သြဇာကလဲ ပစ္စည်း ဖြစ်ကောင်းတာဘာ၊ သောတဒသက ကလာပ်မှာလဲ သြဇာရှိတယ် မဟုတ်လား (မှန်ပါ ရှိပါ တယ်)။ သူ့ကို ပစ္စည်းထားလိုက်လို့ရှိလျှင် သူ့ကလာပ်မှာ ကျန်တဲ့ ရူပ် (၉) ခုက ကလာပ်တူ ပစ္စယုပ္ပန်ဘာ၊ ကြွင်းတဲ့ သောတ ဃာန ဇိဝှါဒသကလာပ် စသည်တို့သည် ဘာဖြစ်သွားမလဲ၊ ကလာပ်ပြား ပစ္စယုပ္ပန်ဖြစ်မယ်။

အဲဒီတော့ ယခုပြောနေတဲ့ သြဇာက အဝိနိဗ္ဘောဂရူပ် (၈) ခုထဲမှာရှိနေတဲ့ တရားဖြစ် လေတော့ ဘယ်ကလာပ်ဖွဲ့ဖွဲ့ ဒီသြဇာလွတ်တဲ့ဟာ ရှိပါ့မလား (မရှိပါ)၊ ဟိုနောက်ပိတ်ဆုံးမှာ အာဟာရဇရူပ်တွေမှာ သွားကြည့်၊ သုဒ္ဓဋ္ဌကကလာပ်လို့ မရှိဘူးလား၊ ရူပ် (၈)ခုရှိတာဘဲ (မှန်ပါ)၊ သုဒ္ဓဋ္ဌကကလာပ်အနေနှင့် ကြည့်လိုက်လို့ရှိယင် သုဒ္ဓဋ္ဌကကလာပ်၌ပါသော သြဇာကို ပစ္စည်းအဖြစ်ဖြင့် ယူပါလျှင် ထိုကလာပ်တွင်ကျန်သော ရူပ် (၇)ခုက ဘာဖြစ်မလဲ ကလာပ်တူ၊ ကြွင်းတဲ့ ကလာပ် (၂၀) က အမြဲတမ်း ဘာဖြစ်ရမလဲ (ကလာပ်ပြား ဖြစ်ရပါမယ်)။

အဲဒါကြောင့် ဆရာတော်ဘုရားကြီးက – ကလာပ်တူ ကလာပ်ပြားဖြစ်သော စတု-သမုဋ္ဌာနိကရူပ်အား တပ်သော... တဲ့၊ ပစ္စည်းတရားက ဘာတုန်း သြဇာတဲ့၊ ဘယ်ကလာပ်က သြဇာဖြစ်ဖြစ် ပစ္စည်းဖြစ်နိုင်တယ်၊ ဘယ်ကလာပ်ဘဲ ဖြစ်ဖြစ် ပစ္စယုပ္ပန်ဖြစ်နိုင်တယ်၊ သို့ပေမဲ့ မတူတာက ဘာတုန်း ကလာပ်တူနှင့် ကလာပ်ပြား။

အဲဒါနှင့်စပ်၍ သိမှတ်စရာ ကောင်းတာကလေးတခု ရေးလျှင် ရေးထားပါ–

သြဇာသည် ကလာပ်တူကို ကျေးဇူးပြုတဲ့အခါ...

အဲဒါတွေက ဘုန်းကြီးကြိုက်တာ အရေးခိုင်းတာ၊ သူများတွေက မဟုတ်ပါဘူး ငြင်းလဲ ထပြီး ငြင်းမနေကြနှင့်၊ ပဋ္ဌာန်းသိပ္ပံက ပြောတဲ့စကားလို့သာ မှတ်။

သြဇာသည် ကလာပ်တူကို ကျေးဇူးပြုတဲ့အခါ ဇနကသတ္တိဖြင့် ကျေးဇူးပြု၏၊ ကလာပ်ပြားကို ကျေးဇူးပြုတဲ့အခါ ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြု၏။

ကျေးဇူးပြုပုံချင်း မတူဘူးနော်၊ ပစ္စည်းတရားကတော့ သြဇာဘဲပေါ့၊ ကလာပ်တူကို ကျေးဇူးပြုတော့ ဘာခေါ်တယ် ဇနကသတ္တိ၊ ကလာပ်ပြား ကျေးဇူးပြုတော့ ဥပတ္ထမ္ဘကသတ္တိ၊ အဲဒါက တနည်း၊ နောက်တမျိုးက ဤတရားကို ဤလိုဘဲ ပြန်စလိုက်။

သြဇာသည် အာဟာရဇရုပ်ကို ကျေးဇူးပြုတဲ့အခါ ဇနကသတ္တိဖြင့် ကျေးဇူးပြုပေ၏၊ ကမ္မဇ စိတ္တဇ ဥတုဇရုပ်တို့ကို ကျေးဇူးပြုတဲ့အခါ ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုပေ၏။

ဒါက တမျိုးနော်၊ နားလည်လောက်ပြီ မဟုတ်လား၊ မှတ်ထား၊ မှတ်ထားကြပေါ့။ ဧဝံ၊ ဤသို့။ မေ=မယာ အာနန္ဒတ္ထေရေန၊ အကျွန်ုပ် အာနန္ဒာမထေရ်သည်။ သုတံ၊ ကြားလိုက်ရ၏–ဆိုသလို ဘုန်းကြီးပြောတုန်းက နားထောင်တာကို ခေါ်တယ်၊ ဥပလက္ခိတံ၊ စာအုပ်ထဲမှာ ခဲတံနှင့် ခြစ်ထားလိုက်ရ၏၊ ဒို့လူတွေက အဲဒီလောက်ပါဘဲ၊ ဟို ဥပမာရိတံတော့ မရောက်ပါဘူး၊ ဥပမာရိတံရောက်အောင် လုပ်ပါ၊ ဥပမာရိတံ၊ နှုတ်တွင်ရွရွ အာဂုံရအောင် ဆောင်ထားရ၏။ ဒီလိုကလေးဖြစ်အောင်လဲ လုပ်ကြပါ၊ ဒီတော့မှ အသုံးချလို့ ရမှာပေါ့။

ကဲ... တော်ပြီ ကျန်တာ နောက်မှပြောမယ်၊ ကျန်မှန်းတော့သိတယ်၊ ပြောချင်တဲ့ အဓိပ္ပါယ်တွေပြည့်လို့ ဒီဟာနှင့် စပ်တာတွေ။

ဣန္ဒြိယသုဒ္ဓသင်္ချာအဆက်

ခုတင်က ပြောတဲ့ ဣန္ဒြိယပစ္စည်းသွားချင်လို့ အချိန်က ကြာလွန်းတော့လဲ မကောင်းဘူး၊ သူ့အချိန်နှင့်သူ ပိုင်ထားမယ်။

ခုတင်က သုဒ္ဓသင်္ချာ ၃-ပုဒ်ဆိုထားတယ်။ သဟဇာတိန္ဒြိယ သုဒ္ဓသင်္ချာ, ဝတ္ထုပုရေဇာတိန္ဒြိယ သုဒ္ဓသင်္ချာ, ရူပဇီဝိတိန္ဒြိယ သုဒ္ဓသင်္ချာလို့ သုဒ္ဓသင်္ချာ ၃-ပုဒ်ဆိုထားသဖြင့် ဣန္ဒြိယပစ္စည်းသည် ၃-မျိုးရှိတယ်လို့ နားလည်တော်မူကြပါ။

သုဒ္ဓသင်္ချာက နေပြီးပြောတယ်၊ နောက်တော့ အကျဉ်းရုံးပြီး နာမည်ခေါ်တဲ့ အခါမှာ အကျဉ်းဆုံးအနေအားဖြင့် နောက်ပိုင်းသုံးစွဲတော့ ဣ ၃-ဆိုလျှင် ဒီသုဒ္ဓ သင်္ချာ ၃-ပုဒ်ဘဲလို့ နားလည်ပါ။

ဒီထက် နည်းနည်းကလေး ကျယ်ကျယ်ကလေးပြောချင်တဲ့ အခါကျတော့ သဟတီ, ပုတီ, ရူပတီ ဆိုလျှင် ပြီးပါတယ်။ ဒီတရားတွေဘဲလို့ ကိုယ်က လှမ်းမြင်ပါနော်။

ဣန္ဒြေ ၂၂-ပါးနှင့် တရားကိုယ်

အဲဒီတရားတွေဟာ အရှင်ဘုရားတို့ ငယ်စာရင်း ဘယ်က ထွက်သလဲလို့ မေးလျှင် မနေ့က ပြောခဲ့တဲ့ မိဿကသင်္ဂဟကို သွားကြည့်ပါ။ သင်ဂြိုဟ်မိဿကသင်္ဂဟ နိဂုံးမှာ ဘာပြောသလဲ... **သောဋ္ဌသိန္ဒြိယဓမ္မာ စ**–တဲ့။ ဣန္ဒြေဟာ ဘယ်လောက်ရှိသလဲ မေးတော့ တရားကိုယ်အားဖြင့် သောဋ္ဌသ ၁၆=ပါးတဲ့။

ရှေ့ပိုင်းကနေ ကြည့်ပါ အရှင်အနုရုဒ္ဓါ ဘာတွေပြောထားသလဲ၊ ဒီ သုဒ္ဓသင်္ဘာ ၃-ပုဒ်ကို ကိုယ့်ဉာဏ်ထဲမှာ ထည့်ထား။ ဗာဒီသတိန္ဒြိယာနိ၊ ဣန္ဒြေဘယ်လောက်တဲ့တုန်း (၂၂- ပါးပါ)။ ဣန္ဒြိယပစ္စည်းဖြစ်ဖို့ရာ မူတည်ပေးနေတာ။ ဗာဒီသတိန္ဒြိယာနိ စက္ခုန္ဒြိယံ သောတိန္ဒြိယံ ဃာနိန္ဒြိယံ ဇိဝှိန္ဒြိယံ ကာယိန္ဒြိယံ– အစဆုံးငါးပါး။ စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေတဲ့၊ တရားကိုယ် ဘာတွေလဲ... စက္ခုပသာဒ သောတပသာဒ ဃာနပသာဒ ဇိဝှါပသာဒ ကာယပသာဒ ခေါ်တဲ့ ပသာဒရုပ် ငါးပါး မဟုတ်လား။ ပသာဒရုပ်ငါးပါးကို ဣန္ဒြေဖွဲ့ထားလို့ ပသာဒိန္ဒြေ ငါးပါးလို့ ခေါ်ပါတယ်။

သူ့တို့တတွေကို ဘယ်နေရာသွားပြီး အသုံးချမလဲမေးလျှင် ခုတင်က 'ပုတီ'လို့ ခေါ်တဲ့ ဝတ္ထုပုရေဏတိန္ဒြိယ ကြည့်လိုက်စမ်း၊ ဒွေပဉ္စဝိညာဉ် (၁၀)အား တပ်သော ပဉ္စဝတ္ထု ဆိုတာ ဘယ်သူလဲ– ဒီ စက္ခု သောတ ဃာန ဇိဝှါ ကာယဘဲ မဟုတ်လား (မှန်ပါ)။

ဗာဒီသတိန္ဒြိယာနိ၏ အစဖြစ်သော ရုပ်ဣန္ဒြေ ၅-မျိုးသည် ဝတ္ထုပုရေဏတိန္ဒြိယ ဖြစ်လိမ့်မယ်လို့ နားလည်ထားပါ။

ဣတ္ထိန္ဒြိယံ ပုရိသိန္ဒြိယံ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေတဲ့။ ၎င်း ဣတ္ထိန္ဒြေနှင့် ပုရိသိန္ဒြေကို တရားကိုယ်ထုတ်တော့ ရုပ်ပိုင်းမှာရှိနေတဲ့ ဣတ္ထိဘာဝရုပ် ပုဗ္ဗာဝရုပ်တဲ့။ ဣတ္ထိဘာဝရုပ်ကို ဣန္ဒြေဖွဲ့တော့ ဣတ္ထိန္ဒြေ, ပုရိသဘာဝရုပ်ကို ဣန္ဒြေဖွဲ့တော့ ပုရိသိန္ဒြေဖွဲ့တယ်။ ၎င်းဘာဝရုပ် ၂-မျိုးကို ဣန္ဒြေ ၂၂-ပါးမှာ ထည့်ဟောထားပေမဲ့ ဣန္ဒြိယပစ္စည်းမှာ ကုသလတိက်အတွက် ထည့်ပြီး မြတ်စွာဘုရားက မဟောဘူးတဲ့။

မှတ်ထားတော်မူကြပါ။ ဣန္ဒြိယပစ္စည်းမှာ ကုသလတိက်အတွက် ထည့်မဟောတဲ့ ဣန္ဒြေ ဘယ်သူလဲ (ဣတ္ထိန္ဒြေနှင့် ပုရိသိန္ဒြေ ဖြစ်ပါတယ်)၊ ခပ်ကျဉ်းကျဉ်းဘဲ ပြောရတယ်။ ဒီနားမှာလဲ ပြောစရာတွေက ပြည့်နေတယ်။

စပ်မိရာကနေပြီး သတိထားဖို့ တခုက ကုသလတိက်မှာ မဟောတဲ့တရား၊ ရုပ်ထဲက အခုပြောနေတဲ့ ဣတ္ထိဘာဝရုပ်ရယ် ပုဗ္ဗာဝရုပ်ရယ် အာပေါဓာတ်ရယ် ဒီရုပ်တရား ၃-မျိုး ကို အမည်ဖော်လို့ မဟောဘူး။ သဘာဝအနေအားဖြင့် ပါနိုင်တာတော့ မဟာဘူတ် ၄-ပါး ဟောလျှင် အာပေါဓာတ်ပါနိုင်တာဘဲ မဟုတ်ဘူးလားလို့။

အာပေါဓာတု ဣတ္ထိန္ဒြိယံ ပုရိသိန္ဒြိယံလို့ အမည်ထုတ်ပြီး ဒေသနာတော်မှာတင်ပြီး မဟောတာကိုသာ ဘုန်းကြီးပြောနေတာ။ ဒါ ကုသလတိက်မှာ မဟောဘူးပြောတာ၊ အချို့ တိက်တွေကျတော့ ဟောတဲ့နေရာမှာ ဟောတယ်။

ရှိပေစေတော့ သူ့ကိုကျော်လိုက်ပြီးတော့မှ ဇီဝိတိန္ဒြိယံတဲ့။ သတိပြုပါ။ ဇီဝိတိန္ဒြိယံ လို့ ဖွဲ့ထားတဲ့ ဣန္ဒြေကို တရားကိုယ်ထုတ်တော့ ဘာတရားထွက်လာသလဲ ဇီဝိတ၊ ဘယ်နှစ်မျိုး

ရှိသလဲ မေးလျှင် နှစ်မျိုးရှိတယ်။ သင်္ဂြိုဟ်သဘောတွေပါ ဒါတွေကို ပြန်လေ့လာကြပါ။ ဘယ်သူလဲမေးလျှင် ရုပ်ဇီဝိတ နာမ်ဇီဝိတ၊ ရုပ်ဇီဝိတ ဆိုတာက ရုပ်ပိုင်းမှာ၊ နာမ်ဇီဝိတ ဆိုတာက စေတသိက်ပိုင်းမှာ၊ စေတသိက်ပိုင်း ဘယ်စေတသိက်ထဲမှာ ရှိသလဲ (သဗ္ဗစိတ္တ-သာဓာရဏထဲမှာ ရှိပါတယ်။

သတိပြု အဲဒီ ဇီဝိတိန္ဒြေဖွဲ့တဲ့ ရုပ်ဇီဝိတ နာမ်ဇီဝိတ နှစ်မျိုးတို့တွင် ရုပ်ဇီဝိတကို နောက်ပိုင်းမှာ ရူပဇီဝိတိန္ဒြိယ ပစ္စည်းအနေနဲ့ ဟောတယ်။

ဘာတဲ့ ခုတင်က သုဒ္ဓသန္ဓာက 'ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် (၉) ခု အားတပ်သော ရုပ်ဇီဝိတိန္ဒြေ' ဒီလိုမဟုတ်လား (မှန်ပါ)၊ အဲဒီမှာဟောတယ်။

ဒီတော့ နာမ်ဇီဝိတ မကျန်ဘူးလား (ကျန်ပါတယ်)၊ မှတ်ထားပါ ဒီတလုံး။

ပြီးတော့ ဘာကြောင့်ဒေတဲ့တုန်း မနိန္ဒြိယံ၊ မနိန္ဒြေဆိုတာ တရားကိုယ်ထုတ်တော့ စိတ်(၈၉)။

ပြီးတော သုခိန္ဒြိယံ ဒုက္ခိန္ဒြိယံ သောမနဿိန္ဒြိယံ ဒေါမနဿိန္ဒြိယံ ဥပေက္ခိန္ဒြိယံလို့ ဝေဒနိန္ဒြေ-၅ မျိုး မလာဘူးလား (လာပါတယ်)၊ တရားကိုယ် ထုတ်တော့ ၅-မျိုးမှာမှ ဝေဒနာ စေတသိကတိုးရတယ်။

သဒ္ဓိန္ဒြိယံတဲ့၊ တရားကိုယ် ဘာတုန်း (သဒ္ဓါစေတသိက်ပါ)၊ ဝိရိယိန္ဒြိယံက ဝိရိယ၊ သတိန္ဒြိယံက သတိ၊ သမာဓိန္ဒြိယံ တရားကိုယ်ထုတ်တော့ ဘာတုန်း (ဧကဂ္ဂတာစေတသိက်)၊ ပညိန္ဒြိယံ တရားကိုယ်ထုတ်တော့ ပညာ အမောဟ၊ အနညာတညဿာမိတိန္ဒြိယံ အညိန္ဒြိယံ အညာတာဝိန္ဒြိယံ ဆိုတာက လောကုတ္တရာနှင့် ယှဉ်တဲ့ ပညာဘဲ မဟုတ်လား၊ မဂ် ၄-ပါး ဖိုလ် ၄-ပါးနှင့် ရှင်အနုရုဒ္ဓါခွဲပြထားတယ် မဟုတ်လား (မှန်ပါ)၊ ပညိန္ဒြိယံက စပြီးတော့ နောက်ဣန္ဒြေ ၃-မျိုးဆက်လာတာက တရားကိုယ်ထုတ်တော့ ပညာ အမောဟပါပဲ။

အခု ဘယ်က စပြီးတော့ ဘယ်မှာ ဆုံးနေသလဲ သတိထားလိုက်စမ်း၊ ရုပ်ဇီဝိတက ရူပဇီဝိတိန္ဒြေဆိုပြီး ဒီဘက်ထွက်လာတော့ နာမ်ဇီဝိတ ဒီက စတာ မဟုတ်လား (မှန်ပါ)၊ အခု ပညာအဆုံး ဦးပဠင်းတို့ သုဒ္ဓသန္ဓာကိုကြည့် 'သမ္မယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ-ကမ္မဇရုပ်အားတပ်သော' ဒီအတိုင်း စဉ်လျက်ရှိရဲ့လား။ ဇီဝိတဆိုတာက ဇီဝိတိန္ဒြေမဟုတ်လား (မှန်ပါ)၊ စိတ်ဆိုတာက မနိန္ဒြေ၊ ဝေဒနိန္ဒြေ ၅-ပါးက ဝေဒနာ၊ သဒ္ဓါက သဒ္ဓိန္ဒြေ၊ ဝိရိယက ဝိရိယိန္ဒြေ၊ သတိက သတိန္ဒြေ၊ ဧကဂ္ဂတာက သမာဓိန္ဒြေ၊ ကျန်ဣန္ဒြေ ၄-ပါးက ပညာ။ ဒီတော့ ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝိရိယ သတိ ဧကဂ္ဂတာ ပညာ စဉ်လို့ဘဲ မဟုတ် လား (မှန်ပါ)။

သင်္ဂြိုဟ်က ဟာတွေချည်း တခြားမှတ်မနေကြပါနှင့်။ ပြန်ရှင်းလိုက်စမ်း နည်းနည်းကလေး။ ဣန္ဒြေ ၂၂-ပါးတို့တွင် ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ ဣန္ဒြေ-၂ခုကို ပယ်နုတ်၍ ကြွင်းသော

ဣန္ဒြေ (၂၀)တို့တွင် ရှေးဦးစွာတွေ့တဲ့ ပသာဒိန္ဒြေ ငါးပါးတို့သည် ဝတ္ထုပုရေဏတိန္ဒြိယပစ္စည်း၊ ခုတင်က ပြောပြီးသားတွေ ပြန်ရှင်းနေတာ။ ရုပ်ဇီဝိတသည် ရူပဇီဝိတိန္ဒြိယပစ္စည်း၊ နာမ်ဇီဝိတစသော နာမ်ဣန္ဒြေရှစ်မျိုးသည် သဟဇာတိန္ဒြိယပစ္စည်း၊ ဒါဘဲ မှတ်ရမှာပေါ့။ ဒီနေ့ ဒါတွေ ဟောမှာဘဲ ပါဠိတော်သွားတာ ဘာမှ မခက်ပါဘူး။

သဟတီ = သဟဇာတိန္ဒြိယ သုဒ္ဓသင်္ခ်ာ

ကဲ... ဒီတော့ သဟဇာတိန္ဒြိယ သုဒ္ဓသင်္ခ်ာကို ဆွဲဖော်ကာပြစို့၊ ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာလို့ဖော်လိုက် (မှန်ပါ)။

အဲဒီသုဒ္ဓသင်္ခ်ာတပုဒ်လုံးကို ထုံးစံအတိုင်း မမေ့အောင် တိကန္ဒင့် ဝေဖန်လိုက်။ ပစ္စည်းတရား နာမ်ဣန္ဒြေ တရားကိုယ် ၈-ပါးကိုဘဲ ကုသလာ ဓမ္မာ အကုသလာ ဓမ္မာ အဗျာကတာ ဓမ္မာလို့ ကြည့်လိုက်စမ်း ခပ်ကျဉ်းကျဉ်းပေါ့။

ကုသလာ ဓမ္မာလို့ ဟောတော်မူတဲ့ ဒေသနာတော်အရ ပစ္စည်း နာမ်ဣန္ဒြေတရားကိုယ် ဘယ်နှစ်ပါးရမလဲ။ ကုသိုလ်စိတ်ဧကဝီသမှာ ယှဉ်နေတဲ့ စေတသိက် အဌတိံသထဲမှာ မနိန္ဒြေမှ တပါးသော ကျန်တဲ့ နာမ်ဣန္ဒြေတရားကိုယ် (၇)ပါး ပါ မပါ ကြည့်ပါလား၊ စိတ်ကတော့ ကုသိုလ်စိတ်ပေါ့နော် (မှန်ပါ)၊ ဇီဝိတမပါဘူးလား (ပါပါတယ်)၊ ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာတွေကော (ပါပါတယ်)၊ ပါလျှင် ကုသလပဒအတွက် ကုသလာ ဓမ္မာ အရ နာမ်ဣန္ဒြေတရား ကိုယ် ဘယ်လောက်ရမလဲ (၈-ပါးရပါတယ်)၊ ၈-ပါးရတယ်။ ကုသိုလ်စိတ်ကိုတော့ မနိန္ဒြေအဖြစ်နဲ့ထည့် (မှန်ပါ)။

အကုသလပဒအရ အကုသိုလ် ဒွါဒသမှာယှဉ်နေတဲ့ စေတသိက် သတ္တဝီသထဲမှာ နာမ်ဣန္ဒြေတရားကိုယ် ဘယ်နှစ်ပါးရှိမလဲလို့ စစ်ကြည့်။ ဇီဝိတပါရဲ့လား (ပါပါတယ်)၊ စိတ်ဆိုတာက အကုသိုလ်စိတ်ဘဲယူပေါ့ အကုသလာ ဓမ္မာဟောတုန်းမှာ (မှန်ပါ)၊ ဝေဒနာကော (ပါပါတယ်)၊ သဒ္ဓါ ပါမလား (မပါပါ)၊ သောဘဏ အသောဘဏ ကွာမသွားဘူးလား ဒါကြောင့် မပါဘူး။ ဝီရိယ ပါနိုင်တယ်၊ သတိကော (မပါနိုင်ပါ)၊ ဧကဂ္ဂတာ (ပါနိုင်ပါတယ်)၊ ပညာ (မပါနိုင်ပါ)။

ဒီတော့ မပါတာ ဘယ်သူလဲလို့ကြည့်လျှင် သဒ္ဓါ သတိ ပညာ ခေါ်တဲ့ တရား ၃-မျိုး လျော့သွားတယ်။ နားလည်ပလား (နားလည်ပါပြီ)။ ဘာဖြစ်လို့ လျော့သွားသတုန်းဆိုတော သူတို့က သောဘဏစေတသိက်တွေ။ အကုသိုလ်စိတ် ဆိုတာက အသောဘဏနယ်က မဟုတ်လား ဒါကြောင့် မယှဉ်နိုင်ဘူး။

ဒီတော့ အကုသလပဒအတွက် ပစ္စည်းတရားဟာ ဘယ်သူလဲလို့ မေးလျှင် ဇီဝိတ စိတ် ဝေဒနာ ဝီရိယ ဧကဂ္ဂတာ ဟု ဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ၅-ပါးလို့ သွားပြီးဖြစ်နေမယ်။

နားလည်တော်မူကြစမ်းပါ။ ဘုန်းကြီးပြောပေးနေတာ ဦးပဉ္စင်းတို့ သိပြီးသားတွေ ပေါ်မှာ မူတည်ပြီး ပြောပါတယ်၊ ခက်ခက်ခဲခဲ အဓိပ္ပါယ် မပြောပါဘူး။ သို့ပေမဲ့ စိတ်ဝင်စားစွာနဲ့ လေ့လာမှ နားလည်မယ်။

အဗျာကတပဒကျတော့ ပဝတ္တိဘဲဖြစ်ဖြစ် ပဋိသန္ဓေဘဲဖြစ်ဖြစ် စေတသိက် အဌတိံသ ပဌတိံသ ယှဉ်ကြတော့ နာမ်ဂ္ဂန္ဒြေတရားကိုယ် ၈-ပါးလုံး ရပါတယ်။ ဒီတော့ ကျေနပ်ပါတော့။

ပစ္စယုပ္ပန် သမ္မယုတ္တခန္ဓာသည် ပစ္စည်းတရားနှင့် ယှဉ်ရမယ်ဆိုတော့ ဒီကနေပြီး ယှဉ်ကြည့်ပါ။ ဇီဝိတ စေတသိက်သည် စိတ်ပေါင်း ဘယ်လောက်ယှဉ်...၊ သဗ္ဗစိတ္တသာဓारณ မဟုတ်လား ၈၉-မှာယှဉ်၊ စိတ်ကတော့ စိတ်တခုယုတ် ကိုးဆယ်ဘဲ။ ဝေဒနာ ဘယ်လောက် ယှဉ်မလဲ (၈၉)၊ သဒ္ဓါ ဘယ်လောက်ယှဉ်မလဲ (သောဘဏစိတ်-၅၉)၊ ဝီရိယ (၇၃-ပါး ယှဉ်ပါတယ်)၊ သတိ (၅၉)၊ ဧကဂ္ဂတာ (၈၉)၊ ပညာ (၄၇-ပါး)။

ဒါဟာ ရှင်းနေတာဘဲ။ ဘာဘဲပြောပြော သဗ္ဗစိတ္တသာဓारณထဲက စေတသိက်တွေ အများကြီးပါတယ် မဟုတ်လား(မှန်ပါ)၊ ပါတော့ သမ္မယုတ္တခန္ဓာ စိတ်ပေါင်း ဘယ်လောက်ရှိသလဲ မေးလျှင် (၈၉) ပါး၊ စေတသိက် (၅၂)။

သမ္မယုတ္တခန္ဓာဆိုဟဲ့ စာလုံးကလေးကို တရားတွေ့အောင် ဆုံးဖြတ်တဲ့နည်း၊ ဒါက (မှန်ပါ)။

စိတ္တဇရုပ်သည် ခါတိုင်းလိုခွဲ ၃-မျိုး။ ပဋိသန္ဓေကမှဇရုပ် ခါတိုင်းလို ၁-မျိုးဘဲ။ ကဲ ပါဠိတော်သရုပ်ခွဲ၊ ဦးသူရိယ ခွဲစမ်း။

ဦးသူရိယ။ ။သမ္မယုတ္တခန္ဓာအားသာ တပ်သော ကုသိုလ် နာမ်ဂ္ဂန္ဒြေ တရားကိုယ် (၈)ပါးတမျိုး။

ဂိတ္တဇရုပ်အားသာ တပ်သော ကုသိုလ် နာမ်ဂ္ဂန္ဒြေ တရားကိုယ် (၈)ပါး တမျိုး။

သမ္မယုတ္တခန္ဓာ စိတ္တဇရုပ်အားတပ်သော ကုသိုလ် နာမ်ဂ္ဂန္ဒြေတရား ကိုယ် (၈)ပါး တမျိုး။

ဆရာတော်။ ။ကုသိုလ်အတွက် ၃-မျိုးရသွားတယ်။ အကုသိုလ်အတွက်ကျတော့ ဘယ့်နှယ်လုပ်မလဲ၊ သမ္မယုတ္တခန္ဓာအားသာ တပ်သော အကုသိုလ်နာမ်ဂ္ဂန္ဒြေ ဘယ်လောက်တုန်း (၅-ပါး)၊ ကဲ ဒါဖြင့် အားလုံး ဟောကြစမ်းပါ။

သံဃာတော်များ။ ။သမ္မယုတ္တခန္ဓာအားသာ တပ်သော အကုသိုလ် နာမ်ဂ္ဂန္ဒြေ တရား ကိုယ် ၅-ပါးတမျိုး။

စိတ္တဇရုပ်အားသာ တပ်သော အကုသိုလ် နာမ်ဣန္ဒြေ တရားကိုယ် ၅-ပါး တမျိုး။

သမ္မယုတ္တခန္ဓာ စိတ္တဇရုပ်အားတပ်သော အကုသိုလ် နာမ်ဣန္ဒြေတရားကိုယ် ၅-ပါးတမျိုး။

ဆရာတော်။ ။ကုသိုလ်နှင့် တူတူဘဲပေါ့။ အဗျာကတကတော့ ၂-မျိုးတဲ့။ ဦးသုဇာတ ခွဲစမ်းပါ။

ဦးသုဇာတ။ ။သမ္မယုတ္တခန္ဓာ စိတ္တဇရုပ်အားတပ်သော သာမညဝိပါက် ကြိယာ နာမ်-ဣန္ဒြေတရားကိုယ် ၈-ပါး တမျိုး။

သမ္မယုတ္တခန္ဓာ ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ပဋိသန္ဓေကိစ္စတပ်သော ဝိပါက်နာမ်ဣန္ဒြေတရားကိုယ် ၈-ပါးတမျိုး။

ဆရာတော်။ ။ဒါကလေးတွေတော့ နှုတ်ထဲမှာ ကျေနေမှပေါ့ ကဲ အားလုံးဘဲ ဆိုကြစမ်းပါ။

သံယာတော်များ။ ။အားလုံးတခေါက်ဆိုကြသည်။

ဆရာတော်။ ။မြန်မြန်ကို သုတ်ခြေတင်လာရတယ်။ နာရီက တဖြည်းဖြည်း နီးသွားပြီ၊ အဲဒါ သဟဇာတိန္ဒြိယ သုဒ္ဓသင်္ခါ သရုပ်ခွဲပုံ။ ပါဠိတော် စီရအောင် ဦးပဉ္စင်းတို့ ရလောက်ပါတယ်၊ သို့ပေမဲ့ အကျဉ်းမျှ ဘုန်းကြီးပြောပြမယ်။

သင်္ခါသတ္တာဘဲ မဟုတ်ဘူးလား။ ကုသလော ဓမ္မော ကုသလသဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ ကုသလာ ဣန္ဒြိယာ သမ္မယုတ္တကာနံ ခန္ဓာနံ ဣန္ဒြိယပစ္စယေန ပစ္စယော-ပေါ့ ကု-ဗျာ, ကု-ကုဗျာတို့ကိုလဲ ခါတိုင်းလို ဟောပါ (မှန်ပါ)။

အကုသိုလ်ဖြစ်လျှင်လဲ အကုသလော ဓမ္မော အကုသလသဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ အကုသလာ ဣန္ဒြိယာ သမ္မယုတ္တကာနံ ခန္ဓာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ သူလဲ အကု-ဗျာ၊ အကု-အကုဗျာ။ ၃-ချက်နော်။

အဗျာကတဖြစ်လျှင် အဗျာကတော ဓမ္မော အဗျာကတသဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ဣန္ဒြိယာ ခါတိုင်းလိုဘဲနော် ပစ္စယုပ္ပန် (မှန်ပါ)။ ပဋိသန္ဓိဂ္ဂဏှာ ဝိပါကာဗျာကတာ ဣန္ဒြိယာ စသည်နဲ့ဆို၊ ရလောက်ပါတယ်။ ဖြည်းဖြည်းကလေး စောင့်ပြီးတော့ ဟောကြစမ်းပါ။

သံယာတော်များ။ ။ကုသလော ဓမ္မော ကုသလသဿ ဓမ္မဿ ဣန္ဒြိယပစ္စယေန ပစ္စယော။ ကုသလာ ဣန္ဒြိယာ သမ္မယုတ္တကာနံ ခန္ဓာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ (၁)

ကုသလော ဓမ္မော အဗျာကတသ္မိံ ဓမ္မေ ဣန္ဒြိယပစ္စယေန ပစ္စယော။ ကုသလာ ဣန္ဒြိယာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ (၂)

ကုသလော ဓမ္မော ကုသလသ္မိံ စ အဗျာကတသ္မိံ စ ဓမ္မေ ဣန္ဒြိယ-ပစ္စယေန ပစ္စယော။ ကုသလာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာ-နာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ (၃)

အကုသလော ဓမ္မော အကုသလေ ဓမ္မေ ဣန္ဒြိယပစ္စယေန ပစ္စယော။ အကုသလာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ (၁)

အကုသလော ဓမ္မော အဗျာကတသ္မိံ ဓမ္မေ ဣန္ဒြိယပစ္စယေန ပစ္စယော။ အကုသလာ ဣန္ဒြိယာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ (၂)

အကုသလော ဓမ္မော အကုသလသ္မိံ စ အဗျာကတသ္မိံ စ ဓမ္မေ ဣန္ဒြိယပစ္စယေန ပစ္စယော။ အကုသလာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ (၃)

အဗျာကတော ဓမ္မော အဗျာကတသ္မိံ ဓမ္မေ ဣန္ဒြိယပစ္စယေန ပစ္စယော။ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ ပဋ္ဌာနမ္ပိ ဝိပါကာ' ဗျာကတာ ဣန္ဒြိယာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ (၁)

ပုတီ = ပုရေဇာတိန္ဒြိယသုဒ္ဓသင်္ခ်ာ

ဆရာတော်။ ။အဲဒါက သဟဇာတိန္ဒြိယတဲ့။ ပုရေဇာတိန္ဒြိယကျတော့ ဦးပဉ္စင်းတို့ ဖာသာ ရေးကြည့်ရအောင် ဘုန်းကြီး ပြောပြမယ်။ သတိပြုပါ ဣန္ဒြိယကို ပုရေဇာတိန္ဒြိယလို့ ခေါင်းစီးမပါတော့ ဘာတွေရေးထားမှန်း မသိဖြစ်ပြန်ရော၊ ဒါမှ မဟုတ်လျှင်လဲ အကျဉ်းချုပ် ပုတီ-လို့ ရေးထားပါ။

ဒီတော့ ခုတင်က ဦးပဉ္စင်းတို့ ရွတ်သွားတဲ့ သုဒ္ဓသင်္ခ်ာက ဘာတဲ့တုန်း ဒွေပဉ္စဝိညာဉ် (၁၀)အား တပ်သော ဆိုတော့ ပစ္စယုပ္ပန်မဟုတ်လား (မှန်ပါ)။ မန္ဒာယုက အမန္ဒာယုက မဇ္ဈိမာယုက ၃-ပါးတို့တွင် ဆိုတာက မဏိမဏ္ဍ။ ဆရာတော်ဘုရားကြီးရဲ့ အမိန့်တော်ပါ။

မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြုင်သော ပဠဝတ္ထု-က ပစ္စည်းတရား မဟုတ်လား (မှန်ပါ)။

ပုတိုလို့ ခေါင်းစီး တပ်ပြီးတဲ့နောက် စာတကြောင်း၏ လက်ရင်းက–ပဠဝတ္ထုလို့ရေး၊ သူက ပစ္စည်းဖြစ်မယ် မဟုတ်လား (မှန်ပါ)၊ ပြီးတော့ စာနည်းနည်းခွါပြီးတော့ ပစ္စယုပ္ပန်လို့ ဘာတဲ့တုန်း ဒွေပဠဝိညာဉ် (၁၀)ရေး။ အလည်ခေါင်မှာ အထက်အောက် မျဉ်းပစ်ထား ရမယ် ပစ္စည်းတဘက် ပစ္စယုပ္ပန်တဘက် သိအောင်။

အဲဒါကို ချိန်ကြည့်ရတယ်။ ချိန်စရာတွေကြည့်စို့။ သူ့ရဲ့ ပစ္စည်းတရားက နာမ်လား ရုပ်လားလို့ ကြည့်ယင် ပဠဝတ္ထုက ဘာခေါ်မလဲ (ရုပ်ပါ)၊ **ရူပေကဒေသ**=ရုပ်တစိတ်တဒေသ ရတယ်။ ပစ္စယုပ္ပန်တရားက ဘာလဲ နာမ်လား ရုပ်လား မေးလျှင် (နာမ်ပါ)၊ နာမ်လဲ ကုန်သလားမေးတော့ ဒွေပဠဝိညာဉ် (၁၀)သာဖြစ်တော့ **နာမေကဒေသ**ဘဲနော် (မှန်ပါ)။

ရုပ်ကလဲ အဗျာကတဘဲ။ နာမ်ဒွေပဠဝိညာဉ် (၁၀) ကကော (အဗျာကတပါဘဲ)။ ဒါကြောင့်မို့ ဤတရားတို့သည် ပုရေဇာတိန္ဒြိယပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သခ်္ခေကံ။ ပစ္စည်းကလဲ အဗျာကတ, ပစ္စယုပ္ပန်ကလဲ အဗျာကတကိုး။ ဧကံ–ဟူသော်ကား အဗျာကတော အဗျာကတသ ဟူသည်တည်း။

အဲဒါတွေ လုပ်ထားကြပါ။ ရအောင်လဲကျက်ရမယ်။ ကျက်ပြီးတော့ သတိပြုလိုက်တော့ ဩော်... ပစ္စည်းရုပ်ကလဲ အဗျာကတ၊ ပစ္စယုပ္ပန်နာမ်ကလဲ အဗျာကတ။ အဗျာကတော အဗျာကတသဆိုတာ သူပါလားလို့ ပေါ်လာတယ်။ ကိုယ်မသိဘူးလားမေးတော့ သိသားဘဲ။ သိလျက်သားနဲ့ကို ထပ်ပြီးကျက်နေရတယ်။

ကဲ... သူတို့ကိုမှ အသေးစိတ် သရုပ်ခွဲပါ။ ပစ္စည်း ပဠဝတ္ထုလို့ ရေးထားတာ ဟုတ်ပါရဲ့။ ပဠဝတ္ထုဆိုတာ ဘယ်သူလဲလို့မေးလျှင် ဦးပဠင်းတို့ ဘယ့်နှယ် ဖြေမလဲ (စက္ခု သောတ ဃာန ဇိဝှါ ကာယဝတ္ထုရုပ် ၅-မျိုးကို ခေါ်ပါတယ်။ ကဲ ဒါဖြင့် ပဠဝတ္ထုကို အောက်တည့်တည့်မှာရေး။ စာရွက် မနှမြောနှင့်နော်။

ပဠဝတ္ထုရဲ့ အောက်က အတန်းမှာ စက္ခုဝတ္ထုလို့ ရေးပါ။ စာရွက်မနှမြော့ပါနှင့် ပညာ သင်လို့ ကုန်တဲ့စာရွက်၊ အဲဒီအောက်က အတန်းမှာ သောတ ဃာန ဇိဝှါကို ပေယျာလထိုး (လ) ကလေးရေးပြီး လက်သည်းကွင်းကလေး ပြထား။ အထက်အောက် ရေးခိုင်းတာနော် (မှန်ပါ)။ အောက်ဆုံးက ကာယဝတ္ထုလို့ရေး၊ တွက်ကြည့်တော့ ပေယျာလထဲမှာ ၃-ဝတ္ထု၊ ဖော်ရေးတာက ၂-ဝတ္ထုဆိုတော့ စက္ခုဝတ္ထု သောတဝတ္ထု ဃာနဝတ္ထု ဇိဝှါဝတ္ထု ကာယဝတ္ထု ဖြစ်နေမယ်။ (မှန်ပါ)။ ရေးထားနော် စာ ၃-ကြောင်းနော် အထက်အောက်။

ပစ္စယုပ္ပန်ကို သွားကြည့်စမ်း၊ ရေးကြည့်ဆိုတာက လွယ်လွယ်ကလေးတွေရေးလို့ သဘာဝ ကျကျကလေး ဖြစ်လာတော့ ခက်တာကို ကိုယ်ကြံ့တတ်တယ်။ ပစ္စယုပ္ပန်က ဒွေပဋ္ဌ-ဝိညာဉ် (၁၀)။ တခုချင်းခွဲလျှင် သရုပ်ခွဲလျှင် ဒွေပဋ္ဌဝိညာဉ်မှာ ပဌမဆုံး စက္ခုဝိညာဉ်လို့ ပေါ်မလာဘူးလား။ (ပေါ်လာပါတယ်)၊ ဒွေပဋ္ဌဝိညာဉ်အောက်တန်းမှာ စက္ခုဝိညာဉ်လို့ ရေးပါ။ ပစ္စည်းစက္ခုဝတ္ထုနှင့် တည့်နေကျပေစေနော် (မှန်ပါ)၊ ပစ္စည်းဘက်က ပေယျာလထိုးထား တဲ့အတိုင်း စက္ခုဝိညာဉ်ရဲ့ အောက်နားက ပေယျာလထိုး (လ) ကလေးရေးလိုက်။ပစ္စည်း ကာယဝတ္ထုနှင့် တည့်တည့်အတန်းက ကာယဝိညာဉ်လို့ ရေးလိုက်။ မကုန်သေးဘူးလား သရုပ်ခွဲလို့ (ကုန်ပါတယ်)။

နေပုံ-ပုံစံ **ပုတီ**

ပစ္စည်း	ပစ္စယုပ္ပန်
ပဋ္ဌဝတ္ထု	ဒွေပဋ္ဌဝိညာဉ် (၁၀)
စက္ခုဝတ္ထု	စက္ခုဝိညာဉ်
(လ)	(လ)
ကာယဝတ္ထု	(ကာယဝိညာဉ်)

ဒီတော့ ပစ္စည်းလဲ အဗျာကတ, ပစ္စယုပ္ပန်လဲ အဗျာကတဆိုတော့ သင်္ခ်ာသတ္တမှာ ဦးပဋ္ဌင်းတို့ ဗျာ-ဗျာ-ဘဲ ဆုံးထားတယ် မဟုတ်လား (မှန်ပါ)။

ပဋ္ဌိသန္ဓိကွဏော ဝိပါကာဗျာကတာ ဣန္ဒြိယာ သမ္မယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ ဒီလို မဟုတ်လား (မှန်ပါ)၊ ကဲ... ဒီမှာ ပါဠိတော် ဆက်မလို့။ ဦးပဋ္ဌင်းတို့ ရေးထားတာ ပါဠိတော် အရကောက်တွေဟာ ပြီးနေပြီ။

စက္ခုဝတ္ထုကို ဣန္ဒြိယပစ္စည်းအနေနှင့် ပါဠိစီတော့ ဘာတုန်း စက္ခုဣန္ဒြိယံ မဟုတ်လား (မှန်ပါ)။ ပစ္စယုပ္ပန် စက္ခုဝိညာဉ်ဒွေကို ပါဠိစီတော့ စက္ခုဝိညာဏသ။ နားလည်ကြလောက်ပြီနော် (မှန်ပါ)။ သူ့နောက်က ကရိဏ်းပါဌ်ဆက်ပြီး ထည့်လို့ရှိယင် ဘာတဲ့တုန်း... ဣန္ဒြိယ-ပစ္စယေန ပစ္စယောလို့ ထည့်ပေး။ ဒီတော့ ပါဠိတော်အစုံကြည့်လိုက်လျှင် ဘယ်လို ဖြစ်နေသတုန်း။

စက္ခုဣန္ဒြိယံ စက္ခုဝိညာဏသ ဣန္ဒြိယပစ္စယေန ပစ္စယော။ အဲဒီ နည်းအတိုင်း ရှေ့ကိုဆက်ပြီးတော့ ရနေတဲ့ပစ္စည်းတရားက သောတ၊ ပစ္စယုပ္ပန်တရားက သောတ ဝိညာဉ်ဒွေ၊ အဲဒါတွေကို ပါဠိစီတော့လဲ ဘယ်လိုဖြစ်လာမလဲ။

သောတိန္ဒြိယံ သောတဝိညာဏသ ဣန္ဒြိယပစ္စယေန ပစ္စယော။
ဃာနိန္ဒြိယံ ဃာနဝိညာဏသ ဣန္ဒြိယပစ္စယေန ပစ္စယော။
ဇိဝှိန္ဒြိယံ ဇိဝှါဝိညာဏသ ဣန္ဒြိယပစ္စယေန ပစ္စယော။
ကာယိန္ဒြိယံ ကာယဝိညာဏသ ဣန္ဒြိယပစ္စယေန ပစ္စယော-
လို့ ပါဠိစီရမယ်။ ပုရေဇာတိန္ဒြိယ ပါဠိတော် ဒီတွင် ပြည့်စုံသွားတယ်။

ဒွေပဋ္ဌဝိညာဉ်အားတပ်သော မန္ဒာယုက အမန္ဒာယုက မဏ္ဍိမာယုက ၃-ပါးတို့တွင် မဏ္ဍိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဋ္ဌဝတ္ထုပစ္စည်းတရား ရ၏။ ပစ္စယုပ္ပန်ခုတင်က အတိုင်းဆိုပြီးတော့ ဘာရမယ်... ဒွေပဋ္ဌဝိညာဉ် (၁၀)။

ဣန္ဒြိယပစ္စယေန–ဟူသော ကရိုဏ်းပါဠိ၏ အရကားဆိုတော့ ဦးပဋ္ဌင်းတို့ သုဒ္ဓသန္ဓာက ဘယ်နှစ်ပစ္စည်းတဲ့တုန်း (၆-ပါးရပါတယ်)၊ အဲဒါ ထုတ်လိုက် ပြီးရော။

အရကောက် သေချာရော မဟုတ်လား။ ပါဠိတော်လဲ သေချာရော။ ဘယ်သူ့ကျေးဇူးလဲလို့မေးလျှင် သုဒ္ဓသန္ဓာ ကျေးဇူး။ နားလည်တယ်နော် (မှန်ပါ)။

ဒီထက် အဖိုးတန်တာကလေးတွေ ရှိသေးတယ်။ နောက်တော့ ပြောပေးဦးမယ်။

ရူပတိ=ရူပဇီဝိတိန္ဒြိယသုဒ္ဓသန္ဓာ

နောက် ဣန္ဒြိယပစ္စည်းတစ်ခု ရူပဇီဝိတိန္ဒြိယ၊ သုဒ္ဓသန္ဓာက အောက်နားက စာကြောင်းရှိလျှင် ဆက်ရေးပါ။ ရူပတိ ပစ္စည်းတရားက ရုပ်ဇီဝိတ။ သုဒ္ဓသန္ဓာက ရုပ်ဇီဝိတဆိုတယ်မဟုတ်လား (မှန်ပါ)။ ပစ္စယုပ္ပန်တရားက ကမ္မဇရုပ်၊ ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ၉-ခုအားတပ်သော ဒီလို မဟုတ်လား (မှန်ပါ)။

ပုံစံ ရူပတိ

ပစ္စည်း	ပစ္စယုပ္ပန်
ရုပ်ဇီဝိတ	ကမ္မဇရုပ်

ပါဠိစီလိုက်တော့ ရူပဇီဝိတိန္ဒြိယံ ပစ္စည်းပြီးရော မဟုတ်လား (မှန်ပါ)။ ပစ္စယုပ္ပန်က ကဋ္ဌတ္တာရူပါနံ။ ကမ္မဇမှန်လျှင် ကဋ္ဌတ္တာ မဟုတ်လား။ ပစ္စယုပ္ပန်ပြီးရောပေါ့ (မှန်ပါ)။

ထိုနေ့သင်တန်းပြီး၏။ (တိတ်ခွေ၌ ကုန်သွားသည်။)

ဆက်နားထောင်ပါ ရူပဇီဝိတိန္ဒြိယ၊ အဗျာကတော အဗျာကတဖြစ်တဲ့ သဟနောက်ပိုင်းမှာ ဗျာ-ဗျာက စပြီး ရွတ်တာပေါ့။ အဗျာကတော ဓမ္မော အဗျာကတသေ ဓမ္မသေ ဣန္ဒြိယပစ္စယေန ပစ္စယော။ (ပေယျာလ) ရူပဇီဝိတိန္ဒြိယံ ကဋ္ဌတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။ အဲဒီအတိုင်း အားလုံး တခေါက်ပြန်ဟောကြစမ်းပါ။

သံယာတော်များ။ ။တခေါက် ပြန်ဟောကြသည်။

ဣန္ဒြိယပစ္စည်း၌ သဘာဝယူပုံ

ကုန်သွားရော ဣန္ဒြိယပစ္စည်း။ အဲဒီဣန္ဒြိယပစ္စည်းမှာဘဲ သင်္ချာသတ္တကတော့ သဟဇယ်တွေမှာ အတူတူချည်းပေါ့ ဟုတ်လား (မှန်ပါ)။ ပစ္စည်းရေ ဘယ်လောက်ရသလဲ (၁၄-ပစ္စည်း)။ အဲဒီ ဣန္ဒြိယရဲ့ သဘာဝကို နည်းနည်းလုပ်ကြည့်စမ်း အားလုံး။

မူက ဘာတုန်း နာမ်ဣန္ဒြေတရား ကိုယ် (၈)ပါး မဟုတ်လား (မှန်ပါ)၊ မူလီက သူပါ (၁၄)ပစ္စည်းရတယ်။ အကြီး အလတ် (၈)ပစ္စည်းနှင့် အငယ် (၇)ပစ္စည်းထဲက သူ့ပစ္စည်းနုတ်လိုက်တော့ (၆)ပစ္စည်း၊ ပြီးတော့ ဣန္ဒြေမထိုက်တဲ့ ပစ္စည်းက ဘယ်သူတုန်း ကမ္မပစ္စည်း၊ သူ့ကို နုတ်ပေါ့ ဟုတ်လား (မှန်ပါ)၊ ဒီတော့ မူလီထိုက်တဲ့ ပစ္စည်းက ဘယ်နှစ်ပစ္စည်းရှိသလဲ သဟဇယ်ထဲက ၅-ပစ္စည်း ရှိတယ်။ ဦးပဉ္စင်းတို့ သုဒ္ဓသင်္ချာကတော့ လတ်ကြီး (၈)နှင့် ဟေ-ဓိ-ဟာ-စျာ-မဂ်၊ အဲဒီ ၅-ပစ္စည်းက မူလီဖြစ်နေတယ်။

ဒီတော့ နာမ်ဣန္ဒြေတရားကိုယ် (၈)ပါးကို မူတည်ထားပြီး အဲဒီ ဟေ-ဓိ-ဟာ-စျာ-မဂ် ၅-ပစ္စည်းကို ရှာစမ်း။

ဇီဝိတကြောင့် ဘာပစ္စည်းတိုးမလဲ၊ ဒီ ၅-ပစ္စည်းထဲမှာ ဇီဝိတပါတဲ့ ပစ္စည်းရှိရဲ့လား (မရှိပါဘူး)၊ သဘာဝ ဘယ်သူမှ မဖြစ်နိုင်ဘူး ဇီဝိတနဲ့။

စိတ်အတွက် ဘာပစ္စည်းတိုးနိုင်သလဲ (အဓိပတိနှင့် အာဟာရတိုးနိုင်ပါတယ်)၊ အဓိပတိမှာ စိတ်က ဘာအဓိပတိဖြစ်နေသလဲ (စိတ္တာဓိပတိ)။ အာဟာရမှာတော့ (ဝိညာဏာဟာရ)။ သတိပြုကြစမ်းပါ။ အဓိပတိမှာ စိတ္တာဓိပတိဖြစ်နေတော့ စိတ် (၈၉)လုံးတော့ မရဘူး၊ သာဓိပတိဇော ၅၂-ခု သာရတယ်၊ နောက်တနေ့ကျတော့ ပြောပေးမယ်ဒါကို။ ဝိညာဏာဟာရကတော့ စိတ် (၈၉)ဘဲရတယ်။

ကဲ-ရှေ့တိုးပြီး ကြည့်စမ်း ဝေဒနာကြောင့် တိုးနိုင်တဲ့ပစ္စည်းပေါင်း။ ဝေဒနာတရားကိုယ်ကြောင့် တိုးနိုင်တဲ့ပစ္စည်း စျာနမှာရှိတယ် မဟုတ်လား (မှန်ပါ)။ ပြီးတော့ကော (မရှိတော့ပါ)။ စျာနဘဲ ရကြတယ် မဟုတ်လား (မှန်ပါ)။

သဒ္ဓါကြောင့် ဘာပစ္စည်းတိုးမလဲ... (မတိုးပါဘူး)၊ သဒ္ဓါကြောင့် မတိုးနိုင်ဘူး၊ ဖြေကြပါ။ ဘုန်းကြီးက ဒီလိုဖြေလျှင် သာပြီး သဘောကျပါတယ်။ မှားချင် မှားပါစေ၊ ဖြေသာဖြေပါ၊ ပြင်ပေးမှာပေါ့။

ဝိရိယကြောင့် ဘာပစ္စည်းတိုးမလဲ ရှာကြစမ်းပါ (အဓိပတိ မဂ္ဂတိုးပါမယ်)။ ဝိရိယာ-ဓိပတိလို့ ရှိတယ်၊ သမ္မာဝါယာမမဂ္ဂင်လို့ ရှိတယ်၊ မိစ္ဆာဝါယာမမဂ္ဂင်လို့လဲ ရှိတယ် (မှန်ပါ)။

မေးတဲ့အခါ ပြောသာ ပြောကြပါ။ မှားချင် မှားပေစေ။ မှားမှ စာဆိုတာ အမှန်တွေ့တယ်။ အဲဒါကို ကြောက်နေလျှင် ဘယ်တော့မှ အမှန်မတွေ့ဘူး။ မှားလဲ ဘာဖြစ်သလဲ မှားပေစေ။ ဆရာက ပြင်ပေးမှာပေါ့။ စာသင်တုန်းဆိုတာ မ-တတ်လို့ သင်နေတာဘဲ။ တတ်လျှင် ဘာလို့ သင်ဦးတော့မှာလဲ။

သတိကြောင့် တိုးမလား (မဂ္ဂပစ္စည်းတိုးပါတယ်) တိုးနိုင်တယ်၊ ဘာမဂ္ဂင်ဖြစ်သလဲ (သမ္မာသတိမဂ္ဂင်ဖြစ်ပါတယ်)၊ နားလည်ပြီနော် (မှန်ပါ)။

ဇောဂ္ဂတာကြောင့် ဘာပစ္စည်းတိုးမလဲ (စျာနမဂ္ဂ တိုးပါတယ်)။

ပြီးတော့ ပညာ။ ပညာတရားကိုယ်ကြောင့် ဘာတွေတိုးမှာလဲ (ဟေတု အဓိပတိ မဂ္ဂ တိုးပါတယ်)၊ ၃-ပစ္စည်း တိုးတယ်၊ သို့ပေမယ်လို့ သတိပြု ခုတင်ကလိုဘဲ။ ဟေတု မဂ္ဂ တိုးတော့ ပညာအပြည့်အဝရတယ်။ အဓိပတိတိုးတဲ့အခါကျတော့ ပညာဟာ အကုန်မဟုတ်ဘူး။ သာဓိပတိ တိဟိတ်ဇော ၃၄-ခုမှာယှဉ်ခိုက် ပညာကိုသာ ဝိမံသာဓိပတိ ခေါ်ရတယ်နော် (မှန်ပါ)၊ ပြောလတ္တံ့ပါဘဲ။ ဒီကနေပြီး သတိထားစေချင်လို့ သတိပေးလာတာပါ။ ဟေတု ရှိတာ မဂ္ဂရှိတာတို့ကတော့ (၄၇)ပါးသော တိဟိတ်စိတ်။ ဒီက ဘယ်လောက်တုန်း (သာဓိပတိ တိဟိတ်ဇော ၃၄-ပါး)။

အဲဒါတွေက ဦးပဋ္ဌင်းတို့ မလုပ်မှာစိုးလို့ ပြန်ပြန်ပြောနေတာ။ ဒီအတိုင်းရှာပါ။ အဲဒါက မူဖြစ်တဲ့ နာမ်ဣန္ဒြေတရားကိုယ် (၈)ပါးက ရှာနေတဲ့တရား။

ကဲ မူလီ ၅-ပစ္စည်းက နေပြီးတော့ ဒီဣန္ဒြေထဲကို ရှာကြည့်ရအောင် သတိပြုနော်၊ ဟေ ဓ ဟာ စျာ မဂ်။

နာမ် ဣန္ဒြေတရားကိုယ် (၈)ပါးထဲမှာ ဟိတ်ထိုက်တဲ့ တရားကိုယ်ရှာစမ်း၊ ပညာတခုတည်းရတယ် (မှန်ပါ)။

အဓိပတိထိုက်တဲ့ ဣန္ဒြေရှာစမ်းပါ၊ အဓိပတိလေးပါး ရှိတယ်မဟုတ်လား ဆန္ဒ ဝိရိယ စိတ္တ ဝိမံသ-လို့၊ ဆန္ဒကြည့်ပါ၊ ဆန္ဒန္ဒြေလို့ ဘယ်မှာရှိမတုန်း၊ စိတ္တက ဘာဣန္ဒြေဖြစ်မယ် (မနိန္ဒြေဖြစ်ပါတယ်)၊ ဝိရိယာဓိပတိက ဝီရိယိန္ဒြေ၊ ဝိမံသာဓိပတိက ပညိန္ဒြေ ဖြစ်နိုင်ပါ

တယ်။ ဒါကြောင့် ဣန္ဒြိယပစ္စည်းနှင့် အဓိပတိပစ္စည်း သဘောတူနေသောတရား ပါဠိလို သုံးတော့ သဘာဝဖြစ်ရတဲ့တရား၊ ဘယ်သူလဲမေးလျှင် **စိတ္တ ဝိရိယ ဝီမံသာဓိပတိတဲ့**။ နားလည်ကြပြီနော် (မှန်ပါ)။

နောက်ပြီးတော့ အာဟာရပစ္စည်း၊ အာဟာရပစ္စည်းထိုက်တဲ့ ဣန္ဒြေရှာပါ၊ ဝိညာဏာ ဟာရဖြစ်တယ်၊ ဟိုမှာ ဘာဣန္ဒြေတုန်း (မနိန္ဒြေပါ)၊ ဖဿကျတော့ ဖဿိန္ဒြေလို့ မရှိဘူး၊ စေတနိန္ဒြေလို့လဲ မရှိဘူး၊ ဝိညာဏာဟာရနှင့်တူတယ်၊ သဘာဝဖြစ်တယ်။

ပြီးတော့ ဘာတုန်း၊ စျာနပစ္စည်းရှာပါ၊ နာမ်ဣန္ဒြေတရားကိုယ် (၈)ပါးထဲမှာ စျာန ပစ္စည်းထိုက်တဲ့ဣန္ဒြေ ဘာတုန်း၊ (**ဝေဒနာနှင့် ဧကဂ္ဂတာ** ဖြစ်ပါတယ်)၊ ဝိတက် ဝိစာရ ပီတိ တို့က ဣန္ဒြေတရားကိုယ် မထိုက်လို့ ဣန္ဒြေလို့ မခေါ်နိုင်ဘူး၊ သဘာဝမဖြစ်ဘူး။

မဂ္ဂင်တရားကိုယ် (၉)ပါးထဲမှာ ဣန္ဒြေဖွဲ့လို့ရတဲ့ ဣန္ဒြေပစ္စည်းနဲ့ သဘာဝဖြစ်တဲ့ တရားရှာပါ၊ ဟိုနေ့က ပြောပြီးသားနော်၊ ဘယ်နှစ်ခုလဲ၊ ဝိရိယ သတိ ဧကဂ္ဂတာ ပညာ ဣန္ဒြေ မဂ်, တဲ့၊ ဣန္ဒြေပစ္စည်းနှင့် မဂ္ဂပစ္စည်းထိုက်တဲ့ တရား ၄-ပါး၊ **ဝိရိယ သတိ ဧကဂ္ဂတာ ပညာ** ဟု ဆိုလိုတယ်၊ သဘာဝဖြစ်တဲ့တရား ဣန္ဒြေအနေနှင့်လဲ ဟောလို့ရတယ်၊ မဂ္ဂအနေနှင့် လဲ ဟောလို့ရတယ်။

မှတ်ထားကြစမ်းပါ၊ ဘုန်းကြီးက လုံးစေ့ပါင့်စေ့ ဒါတွေ လျှောက်လုပ်ပေးနေရလျှင် အချိန်တွေက များများကုန်တယ်၊ အခု ၁၅-မိနစ်တောင် မကဘူး၊ ၁၇-မိနစ်လောက် ရှိ သွားပြီ၊ ဒါတွေပြောနေရတာ။

ကြွင်းတဲ့ပစ္စည်းတွေမှာလဲ ဒီလိုဘဲရှာကြည့်ပေါ့၊ ဟိုပစ္စည်းမူတည် ဒီပစ္စည်းကို မူလီ ထား၊ ကိုယ့်ဖာသာ ကိုယ်လုပ်နေလျှင် သာပြီးတော့တောင် ဉာဏ်ထွက်သေးတယ်၊ အချင်းချင်းလဲ ဘုန်းကြီး အခုမေးသလို မေးကြပါ။ ဒီအချိန်ခါကလေးတွေမှာ ဒီတရားမျိုးတွေ မေးနေရတာ အလွန်အရသာရှိပါတယ်။ အရင်တုန်းက မေးနေကျစကားကလေးတွေ အသာမြှုပ် ထားကြပါ။

ကမ္မပစ္စည်း

ကမ္မ ၂-မျိုး။ ။ထားခဲ့ကြစို့ ဣန္ဒြိယပစ္စည်းကို၊ ဒီနေ့တိုးရမှာ ဘာပစ္စည်းတဲ့ ကမ္မပစ္စည်း၊

ကမ္မပစ္စည်း သုဒ္ဓသင်္ချာ ကြည့်။ ကမ္မပစ္စည်းမှာ ကမ္မသည် ၄-မျိုးရှိ၏။ ဟိုနေ့က သုဒ္ဓသင်္ချာကို အဖတ်ခိုင်းလိုက်ပါတယ်နော်၊ (မှန်ပါ)၊ ပြီးတော့လဲ ထပ်ပြီးအဖတ်ခိုင်းပါဦးမယ်။ သတိပြု နားထောင်ကြပါ။ **သဟဇာတကမ္မ, နာနာက္ခဏိကကမ္မ**-လို့ အကျဉ်းချုပ်အားဖြင့် ၂-မျိုးရှိတယ်။ တခြားမှာ သုံးနေတဲ့ အသုံးကလေးတွေနှင့် မတူဒါကလေးတွေ ပါချင်ပါ လာမှာမို့လို့ သတိပြု နားထောင်ပါ။

ကမ္မပစ္စည်းသည် အကျဉ်းအားဖြင့် ၂-မျိုးသာ ရှိတယ်နော်၊ ဘယ်သူတဲ့တုန်း သဟဇာတကမ္မ, နာနာက္ခဏိကကမ္မတဲ့။

အဲဒီမှာ နာနာက္ခဏိကကမ္မကို ဘုန်းကြီးက မနေ့ကတုန်းက သုဒ္ဓသင်္ချာကို ဖတ်ပြတော့ ဘာတွေထည့်လိုက်သတုန်းလို့ မေးလျှင် သတိနှင့်နားထောင် **အနန္တရကမ္မတမျိုး၊ ဗလဝနာနာက္ခဏိကကမ္မတမျိုး၊ ဗလဝဒုဗ္ဗလနာနာက္ခဏိက ကမ္မတမျိုး** လို့ ၃-ပုဒ် နောက်ထပ် သုဒ္ဓသင်္ချာ အဖတ်ခိုင်းတယ်မဟုတ်လား (မှန်ပါ)၊ နာနာက္ခဏိကကမ္မထဲမှာ ဘုန်းကြီးက သုံးမျိုးထည့်တယ်။

လေ့လာလဲ လေ့လာပါ။ ဒါ ဘုန်းကြီးသုံးနေတဲ့ အသုံးအတိုင်း ဘုန်းကြီးပြောနေတာ၊ အများအားဖြင့် အခြားအခြားသော ဆရာတော်တို့ ပို့ချတဲ့နေရာမှာတော့ **အနန္တရကမ္မကို** နာနာက္ခဏိကကမ္မထဲ မထည့်ကြဘူး၊ ဘုန်းကြီးက ထည့်တယ်။ မထည့်တော့ ဘယ့်နှစ်လုပ် သလဲမေးလျှင် သီးသန့်ပဲ အနန္တရကမ္မ ဟူသော အနေနဲ့ဘဲ ပြုတော်မူကြပါတယ်။

အခုပြောနေတာက ဘုန်းကြီးပြပေးတဲ့နည်း ဟုတ်လား။ နာနာက္ခဏိက ကမ္မမှာဘဲ ဘယ်နှစ်မျိုးရနိုင်တယ် (၃-မျိုးရပါတယ်)၊ ဘယ်သူတဲ့တုန်း **အနန္တရကမ္မ, ဗလဝ နာနာက္ခဏိကကမ္မ, ဗလဝ ဒုဗ္ဗလ နာနာက္ခဏိကကမ္မ** ၃-မျိုးလို့ မှတ်ထားပါ။ ပြီးတော့ ဘာဖြစ်လို့ ဘုန်းကြီးထည့်တယ်ဆိုတာ သရုပ်ပေါ်အောင် ပြောပေးမှာပေါ့။

သဟဇာတကမ္မ

သဟကမ္မဆိုတာက တိုအောင်ခေါ်ထားတာ၊ သဟဇာတကမ္မပေါ့။ သဟဇာတကမ္မ ဆိုတာ အမျိုးအမည် မူရင်း၏ အစွမ်းအားဖြင့် ဘယ်မှာလဲမေးလျှင် သဟဇာတမျိုး မဟုတ်လား (မှန်ပါ)၊ သဟဇာတမျိုး ဖြစ်ခဲ့လို့ရှိလျှင် ဟေတုတို့လိုဘဲ သုဒ္ဓသင်္ချာ သတ္တထွက်လာခဲ့တာပေါ့။ ပစ္စည်းရေ ဘယ်လောက်ရတယ်၊ (၁၀-ရပါတယ်)။

ဒီတော့ သူ့အနေအားဖြင့် ကျေးဇူးပြုလျှင် ဘယ်လိုကျေးဇူးပြုသလဲ၊ ဟေတုတုန်းက ဘုန်းကြီးပြောပြခဲ့တာ ဘယ်လိုတဲ့တုန်း၊ သဟ=အတူတကွ၊ ဇာတ=ဖြစ်ခိုက်မှာ ကျေးဇူးပြုတဲ့တရား။ ဒီလိုမဟုတ်လား (မှန်ပါ)၊ ဘယ်နှယ်လုပ် ကျေးဇူးပြုမလဲလို့မေးလျှင် ဟေတုတုန်းက ပြောတာလိုဘဲ ကြည့်စမ်းပါ။ အခုလို အချိန်ကလေးတွေမှာ ကိုယ့်သန္တာန်မှာ မဟာကုသိုလ်ဖြစ်လို့ နေတဲ့အချိန်မှာ မဟာကုသိုလ်ဇော စောတယ်ဆိုလို့ရှိယင် ပဌမဇောမှာ စေတသိက် ဘယ်လောက်ယှဉ်မလဲ (အဌတိံ သယှဉ်ပါတယ်)။ ၎င်းအဌတိံသထဲမှာ စေတနာ စေတသိက် မပါဘူးလား (ပါပါတယ်)၊ အဲဒီ စေတနာ စေတသိက်ကလေးက ပစ္စည်းတရား၊ သူနှင့်အတူ ဥပါဒါဋ္ဌိဘင်လို့ ခဏငယ် ၃-ချက်အတွင်း ပေါ်လာတဲ့ နာမ်တရား ရုပ်တရားတွေကို ဒီအချိန် ဥပါဒ်ဋ္ဌိဘင်အတွင်းမှာ ကျေးဇူးပြုတယ်။ အဲဒါ သဟဇာတကမ္မသတ္တိ။

ပဋ္ဌမဇ္ဈာနမ္မာပါတဲ့ စေတနာကလေးကို ပစ္စည်းလုပ်ထားတယ်။ ဟေတုတုန်းကတော့ ဘာပြောခဲ့သလဲ ဒီအချိန်မှာ ဟိတ် (မှန်ပါ)၊ အခုတော့ စေတနာက ပစ္စည်းဖြစ်တယ်။ အဲဒီ ဟေတုတုန်းက ပြောသလိုဘဲ အတူတူဘဲလို့ ဉာဏ်ထဲမှာ သိထားကြပါ။

အဲဒီ သဟဇာတကမ္မကို အခုပြောနေတာက နောက်ပိုင်းကို နာနာက္ခဏိက ကမ္မကို ပြောချင်လို့ ပြောနေတာ။

ဒီတော့ ဦးပဋ္ဌင်းတို့ ဘုန်းကြီးတို့ ကုသိုလ်စိတ်တွေ ဖြစ်နေတဲ့အချိန် ဦးပဋ္ဌင်းတို့ ဘုန်းကြီးတို့ သန္တာန်မှာရှိတဲ့ မဟာကုသိုလ်နှင့်ယှဉ်တဲ့ စေတနာတွေက ဦးပဋ္ဌင်းတို့ ဘုန်းကြီးတို့ သန္တာန်မှာရှိတဲ့ နာမ်တရားတွေ, ဦးပဋ္ဌင်းတို့ ဘုန်းကြီးတို့ သန္တာန်မှာရှိတဲ့ စိတ္တဇရုပ်တရားတွေကို သဟဇာတကမ္မ သတ္တိဖြင့် အခုလောလောဆယ် ကျေးဇူးပြုတယ်။ ဟိတ်တရားတွေက ဟေတုသတ္တိနှင့် ကျေးဇူးပြုတယ်။ နာမ်အာဟာရ တရားတွေက အာဟာရသတ္တိဖြင့် ကျေးဇူးပြုတယ်။ အခု စေတနာက ဘာတုန်း သဟဇာတ ကမ္မသတ္တိနှင့် ကျေးဇူးပြုနေတယ်။ အခု စကားပြောနေတဲ့ အချိန်ကလေးမှာ ကိုယ့်သန္တာန်မှာနော် (မှန်ပါ)၊ မဖြစ်နိုင်ဘူးလား (ဖြစ်နိုင်ပါတယ်)၊ စျာနသတ္တိဖြင့်လဲ ကျေးဇူးပြုတာရှိတယ်။

အင်မတန်များပြားတဲ့ နာမ်တရားတွေ, ကိုယ့်သန္တာန်မှာ ဖြစ်ချင်တိုင်း ဖြစ်နေတဲ့ ရုပ်တရားတွေကို ပစ္စယသတ္တိ အမျိုးမျိုးတွေနှင့် ကျေးဇူးပြုနေတယ်၊ မဂ္ဂသတ္တိနှင့်လဲ ကျေးဇူးပြုနေတယ်၊ သူတို့ကတော့ သဘာဝအတိုင်း ဖြစ်နေတယ်၊ အမှတ်တမဲ့နေလျှင် အမှတ်တမဲ့ဘဲ။

စဉ်းစားလိုက်လျှင် ကိုယ့်သန္တာန်မှာ ဖြစ်နေတဲ့ နာမ်တရား ရုပ်တရားတွေဟာ ပစ္စည်းပေါင်း မြောက်မြားစွာပေါင်းပြီး ကျေးဇူးပြုလိုက်လို့ ဒို့သည် ဒီလိုစာဖတ်နိုင်တာ စာချနိုင်တာ ရွတ်နိုင်တာဘဲလို့ သိကြပါ။

အဲဒါက သဟမျိုးမှန်သမျှရဲ့ သဘာဝသတ္တိ။ ကိုယ်ဖြစ်နေတုန်း ပစ္စည်းထိုက်တဲ့ တရားဖြစ်နေတုန်း ဥပါဒ်နေတုန်း ဌီမျှားရှိတုန်း ဒီခဏငယ် ၃-ချက်အတွင်းမှာ ဝိုင်းပြီး ကျေးဇူးပြုတယ်။

အဲဒါ သဟဇာတမျိုးကို နည်းနည်း ပြန်ပြောတယ်။

နာနာက္ခဏိကကမ္မ

ကဲ... ဒီနေ့ ကမ္မပစ္စည်းမှာဝင်လာမည့် နာနာက္ခဏိကကမ္မဆိုတာက ဘယ်လိုလုပ်ပြီး ကျေးဇူးပြုမှာလဲတဲ့၊ သတိပြုနားထောင်ပါ သူ့နာမည်ကြည့်ပါ၊ နာနာက္ခဏိကကမ္မဆိုတာက အသံထွက်၊ စာရေးတော့ စာလုံးပေါင်း ဘယ်လိုရေးမလဲ၊ နာနာ=နေ-ငယ်နှစ်လုံးရေးချနှင့်

နော် (မှန်ပါ)၊ နောက်က ကကြီး ခခွေး ဆင့်ရက်မဟုတ်လား (မှန်ပါ)၊ နာနာခဏိကဘဲ၊ နောက်က ကကြီးနှင့် ခခွေးဆင့်ထားလို့(ကွ) နာနာကွဏိက ဖြစ်နေတယ်(မှန်ပါ)။

သူ့ကို အဓိပ္ပါယ်ပြန်ကြည့်ပါ၊ နာနာ=အသီးအခြား အထူးထူး အပြားပြားသော။ ခဏိက=စိတ္တက္ခဏအတွင်းမှာ ကျေးဇူးပြုတဲ့ တရားမျိုး။

သဟနှင့်တူရဲ့လား (မတူပါ)၊ သဟက ကိုယ့်စိတ္တက္ခဏ အတွင်းမှာ ကျေးဇူးပြုတယ်၊ သူက ကိုယ့်စိတ္တက္ခဏအတွင်းမဟုတ်တဲ့ သည့်ပြင် စိတ္တက္ခဏတွေမှာ ကျေးဇူးပြုတယ်၊ မတူဘူး နော် ဟိတိကျကျ မတူတာကိုကြည့်၊ ကြပ်ကြပ် သတိထား။

နာနာ=အသီးအခြား မိမိမှတပါး။ ခဏိက=ခဏမှာ ကျေးဇူးပြုတဲ့တရား (မှန်ပါ)။

ပစ္စည်းထိုက်တဲ့စေတနာက ဥပါဒ်ဌီဘင် ခဏငယ် ၃-ချက်ထဲမှာ သူရှိနေလျှင် အဲဒီ ခဏငယ် ၃-ချက်အတွင်းမှာ သူ့ပစ္စယုပ္ပန်အကျိုး မရှိဘူး၊ ဒုတိယ စိတ္တက္ခဏမှာ ရှိနိုင်တယ် သူ့ပစ္စယုပ္ပန်၊ တတိယ အစရှိသော စိတ္တက္ခဏတွေမှာ သူ့ပစ္စယုပ္ပန်တရားတွေ ရှိနိုင်တယ်။

နားလည်အောင် နားထောင်ထားပါ ဒီ စကားတွေကို၊ နောက်ပြီးတော့ ဘုန်းကြီး အဋ္ဌကထာဆရာတော်ကြီး မိန့်ထားတာ ပြောပေးမယ်။ ဘာပြောခဲ့သလဲ နာနာကွဏိက ပစ္စည်းထိုက်တဲ့ စေတနာသည် ဥပါဒ်ဌီဘင် အတွင်းမှာ ပစ္စည်းဖြစ်နေလျှင် ဒီဥပါဒ်ဌီဘင် အတွင်းမှာ ပစ္စယုပ္ပန်တရားမရှိရဘူး၊ သူ့ပစ္စယုပ္ပန် ဘယ်မှာ ရှိနိုင်သလဲ၊ ဒုတိယစိတ္တက္ခဏ မှာ ရှိနိုင်တယ်၊ တတိယ အစရှိသော စိတ္တက္ခဏဆိုတာ သေသည့်တိုင်အောင်သာ ယူလိုက်တော့ ရတယ်နော်၊ ဒီနေ့ ပစ္စည်းတရားရှိတယ်၊ နက်ဖြန်ခါ ပစ္စယုပ္ပန်ပေါ်နိုင်တယ်၊ သဘက်ခါ ပေါ်နိုင်တယ်၊ နောင်လ ပေါ်နိုင်တယ်၊ နောက်နှစ် ပေါ်နိုင်တယ်၊ သတိထားကြစမ်းပါ၊ နောက်ဘဝ နောက်ဘဝတွေ နိဗ္ဗာန်ရသည့်ဘဝထိအောင် ပေါ်နိုင်တယ် သူ့ပစ္စယုပ္ပန်၊ နားလည်လောက်ပြီနော် ဗမာလို ပြောထားပါတယ် (မှန်ပါ)။

အဲဒါကြောင့် အဋ္ဌကထာက မိန့်တော်မူပုံကို ဘုန်းကြီးက ပြောပြမယ်။ အဲဒီ အဋ္ဌကထာပါဠိကို အရကောက် ဆရာတော်ဘုရားကြီးက အရကောက်ထဲမှာ ကိုးပြီးပြထားပါ လိမ့်မယ်။ ကြည့်လဲကြည့်စမ်းကြပါ၊ ဘုန်းကြီး အခုပြောတုန်း ရှင်းအောင် နည်းနည်း ထည့်ရွတ်ပေးမယ်။

အဋ္ဌကထာ[1] မှာ ဘာတွေပြောထားသလဲလို့ မေးလျှင် ကမ္မပစ္စယေန-လို့တည် ပါဠိထားပြီး ဖွင့်တယ် နာနာကွဏိကကမ္မကို။

ကမ္မပစ္စယေနာတိ အနေကာနမ္ပိ ကပ္ပကောဋ္ဌိနံ မတ္ထကေ အတ္တနော ဖလံ ဥပ္ပါဒေတုံ သမတ္ထေန နာနာက္ခဏိကကမ္မပစ္စယေနာတိ အတ္ထော။

၁။ ပဋ္ဌာနပကရဏ အဋ္ဌကထာ၊ နှာ - ၃၇၄။

ကမ္မပစ္စယေနာတိ=ကမ္မပစ္စယေန ဟူသည်ကား။ (နာနာက္ခဏိကကမ္မကို ရည်ညွှန်းသည်)။ အနေကာနမ္မိ ကပ္ပကောဋိနံ=တပါးမက များလှစွာသော ကမ္မာကုဋေတို့၏။ မတ္ထကေ=အထက်၌။ အတ္တနော=မိမိ၏။ ဖလံ=အကျိုးတည်း ဟူသော ပစ္စယုပ္ပန်တရားကို။ ဥပ္ပါဒေတုံ=ဖြစ်စိမ့်သောငှါ။ သမတ္ထေန=စွမ်းနိုင်သော။ နာနာက္ခဏိက ကမ္မပစ္စယေန=နာနာက္ခဏိက ကမ္မပစ္စည်းဖြင့်။ ဣတိအယံ=ဤ သည်ကား။ အတ္ထော=အနက်တည်း။

ခုတင်က ဘုန်းကြီးပြောတဲ့ စကားပေါ်တင်ကြည့်ပါ ပါဠိကို။ အဋ္ဌကထာရဲ့ အဓိပ္ပါယ်က ဘာပြောသွားသတုန်း နာနာက္ခဏိကကမ္မဆိုတာတဲ့ ကမ္မာပေါင်း အကုဋေလွန်သွားသည် တိုင်အောင် သူရဲ့ အကျိုးပစ္စယုပ္ပန်ကို ဖြစ်စေနိုင်သေးတယ်။

ဒီတော့ ခုတင်က ဘုန်းကြီးက ဘာပြောခဲ့သလဲ။ သူ့စိတ္တက္ခဏမှတပါး ဒုတိယ စိတ္တက္ခဏ တတိယစိတ္တက္ခဏ စသည် ဟုတ်လား။ ဒီနေ့ပြုတဲ့ စေတနာဟာ နက်ဖြန် သဘက် နောက်လ နောက်နှစ် နောက်ဘဝ ဟိုနောက်ပိတ်ဆုံး နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် သူလိုက်ပြီး အကျိုးပေးနိုင်တယ်တဲ့။ အဲဒါ နာနာက္ခဏိကကမ္မ။

၄
သဟကမ္မနှင့် နာနာကမ္မအထူး

ဒီတော့ ၂-ခုယှဉ်ပြီး ကြည့်စမ်း သဟကမ္မနှင့် နာနာကမ္မ။ သဟကမ္မက စေတနာ တည်းဟူသော ပစ္စည်းတရားဖြစ်တုန်း ဥပါဒ် ဌီဘင်မှာ ကျေးဇူးပြုတယ်။ နာနာက္ခဏိကကမ္မက ပစ္စည်းတရားဖြစ်တုန်းကို သူ့စိတ္တက္ခဏမှာ ပစ္စယုပ္ပန်အား ကျေးဇူးမပြုဘူး။ နောက်စိတ္တက္ခဏက စပြီး ကျေးဇူးပြုနိုင်တယ် (မှန်ပါ)။

ဒီတော့ ဘာတွေမှာ ကွာခြားနေသလဲ ဒီနေရာမှာ ကောက်နုတ်ချက်ချကြည့်။ **သဟကမ္မက အကျိုး ပစ္စယုပ္ပန်အား ပစ္စက္ခပစ္စုပ္ပန် အခိုက်အတန့်ကလေးမှာသာ ကျေးဇူးပြုတယ်၊ နာနာက္ခဏိကကမ္မသည် ပစ္စက္ခပဝတ္တိအကျိုးကိုလဲ ကျေးဇူးပြုတယ်၊ နောက်နောင်ဘဝပေါင်းများစွာမှာလဲ ပဋိသန္ဓေအကျိုးကိုလဲ ပေးတယ်လို့ ဒီလိုမှတ်ပါ။ ပဝတ္တိအကျိုးလဲ ရနိုင်တယ်။ ပဋိသန္ဓေအကျိုးလဲ ရနိုင်တယ်၊ ကိုယ့်စိတ္တက္ခဏမဟုတ်ဘဲနှင့် ဒုတိယစိတ္တက္ခဏ စသည်တို့ ဖြစ်လာလျှင်တော့ ဒါ ဘာဖြစ်မလဲ ပဝတ္တိပေါ့ ဟုတ်လား (မှန်ပါ)။ နောက်ဘဝ ကူးလျှင်တော့ ပဋိသန္ဓေ။**

ပြီးတော့ အဋ္ဌကထာဆရာကြီးက ဘာကို ဆက်ပြောသလဲဆိုတော့ ဒီနာနာက္ခဏိက-ကမ္မဟာ ပဋိသန္ဓေအကျိုးကို ရည်ညွှန်းတယ်၊ ကုသိုလ် အကုသိုလ်မှာရှိတဲ့ စေတနာဘဲတဲ့။ ကုသိုလ် အကုသိုလ်စေတနာဟာ ယခု လတ်တလော ချက်ခြင်း လက်ငင်း အကျိုးပေးတမ်း သာဆိုလျှင်-

ကုသလာကုသလဥ် ကမ္မံ အတ္တနော ပဝတ္တိကၦဏော ဖလံ နေ ဒေတိ။ ယဒိ ဒေဒယျ-တဲ့။

ကုသိုလ် အကုသိုလ်ကံလို့ခေါ်တဲ့ စေတနာဟာတဲ့။ အတ္တနော ပဝတ္တိကၦဏော-ဆိုတာ မိမိတည်းဟူသော ပစ္စည်းထိုက်တဲ့ စေတနာကို ယူရတယ်။ အတ္တနော=မိမိတည်းဟူသော စေတနာတရား၏၊ ပဝတ္တိကၦဏော=ဖြစ်တုန်းခဏာ၌။ ဘုန်းကြီးက အဋ္ဌကထာမှာ ဒီပါဠိကလေးကိုတော့ ဥပ္ပါဒက္ခဏောတောင် ဖြစ်ချင်သေးတယ်။ သို့ပေမဲ့ ပဝတ္တိကၦဏောလို့ဘဲ အဋ္ဌကထာမှာ ရှိတယ်။ ဖလံ=အကျိုးကို။ နေ ဒေတိ=မပေးနိုင်။ ယဒိ ဒေဒယျ=အကယ်၍ ပေးအပ်ခဲ့သည် ဖြစ်ပါအုံ့။

ချက်ခြင်းလက်ငင်းသာ နာနာက္ခဏိကကမ္မအကျိုးပေးတမ်းသာဆိုလျှင်တဲ့-ဆိုပြီးတော့ ဘာကို ဆက်ပြသလဲ။

ယံ မနုဿော ဒေဝလောကူပဂံ ကုသလကမ္မံ ကရောတိ၊ တဿာနုဘာဝေန တဿိံ ယေဝ ခဏေ ဒေဝေါ ဘဝေယျ။

မနုဿော=လူသားဖြစ်တဲ့ ပုဂ္ဂိုလ်တယောက်သည်။ ဒေဝလောကူပဂံ=နတ်ပြည်နတ်ရွာ ရောက်ကြောင်းဖြစ်သော။ ယံ ကုသလကမ္မံ=အကြင်ကုသိုလ်ကံကို။ ကရောတိ=ပြုလုပ်၏။

ဥပမာ–ဘုန်းကြီးတို့ ပန်းတပွင့် လျှုဒါန်းလျှင် နတ်ပြည်မှာ နတ်သမီး နတ်သားဖြစ်နိုင်တယ်ဆိုတဲ့ ဝိမာနဝတ္ထုပါဠိတော် စသည်မှာ အများကြီး ရှိပါတယ်၊ ဘုန်းကြီးတို့က နတ်ပြည်ရောက်ကြောင်းဖြစ်တဲ့ ပန်း ရေချမ်း ဆီမီး စသည်ကို ဘုရားရှေ့တော်သွားလျှုတယ်၊ သွားလျှုလို့ရှိလျှင် ပန်းလျှုတုန်း ဆီမီးလျှုတုန်း ရေချမ်းတော်ကပ်တုန်း ဆဲဆဲမှာ ယောက်ျားပုဂ္ဂိုလ်ဖြစ်လျှင်လဲ ဒီနေရာတွင် လျှုတုန်းဆဲမှာ နတ်သားကြီးဖြစ်သွားရမယ်၊ အမျိုးသမီးဖြစ်လျှင်လဲ ဒီနေရာမှာ လျှုတုန်းဆဲဆဲမှာ နတ်သမီး ဖြစ်သွားလိမ့်မယ်တဲ့။ နာနာက္ခဏိကကမ္မက ဒီလိုမဟုတ်ရဘူး၊ သိပ်သေချာတယ်၊ အဋ္ဌကထာဆရာက ဒီမှာပြတယ်။

တဿ=ထိုကုသိုလ်ကံ၏၊ အာနုဘာဝေန=အစွမ်းသတ္တိအာနုဘော်အားဖြင့်။ တဿိံ-ယေဝ ခဏေ=ထို ပန်း ဆီမီး ရေချမ်း လျှုဒါန်းသော ခဏာ၌ပင်လျှင်။ ဒေဝေါ=နတ်သား နတ်သမီးသည်။ ဘဝေယျ=ဖြစ်လေရာ၏။

ဖြစ်မလားလို့မေးတော့ မဖြစ်နိုင်ဘူးတဲ့၊ ထိုအခိုက်မှာ နာနာက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြုလို့ မရဘူး။

နို့ ဘယ်လိုဖြစ်မှာလဲလို့ မေးတော့ လျှောက်ပြီး ဆက်ပြထားတယ်၊ အဋ္ဌကထာပါဠိတွေ တော်တော်များများရှိတယ် အဓိပ္ပါယ်မျှဘဲ ပြောပြမယ်။

အခု ကုသိုလ် အကုသိုလ်နှစ်မျိုးတွင် တမျိုးမျိုးကို ပြုတယ်၊ ပြုတော့ ဥပါဒ်ဌီဘင် ဆိုပြီး ကုသိုလ် အကုသိုလ်စေတနာ ချုပ်သွားရော၊ ချုပ်သွားလို့ မရှိပေမဲ့တဲ့ အဋ္ဌကထာဆရာ ကြီးက ပြတာ သေချာလိုက်တာ။ နောက်နောက်ဖြစ်သောဘဝ နောက်နောက်ဖြစ်သောအချိန် ကာလ နေ့ရက်တွေကို ဘယ်လို ညွှန်ပြသတုန်း။

ယသ္မိं ပန ခဏေ တံ ကတံ၊ တတော အညသ္မိं ခဏေ အဝိဇ္ဇမာနမ္မိ ကေဝလံ ကဋ္ဌတ္ထာယေဝ ဒိဋ္ဌေ၀ ဓမ္မေ ဥပပဇ္ဇေ ၀ါ အပရေ ၀ါ ပရိယာယေ။

ဒီဘဝမှာဘဲဖြစ်ဖြစ် ဒုတိယဘဝမှာဘဲဖြစ်ဖြစ် တတိယဘဝက စပြီး နိဗ္ဗာန်ရသည့် ဘဝတိုင်အောင်ဘဲဖြစ်ဖြစ် (အပရေ ၀ါ ပရိယာယေ) အဲဒီလိုဘဝပေါင်းများစွာ ကမ္ဘာပေါင်း များစွာမှာတဲ့-

အဝသေသပစ္စယသမာယောဂေ သတိ ဖလံ ဥပ္ပါဒေတိ။

အဝသေသပစ္စယသမာယောဂေ=ကမ္မပစ္စည်းမှ တပါးသော ကြွင်းသော ပစ္စည်းတို့နှင့် ပေါင်းဆုံမိခြင်းသည်။ သတိ=ရှိသော်။ ဖလံ=အကျိုးပစ္စယုပ္ပန်တရားကို။ ဥပ္ပါဒေတိ= ဖြစ်စေ နိုင်၏... တဲ့။ အဲဒါ အဋ္ဌကထာစကားဘဲ။ အရကောက်မှာလဲ ရှိတယ် အဋ္ဌကထာ ပါဠိအကိုးတွေ။

ဒါကြောင့် ပြန်ပြီးချုံးပြောလျှင် ဘာတုန်း သဟကမ္မသည် ပစ္စည်းထိုက်သော စေတနာက ဥပါဒ်ဌီဘင် ခဏငယ် ၃-ချက်အတွင်းမှာရှိတဲ့ နာမ်တရား ရုပ်တရား သို့မဟုတ် နာမ်ရုပ်တရား ၂-မျိုးလုံးကို သဟဇာတ ကမ္မသတ္တိဖြင့် ကျေးဇူးပြု၏။

နာနာက္ခဏိကကမ္မပစ္စည်းထိုက်သော စေတနာသည် မိမိဖြစ်ဆဲဟုဆိုအပ်သော ဥပါဒ်ဌီဘင် ခဏငယ် ၃-ချက်အတွင်းမှာ အကျိုးပစ္စယုပ္ပန်ကို မဖြစ်စေဘဲ ဒုတိယစိတ္တက္ခဏ တတိယစိတ္တက္ခဏ စသည်ဖြင့် ဒုတိယလ တတိယလ ဒုတိယနှစ် တတိယနှစ် ဒုတိယဘဝ တတိယဘဝမှစ၍ နိဗ္ဗာန်တိုင်အောင်သော ဘဝတို့အတွင်းမှာ ကြွင်းသောပစ္စည်းတို့နှင့် အသင့်အတင့် ပေါင်းဆုံမိကြလျှင် အကျိုးပစ္စယုပ္ပန်တရားကို ဖြစ်စေနိုင်ပါသည်။ အဲဒါ သဟကမ္မနှင့် နာနာကမ္မအထူး။

အဲဒါလောက် ပြောလာခဲ့တဲ့ အထူးကို အကျဉ်းဆုံး ပြန်မှတ်ချင်ယင် ပြောပြဦးမယ်။ သဟကမ္မကို ခုတင်က အတိုင်းထား။ သဟကမ္မသည် ပစ္စည်းထိုက်သော စေတနာ ဥပါဒ်ဌီဘင် ခဏငယ် ၃-ချက်အတွင်းမှာသာ ပစ္စယုပ္ပန်ကို ကျေးဇူးပြု၏။ ဒါအကျဉ်းပြောတာ နော်၊ ခုတင်က အကျယ်ကို သေသေချာချာပြောပြီးပြီ။

နာနာက္ခဏိကကမ္မသည် ပစ္စည်းထိုက်သော စေတနာဖြစ်ဆဲ ဥပါဒ်ဌီဘင်ခဏငယ် ၃-ချက်အတွင်းမှာ ကျေးဇူးမပြုနိုင်။ အခြားသော စိတ္တက္ခဏမှာသာ ကျေးဇူးပြုနိုင်၏။

ပြီးရောပေါ့။ အခြားသောဆိုလျှင် ကိုယ်မဟုတ်လျှင် ပြီးတမ်းဘဲ ဟုတ်လား (မှန်ပါ)၊ အဲဒါ အမြဲတမ်း နှုတ်ထဲထားကြပါ။

သဟဇာတကမ္မသုဒ္ဓသင်္ခ်ာ

အဲဒါ ဒီနေ့ ကမ္မပစ္စည်းနှင့်စပ်တဲ့ အဓိပ္ပါယ်ကလေးတွေ ပြောပြနေပါတယ်။ ကဲ... အခ်ိန်တွေ မျှားသွားလိမ့်မယ်။ ဦးသူရိယ သုဒ္ဓသင်္ခ်ာဆိုစမ်း-သဟဇာတကမ္မပစ္စည်း၏ သုဒ္ဓ-သင်္ခ်ာကိုဆိုစမ်း။

ဦးသူရိယ။ ။**သဟဇာတကမ္မပစ္စည်း၏** သုဒ္ဓသင်္ခ်ာဝါရ၌-သမ္မယုတ္တာခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော စိတ်တခုယုတ်ကိုးဆယ်၌ရှိသော စေတနာ၊ ဤတရားတို့သည် သဟဇာတကမ္မပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ သတ္တ၊ ယထာရဟပစ္စည်းရေ လတ်ကြီး (၈)နှင့် ဟာ၊ ပေါင်း ၁၀-ဟူ သည်တည်း။

သင်္ခ်ာ သတ္တဟူသော်ကား ဟေတုနည်းတူဟော။ ပစ္စည်းရေ (၁၀)ဟူသော်ကား-ကမ္မ သဟဇာတ အညမည နိဿယ ဝိပါက အာဟာရ သမ္မယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဟူသည်တည်း။

ဆရာတော်။ ။ဒါဘဲနော်... အားလုံး ရလောက်ပါတယ် မှတ်ထားပါတော့၊ ပါဠိတော် ဖြစ်အောင် သရုပ်ခွဲပြစမ်းပါဆိုတော့-သဟမျိုးက ဟေတုလိုဘဲ ခွဲရတယ်။ ကုသိုလ် ၃-ချက်ကို သမ္မယုတ္တာခန္ဓာအားသာတပ်သော ကုသိုလ်စေတနာတမျိုး၊ စိတ္တဇရုပ်အားသာတပ်သော ကုသိုလ်စေတနာတမျိုး။ သမ္မယုတ္တာခန္ဓာ စိတ္တဇရုပ်အားတပ်သော ကုသိုလ်စေတနာတမျိုးလို့ ၃-မျိုး ထွက်မယ် မဟုတ်လား (မှန်ပါ)။ ဦးပညာနန္ဒ ခွဲကြည့်စမ်း။

ဦးပညာနန္ဒ။ ။အထက်ပါအတိုင်း တခေါက်ဆိုသည်။

ဆရာတော်။ ။အကုသိုလ်ကျတော့လဲ သမ္မယုတ္တာခန္ဓာအားသာ တပ်သော အကုသိုလ် စေတနာတမျိုး-စသည်ဖြစ်မယ် မဟုတ်လား။ အဲဒီ ၃-ချက်ကို အားလုံး ဟော ကြည့်စမ်းပါ။

သံယာတော်များ။ ။သမ္မယုတ္တာခန္ဓာအားသာ တပ်သော အကုသိုလ်စေတနာတမျိုး၊ စိတ္တဇရုပ်အားသာ တပ်သော အကုသိုလ် စေတနာတမျိုး၊ သမ္မယုတ္တာခန္ဓာ စိတ္တဇရုပ်အားတပ်သော အကုသိုလ်စေတနာတမျိုး။

ဆရာတော်။ ။ပြီးတော့ အဗျာကတခွဲရမယ်။ မထူးပါဘူး၊ ဦးဥာဏဝရ ခွဲကြည့်စမ်း။

ဦးဥာဏဝရ။ ။သမ္မယုတ္တာခန္ဓာ စိတ္တဇရူပ်အားတပ်သော သာမညဝိပါက်, ကြိယာ စေတနာတမျိုး၊ သမ္မယုတ္တာခန္ဓာ ပဋိသန္ဓေကမ္မဇရူပ်အားတပ်သော ပဋိသန္ဓေကိစ္စတပ်သော ဝိပါက်စေတနာတမျိုး။

ဆရာတော်။ ။ဒီ ၂-မျိုးဘဲ မထူးဘူး၊ ဟေတုလိုဘဲ မှတ်ထားကြပါတော့၊ ပါဠိတော်ရွတ်ရအောင် သတိပြုကြစမ်းပါ။

ကုသလော ဓမ္မော ကုသလသဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ ကုသလာ စေတနာ သမ္မယုတ္တကာနံ ခန္ဓာနံ ကမ္မပစ္စယေန ပစ္စယော။

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော ကုသလာ စေတနာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကမ္မပစ္စယေန ပစ္စယော-စသည်ဖြင့် အကုသိုလ်ဖြစ်ယင်လဲ အကုသလာ စေတနာ ထည့်ပေါ့။ အဗျာကတဖြစ်ယင် ဝိပါကာဗျာကတာ ကိရိယာဗျာကတာ စေတနာ စသည်ဖြင့် သွားပါ။

ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ စေတနာ သမ္မယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

သတိပြု နားထောင်ကြစမ်းပါ၊ ဇယားရဲ့[1] အောက်နားမှာကြည့်၊ ကမ္မပစ္စည်းအတွက် ပိုလာတာကလေး၊ **စေတနာ ဝတ္ထုဿ ကမ္မပစ္စယေန ပစ္စယော** တဲ့၊ စေတနာက ပစ္စည်း, ဟဒယဝတ္ထုက ပစ္စယုပ္ပန် ပြောတယ်မဟုတ်လား (မှန်ပါ)။ သူနဲ့စပ်တဲ့ အဓိပ္ပါယ် အရကောက်ထဲ ကြည့်ပါတော့ ကျဉ်းကျဉ်းနဲ့ ရှိပါတယ်၊ အဲဒါကလေးဟာ တခြားသော အငယ်ပစ္စည်းတွေထက် ပိုနေတယ်လို့ သတိထားမှတ်နော် (မှန်ပါ)၊ ဖြည်းဖြည်းခြင်းစောင့်ပြီး ဟောစမ်းပါ။

သံယာတော်များ။ ။ကုသလော ဓမ္မော ကုသလသဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ ကုသလာ စေတနာ သမ္မယုတ္တကာနံ ခန္ဓာနံ ကမ္မပစ္စယေန ပစ္စယော (၁)။

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ ကုသလာ စေတနာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကမ္မပစ္စယေန ပစ္စယော (၂)။

ကုသလော ဓမ္မော ကုသလသဿ စ အဗျာကတဿ စ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ ကုသလာ စေတနာ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော (၃)။

၁။ ဤကျမ်း နှာ-၅၉-ရှိ သဟယေပါဠိတော် ဇယားကြည့်။

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။
အကုသလာ စေတနာ သမ္မယုတ္တကာနံ ခန္ဓာနံ ကမ္မပစ္စယေန ပစ္စယော (၁)။

အကုသလော ဓမ္မော အဗ္ယာကတဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။
အကုသလာ စေတနာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကမ္မပစ္စယေန ပစ္စယော (၂)။

အကုသလော ဓမ္မော အကုသလဿ စ အဗ္ယာကတဿ စ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ အကုသလာ စေတနာ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော (၃)။

အဗ္ယာကတော ဓမ္မော အဗ္ယာကတဿ ဓမ္မဿ ကမ္မပစ္စယေန ပစ္စယော။ ဝိပါကာဗ္ယာကတာ ကိရိယာဗ္ယာကတာ စေတနာ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တ-သမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာ-ဗ္ယာကတာ စေတနာ သမ္မယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ စေတနာ ဝတ္ထုဿ ကမ္မပစ္စယေန ပစ္စယော (၁)။

ဗလဝနာနာက္ခဏိကကမ္မသုဒ္ဓသင်္ခ်ာ

ဆရာတော်။ ။အဲဒါက သဟဇာတကမ္မပါဠိတော် သက်သက် ဖြစ်တယ်၊ နာနာက္ခ-ဏိကကမ္မပါဠိတော် သီးသန့်သင်ပေးပြီးတော့မှ ဒီထဲမှာပြန်ရောပြီး တခေါက် ရွတ်ရမယ်နော် (မှန်ပါ)။

ကဲ... နာနာက္ခဏိကကမ္မကို သုဒ္ဓသင်္ခ်ာတွေနှင့် ယှဉ်ပြီးတော့ ပါဠိတော် လုပ်ရအောင်၊ အနန္တရကမ္မ, ဗလဝနာနာက္ခဏိကကမ္မ, ဗလဝဒုဗ္ဗလ နာနာက္ခ-ဏိကကမ္မလို့ ၃-မျိုးရှိတဲ့အနက်က အနန္တရကမ္မကို အသာထားပြီး ဗလဝ-နာနာက္ခဏိကကမ္မသုဒ္ဓသင်္ခ်ာတဲ့ ဦးဉာဏဝရ ဆိုကြည့်စမ်း။

ဦးဉာဏဝရ။ ။ဗလဝနာနာက္ခဏိကကမ္မပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌-ဝိပါဂ်စိတ် ဆတ္တိ-သနာမက္ခန္ဓာအားတပ်သော ဗလဝဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ တရားတို့သည် ဗလဝနာနာက္ခဏိကကမ္မပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သင်္ခ်ာဒွေ။ ပစ္စည်း ရေ ၁-ဟူသည်တည်း။

သင်္ခ်ာ ဒွေ ဟူသော်ကား ကုသလော အဗ္ယာကတဿ, အကုသလော အဗ္ယာကတဿ ဟူသည်တည်း။ ပစ္စည်းရေ ၁-ဟူသော်ကား ကမ္မပစ္စည်း ဟူသည်တည်း။

ဆရာတော်။ ။အဲဒီ သုဒ္ဓသင်္ခ်ာကို ရေးကြည့်ရတယ်။ ခေါင်းစီးက နာနာကမ္မလို့ ရေးထား။ ဒီခေါင်းစီးအရေးခိုင်းရတာလဲ အလွန်ပါဘဲ။ အမှတ်တမဲ့နှင့် ရေးကြရော၊

ပြီးတော့ ပြွတ်သိပ်ခဲနေရော၊ ဘာက ဘာမှန်း မသိဘူး။ နာနာကမ္မလို့ ရေးထား၊ ခုတင်က ဦးဥဏဝရဆိုသွားတဲ့ သုဒ္ဓသင်္ခ်ာကို သတိပြုနားထောင်စမ်း၊ ဘုန်းကြီး တခေါက်ပြန်ပြောပေးမလို့။

ဝိပါက်စိတ် ဆတ္တိံသနာမက္ခန္ဓာအားတပ်သော-လို့ ကိုယ့်နှုတ်က ဆိုလိုက်လျှင်ဘဲ ဒါဟာ ပစ္စယုပ္ပန်တရားမှန်း သိနေပြီမဟုတ်လား၊ ဘာတွေတဲ့တုန်း (ဝိပါက်စိတ် ဆတ္တိံသ နာမက္ခန္ဓာ)။

ပစ္စည်းတရားက ဘာတုန်း ဗလဝဖြစ်သော ကုသိုလ် အကုသိုလ်စေတနာတဲ့။ ကဲခုတင်က စာ ၂-ကြောင်းရေးထားတာမှာ အပေါ်ကြောင်းက ပစ္စည်းဘက်က ကုသိုလ်စေတနာဆိုတော့ ကုသိုလ်ပေါင်း ဘယ်လောက်ရှိသလဲ ၂၁-ပါး၊ ဒီတော့ အကျဉ်းချုပ်ရေးပါလား **ကု ၂၁-စေတနာ** လို့၊ **စေ**-လို့ ရေးထားလဲ ပြီးတာပါဘဲ မသိလျှင်တော့ အခက်ဘဲ။ **အောက်တန်းက အကု ၁၂ စေ** လို့ရေး၊ ပစ္စည်းဘက်ကနော် (မှန်ပါ)၊ ရှင်းနေအောင်ရေးရတယ်။ ကတ်သီးကတ်သတ် ဟိုကျော် ကြားထိုး ကပ်ထည့်, ဒီကျော် ကြားထိုး ကပ်ထည့်နဲ့ ပြီးတော့ မဖတ်တတ်ဘူး။ ရှင်းရှင်းကလေး ရေးထားပါ။

ဘာတဲ့ အပေါ်တန်းပစ္စည်းတရားက ကု ၂၁-စေ။ အောက်တန်းက အကု ၁၂-စေ။ ဒါက ပစ္စည်းတရား။ ပစ္စယုပ္ပန်က ပေါင်းရုံးပြီးဆိုထားတယ်။ ဝိပါက်စိတ်ဆတ္တိံသလို့ ဆိုပစ်လိုက်တယ်။ ပစ္စည်းနှင့် ပစ္စယုပ္ပန်ကို နည်းနည်းခွဲလိုက် နောက်နားပို့လိုက်။

အဲဒီ ဝိပါက်စိတ်ဆတ္တိံသ-ဆိုတာက ပေါင်းထားတာ၊ ကုသိုလ်ကြောင့်ဖြစ်တဲ့ ကုသလဝိပါက်၊ အကုသိုလ်ကြောင့်ဖြစ်တဲ့ အကုသလဝိပါတ်လို့ နှစ်မျိုးမရှိဘူးလား၊ (ရှိပါတယ်)။ ကုသိုလ်ကြောင့်ဖြစ်တဲ့ ကုသလဝိပါက်က ဘယ်လောက်ရှိသလဲ၊ အဲဒါ မြန်မြန်သိချင်ယင် အကုသိုလ်ကြောင့်ဖြစ်တဲ့ ဝိပါက်က ဘယ်လောက်လဲ (၇-ခုပါ)၊ ၇-ခုကို နုတ်ပေါ့၊ ကျန်တဲ့ ၂၉-ဟာ ကုသလဝိပါက်တွေဘဲ။ အပေါ်တန်း ပစ္စယုပ္ပန်တရားနောက်နားကလဲ ရေးစရာ ချန်ထား၊ အဝေးကြီးမလုပ်နဲ့ သိပ်မဝေးနဲ့။ ဒီတော့ ဘာတုန်း ကုဝိ ၂၉၊ ပစ္စယုပ္ပန်နော် (မှန်ပါ)၊ ပစ္စည်းက ဘယ်သူတုန်း ကု ၂၁-စေ။

အကုသိုလ်တန်းက ပစ္စယုပ္ပန်က အကုဝိ-၇၊ ပစ္စည်းက အကု ၁၂-စေလို့ ရေးထားပါ။

ပုံစံ ဗလဝနာနာက္ခဏိကကမ္မပစ္စည်းဇယား

ပစ္စည်း	ပစ္စယုပ္ပန်
ကု ၂၁-စေ	ကုဝိ ၂၉၊ ကဋ္ဌတ္တာရုပ်
အကု ၁၂-စေ	အကုဝိ ၇၊ ॥

ဘာရေးတာတုန်းမေးလျှင် ခုတင်က ဦးဉာဏဝရဆိုသွားတဲ့ ဝိပါက်စိတ် ဆတ္တိသ-နာမက္ခန္ဓာအားတပ်သော ဗလဝဖြစ်သော ကုသိုလ် အကုသိုလ်စေတနာ။

ဒါဟာ ဘာကမ္မပစ္စည်းလဲမေးလျှင် ဗလဝနာနာက္ခဏိကကမ္မ တမျိုးဘဲ ရှိသေးတယ်။ နာနာကမ္မဆိုတာ ပေါင်းထားတဲ့ အမည်နော် (မှန်ပါ)။

အနန္တရကမ္မသုဒ္ဓသင်္ခ်ာ

ပြီးတော့ နောက်တခုကတော့ ဘုန်းကြီးရွတ်ပြပါမယ်၊ အနန္တရကမ္မပစ္စည်း၊ နားထောင်ကြပါ။

မဂ္ဂါနန္တရဖိုလ်လေးခုအားတပ်သော ဒါက ပစ္စယုပ္ပန်မဟုတ်လား (မှန်ပါ)၊ မဂ်လေးခု စေတနာ၊ ဒါကိုတော့ ရေးမထားပါနဲ့၊ ဘုန်းကြီးပြောမယ် သတိပြုကြည့်စမ်း၊ ခုတင်က ရေးထားတဲ့ စာ ၂-ကြောင်းတို့တွင် အပေါ်ကြောင်းမှာ ကြည့်စမ်း၊ ကုဝိ ၂၉-လို့ ရေးထားတယ် မဟုတ်လား (မှန်ပါ)။ အဲဒီ ကုသလဝိပါက် ၂၉-ထဲမှာ ဖိုလ်စိတ် ၄-ခုရှိ, မရှိ ကြည့်ပါ၊ (ရှိပါတယ်)။ အဲဒီလို ရှာတယ်၊ အမှတ်တမဲ့နေလျှင် မသိပါဘူး။

မှတ်ထားပါ မဂ္ဂါနန္တရ ဖိုလ် ၄-ခုအားတပ်သော မဂ် ၄-ခု စေတနာတဲ့။ သူ့ပစ္စည်းထဲမှာ ကု ၂၁-စေ-လို့ ရေးထားတယ်မဟုတ်လား (မှန်ပါ)၊ အဲဒီထဲမှာ မဂ် ၄-ခု ရှိ-မရှိ ကြည့် (ရှိပါတယ်)။

ဒီတော့ ဘုန်းကြီးက ဘာဖြစ်လို့ ဒါပြောနေတာလဲ မေးလျှင် ဒီဟာထဲမှာ အနန္တရကမ္မ တရားရှိတယ်လို့ သိအောင် ဘုန်းကြီးပြောနေတာ (မှန်ပါ)။

စောစောက ဘာပြောခဲ့သလဲ၊ နာနာကမ္မထဲမှာ ၃-မျိုးရှိတယ်ဆိုတာ ဘုန်းကြီးချပို့နေတဲ့နည်းနော်။ အခြား အခြားသော အများအပြားသော ဆရာတော်များဟာ များသော အားဖြင့် **အနန္တရကမ္မကို** သွင်းယူတော်မူလေ့ မရှိကြဘူး။ **အနန္တရကမ္မကို** သီးသန့်ဘဲ ပြတော် မူကြပါတယ်။ ဘုန်းကြီးတော့ ပေါင်းပေးထားတယ်ဆိုတာကို အခုပြတာ။ ဒါဖြင့် ဒီသုဒ္ဓသင်္ခ်ာအတွက် တရားသီးသန့်ရေးစရာ မလိုတော့ဘူးနော် (မှန်ပါ)။

တရားကတော့ ရှိနေတယ်။ **ဗလဝကမ္မဆိုလျှင် အနန္တရကမ္မ ရှိနေတယ်**လို့ ကိုယ့်ဉာဏ်ထဲက သိပါ။ ဒါကို ဘုန်းကြီး လုပ်ပြနေတာ (မှန်ပါ)၊ အရေးမကြီးနဲ့ ရှေ့ကို တွန်းတင်သွားမယ်။ ဒါတွေ မသိဖြစ်ခဲ့လျှင် အလကားဘဲ။

ဗလဝဒုဗ္ဓလနာနာက္ခဏိကကမ္မသုဒ္ဓသၚ်ာ[1]

နောက် ကမ္မတခု သုဒ္ဓသၚ်ာကို ဘုန်းကြီးရွတ်ပြမယ်။ ဗလဝဒုဗ္ဓလ နနာက္ခဏိကကမ္မ မဟုတ်လား (မှန်ပါ)၊ သတိပြုနားထောင် သတိပြုကြည့်ပေး စာကလေး ၂-တန်းပေါ်ကို၊ (ဗလဝနာနာက္ခဏိကကမ္မ ပစ္စည်းဇယားကို)

ကာမဝိပါက် တေဝီသ နာမက္ခန္ဓာအားတပ်သော-တဲ့။ ခုတင်က ပစ္စယုပ္ပန် ၂-ကြောင်း ရှိတဲ့အနက် ကြည့်စမ်း၊ အဲဒီမှာ ကာမဝိပါက် တေဝီသ ပါရဲ့လားလို့ ရှာရတယ်။ အပေါ်က ကုဝိ-ထဲမှာ ကာမဝိပါက်ပေါင်း ဘယ်လောက်ရှိသလဲလို့ ကြည့်ရတယ်။ ကာမဝိပါက်ဆိုတော့ မဟာဝိပါက်က ၈-ခု အဟိတ်ကုသလဝိပါက်က ၈-ခု ပေါင်းလျှင် ၁၆-ခု၊ အောက်တန်းက အကုဝိ-က (၇) မဟုတ်လား (မှန်ပါ)၊ ပေါင်းလိုက်တော့ ဘယ်လောက်လဲ (၂၃-ပါးရပါတယ်)၊ အဲဒါ ကာမဝိပါက် တေဝီသဘဲ။ အပေါ်တန်းမှာ (၁၆)ခုရှိတယ်၊ အောက်တန်းမှာ (၇)ခုရှိတယ်။

အဲဒီလို စာကို တွေ့အောင်ရှာရတယ်။ ဒါကြောင့်မို့ ဘုန်းကြီး ပါဠိလို ခေါ်တာတွေ ဖျောက်ဖျောက်ပြီးတော့ ဗမာလိုပြောတာ၊ တချို့က နှုတ်တက်ပြီးတော့ ပါဠိလိုလျှောက်ပြီးတော့ ထည့်သွားတယ် သရုပ်ခွဲတာကအစ၊ ပြီးတော့ မေးကြည့်တော့ သေသေချာချာ အရှာခိုင်းတော့ ဘယ်ရှာရမှန်းမသိ ဘာမှန်းမသိ ဖြစ်နေတတ်တယ်။ သေသေချာချာ သိအောင် လုပ်ပါ။

အခု ရေးထားတဲ့အထဲမှာ အပေါ်တန်းမှာ ကာမဝိပါက် တေဝီသဆိုတာ မဟာဝိပါက်စိတ် ၈-ခု အဟိတ်ကုသလဝိပါက်စိတ် ၈-ခု ပေါင်း ၁၆-ခု ရှိတယ်၊ အောက်တန်းက အကုသလဝိပါက် (၇)ခု၊ ပေါင်းတော့ ၂၃-ခုရှိတယ်။

ပစ္စည်းတရားက ဘာတဲ့တုန်း ကာမကုသိုလ် အကုသိုလ်စေတနာဟု ဆိုအပ်သော ဗလဝဒုဗ္ဓလနာနာက္ခဏိက ကမ္မ။

ကာမကုသိုလ်ဆိုတာ ဘယ်သူ့ကို ဆိုတာတုန်း မဟာကုသိုလ်စိတ် ၈-ခု။ အပေါ်တန်းက ကုသိုလ်စေတနာ ၂၁-ထဲမှာ မဟာကုသိုလ်ကိုသာ ယူနေတာ (မှန်ပါ)၊ နောက်ပိုင်းမှာတော့ နာနာက္ခဏိကကမ္မ ဇယားနှင့်တကွ အပြည့်အစုံ ရှိပါတယ်။ ဦးပဉ္စင်းတို့ ဒီနေရာမှာ တရားကိုယ်မြင်အောင် ဘုန်းကြီးလုပ်ပေးနေတာ။

၁။ ဤကျမ်း နှာ ၁၂-ရှိ ဗလဝဒုဗ္ဓလနာနာက္ခဏိကကမ္မသုဒ္ဓသၚ်ာ ကြည့်။

အပေါ်တန်းက ဘာရှိသလဲ၊ ပစ္စည်းက မဟာကုသိုလ်စေတနာ=မဟာကုသိုလ် ၈-ခုနှင့် ယှဉ်ခိုက် စေတနာ။ အောက်တန်းက အကုသိုလ် ဒွါဒသနှင့် ယှဉ်ခိုက် စေတနာ။ ဒါက တပိုဒ်ဘဲ ပြီးသေးတယ်။

နောက်တပိုဒ်က ဘာတဲ့တုန်း၊ ကဋ္ဌတ္တာရုပ်အားတပ်သော ပဠဝေါကာရကုသိုလ် အကုသိုလ်စေတနာတဲ့ (မှန်ပါ)၊ ဒို့ရေးခိုင်းတဲ့အထဲမှာ ကဋ္ဌတ္တာရုပ်လို့ မပါသေးဘူး။ မပါတော့ ကုဝိ ၂၉-နောက်က ကဋ္ဌတ္တာရုပ်လို့ ရေးထည့်လိုက်ဦး၊ ဒုဗ္ဗလအတွက် ပြောနေတာနော် (မှန်ပါ)၊ အကုဝိ ၇-နောက်ကလဲ ဒီအတိုင်းရမှာဘဲ ပုဒ်မကလေးပြလိုက်။

ရပြီးပြီလား (မှန်ပါ)။ အခုမှ ထည့်ရတယ်၊ ဘာတရားတဲ့ (ကဋ္ဌတ္တာရုပ်)။ အဲဒီ ကဋ္ဌတ္တာရုပ်ဆိုတာ ဟိုစောစောတုန်းက ဘုန်းကြီးပြောထားတဲ့ ကမ္မဇရုပ်ဘဲ (မှန်ပါ)။ ကမ္မဇ ရုပ်မှာ ဟောဒီနေရာကျတော့ ၃-မျိုးစလုံး လာတယ်။ ပဋိသန္ဓေ ကမ္မဇလာမယ်၊ ပဝတ္တိ ကမ္မဇလာမယ်၊ အသညသတ်ကမ္မဇလာမယ် (မှန်ပါ)။ ဒါက ပစ္စယုပ္ပန်တရား (မှန်ပါ)။

ပစ္စည်းတရားအနေနှင့် ဘယ်သူ့ကို ကြည့်ရမလဲလို့ ကြည့်လိုက်လျှင် ပဠဝေါကာရ ကုသိုလ်တဲ့ (မှန်ပါ)။ ပဠဝေါကာရကုသိုလ်ဆိုတာ ဘယ်သူ့ကို ခေါ်တာလဲ မဟာကုသိုလ်စိတ် ၈-ခု၊ ရူပါဝစရကုသိုလ် ၅-ခု၊ ဒါတင်ဘဲရတယ် (မှန်ပါ)။ ပြီးတော့ အကုသိုလ်စေတနာ ၁၂-ခု၊ အဲဒါတွေကို-

ကဋ္ဌတ္တာရုပ်အားတပ်သော ပဠဝေါကာရ ကုသိုလ် အကုသိုလ်စေတနာဟု ဆိုအပ်သော ဗလဝ ဒုဗ္ဗလ နာနာက္ခဏိကကမ္မ။

ဦးပဉ္စင်းတို့ ဂရုစိုက်လုပ်ကြစမ်းပါ၊ အဲဒါ **ပဠဝေါကာရအတွက်လဲပြီးတယ်**၊ ပစ္စယ-နိဒ္ဒေသအတွက်လဲ ပြီးတယ်၊ ပါဠိတော်လဲ ပြီးနေပြီ၊ ဆဝါရမှာလဲ ဒီတရားတွေဘဲ၊ အရ ကောက်လဲ ပြီးနေပြီ။

သန္ဓာဒွေ... တဲ့။ သန္ဓာဒွေဟူသော်ကား အပေါ်တန်းကြည့်စမ်း၊ ကုသိုလ်စေတနာက ကုသလော ဓမ္မော မဖြစ်ဘူးလား (ဖြစ်ပါတယ်)၊ ဝိပါက်နှင့် ရုပ်က (အဗျာကတပါ)၊ ကုသလော အဗျာကတသ။ အောက်တန်းကိုထုတ်လျှင် ဘယ်လိုနေမလဲ (အကုသလော အဗျာကတသ) အဲဒီလိုဆိုတော့ သန္ဓာလဲ သိမလာဘူးလား (မှန်ပါ)။

သုဒ္ဓသန္ဓာကို ကျေနေအောင် ကျက်ပါလို့ ဘုန်းကြီးက ခိုင်းတယ်။ အခုတွေ့တော့လဲ ကျက်တဲ့အတိုင်းဘဲ။ ကိုယ်လဲသိပြီးသားဘဲပေါ့ (မှန်ပါ)၊ ဒီတော့-

သန္ဓာဒွေဟူသော်ကား ကုသလော အဗျာကတသ၊ အကုသလော အဗျာကတသ ဟူသည်တည်း။

ပစ္စည်းရေက ပကတူက ဘယ်နှစ်ပစ္စည်းတဲ့တုန်း (၂-ပစ္စည်း)။ အနန္တရကမ္မက ဘယ်နှစ်ပစ္စည်းတုန်း (၆-ပစ္စည်း)။ ဗလဝဒုဗ္ဗလက (၁-ပစ္စည်း)။ မှတ်ထားကြနော်။

ဒီတော့ အပေါ်တန်းကို ဘယ်လိုဟောမလဲ ပါဠိတော်ဟောစဉ် သတိပြုပါ-

ကုသလော ဓမ္မော အဗျာကတသော ဓမ္မသော ကမ္မပစ္စယေန ပစ္စယော။ နာနာက္ခဏိက ကမ္မဖြစ်ခြင်းကြောင့် နာနာက္ခဏိကာလို့ ရှေ့နားက နာမည်ကို ပေးအပ်ပြီးတော့ ရေးထားတာက ကုသိုလ်စေတနာ မဟုတ်လား။ ပါဠိတော် အဲဒီအတိုင်းစီရုံဘဲ ကုသလာ စေတနာ၊ အဲဒါက ပစ္စည်း (မှန်ပါ)။ ဟိုနောက်ကတော့ ဝိပါက်နှင့် ရုပ် မဟုတ်လား (မှန်ပါ)။

ဒီတော့ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

ဘယ်လောက်ထိအောင် လွယ်သလဲလို့ ကြည့်ကြပါ သုဒ္ဓသၾၚရေးထားတဲ့ တရား ပါဠိတော်အရကောက် ဒီအတိုင်းဘဲ (မှန်ပါ)၊ အောက်တန်းကြည့်ပါ-

အကုသလော ဓမ္မော အဗျာကတသော ဓမ္မသော ကမ္မပစ္စယေန ပစ္စယော။ နာနာက္ခ-ဏိကာ အကုသလာ စေတနာ... တဲ့ ပစ္စည်းတရား၊ ပစ္စယုပ္ပန်ကတော့ ခုတင်ကလိုဘဲ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ မှတ်မိလောက်ပါတယ်နော် ဦးကောလိယ ဟောကြည့်စမ်းပါ။

ဦးကောလိယ။ ။ကုသလော ဓမ္မော အဗျာကတသော ဓမ္မသော ကမ္မပစ္စယေန ပစ္စယော။ နာနာက္ခဏိကာ ကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

အကုသလော ဓမ္မော အဗျာကတသော ဓမ္မသော ကမ္မပစ္စယေန ပစ္စယော။ နာနာက္ခဏိကာ အကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

ဆရာတော်။ ။တကယ်တမ်း ပဋ္ဌာန်းကိုလိုချင်ပြီဆိုတော့ ဒီသုဒ္ဓသၾၚကလေးတွေ အင်မတန်ကို ကျက်ချင်စရာကောင်းတယ်။ တကယ်တမ်း လိုချင်တဲ့လူကို ပြောတာနော်။ သိကျက်ချင်စရာကောင်းတယ်။ အများကြီး ကျက်ချင်စရာ ကောင်းတယ်။

စဉ်းစားကြည့်လို့ ဦးပဉ္စင်းတို့ဉာဏ်လဲ ခံတွင်းတွေ့လာလေ သုဒ္ဓသၾၚ ကလဲ ကြည်ညိုစရာကောင်းလေ နှစ်သက်စရာကောင်းလေ မြတ်နိုးစရာ ကောင်းလေဘဲ။

အရကောက်လုပ်ပုံကြည့်စမ်း၊ တနှစ်က အကြီးတန်းပဏ္ဍာကို ဘုန်းကြီးက ကြည့်တယ်၊ နာနာက္ခဏိက ကမ္မဖြစ်အံ့- ကုသလော အဗျာကတသော ဓမ္မော ပစ္စည်း ပစ္စယုပ္ပန်

ကရိုဏ်းပါဠိအရတို့ကို စုံလင်အောင် ကောက်ပြပါတဲ့၊ ပုစ္ဆာမေးပုံပြောတာနော် (မှန်ပါ) တနည်းကား ကောက်ရန်မလို'တဲ့၊ အရကောက် ဆရာတော်ကြီးက တနည်းကား ကောက်ထားတာ နည်းတာ မဟုတ်ဘူး၊ စာတမျက်နှာလောက် ရှိတယ်။

အခု ဦးပဉ္စင်းတို့ ရေးတာကိုဘဲ ပုစ္ဆက-က မေးနေတယ်၊ ပြန်နားထောင်စမ်း၊ ဘာတဲ့တုန်း 'နာနာဂ္ဂဏိကကမ္မဖြစ်အံ့- ကုသလော အဗျာကတသဿ ရနိုင်သော ကတ္တားသမ္မဒါန် ကရိုဏ်းပါဠိတို့ကို စုံလင်စွာ ကောက်ပြခဲ့ပါ'-တဲ့။

အဲဒီမှာ ဘာကို ကောက်မလဲ ကတ္တားပါဠိအရကား- (ကုသိုလ် ၂၁-စေတနာ ကောက်ရမယ်) ဦးပဉ္စင်းတို့ရေးထားကဲ့အတိုင်းဘဲ မဟုတ်လား (မှန်ပါ)၊ သမ္မဒါန်ပါဠိအရ ဘာကောက်မလဲ၊ ကုသလဝိပါက် ဧကူနတိံသ နာမဂ္ဂန္ဓာ၊ ပြီးတော့ ကဋ္ဌတ္တာရုပ် ရပါတယ်။ အဲဒါက ပစ္စယုပ္ပန်၊ ကရိုဏ်းပါဠိထုတ်တော့ဆိုတော့ ခုတင်က ဘုန်းကြီးထည့်ပေးထားတာကို သတိပြု၊ ဒီအထဲမှာ ဗလဝကမ္မ မပါဘူးလား (ပါပါတယ်)၊ ဗလဝဒုဗ္ဗလကမ္မမပါဘူးလား (ပါပါတယ်)၊ အနန္တရကမ္မ မပါဘူးလား (ပါပါတယ်)၊ အများဆုံး ဘယ်သူလဲ (အနန္တရကမ္မပါ)၊ ဒါဖြင့် ဒီကရိုဏ်းပါဠိကို ဘယ်လောက်ထုတ်မလဲ (၆-ပစ္စည်းပါ)၊ ကမ္မ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ၆-ပစ္စည်း၊ ဒီအတိုင်း တန်းပြီးထုတ်လိုက်ယင် ပြီးနေတာဘဲ။

အဲဒါတွေကြောင့် ဘုန်းကြီးက ပြောတာ စေ့စေ့စပ်စပ်နှင့်ကြည့်၊ လိုလိုလားလားနဲ့ရှာပါ၊ သေသေချာချာ မြင်တွေ့လာပလားဆိုတော့- **အို ကျက်ချင်စရာကောင်းလိုက်တဲ့ သုဒ္ဓသန္ဓိကလေးတွေ**၊ အဲဒါကြောင့် ဘုန်းကြီးက သိပ်ပြီး တိုက်တွန်းတယ်၊ မကျေတာက ခက်တယ်၊ အချို့က ချပေးတာများသတဲ့၊ မများပါဘူး အင်မတန်နည်းပါတယ်၊ ပြီးတော့ တနေ့ထက်တနေ့ ဘုန်းကြီးက တူတာကလေးတွေပေါင်းပြီး ချပေးတယ်၊ ဘုန်းကြီးတို့ ငယ်ငယ်တုန်းက သင်ခဲ့ရတဲ့ ရှေးရိုးသင်နည်းကို ဦးပဉ္စင်းတို့ သင်ပေးလျှင် ဘယ်သူမှ သင်ချင်မှာတောင် မဟုတ်ဘူး။

ဘုန်းကြီးပြတာက ဒီလိုပါ ဟေတုပြပြီးလျှင် ဟေတုနဲ့အတူနိုင်ဆုံး ပစ္စည်းကို ရှာပေးတယ်၊ အဲဒါ သတိထားပါ။

ကဲ- ကမ္မပါဠိတော်ကြီး ပေါင်းချင်လို့သတိပြုကြစမ်း၊ ခုတင်က သန္ဓိသတ္တမှာ ကုပဒ ၃-ချက်ရှိတယ်မဟုတ်လား၊ သတိပြုနိုင်အောင်ပါ၊ နာနာကမ္မနှင့် ရောမလို့။

သန္ဓိသတ္တက ကုကု-ကုဗျာ-ကုကုဗျာ မဟုတ်လား၊ ကုသလပဒမှာ (မှန်ပါ)၊ အခု ဒီမှာ ကုဗျာ မရှိဘူးလား (ရှိပါတယ်)၊ ဒီတော့ နံပါတ် ၂-သန္ဓိ ပဒ ပဒါဝသာနမှာ အခု ပြောနေတဲ့ နာနာဂ္ဂဏိကကမ္မ ထည့်ရလိမ့်မယ်လို့ သိပါ(မှန်ပါ)၊ ဘုန်းကြီးရွတ်ပြမယ်၊ အားလုံး ဂရုစိုက်ပြီး နားထောင်စမ်း။

ကုသလော ဓမ္မော ကုသလသဲ ဓမ္မသဲ ကမ္မပစ္စယေန ပစ္စယော။ ကုသလာ စေတနာ သမ္မယုတ္တကာနံ ခန္ဓာနံ ကမ္မပစ္စယေန ပစ္စယော။ ဒါက မူရင်းအတိုင်း (မှန်ပါ)၊ နံပါတ် ၂-ကို ကြည့်-

ကုသလော ဓမ္မော အဗျာကတသဲ ဓမ္မသဲ ကမ္မပစ္စယေန ပစ္စယော။ နာနာက္ခ-ဏိက ထည့်နေပြီ မဟုတ်လား၊ ၂-မျိုးပါလျှင် မြတ်စွာဘုရားက မာတိကာခေါ်တဲ့ ခေါင်းစဉ်ကလေးထုတ်တယ်၊ ဒီမှာလဲ ကုဗျာမှာ သဟဇာတကမ္မလဲ ရှိနေတယ်၊ နာနာက္ခဏိက ကမ္မလဲ ရှိတယ် မဟုတ်လား (မှန်ပါ)၊ ဒါကြောင့် သဟဇာတာ နာနာက္ခဏိကာ၊ အဲဒါက ခေါင်းစဉ် မာတိကာထုတ်ပြီး ဟောတာ၊ ခေါင်းစဉ်တာနော်၊ ပြီးတော့ ပြန်ကောက်လိုက် ခေါင်းစဉ်အတိုင်း။

သဟဇာတာ ကုသလာ စေတနာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

နာနာက္ခဏိကာ ကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

နားလည်တယ်နော် (မှန်ပါ)။ ပြီးတော့ နံပါတ် ၃-က တော့ သဟကမ္မဘဲ မဟုတ်လား၊ အဲဒီသုံးခုကို ဦးပဏ္ဍာဝ ဟောကြည့်စမ်း။

ဦးပဏ္ဍာဝ။ ။ကုပဒ ၃-ချက်ကို ပြန်၍တခေါက်ဆိုသည်။

အကုသိုလ် ဖြစ်လျှင်လဲ ဒုတိယအချက်မှာ ဒီလိုဘဲ ပါလာမယ် မဟုတ်လား ဦးသုဇာတ ဟောကြည့်စမ်း။

ဦးသုဇာတ။ ။အကုသလော ဓမ္မော အကုသလသဲ ဓမ္မသဲ ကမ္မပစ္စယေန ပစ္စယော။ အကုသလာ စေတနာ သမ္မယုတ္တကာနံ ခန္ဓာနံ ကမ္မပစ္စယေန ပစ္စယော (၁)။

အကုသလော ဓမ္မော အဗျာကတသဲ ဓမ္မသဲ ကမ္မပစ္စယေန ပစ္စယော။ သဟဇာတာ နာနာက္ခဏိကာ။ သဟဇာတာ အကုသလာ စေတနာ စိတ္တ-သမုဋ္ဌာနာနံ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

နာနာက္ခဏိကာ အကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော (၂)။

အကုသလော ဓမ္မော အကုသလသဲ စ အဗျာကတသဲ စ ဓမ္မသဲ ကမ္မပစ္စယေန ပစ္စယော။ အကုသလာ စေတနာ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော (၃)။

ဆရာတော်။ ။ရှေ့ဆက်ဟောပါဦး အဗျာကတပဒကို။

ဦးသုဇာတ။ ။အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မသ ကမ္မပစ္စယေန ပစ္စယော။ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ စေတနာ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာ-ဗျာကတာ စေတနာ သမ္မယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ စေတနာ ဝတ္ထုသ္မိံ ကမ္မပစ္စယေန ပစ္စယော။

ဆရာတော်။ ။သတိပြန်ပြုလိုက်၊ နာနာကမ္မ ဘယ်မှာ ဝင်နေသလဲ မေးလျှင် ကု-ဗျာ တချက်၊ ပြီးတော့ကော (အကု-ဗျာတချက်)။ ကဲ-ပြီးလျှင် အားလုံး ဖြည်းဖြည်း တခေါက် ပြန်ဟောပါ။ စာလဲကျေတယ် ကုသိုလ်လဲ ရတယ်။ ဒို့ရထားတဲ့ ခန္ဓာကိုယ်ရဲ့ အမေ ပေးလိုက်တဲ့ ပါးစပ်ကလေးနဲ့ ဒါတွေ ရွတ်ပြီးတော့ မိခင် ကျေးဇူး ဆပ်ရတယ်နော်။

သံယာတော်များ။ ။အစအဆုံး တခေါက် ပြန်ရွတ်ကြသည်။

၀ ၀ ၄
အဓိပတိပစ္စည်း

ဆရာတော်။ ။ကဲ-သဟဇယ် (၇) ပစ္စည်းမှာ အဓိပတိ တပစ္စည်းကျန်တော့တယ်၊ အဓိပတိမှာ သဟဇာတာဓိပတိရဲ့ သုဒ္ဓသင်္ချာကို ဦးဉာဏ ဖတ်စမ်း။

ဦးဉာဏ။ ။**သဟဇာတာဓိပတိပစ္စည်း၏** သုဒ္ဓသင်္ချာဝါရဋ္ဌ- သမ္မယုတ္တခန္ဓာ သာ-ဓိပတိ စိတ္တဇရူပ်အားတပ်သော အဓိပတိတရားကိုယ် ၃-ပါး ၄-ပါးတို့တွင် တပါးပါး-ဤတရားတို့သည် သဟဇာတာဓိပတိ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ချာ သတ္တ။ ယထာရဟ ပစ္စည်းရေ လတ်ကြီး (၈)နှင့် ဟေ ဟာ ဣ မဂ်၊ ပေါင်း ၁၃-ဟူသည်တည်း။ **သင်္ချာ** သတ္တ ဟူသော်ကား- ကုသလော ကုသလသ (ပ) အဗျာကတော အဗျာကတသ ဟူသည်တည်း၊ **ပစ္စည်းရေ** ၁၃-ဟူသော်ကား အဓိပတိ ဟေတု သဟဇာတ အညမည နိဿယ ဝိပါက အာဟာရ ဣန္ဒြေယ မဂ္ဂ သမ္မယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ-ဟူသည်တည်း။

ဆရာတော်။ ။အားလုံး တခေါက်လောက် ဆိုပြပါ။

သံယာတော်များ။ ။တခေါက် ဆိုကြသည်။

ဆရာတော်။ ။အတူတူပါဘဲ သုဒ္ဓသင်္ချာ နေပုံထိုင်ပုံ ကလေးတွေ။ သတိပြုပြီး နား ထောင်စမ်း ဘုန်းကြီး ကျဉ်းကျဉ်း ပြောပြဦးမယ်။

အဝယ် (၇) ပစ္စည်းမှာ ဦးပဋ္ဌင်းတို့ ဘယ်လောက်သက်သာသလဲ မေးယင် (၇)ပစ္စည်းစလုံးရဲ့ သင်္ချာဘက်က သတ္တချည်းဘဲ။ သတ္တကလဲ လုံးဝတူနေတယ်။ ပစ္စယုပ္ပန် အနေအားဖြင့် ကြည့်လျှင်လဲ အမျှားအားဖြင့် ဘာရှိသလဲ၊ သမ္မယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် ဒီ ၃-မျိုးဘဲ မဟုတ်လား (မှန်ပါ)၊ သမ္မယုတ္တခန္ဓာတမျိုး စိတ္တဇရုပ်တမျိုး ပဋိသန္ဓေကမ္မဇရုပ်တမျိုး ဒီ ၃-မျိုးဘဲ။

ဘာထူးသလဲမေးလျှင် ဟေတုနှင့် မဂ္ဂက သဟိတ်လို့ ထည့်ပေး၊ ရုပ်မှာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်လို့ ဒီလိုကလေး သဟိတ်နာမည်တပ်ထားတာ ပြောတာ ဟုတ်လား (မှန်ပါ)။

အဓိပတိကျတော့ သာဓိပတိ စိတ္တဇရုပ်လို့ တမျိုးသာရှိတယ်။ ပဋိသန္ဓေ-ကမ္မဇရုပ်လို့ မပါဘူး (မှန်ပါ)၊ အတူတူဘဲဆိုလို့ ကျနေတယ်ဆိုပြီး ရေးပြီး ထည့်မထားပါနှင့် မရကောင်းဘူး။ မရတာတွေပါ ပြောပေးမယ်၊ ဘာဖြစ်လို့ မရသလဲဆိုတာ-

ဒီတော့ ပစ္စယုပ္ပန် အနေအားဖြင့် အဝယ် (၇)ပစ္စည်းလုံးသည် အမျှားအားဖြင့် တူမျှကြပါတယ်။

ပစ္စည်းတရားအနေနဲ့ ကြည့်လျှင်တော့ ဘယ်လိုနေသလဲ... တနေ့က တကြိမ်ပြောခဲ့တယ် မှတ်လိုက်စမ်း သဟအနေနှင့်သာ ပြောတာနော်။

တရားတပါးသာရှိတဲ့ ပစ္စည်းက ဘာပစ္စည်းတဲ့တုန်း (ကမ္မပစ္စည်း)၊ ဘာရှိသလဲ (**စေတနာ**)၊ ၂-ပါး ပစ္စည်းမရှိဘူး။ ၃-ပါးရှိတာ ဘယ်သူလဲ (**အာဟာရ**)၊ နာမ်အာဟာရ။ ၄-ပါးရှိတာက ဒီနေ့ပြောရမည့် သဟဇာတာဓိပတိ။ ၅-ပါးရှိတာ (**ဈာန**)၊ ၆-ပါးရှိတာ (**ဟေတု**)၊ ၇-ပါးရယ်လို့ မရှိဘူး။ ၈-ပါးက ဘယ်သူလဲ (**ဣန္ဒြိယ**)၊ ၉-ပါးက ဘယ်သူလဲ (**မဂ္ဂ**)။

အဲဒါကို ပြန်လေ့လာပါ၊ ခဏခဏ လေ့လာပါ။ တပါးတည်းရှိတာက ဘယ်သူ၊ ၂-ပါး ၃-ပါး ၄-ပါး ၆-ပါးရှိတာ ဘယ်သူဆိုတာ လျှောက်ပြီး ကိုယ့်ဟာကိုယ် ရှာရတယ် (မှန်ပါ)။

အဲဒီလိုရနေတဲ့ ၁-ပါး ၃-ပါး ၄-ပါး ၅-ပါး ၆-ပါး ၈-ပါး ၉-ပါးထဲမှာ ၁-ပါးတည်းရနေတဲ့ စေတနာဟာ စိတ် စေတသိက် ၂-မျိုးတို့တွင် ဘာခေါ်မလဲ (စေတသိက်)။ ၃-ပါးရနေတဲ့ အာဟာရမှာ ဘာတရားတွေရှိသလဲ စိတ်လား စေတသိက်လားလို့ မေးလျှင် (စိတ်

နှင့် စေတသိက်ဖြစ်ပါတယ်)၊ စိတ်က ၁ ပါး စေတသိက်က ၂-ပါး။ အဲဒီလိုလဲ ရှာပါနော်၊ စိတ် စေတသိက် ၂-မျိုး ရတယ်။

၄-ပါးရှိတဲ့ အဓိပတိမှာကော မေးလျှင် စိတ်ဘယ်လောက်ပါသတုန်း (၁-ပါး ပါပါတယ်)၊ ဘာတဲ့တုန်း (စိတ္တာဓိပတိ)၊ ၃-ပါးကတော့ စေတသိက်တွေ။

၅-ပါး ခေါ်တဲ့ ဈာနကတော့ စေတသိက်ချည်းဘဲ မဟုတ်လား (မှန်ပါ)၊ ၆-ပါး ခေါ်တဲ့ ဟေတုဂဏကော (စေတသိက်ချည်းပါ)။

၈-ပါးမှာ စိတ်ပါသလားလို့ကြည့် (ပါပါတယ်)၊ ဘယ်သူတဲ့တုန်း (မနိန္ဒြေပါ)၊ ကျန်တဲ့ (၇)ပါးက ဘာတွေတုန်း (စေတသိက်တွေပါ)။

၉-ပါးဆိုတဲ့ မဂ္ဂင်မှာ အားလုံးစေတသိက်ချည်းဘဲ မဟုတ်လား (မှန်ပါ)။

ဒါကြောင့် ပြန်ပြီး သတိပြုလိုက်ကြပါ။ အဂယ် (၇) ပစ္စည်းတို့တွင် သဟမျိုးသက်သက်ကို ပြောတာနော် (မှန်ပါ)၊ စိတ်ပစ္စည်းတရားပါနိုင်တဲ့ ပစ္စည်းပေါင်း ဘယ်လောက်ရှိသလဲလို့ ကြည့်ရမယ်၊ အဓိပတိ အာဟာရ ဣန္ဒြိယ ၃-ပစ္စည်း (မှန်ပါ)၊ ကြွင်းသောနေရာတွေမှာ အကုန်လုံး စေတသိက်ချည်းဘဲ (မှန်ပါ)။

အဲဒီလို ကိုယ်ဆိုပြီးသွားတဲ့ ပစ္စည်းကလေးတွေကို ကိုယ်ကရှာပါ။ ခဏခဏ သတိပေးတယ်။ ဘာလဲ ဒီပစ္စည်းဟာ နာမ်လား ရုပ်လား၊ နာမ်ဖြစ်နေလျှင် ဘာနာမ်တုန်း စိတ်လား စေတသိက်လား၊ ရုပ်ဖြစ်နေလျှင် ဘာရုပ်တုန်း၊ နာမ်ကော နာမ်အကုန်လား၊ ရုပ်ကော ရုပ်အကုန်လား၊ ဘယ်ရုပ်မျိုး ရနေသလဲ စသည်ဖြင့် ရှာရတယ် (မှန်ပါ)။

ထားခဲ့ပါတော့ ပြီးတော့ သုဒ္ဓပစ္စည်း မိဿက ပစ္စည်းအနေအားဖြင့် ကြည့်လျှင် မျိုးကွဲရှိလျှင် ဘုန်းကြီးက မိဿကလို့ ဆိုတယ်၊ မျိုးကွဲမရှိလျှင် သုဒ္ဓပေါ့ (မှန်ပါ)။

ဒီတော့ သူ့ချည်းသက်သက်နေလို့ရတဲ့ သုဒ္ဓပစ္စည်းဟာ ဘယ်သူလဲလို့ လိုက်ရှာလျှင် အဓိပတိကတော့ မပြီးသေးလို့ ထားပါဦးတော့နော် (မှန်ပါ)။ ဟေတုဆိုတာ သဟမျိုးသက်သက် မဟုတ်လား (မှန်ပါ)၊ ကမ္မမှာ သဟ နာနာ-လို့ နှစ်မျိုးကွဲမလာဘူးလား၊ အာဟာရမှာ နာမ်အာဟာရ ရုပ်အာဟာရလို့ ကွဲမလာဘူးလား၊ မျိုးကွဲရှိတဲ့ပစ္စည်းတွေ ရောနေတဲ့ မိဿကနော် (မှန်ပါ)၊ ဟေတုဟာ မျိုးကွဲမရှိဘူး သဟမျိုးအစစ် သုဒ္ဓသဟဇာတပေါ့။

ပြီးတော့ ဣန္ဒြိယ ဘယ်နှစ်မျိုးကွဲနေသတုန်း (၃-မျိုး ကွဲပါတယ်)၊ သဟတီ ပုတီ ရူပတီ ဒီလို ၃-မျိုးကွဲတယ်။

စျာန မဂ္ဂကတော့ မျိုးကွဲမရှိဘူး (မှန်ပါ)။ သူတို့ ၂-ပစ္စည်း စျာန မဂ္ဂကလဲ သုဒ္ဓ-သဟဇာတဘဲ။

ဒီတော့ မျိုးကွဲထုတ်ပြီး မရတဲ့ပစ္စည်း သုဒ္ဓသဟဇာတ အနေအားဖြင့် နေတာက ဟေတုရယ် စျာနရယ် မဂ္ဂရယ် ၃-မျိုး၊ ကျန်တဲ့ပစ္စည်းတွေကတော့ အသီးအသီး အဓိပတိကလဲ မျိုးကွဲလာဦးမယ်၊ အာဟာရကလဲ မျိုးကွဲလာတယ်၊ ကမ္မကလဲ မျိုးကွဲနဲ့၊ ဣန္ဒြိယကလဲ မျိုးကွဲနဲ့၊ ကွဲနေတဲ့မျိုးဟာ ဘယ်သူလဲ ဒီလိုလဲ တခါ ရှာပါဦးနော် (မှန်ပါ)။

အဲဒါ လေ့လာနည်း လေ့ကျက်နည်းကို ပြောပါတယ် (မှန်ပါ)။

ဒီတော့ အဓိပတိမှာ ဒီနေ့ ပါဠိတော်ဆိုလို့ မရလောက်သေးပါဘူး၊ တွဲစပ်ပြီးတော့ သင်ပေးဘို့ရာ အဓိပတိမျိုးကွဲက ဘယ်သူလဲ အာရမ္မဏာဓိပတိ၊ ဦးသူရိယဆိုစမ်း အာရမ္မဏာ-ဓိပတိပစ္စည်း၏ သုဒ္ဓသင်္ချာ။

ဦးသူရိယ။ ။**အာရမ္မဏာဓိပတိပစ္စည်း၏** သုဒ္ဓသင်္ချာဝါရဋ္ဌ-အလေး အမြတ်ပြုတတ်သော လောဘမူစိတ် (၈)ခု မဟာကုသိုလ်စိတ် (၈)ခု မဟာကြိယာဉာဏ-သမ္မယုတ်စိတ် (၄)ခု လောကုတ္တရာစိတ် (၈)ခုအားတပ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရူပ်အဌာရသ၊ ဒေါသမူဒ္ဓေ မောဟမူဒ္ဓေ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော စိတ် (၈၄)ခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် (၄၇)ခု၊ နိဗ္ဗာန်၊ ဤတရားတို့သည် အာရမ္မဏာဓိပတိပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ချာသတ္တ။ ပစ္စည်းရေ (၃) ဟူသည်တည်း။

သင်္ချာသတ္တဟူသော်ကား-

ကုသလော ကုသလဿ၊ ကုသလော အကုသလဿ၊ ကုသလော အဗျာကတဿ။ အကုသလော အကုသလဿ။ အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ ဟူသတည်း။

ပစ္စည်းရေ (၃) ဟူသော်ကား အဓိပတိ အာရမ္မဏ ဥပနိဿယ ဟူသည်တည်း။

ဆရာတော်။ ။အားလုံး ညီညီ တခေါက်ဆိုကြစမ်းပါ။

သံယာတော်များ။ ။တခေါက်ဆိုကြသည်။

ဆရာတော်။ ။အဲဒါ အာရမ္မဏာဓိပတိ၏ သုဒ္ဓသန္ဓာဘာ၊ ကျက်ကြရမယ်၊ ကျေနေအောင် ကျက်ကြပါ။ သူနဲ့စပ်ပြီးတော့ ဒီနေ့ ပြောနိုင်တဲ့နေရာက သူ့ကို သရုပ်ခွဲထားတဲ့ စာကလေး ၅-ကြောင်းရှိတယ်၊ ဇယားအနေနဲ့ ရေးထားတာ၊ အဲဒီ ဇယားကို ပြန်ကြည့်စမ်း အာဓိ-လို့ဆိုပြီး ခေါင်းစဉ်ရေးထားတယ်။

ပုံစံ **အာဓိဇယား**

ပစ္စည်း			ပစ္စယုပ္ပန်	
ဓမ္မလေးဓမ္မတ်ပြုအင်္ဂ	ကုဋ္ဌနိပ္ပန္န ၁၈-ဒေါမောဒုကြဉ် ကို ၇၆-ဒေါစတုက် ဝိစိကြဉ် စေ-၄၇		လောဘမူ စိတ်-၈	ဓမ္မလေးဓမ္မတ်ပြုတ်ပ
	လောကီကု - ၁၇		မဟာကုဝိပ်-၄	
	॥	အောက်မဂ် ၃၊ အောက်ဖိုလ် ၃၊ နိဗ္ဗာန်	မဟာကုသိုလ်-၄	
		အရဟတ္တမဂ် အရဟတ္တဖိုလ် နိဗ္ဗာန်	မဟာကြိုသိုလ်-၄	
		နိဗ္ဗာန်	လောကုတ္တရာ-၈	

ပါဠိတော်တွေ ဘာတွေ သင်မပေးသေးဘူး၊ အဲဒီ သုဒ္ဓသန္ဓာကလေးကို အကျဉ်းသရုပ်ပြထားတာကို ကြည့်ရမယ်။ အာဓိလို့ တွေ့ကြရဲ့လား အာက=အာရမ္မဏာ၊ ဓိက=အဓိပတိ၊ အာရမ္မဏာဓိပတိပစ္စည်း၏ သုဒ္ဓသန္ဓာဝါရဋ္ဌ-စာကြောင်းရေ အနေအားဖြင့် ၅-ကြောင်းရှိတယ်၊ သတိပြုပြီးတော့ ကြည့်နေ သုဒ္ဓသန္ဓာကို ပြောပြီး လေ့လာတာ။ ပြီးတော့ ဒီစာတွေက ဘယ်ကနေ ဘယ်ပေါက် ဘယ်ရောက်လာပြန်ပါလိမ့် မလုပ်နဲ့၊ **အရကောက်လဲ သူဘဲ ပါဠိတော်လဲ သူဘဲ** ဒီစာကလေး ၅-ကြောင်းက၊ အလွတ်ရေးတတ်အောင် ရေးခဲ့။ မကျက်ချင်နေပါ အလွတ်ရေးတတ်ပြီးရော...။

ရှေ့ပိုင်း နောက်ပိုင်းဆိုပြီး အလည်ခေါင်က မျဉ်းတကြောင်း၊ အထက် အောက်ချထားပြီး ခွဲထားတယ် တွေ့ရဲ့လား။ ရှေ့ပိုင်းကပစ္စည်း၊ နောက်ပိုင်းက ပစ္စယုပ္ပန်၊ အဲဒီမှာ ပစ္စယုပ္ပန်ပိုင်းကို ကြည့်စမ်း။

ဦးပဉ္စင်းတို့ ခုတင်က ပြောတဲ့ သုဒ္ဓသန္ဓာကို ဘုန်းကြီးက တခေါက်ဆိုရ ရှင်းပြမယ်။ အာရမ္မဏာဓိပတိပစ္စည်း၏ သုဒ္ဓသန္ဓာဝါရဋ္ဌ-နောက်ပိုင်းမှာ ကြည့် အထက်အောက် ထောင်ပြီး ရေးထားတယ်၊ အလေးအမြတ် ပြုတတ်သောတဲ့။ စာ ၅-ကြောင်းရှိတဲ့အနက်

အောက်ဆုံးအကြောင်း မပါစေနဲ့။ ၄-နံပါတ် အကြောင်းထိအောင်တွင်၊ အလေးအမြတ် ပြုတတ်သော-လို့ ရှိပေစေ။ ၅-နံပါတ်အကြောင်း လွတ်နေပေစေ။

သတိပြု အပေါ်ဆုံး အတန်းမှာကြည့် လောဘမူစိတ် ၈-ခု၊ ဒုတိယအကြောင်းနှင့် တတိယအကြောင်း ပေါင်းလိုက်တယ်၊ မဟာကုသိုလ်စိတ် ၈-ခု။ ရေးတော့ သမ္မယုတ် ဝိပ္ပယုတ် ခွဲတယ် မဟုတ်လား (မှန်ပါ)၊ ဦးပဉ္စင်းတို့ ကျက်တော့ ပေါင်းပြီးတော့ ကျက်။ ဒို့ ကျက်ထားတဲ့ သုဒ္ဓသင်္ချာလို့ သိစေချင်လို့ ပြောနေတာ။ ၄-နံပါတ် စတုတ္ထ အကြောင်းကြည့်၊ မဟာကြိယာ ဉာဏသမ္မယုတ်စိတ် ၄-ခု။ ၅-နံပါတ် အကြောင်း ကြည့်၊ လောကုတ္တရာစိတ် ၈-ခုအား တပ်သော...။

ဘယ်က စာတွေများ ရေးထားပါလိမ့်လို့ အောက်မေ့မနေနှင့်။ အပြီးသတ်တော့ ဒို့ကျက်ထားတာတွေ ရေးထားတာကိုးလို့ သိစေချင်လို့ ပြောနေတာ။ ဘာကို မဟာကုသိုလ်စိတ် ၈-ခုကိုသာ သမ္မယုတ် ဝိပ္ပယုတ် ခွဲထားတယ်မဟုတ်လား (မှန်ပါ)။

ပြန်ကြည့် ဘုန်းကြီး တခေါက် ဆိုပြမယ်... လောဘမူစိတ် ၈-ခု။ ၂-ကြောင်း ပေါင်းတာက မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာဉာဏသမ္မယုတ်စိတ် ၄-ခု။ အောက်ဆုံး အကြောင်းက လောကုတ္တရာစိတ် ၈-ခုအားတပ်သော။ အလေးအမြတ်ပြုအပ်သော' မရေး နှင့်နော် (မှန်ပါ)။

ပစ္စည်းဘက်လာခဲ့။ 'အလေးအမြတ် ပြုအပ်သော' တဲ့။ လက်ရင်းမှာ အထက် အောက် ထောင်လျှက်ရှိတယ်။ သူလဲ ၅-နံပါတ်ကို မျဉ်းကြောင်းမပါစေနဲ့ လွတ်နေပေစေ။ ၄-နံပါတ်အကြောင်းတွင်ဘဲ ထိပါစေ။ ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဌာရသ... တဲ့။ ဘာရေး ထားသလဲ ဒီမှာ၊ (ဣဋ္ဌနိပ္ဖန္န ၁၈-လို့ရေးပါတယ်)၊ ဦးပဉ္စင်းတို့ ရပြီးသားဘဲ။ ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဌာရသလို့ ကျက်ပြီးပြီ မဟုတ်လား (မှန်ပါ)။

ပြီးတော့ ဘာတဲ့တုန်း- ဒေါသမူဒ္ဓေ မောဟမူဒ္ဓေ ဒုက္ခသဟဂုတ် ကာယဝိညာဉ် ကြဉ်သော ဟိုကတော့ စိတ် (၈၄)ခုတဲ့။ ဒီမှာတော့ လောကီစိတ် (၇၆)တဲ့။ လောကုတ္တရာ ကို အောက်ဖက်မှာ ခွဲထားလို့ ဒီမှာ လောကီတင်ဘဲ ယူထားတယ်နော် (မှန်ပါ)၊ ကြွင်းသော လောကီစိတ် (၇၆)ခု၊ ဒေါစတုက် ဝိစိကိစ္ဆာကြဉ် စေတသိက် (၄၇)။ ၁-နံပါတ်အတန်းရဲ့ ပစ္စည်းတရား၊ ဦးပဉ္စင်းတို့ ကျက်ထားတဲ့ သုဒ္ဓသင်္ချာမှ ဘာကို လျှော့ထားသလဲလို့မေးလျှင် လောကုတ္တရာစိတ် ၈-ခု လျှော့နေတယ်၊ နိဗ္ဗာန်လျှော့နေတယ်။ သူတို့အောက်နားမှာ တွေ့. လိမ့်မယ်။

ဒုတိယတန်းရဲ့ ပစ္စည်းတရားက ဘာရေးထားသလဲ၊ သတိပြုကြည့်... လောကီ ကုသိုလ် သတ္တရသ ၁၇-ပါးမဟုတ်လား။ ဒါဘဲရှိတယ်။

တတိယတန်းက ပစ္စည်းတရားက ဘာတဲ့တုန်း ပုဒ်မကလေးပြထားတယ်၊ ပါရဲ့လား (ပါပါတယ်)၊ ပုဒ်မက အပေါ်က တရားကို ယူပါလို့ ပြတာ၊ ဒီတော့ လောကီကုသိုလ် သတ္တရသ အောက်မဂ် ၃-ခု အောက်ဖိုလ် ၃-ခု နိဗ္ဗာန်။

နောက်တကြောင်းကြည့် ပစ္စည်းတရားဘက်က ကြည့်တော့ ဘာတွေ့သတုန်း အရဟတ္တမဂ် အရဟတ္တဖိုလ် နိဗ္ဗာန်။ ၄-ကြောင်းထိအောင် ပြီးသွားပြီနော်။

နံပါတ် ၅-အကြောင်းရဲ့ ပစ္စည်းတရားက နိဗ္ဗာန်။

နိဗ္ဗာန် ပစ္စည်းအဖြစ်ဖြင့် ပါနေတာ ဘယ်နှစ်ကြောင်းလဲ မေးလျှင် ၃-၄-၅။ တွေ့ရဲ့လား (မှန်ပါ)၊ နိဗ္ဗာန် မပါတာက အပေါ် ၂-ကြောင်း။

ဘယ်က စာတွေယူပြီး ရေးထားသလဲလို့ မေးလျှင် ဒို့ကျက်ထားတဲ့ သုဒ္ဓသန္ဓာကို ဒေသနာတော်နှင့် လျော်အောင် သရုပ်ခွဲပြီး ရေးထားတာပါကလား...။ အဲဒီလို နားလည်ပါ။

ဒီတော့ ဒါကလေးတွေကို တကြောင်းချင်း အလွတ်ရေးတတ်အောင် ရေးပါ။ ဒီမှာ နည်းနည်းကလေး ရှိတာဘဲ။ မှတ်မိအောင် ရေးပါ။

ဒီတော့ ဘာတွေ ပေါ်မလာလဲ... ဤတရားတို့သည် အာရမ္မဏာဓိပတိ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သန္ဓာက ဘယ်လောက်တဲ့တုန်း (သတ္တပါ)၊ အဲဒီတော့ သန္ဓာသတ္တက ဒီစာ ၅-ကြောင်းပေါ်က ပေါ်ထွက်လာရမယ်။ လေးလေးနက်နက်ကလေး နားထောင်စမ်း၊ အချိန်က နည်းနည်းကလေး ကျန်တော့တယ်၊ ပစ္စယုပ္ပန်ဘက်ကို ကြည့်စမ်း။

ဘုန်းကြီးတို့ အားထုတ်ရမည့် ဆည်းပူးရမည့် တရားဟာ ဘာလဲ၊ ဘယ်ဟာ ကုသိုလ်လဲ ဘယ်ဟာ အကုသိုလ်လဲ ဘယ်ဟာ အဗျာကတလဲ ဒီဟာ သိရမယ် မဟုတ်လား (မှန်ပါ)၊ ပစ္စယုပ္ပန်ကို ကြည့်စမ်း၊ နံပါတ် ၁-အကြောင်းမှာ ဘယ်သူလဲ... လောဘမူစိတ် ၈-ခု၊ ကုသိုလ်လား အကုသိုလ်လား မေးလျှင် (အကုသိုလ်ပါ)၊ နံပါတ် ၂-၃-အကြောင်းတွေမှာ ရှိတဲ့ တရားက ကုသိုလ်လား အကုသိုလ်လား... (ကုသိုလ်ပါ)၊ ၄-အကြောင်းမှာရှိတဲ့ တရားက ဘာခေါ်သလဲ... (မဟာကြိယာပါ) အဗျာကတပေါ့။ ၅-နံပါတ် ပစ္စယုပ္ပန်ဟာ ဘာလဲ... (ကုသိုလ်နှင့် အဗျာကတပါ)၊ ကုသိုလ်လဲရှိတယ်၊ အဗျာကတလဲ ရှိတယ်၊ ကုသိုလ်က ဘယ်သူလဲမေးလျှင် မဂ် ၄-ခု၊ အဗျာကတက (ဖိုလ် ၄-ခုပါ)။

ပြန်ကြည့်စမ်း နံပါတ် ၁-အကြောင်းကကြည့်လျှင် ကုသိုလ်လား အကုသိုလ်လား (အကုသိုလ်ပါ)၊ ၂-၃ အကြောင်းက (ကုသိုလ်ပါ)၊ ၄-အကြောင်း (အဗျာကတ)၊ ၅-အကြောင်း (ကုသိုလ်နှင့် အဗျာကတ)။

ကောင်းပြီ ဒါဖြင့် ပြန်ကြည့်ပါ တခေါက်။ ကုသိုလ်ပစ္စယုပ္ပန်ရှိတာက ဘယ်နှစ်ကြောင်းလဲ... (၃-ကြောင်းပါ)၊ ဘယ်မှာလဲမေးလျှင် (၂-၃-၅)၊ ဘုန်းကြီး အခုပြောတာဟာ လေ့လာဖို့ နည်းပြောနေတာ၊ အဲဒီ အတိုင်းကလေး ဦးပဉ္စင်းတို့ တွေးကြပါ။

အကုသိုလ်ပစ္စယုပ္ပန်ဆိုလျှင် ဘယ်အကြောင်းလဲ (၁-အကြောင်း)၊ အဗျာကတ ပစ္စယုပ္ပန်... (၄-၅)

ကောင်းပြီ ဒီလို နားလည်ထားလျှင် လာဘ်မြင်ပါတယ်။ နောက်ထပ် ၅-မိနစ် လောက်တော့ ပြောပြဦးစို့။ ဆပ်တင့်ဂုဏ်ဖြစ်နေတယ်။ ဘယ်မရောက် ညာမရောက်နှင့် ဖြစ်နေတယ်၊ အချိန်က နာရီက စေ့နေလို့ ပြောတာ။

ဤတရားတို့သည် အာရမ္မဏာဓိပတိ ပစ္စည်းတပ်သောတရားတို့ မည်ကုန်၏။ သခ်ၢာ သတ္တာ။ ဘယ်သူလဲဆိုလျှင်- ကုသလော ကုသလဿ, ကုသလော အကုသလဿ စသည်...။

ကုသလော ကုသလဿလို့ ဆိုလိုက်ယင် ဦးပဉ္စင်းတို့က ကုသိုလ်ပစ္စယုပ္ပန်ရှိတဲ့ ခုတင်က ပြောတဲ့ စာ ၃-ကြောင်းကို သွားကြည့် ၂-၃-၅ ကို မတွေ့ဘူးလား၊ လေ့လာစမ်း လေ့လာစမ်း၊ အားလုံးသတိပြုစမ်းပါ။ မျှားတာလဲ မဟုတ်ဘူး စာကလေး ၅-ကြောင်းတည်း။ ဩော်... ကုသလော ကုသလဿ-အရ ကုသိုလ်ပစ္စယုပ္ပန်ရှိတာ ၂-ရယ် ၃-ရယ် ၅-ရယ် ဒီမှာရှိတယ်။ ၂-သူ့ကို လက်ရင်းမှာ ပစ္စည်းတရားမှာ ကုသိုလ်ရှိရဲ့လားလို့ မေးကြည့်လျှင် ၂-နံပါတ် အကြောင်းရဲ့ ပစ္စည်းက လောကီကုသိုလ် ၁၇-ဆိုတော့ ကုသလော ကုသလဿ မဖြစ်ဘူးလား (ဖြစ်ပါတယ်)။

နံပါတ် ၃-ရဲ့ ပစ္စည်းတရားမှာတော့ ကုသိုလ်မရှိဘူးလားလို့ မေးလျှင် ဘယ်သူပါ လိမ့်၊ လောကီကုသိုလ် သတ္တရသ အောက်မင်း ၃-ခု၊ ပေါင်းလျှင် ၂၀၊ အရဟတ္တမင်း မပါဘူး မဟုတ်လား (မှန်ပါ)၊ ဒီတော့ အရဟတ္တမင်းကြဉ်သော ကုသိုလ်စိတ်ဝိသ။ ဦးပဉ္စင်းတို့ နှုတ်ကျိုးတဲ့နည်းလေ...။ ဒီလိုလဲ ခေါ်နိုင်တယ် (မှန်ပါ)၊ ရှိတဲ့အတိုင်းဆိုလျှင် လောကီကုသိုလ် သတ္တရသ အောက်မင်း ၃-ခု။ (မှန်ပါ)၊ ၂-နဲ့ ၃-နံပါတ်က ပြောနေတာ မဟုတ်လား (မှန်ပါ)။

၅-နံပါတ်ရဲ့ ပစ္စည်းတရားက ကုသိုလ်ရှိရဲ့လား (မရှိပါ)၊ ကုသလော ကုသလဿ ဆိုလျှင် ဒီနှစ်ကြောင်းဘဲ ရမှာတဲ့။ ၅-နံပါတ်က ကုသိုလ်ပစ္စယုပ္ပန် ရှိပေမဲ့ ကုသိုလ်ပစ္စည်း မရှိပါကလား (မှန်ပါ)။

ဒီတော့ အရကောက် ဆရာတော်ဘုရားကြီးရဲ့ အရကောက်ဆိုယင် ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ-၌ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကားဆိုယင် အခု တွေ့တဲ့ဟာတွေ ကောက်တာဘဲ (မှန်ပါ)၊ ဒုတိယတန်းနှင့် တတိယတန်းမှာ တတိယ

တန်းကို ကောက်လိုက်လျှင် ပြီးတယ်မဟုတ်လား... (ပြီးပါတယ်)၊ အားလုံး အရဟတ္တမဂ် ကြဉ် ကုသိုလ်ဝိသက ပစ္စည်းတရား၊ ၂-ကြောင်းပေါင်းလိုက်တော့ ဒါဘဲ မဟုတ်လား (မှန်ပါ)။

ပစ္စယုပ္ပန် ၂-ကြောင်းပေါင်းလိုက်တော့ မဟာကုသိုလ်စိတ်က ပစ္စယုပ္ပန်တရား။ ကရိဏ်းပါဠိအရက ခုတင်က ဦးပဉ္စင်းတို့ ဘယ်နှစ်ပစ္စည်းတဲ့တုန်း၊ (၃-ပစ္စည်းပါ)၊ ပါဠိတော်ကို ဒီအပေါ်တင်လာမှာနော်၊ ရိုးတီးယားတား လုပ်မနေနဲ့၊ ကျေနေအောင် လုပ်ခဲ့ပါ။ ဒါက ဘာတုန်း (ကုသလော ကုသလသပါ)။

နောက်တခါလာ ပြန်ရေး၊ ကုသလော အကုသလသတဲ့။ (၁-နံပါတ်ကြည့်ရပါမယ်)။ သူ့ရဲ့ပစ္စည်းတရားထဲမှာ ကုသိုလ်စိတ်ရှိရဲ့လားလို့ ကြည့်ရတယ်၊ လောကီစိတ် (၇၆) ဆိုတော့ ဒီအထဲမှာ ကုသိုလ်တွေ မရှိပေဘူးလား (ရှိပါတယ်)၊ ဘာကုသိုလ်တွေ ရှိမလဲ၊ လောကီစိတ် ဆိုကတည်းက လောကီကုသိုလ်တွေပေါ့။

ဒီတော့ ကုသလော အကုသလသဆိုယင် ပစ္စည်းတရားက လောကီကုသိုလ်သတ္တရသ။ ပစ္စယုပ္ပန်တရားက ဘာနေမတုန်း (လောဘမူစိတ် ၈-ခု)။

ဦးပဉ္စင်းတို့ ဇယားမှာ တိုက်ရိုက်ရှိတယ်။ အဲဒါကို ပေါ့ပေါ့ဆဆ လုပ်လျှင်တော့ ခက်သွားလိမ့်မယ်။ ဒါက အရကောက်။ ပါဠိတော်ကလဲ ဒီအတိုင်းလာမယ်၊ (မှန်ပါ)။ သို့ပေမဲ့ အာဓိ ပါဠိတော်တော့ နည်းနည်းခက်တာပေါ့။ ခက်တာကို ကြိုးစားသင်ယင် ရပါတယ်။ တတ်အောင် သင်ပေးပါမယ်။ ကြိုးစားသာ အားထုတ်ပါ။ ခက်တယ်ဆိုတာလဲ ဟောနေကျ သဟမ္မိုး မဟုတ်တဲ့ အာရမ္မဏမ္မိုး ပြောင်းလာလို့ပါဘဲ။

နောက်တခုက ကုသလော အဗျာကတသ တဲ့၊ အဗျာကတ ပစ္စယုပ္ပန်ရှိတာ ဘယ်အကြောင်းတွေလဲ၊ ခုတင်က ပြောတာ (၄-နှင့် ၅-ပါ)။ ၄-ရဲ့ ပစ္စည်းတရားမှာ ကုသိုလ်ဘယ်သူရှိသလဲ၊ (အရဟတ္တမဂ်ရှိပါတယ်)။ ဒီတလုံးတည်းရှိတယ်။ ၅-ရဲ့ ပစ္စည်းတရားမှာ ကုသိုလ်ရှိရဲ့လား (မရှိပါဘူး)။ ဒါကြောင့် ကုသလော အဗျာကတသမှာ ပစ္စည်းတရားက အရဟတ္တမဂ်၊ ပစ္စယုပ္ပန်တရားက မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု။ အဲဒါမျှား ရှင်းလို့။

ကုသလော ဓမ္မော အဗျာကတသ ဓမ္မသ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မ-ဏာဓိပတိ။ ပစ္စည်းက အရဟတ္တမဂ် မဟုတ်လား (မှန်ပါ)။ အရဟာ မဂ္ဂါ ဝုဋ္ဌဟိတ္တာ မဂ္ဂံ ပစ္စဝေက္ခတိ။ ကြိယာချလိုက်တယ်။ အဲဒီမှာ ပစ္စဝေက္ခတိအရ မဟာကြိယာဉာဏသမ္ပယုတ်စိတ်ကို ယူရတယ်။ အရဟာ မဂ္ဂါ ဝုဋ္ဌဟိတ္တာ မဂ္ဂံဆိုတဲ့ ပါဠိတော်အရ ရဟန္တာကိုယ်တော်ကြီးရဲ့ သန္တာန်မှာရှိတဲ့ အရဟတ္တမဂ်ကို ပစ္စည်းအရထားတော့ ပစ္စဝေက္ခတိရဲ့ အရဟာ မဟာကြိယာဉာဏသမ္ပယုတ် ပစ္စယုပ္ပန် ဖြစ်ရောပေါ့။ စာချတန်းက ပုဂ္ဂိုလ်တွေက အဲဒါမျိုးကျတော့ သိပ်ကျေနပ်တယ်။ ဒါမျိုးကလေးတွေ ထားတော့၊ အာ ဓိ တို့ အာရမ္မဏတို့ ပကတူပတို့ စာချတန်းက သိပ်ပြီး အသုံးချတာ၊ ဒါဟာ ကု ၃-ချက်မဟုတ်လား၊ (မှန်ပါ)။

အကုသိုလ် ဘယ်နှစ်ချက်ပါသလဲ၊ **အကုသလော အကုသလသတ္တဲ့**။ ဘယ်အကြောင်းတုန်း၊ ပစ္စယုပ္ပန် အကုသိုလ်ရှိတာ (၁-နံပါတ်အကြောင်းပါ)၊ ပစ္စည်း အကုသိုလ်ရှိရဲ့လားလို့ ကြည့်။ ဘယ်သူရှိသလဲ၊ သုဒ္ဓသခ်ၣာ မေးကြည့်ပါလား။ အကုသိုလ် ၁၂-ခုစလုံး ပါပါ့မလား။ ဒေါသမူဒ္ဓေ မောဟမူဒ္ဓေ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော ဒီလိုကျက်ထားတယ် မဟုတ်လား (မှန်ပါ)။ ဒေါသမူဒ္ဓေ ပါရဲ့လား (မပါပါ)။ မောဟမူဒ္ဓေ (မပါပါ)။ ဒါဖြင့် ကျန်တာ ဘယ်သူလဲ (လောဘမူ ၈-ခု ကျန်ပါတယ်)။ ပစ္စည်းလဲ လောဘမူစိတ် ၈-ခု၊ ပစ္စယုပ္ပန်လဲ လောဘမူစိတ် ၈-ခုပါဘဲ။

အမျှားဆုံးလေ့လာပါ။ အင်မတန် ခက်တာကို အလွယ်ဆုံး လုပ်ပေးထားပါတယ်။ အကုသိုလ် ဒီတချက်တည်းပါတယ်၊ ကုသိုလ်ကျတော့ ၃-ချက်ထားတယ်။ အကုသိုလ်ကျမှ မျက်နှာလိုက်ပြီး တချက်တည်းထားတယ်၊ ရှာဦးမယ်ဆိုတဲ့ သဘောမျိုးနဲ့ ရှာလို့ တွေ့ပါ့မလား (မတွေ့ပါ)။ **အကုသလော ကုသလသလို့** လုပ်ချင်လျှင် ကုသိုလ်ပစ္စယုပ္ပန်ရဲ့ ရှေ့နားမှာ ပစ္စည်းမှာ အကုသိုလ်ရှိရဲ့လား (မရှိပါဘူး)။ **အကုသလော** အဗျာကတသ ထားချင်တယ်၊ **အဗျာကတ**ရှေ့နားမှာ **အကုသိုလ်**ပစ္စည်းရှိတဲ့ စာကြောင်း တွေ့ရဲ့လား (မရှိပါ)၊ မရဘူးနော်။

အင်မတန်သေချာတဲ့ စာကလေး ၅-ကြောင်းပါ။ အင်မတန်လဲ ခက်ပါတယ် အာမိဟာ။ အမျှားခက်တာကိုပြောတာ တပည့်တော်အံ့နေကတော့ ဒီစာကလေး ၅-ကြောင်း ရတဲ့ပုဂ္ဂိုလ်ကို ကိုယ့်ဆီကသင်တဲ့ ပုဂ္ဂိုလ်ကို အလွယ်ကလေး ဖြစ်အောင် ပြတယ်။

အဗျာကတ ၃-ချက် လာပြန်ပြီ။ **အဗျာကတော အဗျာကတသတ္တဲ့**။ **အဗျာကတ**ပစ္စယုပ္ပန်ရှိတာ ဘယ်အကြောင်းတုန်း (၄-၅-အကြောင်းပါ)၊ ၄-အကြောင်းရဲ့ပစ္စည်း **အဗျာကတ**က ဘယ်သူလဲ (**အရဟတ္တဖိုလ် နိဗ္ဗာန်**)၊ ၅-ရဲ့ ပစ္စည်းတရားက (**နိဗ္ဗာန်**) ဒါဘဲရတယ်။ ပစ္စယုပ္ပန်ကတော့ သူတို့ရှိတဲ့အတိုင်းဘဲ။ ၄-အကြောင်းက **မဟာကြိယာဉာဏသမ္ပယုတ်**စိတ် ၄-ခု၊ ၅-အကြောင်းက ဖိုလ် ၄-ခု၊ ဒါက ဘာအတွက်တုန်း (**အဗျာကတော အဗျာကတသ အတွက်**ပါ)။

အဗျာကတော ကုသလသတ္တဲ့။ ကုသိုလ် ပစ္စယုပ္ပန်ရှိတာ ဘယ်နှစ်ကြောင်းတုန်း၊ ၃-ကြောင်း မဟုတ်လား ၂-၃-၅။ (မှန်ပါ)၊ ၂-ရဲ့ပစ္စည်းမှာ **အဗျာကတ**ရှိရဲ့လား (မရှိပါ)၊ ၃-ရဲ့ပစ္စည်းမှာကော (ရှိပါတယ်)၊ ဘာတွေရှိသတုန်း (အောက်ဖိုလ် ၃-ခု နိဗ္ဗာန်) အောက်ဖိုလ် ၃-ခု နိဗ္ဗာန်ရှိတယ်။ ပါဠိတော် အဲဒီအတိုင်း လာတာ (မှန်ပါ)။ ပြီးတော့ ၅-နံပါတ်ရဲ့ ပစ္စည်းတရားက (**နိဗ္ဗာန်**)။ ဒါက ဘာအတွက်တုန်း **အဗျာကတော ကုသလသအတွက်** (မှန်ပါ)၊ ကုသိုလ်က မဂ်ကုသိုလ်ပေါ့။ နိဗ္ဗာန် မဂ္ဂသ ဆိုပြီး လာတယ် နောက်တော့ (မှန်ပါ)။

ပြီးတော့ အဗျာကတော အကုသလသဿတဲ့။ ပစ္စည်းက အဗျာကတ၊ ပစ္စယုပ္ပန်က အကုသိုလ်တဲ့။ ဒီတော့ အကုသိုလ်ပစ္စယုပ္ပန်က ဘယ်အကြောင်းမှာ ရှိသလဲ (၁-အကြောင်းမှာ ရှိပါတယ်)။ ပစ္စည်း အဗျာကတတွေ ရှာကြည့်။ အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရူပ် အဌာရသ ဒါက ဘာတုန်း၊ အဗျာကတမဟုတ်လား (ဟုတ်ပါတယ်)။ ဒီပြင် အဗျာကတ ဘယ်သူရှိသေးသတုန်း ကြည့်ရတယ်၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော လို့ မပါဘူးလား၊ (ပါပါတယ်)။ အဲဒီတော့ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော လောကီ-ဝိပါက် ဇကတိုသ ဒီလိုနေမယ် မဟုတ်လား (မှန်ပါ)။

သုဒ္ဓသင်္ခ်ာက ဒေါသမူဒ္ဓေ မောဟမူဒ္ဓေ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော လောကီစိတ် (၇၆) လို့ ဆိုခဲ့တယ် မဟုတ်လား (မှန်ပါ)။ အဲဒါကလေးတွေလဲ နက်ဖြန်ခါ သတိရလျှင်တော့ ပြောမှာပါဘဲ။ သတိမရလျှင်တော့လဲ မတတ်နိုင်ဘူး။ ပြီးတော့ ဘာကျန်ဦးမလဲ ကြိယာစိတ် ဝိသ။ သူက ဘာအတွက်တုန်း... **အဗျာကတော အကုသလသ အတွက်** (မှန်ပါ)။

ပစ္စည်း အဗျာကတတွေက ဘာတုန်းမေးလျှင် နိပ္ဖန္နရူပ် အဌာရသရယ်၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော လောကီဝိပါက် ဇကတိုသရယ် ကြိယာစိတ် ၂၀-ဟုတ်လား (မှန်ပါ)။ ပစ္စယုပ္ပန်ကတော့ ဟိုဘက် ၁-အကြောင်းမှာ အမြဲတမ်း ထိုင်နေတဲ့ လောဘမူစိတ် ၈-ခုပေါ့။ အလွန်ကြောက်စရာကောင်းတဲ့ အကုသိုလ်တရားတွေပါဘဲ။ အဲဒါတွေဟာ သင်္ခ်ာသတ္တ၊ ပြီးရော မဟုတ်လား (မှန်ပါ)။

ဤတရားတို့သည် အာရမ္မဏာဓိပတိ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ သတ္တ။ ကု ၃-ချက်၊ အကု ၁-ချက်၊ ဗျာ ၃-ချက်၊ ပစ္စည်းရေကတော့ ဘယ်လောက်၊ (ပစ္စည်းရေ-၃) အမြဲတမ်း ၃-ထုတ်တယ်။ ဦးပဉ္စင်းတို့ အခု နောက်ခေတ်ပေါ်တဲ့ စာအုပ်မှာတော့ တနေရာမှာ ကရိဏ်းပါ၌ ပိုထားတာရှိတယ်။ ပိုတာ ကောင်းလဲ ကောင်းပါတယ်။ ဘုန်းကြီးလဲ ပြောပြပါ့မယ်။

ကဲ... တော်ကြဦးစို့ နာရီစေ့သွားပြီ။

သဟဇာတာဓိပတိ သုဒ္ဓသင်္ခ်ာ

အဓိပတိပစ္စည်းမှာ အာရမ္မဏာဓိပတိ သဟဇာတာဓိပတိလို့ ၂-မျိုးရှိတယ်။ အဲဒီ ၂-မျိုးမှာ သဟဇာတာဓိပတိကို ရှေးဦးစွာ ပြောပြကြစို့၊ ဦးဉာဏာဝရ သုဒ္ဓသင်္ခ်ာဆိုစမ်း။

ဦးဉာဏာဝရ။ ။**သဟဇာတာဓိပတိပစ္စည်း၏** သုဒ္ဓသင်္ခ်ာဝါရ၌-သမ္မယုတ္တာခန္ဓာ သာဓိ-ပတိစိတ္တဇရူပ်အားတပ်သော အဓိပတိတရားကိုယ် ၃-ပါး ၄-ပါးတို့တွင်

တပါးပါး၊ ဤတရားတို့သည် သဟဇာတာဓိပတိ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သ**ခ်ၢ** သတ္တ။ ယထာရဟပစ္စည်းရေ လတ်ကြီး (၈)နှင့် ဟေ ဟာ ဣ မဂ်၊ ပေါင်း ၁၃-ဟူသည်တည်း။ **သ**ခ်ၢ**သ**တ္တ ဟူသော်ကား ဟေတု နည်းတူဟော။ **ပ**စ္စည်း**ရေ ၁**၃-ဟူသော်ကား အဓိပတိ ဟေတု သဟဇာတ အညမည နိဿယ ဝိပါက အာဟာရ ဣန္ဒြိယ မဂ္ဂ သမ္မယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဟူသည်တည်း။

ဆရာတော်။ ။အားလုံး တခေါက် ညီညီဆိုကြစမ်းပါ။

သံယာတော်**မ**ျား။ ။တခေါက်ဆိုကြသည်။

ဆရာတော်။ ။ပစ္စည်းစဉ်အတိုင်းဆိုလျှင်တော့ ဟေတုပြီးလျှင် ဒီပစ္စည်းပေါ့နော်။ ဒါပေမဲ့ ဘုန်းကြီးက နောက်ဆုံးပို့ထားတယ်။ နောက်ဆုံးပို့ထားတာက သူက သူများနှင့် မတူတတ်ဘူး။ သုဒ္ဓသ**ခ်ၢ** ဆိုရိုးအနေအားဖြင့်ရင်း၊ ပစ္စယုပ္ပန် အနေအားဖြင့် ရင်း မတူဘဲ ဖြစ်နေတယ်။ သူတပါးက ဘာတုန်း သမ္မယုတ္ထ-ခန္ဓာ ဟေတုဖြစ်ယင် သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ် သော-တဲ့။ ဒီက ဘာလျှာ့နေသတုန်း ပဋိသန္ဓေကမ္မဇရုပ် လျှာ့နေသည်။ ဒါက မတူတာ တချက်။ အားလုံး ပစ္စည်းတွေမှာ ပဋိသန္ဓေကမ္မဇရုပ် ရှိကြတာ ချည်းဘဲ၊ သူတပစ္စည်း (သဟဇာတာဓိပတိပစ္စည်းမှာ)မပါတာ။

ပြီးတော့ အားတပ်သော ဆိုပြီးတော ဘာတဲ့တုန်း ဟေတုတုန်းက ဟိတ်ခြောက်ပါး၊ အာဟာရဖြစ်လျှင်လဲ နာမ်အာဟာရ တရားကိုယ် ၃-ပါး၊ ဘယ်ဟာက ဘယ်နှစ်ပါးနဲ့ ဒီလို သွားတယ်။ သူ့မှာတော့ ဒီလိုမဟုတ်ဘူး ဆိုရိုးမတူတာကို သတိထားခိုင်းတယ်။ **အား**တပ်**သော အ**ဓိ**ပ**တိ**တ**ရား**ကိုယ် ၃-ပါး ၄-ပါး**တို့**တွင် တ**ပါ**းပါ**းတဲ့။ သဟအငယ်ပစ္စည်းချင်းတူ လျှက်နဲ့ ဆိုရိုးချင်းမတူဘူး၊ အဲဒါ ကလေးတွေကို ကိုယ်တိုင်ကိုယ်ကျ သတိထားရတယ်။

ဘာတွေ ကွာခြားသွားသလဲလို့ မေးလို့ရှိလျှင် ဒီ သဟာဓိအနေနှင့်လည်း ပြောမယ် ဆိုလျှင် ပြောစရာတွေ ရှိတယ်။

အဓိပတိပစ္စည်းကျေးဇူးပြုပုံ

အဓိပတိပစ္စည်းရဲ့ ကျေးဇူးပြုမှုက ဘယ်အနေ ကျေးဇူးပြုသလဲလို့ ဟိုတနေ့က မိဿကသင်္ဂီဟသင်္ဂြိဟ်ချတဲ့အခါ ထည့်ပြောတဲ့ အကျဉ်းချုပ်ဆောင်ပုဒ်ကို ဘုန်းကြီးပြော ခဲ့ပါကော၊ အဓိပတိနှင့်စပ်တာ ဘယ်လို ပါသတုန်း-

ကြောင်းရင်းဟေတု၊ ကပ်ရှုစ္စာန၊ မဂ္ဂလမ်းမည်၊ စိုးတည်ဣန္ဒြေ၊ ခိုင်စေဗိုလ်မှူး၊ ဦးစီးဓိပတိ-လို့ ပြောခဲ့တယ်။ အဓိပတိဟာ ဘယ်လိုတုန်းလို့မေးတော့ ဦးစီးဦးကိုင်အနေအား ဖြင့် ကျေးဇူးပြုတတ်တဲ့ တရားမျိုးတဲ့။

တိုင်းပြည်ရဲ့ အုပ်ချုပ်မှုတာဝန်ကို ရယူထားသော မင်းခေါ်တဲ့ ပုဂ္ဂိုလ်မျိုးအနေနဲ့ ကျေးဇူးပြုတတ်တဲ့ သတ္တိမျိုးကို အဓိပတိသတ္တိ ခေါ်တယ်။

ဣန္ဒြေယပစ္စည်းကျေးဇူးပြုပုံ

ဒီတော့ အစဉ်အတိုင်း နောက်က ပြီးသွားတဲ့ ဣန္ဒြေယကကော ဘယ်လိုကျေးဇူးပြု သလဲမေးလျှင် ဘာပြောသလဲ "မဂ္ဂလမ်းမည်၊ စိုးတည်ဣန္ဒြေ' ဆိုတာမှာ စိုးက အဓိပ္ပါယ် တမျိုး၊ တည်က အဓိပ္ပါယ်တမျိုး ဒီလို ယူဆတယ်။ "စိုး" ဆိုတာကလဲ အစိုးတရ အနေအား ဖြင့် ကျေးဇူးပြုတာ၊ မင်းမျှားအုပ်ချုပ်မှု အနေမျိုးပေါ့နော်။ ဒါ ဣန္ဒြေယသတ္တိ။

"တည်" ဆိုတာက ဣန္ဒြေရလိုက်တာ တည်ကြည်လိုက်တာဆိုတဲ့ စကားမျိုး အဓိပ္ပါယ် မျိုးကို ယူပြီးတော့ စိုးတည်ဣန္ဒြေလို့ ပြောခဲ့တယ်။

စိုးထဲမှာ အဓိပ္ပါယ်တမျိုးရှိတယ်၊ တည်မှာလဲ အဓိပ္ပါယ်တမျိုးယူပါ။

ဒီတော့ ဣန္ဒြေယပစ္စည်းကလဲ လွယ်လွယ်ပြောလျှင် အစိုးရသည့် အစွမ်းအားဖြင့် ကျေးဇူးပြုတယ်၊ အဓိပတိကလဲ ထိုနည်းတူစွာဘဲ၊ "ဦးစီးအဓိပတိ"ဆိုတာ အစိုးရခြင်း လက္ခဏာဘဲ။ ဇေဋ္ဌကဌေန=အကြီးအမှူးဥက္ကဋ္ဌပြုသည်၏ အစွမ်းအားဖြင့်လို့ အဋ္ဌကထာ ဖွင့်တယ်။

အဓိပတိနှင့် ဣန္ဒြေယအထူး

အစိုးရသည်၏ အစွမ်းအားဖြင့်လဲ ကျေးဇူးပြုတဲ့ ပစ္စည်းဆိုယင် ဣန္ဒြေယကလဲ အစိုး ရတယ်၊ အဓိပတိကလဲ အစိုးရတယ်လို့ ပဋ္ဌမ ဒီလိုနှစ်မျိုးမှတ်။

ပြီးတော့မှ သူတို့ပစ္စည်းနှစ်ခုဟာ သဘာဝအတူတူဘဲလား အစိုးရတဲ့နာမည်တော့ အတူထွက်နေပြီ။ အဓိပ္ပါယ်အတူတူဘဲလား မေးတော့ မတူဘူး။

ဘယ်လိုထူးနေသလဲ မေးလျှင် ဣန္ဒြေယရဲ့ အစိုးရမှုသည် လွယ်လွယ်ပြောကြစို့။ ပဒေသရာဇ်အစိုးရနည်းမျိုးဖြင့် အစိုးရ၏၊ ပဒေသရာဇာကဲ့သို့နော်။ အဓိပတိပစ္စည်း၏ အစိုးရမှုသည် ဧကရာဇ်အစိုးရပုံနှင့် တူ၏။ ဧကရာဇာကဲ့သို့နော် (မှန်ပါ။) ဣန္ဒြေယက ပဒေသရာဇ် အစိုးရပုံ, အဓိပတိက ဧကရာဇ်အစိုးရပုံလို ဒီလိုကွာနေပါတယ်။ ပြီးတော့မှ ဒီအဓိပ္ပါယ်နှစ်ခု ကို ပြန်ရှင်းပါ့မယ်။

ပဒေသရာဇ်အစိုးရဆိုတာက ဘယ်လိုဟာလဲ မေးလျှင် ဦးပဉ္စင်းတို့ သိလွယ်တဲ့ ခေတ်အစိုးရမျိုးကဲ့သို့ ဟိုတိုင်းပြည်က ရှင်ဘုရင်တပါး ဒီတိုင်းပြည်က ရှင်ဘုရင်တပါး။ ဗမာပြည်မှာ အစိုးရရှိသလို အနားက ယိုးဒယားမှာလဲ သူ့အစိုးရရှိတယ်။ လာအိုကလဲ သူ့တိုင်းပြည်နှင့် သူ့အစိုးရ၊ ကမ္ဘောဒီးယားကလဲ ဒီအတိုင်းဘဲ။ အဲဒီအထဲမှာတောင် တိုင်းပြည်တခုတည်းမှာတောင် ပြည်နယ်အစိုးရ ဆိုတာကလေးတွေ ရှိသေးတယ်။ အဲဒီ အစိုးရနည်းမျိုးကို ပဒေသရာဇာ ပဒေသရာဇ်အစိုးရလို့ ခေါ်တယ်။

ဧကရာဇ်အစိုးရဆိုတာက ဧကရာဇကို ဧကရာဇ်လို့ သုံးထားတယ်။ ပထဗျာ ဧကရဇ္ဇေန ဆိုသလို မြေပြင်တခုလုံးမှာ မင်းဆိုတာ တပါးတည်းရှိတယ်။ ဟိုတမင်း ဒီတမင်းနဲ့ ခုတင်က ပြောခဲ့သလို မဟုတ်ဘူးနော် (မှန်ပါ)၊ မြေပြင်ရှိသမျှမှာ မင်းတပါးတည်း ရှိတယ်။ အဲဒီမင်းရဲ့ လက်အောက်ခံအနေအားဖြင့် ထိန်းသိမ်းနေတဲ့ ဘုရင်ခံစသည်တို့တော့ ဌာနတိုင်း ရှိကြမှာပေါ့။

ထားပါတော့ အခု ဒီကလိုချင်တာက ဣန္ဒြိယနှင့် အဓိပတိ အစိုးရမှု မတူတာကို ပြောမလို့။ ဣန္ဒြိယက ပဒေသရာဇ် အစိုးရနည်း။ အဓိပတိက ဧကရာဇ်အစိုးရနည်း။

ဘယ်လိုလုပ် သိရမလဲ မေးလျှင် မနေ့က ပြောထားခဲ့တဲ့ ဣန္ဒြိယကို နည်းနည်းပြန်စဉ်းစားစမ်း။ ဝတ္ထုပုရေ ဇာတိန္ဒြိယ ပြောကြပါစို့ လွယ်လွယ်။

စက္ခုန္ဒြိယံ စက္ခုဝိညာဏသ ဣန္ဒြိယပစ္စယေန ပစ္စယော။
သောတိန္ဒြိယံ သောတဝိညာဏသ ဣန္ဒြိယပစ္စယေန ပစ္စယော။

စက္ခုန္ဒြိယံ အရ ဦးပဉ္စင်းတို့ တရားကိုယ်ထုတ်တော့ ဘာရသတုန်း၊ စက္ခုဝတ္ထု ပသာဒရုပ် ရတယ်။ အဲဒီ ပသာဒရုပ်ခေါ်တဲ့ စက္ခုဝတ္ထုရုပ်ကလေးသည် သူသူငါငါမှာ ရရှိနေတဲ့ မျက်စိလို့ခေါ်တဲ့ သသမ္ဘာရ အဝန်းအဝိုင်းနှင့် တကွသော မျက်စိအလည်တွင် အလွန်တရာ သိမ်မွေ့နူးညံ့လှစွာ မျက်လွှား ခုနစ်ထပ်ဖြင့် အုပ်ပြီးတော့ထားတဲ့ ပသာဒစက္ခုလို့ခေါ်တဲ့ ပသာဒရုပ်ကလေး အကြည်ဓာတ်ကလေး ရှိတယ်။ အဲဒီ အကြည်ဓာတ်ကလေးရဲ့ သတ္တိဟာ ဘယ်ထိအောင် ဣန္ဒြိယသတ္တိနဲ့ ကျေးဇူးပြုသလဲ မေးလျှင် မျက်စိနှင့်ဆိုင်တဲ့ နယ်ပယ်ကလေးတွေကို သူအစိုးရသည်၏ အစွမ်းဖြင့် ဘာတွေ ဖြစ်သတုန်း၊ ကြည့်လို့မြင်တယ်။ မြင်မှုကို အစိုးရတယ်။

ဒါကြောင့် စက္ခုန္ဒြိယံ=စက္ခုနွှေသည်။ (၀ါ) စက္ခုပသာဒဟု ဆိုအပ်သော စက္ခုဝတ္ထုရုပ်ကလေးသည်။ စက္ခုဝိညာဏသ=မြင်မှု၌ သိမြင်နေရသော စက္ခုဝိညာဉ်အား။ ဣန္ဒြိယပစ္စယေန=မြင်စေဟူသော အမိန့်အာဏာပေးသဖြင့်။ ပစ္စယော=ကျေးဇူးပြုတတ်

သည်။ ဟောတိ=ဖြစ်၏။ မြင်ပေးလိုက် ဆိုပြီးတော့ စက္ခုပသာဒ တရားက နေပြီးတော့ ပစ္စယုပ္ပန် စက္ခုဝိညာဉ်စိတ်ကလေးအား ဖန်တီးပေးလိုက်တယ်။

အဲဒီ မျက်စိနှင့် ပတ်သက်တဲ့ ကိစ္စတမျိုးဘဲ သူ့မှာ အစိုးရတယ်။ ကျေးဇူးပြုလို့ ရတယ်။ ဒီ စက္ခုပသာဒကလေးက အသံကြားလို့ ရပ့ါမလား (မရပါ)၊ အနံ့ကို ရှုချင်လို့ကော (မရပါ)၊ ကိုယ်ဆိုင်ရာကလေးကို ကိုယ်အစိုးရတယ်။ သူတပါးနယ်ပယ်ကို လုံးဝ စွက်ဖက်လို့မရ။ အဲဒီလို ပဒေသရာဇ်အနေအားဖြင့် ကိုယ့်နယ်ကလေးနဲ့ကိုယ် အစိုးရတာဘဲ...၊ ခပ်ကျဉ်းကျဉ်းပြောရအောင် ဒီနေ့ အဓိပတိ ကုန်မှ ကုန်ပ့ါမလား မပြောတတ်ဘူး။

အဓိပတိအစိုးရတာက ဧကရာဇ်အနေနဲ့ အစိုးရတယ်ဆိုတာက ဆန္ဒ စိတ္တ ဝိရိယ ဝိမံသခေါ်တဲ့ အဓိပတိတရားလေးပါးတို့သည် သတ္တဝါ တဦးတယောက်ရဲ့ သန္တာန်မှာ ဆန္ဒ အဓိပတိ ပစ္စည်းတပ်နေလျှင် တနည်း- **ဆန္ဒအုပ်စီးနေလျှင် အုပ်စီးနေလျှင်** ဒါက ဗမာလို ပြောတာ၊ အဓိပတိတပ်နေတယ်ဆိုတာက စာသံပေသံနော် (မှန်ပါ)။ ဆန္ဒဦးစီးလို့ 'အဓိပတိ ပန ဇေဋ္ဌကဋ္ဌေန ဥပကာရကော' လို့ အဋ္ဌကထာဖွင့်တဲ့အတိုင်း ဦးစီးလို့ထားပါ။ အဲဒီ ဆန္ဒ ဦးစီးနေလျှင် ဆန္ဒ ပစ္စည်းဖြစ်ခိုက် ကြွင်းတဲ့ စိတ္တ ဝိရိယ ဝိမံသတို့ဟာ ဘယ်နည်းနှင့်မျှ ပစ္စည်းမဖြစ်နိုင်တော့ဘူး။ ဆန္ဒအလိုသို့ အကုန်လုံးလိုက်ပြီး သဘာဝ ဆန္ဒခိုင်းစေရာကို ဆောင်ရွက်နေကြရတယ်။

စာလိုပြောလျှင် ဆန္ဒပစ္စည်းဖြစ်နေလျှင် စိတ္တ ဝိရိယ ဝိမံသတို့က ပစ္စည်းဖြစ်လို့ မရဘူး။ ပစ္စယုပ္ပန်သာ ဖြစ်နိုင်တော့တယ်။

ဒါကြောင့် တကယ်တမ်း ပြင်းပြင်းပြပြ ခိုင်ခိုင်မာမာ အာသာဆန္ဒနဲ့ အလုပ်ကိစ္စ တခုပြုနေပြီလားလို့ဆိုယင် "ဆန္ဒဝတော ဘိက္ခဝေ ကိံ နာမ ကမ္မံ န သိဗ္ဗတိ" ကိုယ့်စိတ်ထဲမှာ အဓိပတိမည်မည့် ဆန္ဒအင်မတန်ပြင်းပြထက်သန်စွာနဲ့ အဓိပတိပစ္စည်းသာ တပ်ပစေ...။ ဥပမာ စာသင်နေတယ် ဒီကျမ်းဂန် ငါမရလျှင် မနေဘူး ရအောင်သင်မယ်လို့ဆိုတဲ့ အဓိပတိ ပါလာလျှင် မတတ်ဘဲ မရှိဘူး။ မတတ်လျှင်လဲဘဲ ထိုဆန္ဒရဲ့ကိန်းအောင်းရာဖြစ်တဲ့ ပုဂ္ဂိုလ်ကို ဘဲ ညှဉ်းဆဲတော့မလိုအထိ အစိုးရတယ်။ အဲဒါလောက် မြဲမြံခိုင်ခဲ့တဲ့ သတ္တိရှိတယ်တဲ့။

သဟဇာတာဓိပတိရှင်းချက်

ဒါကြောင့် အဓိပတိ အစိုးရကျေးဇူးပြုတယ်ဆိုတာ သတ္တဝါတဦးရဲ့ သန္တာန်မှာ အခိုက် အတန့်အတွင်းမှာ တဦးတည်းပိုင်အနေအားဖြင့် ဆန္ဒပစ္စည်းဖြစ်လျှင် စိတ္တ ဝိရိယ ဝိမံသတို့က ပစ္စယုပ္ပန်၊ စိတ္တက ပစ္စည်းဖြစ်လဲ ကြွင်းတဲ့တရား ၃-မျိုးက ပစ္စယုပ္ပန်အစရှိသည်ဖြင့် နောက်ပိတ်ဆုံး ဝိမံသက အဓိပတိ ပစ္စည်းတရားဖြစ်လျှင် ဆန္ဒ စိတ္တ ဝိရိယတို့က ပစ္စယုပ္ပန်အနေအားဖြင့် ဖြစ်ရတယ်။

ဒါကြောင့် ဦးပဉ္စင်းတို့ သုဒ္ဓသန္ဓာမှာ သမ္မယုတ္တာခန္ဓာ သာဓိပတိ စိတ္တဇရုပ်အားတပ်သော အဓိပတိတရားကိုယ် ၃-ပါး ၄-ပါးတို့တွင် တပါးပါးလို့ တပါးတည်းယူတယ်နော် (မှန်ပါ)။

ဒါဖြင့် တပါးဆိုလျှင်လဲ ပြီးရောပေါ့ ၃-ပါး ၄-ပါးရယ်လို့ ဘာဖြစ်လို့ ထည့်နေပြန်သလဲလို့ မေးစရာလိုလာတယ်၊ သတိပြုနားထောင်ကြပါ။

ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့်ပြောလျှင် တိဟိတ်ပုဂ္ဂိုလ် သန္တာန်မှာ အဓိပတိတရားကိုယ် ၄-ပါးလုံး ဖြစ်နိုင်တယ်။ ဒွိဟိတ်ပုဂ္ဂိုလ် သန္တာန်မှာ အဓိပတိတရားကိုယ်ဟာ ၃-ပါးသာ ဖြစ်နိုင်တယ်၊ ဘယ်အဓိပတိလျော့သလဲ (ဝီမံသာဓိပတိ လျော့ပါတယ်)။

ဒါကြောင့် အရကောက် ဆရာတော်ဘုရားကြီးများက ၃-ပါး ၄-ပါးလို့ သုံးစွဲတော်မူကြတာနော် (မှန်ပါ)။ ၃-ပါးဆိုလျှင် ဘယ်သူလဲ (ဒွိဟိတ်)၊ ၄-ပါးဆိုလျှင် ဘယ်သူလဲ (တိဟိတ်)။

သင်ဂြိုဟ်အနေအားဖြင့် စာနှင့် ကြည့်ကြည့်ပြီး ဆိုကြပါစို့လျှင် ဉာဏသမ္မယုတ် ဖြစ်နေလျှင် တိဟိတ်၊ အတူတူဘဲ မဟုတ်လား (မှန်ပါ)။ ဉာဏသမ္မယုတ်မှာ အဓိပတိတရားကိုယ် ၄-ပါးရှိတယ်။ ဉာဏဝိပ္ပယုတ်ဖြစ်နေလျှင် ၃-ပါးသာ ရှိတော့တယ်။

ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့်လဲ ကြည့်၊ ဓမ္မ၏ အနေအားဖြင့်လဲ ကြည့်ရတယ်။

ဒါကြောင့် အားတပ်သော အဓိပတိတရားကိုယ် ၃-ပါး ၄-ပါးတို့တွင် တပါးပါးတဲ့။ ဆိုရိုးနေပုံကြည့် (မှန်ပါ)။

ဟေတုတုန်းကတော့ အားတပ်သော ဟိတ် ၆-ပါးလို့ ပေါင်းဆိုတယ်။ ပဒ ပဒါ-ဝသာနနှင့် ခွဲတဲ့အခါမှာလဲ ကုသလပဒဖြစ်လျှင် သမ္မယုတ္တာခန္ဓာအားသာတပ်သော ကုသိုလ်ဟိတ် ၃-ပါးလို့ ဒီလိုဆိုတယ် မဟုတ်လား (မှန်ပါ)။ ပစ္စည်းအနေအားဖြင့် အလောဘ အမောဟ တွဲလျက် ဖြစ်နိုင်တယ်။ အဒေါသ အမောဟ တွဲလျက် ဖြစ်နိုင်တယ်။ အလောဘ အဒေါသ အမောဟ ၃-ပါးလုံးလဲ တွဲလျက် ဖြစ်နိုင်တယ်။ တပါးတည်းလည်း ဖြစ်နိုင်တယ်၊ ၂-ပါးတွဲလဲ ဖြစ်နိုင်တယ်၊ ၃-ပါးတွဲလဲ ဖြစ်နိုင်တယ်။ အဓိပတိကျတော့ ဘယ်သူနှင့်မျှ တွဲလို့ မရတော့ဘူး၊ တပါးတည်းကိုသာ ပစ္စည်းထား။ တော်လောက်ပြီ ဒါကို ရှေ့တိုးစို့။

တိကနှင့် ဝေဖန် ကုသလာ ဓမ္မာ အကုသလာ ဓမ္မာ အဗျာကတာ ဓမ္မာလို့။ ကုသလာ ဓမ္မာအရ ပစ္စည်းတရားသည် ကုသိုလ်စိတ်မှာ ယှဉ်နေတဲ့ စေတသိက် အဌတိံသထဲမှာ ဆန္ဒ ပါမပါ... (ပါပါတယ်) ပါနိုင်တာပေါ့။ ဆန္ဒက ဘယ်စေတသိက်ထဲကတုန်း (ပကိဏ္ဏကစေတသိက်ထဲက ပါ)။ စိတ္တ-ဆိုတာက ကုသလပဒအနေနှင့် ယူလျှင် ဘာယူမယ်။ ကုသိုလ်စိတ်

ဧကဝိသကိုပင်ယူ ဟုတ်လား...။ ဒီစေတသိက် အဌတိံသထဲမှာ ဝိရိယ ရှိမရှိ... (ရှိပါတယ်)၊ ဝိမံသကော (ရှိပါတယ်)။

ဒါကြောင့် ကုသလပဒအတွက် ပစ္စည်းတရားရှာလျှင် အဓိပတိတရားကိုယ် ၄-ပါး စလုံး ရနိုင်သည်။

အကုသလာ ဓမ္မာ-အရ ပစ္စည်းရှာတဲ့အခါ အကုသိုလ်ဒွါဒသမှာ ယှဉ်နေတဲ့ စေတသိက် သတ္တဝိသထဲမှာ ဆန္ဒပါရဲ့လား မေးလျှင် (ပါပါတယ်)၊ စိတ္တဆိုတာက ဒီမှာ ဘယ်သူ့ကိုယူ မည်။ အကုသိုလ်ဒွါဒသကိုယူ။ ဒါ အကြမ်းဖျင်း ပြောတာ၊ စစ်ထုတ်တော့ အကုန်တောင် မရဘူး။ ဒါဟာ အခု ဘုန်းကြီးက အကြမ်းဖျင်း ပြောနေတာ။ ဝိရိယကော (ရပါတယ်)၊ ဝိမံသ (မရပါ)၊ ဝိမံသမရှိနိုင်တော့ဘူးနော်။

ဒါကြောင့် အကုသလပဒမှာ အဓိပတိတရားကိုယ် ဝိမံသာဓိပတိမှတပါး ကြွင်း ၃-ပါးသာ ရသည်။

အဗျာကတပဒ ဖြစ်ခဲ့လျှင် စေတသိက် အဌတိံသမို့ ကုသိုလ်နှင့်တူစွာ အဓိပတိ တရားကိုယ် ၄-ပါး၊ ဒါက ပစ္စည်း (မှန်ပါ)။

ကဲ... ပစ္စယုပ္ပန်ကြည့်ရအောင် အဓိပတိက အလွန်နယ်ကျယ်တယ်။ အာရမ္မဏာ-ဓိပတိက သာပြီးမျှားသေးတယ် ပြောစရာတွေ။ ဘုန်းကြီးကလဲ ကျဉ်းနိုင်သမျှကျဉ်းပြီး ပြော နေတယ်။ (ပျင်းလို့မဟုတ်ပါဘူး)။

သမ္မယုတ္တခန္ဓာဆိုတာ ယှဉ်နေတဲ့ တရားအပေါင်းလို့ ဘုန်းကြီးပြောခဲ့တယ် မဟုတ် လား။ ဘာနှင့်ယှဉ်ရမယ်၊ ပစ္စည်းတရားနှင့် ယှဉ်ရမယ်။ မေ့မှာဆိုးလို့ ထပ်ထပ်မေးနေတာ။

ပစ္စည်းတရားက အခုဘယ်သူတွေရသတုန်း... ဆန္ဒ စိတ္တ ဝိရိယ ဝိမံသ။ အဲဒီမှာ ကြံစည်ကြည့်ပါလား ဆန္ဒသည် စိတ်ပေါင်း ဘယ်လောက် ယှဉ်သလဲ၊ အဟိတ်စိတ် (၁၈) မောဟမူဒ္ဓေ ပေါင်း ၂၀-ကြဉ် စိတ်အကျဉ်း (၆၉)ပါးမှာ ယှဉ်၏။ အဲဒီ ဆန္ဒနှင့် ယှဉ်တဲ့ စိတ်အကျဉ်း (၆၉)ကို သမ္မယုတ္တခန္ဓာမှာ ယူရမှာလား မယူနိုင်ဘူး။ မှတ်ထားခဲ့ပါဦး၊ မယူနိုင် တာကို နောက်ပြီးတော့ ပြောပြမယ်။

စိတ္တဆိုတော့ စိတ် (၈၉)ကိုဘဲ ဖွဲ့ပါသလား၊ ဒီ (၈၉)စလုံး ယူရမှာလား၊ မယူနဲ့ဦး။ မှတ်ထားခဲ့ပါ။ ဘုန်းကြီးမေးနေတဲ့ နည်းအတိုင်း ကြံစည်ဖို့နည်းကို ဒါက လျှောက်ပြောနေတာ။

ဝိရိယက ဘယ်လောက်ယှဉ်တယ် (၇၃)ပါး၊ ဝိမံသက ဘယ်လောက်ယှဉ်တယ် (၄၇-ပါးယှဉ်ပါတယ်)၊ အဲဒီလိုဘဲ ၇၃-၄၇-ပါးမှာယှဉ်တဲ့ တရားတွေ ယူရမှာလားလို့ မေးတော့

အရှင်အနုရုဒ္ဓါက ဒီလိုပြောတယ် အဓိပတိနှင့် စပ်လို့။ သတိပြုနားထောင်စမ်း ဦးပဉ္စင်းတို့ ရတာကလေးတွေကို ပြန်ပြောပေးနေတယ်။

ဒ္ဒိဟေတုက တိဟေတုက ဇဝနေသွေဝ ယထာသမ္ဘဝံ အဓိပတိ ဧကောဝ လဗ္ဘတိ။

သင်ဂြိုဟ်ရလျှင် ရကြမှာပေါ့နော်။ ဘုန်းကြီးကတော့ ကိုရင်တုန်းက ကျက်ထားတာကို အခု မှန်းမှန်း ရွတ်နေရတယ်။ တခါတလေ မှားချင်တောင်မှားမယ်။ ကိုယ်ရထားတဲ့ သင်ဂြိုဟ်ကို အသုံးချကြစမ်းပါ။

ဘာတွေပြောသလဲ အရှင်အနုရုဒ္ဓါက၊ အဓိပတိဆိုတာ ဒ္ဒိဟိတ် တိဟိတ်ဇောထဲမှာ သာ ယထာသမ္ဘဝ-ဆိုတော့ သူတို့နှင့် တော်သလောက် ယူရမယ်။ အဲဒီ ဒ္ဒိဟိတ် တိဟိတ် ဇောထဲမှာ ထိုက်သင့်သလို ယထာသမ္ဘဝ ဖြစ်ပြီးတော့လဲ အဓိပတိ ၄-မျိုးစလုံး ပြိုင်ပြီးတော့ ဖြစ်မှာလား မေးတော့ ဧကောဝ လဗ္ဘတိ တမျိုးတည်း ရတယ်တဲ့။

အဋ္ဌကထာက ဧကောဝ လဗ္ဘတိ အဓိပ္ပါယ်ကို ဖွင့်ထားတာက '**ဧကဋ္ဌဇော အဘာဝတော**' စိတ္တဋ္ဌဇာတခုမှာ အဓိပတိ ၂-ခုပြိုင်ပြီး မဖြစ်ကောင်းဘူးတဲ့၊ ဧကဋ္ဌဇော= စိတ္တဋ္ဌဇာ တခုအတွင်း၌။ အဘာဝတော=အဓိပတိ တရားကိုယ်များသည် ပြိုင်ဆိုင် မဖြစ်သင့်သောကြောင့်... တဲ့။ ကြည့်ကြနော် ဒါကလေးတွေ ဖွင့်ထားတာကလေးတွေကို၊ အကောက်ဆရာတော်ဘုရားကြီးကလဲ အဋ္ဌကထာ အကိုးကလေးတွေကို မှာထားတာရှိတယ်။

အဲဒီတော့ တပည့်တော်တို့ သင်ဂြိုဟ်ကို ပြန်ပြီး စစ်တမ်းထုတ်ရပြန်ရော။ အရှင်အနုရုဒ္ဓါက ပြောတယ် အဓိပတိဆိုတာဟာ ဒ္ဒိဟိတ် တိဟိတ် ဇောထဲမှာ ရှာပါလေဆိုတော့ ဇောက အများဆုံး ဘယ်လောက်ရှိသလဲ... (၅၅-ပါး ရှိပါတယ်)၊ အဲဒီ ၅၅-ပါး ဦးပဉ္စင်းတို့ မေးလျှင် ဘယ်လိုပြောမလဲ၊ ဖြေနည်း စာတကြောင်းလောက် ရေးရအောင် ဒါမှ မျက်စိရှင်းမယ်။ ရတော့ ရသားဘဲ၊ ရပေမဲ့ ပြောတော့ ထွေးထွေးလုံးလုံး လုပ်နေမယ်။ ဇော ၅၅-လို့ အကြမ်းရေးထား။

သိပါတယ် ဦးပဉ္စင်းတို့ ဇော ၅၅-သိပါတယ်။ ဘုန်းကြီးကလဲ သိမှာဘဲလို့ သိပြီးသားပါ။ သို့ပေမယ်လို့ ရှင်းသွားအောင်လို့။

ဇော - ၅၅

အကု ၁၂ အဟိတ်စိတ်က ဟသိ ၁၊ မဟာကု ကြို ၁၆။ ဘုန်းကြီးက ရှင်းအောင် အရေးခိုင်းတာ။ နားလဲ နားလည်အောင် ရေးကြနော်။ နောက်ပြီးတော့ မဟာဂျုတ်ကု ကြို ၁၈၊ လောကုတ် ၈၊ အဲဒါ ပြန်ပေါင်းကြည့် (၅၅-ပါး)၊

ပုံစံ- အကု ၁၂၊ ဟသိ ၁၊ မဟာကုကြို ၁၆၊ မဟာဂ်ကုကြို ၁၈၊ လောကုတ် ၈၊ ပေါင်းဇော ၅၅။

အဲဒီ ဇော ၅၅-ကို ပကိဏ္ဏားပိုင်း ဟေတုသင်္ဂဟနှင့် ဝေဖန်ကြည့်လျှင် ဟေတုသင်္ဂဟ ဆိုတော့ နားရှုပ် ခက်နေပါဦးမယ်။ သင်ြိုဟ်စိတ်ပိုင်းနှင့် ဝေဖန်ကြည့်လျှင် အဟိတ်စိတ်ထဲ ကပါတဲ့ ဇောက ဘယ်လောက်လဲ (ဟသိတုပ္ပါဒ်)၊ ၎င်းကို ကြက်ခြေခတ်ထားလိုက်၊ အဟိတ် ဇော ဖြစ်နေပြီ မဟုတ်လား (မှန်ပါ)။

ပြီးတော့ ဟိတ် ၁-ပါးသာရှိတဲ့ ဇောဟာ ဘယ်သူလဲ (မောဟမူဒ္ဓေ)၊ အကုသိုလ်စိတ် ၁၂-ပါးထဲမှာဘဲ မဟုတ်လား (မှန်ပါ)၊ သူ့ကို မှတ်ထားလိုက် ကြက်ခြေကလေး ခတ်ပြီးတော့။ ပြီးတော့ ဘာကျန်တော့သတုန်း မောဟမူစိတ် ၂-ခုက ဧကဟိတ် ဇောဆိုတော့ အကုသိုလ်မှာ လောဘမူနဲ့ ဒေါသမူဘဲ ရှိတော့တယ် မဟုတ်လား (မှန်ပါ)။

ဒီတော့ အဟိတ်ဇောတွေ့ပြီ၊ ဧကဟိတ်ဇောတွေ့ပြီ၊ ဒွိဟိတ်ဇော ရှာကြစို့ဆိုတော့ လောဘမူစိတ် ၈-ခုက လောဘဟိတ် မောဟဟိတ် ဆိုတော့ ဟိတ် ၂-ပါးမရှိလား (ရှိပါတယ်)၊ ဒေါသမူစိတ် ၂-ခုက ဒေါသဟိတ် မောဟဟိတ် ဟိတ် ၂-ပါးမရှိလား (ရှိပါတယ်)၊ သူတို့ကို ဘာဇောခေါ်မယ် (ဒွိဟိတ်ဇောခေါ်ပါတယ်)၊ **ဒွိဟိတ်ဇော (၁၀) ခု**။

နောက်နား ဆုတ်ကြည့်စမ်း မဟာကုကြို ၁၆-ဆိုတာ၊ မဟာကုသိုလ်နှင့် မဟာကြိယာမှာ ဉာဏသမ္ပယုတ် ၄-ခုစီ မပါဘူးလား (ပါပါတယ်)၊ မဟာကုသိုလ်က ဉာဏသမ္ပယုတ် ၄၊ ဉာဏဝိပ္ပယုတ် ၄၊ မဟာကြိယာက ဉာဏသမ္ပယုတ် ၄၊ ဉာဏဝိပ္ပယုတ် ၄-စီ ရှိကြတယ် မဟုတ်လား (မှန်ပါ)၊ အဲဒီမှာ ဝိပ္ပယုတ် ၄-ခုစီသည် ဘာခေါ်မလဲ (ဒွိဟိတ်ဇော)၊ သမ္ပယုတ် ၄-ခုစီသည် (တိဟိတ်ဇောပါ)၊ ကဲ-ဒီတော့ ဒီက ၈-ခု မရဘူးလား (ရပါတယ်)၊ အကုသိုလ်က-၁၀၊ မဟာကုသိုလ် ကြိယာ ဉာဏဝိပ္ပယုတ်စိတ် ၈-ခု၊ ပေါင်းတော့ (၁၈-ခု)၊ ၎င်းတို့သည် ဒွိဟိတ်ဇော။ အရှင်အနုရုဒ္ဓါစကားကို ဖြေပေးမလို့နော် ဦးပဉ္စင်းတို့ (မှန်ပါ)။

ကျန်တာတွေ ပေါင်းကြည့်ခဲ့သော် မဟာကုသိုလ်ကြိယာ ဉာဏသမ္ပယုတ်ဇောက ဘယ်လောက်တုန်း (၈-ခု)၊ မဟဂ္ဂုတ်ကုသိုလ် ကြိယာက (၁၈) ခု၊ လောကုတ္တရာစိတ် ၈-ခုထည့်။ ပေါင်း-၃၄၊ အဲဒါ တိဟိတ်ဇော။ တွေ့ပလား (တွေ့ပါပြီ)။

သင်ြိုဟ်သရုပ်ကို သိစမ်းပါ၊ ဦးပဉ္စင်းတို့ သင်ြိုဟ်သရုပ်မသိဘဲနဲ့ ယောင်ဝါးဝါးနဲ့ မာတိကာ ဓာတုကထာ တက်ဆိုကြရော။ သရုပ်မကွဲတော့ လိမ့်လိမ့်လိမ့်လိမ့်နဲ့ ဘာမှ မလုပ်တတ်ကြတော့ဘူး။ သင်ြိုဟ် သရုပ်ကို ပိုင်ပိုင်နိုင်နိုင်ကလေး ကွဲနေပါစေ၊ သူ့ကျမ်းနှင့် သူ လျှော်အောင်။

အဲဒီ ဒွိဟိတ်ဇော ၁၈-ခု၊ တိဟိတ်ဇော ၃၄-ခုကို အရှင်အနုရုဒ္ဓါက ဒွိဟေတုက တိဟေတုကဇဝနေသွေဝ ယထာသမ္ဘဝံ အဓိပတိ ဧကောဝ လဗ္ဘတိ၊ **အဓိပတိ ထိုက်တဲ့** တရားဆိုတာဟာ ဒွိဟိတ်ဇော တိဟိတ်ဇောနဲ့ ယှဉ်ခိုက်ဖြစ်တဲ့ တရားမျိုးကိုသာ ယူလို့ ဒီလို့ မိန့်တယ်။

အဲဒါကြောင့် ဆန္ဒသည် ခုတင်က ၆၉-ပါးယှဉ်တယ်ဆိုယင် အဓိပတိမတပ်တဲ့ ဆန္ဒ (မှန်ပါ)၊ အဓိပတိတပ်တဲ့ဆန္ဒဆိုယင် ၆၉-ပါး မယှဉ်စေနဲ့၊ ဒွိဟိတ်ဇော ၁၈၊ တိဟိတ်ဇော ၃၄၊ ပေါင်း **၅၂-ပါးသော စိတ်မှာသာ ယှဉ်ပစေ** (မှန်ပါ)။

ဇော ၅၅-ရှိတယ်မဟုတ်လား (မှန်ပါ)၊ အဟိတ်ဇော ၁၊ ဧကဟိတ်ဇော ၂ ပေါင်း ၃-ခု နုတ်ထားတော့ ၅၂ အဲဒီ ၅၂-ပါးကို သာဓိပတိဇော ၅၂-လို့ ခေါ်တယ်။

ဘာခေါ်တယ် (သာဓိပတိဇော ၅၂-ပါးလို့ ခေါ်ပါတယ်)။

သာမညနှင့် အဓိပတိ

ဒါကြောင့် ဆန္ဒတလုံးပြောယင် ကျန်တာကလေးတွေ နားလည်ပါလိမ့်မယ်၊ ဆန္ဒသည် သာမညဆန္ဒလို့တမျိုး၊ အဓိပတိတပ်တဲ့ဆန္ဒလို့တမျိုး ၂-မျိုး ရှိတယ်၊ သာမညဆန္ဒသည် အဓိပတိမတပ်၊ စိတ်ပေါင်း ၆၉-မှာယှဉ်၏၊ အဓိပတိတပ်တဲ့ ဆန္ဒသည် သာဓိပတိဇော (၅၂)ခုမှာသာ ယှဉ်နိုင်၏။

ဘာမျှားထူးသတုန်း၊ သာမညဆန္ဒနှင့် အဓိပတိတပ်တဲ့ဆန္ဒ ဘာထူးသတုန်း၊ သာမည ဆန္ဒဆိုတာ ဦးပဋ္ဌင်းတို့ သင်ကြိုဟ်အနက်တက်တော့ ဗားကရာဆရာတော်ဘုရားကြီး အနက် ပေးတယ်၊ ဘာတဲ့တုန်း ဆန္ဒောစ=ပြုလိုကာ မတ္တာသာ လက္ခဏာရှိသော ဆန္ဒစေတသိက် ၎င်း။ ချပေးတော့ လိုက်ဆိုရတယ်ပေါ့ ဘာမှန်းတောင် မသိလိုက်ပါဘူး၊ အဲဒီ ဆန္ဒကြောင့် အလုပ်တခု ဘယ်တော့မှ မပြီးဘူးတဲ့၊ ပြုလိုကာမျှဘဲတဲ့၊ မတ္တာဆိုတာက မတ္တာကို ဗမာလို ရှင်းရှင်းပြန်တော့ ဘာတဲ့ ပြုလိုကာမျှလေးဘဲတဲ့။ ပြုသလားမေးတော့ မပြုပါဘူး။

အစားကောင်း သောက်ဖွယ်လေးတခု တွေ့လျှင် ကောင်းလိုက်တာ၊ အမေကြိုက် တတ်လိုက်တာ အမေ့ကျွေးရ ဘယ်လောက်ကောင်းမလဲဆိုပြီး ပါးစပ်ထဲ ပစ်ထည့်လိုက်ရော အဲဒါ ဆန္ဒဘဲ၊ သာမညဆန္ဒခေါ်တယ်။

အဓိပတိတပ်တဲ့ ဆန္ဒကျတော့ ဒီလိုမဟုတ်ဘူးတဲ့၊ သဗ္ဗညုတဉာဏ်တော်ကြီးကို ရယူလိုတော်မူသော ဆန္ဒရှိတော်မူတဲ့ ဘုရားအလောင်းတော်တို့သည် ပါရမီဖြည့်တဲ့အခါ သဗ္ဗညုတဉာဏ်တော်ကြီးကို ရယူလိုတော်မူတဲ့ ဆန္ဒာဓိပတိတပ်တဲ့ ဆန္ဒရှိတော်မူတဲ့ အလောင်းတော်တို့သည် ဘာတဲ့တုန်း ဦးပဋ္ဌင်းတို့ အလင်္ကာမှာ-

ဂဏယေ စက္ကဝါဠံ သော၊ စန္ဒနာယပိ သီတလံ။
သမ္ဗောဓိသတ္တဟဒယော၊ ပဒိတ္တဂိရုပူရိတံ။

ပဒိတ္တဂိရုပူရိတံ=အလျှံပြောင်ပြောင်တောက်သော မီးခဲတို့ဖြင့် ပြည့်သော။ စက္ကဝါဠံ=စကြဝဠာတိုက်ကို။ သော သမ္ဗောဓိသတ္တဟဒယော=သဗ္ဗညုတဉာဏ်တော်ကို လိုချင်သော ဆန္ဒရှိသော ထိုဘုရားအလောင်းတော်သည်။ စန္ဒနာယပိ=စန္ဒကူးနံ့သာ အေးမြသည်ထက်။ သီတလံ=အေးသည်ဟူ၍။ ဂဏယေ=ရေတွက်၏။ ဝါ=မှတ်ထင်၏။

ဘာပြောတာလဲ ဗမာလို စဉ်းစားစမ်း၊ စကြဝဠာကြီးတခုလုံးမှာ ရှာမီးကျီးခဲတွေ ရဲရဲဖုံးနေပေစေတဲ့၊ အလောင်းတော်မြတ်က ဒီဘက်နခမ်းက, သဗ္ဗညုတဉာဏ်တော်က စကြာဝဠာဟိုဘက်နခမ်းမှာ ရှိတယ်ဆိုလျှင် မီးကျီးခဲတွေကို စန္ဒကူးနံ့သာထက် အေးသေးသည်ဟု အာရုံပြုကာ သဗ္ဗညုတဉာဏ်တော်ရှိရာသို့ အရောက်သွားပြီး ယူမယ်တဲ့၊ ဒီလိုဟုတ်လား၊ ရှားမီးကျီးခဲ ပူတာလောက်ကို လောကမှာ အအေးဆုံးဖြစ်တဲ့ စန္ဒကူးနံ့သာသဖွယ် မှတ်ထင်တော်မူကာ အရေးမကြီးပါဘူးတဲ့ ဆန္ဒတော်ကြီးဟာ၊ အဲဒါလောက် ကွာခြားပါတယ်တဲ့၊ အဓိပတိတပ်တာနှင့် မတပ်တာ။

ဒါကြောင့် အဓိပတိတပ်သော ဆန္ဒသည် သာဓိပတိဇော (၅၂) ခုမှာသာ ယှဉ်ရ၏။

စိတ္တသည် သာမညစိတ် (၈၉) ကို မယူမူ၍ သာဓိပတိဇော ၅၂-ခုကို ယူရ၏။

ထို့အတူ ဝီရိယသည် သာမည ဝီရိယဖြစ်အံ့ (၇၇)ပါးမှာ ယှဉ်ရ၏။ အဓိပတိတပ်သော ဝီရိယဖြစ်လျှင် သာဓိပတိဇော (၅၂) ခုမှာ ယှဉ်ရ၏။

ဝိမံသခေါ်တဲ့ ပညာသည် ရိုးရိုးပညာဖြစ်ခဲ့အံ့ တိဟိတ် (၄၇)ပါးမှာ ယှဉ်ရ၏။ အဓိပတိတပ်လျှင် သာဓိပတိတိဟိတ်ဇော (၃၄)ခုမှာ ယှဉ်ရ၏။

ဒီအတိုင်းချည်းဘဲ ပဉ္စာဝါရ ပစ္စယနိဒ္ဒေသကိစ္စပြီးအောင် ဒီက အပင်ပန်းခံပြီး ပြောနေတာ။

ဒါကြောင့် ယထာသမ္ဘဝံ၏ အဓိပ္ပါယ်က ဆန္ဒတို့ ဝီရိယတို့က (၅၂) မှာ ယှဉ်တယ်။ စိတ္တက (၅၂)ပါးကို ယူတယ်။ ဝိမံသက ၃၄-မှာ ယှဉ်တယ် (မှန်ပါ)။

ပစ္စယုပ္ပန်သမ္ပယုတ္တခန္ဓာ ရှင်းချက်

အဲဒီတော့ ပစ္စယုပ္ပန် သမ္ပယုတ္တခန္ဓာမှာ သတိထားကြစမ်းပါ ဘာတရားတွေ ရှိသလဲလို့။ သမ္ပယုတ္တခန္ဓာခေါ် စာလုံးထဲမှာ ပစ္စည်းတစ်ခုနှင့် တခု မတူခဲ့ကြဘူး မဟုတ်လား (မှန်ပါ)။ ကဲ-အခု ဘာရှိသလဲမေးလျှင် သာဓိပတိဇော (၅၂)ခု။ ဘယ်နည်းနှင့်မှ ဒီ သာဓိပတိဇော

(၅၂)ခုနှင့် မယှဉ်နိုင်တဲ့ စေတသိက်ထုတ်...။ ဝိစိကိစ္ဆာက ယှဉ်နိုင်ပါ့မလား (မယှဉ်နိုင်ပါဘူး)။ သူက ဝိစိကိစ္ဆာစိတ်ဌာသာ ယှဉ်နိုင်တာကိုး (မှန်ပါ)။

ဥပမာ-ဆန္ဒကို ပစ္စည်းထားလျှင် ဆန္ဒကလဲ ပစ္စယုပ္ပန်မှာ မလိုက်နိုင်ဘူးနော် (မှန်ပါ)။ ဆန္ဒ ဝိစိကိစ္ဆာကြဉ်သော စေတသိက်ပညာသ။ ဆန္ဒကို ပစ္စည်းထားလျှင် (မှန်ပါ)။ ဝိရိယကို ပစ္စည်းထားလျှင်လဲ ဝိရိယ ဝိစိကိစ္ဆာကြည် စေတသိက် ပညာသ သမ္မယုတ္တခန္ဓာမှာ ရှိတယ် မဟုတ်လား (မှန်ပါ)။

သာမည်အနေနဲ့ ပြောလို့ရှိလျှင်တော့ သာဓိပတိဇော (၅၂) ခု ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဧကပညာသ သမ္မယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား။

ကောင်းပြီး ဒါဖြင့် အဲဒီ သမ္မယုတ္တခန္ဓာ သာဓိပတိဇော ၅၂-ခုမှာ သတိနှင့် ရှာစမ်း... ကုသလာ ဓမ္မာ အရ ကုသိုလ်စိတ်ပေါင်း ဘယ်လောက် ပါနေသလဲ ရှာလိုက်စမ်း မဟာကုသိုလ်စိတ် ၈-ခု ပါရဲ့လား၊ ပါတယ်နော်။ အဲဒါကို ယောင်လည်လည်လုပ်မှာ စိုးလွန်းလို့ ဘုန်းကြီးက ထပ်ထပ်မေးတာ။ မဟာကုသိုလ်စိတ် ၈-ခုပါတယ်၊ မဟဂ္ဂုတ် ကုသိုလ်ကော (ပါပါတယ်)၊ ပြီးတော့ မဂ်ကုသိုလ်စိတ် ၄-ခုကော (ပါပါတယ်)၊ သာဓိပတိဇော (၅၂) ခုတို့ တွင် ကုသိုလ်စိတ် ဧကဝီသ ၂၁-အကုန်ပါနေတယ်လို့သိ။

အကုသလာ ဓမ္မာအရ အကုသိုလ်စိတ်ပေါင်း သာဓိပတိဇောထဲမှာ ဘယ်လောက် ပါသတုန်း (၁၀-ခု ပါပါတယ်)၊ ဘယ်သူတွေတဲ့ လောဘမူစိတ် ၈-ခု ဒေါသမူစိတ် ၂-ခု နားလည်ပြီနော်၊ (မှန်ပါ)။

အဗျာကတာ ဓမ္မာအရ ဝိပါက်စိတ်ပေါင်း ဘယ်လောက်ပါမလဲ (၄-ခု ပါပါတယ်)၊ ဘယ်သူတဲ့တုန်း (ဖိုလ်စိတ် ၄-ခု)၊ ဒီပြင် မပါနိုင်ဘူးနော်။ ခုတင်က ရေးထားတဲ့ စာတမ်း ကလေး ဇောထဲမှာ ကြည့်ပါလား။ ဇောဆိုတာက ကုသိုလ်ရယ် အကုသိုလ်ရယ် ကြိယာ ရယ်သာ ဖြစ်ကောင်းတာ။ ဝိပါက်အနေအားဖြင့် ဖိုလ်စိတ် ၄-ခုသာ ရှိနိုင်တယ်။ အဲဒါ ကလေးတွေကို ကြပ်ကြပ် သတိပြုပါ။

ကဲ... သတိ။ ကြိယာစိတ်ပေါင်း ဘယ်လောက်ပါသလဲ ကြည့်။ မဟာကြိယာစိတ် ၈-ခု မပါဘူးလား (ပါပါတယ်)၊ မဟဂ္ဂုတ်ကြိယာစိတ် ၉-ခု (ပါပါတယ်)၊ အဟိတ်ကြိယာက ပါနိုင်ပါ့မလား (မပါနိုင်ပါဘူး)၊ မပါနိုင်တော့ ၁၇-ခုရှိတယ်။

သတိပြုစမ်း...။ ကုသလာ ဓမ္မာ အရ ကုသိုလ်စိတ် ဧကဝီသရ၍ အကုသလာ ဓမ္မာအရ လောဘမူနှင့် ဒေါသမူ (၁၀) ခု ရသည်။ အဗျာကတာ ဓမ္မာအရ ဘာရသလဲ... ဝိပါက်စိတ် တနည်းအားဖြင့် ဖိုလ်စိတ် ၄-ခု။ ကြိယာအနေအားဖြင့် မဟာကြိယာစိတ် ၈-ခု မဟဂ္ဂုတ်ကြိယာစိတ် ၉-ခု။

ဒီတော့ ဒီ အဗျာကတထိုက်တဲ့ တရားထဲမှာ သတိပြုကြည့်စမ်း၊ ပဋ္ဌိသန္ဓေ ကိစ္စတပ်တဲ့စိတ် ပါနိုင်ရဲ့လား၊ ပဋ္ဌိသန္ဓေကိစ္စတပ်တဲ့စိတ်က ဘယ်လောက်ရှိသလဲ (၁၉-ပါး ရှိပါတယ်)၊ ဖိုလ်စိတ် ၄-ခု အဲဒီအထဲမှာ ပါရဲ့လား (မပါပါဘူး)၊ ပဋ္ဌိသန္ဓေကိစ္စတပ်တာက ဥပေက္ခာသန္တီရဏာ ၂၊ မဟာဝိပါက်စိတ် ၈-ခု၊ မဟာဂျုတ် ဝိပါက်စိတ် ၉-ခု၊ ပေါင်း ၁၉-ခု၊ ဒီတော့ ဒီက ဖိုလ်စိတ် ၄-ခုက ပဋ္ဌိသန္ဓေကိစ္စမှ မတပ်ဘဲ။ ဖိုလ်စိတ်နှင့် ပဋ္ဌိသန္ဓေနေလို့လဲ ဘယ်ဘုရားလက်ထက်မှ မဖြစ်။ နို့ ကြိယာစိတ်တွေနဲ့ကော ပဋ္ဌိသန္ဓေနေလို့ ဖြစ်မလား... (မဖြစ်ပါ)။

ထားပါတော့... အဲဒီလို ပဋ္ဌိသန္ဓေကိစ္စတပ်တဲ့ အဗျာကတတရား မပါလေတော့ ဒီ အဓိပတိပစ္စည်းမှာ ပဋ္ဌိသန္ဓိကွဏေလို့ ဟောလို့ ရပါဦးမလား ကိုယ်တိုင်ဆုံးဖြတ်။ ပဋ္ဌိသန္ဓေကိစ္စတပ်တဲ့ နာမ်မပါလို့ ပဋ္ဌိသန္ဓိကွဏေလို့ မဟောနိုင်ဘူး ဆိုလို့ရှိယင် သုဒ္ဓသင်္ခ်ာမှာ ပဋ္ဌိသန္ဓေနှင့် တွဲစပ်ဖြစ်ရမည့် ပဋ္ဌိသန္ဓေကမ္မဇရုပ်ထည့်ဖို့ လိုသေးသလား (မလိုပါဘူး)။

အေး- ဒါကြောင့် သမ္မယုတ္တာခန္ဓာ သာဓိပတိစိတ္တဇရုပ်အားတပ်သော ဒီလို မဟုတ်လား၊ ပဋ္ဌိသန္ဓေကမ္မဇရုပ် မထည့်နဲ့နော် (မှန်ပါ)။ အဓိပတိ တရားကိုယ် ၃-ပါး၊ ၄-ပါး တို့တွင် တပါးပါး၊ ကဲ-ကျေနပ်ကြပါတော့၊ ပါဠိတော် လုပ်ကြရအောင် အရကောက်ကျတော့ ဒါကလေးတွေ ပေါ်လာမယ်၊ ဟိုကျတော့ တခါထပ်ပြီး ရှင်းပေးမယ်။

ပါဠိတော်သရုပ်ခွဲ

ပါဠိတော် သရုပ်ခွဲလျှင် သမ္မယုတ္တာခန္ဓာအားသာ တပ်သော ကုသိုလ်အဓိပတိတရားကိုယ် ဘယ်လောက်တုန်း။ အဓိပတိဘုရားကိုယ် ၄-ပါးတမျိုး။ ဦးပဏ္ဍာဝခွဲစမ်း။

ဦးပဏ္ဍာဝ။ ။သမ္မယုတ္တာခန္ဓာအားသာ တပ်သော ကုသိုလ်အဓိပတိတရားကိုယ် ၄-ပါးတမျိုး။ သာဓိပတိစိတ္တဇရုပ်အားသာ တပ်သော ကုသိုလ်အဓိပတိတရားကိုယ် ၄-ပါးတမျိုး။ သမ္မယုတ္တာခန္ဓာ သာဓိပတိစိတ္တဇရုပ်အားတပ်သော ကုသိုလ် အဓိပတိတရားကိုယ် ၄-ပါးတမျိုး။

ဆရာတော်။ ။၃-မျိုးရှိတယ်နော် အကုသိုလ်လဲ။ ဦးပညာနန္ဒ ခွဲစမ်း ၃-ပါးဘဲရှိရမယ်။

ဦးပညာနန္ဒ။ ။သမ္မယုတ္တာခန္ဓာအားသာ တပ်သော အကုသိုလ်အဓိပတိတရားကိုယ် ၃-ပါးတမျိုး။ သာဓိပတိစိတ္တဇရုပ်အားသာ တပ်သော အကုသိုလ်အဓိပတိတရားကိုယ် ၃-ပါးတမျိုး။ သမ္မယုတ္တာခန္ဓာ သာဓိပတိစိတ္တဇရုပ်အား တပ်သော အကုသိုလ် အဓိပတိတရားကိုယ် ၃-ပါးတမျိုး။

ဆရာတော်။ ။အဗျာကတ တချက်တည်းရှိတယ် ပဝတ္တိတင်၊ ခွဲစမ်း။

ဦးပညာနန္ဒ။ ။သမ္မယုတ္တာခန္ဓာ သာဓိပတိစိတ္တဇရုပ်အားတပ်သော သာမညဝိပါက်, ကြိယာ အဓိပတိတရားကိုယ် ၄-ပါးတမျိုး။

ဆရာတော်။ ။အားလုံး တခေါက် ခွဲကြစမ်းပါ ကုသိုလ်က စပြီးတော့။

သံယာတော်များ။ ။တခေါက်ခွဲကြသည်။

ဆရာတော်။ ။ပြီးရောပေါ့၊ ပါဠိတော်ကလဲ ခါတိုင်းလိုဘဲ ရွတ်ရမယ်။ သတိထားလိုက်စမ်း နည်းနည်းကလေး အကျဉ်းမျှ ပြောပြမယ်။ အားလုံး ဟောရမယ်။

သမ္မယုတ္တာခန္ဓာအားသာ တပ်သော ကုသိုလ်အဓိပတိတရားကိုယ် ၄-ပါး တမျိုး။ ဒါက ကုသလော ကုသလဿ မဟုတ်လား။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ ကုသလာဓိပတိ-ဟေတု တုန်းကတော့ ကုသလာ ဟေတု။ ဒီမှာတော့ ဘာပြန်လိုက်သလဲ (အဓိပတိ)၊ ပုဒ်စပ်လျက်နော် (မှန်ပါ)။

ပစ္စယုပ္ပန် ခါတိုင်းလိုထည့်တော့ ဘာတဲ့ ကုသလာဓိပတိ သမ္မယုတ္တကာနံ ခန္ဓာနံ အဓိပတိပစ္စယေန ပစ္စယော။

ထို့အတူ ကုဗျာ ကုကုဗျာ ရွတ်ပေါ့ ဟုတ်လား (မှန်ပါ)။

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ အကု-သလာဓိပတိ သမ္မယုတ္တကာနံ ခန္ဓာနံ အဓိပတိပစ္စယေန ပစ္စယော-စသည်ထည့်။ ၃-ချက် ဟော (မှန်ပါ)။

အဗျာကတဖြစ်လျှင် အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အဓိပတि-ပစ္စယေန ပစ္စယော။ ဝိပါကာဗျာကတကိရိယာဗျာကတာဓိပတိ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ ပဋ္ဌာန်ကျမ်းဟော မရှိဘူးနော်။ ဘုန်း ကြီးက မရှိဘူးလို့ပြောတာ မဟုတ်ဘူး။ သရုပ်ခွဲတော့ ဦးပဉ္စင်းတို့ဖာသာ တွေ့ခဲ့ပြီ။ ပဋ္ဌာန်း စိတ်, ပဋ္ဌာန်းနာမ်, ပဋ္ဌာန်းရုပ် မရှိဘူး မဟုတ်လား (မှန်ပါ)။ ညီညီကလေး ရွတ်ကြစမ်း ပါ။ ပြီးတော့ အာဓိကို ပြောပေးဦးမယ်။

သံယာတော်များ။ ။တခေါက် သဟဇာတာဓိပတိပါဠိတော် ရွတ်ဆိုကြသည်။

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ သဟဇာတာဓိပတိ- ကုသလာဓိပတိ သမ္မယုတ္တကာနံ ခန္ဓာနံ အဓိပတि-ပစ္စယေန ပစ္စယော (၁)။

ကုသလော ဓမ္မော အဗျာကတသ္မိံ ဓမ္မေ အဓိပတိပစ္စယေန ပစ္စယော။ သဟဇာတာဓိပတိ- ကုသလာဓိပတိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော (၂)။

ကုသလော ဓမ္မော ကုသလသ္မိံ စ အဗျာကတသ္မိံ စ ဓမ္မေ အဓိပတိ-ပစ္စယေန ပစ္စယော။ သဟဇာတာဓိပတိ- ကုသလာဓိပတိ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော (၃)။

အကုသလော ဓမ္မော အကုသလေ ဓမ္မေ အဓိပတိပစ္စယေန ပစ္စယော။ သဟဇာတာဓိပတိ- အကုသလာဓိပတိ သမ္မယုတ္တကာနံ ခန္ဓာနံ အဓိပတိပစ္စယေန ပစ္စယော (၁)။

အကုသလော ဓမ္မော အဗျာကတသ္မိံ ဓမ္မေ အဓိပတိပစ္စယေန ပစ္စ-ယော။ သဟဇာတာဓိပတိ-အကုသလာဓိပတိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော (၂)။

အကုသလော ဓမ္မော အကုသလသ္မိံ စ အဗျာကတသ္မိံ စ ဓမ္မေ အဓိပတိပစ္စယေန ပစ္စယော။ သဟဇာတာဓိပတိ- အကုသလာဓိပတိ သမ္မယုတ္တ-ကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော (၃)။

အဗျာကတော ဓမ္မော အဗျာကတသ္မိံ ဓမ္မေ အဓိပတိပစ္စယေန ပစ္စယော။ သဟဇာတာဓိပတိ- ဝိပါကာဗျာကတကိရိယာဗျာကတာဓိပတိ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော (၁)။

အာရမ္မဏာဓိပတိ

ဆရာတော်။ ။အခုပြောခဲ့တာက သဟဇာတာဓိပတိတဲ့။ အာရမ္မဏာဓိပတိပြောရအောင် မနေ့ကပြောခဲ့တဲ့ စာကလေး ၅-ကြောင်း[1]ကြည့်ပါ။ အဲဒီ စာကလေး ၅-ကြောင်းကို အလွတ်ရေးတတ်အောင် လုပ်စမ်းပါ။ ဦးဥာဏဝရ မရေးတတ်သေးဘူးလား၊ ဦးဥာဏဝရ မရေးတတ်သေးဘူးလား (ရေးတတ်ပါပြီ)။

အဲဒီ စာကြောင်း ၅-ကြောင်းကို တနည်း... ဒီလို ကြည့်ကြဦးစို့...။

အာဓိကလဲ ကျန်တဲ့အချိန်ကလေးနှင့် လောက်ချင်မှ လောက်ဦးမှာ။ မလောက်လဲ လောက်သလောက် ပြောရတာပေါ့။

၁။ ဤကျမ်း၊ နှာ-၁၆၈-ရှိ အာဓိဇယားကြည့်။

တကြောင်းချင်းကလေး ပစ္စည်း ပစ္စယုပ္ပန် ထပ်ပြီးတော့ သတိပြုစမ်း။ အပေါ်ဆုံး စာကြောင်း... အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ၈-ခုအားတပ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရူပ်အဌာရသ၊ ဒေါသမူဒ္ဓေ မောဟမူဒ္ဓေ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော လောကီစိတ် (၇၆)ခု၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဝိစိကိစ္ဆာကြဉ်သော စေတသိက် (၄၇)ခု၊ နံပါတ် ၁-စာတမ်း။ အဲဒီလိုကလေး သိနေပြန်လျှင်လဲ အလွတ်ရေးလို့ရတယ်။ အလွတ်ရေးတတ်လျှင်လဲ ဒီလို ဆိုလို့ရတာဘဲ။

ဒုတိယအကြောင်းကြည့်။ အလေးအမြတ် ပြုတတ်သော မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄-ခုအားတပ်သော အလေးအမြတ်ပြုအပ်သော လောကီကုသိုလ် သတ္တရသ။

တတိယအကြောင်းကြည့်။ အလေးအမြတ် ပြုတတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခုအားတပ်သော အလေးအမြတ်ပြုအပ်သော လောကီကုသိုလ် သတ္တရသ အောက်မဂ် ၃-ခု အောက်ဖိုလ် ၃-ခု နိဗ္ဗာန်။

နံပါတ် ၄-အကြောင်းကြည့်။ အလေးအမြတ် ပြုတတ်သော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု အားတပ်သော အလေးအမြတ်ပြုအပ်သော အရဟတ္တမဂ် အရဟတ္တဖိုလ် နိဗ္ဗာန်။

နောက်ပိတ်ဆုံး နံပါတ် ၅-အကြောင်းကြည့်။ လောကုတ္တရာစိတ် ၈-ခုအားတပ်သော နိဗ္ဗာန်။ အဲဒီမှာတော့ **အလေးအမြတ်ပြုတတ် ပြုအပ်မထည့်ရတော့ဘူး**။ ဘာပြုလို့လဲ သတိပြုလိုက်ကြစမ်း။ အခု ရေးပေးထားတဲ့ စာကလေး ၅-ကြောင်းဟာ ဘုန်းကြီးတို့ သင်ကြားခဲ့တဲ့အခါမှာ အာရမ္မဏဇယား အဲဒီအထဲက အဓိပတိတပ်နိုင်တာတွေ ကောက်နုတ်ထားတာ။

အာရမ္မဏာဓိပတိ ၂-မျိုး

အဓိပတိသည် နှစ်မျိုးရှိတယ်။ ဒီနေရာမှာ အာရမ္မဏာဓိပတိကို ပြောမလို့။ ဘယ်လို နှစ်မျိုးလဲမေးလျှင် ဧကန္တ အာရမ္မဏာဓိပတိတမျိုး၊ အနေကန္တ အာရမ္မဏာဓိပတိတမျိုးလို့ နှစ်မျိုးခွဲရမယ်။

ဧကန္တ အာရမ္မဏာဓိပတိဆိုတာက အမြဲတမ်း ဘယ်တော့မှ လက်မလွတ်စေရဘူး အာရုံပြုတာ။ လေးလေးမြတ်မြတ်ကြီး အာရုံပြုနေတာကို ဧကန္တအာရမ္မဏာဓိပတိလို့ ခေါ်သည်။ **အနေကန္တ အာရမ္မဏာဓိပတိ** ဆိုတာက တခါတလေ အလေးအမြတ်ပြုတယ်၊ တခါတလေ အလေးအမြတ်မပြုဘူး။

နားလည်တယ်နော် (မှန်ပါ)၊ သတိပြုလိုက်စမ်း လောကုတ္တရာ ၈-ခုခေါ်တဲ့ မဂ်လေးပါးက နိဗ္ဗာန်အာရုံပြုနေတာ၊ ဖိုလ် ၄-ပါးက နိဗ္ဗာန်အာရုံပြုတယ်ဆိုတာ ဧကန္တ အာရမ္မဏာ-မိပတိ။

ဘာပြောသလဲ လောကုတ္တရာခေါ်တဲ့ အပွနာဇောက နိဗ္ဗာန်ကို အာရုံပြုတာက ဧကန္တ အာရမ္မဏာမိပတိ။ ဘယ်တော့မှ မဂ်က နိဗ္ဗာန်ကို အလေးအမြတ် မပြုတတ်လို့ မရှိဘူး။ အမြဲတမ်း အလေးအမြတ်ပြုတယ်။ ဖိုလ်စိတ်တွေက နိဗ္ဗာန် အာရုံပြုတယ်ဆိုတာလဲ အမြဲတမ်း အာရုံပြုတယ်။ အလေးအမြတ်အာရုံပြုတယ်။

နိဗ္ဗာနံ မဂ္ဂသ နိဗ္ဗာနံ ဖလသ အမိပတိပစ္စယေန ပစ္စယောတဲ့။ သတိပြုလိုက်ကြစမ်း။ အပေါ်နားမှာ နိဗ္ဗာန်ပါတာ စာ ၂-ကြောင်းရှိတယ် မဟုတ်လား (မှန်ပါ)။ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခုရဲ့ ပစ္စည်းတရားမှာ နိဗ္ဗာန်မပါဘူးလား (ပါပါတယ်)။ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခုရဲ့ ပစ္စည်းမှာကော နိဗ္ဗာန်မပါဘူးလား (ပါပါတယ်)။

သတိနှင့် နားထောင်ကြပါ။ ဒါကလေးတွေက ပေါ့ပျက်ပျက် မဟုတ်ဘူး။ အင်မတန်လေးနက်တယ်။ ၎င်းမဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်တို့ဟာ နိဗ္ဗာန်ကို အာရုံပြုတယ်ဆိုတာ အမြဲတမ်းလားမေးလျှင် မဟုတ်ဘူး။ ဘယ်အချိန်မှာ အာရုံပြုသလဲလို့ မေးလျှင် ပါဠိတော်က တွေ့လတ္တံ့ပါ၊ **နိဗ္ဗာနံ ဂေါတြဘုသ ဝေါဒါနသ**။ ပါဠိကိုးထုတ်ပေးတာ။ ဦးပဉ္စင်းတို့ အခုဆိုရမှာ နိဗ္ဗာနံ=နိဗ္ဗာန်သည်။ ဂေါတြဘုသ=ဂေါတြဘူအား။ ဝေါဒါနသ=ဝေါဒါန်အား။ သာမညအနက်ပေးလျှင်၊ ဂေါတြဘူရဲ့ တရားကိုယ်ဟာ ဘယ်သူလဲ ဝေါဒါန်ရဲ့ တရားကိုယ်ဟာ ဘယ်သူလဲမေးလျှင် ဘယ့်နှယ်ပြောမလဲ မဟာကုသိုလ် ဉာဏ-သမ္ပယုတ် ၄-နှင့် မဟာကြိယာဉာဏသမ္ပယုတ် ၄-ဘဲ မဟုတ်လား (မှန်ပါ)။ သာမညဖြစ်တဲ့ မဟာကုသိုလ်ကြိယာ ဉာဏသမ္ပယုတ်စိတ်က နိဗ္ဗာန်ကို အာရုံမပြုနိုင်ဘူး။ သောတာ-ပတ္တိမဂ်ရဲ့ ရှေ့မှာရှိနေတဲ့ ဂေါတြဘူကိစ္စတပ်တဲ့ မဟာကုသိုလ်ဉာဏသမ္ပယုတ်ကသာ နိဗ္ဗာန်ကို အာရုံပြုလို့ ရတာ၊ ဒီပြင် မဟာကုသိုလ်ဉာဏသမ္ပယုတ်က နိဗ္ဗာန်ကို အာရုံပြုလို့မရဘူး။ အကျဉ်းချုပ်အားဖြင့် မဂ္ဂဝိထိများရဲ့ မဂ်ရှေ့နားမှာ ရှိနေတဲ့ ဂေါတြဘူ ဝေါဒါန်ကိစ္စတပ်ခိုက် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်မျိုးကသာ နိဗ္ဗာန်ကို အလေးအမြတ်အနေအားဖြင့် အာရုံပြုနိုင်ပါတယ်။ အရဟတ္တမဂ်ဖိုလ်ရပြီးပြန်တော့လဲ (ဝေါဒါန်ကိစ္စတပ်ခိုက်) မဟာကြိယာ-ဉာဏသမ္ပယုတ်စိတ် လေးခုက နိဗ္ဗာန်ကို အလေးအမြတ် အာရုံပြုနိုင်ပါသေးတယ်။

ဒီတော့ မဟာကုသိုလ် မဟာကြိယာတို့နှင့် နိဗ္ဗာန်အာရုံပြုမှုသည် မြဲသလားလို့ မေးလျှင် **အနေကန္တ အာရမ္မဏာမိပတိတဲ့** မမြဲဘူး။ အဲဒါက လောကုတ္တရာ နိဗ္ဗာန်နှင့် စပ်ပြီး ပြောတဲ့စကား။

လောကီအနေအားဖြင့် ကြည့်ချင်လျှင် သတိပြုလိုက်စမ်း နံပါတ် ၁-အကြောင်းကို ကြည့်စမ်း၊ လောဘမူစိတ် ၈-ခု ပစ္စယုပ္ပန်ဖြစ်နေတယ်။ သူရဲ့ပစ္စည်းတရားထဲမှာ နိုပ္ပန္နရုပ် ၁၈-ခု မပါဘူးလား (ပါပါတယ်)၊ နိုပ္ပန္နရုပ် ၁၈-ခုဆိုတာ ဘယ်သူလဲ။ တော်တော်နေတော့ ခွဲပေးမယ်နော်။ အခု အကြမ်းဖျင်းအားဖြင့်ပြောမယ်။ စက္ခု သောတ ဃာန ဇိဝှါ ကာယ ခေါ်တဲ့ ရုပ် ၅-ခုမျိုး မပါဘူးလား (ပါပါတယ်)၊ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ခေါ်တဲ့ ရုပ် ၅-မျိုးကော (ပါပါတယ်)။

ကဲ ဒါဖြင့် ဒီအထဲက ဆွဲထုတ်လိုက်ဦးစို့...၊ ရူပ=ရူပါရုံအဆင်း၊ ထို ရူပါရုံအဆင်းကို ပစ္စည်းတရားထားတယ်၊ လောဘမူစိတ် ၈-ခုကို ပစ္စယုပ္ပန်ထားမယ်။ ရူပါရုံက ဂ္ဂဒ္ဒရူပါရုံ ဖြစ်ရမယ်ဆို (မှန်ပါ)၊ ဂ္ဂဒ္ဒရူပါရုံဆိုတာ ဘယ်သူတုန်း သာယာဖွယ် နှစ်သက်ဖွယ် မြတ်နိုးဖွယ်ကောင်းတဲ့ လှလှ ပပ တင့်တင့် တယ်တယ် ရူပါရုံမျိုးကို ဂ္ဂဒ္ဒရူပါရုံလို့ ခေါ်သည်။ လောဘမူစိတ်က ဘယ်လိုလုပ် အာရုံပြုသလဲ အဿာဒေတိ=သာယာတယ်၊ အဘိနန္ဒတိ=နှစ်သက်တယ်နှင့် တော်တော်နေတော့ တွေ့လိမ့်မယ်။

ဒီ ဂ္ဂဒ္ဒရူပါရုံကို ဦးပဉ္စင်းတို့ ဘုန်းကြီးတို့သန္တာန် လောဘရှိတဲ့ ပုဂ္ဂိုလ်တိုင်းကို ပြောတာ၊ ရူပါရုံ လှလှပပမြင်တိုင်း သာသာယာယာကလေးကို တွေ့တိုင်း သာယာနိုင်ရဲ့လား၊ ရံခါ သာယာလို့ ဖြစ်တယ်၊ ရံခါ သာယာလို့ မဖြစ်ဘူးတဲ့။ အမြဲတမ်း သာယာလို့ မရဘူး။

ထို့အတူ သဒ္ဒါရုံကလေးကို သာသာ ယာယာ သာယာနိုင်တယ်၊ လောဘမူပစ္စယုပ္ပန် ဖြစ်နေတယ်ဆိုလျှင် အမြဲတမ်း သာယာလို့ ရသလား အမြဲတမ်းသာယာလို့ မရဘူး။ တခါတလေ ကိုယ်မြတ်နိုးနေတဲ့သူရဲ့ အသံကိုတောင် ဒီအသံကြီး ကြားတောင် မကြားချင်ဘူးဆိုတာကလေး ရှိသေး။

ထို့အတူဘဲ ဂန္ဓ ရသတို့မှာလဲ ရသာရုံ ဒီနေ့ ဝက်သား စားချင်နေပေမဲ့ နက်ဖြန် ဝက်သားစားချင်မှ စားတာ။ စားသည့်တိုင်အောင်တောင်မှ တခါတည်း လိုလိုချင်ချင် စားသလား မေးလို့ရှိလျှင် မဟုတ်ဘူး ဓာတ်စာကျလို့ စားတယ် ဆိုတာမျိုး ရှိသေးတယ်။

ဒါကြောင့် ဘာပြောသလဲ အာရမ္မဏာဓိပတိသည် ဧကန္တအာရမ္မဏာဓိပတိ, အနေကန္တအာရမ္မဏာဓိပတိလို့ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတွင် လောကုတ္တရာက နိဗ္ဗာန်ကို အာရုံပြုတယ်ဆိုတာ ဧကန္တ အာရမ္မဏာဓိပတိ၊ လောကီက ဆိုင်ရာအာရုံတွေကို အာရုံပြုတယ်ဆိုတာက အနေကန္တ အာရမ္မဏာဓိပတိတဲ့။

အဲဒီ ပစ္စယုပ္ပန်တရားတွေကို တမျိုးကြည့်ပြန်လျှင် ဇောစိတ်တွေချည်းဘဲ၊ လောဘမူလဲ ဇောဘဲ၊ မဟာကုသိုလ် မဟာကြိယာ လောကုတ္တရာတွေလဲ ဇောဘဲမဟုတ်လား (မှန်ပါ)၊ ကာမ အပ္ပနာလို့ ၂-မျိုးခွဲလိုက်။ လောကုတ္တရာက အပ္ပနာ၊ အပေါ် ၄-ကြောင်းမှာရှိတာက

ကာမမဟုတ်လား၊ ကာမဇောသည် အနေကန္တ အာရမ္မဏာဓိပတိပစ္စယုပ္ပန်၊ လောကုတ္တရာ အပ္ပနာဇောသည် ဧကန္တအာရမ္မဏာဓိပတိ ပစ္စယုပ္ပန်။

နားလည်ပြီ မဟုတ်လား (မှန်ပါ) အားထုတ်ကြနော်၊ ပူပူလောင်လောင်နှင့် ချွေးတလုံးလုံးနှင့် အပင်ပန်းခံပြီး ပြောကြရ နာကြရတာ။ ကိုယ်ကျိုးပါတယ် ကိုယ်ကျိုးကြည့်ရမယ်။ ကဲ- မနေ့က ခွဲထားတဲ့အတိုင်း ပြန်ပြီးသတိပြုပြီး သရုပ်ခွဲရအောင်။

အာရမ္မဏာဓိပတိ၌ သရုပ်ခွဲ ရှင်းချက်

ဤတရားတို့သည် အာရမ္မဏာဓိပတိပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သန္ဓာ သတ္တ။ ပစ္စည်းရေ ၃။ သန္ဓာ သတ္တဟူသော်ကား ကုသလော ကုသလဿ, ကုသလော အကုသလဿ, ကုသလော အဗျာကတဿ ၃-ချက်မဟုတ်လား။ နံပါတ် ၁-ကုသလော ကုသလဿ ဆိုလျှင် မနေ့က မေးတဲ့နည်းအတိုင်း ပြန်မေးမလို့၊ ပစ္စယုပ္ပန် ကုသိုလ်ရှိတာ ဘယ်အကြောင်းများလဲ (၂-၃-၅-အကြောင်းတွေပါ)၊ ၂-အကြောင်းရဲ့ ပစ္စည်းကုသိုလ် ဘယ်သူလဲ (လောကီကုသိုလ် သတ္တရသ)၊ ၃-နံပါတ်ရဲ့ ပစ္စည်းကုသိုလ် (လောကီကုသိုလ် သတ္တရသ အောက်မဂ် ၃-ခု)။ ၅-နံပါတ် ကုသိုလ်ပစ္စယုပ္ပန်ရှိလျှင် ပစ္စည်းမှာ ကုသိုလ်ရှိရဲ့လား (မရှိပါ)။

ဒီတော့ ကုသလော ကုလသဿ ဟောစရာ ဘယ်မှာလဲမေးလျှင် ၂-နှင့် ၃။ ထို ၂-နှင့် ၃-ကို ပစ္စည်းပေါင်းလျှင် ၃-နံပါတ်အတိုင်း ဖြစ်၏။ ပစ္စယုပ္ပန်ပေါင်းလျှင် ဘာဖြစ်သွားမယ်၊ မဟာကုသိုလ်စိတ် ၈-ခုဖြစ်၏။ သိထားနော် (မှန်ပါ)၊ ပစ္စည်းက လောကီကုသိုလ် သတ္တရသ အောက်မဂ် ၃-ခု၊ ပစ္စယုပ္ပန်က မဟာကုသိုလ် ၈-ခု၊ ၂-ကြောင်းကို ပေါင်းကြည့်ခိုင်းတာနော် မြင်အောင်ကြည့်ပါ။

ကောင်းပြီ၊ အဖြေထုတ်ရမှာတွေက အများကြီး။ လောကီကုသိုလ်သတ္တရသဆိုတာက ဘယ်သူပါလိမ့်၊ မဟာကုသိုလ်စိတ် ၈-ခု မဟာဂျုတ်ကုသိုလ်စိတ် ၉-ခု။ ဒါကလေးတွေ ပေါ်လာပါစေ။ ဒီတော့မှ ဒီပေါ်မှာတင်ပြီးတော့ တရားကလေးတွေ ထုတ်လုပ်ရမယ်။ ဘုန်းကြီးတို့ ပြီးခဲ့တဲ့ ပါဠိတော်တွေက သဟဇာတမျိုးဆိုတော့ လွယ်သပေါ့။ အာရမ္မဏမျိုးဆိုတော့ တမျိုးကလေး မြတ်စွာဘုရားက ဟောတော်မူတယ်။ ဟောလို့ ကောင်းတယ်။ ရအောင်လုပ်ထားလျှင် အင်မတန် ရွှတ်လို့ ဖတ်လို့ သာယာနားပျော်ဖွယ်ရှိတယ်။ ရွှတ်ပြီးရင်း ရွှတ်ချင်ရင်းဘဲ ပါဠိတော်ကို (မှန်ပါ)၊ ပျင်းစရာမဟုတ်ဘူး ပျော်စရာပါဠိတော်တွေ။

ကြည့်လိုက်စမ်း။ ပစ္စည်း- မဟာကုသိုလ်စိတ် ၈-ခု၊ မဟာဂျုတ်ကုသိုလ် ၉-ခု၊ အောက်မဂ်ကုသိုလ် ၃-ခု။ ပစ္စယုပ္ပန်က မဟာကုသိုလ်စိတ် ၈-ခု။ အသုံးချယင် စာချတန်းအထိ အသုံးချရအောင် ပြောပေးမယ်။ ဒီနေ့ ကုန်တော့ကုန်မှာ မဟုတ်ဘူး။

အဲဒီအထဲက ပစ္စည်းကို မဟာကုသိုလ်စိတ် ၈-ခုကိုသာ ယူလိုက်၊ ပစ္စယုပ္ပန်ကိုလဲ မဟာကုသိုလ်စိတ် ၈-ခုသာ ထားလိုက်။ မဟဂ္ဂုတ်ကုသိုလ်စသည် ချန်ထားဦးနော်။ အဲဒီအချိန် မြတ်စွာဘုရား ဘယ်လိုဟောသလဲလို့ သတိထား။

သတ္တဝါတို့သန္တာန်မှာ မဟာကုသိုလ်စိတ်တွေ ဖြစ်ပါတယ်၊ ဖြစ်အောင်နေလျှင် ပြောတာပေါ့။ ဖြစ်အောင်မနေလျှင်တော့ ဘယ်မှာဖြစ်မလဲ။ မဟာကုသိုလ်စိတ်ဖြစ်တယ် ဆိုတာ ဖြစ်အောင်နေမှ ဖြစ်တာ။ ဘယ်အချိန် ဖြစ်သတဲ့လဲ မြတ်စွာဘုရားက၊ ပုထုဇဉ်သတ္တဝါတွေရဲ့သန္တာန်မှာ မဟာကုသိုလ်ဖြစ်တဲ့အချိန် ကိုယ့်ကိုယ်ကိုလဲ စဉ်းစားရတယ်။ ဒါနပြုတဲ့အခါ မဟာကုသိုလ်စိတ် ဖြစ်နိုင်တယ်။ သီလကျင့်သုံးနေတဲ့အခါ မဟာကုသိုလ်စိတ်ဖြစ်နိုင်တယ်။ ပန်းလျှူဒါန်းတုန်း မဟာကုသိုလ်၊ ရေချမ်းကပ်နေတုန်း မဟာကုသိုလ်၊ ကိုယ်နှင့်ဆိုင်တဲ့ သိက္ခာပုဒ်ကလေးတွေကို ထိန်းသိမ်းနေလျှင် မဟာကုသိုလ်ဖြစ်တယ်။ ချိုးဖောက်နေလျှင် မဟာကုသိုလ်ဖြစ်ပါ့မလား (မဖြစ်ပါ)။ သတိထားနော်၊ မဟာကုသိုလ်စိတ်တွေ ဖြစ်နေတယ် ဆိုပေမဲ့ အမြဲမှတ်မနေနဲ့၊ မတော်တာလုပ်လျှင် မဖြစ်ဘူး။

လူတွေအနေနှင့်ကြည့်လျှင် ဥပုသ်နေ့မှာ ဥပုသ်မျှား စောင့်နေကြလို့ရှိလျှင် ထိုပုဂ္ဂိုလ်ထိုဒကာ ဒကာမတွေရဲ့ သန္တာန်မှာ မဟာကုသိုလ် ဖြစ်နေတယ်၊ အဲဒီမဟာကုသိုလ်ကို ဦးစားပေးပြီး ဟောထားတာ အဲဒီမဟာကုသိုလ်တရား ၃-မျိုးရှိတယ်။

ဒါကြောင့် ပစ္စည်း မဟာကုသိုလ်စိတ် ၈-ခု ရှိနေတာကို ကြည့်ပြီးတော့ မြတ်စွာဘုရားက—ကုသလော ဓမ္မော ကုသလသဿ ဓမ္မသ အဓိပတိပစ္စယေန ပစ္စယောတဲ့၊ ဒါဟာ ဝိထိပါဠိတော်နော် (မှန်ပါ)။ အနုဝါဒပါဠိတော်က ဒါနပြုနေတဲ့အခါ ရတယ်ဆို– ဒါနံ ဒတ္တာ။ နည်းနည်းကလေးတွေ ဖြုန်းကနဲတော့ ခက်သလိုလိုရှိတာပေါ့။ ပြီးတော့ သိပ်ရွတ်လို့ကောင်းတာဘဲ။ ညမျှားရွတ်နေလျှင် အိပ်တောင် မအိပ်ချင်ဘူး။ မယုံရွတ်စမ်းကြည့် တနေရာမှာ တယောက်တည်းထိုင်ပြီးတော့၊ ခုတင်ကပြောတဲ့ သီလကျင့်သုံးနေတဲ့အခါလဲ မဟာကုသိုလ် ဆို– သီလံ သမာဒိယိတ္တာ။ ဒါနံ=အလှူဒါနကို။ ဒတ္တာ=ပေးလှူပြီးသော်။ သီလံ=ကိုယ်နှင့်ပတ်သက်တဲ့ သက်ဆိုင်တဲ့ သီလကို။ သမာဒိယိတ္တာ=ကျင့်သုံးဆောက်တည်ပြီးသော်။ လူဒါယကာ ဒါယိကာမတွေအတွက် ဥပေါသထကမ္မံ=ဥပုသ်သီတင်း ကျင့်သုံးခြင်းဆိုတဲ့ အမှုမျိုးကို။ ကတ္တာ=ပြုပြီးသော်။ မဟာကုသိုလ်စိတ် ၈-ခုကို မြတ်စွာဘုရား ဟောနေတယ်။ မကုန်ချင်နေပေစေ သဘာဝကျကျကလေး ဉာဏ်ထဲမြင်လာအောင် အားထုတ်။

မဟာကုသိုလ်စိတ် ၈-ခုကို ရည်ရွယ်၍ မြတ်စွာဘုရား ဘာတွေဟောသလဲ ဒါနံ **ဒတ္တာ သီလံ သမာဒိယိတ္တာ ဥပေါသထကမ္မံ ကတ္တာ**=ဒါနပြုပြီးသော်၊ သီလကျင့်သုံးပြီးသော်၊ ဥပုသ်ဆောက်တည်ပြီးသော် ဒီ ၃-မျိုးကို ဦးစားပေးဟောတာနော်။

ဦးပဉ္စင်းတို့ အာရမ္မဏာဓိပတိဆိုတာ သုဒ္ဓသင်္ချာကိုက အလေးအမြတ်ပြုတတ်ပြုအပ်လို့ ထားတယ်မဟုတ်လား။ ဒါကြောင့် **တံ ဂရုံ ကတ္တာ**။ တံ=ထိုကိုယ်ပြုခဲ့တဲ့ ဒါနသီလ ဥပေါသထကမ္မကို။ ဂရုံ ကတ္တာ=အလေးအမြတ်ပြု၍။ ဒါက ပစ္စည်းမဟာကုသိုလ်အတွက်၊ ပစ္စယုပ္ပန်မဟာကုသိုလ်အတွက် **ပစ္စဝေက္ခတိ**။ လွယ်လိုက်တာ ပစ္စယုပ္ပန်ကတော့။ ဘာတဲ့တုန်း-ပစ္စဝေက္ခတိဆိုတဲ့ ပါဠိကလေးက စာချတန်းအနေနှင့် တရားကိုယ်ထုတ်ခဲ့ဆိုလျှင် ဘယ်သူ့ကို ရနိုင်သလဲ၊ မဟာကုသိုလ် ၈-ခုဘဲ ထားပါနော်။

ဒီမှာ ပစ္စည်းနှင့် ပစ္စယုပ္ပန်အကုန်လုံးနှင့် ချိန်ကြည့်လျှင် ၈-ခုလုံးယူရတယ်။ အဲဒီတော့ ဦးပဉ္စင်းတို့ စာချတန်းတွေမှာ တွေ့မယ်။ ဒါနံ ဒတ္တာ ပစ္စဝေက္ခတိ-၌ ရသင့်တဲ့ပစ္စည်းတရား ပစ္စယုပ္ပန်တရား ပစ္စယသတ္တိများကို ဝေဖန်ပေးခဲ့ပါဆိုလို့ရှိလျှင် ဒီက သုဒ္ဓသင်္ချာက တန်းနေတယ်နော်၊ အခုနေ အကြမ်းဖျင်း ဘာတွေ့သတုန်း ပစ္စည်းမှာလဲ မဟာကုသိုလ်စိတ် ၈-ခု၊ ပစ္စယုပ္ပန်မှာလဲ မဟာကုသိုလ်စိတ် ၈-ခု၊ ပစ္စယသတ္တိအနေနဲ့ထားလျှင် သုဒ္ဓသင်္ချာက ဘယ်နှစ်ပစ္စည်းတဲ့တုန်း (၃-ပစ္စည်း)။

ဒါ ဘုန်းကြီးတို့က မှန်းဆပြီးပြောရတာ။ ဦးပဉ္စင်းတို့ စာချတန်းပုစ္ဆာကို မမြင်ဘူးဘူး။ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေက ဒါကလေးတွေကို ကြည့်လိုက်လို့ရှိယင် ဩော် ဒါတွေ ပါကလားလို့ သိလာပါတယ်၊ လေ့လာပါ။

ပြန်ကြည့်စမ်း ကုသလော ဓမ္မော ကုသလသ ဓမ္မသ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ– နာမည်ကလေးတပ်လိုက်နော် (မှန်ပါ)၊ ဘာတဲ့ ဒါနံ ဒတ္တာ သီလံ သမာဒိယိတ္တာ ဥပေါသထကမ္မံ ကတ္တာ တံ ဂရုံ ကတ္တာ ပစ္စဝေက္ခတိ။

ဒီနေ့ အလျှုတခုပေးတယ်၊ လျှုပြီးတော့ ဩော် အလျှုကလေးဆိုပြီးတော့ လေးလေးမြတ်မြတ် စဉ်းစားပြီး ဆင်ခြင်တဲ့အချိန်မျိုးကို ပြောတာနော်။

နောက်တမျိုးဆက်တယ် ဒီမဟာကုသိုလ်ပစ္စည်းကိုဘဲ မြတ်စွာဘုရားက ဘာတွေကို ရည်ရွယ်ပြီး ဆက်သလဲလို့မေးလျှင် မနေ့တုန်းက ပြုခဲ့တဲ့ ဒါနသီလ၊ နောက်လတုန်းက ပြုခဲ့တဲ့ ဒါနသီလ စသည်တို့ကို အာရုံပြုပြီးတော့– ပုဗ္ဗေ သုစိဏ္ဏာနိ... ဒါကလေးလဲ ပစ္စည်းမဟာကုသိုလ်။ ပုဗ္ဗေ=လွန်လေခဲ့သော နှစ် လ နေ့ရက်တို့က။ သုစိဏ္ဏာနိ=အလေ့အကျက် ပြုအပ်ကုန်ပြီးတော့ ဒါန သီလ ဥပေါသထကမ္မတို့ကို။ ခုတင်ကအတိုင်းလာခဲ့။ ဂရုံ ကတ္တာ=အလေးအမြတ်ပြု၍။ ပစ္စဝေက္ခတိ=ဆင်ခြင်၏။ **ပစ္စည်းနဲ့ ပစ္စယုပ္ပန် မဟာ**ကုသိုလ်ချည်းဘဲ နေသေးတယ်နော် (မှန်ပါ)၊ ဘာတဲ့-ပုဗ္ဗေ သုစိဏ္ဏာနိ ဂရုံ ကတ္တာ ပစ္စဝေက္ခတိ။ ပြီးရော ပစ္စည်းမဟာကုသိုလ်အတွက်။

ဒီတော့ ပစ္စည်းပိုင်းမှာ ဘာကုသိုလ်တွေ ကျန်သေးသလဲလို့ မေးလျှင် မဟဂ္ဂတ်ကုသိုလ်တွေ ကျန်သေးတယ်။ အဲဒီမဟဂ္ဂတ်ကုသိုလ်ကို ဘုန်းကြီးတို့ သဣျိဟ်သရုပ်ခွဲတဲ့အခါ

ဘာစိတ်ခေါ်သလဲမေးလျှင် စျာန်စိတ်လို့ ခေါ်တယ်။ ဒါကြောင့် သူ့ကို စျာန်လို့ဘဲ ဟောတယ် မြတ်စွာဘုရားက။ သတိ-မဟာဂျုတ်ကုသိုလ် (၉)ခုကို ကြည့်၍ စျာနာ ဝုဋ္ဌဟိတ္တာ စျာနံ ဂရုံ ကတ္တာ ပစ္စဝေက္ခတိ။ စျာနာ=စျာန်မှ။ ဝုဋ္ဌဟိတ္တာ=ထတော်မူပြီးသော်။ စျာနံ=ကိုယ်ရတဲ့စျာန်ကို။ ဂရုံ ကတ္တာ=အလေးအမြတ်ပြု၍။ ပစ္စဝေက္ခတိ=ဆင်ခြင်၏။ စျာန်လိုချင်တဲ့ပုဂ္ဂိုလ်က စျာန်ရကြောင်းဖြစ်တဲ့ တရားတွေကို အားထုတ်၊ အားထုတ်တော့ရတယ်၊ ရပြီးတော့ ဩော်... ငါရတဲ့စျာန်ကလေးဆိုပြီးတော့ ပြန်ပြီးတော့ ဆင်ခြင်စဉ်းစားတယ်၊ အလေးအမြတ်ပြုပြီးတော့ အာရုံပြုနေတယ်။ အဲဒါ အာရမ္မဏာဓိပတိ။ ဘာတဲ့... စျာနာ ဝုဋ္ဌဟိတ္တာ စျာနံ ဂရုံ ကတ္တာ ပစ္စဝေက္ခတိ။ **မဟာဂျုတ်ကုသိုလ် (၉)ခု အတွက် ပြီးရောနော်။ ပစ္စယုပ္ပန်က မဟာကုသိုလ်နေမယ်။**

ပစ္စည်းက ဘာကုသိုလ် ကျန်သေးသလဲ (အောက်မဂ် ကုသိုလ်ကျန်ပါတယ်)၊ အောက်မဂ်ဆိုတာက သေက္ခကို ခေါ်တယ်။ ရဟန္တာကို အသေက္ခခေါ်တယ် (မှန်ပါ)။

သတိပြုလိုက်စမ်း အဲဒီ မဂ်ကို သွားမယ်ဆိုတော့ မဂ္ဂဝိထိမျှားမှာ ခုတင်က တကြိမ်ပြောလိုက်တယ် သောတာပတ္တိမဂ် ရတော့မယ်ဆိုတော့ သောတာပတ္တိမဂ်ရှေ့မှာ ဘာစိတ်ရှိသလဲ (ဂေါတြဘူစိတ်ရှိပါတယ်)၊ ဂေါတြဘူစိတ်ကို တရားကိုယ်ထုတ်တော့ ဒီအချိန်မှာ မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခုကိုသာ ယူရတယ်။

သကဒါဂါမ် အနာဂါမ် ရဟန္တာလို့ဆိုတဲ့ မဂ် ၃-ပါးရဲ့ ရှေ့နားမှာတော့ ဘာစိတ်ရှိသလဲ မေးလျှင် ဝေါဒါန်ရှိတယ်။ အဲဒီ ဝေါဒါန်ရဲ့ တရားကိုယ် ထုတ်တော့လဲ မဟာကုသိုလ်ဘဲ ယူရတယ်။ ကြိယာမရဘူးနော်။ နောက်တော့ ပြောပေးမယ်။

ဒီတော့ ခုတင်က ပြီးသွားတဲ့ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် (၄)ခုကို ပစ္စည်းဘတ်က ဂေါတြဘူ ဝေါဒါန်အနေထားပြီးတော့ မဂ်ကို ကူးချင်လို့ တခေါက်ပြန်ဟောတာ (မှန်ပါ)။

သေက္ခာ ဂေါတြဘုံ ဂရုံ ကတ္တာ ပစ္စဝေက္ခန္တိ။ ဟိုက သေက္ခာလို့ ကတ္တားက ဗဟုဝုစ်ရှိလို့ ပစ္စဝေက္ခန္တိလို့ ဗဟုဝုစ်နှင့် ကြိယာချရတယ်။ ဝေါဒါနံ ဂရုံ ကတ္တာ ပစ္စဝေက္ခန္တိ။ သေက္ခာ=သေက္ခဟု ခေါ်ဆိုရတဲ့ သောတာပန်ပုဂ္ဂိုလ်တို့သည်။ ဂေါတြဘုံ=မိမိမဂ်ရှေ့မှာ တည်နေတဲ့ ဂေါတြဘူကိစ္စတပ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခုကို။ ဂရုံ ကတ္တာ=အလေးအမြတ်ပြု၍။ ပစ္စဝေက္ခန္တိ=ဆင်ခြင်တော်မူကြကုန်၏။ သောတာပန် အတွက် (မှန်ပါ)။

ပြီးတော့ အထက်မဂ် ၂-ခုအတွက် သေက္ခာ=သေက္ခဟု ဆိုအပ်သော သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်တို့သည်။ ဝေါဒါနံ=မိမိတို့၏ မဂ်ရှေ့မှာရှိသော ဝေါဒါန် ကိစ္စတပ်တဲ့ မဟာ

ကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခုကို။ ဂရုံ ကတ္တာ=အလေးအမြတ်ပြု၍။ ပစ္စဝေက္ခန္တီ=ဆင်ခြင်တော်မူကြကုန်၏လို့ မဂ်ရှေ့က တရားကို ဖော်ပြတာ။

ပြီးတော့မှ မဂ်ကို ကူးလိုက်၊ ဘယ်လိုကူးမတုန်း-သေက္ခ ၃-ယောက်စလုံးရတယ် ဒီကျတော့ (မှန်ပါ)၊ သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတ္တာ မဂ္ဂံ ဂရုံ ကတ္တာ ပစ္စဝေက္ခန္တီ။ သေက္ခာ=သေက္ခဟု ဆိုအပ်ကုန်သော သောတာပန် သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်တို့သည်။ မဂ္ဂါ=မိမိတို့ရနေတဲ့မဂ်မှ။ ဝုဋ္ဌဟိတ္တာ=ထတော်မူကြပြီးသော်။ မဂ္ဂံ=ကိုယ်တို့ ကိုယ်တို့ အသီးအသီး ရရှိနေတဲ့ မဂ်တရားကို။ ဂရုံ ကတ္တာ=အလေးအမြတ်ပြု၍။ ပစ္စဝေက္ခန္တီ=ဆင်ခြင်တော်မူကြကုန်၏ ဆိုတော့ ပစ္စည်း အောက်မဂ် ၃-ခု ကုန်ရော မဟုတ်လား၊ ပစ္စယုပ္ပန် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခုဘဲရှိတယ် မလွဲဘူးနော်။

မဟာကုသိုလ်စိတ် ၈-ခုတကြိမ် မဟဂ္ဂုတ်ကုသိုလ်တကြိမ် မဂ်က တကြိမ် ၃-မျိုးရှိ တာ ၃-မျိုးစလုံး လျှောက်ဟောသွားလို့ ပြီးရော၊ ဦးဉာဏဝရ ဟောကြည့်စမ်း။

ဦးဉာဏဝရ။ ။ကုသလော ဓမ္မော ကုသလသဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ (ပ) ပစ္စဝေက္ခန္တီ။

ဆရာတော်။ ။ဦးဉာဏ တခေါက်ဟောစမ်း။

ဦးဉာဏဝရ။ ။တခေါက်ဟောသည်။

ဆရာတော်။ ။ဒါပါဘဲ အားလုံးကျေသွားအောင် ၃-ခေါက်လောက် ထပ်ဟောစမ်းပါ။

သံယာတော်များ။ ။အားလုံးဟောကြသည်။

ဆရာတော်။ ။ကုသလော ကုလသ ပြီးသွားပြီ၊ ပြီးတော့ ဘာတုန်း ကုသလော အကုသလဿ။ စာကြောင်းရေအနေနဲ့ အကုသိုလ်ပစ္စယုပ္ပန်ရှိတာကို ရှာကြည့်ပေါ့ နံပါတ်-၁။ ကဲ-ဒါဖြင့် ပစ္စည်းကုသိုလ်ကို ရှာလိုက်စမ်း ဘာကုသိုလ်တွေ ရှိသတုန်း၊ နံပါတ် ၁-မှာ ကုသိုလ်က လောကီကုသိုလ် သတ္တရသဘဲ ရမယ်မဟုတ်လား၊ လောကီကုသိုလ် သတ္တရသဆိုလျှင် ခုတင်ကလိုဘဲ မဟာကုသိုလ်နှင့် မဟဂ္ဂုတ်ကုသိုလ် တွေ့မှာပေါ့။

သတိပြု နံပါတ် ၁-အကြောင်းကို ငါတို့ဟောတယ်လို့ ဉာဏ်ထဲက သတိပြု။ ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ။ မဟာကုသိုလ်ဆိုတော့ ခုတင်ကအတိုင်းပေါ့ ဘာတဲ့တုန်း။

ဒါနံ ဒတ္တာ သီလံ သမာဒိယိတ္တာ ဥပေါသထကမ္မံ ကတ္တာ တံ ဂရုံ ကတ္တာ။

ဟိုနောက်က လောဘမူ။ လောဘမူက ဆင်ခြင်လို့မရဘူး။ လောဘမူကို မြတ်စွာဘုရားက ကြိယာ ၄-ချက်ပေးထားတယ်။ နံပါတ် (၁) အဿာဒေတိ။ (၂) အဘိနန္ဒတိ မှတ်ထားကြပေါ့။ ဘာတဲ့တုန်း ခုတင်တုန်းက ၁-နံပါတ်က အဿာဒေတိ။ ၂-နံပါတ်က အဘိနန္ဒတိ လောဘမူသဘော။ အဿာဒေတိဆိုတာ ဘာတုန်း သာယာ၏။ ကိုယ်နှစ်သက်တဲ့ အာရုံကလေးတခုခုကို တွေ့လို့ ကိုယ့်သန္တာန်မှာ လောဘပြဋ္ဌာန်းလာပလားဆိုလျှင် ရှေးဦးစွာ သာယာတယ်။ သာယာတုန်းက ရပ်လျှင်ရပ် မရပ်လို့ရှိလျှင် နောက်က ဘာတဲ့တုန်း မြတ်စွာဘုရားက အဘိနန္ဒတိတဲ့၊ အဘိနန္ဒတိက ဘာပြောတာတုန်း... အလွန်နှစ်သက်တယ် ပါဠိလို တိုက်ရိုက်သွား။ ဗမာလိုတော့ သိပ်ပြီးသဘောကျသွားတာဘဲ။

သာယာတာက အသာကလေး၊ ရပ်လျှင်ရပ် မရပ်လို့ရှိလျှင် သိပ်သဘောကျ၊ သိပ်သဘောကျလို့ရှိလျှင် သိပ်မဟန်တော့ဘူးပေါ့ (မှန်ပါ)။ ဒီတော့ တံ=ထိုသာယာမှု နှစ်သက်မှုဆိုတဲ့ သဘောတရား ၂-မျိုးကို။ ဂရုံ ကတ္တာ=အလေးအမြတ်ပြု၍။ ရာဂေါ ဥပ္ပဇ္ဇတိ=ရာဂဖြစ်ကရော... တဲ့။ သိပ်သဘောကျလျှင် ရာဂဖြစ်တာဘဲနော်၊ ရာဂဖြစ်တယ်ဆိုတာ ဘာပြောတာတုန်း... ဒီအာရုံနှင့် ဒီအာရမ္ဘဏကို ခွါမရတဲ့သဘောကို ရာဂလို့ခေါ်တယ်။

ဒါကြောင့် တံ=ထိုသာယာမှု နှစ်သက်မှု အဿာဒန အဘိနန္ဒန သဘောတရား ၂-မျိုးကို။ ဂရုံ ကတ္တာ=အလေးအမြတ်ပြု၍။ ရာဂေါ=မခွါနိုင်အား ရာဂခေါ်တဲ့တရားသည်။ ဥပ္ပဇ္ဇတိ=ဖြစ်တော့၏။

ရာဂဖြစ်တော့ ပြီးရောလားလို့ မေးတော့ ဘယ်ပြီးမလဲ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ ဒိဋ္ဌိ=အမြင်မှောက်မှား ဒိဋ္ဌိခေါ်တဲ့ တရားသည်။ ဥပ္ပဇ္ဇတိ=ဖြစ်ရပြန်တော့၏။

ကိုယ်က သိပ်သဘောကျတယ်၊ နှစ်သက်တယ်၊ မစွန့်နိုင် မခွါရက်အောင် ရာဂဖြစ်တယ်။ မတော်ပါဘူးလို့ ဆရာသမားက ပြော မရဘူး။ အဲဒါ ဒိဋ္ဌိဖြစ်တယ်။ မတော်ပါဘူးလို့ မိဘက ပြော မရဘူး၊ ဘာဖြစ်တာတုန်း ဒိဋ္ဌိဖြစ်တာ။

ဒါကြောင့် လောဘမူစိတ် ၈-ခုကို မြတ်စွာဘုရားက ပရိယာယ်အားဖြင့် ထုတ်လိုက်တော့ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတ္တာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိလို့ လေးချက်ထုတ်တော့ ကုသလော ဓမ္မော အကုသလသ ဓမ္မသ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္ဘဏာဓိပတိ- ဒါနံ ဒတ္တာ သီလံ သမာဒိယိတ္တာ ဥပေါသထကမ္မံ ကတ္တာ တံ ဂရုံ ကတ္တာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတ္တာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ ပုဗ္ဗေ သုစိဏ္ဏာနိ ဂရုံ ကတ္တာ အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတ္တာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဒါဂ မဟာကုသိုလ်အတွက် (မှန်ပါ)။

ပြီးတော့ မဟာဂျုတ်ကုသိုလ် ပစ္စည်းကျန်သေးတယ် မဟုတ်လား၊ စျာနာ ဝုဋ္ဌဟိတွာ စျာနံ ဂရုံ ကတွာ အသာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ တဲ့ပြီးရော။

ဆရာတော်။ ။ရလောက်ပါတယ်၊ အားလုံးဟောကြစမ်း။

သံယာတော်များ။ ။တခေါက်ဟောကြသည်။

ဆရာတော်။ ။ဒါက ကု အကုအတွက် မဟုတ်လား။ ကုဗျာတဲ့ ၄-နံပါတ် အကြောင်း ကိုသွားကြည့်။ ပစ္စယုပ္ပန် အဗျာကတက မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ပစ္စည်းတရားက အရဟတ္တမဂ် တွေ့ကြတယ်နော် (မှန်ပါ)။

ကုသလော ဓမ္မော အဗျာကတသ ဓမ္မသ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ– အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ဂရုံ ကတွာ ပစ္စဝေက္ခတိ... ဒါဘဲရှိတယ် များများကြီး မရှိပါဘူး၊ အားလုံးဟောကြည့်စမ်း။

သံယာတော်များ။ ။တခေါက်ဟောကြသည်။

သဟကြီး သုဒ္ဓသင်္ဘာ

ဆရာတော်။ ။ကုပဒ ပဒါဝသာန ၃-ချက်ပြီးပြီ။ ကျန်တာ နောက်နေ့ပြောမယ်။ သုဒ္ဓသင်္ဘာနည်းနည်းဖတ်စမ်း ဦးသူရိယ သဟကြီး သုဒ္ဓသင်္ဘာ။

ဦးသူရိယ။ ။**သဟဇာတပစ္စည်း**၏ သုဒ္ဓသင်္ဘာဝါရ၌-အချင်းချင်းအားဇင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားဇင်း တပ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ အချင်းချင်းအားဇင်း၊ ဥပါဒါရုပ်အားဇင်း တပ်သော အလုံးစုံသော မဟာဘုတ် ၄-ပါး၊ အချင်းချင်းအား တပ်သော ပဠဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ဟဒယဝတ္ထု၊ ဤတရားတို့သည် သဟဇာတပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သင်္ဘာ နဝ။ ပစ္စည်းရေ ၄ ဟူသည်တည်း။

သင်္ဘာ နဝ-ဟူသော်ကား ကုသလော ကုသလသ, ကုသလော အဗျာကတသ, ကုသလော ကုသလာဗျာကတသ၊ အကုသလော အကုသလသ, အကုသလော အဗျာကတသ, အကုသလော အကုသလာဗျာကတသ, အဗျာကတော အဗျာကတသ, ကုသလာဗျာကတော အဗျာကတသ,

အကုသလာဗျာကတော အဗျာကတသ–ဟူသည်တည်း။ ပစ္စည်းရေ ၄-ဟူသော်ကား သဟဇာတ နိဿယ အတ္ထိ အဝိဂတ ဟူသည်တည်း။

ဆရာတော်။ ။အဲဒါ ကျေအောင် ကျက်ရလိမ့်မယ်။ သတိပြုလိုက်ကြစမ်းပါ။ သန္ဓာက သဟအင်ယ်တွေတုန်းက သတ္တ၊ အခု နဝ မဟုတ်လား။ မျှားလာလို့ စိတ်ကဝန်မလေးနဲ့၊ အင်ယ် သတ္တ အပေါ်မှာ နောက် ဆုံး ၂-ချက် ပိုတယ်။ ပိုတဲ့ ၂-ချက် မှတ်လိုက်ရုံပေါ့။ ရှေ့ ၇-ချက်က ကု ၃-ချက်၊ အကု ၃-ချက်၊ ဗျာ ၁-ချက်။ အခုမှ ပိုလာတာ ဘယ်သူလဲ၊ ကုသလာဗျာကတော အဗျာကတသ, အကုသလာဗျာကတော အဗျာကတသ- ဒီလိုပိုလာမယ်။ ကဲ- တော်ကြဦးစို့ အချိန် စေ့သွားပြီ။

အညမည သုဒ္ဓသန္ဓာ

ဆရာတော်။ ။သုဒ္ဓသန္ဓာ ဖတ်ကြစမ်းပါ။ နောက်ပိုင်းမှ ဖတ်ခိုင်းတော့ အချိန်လုလုပြီး ဖတ်နေရတယ်၊ အရင်ဖတ်ထားကြပါ။ မနေ့က သဟကြီးဖတ်ပြီးပြီ။ သဟအင်ယ် အညမညက စပြီး ဦးသူရိယ ဖတ်ပါ။

ဦးသူရိယ။ ။အညမညပစ္စည်း၏ သုဒ္ဓသန္ဓာဝါရဋ္ဌ– အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိပဋ္ဌာနေ နာမက္ခန္ဓာ ၄-ပါး၊ အချင်းချင်းအားတပ်သော စိတ္တဇရုပ် ပဋ္ဌာနေ ကမ္မဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသည-သတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် အားဖြင့် မဟာဘုတ် ၄-ပါး၊ အချင်းချင်းအားတပ်သော ပဋ္ဌဝေါကာရ ပဋ္ဌာနေ နာမက္ခန္ဓာ, ဟဒယဝတ္ထု၊ ဤတရားတို့သည် အညမညပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သန္ဓာ တီဏိ။ ပစ္စည်းရေ ၅-ဟူသည်တည်း။ **သန္ဓာတီဏိ** ဟူသော်ကား ကုသလော ကုသလဿ, အကုသလော အကုသလဿ, အဗျာကတော အဗျာကတသ-ဟူသည်တည်း။ ပစ္စည်းရေ ၅-ဟူသော်ကား အညမည သဟဇာတ နိဿယ အတ္ထိ အဝိဂတ-ဟူသည်တည်း။

ဆရာတော်။ ။ထားပါဦးတော့။ အားလုံးက သတိပြု မှတ်ရုံမှတ်ထားစမ်းပါ။ အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိ ပဋ္ဌာနေ နာမက္ခန္ဓာ ၄-ပါး ဒါက တပိုဒ်၊ ဒုတိယပိုဒ် ကူးကြည့်စမ်း အချင်းချင်းအားတပ်သော စိတ္တဇ ရုပ်ကို မထည့်ပါနဲ့၊ စကား ထောင့်တယ်နော်။ စိတ္တဇ ပဋ္ဌာနေကမ္မဇ ဗာဟိရ အာဟာရဇ ဥတုဇ အသည်သတ်ကမ္မဇ ပဝတ္တိကမ္မဇအားဖြင့် မဟာဘုတ်

၄-ပါး။ စိတ္တဇရုပ် ဆိုရတာ နည်းနည်းထောင့်နေတယ်၊ အဲဒါကလေး သတိပြု ပြီး ကျက်ကြ။ အညမည ပြီးတော့ ဘာလဲ ဝိပါက မဟုတ်လား။ ဖတ်စမ်း ဝိပါကပစ္စည်း သုဒ္ဓသင်္ချာ။

ဝိပါက သုဒ္ဓသင်္ချာ

ဦးသူရိယ။ ။**ဝိပါကပစ္စည်း၏** သုဒ္ဓသင်္ချာဝါရဋ္ဌ-အချင်းချင်းအားလုံး၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားလုံး တပ်သော အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဟဒယဝတ္ထု အားတပ်သော ပဉ္စ ဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ၊ ဤတရားတို့သည် ဝိပါကပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ချာ ၉ကဲ့။ ပစ္စည်းရေ ၅-ဟူသည်တည်း။ သင်္ချာ ၉ကဲ့-ဟူသော်ကား အဗျာကတော အဗျာကတသ-ဟူသည်တည်း။ ပစ္စည်း ရေ ၅-ဟူသော်ကား ဝိပါက သဟဇာတ နိဿယ အတ္ထိ အဝိဂတ-ဟူသည် တည်း။

ဆရာတော်။ ။ပစ္စည်းရေကလဲ ဘာမှမခက်ဘူး။ ခုတင်က အညမညကလဲ ပစ္စည်းရေ ၅-ဘဲ မဟုတ်လား။ ဒီ ဝိပါကမှာလဲ ပစ္စည်းရေ ၅-ဘဲ။ အဲဒီ ၅-ပစ္စည်းက ဘာလဲမေးလျှင် ဟောဆဲပစ္စည်း အညမညနှင့် သဟဇာတ-၄။ ဝိပါက ဖြစ်လျှင် လဲ ဟောဆဲ ဝိပါကနှင့် သဟဇာတ-၄။ ဟုတ်လား (မှန်ပါ)။ အညမညပစ္စည်း ကတော့ ကု-တချက် အကု-တချက် ဗျာတချက် ၃-ချက်ရတယ်။ ဝိပါကဆိုတော့ ဝိပါက်ဆိုတာက အဗျာကတမို့ တချက်တည်းရတယ်။ နောက်တခု သမ္မယုတ္တသုဒ္ဓသင်္ချာ ဖတ်စမ်း။

သမ္မယုတ္တသုဒ္ဓသင်္ချာ

ဦးသူရိယ။ ။**သမ္မယုတ္တပစ္စည်း၏** သုဒ္ဓသင်္ချာဝါရဋ္ဌ- အချင်းချင်းအားတပ်သော အလုံး စုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဤတရားတို့သည် သမ္မယုတ္တပစ္စည်း တပ်သော တရားတို့ မည်ကုန်၏။ သင်္ချာ တိဏိ။ ပစ္စည်းရေ (၆) ဟူသည်တည်း။ **သင်္ချာ တိဏိ** ဟူသော်ကား- ကုသလော ကုသလသ, အကုသလော အကုသလသ, အဗျာကတော အဗျာကတသ ဟူသည်တည်း။ **ပစ္စည်းရေ** (၆) ဟူသော်ကား သမ္မယုတ္တ သဟဇာတ အညမည နိဿယ အတ္ထိ အဝိဂတ-ဟူသည်တည်း။

ဆရာတော်။ ။ဒီမှာလဲ သင်္ခ်ာ တီဏိက အညမညနှင့် အတူတူဘဲ မဟုတ်လား။ ပစ္စည်းရေ ၆-ဆိုတာ အညမည ၅-ပစ္စည်းပေါ်မှာ ဘာတိုးလာသလဲ၊ သမ္မယုတ္တတခုတိုးတယ်နော် (မှန်ပါ)။

အဲဒီလို သတိထားရတယ်၊ သတိထားလိုက်လျှင် အလွယ်ကလေးဘဲ။ သုဒ္ဓသင်္ခ်ာ အနေအားဖြင့် ကြည့်လျှင်လဲဘဲ အညမညမှာ သုဒ္ဓသင်္ခ်ာ ၃-ပိုဒ် ရှိတယ်၊ ပဌမအပိုဒ်သည်ပင်လျှင် သမ္မယုတ္တသုဒ္ဓသင်္ခ်ာ ဖြစ်နေတယ်။ အထူးကျက်ဖို့ မလိုတော့ဘူး။ အညမည ပဌမအပိုဒ်က ဘာတုန်း- အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေနာမကွန္ဓာ ၄-ပါးဆိုတာ ဒီမှာ သမ္မယုတ္တသုဒ္ဓသင်္ခ်ာမှာ ဒီအတိုင်းဘဲ မဟုတ်လား အတူတူဘဲ။ နောက်တခုဆက်ဖက်စမ်း သဟဇာတ ဝိပွယုတ္တပစ္စည်း သုဒ္ဓသင်္ခ်ာ။

သဟဇာတဝိပွယုတ္တသုဒ္ဓသင်္ခ်ာ

ဦးသူရိယ။ ။**သဟဇာတ ဝိပွယုတ္တပစ္စည်း၏** သုဒ္ဓသင်္ခ်ာဝါရ၌ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု ဒွေပဉ္စ ဝိညာဉ် (၁၀) ရဟန္တာတို့၏ စုတိကြဉ်သော ပဝတ္တိ ပဋိသန္ဓေနာမကွန္ဓာ ၄-ပါး၊ အချင်းချင်းအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမကွန္ဓာ, ဟဒယဝတ္ထု၊ ဤတရားတို့သည် သဟဇာတဝိပွယုတ္တ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ တီဏိ။ ပစ္စည်းရေ ၅-ဟူသည်တည်း။ သင်္ခ်ာ တီဏိ ဟူသော်ကား-ကုသလော အဗျာကတသ, အကုသလော အဗျာကတသ, အဗျာကတော အဗျာကတသ-ဟူသည်တည်း။ **ပစ္စည်းရေ ၅-ဟူသော်ကား-** ဝိပွယုတ္တ သဟဇာတ နိဿယ အတ္ထိ အဝိဂတ-ဟူသည်တည်း။

ဆရာတော်။ ။သူကလဲ သဟကြီး ၄-ပစ္စည်းနှင့် ဝိပွယုတ္တဘဲနော်။ ပစ္စည်းရေ ၅။ သင်္ခ်ာ တီဏိက ကု ဗျာနှင့် အကု ဗျာ, ဗျာ ဗျာ။ သတိပြုပြီး ကျက်လျှင် ဒါကလွယ်ပါတယ်။ အဲဒါ သဟအလတ် ၄-ပစ္စည်း၊ ဒီနေ့ရောက်မယ်တော့ သိပ်မထင်ပါဘူး။ သို့ပေမဲ့ ဖတ်ပြီးသားဖြစ်အောင်လို့၊ အချိန်ကျမှ သုဒ္ဓသင်္ခ်ာဖတ်မယ်လုပ်တော့ ပြောနေရင်း အချိန်က စေ့စေ့သွားလို့ ကြိုပြီး အဖတ်ခိုင်းတယ်။ ထားကြပါစို့။

အာရမ္မဏာဓိပတိ အဆက်

မနေ့က အာဓိ စာကလေး ၅-ကြောင်းပြန်ကြည့်[1] အာရမ္မဏာဓိပတိ။ ဘယ်မှ အားမကိုးနဲ့ ပါဠိတော်ဘဲဖြစ်စေ, အရကောက်ဘဲဖြစ်စေ ဒီစာကလေး ၅-ကြောင်းပေါ်မှာ အားကိုးစမ်းပါ။ ဘုန်းကြီးက အခု ဒီစာကလေး ၅-ကြောင်းထဲမှာ အကုန်လုံး ထည့်ပေးထားတယ်။

ဒါကြောင့် ဘယ်မှ အားမကိုးနဲ့ ဘုန်းကြီးဆီ သင်နေတုန်းကို၊ ဘုန်းကြီးက ဟော ဒါကလေးကို သေသေချာချာကြည့်၊ ဒီနေရာက ဒီတရားတွေ ထွက်လာလိမ့်မယ်၊ ပါဠိတော်တွေ ထွက်လိမ့်မယ်၊ အရကောက်တွေ ထွက်လိမ့်မယ်လို့ ပြောထားတယ်။ အခု ပါဠိတော်တွေပြတယ်၊ မနေ့က ကု ပဒ- ပဒါဝသာန ၃-ချက်ပြီးသွားရော မဟုတ်လား။

ဒီနေ့ အကုသလော အကုသလသဿ ဆိုတဲ့ တချက်ကိုတော့ ပစ္စယုပ္ပန် အကုသိုလ်က ဘယ်အကြောင်းမှာ ရှိသလဲ၊ နံပါတ် ၁-အကြောင်း၊ လောဘမူစိတ် ၈-ခုတဲ့ ပစ္စယုပ္ပန်က ဒီလိုမဟုတ်လား (မှန်ပါ)၊ ပစ္စည်းတရား အကုသိုလ် ဘာပါသလဲလို့ ကြည့်လျှင် ဒေါသမူဒ္ဓေ မောဟမူဒ္ဓေ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သောလို့ ဆိုထားတော့ ဘာကျန်တော့သလဲ (လောဘမူ ကျန်ပါတယ်)၊ ပစ္စည်းလဲ လောဘမူစိတ် ၈-ခုဘဲ၊ ပစ္စယုပ္ပန်လဲ လောဘမူစိတ် ၈-ခုဘဲ၊ ဒီလိုမဟုတ်လား (မှန်ပါ)။

အရကောက်ကို အဲဒါ ကောက်ရတာဘဲ။ အကုသလော အကုသလသဿ အကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ၈-ခုအားတပ်သော အလေးအမြတ်ပြုအပ်သော လောဘမူစိတ် ၈-ခု ပစ္စည်းတရား၊ ပစ္စယုပ္ပန် ခုတင်ကဟာ ပြန်ကောက်ရမယ် မဟုတ်လား၊ ကရိုဏ်းပါ၌ ၃-ပစ္စည်းထုတ် ရှင်းလို့ အရကောက်က သာပြီးလွယ်သေးတယ်။

အဲဒါကို ပါဠိတော်စီချင်တော့ ပစ္စယုပ္ပန် လောဘမူစိတ် ၈-ခုကို မနေ့က ပြောပြီးပြီ မဟုတ်လား၊ ဘယ်လို ပါဠိစီရသတုန်း အဿာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတ္တာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ပစ္စယုပ္ပန်အတွက် တနေ့က ပြီးပြီ၊ ကဲ-ဒီနေ့တော့ ပစ္စည်းလောဘမူစိတ် ၈-ခုကို ပါဠိစီချင်လျှင်တဲ့ မြတ်စွာဘုရားက၊ သတိပြုကြပါ လောဘမူနှင့် ယှဉ်နိုင်တဲ့ ရာဂ, ဒိဋ္ဌိတဲ့၊ ဒီစာလုံးကလေးနှစ်လုံးဘဲ ရှိတယ်၊ ရာဂဆိုလျှင် ရာဂပြဋ္ဌာန်းသော လောဘမူစိတ် ၈-ခုစလုံးကို ယူနိုင်တယ်၊ ဒိဋ္ဌဆိုလျှင် ဒိဋ္ဌယှဉ်နိုင်တဲ့ ဒိဋ္ဌဂတသမ္မယုတ်စိတ် ၄-ခုကိုသာ ယူရတယ်။

၁။ ဤကျမ်း၊ နှာ-၁၆၈-ရှိ အာဓိဇယားပြန်ကြည့်။

အဲဒီတော့ ပြီးနေပြီ ပါဠိတော် ဘယ်လောက်လွယ်သတုန်း၊ အကုသလော ဓမ္မော အကုသလသ ဓမ္မသ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ ရာဂံ ဂရုံ ကတ္တာ အသ္သာဒေတိ အဘိနန္ဒတိ။ ရာဂံ ဂရုံ ကတ္တာက ပစ္စည်းနော်၊ အသ္သာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတ္တာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိက ပစ္စယုပ္ပန်နော်။ ပစ္စည်းက ရာဂပြဋ္ဌာန်းတဲ့ လောဘမူစိတ် ၈-ခု၊ ပစ္စယုပ္ပန်ကလဲ လောဘမူစိတ် ၈-ခု ဟုတ်လား (မှန်ပါ)။

ထို့အတူ ဒိဋ္ဌိ ဂရုံ ကတ္တာ အသ္သာဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတ္တာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ပြီးပြီ ပါဠိတော်က ဒါကလေးရှိတယ် နည်းနည်းကလေး၊ ဦးပညာနန္ဒ ဟောကြည့်စမ်း။

ဦးပညာနန္ဒ။ ။တခေါက်ဟောသည်။

ဆရာတော်။ ။အကုသိုလ်က ဒီတချက်ရတယ် မဟုတ်လား မှတ်ထားပေါ့၊ ပြီးတော့ **အဗျာကတ ၃-ချက် သွားမလို့**၊ ဖြည်းဖြည်းပါဠိတော်တွေ ရွတ်စမ်းပါ၊ ဘုန်းကြီးက ဦးပဉ္စင်းတို့ အသံတွေပါ အကုန်လုံးဖမ်းယူထားပါတယ်။ မနေ့ကတော့ နောက်ပိုင်းမှာ မိုးသံလေသံတွေနဲ့ နည်းနည်း လုံးထွေးထွေး ဖြစ်သွားတယ်။ နောင်ကို အစဉ်တစိုက် ကြည်ညိုဖွယ်ဖြစ်အောင် တပါးနှင့်တပါး စောင့်ပြီးတော့ ရွတ်ကြပါ။

အဗျာကတော အဗျာကတသ-တဲ့၊ ပစ္စယုပ္ပန် အဗျာကတရှိတဲ့ စာကြောင်း ဘယ်နှစ်နံပါတ်မှာလဲ ၄-နှင့် ၅ (မှန်ပါ)။

ကောင်းပြီ၊ ၄-နံပါတ်ရဲ့ ပစ္စည်း အဗျာကတ ဘယ်သူလဲ (အရဟတ္တဖိုလ်နှင့် နိဗ္ဗာန်)၊ ၅-နံပါတ်ရဲ့ ပစ္စည်းတရားက (နိဗ္ဗာန်)၊ ပစ္စယုပ္ပန် ၅-နံပါတ်က ဘာတုန်း၊ (ဖိုလ် ၄-ခုပါ)။

အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မသ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ- အရဟာ ဖလံ ဂရုံ ကတ္တာ ပစ္စဝေက္ခတိ။ အရဟာ=ရဟန္တာ ကိုယ်တော်မြတ်ကြီးသည်။ ဖလံ=မိမိရရှိနေသော အရဟတ္တဖိုလ်ကို။ ဂရုံ ကတ္တာ=အလေးအမြတ် ပြု၍။ ပစ္စဝေက္ခတိ=ဆင်ခြင်တော်မူ၏။ ဒါက စတုတ္ထအကြောင်းအတွက် (မှန်ပါ)၊ ပြီးတော့ အဲဒီ စတုတ္ထအကြောင်းမှာ ၄-နံပါတ်အကြောင်းမှာ ပစ္စည်းဘက်က နိဗ္ဗာန်ရှိသေးတယ် မဟုတ်လား၊ နိဗ္ဗာနံ ဂရုံ ကတ္တာ ပစ္စဝေက္ခတိ၊ ပုဂ္ဂိုလ်ကတ္တားအနေကတော့ အရဟာဘဲနော်၊ အရဟာ=ရဟန္တာကိုယ်တော်မြတ်ကြီးသည်။ နိဗ္ဗာနံ=မိမိကိုယ်တိုင်မျက်မှောက်ပြု၍ နေရသော နိဗ္ဗာန်ချမ်းသာ ကရားတော်ကြီးကို။ ဂရုံ ကတ္တာ=အလေးအမြတ်ပြု၍၊ ပစ္စဝေက္ခတိ=ဆင်ခြင်တော်မူပြန်၏။ ဒါ နံပါတ် ၄-မဟုတ်လား (မှန်ပါ)။

၅-နံပါတ်ကြည့်၊ နိဗ္ဗာန်က ပစ္စည်း၊ ဖိုလ် ၄-ခုက ပစ္စယုပ္ပန်၊ နိဗ္ဗာန် ဖလသ အဓိပတိပစ္စယေန ပစ္စယော၊ ရှင်းရဲ့မဟုတ်လား (မှန်ပါ)။

ပြန်ကြည့်စမ်း၊ အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မသ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ-အရဟာ ဖလံ ဂရုံ ကတ္တာ ပစ္စဝေက္ခတိ၊ နိဗ္ဗာန် ဂရုံ ကတ္တာ ပစ္စဝေက္ခတိ၊ နိဗ္ဗာန် ဖလသ အဓိပတိပစ္စယေန ပစ္စယော-လို့ ဂရုံ ကတ္တာ ပါပေစေ ဟုတ်လား (မှန်ပါ)၊ နိဗ္ဗာန် ဖလသတော့ 'ဂရုံ ကတ္တာ' ထည့်ဖို့ မလိုဘူး၊ ရှေ့နှစ်ဝါကျတော့ ဂရုံ ကတ္တာ ထည့်ပေးရတယ်၊ ဦးဥဏ ဟောကြည့်စမ်း။

ဦးဥဏ။ ။တခေါက်ဟောသည်။

ဆရာတော်။ ။ဒါပါဘဲ လွယ်လွယ်ကလေးရယ်နော်။ ပြီးတော့ **အဗျာကတော ဓမ္မော** ကုသလသ ဓမ္မသတဲ့...၊ ကဲ ပစ္စယုပ္ပန်ကုသိုလ် ဘယ်အကြောင်းတွေမှာ ရှိသလဲ လိုက်ရှာပါ။ ပစ္စယုပ္ပန်မှာ ကုသိုလ်ရှိရာဆိုတော့ ၂-၃-၅- အကြောင်းတွေဘဲ၊ အဲဒါကို ဥဏာဏ်ထဲမှာ မြင်နေပါစေ။ ပြီးတော့ စာအုပ်ထဲမှာ ကြည့်ပေါ့။ နောင်တော့ အလွတ်ကို မြင်နေပေစေ။

ဒီတော့ ၂-နံပါတ်ရဲ့ ကုသိုလ်ပစ္စယုပ္ပန်မှာ ပစ္စည်းအဗျာကတရှိရဲ့လား (မရှိပါ)၊ မရှိလျှင် သူမရဘူးပေါ့။ လိုချင်တာက ဘာတုန်း ဗျာကု-ကို။ သူ့မှာ ရှိတာက ဘာတုန်း... ကု ကု မရဘူး။

ကဲ ဒါဖြင့် ၃-နံပါတ် ပစ္စယုပ္ပန်ကုသိုလ်ရဲ့ ပစ္စည်းအဗျာကတဟာ ဘာတဲ့တုန်း (အောက်ဖိုလ် ၃-ခု နိဗ္ဗာန်)၊ ၅-နံပါတ်ရဲ့ ပစ္စည်း အဗျာကတက ဘယ်သူလဲ (နိဗ္ဗာန်)၊ အဲဒီ ၂-ကြောင်းရတယ်။ ဘယ်သူတုန်း... ၃-နှင့် ၅။ ၃-ရဲ့ပစ္စည်းက အောက်ဖိုလ် ၃-ခု နိဗ္ဗာန်။ ပစ္စယုပ္ပန်က မဟာကုသိုလ် ဥဏာသမ္ပယုတ်စိတ် ၄-ခု၊ ကဲ... ဟောရအောင်။

အဗျာကတော ဓမ္မော ကုသလသ ဓမ္မသ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မ-ဏာဓိပတိ- သေက္ခာ ဖလံ ဂရုံ ကတ္တာ ပစ္စဝေက္ခန္တိ။

ဒီအချိန် ဘာရသတုန်း ပစ္စည်းတရားက အောက်ဖိုလ် ၃-ခု။ ပစ္စယုပ္ပန်က မဟာကုသိုလ် ဥဏာသမ္ပယုတ်စိတ် ၄-ခု။ သူ့တဝါကျနှင့် သူ့အရကောက် တခြားစီ... နော်။

နိဗ္ဗာန် ဂရုံ ကတ္တာ ပစ္စဝေက္ခန္တိ။ ပစ္စည်းက ဘာတုန်း... (နိဗ္ဗာန်)၊ ပစ္စယုပ္ပန်က (မဟာကုသိုလ် ဥဏာသမ္ပယုတ် ၄-ခု)၊ ရှင်းလို့ အရကောက်တွေက။

ပြီးတော့ သတိပြုနားထောင်စမ်း။ မနေ့က ဘုန်းကြီးပြောတယ် မဂ်ရမယ်လို့ဆိုလျှင် မဂ်၏ရှေ့နားမှာ သောတာပတ္တိမဂ်ဖြစ်လျှင် မဟာကုသိုလ်ဥဏ သမ္ပယုတ်စိတ် ၄-ခုကို

ဘာလုပ်ထားတယ်... (ဂေါတြဘူ လုပ်ထားပါတယ်)။ အထက်မဂ် ၃-ခုဖြစ်လျှင် ဝေါဒါန်။ အခု ပစ္စယုပ္ပန်ဖြစ်နေတာ မဟာကုသိုလ် ဉာဏသမ္ပယုတ် မဟုတ်လား... (မှန်ပါ)။

နိဗ္ဗာန် မနေ့က တခါပြောခဲ့တယ် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခုက အာရုံပြုတယ်ဆိုတာ၊ အမြဲတမ်းလား မေးတော့ အမြဲတမ်း မဟုတ်ဘူး ဆိုပြီး မနေ့က ပြောတယ် မဟုတ်လား (မှန်ပါ)၊ သာမညဖြစ်သော် မဟာကုသိုလ် ဉာဏသမ္ပယုတ်က နိဗ္ဗာန်ကို အာရုံမပြုနိုင်ဘူး။ ဘယ်အချိန်မှ ပြုနိုင်တယ်၊ ဂေါတြဘူ ဝေါဒါန်ကိစ္စတပ်မှ ပြုနိုင်တယ်၊ ဒီလိုပြောခဲ့တယ်။

ဒါကြောင့် အဲဒီ နံပါတ် ၃-အတန်းမှာဘဲ ကြည့်၊ နိဗ္ဗာနံ ဒါက ပစ္စည်း။ ပစ္စယုပ္ပန် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု။ ဂေါတြဘုဿ... သောတာပတ္တိမဂ်ရှေ့။ ဝေါဒါ-နဿ... ဒါက အထက်မဂ် ၃-ခု ရှေ့။ ဘာတဲ့တုန်း နိဗ္ဗာန်က ပစ္စည်း၊ ဂေါတြဘူ ဝေါဒါန်ကိစ္စတပ်တဲ့ မဟာကုသိုလ် ဉာဏသမ္ပယုတ်က ပစ္စယုပ္ပန်။

နံပါတ် ၅-သွားလိုက်စမ်း။ ဒီအတိုင်း နိဗ္ဗာန်က ပစ္စည်းဘဲ မဟုတ်လား (မှန်ပါ)။ ပစ္စယုပ္ပန်က ဘာတဲ့တုန်း မဂ်။ ပေါင်းလိုက် ဟိုကနဲ့ နိဗ္ဗာန်ပစ္စည်းတူနေတော့ နိဗ္ဗာနံ ဂေါတြတုဿ ဝေါဒါနဿ။ ၅-နံပါတ် ဘာတဲ့ မဂ္ဂဿ...။ ပစ္စည်းက တူလို့နော်...။ အဓိပတိ-ပစ္စယေန ပစ္စယော။ ဒါက ဘာတဲ့တုန်း၊ အဗျာကတော ကုသလဿအတွက် (မှန်ပါ)။

ပြန်ပြီး တခေါက် နားထောင်စမ်း... အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ- သေက္ခာ ဖလံ ဂရုံ ကတ္တာ ပစ္စဝေက္ခန္တိ၊ နိဗ္ဗာနံ ဂရုံ ကတ္တာ ပစ္စဝေက္ခန္တိ။ ဒါက တိုက်ရိုက်တွေ့တယ်နော်၊ ပြီးတော့ကော နိဗ္ဗာနံ... နံပါတ် ၃-မှာဘဲနော်...။ ဂေါတြဘုဿ ဝေါဒါနဿ၊ နံပါတ် ၅-သွား မဂ္ဂဿ အဓိပတि-ပစ္စယေန ပစ္စယော...။ **အဗျာကတော အဗျာကတဿ, အဗျာကတော ကုသလဿ** ၂-ချက်။

ဆရာတော်။ ။ဦးသုဇာတ ဟောစမ်း။

ဦးသုဇာတ။ ။**အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ**။ပ။ **အဓိပတိပစ္စယေန ပစ္စယော**။

ဆရာတော်။ ။ဒါက ၂-ချက်ပေါ့။ နောက်တချက်ကျန်သေးတယ်။ အားလုံးဟော ပြစမ်းပါ။

သံဃာတော်များ။ ။**အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ**။ပ။ **အဓိပတိပစ္စယေန ပစ္စယော**။

ဆရာတော်။ ။ပစ္စည်း ပစ္စယုပ္ပန် အခုဖြစ်တဲ့အတိုင်း ကောက်ရတယ်။ ကရိုဏ်းပါဠ် ထုတ်၊ ၃-ပစ္စည်းချည်းဘဲထုတ်၊ တပြိုင်နက် ၃-ပစ္စည်းထုတ် ဘယ်တော့မှ

> မမှားဘူး။ ဒါ အရကောက်မှာလဲ ဒီကိစ္စ ပြီးနေပြီ၊ ကောက်တဲ့အချိန်ကျတော့လဲ ဒီ ဇယားကလေးပြန်ကြည့်။ ဒီ ဇယားတင်မဟုတ်ပါဘူး၊ အားလုံး ဇယားတွေကို ဆိုပြီးပြီဆိုပြီး ဦးပဉ္စင်းတို့ ချောင်ထိုးမထားနှင့်၊ နောက်ဒါတွေ တခေါက်ပြန်လာမယ်။ တခါတလေ တခေါက်တောင် မဟုတ်ဘူး ၂-ခေါက်လောက်ပြန်မယ်။ ဒီတော့ မေ့ပစ်လို့ မရဘူး။ ပေးထားတဲ့နည်းတွေ ဇယားတွေကို မျက်စိထဲမှာ မြင်နေပေစေ။ ဘယ်လို အချိန်ကြည့်ကြည့် မှတ်မိပေစေ၊ သတိပြုပြီးတော့ လေ့လာအားထုတ်။

ပြီးတော့ အဗျာကတော အကုသလသာ တချက်ကျန်သေးတယ်။ ကဲ- ရှာစမ်းပါ အကုသိုလ် ပစ္စယုပ္ပန်ဘယ်မှာလဲ (၁-နံပါတ် အကြောင်းမှာပါ)၊ ပစ္စည်းအဗျာကတ ဘာတွေ့ ရသလဲလို့ မနေ့က တခါအကောက်ခိုင်းတယ်နော်၊ ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ-ရုပ်တရားထဲက၊ မှတ်ထားပြီးတော့ ပြန်ပြောမလို့၊ ပြီးတော့ကော... ဒုက္ခသဟဂုတ်ကာယ ဝိညာဉ်ကြဉ်သော လောကီဝိပါက်ဧကတိံသ ၃၁၊ ကြိယာစိတ် ဝီသ၊ ဒါဘဲ မဟုတ်လား။

အဲဒီတော့ ဒီအချိန်မှာ ဘာလုပ်ဖို့ လိုလာသလဲဆို နိပ္ဖန္နရုပ် ၁၈။ ၁၈-က ရှာရဦးမယ်၊ တလုံးချင်း တလုံးချင်း တပါးချင်း တပါးချင်း တမျိုးချင်းရှာပါ။ အဋ္ဌာရသဆိုရုံနှင့် ကျေနပ်လာခဲ့တာတွေ များလှပါပြီ၊ ပြီးတော့ အရှာခိုင်းတော့ မရဘူး။ ကဲ... ဒီနေ့ တွေ့အောင် ရှာရအောင် အဋ္ဌာရသဆိုတာ ဘယ်သူတွေလဲလို့။

ရုပ်ပိုင်း ရူပသမုဒ္ဒေသကြည့်၊ အဲဒီလို ဘုန်းကြီးက ပြောလိုက်လျှင် ရုပ်ပိုင်းပါဠိကလေးတွေကို လှမ်းမြင်ရတယ်။ ရူပသမုဒ္ဒေသ... ဟုတ်လား၊ နိဂုံးချုပ်ဘဲ ကြည့်ကြပါစို့၊ အရှင်အနုရုဒ္ဓါရေးထားတယ် နိပ္ဖန္နရုပ်တွေကို သတိပြုနားထောင်ကြစမ်းပါ။ ဒီနေရာ ဒါသုံးနေတယ်ဆိုတာ လေ့လာပါ။

> ဘူတပွသာဒဝိသယာ၊ ဘာဝေါ ဟဒယမိစ္စပိ။
> ဇီဝိတာဟာရရူပေဟိ၊ အဋ္ဌာရသဝိဓံ တထာ။

နိပ္ဖန္နရုပ်အဋ္ဌာရသတွေ့ပြီ မဟုတ်လား၊ ပြန်ကြည့်စမ်း နိပ္ဖန္နရုပ် ၁၈-ခုဆိုတာ ဘယ်သူလဲ ကိုယ့်ဟာကိုယ် မြန်မာလိုမှတ်ချင်လျှင် ဂါထာ စစခြင်း ဘူတတဲ့။ ဘာပြောတာလဲ... (မဟာဘုတ် ၄-ပါး)၊ ကျကျနန မှတ်ချင်လျှင် စဉ်ပြီး ရေးသွားပါ၊ ပြီးတော့ ပသာဒဆိုတာက ဘာတုန်း (ပသာဒရုပ် ၅-ပါး)။ မဟာဘုတ်က ၄-ပါးရပြီ။ ပသာဒရုပ် ၅-ပါး။ ပြီးတော့ ဝိသယရုပ်ခေါ်တဲ့ ဂေါစရရုပ်က အကျယ်ဖြန့်ယူတော့ ၇-ခု၊ အကျဉ်းယူတော့ ၄-ခု၊ မယူရသေးတာ ယူ။ ပြီးတော့ ဘာဝရုပ် ၂-ခု၊ ဟဒယရုပ် ၁-ခု၊ ဇီဝိတရုပ် ၁-ခု၊ အာဟာရ ရုပ်-၁၊ ပေါင်းလိုက်တော့ အဋ္ဌာရသ ၁၈-ခု ရှိတယ်တဲ့။

ဟုတ်-မဟုတ် ကိုယ့်ဟာကိုယ်လဲ လျှောက်ပြီး ပေါင်းကြည့်၊ တွက်ကြည့်ပေါ့။ တွက်ကြည့်ပါ မြင်အောင်ကြည့်ပါ။

အားထုတ်ရပါတယ်၊ ဒီလို အသေးစိတ်ကလေးတွေကို တရားတလုံးစီ မြင်မှ သင်ရတာ အရသာလဲ ရှိပါတယ်။

ပြန်ကြည့်စမ်းတခေါက် မဟာဘုတ် ၄-ပါး၊ ပသာဒရုပ် ၅-ပါး၊ ဝိသယရုပ် မရသေးတာယူ၍ ၄-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ် ၁-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ အာဟာရရုပ် ၁-ပါး၊ ပေါင်း နိပ္ဖန္နရုပ် ၁၈-ပါး။

မဟာဘုတ် အသာထားစမ်း။ ပသာဒရုပ် ၅-ခုဆိုတာ ဘယ်သူတုန်း စက္ခု သောတ ဃာန ဇိဝှါ ကာယ-ဉာဏ်ထဲမှာ မိနေပါစေ။

ဝိသယရုပ်ဆိုတာက ခုတင်တုန်းက မယူရသေးတာယူတော့ ၄-ပါး ဆိုတယ်။ ရှိနေမှာက ဘယ်သူလဲမေးလျှင် ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗတဲ့၊ ဖောဋ္ဌဗ္ဗက ဘယ်သူလဲလို့ မေးလျှင် အာပေါဓာတုဝိဝဇ္ဇိတံ ဘူတတ္ထယသခ်ါတံ ဖောဋ္ဌဗ္ဗ-အရှင်အနုရုဒ္ဓါက ဒီလိုဆိုတယ် မဟုတ်လား။

မဟာဘုတ် ၄-ပါးကို ခုတင်က ချန်ထားတယ်လေ။ အဲဒီ မဟာဘုတ် ၄-ပါးထဲမှာ အာပေါဓာတ်ကို ကြည့်ပါတဲ့။ ဒီတော့ ပထဝီ တေဇော ဝါယော-ခေါ်တဲ့ မဟာဘုတ် ၃-ပါးသည် ဖောဋ္ဌဗ္ဗရုပ်တဲ့။ တစုံတခု ပစ္စည်းဝတ္ထုနှင့် တွေ့တဲ့ထိတဲ့အခါမှာ တွေ့ထိလို့ရတယ် ဆိုတာက ဖောဋ္ဌဗ္ဗအနေနှင့် ပထဝီဓာတ်ကို တွေ့ထိလို့ရတယ်။ တေဇော ဝါယောကို တွေ့ထိလို့ရတယ်။ အာပေါဓာတ်ဟာ တွေ့ထိလို့ရတဲ့ ဖောဋ္ဌဗ္ဗထဲမှာ မပါဘူးဆိုတာ သတိထားရတယ်။ ကဲ ဒီတော့ မဟာဘုတ် ၄-ပါး ချန်ထားတဲ့အနက်က ၃-ပါးမှာ ဖောဋ္ဌဗ္ဗထဲ ပါသွားတယ်လို့ နားလည်ပါ။

နောင်အခါ အရကောက်နည်းအားဖြင့် ပါဠိတော်ကြည့်ပြီး ကောက်တဲ့အခါ သံသယကင်းအောင် ရှင်းအောင် ဒါကလေးတွေကို ဒီက ကြပ်ကြပ် သတိပြုပါ။ အာပေါဓာတ်တခု ကျန်တော့တယ်လို့ မှတ်ထားပါ။

ကုသလတိုက်နှင့် အာဓိမှာ မဟောတဲ့တရား

အာပေါတဲ့။ ဂ္ဂန္ဒြိယပစ္စည်းတုန်းက ဘုန်းကြီးပြောခဲ့တယ်။ ဘာဝ-လို့ခေါ်တဲ့ ဂ္ဂတ္ထိ ဘာဝရုပ် ပဋ္ဌာဝရုပ် ၂-ပါးကို ရုပ်၏အနေအားဖြင့် ပစ္စည်းထိုက်သင့်တဲ့နေရာမှာ ရှိနေကြသော်လည်း အခု ဒီမှာ အာဓိမှာ ပစ္စည်းဖြစ်နေပြီ မဟုတ်လား၊ ပါဠိတော်ဟောတဲ့အခါမှာ ဒီ အာပေါဓာတ်နှင့် ဘာဝရုပ် ၂-ပါးကို ကုသလတိုက်မှာ အမည်တပ်ပြီး မဟောဘူးလို့

ပြောထားခဲ့တယ်မဟုတ်လား။ ဒီမှာလဲ ဒီအတိုင်းဘဲ၊ ခုတင်က မဟာဘူတ် ၄-ပါးကဲ့ အာပေါကျန် ရစ်ခဲ့တယ်။ အခုတွေ့နေပြန်ပြီ၊ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ ခေါ်တဲ့ ဘာဝရုပ် ၂-ပါး မပါဘူးနော် ပါဠိတော်မပါဘူး။ မပါပေမဲ့ ပစ္စည်းတော့ ထိုက်တယ်။

ပြီးတော့ ဘယ်သူတုန်း ဟဒယဝတ္ထုရုပ်တဲ့၊ သူလဲဟောမှာဘဲ။ ပြီးတော့ ဇီဝိတရုပ်။ ဟောဒီ အာဓိမှာ သူလဲဘဲ နာမပုဒ်တပ်ပြီး ဟောမှာမဟုတ်ဘူး၊ ဘယ်တုန်းက ဟောသလဲ မေးလျှင် ဣန္ဒြိယပစ္စည်းတုန်းက ဇီဝိတရုပ်ကို ရူပဇီဝိတိန္ဒြိယံလို့ ဟောခဲ့တယ် မဟုတ်လား။ ဒီမှာတော့ သူ့ကို အမည်ထုတ်ပြီး မဟောဘူး။ သို့ပေမဲ့ အာရမ္မဏာဓိပတိပစ္စည်းဘဲ။

ထိုနည်းတူစွာ ကဗဠိကာရာဟာရခေါ်တဲ့ ဩဇာရုပ်၊ သူ့လဲဘဲ ဒီနေရာမှာထုတ်ပြီး ဟောမှာမဟုတ်ဘူး။ အာဟာရပစ္စည်းတုန်းကတော့ ဟောခဲ့ပြီမဟုတ်လား။ ဘယ်လိုဟော သတုန်း ကဗဠိကာရော အာဟာရောဆိုပြီး ဟောထားခဲ့တယ်။

ကဲ... ဒါဖြင့် သတိပြုစမ်း၊ ကုသလတိုက် တတိုက်လုံးမှာ အမည်မဖော်ဘဲ ဟောမည့်တရား- အာပေါ ဣတ္ထိဘာဝ ပုမ္ဘာဝ ၃-ပါး၊ ဒီနိပ္ဖန္နရုပ် ၁၈-ပါးထဲမှာ ပါနေပေမဲ့ အာရမ္မဏာဓိပတိမှာ ဒေသနာတော်တင်ပြီး မဟောတဲ့တရား ဘာတုန်းမေးလျှင် ရူပ်ဇီဝိတနှင့် အာဟာရ။ ရူပ်ဇီဝိတကို ဘယ်ပစ္စည်းမှာဟောခဲ့တယ် ဣန္ဒြိယပစ္စည်းမှာ ဟောပြီးပြီ။ အာဟာရကို အာဟာရပစ္စည်းတုန်းက ဟောခဲ့ပြီ။

ကဲ ဒါဖြင့် လက်ကျန်ဘယ်သူလဲလို့ကြည့်၊ ပသာဒရုပ် ၅-ခုလို့ ခေါ်တဲ့ စက္ခု သောတ ဃာန ဇိဝှါ ကာယ၊ ဂေါစရရုပ်ခေါ်တဲ့ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ၊ ပြီးတော့ ဟဒယဝတ္ထု၊ ပေါင်း ၁၈-ထဲက ၁၁-လုံးကျန်သေးတယ်။ အဲဒီတရားများကို ဒေသနာတော်တင်ပြီး မြတ်စွာဘုရားက ဟောလိမ့်မယ်။

သတိပြုနားထောင်စမ်း။ နည်းနည်း ရှေ့ဆက်ပြီး ပြောပေးဦးမယ်။ ဒေသနာတော်မှာ မပါပေမဲ့ ခုတင်က ပြောတဲ့ အာပေါဓာတ် ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ အာဟာရရုပ် ဇီဝိတရုပ် တွေဟာ ဒီနေရာမှာ ပစ္စည်းတရား မဟုတ်တော့ဘူးလား မေးလျှင် ဟုတ်ကြပါတယ်နော်။ ဘာဖြစ်လို့ မထည့်သလဲမေးလျှင် အာရမ္မဏ ပုရေဇာတများမှာတော့ အဌကထာက ပြတယ် 'သြဠာရိကဝသေနတဲ့=ကြမ်းတမ်းတဲ့ ထင်ရှားတဲ့ ရူပ်အနေအားဖြင့် သတ္တဝါများသိလွယ်အောင် ဟောနေတာလို့' ပြတယ်၊ စက္ခု သောတ ဃာန ဇိဝှါ ကာယဆိုလျှင် သိကြတယ်။ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗဆိုလျှင် သိလွယ်ကြတယ်။ အာပေါဓာတ်လို့ဆိုပြီး ဟောလိုက်လျှင် ဘယ်မှာလဲ အာပေါဓာတ်၊ ဘုန်းကြီးတို့မှာ ပြပေးဖို့ သိပ်မလွယ်ဘူး။

မိမိမှတပါး အခြားသော ပုဂ္ဂိုလ်တယောက်ကို 'ဟောတာ အာပေါဓာတ်ဘဲလို့'ဆိုပြီး လက်ဆုပ်လက်ကိုင် ပြစရာ မလွယ်လှဘူး။

တချို့က အာပေါဆိုတာ ရေကိုခေါ်တယ်လို့ ပြောတယ်။ ရေဟာ အာပေါဓာတ် မဟုတ်ဘူး၊ ရေနှင့် တခါ ဖွဲ့စည်းနေတတ်တဲ့ သဘောတရားတမျိုးဟာ အာပေါဓာတ်ဆိုပြီးတော့ အဲဒါကို မသိ သိအောင် မနည်းကြီး ကြံဖန်ပြောရတယ်၊ အင်မတန်သိမ်မွေ့ခြင်းကြောင့် သြဠာရိကဖြစ်တဲ့ သိလွယ်တဲ့ ပြောလို့နားလည်လွယ်တဲ့ တရားကို ထုတ်ဟောထားတာ။

ထိုနည်းတူစွာ ဂ္ဂတ္ထိဘာဝရုပ် ပုမ္ဘာဝရုပ် ဆိုတာလဲဘဲ ဂ္ဂတ္ထိဘာဝရုပ်ဆိုတာ ဘယ်ဟာလဲလို့မေးလျှင် ပြဖို့ မလွယ်ဘူးတဲ့။ သိအောင် တဖက်သား နားလည်အောင် ပြောဖို့ မလွယ်ဘူး။ ဋီကာကျော်များမှာတော့ ကျကျနန လေးမျိုးလောက် ခွဲပြထားတယ်။ အဲဒါတွေ ပြောနေလျှင် အချိန်များလိမ့်မယ်။ သင်ကြိုဟ်ချတဲ့အခါတော့ အတိအကျ ပြပေးမယ်။

အဲဒါကြောင့်မို့လို့ အာပေါဓာတ်တို့ ဘာဝရုပ်တို့သည် တဖက်သား နားလည်ဖို့ရာ မလွယ်ဘူး။ ဒါကြောင့် ဒေသနာမှာ တင်မထားဘဲနှင့် သြဠာရိကဖြစ်တဲ့ တရားများကိုသာ ထုတ်၍ ဟောထားပါတယ်။ ကျေနပ်ပါတော့ ဒါဟာ နိပ္ဖန္နရုပ် ၁၈-ခု ရှင်းပေးတယ်။ ဒေသနာတော်ပါမည့် ရုပ်တရား, ဒေသနာတော် မပါမည့် ရုပ်တရား ဒီလို ခွဲပေးနေတာ။

ပြီးတော့ ရှေ့ဆက်ပြီး နည်းနည်း သတိပြုစရာကောင်းတာက မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်သည် ဤပဋ္ဌာန်းကျမ်းမှာ ဟောတဲ့အခါ အများအားဖြင့် ဤ နိပ္ဖန္နရုပ် ၁၈-ခုကိုသာ ဟောတော်မူတယ်။ အနိပ္ဖန္နရုပ်ဆိုတာ ဘယ်လောက်ရှိသလဲ သင်ကြိုဟ်က (၁၀-ပါးရှိပါတယ်)။ **အဲဒီ အနိပ္ဖန္နရုပ် ၁၀-ပါးကို ဟောလေ့မရှိဘူးတဲ့။** သို့ပေမဲ့ ဦးပဉ္စင်းတို့ အာရမ္မဏသုဒ္ဓသင်္ဂြာမှာတော့ ရုပ်အဌဝိသပါတယ် မဟုတ်လား-မှတ်ထားပါ။

အနိပ္ဖန္နရုပ်ကို ဒေသနာတင် မဟော

ဘာဖြစ်လို့ နိပ္ဖန္နရုပ်တွေကို ဒေသနာတော်တင်တင်ဟောပြီး အနိပ္ဖန္နရုပ်တွေ ကျန်နေတာလဲလို့ မေးလျှင် အနိပ္ဖန္နရုပ်ဆိုတာ ဘယ်သူလဲလို့ ရှာရတယ်။ အဲဒီတော့ ခုတင်ကဂါထာဆုံးတော့ ဆက်ပြီးတော့ ရှာကြည့်စမ်း၊ အနိပ္ဖန္နရုပ် ၁၀-ခုဆိုတာ ဘာလဲ။

ပရိစ္ဆေဒေါ စ ဝိညတ္တိ၊ ဝိကာရော လက္ခဏန္တိ စ။
အနိပ္ဖန္နာ ဒသ စေတိ၊ အဌဝိသတိဝိဓံ ဘဝေ။

ဘာရုပ်တွေတဲ့တုန်း ပရိစ္ဆေဒရုပ်ကတမျိုး, ဝိညတ်ရုပ်က ၂-မျိုး, ဝိကာရရုပ်က ၃-မျိုး, လက္ခဏာရုပ်က ၄-မျိုး ပြည့်ရော မဟုတ်လား။ ၁၀-ပါးပြည့်လျှင် အဲဒါကလေးတွေ မှတ်ထားစမ်း။

အစဉ်အတိုင်း မေးကြည့်စမ်း။ ပရိစ္ဆေဒရုပ်ဆိုတာ ဘယ်သူ့ကို ခေါ်တာလဲ မေးတော့ အရှင်အနုရုဒ္ဓါက ဘယ့်နှယ် ဖြေသတုန်း- အာကာသဓာတု ပရိစ္ဆေဒရူပံ နာမ။ အာကာသ ဓာတ်ကို ပရိစ္ဆေဒရုပ်လို့ ခေါ်တာဆိုတော့ အာကာသဓာတ် ဘယ်မှာလဲလို့မေးလျှင် ဦးပဉ္စင်းတို့ ဘာကို ကောက်ကြမလဲ။ အာကာသဓာတ်လို့ခေါ်တဲ့ ပရိစ္ဆေဒရုပ်ဆိုတာ ဘယ်ဟာလဲလို့ မေးလျှင် လယ်တီဆရာတော်ဘုရားကြီးက 'ကလာပ်ခြားမှ အာကာသတည်း'–တဲ့။ ရူပ- ကလာပကျတော့ ရုပ်ကလာပ်တွေ ဖွဲ့ထားတယ် မဟုတ်လား။ အဲဒီ ကလာပ်တွေဟာ တစည်းနှင့် တစည်း မရောယှက်နိုင်အောင် ပိုင်းခြားထားတာကလေးကို ဘာခေါ်တယ်။ ပရိစ္ဆေဒရုပ်ခေါ်တဲ့ အာကာသဓာတ်ဘဲတဲ့။ အကောင်အထည်မရှိဘူး။ အာကာသဓာတု ပရိစ္ဆေဒရူပံ နာမ။

ဥပမာ-လက် ၅-ချောင်း ထောင်ပြီးကြည့်တဲ့အခါမှာ အကြား ၄-ခု မရှိဘူးလား။ အဲဒီ အကြား ၄-ခုဟာ အာကာသဓာတ်ဘဲ။

အဲဒီ အာကာသဓာတ်ကို သူ့ကို ဘာဖြစ်လို့ အာကာသဓာတ် ခေါ်သလဲလို့ တခါ ဆက်ပြီး စဉ်းစားလျှင် "နု ကဿတီတိ အာကာသော=ရေးခြစ်လို့ မထင်သောကြောင့် ကောင်းကင်"တဲ့။ ရေးကြည့်ပါလား ခဲတံတချောင်းနှင့် ကောင်းကင်လှည့်ပြီး ဘာတွေထင် မလဲလို့။ နု ကဿတီတိ အကာသော။ အကာသော ယေဝ အာကာသော=ရေးလို့, ခြစ်လို့ မထင်တဲ့နေရာဟာ အာကာသဘဲ။ ဘာပြောမလဲ။ အဲဒီ အကောင်အထည် ရှာမရဘူး။ ရှာမရလို့ မြတ်စွာဘုရားက ဒီမှာ ဒေသနာတော်တင်ပြီး မဟောဘူးလို့ ပြောနေတယ်။

ပြီးတော့ ဘာတုန်း-ဝိညတ္တိ။ ဝိညတ္တိဆိုတာ ဘယ်သူတုန်း-ကာယဝိညတ် ဝစီဝိညတ်။ ကာယဝိညတ်ဆိုတာ ဘယ်သူလဲ မေးလျှင် ခန္ဓာကိုယ်ကြီးရဲ့ လှုပ်ရှားမှုဖြင့် သိစေခြင်းကို ကာယဝိညတ်၊ နှုတ်ဖြင့် ပြောဆိုသိစေမှုသည် ဘာခေါ်တယ် (ဝစီဝိညတ်)။

ဝိညတ်ရုပ် နှစ်ခုခေါ်တယ်။ ဝိညတ်ဆိုတာ ဘာခေါ်တာလဲ မေးလျှင် ဝိညာပနံ ဝိညတ္တိ။ ဝိညာပနံ=တဖက်သားကို သိစေခြင်း။ ဝိညတ္တိ=သိစေခြင်း။ ဥပမာ တူရူရှိတဲ့ လူတယောက်ကို ပါးစပ်နှင့်မခေါ်ဘဲနှင့် လက်ကလေး (ရမ်းပြီး) ခေါင်းညိတ်ပြလိုက်လျှင် ဟိုလူက ဘယ်လိုသိမလဲ။ အင်း... သူ့ဆီကို ငါလာစေချင်လို့ဘဲလို့ မသိပေဘူးလား။ အဲဒါ ကာယဝိညတ်နှင့် ခေါ်တာ။ ခွေးတကောင်ပြေးလာ... ဒီက တုတ်နှင့်ဆီးပြီး ရွယ်ထားတော့ ခွေးက ရှေ့ကို မတိုးဘူး။ ခွေးက ဘယ်လိုသိသလဲ၊ အနားသွားလျှင် ငါ့ကို ဆီးပြီးတော့ တုတ်နှင့် နှံ့လိမ့်မယ်လို့ သိတော့ မလာဘူး။ ကာယ=ကိုယ်နှင့် + ဝိညတ်=သိစေတယ်။

ဒီလိုမှ မဟုတ်လို့ရှိလျှင်လဲ ဝစီနှုတ်နှင့် လာဦး သွားဦး စားဦး သောက်ဦး နေဦး ထိုင်ဦး-ဆိုတာ နှုတ်ဖြင့် သိစေတဲ့ ဝစီဝိညတ် မဟုတ်လား။ သူ့မှာကော အကောင်အထည်

ရှာကြည့်လျှင် တွေ့ရဲ့လား မရဘူးနော်။ ရုပ်တရားကြီးရဲ့ ဖောက်ပြန်နေတဲ့ အမူအရာတမျိုး ဘဲတဲ့။ ဒါကြောင့် **အကောင်အထည်မရှိသောကြောင့်** သူ့ကို ဒေသနာတော်တင်ပြီး မဟော ဘူးတဲ့။

ထိုနည်းတူစွာ နောက် ရုပ် ၃-ခု ဘယ်သူတဲ့တုန်း (ဝိကာရရူပ်)။ ဘယ်သူတဲ့တုန်း ရူပသ လဟုတာ မုဒုတာ ကမ္မညတာတဲ့။ လဟုတာက ပေါ့ပါးတာ။ မုဒုတာက နူးညံ့တာ။ ကမ္မညတာဆိုတာက **အမှုဋ္ဌ ကောင်းသောအဖြစ်ကိုဆိုတာ ခိုင်းတိုင်းရတာ** ပြောတာနော်။

အဲဒါ ဘယ်လိုဘယ်သဘာဝတွေကို ပြောတာလဲမေးလျှင် ရှေ့နားက ရူပသလို့ ခံထားတယ် မဟုတ်လား။ ရူပသ=နိပ္ဖန္နရုပ် ၁၈-ခု၏။ လဟုတာ=ပေါ့သောအဖြစ်။ မုဒုတာ=နူးညံ့သောအဖြစ်။ ကမ္မညတာ=**အမှုကိစ္စဟူသမျှဋ္ဌ လိုတိုင်းရစေတတ်တဲ့ အဖြစ်**ဆိုတော့ သူ့မှာကော သီးသီးသန့်သန့် အကောင်အထည်ရှိရဲ့လား။ နိပ္ဖန္နရုပ် ၁၈-ခုရဲ့ အမူအရာကလေးဘဲ မဟုတ်လား (မှန်ပါ)။ ဒါကြောင့် သူ့ကိုလဲ ဒေသနာတော်တင်ပြီးတော့ မဟောဘူးတဲ့။

နားလည်အောင် နားထောင်ကြ၊ ပြီးတော့ ဘာတုန်း-လက္ခဏာရုပ် ၄-ခု မဟုတ်လား၊ ဘာတဲ့တုန်း - ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ။ ဗဟုသုတလဲ ရကြပါစေလို့ အဓိပ္ပါယ်ကလေးတွေ ပြောပေးနေတာ၊ ကျက်သင့်ကျက်ထိုက်တဲ့ သုဒ္ဓသခ်ၤာလဲ ကျက်နိုင်ပါစေလို့ အဓိပ္ပါယ်ကလေးတွေ ပြောနေတာ၊ နေရာနှင့်လဲ တိုင်ဆိုင်လာတယ်၊ ဒါကြောင့် ပြောပေးနေတယ်။ ဒို့တော့ ချောင်လှချည့်ရဲ့ဆိုပြီး မနေနဲ့၊ သုဒ္ဓသခ်ၤာ ကြိုးစားကျက်ကြမှ။

ပြန်ပြီး စဉ်းစားစမ်း လက္ခဏာရုပ် ၄-ခုကို၊ ရူပသ=နိပ္ဖန္နရုပ် ၁၈-ခု၏။ ဥပစယော=ဖြစ်စ။ သန္တတိ=ဖြစ်စဉ်၊ ဇရတာ=ရင့်ဆဲ။ အနိစ္စတာ=ပျက်ဆဲ။

ဘယ်မှာလဲ တရားကိုယ်ရှာစမ်း၊ နိပ္ဖန္နရုပ် ၁၈-ခု၏ သဘောတွေဘဲ မဟုတ်လား။ သူ့မှာကော အကောင်အထည်ရှာလို့ ရရဲ့လား မရဘူး။ ဥပစယ, သန္တတိ ၂-မျိုးကို "ဇာတိ-ရူပမေဝ ပနေတ္ထ"ဆိုပြီး အရှင်အနုရုဒ္ဓါ ပြခဲ့တယ်။ ဇာတိ တရား, ဇရာတရား, မရဏာတရားလို့ ဒီလို ၃-မျိုးဘဲ။

စဖြစ်ခြင်းကို ဥပစယခေါ်တယ်၊ နောက်ဆက်ဖြစ်တာကို သန္တတိခေါ်တယ်လို့ ရှေးဆရာတော်ကြီးတွေ မိန့်တော်မူကြတယ်။ ထားပါတော့ ဒီနေရာရဲ့ အရာမဟုတ်ဘူး။ လျှောက်ပြီးတော့ပြောတော့ ဒါကလေးတွေက အစပေါ်လာလို့ပြောတာ။

ဒီတော့ နိပ္ဖန္နရုပ် အဌာရသကိုတော့ ဒေသနာတော်တင်တယ်။ အနိပ္ဖန္န ၁၀-ခုကိုတော့ ဒေသနာတော်မတင်တာ ဘာဖြစ်လို့လဲမေးလျှင် သတိနှင့် နားထောင်စမ်း။ ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရား ၄-ပါးကြောင့်ဖြစ်တဲ့ ရုပ်များလဲ မဟုတ်ကြ။ ကံကြောင့်ဖြစ်တဲ့ ရုပ်လဲ မဟုတ်ဘူးနော်။ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်လဲ မဟုတ်ဘူး။

ဥတုကြောင့်ဖြစ်တဲ့ ရုပ်လဲ မဟုတ်။ အာဟာရကြောင့်ဖြစ်တဲ့ ရုပ်လဲမဟုတ်။ ကိုယ်တိုင်ကိုယ်ကျ သဘာဝဝတ္ထုတခုမှလဲ မရှိကြဘူး။

ဒါကြောင့် ဆရာတော်အချို့က ဘာပြောသတုန်း– နိပ္ဖန္နရုပ် အဌာရသသည် ရုပ်အစစ်၊ အနိပ္ဖန္နရုပ် ၁၀-ခုသည် ရုပ်အတု၊ ရုပ်အစစ် မဟုတ်ဘူးတဲ့၊ အတုတွေတဲ့။ ဒါကြောင့် ရုပ်အစစ်, အတု ခွဲပြပါဆိုလျှင် အဲဒါဘဲ။

တနည်း ပရမတ္ထအတု,အစစ် ယူပြန်လျှင်လဲ ၎င်းနိပ္ဖန္နရုပ် အဌာရသသည် **ပရမတ်အစစ်**၊ အနိပ္ဖန္နရုပ် ၁၀-ခုသည် **ပရမတ်အတု**။

ပြောရင်း တိုက်ဆိုင်လာလို့ လျှောက်ပြောနေတယ်။ အချိန်က အတော်ဖြုန်းတယ်။

ခုတင်ကပြောတဲ့ ဣဌနိပ္ဖန္နရုပ် အဌာရသဆိုတာမှာ ဘာကြောင့် နိပ္ဖန္နရုပ်ခေါ်သလဲ။ နိပ္ဖန္နထောက်ပြီး အနိပ္ဖန္နဖြစ်နေရတော့ အနိပ္ဖန္နရုပ်ဆိုတာ ဘယ်လိုဟာမျိုးတွေလဲလို့ မေးတော့ သူ့ကို ဖြေစရာ လွယ်လွယ်ကလေး။ လယ်တီဆရာတော်ဘုရားကြီးက သတိပြုလိုက်စမ်း-

"ကြောင်းစတုကြောင့်၊ ဖြစ်မှုပေါလော၊ သဘောသီးသီး၊ ကိုယ်စီပြီး၊ ရုပ်ပြီးနိပ္ဖန္န" တဲ့—

လယ်တီဆရာတော်ကြီး ရေးခဲ့တယ်။ ကြောင်းစတုကြောင့်၊ ဖြစ်မှုပေါလော၊ ပေါလောဆိုတာ ထင်ထင်ရှားရှားပေါ့။ သဘောသီးသီး၊ ကိုယ်စီပြီး-နားလည်တယ်နော်၊ ရုပ်ကြီး နိပ္ဖန္န။

နိပ္ဖန္နရုပ် ၁၈-ခုသည် ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးကြောင့် ဖြစ်တဲ့ရုပ်တွေတဲ့။ ကြောင်းစတုကြောင့်၊ ဖြစ်မှုပေါလော ဟုတ်လား။

သဘောသီးသီးဆိုတာ ရုပ်တရားတစ်ခုခုမှာ သူတို့နှင့်ဆိုင်တဲ့ သဘာဝသတ္တိတွေ တမျိုးစီ တမျိုးစီ အသီးသီး ရှိကြတယ်။

ခုတင်ကပြောခဲ့တဲ့ အနိပ္ဖန္နရုပ် ၁၀-ခုမှာ ဒီလို သတ္တိမရှိဘူး။

အဗျာကတော အကုသလသ

ဒီအဓိပ္ပါယ်တွေ အဲဒီတွင်ထားပြီးတော့ မူရင်းကို ပြန်စဉ်းစားစမ်း၊ အလေးအမြတ်ပြုအပ်သော ဣဌဖြစ်သော နိပ္ဖန္နရုပ် အဌာရသ၊ ဒေသနာတော်တင်ချင်လို့ ဒီလိုမဟုတ်လား။ ဘာတွေတွေ့သလဲ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ ၅-မျိုး။ ပြီးတော့ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ ၅-မျိုး၊ ပြီးတော့ ဟဒယဝတ္ထုတမျိုး၊ ဒါကလေး ဖော်ထုတ်ရင်းက ထွက်လာတာနော်။

ကဲ ဒါဖြင့် ဟောကြစို့။ ပစ္စည်းတရားကို သူတို့ဘဲလို့သိ၊ ပစ္စယုပ္ပန်က လောဘမူစိတ် ၈-ခု။

အဗျာကတော ဓမ္မော အကုသလသဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ။

ပစ္စည်းတရားက နိပ္ဖန္နရုပ်မှာ စက္ခုဆိုတာ စပြီးမဖြစ်ဘူးလား။ စက္ခု-ပစ္စည်းတရား ဖြစ်ကရောနော်။ ပစ္စယုပ္ပန် လောဘမူသွားရမယ် မဟုတ်လား၊ စက္ခု ဂရုံ ကတ္တာ အဿာ-ဒေတိ အဘိနန္ဒတိ၊ တံ ဂရုံ ကတ္တာ ရာဂေါ ဥပ္ပဇ္ဇတိ။ ပြီးရော မဟုတ်လား။ စက္ခုအတွက် ဒီအချိန်မှာ အရကောက်လျှင် ပစ္စည်းက (စက္ခုပသာဒရုပ်)။ ပစ္စယုပ္ပန်က (လောဘမူစိတ် ၈-ခု)၊ နောက်ကျန်တဲ့ရုပ်တွေလဲ တခုစီ ဒီအတိုင်းဆက်ပြီး ဟောရဦးမယ်။

ဒီတော့ သောတံ ဂရုံ ကတ္တာ, ဃာနံ ဂရုံ ကတ္တာနှင့် မဟောပါနှင့်တော့ ပေါင်းလိုက်ကြပါစို့။ ပြီးလွယ်အောင် အချိန်တိုတိုနှင့် ပေါင်းရအောင် သတိပြုစမ်း။

သောတံ, ဃာနံ, ဇိဝှံ, ကာယံ, ရူပေ, သဒ္ဒေ, ဂန္ဓေ, ရသေ, ဖောဋ္ဌဗ္ဗေ။ ဟဒယဝတ္ထု လိုသေးတယ် မဟုတ်လား၊ ဝတ္ထုတဲ့။ ရုပ်တရားတွေ ကုန်ရော။

နာမ် အဗျာကတက ဝိပါက်ကြိယာတွေ မရှိဘူးလား။ ဝိပါကာဗျာကတေ ကိရိယာ-ဗျာကတေ ခန္ဓေ။ အဗျာကတပစ္စည်း မကုန်သေးဘူးလား။

ပြန်နားထောင်လိုက်စမ်း၊ သောတံ ဃာနံ (ပ) ကိရိယာဗျာကတေ ခန္ဓေ ဂရုံ ကတ္တာ အဿာဒေတိ အဘိနန္ဒတိ။ တံ ဂရုံ ကတ္တာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ ဆိုတော့ ၇-ချက် ပြည့်ပါရော။ ဦဉာဏဝရ ဟောစမ်း။

ဦးဉာဏဝရ။ ။အဗျာကတော ဓမ္မော (ပ) ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။

ဆရာတော်။ ။အာရမ္မဏာဓိပတိ ပါဠိတော်ကုန်သွားပါပြီ။ အားလုံး ကုသလော ကုသလဿက စပြီးတော့ ရတဲ့ပုဂ္ဂိုလ်များက စောင့်ပြီးတော့ ဖြည်းဖြည်း ရွတ်စမ်းပါ။ ဦးပဉ္စင်းတို့လဲ စာကျေ ကုသိုလ်ရ၊ ဘုန်းကြီးလဲ ခဏနားချင်လို့။

သံယာတော်များ။ ။တခေါက်ရွတ်ဆိုတော်မူကြသည်။

အဓိပတိ ၂-မျိုးပေါင်း ဟောပုံ

ဆရာတော်။ ။အာရမ္မဏာဓိပတိ ကုန်သွားရော။ ကုန်သွားတော့ ဦးပဉ္စင်းတို့ ပြန်ပြီးတော့ ပေါင်းစပ်ပြဦးမယ်။ အာရမ္မဏာဓိပတိနှင့် သဟဇာတာဓိပတိနော်။ စဉ်းစဉ်းစားစားကလေး နားထောင်။ ပေါင်းပြီးတော့ ရေးထားတဲ့ အကွက်ကလေးလဲ ကြည့်တော့ ကြည့်တတ်ပါတယ်။

အာရမ္မဏာဓိပတိကလဲ သခ်္ခါ သတ္တာဘဲ။ သဟဇာတာဓိပတိကလဲ သတ္တာဘဲ မဟုတ်လား။ ဟိုက သတ္တာ, ဒီက သတ္တာ၊ ဟိုက ၇၊ ဒီက ၇။ ပေါင်းတော့ ၁၄-လို့ မဖြစ်စေနဲ့ သဘောတူရာတွေ ပေါင်းသွားလိမ့်မယ်။ သတိပြုနားထောင်စမ်း။

သဟဇာတာဓိပတိမှာ ကုသလပဒ ၃-ချက်က ဘယ်သူတုန်း။ ကုကု, ကုဗျာ, ကုကုဗျာ လို့ ၃-ချက်မရှိဘူးလား။ အာရမ္မဏာဓိပတိကျတော့ ကု ကု, ကု အကု, ကု ဗျာ-လို့ ၃-ချက်ရလို့ ၃-ချက်ချင်းတော့ တူတယ်။ သခ်္ခါခွဲပုံချင်း မတူဘူး။ ဒီတော့ သခ်္ခါမတူတော့ ၄-ချက် ဖြစ်နေတာပေါ့။ ကုသလော ကုသလသဿလဲ ရတယ်, ကုသလော အကုသလသဿလဲ ရတယ်, ကုသလော အဗျာကတသဿလဲ ရတယ်, ကုသလော ကုသလာဗျာကတသဿလို့လဲ ရတယ်။

နံပါတ် ၁-ကုသလော ကုသလသဿဆိုလျှင် အခု ဦးပဠင်းတို့ဟောတဲ့ အာရမ္မဏာ-ဓိပတိမှာကော မပါဘူးလား (ပါပါတယ်)။ သဟဇာတာဓိပတိမှာကော (ပါပါတယ်)။ ဒါဘဲ ၂-မျိုး ဟောရတယ်နော်။

ကုသလော အကုသလသဿ ဆိုတော့ အာရမ္မဏာဓိပတိမှာသာ ရှိတယ်။ သဟာဓိမှာ ရှိရဲ့လား (မရှိပါ)။

သတိပြုနားထောင်နော်။ ကုသလော အဗျာကတသဿ ဆိုလျှင် အာဓိကလဲရှိ။ သဟာဓိကကော (ရှိပါတယ်)။

နံပါတ် ၄၊ ကုသလော ကုသလာဗျာကတသဿ ဆိုတော့ အာဓိရသေးရဲ့လား (မရပါ)။ ဘာတင်ရှိသလဲ (သဟာဓိဘဲရှိပါတယ်)။ အဲဒါကို ဟောရမယ် ၂-ခုစလုံး ပေါင်းပြီးတော့ ၄-ချက်နော်။ ဘုန်းကြီး သာမန်ဟောပြမယ်။

ကုသလော ဓမ္မော ကုသလသဿ ဓမ္မသ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာ-ဓိပတိ သဟဇာတာဓိပတိ မာတိကာထုတ်ပါနော်။ အာရမ္မဏာဓိပတိ ဒါနဲ့ ဒတွာ သီလ်သမာဒိယိတွာ ခုတင်က ဦးပဠင်းတို့ ဟောတဲ့အတိုင်း ဆက်ဟော။

သူကုန်သွားတော့ ဘာတဲ့တုန်း။ သဟဇာတာဓိပတိ ကုသလာဓိပတိ၊ သဟဇာတာ-ဓိပတိဆိုတာ မာတိကာဖော်တာဘဲ။ သဟဇာတာဓိပတိ ကုသလာဓိပတိ သမ္မယုတ္တကာနဲ့ ခန္ဓာနဲ့ အဓိပတိပစ္စယေန ပစ္စယော။ ဒီလိုမဟုတ်လား။ ဒါက ဘယ်မှာတုန်း။ ကုသလော ကုသလသဿမှာ ၂-မျိုးနော်။

ကုသလော အကုသလသဿမှာ အာရမ္မဏာဓိပတိ ဆိုတော့ ခုတင်က အတိုင်းပေါ့ ဟုတ်လား။

ကုသလော အဗျာကတသ ၂-မျိုး ရှိတယ်မဟုတ်လား။ ကုသလော ဓမ္မော အဗျာ-ကတသ ဓမ္မသ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိနှင့် ဒီလိုဆက်သွားနော်။ ၂-မျိုးဘဲ မဟုတ်လား။ အာရမ္မဏာဓိပတိ သဟဇာတာဓိပတိ။ အာရမ္မဏာဓိပတိ အရဟာ မဂ္ဂါ ဝုဋ္ဌဟိတ္တာ မဂ္ဂံ ဂရုံ ကတ္တာ မဂ္ဂံ ပစ္စဝေက္ခတိဆိုတော့ သူကပြီးရော မဟုတ်လား။

သဟဇာတာဓိပတိ ကုသလာဓိပတိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ ကုဗျာဘဲနော်။

ပြီးတော့ နံပါတ် ၄၊ ကု-ကုဗျာကျတော့ အာဓိလိုက်ကဲ့လား (မလိုက်ပါ)။ ကုသလော ဓမ္မော ကုသလသ စ အဗျာကတသ စ ဓမ္မသ အဓိပတိပစ္စယေန ပစ္စယော။ သဟဇာတာ ဓိပတိ-ကုသလာဓိပတိ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယောလို့ ကု ၄-ချက်ဟုတ်လား။ ကဲ ဦးသူရိယ ဟောစမ်းပါ။

ဦးသူရိယ။ ။တခေါက်ဟောသည်။

ဆရာတော်။ ။အဲဒါ ကု ၄-ချက်ဘဲ။ အားလုံးတခေါက်ပြန်ဟောကြစမ်း။

သံယာတော်များ။ ။တခေါက်ဟောကြသည်။

ဆရာတော်။ ။ကု-က ၄-ချက်ရတယ်နော်

အကု ၃-ချက်က အာဓိက တချက်ဘဲရှိတာ မဟုတ်လား။ ဖြည်းဖြည်း ဖြည်းဖြည်း ဟောပါ။ ကိုယ်ပြီးပြန်လဲ နောက်က အသံနားထောင်ပြီးမှ ရှေ့ကို ဆက်ရတယ်။ တဖြည်းဖြည်းနှင့် တယောက်ကို တယောက်မီအောင်လိုက်တာ နှင့် တော်တော်နေတော့ ဘုန်းကြီး ၂-ပါး နောက်က ကျောင်းသားတွေက မြှောက်ပေးတာနှင့် ခါးတောင်းကျိုက်ပြီး ပြေးရဆိုတာလို ဖြစ်နေမယ်။ ငါ့ဘုန်းကြီးက ခြေတလှမ်း သာတယ်ကွ, မင်းဘုန်းကြီးက နှေးတယ်ကွနှင့် ကျောင်းသားတွေက နောက်က မသိမသာ မြှောက်ပေး ရှေ့က ဘုန်းကြီးတွေက တဖြည်းဖြည်း လှမ်းရာက ကြာတော့ မနိုင်ပုံပေါ်တော့ သင်းပိုင်ကလေး ခါးတောင်းကျိုက်ပြီး ပြေးရရောတဲ့။ ပြေးတော့ ဘယ်မှာ ကြည့်ကောင်းတော့ မလဲ။ ဦးပဉ္စင်းတို့လဲ မြန်လွန်းအားကြီးတော့ နားထောင်မကောင်းဘူး။ ဖြည်းဖြည်းကလေး ဟောရတယ်။

အကု ၃-ထဲက ၁-မှာ အကုသလော ဓမ္မော အကုသလသ ဓမ္မသ အဓိပတि-ပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ သဟဇာတာဓိပတိ။ အာရမ္မဏာဓိပတိ ရာဂံ ဂရုံ ကတ္တာ အဿာဒေတိ စသည်ဟုတ်လား။ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ ထိအောင်ဘဲ ပြီးရောမဟုတ်လား။

ကျန်တာက ဘာတုန်း။ သဟဇာတာဓိပတိ-အကုသလာဓိပတိ သမ္မယုတ္တကာနံ ခန္ဓာနံ အဓိပတိပစ္စယေန ပစ္စယော။ ဒီလိုနော်။

ပြီးတော့ အကု-ဗျာ, အကု-အကုဗျာ ၂-ချက်စလုံး သဟာဓိဘဲ မဟုတ်လား။

အကုသလော ဓမ္မော အဗျာကတသဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ သဟဇာတာဓိပတိ အကုသလာဓိပတိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော-ဘဲ။ နောက်တချက်လဲ ဒီအတိုင်းဘဲ။ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံလို့ ဟောပေါ့နော်။ လွယ်သားဘဲ အားလုံးဟောကြစမ်းပါ ၃-ချက်။

သံယာတော်များ။ ။တခေါက်ဟောကြသည်။

ဆရာတော်။ ။ကုသလပဒက ပဒါဝသာန ၄-ချက်, အကုသလပဒက ၃-ချက် ထွက်တော့ ၇-ချက်ရပြီလို့ မှတ်ထားနော်။ ပြီးတော့ ဗျာပဒတွေလာတော့ ဗျာ-ဗျာ, ဗျာ-ကု, ဗျာ-အကု သတိပြုနားထောင် ဟောရအောင်လို့။ အဗျာကတော အဗျာကတသဿ တချက်မှာသာ အာဓိ, သဟာဓိ ရှိတယ်မဟုတ်လား။ ဗျာ-ကု နှင့် ဗျာ-အကုက ခုတင်က ဦးပဉ္စင်းတို့ ဟောထားတဲ့ အာဓိချည်းဘဲ မဟုတ်လား။

အဗျာကတော ဓမ္မော အဗျာကတသဿ ဓမ္မဿ အဓိပတိပစ္စယေန ပစ္စယော။ အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ။ အာရမ္မဏာဓိပတိ အရဟာ နိဗ္ဗာနံ ဂရုံ ကတ္တာ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ဂရုံ ကတ္တာ ပစ္စဝေက္ခတိ။ နိဗ္ဗာနံ ဖလဿ အဓိပတိပစ္စယေန ပစ္စယော-လို့ အခုတင်ကလေးကဘဲ ဟောပြီးတယ်နော်။

ပြီးတော့ သဟဇာတာဓိပတိ – ဝိပါကာဗျာကတ ကိရိယာဗျာကတာဓိပတိ သမ္မယုတ္တာကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။ ပဋ္ဌာသန္ဓိကွဏော လို့ မရှိဘူးနော်။ ပြီးတော့ ဗျာ-ကု၊ ဗျာ-အကု ဆက်ဟောပါ။ ကဲ အားလုံးဖြည်းဖြည်း ဟောကြစမ်းပါ။

သံယာတော်များ။ ။တခေါက် ဟောကြသည်။

ဆရာတော်။ ။အဓိပတိပါဠိတော်ကုန်ရော။ တနည်း နောက်ပိုင်းမှာ နည်းနည်းကလေး ပြန်ပြောမလို့။ တနည်းပြောလျှင် အငယ် ၇-ပစ္စည်း ဒီနေ့ အပြီးသတ်သွားပြီ။ အငယ် ၇-ပစ္စည်းဆိုတာ ဘယ်သူလဲ။ ဟေ-ဓိ-ကံ-ဟာ-ဏ္ဍ-စျာ-မဂ်-

ဟုတ်လား (မှန်ပါ)။ အဲဒီလိုဟာကလေးတွေ နှုတ်ထဲ ရမိကြပါစေ။ ခေါ်ထားရတယ်၊ မခေါ်လျှင် နာမည်တွေ ပျောက်ကုန်ရော။

ဟေတုပစ္စည်းသည် ဟိုနေ့က တခါပြောတယ်၊ မျိုးကွဲမရှိ သုဒ္ဓသဟဇာတ။ အဓိပတိပစ္စည်းသည် အာရမ္မဏာဓိပတိ, သဟဇာတာဓိပတိဟု ၂-မျိုး ရှိ၏။ ပြန်ပြောတာနော် ပြီးပြီးသား။

ကမ္မပစ္စည်းသည် အကျဉ်းအားဖြင့် သဟဇာတကမ္မ, နာနာက္ခဏိကကမ္မလို့ ၂-မျိုး၊ အကျယ်ဝေဖန်ခဲ့လျှင် နာနာက္ခဏိကကမ္မသည် **အနန္တရကမ္မ, ဗလဝကမ္မ, ဗလဝဒုဗ္ဗလကမ္မ**-လို့ ၃-မျိုးရှိတော့ အားလုံး ကမ္မ ၄-မျိုး။ နောင်ကျတော့ ဒါကလေးတွေ ဇယားကလေးတွေနှင့် တန်းလို့ တွေ့လိမ့်မယ်။

ထို့အတူ အာဟာရသည် ရူပ်အာဟာရ နာမ်အာဟာရလို့ ၂-မျိုး။ ဣန္ဒြေယသည် သဟတိုံ, ပုတိုံ, ရူပတိုံ -ဟု ၃-မျိုး။ စျာန, မဂ္ဂသည် သုဒ္ဓသဟဇာတ မျိုးကွဲမရှိဘူး။ ဒါက မျိုး၏ အစွမ်းအားဖြင့် ပြောတာ။

သင်္ခ်ာ၏ အစွမ်းအားဖြင့်ကြည့်လျှင် အခုပြောနေတဲ့ ဟောနေတဲ့ အဓိပတိမှတပါး ၆-ပစ္စည်းမှာ သတ္တာချည်းထွက်တယ်၊ မျိုးကွဲလာပေမဲ့။ ဟေတုယာ သတ္တာ, ကမ္မေ သတ္တာ, အာဟာရေ သတ္တာ, ဣန္ဒြေယေ သတ္တာ, စျာနေ သတ္တာ, မဂ္ဂေ သတ္တာ-လို့ သင်္ခ်ာဝါရကျတော့ ဒီအတိုင်းဟောမယ်။ အဲဒီ သတ္တာတွေဟာ ဘာတွေလဲမေးလျှင် ဒို့ အခုဟောထားတဲ့ ၇-ချက်ဘဲလို့ နားလည်နော်။

အဓိပတိကျတော့ ၁၀-ချက်ဖြစ်နေတော့ အဓိပတိယာ ဒသတဲ့၊ ၁၀-ချက်နော်။ သတ္တာမဟုတ်ဘူး။ အခုကတည်းက နားလည်ထားပါ။

သဟကြီးသုဒ္ဓသင်္ခ်ာ

အဲဒါ အဂယ်ပစ္စည်း ပြီးတော့ ဒီနေ့ သဟကြီး နည်းနည်းစပြီး ပျိုးပေးထားမလို့။ သဟကြီး လတ် ပါဠိတော်ဇယားဆိုတာ ကြည့်လိုက်စမ်း။ ဇယားမရှိသေးတဲ့ ပုဂ္ဂိုလ်မျှားကနီးတဲ့ပုဂ္ဂိုလ်ဆီကြည့်။ ဘုန်းကြီးပေးတဲ့ ဇယားကိုကြည့်။ တခြားဇယားကို မကြည့်နှင့်။ နားလည်မှာ မဟုတ်ဘူးလေ။ ဘုန်းကြီးပေးတဲ့ ဇယားကြည့်မှ ဘုန်းကြီးပြောတာ နားထောင်လို့ရမည်။ ဘုန်းကြီးက ယံ မဂ်လံ ဒ္ဓါဒသ ဟိ-ကို ပြနေတယ်။ ကြည့်တာက ယံ ဒုန္နိမိတ္တံ ကြည့်တော့ တခြားစီ ဖြစ်မှာပေါ့။

သဟကြီးလတ် ပါဠိတော် သုဒ္ဓသင်္ချာဇယား

၁	နာမကွန္ဓာ ၄-ပါး	အချင်းချင်းအားဇင်း	အချင်းချင်းနာမကွန္ဓာစိတ္တဇ ပဋိသန္ဓေကမ္မဇ
၂	မဟာဘုတ် ၄-ပါး	။	ဥပါဒါရူပ်အားဇင်း
၃	ပဠဝေါပဋိ (ဟဒယ)	။	

သဟဇာတသုဒ္ဓသင်္ချာ

အဲဒီ ဇယားပေါ်မှာ သတိနှင့် ကြည့်စမ်း။ စာကလေး ၃-ကြောင်း တန်းပြီး ဘုန်းကြီး ရေးပြထားတယ်။ ၁-၂-၃- တွေ့ကြတယ်နော်။ ၁-နံပါတ်စာတမ်းကို ဖတ်ရအောင် ဘုန်းကြီး ဖတ်ပြမယ်။ အမှတ်-၁၊ ဘာရေးထားပါလိမ့်။ စ-စခြင်း (နာမကွန္ဓာ ၄-ပါး)။

အဲဒီ တည့်တည့် စာ ၃-ကြောင်းကို အထက်အောက် မျဉ်းပစ်ချလိုက်နော်။ နာမကွန္ဓာ ၄-ပါး သီးသန့်မျဉ်းထည့်ပေး။

ပြီးတော့ အဲဒီမျဉ်းကြောင်းရဲ့ နောက်ဖက်က တခါ ဘာကို ဆက်ရေးသတုန်း (နာမကွန္ဓာ ၄-ပါး) ရဲ့ နောက်က (အချင်းချင်းအားဇင်း)။

တခါ မျဉ်းကြောင်း အောက်ဆွဲချလိုက်ဦး ၃-ကြောင်း စုံသွားအောင်၊ နောက်တခါ ဘာရေးသတုန်း (အချင်းချင်း နာမကွန္ဓာ စိတ္တဇ ပဋိသန္ဓေကမ္မဇ) လို့ ရေးပါတယ်။ စိတ္တဇ, ပဋိသန္ဓေကမ္မဇ-ဆိုတာ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်ကို ရည်ညွှန်းပါတယ်။ ရုပ်ဆိုတဲ့စကား မပါပေမဲ့ စိတ္တဇရုပ်- ပဋိသန္ဓေကမ္မဇရုပ်လို့ နားလည်ထားပါ။ အချင်းချင်းကတော့ မကင်းတရားမို့ ခေါ်လာခဲ့တာ။

ဒီတော့ ပြန်ပြီး ကြည့်လိုက်စမ်း၊ တခေါက်ပြောမယ်။ နံပါတ်-၁ နာမကွန္ဓာ ၄-ပါး။ အချင်းချင်းအားဇင်း။ အချင်းချင်း နာမကွန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားဇင်းလို့ ဒီလို ရေးထားတယ်။

နံပါတ် ၂-အကြောင်းကိုကြည့်။ စ စခြင်း ဘာရေးထားသတုန်း (မဟာဘုတ် ၄-ပါး)။

ပြီးတော့ သူ့နောက်က အကွက်မှာ ပုဒ်မ (။) ပြထားတယ် မဟုတ်လား ပုဒ်မပြထားလျှင် အပေါ်က စာအတိုင်း ဆိုရမှာကိုး။ ဒီတော့ ဘယ့်နှယ်ဆိုမလဲ (အချင်းချင်းအားဇင်း)။

နောက်တကွက်က ဘာရေးထားသတုန်း (ဥပါဒါရုပ်အားၜင်း)။

ဘုန်းကြီး ပြန်ဖတ်မယ်။ နံပါတ်-၂ အကြောင်းကို မဟာဘုတ် ၄-ပါး။ အချင်းချင်း အားၜင်း, ဥပါဒါရုပ်အားၜင်း။ ဒီလိုနေရမယ်နော်။

သတိပြုပြီးတော့ နားထောင် နားလည်အောင် လုပ်ပြနေတာ။ ဒီနေ့ ပါဠိတော် ရောက်ချင်မှ ရောက်မှာ။

နံပါတ်-၃ ရေးထားပုံ ပဠဝေါ ပဋ္ဌိ။ ပြီးတော့ လက်သည်းကွင်းပြ။ လက်သည်းကွင်း အတွင်း (ဟဒယ) ဒီလိုမဟုတ်လား။

မှန်အောင်ရေးကြပါ။ ဘုန်းကြီးက ကိုယ်ရေးပေးတာကလေး မူတည်ပြီးတော့ ပြောတာ။

ဘာတဲ့တုန်း။ နံပါတ် ၃-က ပဠဝေါ ပဋ္ဌိ ဆိုပြီး လက်သည်းကွင်းနောက်က ပြပြီး လက်သည်းကွင်းထဲမှာ ဟဒယ။

ဒီနောက်က ဘာတုန်း ပုဒ်မ ပြထားတယ်၊ ဟိုနောက်ကြောင်းမှာ တရားမရှိတော့ သဖြင့် "ၜင်း" မထည့်နှင့် အချင်းချင်းပေါ့ ဟုတ်လား။

ရှင်းနေပြီ။ သတိပြုပြီးတော့ ဒီစာကလေး ၃-ကြောင်းကို မြင်နေအောင် ကြည့်နော်။ ကြည့်ပြီးတော့မှ ဘုန်းကြီးက တခါ တမျိုးတမည် ပြောပြမယ်။

ပဌမ လက်ရင်းမှာရှိတဲ့ နာမကွန္ဓာ ၄-ပါး, မဟာဘုတ် ၄-ပါး, ပဠဝေါပဋ္ဌိ (ဟဒယ) ဆိုတဲ့ ၃-ကြောင်းလုံးရဲ့ လက်ရင်းက အဲဒီတရားတွေဟာ သဟကြီး ၄-ပါးရဲ့ ပစ္စည်းတရား တွေဘဲ။

ဘာတရားတွေတဲ့။ (သဟကြီး ၄-ပါးရဲ့ ပစ္စည်းတရားတွေပါ)။ ဘယ်သူတွေတုန်း။ **နာမကွန္ဓာ ၄-ပါးတဲ့၊ မဟာဘုတ် ၄-ပါးတဲ့၊ ပဠဝေါပဋ္ဌိဆိုတာ ပဠဝေါကာရ ပဋ္ဌိသန္ဓေ နာမကွန္ဓာ ဟဒယဝတ္ထုကို ယူရမယ်နော်။ သဟကြီး ၄-ပါးရဲ့ ပစ္စည်းတရားတွေ။**

အဲဒီနောက်မှာ ၂-ကွက်ကျန်သေးတယ် မဟုတ်လား။ အပေါ်တန်းကကြည့်လျှင် အချင်းချင်းအားၜင်း, အချင်းချင်း နာမကွန္ဓာ စိတ္တဇရုပ် ပဋ္ဌိသန္ဓေကမ္မဇရုပ်ဆိုတာ ဒါက ပစ္စယုပ္ပန်တရားတွေ။

နံပါတ် ၂-အတန်းကဆိုလျှင် အချင်းချင်းအားၜင်း, ဥပါဒါရုပ်အားၜင်း ဆိုတာကလဲ ဘာခေါ်တယ် (ပစ္စယုပ္ပန်)။

နံပါတ် ၃-မှာ အချင်းချင်းဆိုတာက ပစ္စယုပ္ပန်တရား။

ဒီတော့ ပြန်ပြန်ကြည့်စမ်းပါ။ သဟကြီးလတ် ပါဠိတော် အရကောက် ဒီအထဲမှာ အကုန်လုံး ဝင်နေတယ်။ နာမကွန္ဓာ ၄-ပါး မဟာဘူတ် ၄-ပါး ပဠွဝေါကာရ ပဋ္ဌိသန္ဓေနာမကွန္ဓာ ဟဒယဝတ္ထုဆိုတာက ပစ္စည်းတရားတွေ။

ကဲ ဒါဖြင့် တကြောင်းချင်း ပြန်ကြည့်စမ်း။ ဆရာတော်ဘုရားကြီးများရဲ့ ထုံးစံအတိုင်း ပဉ္စာဝါရအနေ ကြည့်တဲ့အခါမှာ ပစ္စယုပ္ပန်က စဆိုပြီးတော့မှ ပစ္စယုပ္ပန်အားတပ်တဲ့ ပစ္စည်းကို ယူရတာမို့လို့ နံပါတ် ၁-အကြောင်းကိုကြည့်။ ဘုန်းကြီးဖတ်ပြမယ်။ အချင်းချင်းအားဇင်း, အချင်းချင်း နာမကွန္ဓာစိတ္တဇရုပ် ပဋ္ဌိသန္ဓေကမ္မဇရုပ်အားဇင်း တပ်သော-ပစ္စယုပ္ပန်အားတပ်သော မဟုတ်လား ဘယ်နှယ်ဆက်ဆိုသလဲ ဦးပဉ္စင်းတို့က၊ အလုံးစုံသော ပဝတ္တိ ပဋ္ဌိသန္ဓေ၊ အလုံးစုံသော ပဝတ္တိ ပဋ္ဌိသန္ဓေဆိုတာက နာမကွန္ဓာရဲ့ ဝိသေသနပုဒ်တည်း။ လိုရင်းက ဘယ်သူလဲ နာမကွန္ဓာ ၄-ပါး။

ဘုန်းကြီးက ဘာချန်ထားတယ်။ အလုံးစုံသော ပဝတ္တိ ပဋ္ဌိသန္ဓေဆိုတဲ့ စကားတွေ ချန်ပြီးတော့ ဒီမှာ နာမကွန္ဓာ ၄-ပါးလို့ ဆိုထားတယ်။

သဟကြီးမှာ သုဒ္ဓသင်္ခြာက ၃-ပိုင်းရှိတယ်။ အဝယ်တွေတုန်းက ၁-ပိုင်း ၁-ပိုင်းဘဲ ရှိတာ။ ဘယ်သူ့အားတပ်သော ဘယ်သူဆိုလျှင် ပြီးရော မဟုတ်လား။ အခု ဒီမှာ တပိုင်းစီ ရှိတယ်။ ပစ္စည်းတပိုင်း, ပစ္စယုပ္ပန်တပိုင်း။

၂-နံပါတ်အကြောင်းကြည့်စမ်း။ အချင်းချင်းအားဇင်း, ဥပါဒါရုပ်အားဇင်း တပ်သော ပစ္စယုပ္ပန်မဟုတ်လား။ ပစ္စည်းတရားက အလုံးစုံသော မဟာဘူတ် ၄-ပါး။

ဘာတွေရေးထားပါလိမ့် အောက်မေ့တယ်၊ ပြီးတော့ ဒို့ကျက်ထားတဲ့ သုဒ္ဓသင်္ခြာတွေ ရေးထားတာနော်။ အဲဒါကို ဘုန်းကြီးကပြောတာ စာတွေ့လျှင် အဆန်းမထင်နဲ့။ ဒို့ အကျက်ခိုင်းထားတဲ့ လိုရင်းသုဒ္ဓသင်္ခြာကို ဘုန်းကြီး ရေးပြလိမ့်မယ်ဆိုတာ ယုံယုံကြည်ကြည်ထား။

နောက်တပိုဒ်-အချင်းချင်းအားတပ်သော ပဠွဝေါကာရ ပဋ္ဌိသန္ဓေနာမကွန္ဓာ ဟဒယဝတ္ထု၊ ဤတရားတို့သည် သဟဇာတပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ ဒီလိုသွားမယ် မဟုတ်လား။ ဦးပဉ္စင်းတို့ ကျက်ထားတာကို ရေးပြတာ။

ကျေနပ်ပြီနော်။ ဘာတွေ ဘုန်းကြီးပြောနေသလဲ။ စာ ၃-ကြောင်းရေးထားတယ် ကြည့်စမ်း ဘာစမ်းနှင့် လုပ်ပြီးတော့ ခိုင်းလိုက်တာ အပြီးသတ်တော့ သုဒ္ဓသင်္ခြာရေးပြတာ ဒီလို မဟုတ်လား။

ကဲ ဒါဖြင့်လျှင် ဒီသုဒ္ဓသင်္ခြာကို အသေးစိတ် ဘုန်းကြီး ပြောပြမယ်။ နံပါတ် ၁-အကြောင်းကို ဂရုစိုက်ကြည့်။ ဒီနေ့ ပါဠိတော် ဦးပဉ္စင်းတို့ မရွတ်နိုင်ဘူး၊ အချိန်မရှိဘူး၊ နားလည်အောင် နားထောင်၊ ဒီသုဒ္ဓသင်္ခြာတောင် ပြောလို့ ကုန်ချင်မှ ကုန်မယ်။

ပစ္စည်း နာမက္ခန္ဓာ ၄-ပါးလို့ တွေ့နေတယ် မဟုတ်လား။ သင်ြိုဟ်သင်တုန်းက နာမက္ခန္ဓာ ၄-ပါးဆိုတာ ဘယ်သူလဲ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ မဟုတ်ဘူးလား။ ဒီ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် ခေါ်တဲ့ ခန္ဓာ ၄-ပါးကို တရားကိုယ် ထုတ်လျှင် ဘယ်တရားတွေ ထွက်လာမလဲ၊ စိတ် ၈၉၊ စေတသိက် ၅၂-အကုန်ရမယ် မဟုတ်ဘူးလား၊ ဦးပဉ္စင်းတို့ သိပြီးသားတွေ လှည့်ပြီးထွက်မသွားနှင့်။ ကြော် စိတ် ၈၉၊ စေတသိက် ၅၂-ရှိနေပါကလား။

စိတ် ၈၉-ကို ထုံးစံအတိုင်း ကုသလာ ဓမ္မာ အကုသလာ ဓမ္မာ အဗျာကတာ ဓမ္မာ နှင့် တိက်နဲ့ ဝေဖန်လိုက်လို့ရှိလျှင် ကုသလာ ဓမ္မာအရ ကုသိုလ်စိတ် ဧကဝိသ မရဘူးလား (ရပါတယ်)။ အကုသိုလ်ကော ဒွါဒသလုံးအကုန်ရ။ အဗျာကတာ ဓမ္မာအရ ဝိပါက်စိတ် ဆတ္တိံသ ကြိယာစိတ် ဝီသကော (ရပါတယ်)။

ကြော် နာမက္ခန္ဓာ ၄-ပါး။ လွယ်လိုက်တာ စာကလေးမှာ ဘာမှ မမျှားဘူး။ ၃-၄-လုံး ရှိတယ်။ တရားတွေကဖြင့် မနည်းပေါင် ၈၉+၅၂။ ဝေဖန်လိုက်တော့ ကုသိုလ်, အကု သိုလ်, အဗျာကတတွေ ထွက်လာရော မဟုတ်လား (မှန်ပါ)။

ကောင်းပြီ သတိပြုကြည့်နော်။ သူက ဘာတုန်း ပစ္စည်းတရား မဟုတ်လား (မှန်ပါ)။ ပစ္စယုပ္ပန်ဘက်ကို ယူလိုက်စမ်း- အချင်းချင်းအားတပ်သော။ ဟိုနောက်က ရုပ်တွေ ဖယ်ထားတယ်နော်။ အချင်းချင်းအားတပ်သော နာမက္ခန္ဓာ ၄-ပါးလို့ ဒီလိုဖြစ်နေတယ်။

နာမက္ခန္ဓာ ၄-ပါးလဲ တိကနှင့် ဝေဖန်တော့ ကုသိုလ် အကုသိုလ် အဗျာကတလို့ ရှိနေတယ်ဆို။ ဒီလိုမဖြစ်နိုင်ဘူးလား၊ အချင်းချင်းအားတပ်သော ကုသိုလ်နာမက္ခန္ဓာ ၄-ပါး တမျိုး မရနိုင်ဘူးလား (ရနိုင်ပါတယ်)။ အချင်းချင်းအားတပ်သော အကုသိုလ် နာမက္ခန္ဓာ တမျိုး၊ ဒီလိုကော (ရနိုင်ပါတယ်)။ အချင်းချင်းအား တပ်သော ဝိပါက်ကြိယာ နာမက္ခန္ဓာတွေကော မရှိပေဘူးလား (ရှိပါတယ်)။

ဦးပဉ္စင်းတို့ မြင်အောင်သာကြည့်။ စိတ်ချလက်ချသာကြည့်။ သရုပ်ကို တွေ့အောင်သာ ရှာပါ။

ပြီးတော့ ဒီအချင်းချင်းတွေကို ကျော်လိုက်စမ်း။ နောက်နားမှာ စိတ္တဇရုပ်ရယ် ပဋိသန္ဓေကမ္မဇရုပ် တွေ့ရဲ့လား (တွေ့ပါတယ်)။

တွေ့လျှင် စိတ္တဇရုပ်ကို အင်ယတုန်းက ပြောခဲ့တယ်။ ကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်, အကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်, ဝိပါက်ကြိယာ အဗျာကတကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်လို့ ၃-မျိုးရှိတယ်မဟုတ်လား (ရှိပါတယ်)။ ဒီလိုဆိုလျှင် ပစ္စည်းကုသိုလ်ထား၊ ပစ္စယုပ္ပန် ကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ကော မဖြစ်နိုင်ဘူးလား (ဖြစ်နိုင်ပါတယ်)။

ဖြစ်နိုင်လျှင် ဒီလိုလုပ်လိုက်စမ်း။ စိတ္တဇရုပ်အားတပ်သော ကုသိုလ်နာမကွန္ဓာ ၄-ပါးလို့ ဒီလိုကော မရနိုင်ဘူးလား (ရနိုင်ပါတယ်)။ စိတ္တဇရုပ်အားတပ်သော အကုသိုလ်နာမကွန္ဓာ ၄-ပါးကော (ရနိုင်ပါတယ်)။ စိတ္တဇရုပ်အားတပ်သော ဝိပါက်ကြိယာနာမကွန္ဓာ ၄-ပါးဆိုလျှင်ကော (ရနိုင်ပါတယ်)၊ ရတာပါဘဲ။

ကဲ ဒါဖြင့် ဒီဟာကို သဘောကျလို့ ရှိလျှင် အကုသိုလ်နှင့် အဗျာကတကို ခဏဘေးထုတ်ထားစမ်း။ ကုသိုလ်တရားတင် ပါဠိတော်သွားတဲ့နည်းဖြင့် သရုပ်တင်ခွဲရအောင်လို့ သတိပြုလိုက်စမ်း။

အချင်းချင်းအားတပ်သော ကုသိုလ်နာမကွန္ဓာ ၄-ပါးတမျိုး၊ ပဌမဆုံးခွဲပေးတာလေ။ ဒီတော့ ဘာတုန်း ပစ္စည်းကလဲ ကုသိုလ်, ပစ္စယုပ္ပန်ကလဲ ကုသိုလ်။ ဘယ်အနေလဲ မေးလျှင် ခုတင်က ပြောတဲ့ ကုသိုလ်စိတ် ဧကဝိသ စေတသိက် အဌတိ်သကို ခန္ဓာဖွဲ့လိုက်တော့ ဝေဒနာကွန္ဓာ, သညာကွန္ဓာ, သင်္ခါရကွန္ဓာ ဝိညာဏကွန္ဓာ ၄-ပါး မဖြစ်ဘူးလား (ဖြစ်ပါတယ်)။ ဖြစ်လာတယ်။

ဝေဒနာကွန္ဓာက ပစ္စည်းဖြစ်လျှင် ကျန် ၃-ပါးက ပစ္စယုပ္ပန်။ သညာက ပစ္စည်းဖြစ်လျှင် ကျန် ၃-ပါးက ပစ္စယုပ္ပန်။ သင်္ခါရက ပစ္စည်းဖြစ်လျှင် ကျန် ၃-ပါးက ပစ္စယုပ္ပန်၊ ဝိညာဉ် ပစ္စည်းဖြစ်လျှင် ကျန် ၃-ပါးက ပစ္စယုပ္ပန် ဒီလို မရဘူးလား (ရပါတယ်)။ အဲဒါ အချင်းချင်းနာမကွန္ဓာ။

ထို့အတူ စိတ္တဇရုပ်အားတပ်သော ကုသိုလ်နာမကွန္ဓာ ၄-ပါးတမျိုး။ ဒီတော့ ဘာတုန်း ကုသိုလ်နာမကွန္ဓာ ၄-ပါးက ပစ္စည်း၊ ကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်က ဘာဖြစ်တယ် (ပစ္စယုပ္ပန်)။ နားလည်တယ်နော်။

အချင်းချင်းအားတပ်သော ကုသိုလ်နာမကွန္ဓာ ၄-ပါးတမျိုးဆိုတာက နာမ်ပစ္စည်း, နာမ်ပစ္စယုပ္ပန်။ စိတ္တဇရုပ်အားတပ်သော ကုသိုလ်နာမကွန္ဓာ ၄-ပါးဆိုတာက နာမ်ပစ္စည်း, ရုပ်ပစ္စယုပ္ပန်၊ ၂-မျိုး ရှိသွားတယ်။

နောက်တမျိုး ကြည့်စမ်း၊ ဟိုနောက်ပိုင်းမှာ အချင်းချင်းနာမကွန္ဓာ စိတ္တဇရုပ်လို့ တွဲထည့်ထားတာ အခု သုံးချင်လို့။ အမှန်ကတော့ အဲဒီအတွက်က ရုပ်ချည်းရှိတဲ့အတွက် အချင်းချင်း နာမကွန္ဓာ စိတ္တဇရုပ်အားတပ်သော ကုသိုလ်နာမကွန္ဓာ ၄-ပါးတမျိုး။ ဒီလိုဆိုတော့ ပစ္စည်းတရားက နာမ်, ပစ္စယုပ္ပန်က နာမ်ရုပ် နားလည်ပြီလား။

အဲဒီ သရုပ်ကလေးကို ရအောင် ဆိုရလိမ့်မယ်။ ပြန်ပြီး နားထောင်စမ်း။ ၁-နံပါတ် အကြောင်းကို ကြည့်ပြီး ဆိုတာနော်။

အချင်းချင်းအားတပ်သော ကုသိုလ်နာမကွန္ဓာ ၄-ပါး တမျိုး။ စိတ္တဇရုပ်အားတပ်သော ကုသိုလ် နာမကွန္ဓာ ၄-ပါးတမျိုး။ အချင်းချင်း နာမကွန္ဓာ စိတ္တဇရုပ်အားတပ်သော ကုသိုလ် နာမကွန္ဓာ ၄-ပါး တမျိုးလို့ ဘယ်နှစ်မျိုးတုန်း (၃-မျိုးပါ)။ ဦးပဏ္ဍာဝ ခွဲကြည့်စမ်း။

ဦးပဏ္ဍာဝ။ ။တခေါက်ခွဲသည်။

ဆရာတော်။ ။လွယ်ပါတယ်။ အားလုံး ဟောကြည့်စမ်း။

သံဃာတော်များ။ ။တခေါက် ဟောကြသည်။

ဆရာတော်။ ။နံပါတ် ၁-စာကြောင်းကိုကြည့်။ ဒီလိုဆိုလိုက်တော့ ကုသိုလ်နှင့်စပ်တဲ့ နာမ်တရားတွေ, ကုသိုလ်နှင့်စပ်တဲ့ ရုပ်တရားတွေအတွက် ဒို့သရုပ်ခွဲပြီး သွားပြီ မဟုတ်လား။ ဘာတွေတုန်း နာမကွန္ဓာ ၄-ပါး, အချင်းချင်းအားဇင်း, အချင်းချင်း နာမကွန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ဒီအတန်းမှာ ပြတာတွေ၊ ကုသိုလ်နှင့် စပ်တဲ့ ကုသိုလ်နာမ်တွေ သူ့ကြောင့် ဖြစ်တဲ့ ရုပ်တွေ ကုန်သွားပါပေါ့လားလို့ ကိုယ့်ဉာဏ်က သိထား။ အကုသိုလ်ကို ဒီအတိုင်း ၃-မျိုးခွဲရတယ်ဟုတ်လား၊ ဦးကောလိယ ခွဲကြည့်စမ်း။

ဦးကောလိယ။ ။အချင်းချင်းအားတပ်သော အကုသိုလ်နာမကွန္ဓာ ၄-ပါးတမျိုး။ စိတ္တဇရုပ်အား တပ်သော အကုသိုလ်နာမကွန္ဓာ ၄-ပါးတမျိုး။ အချင်းချင်း နာမကွန္ဓာ စိတ္တဇရုပ်အား တပ်သော အကုသိုလ်နာမကွန္ဓာ ၄-ပါးတမျိုး။

ဆရာတော်။ ။အားလုံးအတူတူဘဲနော်၊ ရအောင် ထပ်ပြီးဟောလိုက်ကြစမ်းပါ အားလုံး။

သံဃာတော်များ။ ။တခေါက် ဟောကြသည်။

ဆရာတော်။ ။ဘာတွေ ကုန်သွားပြီလဲ၊ ကုသိုလ်အတွက်ပြီးပြီ၊ အကုသိုလ်အတွက်ပြီးပြီ၊ နာမကွန္ဓာ ၄-ပါးထဲမှာ ဘယ်သူ့ကျန်သလဲ မေးလျှင် ဝိပါက် ကြိယာတွေ မရှိဘူးလား (ရှိပါတယ်)။ စိတ္တဇရုပ်မှာကော ဝိပါက်ကြိယာကြောင့် ဖြစ်တဲ့ရုပ်ရှိရမယ်။ ပဋိသန္ဓေကမ္မဇရုပ် လုံးဝမပါသေးဘူး။ ကုသိုလ်မှာ ၃-မျိုး, အကုသိုလ်မှာ ၃-မျိုး, အဗျာကတမှာ အငယ်တုန်းကလဲ ၂-မျိုးဘဲ ခွဲတယ် မဟုတ်လား။ သတိပြု သုဒ္ဓသင်္ခ်ာရေးထားတဲ့အတိုင်း–

အချင်းချင်းအားဇင်း အချင်းချင်း နာမကွန္ဓာ စိတ္တဇရုပ်အားဇင်း တပ်သော (ပဝတ္တိမို့လို့ ပဋိသန္ဓေကမ္မဇရုပ် မထည့်နှင့်)။ သာမညဝိပါက် ကြိယာ နာမကွန္ဓာ ၄-ပါးတမျိုး။ ဘယ်သူ့အတွက်လဲ မေးလျှင် ဒါဟာ ပဝတ္တိအတွက်။ နောက် ပဋိသန္ဓေအတွက် ဒီအတိုင်း လာလိမ့်မယ် ကြည့်စမ်း။

အချင်းချင်းအားလုံး အချင်းချင်း နာမကွန္ဓာ ပဋ္ဌိသန္ဓေကမ္မဇရုပ်အားလုံး တပ်သော (စိတ္တဇ မပါဘူးနော်) ပဋ္ဌိသန္ဓေကိစ္စ တပ်သော ဝိပါက်နာမကွန္ဓာ ၄-ပါးတမျိုး၊ ၂-မျိုးသာရတယ် မဟုတ်လား။ ဦးသူရိယ ခွဲကြည့်စမ်း။

ဦးသူရိယ။ ။အချင်းချင်းအားလုံး အချင်းချင်း နာမကွန္ဓာ စိတ္တဇရုပ်အားလုံး တပ်သော သာမညဝိပါက်ကြိယာနာမကွန္ဓာ ၄-ပါးတမျိုး။ အချင်းချင်းအားလုံး အချင်းချင်း နာမကွန္ဓာ ပဋ္ဌိသန္ဓေ ကမ္မဇရုပ်အားလုံး တပ်သော ပဋ္ဌိသန္ဓေ ကိစ္စတပ်သော ဝိပါက် နာမကွန္ဓာ ၄-ပါး တမျိုး။

ဆရာတော်။ ။အားလုံးတခေါက် ဆိုကြပါ။

သံဃာတော်များ။ ။တခေါက်ဆိုကြသည်။

ဆရာတော်။ ။နံပါတ် ၁-တရားကုန်ပြီမဟုတ်လား။ နံပါတ် ၂-တရားကြည့်စမ်း၊ လွယ်လွယ်ကလေးရယ်၊ အချင်းချင်းအားလုံး ဥပါဒါရုပ်အားလုံးလို့ ရှိနေတယ် မဟုတ်လား (မှန်ပါ)။ အချင်းချင်းအား တပ်သော မဟာဘူတ် ၄-ပါး တမျိုး၊ ဥပါဒါရုပ်ကို ချန်ထားတယ်၊ ဒီအချိန်မှာတော့ မဟာဘူတ် ၁-ပါးက ပစ္စည်း, ၃-ပါးက ပစ္စယုပ္ပန်၊ ၃-ပါးက ပစ္စည်း, ၁-ပါး ပစ္စယုပ္ပန်၊ ၂-ပါးပစ္စည်း, ၂-ပါး ပစ္စယုပ္ပန် ဖြစ်နေရတာကို **အချင်းချင်း**ဆိုတယ်၊ ဥပါဒါရုပ်အား တပ်သော မဟာဘူတ် ၄-ပါးတမျိုး၊ သူက ၂-မျိုးခွဲရတယ်၊ ဦးပညာနန္ဒ ခွဲကြည့်စမ်း။

ဦးပညာနန္ဒ။ ။အချင်းချင်းအား တပ်သော မဟာဘူတ် ၄-ပါးတမျိုး။ ဥပါဒါရုပ်အား တပ်သော မဟာဘူတ် ၄-ပါးတမျိုး။

ဆရာတော်။ ။ဒါပါဘဲ အားလုံး ဟောကြည့်စမ်းပါ။

သံဃာတော်များ။ ။တခေါက်ဟောကြသည်။

ဆရာတော်။ ။နံပါတ် ၃-ကတော့ ဒီအတိုင်းကလေးဘဲ ရှိပေစေ၊ မှတ်မိလောက်ပါတယ်၊ အားလုံး ကုသိုလ်က စပြီး ဖြည်းဖြည်း ဆိုကြစမ်းပါ။

သံဃာတော်များ။ ။တခေါက်ပြန်၍ ဆိုကြသည်။

ဆရာတော်။ ။နက်ဖြန်ခါမှ ပါဠိတော်ဟောမယ်၊ ဒီနေ့ အချိန်စေ့ပြီး တော်ကြပါဦးစို့။

မနေ့က ခွဲထားတဲ့ သဟကြီးလတ် ပါဠိတော် ဇယား၊ သဟကြီးလတ် အကြီး ၄-ပစ္စည်း, အလတ် ၄-ပစ္စည်း၊ ပေါင်း ၈-ပစ္စည်း၊ အဲဒီဇယားနှင့် ပြန်စရတယ်။

မနေ့က သုဒ္ဓသင်္ခ်ာဇယားကိုကြည့်၊ နံပါတ် ၁-နာမက္ခန္ဓာ ၄-ပါးမှ ကုသိုလ် အကုသိုလ် အဗျာကတ ၃-မျိုးရှိခဲ့ရာ ကုသိုလ် နာမက္ခန္ဓာ ၄-ပါး သရုပ်ခွဲတော့ ဘယ်လိုလဲ မနေ့က ခွဲပြီးသားနော် ဘယ်လိုခွဲသတုန်း ဦးဉာဏဝရ ဆိုစမ်းပါ တခေါက်။

ဦးဉာဏဝရ။ ။အချင်းချင်းအား တပ်သော (ပ)စိတ္တဇရုပ်အား တပ်သော ကုသိုလ် နာမက္ခန္ဓာ ၄-ပါးတမျိုး။

ဆရာတော်။ ။အဲဒါပါဘဲ၊ အချင်းချင်းအားတပ်သော ကုသိုလ်နာမက္ခန္ဓာ ၄-ပါးတမျိုး ဆိုတာ ဘယ်လိုလုပ် ယူရမတုန်းမေးလျှင် ကုသိုလ်စိတ် ဧကဝိသ, စေတသိက် အဌတိံသကို ခန္ဓာဖွဲ့တော့ ခန္ဓာဘယ်နှစ်ပါး ထွက်လာမလဲ၊ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ စေတသိက်တွေက၊ ကုသိုလ်စိတ် ဧကဝိသက ဘာဖြစ်မယ် ဝိညာဏက္ခန္ဓာလို့ ဖြစ်လာတယ်၊ အဲဒီလို ခန္ဓာ ၄-ပါးကို လှမ်းပြီးတော့ ကြည့်လိုက်ရတယ်။

ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်။ သူတို့ကို ဘယ်လိုလုပ်ပြီး သရုပ်ခွဲသလဲ၊ အချင်းချင်းအားတပ်သော ကုသိုလ်နာမက္ခန္ဓာ ၄-ပါးလို့ ဘုန်းကြီးက ဒီလိုခွဲပေးထားတယ်။ ဝေဒနာက္ခန္ဓာက ပစ္စည်းဖြစ်နေလျှင် ကြွင်းတဲ့ သညာ သင်္ခါရ ဝိညာဉ်က ပစ္စယုပ္ပန်ဖြစ်တယ်။

ထိုနည်းတူစွာ သညာက္ခန္ဓာက ပစ္စည်းဖြစ်နေလျှင်လဲ ဝေဒနာ သင်္ခါရ ဝိညာဉ်တို့က ပစ္စယုပ္ပန်၊ သင်္ခါရက ပစ္စည်းဖြစ်နေလျှင်လဲ ဝေဒနာ သညာ ဝိညာဉ်တို့က ပစ္စယုပ္ပန်၊ ဝိညာဏက္ခန္ဓာက ပစ္စည်းဖြစ်နေလျှင်လဲ ကျန်တဲ့ ဝေဒနာ သညာ သင်္ခါရတို့က ပစ္စယုပ္ပန်လို့ ဒီလိုတခေါက်သွားလိုက်တော့ ဒီတရားပေါ်တင်ပြီး ကိုယ်က စဉ်းစား ဘယ်လိုဖြစ်နေတာလဲ၊ ခန္ဓာတပါးက ပစ္စည်းဖြစ်နေလျှင် ခန္ဓာ ၃-ပါးက ပစ္စယုပ္ပန်၊ ဒီလို ဉာဏ်ထဲ မြင်ရမယ်၊ အဲဒီ ပစ္စည်းတပါးက ဝေဒနာလဲ ဖြစ်နိုင်တယ်, သညာလဲ ဖြစ်နိုင်တယ်, သင်္ခါရလဲ ဖြစ်နိုင်တယ်, ဝိညာဉ်လဲ ဖြစ်နိုင်တယ်၊ ဒီလိုမဟုတ်လား၊ ဘယ်ခန္ဓာက မဆို ပစ္စည်းဖြစ်နိုင်တယ်၊ ဘယ်ခန္ဓာမဆို ပစ္စယုပ္ပန်ဖြစ်နိုင်တယ်၊ ဒါတမျိုးဟောတယ် မြတ်စွာဘုရားက။

နောက်တမျိုးဟောတော့ ဘယ်လိုလုပ် ဟောသလဲဆိုတော့ ရှေ့ဖြစ်တဲ့ ဝေဒနာ သညာ သင်္ခါရ ၃-ပါးကို ပစ္စည်းထားလိုက်တဲ့၊ ကျန်တဲ့ ဝိညာဏက္ခန္ဓာက ပစ္စယုပ္ပန်ဖြစ်တယ်၊ ဒီအတိုင်းဘဲ လှည့်လိုက်တော့ ဝေဒနာချန်ထားပြီး သညာ သင်္ခါရ ဝိညာဉ်က ပစ္စည်း, ဝေဒနာ ပစ္စယုပ္ပန်၊ သင်္ခါရ ဝိညာဉ် ဝေဒနာက ပစ္စည်း, သညာက ပစ္စယုပ္ပန် တပါးချင်းလှည့်နေတယ်၊ ဝိညာဉ် ဝေဒနာ သညာ ပစ္စည်း၊ သင်္ခါရက ပစ္စယုပ္ပန်လို့ဆိုတော့ ခုတင်ကဟာက **တပါး ပစ္စည်း, ၃-ပါး ပစ္စယုပ္ပန်**၊ အခုဟာက **၃-ပါး ပစ္စည်း, တပါးပစ္စယုပ္ပန်**၊ ဒီလို ၂-မျိုးပြတယ်၊ အပြန်အလှန် ဘယ်သူမှ မလွတ်စေရဘူး ပစ္စည်း ပစ္စယုပ္ပန်။

နောက်တခါ ရှေ့ ၂-ပါးက ပစ္စည်း၊ နောက် ၂-ပါးက ပစ္စယုပ္ပန်ဆိုတော့ ဝေဒနာ သညာက ပစ္စည်း, သခ်ၨါရ ဝိညာဉ်က ပစ္စယုပ္ပန်။ ၂-ပါး ပစ္စည်း, ၂-ပါး ပစ္စယုပ္ပန်။ အဲဒါမှာ ၆-ကြိမ်တောင် လှည့်ရတယ်။ ဝေဒနာ သခ်ၨါရက ပစ္စည်း, သညာ ဝိညာဉ်က ပစ္စယုပ္ပန်။ ဝေဒနာ ဝိညာဉ်က ပစ္စည်း, သညာ သခ်ၨါရက ပစ္စယုပ္ပန်နှင့် ၆-ခါ လှည့်ရတယ်။ ၂-ပါး ပစ္စည်း, ၂-ပါး ပစ္စယုပ္ပန်။ ထားပါတော့ နောင် တွေ့လတ္တံ့။

အခု ဒီအချိန် ဘုန်းကြီး ဘာပြောနေသလဲလို့ မေးလျှင် တပါးက ပစ္စည်းဖြစ်လျှင် ၃-ပါးက ပစ္စယုပ္ပန်။ ၃-ပါး ပစ္စည်းဖြစ်လျှင် ၁-ပါး ပစ္စယုပ္ပန်။ ၂-ပါးပစ္စည်းဖြစ်လျှင် ၂-ပါးက ပစ္စယုပ္ပန်။ အဲဒီအနေမျိုးကို မြတ်စွာဘုရားက ဟောလိမ့်မယ်။ မျှားပြားစွာ ဟောထားတာတွေ။ ဒီနေ့ ဒီက နားလည်ထား။ နောက်တော့ သာသာကလေး ဟောသွားရလိမ့်မယ်။

အခုပြောနေတာ ဘယ်တရားအတွက်လဲမေးလျှင် ခုတင်က သုဒ္ဓသခ်ၨာမှာ- အချင်းချင်းအားတပ်သော ကုသိုလ်နာမက္ခန္ဓာ ၄-ပါးတမျိုး။ သူ့အတွက် ပြောတာနော်။ အကုသိုလ်, အဗျာကတလဲ ဒီအတိုင်းချည်း မှတ်ပေါ့။

ကဲ-ဒါဖြင့် ကြည့်စမ်းပါဦး၊ အောက်က ပါဠိတော်ဇယား[1]မှာ သခ်ၨာနံပါတ် ၁၊ တွေ့ရဲ့လား။ ပဒက-ကု၊ ပဒါဝသာနကလဲ-ကု။ အဲဒါ ခုတင်က ပြောနေတဲ့ တရားကို အချင်းချင်းအားတပ်သော ကုသိုလ်နာမက္ခန္ဓာ ၄-ပါးကို မြတ်စွာဘုရား ဟောလိမ့်မယ်။

ဒီတော့ ဒီ ကု-ကုဆိုတဲ့ စာကလေး ၂-လုံးမြင်တော့ ထုံးစံအတိုင်း ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော-ဝိထိပါဠိတော်။ အနုဝါဒ ဟောချင်တော့ ရှေ့နားမှာဆက်ပြီး ဇယားရေးပုံ ကြည့်စမ်း၊ ကုသလော ပစ္စည်းဘက်က။ ပြီးတော့ ဂဏန်းကလေး ၃-လုံး ရေးထားတယ်။ ဘာရေးထားသတုန်း။ ၁၊၃၊၂။ အဲဒီအထိ ပစ္စည်းတရား။ အဲဒီနောက်က အလယ်ခေါင် ဦးခေါင်းပေါက်အောင် အထက်အောက် မျဉ်းကြောင်းထင်နေအောင် အရောင်ကွဲတာနှင့် ဆွဲထားလျှင် သာကောင်းတယ်။

အခု ဘာတုန်း ၁၊၃၊၂-က ဘာခေါ်တယ်၊ ပစ္စည်းတရား။ နောက်ထပ် ဂဏန်း ၃-လုံးက ပစ္စယုပ္ပန်တရား။ ဘယ်သူလဲမေးလျှင် ၃၊၁၊၂- ပြီးရော။ ဒါဘဲ။

ဒီတော့ ဘယ့်နှယ်လုပ် ဆက်မှာလဲ မေးလျှင် နောက်က ပစ္စယုပ္ပန်၊ ရှေ့က ပစ္စည်းဆိုတော့ ရှေ့ဂဏန်း ၃-လုံးတို့တွင် ပဋ္ဌမဆုံးတွေ့တာကလေးက ၁-မဟုတ်လား။ ပစ္စယုပ္ပန်ဘက် ဂဏန်းသွားကြည့်လျှင် ပဋ္ဌမဆုံးဂဏန်းက (၃-ပါ)။ ဟောကြည့် ခုတင်က ပြောတဲ့ **တပါး ပစ္စည်း, ၃-ပါး ပစ္စယုပ္ပန်**။

---

[1] ဤကျမ်း၊ နှာ-၂၂၃-ရှိ သဟကြီးလတ် ပါဠိတော် အရကောက်ဇယားကြည့်။

ဆက်သွယ်ရေး ပုံစံ	ပေးပို့ရက်	ရောက်ရက်	ကုန်အမည်	၁	၂	၃	၄	၅	၆	ကုန်ကျစရိတ်	ကျန်ငွေ	မှတ်ချက်
၁	ကုန်ကျ	ကပ်ရက်	ကုန်သယ်လာခ ၁ ကနေ ၂ သို့							(″)		
၂	ကုန်ကျ	ကပ်ရက်	ကုန်သယ်လာခ ၁ ကနေ ၃ သို့							(″)		
			ဘဏ်ကြေးနှင့် (″)	″	″	″	″	″	″	″	″	(″)
			ဘဏ်ခွဲခကောက်ခံ နှင့် (″) (ဝယ်ယူသူ)	၁	၃	၃	၂	၃	၂	(ပိတ်ရောင်းနှင့် ချက်)	″	(″)
			ကုန်ကျ (ပတ်ပါ)	″	″	″	″	″	″			
			ကုန်ကျ (ကိုယ်)	″	″	″	″	″	″			
			ဝယ်ယူသူ ကုန်ကျစရိတ် ကျခံ	၁	၃	၃	၂	၃	၂		″	
			ဝယ်ယူသူ ကုန်ကျစရိတ် ကျခံ	၁	၃	၃	၂	၃	၂		″	
			″ ၌	၁	၃	၃	၂	၃	၂			
			ကုန်ကျ	″	″	″	″	″	″			
			ကုန်ကျ	″	″	″	″	″	″			
			ကုန်ကျ	″	″	″	″	″	″			
			ကုန်ကျ	″	″	″	″	″	″			
			ကုန်ကျ	″	″	″	″	″	″			
			ကုန်ကျ	″	″	″	″	″	″			
			″

နားလည်အောင် လေ့လာပါ။ အခုပြောနေတဲ့ စကားလုံးတွေထဲမှာ ဦးပဋ္ဌင်းတို့ ရစရာပါဠိတော်တွေ အများကြီးရှိပါတယ်။ ပစ္စည်းဘက်က ဒုတိယဂဏန်းက ဘယ်သူလဲ (၃-ဂဏန်းပါ)။ ပစ္စယုပ္ပန်ဘက်က ဒုတိယဂဏန်းက (၁-ဂဏန်းပါ)။ ဒီတော့ ၃-ပါးက ပစ္စည်း, ၁-ပါးက ပစ္စယုပ္ပန်။ ပစ္စည်းဘက်ကလဲ နောက်ဆုံးဂဏန်းက ၂ ပစ္စယုပ္ပန်ဘက်ကလဲ နောက်ဆုံး ဂဏန်းက ၂-ဆိုတော့ ၂-ပါး ပစ္စည်း, ၂-ပါး ပစ္စယုပ္ပန်။ ခုတင်က ဘုန်းကြီးပြောခဲ့ပြီ မဟုတ်လား။ အဲဒါ မြတ်စွာဘုရားဟောတော်မူတဲ့ ဒေသနာတဲ့။

ဘယ်သူ့ကို ဟောမလဲမေးလျှင် သုဒ္ဓသန္ဓိာအနေအားဖြင့် အချင်းချင်းအားတပ်သော ကုသိုလ်နာမကွန္ဓာ ၄-ပါး။ သူ့အတွက် သန္ဓိာနံပါတ်-၁၊ ပဒ-ကု၊ ပဒါဝသာန-ကု။ ကုသလော ဓမ္မော ကုသလသဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ ဒါက ဝိထိပါဠိတော်။ အနုဝါဒပါဠိတော်။ အနုဝါဒပါဠိတော် ဖော်ရအောင်- ကုသလော ပစ္စည်းဘက်က ၁-ဂဏန်းကလေးကို ကြည့်စမ်း။ ဧကော ခန္ဓော အဲဒါ ပစ္စည်းဘဲ။

ပါဠိတော်ကို ကြည့်လိုက်လျှင် ဘယ်သူပစ္စည်း, ဘယ်သူက ပစ္စယုပ္ပန်ဆိုတာ ဉာဏ်ထဲမှာ တခါတည်းရွတ်ရင်း ရှင်းသွားပစေ။ ကုသလော ဧကော ခန္ဓောဆိုတာ ဘာလဲ ပစ္စည်းတရား။ ပစ္စယုပ္ပန်ဘက်က အစဆုံးဂဏန်း သွားကြည့်စမ်း။ ၃-မဟုတ်လား။ တိဏ္ဏန္နံ ခန္ဓာနံ- ဒါက ဘာလဲ (ပစ္စယုပ္ပန်)။ တပါးပစ္စည်း, ၃-ပါး ပစ္စယုပ္ပန်။

ဘုန်းကြီး ပြောပေးနေတဲ့အတိုင်း ကိုယ့်ဉာဏ်ထဲမှာ ဝင်လာအောင်, ဘုန်းကြီး ပြောတဲ့စကားနှင့် ဦးပဋ္ဌင်းတို့ဉာဏ်နှင့် ထပ်တူဖြစ်လာအောင် စဉ်းစားတတ်ပါစေ။ ဩော်... တပါး ပစ္စည်း, ၃-ပါး ပစ္စယုပ္ပန်ဆိုတာ မြတ်စွာဘုရား ဒီလိုဟောတာပါကလား။ ကုသလော ဧကော ခန္ဓော ပစ္စည်း၊ တိဏ္ဏန္နံ ခန္ဓာနံ ပစ္စယုပ္ပန်။ သဟဇာတပစ္စယေန ပစ္စယော။ တခေါက် ဟောလိုက်။

ပြီးတော့ ပစ္စည်းဘက်က ၃-နံပါတ်ဂဏန်းက ဘယ်သူတုန်း တယော ခန္ဓာ။ ပစ္စည်းမှန်သမျှ ကတ္တားဝိဘတ်နှင့်ချည့် နေရမယ်။ ပစ္စယုပ္ပန်ဘက်သွားတော့ ၁-ဂဏန်းကလေး မဟုတ်လား (မှန်ပါ)။ ဧကဿ ခန္ဓဿ သမ္ပဒါန် ပစ္စယုပ္ပန်။ သဟဇာတပစ္စယေန ပစ္စယော။

နောက်ဆုံးဂဏန်းတွေက ပစ္စည်းဘက်မှာလဲ- ၂။ ပစ္စယုပ္ပန်ဘက်မှာလဲ ၂-ဘဲ မဟုတ်လား (မှန်ပါ)။ ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။

ပြီးရောပေါ့။ ဘယ်တရားကို ဟောတဲ့ ပါဠိတော်လဲမေးလျှင် အချင်းချင်းအား တပ်သော ကုသိုလ်နာမကွန္ဓာ ၄-ပါးကို ဟောနေတယ်။

ပြန်နားထောင်စမ်း အချင်းချင်းအားတပ်သော ကုသိုလ်နာမကွန္ဓာ ၄-ပါး ဘုရားဟောတဲ့ ဒေသနာတော်ကို။

ကုသလော ဓမ္မော ကုသလသဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။

အဲဒီအတိုင်းလိုဘဲ နောက်ထပ် မျိုးစွာတွေ့ဦးမှာ။ ဒီတော့ ဒီနေရာက ကျကျနန သဘာဝလဲသိ, နှုတ်ထဲမှာလဲ ကျေနေအောင် ဟောရမယ်နော် (မှန်ပါ)။ ဦးပဏ္ဍာဝ-ဟော ကြည့်စမ်း။

ဦးပဏ္ဍာဝ။ ။တခေါက် ဟောသည်

ဆရာတော်။ ။အားလုံး တခေါက် ဟောကြည့်စမ်း။

သံယာတော်များ။ ။တခေါက် ဟောကြသည်။

ဆရာတော်။ ။မှတ်ထားကြပါ။ သဘာဝကျကျ ဉာဏ်ထဲမှာလဲသိ, နှုတ်ထဲမှာလဲ လိုက်နေအောင် ရွတ်ထားရတယ်။ အငယ် ပါဠိတော်တွေဆိုလို့ ကျေလောက်လျှင် အခုလို အကြီးတွေကူးလာလို့ မျှားလာလျှင် တရက်ကျော် ၂-ရက်ကျော် ချန်ထားပြီးတော့ နေ့တိုင်းတော့ ပြန်ပြီးလှည့်ရွတ်ကြပါ။ နို့မဟုတ် ပျောက်ကုန်လိမ့်မယ်။

ပြီးတော့ သရုပ်ခွဲက ဘာတဲ့တုန်း။ စိတ္တဇရုပ်အား တပ်သော ကုသိုလ်နာမကွန္ဓာ ၄-ပါးတမျိုး၊ ဒီလိုမဟုတ်လား (မှန်ပါ)။ ကုသိုလ်နာမကွန္ဓာ ၄-ပါး အပေါင်းအစည်းအားဖြင့် ပစ္စည်းထားပြီးတော့ ကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ကို ပစ္စယုပ္ပန်ထားတယ် မဟုတ်လား။ ကဲ ဇယားကို သွားကြည့်စမ်း။ သင်္ခ်ာနံပါတ် ၂၊ ပဒက ကု၊ ပဒါဝသာနက ဗျာ၊ အနုဝါဒဟော ဖို့ရာ ဘာရေးထားသလဲ ဆက်ကြည့်ဦး။ ကုသလာ ခန္ဓာ-ပစ္စည်းဘက်က။ အလယ်ကြောင်းကြီးကို ပစ္စည်း ပစ္စယုပ္ပန် ခွဲထားမှန်းသိအောင် ထင်ထင်ကလေး ရေးထားပါ။ ကုသလာ=ကုသိုလ် ဖြစ်ကုန်သော။ ခန္ဓာ=နာမကွန္ဓာ ၄-ပါး ပစ္စည်းတရားတို့သည်။

ဟို ပစ္စယုပ္ပန်ဘက်သွားကြည့်တော့ စာရေးပုံ သတိပြု၊ ပစ္စယုပ္ပန် အခုတင်က ဂဏန်းလေးတွေ ၂-ဂဏန်းအောက် တည့်တည့်မျဉ်းဆွဲချ၊ အဲဒီမျဉ်းနောက်ကမှ ဆက်ရေးရတယ်။ ဒုတိယအတန်းဟာ ဘာရေးထားသလဲ စိတ္တသမုဋ္ဌာနာနံ ရူပါနံ-တဲ့။ ဦးပဉ္စင်းတို့ ခုတင်က သရုပ်အတိုင်း မဟုတ်လား။ ကုသိုလ်နာမကွန္ဓာက ပစ္စည်း, စိတ္တဇရုပ်က ပစ္စယုပ္ပန်။

ကုသလော ဓမ္မော အဗျာကတသဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ဦးပဏ္ဍာဝ ဆက်ဟောစမ်း။

ဦးပဏ္ဍာဝ။ ။တခေါက်ဟောသည်။

ဆရာတော်။ ။အားလုံးတခေါက် ဟောစမ်းပါ။

သံယာတော်များ။ ။တခေါက်ဟောကြသည်။

ဆရာတော်။ ။သူ့သရုပ်ခွဲနှင့် သူ့ပါဠိတော် အံကျဖြစ်နေပါစေ။ နောက် သရုပ်ခွဲတခုက ဘာတဲ့တုန်း။ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အားတပ်သော ကုသိုလ်နာမက္ခန္ဓာ ၄-ပါးတမျိုး။ သင်္ချာနံပါတ် ၃-သွားကြည့်။ ပစ္စည်းက-ကု။ ပစ္စယုပ္ပန်က ကုဗျာ။ ကုသိုလ်က ပစ္စည်း။ ကုသိုလ်နာမက္ခန္ဓာနှင့် စိတ္တဇရုပ်က ပစ္စယုပ္ပန်။

အနုဝါဒသွားပုံကြည့် နံပါတ် ၁-အတန်းကိုဘဲ၊ ကုသလော ဟုတ်လား (မှန်ပါ)။ ဟိုနံပါတ် ၁-အတန်းအတိုင်းဘဲ ၁၊ ၃၊ ၂ ပစ္စည်းဘက်က။ ပစ္စယုပ္ပန်ဘက်က ၃၊ ၁၊ ၂ အထက်က အတိုင်းနော်။ ဒီတော့ တူနေလျှင် တချို့လဲ ဂဏန်းမရေးဘူး ပုဒ်မကလေးတွေ ပြလိုက်တယ်။ တူတူဘဲ သိပါ။ ဒီမှာတော့ ဂဏန်းရေးထားတယ်။

ပြီးတော့ အဲဒီ နောက်ကမှ ဆက်ပြီးတော့ ဒုတိယအတန်းရဲ့ စိတ္တသမုဋ္ဌာနရုပ် အတွက် ဥ - ကလေးနှင့် စ-လုံးဆင့်တယ် (၇)။ ဒီတော့ နာမ်နှင့် ရုပ် တွဲလာခြင်းကြောင့် နောက်ပုဒ်ဖြစ်တဲ့ ရုပ်မှာ စထိုင်ပြီးတော့ အနုဝါဒဟောတော့ အပေါ် ၂-တန်းကို ပေါင်းပြီး ဟောတယ်လို့ နားလည်စမ်းပါ။ ၁-ဝိဘင်းရယ် ၂-ဝိဘင်းရယ် ၂-ခုပေါင်းတော့ ၃-ဝိဘင်း ဖြစ်တယ်။

ကုသလော ဧကော ခန္ဓော-ပစ္စည်း။ တိဏ္ဏန်္နံ ခန္ဓာနံ ဆိုပြီး ရုပ်နှင့်စပ်လိုက်၊ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ပစ္စည်းက နာမ်, ပစ္စယုပ္ပန်က နာမ်ရုပ်။ ဒီလိုသွားတာနော်။

နံပါတ် ၁-တုန်းကတော့ ပစ္စည်းနာမ်, ပစ္စယုပ္ပန်နာမ်။ နံပါတ် ၂-ကျတော့ ပစ္စည်းက နာမ်, ပစ္စယုပ္ပန်က ရုပ်။ အခု နံပါတ် ၃-ကျတော့ ပစ္စည်းက နာမ်, ပစ္စယုပ္ပန်က နာမ်ရုပ်။

တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ပြီးတော့ ဘာတွေကျန်သတုန်း။ ၂-ဂဏန်းကလေး။ ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ စိတ္တ-သမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ကုသိုလ်နှင့်စပ်ပြီးတော့ ခွဲထားတဲ့ သရုပ်သုံးမျိုး ကုန်သွားရော မဟုတ်လား။ ဦးပဏ္ဍာဝ ဆက်ဟောစမ်း။

ဦးပဏ္ဍာဝ။ ။ကုသလော ဓမ္မော ကုသလသဿ စ အဗျာကတဿ စ ဓမ္မဿ သဟ-ဇာတပစ္စယေန ပစ္စယော။ ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တ-သမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ဆရာတော်။ ။လွယ်ပါတယ်။ အားလုံး တခေါက် ဟောကြစမ်းပါ။

သံယာတော်များ။ ။တခေါက် ဟောကြသည်။

ဆရာတော်။ ။ကုန်ရော ကုသိုလ်နှင့်စပ်တာ၊ အားလုံး တခေါက်ပြန်ဟောကြစမ်းပါ အစက စပြီးတော့။

သံယာတော်များ။ ။အစက စ၍ တခေါက်ဟောကြသည်။

ဆရာတော်။ ။ပြီးတော့ သတိပြု။ အကုသိုလ်နှင့် စပ်ပြီး သရုပ်ခွဲတော့လဲ ကုသိုလ်လိုဘဲလား၊ ဦးပညာနန္ဒ ဘယ်လိုလုပ်ပြီး သရုပ်ခွဲပါလိမ့်၊ ခွဲကြည့်စမ်း သဘောကျသလို။

ဦးပညာနန္ဒ။ ။အချင်းချင်းအားတပ်သော အကုသိုလ် နာမက္ခန္ဓာ ၄-ပါးတမျိုး။ စိတ္တဇ-ရုပ်အား တပ်သော အကုသိုလ် နာမက္ခန္ဓာ ၄-ပါးတမျိုး။ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အားတပ်သော အကုသိုလ် နာမက္ခန္ဓာ ၄-ပါးတမျိုး။

ဆရာတော်။ ။အတူတူဘဲ မဟုတ်လား ကုသိုလ်နှင့် တူတယ်။ အားလုံး အဲဒီလိုစဉ်းစား။ ဘာထူးသတုန်း သရုပ်ခွဲပုံ အတူတူဘဲ။ သရုပ်ခွဲပုံ တူခြင်းကြောင့် ပါဠိတော်လဲ အတူတူဘဲနော်။

ဒါကြောင့်မို့လို့ ဘုန်းကြီးတို့ သဟကြီးလတ် ပါဠိတော်, အရကောက် ဇယားမှာ ကုသလပဒအတွက် ကု-ကု၊ ကု-ဗျာ၊ ကု-ကုဗျာ။ ပြီးတော့ ဗျာ-ဗျာ သာ ထူးသွားတယ်။ အကု ၃-ချက် ထည့်မရေးတော့ဘူး အတူတူဘဲနော်။ ထည့်ရေးပြန်လဲ ဇယားကြီး ကျယ်ဝန်းပြီး မျက်စိရှုပ်ရုံ ရှိမှာပေါ့။

ဒါဖြင့် ဒီကုသိုလ်နည်းတူ ပါဠိတော် ရွတ်ဆိုတော့ ဘယ်လိုလုပ် ရွတ်မတုန်း ခုတင်က ကုသလောနေရာမှာ ဒီက အကုသလော ဆိုရုံဘဲ မဟုတ်လား (မှန်ပါ)။ ဖြည်းဖြည်းကလေး အားလုံး ဟောကြစမ်းပါ။ ဟောလို့ဖြစ်ပါတယ်။

အကုသလော ဓမ္မော အကုသလသဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သဟဇာတပစ္စယေန

ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။

အကုသလော ဓမ္မော အဗ္ယာကတဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ အကုသလာ ခန္ဓာ စိတ္တာသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

အကုသလော ဓမ္မော အကုသလဿ စ အဗ္ယာကတဿ စ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ အကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တာသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တာသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ စိတ္တာသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ဆရာတော်။ ။ခုတင်တုန်းက ကုသိုလ်လိုဘဲ အချင်းချင်းအား တပ်သော အကုသိုလ် နာမက္ခန္ဓာ ၄-ပါးက အကုသလော အကုသလဿ ဖြစ်မှာပေါ့။ ဒီတော့ စိတ္တဇရုပ်အား တပ်သော အကုသိုလ် နာမက္ခန္ဓာ ၄-ပါးက ဘာဖြစ်မယ် အကုသလော အဗ္ယာကတဿ။ ပြန်ပြီးလေ့လာပါ။ စပ်ဟပ်ကြည့်ရတယ်။ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အား တပ်သော အကုသိုလ်နာမက္ခန္ဓာ ၄-ပါးက ဘယ်ပါဠိတော် ဖြစ်လာမယ် အကုသလော အကုသလာဗ္ယာကတဿလို့ ဖြစ်လာမယ်။ လုံးဝချည်း တူနေပြီမို့လို့ ဘုန်းကြီးထည့်မပြောတာ။ ကဲ ထားတော့။ အဗ္ယာကတသွားရအောင်။

သတိကြပ်ကြပ်ထားပါ။ မနေ့ကလဲ ဘုန်းကြီးပြောတယ်။ ဒို့ဘယ်နားက တရားတော် ယူပြီး ဟောနေရတာလဲ၊ ဘယ်တရားကြည့်ပြီး ဘယ်ပါဠိတော် ဖြစ်လာတာလဲဆိုတော့ သဟကြီးလတ် ပါဠိတော် သုဒ္ဓသင်္ချာမှာ ၁၊ ၂၊ ၃-ဆိုပြီး စာ ၃-ကြောင်း ရေးပြထားရတယ်၊ အပိုဒ်အားဖြင့် ၃-ပဒ ၃-ပိုဒ်ရှိတယ်။ နံပါတ် ၁-အပိုဒ်ထဲက နာမက္ခန္ဓာ ၄-ပါးမှ ကုသိုလ် နာမက္ခန္ဓာ, အကုသိုလ် နာမက္ခန္ဓာခေါ်တဲ့ တရားတွေလေ။ ထိုကုသိုလ်နာမ်နှင့်, ကုသိုလ် နာမ်ကြောင့် ဖြစ်တဲ့ရုပ်။ အကုသိုလ်နာမ်လဲ ထို့အတူဘဲ။ အကုသိုလ်နာမ်နှင့် အကုသိုလ်နာမ် ကြောင့်ဖြစ်တဲ့ ရုပ်တွေ ဒို့ဟောပြီးသွားပြီ။ နာမ်ထဲက နာမက္ခန္ဓာ ၄-ပါးအပုံထဲက ကုသိုလ် တွေ အကုသိုလ်တွေ ဒို့ဟောပြီးပြီလို့ ဒီလိုသိစမ်းပါ။ တသီးတသန့်ကြီးရှာဖွေပြီး တမျိုးတဖုံ ရေးသားနေစရာတောင် မလိုပါဘူး။

ဒီတော့ ကျန်တဲ့ အဗ္ယာကတ မနေ့က သရုပ်ခွဲပေးတော့ နာမ်ကလဲ ဝိပါက်ကြိယာ အဗ္ယာကတ, ရုပ်ကလဲ အဗ္ယာကတမို့ ၃-မျိုးမခွဲတော့ဘူး၊ တမျိုးတည်း။ အဗ္ယာကတော အဗ္ယာ-

ကတ။ အောက်က သင်္ခ်ာနံပါတ် ၇-လို့ဆိုပြီး ထည့်လိုက်တယ် ၄၊၅၊၆ မရှိဘူးနော်။ အဗျာ-ကတော ဓမ္မော အဗျာကတသ ဓမ္မသ သဟဇာတပစ္စယေန ပစ္စယောတဲ့။ သတိထား စမ်းပါ။ သရုပ်ခွဲတော့ ဘယ်လိုခွဲသတုန်း။

အချင်းချင်းအားငင်း အချင်းချင်းနာမကွန္ဓာ စိတ္တဇရုပ်အားငင်း တပ်သော သာမည ဝိပါက်ကြိယာ နာမကွန္ဓာ ၄-ပါးတမျိုးဆိုတာ ပဝတ္တိအတွက်လို့ ပြောတယ်မဟုတ်လား (မှန်ပါ)။ သုဒ္ဓသင်္ခ်ာလဲ မူမပျက်အောင် အရကောက်တော့လဲ ဒီအတိုင်းလာမှာမို့လို့ အချင်းချင်းအားငင်း, အချင်းချင်း နာမကွန္ဓာ စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်လို့ ခွဲပါသည်။ အမှန်စင်စစ် အချင်းချင်းနာမကွန္ဓာ စိတ္တဇရုပ်အားတပ်သော ဆိုလျှင် ပြီးတယ်နော်။ အရကောက်လဲ မပျက်အောင် အရကောက်တော့ ဒီအတိုင်းဘဲ အားငင်း နှင့် ကောက်။ သုဒ္ဓသင်္ခ်ာ ဆိုရိုးလဲ မပျက်အောင်ဆိုပြီး ဘုန်းကြီးက တွဲထားတယ်။

အချင်းချင်းအားငင်း အချင်းချင်းနာမကွန္ဓာ စိတ္တဇရုပ်အားငင်း တပ်သော သာမည ဝိပါက်ကြိယာ နာမကွန္ဓာ ၄-ပါးတမျိုးဆိုတော့ သာမညဝိပါက်ဆိုလျှင် ဝိပါက်ဆတ္တိံသ ကြိယာဝိသ အကုန်-ကုန်တာပေါ့နော်။

ဒီတော့ သူ့အတွက် ဘာဟောသလဲ ဝိပါကာဗျာကတော ကိရိယာဗျာကတောတဲ့။ ဟိုကတော့ ကုသလော အကုသလော လုပ်ခဲ့တယ် မဟုတ်လား (မှန်ပါ)။ ဒီကျတော့ ဝိပါက်ကြိယာမို့ ဝိပါကာဗျာကတော ကိရိယာဗျာကတော နောက်ပိုင်းသွားတော့ ခုတင်ကလိုဘဲ ၁၊ ၃၊ ၂။ ၃၊ ၁၊ ၂ တွေ့ရဲ့လား (မှန်ပါ)။ သူတို့နောက်က စိတ္တဇရုပ် မဟုတ်လား။ ဝိပါကာဗျာကတော ကိရိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ကုသိုလ်, အကုသိုလ်ရဲ့ နောက်ဆုံး အချက်နှင့် ဘာထူးသတုန်း။ ဒီဇယားကို ဒို့အလွတ်ရေးလျှင် မရဘူးလား ဒီလိုလဲ သိပါ။ ဘာခက်သတုန်း၊ ကုသလပဒ ၃-ကြောင်းကို ရေးတက်လျှင် အကုန်ရေးတတ်ရမယ်၊ ရေးကြည့်ရမယ်။

တယော ခန္ဓာ ဧကဿ ခန္ဓဿ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ကိုယ့်ဉာဏ်ကလေးကို ကိုယ်ထုတ်ပြီးတော့ စဉ်းစားပါ။ ဒီတပစ္စည်းတည်း ဒီလိုဟောရမှာလည်း မဟုတ်ဘူး။ ဒီတရားမျိုးတွေ့သမျှ ဒီလိုချည့်ဟောမှာဘဲ။ သုဒ္ဓသင်္ခ်ာ နေပုံထိုင်ပုံ တူလာလျှင် ဒီအတိုင်းဘဲ ဟောမယ်။ အများကြီးရှိတယ် နောက်က ဟောဖို့တွေ့။ အဲဒီလို မှတ်ထားပါ။

ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော ဆိုတော့ ဒါဟာ အပေါ်တန်း ပဝတ္တိပြီးရော မဟုတ်လား (မှန်ပါ)။

ပဋ္ဌာန်းကွဲကား။ သရုပ်က ဘာတဲ့တုန်း- အချင်းချင်းအားလုံး အချင်းချင်း နာမကွန်ရာ ပဋ္ဌာန်းနွေ့ ကမ္မဇရုပ်အားလုံး တပ်သော ပဋ္ဌာန်းနွေ့ကိစ္စတပ်သော ဝိပါက်နာမကွန်ရာ-ဆိုတော့ ဦးပဉ္စင်းတို့ ပဋ္ဌာန်းနွေ့ စိတ်ပေါင်း ဘယ်လောက်ရှိသလဲ (၁၉-ပါး)။ သူ့တင်ဘဲ ရတော့တယ်နော်။ ခုတင်က သာမညဝိပါက်ဆိုတော့ ဝိပါက်စိတ် ဆတ္တိံသ၊ ပဋ္ဌာန်းနွေ့ ကိစ္စတပ်တဲ့ ဝိပါက်ဆိုတာက ဒီ ၁၉-ဘဲ၊ ဥပေက္ခာသန္တီရဏာ ၂။ မဟာဝိပါက် ၈၊ မဟဂ္ဂုတ်ဝိပါက် ၉၊ ဟုတ်လား (မှန်ပါ)၊ ပြန်ပြန်ပြီး လေ့လာကြပါ။

ပဋ္ဌာန်းကွဲကား ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ နောက်ရုပ်ဘက်ကို တက္ကွက်ကျော်ကြည့်။ ဘာရှိသတုန်း (ကဋ္ဌတ္တာ ရူပါနံ ရှိပါတယ်)။ ကဋ္ဌတ္တာ စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကဿ ခန္ဓဿ ကဋ္ဌတ္တာ စ ရူပါနံ သဟဇာတ-ပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ကဋ္ဌတ္တာ စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော-ဆိုတော့ နံပါတ် ၁-မှာ[1] ဘာတရားများ ကျန်သေးသတုန်း။ ကုသိုလ်လဲ ကုန်သွားပြီ။ အကုသိုလ် အတွက်လဲ ဟောပြီးပြီ။ အဗျာကတခေါ်တဲ့ ဝိပါက်ကြိယာအတွက်ကော (ဟောပြီးပါပြီ)။ ဟောလိုပြီးတော့ နံပါတ် ၁-သုဒ္ဓသင်္ခ်ာ အရကိုသာ ငါတို့ဟောလို့ ကုန်နေပြီလို့ ဉာဏ်ကမ္မတ်။ ဘယ်တရား ယူဟောနေတယ်လို့လဲသိ။ ဟောလိုက်လျှင် ဘယ်တရားအတွက် ဘယ်သူဖြင့်ပြီးပြီ။ ဘယ်တရားက ကျန်သေးတယ်။ အဲဒီလို ဉာဏ်ကလေးတွေ ထုတ်ပါ။

ထားခဲ့ နံပါတ် ၁-အကြောင်း လွယ်ပါတယ်။ နံပါတ် ၂-ဂဏန်းချန်ထား။ နံပါတ် ၃-ကူးပြီးကြည့်။[2] ဘာဖြစ်လို့ ကူးအကြည့်ခိုင်းသလဲ။ ဘာဖြစ်လို့ကျော်လာသလဲ။ နံပါတ် ၂-မှာ[2] ရနေတဲ့ တရားတွေက ဘာတွေတုန်း ရုပ်တရားတွေတဲ့။ နံပါတ် ၃-မှာ[2] ရှိတဲ့ တရားက ဘာလဲလို့ မေးလျှင် ပဋ္ဌဝေါကာရ ပဋ္ဌာန်းနွေ့ နာမကွန်ရာက ဘာခေါ်တယ် (နာမ်ခေါ်ပါတယ်)။ ဟဒယဝတ္ထုက (ရုပ်တရားခေါ်ပါတယ်)။ နာမ်နှင့်ရုပ်တရား ပေါင်းလိုက်ပြီး အဲဒီ နာမ်နှင့် ရုပ်ကလဲ ဘယ်အချိန်ဖြစ်တာလဲလို့ မေးလျှင် **ပဋ္ဌဝေါကာရပဋ္ဌာန်းနွေ့ခဏမှာ** ဖြစ်တဲ့ တရားမျိုးတဲ့။ ဒါကြောင့်မို့ ပဋ္ဌာန်းနွေ့အခါချင်းတူလို့ ဒီမှာလာပြီး ပေါင်းလိုက်တယ်။

ရေးတော့ သုဒ္ဓသင်္ခ်ာက ဘယ်လို ဆိုထားသတုန်း ကြည့်လိုက်စမ်း၊ အချင်းချင်းအား တပ်သော ပဋ္ဌဝေါကာရ ပဋ္ဌာန်းနွေ့ နာမကွန်ရာ ဟဒယဝတ္ထု။ ဒီမှာသုံးတဲ့ အချင်းချင်းက အပေါ်နားက အချင်းချင်းနှင့် မတူဘူး။ အပေါ်က အချင်းချင်းက ဘာတုန်း၊ တပါးက ၃-ပါး, ၃-ပါးက တပါး, ၂-ပါးက ၂-ပါး ဒီလိုသွားတယ်။ ဒီက ဒီလို မဟုတ်ဘူး၊ ရေးထား

၁။ ဤကျမ်း၊ နှာ-၂၁၈-ရှိ သဟကြီးလတ် ပါဠိတော် သုဒ္ဓသင်္ခ်ာဇယားကြည့်။

၂။ သဟ ကြီး လတ် ရှင်းချက်၌ သုဒ္ဓသင်္ခ်ာ နံပါတ် ၁-၂-၃-ကို ဖော်ပြရာတွင် ဤကျမ်း နှာ-၂၁၈-ရှိ သဟ ကြီး လတ် ပါဠိတော် သုဒ္ဓသင်္ခ်ာ ဇယားကို ကြည့်ပါ။

တဲ့အတိုင်း ကြည့်စမ်း၊ ပဠဝေါကာရ ပဋိသန္ဓေနာမ်က ပစ္စည်းဖြစ်နေလျှင် ဟဒယဝတ္ထုက ပစ္စယုပ္ပန်၊ အချင်းချင်းဆိုတဲ့ အဓိပ္ပါယ်က၊ ပြန်လိုက်ပါတဲ့ ဟဒယဝတ္ထုက ပစ္စည်းဖြစ်လျှင် လဲဘဲ ပဠဝေါကာရ ပဋိသန္ဓေ နာမကွန္ဓာက ပစ္စယုပ္ပန်ဖြစ်ပါတဲ့။ ဟိုမှာလို နာမကွန္ဓာ ၄-ပါး အစိတ်အစိတ် မဟုတ်ဘူးနော်။ ဒီက နာမကွန္ဓာ ၄-ပါး စုလျက် ပုံလျက်နှင့် ရတယ်။

ဒီတော့ ခုတင်က ပဋိသန္ဓိကွဏော ဆိုလျှင် ကဋတ္တာ စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ပဠဝေါကာရ ပဋိသန္ဓေနာမကွန္ဓာ ပစ္စည်းထားလို့ ဇယားမှာကြည့်စမ်း၊ အောက်တန်း ခန္ဓာ၊ ပစ္စည်းဘက်တွေ့ရဲ့လား (မှန်ပါ)။ ပစ္စယုပ္ပန်ဘက် သွားကြည့် ဝတ္ထုသ။ ခန္ဓာ ဝတ္ထုသ သဟဇာတပစ္စယေန ပစ္စယော။

ဒီလို အချိန်မှာ ဘာတုန်း နာမ်ပစ္စည်း၊ ဟဒယဝတ္ထုရုပ် ပစ္စယုပ္ပန်။ ပြောင်းပြန် ပြန်လိုက် ပစ္စည်းဘက်မှာ ဘာရှိသတုန်း (ဟဒယဝတ္ထု ရှိပါတယ်)၊ ပစ္စယုပ္ပန်ဘက်က ဘာတုန်း (ခန္ဓာနံ)၊ ပစ္စည်းကရုပ် ပစ္စယုပ္ပန်ကနာမ်။ ပြောင်းပြန်လှန်မသွားဘူးလား (သွားပါတယ်)။ ဝတ္ထု ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။

ဆရာတော်။ ။ဦးပညာနန္ဒ ဟောစမ်း။

ဦးပညာနန္ဒ။ ။အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မသ သဟဇာတပစ္စယေန ပစ္စယော။ ဝိပါကာဗျာကတော ကိရိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကသ ခန္ဓသ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ပဋိသန္ဓိကွဏော ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကသ ခန္ဓသ ကဋတ္တာ စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ခန္ဓာ ဝတ္ထုသ သဟဇာတပစ္စယေန ပစ္စယော။ ဝတ္ထု ခန္ဓာနံ သဟဇာတပစ္စယေန ပစ္စယော။

ဆရာတော်။ ။လွယ်ပါတယ်၊ အားလုံး တခေါက်ဟောကြစမ်းပါ။

သံယာတော်များ။ ။တခေါက်ထပ်ဟောကြသည်။

ဆရာတော်။ ။နံပါတ်-၁ သုဒ္ဓသင်္ခ်ာ ကုန်သွားပြီ။ ၎င်းပြင် နံပါတ်-၃ သုဒ္ဓသင်္ခ်ာလဲ ပြီးနေပြီ မဟုတ်လား။ ဒီတော့ နံပါတ်-၂ သုဒ္ဓသင်္ခ်ာကို ဟောရမယ်တဲ့[1]။

၁။ သဟ ကြီး လတ် ရှင်းချက်၌ သုဒ္ဓသင်္ခ်ာ နံပါတ် ၁-၂-၃-ကို ဖော်ပြရာတွင် ဤကျမ်း နှာ-၂၁၈- ရှိ သဟ ကြီးလတ်ပါဠိတော် သုဒ္ဓသင်္ခ်ာ ဇယားကို ကြည့်ပါ။

ဒီတော့ ရှိရင်းစွဲက ဘာတုန်း။ အချင်းချင်းအားလုံး ဥပါဒါရုပ်အားလုံး တပ်သော မဟာဘုတ် ၄-ပါးဆိုတော့ ဒီနေရာမှာ ဘာကို သတိပြုရမလဲမေး လျှင် သုဒ္ဓသန္ဓာမှာ သဟ အလတ်တွေကို အရင်ရေးထားတော့ အညမည သုဒ္ဓသန္ဓာ ကြည့်ရတယ်။ အဲဒီက သွားတဲ့မူကို ယူပြီးတော့ ဘုန်းကြီးက အဓိပ္ပါယ်တမျိုး ပြောပေးမယ်။

မဟာဘုတ် ၇-မျိုးနှင့် ပါဠိတော်ဟောပုံ

မဟာဘုတ်သည် ပထဝီ, အာပေါ, တေဇော, ဝါယောလို့ ၄-ပါးရှိတယ် မဟုတ်လား။ ၄-ပါးသော မဟာဘုတ်သည်ပင်လျှင် သတိပြုနားထောင် အညမညမှာ ပါပြီးသား သိပြီး သားကို ထပ်ပြောတယ်။ ၄-ပါးသော မဟာဘုတ်သည်ပင်လျှင် မျိုး၏အစွမ်းအားဖြင့် ၇-မျိုး ရှိခဲ့၏။ အညမညမှာ ပါရဲ့မဟုတ်လား (မှန်ပါ)။

သို့ပေမဲ့ ကျက်ထားတိုင်း မသိဘူး၊ ရနေတိုင်း မသိဘူး၊ သိအောင် ပြန်စဉ်းစားပါ။ မဟာဘုတ်သည် ပထဝီ, အာပေါ, တေဇော, ဝါယော ဟု ၄-ပါး ရှိ၏။ ထို ၄-ပါးသော မဟာဘုတ်တို့သည်ပင်လျှင် မျိုး၏အစွမ်းအားဖြင့် ဘယ်နှစ်မျိုးတုန်း (၇-မျိုး ရှိပါတယ်)။

ဘယ်သူတွေလဲတဲ့၊ အညမညအတိုင်း ကြည့်လျှင် စိတ္တဇမဟာဘုတ်, ပဋိသန္ဓေ ကမ္မဇမဟာဘုတ်, ဗာဟိရမဟာဘုတ်, အာဟာရဇမဟာဘုတ်, ဥတုဇမဟာဘုတ်, အသည-သတ် ကမ္မဇမဟာဘုတ်, ပဝတ္တိကမ္မဇမဟာဘုတ်လို့ ၇-မျိုးရှိတယ်။

သတိနှင့် နားထောင်နေကြပါ။ ပါဠိတော်က လွယ်လွယ်ကလေးရယ်။ ဝေဖန်ပေး တာ။ ဘယ်လိုလုပ် ဝေဖန်သလဲလို့ သတိထား။

ထို ၇-မျိုးသော မဟာဘုတ်တို့တွင် စိတ္တဇမဟာဘုတ်, ပဋိသန္ဓေကမ္မဇမဟာဘုတ် ခေါ်တဲ့ ရှေ့ ၂-မျိုးကို တပေါင်းတည်းပြု၍ တကြိမ်ဟောလိမ့်မည်။ ထို မဟာဘုတ် ၂-မျိုး သည် နာမ်နှင့်စပ်၍ နာမ်ကြောင့်လည်း ဖြစ်ကြ၏။ စိတ္တဇ မဟာဘုတ်ဆိုတာက စိတ် စေတသိက်ကြောင့် ဖြစ်မှာမဟုတ်လား၊ ပဋိသန္ဓေ ကမ္မဇမဟာဘုတ်ဆိုတာက ပဋိသန္ဓေကို ဖြစ်စေတတ်တဲ့ ကံကြောင့် ဖြစ်တယ်မဟုတ်လား၊ ဒါကြောင့် ထို မဟာဘုတ် ၂-မျိုးသည် **စိတ်နှင့်စပ်၍ စိတ်ကြောင့် ဖြစ်ပေါ်လာကြ၏။ နာမ်ကြောင့်ဖြစ်တဲ့တရား၊ စိတ်ဆိုလျှင်** စေတသိက်လဲပါသွားပြီ။

ရှေ့ဆက်ပါ၊ ဗာဟိရမဟာဘုတ်, အာဟာရဇမဟာဘုတ်, ဥတုဇမဟာဘုတ်တဲ့၊ ၎င်း မဟာဘုတ် ၃-မျိုးသည် နာမ်နှင့် မပတ်သက်၊ သက်သက် **ရူပ်၏သဘာဝအတိုင်း ဖြစ်ပေါ်၍** နေကြ၏။ **အနိန္ဒြိယ ဗဒ္ဓရူပ်လို့လဲ** ခေါ်တယ်။ နာမ်နှင့် မစပ်ဘူး၊ နာမ်ကြောင့်မဖြစ်ဘူး၊

ဗာဟိရ မဟာဘုတ်ဆိုကြပါစို့ သက်ရှိသတ္တဝါတို့နှင့် ဘယ်လိုမှ မစပ်ဘဲနှင့် သက်ရှိသတ္တဝါတို့၏ ခန္ဓာပြင်ပဖြစ်တဲ့ သစ်ပင် တောတောင် ရေ မြေ သမုဒ္ဒရာ အစရှိသော ဗဟိဒ္ဓ ဗာဟိရ ဝတ္ထုတွေမှာရှိနေတဲ့ မဟာဘုတ် ၄-ပါးတဲ့။

အသညသတ်မဟာဘုတ်, ပဝတ္တိကမ္မဇမဟာဘုတ်ခေါ်တဲ့ မဟာဘုတ်မျိုးတို့သည် နာမ်တရားတို့နှင့် ထိုက်သင့်သလို ဆက်သွယ်လျက် ရှိကြသေး၏။

ထို ၇-မျိုးတို့တွင် ခုတင်ကပြောခဲ့တဲ့ စိတ္တဇ, ပဋိသန္ဓေ ကမ္မဇ မဟာဘုတ်ကို တပေါင်းတည်းပြု၍ တကြိမ်ဟောတော်မူသည်။

ဗာဟိရမဟာဘုတ် အာဟာရဇမဟာဘုတ် ဥတုဇမဟာဘုတ်ဟု ဆိုအပ်သော အလယ်မဟာဘုတ် ၃-မျိုးကို သီးသန့် တခုစီ တခုစီ ဟောပြန်၏။ အလယ် ၃-မျိုးမှာ ဗာဟိရမဟာဘုတ် တခါဟောတယ်၊ အာဟာရဇမဟာဘုတ်က တကြိမ်ဟောတယ်, ဥတုဇ မဟာဘုတ်က တကြိမ်ဟောတယ်။

ပြီးတော့ နောက်ဆုံးဖြစ်တဲ့ အသညသတ်ကမ္မဇမဟာဘုတ် ပဝတ္တိကမ္မဇ မဟာဘုတ်ခေါ်တဲ့ မဟာဘုတ် ၂-မျိုးကိုပေါင်း၍ တကြိမ်ဟောပြန်သည်။

ပြည့်ပြည့်စုံစုံ ပြောပေးနေတယ်၊ ဒီတော့ တမျိုးပြန်ပြီး စဉ်းစားကြည့်လျှင် အကျဉ်းအားဖြင့် မဟာဘုတ် ၇-မျိုးတို့တွင် **ရှေ့ ၂-မျိုးပေါင်း၍, နောက် ၂-မျိုးပေါင်း၍** ဟောတော်မူ၏။ **အလယ် ၃-မျိုးကို သီးသန့် တခုစီ** ဟောတော်မူ၏။

သဟဇာတ သုဒ္ဓသင်္ခ်ာအဆက်

ကဲ ကျေနပ်ကြပါတော့၊ အဲဒီ မဟာဘုတ်ကို သရုပ်ခွဲတော့ ဦးပဋ္ဌင်းတို့ ဘယ်လိုလုပ် ခွဲထားသတုန်း သတိပြုစမ်း၊ အချင်းချင်းအားတပ်သော မဟာဘုတ် ၄-ပါးတမျိုး, ဥပါဒါရုပ်အားတပ်သော မဟာဘုတ် ၄-ပါးတမျိုးလို့ ၂-မျိုး မဟုတ်လား၊ စဉ်းစားနားထောင်ကြပါ။

အချင်းချင်းအားတပ်သော မဟာဘုတ်ဆိုတာ ဘယ်လိုလဲကြည့်၊ ခုတင်ကနာမကၠန္ဓာ ၄-ပါးတုန်းကလို မဟာဘုတ် ၄-ပါးမှာ တပါးက ပစ္စည်းဖြစ်နေလျှင် ၃-ပါးက ပစ္စယုပ္ပန်၊ ထို့အတူ ၃-ပါးက ပစ္စည်းဖြစ်နေလျှင် တပါးက ပစ္စယုပ္ပန်၊ ၂-ပါးက ပစ္စည်းဖြစ်နေပြန်လျှင် ၂-ပါးက ပစ္စယုပ္ပန် ဒီလိုနော်။ ဒါက ဘာတုန်း မဟာဘုတ်ပစ္စည်း, မဟာဘုတ်ပစ္စယုပ္ပန်။

နောက်တမျိုးက ဥပါဒါရုပ်အားတပ်သော မဟာဘုတ် ၄-ပါးတမျိုး၊ ဒီအချိန်ကျတော့ ကော မဟာဘုတ်က (ပစ္စည်း)၊ ဥပါဒါရုပ်က (ပစ္စယုပ္ပန်) မတူဘူးနော်။

ဒါကြောင့် ရှေ့ ၂-မျိုးပေါင်းပြီးတော့ မြတ်စွာဘုရားက ဟောတော်မူလို၍ ခုတင်က ခန္ဓာ ဝတ္ထုသ၊ ဝတ္ထု ခန္ဓာနံခေါ်တဲ့ တရားအောက်နားက အတန်းကြည့်စမ်း၊ မဟာဘူတာ ဆိုတဲ့ စာလုံးကလေးချန်ထား၊ သူတို့လဲ အဗျာကတကို၊ ဒီက ဆက်ဟောရတယ်၊ နောက်က ၁၃၊၂။၃၊၁၊၂-ဘဲ မဟုတ်လား၊ ပစ္စည်း ၁-ကလေးကြည့်စမ်း၊ ဧကံ မဟာဘူတံ ပစ္စည်း အတွက် (မှန်ပါ)။ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ သူနှင့်ကပ်နေတဲ့ ၃-မဟုတ်ဘူး၊ ဟိုပစ္စယုပ္ပန်ဘက်က အစဆုံး ၃-နော် (မှန်ပါ)။

ပြီးတော့မှ သူနှင့်ကပ်နေတဲ့ ၃ ကြည့်၊ တယော မဟာဘူတာ၊ ပစ္စယုပ္ပန်ဘက်က ၁-ကလေးသွားလိုက် ဧကသ မဟာဘူတသ သဟဇာတပစ္စယေန ပစ္စယော။ ပြီးတော့ ဒွေ မဟာဘူတာ ဒ္ဝိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ ဒါက ဘာတုန်း အချင်းချင်းအားတပ်သော မဟာဘုတ် ၄-ခု။

ပြီးတော့မှ ဥပါဒါရုပ်အားတပ်သော မဟာဘုတ် ၄-ပါးကို ဟောလို၍ ပစ္စည်းဘက် ကကြည့်စမ်း ဘာတွေ့သလဲ၊ မဟာဘူတာ အဲဒါ ပစ္စည်းဘဲ၊ ပစ္စယုပ္ပန်ဘက်မှာကြည့်၊ ပါဠိတော် ၃-ပိုဒ် ရေးထားတာကြည့်စမ်း၊ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကဋ္ဌတ္တာရူပါနံ ဥပါဒါ-ရူပါနံလို့ ၃-ပဒမဟုတ်လား (မှန်ပါ)၊ လိုရင်းက ဥပါဒါရူပါနံ၊ မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယောလို့ ဟောဖို့ဘဲ၊ ဘာဖြစ်လို့ စိတ္တဇ, ကမ္မဇခေါ်တဲ့ ပါဠိတွေ ထည့်နေသလဲလို့ မေးလျှင် စောစောတုန်းက ဘုန်းကြီးပြောတယ်၊ အခု ဟောနေတဲ့ ဒေသနာဟာ **စိတ္တဇမဟာဘုတ်နှင့် ပဋိသန္ဓေ ကမ္မဇမဟာဘုတ် ၂-မျိုးကိုပေါင်းပြီး ဟောနေ တာလို့ ထင်ရှားအောင် ထည့်ထားတာ**။

ဒါကြောင့် မဟာဘုတ် ပစ္စည်းထားပြီး ဥပါဒါရုပ် ပစ္စယုပ္ပန်ထားတဲ့ အခါမှာ ဘာ ဥပါဒါရုပ်လဲ မေးလျှင် စိတ္တဇဥပါဒါရုပ်ကတမျိုး, ပဋိသန္ဓေကမ္မဇ ဥပါဒါရုပ်ကတမျိုးလို့ ဟောတယ်၊ မဟာဘုတ် ၂-မျိုးပေါင်းခဲ့တာ မသေချာဘူးလား (မှန်ပါ)၊ ဒါကြောင့် မဟာဘူတာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကဋ္ဌတ္တာရူပါနံ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။ ဒီအထိ ဘယ်မဟာဘုတ်ကို ဟောသလဲ မေးလျှင် ရှေ့ ၂-ခုနော် (မှန်ပါ)။

သတိပြုလိုက်စမ်း နောက်ဟာတွေ ဒီအတိုင်း၊ ဗာဟိရမဟာဘုတ်အတွက် ဗာဟိရ် ဆိုပြီး ခုတင်ကအတိုင်း လျှောက်ဟောတယ်။ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ, တယော ဧကသ, ဒွေ ဒ္ဝိန္နံ ဆိုလျှင် ပြီးရော။

ပြီးတော့ မဟာဘုတ်ကို ပစ္စည်းထားပြန်တော့ ဘာတဲ့တုန်း။ မဟာဘူတာ ဥပါဒါ-ရူပါနံ ဒီမှာ သာမညနော် (မှန်ပါ)။

ထို့အတူ အာဟာရသမုဋ္ဌာနံ ဧကံ မဟာဘူတံနှင့် တခေါက်ဟော၊ နားလည်ပြီနော်။

နောက်တခါဆုံးတော့ ဥတုသမုဋ္ဌာန် ဆိုပြီး တခေါက်ဟော။ မဟာဘူတာ ဥပါဒါ-ရူပါနဲ့ သဟဇာတပစ္စယေန ပစ္စယော-လို့ အောက်တန်းက ရုပ် ၃-မျိုး ပေါင်းပြီး ရေးထားတယ်၊ တခုစီ တကြိမ်စီ ဟောရတယ်။

ပြီးတော့မှ နောက်ဆုံးပိတ် အသညသတ်ကမ္မဇ, ပဝတ္တိကမ္မဇကို ဟောတော်မူလို့ ၍ အသညသတ္တာနဲ့လို့ ပေါင်းလိုက်။ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတ-ပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒ္ဝိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ မဟာဘူတာ ဘာတဲ့တုန်း၊ နောက်က (ကဋ္ဌတ္တာရူပါနဲ့)။ အသညသတ်ပဋိသန္ဓေရှိတယ်။ ဒါကြောင့် ကဋ္ဌတ္တာလို့ သုံးတယ်။ မဟာဘူတာ ကဋ္ဌတ္တာရူပါနဲ့ ဥပါဒါရူပါနဲ့ သဟဇာတပစ္စယေန ပစ္စယော။ ဦးဉာဏဝရ လျှောက်ပြီးဟောစမ်း။ ဧကံ မဟာဘူတံက စပြီး။

ဦးဉာဏဝရ။ ။ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကဿ မဟာဘူတဿ သဟဇာတပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒ္ဝိန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ မဟာဘူတာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကဋ္ဌတ္တာရူပါနံ ဥပါဒါရူပါနံ သဟဇာတ-ပစ္စယေန ပစ္စယော။

ဗာဟိရံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတပစ္စယေန ပစ္စယော။ (ပ) မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

အာဟာရသမုဋ္ဌာနံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတ-ပစ္စယေန ပစ္စယော။ (ပ) မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ဥတုသမုဋ္ဌာနံ ဧကံ မဟာဘူတံ (ပ) မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတ-ပစ္စယေန ပစ္စယော။

အသညသတ္တာနံ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ သဟဇာတ-ပစ္စယေန ပစ္စယော။ (ပ) မဟာဘူတာ ကဋ္ဌတ္တာရူပါနံ ဥပါဒါရူပါနံ သဟဇာတ-ပစ္စယေန ပစ္စယော။

ဆရာတော်။ ။ဘယ်က ပါဠိတော်တွေလဲ၊ သုဒ္ဓသင်္ခ်ာကလေးက နည်းနည်းကလေး၊ 'အချင်းချင်းအားဇင်း, ဥပါဒါရုပ်အားဇင်း တပ်သော မဟာဘုတ် ၄-ပါး တမျိုး' ဆိုတဲ့ ဒုတိယသုဒ္ဓသင်္ခ်ာ မဟုတ်လား (မှန်ပါ)။ တရားကလေးကတော့ နည်း

နည်းကလေး မဟာဘုတ်က ၇-မျိုးရှိနေတော့ အကုန်လုံးခွဲပြီး ဟောတယ်။ သတိထားကြပါ ပါဠိကို၊ ဗာဟိရံလို့ ဒီလိုသိကြပါ။ ပြီးတော့ အာဟာရသမုဋ္ဌာန်။ ပြီးတော့ ဥတုသမုဋ္ဌာန်-လို့ ဆိုကြပါ။ အဲဒီမှာ ဋ္ဌာနာနံ ဆိုသွားတတ်ကြလို့ အားလုံး နားလည်အောင် ပြောပါတယ်။ ဖြည်းဖြည်းဟောကြစမ်းပါ။

သံယာတော်များ။ ။တခေါက်ထပ်ဟောကြသည်။

ဆရာတော်။ ။သဟဇာတပစ္စယေန ပစ္စယော-လို့ဆိုတော့ နံပါတ်-၁, နံပါတ်-၂, နံပါတ်-၃ လို့[1] သုဒ္ဓသင်္ခ်ာ ၃-မျိုးပေးထားတာ မကုန်သေးဘူးလား။ ကုန်ပေမဲ့ ဦးပဉ္စင်းတို့ သင်္ခ်ာနံပါတ်က အခုမှ ၇-ဘဲ ရှိသေးတယ်။ အဗျာကတထဲ ရောထည့်တာတွေ များတယ်။

နံပါတ်-၁ သုဒ္ဓသင်္ခ်ာမှ သတိပြန်ပြီး နည်းနည်းပြုလိုက်စမ်း။ ကုသလ-ပဒက ပဒါဝသာန ၃-ချက်ထွက်တယ် နံပါတ် ၁-သုဒ္ဓသင်္ခ်ာကလေ။ ဘယ်က သင်္ခ်ာ ဘယ်နှစ်ချက်ထွက်လာတယ် ဆိုတာ ပြန်မေးလာရတယ်။ ထို့အတူ နံပါတ် ၁-သုဒ္ဓသင်္ခ်ာမှ အကုသလပဒရဲ့ ပဒါဝသာန ၃-ချက် ထွက်မလာဘူးလား (ထွက်ပါတယ်)၊ ၎င်းပြင် အဗျာကတပဒမှ ပဝတ္တိ ပဋိသန္ဓေလို့ ၂-မျိုး ထွက်လာခဲ့သေးတယ်။

နံပါတ် ၂-ကတော့ အဗျာကတော အဗျာကတသဘဲ။ နံပါတ် ၃-သည်လဲဘဲ အဗျာကတော အဗျာကတသ-အဗျာကတဘဲ မဟုတ်လား။ ဘယ် သုဒ္ဓသင်္ခ်ာက ဘယ် တရားတွေ ပေါ်လာတယ်ဆိုတာ ဒါကို လေ့လာရတယ်။

ကဲ သုဒ္ဓသင်္ခ်ာကလဲ ကုန်ပြီ။ ဘုရားဟောတဲ့ ပါဠိတော်ကလဲ ၂-ချက်တောင် ကျန်သေးတယ်။ ကုဗျာက-ဗျာ, အကုဗျာက-ဗျာ ဘာဟောရမှာလဲ၊ တရားက ကုန်နေပြီတဲ့ ဆိုတော့ ပြန်ကြည့်။ ခုတင်က စာ ၃-ကြောင်းမှာ အပေါ် ၂-ကြောင်းကြည့်စမ်း၊ နံပါတ် ၁-သုဒ္ဓသင်္ခ်ာ နာမက္ခန္ဓာ ၄-ပါးထဲမှာ ကုသိုလ်နာမက္ခန္ဓာ ၄-ပါး မပါဘူးလား (ပါပါတယ်)။

သတိနှင့် နားထောင်ပါ။ သဘာဝပြောပေးစရာ ပါနေတယ်၊ နံပါတ် ၂-သုဒ္ဓသင်္ခ်ာမှာ မဟာဘုတ် ၄-ပါး ရှိတယ်၊ အဲဒီ နံပါတ် ၁-ကုသိုလ် နာမက္ခန္ဓာ ၄-ပါးနှင့် နံပါတ် ၂-က မဟာဘုတ် ၄-ပါးကို ပေါင်းပြီးတော့ ပစ္စည်းထားပါတဲ့။ ဘာဖြစ်လို့ ထားတယ်ဆိုတာ အကြောင်းပြ ပြောပေးမှာပေါ့နော်၊ အခု နားလည်အောင် နားထောင်။ အဲဒီ မဟာဘုတ်မှ တပါးသော ရုပ်တွေကို ပစ္စယုပ္ပန်ထားလိုက်တဲ့၊ ဥပါဒါရုပ်တွေ။

---

[1] နံပါတ် ၁-၂-၃ ဟူသည် ဤကျမ်း နှာ-၂၁၈-ရှိ သဟကြီး လတ် ပါဠိတော် သုဒ္ဓသင်္ခ်ာဇယားရှိ ၁-၂-၃-ကို ဆိုလိုသည်။

ဒီတော့ ကုသိုလ်နာမက္ခန္ဓာက ကုသလော၊ မဟာဘုတ်က အဗျာကတော၊ ပေါင်းလိုက်တော့ ကုသလာဗျာကတော မဖြစ်ဘူးလား (ဖြစ်ပါတယ်)။ သူတို့ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေက ပစ္စယုပ္ပန်ဆိုတော့ အဗျာကတသာ မဖြစ်ဘူးလား၊ ကုသလာဗျာကတော အဗျာကတသာ။ သင်္ခ်ာနံပါတ် ၈။

အဲဒီ နည်းတူပါဘဲတဲ့။ သတိ၊ နံပါတ် ၁-သုဒ္ဓသင်္ခ်ာထဲမှာ အကုသိုလ် နာမက္ခန္ဓာတွေ မရှိဘူးလား (ရှိပါတယ်)။ နံပါတ် ၂-မှာ မဟာဘုတ် ၄-ပါး။ ကုသိုလ်တုန်းကလိုဘဲ အကုသိုလ် နာမက္ခန္ဓာနှင့် မဟာဘုတ်ကို ပေါင်းလိုက် ပစ္စည်း။ ကြွင်းသော စိတ္တဇရုပ်၊ သူတို့နှင့်ပတ်သက်တဲ့ စိတ္တဇရုပ်နော်၊ ကြွင်းဆိုလို့ တွေ့ကရာ စိတ္တဇရုပ်မရဘူး။ အကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ကို ပစ္စယုပ္ပန် ထားလိုက်တော့ အကုသလာဗျာကတော အဗျာကတသလို့ ပေါ်လာရပြန်တယ်။ နံပါတ် ၉-မဟုတ်လား (မှန်ပါ)။

ကောင်းပြီ၊ ကိုယ့်နေရာနှင့် ကိုယ် ကိုယ့်တရားနှင့် ကိုယ် သီးသန့်ဟောပြီးတော့မှ ဘာဖြစ်လို့ ဟိုက ဒီက ယူငင်ဆွဲပေါင်း ဟောနေပြန်တာလဲ၊ သတိပြုနားထောင်။

သင်္ခ်ာ သတ္တ ပြည့်နေတယ်၊ တရားက ကုန်နေတယ်၊ အခု ၁-နှင့် ၂-ကိုပေါင်းစပ်ပြီး အယူခိုင်းနေတယ် မဟုတ်လား၊ ဘာဖြစ်လို့ ပေါင်းရမှာလဲ၊ အဲဒီအထိ စဉ်းစားခိုင်းတာ။

အခုဟောနေတဲ့ ပစ္စည်းသည် ဘာပစ္စည်းတဲ့တုန်း (သဟဇာတ ပစ္စည်းပါ)၊ မျိုး၏ အစွမ်းအားဖြင့်လဲ **သဟဇာတမျိုး ခေါင်းဆောင် ပစ္စည်းကြီးနော်**။

သဟဇာတမျိုးဆိုတာ ဘယ်ပုံ ကျေးဇူးပြုတယ်လို့ ပြောခဲ့သတုန်း၊ ပစ္စည်းတရား၏ ပစ္စည်းထိုက်တဲ့ တရား၏ ဥပါဒ် ဌိ ဘင်လို့ ခဏငယ် ၃-ချက်ရှိတယ် မဟုတ်လား။ အဲဒီ ခဏငယ် ၃-ချက် အတွင်းမှာရှိနေတဲ့ တရားအချင်းချင်း ကျေးဇူးပြုတာ မဟုတ်လား၊ နားလည်တယ်နော်။ ပြောပြီးသားကို ပြန်ပြီး သတိပေးလိုက်တယ်။

အဲဒီတော့ သတိပြုစမ်း၊ အငယ်တုန်းက ပြောသလိုဘဲ ဝိထိတခုချလိုက်တော့ အခုလို အချိန်ကလေးတွေမှာ ဦးပဉ္စင်းတို့ သန္တာန်မှာ မဟာကုသိုလ်ဇောတွေ ၇-ကြိမ်လောက် စောနေတယ်လို့ တဝိထိ တဝိထိမှာရှိတယ်လို့ ပြောခဲ့တယ်မဟုတ်လား။ ဟိုတုန်းက ပြောခဲ့တဲ့ စကား ပြီးလွယ်အောင် ပြန်စပ်ပေးတာ။

ကဲ ကြည့်စမ်း၊ မဟာကုသိုလ်ပဌမဇော စောပြီတဲ့။ ထိုမဟာကုသိုလ် ပဌမဇောထဲမှာ စေတသိက်ပေါင်း ဘယ်လောက်ရှိမယ်၊ အဌတိံသ ၃၈-ပါး၊ မြင်အောင်ကြည့်။ မဟာကုသိုလ် ပဌမဇောက ဘာတုန်း စိတ်၊ ၃၈-ပါးက စေတသိက်။ ပြောပြီးသားတွေနော်၊ ထပ်ပြောတာ။

ထိုမဟာကုသိုလ် ပဌမဇော စိတ် စေတသိက်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ကော ဒီဥပါဒ် ဌိဘင်အတွင်းမှာ မရှိဘူးလား (ရှိပါတယ်)၊ ကြည့်-မြင်အောင်ကြည့်။ တရား ၃-မျိုး ခေါင်းချင်းဆိုင်နေတယ်။ အဲဒီမှာ မျက်ခြေပြတ်မသွားစေနဲ့။

မဟာကုသိုလ် ပဌမဇော အခိုက်အတန့်မှာ ဘာတွေရှိမလဲ၊ ပဌမဇောစိတ် သူနှင့် ယှဉ်တဲ့ စေတသိက် ၃၈-ရှိရမယ် မဟုတ်လား (မှန်ပါ)၊ သူတို့စိတ် စေတသိက်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ် (ရှိပါတယ်)၊ အဲဒီလိုသိပါ။

ပဌမဇော စိတ်, စေတသိက်တို့ကို ခန္ဓာဖွဲ့လိုက်လျှင် နာမက္ခန္ဓာ ၄-ပါး မပေါ်နိုင်ဘူးလား (ပေါ်နိုင်ပါတယ်)။ ပဌမဇောစိတ် စေတသိက်တွေကို ခန္ဓာဖွဲ့လိုက်လျှင် နာမက္ခန္ဓာ ၄-ပါးဖြစ်တော့ ကုသလာ ခန္ဓာလို့ မပေါ်နိုင်ဘူးလား (ပေါ်နိုင်ပါတယ်)။ သူတို့ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ရှိလျှင် ၎င်းစိတ္တဇရုပ်မှာ မဟာဘုတ် ၄-ပါး မရှိဘူးလား (ရှိပါတယ်)၊ အဲဒီမဟာဘုတ် ၄-ပါးက ပစ္စည်း၊ ကုသိုလ် နာမက္ခန္ဓာကလဲ ပစ္စည်း။ ကြွင်းတဲ့ စိတ္တဇရုပ်က (ပစ္စယုပ္ပန်)။ ပဌမဇော အတွင်းကလေးတင်နော်။ ဘယ်လိုထားမယ်- ကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တဇရုပ်ထဲက မဟာဘုတ်ကို ပစ္စည်းဆွဲထုတ်လိုက်တယ် ဟုတ်လား။ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ပြန်ကြည့်လိုက်စမ်း၊ သင်္ခ်ာ နံပါတ်-၈၊ ကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတသ ဓမ္မသ သဟဇာတပစ္စယေန ပစ္စယော။ ကုသလာ ခန္ဓာ စ မဟာဘူတာ စ (ပစ္စည်းနော်၊ ပစ္စယုပ္ပန်က ဘာတဲ့တုန်း) စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ကဲ အကုသိုလ်ဇောစောပြီတဲ့ ဒီလိုဘဲ မဖြစ်နိုင်ဘူးလား၊ အကုသိုလ်ပဌမဇော နာမက္ခန္ဓာနှင့် မဟာဘုတ်က ပစ္စည်း။ အကုသိုလ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်က ပစ္စယုပ္ပန်။

သင်္ခ်ာနံပါတ်-၉၊ အကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတသ ဓမ္မသ သဟဇာတပစ္စယေန ပစ္စယော။ အကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ကုန်ရောမဟုတ်လား (မှန်ပါ)။ ဘာတွေလုပ်ပေးသလဲ ၈-သည်, ၉-သည်၊ သင်္ခ်ာနံပါတ် ၁-နှင့် ၂-က ကုသိုလ် နာမက္ခန္ဓာနှင့် မဟာဘုတ်ကို ပစ္စည်းထား။ ကြွင်းတဲ့ စိတ္တဇရုပ် ပစ္စယုပ္ပန်ထား။ ၈-သည်, ၉-သည် သင်္ခ်ာနံပါတ် ၁-နှင့် ၂-က အကုသိုလ်နာမက္ခန္ဓာနှင့် မဟာဘုတ်ကို ပစ္စည်းထား၊ ကြွင်းတဲ့ရုပ်ကို ပစ္စယုပ္ပန်ထား။ ဦးကောလိယ ဟောစမ်း။

ဦးကောလိယ။ ။တခေါက်ဟောသည်။

ဆရာတော်။ ။အားလုံး တခေါက်ဟောစမ်းပါ။

သံဃာတော်များ။ ။တခေါက်ဟောကြသည်။

ဆရာတော်။ ။ကုန်ရော သဟဇာတ နဝ။ ဖြည်းဖြည်းကလေး ကိုယ်လဲ မပင်ပန်းအောင် စာလဲကျေသွားအောင် တခေါက်လောက် အစကနေပြီး ဟောရအောင်၊ အားလုံးဟောပါ။

သံယာတော်များ။ ။အစအဆုံး တခေါက်ပြန်ဟောသည်။

ဆရာတော်။ ။ဘုရားဟောတော်မူတဲ့အတိုင်း ကိုယ့်နေရာရောက်လဲရွတ်၊ လိုက်ရွတ်တဲ့ အခါကျတော့ တခါတည်း ပေါင်းရွတ်လိုက်။ ဘုန်းကြီးပြောတာ မှတ်မိပြီလား ၃-ခါမရွတ်ရဘူး၊ တခါတည်း ပေါင်းရွတ်လိုက်ပြီးရော။ ဘယ်လိုတဲ့ "ဗာဟိရံ အာဟာရသမုဋ္ဌာနံ ဥတုသမုဋ္ဌာနံ ဧကံ မဟာဘူတံ" ဆိုပြီးတော့ ခုတင်က အတိုင်းဟော၊ ဟုတ်လား (မှန်ပါ)။ ပြီးတော့မှ အသည်သတ္တာနဲ့ တခေါက်လာ၊ ဟုတ်လား။ ဒီတော့ မဟာဘုတ်အတွက် ၅-ခေါက် မဟုတ်ဘူး၊ ၃-ခေါက် ရွတ်လျှင် ပြီးသွားရောပေါ့။ အဲဒီ မဟာဘုတ်အမည်တွေ ပေါင်းတတ်လျှင် ပြီးပါတယ်။

နောက်တပစ္စည်းတော့ ထည့်ကြဦးစို့၊ ဒီအတိုင်းပါဘဲ၊ ဉာဏ်ထုတ်ဖို့ ကလေးဘဲ ရှိပါတယ်။

အညမညသုဒ္ဓသင်္ခ်ာ

နောက် တပစ္စည်းထည့်ချင်တာက အလတ်ထဲက ရှေးဦးစွာ ဘာတဲ့တုန်း။ (အညမည ပစ္စည်းပါ)။ ဦးဉာဏဝရ ဆိုစမ်း သုဒ္ဓသင်္ခ်ာ။

ဦးဉာဏဝရ။ ။**အညမညပစ္စည်း**၏ သုဒ္ဓသင်္ခ်ာဝါရဋ္ဌ-အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမကွန္ဓာ ၄-ပါး၊ အချင်းချင်းအားတပ်သော စိတ္တဇ ပဋိသန္ဓေကမ္မဇ ဗာဟိရ အာဟာရဇ ဥတုဇ အသည်သတ်ကမ္မဇ ပဝတ္တိကမ္မဇ အားဖြင့် မဟာဘုတ် ၄-ပါး၊ အချင်းချင်းအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမကွန္ဓာ ဟဒယဝတ္ထု၊ ဤတရားတို့သည် အညမညပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ တိဏိ။ ပစ္စည်းရေ ၅-ဟူသည်တည်း။ **သင်္ခ်ာတိဏိ** ဟူသော်ကား ကုသလော ကုသလဿ, အကုသလော အကုသလဿ, အဗျာကတော အဗျာကတဿ ဟူသည်တည်း။ **ပစ္စည်းရေ ၅-ဟူသော်ကား** အညမည, သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ ဟူသည်တည်း။

ဆရာတော်။ ။ဒါပါဘဲ ရပြီးသား ဖြစ်ကြပါလိမ့်မယ်၊ သတိပြုနားထောင်စမ်း၊ ဘုန်းကြီး နည်းနည်းပြန်ပြောမယ်။ ခုတင်က ပါဠိတော်ကို သဟဇာတပစ္စယေန ပစ္စယောလို့ ရွတ်သွားပြီ မဟုတ်လား။ သုဒ္ဓသင်္ခ်ာမှာ တပြိုင်နက် ရထားတဲ့ ပစ္စည်းတွေ ဘယ်သူတွေတုန်း နိဿယ, အတ္ထိ, အဝိဂတ၊ အဲဒီ ၃-ပစ္စည်းကျလျှင် ဒီပါဠိတော်တွေ ပြန်ပြီး ပါလာလိမ့်မယ်၊ အဲဒါ ကြပ်ကြပ်သတိထား။ ပြီးပြီလို့မျှား

လုပ်မထားနှင့် မပြီးဘူး။ ဒီအတိုင်း သဝေထိုးတလုံးမျှ မလွဲစေရဘူး။ ဒီအတိုင်း နိဿယပစ္စည်းကျတော့ ပါလာမယ်။ အတ္ထိပစ္စည်းကျတော့လဲ ဒီအတိုင်း ပြန်လာရမယ်။ အဝိဂတ ပစ္စည်းကျလျှင်လဲ ဒီလိုဘဲ ပြန်လာရမယ်ဆိုတာ နားလည်ထားစမ်းပါ။ နောက်ကရိုဏ်းပါင့်ထုတ်တော့လဲ ထို့အတူဘဲ။ ဘယ်တော့မှ အပေါင်းအသင်းမပျက်ဘူး။ သူတို့ ၄-ပစ္စည်းဟာ ဒီတရားနှင့် ဒီတရား တွေ့လာပြီ ဆိုလျှင် ဒီအတိုင်းချည်းဘဲ ထွက်လာကြမယ်။

ခုတင်ကဆိုသွားတဲ့ အညမညသုဒ္ဓသန္ဓာဘယ်မှာလဲ၊ ခုတင်က သဟကြီးပေါ်က စာကလေး ၃-ကြောင်း[1] ပြန်ကြည့်စမ်း၊ ခဏကလေး ဂရုစိုက်ကြည့်၊ သုဒ္ဓသန္ဓာလဲရပြီ၊ အဲဒီ စာကလေး ၃-ကြောင်းပြန်ကြည့်စမ်း။ ပြန်ကြည့်တော့ ဘုန်းကြီးက ဘာပြောသလဲ ၃-ကြောင်းမှာ အကွက် ၃ ကွက်ရိုက်ထားတော့ ပဌမဆုံးအကွက်က ပစ္စည်း, ဒုတိယအကွက်နှင့် တတိယအကွက်က (ပစ္စယုပ္ပန်)။

နားလည်အောင် နားထောင်ကြစမ်းပါ၊ ဦးပဉ္စင်းတို့ ဒို့သိပြီးသားဆိုတာ ဖြစ်အောင် ဘုန်းကြီးက ပြောပြပေးနေတာ။ သုဒ္ဓသန္ဓာကတော့ ရရမှာ ဦးပဉ္စင်းတို့ တာဝန်။ သုဒ္ဓသန္ဓာ ရလျှင် ဘုန်းကြီးပေးတဲ့ နည်းနှင့် ပဌာန်းမတတ်လျှင် ဘုန်းကြီးတာဝန်ထားပါ။ သုဒ္ဓသန္ဓာမရ လို့ မတတ်တာတော့ ဘုန်းကြီး ဘယ်နှယ်မှ မတတ်နိုင်ဘူး။

အဲဒီလို ပစ္စည်းတကွက် ပစ္စယုပ္ပန် ၂-ကွက်ကို တကြောင်းတကြောင်းမှာ ရှိနေလျှင် သတိပြုစမ်း၊ ပစ္စယုပ္ပန် ၂-ကွက်တို့တွင် နားလည်အောင် နားထောင်နော်၊ နောက်ဆုံး အကွက်ကို စာရွက်တရွက်နှင့် ဖုံးထားစမ်း၊ စာအုပ်ကလေး တခုခုနှင့်ဖြစ်ဖြစ် ဖိထားစမ်း၊ ပစ္စယုပ္ပန်နောက်အကွက်ကို ဖုံးထားလိုက်၊ ဒီအတိုင်း စိတ်ကူးနှင့်ဆိုတော့ ဟိုကို လှမ်းလှမ်း ကြည့်သေးတယ်၊ မကြည့်ပါနှင့်ဆိုတာ ကြည့်ချင်တာကိုး။

ဒီတော့ ဘာဖြစ်နေသလဲ ကြည့်စမ်း၊ ပစ္စည်းက တကွက်, ပစ္စယုပ္ပန်က တကွက် အဲဒီစာကလေး ၂-ကွက်ကို ပစ္စည်း, ပစ္စယုပ္ပန်တပ်ပြီး ဆိုစမ်းပါလို့ဆိုလျှင် နံပါတ် ၁-အကြောင်းကို ဘယ်လိုလုပ်ဆိုမလဲ။ ဦးပဉ္စင်းတို့ဖာသာ ဆိုကြည့်ပါ။ ဘယ်လိုဆိုကြည့်မလဲ၊ ဦးဉာဏဝရ ဘယ်နှယ်ဆိုမလဲ ၁-နံပါတ်အကြောင်းကို။

ဦးဉာဏဝရ။ ။အချင်းချင်းအားတပ်သော ကုသိုလ်နာမကွန္ဓာ ၄-ပါး။

ဆရာတော်။ ။ကုသိုလ်မှမပါဘဲ၊ ရှိတဲ့အတိုင်း ဖတ်ခိုင်းတာ။

ဦးဉာဏဝရ။ ။အချင်းချင်းအားတပ်သော နာမကွန္ဓာ ၄-ပါး။

၁။ ဤကျမ်း၊ နှာ ၂၁၈-ရှိ သဟကြီးလတ် ပါဠိတော်သုဒ္ဓသန္ဓာဇယား။

ဆရာတော်။ ။ဒါဘဲရှိတယ်နော်၊ နံပါတ် ၂-အကြောင်းကို အဖတ်ခိုင်းလျှင်–

ဦးဥာဏဝရ။ ။အချင်းချင်းအားတပ်သော မဟာဘုတ် ၄-ပါး။

ဆရာတော်။ ။နံပါတ် ၃-အကြောင်း

ဦးဥာဏဝရ။ ။အချင်းချင်းအားတပ်သော ပဠုဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။

ဆရာတော်။ ။အားလုံးလဲ တွေ့နေတယ် မဟုတ်လား ဒီအတိုင်းမြင်နေရတယ်။ ဘာတဲ့ အချင်းချင်းအားတပ်သော နာမက္ခန္ဓာ ၄-ပါး၊ အချင်းချင်းအားတပ်သော မဟာဘုတ် ၄-ပါး၊ ဟိုတက်ကဟာတွေ မထည့်နှင့်နော် ဖုံးထားပါ။ ပျောက်နေပါစေ။ နံပါတ် ၃-က အချင်းချင်းအားတပ်သော ပဠုဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုတဲ့။

ဦးပဠင်းတို့ ခုတင်ကရွတ်တဲ့ သုဒ္ဓသင်္ခ်ာ ဒီအတိုင်းဟုတ်လား မဟုတ်ဘူးလားလို့ စဉ်းစားပါလား နံပါတ် ၁-က ဘယ်နှယ်ရွတ်သလဲ၊ အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါးလို့ ဒီလို မဆိုဘူးလား (ဆိုပါတယ်)။ နောက်တခါ ဘာတဲ့ အချင်းချင်းအားတပ်သော စိတ္တဇ၊ ပဋိသန္ဓေကမ္မဇ၊ ဗာဟိရ၊ အာဟာရဇ၊ ဥတုဇ၊ အသညသတ်ကမ္မဇ၊ ပဝတ္တိကမ္မဇဆိုတာ ဒါက မဟာဘုတ်နာမည်တွေ ခွဲတာဘဲ မဟုတ်လား။ ကျဉ်းပြီးထုတ်လိုက်တော့ ဘာတုန်း၊ မဟာဘုတ် ၄-ပါး၊ အချင်းချင်းအားတပ်သော ပဠုဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။

ဘယ်နှယ်ဟာတွေ ဖြစ်ကုန်သလဲ၊ တတိယအကွက် (ပစ္စယုပ္ပန်ဘက်ကို) ဖုံးအုပ်လိုက်တာနှင့် တပြိုင်နက် ကျန်သော သဟဇာတသုဒ္ဓသင်္ခ်ာသည် အညမည သုဒ္ဓသင်္ခ်ာ ဖြစ်လာ၏။

ဖြစ်ကဲ့လား (ဖြစ်ပါတယ်)၊ ဘာပြောသလဲ၊ ဟိုအချိန်က ဘုန်းကြီးပြောတယ်လေ၊ သဟအကြီး အလတ်ဆိုတာ တရားအရ အနည်းအများ လိုက်တယ်လို့ ပြောတယ်မဟုတ်လား ယှဉ်ကြည့်စမ်း ဒီမှာ၊ သဟဇာတနှင့် အညမည ဘယ်သူက တရားနည်းသလဲ (အညမညက နည်းပါတယ်)၊ သဟဇာတက များမနေဘူးလား၊ များနေတဲ့ ပိုနေတဲ့တရားကို ဖုံးထားလိုက်လို့ ဘုန်းကြီးက ပြောတာ။

ဘာတွေ ပျောက်သွားသတုန်း၊ နံပါတ် ၁-က စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် အညမညမှာ ပါသေးရဲ့လား (မပါပါ)၊ နံပါတ် ၂-က ဥပါဒါရုပ်ကော ပါရဲ့လား (မပါပါ)။ အဲဒီတရားတွေက အညမညထက် သဟဇာတက များတယ်၊ အညမညက သဟဇာတလောက် မရဘူး၊ အဲဒီတရားတွေ မရဘူး။ ဒါဖြင့် ဒီတရားတွေကို ပါဠိတော်ဖြစ်အောင်

သရုပ်ထုတ်လိုက်စမ်းဟေ့ ဆိုတော့ နံပါတ် ၁-မှာ ကုသိုလ် အကုသိုလ် အဗျာကတ မရှိဘူးလား (ရှိပါတယ်)၊ ရှိလျှင် ဘယ်လိုထုတ်မလဲ၊ အချင်းချင်းအားတပ်သော ကုသိုလ်နာမကွန္ဓာ ၄-ပါးတမျိုး။ သဟဇာတတုန်းကတော့ ၃-မျိုးထွက်တယ်၊ ကုသိုလ်တမျိုးအပြင် ဘာထွက်နိုင်သေးသတုန်း စဉ်းစားစမ်း၊ ထုတ်ကြည့်စမ်း၊ အချင်းချင်းအားတပ်သော ကုသိုလ်နာမကွန္ဓာ ဆိုပြီးတဲ့နောက် ကုသိုလ်နှင့်စပ်လို့ ဘယ်လိုလုပ် ထွက်ဦးမလဲ၊ (မထွက်နိုင်ပါ)။

ဒါဖြင့် အချင်းချင်းအားတပ်သော ကုသိုလ်နာမကွန္ဓာ ၄ ပါးဆိုလျှင် သင်္ချာ နံပါတ် ၁၊ အောက်က ဇယားသွားကြည့်စမ်း[1] (ကုသလော ကုသလဿ)၊ ခုတင်က ဟောတဲ့အတိုင်း ဟောတဲ့။ တမျိုးတည်းထွက်တယ်။ ၂-နှင့် ၃ မရတော့ဘူး။

ထိုနည်းတူစွာ အချင်းချင်းအားတပ်သော အကုသိုလ် နာမကွန္ဓာ ၄-ပါးလို့ မပါဘူးလား (ပါပါတယ်)။ အကုသလော အကုသလဿ၊ ခုတင်က အတိုင်းဟော။

ပြီးတော့ အဗျာကတ ရှိတယ်မဟုတ်လား။ ပဝတ္တိ ပဋ္ဌိသန္ဓေခွဲလိုက်တော့ အချင်းချင်းအားတပ်သော သာမညဝိပါက်ကြိယာ နာမကွန္ဓာ ၄-ပါး တမျိုးဆိုတော့ နံပါတ် ၇-ဗျာဗျာ သွားကြည့်စမ်း၊ နာမ်တင် ဟောနေတယ်၊ ရုပ်တွေမပါစေနှင့်။ ရုပ်ပါဋ္ဌိတော်တွေ ချန်ထားဆိုတော့ သတိပြုကြစမ်း။

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အညမညပစ္စယေန ပစ္စယော။ ဝိပါကာဗျာကတော ကိရိယာဗျာကတော ဧကော ခန္ဓော-ဒါကပစ္စည်း။ တိဏ္ဏန္နံ ခန္ဓာနံ နာမ်တင်ဆိုတော့ ဒီတွင်ရပ်ပေါ့။ နောက်က စိတ္တဇရုပ်တွေ ရှိတယ်မဟုတ်လား၊ မထည့်ပါနှင့်၊ ကုသိုလ် အကုသိုလ်နှင့် အတူတူ နာမ်တင်ဟောလိုက်။ တယော ခန္ဓာ ဧကဿ ခန္ဓဿ အညမညပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။ ဒါက ပဝတ္တိပြောတာနော်။

ပဋ္ဌိသန္ဓေကျတော့ ပဋ္ဌိသန္ဓိကွဏေ၊ အချင်းချင်းအားတပ်သော ပဋ္ဌိသန္ဓေကိစ္စတပ်သော ဝိပါက်နာမကွန္ဓာ ၄-ပါးလို့ ရှိမယ်မဟုတ်လား (မှန်ပါ)။ ပဋ္ဌိသန္ဓိကွဏေ ဝိပါကာ-ဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ-နာမ်တင်ရတာကိုး။ နားလည်အောင် နားထောင်နော်။ နာမ်တင်ရတော့ တိဏ္ဏန္နံ ခန္ဓာနံ ဆိုလျှင် ဆုံးနေပြီမဟုတ်လား (မှန်ပါ)။

နံပါတ် ၃- သုဒ္ဓသင်္ခ်ာကလဲ ပဋ္ဌိသန္ဓေနှင့် အရတူစွာ ဟောထားတယ်လို့ သဟတုန်းက ပြောခဲ့တယ်မဟုတ်လား။ အဲဒီမှာရှိတဲ့ ဟဒယဝတ္ထုကို ပစ္စယုပ္ပန်နောက်က ထည့်လိုက်။ ပဋ္ဌိသန္ဓေချင်းတူသောကြောင့်လို့ ဒီလိုမှတ်ပါနော်။

---

[1] ဤကျမ်း၊ နှာ-၂၂၃-ရှိ သဟကြီးလတ် ပါဋ္ဌိတော် အရကောက်ဇယားကြည့်။

ဒီတော့ ဘယ်နှယ်ဖြစ်မလဲ ပဋ္ဌိသန္ဓိကွဏော ဝိပါကာဗျာကတော ဧကော ခန္ဓော ဒါက ပစ္စည်း။ တိဏ္ဏန္နံ ခန္ဓာနံ ဝတ္ထုသ္မာ စ၊ အဲဒါကလေးကို သတိထားပါ။ ဘယ်က ဟဒယ ဝတ္ထုလဲ မေးလျှင် နံပါတ် ၃-မှာပါတဲ့ ဟဒယဝတ္ထုကို ယူဟောတယ်။ တယော ခန္ဓာ ဧကသ္မာ ခန္ဓသ္မာ ဝတ္ထုသ္မာ စ။ ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ ဝတ္ထုသ္မာ စ အညမညပစ္စယေန ပစ္စယော။ ပြီးတော့ ထုံးစံအတိုင်း ခန္ဓာ ဝတ္ထုသ္မာ နံပါတ်-၃ ပါတယ်မဟုတ်လား (မှန်ပါ)။ ဝတ္ထု ခန္ဓာနံ အညမညပစ္စယေန ပစ္စယော။ (ပဠဝေါကာရ ပဋ္ဌိသန္ဓေအခိုက်အတန့်တွင် ဟဒယဝတ္ထု ရှိစမြဲ)။

ပြီးတော့ မဟာဘူတ်တွေသွားတော့ မဟာဘူတ်အချင်းချင်း ရတော့ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ အညမညပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကသ္မာ မဟာဘူတသ္မာ အညမညပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒ္ဝိန္နံ မဟာဘူတာနံ အညမညပစ္စယေန ပစ္စယော။ မဟာဘုတ်အချင်းချင်းဆိုတော့ ဒီတွင်ဘဲရတယ်။ မဟာဘူတာလို့ မဟောနိုင်ဘူးနော်။ ထို့အတူ ကျန်တဲ့ရုပ်တွေ အကုန်လုံးပေါင်းလိုက် ဗာဟိရံ-အာဟာရသမုဋ္ဌာနံ-ဥတုသမုဋ္ဌာနံ-အသညသတ္တာနံ ဆိုပြီး အဲဒီအထိဟော ကုန်ရောပေါ့။ ဟောစမ်းပါဦး ဦးဥာဏဝရ။

ဦးဥာဏဝရ။ ။ကုသလော ဓမ္မော ကုသလသ္မာ ဓမ္မသ္မာ အညမညပစ္စယေန ပစ္စယော (၀) အညမညပစ္စယေန ပစ္စယော။

ဆရာတော်။ ။ကုန်ရောတဲ့။ သုဒ္ဓသင်္ခ်ာ ပိုင်းဖြတ်ပုံကလေးတွေကို သတိထားပြီး မှတ်ကြပါ။ နောက်နေ့ကျတော့ ဆက်မယ်နော်၊ အားလုံးဟောကြစမ်းပါ။

သံယာတော်များ။ ။တခေါက်ပြန်ဟောကြသည်။

အာရမ္မဏပုရေဇာတ သုဒ္ဓသင်္ခ်ာ

ဆရာတော်။ ။အညမညပစ္စည်းပြီးရော။ ကျန်တဲ့ ၃-ပစ္စည်း နက်ဖြန်ကျမှ ဟောမယ်။ သုဒ္ဓသင်္ခ်ာ ဖတ်စမ်းပါဦး။ အာရမ္မဏမျိုးထဲက အာရမ္မဏပုရေဇာတ သုဒ္ဓသင်္ခ်ာ။ အာဓိက ပြီးသွားပြီမဟုတ်လား (မှန်ပါ)။ အာရမ္မဏပုရေဇာတ သုဒ္ဓသင်္ခ်ာ ဦးသူရိယ ဖတ်စမ်း။ ဆဋ္ဌမ ပဋ္ဌာန်းလမ်းပြစာအုပ် စာမျက်နှာနံပါတ် ၁၀-ကြည့်၊ ဖတ်စမ်းပါ။

ဦးသူရိယ။ ။**အာရမ္မဏ ပုရေဇာတပစ္စည်း**၏ သုဒ္ဓသင်္ခ်ာဝါရ၌-ကာမစိတ် စတု-ပညာသ, ဒိဋ္ဌစက္ခု ဒိဋ္ဌသောတ အဘိညာဉ်အားတပ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဤတရားတို့သည် အာရမ္မဏပုရေဇာတပစ္စည်းတပ်သော တရား

တို့မည်ကုန်၏။ သင်္ချာ တီဏိ။ ပစ္စည်းရေ ၄-ဟူသည်တည်း။ **သင်္ချာ တီဏိ** ဟူသော်ကား-အဗျာကတော အဗျာကတသ, အဗျာကတော ကုသလသ, အဗျာကတော အကုသလသ ဟူသည်တည်း။ **ပစ္စည်းရေ ၄-ဟူသော်ကား** အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတ ဟူသည်တည်း။

ဝတ္ထုပုရေဇာတနိဿယသုဒ္ဓသင်္ချာ

ဆရာတော်။ ။အဲဒါ အာရမ္မဏမျိုးထဲကနော်၊ ကျေနေအောင် ကျက်ပြီးတော့ ဝတ္ထုမျိုးသွားပြီးကြည့်စမ်း၊ ဝတ္ထုပုရေဇာတနိဿယပစ္စည်း သုဒ္ဓသင်္ချာမှာကြည့်-

ဦးသူရိယ။ ။**ဝတ္ထုပုရေဇာတနိဿယပစ္စည်း**၏ သုဒ္ဓသင်္ချာဝါရဋ္ဌ-ပဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြဉ်သော သတ္တဝိညာဏဓာတ်အား တပ်သော ဆဝတ္ထု၊ ဤတရားတို့သည် ဝတ္ထုပုရေဇာတ နိဿယပစ္စည်း တပ်သော တရားတို့ မည်ကုန်၏။ သင်္ချာ တီဏိ။ ပစ္စည်းရေ ၅-ဟူသည်တည်း။ **သင်္ချာ တီဏိ** ဟူသော်ကား အဗျာကတော အဗျာကတသ, အဗျာကတော ကုသလသ, အဗျာကတော အကုသလသ ဟူသည်တည်း။ **ပစ္စည်းရေ ၅-ဟူသော်ကား** နိဿယ, ပုရေဇာတ, ဝိပွယုတ္တ, အတ္ထိ, အဝိဂတဟူသည်တည်း။

ပစ္ဆာဇာတသုဒ္ဓသင်္ချာ

ဆရာတော်။ ။အောက်နားမှာပါတယ်၊ ပစ္ဆာဇာတပစ္စည်း၏ သုဒ္ဓသင်္ချာကို ဆိုစမ်းပါ။

ဦးသူရိယ။ ။**ပစ္ဆာဇာတပစ္စည်း**၏ သုဒ္ဓသင်္ချာဝါရဋ္ဌ-ပဋ္ဌိသန္ဓေအစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော ဧကဇာယ ဒွိဇာယ တိဇာယ စတုဇာယအား တပ်သော ပဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြဉ်သော ပဌမဘဝင်အစရှိသော နောက်နောက်၌ဖြစ်သော နာမက္ခန္ဓာ ၄-ပါး၊ ဤတရားတို့သည် ပစ္ဆာဇာတပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ချာတီဏိ။ ပစ္စည်းရေ ၄-ဟူသည်တည်း။ **သင်္ချာတီဏိ** ဟူသော်ကား ကုသလော အဗျာကတသ, အကုသလော အဗျာကတသ, အဗျာကတော အဗျာကတသ ဟူသည်တည်း။ **ပစ္စည်းရေ ၄-ဟူသော်ကား** ပစ္ဆာဇာတ ဝိပွယုတ္တ အတ္ထိ အဝိဂတ ဟူသည်တည်း။

သဟပုရေမိဿကသင်္ချာ

ဆရာတော်။ ။၃-ပုဒ်ရှိသွားပြီနော် ပစ္ဆာဇာတမရလျှင် နေစမ်းပါစေ။ ဟိုနောက်နားမှာ မိဿက တပုဒ်တွဲပေးစမ်း။ သဟပုရေမိဿကဖတ်စမ်း။

ဦးသူရိယ။ ။သဟပုရေမိသက- ရသော နိဿယ အတ္ထိ အဝိဂတပစ္စည်း၏ သၨာဝါရ၌-အချင်းချင်းအားတပ်သော ပဠွဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ, ကုသိုလ်စိတ် ဧကဝီသ, စေတသိက် ဒွေပညာသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ ဤတရားတို့သည် သဟပုရေမိသက-ရသော နိဿယ အတ္ထိ အဝိဂတ ပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သၨာဒွေ, ပစ္စည်းရေ ၃-ဟူသည်တည်း။

သၨာ ဒွေ ဟူသော်ကား ကုသလာဗျာကတော ကုသလသ, အကုသလာ-ဗျာကတော အကုသလသ ဟူသည်တည်း။ ပစ္စည်းရေ ၃-ဟူသော်ကား နိဿယ အတ္ထိ အဝိဂတ ဟူသည်တည်း။

ဆရာတော်။ ။အကုန်လုံး အခုပြတာ ၄-ပုဒ် ရှိနေပါတယ်၊ အာရမ္မဏ ပုရေဇာတ တပုဒ်, ဝတ္ထုပုရေဇာတနိဿယတပုဒ်, ပစ္ဆာဇာတတပုဒ်, သဟနှင့် ပုရေရောတဲ့ မိသကတပုဒ် ၄-ပုဒ်ဖြစ်ပါတယ်၊ မရလျှင် ပစ္ဆာဇာတ ချန်ထားပြီး ကျန်တဲ့ ၃-ပုဒ်ကို ကျေအောင်ကျက်ကြပါ။ တော်ကြဦးစို့။

သမ္မယုတ္တ သုဒ္ဓသၨာ

သဟကြီး လတ် ပါဠိတော်ဇယားတဲ့၊ မနေ့က အညမညပစ္စည်း ပြီးသွားပြီ။ ပါဠိတော်တွေက ကုန်ခါနီးနေပြီ၊ ဆိုပြီးသားတွေ ပါဠိတော်မှာ ပြန်ကြည့်ကြ။ ဒီနေ့ ဝိပါကကျော် ပြီးတော့ သမ္မယုတ္တပြောရမယ်၊ ဦးဥာဏ သမ္မယုတ္တသုဒ္ဓသၨာ ဆိုစမ်းပါ။

ဦးဥာဏ။ ။သမ္မယုတ္တပစ္စည်း၏ သုဒ္ဓသၨာဝါရ၌-အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဤတရားတို့သည် သမ္မယုတ္တပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သၨာတီဏိ။ ပစ္စည်းရေ ၆-ဟူသည်တည်း။ သၨာတီဏိ-ဟူသော်ကား ကုသလော ကုသလသ, အကုသလော အကုသလသ, အဗျာကတော အဗျာကတသ ဟူသည်တည်း။ ပစ္စည်းရေ ၆-ဟူသော်ကား သမ္မယုတ္တ, သဟဇာတ, အညမည, နိဿယ, အတ္ထိ, အဝိဂတ ဟူသည်တည်း။

ဆရာတော်။ ။ဒါပါဘဲ။ မနေ့က ပြီးသွားတဲ့ အညမညရဲ့တရား ၃-ပုံ တပုံမျှ ရှိတယ်၊ ဒါကို ကျော်ပြောတာ။ သုဒ္ဓသၨာရေးထားတဲ့ စာ ၃-ကြောင်းကို ပြန်ကြည့်၊ သုံးတတ်ပါစေ။ ဘုန်းကြီး ပြောနေတာ သုံးတတ်တဲ့ နည်းရအောင်လို့ ပြောနေတာ။

မနေ့တုန်းက ပြောထားတယ် ပစ္စည်းတကွက် ပစ္စယုပ္ပန် ၂-ကွက်ရှိတဲ့ အနက် နောက်ပိုင်း ပစ္စယုပ္ပန် ဖြုတ်ထားတယ် ဟုတ်လား (မှန်ပါ)။ ကျန်တဲ့ ပစ္စည်းတကွက်နှင့် ပစ္စယုပ္ပန်တကွက်သာ မနေ့က ဘုန်းကြီးက ဘယ်ပစ္စည်း၏ သုဒ္ဓသင်္ခ်ာ ဖြစ်ရသလဲလို့ မေးတော့ ဘာဖြစ်လာသလဲ။ (အညမညပစ္စည်း၏ သုဒ္ဓသင်္ခ်ာ ဖြစ်လာပါတယ်။) အဲဒီအတိုင်း ကြည့်ဟော။ ဒီအထဲက မထွက်နှင့် ဟုတ်လား။

အဲဒီ အညမညရဲ့ သုဒ္ဓသင်္ခ်ာဟာ နံပါတ် ၁-က ဘာတဲ့တုန်း။ အချင်းချင်းအားတပ်သော နာမကွန္ဓာ ၄-ပါး၊ ပစ္စယုပ္ပန် နောက်တကွက် ဖယ်ထားတယ်နော်။ နံပါတ် ၂-က အချင်းချင်းအားတပ်သော မဟာဘုတ် ၄-ပါး၊ နံပါတ် ၃-က ပဠွဝေါကာရ ပဋ္ဌိသန္ဓေ နာမကွန္ဓာ ဟဒယဝတ္ထုလို့ သုဒ္ဓသင်္ခ်ာ ၃-ပိုင်း ၃-ကဏ္ဍ ရှိမယ်။

ခုတင်က ရွှတ်သွားတဲ့ (သမ္မယုတ္တ) သုဒ္ဓသင်္ခ်ာက အညမည သုဒ္ဓသင်္ခ်ာ ၃-ပိုင်း အနက် ပဌမပိုင်း သုဒ္ဓသင်္ခ်ာ ဖြစ်တယ်။ ဟုတ်ကဲ့လား (မှန်ပါ)။

အဲဒီဥစ္စာကို ဦးပဉ္စင်းတို့ကို ဉာဏ်ထဲမှာ သိလာစေချင်တယ်။ ဒါက သဟဂြိုဟ် သုဒ္ဓသင်္ခ်ာ။ ဒီသဟဂြိုဟ် သုဒ္ဓသင်္ခ်ာကို ပစ္စယုပ္ပန်တကွက် ဖြုတ်လိုက်တာနှင့် အညမည သုဒ္ဓသင်္ခ်ာ ဖြစ်လာတယ်။

နားလည်စေချင်တာက အခု ဘုန်းကြီးပြောသလို နားလည်စေချင်တယ်။ အဲဒီ အညမည သုဒ္ဓသင်္ခ်ာမှာ ၁-၂-၃-လို့ ၃-ပိုင်းရှိရာ နောက် ၂-ပိုင်းချန်။ ပဌမဆုံးရှိတဲ့ အပိုင်းက ဘာသုဒ္ဓသင်္ခ်ာ ဖြစ်တယ်။ (သမ္မယုတ္တသုဒ္ဓသင်္ခ်ာ ဖြစ်ပါတယ်)။

ပြန်ပြန်လေ့လာပါ။ နားထောင်ရုံကလေးနှင့် မကျေနပ်ပါနှင့်၊ ဘုန်းကြီး ဒို့ကို ဒါတွေ ဒီလိုပြောပြတယ်၊ ဟုတ်ရဲ့လား ဖြစ်သင့်ရဲ့လား လေ့လာရတယ်။ ကိုယ်တိုင်လေ့လာပြီးတော့ ကြည့်တော့မှ သြော်... ဒီလို ဒီလို ဖြစ်လာတာကိုး ဆိုပြီးတော့ ဉာဏ်ထဲမှာ သိပါ။ နားထောင်ရုံနှင့်တော့ မသိနိုင်ဘူး။ ဒါတော့ ဘုန်းကြီးကိုက တာဝန်ခံတယ်။

ဒီတော့ ဒီနံပါတ် ၁-အပိုင်းကလေးတင်ရတော့ သတိနှင့် နားထောင်ကြစမ်းပါ။ အားလုံးရပြီးသား ဖြစ်နေပြီ။ ဒီနာမကွန္ဓာ ၄-ပါးမှာ မနေ့က ပြောဘလိုဘဲ ကုသိုလ်နာမကွန္ဓာ ၄-ပါး မရှိပေဘူးလား (ရှိပါတယ်)။ အချင်းချင်းအားတပ်သော ကုသိုလ်နာမကွန္ဓာ ၄-ပါး တမျိုး၊ ဒီအထဲကဘဲ (မှန်ပါ)၊ ဒီတော သူက ဘာဖြစ်လာမလဲ၊ (ကုသလော ကုသလဿ ဖြစ်လာပါမယ်)။ မနေ့ကအတိုင်း အညမညဖြစ်သလို ဖြစ်တော့မှာပေါ့။ အညမညပစ္စယေန ပစ္စယောအစား ဘာဆိုမလဲ။ (သမ္မယုတ္တပစ္စယေန ပစ္စယော) ဒါကလေး ပြင်ရုံဘဲနော် (မှန်ပါ)။

ထိုနည်းတူစွာ မနေ့ကလဲ ဒီလိုဘဲ ခွဲတာဘဲ။ အချင်းချင်းအားတပ်သော အကုသိုလ် နာမကွန္ဓာ ၄-ပါးတမျိုးလို့ မရဘူးလား (ရပါတယ်)။ သူက ဘာဖြစ်မယ် (အကုသလော အကုသလသ)၊ မနေ့ကအတိုင်း ဘာထူးတော့သတုန်းနော် (မှန်ပါ)။

ကုသိုလ်နှင့် အကုသိုလ်ပြီးတော့ အဗျာကတကြည့်။ (ဝိပါက်ကြိယာတွေ) အချင်းချင်းအားတပ်သော သာမညဝိပါက် ကြိယာ နာမကွန္ဓာ ၄-ပါးတမျိုးဆိုတော့ (ဗျာဗျာ)ရဲ့ ဘယ်အပိုင်းတုန်း ပဝတ္တိပိုင်း။

ပြီးတော့မှ အချင်းချင်းအားတပ်သော ပဋိသန္ဓေ ကိစ္စတပ်သော ဝိပါက်နာမကွန္ဓာ ၄-ပါး တမျိုးဆိုတော့ ဘယ်အတွက်တုန်း (ပဋိသန္ဓေ အတွက်ပါ)။ ပဋိသန္ဓိကွဏော။

မနေ့က ဟိုက ၃-တို့ ၂-တို့ ကြည့်နေတော့ ပဋိသန္ဓေမှာ 'ဝတ္ထုသ စ' ထည့်ဖို့ ပြောခဲ့တယ်နော်။ ဒီနေ့ ဘာမှထည့်ဖို့ မလိုဘူး။ သမ္မယုတ္တ ပစ္စည်းဆိုတဲ့ တရားမျိုးက ပစ္စည်းလဲ နာမ်ဖြစ်ရမယ်၊ ပစ္စယုပ္ပန်လဲ နာမ်ဖြစ်ရမယ်တဲ့။ ဒီတော့ အရှင်အနုရုဒ္ဓါက ပြောတဲ့ "**ဆဓာ နာမန္တု နာမဿ**" ဆိုတဲ့ အထဲမှာ သူ ပါတာပေါ့။ နာမ်ပစ္စည်း, နာမ်ပစ္စယုပ္ပန် ဖြစ်နေတဲ့ ပစ္စည်း ၆-မျိုးထဲမှာ သူပါတယ်။ နားလည်တယ်နော် (မှန်ပါ)။

ဒါဖြင့် ဘာခက်လို့တုန်း၊ ဒီပါဠိတော် ဘာမှ ပြောဖို့ မလိုဘူး။ မနေ့ကအတိုင်း အညမညလိုဘဲ ကုသလော ဓမ္မော ကုသလသ ဓမ္မသ။ မနေ့ကတော့ အညမညပစ္စယေန ပစ္စယော။ ဒီနေ့တော့ ဘယ်လိုဆိုမလဲ (သမ္မယုတ္တပစ္စယေန ပစ္စယော)။ "အကု" လဲ ဒီအတိုင်းဘဲ၊ "ဗျာဗျာ" လဲ မနေ့ကအတိုင်းဘဲ မဟုတ်လား။ ပဋိသန္ဓိကွဏော ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ-ဒါဘဲ မဟုတ်လား။ မနေ့က ဝတ္ထုသ စ ပါတယ်နော်။ ဒီနေ့တော့ မပါစေနဲ့ပေါ့။ သမ္မယုတ္တပစ္စယေန ပစ္စယော။ တယော ခန္ဓာ ဧကသ ခန္ဓသ သမ္မယုတ္တ-ပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ သမ္မယုတ္တပစ္စယေန ပစ္စယောတဲ့။ လွယ်သားဘဲ အားလုံးဟောကြစမ်း။ ဖြည်းဖြည်းကလေးဟောပါ။

သံယာတော်များ။ ။ကုသလော ဓမ္မော (ပ) ပစ္စယော။ အကုသလော (ပ) သမ္မယုတ္တပစ္စယေန ပစ္စယော။ အဗျာကတော ဓမ္မော (ပ) ပစ္စယေန ပစ္စယော။

ဆရာတော်။ ။ပါဠိတော်တွေဟာ ဟိုက ပစ္စည်းရလာတော့ လွယ်လွယ်ကလေး ဖြစ်သွားတယ်။ လွယ်သည်ဖြစ်စေ ခက်သည်ဖြစ်စေ ဥပဓိပ္ပဌာန်းတို့ ဒီပါဠိတော်တွေကို ဘာမှ ကြိုးစားပမ်းစား မကျက်ရဘဲနှင့် သဘာဝကျကျ ရနိုင်တယ်ဆိုတဲ့ ဥစ္စာ ဒီနည်းကို ဂရုစိုက်မှတ်ရတယ်။ သုဒ္ဓအတိုးအလျှော့ လုပ်ပေးတာတွေကို ရအောင်ယူရတယ်။

ဦးပဋ္ဌင်းတို့ ငယ်သေးတော့ ဗြုန်းကနဲ တန်ဖိုး ဘယ်လောက်ဆိုတာ သိသင့်သလောက်သာ သိမယ်။ ပြည့်ပြည့်စုံစုံ မသိဘူးလို့ ဆိုကြပါစို့။ ကြီးတဲ့ ပုဂ္ဂိုလ်ကြီးတွေ အနေနဲ့ကျတော ဒီပါဠိတော်တွေ ဒီလိုကလေးရသွားတာ အင်မတန်မှ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါတယ်။

ဘာနဲ့ သင်ပေးနေသလဲမေးလျှင် ဘုန်းကြီးက ဒီနည်းကို အမှီပြုပြီး သင်ပေးတော့ ပေးနေတဲ့ နည်းကို ကြိုးစားပမ်းစား ရအောင်ယူပါ။ အထူးသဖြင့် အခု သဟကြီးသုဒ္ဓသန္ဓာက အလတ်ဖြစ်အောင် တရားတွေ လျှော့ပစ်ပေးနေတာကို သတိထားရတယ်။

ရှေ့တပစ္စည်းဆက်ရအောင် ဝိပါကပစ္စည်းသုဒ္ဓသန္ဓာကို ဦးဉာဏဆက်ဆိုစမ်း။

ဝိပါက သုဒ္ဓသန္ဓာ

ဦးဉာဏ။ ။ဝိပါကပစ္စည်း၏ သုဒ္ဓသန္ဓာဝါရ၌- အချင်းချင်းအားဇင်း၊ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားဇင်း တပ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဟဒယဝတ္ထုအားတပ်သော ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ၊ ဤတရားတို့သည် ဝိပါက ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သန္ဓာ ဧကံ၊ ပစ္စည်းရေ ၅-ဟူသည်တည်း။ **သန္ဓာဧကံဟူသော်**ကား အဗျာကတော အဗျာကတသ ဟူသည်တည်း။ **ပစ္စည်းရေ ၅-ဟူသော်**ကား ဝိပါက, သဟဇာတ, နိဿယ အတ္ထိ, အဝိဂတ ဟူသည်တည်း။

ဆရာတော်။ ။အားလုံး ရကြမှာပါဘဲ မမှားစေနဲ့၊ မှန်မှန်ကလေးရအောင် ကြိုးစားကြစမ်းပါ။ ဘုန်းကြီးပြောပြမယ်၊ အဲဒီ သဟကြီးလတ် သုဒ္ဓသန္ဓာ၊ ခုတင်ကအညမည, သမ္ပယုတ္တအတွက် ဖယ်ထားတဲ့ ဖုံးထားတဲ့ နောက်ပိုင်းကလေးကို ပြန်ကြည့် တူရာထည့်။ ကြည့်နော် မဖုံးနှင့်တော့ ပြန်ကြည့်လိုက်။ ပစ္စည်းတကွက် ပစ္စယုပ္ပန် ၂-ကွက်ဘဲ တွေ့ရောမဟုတ်လား (မှန်ပါ)။

ကြည့်စမ်း ကြည့်စမ်း နံပါတ် ၁-အကြောင်းကြည့်စမ်း။ အခု ဦးပဋ္ဌင်းတို့ဆိုသွားတဲ့ သုဒ္ဓသန္ဓာရယ် နံပါတ် ၁-အကြောင်းရယ် တရားနေပုံ ထိုင်ပုံကလေး ကြည့်စမ်း။ ဘုန်းကြီးက တခေါက်ရွတ်ပြမှာပေါ့။

ဝိပါကပစ္စည်း၏ သုဒ္ဓသန္ဓာဝါရ၌ ဒီလိုမဟုတ်လား။ နံပါတ် ၁-အကြောင်းကြည့်၊ ပစ္စယုပ္ပန်က စပြီး ပြောမယ်။ အချင်းချင်းအားဇင်း အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်,

ပဋ္ဌိသန္ဓေကမ္မဇရုပ်အားလုံး တပ်သော-ဆိုတော့ သဟဂြိုး နံပါတ် ၁-ပစ္စယုပ္ပန်နှင့် သွားပုံ ဘာထူးသတုန်း (မထူးပါ)။ တူတူဘဲနော်။ **တူပေမဲ့ မတူတော့ မတူဘူး**၊ ပြောရဦးမယ်။

ပြီးတော့မှ ပစ္စည်းဆိုလိုက်တော့ အလုံးစုံသော "သဟဂြိုး" က ပဝတ္တိ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဒီလိုသွားတယ်နော်။ ဒီက ဘာကလေး ပိုလာသတုန်း (ဝိပါက် ပိုလာပါတယ်)၊ ဝိပါက်ဆိုတဲ့ စာကလေး ၂-လုံး ပိုလာတယ်။ အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ၄-ပါးလို့ ဆိုလိုက်တော့ နေပုံ ထိုင်ပုံကတော့ သဟဂြိုး နံပါတ် ၁-အတိုင်းဘဲ ဝိပါကသုဒ္ဓသင်္ခ်ာက တွေ့နေပေမဲ့ ဝင်ပြီးတော့ ဒီအထဲမှာ ဂုဏ်ထူးအနေအားဖြင့် ထည့်လိုက်တဲ့အခါ **ဝိပါက်**တဲ့။

ထိုဝိပါက်လို့ခေါ်တဲ့ စကားတခွန်း စာလုံးကလေး ၂-လုံးကနေပြီး တားမြစ်လိုက်တာ ဒီနာမက္ခန္ဓာက ဘာတွေ ပျောက်ပျက် ထွက်သွားသလဲဆိုလျှင် သတိထားစမ်း။ ဝိပါက်ဆိုတဲ့ စာလုံးကလေး ၂-လုံး ပါလာတာနဲ့ ကုသိုလ်ပါသေးရဲ့လား (မပါပါ)၊ အကုသိုလ်ကော (မပါပါ)၊ ကြိယာကော (မပါပါ)၊ အဲဒါတွေ အကုန်လုံး ပျောက်သွားတာဘဲ။ ဘယ်လောက်တာ သွားသလဲ။ ဒီဝိပါက်ဆိုတဲ့ စကားကလေး ဝင်သုံးလိုက်တာနှင့် ကုသိုလ်၊ အကုသိုလ်၊ ကြိယာ ခေါ်တဲ့ သဟဂြိုးမှာရှိနေတဲ့ တရားတွေ အကုန်လုံး ပျောက်ထွက်သွားရော။

ဖြည်းဖြည်းစဉ်းစားရတယ်၊ ဆိုသွားတာက ဒါဘဲ၊ ပိုလာတာက ဘာတုန်း၊ သူ့ကြောင့် ဘာဖြစ်သွားသတုန်း။ သူ့ကြောင့် တိုးလာသလား၊ လျော့သွားသလား။ ဒါကို သတိထားရတယ်။ အခုတော့ ဘာဖြစ်သလဲ လျော့ကုန်တယ်နော် (မှန်ပါ)၊ ဘာတွေလျော့သလဲ။ ကုသိုလ်တွေ လျော့တယ်၊ အကုသိုလ်တွေ လျော့တယ်၊ ကြိယာတွေပျောက်သွားပြီ။ ဒီလိုမဟုတ်လား (မှန်ပါ)။

အဲဒီလို ပစ္စည်းက ဝိပါက်လို့ ဆိုလိုက်တာနှင့် တပြိုင်နက် သတိပြုလိုက်စမ်း၊ ပစ္စယုပ္ပန်မှာ အချင်းချင်းအားလုံး ဆိုတဲ့နေရာမှာလဲ ကုသိုလ် အကုသိုလ် ကြိယာတွေ လျော့သွားမယ် မဟုတ်လား (မှန်ပါ)၊ စိတ္တဇရုပ်ဆိုတဲ့ နေရာမှာလဲ ဘာစိတ္တဇရုပ်တင် ရှိတော့မလဲ (ဝိပါက်စိတ္တဇရုပ်)၊ ကုသိုလ်စိတ္တဇရုပ် ရှိပါ့မလား၊ (မရှိပါ)။ အကုသိုလ်, ကြိယာကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ကော (မရှိပါ)၊ အဲဒါကို မြင်အောင်ကြည့်ပါ။

ရေးထားတာက စိတ္တဇရုပ်ချင်း အတူတူဘဲ မဟုတ်လား။ စာလုံးပေါင်း တူတယ်၊ တရားရနေပုံက ကုသိုလ်ကြောင့် ဖြစ်တဲ့ အကုသိုလ်ကြောင့် ဖြစ်တဲ့ ကြိယာကြောင့် ဖြစ်တဲ့ စိတ္တဇရုပ်တွေ ဘာမှ မကျန်တော့ဘူး။ ဘာကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်သာ ရှိရမလဲ (ဝိပါက်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်သာ ရှိရပါမယ်)၊ ပစ္စည်းကနေပြီး ကိုင်ပြီးတော့ ဖြုတ်ပစ်လိုက်တယ်။ ပဋ္ဌိသန္ဓေကမ္မဇရုပ်ကတော့ ဝိပါက်နှင့်သာ စပ်တယ်၊ သူကတော့ အလျော့အတိုးမရှိဘူး ဟုတ်လား (မှန်ပါ)။

ဝိပါကသုဒ္ဓသင်္ချာကား သဟာကြီး နံပါတ် ၁-သုဒ္ဓသင်္ချာနှင့် အနေအထိုင် အပြောအဆို အသွားအလာ အတူတူဘဲ။ သို့ပေမဲ့ ဝိပါက်လို့ ဆိုလိုက်သဖြင့် ကုသိုလ် အကုသိုလ် ကြိယာတွေကျပြီး ကျန်သမျှအားလုံး တူနေပါကလားလို့ ဦးပဉ္စင်းတို့ဉာဏ်ထဲမှ သိမှတ်ထားစမ်းပါ။

နံပါတ် ၂-သုဒ္ဓသင်္ချာ သတိပြုကြည့်။ အချင်းချင်းအားဇင်း ဥပါဒါရုပ်အားဇင်း တပ်သောမဟာဘုတ် ၄-ပါး၊ သဟာကြီး ၄-ပစ္စည်းမှာ ရှိတယ်ဆို (မှန်ပါ)၊ အခု ဝိပါကမှာ ပါရဲ့လား (မပါပါ)၊ မပါလျှင် မပါမှန်း သိသိသာသာမှတ်။

နံပါတ် ၃- သုဒ္ဓသင်္ချာသွားကြည့်၊ ဟဒယဝတ္ထုအားတပ်သော ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေနာမကွန္ဓာဆိုတာ ဦးပဉ္စင်းတို့ ရေးထားတယ်။ ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေ နာမကွန္ဓာက ပစ္စည်း, ဟဒယဝတ္ထုက ပစ္စယုပ္ပန်၊ အချင်းချင်း မဖြစ်ဘူး မဟုတ်လား (မှန်ပါ)၊ အချင်းချင်း မဖြစ်တော့ အပြန်အလှန် မရဘူးပေါ့။ အပြန်အလှန်မရတော့ နံပါတ် ၃-သုဒ္ဓသင်္ချာကို သေသေချာချာ ကြည့်လျှင် သဟာကြီးတုန်းကလို မဟုတ်ဘဲနှင့် တဝက်မျှ ရတော့တယ်လို့ နားလည်ပါ။ ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေ နာမကွန္ဓာက ပစ္စည်း, ဟဒယဝတ္ထုက ပစ္စယုပ္ပန်။ ဟဒယဝတ္ထုက ပစ္စည်း, ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေ နာမကွန္ဓာက ပစ္စယုပ္ပန်လို့ကော ရသေးရဲ့လား (မရပါ)။

အဲဒီတရားက ဒီသဟထဲကမှန်း သိနေလျှင် ဦးပဉ္စင်းတို့ကိုယ်တိုင် ပါဠိတော် စိတတ်ရတယ်။ ဤတရားတိုသည် ဝိပါကပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သင်္ချာ ဧကံ။ ဘာဖြစ်လို့ ဧကံလဲ ဝိပါက်တွေချည်းဘဲ မဟုတ်လား ဝိပါက်နှင့် ရူပ်၊ ဝိပါက်နာမ်ကလဲ အဗျာကတ၊ ရူပ်ကလဲ အဗျာကတ။ ဒါကြောင့် အဗျာကတော အဗျာကတသ။

ပစ္စည်းရေ ၅-ဆိုတာက ဒီတရားတွေက သဟာကြီးတုန်းက ထည့်ပြီးဟောပြီးသားပါ။ အခု ဝိပါကအတွက် ခွဲထုတ်တော့ ဝိပါကနှင့် သဟာကြီး ၄-ပစ္စည်း၊ ပေါင်းတော့ ၅-ပစ္စည်းဘဲ မဟုတ်လား။ သဟာကြီး ၄-ပစ္စည်းမှာ ဒီအတိုင်း ဟောပြီးသားပါ။ အသစ်မဟုတ်ဘူးလို့ ဆိုလိုတယ်။

အဲဒါကြောင့် သူ့ကိုဟောချင်လျှင် ကုသလပဒ ပဒါဝသာန ၃-ချက်ကြည့်ဖို့မလို။ ကုသလပဒမှ မရဘဲ အကုသလပဒကကော ရမလား (မရပါ)။ အဗျာကတပဒတင် ကြည့်တဲ့။

အဗျာကတပဒကြည့်ဆိုတော့ ဝိပါက်တင်ဆိုတော့ အဗျာကတပဒမှာ ဦးပဉ္စင်းတို့ ဇယား[1]ထဲရှိနေတဲ့ ကြိယာကို ထည့်ရှုတ်လို့ ရမလား (မရပါ)။

အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မသ ဝိပါကပစ္စယေန ပစ္စယော။ ရေးထားတာကတော့ ဝိပါကာဗျာကတော ကိရိယာဗျာကတော-ပေါ့ ဟုတ်လား (မှန်ပါ)၊ မရှိတဲ့ ဇယားကို ချန်ထားခဲ့။ ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ၊ ရူပ်လဲရှိတယ်

၁။ ဤကျမ်း၊ နှာ-၂၂၃-ရှိ သဟာကြီးလတ် ပါဠိတော် အရကောက်ဇယား။

မဟုတ်လား (မှန်ပါ)။ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဝိပါကပစ္စယေန ပစ္စယော၊ တယော ဧကဿနှင့် စိတ္တဇရုပ်, ဒွေ ဒ္ဝိန္နံ စိတ္တဇရုပ်ဆို ပဝတ္တိ ပြီးရောပေါ့နော် (မှန်ပါ)။

ထိုနည်းတူစွာ ပဋ္ဌာနတ္တိကဏ္ဍဏော ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋ္ဌတ္တာ စ ရူပါနံ-ပဋ္ဌာနေကမူဇရုပ် ပါတယ်မဟုတ်လား (မှန်ပါ)။ တိဏ္ဏန္နံ ခန္ဓာနံ ကဋ္ဌတ္တာ စ ရူပါနံ ဝိပါကပစ္စယေန ပစ္စယော။ တယော ဧကဿ ကဋ္ဌတ္တာ စ, ဒွေ ဒ္ဝိန္နံ ကဋ္ဌတ္တာ စ-ဆိုတော့ ပဋ္ဌာနေအကြောင်းပြီးရော (မှန်ပါ)။

အောက်ကြောင်း[1]ကြည့်စမ်း၊ ဘယ်လောက်တင် ပါဠိတော်ရမယ် (ဟဒယဝတ္ထု ရပါတယ်)၊ ခန္ဓာ ဝတ္ထုသ ဝိပါကပစ္စယေန ပစ္စယော။ ဝတ္ထု ခန္ဓာနံလို့ ရမလား (မရပါ)၊ ဘယ်သူက ပြောသတုန်း မေးလျှင် သုဒ္ဓသင်္ခါ မပါဘူး သုဒ္ဓသင်္ခါက ပြောတယ်၊ ဒီလိုလား (မှန်ပါ)၊ ကောက်တော့လဲ အဲဒီအတိုင်း ကောက်တာဘဲ။ ဘာတွေ ရသွားသလဲ၊ ခန္ဓာ ဝတ္ထုသ ဝိပါကပစ္စယေန ပစ္စယော မဟုတ်ဘူးလား (မှန်ပါ)။

ဆရာတော်။ ။အားလုံးဘဲ ဟောပါ။ လွယ်သားဘဲ။

သံဃာတော်များ။ ။ဝိပါကပစ္စည်း ပါဠိတော်ကို တခေါက်ဟောကြသည်။

ဆရာတော်။ ။ပြီးသွားပြန်ရော တပစ္စည်း၊ အဲဒီပါဠိတော် သရုပ်ခွဲချင်တော့ ခါတိုင်းလို ခွဲရတာပေါ့နော် (မှန်ပါ)၊ မထူးဆန်းလို့ ဘုန်းကြီးက ခပ်ပေါ့ပေါ့ ပြောတာ၊ ဘယ်လိုခွဲမတုန်း အချင်းချင်းအားဇင်း၊ အချင်းချင်း နာမကွန္ဓာ စိတ္တဇရုပ်အားဇင်း တပ်သော ပဝတ္တိဖြစ်လျှင်လေ (မှန်ပါ)၊ သာမညဝိပါက်နာမကွန္ဓာ ၄-ပါး တမျိုး၊ ကြိယာပြုတ်တာဘဲ ရှိတယ် မဟုတ်လား (မှန်ပါ)။

ပဋ္ဌာနေကျတော့လဲ အချင်းချင်းအားဇင်း၊ အချင်းချင်းနာမကွန္ဓာ ပဋ္ဌာနေကမူဇရုပ်အားဇင်း တပ်သော ပဋ္ဌာနေကိစ္စတပ်သော ဝိပါက်နာမကွန္ဓာ ၄-ပါး တမျိုးလို့ခွဲ၊ မခက်ပါဘူးနော် (မှန်ပါ)၊ ခါတိုင်း ခွဲနေကျအတိုင်းဘဲခွဲ။

ပြီးတော့ သဟဇာတဝိပ္ပယုတ္တပစ္စည်းတဲ့။ ဦးကောလိယ ဆိုစမ်း၊ သုဒ္ဓ သင်္ခါ။

သဟဇာဝိပ္ပယုတ္တသုဒ္ဓသင်္ခါ

ဦးကောလိယ။ ။သဟဇာတဝိပ္ပယုတ္တပစ္စည်း၏ သုဒ္ဓသင်္ခါဝါရ၌-စိတ္တဇရုပ် ပဋ္ဌာနေကမူဇရုပ်အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄-ခု,

---

၁။ ဤကျမ်း၊ နှာ-၂၂၇-ရှိ သဟကြီး လတ်ပါဠိတော် အရကောက်ဇယားတွင် ၇-မြောက် ဇယားကွက်ကြည့်။

ဒွေပဉ္စဝိညာဉ်-၁၀, ရဟန္တာတို့၏ စုတိကြဉ်သော ပဝတ္တိပဋိသန္ဓေနာမကွန္ဓာ ၄-ပါး၊ အချင်းချင်းအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမကွန္ဓာ ဟဒယဝတ္ထု။ ဤတရားတို့သည် သဟဇာတဝိပွယုတ္တ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ တီဏိ။ ပစ္စည်းရေ ၅-ဟူသည်တည်း။ **သင်္ခ်ာတီဏိ** ဟူသော်ကား ကုသလော အဗျာကတသ, အကုသလော အဗျာကတသ, အဗျာကတော အဗျာကတသ ဟူသည်တည်း။ **ပစ္စည်းရေ ၅-ဟူသော်ကား** ဝိပွယုတ္တ သဟဇာတ နိဿယ အတ္ထိ အဝိဂတ ဟူသည်တည်း။

ဆရာတော်။ ။သုဒ္ဓသင်္ခ်ာ မဟုတ်ဘူးလို့တော့ မဟုတ်ပါဘူး၊ သူများနှင့် နည်းနည်း မတူတတ်ဘူး၊ ဦးကောလိယ ရွတ်တာနော်၊ ဟုတ်ပါတယ် ဟုတ်တာကတော့၊ ဘုန်းကြီးတခေါက်ပြန်ပြီး အဓိပ္ပါယ် နည်းနည်းပြောပြမယ်။

သဟဇာတဝိပွယုတ္တပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌ ဒီလိုမဟုတ်လား (မှန်ပါ)၊ ပစ္စယုပ္ပန်က စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဘာပစ္စယုပ္ပန်လဲ ရုပ်ပစ္စယုပ္ပန်၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်။ နားလည်အောင် နားထောင်စမ်း။

ပြီးတော့မှ ပစ္စည်းတရားလိုချင်တော့ ဘာတဲ့၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု, ဒွေပဉ္စဝိညာဉ် ၁၀, ရဟန္တာတို့၏ စုတိကြဉ်သော မလိုချင်တဲ့ တရားတွေ ဖယ်တယ်နော်။ ဘာ့ကြောင့် မလိုချင်တာလဲလို့မေးလျှင် အရူပဝိပါက် ၄-ခု, ဒွေပဉ္စဝိညာဉ် ၁၀, ရဟန္တာတို့၏ စုတိဆိုတာက **ပစ္စယုပ္ပန်ဖြစ်တဲ့ စိတ္တဇရုပ်ကို ဖြစ်စေနိုင်တဲ့တရားမျိုး မဟုတ်ဘူးတဲ့**။ ဟုတ်ကဲ့လား (မှန်ပါ)။

အရူပဝိပါက် ၄-ခု ပစ္စည်းထားလျှင် စိတ္တဇရုပ်ဖြစ်ပါ့မလား (မဖြစ်ပါ)၊ ဒွေပဉ္စဝိညာဉ် ၁၀-ကကော စိတ္တဇရုပ်ကို ဖြစ်စေနိုင်ရဲ့လား၊ (မဖြစ်စေနိုင်ပါ)၊ ပစ္စည်းပစ္စယုပ္ပန်တပ်လို့ မရဘူးနော်။

ရဟန္တာတို့၏ စုတိစိတ်တဲ့၊ မဟာပရိနိဗ္ဗာန စိတ်လို့လဲ ခေါ်နိုင်တယ်။ အဲဒီ စုတိစိတ်ကကော စိတ္တဇရုပ်ကို ဖြစ်စေနိုင်ပါ့မလား (မဖြစ်စေနိုင်ပါ)။

ရုပ်ကို မဖြစ်စေနိုင်တဲ့ စိတ်တရားတွေမို့လို့ သူတို့ကို 'ပဉ္စဝေါကာရဘုံ၌ဖြစ်သော အခါ အရူပဝိပါက် ၄-ခု, ဒွေပဉ္စဝိညာဉ် ၁၀, ရဟန္တာတို့၏ စုတိကြဉ်သော' လို့ မလိုချင်တဲ့ တရားတွေ ကောက်ပြီး ဖယ်ပစ်လိုက်။

ပြီးတော့ သတိပြု၊ စ, စခြင်း အားတပ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သော အခါလို့ ဒီလို အသုံးကလေးတွေ တွေ့တိုင်း တွေ့တိုင်း ဘုံသတ်ပြီး ဟောထားလျှင် ဒီပစ္စည်းဟာ ဘယ်တော့မှ စတုဝေါကာရ မဖြစ်ဘူးလို့ မှတ်။

အခု သဟဇာတဝိပ္ပယုတ္တ ပစ္စည်းသည် ဘယ်ဘုံမှာသာ ရမလဲလို့ မေးလျှင် ပဋ္ဌဝေါကာရဘုံမှာသာ ရတယ်။ ဘာဖြစ်လို့တုန်း နာမ်ပစ္စည်း, ရုပ်ပစ္စယုပ္ပန် ဟုတ်လား (မှန်ပါ)။ စတုဝေါကာရက နာမ်ပစ္စည်း နာမ်ပစ္စယုပ္ပန်မှ ရမှာ မဟုတ်လား။ နာမ်ပစ္စည်း, နာမ်ပစ္စယုပ္ပန်ဆိုယင် စတုဝေါကာရလဲ ရတယ်၊ ပဋ္ဌဝေါကာရလဲ ရတယ်။ ဒီလိုနော် (မှန်ပါ)။

အဲဒါကလေးတွေ ဦးပဋ္ဌင်းတို့လျှုထားတဲ့ ပဋ္ဌာန်းလမ်းပြစာအုပ် နောက်ပိုင်းမှာ အဋ္ဌကထာကနုတ်ပြီး ဘုန်းကြီးသံပေါက်ကလေးတွေ ရေးထည့်ထားတာ ပါပါတယ်။ အဲဒါကလေးတွေလဲ အားလပ်တဲ့ အခါကျတော့ ကျက်ရတယ်။ ဘယ်ပစ္စည်း, ဘယ်ပစ္စည်းတို့ဟာ ပဋ္ဌဝေါကာရဘုံ ရတယ်၊ ဘယ်ပစ္စည်းတွေက စတုဝေါကာရဘုံရတယ်၊ ဘယ်ပစ္စည်းတွေက ဧကဝေါကာရဘုံမှာ ရနိုင်တယ်ဆိုတာ နောက်ပိုင်းမှာ အဋ္ဌကထာမှတ်စုဆိုပြီး ဘုန်းကြီး ရေးထည့်ထားတယ်။ အဲဒါ ကလေးတွေ အားတဲ့အခါ ကျက်ထားရတယ်။ ဒီနေ့ အသုံးမကျသေးပေမဲ့ နောက်နေ့တွေကျတော့ အသုံးကျတာပေါ့၊ အသုံးကျမှ လိုက်ရှာလို့တော့ မတွေ့ဘူး။ ကျက်ထားရတယ်။

ထားပါတော့ အဲဒါက သုဒ္ဓသင်္ခ်ာမှာ 'ကြဉ်သော' ဆိုပြီးတော့ "အလုံးစုံလို့တော့" မသုံးပါနှင့်တော့။ 'ကြဉ်သော ပဝတ္တိ ပဋ္ဌိသန္ဓေနာမကွန္ဓာ ၄-ပါး' လို့ ရှေးဆရာတော်ဘုရားကြီးတွေ သုံးနှုန်းပုံ နည်းလမ်းက အဲဒီလို သုံးတယ်၊ စိတ်ကို သုံးတယ်၊ စိတ် ၈၉-လုံး ရလို့ရှိယင် 'အလုံးစုံသော' လို့ သုံးလေ့ရှိတယ်။ သို့မဟုတ် ကုသိုလ် အကုန်လုံး, အကုသိုလ် အကုန်လုံး, ဝိပါက် ကြိယာ အဗျာကတ အကုန်လုံး သူတို့နှင့် ပတ်သက်တာကလေးတင် ကွက်ဟောပြန်လျှင်လဲ 'အလုံးစုံသော'သုံးတယ်။

ဒီလိုမဟုတ်ဘဲနှင့် ကုသိုလ်က တချို့ကြဉ်တယ်, ဝိပါက်ကြိယာက တချို့ကြဉ်ထားတယ် လျှော့နေတယ် ဆိုလို့ရှိယင် 'အလုံးစုံသော'ဆိုတဲ့စကားကို မထည့်ဘူးနော်။

ဒါကြောင့် အခု ဒီမှာလဲ ဘာတုန်း၊ ရဟန္တာတို့၏ စုတိကြဉ်သော ပဝတ္တိ ပဋ္ဌိသန္ဓေ နာမကွန္ဓာ ၄-ပါး၊ ဒီလို မဟုတ်လား၊ မှတ်ထားပါ သေသေချာချာ။

ပြီးတော့ နောက်တပိုဒ်က ဘာတုန်း၊ အချင်းချင်းအား တပ်သော ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေ နာမကွန္ဓာ ဟဒယဝတ္ထု၊ ဒါဘဲနော်။ ကဲကဲ သူလဲ သဟအလတ်ဘဲ။ သဟကြီး သုဒ္ဓသင်္ခ်ာကြည့်စမ်း၊ 'သဟကြီးက တရား လျှော့တာတွေ အလတ်' ဆိုတာ ရေးထားတဲ့ စာကြောင်းကလေး[1]ကို ကြည့်ရတယ်။ ၁-နံပါတ်အကြောင်း ကြည့်စမ်း ဦးပဋ္ဌင်းတို့။ ၁-နံပါတ် စာကြောင်းမှာ သတိပြုလိုက်စမ်း၊ စာအုပ်မှာရှိနေတဲ့ 'အချင်းချင်း' ဆိုတဲ့စကားတွေ အကုန်လုံး စိတ်ထဲက ဖျောက်ပစ်လိုက်စမ်း၊ ဘာတွေ အဖျောက်ခိုင်းသတုန်း၊ အချင်းချင်းဆိုတဲ့

၁။ ဤကျမ်း၊ နှာ-၂၁၈-ရှိ သဟကြီး လတ် ပါဠိတော်သုဒ္ဓသင်္ခ်ာဇယား။

အသုံးအနှုန်းတွေ အကုန်လုံး ဖျောက်လိုက်။ ဒီတော့ ဘာကျန်သတုန်း၊ ပစ္စည်းက နာမကွန္ဓာ ၄-ပါး, ပစ္စယုပ္ပန်က (စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်) ကျန်ပါတယ်။ အဲဒါလဲ အဲဒီတွင် သာမန်ဆိုပြီးတော့ ဘယ်လိုဖြစ်မလဲ၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားတပ်သော နာမကွန္ဓာ ၄-ပါး၊ ဒါဘဲမဟုတ်လား (မှန်ပါ)။

မြင်အောင် ဂရုစိုက်ကြည့်စမ်း၊ ဘယ်က ဟာလဲ၊ သဟကြီးထဲက ချည်းဘဲ၊ ဒါတွေကို မလိုတာ လိုတာ ဆွဲနုတ်ခြင်း, ပယ်နုတ်ခြင်း, ထည့်စွက်ခြင်းဖြင့် လုပ်နေတာ၊ သဟကြီးထက် တရားမပိုနိုင်ဘူး။

အဲဒီ နာမကွန္ဓာ ၄-ပါးမှာမှ ခုတင်က ဘုန်းကြီးပြောတဲ့ရုပ်ကို မဖြစ်စေနိုင်တဲ့ နာမ်တရားကို ဆရာတော်ဘုရားကြီးက ကြဉ်ထုတ်ထားတယ် မဟုတ်လား။ သတိပြု။ နံပါတ် ၂-သုဒ္ဓသင်္ခ်ာ ရရဲ့လား (မရပါ)၊ ဟုတ်ကဲ့နော် (မှန်ပါ)။

မေ့မပစ်ကြပါနဲ့၊ ပစ္စယနိဒ္ဒေသလဲ ဒါဘဲ၊ ဆ ဝါရလဲ ဒီဟာကလေးကို ပြန်ပြီး ပြမှာဘဲ၊ ဒီစာကြောင်း ဖျောက်ပစ်လို့ မဖြစ်ဘူး။ ဒီစာကလေး ၃-ကြောင်းဘဲ ပြန်ပြမယ်။

ဦးပဉ္စင်းတို့ ဆ-ဝါရ ဆ-ဝါရဆိုတာ ခေါ်လွယ်အောင် ခေါ်ထားတာ။ ဝါရ ၆-ခု ရှိသေးတယ်၊ အဲဒီ ဝါရ ၆-ခုစလုံးကို ဒီနေ့ ဦးပဉ္စင်းတို့ စူးစူးစိုက်စိုက် ကြည့်နေတဲ့ "သဟဇာတဇယား"[1] တခုတည်းနှင့် သွားမယ်၊ သူက မူတည်လုပ်သွားမယ်၊ ၆-ဝါစလုံး။

ဒါကြောင့် မြင်နေအောင်ကြည့်ပါ။ မြင်နေတဲ့နည်းကို မမေ့ဘဲ မလွတ်ဘဲနှင့် ဒါနဲ့ တခါတည်း ဘယ့်နှယ်လုပ်သွားနေပါလိမ့်မလဲဆိုတာ သတိထား။ ဟော သဟကြီး-ရပြီး ကြည့်စမ်း။ သုဒ္ဓသင်္ခ်ာ ၃-ပိုဒ်အနက် ဒုတိယအပိုဒ် မရဘူးဆို ဟုတ်ကဲ့လား (မှန်ပါ)။

ပဌမအပိုဒ်က အလည်က အချင်းချင်းဆိုတာ ဖြုတ်ပစ်လိုက်တော့ နာမ်ပစ္စည်း, ရုပ်ပစ္စယုပ္ပန်ရတဲ့ တတိယအပိုဒ်က မူရင်းအတိုင်း ရနေတယ် မဟုတ်လား (မှန်ပါ)။ ကဲကဲ ဒါဖြင့် ကောင်းပြီ။ နံပါတ် ၁-သုဒ္ဓသင်္ခ်ာကြည့်စမ်း၊ သရုပ်ခွဲရအောင် ပါဠိတော်ထဲထည့်ရအောင်။

နာမကွန္ဓာ ၄-ပါးလို့ဆိုတဲ့ စာလုံးကလေးထဲမှာ ကုသိုလ်စိတ် ဧကဝိသ နာမကွန္ဓာ ၄-ပါး မပါဘူးလား (ပါပါတယ်)။ အကုသိုလ် ဒွါဒသနာမကွန္ဓာကော (ပါပါတယ်)။ ဝိပါက်ကြိယာလို့ခေါ်တဲ့ အဗျာကတနာမကွန္ဓာကော (ပါပါတယ်)။ သုဒ္ဓသင်္ခ်ာက ကြဉ်တာတော့ မှတ်ထားပေါ့ ဟုတ်လား၊ သာမညအနေနှင့် ဝိပါက်ကြိယာတွေ ရနေတယ်။

ပစ္စယုပ္ပန်နှင့် စပ်ပြီးတော့ ခွဲမယ်ဆိုလို့ရှိယင် ဘယ်လိုခွဲမလဲတဲ့။ သတိပြု။ စိတ္တဇရုပ်အားတပ်သော ကုသိုလ်နာမကွန္ဓာ ၄-ပါးတမျိုး။ မဖြစ်နိုင်ဘူးလား (ဖြစ်နိုင်ပါတယ်)။

၁။ ဤကျမ်း၊ နှာ-၂၁၈-ရှိ သဟကြီး လတ် ပါဠိတော်သုဒ္ဓသင်္ခ်ာဇယား။

ကုသိုလ်က ဒါဘဲရမ္မာပေါ့။ စိတ္တဇရူပ်အားတပ်သော အကုသိုလ် နာမကွန္ဓာ ၄-ပါးတမျိုး။ အကုသိုလ် ကလဲ ဒါဘဲမဟုတ်လား (မှန်ပါ)။ စိတ္တဇရူပ်အားတပ်သော သာမညဝိပါက် ကြိယာနာမကွန္ဓာ ၄-ပါးတမျိုး။ မဟုတ်ဘူးလား၊ စိတ္တဇရူပ်အလှည့် ပြီးပြီ။

ပဋိသန္ဓေကမ္မဇရူပ်အားတပ်သော ပဋိသန္ဓေကိစ္စတပ်သော ဝိပါက်နာမကွန္ဓာ ၄-ပါးတမျိုးလို့ခွဲ။ ကုသိုလ်ကတမျိုး၊ အကုသိုလ်ကတမျိုး၊ အဗျာကတက ပဝတ္တိတမျိုး, ပဋိသန္ဓေကတမျိုး၊ ပေါင်း ၂-မျိုးပေါ့။

ဦးပဉ္စင်းတို့ အဲဒီ ပါဠိတော်တွေက ဘုန်းကြီးက အခုပြောနေတော့ ဘာတွေမျှားဖြစ်နေမလဲလို့ ကြည့်နေမယ်။ ရပြီးသား ဆိုပြီးသားတွေ။

ဘယ်တုန်းက ဆိုသတုန်း သတိပြုကြည့်စမ်း၊ စိတ္တဇရူပ်အား တပ်သော ကုသိုလ် နာမကွန္ဓာ ၄-ပါးဆိုတာ။ အောက်က ဇယား[1]သွားကြည့်စမ်း၊ ဘယ်အတန်းလဲ သင်္ချာနံပါတ်-၂ ကုသလော အဗျာကတသ၊ အဲဒီတုန်းက ဟောပြီးပြီ ဟောပြီးသား မဟုတ်လား (မှန်ပါ)။

"ကုသလော ဓမ္မော အဗျာကတသ ဓမ္မသ" ဟိုတုန်းကတော့ သဟကိုး။ အခုတော့ "ဝိပ္ပယုတ္တပစ္စယေန ပစ္စယော" ဟိုတုန်းက အတိုင်းဘဲ ဘယ်လိုဆိုမလဲ။ ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ ရပြီးသားတွေနော် (မှန်ပါ)။

ထိုနည်းတူစွာ အကုသလော ဓမ္မော အဗျာကတသ ဓမ္မသ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ အကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ ကုဗျာနှင့် အတူတူလို့ သဟတုန်းက ပြောခဲ့တယ် မဟုတ်လား (မှန်ပါ)။ ဘာထူးသတုန်းလို့ ရပြီးသားတွေ။

ပြီးတော့မှ စိတ္တဇရူပ်အားတပ်သော သာမညဝိပါက်, ကြိယာ နာမကွန္ဓာ ၄-ပါးဆိုတာ ဗျာဗျာရောက်သွားပြီ မဟုတ်လား (မှန်ပါ)။ ဗျာဗျာမှာ သွားကြည့်စမ်း။ အချင်းချင်း မပါတော့ အလည်ခေါင်က ဂဏန်းတွေ ရပါဦးမလား (မရပါ)၊ ကုဗျာ အကုဗျာတို့လိုဘဲ ဟောရလိမ့်မယ် သတိပြု။

"အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မသ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော" ဟုတ်ကဲ့နော် (မှန်ပါ)၊ သတိပြုကြည့်စမ်း။ ရေးထားတာက "ဝိပါကာဗျာကတော ကိရိယာ-ဗျာကတော" လို့ ရေးထားတယ်။ ဟုတ်လား၊ စိတ်ကူးနဲ့ သဝေထိုးကလေးတွေ ဖျက်ပစ်လိုက်။ တကယ်ဖျက်မပစ်နှင့်နော် စိတ်ကူးနှင့် အဖျက်ခိုင်းတာ။ ဒီတော့ ဘာဖြစ်မတုန်း သဝေထိုးပျောက်သွားတော့ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ ဒီလိုမဟုတ်လား (မှန်ပါ)။ နောက်က ရုပ်တင်သွားရမှာနော်၊ ဘယ်လိုဆိုမလဲ။ ကုသိုလ် အကုသိုလ်အတိုင်းဘဲ "ဝိပါကာ-ဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။"

၁။ ဤကျမ်း၊ နှာ-၂၂၇-ရှိ သဟကြီးလတ် ပါဠိတော် အရကောက်ဇယား။

ထို့အတူ ပဋ္ဌိသန္ဓေကလဲ ရုပ်တွေရမှာမို့လို့ သတိပြု။ ပဋ္ဌိသန္ဓိကွဲကော ဝိပါကာ-ဗျာကတာ ခန္ဓာ ကဋ္ဌတ္တာရူပါနံ အဲဒီမှာ စ သဒ္ဒါမထည့်နှင့်နော်။ ပစ္စယုပ္ပန်ဖြစ်ဖြစ် ပစ္စည်းဖြစ်ဖြစ် ရုပ်တမျိုး နာမ်တမျိုး ပေါင်းလျက်ရှိနေမှ စ-သဒ္ဒါထည့်ရတယ်၊ အခုတော့ ရုပ်ချည်းမဟုတ်လား (မှန်ပါ)။ ပဋ္ဌိသန္ဓိကွဲကော ဝိပါကာဗျာကတာ ခန္ဓာ ကဋ္ဌတ္တာရူပါနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော။

နံပါတ် ၁-က ဒါဘဲရှိတယ်မဟုတ်လား (မှန်ပါ)။ နံပါတ် ၂-သုဒ္ဓသင်္ခ်ာ မရဘူး။ နံပါတ် ၃-သွားစမ်း၊ ခန္ဓာ ဝတ္ထုသ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ ပြီးတော့ကော ပြောင်းပြန်ပြန်လိုက် ဝတ္ထု ခန္ဓာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။ ရပြီးသားချည်းဘဲ။ ဒါပေမဲ့ ကဲ ဦးကောလိယ တခေါက်ဟောစမ်းပါဦး။

ဦးကောလိယ။ ။တခေါက်ဟောသည်။

ဆရာတော်။ ။ပြီးသွားရော။ သတိပြုစမ်း၊ သဟကြီး ၄-ပစ္စည်းလဲ ဒီပါဠိတော်ဘဲလို့ ပြောတယ်။ ဒီတရားလဲ ဒီသုဒ္ဓသင်္ခ်ာဘဲ၊ ဒီလိုမဟုတ်လား (မှန်ပါ)၊ သဟအလတ် ၄-ပစ္စည်းကော ဒီသုဒ္ဓသင်္ခ်ာထဲကဘဲ တရားကို ထိုက်သင့်သလို လျှော့ပြီးတော့ ဟောပြတယ်မဟုတ်လား။ ဇယားကလဲ ဒီဇယားဘဲ ဘာမှ မထူးဘူးတဲ့။

ဒီတော့ ဒီစာကလေး ၃-ကြောင်းက ထွက်လာတဲ့ ပစ္စည်းပေါင်း ဘယ်လောက်တုန်း၊ အကြီး ၄-ပစ္စည်း၊ အလတ် ၄-ပစ္စည်း၊ ပေါင်း ၈-ပစ္စည်း။

ပါဠိတော်တွေ မနည်းဘူး၊ ပါဠိတော်စာအုပ်ကို ကြည့်ကြဦး၊ အမှတ်တမဲ့ မနေပါနှင့်၊ ဘုန်းကြီးသင်ပေးတာလေးနှင့် မကျေနပ်ကြပါနှင့်၊ ကဲ ဆိုကြပါစို့။

ပါဠိတော်စာအုပ်ကြည့်၊ ဒို့ရလာတဲ့ ပါဠိတော်တွေ ဘယ်လောက်များလာပြီဆိုတာ ပါဠိတော်ကြည့်သဖြင့် သိနိုင်တယ်။ ကိုယ်တိုင်ကိုယ်ကျ ပေါင်းစုပြီးတော့ မိမိတို့ မိတ်ဆွေသင်္ဂဟချင်း ပေါင်းပြီးတော့ ရွတ်ကြည့်ရတယ်။ ဒို့ရတဲ့စာတွေ ဘယ်နှစ်နာရီလောက် ရွတ်လို့ရပြီလဲ၊ အကုန်ရွတ်မယ်ဆိုလျှင် အကုန်တော့ နေ့တိုင်း ရွတ်မယ် မထင်ပါဘူးနော်၊ ရွတ်ရတယ်။ အရကောက်ကျတော့ ဒါတွေ ပြန်မရွတ်ဘဲ လွှတ်ထားရတယ်၊ အခု တော်တော်ကို များနေပြီ။

ပစ္စည်းပြိုင်ထုတ်နည်း

အဲဒီတော့ ဒီက အကြီး, အလတ်တွေ ခွဲနေတော့ သတိပြုစမ်း၊ ဒီစာကလေး ၃-ကြောင်း[1] နှင့်စပ်ပြီး ထိုက်သင့်သလောက် သိစရာကလေး ဒီက ဘုန်းကြီး တမျိုးပြောပြမယ်။ ၁-၂-၃ ဆိုပြီး စာကလေး ၃-ကြောင်း ရေးပေးတယ် မဟုတ်လား (မှန်ပါ)။

၁။ ဤကျမ်း၊ နှာ-၂၁၈-ရှိ သဟကြီးလတ် ပါဠိတော် သုဒ္ဓသင်္ခ်ာဇယား။

အဲဒီ စာကလေး ၃-တန်းမှာ ရှိနေတဲ့ ပစ္စည်း ပစ္စယုပ္ပန်တရားတွေကို သဟဇာတ နိဿယ အတ္ထိ အဝိဂတခေါ်တဲ့ ၄-ပစ္စည်းကတော့ အညီအမျှ ရကြပါတယ်။ ၄-ပစ္စည်းလုံး နှင့်ဆိုင်တဲ့ ပစ္စည်း ပစ္စယုပ္ပန်တရားဘဲလို့ သိတော်မူကြပါ။ ဒီတရားအကုန်လုံးသည် သဟဇာတ ပစ္စည်းမှာ ရနိုင်သလို နိဿယ အတ္ထိ အဝိဂတဆိုတဲ့ ကျန်တဲ့ ၃-ပစ္စည်းမှာလဲ အတူတူရတာ ဘဲလို့ ကိုယ့်ဉာဏ်ထဲက သိပါ။ ဘယ်အတွက် ဘယ်နေရာ ဘယ်အစိတ်အပိုင်းဖြစ်ဖြစ် ၄-ပစ္စည်း စလုံးရတယ်။

အလတ် ၄-ပစ္စည်းအနေနှင့် ဒီအပေါ်မှာ စံတင်ပြီးတော့ ကြည့်စမ်းရအောင်၊ အကြီး ၄-ပစ္စည်းကတော့ မုချရနေတဲ့ တရားလို့ ဉာဏ်ထဲမှာ သွင်းထားပါနော် (မှန်ပါ)။

ကဲ သတိပြုကြည့်စမ်း။ နံပါတ် ၁-သုဒ္ဓသန္ဓာကြည့်စမ်း၊ ဘုန်းကြီးက ထိုက်သင့်သလို တရားကို ခွဲပစ်လိုက်မလို့၊ ဦးပဉ္စင်းတို့က ဉာဏ်ထုတ်ကြည့်ရတယ်။

နံပါတ် ၁-သုဒ္ဓသန္ဓာတန်းမှာ ရုပ်တွေဖယ်ပစ်လိုက်၊ အချင်းချင်းအားတပ်သော နာမက္ခန္ဓာ ၄-ပါး၊ ဘာဖြုတ်ပစ်လိုက်သလဲ (ရုပ်ကိုဖြုတ်ပစ်ပါတယ်)။

အဲဒီအပိုဒ်ကလေးတွင်ဆိုလျှင် အကြီး ၄-ပစ္စည်းကတော့ သူတို့ ရတယ်နော် (မှန်ပါ)၊ အလတ် ၄-ပစ္စည်းက ဘယ်သူတွေရနိုင်သေးသတုန်း၊ အညမညရမယ်၊ ပြီးတော့ကော (ဝိပါကရပါတယ်)၊ ပြီးတော့ကော (သမ္မယုတ္တရပါတယ်)။

မှန်ပါတယ်၊ ပြန်သတိပြုလိုက်စမ်း၊ တပြိုင်နက်ရမှုဆိုတဲ့ အချိန်မှာ ဝိပါက မထည့်ပါနှင့်။ ဝိပါကပစ္စည်းက ဘယ်နာမ်တရားတင် ဆိုင်သလဲ (ဝိပါက်နာမ်တင်ဆိုင်ပါတယ်)။ ယထာရဟယူလျှင်တော့ ရတယ်နော်၊ တပြိုင်နက်ဆိုလျှင် အညမညနှင့် သမ္မယုတ္တယူ။

ဒီတော့ အချင်းချင်းအားတပ်သော နာမက္ခန္ဓာ ၄-ပါးလို့ဆိုပြီး ပစ္စည်း ပစ္စယုပ္ပန် ထပ်ဟောတဲ့အခါမှာ သတိပြု၊ ကရိုဏ်ပါဌ်ထုတ်ဆိုလျှင် ဘာတွေထုတ်မလဲ တပြိုင်နက်မေးလျှင် အကြီး ၄-ပစ္စည်းနှင့် အညမည သမ္မယုတ္တ ၆-ပစ္စည်းကို အမြဲတမ်း ထုတ်ရတယ် (မှန်ပါ)။

ကိန်းသေနည်း။ ဒီကနေပြီးတော့ ဦးပဉ္စင်းတို့ ဉာဏ်ထုတ်ဖို့ ပြောနေတယ်။ ဘာဖြစ်လို့ ထုတ်သလဲလို့ မေးလျှင် ဦးပဉ္စင်းတို့ နားထောင်ကြည့်ပါလား။ သုဒ္ဓသန္ဓာမှာ 'အချင်းချင်းအားတပ်သော အလုံးစုံသော' ဒီလိုကလေး ရှိပေးရတယ်နော်။ **အလုံးစုံသောဆိုလျှင်** ဝိပါကထွက်သွားမယ်။ အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ ၄-ပါးဆိုတာ သဟဇာတ ၄ ပစ္စည်းမှာ ဒီတရားတွေ ရှိတယ်ဆို၊ အလတ်မှာ ဒီအတိုင်းဆိုနိုင်တာ ဘယ်သူလဲမေးလျှင် (အညမညနှင့် သမ္မယုတ္တပစ္စည်းပါ)။

ဝိပါက တပြိုင်နက်ပါချင်လျှင် သတိ-အချင်းချင်းအားတပ်သော အလုံးစုံသော ဝိပါက်ပဝတ္တိ ပဋ္ဌိသန္ဓေနာမကွန္ဓာ ၄-ပါးဆိုလျှင် ဝိပါကပါ (၇) ပစ္စည်း။

နားလည်အောင်ကြည့်၊ ဒီနံပါတ် ၁ အကြောင်းကလေးတင်။ မနေ့က စိတ်ကူးတာက ဒီနေ့ဆိုလျှင် နိဿယပစ္စည်း ပြီးလိမ့်မယ်၊ ပုရေဇာတပစ္စည်း ပြီးလိမ့်မယ်ထင်တာ အခု ၁-နာရီ ပြည့်ခါနီးနေပြီ။ ဒီဟာကို ပြောရင်းနှင့် သိစေချင်တာကလေးတွေ ရှိတော့ ထည့်ထည့် ပြောတယ်။

နောက်တမျိုး မှတ်ပါ၊ ဘုန်းကြီး ဘယ့်နှယ်လုပ် ခွဲပေးနေသလဲဆိုတာ မှတ်ရတယ်။ နောက်တမျိုး အချင်းချင်းတွေ ဖျောက်ပစ်၊ ရုပ်တင် ပစ္စယုပ္ပန်ထား။ စိတ္တဇရုပ် ပဋ္ဌိသန္ဓေ ကမ္မဇရုပ်အားတပ်သော နာမကွန္ဓာ ၄-ပါးဆိုတော့ အချင်းချင်း ပျောက်မသွားဘူးလား (မှန်ပါ)၊ ဒီအချိန်မှာ ဘာတုန်း နာမ်က ပစ္စည်း၊ ရုပ်က ပစ္စယုပ္ပန်၊ အကြီး ၄-ပစ္စည်းက သူတို့ တရားဘဲ သူတို့ရတယ်။ အလတ်က ဘယ်သူရမလဲ (ဝိပ္ပယုတ္တရပါတယ်)၊ ဝိပ္ပယုတ္တတ ပစ္စည်းနော်။ ဒီတရားမျိုးတွေ.လျှင် ဘယ်နေရာတွေ.တွေ. ကရိုဏ်းပါဠိထုတ်ဟော့ဆိုလျှင် ၅-ပစ္စည်း ဟုတ်လား (မှန်ပါ)။

အကယ်၍ ဝိပါကလိုချင်လျှင် ခုတင်ကလိုဘဲ ပြင်လိုက်၊ ဝိပါက် ရှိနေတယ် မဟုတ်လား။ စိတ္တဇရုပ် ပဋ္ဌိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဝိပါက်နာမကွန္ဓာ ၄-ပါးဆိုလျှင် ဝိပါကထပ်ထည့် ၆-ပစ္စည်း။

ခုတင်က နေရာမှာ တပြိုင်နက်မို့လို့ ၅-ပစ္စည်းပြောတာ၊ ယထာရဟဆိုလျှင် ဝိပါကက ရနိုင်တယ်နော် (မှန်ပါ)၊ တပြိုင်နက်တပ်ကောင်းသော ယထာရဟတပ်ကောင်း သောဆိုတဲ့ အဓိပ္ပါယ်ကလေးတွေ အကောက်ကျတော့ ပြောပေးမယ်။

ပြီးပြန်ရော၊ မူရင်းသုဒ္ဓသင်္ခ်ာအတိုင်းဆိုလျှင် သဟကြီး ၄-နော်၊ အခု နောက် ၂-မျိုးခွဲလိုက်တာ ဆိုင်ရာအလတ်တွေ ဝင်လာတယ် မဟုတ်လား (မှန်ပါ)၊ နောက်ဆုံးတမျိုး နားထောင်စမ်း၊ အချင်းချင်းအားဇင်း, အချင်းချင်း နာမကွန္ဓာ စိတ္တဇရုပ် ပဋ္ဌိသန္ဓေကမ္မဇရုပ် အားဇင်း တပ်သော ဝိပါက် ပဝတ္တိ ပဋ္ဌိသန္ဓေ နာမကွန္ဓာ ၄-ပါးတဲ့ ဘယ်နှစ်ပစ္စည်းရမတုန်း (၅ ပစ္စည်းရပါတယ်)၊ ဘယ်သူတွေတုန်း သဟကြီး ၄-ပစ္စည်းနှင့် ဝိပါက။

အင်မတန် အဖိုးတန်ပါတယ်။ ဒါဟာ စာရေးကြည့်လို့သိတာ။ စာရေးကြည့်ပြီး ပြောလာတော့ နားလည်လာတယ်၊ အခု စာအုပ်ထဲမှာ ရေးထားတာကျက်လို့ ဒီအဓိပ္ပါယ် နားမလည်တာ၊ ကြံလုံးမပွင့်ဘူး။ အခုတော့ ရေးကြည့်တော့ မြင်နေရတယ်။

နံပါတ် ၂-သွားလိုက်စမ်း၊ သူရှိတဲ့အတိုင်း အချင်းချင်းအားဇင်း ဥပါဒါရုပ်အားဇင်း တပ်သော-ဆိုတာ ဒါဟာ သဟကြီး ၄-ပစ္စည်းတရားနော် (မှန်ပါ)။

သတိပြု၊ အချင်းချင်းအား တပ်သော မဟာဘုတ် ၄-ပါးတဲ့။ အလတ်ထဲက ဘယ်သူ လိုက်လာမလဲ (အညမညလိုက်လာပါမယ်)၊ အကြီး ၄-ပစ္စည်းလဲ ရမယ် အညမညလဲ ရမယ်၊ ရှိတယ်မဟုတ်လား အညမညမှာ။ ဘာတဲ့ အချင်းချင်းအားတပ်သော မဟာဘုတ် ၄-ပါး ပေါ့ (မှန်ပါ)။

နောက်တမျိုး၊ သတိနှင့်နားထောင်ပါ။ ဥပါဒါရုပ်အား တပ်သော မဟာဘုတ် ၄-ပါးတဲ့။ အလတ်က ဘယ်သူလိုက်နိုင်သေးသတုန်း (ဘယ်သူမှ မလိုက်နိုင်ပါ)၊ ဒီတော့ မူရင်း အတိုင်း အကြီး ၄-ပစ္စည်း။

ပြီးပြီနော်၊ ၃-နံပါတ်သွားပါ။ ရှိနေတဲ့အတိုင်း အချင်းချင်းအား တပ်သော ပဠဝေါ-ကာရ ပဋ္ဌိသန္ဓေနာမကၠန္ဓာ ဟဒယဝတ္ထု-ဒီလိုဆိုယင် အကြီး ၄-ပစ္စည်းရတယ်၊ အလတ်က ဘယ်သူတွေရမလဲ။ အညမညရမယ်၊ သဟဇာတ ဝိပွယုတ္တရမယ်၊ ပေါင်း ၆-ပစ္စည်း။

ဒါကလေးတွေ ကြံတတ်စည်တတ်လျှင် ဦးပဠင်းတို့ သိပ်ပြီးတော့ အဖိုးတန်ပါတယ်။

ပြီးတော့ တမျိုးနားထောင်စမ်း၊ ဟဒယဝတ္ထုအား တပ်သော ပဠဝေါကာရ ပဋ္ဌိသန္ဓေ နာမကၠန္ဓာ ဘာတိုးမလဲ (ဝိပါကတိုးရပါတယ်)၊ ဝိပါက တပစ္စည်းတိုး ပေါင်း (၇) ပစ္စည်း။

အဲဒါကို ဦးပဠင်းတို့ ပထမကြီးတန်းက အင်မတန် မေးလေ့ရှိတယ်၊ အခု နီးစပ်နေ လို့ ခပ်လွယ်လွယ်ကလေး ဖြစ်နေတာ၊ မေးလျှင်လဲ ဒီတရားတွေ မြင်လျက်သားနဲ့ ပုဗ္ဗက ဆရာ မျက်စိလှည့်မေးထားလျှင် အခက်တွေ့တာဘဲ။ ဥပမာ-အခု နောက်ဆုံးပြောမဲ့စကား ပြောကြပါစို့။ ဟဒယဝတ္ထုအား တပ်သော ပဠဝေါကာရ ပဋ္ဌိသန္ဓေ နာမကၠန္ဓာ ပစ္စည်းတရား ဖြစ်အုံ့၊ ရနိုင်သောပစ္စည်းများကို ပါဠိတော် အကိုးထုတ်၍ ဖြေခဲ့ပါ။ ဘယ်နှစ်ပစ္စည်းရမလဲ။ ခုတင်က ဦးပဠင်းတို့ပြောတာ (၇-ပစ္စည်း ရပါတယ်)။

ပါဠိတော် အကိုးထုတ်ပါဆိုတော့ ဘာသွားထုတ်မလဲ။ ခန္ဓာ ဝတ္ထုဿ ဟုတ်လား (မှန်ပါ)၊ ဘယ်နှစ်ပစ္စည်း (၇-ပစ္စည်း)၊ အဲဒီ ၇-ပစ္စည်းတို့၏ ပစ္စယေန ပစ္စယောပေါ့၊ အစဉ် အတိုင်းလျှောက်ခွဲ၊ ဘယ်သူတွေတုန်း သဟဇာတပစ္စယေန ပစ္စယော, အညမညပစ္စယေန ပစ္စယော, နိဿယပစ္စယေန ပစ္စယော, ဝိပါကပစ္စယေန ပစ္စယော, ဝိပွယုတ္တပစ္စယေန ပစ္စယော, အတ္ထိပစ္စယေန ပစ္စယော, အဝိဂတပစ္စယေန ပစ္စယော။ ဦးပဠင်းတို့ အခုဟော ပြီးနေပြီ၊ ဒါတွေက ဟုတ်လား (မှန်ပါ)။

ဝတ္ထု ခန္ဓာနဲ့ ဆိုတာ ဘာလျှော့သွားသလဲ (ဝိပါကပစ္စည်းလျှော့ပါတယ်)၊ ဒီတော့ ၆ ပစ္စယေန ပစ္စယော လုပ်ပါ။

ဒါကလေးတွေ လေ့လာစမ်းပါ၊ အလွန်အဖိုးတန်ပါတယ်။ ကဲ ဒီတွင်ဘဲ သဟကြီး လတ် ပါဠိတော် သိမ်းကြစို့၊ ရှေ့တိုးရအောင် မကုန်ဘဲနေလိမ့်မယ်။ နောက်ထပ်လဲ တွေ့ ဦးမှာပါ။

နိဿယသုဒ္ဓသင်္ခ်ာ

ဒီက ပြီးတော့ ဘယ်သွားမလဲလို့ မေးလျှင် နိဿယပစ္စည်း သွားလိမ့်မယ်၊ မနေ့က သုဒ္ဓသင်္ခ်ာဖတ်တော့ ဝတ္ထုပုရေဏာတနိဿယ ပါတယ်မဟုတ်လား၊ ဦးဉာဏဝရ ပြန်ဆိုစမ်း။

ဝတ္ထုပုရေဏာတနိဿယသုဒ္ဓသင်္ခ်ာ

ဦးဉာဏဝရ။ ။ဝတ္ထုပုရေဏာတနိဿယပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌-ပဠဝေါကာရဘူတ်၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြဉ်သော သတ္တဝိညာဏဓာတ်အား တပ်သော ဆဝတ္ထု၊ ဤတရားတို့သည် ဝတ္ထုပုရေဏာတနိဿယ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ တီဏိ။ ပစ္စည်းရေ ၅ ဟူသည်တည်း။ **သင်္ခ်ာ** တီဏိဟူသော်ကား ဒဗျာကတော အဗျာကတသ, အဗျာကတော ကုသလသ, အဗျာကတော အကုသလသ ဟူသည်တည်း။ **ပစ္စည်းရေ ၅**-ဟူသော်ကား နိဿယ ပုရေဏာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ ဟူသည်တည်း။

သံယာတော်များ။ ။ဝတ္ထုပုရေဏာတနိဿယပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ၌ (၀) သင်္ခ်ာ တီဏိ ဟူသော်ကား အဗျာကတော အဗျာကတသ, အဗျာကတော ကုသလသ, အဗျာကတော အကုသလသ-ဟူသည်တည်း။

ဆရာတော်။ ။ဘုန်းကြီးက တခြားစိတ်ကူးနေတာနဲ့ ဘာဆိုသွားတယ်ဆိုတာ ကြားလိုက်တာ မဟုတ်ဘူး။ ဒီလိုဘဲ ကိုယ်ချင်းစာတယ်၊ ဦးပဉ္စင်းတို့လဲ ဒို့ရှေ့မှာ နားထောင်နေတယ်ဆိုပေမဲ့ တခြားစိတ်ကူးနေလျှင် ဒို့ပြောတာ ကြားမှာ မဟုတ်ဘူး၊ ဦးဉာဏဝရ စာရွတ်ခိုင်းထားပေမဲ့ ကိုယ်က တခြားစိတ်ကူးတာ။

ဌာန်း ၂-ပင်

ဒါကြောင့် တခါတခါ စပ်မိစပ်ရာ ပြောတယ်၊ ဒို့သာသနာတော်မှာ ဌာန်း ၂-ပင် ရှိတယ်၊ အဲဒီ ဌာန်း ၂-ပင်ဆိုတာ ဘာတွေလဲဆိုတော့ **ကမ္မဌာန်းရယ်, ပဋ္ဌာန်းရယ်** လို့ ဌာန်း ၂-ပင်ရှိတယ်။

ကမ္မဌာန်းအားထုတ်တယ်ဆိုတာကတော့ တကယ်လုပ်တဲ့ ပုဂ္ဂိုလ်လဲရှိတာပေါ့လေ၊ ဒီလိုမလုပ်ဘဲနှင့် စိတ်ကူးချင်ရာစိတ်ကူးပြီးတော့ လက်ထဲက ပုတီးကလေး ချောက်ချောက် ချောက်ချောက်နှင့် ချနေတာလဲ ရှိသေးတာကိုး။ ဘယ်မှာ စိတ်ကူး စိတ်ကူး လက်ကကျင့်သားရနေတော့ လက်က တချောက်ချောက်ကတော့ မှန်လို့ ချောက်ချောက် ချောက်ချောက် နှင့်ဘဲ။

အဲ ဒို့ပဌာန်းကတော့ တခြားစိတ်ကူးမယ် မကြဲနှင့်တဲ့၊ တခြား စိတ်ကူးလိုက်တာ နှင့် တပြိုင်နက် ပါးစပ်ကလဲ တခြားဟာကို ဆိုလိုက်တာဘဲ။ တလွဲ စိတ်ကူးလျှင် တလွဲ ဆိုပစ်လိုက်တာဘဲ။

ဒါကြောင့် ဌာန်း ၂-ပင်ဟာ မတူကြဘူးနော်၊ ကမ္မဌာန်းက စိတ်ကူးချင်တာ ကူးလို့ ရတယ်၊ ပဌာန်းက စိတ်ကူးချင်တာ ကူးလို့မရဘူး၊ မှတ်ထားကြစမ်းပါဦး။

နိဿယ ၃-ပါး

နိဿယပစ္စည်းတဲ့ မူရင်းကနေ နည်းနည်းပြောပေးမယ်၊ မျိုးပစ္စည်းတွေ ပြန်ပြီး နှလုံးသွင်း၊ နိဿယပစ္စည်းတွေဟာ ဘယ်မှာပါနေသလဲလို့ သတိပြုလိုက်လျှင် အာရမ္မဏာ မျိုးထဲမှာ တပစ္စည်းမပါဘူးလား (ပါပါတယ်)၊ ဘာနိဿယတဲ့ **ဝတ္ထာရမ္မဏာပုရေဇာတနိဿယ**၊ နာမည်ကလေး မှတ်ထားစမ်းပါ။ သဟမျိုးထဲရောက်တော့ **သဟဇာတနိဿယ**၊ အခု ဝတ္ထု မျိုးထဲရောက်တော့ကော **ဝတ္ထုပုရေဇာတနိဿယ**၊ ၃-နေရာရှိတယ်၊ နိဿယရှိတဲ့ နေရာကို ဘုန်းကြီးပြောနေတာနော်။ ဦးပဉ္စင်းတို့ ဒါတွေကို အလွတ် ကျက်ထားရမယ်။ ပြန်စဉ်းစား တတ်ရမယ်၊ ဖြုန်းကနဲ့ မစဉ်းစားနိုင်လျှင် ရပြီးသားဖြစ်နေတဲ့ဟာကို ပြန်ပြီးတော့ စာအုပ်မှာ ဖတ်ကြည့်ရမယ်၊ ဩော်ဒို့ မျိုးပစ္စည်းတွေ ကျက်တုန်းက နိဿယပါတာ ၃-နေရာရှိနေပါ ကလား–လို့ သိထားစမ်းပါ။

အဲဒီ ၃-နေရာတို့တွင် ပဌမဆုံးတွေ့တာ အာရမ္မဏာမျိုးပါဘဲ။ ဝတ္ထာရမ္မဏာဆိုတာက မူရင်းမဟုတ်ဘူး။ ခုတင်က ဆိုတဲ့ ဝတ္ထုပုရေဇာတနိဿယတရားထဲမှ အာရုံ၏ အစွမ်းအား ဖြင့် ကျေးဇူးပြုနိုင်တဲ့ တရားအစိတ်အပိုင်းကလေးကို ခွဲထုတ်လိုက်လို့ ဝတ္ထုအာရမ္မဏာလို့ ဖြစ်လာတယ်နော်၊ မူရင်းက ဘယ်သူလဲမေးလျှင် သဟဇာတနိဿယတမျိုး, ဝတ္ထုပုရေဇာတ နိဿယတမျိုးလို့ နိဿယ ၂-မျိုးသာ ရှိတယ်။ ဝတ္ထာရမ္မဏာ-က အသေးစိတ်ကွဲနေတာနော် (မှန်ပါ)၊ နိဿယပစ္စည်းသည် သဟဇာတနိဿယတမျိုး, ဝတ္ထုပုရေဇာတနိဿယတမျိုးလို့ ၂-မျိုးရှိတယ်။

အဲဒီ ၂-မျိုးမှာ **သဟဇာတနိဿယ**ဆိုတာ ဘယ်ဟာလဲလို့ မေးခွန်းထုတ်လျှင် ဦးပဉ္စင်းတို့ ခုတင်က ပြီးသွားတဲ့ သဟကြီးပါဠိတော်အတိုင်း ကုသလော ဓမ္မော ကုသလသ ဓမ္မသ သဟဇာတပစ္စယေန ပစ္စယော ဆိုမည့်အစား (နိဿယပစ္စယေန ပစ္စယော) ဒါ ကလေးပြောင်းရုံဘဲ၊ အားလုံး ပါဠိတော်ဆိုရိုး တူနေတယ်၊ မှတ်ထားကြပါ။ အခုနောက်တိုး မှာက ဘာလဲမေးလျှင် ဝတ္ထုပုရေဇာတနိဿယတဲ့။ ဒါကြောင့် ခုတင်က သုဒ္ဓသန္ဓာ အရွတ် ခိုင်းတယ်နော်။ ဝတ္ထုပုရေဇာတနိဿယ ပိုလာတယ်။

ပိုလာတော့ သူ့သုဒ္ဓသန္ဓာ ဘာလဲလို့ မေးလျှင် ဦးပဉ္စင်းတို့ ခုတင်က ရွှတ်ပြီးပြီ၊ ဘုန်းကြီး တခေါက်ရွှတ်ပြမယ် နားထောင်စမ်း၊ ဝတ္ထုပုရေဏတနိဿယ ပစ္စည်း၏ သုဒ္ဓသန္ဓာဝါရ၌ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ-ခုတင်က တခါပြောခဲ့တယ်၊ ဒီလို ဘုံသတ်လိုက်လို့ ဒီပစ္စည်းဟာ စတုဝေါကာရမှာ မရှိဘူးလို့ နားလည်စမ်းပါ ဒီအဓိပ္ပါယ်ကို။

အရူပဝိပါက် ၄-ခုကြည်သောတဲ့၊ မရတဲ့တရား မဟုတ်လား (မှန်ပါ)။ ခုတင်ကဟာက ဘုံကို ညွှန်ပြတဲ့စကား၊ အခုဟာက တရားကို ညွှန်ပြတယ်၊ ဘုံက ပဉ္စဝေါကာရသာ ဖြစ်လိမ့်မယ်တဲ့၊ တရားအနေနှင့် အရူပဝိပါက် ၄-ခုက မရနိုင်ဘူးတဲ့။ ဒီလို ဆိုသွားတယ် ဆရာတော်ဘုရားကြီးက (မှန်ပါ)။

သတ္တဝိညာဏာဓာတ်အား တပ်သောတဲ့၊ ဒါ ဘာတရားတုန်း ပစ္စယုပ္ပန်၊ ဘာတွေတဲ့ သတ္တဝိညာဏာဓာတ်တဲ့၊ မှတ်ထားစမ်း နာမည်ကို၊ ပစ္စယုပ္ပန် သတ္တဝိညာဏာဓာတ်လို့ စိတ်ကစွဲထားရတယ်၊ အလွတ် ဦးဏှောက်ထဲမှာ ထည့်ပြီး စဉ်းစားလို့ရအောင် (မှန်ပါ)။

သတ္တဝိညာဏာဓာတ်အားတပ်သော ဆ ဝတ္ထု။ ဪ... သူက ပစ္စည်းတရား ဒီလိုပါကလား၊ ခုတင်က သန္ဓာထုတ်နည်းတွေပါ ဒီမှာ မြင်လာအောင် ဘုန်းကြီးပြောပေးမယ်၊ ဆ ဝတ္ထုဆိုတာက နာမ်လား ရုပ်လားလို့ မေးလျှင် (ရုပ်တရားပါ)၊ ရုပ်တရားတွေ အကုန်လုံးလား မေးလျှင် တစိတ်တဒေသ၊ ဒီလိုနော် (မှန်ပါ)၊ ရူပေကဒေသ ရုပ်တရား တစိတ်သာ ရှိတယ်။

နာမ်တရားအနေနှင့်ကြည့်လျှင် သတ္တဝိညာဏာဓာတ်၊ ဘာတွေလဲ နာမ်တွေလား ရုပ်တွေလားလို့ မေးလျှင် (နာမ်တရားတွေပါ)၊ အဲဒီနာမ်တရားထဲမှာ အရူပဝိပါက် ၄-ခုက လျှော့တယ်၊ ဒီလို မဟုတ်လား (မှန်ပါ)။

ဒီတော့ ဝတ္ထုပုရေဏတနိဿယ ပစ္စည်းရဲ့ နေပုံဟာ ဘယ်လိုရှိသလဲ၊ ရုပ်က ပစ္စည်း, နာမ်က ပစ္စယုပ္ပန်။

ဝတ္ထုပုရေဏတသဘော

ထားပါတော့၊ ဒါလောက်ကလေးဘဲ အသာထားပြီးတော့မှ ဆက်ပြောမယ်၊ ပစ္စည်းသဘောကို နည်းနည်းပြောမယ်၊ ဒီတရားကို ဝတ္ထုပုရေဏတလို့ ဆိုတာဟာ ဘာဖြစ်လို့ ဝတ္ထုပုရေဏတလို့ ခေါ်ရသလဲ၊ ပစ္စည်းသဘော ပြောမလို့နော်၊ အဲဒီ နာမည်ကလေးကို မြန်မာပြန်ကြည့် ဝတ္ထု+ပုရေ+ဏတ=ဝတ္ထု။ ဝတ္ထုရုပ် ၆-ပါးသည်။ ပုရေ၊ ရှေ့နား၊ ဏတာ၊ ဖြစ်လျက် ကျေးဇူးပြုနေတဲ့တရား။ ရှေ့နားဆိုတာ ဘယ်ရှေ့နားလို့ မဆိုဘူးနော်။ သာမန်ရှေ့နားလို့ ဆိုနေတာ။ ပုရေဏတက ပစ္စည်းက ရှေ့နားမှာ, ပစ္စယုပ္ပန်က နောက်နားမှာ ဒီလို နေရတယ်။

အဲဒီပစ္စည်း ဝတ္ထုရုပ် ၆-ပါးတို့တွင် သတိပြုလိုက်စမ်း၊ ရှေ့ငါးပါးကို ပဋ္ဌဝတ္ထုလို့ ခေါ်မယ် မဟုတ်လား၊ နောက်တပါးက ဟဒယဝတ္ထု။

ဦးပဋ္ဌင်းတို့ ဝိထိကို အသင့်အတင့် နားလည်ပါလိမ့်မယ်၊ သတိပြုနားထောင်စမ်းပါ၊ စက္ခုဒ္ဒါရဝိထိ ချတယ်၊ ပုရေဇာတ နေပုံထိုင်ပုံ မြင်အောင်ပြောနေတာ၊ အတီတဘဝင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ပဋ္ဌဒ္ဒါရာဝဇ္ဇန်း စက္ခုဝိညာဉ်-ဒီလို မဟုတ်လား (မှန်ပါ)။ အဲဒီမှာ စိတ်ဘယ်နှစ်လုံးတုန်း (၅-ခုပါ)၊ အတီတဘဝင်က တခု၊ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ပဋ္ဌဒ္ဒါရာ-ဝဇ္ဇန်း၊ ပြီးတော့မှ စက္ခုဝိညာဉ်၊ ကြားထဲမှ စိတ္တက္ခဏာ ၃-ချက် လွန်လာတယ် မဟုတ်လား (မှန်ပါ)။ နားလည်အောင် နားထောင်စမ်း၊ ဒါက တရားခင်းပြီး အကြည့်ခိုင်းတာ။

ကဲ-ဟိုဏ္ဍန္ဒြိယပစ္စည်း သုဒ္ဓသခ်ၢတုန်းက ဆိုရိုးကလေး နည်းနည်းပြန်ကြည့်စမ်း၊ ဒွေပဋ္ဌဝိညာဉ် ၁၀-အားတပ်သော မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက ၃-မျိုးတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဋ္ဌဝတ္ထု ဒီလို မဟုတ်လား (မှန်ပါ)။

မဏိမဏ္ဍု ဆရာတော်ဘုရားကြီးအလိုအားဖြင့် မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက ၃-ပါးတို့တွင် မဇ္ဈိမာယုက ဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သောလို့ဆိုထားတယ်။

ဘာတွေပြောတာလဲ ခုတင်က ဝိထိပြန်ကြည့်စမ်း၊ စိတ္တက္ခဏာကလေး ၅-လုံး မဟုတ်လား (မှန်ပါ)၊ အတီတဘဝင်မှာလဲ ဥပါဒ် ဌိ ဘင်လို့ ခဏငယ် ၃-ချက် ရှိတယ်၊ ဘဝင်္ဂစလနမှာလဲ ဥပါဒ် ဌိ ဘင်လို့ ခဏငယ် ၃-ချက်ရှိတယ်၊ ဘဝင်္ဂုပစ္ဆေဒမှာလဲ ရှိမယ်မဟုတ်လား (ရှိပါတယ်)၊ ပဋ္ဌဒ္ဒါရာဝဇ္ဇန်းမှာကော (ရှိပါတယ်)၊ စက္ခုဝိညာဉ်မှာကော (ရှိပါတယ်)၊ ခဏငယ် ၃-ချက်, ၃-ချက်မှာ ခဏကြီးတခုတခု ဖြစ်ရတယ်နော် (မှန်ပါ)။

ဥပါဒ်ပြိုင်အဓိပ္ပါယ်

အဲဒီလို ဖြစ်နေတဲ့ ဝိထိမှာ အတီတဘဝင် ဥပါဒ်တုန်းက ပေါ်လာတဲ့ စက္ခုပသာဒရုပ်တဲ့၊ ရုပ်ကလေးက ပြိုင်လျက်ရှိတယ်နော် (မှန်ပါ)၊ စက္ခုပသာဒရုပ်တဲ့၊ ဥပါဒ်ပြိုင်တယ်ဆိုတာ ဘာပြောတာလဲ၊ အတီတဘဝင်လဲ ဖြစ်ကရော, စက္ခုပသာဒရုပ်ကလေးလဲ ဖြစ်လာရော၊ **အဖြစ်ချင်းတူတာကို** ဘာခေါ်သလဲမေးလျှင် (ဥပါဒ်ပြိုင် ခေါ်ပါတယ်)။

လေ့လာကြပါ။ ဒါဟာ ရှေးဆရာတော်ကြီးတွေ အသုံးအနှုန်း။ ဥပါဒ်ပြိုင်သော ဘာသော ညာသော ဆိုတာတွေဟာ အချို့ဟာတွေကို ရအောင်ကျက်ထားတယ်၊ နားတော့ မလည်ကြဘူး။

အဲဒီမှာ အတီတဘဝင်လဲ ဖြစ်လာရော တပြိုင်နက်ဖြစ်လာခဲ့တဲ့ ဘယ်သူတဲ့ စက္ခုပသာဒရုပ်။ အဲဒီ စက္ခုပသာဒရုပ်ကလေးဟာ ပစ္စည်းတရားဘဲ။

ကြည့်စမ်း သူ့နောက်က ဘဝဂ်စလန ဘဝဂုံပစ္ဆေဒ ပဋ္ဌဒ္ဓါရာဝဇ္ဇန်းတဲ့ စိတ္တက္ခဏာ ၃-ချက်လွန်ပြီးတော့ နောက်မှ ပေါ်လာတဲ့ စက္ခုဝိညာဉ်စိတ်က ပစ္စယုပ္ပန်။ စိတ္တက္ခဏာ ၃-ချက်က ခဏငယ်ပေါင်း ၉-ချက်ရှိတယ်။ အတီတဘဝင်ကနေ ကြည့်လိုက်တော့ ဥပါဒ် ဌိ ဘင် ဆိုတော့ အဲဒီမှာက ဌိ-ဘင်ဆိုတဲ့ ခဏငယ် ၂-ချက် မရဘူးလား (ရပါတယ်)၊ ခုတင်က ၉-ချက်ထဲ သူတို့ ၂-ခုထည့်လိုက် ၁၁-ချက် (မှန်ပါ)။

အတီတဘဝင် ဥပါဒ်ကို ချန်ထားတယ်မဟုတ်လား (မှန်ပါ)၊ ဒီတော့ ဆရာတော်ဘုရားကြီးတွေက ဆိုရိုး ဘာလုပ်သလဲ၊ မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက ခွဲတယ်။ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုပသာဒသည် မဇ္ဈိမာယုကမည်၏။ အတီတဘဝင်၏ ဥပါဒ်ခဏကလေးမှာ အတူဖြစ်တာကိုဆိုတာ။

ဘာတဲ့ **အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော စက္ခုပသာဒသည် မဇ္ဈိမာယုက**။ အတီတဘဝင်၏ ဌီမှစ၍ ပဋ္ဌဒ္ဓါရာဝဇ္ဇန်း၏ ဘင်တိုင်အောင် (စက္ခုဝိညာဉ်မဖြစ်ခင် ပဋ္ဌဒ္ဓါရာဝဇ္ဇန်းမဟုတ်လား) (မှန်ပါ)။ ၁၁-ချက်သော ပသာဒသည် အမန္ဒာယုက ပသာဒမည်၏။

အဲဒီ အမန္ဒာယုက နောက်မှာမှ ဘာလာပြီး ပေါ်လာသလဲမေးလျှင် စက္ခုဝိညာဉ်ဖြစ်တယ်။ ဒါ သင်ကြိုဟ်ညှပ်ပြီး ပြောနေတယ်။

ဒီတော့ ပစ္စည်းက ဘယ်မှာလဲ အတီတဘဝင်ရဲ့ ဥပါဒ်မှာ စိတ္တက္ခဏာ ၃-ချက်လွန်ပြီးတော့ ခဏငယ် ၁၁-ချက် ကျော်ကာမှ ပစ္စယုပ္ပန်လာဖြစ်တော့ ဝတ္ထု=စက္ခုဝတ္ထုသည်။ ပုရေ=ရှေ့ပိုင်းက၊ ဇာတ-ဖြစ်ပြီးမှ ကျေးဇူးပြုလို့ ပေါ်လာတဲ့ **စက္ခုဝိညာဉ်စိတ်**၊ ဟုတ်ပလား (မှန်ပါ)။

စက္ခုပသာဒနှင့် ရူပါရုံ ပေါင်းဆုံမိတဲ့ အခါမှာ **အဘိမုခီဘူတ သံဃဋ္ဋနခေါ်**တဲ့ အနေအားဖြင့် တွေ့ဆုံကြတဲ့အခါမှာ စက္ခုဝိညာဉ်စိတ် ပေါ်ရတယ်တဲ့။

စက္ခုံ ပဋ္ဌိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ စက္ခုံ စ=စက္ခုပသာဒကိုရင်း။ ဒါက ကိုယ့်သန္တာန်က (မှန်ပါ)၊ ရူပေ စ=အဆင်းရူပါရုံတို့ကိုရင်း။ ပဋ္ဌိစ္စ=စွဲ၍။ စက္ခုဝိညာဏံ=အကျိုးပစ္စယုပ္ပန်ဖြစ်တဲ့ စက္ခုဝိညာဉ်စိတ်သည်။ ဥပ္ပဇ္ဇတိ=ဖြစ်ရ၏တဲ့။ ပစ္စည်း ပစ္စယုပ္ပန်နေပုံဟုတ်လား (မှန်ပါ)၊ ပစ္စည်းက ဘယ်လောက်ကွာနေတယ် စိတ္တက္ခဏာ ၃-ချက်, ခဏငယ် ၁၁-ချက်၊ ရှေ့မကျဘူးလား (ကျပါတယ်)။

အဲဒါက စက္ခု သောတ ဃာန ဇိဝှါ ကာယ ခေါ်တဲ့ ဝတ္ထုရုပ် ၅-မျိုးနှင့် စပ်လာလျှင် အဲဒီအတိုင်းရှိတယ်။

ဟဒယဝတ္ထုနှင့် စပ်လာလျှင် ဘယ်လိုရှိမလဲလို့ မေးလျှင် သတိထားလိုက်စမ်း၊ မတူတတ်လို့ ခွဲပြောတာ။ သတ္တဝါတို့ရဲ့ သန္တာန်မှာဖြစ်နေတဲ့ နာမ်တရားအစဉ်ကြီးတွေ ဝိထိကြီး

တွေ ရှိရှိလေသမျှ စိတ္တကွဲဏာတိုင်း စိတ္တကွဲဏာတိုင်းမှာ သတိနှင့် နားထောင်၊ ကမ္မဇရုပ်တွေ တွဲလျက် စပ်လျက် ပါတယ်ဟုတ်လား (မှန်ပါ)။

ဘာတဲ့၊ စိတ္တကွဲဏာတိုင်း ကမ္မဇရုပ်တွေ တွဲလျက် ဖြစ်လျက်ပါတယ်၊ ဘယ်သတ္တဝါ သန္တာန်မှာ ဘယ်စိတ္တကွဲဏာဖြစ်ဖြစ် စိတ္တကွဲဏာ ဖြစ်တိုင်းဖြစ်တိုင်း ကမ္မဇရုပ်တွေပါလာတယ်[1]။ နားလည်ပလား (မှန်ပါ)။

အဲဒီ ကမ္မဇရုပ်တွေ ပါနေလျှင် ကမ္မဇရုပ်တွေထဲမှာ ဟဒယဝတ္ထုရုပ်ဆိုတာ မပါပေဘူးလား (ပါပါတယ်)၊ ဟဒယဝတ္ထုဆိုတာက ကမ္မဇဧကန် မဟုတ်လား။ အဲဒီ ဟဒယဝတ္ထုက ပစ္စည်းဖြစ်နေလျှင် သူ့နောက်က ပေါ်လာတဲ့ နာမ်တရား-စိတ္တကွဲဏာတခုသည် ပစ္စယုပ္ပန်တရား။

အဲဒီတော့ အကျဉ်းချုပ် ဟဒယဝတ္ထုနှင့်စပ်လျှင် ဘယ်လိုဖြစ်သင့်သလဲမေးလျှင် သတိ ရှေးရှေးစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုသည် ပစ္စည်း။ စိတ္တကွဲဏာမကျော်ရဘူးနော်၊ ဒီကျတော့ ဟဒယဝတ္ထုကျတော့ နောက်နောက်စိတ် နာမကွန္ဓာက ပစ္စယုပ္ပန်။ ဒါဟာ ဝတ္ထုပုရေဏာတပါဘဲ။

နားလည်ပလား ပြန်ပြီးတခေါက်ပြောမယ်၊ ဘာတဲ့တုန်း အကျဉ်းချုပ် ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုက (ပစ္စည်း)၊ နောက်နောက်စိတ် နာမကွန္ဓာက (ပစ္စယုပ္ပန်)၊ အဲဒါ ဝတ္ထုပုရေဏာတဘဲ။

ဥပမာ-အတီတဘဝင်နှင့် အတူ ဥပါဒ်တဲ့ ဟဒယဝတ္ထုက ပစ္စည်းဖြစ်နေလျှင် ဘဝင်-စလန နာမကွန္ဓာက ပစ္စယုပ္ပန်။ ဘဝင်စလနနှင့်အတူ ဥပါဒ်တဲ့ ဟဒယဝတ္ထုက ပစ္စည်းဖြစ်နေလျှင် ဘဝဂ္ဂိုပဇ္ဇေဒ နာမကွန္ဓာက ပစ္စယုပ္ပန်လို့ အစဉ်အတိုင်း ရှေ့စိတ်နှင့် အတူဥပါဒ်တဲ့ ဟဒယဝတ္ထုက ပစ္စည်း၊ နောက်နောက်စိတ်တွေက (ပစ္စယုပ္ပန်)။

အဲဒီတော့ ရှေ့စိတ်ကို ဒီထက်သေချာယင် တသံသရာလုံး ဆုံးအောင် ရေးချင်လျှင် ရှေးတလုံးထပ်တိုး၊ ရှေးရှေးစိတ်နှင့် အတူဥပါဒ်သော ဟုတ်လား (မှန်ပါ)၊ ရှေးရှေးစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုက ပစ္စည်း၊ နောက်နောက်စိတ် နာမကွန္ဓာက ပစ္စယုပ္ပန်ဆိုတော့ တသံသရာလုံး ဆုံးရောပေါ့မဟုတ်လား (မှန်ပါ)၊ ကဲ တော်ကြစို့။

နောက်က ခုတင်က ဆိုထားတဲ့ သုဒ္ဓသန္ဓာ ရေးကြည့်ရအောင်။ စာကလေး ရေးကြည့်ကြဦးစို့ သုဒ္ဓသန္ဓာ၊ နိဿယပစ္စည်းတောင် ကုန်မှကုန်ပါ့မလား ဒီနေ့။

၁။ ပဠဝေါကာရဘုံကို ဆိုလိုသည်။

ဝတ္ထုပုရေဇာတနိဿယ

ဘာတုန်း ဒါဟာ ဝတ္ထုပုရေဇာတနိဿယမဟုတ်လား၊ ခေါင်းစီးက ဝတ်ပုလို့ ရေးထား၊ ခေါင်းစီးပါပေစေ။ ပစ္စည်းတရားက ဆ ဝတ္ထု။ နောက်နားပါတဲ့ ပစ္စယုပ္ပန်က သတ္တဝိညာဏဓာတ်။ ဘာတဲ့ ပစ္စည်းက (ဆ-ဝတ္ထု)၊ ပစ္စယုပ္ပန်က (သတ္တဝိညာဏဓာတ်)။

ဆ ဝတ္ထု သရုပ်ခွဲဖို့ဆိုတော့ ဣန္ဒြိယပစ္စည်းတုန်းကလို အစဉ်အတိုင်း အောက်တကြောင်းက စက္ခုဝတ္ထုလို့ရေး။ သောတ ဃာန ဇိဝှါဝတ္ထုကို ပေယျာလထိုး၊ ဣန္ဒြိယတုန်းကလိုဘဲ အောက်တကြောင်းက အလယ်ခေါင်က လက်သည်းကွင်းကလေးပြ၊ အလယ်ခေါင် (လ) ကလေး ရေးထား။ ဒီအောက်က တကြောင်းက ကာယဝတ္ထု။ ၅-ခုရှိရဲ့လား (ရှိပါတယ်)၊ နောက် လိုနေတဲ့တခုက ဘယ်သူတုန်း ဟဒယဝတ္ထု၊ အောက်က တကြောင်းရေးပါ။

ဝတ္ထုပုရေဇာတနိဿယ ပါဠိတော်ဇယား

သင်္ခ်ာ	ပဒ	ပဒါဝသာန	ပစ္စည်း	ပစ္စယုပ္ပန်
၁	ဗျာ	ဗျာ	ဆဝတ္ထု	အရူပိ, ၄-ကြဉ် သတ္တဝိညာဏဓာတ်
			စက္ခုဝတ္ထု	စက္ခုဝိညာဏဓာတ်
			(လ)	(လ)
			ကာယဝတ္ထု	ကာယဝိညာဏဓာတ်
			ဟဒယဝတ္ထု	ဝိပါကာဗျာကတာနံ ကြိယာ ॥ ခန္ဓာနံ — မနောဓာတ် မနောဝိညာဏ॥
၂	॥	ကု	॥	ကုသလာနံ ॥ — မနောဓာတ် မနောဝိညာဏ॥
၃	॥	အကု	॥	အကုသလာနံ ॥ — မနောဓာတ် မနောဝိညာဏ॥

သုဒ္ဓသင်္ခ်ာမှ-ပစ္စည်းရေ-၅ နိ, ပု, ဝိပ်, အတ်, အဝိ၊
ဂင်း ၅-ပစ္စည်းတွင် ပါဠိတော်အရကောက် စသည် လုံးဝတူ၏။

ဝတ္ထုပုံရေဇာတနိသယ အရကောက်ဇယား

သင်္ချာ	ပဒ	ပဒါဝသာန	ပစ္စည်း	ပစ္စယုပ္ပန်	
၁	ဗျာ	ဗျာ	ဆဝတ္ထု	သတ္တဝိညာဏဓာတ်	
			စက္ခုဝတ္ထု	စက္ခုဝိညာဏဓာတ်	
			(လ)	(လ)	
			ကာယဝတ္ထု	ကာယဝိညာဏဓာတ်	
			ဟဒယဝတ္ထု	ဝိ-၂၂၊ ကြီ-၂၀	မနောဓာတ် မနောဝိညာဏ ဓာတ်
၂	ဗျာ	ကု	॥	ကု-၂၁	
၃	ဗျာ	အကု	॥	အကု-၁၂	

ပြန်ကြည့်စမ်း သုဒ္ဓသင်္ချာကို ပစ္စည်း, ပစ္စယုပ္ပန်ခဲ့ပြီး ပါဠိတော်နှင့်တကွ အရကောက်တွေပါ အစုံပါလာအောင် သရုပ်ခွဲပြထားပုံ၊ ဆ ဝတ္ထုကို ခွဲလိုက်တော့ စက္ခုဝတ္ထုက တကြောင်း, (လ) ပေယျာလ တကြောင်း, ကာယဝတ္ထုတကြောင်း, ဟဒယဝတ္ထု တကြောင်းကို အထက်အောက် ရေးပါ။

ကဲ ပစ္စယုပ္ပန်ဘက် သတ္တဝိညာဏဓာတ်သွား၊ စက္ခုဝတ္ထုနှင့် တည့်တည့်မှာ ဝိညာဏဓာတ်ထဲက စက္ခုဝိညာဏဓာတ်လို့ ခွဲထားပါ။ ဟိုဘက်က ပစ္စည်းဘက်က (ပေယျာလ) ရှိလျှင် ပစ္စယုပ္ပန်ကလဲ (ပေယျာလ) လို့ တည့်တည့်ရေးထား။ ပစ္စည်း ကာယဝတ္ထုနှင့် တည့်တည့်က ဒီက ကာယဝိညာဏဓာတ်လို့ရေး သတ္တဝိညာဏဓာတ်လို့ ဆိုတာကိုး၊ ဒီမှာ ပဋ္ဌဝိညာဏဓာတ် မပြီးဘူးလား (ပြီးပါတယ်)၊ ကျန်တဲ့ ဓာတ် ၂-ပါးက ဘယ်သူလဲ (မနောဓာတ်နှင့် မနောဝိညာဏဓာတ်ပါ)၊ မနောဓာတ်နှင့် မနောဝိညာဏဓာတ်ကို စဉ်းစဉ်းစားစား နားထောင်နော်၊ ဘုန်းကြီးပြောမယ်။

ဦးပဋ္ဌင်းတို့ သိပြီးသား၊ သိတာကို ဘုန်းကြီးဆက်ပြောနေတယ်။ မနောဓာတ် ၃-ခုတဲ့၊ ဘယ်သူပါလိမ့် (ပဋ္ဌဒ္ဒါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်း ဒွေပါ)။ မနောဝိညာဏဓာတ် ဘယ်လောက်ရှိသလဲ၊ (၇၆-ပါး ရှိပါတယ်)၊ ၇၆-ပါးလို့ လက်ရင်းရှိတယ်မဟုတ်လား။ သုဒ္ဓသင်္ချာက အရူပဝိပါက် ၄-ခုကိုလျှော့လိုက်ရော ဒီတော့ ၇၂-ပါး ကျန်မှာပေါ့။

သတိနှင့် နားထောင်စမ်းပါ၊ အဲဒီ မနောဝိညာဏဓာတ် ၇၂-ခုထဲမှာ ကုသိုလ်စိတ် ဧကဝီသ ပါ-မပါ (ပါပါတယ်)၊ ပါတယ်နော်၊ စိတ်နှင့်ပင်မှတ် မရေးပါနှင့်ဦး။ အကုသိုလ်စိတ် ဒွါဒသ ပါ-မပါ၊ (ပါပါတယ်)၊ အဗျာကတ ဖြစ်တဲ့ ဝိပါက်ကြိယာလို့ ၂-မျိုး မရှိဘူးလား (ရှိပါတယ်)၊ မနောဓာတ်နှင့် မနောဝိညာဏဓာတ် ၂-မျိုးစလုံးပေါင်းယူ။

ဝိပါက်စိတ်ပေါင်း ဘယ်လောက်ရှိမလဲလို့ မေးလျှင် ခုတင်က ပဋ္ဌဝိညာဏဓာတ် ၅-ခုနုတ်သွားတော့ ဒွေပဋ္ဌဝိညာဉ် ၁၀-မလျော့ဘူးလား (လျော့ပါတယ်)၊ ဝိပါက်စိတ်ရှိရင်း က ဆတ္တိံသ ၃၆-ပါးမဟုတ်လား၊ ၁၀-ခုလျော့တော့ ဘယ်လောက်ကျန်သေးသတုန်း (၂၆ ပါးကျန်ပါတယ်)၊ သုဒ္ဓသင်္ခ်ာက အရူပဝိပါက် ၄-ခုမရဘူးဆို (မှန်ပါ)၊ ထပ်ပြီးနုတ်လိုက် (၂၂-ပါးကျန်ပါတယ်)၊ ဗာဝီသခေါ်တယ်ဟုတ်လား၊ ကြိယာက လျော့ဦးမှာလား (မလျော့ ပါဘူး)၊ ဒီတော့ ၂၀-ရမယ်။

သတိပြု မနောဓာတ်နှင့် မနောဝိညာဏဓာတ်ကို ခွဲနေမှန်းသိအောင် စာလုံးသေး သေးနှင့် ဟဒယဝတ္ထုနှင့် တည့်တည့်အတန်းမှာ လက်သည်းကွင်း ပြပြီးတော့ (မနောဓာတ်, မနောဝိညာဏဓာတ်) ဆိုပြီးတော့ရေး၊ သူ့ကို သရုပ်ခွဲထုတ်မှာကိုး။ အဲဒီအထဲက ပေါ်လာတဲ့ ဝိပါက်ပေါင်းဘယ်လောက်မေးလျှင် ဝိ-၂၂၊ ကြိ-၂၀။

အလည်ခေါင်မှာ ဘာပြထားသလဲ၊ မနောဓာတ်, မနောဝိညာဏဓာတ်က ခွဲထုတ် ထည့်မှန်းသိအောင် 'မနောဓာတ်, မနောဝိညာဏဓာတ်'လို့ စာလုံးသေးနှင့် ထည့်ဟုတ်လား (မှန်ပါ)၊ ဝိပါက်ဘယ်လောက်လဲ (၂၂-ပါး)၊ ဝိ-၂၂၊ ကြိ-၂၀-လို့ရေး။

အဲဒီ အတန်းရဲ့ အောက်ကအတန်း၊ ပစ္စည်းဘက်က ဘာမှမရှိဘူးနော်၊ ပစ္စယုပ္ပန် ဘက်မှာ ကု-၂၁ ရေး၊ ဝိပါက်ကြိယာရဲ့ အောက်ကအတန်းမှာ ရေးနော်၊ အဲဒီ ကု-၂၁ ရဲ့ အောက်က အတန်းက အကု-၁၂ လို့ရေး။

အဲဒါ ဟဒယဝတ္ထုရဲ့နယ်တွေပေါ့။ မူရင်းက ဟဒယဝတ္ထုနှင့် တည့်နေတဲ့ တရားဟာ ဘယ်သူလဲမေးလျှင် ဝိပါက်ကြိယာ၊ အောက်အတန်းက ကုသိုလ် ၂၁၊ အောက်အတန်းက အကုသိုလ် ၁၂ အဲဒါ ဟဒယဝတ္ထုပစ္စည်းရဲ့ ပစ္စယုပ္ပန်ဘဲ၊ ဟဒယဝတ္ထုကနေပြီးတော့ မျဉ်း တကြောင်း ကုသိုလ်ကိုတန်းပစ်လိုက်၊ ထိုနည်းတူစွာ ဟဒယဝတ္ထုကနေပြီးတော့ အကုသိုလ် ဆီ မျဉ်းတကြောင်း တန်းပစ်လိုက်၊ ဟဒယဝတ္ထုပစ္စည်းရဲ့ ပစ္စယုပ္ပန်တွေမှန်း သိစေချင်လို့ ပြောတာ၊ ကုန်သွားပါပြီ။

ဤတရားတို့သည် ဝတ္ထုပုရေဏတနိဿယ ပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သင်္ချာတီဏိ၊ ပစ္စည်းရေ ၅၊ **သင်္ချာတီဏိဟူသော်ကား** သတိပြုကြည့်ပါ။ ဝတ္ထုရုပ် ၆-ပါးကလဲ အဗျာကတမဟုတ်လား၊ သတ္တဝိညာဏဓာတ်တို့တွင် ပဋ္ဌဝိညာဏဓာတ်နှင့်တကွ ဝိပါက်

ကြိယာကလဲ အဗျာကတမဟုတ်လား (မှန်ပါ)။ ဒီတော့ ဘယ်နှယ်ထုတ်မလဲ၊ အဗျာကတော အဗျာကတသ။

နောက်ပြီးတော့ အောက်ဆုံးဖြစ်တဲ့ ဟဒယဝတ္ထုက ပစ္စည်း, ကုသိုလ်ကို ပစ္စယုပ္ပန်ထားတော့ (အဗျာကတော ကုသလသ)၊ အကုသိုလ်ကို ပစ္စယုပ္ပန်ထားတော့ကော (အဗျာကတော အကုသလသ)၊ ဟဒယဝတ္ထုတင် ပစ္စည်းရှိတယ်နော် (မှန်ပါ)။

ဒါကြောင့် **သင်္ခါတီဏိဟူသော်ကား** အဗျာကတော အဗျာကတသ, အဗျာကတော ကုသလသ, အဗျာကတော အကုသလသ-ဟူသည်တည်း။

ပါဠိတော်လုပ်ကြစို့၊ အရကောက်လဲ ဒါဘဲ၊ ပါဠိတော်လဲဒါဘဲ၊ သုဒ္ဓသင်္ခါကချည်းခွဲထုတ်မှာ သတိပြု၊ ဒီနေ့ ဘာပစ္စည်းအတွက် ဟောရမှာတုန်း (နိသယပစ္စည်း ဟောရမှာပါ)၊ အဲဒီမှာ **သဟနိ, ပုရေနိ** အဓိပ္ပါယ်ကလေးတွေလဲ နက်ဖြန်ခါ သတိရကောင်းပါသေးတယ် ပြောပါဦးမယ်။

အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မသ နိသယပစ္စယေန ပစ္စယော။ ဣန္ဒြိယတုန်းက ဟောပြီးသား၊ စက္ခုန္ဒြိယံလို့ ဟောတယ်မဟုတ်လား (မှန်ပါ)၊ ဣန္ဒြိယမှာမို့လို့ စက္ခုန္ဒြိယံနှင့် ဟောတယ်၊ ဒီကျတော့ အာယတနနှင့် ဟောတယ်၊ စက္ခာယတနံ စက္ခု-ဝိညာဏသ နိသယပစ္စယေန ပစ္စယော။ သောတာယတနံ သောတဝိညာဏသ နိသယပစ္စယေန ပစ္စယောလို့ လျှောက်ပြီးထုတ်သွားပေါ့၊ ရပြီးသားတွေ မဟုတ်လား၊ ကာယာယတနံ ကာယဝိညာဏသ နိသယပစ္စယေန ပစ္စယော။ ပဋ္ဌာန်းတွင်နှင့်စပ်တာ ဣန္ဒြိယအတိုင်း ပြီးရောနော်။

အောက်မှာ သတိပြုစမ်း၊ ဟဒယဝတ္ထုက ပစ္စည်း၊ ဝိပါက်ကြိယာက ပစ္စယုပ္ပန်၊ ဝတ္ထု (ပစ္စည်းတရား) ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ နိသယပစ္စယေန ပစ္စယော။ ဒါက ဘာတုန်း အဗျာကတော အဗျာကတသ။

အောက်အကြောင်းကြည့်။ ဟဒယဝတ္ထုက ပစ္စည်း၊ ကုသိုလ်က ပစ္စယုပ္ပန်။ အဗျာ-ကတော ဓမ္မော ကုသလသ ဓမ္မသ နိသယပစ္စယေန ပစ္စယော။ ဝတ္ထု ကုသလာနံ ခန္ဓာနံ နိသယပစ္စယေန ပစ္စယော။

အဗျာကတော ဓမ္မော အကုသလသ ဓမ္မသ နိသယပစ္စယေန ပစ္စယော။ ဝတ္ထု အကုသလာနံ ခန္ဓာနံ နိသယပစ္စယေန ပစ္စယော-လို့ဟော။ ဦးဉာဏဝရ တခေါက်ဟောစမ်း။

ဦးဉာဏဝရ။ ။တခေါက်ဟောသည်။

ဆရာတော်။ ။ဟောကြစမ်းပါ အားလုံး၊ ဖြည်းဖြည်းဟော။

သံယာတော်များ။ ။တခေါက်ဟောကြသည်။

ဆရာတော်။ ။ပြီးတော့ မိသကတပုဒ် ဦးပဏ္ဏာဝ ဟောကြည့်စမ်း၊ သဟပုရေမိသက ရသော နိဿယ အတ္ထိ အဝိဂတ။

သဟပုရေမိသက သုဒ္ဓသင်္ခ်ာ ပါဠိတော် ၇ယား

သင်္ခ်ာ	ပဒ	ပဒါဝသာန	ကု-၂၁၊ အကု-၁၂၊ စေ-၅၂ ဟဒယ				အချင်းချင်း တပ်သော			၃
၁၀	ကုဗျာ	ကု	ကုသ လော	၁, ဝတ္ထုစ	၃, ဝတ္ထုစ	၂, ဝတ္ထုစ	၃	၁	၂	နိဿယ အတ္ထိ အဝိဂတ
၁၂	အကု ဗျာ	အကု	အကု သ လော	။	။	။	။	။	။	

သဟပုရေမိသက အရကောက်ဇယား

သင်္ခ်ာ	ပဒ	ပဒါဝသာန	ပစ္စည်း	ပစ္စယုပ္ပန်
၁	ကုဗျာ	ကု	ကု-၂၁၊စေ-၃၈-နာမက္ခန္ဓာ ဟဒယဝတ္ထု	ကု-၂၁၊ စေ-၃၈-နာမက္ခန္ဓာ
၂	အကု ဗျာ	အကု	ကု-၁၂၊စေ-၂၇-နာမက္ခန္ဓာ ဟဒယဝတ္ထု	အကု-၁၂၊ စေ-၂၇-နာမက္ခန္ဓာ

ဦးပဏ္ဏာဝ။ ။**သဟပုရေမိသက-ရသော နိဿယ အတ္ထိ အဝိဂတ ပစ္စည်း၏** သုဒ္ဓ သင်္ခ်ာဝါရ၌ အချင်းချင်းအား တပ်သော ပဋ္ဌာဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ ကုသိုလ်စိတ် ဧကဝီသ စေတသိက် ဒွေပညာသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေး သောစိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု၊ ဤတရားဘို့သည် သဟပုရေ မိသက-ရသော နိဿယ အတ္ထိ အဝိဂတ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာဒွေ။ ပစ္စည်းရေ ၃-ဟူသည်တည်း။ **သင်္ခ်ာဒွေ** ဟူသော်ကား ကုသလာဗျာကတော ကုသလသ, အကုသလာဗျာကတော အကုသလသ ဟူသည်တည်း။ **ပစ္စည်းရေ** ၃-ဟူသော်ကား နိဿယ အတ္ထိ အဝိဂတ ဟူသည်တည်း။

ဆရာတော်။ ။ကျေအောင်ကျက်ကြဦးနော်၊ အားလုံးဟောကြည့်စမ်း။

သံယာတော်များ။ ။တခေါက်ထပ်ပြီးဟောကြသည်။

ဆရာတော်။ ။ဒီနေ့တော့ အချိန်ကလေး နည်းနည်းပိုပြီးတော့ ရွတ်ခိုင်းရဦးမယ်။ ၅-မိနစ်လောက်တော့ ပိုလိမ့်မယ်၊ နိဿယပါဠိတော် ပြန်ရွတ်ခိုင်းမလို့။

မိဿကတဲ့ အကျဉ်းချုပ် ဘုန်းကြီးပြောပြမယ်၊ သုဒ္ဓသန်္ဘာကိုရေးကြည့်ရအောင်၊ ခေါင်းစီးကလေးတပ်ထား သဟပုရေမိဿက လို့။

ရလဲ ရရမယ်၊ ရပြီး ဒီစာကို ရေးကြည့်ရတယ်၊ ဒီသုဒ္ဓသန်္ဘာရေးနည်းက တမျိုးဖြစ်နေတယ်၊ သတိပြုပြီးနားထောင်၊ ဘုန်းကြီးက သုဒ္ဓသန်္ဘာရွတ်ပြမယ်၊ ဦးပဉ္စင်းတို့က နားထောင် ဒါကိုရေးလိုက်။

သဟပုရေမိဿက-ရသော နိဿယ အတ္ထိ အဝိဂတပစ္စည်း၏ သုဒ္ဓသန်္ဘာဝါရ၌ အချင်းချင်းအားတပ်သောတဲ့၊ ဒါက ပစ္စယုပ္ပန် သာမန်ပြောတာမဟုတ်လား (မှန်ပါ)၊ ဘုံသတ်တာက ရုပ်ပါလို့နော်။ စတုဝေါကာရ မရဘူးလို့ ဒီလို ဘုံသတ်လျှင် အမြဲမှတ်။

ပြီးတော့မှ အကုသိုလ်စိတ် ၃၂ဒသ, ကုသိုလ်စိတ် ၈ကဝိသ, စေတသိက် ဒွေပညာသ အစိတ်အစိတ်နာမက္ခန္ဓာ ဒီလိုမဟုတ်လား အဲဒီတွင်ရပ်။ အချင်းချင်းအား တပ်သော ကုသိုလ်နာမက္ခန္ဓာတမျိုး၊ အချင်းချင်းအား တပ်သော အကုသိုလ် နာမက္ခန္ဓာတမျိုး မဟုတ်လား။ ကဲ ပစ္စည်းဘက်က သာမည ကု-လို့သာ ရေးလိုက်စမ်း၊ နောက်နားက-ခွါ ပစ္စယုပ္ပန်ကလဲ ကု-လို့ဘဲရေး။ အချင်းချင်းအားတပ်သော ကုသိုလ်နာမက္ခန္ဓာလို့ ဉာဏ်က သိနော်။ သုဒ္ဓသန်္ဘာ ဆိုထားတယ်။

အောက်တန်းက ဒီအတိုင်းဘဲ ကု အောက်က အကုလို့ရေး။ ပစ္စည်းမှာလဲ အကုလို့ရေး၊ ပစ္စယုပ္ပန်မှာလဲ အကုလို့ရေး။

ဒီတော့ ဒါက ဘာတရားလဲ ဘာဖြစ်လို့ ဒီလိုရေးသလဲ။ သုဒ္ဓသန်္ဘာက အချင်းချင်းအားတပ်သော အကုသိုလ် ၃၂ဒသ, ကုသိုလ် ၈ကဝိသလို့ ဒီလိုဆိုထားတယ် မဟုတ်လား။ အစိတ်အစိတ်နာမက္ခန္ဓာတဲ့၊ ဖြည်းဖြည်းကလေး ကြည့်စမ်း ဒီတရား ဘာတရားလဲ၊ အချင်းချင်း အားတပ်သော ကုသိုလ်နာမက္ခန္ဓာ ၄-ပါး, အချင်းချင်းအားတပ်သော အကုသိုလ်နာမက္ခန္ဓာ ၄-ပါး၊ ဒါတွေမျှား တွေ့ဘူးသလား၊ တခါမှ မတွေ့ဘူးလားလို့ စဉ်းစားပေါ့နော် (မှန်ပါ)၊ တွေ့ဘူးရဲ့လားလို့ မေးလျှင် ဘယ်နှယ်ပြောမလဲ၊ ဘယ်ပစ္စည်းတွေမှာ ပါသလဲ၊ သဟကြီးမှာ ပါလာခဲ့ပြီ၊ အညမညမှာ ပါလာခဲ့ပြီ။ သမ္မယုတ္တမှာကော (ပါလာခဲ့ပါပြီ)၊ နည်းသလား၊ ခြောက်ခါတောင် ရှိပြီ။

ဘယ်လိုဟောသတုန်း ကုသလော ဓမ္မော ကုသလသော ဓမ္မသော သဟဇာတ-ပစ္စယေန ပစ္စယော။ ၆-ပစ္စည်းတောင် ဟောခဲ့ပြီနော်။ ဝိဘင်းထုတ်တော့ ဘယ်လိုတုန်း။ ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ၊ တယော ခန္ဓာ ဧကဿ ခန္ဓဿ။ ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံပေါ့။ အဲဒီလိုဆိုတာကို အစိတ်အစိတ်လို့ ဆရာတော်ကြီးတွေက ခေါ်တယ်။ ၁-ပါးက ၃-ပါး, ၃-ပါးက ၁-ပါး, ၂-ပါးက ၂-ပါး ဟောနေသမျှ ဘာခေါ်သလဲ (အစိတ်အစိတ်ခေါ်ပါတယ်)။

ဒါကြောင့် အချင်းချင်းအားတပ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ် ဒွါဒသ, ကုသိုလ်စိတ်ဧကဝီသ, စေတသိက်ဒွေပညာသ အစိတ်အစိတ် နာမက္ခန္ဓာ ဒီလို မဟုတ်လား (မှန်ပါ)။

ဒါဖြင့်လျှင် အခုရေးထားတဲ့အတိုင်း တရားက ဘာတရားလဲမေးလျှင် သဟမှာ တွေ့တယ်မဟုတ်လား (မှန်ပါ)၊ ဘာတရားခေါ်မယ် (သဟဇာတ တရားပါ)။ သဟဇာတ တရားလို့ ကိုယ့်ဉာဏ်နဲ့ သိမ်းလိုက်စမ်း။ ကုသလော ကုသလသော, အကုသလော အကု-သလသော၊ အချင်းချင်းတပ်တဲ့ နာမက္ခန္ဓာဆိုတာ သဟဇာတတရားပါကလားလို့ ဉာဏ်ထဲက သိ။ ရှေ့သွား သုဒ္ဓသန္ဓာ မကုန်သေးဘူး မဟုတ်လား (မှန်ပါ)။

ဘာတဲ့ ဝုဋ္ဌော မနောဒ္ဓါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်လာခဲ့သော ဟဒယဝတ္ထုတဲ့။ ပစ္စည်း ကုအောက်နား ကပ်ပြီး ဟဒယဝတ္ထုလို့ ရေးစမ်း။ ပစ္စည်း အကုအောက်နားကလဲ ရတယ်၊ အပေါ်ကလိုဘဲ ဟဒယဝတ္ထုလို့ ရေးလိုက်။

သတိနှင့်ကြည့် မျက်စိလည်ပြီး ပျောက်သွားမယ်၊ ရှေ့တိုးပြီးပြောမလို့။ ပစ္စည်း ကုသိုလ်ကို ဖျောက်ပစ်လိုက် ပယ်လိုက်နော်။ စိတ်ကူးနဲ့နော်။ အကုန်လဲ ဖျက်မပစ်လိုက်နဲ့ ဦး။ ပစ္စည်းကု အကုကို ဖျောက်ထားလိုက်။ ဘာရောက်နေသလဲမေးလျှင် (ဟဒယဝတ္ထု)၊ ပစ္စယုပ္ပန်ကုသိုလ် အကုသိုလ်မရှိဘူးလား (ရှိပါတယ်)။

သတိပြုစမ်း၊ ဒါဘာတရားလဲတဲ့၊ ခုတင်တုန်းက ဝတ္ထုပုရေဇာတတုန်းက ပါသလား ဒီအနေမျိုးသိ။ ဟဒယဝတ္ထုက ပစ္စည်း, ကုသိုလ်နာမက္ခန္ဓာက ပစ္စယုပ္ပန်, ဟဒယဝတ္ထုက ပစ္စည်း, အကုသိုလ်နာမက္ခန္ဓာက ပစ္စယုပ္ပန်, အခုကလေးတင် ဟောပြီးတာနော် (မှန်ပါ)၊ ဒါက ဘာတရား (ဝတ္ထုပုရေဇာတတရားပါ)။

ပြန်နားထောင်စမ်း၊ ဘုန်းကြီးပြောမယ်၊ ကုသိုလ်ပစ္စည်း, ကုသိုလ်ပစ္စယုပ္ပန်ဖြစ်နေတော သဟ၊ ဟဒယဝတ္ထုက ပစ္စည်း ကုသိုလ်နာမက္ခန္ဓာက ပစ္စယုပ္ပန်ဖြစ်တော့ ပုရေ။ ပစ္စည်း ၂-မျိုးပေါင်းလိုက်တော့ သဟပုရေမီသက။ ။မီသကဆိုလျှင် တချို့က သိပ်ခက်ပစ်လိုက်တာ။ ဘယ်မှာခက်လို့လဲ အခုတွေ့နေပြီ မဟုတ်လား (မှန်ပါ)။

ကုသိုလ်ပစ္စည်းထားလျှင် သဟ, ဟဒယဝတ္ထုပစ္စည်းထားလျှင် ပုရေ။

ဤတရားတို့သည် သဟဇာတပုရေဇာတမိသက-ရသော နိဿယ အတ္ထိ အဝိဂတ ပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သတိ သဒ္ဓါ ဒွေ။ ထုတ်ကြည့်ပါလား အပေါ်တန်းက ဘာတုန်း (ကုသလာဗျာကတော ကုသလသ)။ ရေးကြည့်တော့ သိရော့မဟုတ်လား (မှန်ပါ)၊ အောက်တန်းက ဘယ်လိုဖြစ်မယ် (အကုသလာဗျာကတော အကုသလသ)။

ပစ္စည်းရေ ၃-ဟူသော်ကား နိဿယ, အတ္ထိ, အဝိဂတ၊ အဲဒီ ၃-ပစ္စည်းမှာ ဒီတရားတွေထည့်ပြီး ဟောရမယ်တဲ့။ ကဲ အခုဟောရအောင်။

ကုသလော စ အဗျာကတော စ ဓမ္မာ ကုသလသ ဓမ္မသ နိဿယပစ္စယေန ပစ္စယော။ အတ္ထိ, အဝိဂတကျတော့လဲ ဒီအတိုင်း ဟောရမယ်နော် (မှန်ပါ)၊ ကုသလော ဧကော ခန္ဓော စ ဝတ္ထု စ ဒါက ပစ္စည်း။ တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ တယော ခန္ဓာ စ ဝတ္ထု စ ဧကသ ခန္ဓသ နိဿယပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ စ ဝတ္ထု စ ဒ္ဝိန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော၊ ပြီးရော မဟုတ်လား (မှန်ပါ)။

ဆရာတော်။ ။ဦးသုဇာတ ဟောကြည့်ပါ။

ဦးသုဇာတ။ ။တခေါက်ဟောသည်။

ဆရာတော်။ ။ အကုသိုလ်လဲ ဒီအတိုင်းဘဲ မဟုတ်လား၊ ဦးပညာနန္ဒ ဟောစမ်းပါ။

ဦးပညာနန္ဒ။ ။အကုသလော စ အဗျာကတော စ ဓမ္မာ အကုသလသ ဓမ္မသ နိဿယပစ္စယေန ပစ္စယော (ပ) ဒ္ဝိန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။

ဆရာတော်။ ။ အားလုံး ဟောကြစမ်းပါ။

သံဃာတော်များ။ ။ကုသိုလ်, အကုသိုလ် နှစ်မျိုးလုံး တခေါက်ဟောကြသည်။

ဆရာတော်။ ။အဲဒီရောက်လျှင် အကုန်လုံး ပေါင်းလို့ရတယ်၊ အခု နာရီက မျှားနေပြီ၊ ကဲ- တော်ကြဦးစို့။

မနေ့က နိဿယပါဠိတော် ကုန်ရော၊ ဒီအစီအစဉ်အတိုင်း ပြန်ဟောရမယ်၊ ဟောပုံ ဟောနည်း အစီအစဉ်အတိုင်း ဘုန်းကြီး ပြောပေးမယ်၊ သဟဇာတနိဿယ, ဝတ္ထုပုရေဇာတနိဿယ ၂-မျိုး ရှိတယ်လို့ မနေ့က ပြောခဲ့တယ်၊ ရှေးဦးစွာ ကုသလပဒ ၃-ချက်၊ အကုသလပဒ ၃-ချက် သဟဇာတအတိုင်း ဟော၊ ကုသလော ဓမ္မော ကုသလသ ဓမ္မသ နိဿယပစ္စယေန ပစ္စယော လို့ ထည့်ဟော ဟုတ်လား (မှန်ပါ)၊ ကု ၃-ချက်, အကု ၃-ချက် ဟောပြီးတော့ ဗျာ ဗျာကျတော့ ဗျာပဒမှာလဲ ၃-ချက်ဘဲလာတယ်၊ သဟအနေက ဗျာဗျာ

တချက်ဘဲ ရှိတယ်မဟုတ်လား (မှန်ပါ)၊ ဒီနေ့ နိဿယကျတော့ သဟနိ ပုရေနိ ၂-မျိုးစလုံး ရှိနေခြင်းကြောင့် ဗျာဗျာမှာ ၃-ချက်ရှိတယ်။

ထို ၃-ချက်တို့တွင် ဗျာဗျာပဋ္ဌမတွေ့တာမှာ သဟနိက သဟဇာတတုန်းက အတိုင်းဘဲ ပဝတ္တိ, ပဋိသန္ဓေ, ရူပ်သက်သက်လို့ ၃-မျိုးမဟုတ်လား၊ မဟာဘူတ်တို့ကို ရူပ်သက်သက် ခေါ်တယ်၊ ရူပ်သက်သက်က ဘယ်မှာသွားပြီး ဆုံးသတုန်း၊ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံက စပြီး မဟာဘူတာ ကဋ္ဌတ္တာရူပါနံ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော၊ ဒီကျမှ ဆုံးတယ်မဟုတ်လား (မှန်ပါ)၊ ဒါက သဟဇာတနိဿယ၊ ဝတ္ထု ပုရေဇာတနိဿယကို မနေ့က ပြခဲ့တယ် (မှန်ပါ)။

မနေ့က ဝတ်-ပုက ဘာတဲ့တုန်း၊ စက္ခာယတနံ စက္ခုဝိညာဏဿ နိဿယပစ္စယေန ပစ္စယော၊ သောတ, ဃာန, ဇိဝှါ, ကာယာယတနံ ကာယဝိညာဏဿ နိဿယပစ္စယေန ပစ္စယော၊ ပြီးတော့ကော ဝတ္ထု ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ နိဿယ-ပစ္စယေန ပစ္စယော-ဆိုတော့ ဒီကျမှ ဗျာဗျာကုန်တယ်နော် (မှန်ပါ)။ ဗျာဗျာမှာ သဟနိ, ပုရေနိ ၂-မျိုးရှိတယ် ဟုတ်လား (မှန်ပါ)။

ပြီးတော့မှ အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော၊ ဘာထည့်မလဲ၊ ဝတ္ထု ကုသလာနံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ ပြီးတော့ ဗျာအကုကိုလဲ ဒီအတိုင်းဘဲ၊ ဝတ် ပု ဗျာ ၃-ချက် ပြီးသွားရော။

နောက် ကုဗျာပဒ မဟုတ်လား၊ ကုသလော စ အဗျာကတော စ ဓမ္မော ကုသလဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော။ ကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ တယော ခန္ဓာ စ ဝတ္ထု စ ဧကဿ ခန္ဓဿ နိဿယပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ စ ဝတ္ထု စ ဒ္ဝိန္နံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော။ သဟနှင့် ပုရေရောတဲ့ မိဿကပဲ။

ဒီနောက်က သဟက ပါတဲ့ ကုဗျာ-ဗျာ ဟုတ်လား (မှန်ပါ)။ ကုသလော စ အဗျာ-ကတော စ ဓမ္မော အဗျာကတဿ ဓမ္မဿ နိဿယပစ္စယေန ပစ္စယော၊ သဟမှာတော့ နံပါတ် ၈-ပေါ့ ဒီဥစ္စာ၊ ဘာတဲ့တုန်း ဝိဘင်း ကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော၊ ကုဗျာပဒက ၂-ချက်ထွက်လာတယ်နော် (မှန်ပါ)။

ထိုနည်းတူစွာ အကုဗျာ-အကုဆိုပြီး သဟပုရေမိဿက, အကုဗျာ-ဗျာဆိုပြီးတော့ သဟ ဒီလိုလား (မှန်ပါ)၊ ဒီအတိုင်း ဆက်ဟော။

ဒီတော့ ပြန်စိစစ်ကြည့်စမ်းပါ၊ ကုသလပဒက ၃-ချက်၊ အကုသလပဒက ၃-ချက်, အဗျာကတပဒက ၃-ချက် ၉-ချက်နေမယ်၊ ကုဗျာပဒက ၂-ချက်, အကုဗျာပဒက ၂-ချက်

ပေါင်းလိုက်တော့ (၁၃-ချက်ပါ)၊ သဟဇာတမှာ နဝ-ရှိပေမဲ့ နိဿယကျတော့ ၁၃-တွေ့ရ သလို သင်္ချာဝါရကျတော့ မြတ်စွာဘုရား ဟောလိမ့်မယ်။

လွယ်ပါတယ်၊ သို့သော် အမြန်ရွတ်လျှင် မှားလိမ့်မယ်၊ ခပ်ဖြည်းဖြည်းကလေး အားလုံး ညီညီညာညာ ဟောစမ်းပါ နိဿယပစ္စည်း။

သံယာတော်များ။ ။နိဿယပစ္စည်း တခေါက် အစအဆုံး ဟောကြသည်။

ဆရာတော်။ ။နိဿယပစ္စည်း ပါဠိတော် ကုန်သွားပြီ၊ ပါဠိတော်ကြီးတွေကို နည်းနှင့် မှီပြီးရွတ်တော့ သိပ်ပြီး မပင်ပန်းဘူးထင်ရတယ်၊ ဒီစာတွေဟာ စာအုပ်ထဲ ကြည့်စမ်းလိုက်တော့ မနည်းလှဘူး။ နည်းနည်းသက်သာယင် သက်သာပါစေ တော့လို့ မဟာဘုတ်တုန်းက ဘုန်းကြီးက ပေါင်းပေးတယ်။ ဦးပဉ္စင်းတို့က တခြားရွတ်တော့ ပိုကောင်းတာပေါ့။ ဗာဟိရံ, အာဟာရသမုဋ္ဌာနာနံ ဥတုသမုဋ္ဌာနံ-လို့ ဘုန်းကြီးက ပေါင်းပေးလိုက်ပေမဲ့ တခုစီရွတ်တော့ ပိုပြီး ကြည်ညို စရာကောင်းတာပေါ့။

သမာဓိအားကောင်းစေခြင်း

စိတ်ပါလက်ပါနှင့် ဒီအဘိဓမ္မာဒေသနာတော်တွေဟာ အများအားဖြင့် စိတ်ဝင်စားပြီး ရွတ်ဖတ်နေလို့ရှိယင် သမထအားထုတ်တာလိုဘဲ သမာဓိတရားကို အတော် အားကောင်းစေတတ်ပါတယ်။ ဘာဖြစ်လို့တုန်းဆိုတော့ ဟိုမနေ့က ပြောသလိုပေါ့ ဘေးကို စိတ်ကူးလို့မှ မရဘဲ၊ သူ့ကို စိတ်ကူးပြီးတော့ ရွတ်နေရတော့ ကိုယ့်သမာဓိကလေးဟာ ဒီအထဲမှာ တည်ကြည်ပြီး ကိုယ်ရွတ်တဲ့စာထဲ နေပါတယ်။ ပစ္စုပ္ပန်ဘဝအနေနှင့် ဘုန်းကြီးပြောတာ။ လက်ငင်းဆိုလျှင် သာမဓိတရား အားကောင်းစေတယ်။ ထိုသမာဓိ၏ အကျိုးဆက်ကြောင့်လဲ ပစ္စုပ္ပန်မှာ သင့်တော်တဲ့ အကျိုးများလဲ ပေးတတ်ပါတယ်။ အနာဂတ်လို့ခေါ်တဲ့ သံသရာအနေကြည့်လျှင်လဲ ဦးပဉ္စင်းတို့ အများအားဖြင့် ကြားသိနေဖူးတဲ့ ဦးပဉ္စင်းတို့လိုမှ မရွှတ်နိုင် မဖတ်နိုင် မသင်နိုင် မကြားနိုင်ဘဲနှင့် သူတပါးရဲ့ အသံနားထောင်ကာမျှသာဖြစ်တဲ့ ကဿပ မြတ်စွာဘုရားလက်ထက်တော်က လင်းနို့သားငါးရာဆိုတာလေ (မှန်ပါ)။

လင်းနို့သားငါးရာအကြောင်း

လိုဏ်ဂူကြီးတခု အတွင်းမှာ ရဟန်းလေးနှစ်ပါး အဘိဓမ္မာဒေသနာတော်တွေကို အခုလိုဘဲ သရဘညခေါ်တဲ့ အသံနှင့်ရွတ်ဖတ်သရဇ္ဈာယ်နေတာ သူတို့ကလဲ ဂူအောင်းနေရတဲ့ သတ္တဝါမျိုးမို့လို့ ကမ္မဋ္ဌာန်းအားထုတ်တာတော့ ဘယ်ဟုတ်မလဲ၊ ရန်သူကြောက်လို့

ပုန်းအောင်းနေလိမ့်မယ်၊ ရဟန်းတော်နှစ်ပါး ရွတ်ဖတ်နေတာကြားတော့ သူတို့စိတ်ထဲမှာ သဘောကျတယ်၊ အဘိဓမ္မာရယ်လို့တော့ ဘယ်သိမလဲ၊ နာမ်ရယ် ရုပ်ရယ် ဘယ်နားလည်မလဲ၊ ဦးပဉ္စင်းတို့လို အဘိဓမ္မာရယ်လို့လဲ မသိဘူး၊ ပရမတ်ရယ် ပညတ်ရယ်လို့လဲ မသိဘူး၊ နာမ်ရယ် ရုပ်ရယ်လို့လဲ မသိဘူး၊ သရဘညအနေအားဖြင့် အသံတော်နှင့် ရွတ်ဖတ်သရဇ္ဈာယ်နေသံ ကြားရတော့ နားထောင်လို့ ကောင်းတာနှင့် နားထောင်နေကြတယ်။

အဲဒီလို နားထောင်လိုက်ရတဲ့ စိတ်သည်ပင်လျှင် သူတို့စိတ်ထဲ ဝမ်းမြောက်ဝမ်းသာ အဖြစ်နဲ့ တည်တယ်။ ကုသိုလ်ဆိုတဲ့တရားတွေ ဒီတိရစ္ဆာန်ကလေးတွေ သန္တာန်မှာ ကိန်းအောင်းနေပါတယ်။

ပြောရိုး ဆိုရိုး ဆိုသလိုဘဲ ပြောရိုးအစဉ်အလာကလဲ လင်းနို့သားငါးရာလို့ ပြောရိုးဆိုရိုးရှိပါတယ်။ အဲဒါ ဘုန်းကြီးက တမျိုးကြားတယ်။ ဒီလိုဏ်ဂူတခုအတွင်းမှာ အောင်းနေတဲ့ လင်းနို့သားငါးရာက လင်းနို့သားချည်းတော့ မဟုတ်တန်ရာဘူး။ ဆိုင်ရာဆိုင်ရာ လင်းနို့သမီးကလေးတွေလဲ ပါကြမှာဘဲ၊ ဒါ ဘုန်းကြီးကြံကြည့်တာပါ။ လက်ခံနိုင်မှ လက်ခံပါ။ အဲဒီ လင်းနို့သမီးကလေးတွေဟာ သူတို့လဲ ကုသိုလ်ရတယ်။

ကဿပမြတ်စွာဘုရား လက်ထက်က ဖြစ်ခဲ့တာ။ ဦးပဉ္စင်းတို့လို မရွတ်နိုင်ဘူးနော်။ နာရုံကာမ္ဟ နာလိုက်ရတဲ့ **မဟာကုသိုလ်စေတနာတွေကြောင့်** ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူတဲ့အခါမှာ သာသနာတော်တွင်းမှာ လူလာဖြစ်ကြရတယ်၊ ဒီကြားထဲမှာ နတ်ပြည်ရောက်နေတာတွေ အများကြီးနော်။ မြန်မြန်ပြီးချင်လို့ ပြောချတာ။ ဂေါတမမြတ်စွာဘုရား သာသနာတော်ကျတော့ လူ့ပြည်မှာ လူလာဖြစ်တယ်။ အဲဒီအချိန်ကျတော့ ယောက်ျားတွေချည်းဘဲ။ ဘယ်လောက်အကျိုးကြီးသတုန်းနော် (မှန်ပါ)။ လင်းနို့ထဲမှာတော့ အမှန် လင်းနို့သမီးရှိတယ်။ ဟော အခု ဒီမှာ လူလာဖြစ်တော့ ယောက်ျားကလေးတွေချည်း လာဖြစ်တယ်။ နီးစပ်ရာမှာ တစုတရုံးတည်း။ ဘုရားသာသနာဝင်ပြီး တစုတရုံးတည်း ရှင်ရဟန်းပြုကြရတယ်။ ပညာအရာမှာ ဧတဒဂ်ရတဲ့ ရှင်သာရိပုတ္တရာကြီးရဲ့ တပည့်ကလေးတွေချည်းဖြစ်ရတယ်။ အဖိုးတန်တာကို ဘုန်းကြီးပြောတာ။

ဒီလို အဖိုးတန်တာကလေးသိတော့ ကိုယ့်နေရာရောက်တော့လဲ ကိုယ်အလကား မနေကြပါနှင့် ရွတ်ကြ ဖတ်ကြပါ။ ရွတ်စေချင်လို့ ဖတ်စေချင်လို့ ဒါကို ထည့်ပြောတာပါ။

တာဝတိံသာမှာ အဘိဓမ္မာ ဟောတော်မူခြင်း

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူ၍ ၆-ဝါလွန်မြောက် ၇-ဝါရောက်မည့် အချိန်မှာ တာဝတိံသာနတ်ပြည်တက်ပြီး သီတင်းသုံးတော်မူလို့ ပင်လယ်ကသစ်ပင်ရင်း ခင်းထား

အပ်တဲ့ ပဏ္ဏာကမ္မလာ မြကျောက်ဖျာထက်၌ တသောင်းသော စကြဝဠာတိုက်မှ တရားနာ ရန်အလို့ငှာ ရောက်လာကြတဲ့ နတ်သမီး နတ်သားတွေကို **မယ်တော်မာယာဖြစ်ခဲ့ဖူးတဲ့ သန္တုဿိတနတ်သား** အမှုးပြုပြီး ဟောတော်မူတယ်။ အဘိဓမ္မာ ၇-ကျမ်းစလုံး တာဝတိံသာ မှာဟောတယ်။ လူ့ပြည်မှာ မဟောဘူး။ ဒါလောက် အဖိုးတန်တယ်ဆိုတာ ဒါကိုလဲ သတိ ထားရတယ်။

တဝါတွင်းလုံး ဟောတယ်။ ဘုရားရှင် ကိုယ်တော်မြတ်သည် လူသားဖြစ်၍ တာဝတိံ သာနတ်တို့၏ အနေအားဖြင့် တဝါတွင်းဆိုပေမဲ့ သူတို့ဆီမှာတော့ ခဏကလေးနေမှာပေါ့။ ဘာပြုလို့လဲမေးလျှင် သတိပြုစမ်းပါဦး။ တပည့်တော်တို့ **လူ့ပြည်က အနှစ်တရာကြာမှ တာဝတိံသာမှာ တနေ့နှင့် တညဘဲ ရှိတယ်။** ဒီတော့ ဘုန်းကြီးတို့ ဝါတွင်းသုံးလလောက် ဆိုတာ သူတို့က ဘယ်လောက်များကြာမလဲ။ ဘုန်းကြီးတို့ အခုစာတခါဆိုတဲ့ အချိန်လောက် မှတ်ချင် မှတ်မယ်။

ဘာတဲ့ လူ့ပြည်က အနှစ်တရာကြာမှ တာဝတိံသာမှာ တနေ့နှင့် တညဘဲ ရှိတယ်။ ဒီတော့ လူ့ပြည်က တဝါတွင်း ဝါတွင်း ၃-လ ရက်ပေါင်း ၉၀ ဆိုတာက သူတို့ဆီမှာ ဘုန်း ကြီးပြောသလို ဘုန်းကြီးတို့ စာတခါချတဲ့ တနာရီခွဲလောက် ရှိချင်ရှိမှာနော် (မှန်ပါ)။ တရား တပွဲလောက် ရှိမှာကိုး။

သို့ပေမဲ့ ဘုရားက လူသားဘုရားဖြစ်နေတော့ သူတို့ တနေ့တညအတွင်းမှာ ဘယ်မှာ သူတို့လို ဆွမ်းတနပ်နှင့် ပြီးမလဲ။ လူ့ထုံးစံ အရေအတွက်နှင့် တနေ့တခါ ဆွမ်းဘုဉ်းပေး တော့ လူ့ပြည့်ဆင်းဆင်းပြီး မြောက်ကျွန်းမှာ ဆွမ်းခံပါတယ် အဘိဓမ္မာဟောတုန်းက။ ဗဟုသုတအဖြစ်နဲ့ ပြောပေးမယ်။

တာဝတိံသာမှာဟောနေတဲ့ ဒေသနာတော်တွေဟာ အကျယ်ကြီး အကျယ်ဆုံး ဝိတ္ထာရ ဒေသနာတော်နည်းနှင့် ဟောတယ်။ အဲဒီမှ လူ့ပြည်ဆင်းပြီး မြောက်ကျွန်းမှာ ဆွမ်းခံပြီးတော့ ဘုန်းကြီးတို့ တောင်ကျွန်း ပြန်ကြွလာတယ်။ စန္ဒကူးတောမှာ နေ့သန့်စင်တော် မူတယ်။ ဆွမ်းဘုဉ်းပေးတော်မူတယ်။ ရေသပ္ပါယ်တော်မူတယ် စသည်ဖြင့် နေ့ခင်း သီတင်း သုံးတော်မူတယ်။

အဲဒီ စန္ဒကူးတောကြွပြီး နေ့သန့်စင်တော်မူတဲ့ အချိန်မှာ ရှင်သာရိပုတ္တရာ ကိုယ်တော် ကြီးက နေ့စဉ် မြတ်စွာဘုရားဆီသွားပြီး ဝတ်ကြီးဝတ်ငယ် ပြုတယ်။ အဲဒီလို ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး ဝတ်ကြီး ဝတ်ငယ် သွားပြုနေတဲ့ အချိန်မှာ မြတ်စွာဘုရားက ဘာတွေ မိန့်သလဲလို့ မေးလျှင် ချစ်သား သာရိပုတ္တရာ ငါဘုရားဟာ တာဝတိံသာနတ်ပြည်မှာ ဘယ် တရား ဘယ်တရားကို ဟောပစ်ခဲ့တယ် (ဘုရားဆွမ်းခံကြွလာပြီး နေ့သန့်စင်တော်မူတော့

ဟိုမှာ နိမ္မိတရုပ်ထားခဲ့ပြီး ဆက်ဟောလျက်ဘဲ)။ အခု နိမ္မိတကိုယ်တော်က ဆက်ဟောနေရစ်လေရဲ့။

ဘုရားလူ့ပြည်ဆင်းပြီး ဆွမ်းစားတာတို့ စန္ဒကူးတောမှာ သီတင်းသုံးတာတို့ နတ်သားတွေ သိတာမဟုတ်ဘူး။ တန်ခိုးတော်နှင့် တိတ်တိတ်ပုန်း ဆင်းလာတာ။ ဘယ်နတ်သားမှ မသိဘူး။ အင်မတန် ဣဒ္ဓိပါဒ်ရှိတဲ့ နတ်သားကြီးတွေဖြင့် ရိပ်မိကောင်း ရိပ်မိမလားဘဲ။ တန်ခိုးကြီးနတ်အချို့, သိတယ်လို့ ကျမ်းဂန်များမှာ အဆိုအမိန့် ရှိပါတယ်။[1]

ထားပါတော့၊ အဲဒီလို မြတ်စွာဘုရားက ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးကို ဟောခဲ့တဲ့ ဒေသနာအစဉ်ကို အကျဉ်းဆုံး ပြန်ပြီး စန္ဒကူးတောမှာ မိန့်တော်မူတယ်။ ၂-မျိုးရှိပြီနော် ဒေသနာတော် ဟောပုံ။

အဲဒီ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးကမှ ခုတင်က ဘုန်းကြီးပြောတဲ့ လင်းနို့သား လင်းနို့သမီးဖြစ်ခဲ့ဖူးတဲ့ ရဟန်းတော် ငါးရာကို မကျဉ်းမကျယ် အနေအားဖြင့် ဒေသနာတော်တွေကို ပြန်ပြီး ဟောတော်မူတယ်။

ဘာလိုရင်းလဲ။ ဘုန်းကြီးတို့ မြတ်စွာဘုရား သာသနာတော်မှာ အဘိဓမ္မာ ဒေသနာတော်ကို ရှေးဦးစွာ သင်ကြားရတဲ့ ရဟန်းငါးရာသည် ကဿပဘုရား လက်ထက်က ဘာတွေတုန်း (လင်းနို့သားတွေပါ)၊ **လင်းနို့သား လင်းနို့သမီးကလေးတွေ**။ သမီးကလေးတွေ ပါပါစေ ချန်မထားပါနှင့်၊ ပါပါတယ်။ မယုံလျှင် ဦးပဉ္စင်းတို့ ဖမ်းကြည့်၊ လင်းနို့တွေ အကောင်အစိတ်လောက်ရှိမဲ့ နေရာမှာ ဖမ်းကြည့်။

အဲဒါလောက် လင်းနို့ခေါ်တဲ့ တိရစ္ဆာန်ဘဝက နာရတဲ့ အကျိုးသည်ပင်လျှင် ဘုရားတဆူ အကျော်မှာ လူသားစင်စစ် ယောက်ျားတွေ ဖြစ်ပြီးတော့ ရဟန်းဘဝရတယ်။ **အဘိဓမ္မာဒေသနာတော်ကို ရှေးဦးစွာ သင်ရတယ်။ ရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန်စံတော်မူရတယ်။** အဲဒါ လိုရင်း နံပါတ် ၁-သဘောထားပြောပါတယ်။

အဲဒီလို အံ့ဩမပြီး ခိုးဩမကုန်ဆိုလိုတာဘဲ၊ အကောင်းနဲ့အဆိုး၊ အကြောင်းနဲ့ အကျိုးကို လူပုဂ္ဂိုလ်များလို မသိတတ်ရှာဘဲ လိုဏ်ဂူထဲမှာ တိရစ္ဆာန်တို့ဘာဝ ခိုအောင်းနေကြရတဲ့ လင်းနို့သား, လင်းနို့သမီးကလေးတွေ သန္တာန်မှာ ကုသိုလ်ဆိုဒါလဲ မသိ၊ အကုသိုလ်ဆိုဒါလဲ မသိ၊ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ် ပညတ်ဆိုတဲ့ တရားကိုလဲ လားလားမှ နားမလည်၊ နားထောင်ကောင်းတယ်ဆိုတဲ့ အနေအားဖြင့် ရဟန်းတော်များ ရွတ်ဖတ် သရဇ္ဈာယ်တော်မူကြတဲ့ အသံအပေါ်မှာ သာယာပြီး လောဘတည်းဟူသော ရာဂကြောင့် ဒုတိယဘဝက စပြီး သုဂတိဘဝတွေကို ရောက်ရတယ်။

၁။ အဋ္ဌသာလိနီအဋ္ဌကထာ၊ နှာ-၁၆-၁၈။

ဒို့ဂေါတမ မြတ်စွာဘုရား လက်ထက်တော်မှာတော့ အကျော် အမော် ဖြစ်တော်မူတဲ့ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးရဲ့ အလုပ်အကျွေး ဒကာဒကာမဖြစ်ကြတဲ့ အမျိုးအိမ်တွေမှာ လင်းနို့သားရော သမီးပါ အကုန်လုံး ယောက်ျားကလေးတွေဖြစ်ကြ, ရဟန်းပြုကြ, အဘိဓမ္မာဒေသနာတော်ကြီးတွေကို ဦးစွာ ပဌမ သင်ကြားရ, အာသဝေါကုန်ခန်းရဟန္တာကိုယ်တော်ကြီးတွေဖြစ်ပြီး ကျွတ်တန်းဝင်ကာ မဟာပရိနိဗ္ဗာန် စံတော်မူကြရတယ် ဆိုဒါ ဘယ်ပစ္စည်း, ဘယ်ပစ္စယုပ္ပန်ရဲ့ သဘောမျိုးလဲလို့ ဆိုလျှင် ဦးပဌင်းတို့ကို မကြာခင် ပြောပြမဲ့ **"ပကတူပနိဿယ ဒေသနာတော်ကြီးမှာ"** ဘုရားရှင်ကိုယ်တော်မြတ်က အကုသလော ဓမ္မော, အဗျာကတသ ဓမ္မသ ဥပနိဿယပစ္စယေန ပစ္စယော- စသော ပါဠိတော် ၌ ရာဂေါ ဒေါသော မောဟော မာနော ဒိဋ္ဌိ ပတ္ထနာ (ပစ္စည်း) တရား, ကာယိကသ သုခသ ကာယိကသ ဒုက္ခသ ဖလသမာပတ္တိယာ, (ပစ္စယုပ္ပန်) ဥပနိဿယပစ္စယေန ပစ္စယောလို့ ဟောတော်မူပါလိမ့်မယ်။

ထို့ပြင်တဖြာ ဒီပကတူပနိဿယ ဒေသနာတော်ကြီးမှာဘဲ "ရာဂံ ဥပနိဿာယ ဒါနံ ဒေတိ (လ) ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ စသည်ဖြင့် သတ္တဝါတွေရဲ့သန္တာန်မှာ ကြိုကြိုဖန်ဖန် ဖြစ်ပေါ်တတ်တဲ့ **"ကုသိုလ်ကြောင့် အကုသိုလ်ဖြစ်" "အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်"** ဆိုသလို ထိုထိုအာရုံမျိုးစုံတို့ကြောင့် ဘုံအဆင့်ဆင့် ဖြစ်ခွင့်အဖြာဖြာ သံသရာနယ်တရိုးမှာ အမျိုးမျိုးသော အကြောင်းပစ္စည်းတရားတို့ကြောင့် အစားစား အဖုံဖုံ အကျိုး ပစ္စယုပ္ပန်ဖြစ်ပုံတွေကို ကုသလကမ္မံ ဝိပါကသ အကုသလကမ္မံ ဝိပါကသ စသည်ဖြင့်ရင်း သံသရာနောက်ဆုံး နိဂုံးချုပ် နိဗ္ဗာန်မြင်အောင် ဟောပြတော်မူခဲ့တဲ့ ဒီပကတူပ ဒေသနာတော်ကြီး၏ ကြည်ညိုစရာတွေဟာ များပြားလှပါတယ်၊ လေ့လာပါ၊ စဉ်းစားပါ၊ ကြံစည်ပါ၊ သူတပါးပြောသံထက် ကိုယ့်သန္တာန်မှာ ပေါ်လာတဲ့ အသိဉာဏ်နဲ့ကျတော့မှ ဗုဒ္ဓ၏ ဒေသနာတော်ဂုဏ်ကို အာရုံပြုလို့မဆုံး ကြည်ညိုလို့မဆုံး ဖြစ်လာပါလိမ့်မယ်။

ဒေသနာတော် ၃-မျိုး

ဒီအထဲမှာ ကောက်နုတ်ချက်တခု ကြည့်ချင်လို့ရှိယင်တော့ အဘိဓမ္မာ ဒေသနာတော်ကို ဟောမှုသည် ၃-မျိုး ရှိခဲ့ပါတယ်။ ဦးပဌင်းမှား အမှတ်တမဲ့နားထောင်ခဲ့သလားတော့ မသိဘူး၊ သခ်ေပဒေသနာတော်, ဝိတ္ထာရဒေသနာတော်, နာတိသခ်ေပ နာတိဝိတ္ထာရဒေသနာတော်လို့ ၃-မျိုး ရှိပါတယ် ဘုန်းကြီး ခုတင်က ပြောခဲ့တဲ့အထဲမှာ။

ထို ၃-မျိုးတို့တွင် မြတ်စွာဘုရားက တာဝတိံသာနတ်ပြည်မှာ တသောင်းသော စကြဝဠာတိုက်မှလာတဲ့ နတ်ပြဟ္မာအပေါင်းတို့ကို ဟောတဲ့ အချိန်တုန်းက အကျယ်ပြန့်ဆုံး ဟောတဲ့ ဒေသနာတော်ဖြစ်၍ ဘာခေါ်သလဲ **ဝိတ္ထာရဒေသနာတော်** ခေါ်ပါတယ်။

အဲဒီ ဒေသနာတော်တွေကို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က စန္ဒကူးတော နေ့သန့်စင်တော်မူတဲ့အချိန်မှာ အရှင်သာရိပုတ္တရာကို ပြန်ပြီးတော့ ပြောပြဟောပြတဲ့ ဒေသနာ တော်ဟာ အကျဉ်းဆုံးဖြတ်တယ်နော်။ ဒီတော့ သူ့ကို ဘာဒေသနာတော်ခေါ်တယ်၊ **သခ်ၨေပ-ဒေသနာတော်** ခေါ်ပါတယ်။

အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကမှတဆင့် ခုတင်က ပြောတဲ့ လင်းနို့သား လင်းနို့သမီးဖြစ်ခဲ့တဲ့ ရဟန်းတော်ငါးရာတို့ကို သင်ကြားပို့ချပေးတဲ့အချိန်ကျတော့ မကျဉ်း မကျယ်ဆိုတော့ ဘာခေါ်တယ် **နာတိသခ်ၨေပ နာတိဝိတ္ထာရဒေသနာတော်** ခေါ်ပါတယ်။ ဒါဘဲ ကောက်နုတ်ချက်ချ။

ဒါကြောင့် ဒီအဘိဓမ္မာကျမ်းဂန်တွေ သင်ရတယ်၊ အားထုတ်ရတယ်၊ လေ့လာရတယ် ဆိုတာ ဦးစွာပထမ ဘုန်းကြီး ဘာပြောသလဲ၊ ဦးပဉ္စင်းတို့ စိတ်ဝင်စားစွာနှင့် အားထုတ်တော် မူကြပါလျှင် ယခု ပစ္စုက္ခဘဝ သင်ကြားနေတဲ့ အခိုက်အတန့်မှာပင်လျှင် သမထအလုပ်လို့ ခေါ်တဲ့သမာဓိ အင်မတန် အားကောင်းလာပါတယ်။ ကမ္မဋ္ဌာန်းအားထုတ်မှရတဲ့ သမာဓိ မဟုတ်ပါဘူး။ **ပရိယတ်ကြောင့်လဲဘဲ သမာဓိ အားကောင်းနိုင်ပါတယ်။** ထိုသမာဓိ၏ အကျိုးကိုလဲ ယခု ပစ္စုက္ခဘဝမှာလဲ ဦးပဉ္စင်းတို့၌ ထိုက်တန်သလို ခံစားရတတ်ပါတယ်။ ယုံယုံကြည်ကြည် အားထုတ်ကြပါ။

အနာဂတ်ကာလလို့ခေါ်တဲ့ ဘဝသံသရာကျပြန်တော့လဲ ခုတင်ကပြောတဲ့ လင်းနို့ သားသမီးများရဲ့ ထုံးကို နှလုံးသွင်းလျှင် ငါတို့သည် ယနေ့ သင်ကြားရသော ဤဒေသနာ တော်ကြီးကို အခြေခံပြုပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်တရားတော်ကို ရရာရကြောင်း အမှန် ဘဲလို့ ယုံကြည်ကြစမ်းပါ။ ဘုန်းကြီးတော့ အဲဒါကို ယုံယုကြည်ကြည်နှင့် လုပ်နေတာဘဲ။ ဧကန်မုချ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဲ့ အထောက်အပံ့ဖြစ်နိုင်တယ်နော်။ ထားပါတော့ ရှေ့ကို စာတိုးရအောင်။

ဥပနိဿယ

နိဿယပါဠိတော် ပြီးသွားတော့ ဒေသနာဂ္ဂမအတိုင်း ဥပနိဿယလို့ ရောက်လာ တယ်၊ ဦးပဉ္စင်းတို့ နိဿယဟောထားတော့ တော်တော် မောနေတော့ ပါဠိတော်ဟော သက်သာအောင်လို့ ညှပ်ပြီးပြောနေတာ။ ကျေအောင်လဲလုပ်ပါ။

နိဿယပြန်ပြီး စဉ်းစားလိုက်ယင် မနေ့ကလဲ ပြောပါတယ်၊ အကျဉ်းအားဖြင့် သဟဇာတနိဿယ, ဝတ္ထုပုရေဇာတနိဿယလို့ ၂-မျိုးရှိပါတယ်၊ ထိုသဟဇာတနိဿယ, ဝတ္ထုပုရေဇာတနိဿယ ၂-မျိုးတို့သည် တနေရာတည်းမှာ ပေါင်းစုမိတဲ့အခါ မကင်းတရားဖြစ်ပြီးတော့ မိဿကဖြစ်၍ **သဟပုရေမိဿက** လို့ ပေါ်လာပြန်တယ်။

ဥပနိဿယ ၃-မျိုး

ထိုနည်းတူစွာဘဲ ဒီနေ့ ပြောရမည့် ဥပနိဿယသည်လည်း ၃-မျိုးရှိပါတယ်။ သတိပြုနားထောင်စမ်းပါ၊ ဘာမှ မရွှတ်ရအောင် စိတ်ချလက်ချ။ အဲဒီ ၃-မျိုးက ဘယ်သူလဲလို့ မေးလျှင် ၁-အာရမ္မဏူပနိဿယ, ၂-အနန္တရူပနိဿယ, ၃-ပကတူပနိဿယလို့ ဒေသနာတော် ၃-မျိုး ဟောတော်မူပါတယ်ပဥ္စာဝါရမှာ။

အဲဒီ ၃-မျိုးတို့တွင် **အာရမ္မဏူပနိဿယ** ဆိုတာက သဟဇယ် အဓိပတိပစ္စည်း ဟောတုန်းက အာရမ္မဏာဓိပတိသည် အာရမ္မဏူပနိဿယပါဘဲ။ သုဒ္ဓသင်္ခ်ာလည်း တပေါင်းတည်း မဟုတ်လား။ ပါဠိတော်, အရကောက် လုံးဝတူပါတယ်။ ဟိုတုန်းကတော့ အဓိပတိ-ပစ္စယေန ပစ္စယော။ ဒီရောက်တော့ ဥပနိဿယပစ္စယေန ပစ္စယော ဟောပါလိမ့်မယ်။

ဒုတိယဖြစ်တဲ့ **အနန္တရူပနိဿယ**ကို အနန္တရဟောတဲ့အခါ ပါလာပါလိမ့်မယ်။ အနန္တရက ဦးပဠင်းတို့ သင်မှ မသင်ရသေးဘဲ။

ဆရာတော်။ ။အနန္တရူပနိဿယဆိုတာ ဘယ်ပစ္စည်းထဲ ပါနိုင်သလဲ။

သံယာတော်များ။ ။အနန္တရပစ္စည်းထဲမှာ ပါပါတယ်။

ဆရာတော်။ ။အနန္တရပစ္စည်းဟောတော့ ပါလိမ့်မယ်၊ မှတ်ထားပါ။

ပကတူပနိဿယ သုဒ္ဓသင်္ခ်ာ

နံပါတ် ၃-ပကတူပနိဿယတဲ့။ သူ့ကိုတော့ သီးသန့်ဟောတော်မူပါတယ်။ ဦးပဠင်းတို့ သုဒ္ဓသင်္ခ်ာလဲ ရှိတယ်မဟုတ်လား (မှန်ပါ)။

ဒေသနာတော်ကြီးက တော်တော်ဘဲ ကျယ်ဝန်းပါတယ်။ များပါတယ်၊ ခက်တော့ မခက်ဘူး၊ များလွန်းလို့ ဤပကတူပနိဿယ ပါဠိတော်ကြီးကို ဘုန်းကြီးက သင်မပေးဘဲ ချန်ထားတယ်၊ ဒီ စာဆိုနေတုန်းကို ပြောတာပါ။ စာဝါပြီးတဲ့ အချိန်ကျတော့ သင်ကြားလိုသော ပုဂ္ဂိုလ်မှန်လျှင် မည်သူမဆို လာသင်လှည့်ပါ။ ဒီစာဝါကုန်ပြီး နောက်တနေ့က စပြီး စသင်ပေးပါမယ်။ ဘာပါဠိတော်လဲ (ပကတူပ-နိဿယ ပါဠိတော်ပါ)။

ကြည်ညိုစရာလဲ အလွန်ကောင်းပါတယ်၊ မျှားလဲမျှားတယ်၊ ခက်တော့ မခက်ဘူး။ ဘုန်းကြီးပြောပေးလျှင် လွယ်လွယ်ဘဲ ရှိကြပါလိမ့်မယ်။ ဦးပဉ္စင်းတို့ အရှည်ကြီး အခုရက်အတွင်း ဆောင်နေရမှာစိုးလို့ ချန်ထားတာ။ နားလည်ပြီနော် အစိအစဉ် (မှန်ပါ)။

အဲဒီတော့ ပြန်ကြည်။ မူရင်းက ဘာလဲ ဥပနိဿယ၊ မနေ့က ပြီးသွားတာက နိဿယတဲ့၊ သဘောပြောနေတယ် ပစ္စည်းသဘောပြောမလို့။

နိဿယပစ္စည်း ကျေးဇူးပြုတယ်ဆိုတာ မနေ့ကပြီးခဲ့တဲ့ နိဿယကြီးမှာ ဘယ်လို အနေအားဖြင့် ကျေးဇူးပြုသလဲ မေးလို့ရှိလျှင် **နိဿယပစ္စယော=မှီရာဖြစ်၍ ကျေးဇူးပြုတတ်**တဲ့ တရားမျိုး။

သဟဇာတနိဿယက အတူနေတဲ့ နာမ်တရား ရုပ်တရား၊ ဥပါဒ်ဌီဘင် ခဏငယ် ၃-ချက်အတွင်း အတူဖြစ်ပေါ်နေတဲ့ နာမ်တရား ရုပ်တရားတွေ အချင်းချင်း တခုနှင့်တခု မှီပြီးတော့ ကျေးဇူးပြုတယ်နော် (မှန်ပါ)။

ဝတ္ထုပုရေဇာတနိဿယက ဝတ္ထုရုပ် ၆-ပါးကို မှီပြီးတော့ နာမ်တရားတွေ ကျေးဇူးပြုတယ်။

အဲဒီ ဝတ္ထုပုရေဇာတနိဿယကလဲ အချိန်အားလျော်စွာ လုလုပြောလာလို့၊ လွယ်လွယ်ပြောလို့ရှိယင် ဦးပဉ္စင်းတို့ သဣာဟ်မှာ အရှင် အနုရုဒ္ဓါမိန့်တော်မူတဲ့ ပကိဏ္ဏားပိုင်း ဝတ္ထုသင်္ဂဟက ဒီမှာ ဝတ္ထုပုရေဇာတနိဿယ ဖြစ်တယ်။ ဒါလောက်ဘဲ သိပြီးတော့ ဉာဏ်ထုတ်ပြီးတော့ စဉ်းစားပါတော့နော်။ ဘာတဲ့တုန်း၊ **ပကိဏ္ဏားပိုင်း ဝတ္ထုသင်္ဂဟ။ အဲဒီအတိုင်း ဝတ္ထုပုရေဇာတမှာ ဟောနေတာဘဲ**။

အဲဒီမှာ ခပ်ကျဉ်းကျဉ်းအဓိပ္ပါယ်ကြည့်လျှင်တော့ ဘာပြောနေသလဲ အရှင်အနုရုဒ္ဓါက၊ နာမ်တရားမှန်သမျှတို့သည် အကျဉ်းချုပ်တော့ ပြောပြဦးမယ်၊ အရူပဝိပါက် ၄-ခုမှ တပါးသော ပဉ္စဝေါကာရ နာမ်တရားမှန်သမျှတို့သည် ဝတ္ထုရုပ် ၆-ပါးကို မှီရမှ ဖြစ်ပါတယ်တဲ့။

ဘာမှီမှ ဖြစ်သလဲ (ဝတ္ထုရုပ်ကို မှီမှ ဖြစ်ပါတယ်)။ စက္ခုဝိညာဉ် ဒွေလို့ ခေါ်တဲ့ နာမ်တရား ၂-ခုက စက္ခုဝတ္ထုကို မှီရမှ ဖြစ်တယ်။ မနေ့က နည်းနည်းပြောခဲ့တယ် မဟုတ်လား (မှန်ပါ)၊ စက္ခုဝတ္ထုမရှိလျှင် စက္ခုပသာဒမရှိလျှင် စက္ခုဝိညာဉ်စိတ်ဖြစ်ပါ့မလား (မဖြစ်ပါ)။

စာသံ ပေသံ တယ်ပြီးပါတယ်နော်။ ဗမာလိုပြောလျှင် ဒီလိုမျက်စိနှစ်ကွင်း **အလင်း**မရတဲ့ လူရဲ့သန္တာန်မှာ စက္ခုဝိညာဏဝီထိ ဖြစ် မဖြစ် (မဖြစ်ပါ)။

အဲဒါလိုရင်းဘဲ။ ဘာဖြစ်လို့တုန်း၊ မှီစရာ စက္ခုပသာဒဝတ္ထုရုပ်မှ မရှိဘဲနော်၊ အဲဒါကို ပြောတာ၊ ထို့အတူ သောတ ဃာန ဇိဝှါ ကာယအထိ ဒီအတိုင်းချည်းပေါ့။

မနေ့က သရုပ်ခွဲပေးလိုက်တဲ့ ဒွေပဠဝိညာဉ် ၁၀၊ အရူပဝိပါက် ၄-ခုမှ တပါးသော မနောဓာတ်, မနောဝိညာဏဓာတ်လို့ ခေါ်တဲ့ နာမ်တရား အစုသည် ဟဒယဝတ္ထုရုပ်ကို မှီရမှ ဖြစ်တယ်။ မမှီရလျှင် ဘယ်တော့မှ မဖြစ်ဘူး။ ဘုန်းကြီးတို့ ပဠဝေါကာရဘုံအတွက် ပြောတာ။

ထားပါတော့၊ ဒါကြောင့် နိဿယပစ္စယော=မှီအပ်တဲ့ တရားတွေပေါ်မှာ မှီ၍နေခြင်း ဟု ဆိုအပ်သော အနေမျိုးဖြင့် ကျေးဇူးပြုတတ်တဲ့ တရားမျိုးတဲ့၊ မနေ့က နိဿယ။

ယနေ့ ဥပနိဿယကျတော့ ဘာဖြစ်လာသလဲမေးလျှင် ဘာပိုလာသလဲ။ "ဥပ" ဆိုတဲ့ စာလုံးကလေးတလုံး ပိုမလာဘူးလား (ပိုပါတယ်)၊ နိဿယက မှီတာဘဲ။ ဒီမှာ ဥပ-ပါတော့ ဘာတုန်း ဒီဥပရဲ့အဓိပ္ပါယ်။ ဓာတ္တတ္ထဗာဓကလား, ဓာတ္တတ္ထဝိသေသကလား, ဓာတ္တတ္ထာနုဝတ္တကလားလို့ စဉ်းစားရတယ်။ မှီရာကို ဘယ်လိုမှီရမလဲဆိုတာ ဥပ-က ညွှန်ပြလိုက်တာ **အား**ကြီးသော မှီရာတဲ့ (မှန်ပါ)။ အာ-ဘုသော နိဿယော ဥပနိဿယော။ အဲဒီ နေရာမှာ အာ-ဘုသောဆိုတဲ့ ပုဒ်ရဲ့ မြန်မာပြန်က ဘာလဲဆိုလျှင် ပြင်းပြင်းထန်ထန် **အား**ရှိ **အား**မဲ့ဆိုတဲ့ ဗလဝတ္ထု-ဗလဝ အနက်ကို ပြတယ်။

ဒါကြောင့် အာ-ဘုသော နိဿယော ဥပနိဿယော၊ **အား**ရှိ**အား**မဲ့ **မှီ**ပြီးနေတဲ့ **တ**ရားမျိုးကို ဥပနိဿယ၊ အဲဒီ ဥပနိဿယကျတော့မှ ခုတင်ကပြောတဲ့ ၃-မျိုး ခွဲလိုက်ရတယ်။ အာရုံ၏ အစွမ်း**အား**ဖြင့် **အား**ရှိ**အား**မဲ့ **မှီ**တဲ့ဟာကို **အာရမ္မဏူပနိဿယ**။ အနန္တရသဘော အနေမျိုးဖြင့် **အား**ရှိ**အား**မဲ့ **မှီ**တာကို **အနန္တရူပနိဿယ**။ ယခု နောက်ဆုံး ချန်ထားခဲ့ဦးမယ် ဆိုတာက ဘာတုန်း (ပကတူပနိဿယ)၊ ပကတ+ဥပနိဿယ ဘဲ၊ ပုဒ်စပ်လိုက်တော့မှ ပကတူပနိဿယ၊ လိုရင်းကတော့ ပကတ+ဥပနိဿယ။ နားလည်တယ်နော် (မှန်ပါ)။

အဲဒီ ပကတ ဥပနိဿယဟာ ဥပနိဿယကတော့ **အား**ကြီးသော**မှီ**ရာ ဟုတ်ပြီ၊ ဒီ ပကတ ဆိုတာက ဘယ်လိုတရာမျိုးကို ယူရမှာလဲလို့မေးတော့ သတိပြုပါ ပကတကို၊ **မျိုး**၏ **အ**စွမ်း**အား**ဖြင့် ၂-**မျိုး** **ရှိ**ပြန်၏တဲ့။

ပကတ ၂-မျိုး

အဲဒီ ၂-မျိုးက ဘယ်သူလဲလို့မေးလျှင် နံပါတ် ၁-ဥပ္ပါဒိတပကတလို့ တမျိုး၊ နံပါတ် ၂-ဥပသေဝိတပကတလို့ တမျိုးတဲ့။ ၂-မျိုး မလာဘူးလား (လာပါတယ်)။

ဥပ္ပါဒိတပဋိကတ

ပါဠိတော်ကြီးတွေကျတော့ သိပ်ကြည်ညိုဖို့ ကောင်းပါတယ်။ ထို ၂-မျိုးတို့တွင် ဥပ္ပါဒိတပဋိကတဆိုတာ ဘာလဲ၊ ကျဉ်းကျဉ်းပြောရလျှင် **သဒ္ဓါအစရှိသော ရာဂအစရှိသော** တရားမျိုးတွေ။ စာ ၂-မျိုးထည့်ထားတယ်။ ဘုန်းကြီးက ထင်ရှားအောင်လို့ သဒ္ဓါဒယောလို့ ဟိုက ဆိုထားတယ်။ သဒ္ဓါအစရှိသော ရာဂ အစရှိသော တရားတွေတဲ့။ ကောင်းတဲ့အာရုံနှင့် စပ်လာလျှင် သဒ္ဓါတရားပြဋ္ဌာန်း လာမှာပေါ့နော်။ မကောင်းတဲ့ဘက်ကလာလျှင် ရာဂ ပြဋ္ဌာန်းလာမှာပေါ့။ ဒီလို မဟုတ်လား၊ ထားခဲ့ပါဦး။

ဥပသေဝိတပဋိကတ

ဥပသေဝိတပဋိကတ ဆိုတာက ဘာလဲ၊ **ဥတု ဘောဇဉ် အစရှိသည်တို့သည် ဥပသေ-ဝိတပဋိကတ**။ အဲဒီ အစရှိသည်ကလေးတွေဟာ နောက်ပိုင်းကျတော့ ထင်ရှားပါတယ်။ အခု တော့ ဒါလောက်ဘဲ မှတ်နော် (မှန်ပါ)။

ဒီတော့ သတ္တဝါတွေ၏ သန္တာန်မှာတဲ့၊ သတိပြုလိုက်စမ်း၊ နံပါတ် ၁-ကိုပြောမလို့၊ သဒ္ဓါတရားအမှီပြုပြီးတော့ ဒါနပြုကြတယ်၊ သီလဆောက်တည်ကြတယ်၊ ဥပုသ်ဆောက်တည်ကြတယ်၊ သဒ္ဓါတရား ပြဋ္ဌာန်းပြီးဟုတ်လား (မှန်ပါ)၊ ဒီတော့ ဒေသနာတော်ကြီးက ဟောတဲ့ 'သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ သီလံ သမာဒိယတိ ဥပေါသထကမ္မံ ကရောတိ' စသည်ဖြင့် စျာန်မဂ်ဖိုလ်အဘိညာဉ်ထိ ဟောမယ်။ အင်မတန် ကြည်ညိုစရာကောင်းတယ်။

အဲဒီလို သတ္တဝါရဲ့ အဗ္ဗတ္တသန္တာန်ထဲက ပေါ်လာတဲ့ သဒ္ဓါတရား အမှီပြုပြီး ပစ္စယုပ္ပန်တရားတွေ ပေါ်လာတာကို ဥပ္ပါဒိတပဋိကတလို့ ခေါ်တယ်။

ထိုနည်းတူးစွာဘဲ ရာဂအစရှိသည် ဆိုတာက မကောင်းတာလဲ သွားတာရှိတယ်, ကောင်းတာလဲ သွားတာရှိတယ်။ ရာဂံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ။ ရာဂံ=ရာဂကို။ ဥပနိဿာယ=အမှီပြု၍။ ဒါနံ=ဒါနကို။ ဒေတိ=ပေးလှူ၏။ ရာဂကို အစွဲပြုပြီး ဒါနပြုတယ်တဲ့။ ဒါဟာ ပဋိပဒေပနိဿယသတ္တိတွေမှာ ရှိတယ်နော်။ အဲဒါ ဦးပဉ္စင်းတို့ တတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေ နောင်ကို သင်ပေးမယ်လို့ ပြောတာ။ အခုဟာ ကတော့ အမြည်းပေါ့လေ၊ ကြော်ငြာထုတ်ထားရတယ်။

ဘယ်လိုနေရာမျိုးလဲမေးလျှင် အခုခေတ် သာပြီး ထင်ရှားပါသေးတယ်။ ရွာထဲ ရပ်ထဲက ဒကာမကြီးတွေ ဒို့ဦးပဉ္စင်းကျမှ ဒို့ဦးပဉ္စင်းကြွလာမှ ဆွမ်းဟင်းကလေး တခွက် လောက် လောင်းစရာရှိတယ်၊ ဒို့ကိုရင်ကလေးလာမှ၊ အဲဒါက ဘာတုန်း ရာဂံ ဥပနိဿာယ

တဲ့။ ဒို့ဦးပဋ္ဌင်း ဒို့ကိုရင်လို့ စွဲလိုက်ကတည်းက ဘာဖြစ်လာသတုန်း။ ရာဂံ ဥပနိဿာယဖြစ်လာတာ။ ဒို့ဘုန်းကြီးကျောင်းသွားပြီး ဥပုသ်စောင့်ချေရအောင်တဲ့ ဥပုသ်စောင့်တာတောင် ဒို့ဘုန်းကြီးက လာသေးတယ်။

အဲသလို မူရင်းရာဂ အမှီရပြီးတော့မှ ဒါနပြုတယ် သီလကျင့်ဝတ် ဥပုသ်စောင့်သုံးကြတယ်။ ထားပါတော့ အဲဒီနည်းမျိုး၊ ဒီထက်ဆိုးတဲ့ အကုသိုလ်က အကုသိုလ်ဘက် သွားတာတွေလဲ ရှိတယ်။ အဲဒါမျိုးကို ဥပပါဒီတပကတတဲ့။

ဥပသေဝီတပကတလို့ ဆိုတာက ဘာတဲ့၊ ဥတုဘောဇနံ အစရှိသည်တဲ့။ ဘယ်လိုဟာမျိုးကို ပြောတာလဲမေးလျှင် နေက ပူလိုက်တာနော်၊ ကိုယ်တော်ကလေးတွေ စာအံနေကြ, စာသင်နေကြတာ မောရှာမှာဘဲ ရေခဲရေကလေးတိုက်ရ ဘယ်လောက်ကောင်းမတုန်း၊ လိမ်မာတဲ့လူရဲ့ သန္တာန်မှာ ပေါ်လာမဲ့ သဒ္ဓါတရားမျိုးဟာ ဘာကို အမှီပြုလိုက်သလဲ။ ပူတဲ့ရာသီဥတုကို အမှီပြုတယ်။

ချမ်းလိုက်တာနော် ဒီရာသီကြီးမျှား ဒို့တောင် ဒါလောက်ချမ်းလျှင် ကိုယ်တော်ကလေးတွေ ဘယ်လောက် ချမ်းမလဲ၊ စောင်ကလေးတထည်လောက် သွားပေးရ ကောင်းမှာဘဲ၊ ဟောဒါ ဥတုအမှီပြုပြီး ဒါနစိတ်ပေါ်လာတာ။ ဥတုံ နိဿာယ ဒါနံ ဒေတိ။

အဲဒီလို အဗ္ဗတ္တက မဟုတ်ဘဲနှင့် ဗဟိဒ္ဓက အာရုံတခုခုကို ဥတုကို ဘောဇဉ်ကို စွဲပြီးတော့ဖြစ်တဲ့ ကုသိုလ်မျိုးတွေကို ဘာခေါ်သလဲ။ **ဥပသေဝီတပကတ** လို့ခေါ်ပါတယ်တဲ့၊ ဒါကို ဒီနေ့ပြောပြထားတာ မဟောဘူး မှတ်ထားပါ။ ခုတင်က ပြောသလို ကြော်ငြာထုတ်ထားတာပေါ့။ နောင်သင်ချင် သင်ကြရအောင်။

ဒီအထဲမှာ ပကတူပနိဿယပါဠိတော်ကြီး သင်တော့ သိစရာ သိကွက်ကလေးတွေ အင်မတန် ကောင်းတာကလေးတွေ အဖိုးတန်တာကလေးတွေ အများကြီးပါတယ်။

ဒီအပြင် တမျိုးပြောလို့ရှိလျှင် တရားဟောလိုတဲ့ ဆန္ဒရှိတဲ့ပုဂ္ဂိုလ်များ တရားဟောစရာကလေးတွေ အများကြီးပါတယ်။ မြတ်စွာဘုရားကိုယ်တော်တိုင် ပြထားခဲ့တဲ့ ဒေသနာဂ္ဂ-မကလေးတွေ၊ ဒါကြောင့် ပကတူပနိဿယဟာ ဒီလိုနေလိမ့်မယ်လို့ ဆိုတာသာ မှန်းမျှော်ထားပြီး ချန်ထားခဲ့ကြစို့။

ပုရေဇာတသုဒ္ဓသင်္ခ်ာ

နိဿယပြီးတော့ ဥပနိဿယ၊ ဥပနိဿယပြီးတော့ ဘာပစ္စည်းတဲ့တုန်း။ (ပုရေဇာတပစ္စည်း)။ ကဲ-ပုရေဇာတဖြင့် ရှေ့တိုးကြစို့။ ဟိုနေ့က သုဒ္ဓသင်္ခ်ာအကျက်ခိုင်းလိုက်တယ်။

ပုရေဇာတ ၂-မျိုး

ပုရေဇာတက ၂-မျိုးရှိတယ်နော်။ သတိပြု နားထောင်လိုက်စမ်း။ **အာရမ္မဏ ပုရေ-ဇာတလို့တမျိုး, ဝတ္ထုပုရေဇာတလို့တမျိုး** ၂-မျိုးရှိတယ်၊ အာရမ္မဏပုရေဇာတကို အခု သင်ရမယ်။ ဝတ္ထုပုရေဇာတဆိုတာက ခုတင်က နိဿယထဲပါတဲ့ ဝတ္ထုပုရေဇာတနိဿယဘဲ။ အသစ်မသင်ရတော့ဘူး။ ကဲ ဒါဖြင့် အာရမ္မဏ ပုရေဇာတသုဒ္ဓသင်္ချာကို ဦးဉာဏဝရ ရွတ်စမ်း။

အာရမ္မဏပုရေဇာတသုဒ္ဓသင်္ချာ

ဦးဉာဏဝရ။ ။**အာရမ္မဏပုရေဇာတပစ္စည်း**၏ သုဒ္ဓသင်္ချာဝါရဋ္ဌ- ကာမစိတ် စတုပညာသ ဒိဋ္ဌစက္ခု ဒိဋ္ဌသောတ အဘိညာဉ်အားတပ်သော ပစ္စုပ္ပန် နိပ္ဖန္နရူပ် အဋ္ဌာရသ၊ ဤတရားတို့သည် အာရမ္မဏပုရေဇာတ ပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ချာ တိဏိ။ ပစ္စည်းရေ ၄-ဟူသည်တည်း။ **သင်္ချာ တိဏိ** ဟူသော်ကား အဗျာကတော အဗျာကတသ, အဗျာကတော ကုသလသ, အဗျာကတော အကုသလသ ဟူသည်တည်း။ **ပစ္စည်းရေ ၄-ဟူသော်ကား** အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတဟူသည်တည်း။

ဆရာတော်။ ။**အဲဒီ** သုဒ္ဓသင်္ချာကလေးကို ထုံးစံအတိုင်း ရေးကြည့်ရအောင်။ ရေးကြည့်မှ ပိုပြီး ရှင်းမယ်နော်။

အာရမ္မဏ ပုရေဇာတပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ-ဘာတဲ့တုန်း ပစ္စယုပ္ပန်တရားနော်၊ စဉ်းစားတဲ့စိတ်နှင့် မှတ်ပြီးတော့ ဘုန်းကြီးရွတ်တာ နားထောင်စမ်း။ ကာမစိတ် စတုပညာသ ဒိဋ္ဌစက္ခု ဒိဋ္ဌသောတ အဘိညာဉ်အားတပ်သောတဲ့။ သူတို့တတွေက ပစ္စယုပ္ပန်ပေါ့။ ပစ္စည်းတရားက ဘာတဲ့တုန်း၊ ပစ္စုပ္ပန် နိပ္ဖန္နရူပ် အဋ္ဌာရသတဲ့။ အဲဒါကလေးတွေ စကားကလေးတွေ သတိထားရတယ်။ နိပ္ဖန္နရူပ် အဋ္ဌာရသဆိုလျှင် ပြီးတယ်မဟုတ်လား။ ဦးပဉ္စင်းတို့ အာမိတုန်းက နိပ္ဖန္နရူပ်ကို သရုပ်ခွဲပေးပြီးသားနော်။

ဟိုမှာလဲ နိပ္ဖန္နရူပ် ဒီမှာလဲ နိပ္ဖန္နရူပ်၊ ဟိုက နိပ္ဖန္နနှင့် ဒီက နိပ္ဖန္န တူသလားလို့ သုံးစွဲပုံကြည့်စမ်း (မတူပါဘူး)၊ ဟိုတုန်းက ဘာတဲ့တုန်း **ဣဋ္ဌနိပ္ဖန္နရူပ်**၊ **သဘာဝကို ညွှန်းတယ်**၊ အာမိတုန်းက နိပ္ဖန္နရူပ်တော့ ဟုတ်တယ်တဲ့၊ ဣဋ္ဌဖြစ်ပစေတဲ့။ ဥပမာ- နိပ္ဖန္နရူပ်ထဲပါတဲ့ ရူပါရုံကလေးဟာ ၇-ရက်သားသမီး ကျေနပ်လောက်တဲ့ ရူပါရုံဖြစ်ပေစေလို့ ဆိုလိုတယ်။ အနိဋ္ဌရူပါရုံ မဖြစ်ပါစေနှင့်တဲ့။ ဒါက အာမိက သုံးစွဲပုံ။ ဘယ်လိုသုံးသလဲ၊ **သဘာဝ** အနေအားဖြင့် သုံးတယ်။ အခု အာပုမှာ သုံးတဲ့ နိပ္ဖန္နရူပ်ကျတော့ သဘာဝသုံးမဟုတ်ဘူး၊ ကာလသုံးခေါ်တယ်။

ကာလ ၃-သုံးပါးရှိတယ်မဟုတ်လား အတိတ် အနာဂတ် ပစ္စုပ္ပန်၊ ယခု အာပုမှာ နေရတဲ့ နိပ္ဖန္နရုပ်သည် အတိတ် အနာဂတ် နိပ္ဖန္နရုပ်ကို မသုံးဘူး။ ဘာကိုသုံးတယ် (ပစ္စုပ္ပန်-နိပ္ဖန္နရုပ်ကို သုံးပါတယ်)၊ ပစ္စုပ္ပန်ခေါ်တဲ့ ကာလမှာဖြစ်တဲ့ နိပ္ဖန္နသုံးတယ်တဲ့။

ဒါကြောင့် ဘုန်းကြီးက အကျဉ်းချုပ်ရှင်းလိုက်လျှင် ဘာတုန်း-အာဝိမှာ ပြတဲ့ နိပ္ဖန္နရုပ်သည် သဘာဝကို ညွှန်ပြတယ် မဟုတ်လား။ အာပု ၌ ပြသော နိပ္ဖန္နရုပ်သည် ကာလကို ညွှန်ပြတယ်။

မှတ်ကြစမ်းပါ။ ဦးပဉ္စင်းတို့ နောင်ကြီးလာတော့ ဒါကလေးတွေ ပြန်ကြည့်ပြီးတော့ ဒို့ကို ပဌာန်းသိပ္ပံဘုန်းကြီး ဘာတွေ ပြောလွှတ်လိုက်ပါလိမ့်မလဲဆိုတာ စဉ်းစားနိုင်တဲ့အချိန်နှင့် စဉ်းစားနိုင်တဲ့ဉာဏ်တွေ ပွင့်တဲ့အချိန် ပါလာပါလိမ့်မယ်။ အဲဒီကျတော့မှ ဦးပဉ္စင်းတို့ရဲ့ ပွင့်လာတဲ့ အသိဉာဏ်နှင့် တိုက်ဆိုင်တဲ့အခါ အလွန်တရာ ဝမ်းသာမှု ဖြစ်ပါလိမ့်မယ်။ သို့မဟုတ် ကိုယ့်အသိဉာဏ်နှင့် မတိုက်ဆိုင်လျှင်လဲ ပယ်ပစ်နိုင်ပါတယ်။ ဘုန်းကြီးက ဒါတွေ ပြောနေတယ်၊ အပယ်ခံနိုင်ပါတယ်။ သို့သော် ကြပ်ကြပ်ကြီး လေးလေးနက်နက် စဉ်းစဉ်းစားစား စုံစမ်းဆင်ခြင်ပြီးတော့ နှလုံးသွင်းကြပါ။ ထားပါတော့။

ကဲ-အဲဒီ သုဒ္ဓသင်္ခ်ာကို ဘုန်းကြီးတို့က စာတတန်းမှာ ရေးကြည့်ရအောင် ခေါင်းစီးက အာပုလို့ ရေးထား။ ခေါင်းစီးကတော့ ပါပေ့စေနော်။ အာပု အာရမ္မဏာပုရေဇာတ။

အာပု သုဒ္ဓသင်္ခ်ာ ပါဠိတော် အရကောက် ၈ယား

သင်္ခ်ာ	ပဒ	ပဒါ ဝသာန	နိပ္ဖန္နရုပ် ၁၈	ကာမ ၅၄, ဒိဋ္ဌစက္ခု ဒိဋ္ဌသောတ-အဘိညာဉ်
၁	ဗျာ	ဗျာ	စက္ခု (လ) ကာယ	ကာမဝိ ၂၃, ကာမကြီ ၁၁, ဒိဋ္ဌစက္ခု-ဒိဋ္ဌသောတကြီဘိညာဉ် ၂
၂	॥	ကု	ရူပ (လ) ဖောဋ္ဌပ	မဟာကု-၈ ကုဘိညာဉ် ၂
၃	॥	အကု	ဟဒယ	အကု - ၁၂

ပစ္စည်းတရားက ဘာထားမယ်၊ နိပ္ဖန္နရုပ် ၁၈၊ ဒါလောက်ဘဲ ရေးတော့ တော်ပြီနော်။

သူ့နောက်နား နည်းနည်း ခွါလိုက် ပစ္စယုပ္ပန်က ကာမ ၅၄၊ ပြီးတော့ ဒိဋ္ဌစက္ခု ဒိဋ္ဌသောတ အဘိညာဉ် ၂-ခုပေါ့ ဟုတ်လား (မှန်ပါ)၊ ဒါဘဲရှိတယ် မူရင်း။

ဒီတော့ ပစ္စည်းဖြစ်တဲ့ နိပ္ဖန္နရုပ်ကိုတော့ အာဓိတုန်းက ဘာတွေရှိသလဲ။ စက္ခု သောတ ဃာန ဇိဝှါ ကာယ၊ ပြီးတော့ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ၊ ပြီးတော့ ဟဒယဝတ္ထု ဒီတင်ဘဲ မဟုတ်လား (မှန်ပါ) ၁၁-လုံး။

ဒီတော့ နိပ္ဖန္နရုပ်အောက်က ဦးပဠင်းတို့ သေချာချင်လျှင် စက္ခုစသည်လို့ ရေးထား ပေါ့။ ဒါလောက်ဆိုလျှင် တော်လောက်ပြီ မဟုတ်လား။ သိပြီးသားဘဲ။ စက္ခုစသည်ဆိုလျှင် ကျေနပ်ပါတော့။

ပစ္စယုပ္ပန် ကာမ ၅၄ ဆိုတာမှာ သတိပြုလိုက်စမ်း၊ ကုသလာ ဓမ္မာ, အကုသလာ ဓမ္မာ, အဗျာကတာ ဓမ္မာလို့ တိက်နှင့် ဝေဖန်ရတော့မယ် မဟုတ်လား။ ကာမ ၅၄ ထဲမှာ ကုသိုလ်စိတ်ပေါင်း ဘယ်လောက် ပါနိုင်တယ်။ (၈-ခု ပါပါတယ်)၊ ဘယ်သူပါလိမ့် (မဟာ ကုသိုလ်စိတ် ၈-ပါး) အကုသိုလ်စိတ်ပေါင်းကော (၁၂-ပါး)၊ အကုန်လုံး ရှိတယ်နော်။ ဝိပါက် စိတ်ပေါင်းကော (၂၃-ပါး ရှိပါတယ်)၊ ကြိယာစိတ်ပေါင်း (၁၁-ပါး ရှိပါတယ်)၊ ရှင်းလို့။

အဲဒါ တွေ့တော့ ကာမ ၅၄-အောက် တည့်တည့်က အကြောင်းမှာ အဗျာကတက စပြီးထည့်၊ ကာမဝိ ၂၃, ကာမကြို ၁၁။ ဘုန်းကြီးက မြန်မြန်ပြီးအောင် အတိုနည်းပြောတာ၊ ကိုယ့်စာလဲ ကိုယ်ဖတ်တတ်ပေစေ။ ပြီးတော့ ဒိဋ္ဌစက္ခု, ဒိဋ္ဌသောတခေါ်တဲ့ အဘိညာဉ် ၂-မျိုးဟာ ကုသိုလ်အဘိညာဉ်, ကြိယာအဘိညာဉ်ရယ်လို့ ၂-မျိုးရှိတယ်နော်။ ဒိဋ္ဌစက္ခုမှာပင်လျှင် ကုသိုလ်အဘိညာဉ်, ကြိယာအဘိညာဉ်လို့ ၂-မျိုး ရှိတယ်။ တရားကိုယ်ကတော့ ရူပါဝစရ ကုသိုလ် ပဉ္စမစျာန်နှင့် ကြိယာ ပဉ္စမစျာန်ပါဘဲ။ ဒီတော့ အကယ်၍ ရူပါဝစရ ကြိယာ အဘိညာဉ်ဖြစ်နေလျှင် ဒီ အဗျာကတ ပဒါဝသာနမှာ မရနိုင်ဘူးလား (ရနိုင်ပါတယ်)၊ ရနိုင် လျှင်ထည့်လိုက်။ ပုဒ်မပြပါ၊ အပေါ်က အဘိညာဉ်ရှိတယ်မဟုတ်လား။ ကြိယာအဘိညာဉ် ၂-ခုဆိုလျှင် ပြီးရောပေါ့။ ၂-က ဘယ်သူတုန်း။ ဒိဋ္ဌစက္ခုနှင့် ဒိဋ္ဌသောတ ရည်ညွှန်းတယ် ဟုတ်လား (မှန်ပါ)၊ ပြီးသွားရော။

အဲဒီအောက်တကြောင်း ဦးပဠင်းတို့ ခုတင်က ခွဲထားတဲ့အထဲက ကုသိုလ်၏ အစွမ်း အားဖြင့် ဘာကုသိုလ်ရှိသလဲ (မဟာကုသိုလ်ရှိပါတယ်)၊ မဟာကု ၈-လို့ရေး၊ ပစ္စယုပ္ပန်မှာ နော်။ ပြီးတော့ အဘိညာဉ်မှာ ကုသိုလ် အဘိညာဉ်ရှိတယ်ဆိုတော့ ခုတင်က ကြိဘိညာဉ် ရေးထားလျှင် ဒီကတော့ ကုဘိညာဉ်ပေါ့။ ၂-ခုဘဲ၊ ဒိဋ္ဌစက္ခုကသိုလ် အဘိညာဉ် ဒိဋ္ဌသောတ ကုသိုလ်အဘိညာဉ်လို့ ၂-ခု ရတယ်။ နားလည်ပြီ မဟုတ်လား (မှန်ပါ)။

နောက်တမျိုး အကုသလာ ဓမ္မာအရ အကုသိုလ် ဒွါဒသ ရသေးတယ်ဆို ကြည့်ထားပေါ့။ မဟာကု အောက်တည့်တည့်က အကု ၁၂-လို့ထည့်။ ပြီးရော မဟုတ်လား (မှန်ပါ)။

ရှေ့ဆက်ပြီး စဉ်းစားစမ်း။ အဘိညာဉ်ကျတော့ကော ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အကုသိုလ် အဘိညာဉ်လို့ ရှိပါ့မလား (မရှိပါ)။

အင်မတန် တန်ခိုးကြီးတာ၊ အာရမ္မဏတရားကျတော့ ဘုန်းကြီးပြောပြမယ် ဒိဗ္ဗစက္ခု အဘိညာဉ်အကြောင်းကို၊ ထားပါတော့။ အဲဒီလို သရုပ်ခွဲလိုက်တော့ ပေါ်လာတဲ့တရားတွေကို အကုန်ပြန်ကြည့်စမ်း ကိုယ်ရေးထားတာတွေကို။ ဤတရားတို့သည် အာရမ္မဏ ပုရေ-ဇာတပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ တီဏိ။ ပစ္စည်းရေ ၄။

သင်္ခ်ာတီဏိ ဟူသော်ကား ပစ္စည်းက ရုပ်အဗျာကတ မဟုတ်လား (မှန်ပါ)။ အပေါ်တန်းထဲ ထည့်လိုက်တော့ (အဗျာကတော အဗျာကတသ)၊ မဟာကုသိုလ်ကို ပစ္စယုပ္ပန်ထားလိုက်တော့ (အဗျာကတော ကုသလသ)၊ အကုသိုလ်ကို ပစ္စယုပ္ပန်ထားတော့ (အဗျာကတော အကုသလသ)၊ ပစ္စည်းက မပြောင်းဘူးနော်။ ဗျာဗျာ, ဗျာကု, ဗျာအကုလို့ သုံးချက်ခွဲပေး။ အဲဒီတရားတွေဟာ ယခုပြောတဲ့ **ပစ္စည်းရေ ၄-ပစ္စည်း**ဟာ ယခု ပုရေဇာတမှာ ဟောသလို ပြီးတော့ ဘယ်မှာ ဟောဦးမယ်တဲ့လဲ။ **အာရမ္မဏ**ကျတော့လဲ ဟောဦးမယ်။ ပြီးတော့ **အတ္ထိ**ကျတော့လဲ ဒါတွေ ဟောဦးမယ်။ **အဝိဂတ**ကျတော့လဲ ဟောမယ်တဲ့။ အဲဒါကလေးကိုလဲ သတိထား။

ခုတင်က ဦးပဉ္စင်းတို့ ရွတ်သွားတဲ့ နိဿယပါတဲ့ ပါဠိတော်တွေကလဲ၊ ထို့အတူဘဲ ပစ္စည်း ၄-ဆိုလျှင် ၄-ဌာန ဟောမယ်။ ၅-ဆိုလျှင် ၅-ဌာန ဟောမယ်။ ၆-ဆိုလျှင် ၆-ဌာနမှာ ဟောမယ်။ အဲဒီလို သတိထားရမယ်။ အခု ၄-ဌာန ဟောမည့်တရားတွေ။

အဲဒီတော့ ဒီတရားတွေ့တော့မှာ ပါဠိတော်စီတော့ မြတ်စွာဘုရား ဘယ်ကနေ ဒီတရားတွေ ကြည့်ပြီး ပါဠိတော်တင် ဟောထားသလဲ။ သတိပြုကြည့်စမ်း အပေါ်ဆုံး အကြောင်း ဗျာဗျာအကွက်။

အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မသ ပုရေဇာတပစ္စယေန ပစ္စယော။ ဝိထိပါဠိတော်။ အာရမ္မဏပုရေဇာတ်လို့ ထည့်လိုက်။ ပစ္စည်းဘက်က ဘာရှိသလဲ နိပ္ဖန္နရုပ်က စက္ခုရှိတယ်မဟုတ်လား (မှန်ပါ)၊ သတိပြုနားထောင်စမ်း စက္ခုံ။

ဘာတဲ့တုန်း (စက္ခုံ)၊ အာဓိတုန်းကလဲ ဒီအတိုင်းစီတာဘဲ မဟုတ်လား (မှန်ပါ)၊ ပစ္စယုပ္ပန်က ဘယ်သူရှိသလဲ ကြည့်စမ်း။ ကာမဝိပါက် ၂၃-ရှိတယ်၊ ကာမကြိယာ ၁၁-ရှိတယ်၊ ဒီတရားတွေ မကုန်ဘူး ဒေသနာတော်တင်လို့။

အဲဒီထဲက ကာမဝိပါက်ကို မသုံးသေးဘဲနဲ့ ကာမကြိယာ ၁၁-ထဲက မဟာကြိယာစိတ် ၈-ခုကို မြတ်စွာဘုရား ရည်ညွှန်းပြီးတော့ ရှေးဦးစွာ ဟောတော်မူတယ်။ ၎င်း မဟာကြိယာစိတ် ၈-ခုကို ဘယ်လို ပါဠိတော် စီတော်မူသလဲမေးလျှင် သတိပြု။ ဝိပဿတိတဲ့။ ဝိပဿတိ၏ တရားကိုယ် ကောက်လိုက်လို့ရှိလျှင် ဘာရမလဲ (မဟာကြိယာရပါတယ်)။ မဟာကြိယာစိတ် ၈-ခုရတယ်။ ဒီတော့ ဘာဖြစ်မလဲ ပါဠိတော်က-စက္ခုံ ဝိပဿတိ၊ မပြည့်စုံသေးဘူးနော်။ နားထောင်နေဦး။ သူ့နေရာလေးနှင့်တူ အကွက်ကျတော့ ပြန်ပြီး ပြည့်စုံတဲ့နည်းဘုန်းကြီးက ပြောမယ်။

ကဲ စဉ်းစားစမ်း၊ အဲဒီ မဟာကြိယာစိတ် ၈-ခုက ဦးပဠင်းတို့ ဘုန်းကြီးတို့ သန္တာန်မှာ ဖြစ်ပါ့မလား (မဖြစ်ပါ)၊ ဘယ်ပုဂ္ဂိုလ် သန္တာန်မှာ ဖြစ်မလဲ (ရဟန္တာပုဂ္ဂိုလ်သန္တာန်မှာ ဖြစ်ပါတယ်)၊ အရိယာတိုင်း မဟုတ်သေးဘူးနော်၊ ရဟန္တာသန္တာန်မှာသာ ဖြစ်တယ်။

ဒါကြောင့် ပစ္စည်းကတ္တားရဲ့ ရှေ့နားက ပုဂ္ဂလကတ္တား အနေအားဖြင့် **အရဟာလို့** ထည့်ပါတဲ့။ ထည့်လိုက်တော့ ဘယ်လိုတုန်း အာရမ္မဏပုရေဇာတံဆိုပြီးတော့ အရဟာ။ ပြီးတော့မှ စက္ခုံ။ အရဟာက ပုဂ္ဂလကတ္တား စက္ခုံက ပစ္စယကတ္တား ပစ္စည်းတဲ့။ ပစ္စယုပ္ပန်က ဘယ်သူလဲမေးလျှင် မဟာကြိယာစိတ် ၈-ခု ဘယ်လိုပါဠိစီသလဲ (ဝိပဿတိ)။

ဒီတော့ သူ့ကို မြန်မာလိုပြန်လိုက်တော့ ဘယ်လိုဖြစ်လာသလဲ။ အရဟာ=ရဟန္တာကိုယ်တော်မြတ်ကြီးသည်။ စက္ခုံ=စက္ခုပသာဒရုပ်ကို။ ဝိပဿတိ=ဝိပဿနာရှုတော်မူ၏ပေါ့။ ဒီလိုမဟုတ်လား (မှန်ပါ)၊ ဝိပဿနာနည်းနှင့် ရှုတော်မူတယ်။

အဲဒီ ဝိပဿနာဆိုတာ ဘယ်ဟာကို ခေါ်တာလဲလို့မေးတော့ **သတိ** ဝိပဿနာရဲ့ အခြင်းအရာ အာကာရက ဘယ်သူလဲလို့မေးလျှင် အနိစ္စ ဒုက္ခ အနတ္တဘဲတဲ့။ မြတ်စွာဘုရားက ဟုတ်လား (မှန်ပါ)။

ဝိပဿနာရဲ့လုပ်ငန်းက ဘယ်သူလဲလို့ မေးလျှင် အနိစ္စ ဒုက္ခ အနတ္တ၊ အဲဒီ တရားသုံးမျိုးဟာ **ဝိပဿနာရဲ့ အာကာရ**။

ဒီတော့ ပါဠိတော်ပြည့်ပြည့်စုံစုံ ဘယ်လိုဖြစ်လာသလဲ။ ပြန်ပြီးတခေါက်နားထောင်စမ်း။ အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မသ ပုရေဇာတပစ္စယေန ပစ္စယော။ အာရမ္မဏပုရေဇာတံ အရဟာ ပုဂ္ဂလကတ္တားနော် (မှန်ပါ)။ ပစ္စည်းက-စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။

ရသွားတော့ အလွန်ရှုတ်ကောင်းတယ်။ ခက်လဲ မခက်ဘူး။ အနိစ္စ ဒုက္ခ အနတ္တလို့ ဝိပဿနာရှုတော်မူသည်တဲ့။ အရဟာ=ရဟန္တာကိုယ်တော်မြတ်ကြီးသည်။ စက္ခုံ=စက္ခုပသာဒ

ကို။ ကိုယ့်စက္ခုဖြစ်ဖြစ် သူများစက္ခုဖြစ်ဖြစ် အဗ္ဗတ္တ ဗဟိဒ္ဓ ၂-မျိုးစလုံး ယူနိုင်တယ်။ အတ္တ, ပရ ၂-မျိုးစလုံး ယူနိုင်တယ်။ အနိစ္စတော အနိစ္စဝသေန=အနိစ္စ၏ အစွမ်းအားဖြင့်။ ဒုက္ခတော ဒုက္ခဝသေန=ဒုက္ခ၏အစွမ်းအားဖြင့်။ အနတ္တတော အနတ္တဝသေန=အနတ္တ၏ အစွမ်းအားဖြင့်။ ဝိပဿတိ=ဝိပဿနာရှုတော်မူ၏။ ဒီအချိန် ပစ္စည်းဘယ်သူလဲ ပစ္စယုပ္ပန်ဘယ်သူလဲ မေးလျှင် ပစ္စည်းက စက္ခုဝတ္ထု၊ ပစ္စယုပ္ပန်က မဟာကြိယာစိတ် ၈-ခုဆိုပေမဲ့ ၈-ခုတို့တွင် တခုခုဖြစ်နိုင်တာပေါ့။

မှတ်ထားခဲ့။ ဒီတော့ ကျန်တဲ့ နိပ္ဖန္နရုပ်တွေ အာဓိတုန်းကလို ပေါင်းလိုက်လျှင် မရဘူးလား ပစ္စည်းတွေလေ (ရပါတယ်)၊ ဘယ့်နှယ်လုပ်ပြီး ပေါင်းမလဲ။ သောတံ, ဃာနံ, ဇိဝှံ, ကာယံ, ရူပေ, သဒ္ဒေ, ဂန္ဓေ, ရသေ, ဖောဋ္ဌဗ္ဗေ, ဝတ္ထုံ။ ဟိုတုန်းကတော့ နာမ်တွေရှိလို့ ဝိပါက်ကြိယာထည့်၊ ဒီမှာတော့ မရှိဘူး၊ မဟုတ်လား (မှန်ပါ)၊ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ ကဲ ကြည့်စမ်း။ ပစ္စည်း ဒီအချိန်ကျတော့ နိပ္ဖန္နရုပ် ၁၈-ခုကုန်ရော မဟုတ်လား (မှန်ပါ)။

အခု ဘာကုန်သွားသလဲလို့မေးလျှင် ပစ္စည်းက နိပ္ဖန္နရုပ် ၁၈-ခု၊ ဟောသင့်တဲ့ တရားအနေအားဖြင့် ကုန်သွားတယ် (မှန်ပါ)၊ ပစ္စယုပ္ပန်က ဘာကုန်သွားသလဲ (မဟာကြိယာစိတ် ၈-ခု ကုန်သွားပါတယ်)၊ ဟုတ်ပြီနော် မဟာကြိယာစိတ် ၈-ခု ကုန်သွားတယ်။

ပြီးတော့ မြတ်စွာဘုရားက ဘာဆက်ဟောသလဲဆိုတော့ အဘိညာဉ်ကိုဟောတယ်။ ဒိဗ္ဗစက္ခုအဘိညာဉ်, ဒိဗ္ဗသောတအဘိညာဉ်ရယ်လို့ရှိတယ် မဟုတ်လား (မှန်ပါ)၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဆိုတာ မျက်စိနှင့်စပ်တဲ့ အဘိညာဉ်ဆိုတော့ မျက်စိက ဘာဖြစ်ရမလဲ (ရူပါရုံဖြစ်ရပါမယ်)၊ နိပ္ဖန္နရုပ်ထဲမှာ ရူပါရုံ မပါဘူးလား (ပါပါတယ်)၊ ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿတိ၊ ဒီလိုနော်။ ဒိဗ္ဗေန စက္ခုနာ=ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်။ ရူပံ=ဒူရ ပဋ္ဌာန္တ သဏ္ဌ သုခုမဖြစ်တဲ့ ရူပါရုံကို။ ပဿတိ=မြင်တော်မူ၏။ နားလည်တယ်နော် (မှန်ပါ)။

ဒိဗ္ဗစက္ခုကြိယာအဘိညာဉ်ဖြင့် ရဟန္တာကိုယ်တော်ကြီးက ဒူရ=အဝေးကရူပါရုံကို မြင်နိုင်တယ်။ ပဋ္ဌာန္တ=ဖုံးလွှမ်းအုပ်ဆိုင်း၍ ထားတဲ့ ရူပါရုံကို မြင်နိုင်တယ်။ သဏ္ဌ သုခုမ=အလွန်တရာ သေးသွယ်, သိမ်မွေ့လှစွာသော ရူပါရုံကလေးတွေ မြင်ရတယ်။ အခုခေတ် သိပ္ပံနည်းကျကျလုပ်ထားတဲ့ သဘာဝအားဖြင့် အင်မတန် အားကောင်းတယ်ဆိုတဲ့ မှန်ဘီလူးတွေ ရှိတယ်။ အဲဒီ မှန်ဘီလူးတွေနဲ့ မမြင်နိုင်တဲ့ မမြင်လောက်အောင် သေးငယ်, သိမ်မွေ့တဲ့ ရူပါရုံကလေးကို ဒိဗ္ဗစက္ခုအဘိညာဉ်ကတော့ မြင်ရတယ်။ ဒါကြောင့် ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿတိ။ ဒိဗ္ဗသောတ အဘိညာဉ်ကတော့ ဘာတုန်း၊ သဒ္ဒါရုံကို သူကြားမှာဘဲ မဟုတ်လား (မှန်ပါ)။ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏာတိ။

မခက်ပါဘူး။ ခဏကလေးနှလုံးသွင်းထားပါ။ နောက် ဒါမျိုးတွေလာတော့ ကိုယ့်မှာ ပြီးပြီးသား ဖြစ်နေရော။ အာရမ္မဏမှာလဲရှိ အတ္ထိမှာလဲရှိ အဝိဂတမှာလဲ ရှိတယ်။

ကုန်ရောပေါ့ အဘိညာဉ် ၂ မျိုးနော်။ ဘယ်လိုဟောတယ်။ ဒီဇွေန စက္ခုနာ ရူပံ ပဿတိ။ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏာတိ။ ဘိညာဉ် ၂-မျိုး ကုန်သွားတယ်တဲ့။ ပစ္စယုပ္ပန်က သတိထားလိုက်စမ်း၊ ကာမဝိပါက် ၂၃-ထဲက တခုမှ မဟောရဘူး မဟုတ်လား။ ကာမကြိယာ ၁၁-ထဲက မဟာကြိယာ ၈-ခုကို ဟောသွားတယ်။ အဟိတ်ကြိယာ ၃-ခု ကျန်မနေဘူးလား (ကျန်နေပါတယ်။)

အဲဒီတော့ ကြိယာက ကျန်တော့ကျန်တယ်၊ ကျန်ပေမဲ့ သူ့ကိုလဲ မဟောတော့ဘူး။ ဝိပါက်ထဲက သတိပြုလိုက်စမ်း ကာမဝိပါက်တေဝီသခေါ်တဲ့ ၂၃ ထဲမှာ ဒွေပဉ္စဝိညာဉ် ၁၀-ပါ မပါ (ပါပါတယ်)၊ ပစ္စည်းနိုပ္ပန္နရုပ် ၁၈-ထဲမှာကော ရူပါရုံ စသည် မပါဘူးလား (ပါပါတယ်)၊ သတိပြု-ရူပါယတနံ စက္ခုဝိညာဏသ ပုရေဇာတပစ္စယေန ပစ္စယော။ ဒီ ၅-ခုကို အစဉ်အတိုင်း ထည့်သွားတော့မယ်နော်။ ရူပပြီးတော့ ဘာတုန်း (သဒ္ဒပါ)၊ သဒ္ဒါယတနံ သောတဝိညာဏသ ပုရေဇာတပစ္စယေန ပစ္စယော။ ဂန္ဓာယတနံ ဃာနဝိညာဏသ ပုရေ-ဇာတပစ္စယေန ပစ္စယော။ ရသာယတနံ ဇိဝှါဝိညာဏသ ပုရေဇာတပစ္စယေန ပစ္စယော။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏသ ပုရေဇာတပစ္စယေန ပစ္စယော။ အဲဒါ ဗျာဗျာပါဠိတော် ဆုံးသွားတယ်နော်။ နားလည်ပြီ မဟုတ်လား (မှန်ပါ)။

ဒီတော့ ကာမဝိပါက် ၂၃-ရှိနေတဲ့အနက်ကလဲ ဒွေပဉ္စဝိညာဉ်တဆယ်ကိုသာ ဒေသနာတော်တင်ပြီး စက္ခုဝိညာဏသ (ပ) ကာယဝိညာဏသလို့ ဟောသည်။ ကြွင်းသော ၁၃-ပါးကို ဒေသနာတော် မတင်ဘူးတဲ့ (မှန်ပါ)။

အဲဒီလို ပစ္စည်းမှာဘဲဖြစ်ဖြစ် ပစ္စယုပ္ပန်မှာဘဲဖြစ်ဖြစ် ဦးပဉ္စင်းတို့ သရုက်ခွဲရေးကြည့်လို့ ရှိနေပေမဲ့ ရှိတိုင်းတရားတွေ မတင်တာ ဘာဖြစ်လို့လဲ မေးလျှင် အာဓိတုန်းက ဘယ်လို သတိပေးလိုက်တယ်။ သြဠာရိကဝသေနလို့ ပြောခဲ့တယ် မဟုတ်လား (မှန်ပါ)၊ **ကြမ်းကြမ်းတမ်းတမ်း အနေအားဖြင့် ဟောပြ ပြောပြလိုက်လျှင် ဝေနေယျတွေ သိလွယ် ထင်လွယ် မြင်လွယ်မှာမို့ သြဠာရိကရုပ် သြဠာရိကနာမ်တရားတွေကို ဟောထားသည်။ ကြွင်းတဲ့ တရားတွေ ဒေသနာတော် မပါပေမဲ့ အာရမ္မဏပုရေဇာတပစ္စည်းတရား ထိုက်ကြပါသည်။ အာရမ္မဏ ပုရေဇာတပစ္စယုပ္ပန်တရား ထိုက်ကြပါသည်တဲ့၊ ကုန်သွားရော၊ ပြန်ပြီး တခေါက် နားထောင်စမ်း၊ ဘုန်းကြီး ပြန်ပြီး ဟောပြမယ်။**

အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မသ ပုရေဇာတပစ္စယေန ပစ္စယော။ အာရမ္မဏပုရေဇာတ်-အရဟာ စက္ခု အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။

အင်မတန်ရွတ်ကောင်းပါတယ်။ သောတံ ယာနံ ဇိဝှံ ကာယံ ရူပေ သဒ္ဒေ ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေ ဝတ္ထုံ၊ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပသ္သတိ။ ဒီဗ္ဗေန စက္ခုနာ ရူပံ ပသ္သတိ။ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏာတိ။ ရူပါယတနံ စက္ခုဝိညာဏဿ ပုရေ-ဇာတပစ္စယေန ပစ္စယော။ သဒ္ဒါယတနံ (ပ) ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဿ ပုရေဇာတ-ပစ္စယေန ပစ္စယော။

ဆရာတော်။ ။ဦးဉာဏ ဟောစမ်း။

ဦးဉာဏ။ ။တခေါက် ဟောသည်။

ဆရာတော်။ ။အားလုံး ၃-ခေါက်လောက် ပြန်ဟောစမ်းပါ။

သံယာတော်များ။ ။၃-ခေါက် ဟောကြသည်။

ဆရာတော်။ ။အဗျာကတော အဗျာကတသ္မိံ ကုန်ရော။ ကဲ ရေးထားတာကလေး ပြန်ကြည့်၊ အဗျာကတော ကုသလသ္မိံ။ ပစ္စည်း အဗျာကတ ဒီ နိပ္ပန္နရုပ်ဘဲ၊ ကုသလသ္မိံ အရ ဘာရှိသတုန်း၊ မဟာကုသိုလ်စိတ် ၈-ခု ရှိတယ်။ ပြီးတော့ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ ကုသိုလ် အဘိညာဉ်တွေ ရှိတယ်၊ ခုတင်က အတိုင်းဘဲ ဟောတယ် သတိပြုစမ်း။

အဗျာကတော ဓမ္မော ကုသလသ္မိံ ဓမ္မသ္မိံ ပုရေဇာတပစ္စယေန ပစ္စယော။ အာရမ္မဏပုရေဇာတံ ပစ္စည်းက အတူတူဘဲ မဟုတ်လား (မှန်ပါ)။ စက္ခုံ ဒိလိုသွားမှာဘဲ။ သို့ပေမဲ့ ပစ္စယုပ္ပန်နှင့် ပုဂ္ဂလကတ္တား ဒီမှာထည့်ဖို့ ချိန်ရတယ်။ မဟာကုသိုလ်စိတ်ဆိုတာ ရဟန္တာသန္တာန်မှာ ဖြစ်သေးရဲ့လား (မဖြစ်ပါ)။

ဘယ်သူ့သန္တာန်မှာ ဖြစ်သလဲမေးလျှင် ပုထုဇဉ်တွေသန္တာန်မှာ ဖြစ်နိုင်တယ်။ ဦးပဉ္စင်းတို့ ဘုန်းကြီးတို့သန္တာန်မှာ ဖြစ်ကောင်းတယ်နော်။ သောတာပန် သကဒါဂါမ် အနာဂါမ် ခေါ်တဲ့ သေက္ခပုဂ္ဂိုလ်တွေသန္တာန်မှာ ဖြစ်ကောင်းတယ်။ အဲဒါတွေဟာ ပုဂ္ဂလကတ္တား ဖြစ်တယ်တဲ့။

ဒါကြောင့် သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ-လို့ထည့်၊ သေက္ခပုဂ္ဂိုလ် ၃-ယောက်ဘဲ ဖြစ်ဖြစ်, ပုထုဇဉ်ပုဂ္ဂိုလ်တွေဘဲဖြစ်ဖြစ် ထိုပုဂ္ဂိုလ်တွေသန္တာန်မှာ မဟာကုသိုလ်ဖြစ်ပါတယ်။ အဲဒါကလေးထည့်တာ ထူးတယ်။ ကျန်တာ ခုတင်က အတိုင်းဘဲ။ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပသ္သန္တိ-လို့ ဒီကကတ္တား ဗဟုဝုစ်မို့လို့ ကြိယာ ဗဟုဝုစ်ဘဲ ချနော်။ တူတူဘဲ သောတံ ယာနံ ဇိဝှံ ကာယံ ရူပေ သဒ္ဒေ ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေ ဝတ္ထုံ၊ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပသ္သန္တိ၊ အဘိညာဉ်ရတယ် မဟုတ်လား (မှန်ပါ)။

ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿန္တိ၊ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏန္တိ၊ ဒိလိုဟောပါ။ (မှန်ပါ)။

ခုတင်တုန်းက ရူပါယတနံ စက္ခုဝိညာဏဿ-လို့ ဟောရာ ပစ္စယုပ္ပန်မှာ ဒွေပဉ္စ ဝိညာဉ် ၁၀-ရှိတယ် မဟုတ်ဘူးလား (မှန်ပါ)။ အခုရှိရဲ့လား (မရှိပါ)၊ မရှိလျှင် မဟောနဲ့တော့ ပေါ့။ ဒါပါဘဲ၊ မှတ်မိတယ်နော်။ လွယ်ပါတယ် လွယ်လွယ်ကလေးရယ်။

နောက်တခုဆက် အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ ပုရေဏတ-ပစ္စယေန ပစ္စယော။ အာရမ္မဏပုရေဏတံ-အကုသိုလ်ဆိုတော့ ဘယ်သူဖြစ်သလဲ မမေးပါနဲ့တော့ မဲကျပြီးသားဘဲနော်။ စက္ခုံလို့ ပစ္စည်းထားလိုက်၊ ပစ္စယုပ္ပန်က အကုသိုလ်ဒွါဒသဆိုတာ ဘယ်သူလဲ။ လောဘမူစိတ် ၈-ခု, ဒေါသမူ စိတ် ၂-ခု, မောဟမူစိတ် ၂-ခု၊ ဒီလိုမဟုတ်လား (မှန်ပါ)။ လောဘမူစိတ် ၈-ခုကို အာမိတုန်းက အတိုင်းထား။ ဒီတော့ အာမိတုန်းက ဘာတွေ တဲ့တုန်း၊ အဿာဒေတိ၊ အဘိနန္ဒတိ (မှန်ပါ)။ ဟိုမှာတုန်းကတော့ အာမိမို့လို့ တံ ဂရုံ ကတ္တာလို့ သုံးတယ်။ ဒီက အာမိ မဟုတ်ဘူး။ အာပု ဖြစ်နေတော့ တံ အာရဗ္ဘလို့သုံး (မှန်ပါ)။ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဒီကြိယာ ၄-ချက်က ဘယ်သူ့အတွက်လဲ မေးလျှင် လောဘမူစိတ် ၈-ခုအတွက် (မှန်ပါ)။

ပြီးတော့ ဒေါသမူစိတ်, မောဟမူစိတ် ၂-ခုကို ဟောတယ်။ အဲဒီမှာ မောဟမူ ဆိုတာက လောဘမူ ဒေါသမူကို ကြည့်ပြီးတော့ အရှင်အနုရုဒ္ဓါလက်ထက် သရုပ်ခွဲတော့ ခေါ် ကြပုံရတယ်။ ပါဠိတော်ကြီးတွေကြည့်လျှင် မောဟမူလို့ သိပ်ပြီးမသုံးဘူးတဲ့။ ဘယ်လိုသုံးသလဲ။ တရားကိုယ်အတိုင်း သုံးတယ်။ တရားကိုယ်က ဘယ်သူတုန်း ဝိစိကိစ္ဆာနဲ့ ဥဒ္ဓစ္စ၊ အဲဒီနာမည်ကိုသုံးတယ် (မှန်ပါ)၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ပြီးတော့မှ ဒေါသမူတွေ အတွက် ဒေါမနဿံ ဥပ္ပဇ္ဇတိ။

ဘာပိုသလဲ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ ဒါဘဲ ဆုံးနေပြီ။ ကျန်တာ ပစ္စည်းတွေ ပေါင်းလိုက်တော့ သောတံ ဃာနံ (ပ) ဝတ္ထုံဆိုတော့ ခုတင်က အတိုင်းမဟုတ်လား၊ ဘာတဲ့ အဿာဒေတိ၊ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ ကုန်ရောမဟုတ်လား (မှန်ပါ)။ ဆက်ပေးစမ်းပါ ဦးဥာဏ။

ဦးဥာဏ။ ။ကုသလနှင့် အကုသလပဒါဝသာနကို တခေါက်ဟောသည်။

ဆရာတော်။ ။အားလုံးတခေါက် ဟောစမ်းပါ။

သံဃာတော်များ။ ။တခေါက်ဟောကြသည်။

ဆရာတော်။ ။ပုရေဇာတပစ္စည်းထဲက အာရမ္မဏပုရေဇာတတဲ့၊ ဒေသနာတော် မြတ်စွာဘုရား ဟောတော်မူတဲ့အတိုင်း ပေါင်းလိုက်ကြဦးစို့။

အာပုမှာ ဗျာဗျာ, ဗျာကု, ဗျာအကုလို့ ၃-ချက်ရှိသလို ဝတ်ပုမှာလဲ ဒီအတိုင်းဘဲ မဟုတ်လား။ သတိထား။ ဒါဖြင့် အားလုံးရွတ်ရအောင်။

အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မသ ပုရေဇာတပစ္စယေန ပစ္စယော။ ပုရေ ၂-မျိုးမဟုတ်လား။ ထုံးစံအတိုင်း ၂-မျိုးရှိလျှင် ခေါင်းစဉ်ထုတ်လိုက်။ အာရမ္မဏပုရေဇာတံ ဝတ္ထုပုရေဇာတံ။ အာရမ္မဏပုရေဇာတံဆိုတော့ အခုကလေးတင် ဟောပြီးတယ် မဟုတ်လား။ ဘာတဲ့ အရဟာ စက္ခုံ စသည်ပေါ့ ဟုတ်လား(မှန်ပါ)၊ ဘယ်မှာ သွားဆုံးသလဲ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏသ ပုရေဇာတပစ္စယေန ပစ္စယောလို့ ဒီမှာ ဆုံးတယ်မဟုတ်လား (မှန်ပါ)။

ပြီးတော့မှ ဝတ္ထုပုရေဇာတံလို့ ဆက်လိုက်တော့ စက္ခာယတနံ စက္ခုဝိညာဏသ ပုရေဇာတပစ္စယေန ပစ္စယော။ စောစောတုန်းကတော့ နိဿယပစ္စယေန မဟုတ်လား (မှန်ပါ)၊ အစဉ်အတိုင်းဟော။ ကာယာယတနံ ကာယဝိညာဏသ ပုရေဇာတပစ္စယေနပစ္စယော။ ပြီးတော့ကော ဝတ္ထု ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။ ဒီမှာ ပုရေချည်းဘဲနော် (မှန်ပါ)။ ဒါက ဘာတုန်း ဗျာဗျာမှာ အာပု, ဝတ်ပု ၂-ချက်။

ထို့အတူ အဗျာကတော ဓမ္မော ကုသလသ ဓမ္မသ ပုရေဇာတပစ္စယေန ပစ္စယော။ ၂-မျိုးဘဲ မဟုတ်လား။ အာရမ္မဏပုရေဇာတံ ဝတ္ထုပုရေဇာတံလို့ မာတိကာထား။ ပြီးတော့မှ ပြန်ကောက်လိုက်တော့ အာရမ္မဏပုရေဇာတံ ခုတင်ကဟောပြီးသွားတယ်နော်။ သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စသည်ဖြင့် ဘယ်သွားဆုံးသတုံ-ဒိဋ္ဌာယ သောတာဓတုယာ သဒ္ဒံ သုဏာတိ။

ဝတ္ထုပုရေဇာတံ–ကျတော့ ဘယ်လို ဟောခဲ့သလဲ၊ ဝတ္ထု ကုသလာနံ ခန္ဓာနံ ပုရေဇာတပစ္စယေန ပစ္စယော။ အစဉ်ကို မှတ်ထားပါ။ ဦးပဉ္စင်းတို့ ရပြီးသားဘဲ။

ထို့အတူ– အဗျာကတော အကုသလသ ဓမ္မသ ပုရေဇာတပစ္စယေန ပစ္စယော။ ၂-မျိုးဘဲရှိလို့ အာရမ္မဏပုရေဇာတံ ဝတ္ထုပုရေဇာတံလို့ မာတိကာထားပါ။ အာရမ္မဏပုရေဇာတံ စက္ခုံ အသာဒေတိ-အစရှိသည်ဖြင့် ဟောမယ်။ နောက်ပိတ်ဆုံး ဒေါမနသဲ ဥပ္ပဇ္ဇတိ ဆုံးတယ်။

ဝတ္ထုပုရေဇာတံ–ကျတော့ ဘာတဲ့တုန်း။ ဝတ္ထု အကုသလာနံ ခန္ဓာနံ ပုရေဇာတ-ပစ္စယေန ပစ္စယော။ အဲဒီကျမှ ဒေသနာတော် စုံတယ်နော်။ ကဲ ဖြည်းဖြည်းတခေါက် ဟောကြစမ်းပါ။

သံယာတော်များ။ ။ပုရေဇာတ အစအဆုံး တခေါက်ဟောကြသည်။

ဆရာတော်။ ။ပုရေပြီးတော့ ပစ္စာသွားဖို့ဘဲ။ အချိန်တွေ ကုန်သွားပြီ။ သုဒ္ဓသန္ဓာ ဖတ်စမ်းပါ။ ရအောင်။ နက်ဖြန် သီတင်းနေ့။ အဲဒီ သုဒ္ဓသန္ဓာကလေးတွေ ကြိုးစားကျက်ခဲ့။ မရသေးတာကော ရပြီးသားရော ရပြီးသားလဲ ထပ်ကျက်ရ မယ်နော်၊ ကျေနေပေစေ။

နောက်ပိုင်းမှာ မိဿက ၂-ပုဒ် ကျန်သေးတယ် မဟုတ်လား (မှန်ပါ)။ ဦးသူရိယဖတ်စမ်း၊ ပစ္စာဇာတာဟာရ မိဿက သုဒ္ဓသန္ဓာ။

ပစ္စာဇာတာဟာရမိဿကသုဒ္ဓသန္ဓာ

ဦးသူရိယ။ ။**ပစ္စာဇာတာဟာရမိဿက-ရသော အတ္ထိ, အဝိဂတပစ္စည်း၏** သုဒ္ဓသန္ဓာ ဝါရဋ္ဌ-ဝုဋ္ဌော မနောဒ္ဓါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော တိဇ, စတုဇကာယအား ကာလတူ တပြိုင်နက် တပ်ကောင်းသော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ, ကုသိုလ်စိတ် ဧကဝီသ, စေတသိက် ဒွေပညာသ အစိတ်အပေါင်း နာမက္ခန္ဓာ၊ ဝုဋ္ဌော မနောဒ္ဓါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသောစိတ်နှင့် အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ဩဇာ၊ ဤတရားတို့သည် ပစ္စာဇာတာဟာရ မိဿက-ရသော အတ္ထိ, အဝိဂတပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သန္ဓာ ဒွေ။ ပစ္စည်းရေ ၂-ဟူသည်တည်း။ **သန္ဓာ ဒွေဟူသော်ကား** ကုသလာဗျာကတော အဗျာကတသ, အကုသလာဗျာကတော အဗျာကတသ ဟူသည်တည်း။ ပစ္စည်းရေ ၂-ဟူသော် ကား အတ္ထိ အဝိဂတဟူသည်တည်း။

ဆရာတော်။ ။အဲဒီတပုဒ်ရလို့ ကျေနေမှ နောက်တပုဒ်ကို ဆက်ကျက်ရတယ်၊ ဒီတပုဒ်မရဘဲနှင့် နောက်တပုဒ်ကူးလျှင် ရောကုန်မှာဘဲ၊ နောက်ဟာက ဘာတုန်း ပစ္စာဇာတိန္ဒြိယမိဿက-ရသော . . . ဖတ်စမ်း။

ပစ္စာဇာတိန္ဒြိယမိဿကသုဒ္ဓသန္ဓာ

ဦးသူရိယ။ ။**ပစ္စာဇာတိန္ဒြိယမိဿက-ရသော အတ္ထိ, အဝိဂတပစ္စည်း၏** သုဒ္ဓသန္ဓာ ဝါရဋ္ဌ-ဝုဋ္ဌော မနောဒ္ဓါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ကမ္မဇကာယအား ကာလတူ တပြိုင်နက် တပ်ကောင်းသော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ,

ကုသိုလ်စိတ် ဧကဝိသ, စေတသိက် ဒွေပညာသ အစိတ်အပေါင်း နာမက္ခန္ဓာ၊ ဝုဋ္ဌော မနောဒ္ဓါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော ရုပ်ဇီဝိတိန္ဒြေ၊ ဤတရားတို့သည် ပစ္ဆာဇာတိန္ဒြိယ-မိဿက-ရသော အတ္ထိ အဝိဂတပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သင်္ခ်ာ ဒွေ။ ပစ္စည်းရေ ၂-ဟူသည်တည်း။

သင်္ခ်ာ ဒွေဟူသော်ကား ကုသလာဗျာကတော အဗျာကတသ, အကုသလာဗျာကတော အဗျာကတသ ဟူသည်တည်း။ **ပစ္စည်းရေ ၂-ဟူသော်**ကား အတ္ထိ အဝိဂတ-ဟူသည်တည်း။

ဆရာတော်။ ။သင်္ခ်ာရော ပစ္စည်းရေရော အတူတူဘဲ မဟုတ်လား (မှန်ပါ)၊ ပစ္စည်းနေထိုင်ပုံလဲ အတူတူဘဲ။ နာမ်တရားအနေနှင့် အတူတူဘဲ ပြောပါတော့။ ရုပ်တရားအနေနှင့် ပစ္စယုပ္ပန်မှာ ပဌမသုဒ္ဓသင်္ခ်ာက တိဇ စတုဇ။ ဒုတိယသုဒ္ဓသင်္ခ်ာက ကမ္မဇကာယတမျိုးတည်း ရှိတယ်မဟုတ်လား (မှန်ပါ)။

ပစ္စည်းအနေနှင့် ပဌမသုဒ္ဓသင်္ခ်ာက ဘာတုန်း ဩဇာ၊ ဒုတိယသုဒ္ဓသင်္ခ်ာက ရူပဇီဝိတိန္ဒြိယ။ ဒါကလေး ကွာတာဘဲ။ တပုဒ်ရလျှင် နောက်က အလိုလို ရတယ်။ ပြီးတော့ လက်ရင်းနား ပြန်စမ်းပါ၊ အနန္တရမျိုး သုဒ္ဓသင်္ခ်ာ ၃-ပုဒ်ရှိတယ်။ အဲဒါ ဖတ်စမ်းပါ ပြီးသွားအောင်။

အနန္တရ သုဒ္ဓသင်္ခ်ာ

ဦးသူရိယ။ ။**အနန္တရပစ္စည်း၏** သုဒ္ဓသင်္ခ်ာဝါရဋ္ဌ-ရဟန္တာတို့၏ စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာအားတပ်သော ရဟန္တာတို့၏ စုတိကြဉ်သော ရှေးရှေးသော အလုံးစုံသော စိတ်တခုယုတ်ကိုးဆယ်, စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဤတရားတို့သည် အနန္တရပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခ်ာ သတ္တ။ ပစ္စည်းရေ ၅-ဟူသည်တည်း။

သင်္ခ်ာ သတ္တဟူသော်ကား ကုသလော ကုသလသ, ကုသလော အဗျာကတသ၊ အကုသလော အကုသလသ, အကုသလော အဗျာကတသ၊ အဗျာကတော အဗျာကတသ, အဗျာကတော ကုသလသ, အဗျာကတော အကုသလသ ဟူသည်တည်း။ **ပစ္စည်းရေ ၅-ဟူသော်ကား**—အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ဟူသည်တည်း။

ဆရာတော်။ ။သင်္ခါ သတ္တဆိုတော့ သတ္တ-ရတာ သဟအင်္ဂယ် ၇-ပစ္စည်းလဲ ရတယ်။ အဲဒီ ၇ ပစ္စည်းနှင့် တူသလားလို့ မေးလျှင် သဟအင်္ဂယ်တွေက ကု ၃-ချက်, အကု ၃-ချက်, ဗျာ ၁-ချက် ရတယ်။ ဒီက ကု ၂-ချက်, အကု ၂- ချက်, ဗျာ ၃-ချက် ရတယ်။

အဲဒီလိုဘဲ လေ့လာပြီး ညှိကြည့်ရတယ်နော်။ ဒီတော့မှ နောက်ကို ဘယ်ဒင်းက ဘာလျှောနေတယ်၊ ဘယ်သူက အရေအတွက် တူပေမဲ့ တရားအရ-က မတူဘူး တူတယ်လို့ ပေါ်လာမယ်။ နောက်တခု ဖတ်စမ်းပါ အာသေဝန သုဒ္ဓသင်္ခါ။

အာသေဝန သုဒ္ဓသင်္ခါ

ဦးသူရိယ။ ။**အာသေဝနပစ္စည်း၏** သုဒ္ဓသင်္ခါဝါရဋ္ဌ-ပဋ္ဌမဇော, ဖိုလ်ဇောကြည်သော နောက်နောက်သော ဇောဧကပညာသအားတပ်သော အဆုံးဇော ကြည်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ၊ ဤတရားတို့သည် အာသေဝနပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခါတိဏိ။ ပစ္စည်းရေ ၆-ဟူသည်တည်း။

သင်္ခါတိဏိ ဟူသော်ကား- ကုသလော ကုသလဿ, အကုသလော အကုသလဿ, အဗျာကတော အဗျာကတဿ ဟူသည်တည်း။ **ပစ္စည်းရေ** ၆-ဟူသော်ကား-အာသေဝန အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတဟူသည်တည်း။

ဆရာတော်။ ။ခုတင်က ပစ္စည်းရေ ရလျှင် ရတာဘဲ မဟုတ်လား ခုတင်က ၅-ပစ္စည်းပေါ် ဘာတိုးနေသလဲ၊ အာသေဝန တိုးပါတယ်။ သင်္ခါ တိဏိ ဆိုတာ က အညမည, သမ္မယုတ္တတို့ရတဲ့ တိဏိဘဲ မဟုတ်ဘူးလား (မှန်ပါ)။ နောက်တခု ဖတ်စမ်းပါ။ အနန္တရကမ္မသုဒ္ဓသင်္ခါ။

၉
အနန္တရကမ္မ သုဒ္ဓသင်္ခါ

အနန္တရကမ္မပစ္စည်း၏ သုဒ္ဓသင်္ခါဝါရဋ္ဌ-မဂ္ဂါနန္တရဖိုလ်လေးခုအား တပ်သော မဂ်လေးခု စေတနာ၊ ဤတရားတို့သည် အနန္တရကမ္မပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။ သင်္ခါ ၉ကဲ့။ ပစ္စည်းရေ ၆-ဟူသည်တည်း။

သင်္ခါ ၉ကဲ့ ဟူသော်ကား—ကုသလော အဗျာကတဿ ဟူသည်တည်း။ ပစ္စည်းရေ ၆-ဟူသော်ကား ကမ္မ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတဟူသည်တည်း။

ဆရာတော်။ ။အဲဒီ ၃-ပုဒ်ရယ်, ခုတင်က ၂-ပုဒ်ရယ် နက်ဖြန် သီတင်းနေ့ဘဲ ကျေနေအောင် ကျက်ခဲ့ကြ၊ ကဲ တော်ကြဦးစို့။

အတ္ထိ ၆-မျိုးဇယား

သင်္ချာ	ပဒ	ပဒါဝသာန	သဟဇာတံ	ပုရေဇာတံ	ပစ္ဆာဇာတံ	အာဟာရံ	ဣန္ဒြိယံ
၁	ကု	ကု	။				
၂	။	ဗျာ	။		။		
၃	။	ကုဗျာ	။				
၄	အကု	အကု	။				
၅	။	ဗျာ	။		။		
၆	။	အကုဗျာ	။				
၇	ဗျာ	ဗျာ	။	။	။	။	။
၈	။	ကု		။			
၉	။	အကု		။			
၁၀	ကုဗျာ	ကု	။	။			
၁၁	။	ဗျာ	။		။	။	။
၁၂	အကုဗျာ	အကု	။	။			
၁၃	။	ဗျာ	။		။	။	။
			၉	၃	၃	၁	၁

ဤသင်္ကေတဖြင့် မိဿကကို ညွှန်ပြ၏။

မိဿက ၃-မျိုး။ ။ကုသလတိုက် ပဌာန်း ပါဠိတော်၌—

၁။ သဟပုရေမိဿက ၂။ ပစ္ဆာဇာတာဟာရမိဿက

၃။ ပစ္ဆာဇာတိန္ဒြိယမိဿက-ဤ ၃-မျိုးကိုသာ ဟောစ်။

အတ္ထိ ၆-မျိုးတဲ့။ ဟိုနေ့က ဇယား နည်းနည်းကလေး ပြောထားတော့ ပြန်ကြည့်၊ ဇယားခေါင်းစီးမှာ အပေါ်ဆုံးအကြောင်း လက်ရင်းက ဘာရေးထားသလဲ။ သင်္ချာ-ပဒ-ပဒါဝသာနလို့ ကွက်စိပ်ကလေး ၃-ခု ရေးထားတယ်။ ဒီနောက် ဆက်ပြီးတော့ ကွက်ကျယ် ၅-ခုပြထားတယ်၊ အဲဒီ ၅-ခုက ဘာတွေ ရေးထားသလဲ၊ ပဌမအကွက်က (သဟဇာတံ) ဒုတိယအကွက်က (ပုရေဇာတံ)

တတိယအကွက်က (ပစ္ဆာဇာတံ) နောက်တကွက်က (အာဟာရ) နောက်တကွက် (ကြွန်ဒြယ်) ၅-ကွက်ရှိတယ်။

အဲဒီ ၅-ကွက်သည်ပင်လျှင် အတ္ထိ ၅-မျိုးလို့ အမျှားသုံးတယ်။ ပဋ္ဌာန်းအဋ္ဌကထာကလဲ အတ္ထိ ၅-မျိုးလို့ဘဲ ဖော်ပြပါတယ်။ ဘုန်းကြီးတို့က ခေါင်းစီးတပ်ပေးတော့ ဘာတပ်ထားသတုန်း။ အတ္ထိ ၆-မျိုးလို့ တပ်တယ်ဟုတ်လား (မှန်ပါ)၊ အဲဒီ အတ္ထိ ၆-မျိုး ဖြစ်လာတာ ဘယ်လိုကြောင့် ဖြစ်လာတာလဲလို့ မေးလျှင် ဒုတိအကွက်ကို ကြည့်စမ်း၊ ပဋ္ဌမအကွက်ကတော့ သဟဇာတံဆိုလျှင် သဟဇာတမျိုး အတ္ထိတွေ ပါမှာပေါ့ ဟုတ်လား။ ဒုတိယအကွက်ကျတော့ ပုရေဇာတံလို့ တွေ့တယ်မဟုတ်လား (မှန်ပါ)၊ အဲဒီမှာ ပုရေဇာတက ၂-မျိုးရှိသည်တဲ့။ အမှတ်တမဲ့တော့ ပုရေဇာတံဆိုလျှင် မြုပ်နေတတ်တယ်။ ၂-မျိုးက ဘယ်သူလဲ။ အာရမ္မဏ ပုရေဇာတတ္ထိတမျိုး, ဝတ္ထုပုရေဇာတတ္ထိတမျိုးလို့ ၂-မျိုးရှိပါတယ်။ အဲဒီအထဲမှာ မြုပ်နေတဲ့ ၂-မျိုးကို ဖော်ပြီးတော့ ဘုန်းကြီးတို့က အတ္ထိ ၆-မျိုးလို့ သုံးတယ်နော်။

တိတိကျကျကလေး ဒါမျိုးကလေးတွေကို မှတ်ထားခဲ့။ အဲဒီ ပဉ္ဉာဝါရမှာ အတ္ထိ ၆-မျိုးစလုံး ဟောနေပေမဲ့ သတိပြုခဲ့၊ နောက်တွေ့လတ္တံ့ဖြစ်တဲ့ ပစ္စယနိဒ္ဒေသတို့ ဆဝါရတို့ ကျပြီလို့ဆိုတဲ့ အချိန်ကျတော့ မရသင့်တဲ့ အတ္ထိ, ရသင့်တဲ့ အတ္ထိလို့ ခွဲပြီး ပြောတဲ့အခါ ဒီကမူရင်းကို နားလည်ထားခဲ့ရတယ်။

အဲဒီတော့ ဒီနေ့ ပဉ္ဉာဝါရအနေနှင့် အတ္ထိပါဠိတော် ဘယ်လို ဟောမလဲ။ သခ်ၦာနံပါတ် ၁၊ မနေ့က ပြောတယ် ဂရုစိုက်ကြည့်လိုက်စမ်း။ ပဒက-ကု, ပဒါဝသာနက-ကု။ ပုဒ်မ (။) ဘယ်နေရာမှာ တွေ့သလဲ၊ (သဟဇာတံမှာ တွေ့ပါတယ်)၊ သဟဇာတံ တခုတည်း မဟုတ်လား။ အဲဒီမှာ တွေ့လို့ရှိယင် သဟဇာတံမှာ ဟောတဲ့အတိုင်း ဟော။

ကုသလော ဓမ္မော ကုသလသဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ ကုသလော ဇကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ဣတ္ထိပစ္စယေန ပစ္စယော။ သဟတုန်းက ဒီအတိုင်း မဟုတ်လား (မှန်ပါ)၊ အဝိဂတပစ္စည်းကျတော့လဲ ဒီအတိုင်း ဟောရတယ်။ နားလည်ပြီနော်။ တယော ဇကေသ, ဒွေ ဒ္ဝိန္နံနှင့် ဟော။

သခ်ၦာနံပါတ် ၂-ဂရုစိုက်ကြည့်စမ်း ကုဗျာ။ ပုဒ်မ ဘယ်နေရာမှာရှိသလဲ (သဟဇာတံနှင့် ပစ္ဆာဇာတံမှာ ရှိပါတယ်)။ ၂-မျိုးရှိလျှင် မာတိကာစဉ်လိုက် ကုသလော ဓမ္မော အဗျာကတသဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ သဟဇာတံ, ပစ္ဆာဇာတံ မာတိကာစဉ်ပါ၊ ပြီးတော့မှ ပြန်ကောက်တော့ သဟဇာတာ ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ ပစ္ဆာဇာတာ ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

ပစ္ဆာဇာတာ ကုသလာ ခန္ဓာ ပုရေဇာတသ ဣမသ ကာယသ အတ္ထိပစ္စယေန ပစ္စယော။ ဒါဘဲပေါ့ (မှန်ပါ)။

ပြီးတော့ နံပါတ် ၃-သွားတော့ ကု-ကုဗျာ ဆိုတော့ ပုဒ်မ သဟတချက်တည်း မဟုတ်လား (မှန်ပါ)၊ သဟတုန်းက အတိုင်းဘဲ ဟော။ ဘာတုန်း ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဒီလိုဟောသွားမှာ မဟုတ်လား။ နားလည်တယ်နော် (မှန်ပါ)။

အဲဒါ ကု ၃-ချက် မမှားမယွင်းရအောင် ဂရုပြုကြပါ။ ပထမဦးစွာ ဦးသူရိယ ဟောကြည့်စမ်း ကုသလပဒ ၃-ချက်။

ဦးသူရိယ။ ။ကုသလပဒ ၃-ချက် တခေါက်ဟောသည်။

ဆရာတော်။ ။အားလုံး ဖြည်းဖြည်း ညီညီကလေး ကုသလပဒ ၃-ချက် ဟောကြစမ်းပါ။

သံဃာတော်များ။ ။တခေါက်ဟောကြသည်။

ဆရာတော်။ ။ကုန်သွားရော ကု ၃-ချက်၊ အကု ၃-ချက် ဒီအတိုင်း မနေဘူးလား၊ ကုသလောက အကုသလော ဒါလောက်ဘဲ ထူးတယ် မဟုတ်လား၊ ဆက်ပြီး ဖြည်းဖြည်း ဟောကြစမ်းပါ။

သံဃာတော်များ။ ။အကုသလပဒ ၃-ချက် ဟောကြသည်။

ဆရာတော်။ ။အကုသလပဒ ၃-ချက် ပြီးပေါ့နော်၊ အဗျာကတပဒကို သတိပြုနားထောင်၊ ဘုန်းကြီး အစဉ်အတိုင်း ခပ်ကျဉ်းကျဉ်းကလေး ပြောပြသွားမယ်၊ အဲဒီအချိန်မှာ မှတ်ထားရတယ်၊ နို့မဟုတ် ယောင်ချာချာ ဖြစ်တတ်တယ်။

အဗျာကတပဒကျတော့ အလျားလိုက် ကြည့်စမ်းပါ၊ ပုဒ်မ ဘယ်နှစ်ခု တွေ့နေသလဲ။ ၅-ဌာနစလုံး ရှိနေတယ် မဟုတ်လား၊ အဲဒါကို သတိထားပေါ့။ ပါဠိတော်တွေက အတ္ထိ ၅-မျိုးစလုံး၊ တနည်း ၆-မျိုးစလုံးမှာ ရှိနေတာ ဗျာဗျာက-နော် (မှန်ပါ)။

၁-သဟဇာတတ္ထိ။ ။အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မသ အတ္ထိပစ္စယေန ၅-ကွက်စလုံးဆိုတော့ သဟဇာတံ, ပုရေဇာတံ, ပစ္ဆာဇာတံ, အာဟာရံ, ဣန္ဒြိယံ မာတိကာထား။ သတိနှင့် နားထောင်နော်။ ဟောစဉ်ကလေး ဘုန်းကြီး အကျဉ်းချုပ် ပြောသွားမယ်။

ပြီးတော့မှ ပြန်ကောက်လိုက်တော့ မာတိကာပြီးတော့ သဟဇာတော ဝိပါကာဗျာကတော ကိရိယာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ ဒီလိုမဟုတ်လား (မှန်ပါ)၊

တယော ဧကသ စိတ္တဇရုပ်၊ ဒွေ ဒ္ဋိန္ဒ စိတ္တဇရုပ် ဆိုတော့ ဒါဟာ ပဝတ္တိပြီးတာ မဟုတ်လား (မှန်ပါ)။

ပုဒ်မကလေးထဲမှာ စာတွေအများကြီးနော်။ ပဋ္ဌိသန္ဓိက္ခဏော ဝိပါကာဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ ဒီလို မဟုတ်လား (မှန်ပါ)၊ ပြီးတော့ လာခဲ့စမ်း တယော ဧကသ ကဋတ္တာ, ဒွေ ဒ္ဋိန္ဒ ကဋတ္တာ-ဆိုပြီး သူ့အကြောင်းက ပြီးသွားပြန်ရော မဟုတ်လား (မှန်ပါ)၊ ပြီးတော့ ဘာတုန်း-ခန္ဓာ ဝတ္ထုသ အတ္ထိပစ္စယေန ပစ္စယော, ဝတ္ထု ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော- ဒီရောက်မှ ပဋ္ဌိသန္ဓေကုန်တာနော် (မှန်ပါ)။

ရုပ်တွေသွားတော့ သတိထားစမ်းပါ။ မဟာဘူတ်တွေ တနေ့ကလို အကုန်လုံးမချွဲ့နဲ့။ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ အတ္ထိပစ္စယေန ပစ္စယော။ တယော မဟာဘူတာ ဧကသ မဟာဘူတသ အတ္ထိပစ္စယေန ပစ္စယော။ ဒွေ မဟာဘူတာ ဒ္ဋိန္ဒ မဟာဘူတာနံ အတ္ထိပစ္စယေန ပစ္စယော။ ဒီလိုမဟုတ်လား (မှန်ပါ)။

ပြီးတော့ မဟာဘူတာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ ကဲ-ကျန်တဲ့ မဟာဘုတ်တွေ ပေါင်းလိုက်ပါ၊ တခါတည်း ပြီးသွားအောင် ဗာဟိရ၊ အာဟာရသမုဋ္ဌာနံ၊ ဥတုသမုဋ္ဌာနံ ဒီ ၃-ခု ပေါင်းနော် (မှန်ပါ)၊ ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ၊ တယော ဧကသ၊ ဒွေ ဒ္ဋိန္ဒ၊ နောက်ပိတ်ဆုံး မဟာဘူတာ ဥပါဒါ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ ဗာဟိရရယ်, အာဟာရရယ်, ဥတုရယ် ၃-မျိုးပေါင်းထားခဲ့နော်၊ ရလဲရနေကြပြီမို့ အမှန်ကတော့ တခုစီ ဟောရမှာ (မှန်ပါ)။

နောက်ပိတ်ဆုံး အသညသတ္တာနံ ဧကံ မဟာဘူတံ ဆိုပြီး လျှောက်ဟော ထုံးစံအတိုင်း။ နောက်ပိတ်ဆုံး ဘာဖြစ်သတုန်း မဟာဘူတာ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော-ဆိုတော့ သဟအတွက် ကုန်ရောမဟုတ်လား (မှန်ပါ)။

၂-အာရမ္မဏပုရေဇာတတ္ထိ။ ။ပြီးတော့လာခဲ့၊ ပုရေဇာတံ ဆိုတော့ အာပု, ဝတ်ပု ၂-မျိုး မဟုတ်လား (မှန်ပါ)၊ အာပုက ဘာတဲ့တုန်း-အရဟာ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ သောတံ ဃာနံ ဇိဝှံ ကာယံ ရူပေ သဒ္ဒေ ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေ ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ ပြီးတော့ အဘိညာဉ်နော် (မှန်ပါ)၊ ပြီးတော့ ရူပါယတနံ စက္ခုဝိညာဏသ-အစဉ်အတိုင်း ဟောတော့ ဘယ်ရောက်သလဲ (ဖောဋ္ဌဗ္ဗာယတနံ ရောက်ပါတယ်)၊ မှတ်ထားခဲ့ကြနော်။ ပြီးတော့ ပေါင်းပြီး အရွတ်ခိုင်းတော့ လည်တယ်တယ် ဖြစ်တတ်တယ်။ ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏသ အတ္ထိပစ္စယေန ပစ္စယော။ ဒီရောက်မှ ဘာဆုံးသလဲ။ အာရမ္မဏပုရေ-ဇာတတ္ထိ ဆုံးတာနော် (မှန်ပါ)။

၃-ဝတ္ထုပုရေဇာတတ္ထိ။ ။ဆက်ခဲ့ပါ၊ ဝတ္ထုပုရေဇာတတ္ထိက ဘယ်သူတဲ့တုန်း- ဟိုက ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏသ၊ ဒီက စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယာယတနံ ကာယဝိညာဏသ ဒီလို သွားပါ။ ပြီးတော့ ဝတ္ထု ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော ဒီလို မဟုတ်လား (မှန်ပါ)။

၄-ပစ္ဆာဇာတတ္ထိ။ ။ပြီးတော့မှ ပစ္ဆာဇာတာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ ပုရေဇာတသ ဣမသ ကာယသ အတ္ထိပစ္စယေန ပစ္စယော (မှန်ပါ)။

၅-အာဟာရတ္ထိ။ ။နောက်ဟာတွေကျတော့ ပါဠိတော်ခေါင်းစီး မပေါ်ဘူး။ ကဗဠိကာရော အာဟာရော ဣမသ ကာယသ အတ္ထိပစ္စယေန ပစ္စယော။

၆-ဣန္ဒြိယတ္ထိ။ ။ပြီးတော့-ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

ဆရာတော်။ ။ဦးဉာဏဝရ တခေါက်ဟောစမ်းပါဦး။

ဦးဉာဏဝရ။ ။အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မသ (၀) ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

ဆရာတော်။ ။ဒါ အဗျာကတော အဗျာကတသ။ အတ္ထိ ၆-မျိုးစလုံးရနေတာ မဟုတ်လား။ ပုဒ်မ ဘယ်နှစ်ခုရှိသလဲ (၅-ခုရှိပါတယ်)။

ပြီးတော့ ဗျာ-ကုတဲ့ ဆက်နားထောင်စမ်းပါ။ ဗျာ ၃-ချက်ပြီးသွားအောင်လို့။ ဘယ်ဟာ အရင်ရှိသတုန်း (ပုရေဇာတရှိပါတယ်)၊ ပုရေဇာတ တမျိုးတည်းရှိတယ်။ ဗျာ အကုလဲ ဒီအတိုင်းဘဲ မဟုတ်လား သတိပြုနားထောင်စမ်း။

အဗျာကတော ဓမ္မော ကုသလသ ဓမ္မသ အတ္ထိပစ္စယေန ပစ္စယော။ ပုရေဇာတံ ဘာဆက်မလဲ သေက္ခာ ၀ါ ပုထုဇ္ဇနာ ၀ါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ ပြီးတော့ သောတံ, ဃာနံ, ဇိဝှံ, ကာယံ, (ပ) ဝတ္ထုံအထိ ဒီအတိုင်းဟောပါ။ ဒီဗွေန စက္ခုနာ ရူပံ ပဿန္တိ။ ဒီဗွာယ သောတဓာတုယာ သဒ္ဒံ သုဏန္တိ၊ သူက ဒါဘဲ ရှိတယ်မဟုတ်လား (မှန်ပါ)၊ ပြီးတော့ ဝတ်ပုက ဘာတဲ့တုန်း။ ဝတ္ထု ကုသလာနံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။

ပြီးတော့ ဗျာ-အကုကလဲ ဒီအတိုင်းလိုဘဲ သွားရမယ်မဟုတ်လား (မှန်ပါ)။ အဗျာကတော ဓမ္မော အကုသလသ ဓမ္မသ အတ္ထိပစ္စယေန ပစ္စယော။ ပုရေဇာတံ-စက္ခုံ အဿာဒေတိ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ သောတံ, ဃာနံ ဒီအတိုင်းဟော (မှန်ပါ)၊ ဝတ်ပုက

ဘာတဲ့တုန်း-ဝတ္ထု၊ အကုသလာနံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော-လို့ ဗျာ-ကုရယ်-ဗျာ-အကုရယ် ဦးဉာဏဟောစမ်း။

ဦးဉာဏ။ ။အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ (၀) အတ္ထိပစ္စယေန ပစ္စယော။

ဆရာတော်။ ။အားလုံးတခေါက် ဟောကြစမ်းပါ။ ဖြည်းဖြည်းကလေးစောင့်ပြီးတော့ ကြည်ညိုဖွယ်ဖြစ်အောင် ဟောကြစမ်းပါ။

သံယာတော်များ။ ။ဗျာပဒ ၃-ချက်ကို တခေါက်ဟောသည်။

ဆရာတော်။ ။ဗျာပဒမှာ ဗျာပဒါ၀သာန ၁-ချက်က တော်တော်များတယ်၊ မောမောကလေး ဖြစ်အောင် ရှင်ရတယ်။ မောစမ်းပါစေ ဒီဟာမျိုးကြောင့် မောရတာ။

ပြီးတော့ဘာတုန်း၊ ကုဗျာပဒ-ကု ကိုသွားတော့ ဦးပဉ္စင်းတို့ သင်ခဲ့ပြီးတဲ့ နိဿယတုန်းကပါတဲ့ သဟပုရေမိဿက မဟုတ်လား (မှန်ပါ)၊ အတ္ထိကျတော့ ပါဠိတော်မှာရှိတ်နည်းကလေး တမျိုးလေး ပါလာတယ်။ ဘုန်းကြီးနည်းနည်းရှိတ်ပြမယ်။ ကုသလော စ အဗျာ-ကတော စ ဓမ္မာ ကုသလဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ သဟဇာတံ, ပုရေဇာတံ ၂-မျိုးရှိမှန်းလဲ သိအောင်လို့ အတ္ထိကျတော့ ဒီအသုံးသုံးလာတယ်။ နိဿယတုန်းကတော့ သာမန် ဟောသွားတယ် မဟုတ်လား (မှန်ပါ)။

သဟဇာတံ, ပုရေဇာတံ-လို့ မာတိကာကလေး ထိုးပြီးတော့မှ သဟဇာတော ကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။ တယော ခန္ဓာ စ ဝတ္ထု စ ဧကဿ ခန္ဓဿ, ဒွေ ခန္ဓာ စ ဝတ္ထု စ ဒ္ဝိန္နံ ခန္ဓာနံလို့ ဟောပေါ့နော် (မှန်ပါ)။ ဒါက ဘာတုန်း (ကုဗျာ-ကုပါ)။

နောက်တချက်က ကုဗျာက ဗျာ ၁၁-နံပါတ်က သတိပြုပြီးကြည့်စမ်းပါ ဇယားဘုန်းကြီး ရေးပေးထားပုံကလေး၊ ဘယ်နှစ်ကွက် ရှိသလဲလို့။ ပုရေမှာ ချန်ပြီးတော့ ကျန်တဲ့ ၄-ကွက်မှာ အကုန်ရှိတယ် မဟုတ်လား (မှန်ပါ)၊ သဟမှာ ရှိတယ်, ပစ္ဆာမှာရှိတယ်, အာဟာရမှာရှိတယ်, ဣန္ဒြိယမှာရှိတယ်။ နောက်ပြီးတော့ သဘာ၀ကလေးတွေ နားလည်အောင်လဲ ဘုန်းကြီးပြောပေးမယ်။ ၄-ဌာနရှိတယ်။

၄-ဌာနရှိတော့ ဘယ်လိုလုပ်ပြီး ဟောမလဲ၊ ကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတသဿ ဓမ္မဿ အတ္ထိပစ္စယေန ပစ္စယော။ စဉ်လိုက်ပါ မာတိကာကို ရှိတဲ့အတိုင်း သဟဇာတံ, ပစ္ဆာဇာတံ, အာဟာရံ, ဣန္ဒြိယံ-ဒီလို မဟုတ်လား (မှန်ပါ)။ ဘာလျှော့တယ် ပုရေလျှော့တယ် (မှန်ပါ)။

အဲဒီနေရာမှာကြည့်လိုက် ဇယား[1]ကို။ သဟဇာတံ ဆိုတဲ့နေရာမှာ ပုဒ်မက ဘယ်သူနှင့်မျှ မရောမယှက်တဲ့ သုဒ္ဓသဟဇာတတ္ထိခေါ်တယ်။ ရောသေးသလား (မရောပါဘူး)။ သုဒ္ဓသဟဇာတခေါ်တယ်။

ပြီးတော့ နောက်ကျတော့ ရောပုံကလေးကို မျဉ်းပစ်ပြီးတော့ ဘုန်းကြီးက ရောပေးထားပါတယ်။ ပစ္ဆာနှင့် အာဟာရကို တချက် ပစ်ထားတယ် မဟုတ်လား (မှန်ပါ)။ မနေ့က ဦးပဉ္စင်းတို့ဟောတဲ့ ပစ္ဆာဇာတာဟာရမိသက (မှန်ပါ)။

နောက်တခါ ဒီပစ္ဆာကဘဲ ဘယ်ထိအောင် သွားလိုက်သတုန်း (ဣန္ဒြိယ ထိအောင် သွားပါတယ်)၊ ပစ္ဆာဇာတိန္ဒြိယမိသက (မှန်ပါ)၊ နောက်ပုဒ်မ ၃-မျိုးသည် ပစ္ဆာတည်ပြီးတော့ အာဟာရထည့်တာတမျိုး, ဣန္ဒြိယထည့်တာတမျိုးလို့ ၂-မျိုးသာ ရှိတယ်မဟုတ်လား (မှန်ပါ)။ မနေ့က နောက်ဆုံး ရွတ်ပေးလိုက်တယ် မဟုတ်လား (မှန်ပါ)။

ဒါကြောင့် ကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတသ ဓမ္မသ အတ္ထိ ပစ္စယေန ပစ္စယော။ သဟဇာတံ, ပစ္ဆာဇာတံ, အာဟာရံ, ဣန္ဒြိယံလို့ မာတိကာထား။ ပြီးတော့ မှ သဟဇာတာ ကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

နောက် မိသကသွား မနေ့ကလဲ ရွတ်ပြီးသား။ ပစ္ဆာဇာတာ ကုသလာ ခန္ဓာ စ ကဋဋိကာရော အာဟာရော စ ဣမသ ကာယသ အတ္ထိပစ္စယေန ပစ္စယော။ ဒါက ဘာမိသကတုန်း (ပစ္ဆာဇာတာဟာရမိသကပါ)။

နောက်တခုက ပစ္ဆာဇာတာ ကုသလာ ခန္ဓာ စ ရူပဇီဝိတိန္ဒြိယဉ္စ ကဋတ္တာရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ ဒီလိုမဟုတ်လား (မှန်ပါ)။ ဒါ ကုဗျာပဒ က ၂-ချက်ဆိုတော့ ၁၁-ချက် ရှိရောမဟုတ်လား (မှန်ပါ)။

ပြီးတော့ အကုဗျာပဒ-က ၂-ချက်ကိုတော့ ဒီအတိုင်း နေရမှာပေါ့နော်။ ဦးသုဇာတ ဟောစမ်း။

ဦးသုဇာတ။ ။အကုသလော စ အဗျာကတော စ ဓမ္မာ အကုသလသ ဓမ္မသ အတ္ထိပစ္စယေန ပစ္စယော။ သဟဇာတံ, ပုရေဇာတံ။ သဟဇာတော အကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။ တယော ခန္ဓာ စ ဝတ္ထု စ ဧကသ ခန္ဓသ အတ္ထိပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ စ ဝတ္ထု စ ဒွိန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော။

၁။ ဤကျမ်း၊ နှာ-၃၀၃-ရှိ အတ္ထိ ၆-မျိုး ဇယား ကြည့်။

အကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတသ ဓမ္မသ အတ္ထိ-ပစ္စယေန ပစ္စယော။ သဟဇာတံ, ပစ္ဆာဇာတံ, အာဟာရံ, ဣန္ဒြေယံ။ သဟဇာတာ အကုသလာ ခန္ဓာ စ မဟာဘူတာ စ စိတ္တသမุฏฐာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။ ပစ္ဆာဇာတာ အကုသလာ ခန္ဓာ စ ကဗဠီကာရော အာဟာရော စ ဣမသ္မိံ ကာယသ္မိံ အတ္ထိပစ္စယေန ပစ္စယော။ ပစ္ဆာဇာတာ အကုသလာ ခန္ဓာ စ ရူပဇီဝိတိန္ဒြိယဉ္စ ကဋတ္တာရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

ဆရာတော်။ ။ကုန်ရော အတ္ထိပါဋိတော်။ ဖြည်းဖြည်း ဟောကြစမ်းပါ။ ပဋ္ဌမအချက်က သဟပုရေ၊ ဒုတိယအချက်က သဟရယ် ပစ္ဆာဟာ ပစ္ဆာဣုတ်လား။

သံယာတော်များ။ ။တခေါက်ဟောကြသည်။

ဆရာတော်။ ။ကုန်သွားရော အတ္ထိပါဋိတော်။ အဝိဂတ ပါဋိတော်ကျတော့လဲ ဒီအတိုင်းဘဲ အတ္ထိပစ္စယေန ပစ္စယော နေရာမှာ အဝိဂတပစ္စယေန ပစ္စယော လို့ ပြင်ပြီး ဆိုရုံဘဲ ထူးတယ်။

ဒါကြောင့် နောက်နောင်သာသနာမှာ ဒီပဋ္ဌာန်းသာသနာကြီးကို မကွယ်မပျောက်အောင် စောင့်ရှောက်တဲ့နည်းအနေနှင့် ဘုန်းကြီးက လုပ်ပေးနေပါတယ်။

ကာမဇောဝါရ	ပဋ္ဌိ	ဘဝင်	၁၅/ ၁၆	ဇွန်း ၂	ပဋ္ဌဝိညာဉ် သံ တီ ဝု ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘဝင်
စျာန	ပ	ဥ	နု	ဂေါ	"စျာန်" စျာန် စျာန် ဘဝင်
မဂ္ဂ	။	။	။	ဂေါ/ဝေါ	မဂ် "ဖိုလ် ဖိုလ်" ဖိုလ်
ဖလသမာပတ္တိ	နု	နု	နု	နု	ဖိုလ် ဖိုလ် ဖိုလ် ဘဝင်
နိရောဓ သမာပတ္တိ	ပ	ဥ	နု	ဂေါ	နေဝကု ၂/နေဝကြို ၂ (နိရောဓ) အနာဂါမိဖိုလ်/အရဟတ္တဖိုလ် ဘဝင်
မရဏာသန္နဝိထိ	တဒါရုံ..... နောင် ကာမစုတိ ၁၀၊ ဇော = (အကု မဟာကု မဟာကြို) ။ ။ စုတိ-၁၉ တိဟိတ်စု ၁၃ ဘဝင်..... ။ ။				

ဒွိဟိတ် အဟိတ်စုတိ	၆	ကာမပဋ္ဌိသန္ဓေ ၁၀
ကာမတိဟိတ်စုတိ	၄	ပဋ္ဌိသန္ဓေ ၁၉
ရူပ ။	၅	သဟိတ်ပဋ္ဌိသန္ဓေ ၁၃
အာကာ ။	၁	ကာမတိဟိတ်ပဋ္ဌိသန္ဓေ ၄ အရူပပဋ္ဌိသန္ဓေ ၄
ဝိညာ ။	၁	။ ဝိညာ အာကိ နေဝပဋ္ဌိသန္ဓေ (၃)
အာကိ ။	၁	။ ။ ။ (၂)
နေဝ ။	၁	။ ။ (၁)

ဤမျှနှင့်ပင် အလွန်တရာ ခက်ခဲနက်နဲကျယ်ဝန်းလှသော အနန္တရပစ္စည်း၏ သဘာဝ အဓိပ္ပါယ် အသွယ်သွယ်နှင့် ပါဠိတော်, အရကောက် အကျဉ်းအကျယ်တို့ကို အပြည့်အစုံ နားလည်သဘောပေါက်ကာ လိုရာဖြည့်စွက် ပိုတာဖျက်က ကလေးများပင် သိမြင် ဉာဏ်ပွင့် လာပါလိမ့်မည်။ လေးလေးစားစား စဉ်းစားအားထုတ်ကြစေချင်ပါသည်။ အားထုတ်ကြပါ။

အနန္တရသုဒ္ဓသင်္ခ်ာအဆက်

ထားပါတော့ အတ္ထိ အဝိဂတပြီးသွားတော့ နတ္ထိနှင့် ဝိဂတ ကျန်တယ်မဟုတ်လား။ နတ္ထိနှင့် ဝိဂတ ဘယ်အမျိုးထဲကလဲ (အနန္တရမျိုးထဲကပါ)။ ကဲ ဒါဖြင့် မနေ့က ဘုန်းကြီးပြော လိုက်တဲ့ အနန္တရသွားကြစို့။

အခုလို ရေးတတ်အောင် ရေးခဲ့လို့ မနေ့က မှာလိုက်တာဘဲ ဝိထိကလေး ၄-၅ ကြောင်း။ ဦးပညာနန္ဒ အလွတ်ရေးတတ်ပလား (မှန်ပါ)၊ ဦးဉာဏဝရကော ရေးတတ်ပလား (မှန်ပါ)၊ စာမေးပွဲလုပ်ပြီး စာအုပ်လွတ်နှင့် ရေးခိုင်းဖို့ ကောင်းတယ်နော်၊ ရေးတတ်လျှင် တတ်ကြမှာဘဲ၊ မရေးတတ်လျှင်တော့ မတတ်ဘူးဘဲ၊ ဒါဟာ ဘုန်းကြီးက နည်းပေးနေတဲ့ တာဝန်ကျလာလို့ ဒါလောက်တော့ ရမှ ဖြစ်မယ်ဆိုလျှင်တော့ ရအောင်လုပ်ခဲ့။

အခု ဦးပဉ္စင်းတို့ ကုန်သွားတဲ့ မှိုငြမ်းပြုထားတဲ့ သဟကြီးတွေနှင့် စပ်တဲ့ သဟကြီး ဇယားကို အလွတ်ရေးတတ်ရတယ်၊ အတ္ထိ ၆-မျိုးဇယားဆိုတာ ဇယားကျယ်ဝန်းသလောက် ဘာမှ ခက်ခက်ခဲခဲ မှတ်စရာပါတာ မဟုတ်ပါဘူး။ ကုသလပဒ ၃-ကြောင်းပြီးသွားလျှင် အကုသလပဒက ၃-ကြောင်းက အလိုလိုပြီးနေတယ်၊ ဗျာပဒတကြောင်းကလဲ ပုဒ်မ ၅-ချက်စေ့အောင် ထည့်လိုက်ယင် ပြီးနေတာဘဲ၊ ဗျာကု, ဗျာအကုကလဲ ပုရေတချက်ထုတ်ရ တယ်၊ အောက်ကလဲဘဲ ကုဗျာ-ကုတို့က အမျိုးသိလျှင် နောက်မှာ အကုဗျာ-အကုက အလိုလို သိနေတယ်၊ ဒါကလေးတွေ လေ့ကျင့်ပြီး အလွတ်ရေးရေးပြီး ကြည့်ရတယ်။

ဘုန်းကြီးတော့ အဲဒါတွေဟာ အကုန်လုံးမြင်နေတာ၊ ဘယ်နားမှာ ဘာကလေး ရှိတယ်, ဘယ်နားမှာ ပုဒ်မကလေးရှိတယ်, ဘယ်နားမှာ ပုဒ်ထီးကလေးရှိတယ် အကုန်တွေ. တယ်၊ ဘယ်လောက်ကြီးတဲ့ ဇယားဖြစ်ဖြစ် အကုန်သိတယ်၊ ဘာဖြစ်လို့တုန်း ဂရစိုက်မှတ်လို့ ဇယားကြည့်လိုက်လျှင် ဘယ်နှစ်ကွက်, အထက်အောက်ကြည့်လျှင် ဘယ်နှစ်ကွက်။

အဲဒါ ဦးပဉ္စင်းတို့ ကြိုးစားစေဖို့ ပြောတာပါ၊ ကြွားနေတာမဟုတ်ပါဘူး၊ ထို့အတူ အနန္တရဝိထိမှာ အလွတ်ရေးတတ်အောင် ကြိုးစားလျှင် ဦးပဉ္စင်းတို့ အင်မတန်ခက်ပေဆိုတဲ့ အနန္တရကို ဘုန်းကြီးက အပင်ပန်းခံပြီးတော့ ပါဠိတော် အရကောက် နားလည်အောင် ပြောပေးမယ်။

အင်မတန် ပင်ပန်းအောင် ပြောရပါတယ်၊ အနန္တရမှာ ဦးပဋ္ဌင်းတို့ သက်သာသလောက် ဘုန်းကြီးမှာ မသက်သာပါဘူး။

မနေ့က အကျဉ်းချုပ် နောက်ပိတ်ဆုံးနည်း ပြောလိုက်တယ်၊ ဘာပြောလိုက်သလဲ၊ အလွတ်ရေးတတ်တယ်ဆိုလျှင် ရှိပေစေတော့နော် (မှန်ပါ)။

ကာမဇောဝါရဝိထိသရုပ်ခွဲ

ကာမဇောဝါရဝိထိမှာ သတ္တဝါတယောက်ရဲ့ ဘဝတခုစတဲ့ ပဋိသန္ဓေကစပြီး ရေးထားခြင်းကြောင့် ပဋိဆိုတဲ့ စာလုံးကလေး ကြည့်လိုက်လျှင် ကိုယ့်ဉာဏ်မျက်စိထဲမှာ သရုပ်စိတ်ပေါင်း ဘယ်လောက် တွေ့လိုက်ရသလဲ (၁၉-ခု တွေ့ပါတယ်)၊ ၁၉-ခုဟာ ဘယ်သူလဲ မေးလျှင် ဥပေက္ခာသန္တီရဏ ၂၊ မဟာဝိပါက်စိတ် ၈-ခု၊ မဟာဂျုတ် ဝိပါက် ၉-ခု၊ ပေါင်း ၁၉။

အဲဒီလို တွေ့ပြီးတော့ သူ့ကို တခါပြန်ပြီး လေ့လာရတယ်။ ဒို့ဟောနေတာက ကုသလတိုက် ဖြစ်ခြင်းကြောင့် တလုံးချင်း ဒီအတိုင်း သွားရမယ်နော် (မှန်ပါ)၊ ကုသလာ ဓမ္မာ, အကုသလာ ဓမ္မာ, အဗျာကတာ ဓမ္မာ ၃-မျိုးတို့တွင် ဘယ်အထဲ ဝင်သလဲ (အဗျာကတပဒထဲမှာ ဝင်တယ်)၊ ဘယ်ပဒထဲ ရှိသလဲမေးလျှင် အဗျာကတဒထဲ ရှိတယ်မဟုတ်လား (မှန်ပါ)။

တခါသွားပြန်ရော အဗျာကတသည် တချို့က အပို ထင်နေလိမ့်မယ်။ ဘုန်းကြီးပြောနေတာ မပိုပါဘူး။ လိုအပ်လို့ ဘုန်းကြီးက တိတိကျကျထုတ်ပြီး ပြောတာ။ **အဗျာကတသည်** ၂-မျိုး ရှိလာပြန်တယ်။ ဘယ်လို ၂-မျိုးလဲ၊ **ဝိပါက်တမျိုး, ကြိယာတမျိုး**လို့ ၂-မျိုးရှိမယ် မဟုတ်လား (မှန်ပါ)။

ကဲ-ကြည့်ပါလား၊ ပဋိသန္ဓေစိတ်သည် အဗျာကတလို့ ဦးပဋ္ဌင်းတို့ ဆိုပြီ။ ဝိပါက်အဗျာကတလား, ကြိယာအဗျာကတလား မေးလျှင် (ဝိပါက်အဗျာကတပါ)၊ ဝိပါက်အဗျာကတနော်၊ ရဲရဲ ဝန်ခံနိုင်ပစေ။ ကိုယ့်စိတ်ထဲမှာ တခါတည်း အံကျ ဆုံးဖြတ်ပြီးသား ဖြစ်ရမတဲ့။

နို့ ပဋိသန္ဓေသိလျှင် ဘဝင်ဆိုတာဘာလဲ၊ ကိစ္စတူတပ်တာဘဲ မဟုတ်လား (မှန်ပါ)၊ ဒီတော့ ဝိပါက်အဗျာကတ ၁၉-ပါးဘဲ မဟုတ်လား (မှန်ပါ)။

သတိပြု နားထောင်ကြပါ။ အာဝဇ္ဇန်း... ၎င်းကို ဘာခေါ်မလဲ (ကြိယာပါ)၊ ကြိယာအဗျာကတ-ဒီထိအောင် ဆိုပါနော်။ ပဉ္စဝိညာဉ်ကကော (ဝိပါက်အဗျာကတပါ)၊ ပဉ္စဝိညာဉ်မှာ သရုပ်ဘယ်လောက်ရှိသလဲ (၁၀-ရှိပါတယ်)၊ သမ္ပဋိစ္ဆိုင်းကော (ဝိပါက် အဗျာကတ)၊

သန္ဓီရဏ (ဝိပါက် အဗျာကတ)၊ ဝုဋ္ဌော (ကြိယာအဗျာကတ)၊ နားလည်ပြီနော်၊ အဗျာကတ တွေချည်းဘဲ။ ဝိထိ စကတည်းက တောက်လျှောက်လုံး ဒီအထိ အဗျာကတ။

ဇော-ဇော (၄-၄-၄) ဆိုပြီး သဝေထိုးကလေး ၇-လုံးရေးမထားဘူးလား (ရေးထား ပါတယ်)၊ ဦးပဋ္ဌင်းတို့ ဒီနေ့ ဘယ်နည်းနှင့်မျှ မပြီးဘူး။ ပါဠိတော်တောင် ဆိုချင်မှ ဆိုရမယ်။ နားလည်အောင် ပြောနေရတယ်။

ဇောဆိုတဲ့ သဝေထိုး ၇-ခုတို့တွင် ပဌမဆုံးဖြစ်တဲ့ ဇောဆိုတဲ့ သဝေထိုးကလေးကို ကြည့်စမ်း။ ရေးထားတော့ သဝေထိုးကလေး သေးသေးကလေး မဟုတ်လား။ သူ့အထဲမှာ သရုပ်ဘယ်လောက် ရှိသလဲလို့ ကြည့်ရတယ်။ ဒီတော့ ပြုန်းကနဲ မဖြေနိုင်လျှင် ဒီဝိထိရဲ့ နာမည် ဘာဝိထိ ခေါ်မယ် (ကာမဇောဝါရဝိထိ)။ ဒါဖြင့် ဒါဟာ ကာမဇော ရှိရမှာပေါ့။ ကာမဇောပေါင်း ဘယ်လောက်ရှိသလဲ (၂၉-ခု ရှိပါတယ်)၊ အဲဒီ ကာမဇော ၂၉ ဆိုတာ ဘယ်သူလဲ၊ ဟိုတနေ့က ဘုန်းကြီး အရေးခိုင်းတယ် သတိပြန်ပြုလိုက်စမ်း။ အကုသိုလ်စိတ် ၁၂၊ ဟသိတုပ္ပါဒ်-၁၊ မဟာကုသိုလ်ကြိယာ-၁၆၊ ပေါင်းတော့-၂၉။ ဦးပဋ္ဌင်းတို့ သင်ကြားဟ်မှာ ခေါ်တုန်းက ကာမဇော တခုယုတ် သုံးဆယ် (မှန်ပါ)၊ အဲဒါတွေကလဲ တခုယုတ်လို့ခေါ်တာက တချို့မသိဘူး။ ဘာသာပြန်ပြောမှ သိကြရတယ်။ တခုယုတ်ခေါ်တာက အတော် အသုံးနည်းတယ် ပြောပါတော့ လူ့လောက၊ ဘုန်းကြီးလောကမှာတော့ စ-သင်ကတည်းက ဒီအတိုင်း သင်လာတော့ သိသိ-မသိသိ တခုယုတ် သုံးဆယ်တော့ ခေါ်တတ်တာဘဲ။

အဲဒါ သံယောင်လိုက်ပြီး ရွာထဲက တချို့ဒကာကြီးတွေက တချို့မဏ္ဍာပ်ထဲမှာ လဘက်ရည်ပွဲကြီးကို ရှေ့ချပြီးတော့ စိတ်တခု ရုပ်ကိုးဆယ် ရှိတယ်ဗျ။ အာဘောင် အာရင်းနဲ့ ပြောပြီး လဘက် နှိုက်လိုက်ပြန်ရော။ ပြီးတော့ သူ့ဟာသူ ပြန်ဖြေတယ် စိတ်ဆိုတာက မျှားတာ မဟုတ်ဘူး၊ တခုတည်းရှိတာ၊ ရုပ်ကျတော့မှ ကိုးဆယ်ရှိတာ။ သူတို့ဟာနဲ့ သူတို့ မသိတဲ့လူက ပြောတော့ နားမလည်တဲ့လူတွေမို့ ကြောင်နေတာဘဲ။

ဒီမှာ ဘုန်းကြီးကတော့ ၁၉, ၂၉ ဒီလိုသွားတယ်။ အားလုံး နားလည်အောင်လို့။ ထားပါတော့၊ ပြန်နားထောင်စမ်း-အကုသိုလ် ၁၂ ဟသိတုပ္ပါဒ်က ၁၊ မဟာကုသိုလ်ကြိယာ ၁၆၊ ပေါင်းတော့ ၂၉၊ သဝေထိုးကလေး တလုံးတလုံးမှာ အဲဒီ ၂၉-ပါးသော တရားတွေ ရှိနေတယ်၊ လေ့လာကြပါနော်။

ဒါဖြင့်လျှင် ဒီသဝေထိုးကလေး တလုံးကို ကုသလတိက်နှင့် ဝေဖန်လျှင် ကုသလာ ဓမ္မာ အရ ဘာတရားရှိသတုန်း (မဟာကုသိုလ်စိတ် ၈-ခုရှိပါတယ်)၊ မဟာကုသိုလ်စိတ်က ၈-ခုရှိတယ်။ ဒီသဝေထိုးကလေးထဲမှာ ရနေတယ်။ အကုသလာ ဓမ္မာ အရ မေးလျှင်ကော (အကုသိုလ်စိတ် ၁၂-ခုရှိပါတယ်)၊ အဗျာကတာ ဓမ္မာ အရမေးလျှင် (ဟသိတုပ္ပါဒ်နှင့် မဟာ

ကြိယာ ၈-ခု)၊ ကာမကြိယာဇော ၉-ခုလို့ တနေရာမှာ သုံးတတ်တယ်။ ဟသိတုပ္ပါဒ်ရယ်, မဟာကြိယာစိတ် ၈-ခုရယ် အဲဒါကို ကာမကြိယာဇော ၉-ခုလို့ ခေါ်တယ်၊ မှတ်ထားကြစမ်းပါ။ နောက် ဒီဥစ္စာကို နှစ်ခေါက် သုံးခေါက် ပြန်လာဦးမယ်။ သွားရော အဲဒါ သဝေထိုးကလေး ၇-လုံးရှိတာ ဒီအတိုင်းချည်းဘဲ သရုပ်တွေရှိတယ်နော်၊ ၉-ခုချည်းရှိတာဘဲ (မှန်ပါ)။

ပြီးတော့ နောက်တိုးလိုက်စမ်း၊ ဇောနောက်က ဘယ်သူလဲ (တဒါရုံ ရှိပါတယ်)၊ သူ့အထဲမှာ သရုပ်ဘယ်လောက်ရှိသလဲ (၁၁-ခုရှိပါတယ်)၊ ဘယ်သူတွေပါလိမ့် (သန္ဓိရဏ ၃-ခု၊ မဟာဝိပါက်စိတ် ၈-ခု)၊ သူတို့ကို တိကန္ဒင့် ဝေဖန်လျှင် ဘာခေါ်မလဲ (အဗျာကတ ခေါ်ပါတယ်)၊ ဘာအဗျာကတလဲ (ဝိပါက်အဗျာကတခေါ်ပါတယ်)။

တချို့ကပြောတယ်၊ ဒါခက်လွန်းလို့တဲ့။ ဒါလောက်များ လျှောက်ပြောနေရသေးတယ်၊ ခက်လိုက်တာမှ တကယ်မသိတာ၊ အမှတ်တမဲ့မေးလျှင် မရဘူး၊ သူ့နောက်က ဘဝင်ဆို။ စောစောက ဘဝင်အတိုင်း သူက ဘာဖြစ်မယ်၊ ၁၉-ပါးသော ဝိပါက်အဗျာကတတဲ့။ ကာမဇောဝါရ ဒါလောက်တင်ထားခဲ့။ နောက်မှ ပြန်လာဦးမယ်။

စျာနဝိထိသရုပ်ခွဲ

ပြီးတော့ အောက်နားက စျာနဝိထိတဲ့။ မနေ့က ခပ်ကျဉ်းကျဉ်းပြောထားတယ်။ ဘာစတယ်-ပရိကံ ဥပစာ အနုလုံ ဂေါတြဘူလို့ စာကလေး ၄-လုံးရေးထားတယ်၊ အဲဒီ ၄-လုံးတို့တွင် ပဌမဆုံးတွေ့တဲ့-ပ-စောက်ကလေး ပရိကံဆိုတဲ့ အထဲမှာ သရုပ် ဘယ်လောက်ရှိသလဲလို့ တခါကြည့်၊ ဘယ်လောက်ရှိသင့်သလဲ၊ အရှင်အနုရုဒ္ဓါက ဘာပြောသလဲ၊ 'ဉာဏသမ္ပယုတ္တ ကာမာဝစရ ဇဝနာန မဋ္ဌန္ဆ-' ဒီလိုသုံးတယ် မဟုတ်လား (မှန်ပါ)၊ 'အညတရသ္မိံ ပရိကမ္မောပစာရာနုလောမဂေါတြဘုနာမေန' ဒီလိုမဟုတ်လား (မှန်ပါ)၊ ဘယ်အပိုင်းထဲက မှန်းတော့မသိဘူး၊ ရမ်းပြီးရွတ်နေရတာ။ ဦးဉာဏဝရ ဘယ်အပိုင်းထဲကတုန်း (ဝိထိပိုင်းကပါ)။

ဒါဖြင့် ပ-စောက်နဲ့ ပြထားတဲ့ ပရိကံထဲမှာ ဘယ်လောက်ရှိသလဲ မေးလျှင် (၈-ခု ရှိပါတယ်)၊ အဲဒီ ၈-ခုဟာ ဘယ်သူလဲလို့ မေးလျှင် ဉာဏသမ္ပယုတ် ကာမာဝစရဇောတဲ့။ ဉာဏသမ္ပယုတ် ကာမာဝစရဇောဆိုတာ ဘယ်သူလဲမေးလျှင် မဟာကုသိုလ်က ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟာကြိယာက ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ အဲဒါ စျာနဝိထိမှာရနေတဲ့ ပရိကံ တရား ၈-ခု ဒီလိုသိပါနော် (မှန်ပါ)။

ထို့အတူ ဥပစာ အနုလုံ ဂေါတြဘူမှာလဲ ဒီ ၈-ပါးဘဲ ရှိတာဘဲ။ အညတရသ္မိံ ပရိကမ္မောပစာရာနုလောမဂေါတြဘုနာမေန=ပရိကံ, ဥပစာ, အနုလုံ ဂေါတြဘူလို့ နာမည်ပေးထားပါတယ်တဲ့။ နားလည်အောင် နားထောင်ကြပါ။

ကောင်းပြီး အဲဒီနောက် ဆက်ရေးထားတဲ့ စျာန်မှာ စျာန်တကြိမ်ရေးပြီးတော့ ကော်မာ အပြခိုင်းထားတယ် မဟုတ်လား (မှန်ပါ)၊ အဲဒီ စျာန်ဆိုတဲ့စာလုံးထဲမှာ သရုပ် ဘယ်လောက် ရှိသလဲ။ ဘုန်းကြီး သရုပ်ခွဲ သင်ပေးတဲ့အခါ စိတ်ပိုင်းမှာ ဆိုလို့ရှိယင် စျာန်စိတ်ဆိုပြီး သန့်သန့် ခွဲပေးတယ်။ စျာန်စိတ်ဆိုတာ ဘယ်သူ့ပေးလိုက်သတုန်းမေးတော့ မဟာဂျုတ်နှင့် လောကုတ္တရာကို ပေးတယ်။ နားလည်အောင် နားထောင်ပါ။ သို့ပေမဲ့ လောကုတ္တရာ မဂ် ဖိုလ်တို့က သီးသန့် လာလတ္တံ့ဖြစ်၍ ဒီနေရာမှာ စျာန်ဆိုတာ မဟာဂျုတ်တရားကို ယူရတယ်။

နို့ မဟာဂျုတ်စိတ် ၂၇-ခုစလုံး ရမှာလား မေးယင် သတိပြုပါ။ ဒီနေရာက ဇောနေရာ။ ဇောနေရာဖြစ်ခြင်းကြောင့် မဟာဂျုတ်ဝိပါက်သည် ဇောကိစ္စတပ်ပဲ့မလား (မတပ်ပါ)၊ ဒီတော့ ဘယ်သူရှိမလဲ (ကုသိုလ်နှင့် ကြိယာရှိပါတယ်)၊ မဟာဂျုတ်ကုသိုလ် ၉-ခု, ကြိယာ ၉-ခု၊ ပေါင်း ၁၈-ခုရှိတယ်။

စျာန်-စျာန်လို့ ရေးထားတဲ့ စာလုံးတွေမှာ သရုပ် စိတ်ဘယ်လောက်ရှိသလဲ မဟာဂျုတ် ကုသိုလ်က ၉-ခု, ကြိယာ ၉-ခု၊ ပေါင်း ၁၈-ခု ရှိတယ် နားလည်ပြီနော် (မှန်ပါ)။

စျာနဝိထိနှစ်မျိုး

ပြီးတော့မှ ပဌမရေးတဲ့စျာန်မှာ ကော်မာပြလျှင် နောက်ထပ် စျာန် ၂-ကြိမ် ထပ်ရေး ခိုင်းတယ် မဟုတ်လား (မှန်ပါ)၊ ဘာဖြစ်လို့ စျာန်ကလေးနှစ်လုံး ခွဲထားသလဲလို့ မေးလျှင် သဏ္ဌိဟ်အနေအားဖြင့် စျာနဝိထိသည် အကြမ်းဖျင်းအားဖြင့် နှစ်မျိုးရှိတယ်။ ဘယ်လိုနှစ်မျိုး လဲမေးလျှင် အာဒိကမ္မိကဝိထိ, သမာပဇ္ဇနဝိထိလို့ နှစ်မျိုးရှိတယ်။'

အာဒိကမ္မိကဝိထိသရုပ်ခွဲ

ဘယ်လိုရှိရမယ် (အာဒိကမ္မိကဝိထိ, သမာပဇ္ဇနဝိထိလို့ ရှိပါတယ်)။ ဦးပဉ္စင်းတို့ နှုတ်ထဲရောက်စေချင်လို့ ထပ်မေးနေတာ။ အာဒိကမ္မိကက ဘယ်လိုဟာလဲ, သမာပဇ္ဇနက ကော ဘာခေါ်သလဲလို့မေးလျှင် သတိနှင့် နားထောင်၊ စျာန်ရခြင်းဌာ အလိုရှိသော ယောဂီ ပုဂ္ဂိုလ်သည် ပဌမစျာန်ပြောကြပါစို့၊ ပဌမစျာန်ရကြောင်းဖြစ်တဲ့ ကသိုဏ်းအစရှိတဲ့ တရားတွေ ကို ပွါးများအားထုတ်သဖြင့် နောက်ပိတ်ဆုံး စျာန်ရချိန်သင့်လို့ စျာန်ရတော့မယ်ဆိုတော့ အခုတွေ့တဲ့အတိုင်း ပရိကံ ဥပစာ အနုလုံ ဂေါတြဘူလို့ သူတို့သန္တာန်မှာ ပေါ်လာတယ်။ ပေါ်လာပြီးတဲ့နောက် စျာန်ဆိုပြီးတော့ တကြိမ်တည်း ဖြစ်တယ်။ အဲဒီစျာန်ဆိုတဲ့ တကြိမ် လဲဖြစ်ပြီးရော ဘဝင်ကျသွားတယ်။ ဒါဟာ အစဆုံး သူ့ရဲ့အားထုတ်မှုကြောင့် ပေါ်လာတဲ့

စျာနဝိထိ မဟုတ်လား။ ဒါကြောင့် ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ စျာန် မဟုတ်လား။ ပြီးတော့ ဘာချတယ် ဘဝင်။ အာဒိကမ္မိကအတွက် တကြိမ်ခွဲထားလိုက်တယ်။

သမာပဇ္ဇနဝိထိသရုပ်ခွဲ

အဲဒီလို စျာန်ကလေး ရလာတော့ အာဒိကမ္မိကနောက်က ဘာဝိထိ ခေါ်တယ် (သမာပဇ္ဇနဝိထိ)၊ **စျာနသမာပဇ္ဇနဝိထိ** ခေါ်တယ်၊ ပဌမစျာန် ရသွားရော။ ရသွားတာနဲ့ တပြိုင်နက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီးတော့ ငါရနေတဲ့ ငါရလိုက်တဲ့ ငါရထားတဲ့ ပဌမစျာန်သည် ဘယ် အခြေအနေ, ဘယ် သဘောတရား, ဘယ်အင်္ဂါများရှိသလဲလို့ ပြန်ပြီးတော့ ဆင်ခြင်စဉ်းစားတဲ့အခါ ဝင်စားတဲ့အခါ စျာန်ဝင်စားတဲ့အခါ ပြောတာနော် (မှန်ပါ)၊ ဘာခေါ်မလဲ (စျာနသမာပဇ္ဇနဝိထိ)။

အဲဒီအချိန်ကျတော့ ဒီမှာ ၂-ကြိမ်လောက် ထပ်တိုးပြီး ရေးထားပေမဲ့ သတိပြုပါ။ စျာန်စိတ်သည် အသချေ့်အနန္တ ရေတွက်၍မရအောင် ဖြစ်နိုင်၏။ ဖြစ်နေတဲ့ စျာန်စိတ်တွေ ဦးပဉ္စင်းတို့ လျှောက်ပြီး ရေးမယ်ဆိုလို့ရှိယင် စက္ကူတောင် မလောက်ဘူး။ ဘာဖြစ်လို့ မလောက်သလဲမေးလျှင် သတ္တဝါတွေရဲ့ သန္တာန်မှာ နာမ်တရားဖြစ်ကြောင်းနှင့် စပ်ပြီးတော့ ဟောထားတဲ့နေရာမှာ-

ကေစ္ဆရာကဿ ကောဋ္ဌိသတသဟဿမတ္တာနိ စိတ္တာနိ ဥပ္ပဇ္ဇန္တိ[1]၊ မျက်စိတမှိတ် လျှပ်တပြက် လက်ဖျစ်တတွက်ခေါ်တဲ့ ကာလ အတောအတွင်းမှာ သတ္တဝါရဲ့ သန္တာန်မှာ စိတ္တကဿဏပေါင်း ကုဋေ တသိန်းလောက် ဖြစ်နိုင်တယ်တဲ့။ ဒီလိုဆိုတော့ စျာန်ရတဲ့ပုဂ္ဂိုလ်က စျာန်ဝင်စားတဲ့အခါ ကိုယ့်စျာန်ကလေးကို ပြန်ပြီး ကျေကျေနပ်နပ် နှစ်နှစ်သိမ့်သိမ့် ကိုယ်ရထားတဲ့ ပဌမစျာန်ကလေး ပြန်ပြီး ဝင်စားနေတယ်ဆိုတာ ဘယ်လောက် ကြာမလဲလို့မေးလျှင် ဘယ့်နှယ် ပြောပါ့မလဲ။ ဥပမာ-ဦးပဉ္စင်းတို့ နှစ်သက်တဲ့ ပစ္စည်းဝတ္ထု တခုခု ရမယ်ပြောပါတော့၊ သက်ရှိဘဲရရ, သက်မဲ့ဘဲရရ ကိုယ်နှစ်သက်တာကလေး ရလို့ရှိယင် ကြည့်လို့ဆုံးပါ့မလား၊ ဘယ်တော့မှ ပြီးမှာ မဟုတ်ဘူးနော်။

အဲဒီလို ကိုယ်နှစ်သက်တဲ့ ပစ္စည်းကလေးကို ကိုယ်ကြည့်လို့ မဝနိုင်သလို ကိုယ်လို ချင်လို့ ရှာထားတဲ့ စျာန်ကလေး ပြန်ကြည့်နေတဲ့ အချိန်ဟာ ဘယ်လောက်ကြာမယ်လို့ မပြောနိုင်ဘူးတဲ့။

ဒါကြောင့် မျက်စိတမှိတ်ပင် ဝင်စားဦးတော့ စျာန်-စျာန်ဆိုတဲ့ စိတ်ပေါင်း ကုဋေ တသိန်းလောက် ဖြစ်ရမယ်။ ၅-မိနစ်လောက် ဝင်စားမယ်ဆိုတော့ နည်းရော့လား။ တနာရီ

၁။ နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ၊ နှာ-၉၂။ (အနည်းငယ်မတူ)

လောက်များ ဝင်စားနေမယ်ဆိုတော့ ပြောဖွယ်မရှိဘူး။ စျာန်စိတ်တွေရေးယင် မြင်းမိုရ်တောင်ကြီး လှည့်ပတ်ရေးတောင် ကုန်ချင်မှ ကုန်မယ်။ အဲဒါလောက်များတဲ့ စိတ်အစဉ်ဖြစ်တယ်။

ဒါကြောင့် ဒါလောက်များတာတွေ အကုန်မရေးဘဲနဲ့ စျာန်- စျာန်လို့ သာမန် ၂-ကြိမ်လောက် ထပ်ရေးထားလိုက်တာဘဲ၊ ဘယ်လိုဘဲ ရေးထားထား ဒီအထဲမှာ ဘာရှိသလဲ မေးလျှင် မဟာဂျုတ်ကုသိုလ်က ၉-ခု၊ မဟာဂျုတ်ကြိယာက ၉-ခု၊ ဒါဘဲရှိတယ် (မှန်ပါ)၊ အကြမ်းဖျင်းပြောတာ၊ နောက် ပြန်ပြီး စိစစ်စရာကလေးတွေ ရှိသေးတယ်။

သတိပြု- သူ့နောက်မှာ ဘာရှိသလဲ ဘဝင်ရှိတယ်၊ အဲဒီ ဘဝင်ကတော့ ခုတင်ကကာမဇောဝါရဝီထိတုန်းက တွေ့ခဲ့တဲ့ ဘဝင်လိုဘဲ ၁၉-ဖြစ်ရမှာလားလို့ မေးလျှင် သတိပြုလိုက်စမ်း၊ စျာန်ရတယ်, မဂ်ရတယ်, ဖိုလ်ရတယ်ဆိုတဲ့ ပုဂ္ဂိုလ်မျိုးဟာ ပုထုဇဉ် ၄-မျိုးတို့တွင် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်မျိုးသာ ရကောင်းတယ် (မှန်ပါ)၊ အရိယာတွေက အကုန်လုံး ရနိုင်တယ်၊ ပုထုဇဉ်ဆိုလျှင်တော့ တိဟိတ်သာ ရကောင်းတယ်။

ဒါကြောင့် စျာနဝီထိနှင့် အောက်နားမှာ တွေ့လတ္တံ့, မဂ္ဂဝီထိ, ဖလသမာပတ္တိဝီထိ, နိရောဓဝီထိ၊ အောက်ကို တခါတည်း လှမ်းပြောထားတယ်နော်၊ (မှန်ပါ)၊ မဂ်ဖိုလ်နှင့်စပ်တဲ့ ဝီထိ, စျာန်နှင့်စပ်တဲ့ ဝီထိတွေ အဆုံးမှာရှိတဲ့ ဘဝင်သည် ထို စျာန်မဂ်ဖိုလ်တရားတို့ကို ပုထုဇဉ်အနေအားဖြင့် တိဟိတ် သို့မဟုတ် အရိယာပုဂ္ဂိုလ်များသာ ရနိုင်သောကြောင့် တိဟိတ်ဘဝင် တေရသကိုသာ ချကောင်း၏။ အဟိတ်ဘဝင်လဲ မချနဲ့၊ ဒွိဟိတ်ဘဝင်လဲ မချရဘူး၊ တိဟိတ်ဘဝင် ဘယ်လောက် (၁၃-ပါး ပါ)၊ စျာနဝီထိကို အကျဉ်းချုပ် အဓိပ္ပါယ် ပြန်ပြောနေတယ်။

မဂ္ဂဝီထိသရုပ်ခွဲ

ပြီးတော့ မဂ္ဂဝီထိ လာခဲ့စမ်း၊ မဂ္ဂဝီထိလာတော့ ခုတင်ကလိုဘဲ ပရိကံ ဥပစာ အနုလုံလို့ မပါဘူးလား (ပါပါတယ်)။ စျာနဝီထိလိုဘဲနော်၊ ပြီးတော့မှ တုံးကလေးခြားပြီးတော့ အပေါ်က ဂေါ, အောက်က ဝေါ $\frac{(ဂေါ)}{(ဝေါ)}$ ဂေါတြဘူ, ဝေါဒါန်ကို အကျဉ်းချုပ်ရေးတယ် မဟုတ်လား၊ ပြီးတော့ မဂ်, ပြီးတော့ ဖိုလ်, ၂-ကြိမ် သို့မဟုတ် ၃-ကြိမ်၊ ထို့နောက် ဘဝင် ချထားတယ်။

စျာနဝီထိတုန်းက ပရိကံ ဥပစာ အနုလုံ ဂေါတြဘူခေါ်တဲ့ နေရာမှာ သရုပ် ဘယ်လောက်ရှိသလဲလို့ မေးတော့ ဦးပဉ္စင်းတို့က ဘယ်လောက် ပြောထားတယ် (၈-ပါး ရှိပါ

တယ်)။ ဘယ်သူလဲမေးလျှင် မဟာကုသိုလ် ဉာဏသမ္မယုတ်စိတ် ၄-ခု, မဟာကြိယာဉာဏသမ္မယုတ်စိတ် ၄-ခု၊ ပေါင်း ၈-ခုရှိတယ်လို့ ပြောခဲ့ပြီ။ ထပ်တလဲလဲပြောပါ၊ ထပ်တလဲလဲ ဖြေပါ၊ ဒါမှ ကျေနေမယ်။

အခု မဂ္ဂဝိထိမှာကော ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ ဝေါဒါန်လို့ ရှိလာပြန်တယ်။ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္မယုတ် ၈-ခုစလုံး ရမှာလားလို့မေးလျှင် သတိပြုပါ၊ ကြိယာမရနိုင်ဘူး။ မဟာကုသိုလ် ဉာဏသမ္မယုတ် ၄-ခုသာ မဂ္ဂဝိထိမှာရှိမယ်။

မှတ်ထားကြပါ တိတိကျကျ။ တော်တော်နေတော့ ပရိကံချင်း တူလျက်သားနှင့် သရုပ်မတူဘဲရှိလာလျှင် ယောင်ချာချာ ဖြစ်လာမယ်။ ဒါကြောင့် သဘာဝအဓိပ္ပါယ်ပါ ဘုန်းကြီးပြောပေးမယ်။

စျာနဝိထိကို ပြန်နှလုံးသွင်းလိုက်စမ်းပါ၊ စျာန်ရတယ်ဆိုတာ ခုတင်က ဘုန်းကြီးပြောခဲ့တယ်၊ ဘယ်ပုဂ္ဂိုလ်များ ရသလဲ၊ ပုထုဇဉ်ထဲက တိဟိတ်, သို့မဟုတ် အရိယာ (မှန်ပါ)၊ အရိယာမှာလဲ သေက္ခရယ် အသေက္ခရယ် ၂-မျိုး မကွဲဘူးလား (ကွဲပါတယ်)၊ သေက္ခပုဂ္ဂိုလ်ဆိုတာ သောတာပန်, သကဒါဂါမ်, အနာဂါမ်၊ အသေက္ခဆိုတာက ရဟန္တာပုဂ္ဂိုလ်။ အဲဒီပုထုဇဉ်ရော အရိယာရောဟာ စျာန်ကို ရအောင်အားထုတ်မှ ရတာ၊ အားမထုတ်လျှင် မရဘူး။ လိုချင်မှ အားထုတ်တယ်။ အားထုတ်မှလဲ ရတယ်။

ဦးပဉ္စင်းတို့ စာလိုပေါ့၊ မလိုချင်လျှင် မရဘူး။ လိုချင်မှ ရတယ်။ လိုချင်တိုင်းကော ရသလားမေးတော့ အားထုတ်မှ ရမှာ။

ငယ်စဉ်က နားလည်တာက တမျိုးကိုး။ ဘယ်လိုနားလည်သတုန်း ဆိုတော့ ရဟန္တာမှန်လျှင် ကောင်းကင်ပျံနိုင်တာချည်း ထင်နေတာ (မှန်ပါ)၊ ဒါက ကလေးသိ။ ဒီထက် နည်းနည်းကလေး တိုးပြီးသိလာတော့ ရဟန္တာဆိုလျှင် စျာန်ရတယ်, မိုးပေါ်ပျံသွားနိုင်တယ်, ၄ုက်တွေလို သွားလို့ ဖြစ်တယ်လို့ ငယ်စဉ်က နားလည်နေတယ်။

ဘယ်ဟုတ်မလဲ စျာန် အဘိညာဉ်ရမှ ကောင်းကင်ပျံနိုင်တာ။ ရဟန္တာဖြစ်တာနဲ့ စျာန်ရတာနဲ့ တခြားစီ။ ရဟန္တာ ဖြစ်နေပေမဲ့လဲ ဦးပဉ္စင်းတို့လို ဘုန်းကြီးတို့လိုဘဲ မြေပြင်လျှောက်သွားနေတဲ့ မြေလျှောက် ရဟန္တာတွေ အများကြီး။ စျာန်ရတဲ့ ရဟန္တာလဲ အများကြီး ရှိတယ်။

အဲဒီတော့ သတိပြုလိုက်စမ်း။ စျာနဝိထိမှာ ပရိကံမှာ မဟာကုသိုလ် ဉာဏသမ္မယုတ်စိတ် ၄-ခု, မဟာကြိယာ ဉာဏသမ္မယုတ်စိတ် ၄-ခု ထားရတာက တိဟိတ်ပုထုဇဉ်နှင့် သောတာပန် သကဒါဂါမ် အနာဂါမ် အထိ သေက္ခပုဂ္ဂိုလ် ၃-ယောက်အတွက်၊ ဝိထိကျလျှင်

ပရိုက်(စသည်)သည် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု ဖြစ်ရတယ်။ နားလည်ကြရဲ့လား (မှန်ပါ)။ ဘာတဲ့တုန်း (ပုထုဇဉ်နှင့် သေက္ခအတွက် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု)။

ရဟန္တာကိုယ်တော်ကြီး စျာန်ရခါနီးမှာ ပေါ်တဲ့ ပရိုက်(စသည်)ဖြစ်လျှင်တော့ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခု။ ဒါကြောင့်မို့ ၈-ခု ဖြစ်နေတာ။

ကြပ်ကြပ်လေ့လာစမ်းပါ။ ဦးပဉ္စင်းတို့ ဒီနေရာမှာ ဘုန်းကြီးက ပဋ္ဌာန်းလုပ်ပြီး ပြောရတာကို မောလွန်းလို့။ အမှန်က ဒါတွေ ပဋ္ဌာန်းကို မဟုတ်သေးဘူး။ ပဋ္ဌာန်းနားလည်အောင်လို့ သင်ကြိုးပ်ပြောနေတာ (မှန်ပါ)။

မဂ္ဂဝိထိရှေ့မှာ ကုသိုလ်ဉာဏသမ္ပယုတ်သာ

မဂ္ဂဝိထိကြည့်စမ်း၊ သောတာပတ္တိမဂ္ဂဝိထိ, သကဒါဂါမိမဂ္ဂဝိထိ, အနာဂါမိမဂ္ဂဝိထိ, အရဟတ္တမဂ္ဂဝိထိ အကြမ်းဖျင်းရေးလျှင် ၄-ခုစလုံး ဒီအတိုင်းချည်း နေမယ်မဟုတ်လား (မှန်ပါ)။

ဒီတော့ သောတာပတ္တိမဂ္ဂဝိထိချလိုက်တော့ ပရိုက် ဥပစာ အနုလုံ ဂေါတြဘူ ပြီးတော့ (မဂ်)၊ ဘာမဂ်တုန်း၊ သောတာပတ္တိမဂ်။ ပြီးတော့ ဖိုလ်ကလဲ သောတာပတ္တိဖိုလ်။ ထို့နောက် ဘဝင် မဟုတ်လား (မှန်ပါ)။

ပြန်စဉ်းစားစမ်း၊ ပရိုက် ဥပစာ အနုလုံ ဂေါတြဘူအထိ ထိုပုဂ္ဂိုလ်ဟာ အရိယာလား ပုထုဇဉ်လား မေးလျှင် ဘာပြောမလဲ (ပုထုဇဉ်ပါ)၊ ပုထုဇဉ်ဘဲ ရှိသေးတယ်။ ပြီတော့မှ မဂ်ကူးမှ သောတာပန် အရိယာဖြစ်မှာ မဟုတ်လား (မှန်ပါ)၊ ဒါဖြင့် ပရိုက် ဥပစာ အနုလုံ ဂေါတြဘူက ပုထုဇဉ်သန္တာန်မှာ ဖြစ်နေတယ်မဟုတ်လား၊ ဘာခေါ်မလဲ၊ မဟာကုသိုလ်လား၊ မဟာကြိယာလားမေးလျှင် (မဟာကုသိုလ်ပါ)၊ ကျေနပ်တယ်နော် (မှန်ပါ)။

သောတာပန်ကြီးတော့ ဖြစ်သွားပြီ။ ကောင်းပြီ မှတ်ထားစမ်းပါ။ သကဒါဂါမိမဂ်ကို ရလိုပြန်ပြီ သောတာပန်က၊ သကဒါဂါမိမဂ်ရကြောင်း ဆိုပြီးတော့ ဝိပဿနာတရားတွေ အနိစ္စ ဒုက္ခ အနတ္တလို့ ပွါးများ အားထုတ်လိုက်တော့ သောတာပန်ကတခါ သကဒါဂါမ်ဖြစ်ဦးမလို့နော်။ လာခဲ့ပြန်ရော ဖြစ်ခါနီးတော့ ပရိုက်, ဥပစာ, အနုလုံ, ဝေါဒါန်-ဒီလို ဝိထိမကျပေဘူးလား (ကျပါတယ်)၊ အဲဒီ ဝေါဒါန်အထိ ထိုပုဂ္ဂိုလ်ဟာ သောတာပန်လား သကဒါဂါမ်လား မေးလျှင် (သောတာပန်ပါ) သောတာပန်ဘဲ ရှိသေးတယ်နော်။ မဂ်ကို ကူးတော့ မှ သကဒါဂါမ်။

နို့ သောတာပန်သန္တာန်မှာကော မဟာကြိယာက ဖြစ်မှာလား (မဖြစ်ပါ)၊ နားလည်ပေစေ။ အဆင့်ဆင့် လျှောက်ပြောပေးနေတယ်။

သကဒါဂါမ်ဖြစ်ပြန်ရော။ ကဲ သကဒါဂါမ်ဖြစ်ပြီးတဲ့နောက် အနာဂါမ်ဖြစ်ချင်လို့ အားထုတ်ပြန်ရော ဝိပဿနာတရားတွေကို၊ အနာဂါမ် ဖြစ်ခါနီးတော့ ဒီအတိုင်းဘဲ ဝိထိပေါ်လာမယ် မဟုတ်လား (မှန်ပါ)၊ ပရိကံ, ဥပစာ, အနုလုံ, ဝေါဒါန်-ဟုတ်လား (မှန်ပါ)။ အနာဂါမ်ဖြစ်ပလားမေးလျှင် (မဖြစ်သေးပါဘူး)၊ ဘာလဲ သူဟာ (သကဒါဂါမ်ပါ)။ မဂ်ဆိုတော့မှ အနာဂါမ်ဖြစ်တယ် (မှန်ပါ)။

နို့ ဒီသကဒါဂါမ်ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာကော မဟာကြိယာဖြစ်မှာလား (မဖြစ်သေးပါဘူး)၊ အခု အနာဂါမ် ဖြစ်သွားပြီနော် (မှန်ပါ)။

အနာဂါမ်ဖြစ်ပြီးတော့ ရဟန္တာဖြစ်အောင်ဆိုပြီးတော့ သခ်ါရေ အနိစ္စတော ဒုက္ခ-တော အနတ္တတော ဝိပဿတိဆိုပြီးတော့ တေဘူမက သခ်ါရတရားတွေကို အနိစ္စ ဒုက္ခ အနတ္တဆိုပြီး ဝိပဿနာ ပွါးများအားထုတ်နေလိုက်တာ ရဟန္တာဖြစ်တော့မလို့ဆိုပြီး လာခဲ့ရော၊ ဒီဝိထိ ပရိကံ, ဥပစာ, အနုလုံ, ဝေါဒါန်မှာ ရဟန္တာ ဖြစ်ပလား၊ မဖြစ်သေးဘူးလား (မဖြစ်သေးပါဘူး)၊ မဖြစ်သေးလျှင် ဒီပရိကံ ဥပစာ အနုလုံ ဝေါဒါန်ကို ဘာစိတ်ခေါ်မလဲ၊ (မဟာကုသိုလ်စိတ်ပါ)၊ မဟာကုသိုလ်စိတ်ဘဲနော်။ ရဟန္တာ မဖြစ်သေးဘူး။

ပရိကံ ဥပစာ အနုလုံ ဝေါဒါန် အခိုက်အတန့်မှာ ဘာတဲ့၊ (အနာဂါမ်ပါ)။ အနာဂါမ်ဆိုသဖြင့် ထို ပရိကံ ဥပစာ အနုလုံ ဝေါဒါန်တို့သည် မဟာကြိယာ မဖြစ်နိုင်ဘူးနော်၊ မဟာကုသိုလ်သာ ဖြစ်နိုင်တယ်၊ မဂ်ကိုကူးလိုက်တော့ ဘာမဂ်ဖြစ်သွားသလဲ (အရဟတ္တမဂ်)၊ အဲဒီကျမှ ရဟန္တာ။

ဒါကြောင့်မို့လို့ မဂ္ဂဝိထိရှေ့၌ရှိသော အကျဉ်းချုပ်ပြောတာနော်။ (**မဂ္ဂဝိထိရှေ့၌ရှိသော ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ ဝေါဒါန်တို့သည် မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခုသာ ရနိုင်၏**) ဒါမှတ်တမ်း မဟုတ်လား (မှန်ပါ)။ အဲဒါ မှတ်ထားပါ။

ဒီတော့ ခုတင်က အရှင်အနုရုဒ္ဓါပြောတဲ့အထဲ သွင်းလိုက်တော့ ၈-ခု ဖြစ်နေမှာပေါ့။ ကဲ- ထားပါတော့။ မဂ်ဆိုတဲ့ စာလုံးကလေးကလဲဘဲ ကုသိုလ်ဘဲ မဟုတ်လား (မှန်ပါ)၊ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူတွေက ကုသိုလ်တင်ရတယ်နော်။ စျာနဝိထိတုန်းကတော့ ကုသိုလ်လဲ ရှိတယ်၊ ကြိယာလဲရှိတယ်လို့ နားလည်ခဲ့။ စျာန်မှာလဲ ကုသိုလ် ကြိယာ ၂-မျိုး ရှိတယ်။ မဂ္ဂဝိထိမှာ ပရိကံက စပြီး မဂ်အထိ ကုသိုလ်စိတ်တွေ။

ထို့နောက် ဖိုလ်တဲ့၊ ဖိုလ်ကို ဘယ်လိုအရေးခိုင်းသလဲ၊ ၂-ကြိမ်ရေးပြီး ကော်မာပြ။ ပြီးမှ ၃-ကြိမ် (မှာဖိုလ်)ထပ်ရေးလို့ ဒီလိုပြောခဲ့တယ် မဟုတ်လား။ အဲဒီ ၂-ကြိမ်နဲ့ ၃-ကြိမ်

ခွဲရေးတာက မန္ဒပုဂ္ဂိုလ်, တိက္ခပုဂ္ဂိုလ် အနေအားဖြင့် ၂-မျိုး ခွဲပါတယ်။ မန္ဒပုဂ္ဂိုလ်ဖြစ်လျှင် ဝိထိ အစ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ သောတာပတ္တိမဂ်ဇော ၁-ကြိမ်, သောတာပတ္တိဖိုလ်ဇော ၂-ကြိမ်လို့ မန္ဒက ၂-ကြိမ်ကျတယ်။

နားလည်ပေစေ၊ သင်ကြိုဟ်ဗဟုသုတကလေးတွေ ထိုက်သင့်သလောက်ပေါ့။ တိက္ခပုဂ္ဂိုလ်ဖြစ်အံ့၊ အစဆုံးတွေ့တဲ့ ပရိကံ မထည့်ရဘူး။ ဥပစာ, အနုလုံ, ဂေါတြဘူ, သောတာ-ပတ္တိမဂ် ၁-ကြိမ်, သောတာပတ္တိဖိုလ် ၃-ကြိမ် (မှန်ပါ)၊ ဒါကြောင့် **ဖိုလ် ၂-ကြိမ်က မန္ဒပုဂ္ဂိုလ်, ၃-ကြိမ်က တိက္ခပုဂ္ဂိုလ်**။

လက်စနဲ့ ကာမဇော်မှာ မန္ဒဖြစ်လျှင် ပရိကံစပြီးချ။ တိက္ခဖြစ်လျှင် ဥပစာက စပြီးချ။ အဲဒါကလေးတွေလဲ မှတ်ထားပါ။

ပဌာန်း ချပို့တော်မူကြတဲ့ ဆရာတော်တွေက အဲဒီ အဓိပ္ပါယ်ကလေးတွေ လွယ်တယ်ဆိုပြီးတော့ မပြောကြဘူး။ ဘုန်းကြီးကတော့ ဒါတွေ အရေးစိုက်ပြီးတော့ ပြောတယ်။ မပြောဘဲနဲ့ ဘာလုပ်ကြသတုန်းဆိုတော့ ပါဠိတော်လဲ ကျက်ခဲ့တဲ့၊ အရကောက်လဲရအောင် ဆောင်ခဲ့တဲ့ ဆိုတော့ သူတို့တာဝန်က သိပ်ပြီး ငြိမ်းနေတာ။

ဒါနဲ့စပ်ပြီး မန္တလေးက ဆရာတော်တပါး ဘုန်းကြီးစာချတုန်း လာနားထောင်ပြီး ဘာလျှောက်သတုန်းဆိုတော့ စစ်ကိုင်းပဌာန်းချတာနှင့် မန္တလေးပဌာန်းချတာ မတူတာရှိတယ်တဲ့။

ဒီတော့ ဘုန်းကြီးက မေးတယ်၊ ဘယ်လို မတူတာလဲ အမိန့်ရှိခဲ့ပါဦးဆိုတော့ **မန္တလေးမှာ ညဝါချတာက တပည့်တွေ မောတယ်တဲ့၊ သူတို့ကိုချည်း အကျက်ခိုင်းတာဘဲတဲ့။ စစ်ကိုင်းမှာ ညဝါချတာက ဆရာမောတယ်၊ တပည့်တွေ သက်သာသတဲ့**။ ဒီတော့မှ သူ့ဟာ မတူတာ ရှင်းသွားတာပေါ့နော်။ ဦးပဉ္စင်းတို့ ဘာမှမကျက်ရဘူး ရွတ်ရုံဘဲ။ ထားခဲ့ ဖိုလ်နောင် ဘဝင်ဆိုတော့ ဘဝင်သည် ဘာတဲ့တုန်း တိဟိတ်။

ဖလသမာပတ္တိဝိထိသရုပ်ခွဲ

အောက်နားက ဘာဝိထိ (ဖလသမာပတ္တိဝိထိ)၊ အနုလုံ ၄-ကြိမ်တဲ့။ အဲဒီ အနုလုံ ၄-ကြိမ်မှာကော သရုပ်ခွဲလိုက်လျှင် ဘာတွေရှိသလဲ။ ခုတင်က ပရိကံ ဥပစာ အနုလုံ ဂေါတြတူ ဝေါဒါန်ပါတဲ့။ အနုလုံဘဲ မဟုတ်လား (မှန်ပါ)၊ အရှင်အနုရုဒ္ဓါ မိန့်တော်မူတဲ့ အတိုင်း မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္မယုတ် ၈-ခုဘဲ ရှိတယ်။

ဘယ်လိုကွဲလာပြန်သလဲ၊ ဒီဝိထိက ဘယ်အချိန်ပေါ်တာလဲ၊ ဘယ်ပုဂ္ဂိုလ်သန္တာန်ဖြစ်မှာလဲ၊ ဒါကိုလေ့လာပေါ့။ မဂ်ဆိုပြီးတဲ့နောက် မဂ်က တကြိမ်သာရတာ၊ နောက်ဖိုလ်သို့

ပို့လိုက်တာဘဲ မဟုတ်လား။ အဲဒီတော့ အရိယာနယ်ထဲသို့ ရောက်သွားတဲ့ သောတာပန် ပြောကြပါစို့။ သောတာပန်ပုဂ္ဂိုလ်သည် စျာန်ဝင်စားသလိုဘဲ မိမိရတဲ့ဖိုလ်ချမ်းသာကို ခံစားဖို့ရာ ထပ်ပြီး ဝင်စားလေ့ရှိတယ်။ ဖလသမာပတ္တိချမ်းသာလို့ ခေါ်တယ်။

ဒီတော့ သောတာပန်ပုဂ္ဂိုလ်က ကိုယ်ရတဲ့ သောတာပတ္တိဖိုလ်ကို ပြန်ဝင်စားတော့ မယ်ဆိုတော့ အနုလုံ ၄-ကြိမ်, သောတာပတ္တိဖိုလ် အကြိမ်များစွာ၊ ရေတွက်လို့ မရဘူးနော်၊ ခုတင်က စျာန်ဝင်စားသလိုဘဲ။ အကြိမ်များစွာလို့ ကျသွားတော့ သောတာပန်ပုဂ္ဂိုလ်ရဲ့ ဝိထိဖြစ်နေလျှင် ဒီအနုလုံ ၄-ကြိမ်ဟာ သရုပ်ဘယ်သူလဲမေးလျှင် (မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခုပါ)။

ဒါမှမဟုတ်လို့ သကဒါဂါမ်, အနာဂါမ် ဖြစ်လျှင်ကော အနုလုံ ၄-ကြိမ်က ဘာဖြစ်မှာလဲ (မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-ခုပါ)၊ မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-ခုဘဲနော် (မှန်ပါ)။

ရဟန္တာအဖြစ်သို့ရောက်အောင် အားထုတ်တော်မူတဲ့ အရိယာပုဂ္ဂိုလ် ရဟန္တာ ကိုယ်တော်မြတ်ကြီးရဲ့ ကိုယ်ရနေတဲ့ အရဟတ္တဖိုလ်ကို ဖလသမာပတ်= ပြန်ဝင်စားတော်မူတဲ့အခါ အနုလုံ ၄- ကြိမ်ဘဲနော်၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခုတဲ့ (မှန်ပါ)။

ဒီတော့ ဘယ်လိုတုန်း၊ အောက်မဂ် အောက်ဖိုလ် သေက္ခပုဂ္ဂိုလ် ၃-ယောက်အတွက် မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄-ခု ဟုတ်လား (မှန်ပါ)။ အသေက္ခခေါ်တဲ့ ရဟန္တာအဟွက် ဘာရမလဲ (မဟာကြိယာဉာဏသမ္ပယုတ် ၄-ခု ရပါတယ်)။

ဒီမှာတော့ ၈-ခုရနိုင်တယ်နော်၊ စျာနဝိထိလိုဘဲ၊ ဖိုလ်လို့ သာမညရေးထားသော်လဲ ဖိုလ် ၄-ခုစလုံး ရှိတယ်လို့ နားလည်ပါ။ အဲဒီတော့ ဘဝင်သည် ခုတင်ကလိုဘဲ တိဟိတ် ဘဝင်ကို ယူလိုက် (မှန်ပါ)။

နိရောဓသမာပတ္တိဝိထိသရုပ်ခွဲ

နိရောဓသမာပတ္တိဝိထိ၊ အောက်ကဝိထိ သတိပြုလိုက်စမ်း၊ ဖလသမာပတ္တိဝိထိမှာ သောတာပန် သကဒါဂါမ်, အနာဂါမ်, ရဟန္တာလို့ ပုဂ္ဂိုလ် ၄-ယောက် ဝင်စားနိုင်ပေမဲ့ သတိနှင့် နားထောင်၊ **သာမညဖလသမာပတ္တိဝိထိ** ခေါ်တယ် (မှန်ပါ)၊ နိရောဓဖလသမာပတ္တိဝိထိမျိုးကျတော့ အောက်မဂ် အောက်ဖိုလ် ၂-ယောက် မဝင်စားနိုင်ဘူး၊ အောက်မဂ်အောက်ဖိုလ်ဆိုတာ ဘယ်သူလဲ၊ သောတာပန်နှင့် သကဒါဂါမ် (မှန်ပါ)၊ အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်များသာ ဝင်စားနိုင်သည်။ အနာဂါမ်တိုင်းလား၊ ရဟန္တာတိုင်းလားလို့ မေးပြန်တော့ သတိပြုပါ။ ကာမဘုံ ရူပဘုံ၌ရှိနေသော အနာဂါမ်ပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ်များသာ ဝင်စားနိုင်သည်။

အရူပဘုံက အနာဂါမ် ရဟန္တာတွေ မဝင်စားနိုင်ဘူး။ အဲဒီမှာ ဝင်စားနည်းပြောလျှင်လဲ အတော်ကျယ်သွားမယ် အချိန်က ကုန်ရော။

ထားပါတော့ ခပ်ရှင်းရှင်း သရုပ်ဘဲ ဒီနေ့ ပြောဦးမယ်။ ဘုံ၏ အစွမ်းအားဖြင့် (ကာမနဲ့ ရူပဘုံ)။ ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် (အနာဂါမ် ရဟန္တာပုဂ္ဂိုလ်) လေ့လာကြပါ။ အနာဂါမ်ကိုယ်တော်ကြီးသည် နိရောဓသမာပတ် ဝင်စားမယ်ဆိုတော့ ဒီစိတ်တွေ ဘာလဲ၊ အနာဂါမ်ဝင်စားတဲ့ ဝိထိဖြစ်နေတော့ ဘာခေါ်မလဲ (မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု)။

ပြီးတော့ သူ့သန္တာန်မှာ ဂေါတြဘူဆိုပြီးတဲ့နောက် နေဝသညာနာသညာယတန ကုသိုလ်ဇော ၂-ကြိမ်စောမယ် မဟုတ်လား (မှန်ပါ)၊ ခုတင်ကလဲ မဟာကုသိုလ်, ဒီကလဲ ကုသိုလ်နော် (မှန်ပါ)။

ပြီးတော့မှ လက်သည်းကွင်းပြထားတဲ့ နေရာမှာ (နိရောဓ) ဆိုတဲ့နေရာမှာ ၇-ရက်ပတ်လုံး သမာပတ်ဝင်စားတော်မူတယ်။ ဒီနေ့ ဒါလောက်ဘဲသိပါ။ ၇-ရက်ဝင်စားတော်မူတယ်၊ ၇-ရက်စေ့လို့ သမာပတ်က ထတော်မူတဲ့အခါမှာ ထိုပုဂ္ဂိုလ်ကြီးရဲ့သန္တာန်မှာ ဘာစိတ်ပေါ်လာသလဲ (အနာဂါမိဖိုလ်စိတ်ပါ)၊ ပြီးတော့ ဘဝင်ကျတယ်။

အကယ်၍ ရဟန္တာကိုယ်တော်ကြီးသည် နိရောဓသမာပတ်ဝင်စားမယ်ဆိုလို့ရှိယင် ခုတင်ကအတိုင်းဘဲ ပရိကံ ဥပစာ အနုလုံ ဝေါတြဘူလို့ဆိုပြီး ဝိထိစိတ်တွေ ကျလာမယ်။ အဲဒီစိတ်ရဲ့သရုပ် ဘယ်သူလဲမေးလျှင် (မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု)။ ပြီးတော့ နေဝသညာနာသညာယတနကြိယာဇော ၂-ကြိမ်၊ ပြီးတော့ နိရောဓနေရာမှာ ၇-ရက်၊ ပြီးတော့ ဘာစိတ်ပေါ်မယ် (အရဟတ္တဖိုလ်စိတ်)၊ ထို့နောက် (ဘဝင်)။

အဲဒီလို အဖြစ်မျိုး ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့်လဲ သိရတယ်။ သရုပ်၏အစွမ်းအားဖြင့်လဲ သိရတယ်။ အနာဂါမ်နှင့် ရဟန္တာတို့သာ ဝင်စားနိုင်တယ်။ ဘုံ၏အစွမ်းအားဖြင့် ကာမဘုံ ရူပဘုံမှာရှိတဲ့ အနာဂါမ် ရဟန္တာတို့သာ ဝင်စားနိုင်တယ်။ အဲဒီလို နားလည်ပါ။

မရဏာသန္နဝိထိ

ပြီးတော့ မရဏာသန္နဝိထိကို အကျဉ်းချုပ် မနေ့က ပြောပြီးပြီ မဟုတ်လား၊ (မှန်ပါ)။

ဒါကြောင့် အဲဒီဝိထိတွေကို နောက်တနေ့ကျတော့ ပါဠိတော်ဖော်နည်းနှင့်တကွ အဓိပ္ပါယ်တမျိုး ပြန်ပြောမယ် (ဂဲ ဒီကနေ့ အချိန်စေ့ပြီ တော်ကြဦးစို့)။

ကာမဇောဝါရဝီထိရှင်းချက်

အနန္တရပစ္စည်းတဲ့၊ မနေ့က ဟာကို ပြန်ကြည့်ကြ။ ကာမဇောဝါရဝီထိ အစကနေ ပြန်ကြည့်နော်။

မနေ့က ပြောထားတယ်၊ ဝီထိ အနေအားဖြင့်လဲ ဝေဖန် ပြီးသွားပြီ။ ဒီ ကာမဇော ဝါရဝီထိ ပဋ္ဌိသန္ဓေကစပြီး ဘဝအဆုံးကျတာပါဘဲ။ အဲဒီ ဝီထိအကြောင်းမှာ ဘုန်းကြီးတို့ အနေအားဖြင့် ဝီထိပေါင်း ဘယ်လောက်ပါသလဲလို့ ဦးပဉ္စင်းတို့မေးလျှင် သတိပြုနော်။ ကာမဇော စောနိုင်သော ဝီထိပေါင်း ဝီထိလက်ရိုးကျမ်း စသည်တို့မှာ မျှားစွာရှိပါတယ်။ ဘယ်လောက်ဘဲ မျှားနေတဲ့ ဝီထိတွေဘဲဖြစ်ဖြစ် ဒီတကြောင်းတည်းမှာ အကုန် အကျုံးဝင်တယ်။ ကာမဇော စောနိုင်တဲ့ ဝီထိမှန်လျှင် ဒီအထဲ ဝင်လာတယ်။

ကာမဝီထိ ၂-မျိုး

အဲဒီအထဲမှာမှ တခါ တနည်း သတိပြုလျှင် ကာမဇော စောနိုင်သောဝီထိမျိုးသည် အကျဉ်းအားဖြင့် ၂-မျိုးကွဲတယ်။ အဲဒီ ၂-မျိုးက ဘယ်သူလဲလို့ မေးလျှင် **ပဌဒ္ဓါရဝီထိနှင့် မနောဒ္ဓါရဝီထိ** ၂-မျိုးကွဲရတယ်။ ဒီတကြောင်းတည်းမှာဘဲ ရှိတယ်။

ပဌဒ္ဓါရဝီထိ

ပဌဒ္ဓါရဝီထိသည်လည်း ဦးပဉ္စင်းတို့ သင်ကြားပို့ချခဲ့ကြတဲ့အတိုင်း အတိမဟန္တာရုံဝီထိ, မဟန္တာရုံဝီထိ, ပရိတ္တာရုံဝီထိ, အတိပရိတ္တာရုံဝီထိလို့ ဝါရ၏ အစွမ်းအားဖြင့် ၄-မျိုးကွဲတယ်။ ဒ္ဓါရ၏အစွမ်းအားဖြင့် ၅-ဒ္ဓါရ, ၅-ဒ္ဓါရတိုင်းမှာ ဒီအတိုင်းဘဲ ကွဲပါတယ်။ အဲဒီ ဝီထိတွေလဲ အကုန်လုံး ဒီအထဲမှာ[1] ရှိတယ်။ ဒီတကြောင်းတည်းမှာ[1] ပါနေတယ်။ သဘာဝ အားဖြင့် တူပြီးတော့ ပါနေတယ်။ ဒ့ါထက်ပိုလို့ မရှိဘူး။

မနောဒ္ဓါရဝီထိ ၂-မျိုး

မနောဒ္ဓါရဝီထိသည် ဝိဘူတာရုံဝီထိ, အဝိဘူတာရုံဝီထိလို့ ၂-မျိုးရှိတယ်။ အဲဒီ ၂-မျိုးလဲဘဲ ဒီ ကာမဇောဝါရဝီထိထဲမှာ ပါတယ်။

အကျဉ်းချုပ်အားဖြင့် စောစောက ဘုန်းကြီးပြောတဲ့အတိုင်း ဝီထိလက်ရိုးအစရှိသော ဝီထိပုံအမျိုးမျိုး ပြထားသော ရှေးဆရာတော်ဘုရားကြီးတွေရဲ့ ကာမဇော စောကောင်းသော ဝီထိမှန်သမျှတို့သည် ဒီတကြောင်းတည်းမှာ[1] အကုန်လုံးရှိနေတယ်လို့ သိခဲ့ပါ။

---

[1] ဤကျမ်း၊ နှာ-၃၁၁၊ အနန္တရဝီထိဇယားထဲရှိ ကာမဇောဝါရဝီထိထဲမှာ။

ပုဂ္ဂိုလ်အနေအားဖြင့် သုံးသပ်ကြည့်လျှင်လဲဘဲ သတိပြုလိုက်စမ်း။ အဝေးကြီးက ပုဂ္ဂိုလ်တွေ ဖယ်ထား။ ဦးပဉ္စင်းတို့သန္တာန်မှာ ယခု တဘဝလုံးရဲ့ အနေအားဖြင့် ဝိထိပေါင်း ဘယ်လောက် ကျဖူးသလဲမေးလျှင် အဲဒီ တဝိထိဘဲ ဖြစ်ဘူးသေးတယ် (မှန်ပါ)။

စျာနဝိထိစသည်ရှင်းချက်

အောက်နားက ဘာဝိထိတုန်း စျာနဝိထိ မဟုတ်လား။ ဦးပဉ္စင်းတို့သန္တာန် ဖြစ်ဖူး ပလားလို့မေးလျှင် မဖြစ်ဖူးသေးဘူး။ တိတ်တိတ်ပုန်း ရနေလျှင်တော့ ဘယ်သိမလဲ၊ စျာန် ပြောတာပါ။ တိတ်တိတ်ပုန်း ရချင်လဲ ရနေနိုင်တာပါဘဲ။ အဲဒီ စျာနဝိထိကမှ သတိပြုစမ်း၊ အခုဘဝ မရဘူးသေးဘူးဆိုပေမဲ့ ဟိုလွန်ခဲ့တဲ့ အတိတ်ဘဝတွေက တခါတရံ ရချင်ရနိုင်တယ်။ စျာန်ဆိုတာ လောကီမဟုတ်လား၊ လောကီစျာန်ဆိုတာ အတိတ်ဘဝက ဦးပဉ္စင်းတို့ ဘုန်းကြီးတို့သန္တာန်မှာ ဖြစ်နိုင်ကောင်းပါတယ်၊ ဖြစ်လဲ ဖြစ်ခဲ့ဖူးကြပါတယ်။ မဖြစ်ဘူးတဲ့ ပုဂ္ဂိုလ်ရယ်လို့ မရှိသလောက် ရှားပါလိမ့်မယ်။

အဲဒီ စျာနဝိထိအောက် လျှောက်ကြည့်သွားတော့ **မဂ္ဂဝိထိ ဖလသမာပတ္တိဝိထိ နိရောဓသမာပတ္တိဝိထိ** ၃-ဝိထိရှိတယ်။ သံသရာအစကနေပြီး ယနေ့အထိ မည်သူ့သန္တာန်မှာ ဦးပဉ္စင်းတို့နှင့် ဘုန်းကြီးတို့ ဒါလောက်တင် ပြောတာပါ။ အဝေးကြီးတော့ ရှိချင်ရှိမှာပေါ့။ ဦးပဉ္စင်းတို့ ဘုန်းကြီးတို့သန္တာန်မှာ ဘယ်သူ့သန္တာန်မှ မဖြစ်သေးဘူးဆိုတာ စိတ်ချပါ။

အခုခေတ်တော့ တရားအားထုတ်တဲ့ နေရာတွေလဲပေါလို့၊ ဟုတ် မဟုတ်တော့ မသိဘူး၊ တချို့တွေပြောတယ် တဆင့်ပေါက်သွားပြီတဲ့, တမင်ပေါက်သွားပြန်ပြီတဲ့။ အဲဒါ သူတို့ ပေါက်တဲ့သူတွေ ဆိုလျှင်တော့ ဒီဝိထိတွေ ဖြစ်ချင်ဖြစ်နေမှာပေါ့၊ ဦးပဉ္စင်းတို့တော့ အားလဲမထုတ်ပါဘူး၊ ဘုန်းကြီးလဲ မရဘူး, ဦးပဉ္စင်းတို့လဲ ရမှာ မဟုတ်ဘူး။

အဲဒီ မဂ္ဂဝိထိ, ဖလသမာပတ္တိဝိထိ, နိရောဓသမာပတ္တိဝိထိဆိုတဲ့ ၃-ဝိထိကတော့ သံသရာအစက နေပြီးတော့ ယနေ့အထိ မရသေးဘူးလို့ စိတ်ချပါ။ စျာနဝိထိကတော့ ဒီဘဝမဖြစ်သေးပေမဲ့ သံသရာက ဖြစ်ချင်ဖြစ်နိုင်တယ်လို့ ပြောထားတယ် ဟုတ်လား (မှန်ပါ)။

ကာမဇောဝါရဝိထိကို တိုက်နှင့်ဝေဖန်ပုံ

ထားခဲ့တော့၊ ပြီးတော့ ဒို့သန္တာန်မှာ ဘယ်ဝိထိများ ဖြစ်ကောင်းသေးသလဲမေးလျှင် အခုပြောနေတဲ့ နံပါတ် ၁-ကာမဇောဝါရ တဝိထိသာ ဖြစ်ဖူးသေးတယ်လို့ နားလည်ထားပါ။

အဲဒီ တဝိထိပေါ်မှာ ပြန်ပြီး ကြည့်လိုက်စမ်း။ ဒေသနာတော်တင်ပြီး ဟောကြစို့ ဆိုတဲ့အချိန်မှာ ကုသလာ ဓမ္မာ အကုသလာ ဓမ္မာ အဗျာကတာ ဓမ္မာလို့ ဟောတယ်

မဟုတ်လား (မှန်ပါ)၊ ကုသလာ ဓမ္မာအတွက်က-ကုသလော ကုသလသ ဟောလိမ့်မယ်။ ကုသလော ကုသလသဟောလျှင် စျာနဝိထိဘယ်နားမှာ ကုသလော ကုသလသ ဟောစရာရှိသလဲလို့ ဉာဏ်ထုတ်လိုက်။ ဘယ်မှာရှိသလဲ ကုသလော ကုသလသ ဟောစရာ၊ ကာမဇော၀ါရဝိထိ စာလုံးကလေးတွေမှာ ဘယ်နေရာရှိသလဲ (ဇောမှာရှိပါတယ်)၊ ဇောမှာပေါ့နော်။ အဲဒါတွေ ပါဠိတော်လဲ သူဘဲ၊ အရကောက်လဲ သူဘဲ၊ ဒါမြင်အောင်လို့ သရုပ်တွေ လိုက်ခွဲ နေတာ။

အဲဒီဇောထဲမှာ ကုသလော ကုသလသ ဟောစရာရှိတယ်ဆိုလျှင် ဘာကုသိုလ်မျှားရှိသလဲ မေးတော့ကော (မဟာကုသိုလ်စိတ် ၈-ခုရှိပါတယ်၊) ကျေကျေနပ်နပ် ကိုယ်တိုင်သိပြီးမှ ဖြေ ဟုတ်လား။ လွဲချင်လဲ လွဲပါစေ ဘာဖြစ်သတုန်း၊ ဖြေတာကို ဝန်မလေးပါနှင့်။ ဒါ ကုသလာ ဓမ္မာ အရ ဟောဖို့နေရာ မဟုတ်လား (မှန်ပါ)။

အကုသလာ ဓမ္မာအရအနေနှင့် အကုသလော အကုသလသဟောလျှင်ကော ဘယ်မှာရှိသလဲ (ဇောထဲမှာဘဲ ရှိပါတယ်)၊ အကုသိုလ်စိတ်ပေါင်း ဘယ်လောက်ပါသလဲ (၁၂-ပါး ပါပါတယ်)၊ သို့ပေမဲ့ သတိထား ဇောဟာ ၇-ကြိမ်ရှိတယ် မဟုတ်လား။ ကုသလော ကုသလသဘဲဖြစ်ဖြစ်, အကုသလော အကုသလသဘဲဖြစ်ဖြစ် သဝေထိုးကလေး ၇-လုံးမှာ ရှိနေတယ်ဆိုတော့ အနန္တရသဘောကို ရှေးဦးစွာ နားလည်လိုက်စမ်းပါဦး ခဏရပ်ထားပါ။

အနန္တရခေါ်ပုံ

အနန္တရဆိုတာ ဘယ်လိုဟာခေါ်သလဲ၊ စကားတွေဟာ ဘုန်းကြီးက ကျန်ကျန်နေလို့။ စောစောတုန်းက မနေ့က ဒီအနန္တရနဲ့. စပ်တာတွေ ကိုယ့်ဟာကို ကိုယ်ပြန်ဖွင့်ကြည့်ပြီး ငါ ဘာပြောပြီးပြီလဲလို့ နားထောင်နေတယ်။

နတ္ထိ အန္တရံ ဧတဿာတိ အနန္တရံ။ ဧတဿ၊ ထိုပစ္စည်းအား, ထိုပစ္စည်း၏ သဘောအား။ အန္တရံ၊ ပစ္စည်း, ပစ္စယုပ္ပန်ဖြစ်တဲ့ တရား ၂-ခုတို့၏ အကြားသည်၊ ကြားဖြစ်သောစိတ်သည်။ နတ္ထိ၊ မရှိ။

နာမ်တရားချည်းဘဲလဲ ဖြစ်ရတယ်။ ဝိထိတစဉ်လုံးမှာ နာမ်ဝိထိတွေကိုသာ ယူရတယ်။ အဲဒီ ဝိထိတွေမှာလဲ ပစ္စည်းနှင့် ပစ္စယုပ္ပန်က ဝိထိစိတ်တလုံး မကျော်စေရဘူး။ ကြားမရှိစေရဘူး။ ဒီလိုဆိုနေတယ်။ **အနန္တရ=အကြားမရှိသဖြင့် ကျေးလူးပြုတတ်တဲ့ သဘောတရားမျိုး**။

ကာမဇောဝါရကို တိက်နှင့်ဝေဖန်ပုံ အဆက်

ဒီတော့ အဲဒီစကားကို ဘုန်းကြီးတို့က အကျဉ်းချုပ် အနန္တရရဲ့ ပစ္စည်းပစ္စယုပ္ပန် ဘယ်လိုမှတ်မလဲ မေးလျှင် သတိပြုလိုက်စမ်း။ ဝိထိတွေသွားနေတာ စိတ္တက္ခဏတခုပြီးတခု မဟုတ်လား (မှန်ပါ)။ ဒီလိုမှတ်ကြစို့လား၊ **ရှေ့စိတ် ပစ္စည်း, နောက်စိတ် ပစ္စယုပ္ပန်**။

ဘယ်ဝိထိဖြစ်ဖြစ် ဘယ်ဘဝဖြစ်ဖြစ် ဘယ်သံသရာဖြစ်ဖြစ် ဘယ်သတ္တဝါ သန္တာန်မှာဘဲဖြစ်ဖြစ် နာမ်ခေါ်တဲ့ တရားအစဉ်တန်းကြီးဟာ ရှိတယ်။ အဲဒီ နာမ်အစဉ်အတန်းကြီးမှာ ဥပါဒ်, ဌိ, ဘင်၊ ဥပါဒ်, ဌိ, ဘင်၊ ဥပါဒ်, ဌိ, ဘင်နှင့် သွားနေတဲ့အရာမှာ ရှေ့စိတ်က ပစ္စည်းဖြစ်လျှင် နောက်စိတ်က ပစ္စယုပ္ပန်ဖြစ်ရမယ်။ အဲဒါက အကျဉ်းချုပ်ပြောတာပါ။

ဘုန်းကြီးတို့ သံသရာအစက နေပြီး ယနေ့အထိ လာခဲ့တာဘဲ၊ နားလည်ချင်ယင် ခုတင်က ရှေ့ရဲ့ နောက်က ၂-ကလေး ရေးထားပါတယ်။ ရှေ့ရှေ့စိတ် ပစ္စည်းဟော၊ သံသရာဆုံးရော။ နောက်စိတ်ဆိုတဲ့နေရာမှာ ၂-ကလေးထိုးလိုက်တော့ နောက်နောက်စိတ် ပစ္စယုပ္ပန်။ ရှေ့ကို ၂-လုံး, နောက်ကို ၂-လုံး၊ ရှေ့ရှေ့စိတ်တွေက ပစ္စည်း၊ နောက်နောက်စိတ်တွေက ပစ္စယုပ္ပန်။

အဲဒီတော့ ခုတင်က ဘုန်းကြီးပြောနေတယ်။ ကုသလော ကုသလသဿ ဆိုကြပါစို့။ ဇော ၇-ကြိမ် ဒီမှာ ဟောလို့ရတယ်ဆိုတော့ ကြည့်စမ်း၊ သဝေထိုးကလေး ၇-လုံးတို့တွင် ပဋ္ဌမတလုံးဖြစ်တဲ့ မဟာကုသိုလ် ပဋ္ဌမဇောက ပစ္စည်းဖြစ်တယ် မဟုတ်လား။ နောက် ဒုတိယဇောက ပစ္စယုပ္ပန်ဖြစ်တယ်။

တခါပြန်ပြီး ဒုတိယဇောပစ္စည်းဖြစ်တော့ကော (တတိယဇော ပစ္စယုပ္ပန်)၊ လှေခါးတက်သလို အဆင့်ဆင့် သွားပါ မကျော်နဲ့။ မကျော်နှင့်ဆိုတာက အနန္တရ။ ဝိထိစိတ်တလုံး ကျော်မသွားရဘူး။ နောက်ပိတ်ဆုံးကြည့်၊ ဆဋ္ဌဇောက ပစ္စည်း။ ပစ္စယုပ္ပန်က ဘယ်သူတုန်း (သတ္တမဇော)၊ ဆဋ္ဌဇောက ပစ္စည်းဖြစ်လျှင် သတ္တမဇောက ပစ္စယုပ္ပန်။

ပြန်ကြည့်စမ်းတခေါက်။ ပဋ္ဌမဇောက ပစ္စည်း၊ ဒုတိယဇောက ပစ္စယုပ္ပန်။ ပဋ္ဌမဇောမှာ ပစ္စည်းသာ ရတယ် ပစ္စယုပ္ပန်ရရဲ့လား (မရပါ)၊ ဒုတိယဇောသည် ပစ္စည်း, တတိယဇောသည် ပစ္စယုပ္ပန်ဆိုတော့ ဒုတိယဇောဟာ ခုတင်က ပစ္စယုပ္ပန်၊ အခု ပစ္စည်းပြန်ဖြစ်တယ် မဟုတ်လား (မှန်ပါ)။

နောက်ဆုံး ကျော်ကြည့်စမ်း၊ ဆဋ္ဌဇောက ပစ္စည်း၊ သတ္တမဇောက ပစ္စယုပ္ပန်။ ကြည့်စမ်း သတ္တမဇောက ပစ္စည်းလို့ ရရဲ့လား (မရပါ)၊ ကုသလော ကုသလသ အနေနဲ့ ပြောနေတာနော် (မှန်ပါ)။

ဒီတော့ ဒို့ဒီကနေပြီး ဒီလိုသိထားလျှင် ကောင်းတယ်၊ ဒီကုသလော ကုသလဿ အတွက်ကလေး။ ပဌမဈာသည် ပစ္စည်းသာ ဖြစ်၍ ပစ္စယုပ္ပန် မဖြစ်နိုင်၊ ကုသလော ကုသလဿ အနေနဲ့ ပြောတာနော်၊ ကုကုအနေနဲ့ ပြောတာ၊ ပဌမဈာသည် ပစ္စည်းသာ ဖြစ်၍ ပစ္စယုပ္ပန် မဖြစ်နိုင်၊ ဒါက ရှေ့ဆုံး သဝေထိုး။ နောက်ဆုံး သဝေထိုးဆီ သွားလိုက်ဦး သတ္တမဈာသည် ပစ္စယုပ္ပန်သာ ဖြစ်၍ ပစ္စည်း မဖြစ်နိုင်။ ဖြစ်ပါ့မလား (မဖြစ်ပါ)၊ ခုတင်က ပြောထားခဲ့တယ်နော်။

ကဲ ဒီလိုဆိုတော့ အစဆုံး ဈာရယ်, အဆုံး ဈာရယ်က ပြီးရော၊ အလည်ဈာ ၅-ချက်သည် အလည်မှာ ဈာ ၅-မျိုး မကျန်ဘူးလား (ကျန်ပါတယ်)၊ ပစ္စည်း, ပစ္စယုပ္ပန် ၂-မျိုး ဖြစ်နိုင်၏။

အကုသလော အကုသလဿ ကျတော့လဲ ဒီအတိုင်းပေါ့။ ဒါကြောင့် ကာမဈာ ဝါရဝိထိ ကြည့်လိုက်လျှင် ကုသလော ကုသလဿ ဟောစရာ ဈာ ၇-ကြိမ်မှာ မဟာ ကုသိုလ်စိတ် ၈-ခုရှိနေတယ်၊ မှတ်ထားခဲ့။ ပါဠိတော်လဲ သူဘဲ၊ အရကောက်လဲ သူဘဲ။ အကုသလော အကုသလဿ ဟောစရာ ထို့အတူ ဈာ ၇-ကြိမ်မှာဘဲ ရှိတယ်။ အကုသိုလ် ဒွါဒသလုပ် ဟုတ်လား (မှန်ပါ)။

ကောင်းပြီ အဗျာကတော အဗျာကတဿ ဟောစရာ ဒီဝိထိမှာ ကြည့်စမ်း။ ဘယ်နေရာမှာ ရှိသလဲလို့ကြည့်။ အဲဒီလို ကြည့်လိုက်တော့ ကာမဈာဝါရမှာ သတိနှင့်ကြည့်။ ပဋ္ဌိသန္ဓေက စပြီးတော့ လျှောက်ကြည့်သွား။ ဘဝင် အာဝဇ္ဇန်း ပဉ္စဝိညာဉ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဒါ ဘာတရားတွေတုန်း (အဗျာကတတရားတွေပါ)၊ ဈာထဲမှာကော အဗျာ-ကတ မပါဘူးလား (ပါပါတယ်)၊ ဘယ်သူပါလိမ့် (မဟာကြိယာပါ)၊ ဒါဘဲလား (ဟသိတုပ္ပါဒ်လဲ ပါပါဟယ်)၊ ဟသိတုပ္ပါဒ်လဲ ပါတယ်နော်။ ဒီနောက် တဒါရုံ ဘဝင်ကကော (အဗျာကတပါ)၊ ဒါဖြင့် ကာမဈာဝါရတဝိထိလုံး အဗျာကတော အဗျာကတဿ ဟောလို့ ရတယ်။ နားလည်ပလား (မှန်ပါ)။

ကုသလော ကုသလဿနှင့် အကုသလော အကုသလဿက ဘယ်မှာရှိတယ် (ဈာမှာသာ ရှိပါတယ်)၊ အဗျာကတော အဗျာကတဿ-က ကာမဈာဝါရ တဝိထိလုံး ရှိတယ်။

စျာနဝိထိကို တိက်နှင့်ဝေဖန်ပုံ

ကျေကျေနပ်နပ်နဲ့ ဒါဟာ ဒါလောက် ပြောနေလျှင် ကိုယ့်စိတ်ထဲမှာ သင်ကြိုဟ်အနေ အားဖြင့် သိရောပေါ့။ ကဲ ဒါဖြင့် သူ့ကို ခဏထားခဲ့စမ်း။ မှတ်ခဲ့နော်။ တော်တော်နေတော့ သခ်ျာသတ္တကို ဒီကနေ ထုတ်မှာ။

စျာန်ရပုဂ္ဂိုလ် ၂-မျိုး

စျာနဝိထိကြည့်[1]၊ မနေ့က တမျိုးပြောတယ်၊ စျာန်ဝင်စားနိုင်တဲ့ ပုဂ္ဂိုလ်သည် အကျဉ်းအားဖြင့် ၂-မျိုး ရှိတယ်။ စျာန်ဝင်စားနိုင်တဲ့ ပုဂ္ဂိုလ်နော် (မှန်ပါ)၊ စျာန်ရနိုင်တဲ့ပုဂ္ဂိုလ်က တိဟိတ်ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်က တမျိုး၊ ပုထုဇဉ်အကုန်လုံး မဟုတ်ဘူး တိဟိတ်ဘဲ။ ပြီးတော့မှတခါ အသေက္ခခေါ်တဲ့ ရဟန္တာက တမျိုးလို့ ၂-မျိုးရှိတယ်။

စျာန်ရနိုင်တဲ့ စျာန်ဝင်စားနိုင်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်နှစ်မျိုးရှိသလဲ (၂-မျိုးရှိပါတယ်)၊ ဘယ်သူတွေလဲ (**တိဟိတ်ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်က တမျိုး, အသေက္ခခေါ်တဲ့ ရဟန္တာက** တမျိုး)။

မနေ့က အပေါ်မှာ ပြန်ပြီး အချောလိုက်၍ ပြောနေတယ်။ အကယ်၍ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်နှင့် သေက္ခပုဂ္ဂိုလ်ဖြစ်ခဲ့အံ့၊ သတိပြုနားထောင်။ စျာနဝိထိ၌ပါသော ပရိကံ ဥပစာ အနုလုံ ဂေါတြဘူတို့သည် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခုသာ ဖြစ်၏။ စျာန်တို့သည် မဟဂ္ဂုတ်ကုသိုလ် ၉-ခုသာ ဖြစ်နိုင်၏။

တိဟိတ်ပုထုဇဉ်နှင့် သေက္ခမှန်လျှင် ပရိကံ စသည်ကလဲ မဟာကုသိုလ် ဉာဏသမ္ပယုတ်၊ စျာန်ကလဲ မဟဂ္ဂုတ်ကုသိုလ်။ ဘဝင်ကတော့ တိဟက်ဘဝင်ဘဲ။

ဒါဖြင့် ကြည့်စမ်းပါ၊ စျာနဝိထိချင်းတူပေမဲ့ ပုဂ္ဂိုလ်ကွဲလာတော့ တိဟိတ်ပုထုဇဉ်နှင့် သေက္ခရဲ့ စျာနဝိထိ ဖြစ်နေလျှင် ဒါတွေဟာ ကုသလော ကုသလဿ ဟောတော့မှာ မဟုတ်ဘူးလား၊ ဟို နောက်ပိတ်ဆုံး စျာန်က ဘဝင်သွားလျှင်တော့ ကုသလော အဗျာကတဿ ဖြစ်မှာပေါ့။

ထားခဲ့စမ်း။ အကယ်၍ စျာန်ဝင်စားမည့် ပုဂ္ဂိုလ်သည် **အသေက္ခခေါ်တဲ့ ရဟန္တာ** ဖြစ်မယ်တဲ့။ သတိပြု၊ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ တို့သည် ဘာရသင့်သလဲ၊ (မဟာကြိယာ ဉာဏသမ္ပယုတ် ရသင့်ပါတယ်)၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခုယူ၍ စျာန်ကို မဟဂ္ဂုတ်ကြိယာ ၉-ခုသာ ယူရ၏။ ပုဂ္ဂိုလ်အစွမ်းအားဖြင့် ခွဲပစ်လိုက်နော် (မှန်ပါ)။

ကဲ ဒါဖြင့် ကြည့်စမ်း။ ရဟန္တာကိုယ်တော်ကြီးရဲ့ စျာနဝိထိဖြစ်လျှင် တိကနှင့် ဝေဖန်လိုက်လျှင် တဝိထိလုံး ဘာလဲ။ အဗျာကတတွေဘဲ (မှန်ပါ)၊ အဗျာကတော အဗျာကတဿ ထဲသွား၊ တဝိထိထဲတွင်နော်။ သခ်ျာထွက်လာပုံ မတူဘူး ဟုတ်လား (မှန်ပါ)။

---

[1] ဤကျမ်း၊ နှာ-၃၁၁-ရှိ အနန္တရဝိထိဇယားခ် စျာနဝိထိကြည့်။ အနန္တရခ် ဆိုင်ရာ ကျန်ဝိထိများ ကိုလည်း ဤနည်းနှင်နှင် သိပါလေ။

ဂေါတြဘူ ၂-မျိုး

အဲဒီနေရာမှာ နည်းနည်းကလေး သတိပြုစရာကောင်းတာက ဂေါတြဘူ အသုံးကလေး နည်းနည်းကလေး သတိပြုစရာကောင်းတယ်။

ဂေါတြဘူ ၂-မျိုးရှိတယ်။ ဒါဟာ ဘုန်းကြီးက ကိုယ်ကြိုက်တာကလေးတွေ ကိုယ်ကြိုက်စည်ပြောတဲ့ အဓိပ္ပါယ်ကလေးတွေပါ။ ဦးပဉ္စင်းတို့လဲ မှတ်လျှင်လဲမှတ်၊ ကြိုက်မှလဲ ယူရတယ်။

ဂေါတြဘူဆိုတာ ဂေါတ္တ+အဘိဘူ-က လာတာမဟုတ်လား။ အဲဒီ ဂေါတ္တက ၂-မျိုးရှိတယ်။ ကာမဂေါတ္တလို့တမျိုး, နောက်တမျိုးက ပုထုဇဉ်နဂေါတ္တတဲ့။ ၂-မျိုးရှိတယ်နော် (မှန်ပါ)။

ပဌမအမျိုးက ဘာခေါ်တယ် (ကာမဂေါတ္တ)၊ ဒုတိယအမျိုးက (ပုထုဇဉ်နဂေါတ္တ)။

စျာနဝိထိမှာရှိနေတဲ့ ဂေါတ္တ-အဘိဘူဆိုတာက ကာမဂေါတ္တ။ ကာမဂေါတ္တကို အဘိဘူဖြစ်တော့ ဘာဖြစ်သတုန်း၊ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူဆိုတာ ကာမစိတ် မဟုတ်လား၊ မဟာကုသိုလ် မဟာကြိယာဉာဏသမ္ပယုတ် စိတ်တွေဘဲ။ (မှန်ပါ)။ အဲဒီနေရာမှာ မဟာကုသိုလ် မဟာကြိယာတည်းဟူသော ကာမစိတ်အနွယ်ကို ဖြတ်ပစ်လိုက်တယ်။ ပြီးတော့ ဘာတွေလာသတုန်း၊ မဟဂ္ဂတ်ခေါ်တဲ့ အပွဲနာစိတ်တွေ လာတယ်၊ မှတ်ထားခဲ့နော်။ နောက်တွေ့တော့ တမျိုးပြန်ပြောမယ်။

ဒီလိုဆိုလျှင် စျာနဝိထိမှာပါတဲ့ ဂေါတြဘူဟာ ဘယ်အနွယ်ကို ဖြတ်တာလဲမေးလျှင် ကာမအနွယ်ကို ဖြတ်တာ (မှန်ပါ)။

မဂ္ဂဝိထိကို တိက်နှင့်ဝေဖန်ပုံ

ကဲ- ရှေ့သွားပါ မဂ္ဂဝိထိ။ ကြိုးစားလဲ အားထုတ်ကြပါ။ ဒါကို နောက်ဆုံးဘဲ ဘုန်းကြီးက ထားပြီး ပြောပေးတယ်။ ဂရုတစိုက်လဲ ပြောပေးနေတယ်။ အမျိုးမျိုး ဝေဖန်ပြီးတော့လဲ ပြပေးနေတယ်။ အဲဒါတွေကို နားမလည်ဘဲနှင့် အရကောက်ချည်း ကျက်လျှင်တော့ အများကြီးဘဲ ရှုပ်ထွေးပွေလိမ်လို့။ ဦးပဉ္စင်းတို့ လက်ထဲမှာရှိတဲ့ အရကောက် စာအုပ်ထဲမှာလဲ တချို့နေရာတွေ မှားလို့။ များတော့လဲ အယ်ဒီတာလဲ မျက်စိလည်လို့နှင့် တူတယ်၊ အမှား မမြင်တော့ဘူး။ မှားတာကတော့ မှားတယ်။ မှားတယ် မှန်တယ် သိချင်လျှင် ဒီကနေ သင်ပြီးတော့ စာကိုဖတ်။ ဦးပဉ္စင်းတို့ ဝိထိသဘောနှင့် တိုက်ကြည့်ပါ။ တွေ့လိမ့်မယ်။

ထားပါတော့ မဂ္ဂဝိထိသွားပါ။ ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ဝိထိ ၄-မျိုးရှိတယ်။ ၄-မျိုးဆိုတာ ဘယ်သူလဲမေးလျှင် ၄-မျိုးဆိုတာ မဂ်ပုဂ္ဂိုလ် ၄-ယောက်၏ အစွမ်းအားဖြင့် ၄-မျိုး

ရှိတယ်။ သောတာပတ္တိ မဂ္ဂဝိထိ, သကဒါဂါမိ မဂ္ဂဝိထိ, အနာဂါမိ မဂ္ဂဝိထိ, အရဟတ္တ မဂ္ဂ ဝိထိလို့ ၄-မျိုးရှိတယ်။ ၄-မျိုးပေမဲ့ ပေါင်းပြီးတော့ တဝိထိတည်း ဘုန်းကြီးတို့က ပြထားတယ်။

ဘယ်လိုဘဲ ၄-မျိုးပြားနေနေ မဂ္ဂဝိထိမှာတော့ မနေ့က ပြောလိုက်တယ် အကျဉ်းချုပ်၊ မဂ္ဂဝိထိ ရှေ့ဦးရှိသော ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ ဝေါဒါန်တိုသည် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခုသာ ဖြစ်ရ၏တဲ့။ ဒီလို မဟုတ်လား (မှန်ပါ)၊ ဘာသိစရာကောင်းသလဲ မေးတော့ ဂေါတြဘူ၊ တွေ့မနေဘူးလား။ သောတာပတ္တိမဂ္ဂဝိထိ ချလိုက် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ။

ခုတင်တုန်းက စျာနဝိထိမှာလဲ ဂေါတြဘူ တွေ့တယ်။ အခုဒီမှာလဲ ဂေါတြဘူ လာတွေ့နေပြန်ပြီ။ အခု ဂေါတြဘူကတော့ ဘာတုန်းလို့ စဉ်းစားလျှင် **ပုထုဇနဂေါတ္တတဲ့**။ အခုဒီဂေါတြဘူမှာပါတဲ့ ဂေါတ္တက (မှန်ပါ)၊ ခုတင်က စျာနဝိထိက ဘာဂေါတ္တတဲ့ (**ကာမဂေါတ္တပါ**)။

သဏ္ဌိဟ်ထဲမှာ အရှင်အနုရုဒ္ဓါ ရေးထားတာ ပါပါတယ်။ **ပုထုဇနဂေါတ္တမဘိဘောန္တီ**= ပုထုဇဉ်အနွယ်ကို လွှမ်းမိုးနှိပ်နင်းလျက် အရိယာအနွယ်ကို ဖြစ်စေတဲ့ နေရာမျိုး ဂေါတြဘူလို့ ခေါ်တယ် (မှန်ပါ)။

သတိပြု နားထောင်စမ်း။ အရိယာဖြစ်လိုသော၊ တနည်း သောတာပန်ဖြစ်လိုသော ပုဂ္ဂိုလ်သည် မနေ့က ပြောတဲ့အတိုင်း တေဘူမက သခ်ါရတရားတို့၌ သခ်ါရေ အနိစ္စတော ဒုက္ခတော အနတ္တတောလို့ အနိစ္စ ဒုက္ခ အနတ္တ အနေအားဖြင့် ဝိပဿနာကမ္မဋ္ဌာန်း ပွါးများစီးဖြန်းလို့ အကယ်တိတိ သောတာပတ္တိမဂ်ဉာဏ်ကို ရတော့မည်ရှိသော် ထိုပုဂ္ဂိုလ်၏ သန္တာန်မှာ ဘဝင်စလန ဘဝဂုံပစ္ဆေဒ ဝိထိအစက ရှဉ်းမယ် မဟုတ်လား (မှန်ပါ)၊ မနောဒ္ဓါ-ရာဝဇ္ဇန်း၊ ပြီးတော့ ဘာတွေလာသလဲ။ ဒီမှာရေးထားတဲ့အတိုင်း ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ၊ ပြီးတော့မှ သောတာပတ္တိမဂ် (မှန်ပါ)။

ပရိကံ ဥပစာ အနုလုံ ဆိုတုန်းက ဘာတုန်း၊ သူဟာ အရိယာ မဖြစ်သေးဘူး ပုထုဇဉ်ဘဲ ရှိသေးတယ်နော် (မှန်ပါ)။ **ဂေါတြဘူဆိုတဲ့ အချိန်ကျတော့ ဘာဖြစ်သွားသလဲ**၊ ပုထုဇဉ်အနွယ်ကို ဖြတ်ပစ်လိုက်ပြီ၊ မဂ်ဆိုတော့ ဘာဖြစ်သွားသတုန်း၊ အရိယာဖြစ်သွားပြီ၊ ပုထုဇဉ်အနွယ် ဘယ်နေရာမှာပြတ် ဂေါတြဘူမှာ ပြတ်ဇယ်။ မဂ်ဆိုတာနဲ့ တပြိုင်နက် အရိယာ ဖြစ်တယ်။ မှတ်မိပလား (မှတ်မိပါပြီ။)

စျာနဝိထိ ခုတင်ကပြောတာ ပြန်ကြည့်စမ်း၊ ဂေါတြဘူဆိုတာနှင့် တပြိုင်နက် ကာမစိတ်ပျောက်၊ ဘာစိတ်ပေါ်လာသလဲ အပွနာစိတ် ပေါ်လာတယ်၊ စျာန်ခေါ်တဲ့ အပွနာစိတ် ပေါ်လာတယ်။

ဒါကြောင့် စျာနဝိထိက ဂေါတြဘူသည် ကာမစိတ်အနွယ်ကို ဖြတ်တောက်ပစ်ပြီးတော့ အပွနာစျာန်စိတ်ကို ပေါ်စေတယ်၊ သတိထားနော် စကားဟာ မဆုံးသေးဘူး၊ မဂ္ဂဝိထိမှာ ပါနေတဲ့ ဂေါတြဘူက ဂေါတြဘူဆိုတာနှင့် တပြိုင်နက် ပုထုဇဉ်ပျောက်ပြီးတော့ ဘာဖြစ်လာသလဲ၊ အရိယာအနွယ်သို့ ရောက်တယ်။

ဒါကြောင့် ဂေါတ္တာသည် ကာမဂေါတ္တာ, ပုထုဇဉ်နဂေါတ္တာလို့ ၂-မျိုးရှိရာ ကာမဂေါတ္တာကို စျာနဝိထိစျာန်ရတော့မှာမို့ စျာန်ဝင်စားတော့မှာမို့ ဖြတ်တဲ့အခါမှာ စျာန်စိတ်၏ အခြားမဲ့၌ ကာမစိတ်နယ်ထဲသို့ ပြန်ရောက်နိုင်တယ်၊ စျာန်မဝင်စားတဲ့အခါ။ သို့မဟုတ် စျာန်က လောကီစျာန်ကို ခိုင်မှ မခိုင်ဘဲ၊ ဖွဲ့ပုံထဲ ဒုတ်စိုက်တာနဲ့ တူတယ်လို့ ရှေးဆရာတော်ကြီးတွေ မိန့်တယ်။

လောကီစျာန်ဆိုတာက မုဒုလက္ခဏဇာတ်[1]များ ကြည့်ပါလား၊ နန်းတော်ကို ဆွမ်းဘုဉ်းပေးရအောင် ကြွတုန်းကတော့စျာန်နဲ့၊ အပြန်တော့ ကုန်းကြောင်း လျှောက်ခဲ့ရတယ်ရသေ့ ကိုယ်တော်ကြီး၊ သူများမမှတ်နဲ့ အလောင်းတော်ဘဲ၊ ဘယ်လောက်မှ ခိုင်တာမဟုတ်ဘူး၊ စိတ်မချရဘူး။ ဘာကြောင့် ကိုယ်တော်ကြီး အပြန်ကုန်းကြောင်း လျှောက်သလဲလို့ မေးလျှင် မမြင်သင့်တာ မြင်ခဲ့လို့-တဲ့။ ကိုယ်တော်တို့ ဇာတ်တော်တွေ ကြည့်ထားတယ် မဟုတ်လား။ အဲဒါ မမြင်သင့်တာ မြင်လာတော့ စျာန်ဟာပျောက်လို့ ကုန်းကြောင်းလျှောက်ပြန်လာရတယ်။

အဲဒီမှာ ကိုယ်တော်ကြီးသန္တာန်မှာ စျာန်စိတ် ပျောက်ပြီးတော့ ဘာပေါ်လာသတုန်း၊ ကာမစိတ်ပြန်ပေါ်လာတယ်၊ နားလည်ပြီနော် (မှန်ပါ)။

မဂ္ဂဝိထိမှာ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူဆိုပြီး ပုထုဇဉ်အနွယ်ကို ဖြတ်ပစ်လိုက်တယ်၊ ပြီးတော့ ဘာဖြစ်သွားသတုန်း၊ မဂ်ဆိုတော့ သောတာပန် ဖြစ်သွားတယ် မဟုတ်လား (မှန်ပါ)၊ သတိပြုနားထောင်စမ်း၊ ပုထုဇဉ်အနွယ်ကို ဖြတ်ပြီး သောတာပန်နယ်သို့ အရိယာနယ်သို့ ကူးသွားလေပြီးသော ပုဂ္ဂိုလ်တပါးသည် နောက်ထပ် ပုထုဇဉ်ဘဝ ဘယ်တော့မှ ပြန်မရောက်တော့ဘူး၊ ရောက်ပါ့မလား၊ အစစ်ဖြစ်သွားလျှင် မရောက်တော့ဘူး၊ သောတာပန် အစစ်ဖြစ်လျှင် ပြောတာနော် (မှန်ပါ)။

ပုထုဇဉ်အနွယ်ကို တကယ်တမ်း ဖြတ်ပြီးတော့ သောတာပတ္တိမဂ်လို့ ခေါ်တဲ့ အရိယာ အစစ်သို့ရောက်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ ပုထုဇဉ်ဘဝကို မပြန်တော့ဘူးတဲ့။

ကာမဂေါတ္တာဖြတ်မှုသည် အပွနာစိတ် ဆုံးတဲ့အခါမှာ ကာမနယ်သို့ ပြန်ရတယ်နော်။ ဒါကြောင့် ဂေါတြဘူချင်း မတူကြဘူးလို့ နားလည်ခဲ့ပါ။

၁။ ဇာတ်အဋ္ဌကထာ၊ ၀-တွဲ နှာ-၃၂၀။

ထားပါတော့၊ ၎င်းမဂ္ဂဝိထိတွင် ကုသလာ ဓမ္မာ ဟောစရာတရားတွေ ဘယ်မှာရှိသလဲ မေးလျှင် သတိပြုလိုက်စမ်း၊ ပရိကံက စ၍ မဂ်အထိ ကုသိုလ်တွေချည်းဘဲ၊ ပရိကံက ဂေါတြဘူအထိ မဟာကုသိုလ်၊ မဂ်က မဂ်ကုသိုလ်၊ ဒီနောက် ဖိုလ် ဘဝင်တို့က ဝိပါက်အဗျာကတာ။

ကျေနပ်ပါတော့၊ ရှေ့တိုးမလို့ ပါသင့်သလောက်လဲပါ၊ ချန်သင့်သလောက်လဲ ချန်ချန် ပြောနေတယ်။

ဖလသမာပတ္တိဝိထိကို တိက်နှင့်ဝေဖန်ပုံ

နောက်ပြီးတော့ အောက်နားက တဝိထိက ဘာတဲ့တုန်း၊ **ဖလသမာပတ္တိဝိထိပါ**။ အရိယာနယ်ပယ်သို့ ရောက်ပြီးလေသော ပုဂ္ဂိုလ်တိုင်းတို့သည် သိစရာ အဓိပ္ပါယ်ကလေးတွေက ရှိရှိနေတယ်။

ဘုန်းကြီးတို့ ပုထုဇဉ်အနေနဲ့ မသိနိုင်တာက တော်တော်ခက်ပါတယ်။ မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာဆိုတာက ဘုန်းကြီးတို့ စာတွေ သင်ကြလို့ စာသိ သိရတယ်။ ဆရာသမားများ ဆုံးမတာ နားထောင်လို့ ဩဝါဒခံတဲ့အနေအားဖြင့် သိရတယ်။ မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာဆိုတာလေ။ တကယ်သိသလားလို့ မေးတော့ တကယ်မသိဘူး။

တကယ်မသိတော့ မဂ်လိုချင်ရဲ့လား မေးလျှင် ဘာပြောရမှန်းတောင် မသိဘူး။ ဘယ်သူမှ သိပ်ပြီးမလိုချင်လှဘူး၊ ဖိုလ်လိုချင်ရဲ့လား မေးလျှင်လဲ ထို့အတူဘဲ။ သူ့ကိုသာ မိရိုးဖလာ တောင်းနေရတယ်။ အဂ္ဂရတ်ထိုးတဲ့ ဖိုကိုတော့ လိုတဲ့လူက လိုချင်မှာ။ နိဗ္ဗာန်မေးတော့ ထို့အတူဘဲ နိဗ္ဗာန်လဲဘဲ။ "နိဗ္ဗာန်တရားတော်မြတ် ရပါလို၏ဘုရား" တော့ ဘုရားရှေ့နေ့တိုင်သွား နားပူတာဘဲ။ ပါးစပ်ကသာ နားပူတာ လက်က လုပ်ကဲ့လား ကိုယ်က လုပ်ကဲ့လား မေးတော့ နိဗ္ဗာန်ရောက်ကြောင်းတရားက တော်တော်အလုပ်နည်းတယ်။ ဒါ ဘာဖြစ်လို့လဲမေးလျှင် တကယ်မသိလို့တဲ့။

တကယ်သိတဲ့ အရိယာပုဂ္ဂိုလ်တွေကျတော့ မဂ်၏အခြားမဲ့ ဖိုလ်ဆိုတာ ဘယ်လောက်ချမ်းသာတယ်ဆိုတာ သိတော့ သတိပြုစမ်း။ သောတာပန်ဘဲ ဖြစ်သွားဦးတော့ ထို သောတာပန် ပုဂ္ဂိုလ်သည် မိမိရထားတဲ့ သောတာပတ္တိမဂ်၏ အခြားမဲ့၌ ဖြစ်တဲ့ သောတာပတ္တိဖိုလ်ချမ်းသာကလေးကို စားမြိန်ကောင်းကောင်း တခါစားဘူးတဲ့ ပုဂ္ဂိုလ်သည် ထိုအစာကို မြတ်နိုးတဏှာ ခါခါတောင့်တဘိသကဲ့သို့ အကြိမ်ကြိမ်ရလျှင် စားဘိသကဲ့သို့ မဂ်၏အခြားမဲ့၌ ဖိုလ်ချမ်းသာကို သိထားတဲ့ပုဂ္ဂိုလ်သည် ဒီဖိုလ်ထဲမှာဘဲ နေတယ်။ ကိုယ်ရတဲ့ သောတာပတ္တိဖိုလ်ကလေးကိုဘဲ ကြိမ်ဖန်တလဲလဲ ဝင်စားနေချင်တဲ့စိတ် ရှိတယ်။

သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ထို့အတူဘဲ။ ကောင်းလိုက်တာ ငါရထားတဲ့ သောတာပတ္တိဖိုလ်, ငါရထားတဲ့ သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ် သိပ်ပြီး ဧမြေပါကလား ချမ်းသာပါကလားလို့ ဆိုပြီးတော့ ဒီအရသာကလေးကိုဘဲ ကြိမ်ဖန်တလဲလဲ ခံစားလိုတဲ့ စိတ်ရှိလို့ လွတ်လပ်ခွင့်ရတဲ့ အချိန်တိုင်း အချိန်တိုင်း မိမိတို့ ရရှိထားတဲ့ ဖိုလ်ကို ပြန်ဝင်စားတဲ့ အလေ့ရှိပါတယ်တဲ့၊ အရိယာတိုင်း။ ဘာဖြစ်လို့တုန်း သူတို့က အရိယာသိ သိနေတာကို။ ဘယ်လောက်ကောင်းတဲ့ အရသာတုန်း။

ဘုန်းကြီးတို့ကတော့ ရော်ကာ ရမ်းကာနှင့် တခါတည်း မြော်တာ မှန်းတာကလေးဘဲ။ ဒါတောင်မှ အမြဲမဟုတ်ဘူး။ ကောင်းမှာဘဲ ဆိုပြီးတော့ ဒါလောက်နှင့် ပြီးသွားပြန်ရော။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရအောင် အားထုတ်ဖို့ နေနေသာသာ ဘုရားရှိခိုးတာတောင်မှ ဘုရားနားမှာ ရှိခိုးတဲ့အခိုက်အတန့် လူတင်ရှိတယ်၊ စိတ်မရှိဘူး။ ဣတိပိ သော ဘာသော ညာသောနှင့် ပါးစပ်ကိုယ်စားလှယ်လွှဲပြီး သွားလိုက်တာ ဟိုရောက် ဒီရောက်နှင့် မပြောနှင့်တော့။ ကိုယ်စားလှယ်လုပ်ခံရတဲ့ ပါးစပ်တော့ သွက်သွက်ကို ခါရော။ ရတာကလေး လျှောက်ရွတ်နေတယ်။

ထားပါတော့ အဲဒီလို မိမိတို့ရရှိနေသော ဖလသမာပတ္တိခေါ်တဲ့ ဖိုလ်ချမ်းသာကို ပြန်လှန်ဝင်စားနေမှုကို အရိယာပုဂ္ဂိုလ်တိုင်း လိုလားတောင့်တကြပါတယ်။

သတိပြု။ မြတ်စွာဘုရား လက်ထက်တော်အခါက ပညာအရာမှာ ဧတဒဂ် ရတော်မူတဲ့ လက္ခာတော်ရဲ့ ရှင်သာရိပုတ္တရာကိုယ်တော်ကြီး ရဟန္တာဖြစ်ပြီး သူ့အတွက် ကောင်းကျိုး ဆိုးကျိုး ဘာမှ စဉ်းစားစရာ မလိုတော့ဘူး။ သို့ပေမဲ့ ဒီအရဟတ္တဖိုလ်ချမ်းသာ ခံစားမှုကို အင်မတန် လိုလား တောင့်တတော်မူတယ်။ ကိုယ်တော်ကြီး တောင့်တပေမဲ့ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးမှာ သံယာအများနှင့်စပ်တဲ့ သံယာ့တာဝန်တွေကလဲ အပြည့်အနှက် ရှိတယ်၊ မြတ်စွာဘုရားနှင့် စပ်တဲ့ တာဝန်တွေကလဲ အများကြီးရှိတယ်၊ နတ်တွေ ဒါယကာ ဒါယိကာမတွေနှင့်စပ်တဲ့ တာဝန်တွေကလဲ အများကြီးရှိတယ်။ အဲဒါလောက် များပြားတဲ့ သံယာ့တာဝန်အစရှိသည်တို့ ကြားထဲက နေပြီးတော့ အားလပ်တဲ့ အချိန်ရယ်လို့ သူ့မှာ ပေါ်လာလျှင် ချက်ခြင်း ဆိတ်ငြိမ်ရာကပ်ပြီး သမာပတ်ဝင်စားတာဘဲ။ ချက်ခြင်း ဝင်စားတယ်။ အဲဒီ အလေ့အထက **အရိယာတိုင်း၏ အလေ့အထ**။

ရှင်သာရိပုတ္တရာ သမာပတ် ဝင်စားခြင်း

တနေ့သ၌ ရှင်သာရိပုတ္တရာကိုယ်တော်ကြီး အခုလိုဘဲ အချိန်အားကလေးတခု ယူပြီးတော့ ကျောင်းတော်နှင့် မနီးမဝေး တောထဲ ကပြာကရာထွက်သွားပြီး မြတ်စွာဘုရား

တာဝန် ကင်းငြိမ်းတဲ့အခိုက်, သံယာတော်များရဲ့ တာဝန် ကင်းငြိမ်းတဲ့အခိုက် ဆိုပြီးတော့ သမာပတ်ချမ်းသာ ဝင်စားဖို့ တောစပ်ကလေးတခုသို့ ဝင်သွားတယ်။ သစ်ပင်ရင်းတခု ထိုင်ပြီးတော့ ဖလသမာပတ် ဝင်စားနေတယ်။ လစ်ဆိုလျှင် လစ်တဲ့အချိန်ကလေး အဲဒီ သွားတာဘဲ။

ဘုရားရှင်က သန့်ရှင်းမှုကြိုက်

ကိုယ်တော်ကြီး အရဟတ္တဖိုလ်သမာပတ် ဝင်စားနေတုန်း မြတ်စွာဘုရားက ချစ်သား သာရိပုတ္တရာ ဘယ်များသွားပါလိမ့်မလဲလို့ မြတ်စွာဘုရားတို့၏ နှလုံးသွင်းခြင်း အသိဉာဏ်ဖြင့် နှလုံးသွင်းတဲ့အခါ သမာပတ် ဝင်စားနေတာကို တွေ့ရတယ်၊ **ဖလသမာပတ်ဝင်စား နေတာကို သိတော်မူတယ်**၊ မြတ်စွာဘုရားက သိပေမဲ့ ရိုးရိုးမဟုတ်ဘူး၊ အပြစ်နှင့်တကွ သိတော်မူတယ်၊ ဖလသမာပတ် ဝင်စားတဲ့ နေရာမှာတောင် အပြစ်ပါတယ်၊ အပြစ်နှင့်တကွ သိတော်မူတယ်တဲ့။

ဘယ်လိုအပြစ်နှင့်တကွ သိတော်မူသလဲမေးလျှင် ရှင်သာရိပုတ္တရာကိုယ်တော်ကြီး သည် ခုတင်က ပြောခဲ့တဲ့ ရသမျှ အချိန်ကလေးမှာ တောင့်တအပ်သော ဖိုလ်ချမ်းသာကို ခံစားလိုမှု အရှိန်ပြင်းစွာနှင့် သစ်ပင်ရင်းကပ်ပြီးတော့ အမှတ်တမဲ့ သမာပတ် ဝင်စားတော်မူတယ်။ ဘုရားသားမြေးတို့ မှန်ကြပါက ရဟန်းတော်တို့ သာမဏေတို့ (ဒို့ဆရာကလေး) တွေလဲ ပါတယ်။ ဘုရားသမီးတော်ဖြစ်လျှင်လေ၊ ဘုရားသမီးတော် အနေအားဖြင့် ထားလျှင် ပါတယ်၊ ဘုရားတပည့် သားသမီး မှန်ကြပါလျှင် မိမိတို့ သာသနာနှင့်စပ်တဲ့အလုပ် အား ထုတ်တဲ့ နေရာမှာ တံမြက်သလင်း ပြောင်အောင်ရှင်းပြီးမှ မိမိတို့နေရာကို သန့်စင်ပြီးမှ အားထုတ်ရတယ်။ ပရိယတ်ဘဲ အားထုတ် အားထုတ်, ပဋိပတ်ဘဲ အားထုတ် အားထုတ် မိမိရဲ့ ပတ်ဝန်းကျင်မှာ အမှိုက်သရိုက် မရှိစေရဘူး။ ဘုရားနှစ်သက်တော် မမူဘူး ရှုပ်ပွနေ တာကို။

ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးသည် ဖလသမာပတ် ခံစားလိုမှုသာ ရှေးရှုပြီးတော့ အမှတ်တမဲ့ တောစပ်ဝင်ပြီး သစ်ပင်ရင်းမှာ ဖလသမာပတ်ဝင်စားတော်မူတယ်။ မြတ်စွာ ဘုရားက အမှိုက်ရှင်းတာကို မတွေ့တော့ ချစ်သား သာရိပုတ္တရာတော့ ဒီလို လုပ်သကိုးလို့ ဆိုပြီး ကိုယ်တော်တိုင် ကြွသွားတယ်။ သမာပတ်ဝင်စားတဲ့ အနားကို ကြွသွားပေမဲ့ သိ အောင် မကြွဘူး။ သူကလဲ သမာပတ် ဝင်စားနေတယ်။ မြတ်စွာဘုရားကလဲ မသိအောင် ဘဲ ကြွတော်မူတယ်။ ကြွသွားပြီးတော့မှ သမာပတ် ဝင်စားတော်မူတဲ့ နေရာနှင့် မလှမ်း မကမ်း, သမာပတ်မှ ထလိုက်လျှင် မျက်စိဖြင့် မြင်နိုင်လောက်တဲ့ နေရာမှာ **ပါဒစေတီတော်** ချပစ်ခဲ့တယ်။ ခြေတော်ရာ ချခဲ့တယ်။ ဝိနည်းပရိဝါအဋ္ဌကထာ၊ နှာ-၁၇၅ မှာ ရှိတယ်။

ခြေတော်ရာကလေးချပြီး မြတ်စွာဘုရားက ပြန်ကြွတယ်။ ဂန္ဓကုဋီတိုက်တော်မှာ သီတင်းသုံးတော်မူတယ်။ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးက အလိုရှိတိုင်း သမာပတ် ဝင်စားလို့ သမာပတ်မှ ထတော်မူတာနှင့် တပြိုင်နက် မျက်လုံးအစုံ ဖွင့်ကြည့်လိုက်တော့ မြတ်စွာဘုရား ခြေတော်ရာကြီး ဒီနားမှာ ချထားပါကလား။ ဘာအကြောင်းများ ရှိပါလိမ့်။ ကိစ္စထူး ထင်ပါရဲ့။ အကြောင်းထူးထင်ပါရဲ့ဆိုပြီး ဆင်ခြင်လိုက်ပြန်တော့ သူကလဲ ဉာဏ်ကြီးတဲ့ ပညာကြီးတဲ့ ပုဂ္ဂိုလ်ကြီး တပါးဖြစ်လေတော့ မြတ်စွာဘုရား ဘာ့ကြောင့် ခြေတော်ရာ ချခဲ့တယ်ဆိုတာ ခုတင်က ပြောခဲ့တဲ့အတိုင်း သိတယ်။

ခက်ပြီ၊ အမှိုက်သလင်း ရှင်းလင်းခြင်းမပြုဘဲနှင့် သမာပတ် ဝင်စားနေတာ မြတ်စွာဘုရား သိတော်မူလို့သာ ဆိုပြီးတော့ ဒေါသကုန်ခန်းလို့ ကြောက်ရွံ့ခြင်းမရှိပေမဲ့ ရှိသေခြင်း များစွာဖြင့် မြတ်စွာဘုရားထံတော်သို့ ဝင်သွားရတယ်တဲ့။ ပရိဝါအဌကထာမှာ ဥပမာနှင့် ပေးထားတယ်။ ခိုးထုပ် ခိုးထည်နှင့် မိသော သူခိုးကဲ့သို့ ဆိုပြီးတော့တောင် ပြတယ်။ ဘုရားရှင်ထံမှောက် သွားရတယ်။

သွားပြီးတော့ ရှိခိုးဦးချ ခစားတဲ့ အချိန်မှာ မြတ်စွာဘုရား ဘာကို မိန့်တော်မူသလဲ ဆိုတော့ 'ချစ်သား သာရိပုတ္တရာ ငါဘုရားသည်ပင်လျှင် သက်တော်ထင်ရှား ရှိတော်မူခိုက် သင်ကဲ့သို့သော လက်ျာရံ မထေရ်ကြီး တပါးက ဤကဲ့သို့ မိမိ ပတ်ဝန်းကျင် အနားမှာ အမှိုက် သရိုက် မရှင်းလင်း မသုတ်သင်ဘဲနှင့် နေထိုင်ခဲ့ပါလျှင် နောင် သာသနာတော်မှာ အစဉ်အဆက် ဝင်လာလတ္တံ့ဖြစ်တဲ့ ပုဂ္ဂိုလ်တို့သည် ဘယ်မှာလျှင် ဆိုဖွယ်ရာ ရှိတော့အုံ့နည်း'တဲ့။

ငါဘုရားလဲ ထင်ရှား ရှိသေးတယ်။ ဘုရား သာသနာတော်တွင်း သာမန်တောင် မဟုတ်ဘူး။ မျက်မှောက် သမ္မုခီဘူတလဲ ဖြစ်နေသေးတယ်။ ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့်လဲ ရှင်သာရိပုတ္တရာတည်းဟူသော လက်ျာရံ ကိုယ်တော်ကြီး။ ဒီပုဂ္ဂိုလ်ကြီးကမှ အမှိုက်မသုတ် သင်လျှင် နောင်လာနောင်သား တပည့်များက ဘယ်မှာ သုတ်သင်ကြတော့မလဲ။

အဲဒီလို ဆရာဘုန်းတော်ကြီးသည် သာမဏေငယ် တပါးကို ဆုံးမနေဘိသကဲ့သို့ မြည်တွန် တောက်တီးခြင်းကို ခံရတယ်တဲ့။

ဒါကြောင့် မိမိတို့ ဒီနေရာမှာ သခ်ၿဂီးစာယူဖို့က ဘာလဲလို့ မေးလျှင် **မိမိတို့နှင့် ပတ်သက်တဲ့ နေတဲ့ ထိုင်တဲ့ နေရာဟူသမျှတို့မှာ အမှိုက်သရိုက် သုတ်သင်ရမယ်၊ ရှင်းလင်းရမယ်၊ သန့်ရှင်းစေရမယ်တဲ့။** အဲဒါ မြတ်စွာဘုရား အလွန်အရေးကြီးတော်မူပါတယ်။

ထားခဲ့တော့၊ ဒါကြောင့် အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့ရအပ်သော ဖိုလ်ချမ်းသာကို လွန်စွာမှ တောင့်တောင့်တတ လိုလိုလားလား ဝင်စားခံစားတော်မူလေ့ ရှိကြလို့ ဖလသမာပတ်ဝင်စားတာကို ပြောပါတယ်။

ဖလသမာပတ် ဝင်စားတဲ့ပုဂ္ဂိုလ် ၂ မျိုး

အဲဒီမှာလဲ ပုဂ္ဂိုလ် ၂-မျိုးခွဲလိုက်၊ ဖလသမာပတ်ဝင်စားသော ပုဂ္ဂိုလ်သည် အကျဉ်းအားဖြင့် ၂-မျိုးရှိ၏။ ၂-မျိုးက ဘယ်သူလဲလို့ မေးလျှင် သေက္ခပုဂ္ဂိုလ်နှင့် အသေက္ခပုဂ္ဂိုလ်လို့ ဆိုကြပါစို့။ သောတာပန် သကဒါဂါမ် အနာဂါမ်ကို ဘာခေါ်တယ် (သေက္ခ)၊ ရဟန္တာ ပုဂ္ဂိုလ် (အသေက္ခ)၊ သေက္ခပုဂ္ဂိုလ် ၃-ယောက်ဝင်စားတဲ့ သမာပတ္တိဝိထိဖြစ်လျှင် အနုလုံ ၄-ကြိမ်သည် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ကုသလော ကုသလဿ ဟောလို့ ရတယ်နော်။

ဘာမတွေတဲ့ (မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခုပါ)၊ ဖိုလ်, ဘဝင်ကတော့ ဝိပါက်အဗျာကတပေါ့။

အသေက္ခခေါ်တဲ့ ရဟန္တာဝင်စားလျှင် အနုလုံ ၄-ကြိမ်သည် မဟာကြိယာဉာဏမ္ပယုတ်စိတ် ၄-ခုဖြစ်ခြင်းကြောင့် တဝိထိလုံး အဗျာကတော အဗျာကတသ၊ ဟုတ်လား (မှန်ပါ)၊ ကဲ ကျေနပ်ကြပါတော့။

နိရောဓသမာပတ္တိဝိထိကို တိက်နှင့် ဝေဖန်ပုံ

နောက် နိရောဓသမာပတ္တိဝိထိ သွားပါ။ မနေ့က ပြောခဲ့တဲ့ နိရောဓသမာပတ်ဝင်စားနိုင်တဲ့ပုဂ္ဂိုလ်သည် ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် အနာဂါမ် ရဟန္တာ၊ ဘုံ၏ အစွမ်းအားဖြင့် ကာမဘုံ ရူပဘုံ၊ ၎င်းဘုံမှာရှိသော အနာဂါမ် ရဟန္တာ နှစ်မျိုး (မှန်ပါ)။

အနာဂါမ်ပုဂ္ဂိုလ်ကြီး ဝင်စားတော်မူသည် ဖြစ်အံ့၊ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူတို့သည် မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ရဟန္တာ ကိုယ်တော်ကြီး ဝင်စားသည် ဖြစ်အံ့၊ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူတို့သည် မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု။

ထို့အတူ အနာဂါမ် ဖြစ်အံ့-ဂေါတြဘူနောက်၌ ဘာရှိရတယ်၊ နေဝသညာနာသညာယတန ကုသိုလ်ဇော ၂-ကြိမ် ဟုတ်လား (မှန်ပါ)၊ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူတွေကလဲ ဇောဘဲ။

၇-ရက်တိတိ သမာပတ် ဝင်စားတော်မူရတယ်။ အဲဒီ သမာပတ်ကို တနည်းအားဖြင့် ကျမ်းဂန်များက အနုပုဗ္ဗဝိဟာရသမာပတ်လို့ ခေါ်ကြတယ်။ ဘာသမာပတ်တဲ့ (အနုပုဗ္ဗဝိဟာရသမာပတ်လို့ ခေါ်ပါတယ်)။

ဒီ နိရောဓသမာပတ်ကိုဘဲ ခေါ်နေတာနော်။ ဘာ့ကြောင့် အနုပုဗ္ဗဝိဟာရသမာပတ် ခေါ်သလဲမေးလျှင် **နိရောဓသမာပတ် မဝင်စားမီ အနု=အစဉ်အတိုင်း။ ပုဗ္ဗ=ရှေ့ကဝင်စား**ပြီးတော့ နေရတဲ့သမာပတ်တွေ အများကြီး ရှိတယ်၊ ဘယ်လောက် ဝင်စားရသလဲ

မေးလျှင် ရူပါဝစရပဋ္ဌမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်, စျာန်ဝိထိတွေလေ အားလုံး ဝင်စားခဲ့ရတယ် အစဉ်အတိုင်း၊ ပြီတော့ အရူပကျတော့ အာကာသာနဉ္စာယတန စျာန်, ဝိညာဏဉ္စာယတနစျာန်, အာကိဉ္စညာယတနစျာန် ဒီလိုဝင်စားရတယ် မဟုတ်လား၊ နောက်ပိတ်ဆုံးတော့ ဘာတုန်း နေဝသညာနာသညာယတနစျာန်။

အဲဒါကြောင့်မို့ ဒီမှာကြည့်စမ်း။ ဝိထိမှာ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဆိုတာ ကာမဇောတွေ မဟုတ်လား (မှန်ပါ)၊ ဟော နေဝသညာနာသညာယတန ကုသိုလ်စျာန်ဇော ၂-ကြိမ်၊ အဲဒီလို အစဉ်အတိုင်း ပဋ္ဌမစျာန်က စပြီး ဝင်စားလို့ နေဝသညာနာသညာယတန စျာန်ရောက်မှ နိုရောဓ ရောက်တာပေါ့။

သတိပြုကြစမ်းပါ။ အဲဒီ သမာပတ် ဝင်စားတာက ၇-ရက်ကြာတယ်တဲ့။ သဘာဝ အားဖြင့် ပြောတာနော်၊ ၇-ရက်ကြာတယ်။

အဓိဋ္ဌာန် ၄-ချက်

သို့ပေမဲ့ အမြဲတမ်း ၇-ရက် နေသလားလို့ မေးလျှင် သမာပတ် မဝင်စားမီ ဝင်စား လိုသော အနာဂါမ် ရဟန္တာကိုယ်တော်သည် အဓိဋ္ဌာန် ၄-ချက်လို့လဲ ခေါ်ကြတယ်၊ ပုဗ္ဗကိစ္စ ၄-ချက်လို့လဲ ခေါ်ကြတယ်။ ဒီသမာပတ်က ရိုးရိုးအနေအားဖြင့် ဆိုလို့ရှိလျှင် ဝင်စားလျှင် ၇-ရက်တိတိ နေတယ်။ ၇-ရက်တိတိနေတော့ ဒီကြားထဲမှာ ဥပမာ-ရှင်သာရိပုတ္တရာကိုယ် တော်ကြီးဘဲ ဝင်စားတယ် ပြောပါတော့။ ငါ့အား သမာပတ်အတွင်း၌ ဘုရားခေါ်တော်မူ လျှင် သိနိုင်ပါစေလို့ အဓိဋ္ဌာန်ရတယ်။

၇-ရက်ကတော့ မပြည့်သေးဘူးလေ၊ မြတ်စွာဘုရားက တစုံတခု ကိစ္စရှိလို့ သာရိ ပုတ္တရာ ဘယ်သွားသတုန်း ခေါ်ချေစမ်းလို့ဆိုလျှင် အလိုလို သမာပတ်ဝင်စားရာက သိတယ် တဲ့။ သတ္ထုပဏ္ဏာသန ခေါ်တယ်၊ ဘုရားခေါ်တော်မူတယ်။

ဒါမှ မဟုတ်လို့ သံဃပဋိမာနတဲ့၊ သံဃာတော်များမှာ အရေးကိစ္စရှိလို့ ရှင်သာရိ ပုတ္တရာကိုယ်တော်ကြီး ဦးစီးမှ ဖြစ်မည့်ကိစ္စမျိုးဆိုလို့ရှိလျှင် သံဃာများ တောင့်တတော်မူ ပါလျှင်လဲ သမာပတ်အတွင်းက အလိုလို သိပါစေသတည်းလို့ အဓိဋ္ဌာန်တမျိုး အဓိဋ္ဌာန်ရ တယ်။ ဘုရားခေါ်လျှင် သိရမယ်၊ နံပါတ် ၁။ သံဃာတော်များ ကိစ္စရှိလို့ တောင့်တပါလျှင် လဲ သိရမယ်တဲ့၊ သမာပတ်က ထနိုင်ရတယ်၊ ၇-ရက်စေ့စေ့ မစေ့စေ့ တရက်ဘဲရရ ဟုတ် လား၊ အဲဒါ နံပါတ် ၂။

နောက်တမျိုး၊ သမာပတ်အတွင်း ငါ၏ သက်နှံ့ သပိတ် ပရိက္ခရာတို့ကို ရန်သူမျိုး ၅-ပါးတို့သည် မနှောင့်ယှက် မဖျက်ဆီးနိုင်ပါစေသတည်းတဲ့၊ နာနာဗဒ္ဓအဝိကောပန ခေါ် တယ်။

အဲဒီသမာပတ်ဝင်စားနေတုန်း ဘယ်သူ ဘယ့်နှယ်လုပ်လုပ် မသိဘူး၊ တတ်နိုင်လို့ လုပ်ချင်တာသာလုပ် ဘာမှ မသိဘူး၊ နံပါတ် ၃။

နောက်တမျိုးက ၇-ရက်အတွင်းမှာ ကိုယ့်အသက်ကို ပမာဏနှိုင်းချိန်ပြီးတော့ ၇-ရက်အတွင်း မသေနိုင်တဲ့အနေမျိုးအထိ သိပြီးတော့မှ ၇-ရက်ရှိသောအခါ သမာပတ်မှ ထစေသတည်းဟု အဓိဋ္ဌာန်ပြီးမှ ဝင်စားရတယ်။ **အဒ္ဓါနပရိစ္ဆေဒတဲ့**၊ ၄-မျိုးစေ့ရော မဟုတ်လား (မှန်ပါ)။

အဲဒီ ၄-မျိုးတို့တွင် တတိယအမျိုးကို ဘုန်းကြီး နည်းနည်းပြောပြမယ်၊ အနာဂါမ်, ရဟန္တာကိုယ်တော်ကြီး ဝင်စားလို့ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, နေဝသညာနာသညာယတနကြီယာဇော ၂-ကြိမ်၊ ရှင်သာရိပုတ္တရာ ပြောတာလို့ ဟုတ်လား (မှန်ပါ)၊ အဲဒီလို ကိုယ်တော်ကြီးက သမာပတ်ဝင်စားလိုက်တယ်၊ အဲဒါကို **နိရောဓလို့** ခေါ်တယ်။

အဲဒီ နိရောဓကို အရှင်အနုရုဒ္ဓါက ရေးထားတဲ့ ပါဠိကို ဗားကရာဆရာတော်ကြီးက အနက်ဘယ်လိုပြန်ထားသလဲ၊ နိရောဓံ=စိတ်, စေတသိက်, စိတ္တဇရုပ်တို့၏ ချုပ်ခြင်းသို့ ဒီလိုမဟုတ်လား၊ ပြန်စဉ်းစားစမ်း ဒီအချိန် ဘာဖြစ်နေသလဲလို့၊ စိတ်ရှိရဲ့လား (မရှိပါ)၊ စိတ်မရှိလျှင် စိတ်နှင့်ယှဉ်တဲ့ စေတသိက်ရှိမလား (မရှိပါ)၊ ဒါဖြင့် စိတ်နှင့် စေတသိက်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ကော ရှိမလား (မရှိပါ)၊ စိတ်လဲ မရှိ, စေတသိက်လဲ မရှိ, စိတ္တဇရုပ်လဲ မရှိဆိုတော့ ကိုယ်တော်ကြီးသန္တာန် ဘာကျန်သလဲလို့ စဉ်းစားစမ်း၊ ကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ် ခေါ်တဲ့ ရုပ် ၃-မျိုးရှိတယ်၊ နာမ်မပါဘူးနော်၊ အဲဒီ နာမ်မပါတော့ ဒီ ၇-ရက်အတွင်းမှာ အနန္တရပစ္စည်း, ပစ္စယုပ္ပန်မရှိဘူး။ စိတ်, စေတသိက်, စိတ္တဇရုပ်တို့၏ ချုပ်ခြင်းသို့။ အာပဇ္ဇတိ=ရောက်၏တဲ့။ ကမ္မဇ, အာဟာရဇ, ဥတုဇခေါ်တဲ့ ရုပ် ၃-မျိုးတို့ နှင့်နေတော့ ထိုကိုယ်တော်ကြီးဟာ ဘယ်အနေရှိမလဲလို့ စဉ်းစားစမ်း၊ တင်ပလ္လင်ခွေထိုင်လို့ ထက်ဝယ်ဖွဲ့ခွေ ငြိမ်သက်သော ဣရိယာပထဖြင့် ယခု ဘုရားတန်ဆောင်း ဂူကျောင်းထဲမှာ တည်ထားကိုးကွယ်တဲ့ ဆင်းတုတော်ကြီးနှယ်သာ ရှိတော့တယ်၊ နားလည်တယ်နော်။

မလှုပ်တော့ဘူး၊ မယှက်တော့ဘူး၊ မည်သူတစုံတဦးတယောက်က မည်သို့ပြုပြု ကိုယ်တော်ကြီး မသိတော့ဘူး၊ သတ်လို့လဲ မသေဘူး၊ မိုးကြိုးပစ်ချလို့လဲ မကြားဘူး၊ ရူပါရုံကြောင့်လဲ မသိဘူး၊ သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ-ဘယ် အာရုံမျိုးကြောင့်မှ ကိုယ်တော်ကြီး မသိတော့ဘူး၊ ဘာဖြစ်လို့လဲ **စိတ်မှမရှိတော့ဘဲ**၊ အခုပြောနေပကော၊ အများကိုးကွယ်ထားတဲ့ ရုပ်ပွါးဆင်းတုတော်ကြီးတွေလိုဘဲတဲ့။

သာမာဝတီ၏ ဝိပါကဝဋ်[1]

အဲဒါ ရှေးတခေတ်တချိန်က သာမာဝတီတို့ရဲ့ အလောင်းအလျာ ဖြစ်တဲ့ မိဖုရားတွေ ဂဂီမြစ်တွင်း ရေကမြင်းသွားကြတယ်၊ ရေကစားတယ်၊ ကစားတာနှင့် ကမြင်းတာ အတူတူပါဘဲ။

ဂဂီမြစ်ကမ်း တခုသော နေရာမှာ ပစ္စေကဗုဒ္ဓါကိုယ်တော်ကြီးတပါးက နိရောဓ-သမာပတ်ဝင်စားနေတယ်။ သာမာဝတီအမျှားရှိတဲ့ မိဖုရား မောင်းမမိသံတွေက မြစ်ထဲ ရေဆော့ချင်တိုင်းဆော့, ကမြင်းချင်တိုင်းကမြင်း၊ ကြာတော့ ချမ်းလာတာပေါ့လေ၊ ချမ်းတော့ ကိုယ့်ဌာနမပြန်ခင် မီးလှုံရအောင်ဆိုပြီး ထင်းစုပြီး မီးလှုံတယ်၊ မီးလှုံလိုက်တော့ ကိုယ်တော်ကြီး သမာပတ်ဝင်စားတဲ့ ချုံကလေးပါ ပါရောလို့ ပြောကြပါစို့။ ကိုယ်တော်ကြီးက နိရောဓ သမာပတ်ဝင်စားနေတာ မီးလောင်လို့ ဘာဂရုစိုက်မလဲ၊ မီးလောင်တော့ ကိုယ်တော်ကြီးက တစတစနဲ့ ဆင်းတုတော်ကြီးပမာ ထင်ရှားစွာ ပေါ်လာတယ်။

ပေါ်လာလို့ ကြည့်လိုက်တော့ အင်း ဒို့ဘုရင်ကြီးကိုးကွယ်တဲ့ ကိုယ်တော်ကြီးပါ ကလား၊ ဒို့တော့ မီးရှို့မိလျက်သား ကြုံနေပြီ၊ အဲဒါ မသေမရှင်နှင့် ဘုရင်မင်းမြတ်သိသွားလျှင် ဒို့တော့ အကုန်သေတော့မှာဘဲ၊ ဒကာမတွေက ဒီလို စိတ်ကူးလာကြတယ်၊ ဒို့ ဒီအတိုင်း ထားခဲ့လို့တော့ မတော်ဘူး၊ ကိုယ်တော်ကြီးကို အရိုးမြေကျ စျာပနပြုမှ တော်မှာဘဲ ဆိုပြီး တော့ သူတို့ အချမ်းပြေရုံတင် မဟုတ်ဘူး၊ ထင်းတွေစုပြီး ကိုယ်တော်ကြီးကို ထပ်ပြီး စျာပနပြုကြပြန်တယ်၊ ထပ်ပြီးမီးပုံတိုက်တယ် အဂ္ဂိစျာပန၊ ထင်းများများနှင့် ပုံတိုက်လိုက်တော့ ဒီအချိန်ဆိုလျှင်တော့ အရိုးကျွမ်းလောက်ပါပေါ့ ဆိုပြီးတော့မှ သူတို့တတွေ ပြန်သွားကြတယ်တဲ့။

ကိုယ်တော်ကြီးက ဘာဖြစ်လိမ့်မှာတုန်း။ **နိရောဓသမာပတ်ဝင်စားနေတဲ့ဥစ္စာ** အကုန်လုံး လောင်ချင်တိုင်းလောင် ပြာကျ။ သူတို့ထည့်သမျှထင်းတွေ လောင်ကျွမ်းလွင့်စင်ပြီးတော့ နောက်ပိတ်ဆုံး ကိုယ်တော်ကြီးက သမာပတ် ၇-ရက်စေ့တော့မှ ကိုယ်ပေါ်မှာပြာတွေ တွေ့တယ်။ သင်္ကန်းတော်လဲ မီးမဟပ်ဘူး၊ သင်္ကန်းတော်ကို ထူထူထဲထဲထားလို့ မွေးညင်းတော်ကလေး တပင်တောင်မှ မီးမဟပ်ဘူး၊ ဘယ်လောက်ကောင်းသတုန်း၊ ဘေးကြီး ဘယာကြီးတွေ့တဲ့အခါ ဒီသမာပတ်ဝင်စားနေလျှင် ကောင်းမှာနော်၊ အဏုမြူဗုံးချတုန်းဆိုလျှင် ဒီသမာပတ် သိပ်အဖိုးတန်မယ်။ သို့သော် ဒို့လူစုက တယောက်မှ ရမှာ မဟုတ်ပါဘူး၊ ဒို့လဲ မရပါဘူး၊ အဖိုးတန်တာ ပြောတာ။

---

[1] ဓမ္မပဒအဋ္ဌကထာ၊ ပ-တွဲ၊ နှာ-၁၄၃။

အဲဒီလို ပြုလုပ်ခဲ့တဲ့ ရှေးက်ကြောင့် သာမာဝတီအမှုးရှိတဲ့ မိဖုရားတွေ သာမာဝတီ ဘဝမှာ နန်းတော်ပိတ်ပြီးတော့ ဘာလုပ်ခံရသတုန်း (မီးတိုက်ခံရပါတယ်)။

ဟိုတုန်းက အလုပ်နော် သတိထားကြပေါ့။ ဟိုတနေ့ကလဲ သတိပေးခဲ့တယ်၊ နွားကျောင်းသား ကမြင်းသလို မကမြင်းနဲ့၊ ကြိုတတ်တယ် လက်ဆော့တဲ့ပုဂ္ဂိုလ်တွေ။ ဟောဒီထဲ ကြွက်ကလေးဝင်ပြေးတယ်၊ ကျောက်ခဲနှင့်ပိတ်ပြီး ဆို့ထားဟ ဆိုပြီးတော့မျှား မလုပ်ကြနဲ့နော်၊ ဘာမှလဲ အရသာရှိတာ မဟုတ်ဘူး။ နောက်ကျတော့ ကိုယ့်မှာ ဝင့်ခံရတတ်တယ်။

မှတ်ထားစမ်းပါ။ အဲဒါ နိရောဓသမာပတ် အစီအစဉ်။ ပြီးပြီဆိုတော့ ၇-ရက်စေ့တဲ့ အခါကာလကျတော့ သူ့ဖာသာသူ အလိုအလျောက် သတ္တုပဏ္ဍောသန မရှိသည်ဖြစ်စေ, သံယပဋိမာန မရှိသည်ဖြစ်စေ ဒီအကြောင်းနှစ်ပါးမှ ကင်းပြီးတော့ အလိုလို ကိုယ်တော်တိုင် သမာပတ်က ထတယ်။

ဒီတော့ ဒီဝိထိမှာ ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ကြည့်လျှင် အနာဂါမ်ကိုယ်တော်ကြီး ဖြစ်လျှင် ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ နေဝသညာ နာသညာယတန ကုသိုလ်တိုင်အောင် ဘာတွေတုန်း ကုသလော ကုသလဿ၊ ဟုတ်တယ်နော် (မှန်ပါ)။ အဲဒီ နေဝသညာနာသညာ-ယတနကုသိုလ်ကို ပစ္စည်းထားပြီးတော့ အနာဂါမိဖိုလ်ကို ပစ္စယုပ္ပန်ထားလိုက်တော့ (ကုသလော အဗျာကတဿ)၊ ၇-ရက်လွန်ပြီနော်။ ဒီကြားထဲမှာ စိတ်မရှိလို့ကျော်ရတာ ဟုတ်လား။ ဖိုလ်ကနေ ဘဝင်ကျတော့ အဗျာကတော အဗျာကတဿ။

ရဟန္တာကိုယ်တော်ကြီးရဲ့ နိရောဓသမာပတ္တိဝိထိ ဖြစ်ပါလျှင် တဝိထိလုံး ဘာတွေတဲ့တုန်း (အဗျာကတော အဗျာကတဿ)။

မရဏာသန္နဝိထိကို တိက်နှင့်ဝေဖန်ပုံ

မှတ်ထားလိုက်ပါဦး၊ မထူးပါဘူး။ ရှေ့တဝိထိဆက်လိုက်စမ်း တဘဝဆုံးသွားအောင်။ မရဏာသန္နဝိထိ အကျဉ်းချုပ်ပြောမလို့။

တဒါရုံနောင် စုတိကျသည် ဖြစ်အုံ့၊ တဒါရုံနောင် စုတိကျတယ် ဆိုတော့ တဒါရုံကလဲ အဗျာကတ မဟုတ်လား (မှန်ပါ)၊ စုတိကကော (အဗျာကတပါဘဲ)၊ အဗျာကတော အဗျာကတဿ။

နားလည်အောင် နားထောင်ခဲ့။ ဇောနောင် စုတိကျသည်ဖြစ်အုံ့၊ သေခါနီး စောနိုင်တဲ့ဇောတဲ့။ ဇော ၅၅-ထဲက ရွေးထုတ်ပြီး ဘုန်ကြီးပြောပြမယ်။ သတိပြု နားထောင်ထား။

အကျဉ်းချုပ်အားဖြင့် သေခါနီး မရဏာသန္နမှာ အပ္ပနာဇော ဘယ်တော့မှ မစောဘူး။ အပ္ပနာဇောဆိုတာ ဘယ်သူလဲ၊ မဟာဂျုတ်ဇော, လောကုတ္တရာဇော (မှန်ပါ)။ သေခါနီး

မရဏာသန္နဇောသည် ကာမ, အပ္ပနာ ၂ မျိုးတို့တွင် အပ္ပနာဇော ဘယ်တော့မှ မစောရဘူး။ ကာမဇောသာ စောရတယ်။

ကာမဇောတွင်လဲဘဲ သတိ-ဟသိတုပ္ပါဒ်ဇော မစောနိုင်ဘူးတဲ့၊ မရဏာသန္နမှာ ပြောတာနော်။

လေးလေးစားစား အားထုတ် လေ့လာကြစမ်းပါ။ အင်မတန် ပြောခဲတဲ့ အဓိပ္ပါယ်တွေကို ဘုန်းကြီးပြောပေးနေပါတယ်။ ညဝါကို ပါဠိတော်အနေနဲ့ အရကောက်သဘော လောက်သာ သင်သွားကြတာ များပါတယ်။ ဘုန်းကြီး အခုပြောတာမျိုးကျတော့ အပြောနည်းပါတယ်။ ဒါကြောင့် ဂရုစိုက်ပြီး မှတ်ရတယ်။

ဒီတော့ ကာမဇော စောတယ်။ ကာမဇောထဲက သေခါနီးမှာ မစောတာ ဘာဇောတဲ့ (ဟသိတုပ္ပါဒ်ဇောပါ)။

ဒီတော့ ကာမဇောပေါင်း ဘယ်လောက်ရှိတယ် (၂၉-ပါး ရှိတယ်)၊ ၂၉-ထဲမှာ ဟသိတုပ္ပါဒ် နုတ်တော့ (၂၈-ပါး ကျန်ပါတယ်)။ ဘယ်သူတွေ ကျန်နေသလဲလို့ ပြန်စဉ်းစားစမ်း။ အကုသိုလ်စိတ် ၁၂၊ မဟာကုသိုလ်စိတ် ၈၊ မဟာကြိယာစိတ် ၈၊ ဒါဘဲ ကျန်တော့တယ်။

အခု ဘုန်းကြီးက ဘာပေးလိုက်သတုန်း။ **'မရဏာသန္နဇောမှာ အပ္ပနာဇော မစောရ ဟုတ်လား။ ကာမဇောမှာ ဟသိတုပ္ပါဒ်ဇော မစောရ'**။ ဒီတော့ ဘာတွေ စောမလဲ။ အကုသိုလ်ဒွါဒသဇော စောနိုင်တယ်။ မဟာကုသိုလ်ဇော ၈ ခု စောနိုင်တယ်။ မဟာကြိယာဇော ၈-ခု စောနိုင်တယ်။ ဒီလိုမဟုတ်လား (မှန်ပါ)။

ကဲ စဉ်းစားစမ်း။ မနေ့က နောက်မှာ ဂဏန်း ၃-မျိုး ရေးထားတယ်[1]လို့ ပြောတယ် မဟုတ်လား။ **အကုသိုလ်ဇော စောပြီးတော့ စုတိကျတဲ့ ပုဂ္ဂိုလ်ဖြစ်လျှင် ကာမစုတိ ၁၀။ မဟာကုသိုလ်ဇော စောပြီးတော့ စုတိစိတ်ကျလျှင် စုတိစိတ်ပေါင်း (၁၉)။ မဟာကြိယာဇော စောပြီးတော့ စုတိကျလျှင် တိဟိတ်စုတိ တေရသ။** မှတ်မိပလား (မှန်ပါ)။

ကဲ ဒါဖြင့် ကြည့်စမ်း။ အကုသိုလ်ဇောနောင် စုတိဆိုလျှင် သန္ဓာထုတ်တော့ ဘယ်လို ထွက်မလဲ။ အကုသလော အဗျာကတသ။ မဟာကုသိုလ်ဇောနောင် စုတိကျလျှင် ကုသလော အဗျာကတသ။ မဟာကြိယာဇောနောင် စုတိကျလျှင် အဗျာကတော အဗျာ-ကတသ။ ဒါဘဲပေါ့။ ဒီမှာ ၃-ချက်ထွက်လိမ့်မယ်။

ဒါကြောင့် ဘုရားရဟန္တာ အရှင်သခင် ကိုယ်တော်မြတ်ကြီးတို့သည်ပင်လျှင် နောက်ဆုံး ပရိနိဗ္ဗာန်စံခါနီး **စောတဲ့ဇောသည် မဟာကြိယာဇော**လို့ နားလည်ပါ။ ဒီအချိန် မဂ်ဇော

---

[1] ဤကျမ်း နှာ-၃၁၁-အနန္တရဝိထိဇယားထဲပါ မရဏာသန္နဝိထိ၌ ဒုတိယအတန်းကြည့်။

စောသယောင်ယောင်, ဖိုလ်ဇော စောသယောင်ယောင် ဘုရားမို့လို့ ဘာနဲ့ စောချင်သလိုလို တချို့ပြောကြတယ်၊ အဲဒါ ကျမ်းကိုးတွေ လျှောက်ရှုတ်ပြနေလျှင် ဘုန်းကြီး ရထားတာတွေ ရှိတယ်၊ အဌကထာပါဠိတွေ အဌကထာပါဠိတွေပေါ့လေ။ အဲဒါ အချိန်သိပ်ကြာနေမယ်၊ ထားခဲ့တော့။

ဘဝင်နောင် စုတိကျသည်ဖြစ်အံ့၊ ဘဝင်ပစ္စည်းတရားကလဲ ၁၉-ဘဲ မဟုတ်လား။ ပစ္စယုပ္ပန်စုတိကကော (၁၉-ပါဘဲ)၊ သန္ဓာထုတ်လျှင် (အဗျာကတော အဗျာကတသ)။

ပဋိသန္ဓေကနေပြီး သတ္တဝါတယောက် စခဲ့တာ စုတိကျတော့ ဆုံးပြီတဲ့။ အဲဒါ အလုံးစုံ ပုထုဇဉ်ရော, သေက္ခရော, အသေက္ခရော ဖြစ်နိုင်ကောင်းတဲ့ ဝိထိက ဒီ ၄-၅ ကြောင်းဘဲ ရှိပါတယ်။ ဒါကလေး အလွတ်ရေးတတ်ပါစေ။ သန္ဓာထုတ်ကြစို့။ အောက်မှာ ကျန်သေးတယ်နော်။ ဘဝကူးထားတာ။ စုတိနောက် ပဋိသန္ဓေဆိုတာ စုတိလဲ အဗျာကတ, ပဋိသန္ဓေလဲ အဗျာကတမို့ သိပ်မထူးတော့ နောက်မှ ပြောပေးမယ်။

ဤတရားတို့သည် ဆိုပြီးတော့ အနန္တရသုဒ္ဓသန္ဓာ ပစ္စည်းလဲနာမ်, ပစ္စယုပ္ပန်လဲ နာမ်ဘဲ မဟုတ်လား။ ပစ္စည်းကလဲ စိတ် ၈၉, ပစ္စယုပ္ပန်ကလဲ ၈၉-ရတယ် မဟုတ်လား (မှန်ပါ)။

အဲဒီမှာ ပစ္စည်း ပစ္စယုပ္ပန်ခွဲလိုက်တော့ ခုတင်က ဘာပြောသလဲ ရှေ့ရှေ့စိတ်က ပစ္စည်း, နောက်နောက်စိတ်က ပစ္စယုပ္ပန်ဆိုတော့ ဝိထိတွေ သွားကြည့်ရတယ်။ ဘယ်လောက် များသလဲ မေးလျှင် ၄-၅-၆ ကြောင်းကလေးဘဲ။

သတိပြုကြည့်၊ ဤတရားတို့သည် အနန္တရပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သန္ဓာ သတ္တ။ ဘယ်သူတဲ့တုန်း။ ကုသလော ကုသလဿ, ကုသလော အဗျာကတဿ။ အကုသလော အကုသလဿ, အကုသလော အဗျာကတဿ။ ကုက ၂-ချက်, အကုက ၂-ချက်, ဗျာပဒက ဗျာ-ဗျာ၊ ဗျာ-ကု၊ ဗျာ-အကုဟု ၃-ချက် ဒီလိုမဟုတ်လား (မှန်ပါ)။

အနန္တရဌ် ကုသလော ကုသလဿအရရှာပုံ

ကဲ ရှာကြပါဦးစို့။ ပစ္စည်းကလဲ ကုသိုလ်ဖြစ်ရမယ်။ ပစ္စယုပ္ပန်ကလဲ ကုသိုလ်ဖြစ်ရမယ်။

အနန္တရဆိုတာ ရှေ့စိတ် ပစ္စည်း, နောက်စိတ် ပစ္စယုပ္ပန်၊ **ကာမဇောဝါရဝီထိ** တုန်းက ဘုန်းကြီးပြောခဲ့ပြီ။ ကုသလော ကုသလဿ ဟောဖို့နေရာ ဘယ်နားမှာ ပါသလဲ (ကာမဇောဝါရဝီထိဇော ၇-ကြိမ်မှာပါ)။ ဘာကုသိုလ်တွေ ရှိလို့လဲ (မဟာကုသိုလ်တွေ ရှိပါတယ်)။

ဒီပြင် စျာနဝိထိ ပြောင်းကြည့်လိုက်စမ်း။ ကုသလော ကုသလဿ ဟောစရာ ဘယ်နားမှာ ရှိသလဲ (ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ စျာန်) သေက္ခ, ပုထုဇဉ်ဖြစ်အုံ- ပရိကံ ဥပစာ အနုလုံ ဂေါတြဘူတို့က မဟာကုသိုလ်။ စျာန်က မဟဂ္ဂုတ်ကုသိုလ်။ စျာန်ကုန်သည့်တိုင် အောင် ရှိတယ်။

ဒီတော့ ဘယ်လိုလုပ်မှတ်မလဲ။ စျာနဝိထိဖြစ်အုံ၊ ပရိကံမှစ၍ စျာန်ကုန်သည့်တိုင် အောင် ကုသလော ကုသလဿတွေ တွေ့တယ်နော် (မှန်ပါ)။

ထားပါဦးတော့ ကာမဇောဝါရဝိထိက ဘာကုသိုလ်တွေရသလဲ (မဟာကုသိုလ်ရပါ တယ်)၊ စျာနဝိထိက ဘာကုသိုလ်တွေရသလဲ (မဟာကုသိုလ်, မဟဂ္ဂုတ်ကုသိုလ် ရပါတယ်၊ မဟာကုသိုလ်က ခုတင်က ၈-ခုစလုံး ပါသွားတော့ မတိုးဘူးပေါ့နော် (မှန်ပါ)၊ မဟဂ္ဂုတ် ကုသိုလ် ၉-ခု တိုးမလာဘူးလား (တိုးပါတယ်)၊ ပေါင်းလိုက်စမ်း (၁၇-ပါး)၊ ဘာကုသိုလ်ခေါ် သလဲ၊ (လောကီကုသိုလ်ခေါ်ပါတယ်)၊ လောကီကုသိုလ် ၁၇၊ သတ္တရသ။

မဂ္ဂဝိထိသွားပါ။ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ ဘာတွေတဲ့တုန်း။ (မဟာကုသိုလ် တွေ)၊ မဂ်ကကော (လောကုတ္တရာကုသိုလ်)၊ ကုသလော ကုသလဿ ဟောနိုင်တာ ဘယ် မှာလဲမေးလျှင် ပရိကံကစ၍ မဂ်တိုင်အောင်။

ဒီတော့ ခုတင်က ၁၇-ခုထဲမှာ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူတွေကတော့ မဟာ ကုသိုလ်တွေဘဲ မဟုတ်လား၊ ဒီတော့ မဂ် ၄-ခု ထည့်လိုက်စမ်း (၂၁-ခု)၊ ကုသိုလ်စိတ် ၂၁- မကုန်သေးဘူးလား (ကုန်ပါပြီ)။

လေ့လာခိုင်းတာ အဲဒါတွေ သိစေချင်လို့ ပြောနေဒါပါ။ ပေါ့ပေါ့ကလေး လုပ်နေ ကြတယ်။

သတိပြုစမ်းပါ သမာပဇ္ဇနဝိထိမှာ၊ သေက္ခပုဂ္ဂိုလ်ဖြစ်လျှင် အနုလုံ ၄-ကြိမ်ဟာ ကုသိုလ်မဟုတ်လား၊ ဘာကုသိုလ်လဲ (မဟာကုသိုလ်ပါ)။ ကာမဇောဝါရဝိထိထဲမှာ ပါပြီးပြီ။ သူ့အတွက် မတိုးပါနှင့်တော့။ ၂၁-ထဲ ပါသွားပြီမဟုတ်လား (မှန်ပါ)။

နိရောဓသမာပတ္တိဝိထိ မှာကော အနာဂါမ်ပုဂ္ဂိုလ်ကြီးဖြစ်လျှင် ပရိကံ ဥပစာ အနု လုံ ဂေါတြဘူတွေဟာ မဟာကုသိုလ်တွေဘဲ၊ ပါပြီးပြီမဟုတ်လား (မှန်ပါ)၊ နေဝကုဆိုတာ မဟဂ္ဂုတ်ကုသိုလ်ထဲ မပါသေးဘူးလား (ပါပါတယ်)၊ သို့ပေမဲ့ ကုသိုလ်ရှိမှန်းတော့ သိပါစေ နော်။

မရဏာသန္နဝိထိ မှာကော ကုသိုလ်ဇောနောင် စုတိဆိုတော့ မဟာကုသိုလ် မရှိဘူး လား (ရှိပါတယ်)။ ပါသွားပြီးပြီ။ ဒီတော့ အပေါ် ၃-ဝိထိကို အလေးပြုစမ်း။

ပြန်ကြည့်တခေါက်။ **ကာမဇောဝါရဝီထိမှာ** ကုသလော ကုသလဿ ဟောစရာက ဇော ၇-ကြိမ်=မဟာကုသိုလ်စိတ် ၈-ခု၊ **စျာနဝီထိမှာ** ပရိကံကစပြီး စျာန်ကုန်သည့်တိုင်အောင် သေက္ခ, ပုထုဇဉ်ဖြစ်လျှင် ကုသိုလ်တွေ မဟုတ်လား၊ ကုသလော ကုသလဿ ဟောနိုင်သည်။ **မဂ္ဂဝီထိမှာ** ပရိကံကစ၍ မဂ်တိုင်အောင်တွေဟာ ကုသလော ကုသလဿ။

ပဋ္ဌမ ကာမဇောဝါရဝီထိက မဟာကုသိုလ်စိတ် ၈-ခုရခဲ့တယ်။ ဒုတိယ စျာနဝီထိက မဟာဂျုတ်ကုသိုလ် ၉-ခုတိုးလာတယ်။ ဒီလိုလား (မှန်ပါ)၊ တတိယ မဂ္ဂဝီထိက မဂ်ကုသိုလ် ၄-ခု တိုးလာတယ်။

အဲဒီ **မဂ္ဂဝီထိ**ကို သတိပြုလိုက်စမ်း။ မဂ် ၄-ခုက ကုသလော ကုသလဿအနေနှင့် ပစ္စည်းဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါ)၊ ပစ္စယုပ္ပန်ဘက်မှာ ဆိုင်နေတာနော်။ ဒါကြောင့် **မဂ်စိတ် ၄-ခုက ပစ္စယုပ္ပန်သာဖြစ်၍ ပစ္စည်းမဖြစ်နိုင်ဘူးလို့မှတ်**။ ကုသလော ကုသလဿ အနေ ပြောတာနော်၊ မှတ်ထား။ ပါဠိတော် အဲဒီ ၃-ဝီထိမှာ[1]ရတယ်။

တွေ့ပြီ၊ ဒီ ၃-ဝီထိကလေးတွင် ခြုံကြည့်။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။

ဘုန်းကြီး ၂-ရက်ကျော်ကျော်ကြီး ပြောရပါတယ်။ ဦးပဉ္စင်းတို့ ပါဠိတော်ကို အကျက်ခိုင်းလျှင် ဉာဏ်ကောင်းတဲ့ ပုဂ္ဂိုလ်တွေ အနန္တရပါဠိတော် ၁၀-မိနစ်ထက် ပိုမကျက်ရပါဘူး။ အပင်ပန်းခံ ပြောပေးလာတာ သဘာဝနှင့်တကွ နားလည်အောင်လို့ ပြောနေတာ။

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ ဒီလို ဟောတယ် မဟုတ်လား (မှန်ပါ)၊ ဘာတဲ့တုန်း သူ့လက္ခဏာက ရှေ့စိတ် ပစ္စည်း၊ နောက်စိတ် ပစ္စယုပ္ပန်၊ ဒီလိုလား (မှန်ပါ)၊ ရှေးရှေးကုသိုလ်တွေက ပစ္စည်း၊ နောက်နောက်ကုသိုလ်တွေက ပစ္စယုပ္ပန်။ ဒါပါဠိတော်ဖြစ်နေတာ။

ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ။ ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ ကုသလာ၊ ကုသိုလ်လဲမည်ကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်။ အားလုံးကုသိုလ်တွေပေါ်မှာ တည်ပြီးတော့ ဟောတယ်၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ နောက်နောက်ကုသိုလ်တွေက ပစ္စယုပ္ပန် ဟောတယ်၊ အနန္တရပစ္စယေန ပစ္စယော။

အကျဉ်းချုပ်ဟောပုံလေ၊ ဘယ်လိုဟောတယ်၊ ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္စည်း၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ ဘာတုန်း ပစ္စယုပ္ပန်၊ အနန္တရပစ္စယေန ပစ္စယော။

၁။ ကာမဇောဝါရ ဝီထိ၊ စျာနဝီထိ၊ မဂ္ဂဝီထိ၊ ပေါင်း ၃-ဝီထိ။

အဓိပ္ပါယ်ပြန်တော့ ဘာတုန်း၊ စောစောတုန်းက ဘုန်းကြီးပြောတဲ့ ရှေးရှေးကုသိုလ်တွေက ပစ္စည်း၊ နောက်နောက်ကုသိုလ်တွေက ပစ္စယုပ္ပန်။

သိပ်ပြီး သက်သာပေါ့ ဦးပဉ္စင်းတို့ အနန္တကျတော့၊ ဘုန်းကြီးချည်း ပြောပေးနေတာ။

အဲဒါ ဘယ်ဝိထိတွေ ကုန်သွားသလဲလို့ လိုက်ကြည့်စမ်း၊ ကာမဇောဝါရ ဝိထိက မဟာကုသိုလ်ဇော ၇-ကြိမ်ကုန်သွားတယ်၊ စျာနဝိထိ ပရိကံကစပြီးတော့ ကုသိုလ်စျာန်တွေ ဘယ်လောက်များများ မြင်းမိုရ်တောင်ကြီးပတ်လို့ ကုန်သည့်အထိ များများ ရှေ့စိတ် ပစ္စည်း နောက်စိတ် ပစ္စယုပ္ပန်တွေဘဲ၊ အဲဒါလောက်များနေလို့ ပုရိမာနှင့် သိမ်းဟောထားတာပေါ့။

နားလည်အောင် နားထောင်နေ၊ သဘာဝအဓိပ္ပါယ်ကလေးတွေ ကျန်သေးတယ်၊ ပါဠိတော်ကနေ ပြောနေတာ။

မဂ္ဂဝိထိသွားကြည့်၊ ပရိကံက ပစ္စည်း၊ ဥပစာက ပစ္စယုပ္ပန်၊ ပုရိမာ ပုရိမာ ပစ္ဆိမာနံ ပစ္ဆိမာနံဆို ပါသွားရော၊ ထို့အတူ အစဉ်အတိုင်း ဥပစာက ပစ္စည်း၊ အနုလုံက ပစ္စယုပ္ပန်၊ ပုရိမာ ပုရိမာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဆိုလျှင် ပါသွားရော၊ နားလည်ပလား (မှန်ပါ)။

နာနာရမ္မဏတရား

နောက်ဆက်လိုက်တော့ သောတာပတ္တိမဂ္ဂဝိထိဖြစ်လျှင် အနုလုံက ပစ္စည်း၊ ဂေါတြဘူက ပစ္စယုပ္ပန် မဟုတ်လား (မှန်ပါ)၊ အဲဒီကျတော့ ပုရိမာထဲ မထည့်နိုင်ဘူး၊ မထည့်နိုင်တော့ မြတ်စွာဘုရားက အနုဝါဒ ပါဠိတော်တဆင့်တက်ဟောတယ်၊ စာလုံးကလေး ကြည့်ထားစမ်း ဘယ်သူတုန်း၊ အနုလုံက ပစ္စည်း၊ ဂေါတြဘူက ပစ္စယုပ္ပန်၊ အထက်မဂ်ဖြစ်လျှင် အနုလုံက ပစ္စည်း၊ ဝေါဒါန်က (ပစ္စယုပ္ပန်)၊ အနုလောမံ ဂေါတြဘုဿ သောတာပတ္တိမဂ္ဂ ဝိထိအတွက် (မှန်ပါ)၊ အထက်မဂ် ၃-ခု ဖြစ်လျှင် အနုလောမ ဝေါဒါနဿ၊ နားလည်ပလား (မှန်ပါ)၊ ဘယ်အချိန်တုန်း အနုလုံ ပစ္စည်း၊ ဂေါတြဘူ ပစ္စယုပ္ပန်၊ အနုလုံ ပစ္စည်း၊ ဝေါဒါန် ပစ္စယုပ္ပန်။

နို့ရှေ့ကုသိုလ် ပစ္စည်း၊ နောက်ကုသိုလ် ပစ္စယုပ္ပန်ဆိုလျှင် ပြီးလျက်သားနှင့် ဘာဖြစ်လို့ ဒီလို တမျိုးထပ်ဖွင့်ပြီး ဟောပြန်သလဲလို့ မေးလျှင် သတိပြုစမ်းပါ အနုလုံက ပစ္စည်း၊ ဂေါတြဘူ, ဝေါဒါန်က ပစ္စယုပ္ပန် မဟုတ်လား၊ အာရုံမတူကြလို့ဘဲ **နာနာရမ္မဏ** တရားခေါ်တယ်။

ဘာမတူဘူးတဲ့ (အာရုံမတူပါ)၊ အာရုံမတူလျှင် ဘာခေါ်တယ် (နာနာရမ္မဏ တရား)။

ဘယ်လိုအာရုံမတူသလဲလို့ မေးလျှင် အကြမ်းဖျင်း ဘုန်းကြီးပြောပြမယ်၊ ဦးပဉ္စင်းတို့ အာရမ္မဏသင်္ဂဟမှာ အရှင်အနုရုဒ္ဓါရေးပြတဲ့ နေရာကနေပြီး ကြည့်လျှင် ပရိကံ ဥပစာ

အနုလုံအထိ မဟာကုသိုလ်တွေ မဟုတ်လား (မှန်ပါ)၊ မဟာကုသိုလ်တွေက ဘယ်ကိုအာရုံပြုသလဲလို့မေးလျှင် တေဘူမကသခ်ါရနယ်ကို အာရုံပြုတုန်းရှိသေးတယ်၊ တချို့က အာမိတုန်းကလဲ ပြောခဲ့ပါတယ်။

ဂေါတြဘူ ဝေါဒါန်ဆိုတာ မဟာကုသိုလ်ဘဲ ဘယ်ကိုအာရုံပြုတယ်လို့ ဘုန်းကြီးပြောသလဲ၊ နိဗ္ဗာန်ကို အာရုံပြုတယ်၊ တူကြရဲ့လား (မတူပါ)၊ မဟာကုသိုလ် ဉာဏသမ္မယုတ် ချင်းတော့တူတယ်၊ အာရုံပြုပုံချင်း မတူဘူး၊ အာရုံမတူသောကြောင့်ဆိုပြီး ဘုန်းကြီး ဒီလိုပြောတယ် မဟုတ်လား (မှန်ပါ)။ အာရုံမတူတော့ ဘာခေါ်တယ် နာနာရမ္မဏတရား လို့ခေါ်တယ်။

ဘယ်လိုဟောတယ်၊ အနုလောမံ ဂေါတြဘုဿ, အနုလောမံ ဝေါဒါနဿတဲ့ ကြီးစားပြီးအားထုတ် မှတ်ထားနော်။

နာနာဘုမ္မိကတရား

ပြီးတော့ တခါရှေ့တိုးပြန်တော့ ဂေါတြဘူနှင့် ဝေါဒါန်က ပစ္စည်း၊ မဂ် ၄-ခုက ပစ္စယုပ္ပန် မဟုတ်လား၊ ဂေါတြဘု မဂ္ဂဿ သောတာပန်အတွက် ဂေါတြဘူက ပစ္စည်း, သောတာပတ္တိမဂ်က ပစ္စယုပ္ပန်၊ ကုသိုလ်ချင်းချင်းဘဲ မဟုတ်လား (မှန်ပါ)၊ ဝေါဒါနံ မဂ္ဂဿ အထက်မဂ် ၃-ခုအတွက်၊ ဝေါဒါန်က ပစ္စည်း၊ အထက်မဂ် ၃-ခုက ပစ္စယုပ္ပန်၊ သူတို့လဲ ကုသိုလ်ချင်းချင်းဘဲ မဟုတ်လား (မှန်ပါ)၊ ဘာဖြစ်လို့ ဒီလိုဟောပြန်သတုန်းဆိုတော့ သတိဘုံမတူသောကြောင့်တဲ့၊ နာနာဘုမ္မိက တရားတဲ့၊ ဘုံမတူဘူး။

ဘာတရားခေါ်တယ် (နာနာဘုမ္မိကတရား)၊ ဘုံမတူသော နာနာဘုမ္မိကတရားတဲ့၊ ဘယ်လို ဘုံမတူသလဲ မေးလျှင် သတိပြုကြစမ်း၊ ဂေါတြဘူနှင့် ဝေါဒါန်က ကာမဘုံက ကာမ စိတ်၊ နောက်ကရှိတဲ့ မဂ်က လောကုတ္တရာခေါ်တဲ့ အဝတ္ထာဘုံက မဂ်စိတ်တဲ့၊ တူသေးရဲ့လား (မတူပါ)။

ပုရိမာ ပုရိမာလို့ ဟောလို့ဖြစ်တဲ့ ဒေသနာတော် ဆိုတာက သဘာဝအားဖြင့် ကုသိုလ်-ကုသိုလ်ချင်းချင်း, အကုသိုလ်-အကုသိုလ်ချင်းချင်း, အဗျာကတ အဗျာကတချင်းချင်း တူတယ်ဆိုပေမဲ့ အာရုံတူရတယ်, ဘုံတူရတယ်။ နောက်တော့ အဗျာကတချင်း မတူတာတွေ လာလိမ့်ဦးမယ်။ ဒီကျတော့ ကုသိုလ်နှင့် စပ်တဲ့ ဒေသနာတော် ဟောစရာ ဒီ ၃-ဝိထိကို ညွှန်ပြထားတယ် မဟုတ်လား ကုန်သွားရော။ တခေါက် ပြန်နားထောင်စမ်း။

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

အနုလောမ် ဂေါ်တြဘုသ, အနုလောမ် ဝေါဒါနသ, ဂေါ်တြဘု မဂ္ဂသ, ဝေါဒါနံ မဂ္ဂသ အနန္တရပစ္စယေန ပစ္စယော။ ဒီက ရထားလျှင် နောက်ထပ် ၅-ပစ္စည်း ဒီအတိုင်းဘဲ။ ဦးသုဇာတ တခေါက် ဟောစမ်း။

ဦးသုဇာတ။ ။တခေါက် ဟောသည်။

ဆရာတော်။ ။ဒါပါဘဲ၊ အားလုံး ၃-ခေါက်လောက် ထပ်ဟောစမ်းပါ။

သံဃာတော်များ။ ။သုံးခေါက် ထပ်ဟောကြသည်။

ဆရာတော်။ ။ဒါက ကုသလော ကုသလသ။ အာရမ္မဏပစ္စည်းတို့လို ကုသလော ကုသလသ ပြီးတော့ ကုသလော အကုသလသ ထုတ်ချင်တယ်လို့ စိတ်ထဲကပေါ့လေ။ ကောင်း ကောင်း-မကောင်း ကောင်း စဉ်းစား ကြည့်ရသေးတယ်နော်။ ဦးပဉ္စင်းတို့ ဒီဝိထိတွေမှာ လိုက်ကြည့်စမ်း။ ကုသိုလ်က ရှေ့နားက ပစ္စည်းဖြစ်နေတယ်။ အကုသိုလ်က နောက်က ကပ်လျက်ကလေး ပစ္စယုပ္ပန် ဖြစ်နေတာ ဝိထိတိုင်း လိုက်ကြည့် ရှိရဲ့လားလို့ (မရှိပါ)။

လေ့လာရတယ်နော်။ ထင်ရာကို ကိုယ်ကြိုက်တာကလေးတွေကို စွဲလုပ်ထားတာ မဟုတ်ဘူး။ ကုသိုလ်၏ အခြားမဲ့မှာ အကုသိုလ်ဘယ်မှာရမလဲ။ သို့ပေမဲ့ နားဝေတိမ်တောင် နားယောင်ပုလဲနှင့် တချို့က လုပ်သေးတယ်။ သုခသ အနန္တရံ ဒုက္ခံ, ဒုက္ခသ အနန္တရံ သုခံ ဆိုတာမျိုးကလေး ကြည့်ပြီးတော့ ချမ်းသာပြီးလျှင် ဆင်းရဲမှု တွေ့တတ်တာပါဘဲ, ဆင်းရဲတွေ့ပြီးလျှင်လဲ ချမ်းသာတွေ့တတ်ပါတယ်တဲ့။ သန်းကောင်ထက် ညဉ့်နက်လာခဲ့လို့ရှိလျှင် အမှောင်ကြီး မှောင်ပြီးတော့ အရုဏ်တက်ပြီး အလင်းမြင်ဖို့ပါဘဲဆိုတဲ့ အနေမျိုးကလေးနှင့် ဘာမဟုတ် ညာမဟုတ် မဟုတ်စကားကလေးတွေ ထောက်ပြီး ကုသိုလ်အခြားမဲ့၌ အကုသိုလ်တွေဖြစ်သလိုလို ပြတယ်နော်၊ အမှန်စင်စစ် မရှိနိုင်ဘူးတဲ့။ ဒီတော့ ကုသလော ကုသလသ ပြီးလျှင် ကုသလော အကုသလသ မရဘူးလို့ သေသေချာချာ ဝိထိမှာ ရှာကြည့်၊ သိနိုင်ပါတယ်။

အနန္တရဋ္ဌ ကုသလော အဗျာကတသ အရရှာပုံ

ကုသလော အဗျာကတသ ဆိုတဲ့တရား ရှာကြစို့တဲ့။ ခုတင်က ကုသိုလ်တွေ တွေ့တယ်မဟုတ်လား (မှန်ပါ)၊ ကဲ ကုသိုလ်စိတ်က ဆုံးပြီးတော့ ပစ္စည်းဖြစ်လို့ သူ့နောက်က အဗျာကတပစ္စယုပ္ပန် ဖြစ်နေတာ ကာမဇောဝါရဝိထိ ကြည့်လိုက်စမ်း။ မဟာကုသိုလ် သတ္တမ ဇောကပစ္စည်း။ ဒီလိုမဖြစ်နိုင်ဘူးလား (ဖြစ်နိုင်ပါတယ်)၊ သူ့နောက်က အဗျာကတက ဘယ်သူ ရှိသလဲ (တဒါရုံ ရှိပါတယ်)၊ အခုအတိုင်းတော့ တဒါရုံပေါ့။ ဦးပဉ္စင်းတို့ သင်ကြားဟ်သင်တုန်းက

ဝိထိတွေမှာ သတိပြုနားထောင် သဏ္ဌိုဟ်ဘက် လှည့်လိုက်မယ်။ ဝိထိတိုင်း တဒါရုံ ကျသလားလို့ မေးလျှင် ဝိထိတိုင်း မကျဘူး (မှန်ပါ)၊ တဒါရုံမကျလျှင် ဘာကျရမလဲ၊ ဘဝင်ကျရတယ်။ တဒါရုံကျရတာ ဘယ်မှာ ကျရသလဲ မေးလျှင်—

ဝိဘူတေတိမဟန္တေ စ၊ တဒါရမ္မဏာ မိရိတံ။ ဒီလို မဟုတ်လား။ ဝိဘူတာရုံ ဝိထိရယ်, အတိမဟန္တာရုံ ဝိထိရယ် တဒါရုံကျတယ်။ ကျန်တဲ့ဝိထိတွေက တဒါရုံမကျဘူး၊ ဘာကျတယ်-ဘဝင်ကျတယ်။

ဘာကျကျ တဒါရုံကျလဲ အဗျာကတာဘဲ၊ ဘဝင်ကျလဲ (အဗျာကတပါဘဲ)၊ ဟော ကုသလော အဗျာကတသဲ့ တရားက ကာမဇောဝါရဝိထိ ဒီနေရာရှိသကိုးလို့ ဉာဏ်နှင့်သိ။ ဘာတဲ့ သတ္တမဇောကပစ္စည်း, တဒါရုံကျလျှင် တဒါရုံက ပစ္စယုပ္ပန်။ သို့မဟုတ် ဘဝင်ကျလျှင် ဘဝင်က ပစ္စယုပ္ပန်။ ဟော တချက် မိခဲ့ပြီနော် မှတ်ထားစမ်း။

မေးထားတဲ့ တရားကို အစဉ်အတိုင်းကြည့်။ အကယ်၍ စျာနဝိထိ ဖြစ်ပါပြီတဲ့။ သေက္ခပုဂ္ဂိုလ်, တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ် စျာန်ရတော့ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူတို့က မဟာကုသိုလ်၊ စျာန်က ဘာကုသိုလ်တုန်း (မဟဂ္ဂုတ်ကုသိုလ်)၊ မဟဂ္ဂုတ်ကုသိုလ်နောင် ဘာရှိသတုန်း (ဘဝင်ရှိပါတယ်)၊ ကုသလော အဗျာကတသဲ့ မရဘူးလား (ရပါတယ်)။

ကိုယ့်ဟာကိုယ် ရှာရတယ်၊ ဘုန်းကြီးက နည်းပေးပြီ။ ထပ်လဲကြည့်ရတယ်။ ဩော်... စျာနဝိထိ သေက္ခ, ပုထုဇဉ်ပုဂ္ဂိုလ်ရဲ့ စျာနဝိထိ ဖြစ်လျှင် စျာန်စိတ်ရဲ့ အခြားမဲ့၌ ပေါ်လာတဲ့ အဗျာကတ ဘဝင်ရှိတယ်။ ဒီတော့ သူဟာ ဘာဖြစ်နိုင်တယ် ကုသလော အဗျာကတသဲ့ (မှန်ပါ)၊ ၂-ခါတွေ့ပြီနော် မှတ်ထား။

မဂ္ဂဝိထိ သွားကြည့်စမ်း။ မဂ်၏ အခြားမဲ့မှာ ဖိုလ်ရယ်လို့ မတွေ့ဘူးလား (တွေ့ပါတယ်)၊ မဂ်က ပစ္စည်း, ဖိုလ်က ပစ္စယုပ္ပန်၊ ဘာတဲ့တုန်း (ကုသလော အဗျာကတသဲ့)။ ဦးပဉ္စင်းတို့ အနန္တရကမ္မရဲ့ သုဒ္ဓသင်္ခါဟာ အဲဒါကလေး မဟုတ်လား (မှန်ပါ)၊ မဂ္ဂါနန္တရဖိုလ် ၄-ခုအားတပ်သော မဂ် ၄-ခုစေတနာ၊ အဲဒါ အနန္တရကမ္မတရား ဒီအထဲ ထည့်ဟောထားတယ် ကုဗျာမှာနော် (မှန်ပါ)၊ လေ့လာထားပါ။ ပြီးရော သူက တနေရာ၊ ဒါဘဲ ရနိုင်တယ်။

သမာပတ္တိဝိထိ သွားကြည့်စမ်း။ သမာပတ္တိဝိထိမှာ ပုဂ္ဂိုလ် ၂-မျိုး ပေးထားတယ် မဟုတ်လား၊ သေက္ခပုဂ္ဂိုလ်, အသေက္ခပုဂ္ဂိုလ်၊ သေက္ခပုဂ္ဂိုလ်ဖြစ်လျှင် အနုလုံ ၄-ကြိမ်က ဘာတဲ့တုန်း (မဟာကုသိုလ်)၊ သူက ပစ္စည်း၊ အောက်ဖိုလ် ၃-ခုက အဗျာကတ၊ သူက ပစ္စယုပ္ပန် မဟုတ်လား၊ ကုသလော အဗျာကတသဲ့ (မှန်ပါ)၊ အသေက္ခဖြစ်လျှင် မရဘူးနော်။

အောက်က ဝိထိကြည့်ဦး။ အနာဂါမ်ကိုယ်တော်ကြီး နိရောဓသမာပတ် ဝင်စားမယ်တဲ့။ နေဝသညာနာသညာယတနကုသိုလ်က မဝင်စားမီ ရှိတယ်မဟုတ်လား၊ အဲဒါက ပစ္စည်း။

၇-ရက် သမာပတ်ဝင်စားပြီး သမာပတ်က ထတော့ ဘာပေါ်လာတယ် (အနာဂါမိဖိုလ်)။ သူက ဘာတဲ့တုန်း (ပစ္စယုပ္ပန်၊ အဗျာကတ)။ ဘာတဲ့တုန်း (ကုသလော အဗျာကတသ)။ ရတယ် မဟုတ်လား (မှန်ပါ)။

မရဏာသန္နဝီထိ လှမ်းကြည့်လိုက်စမ်း။ ကုသိုလ်ဇောနောင် စုတိကျတော့ ခုတင်က သခ္ခါထုတ်တာ ဘာတဲ့တုန်း။ ကုသိုလ်ဇောနောင် စုတိကျလျှင် ဘာဖြစ်မယ် သခ္ခါထုတ်တော့ (ကုသလော အဗျာကတသ)၊ ရတယ် မဟုတ်လား (မှန်ပါ)။

အရကောက်စာအုပ်ထဲမှာ ဇောနောင်စုတိ ကျန်နေ

အဲဒီ မရဏာသန္န ကုသလော အဗျာကတသက ဦးပဉ္စင်းတို့ အရကောက် စာအုပ်ထဲမှာ ကွယ်နေတာ ဘယ်နှစ်နှစ်ရှိမှန်း မသိဘူး။ နှစ်ပေါင်းများ (၁၀၀) တရာလောက် ရှိနေပြီလား မသိဘူး။ အရကောက်ထဲမှာ မရှိဘူး မှတ်ထားရတယ်၊ အဲဒါကလေးတွေ။

ဘုန်းကြီးတို့ မမွေးခင်ကတည်းက ကွယ်နေတဲ့တရား ကြည့်ဖူးသမျှ ဘယ်အရကောက်မှ မတွေ့ဘူး။

ဒီတော့ တခေါက်ပြန်ပြောမယ်၊ အကြမ်းဖျင်း ကုသလော အဗျာကတသတွေကို ဝီထိနှင့် လိုက်ရှာလိုက်တာ ဘယ်ဝီထိမှ မလွတ်ခဲ့ဘူး။ ကာမဇော ဝါရ ဝီထိဇောနောင် တဒါရုံ, ဘဝင်။ စျာနဝီထိ သေက္ခ, ပုထုဇဉ်ဖြစ်လျှင် စျာန်နောင် ဘဝင်။ မဂ္ဂဝီထိ၌ မဂ်နောင် ဖိုလ်၊ သမာပတ္တိဝီထိ သေက္ခပုဂ္ဂိုလ် ဖြစ်အံ့ အနုလုံနောင် ဖိုလ်၊ အနာဂါမ်ပုဂ္ဂိုလ်ရဲ့ နိရောဓ (သမာပတ္တိ) ဝီထိဖြစ်အံ့ နေဝသညာနာသညာယတနကုသိုလ်နောင် ဖိုလ်။ မရဏာသန္နဝီထိ၌ ကုသိုလ် မရဏာသန္န ပဉ္စမဇောနောင် စုတိလို့ ဝီထိအစေ့အဌ ကုသလော အဗျာကတသ ရှိတယ်။

အဲဒါတွေကို မြတ်စွာဘုရားက ဘယ်လိုလုပ်ပြီး ပါဠိစီသလဲတဲ့၊ သတိပြုစမ်း၊ အဲဒါ တခုဘဲ ဟောနိုင်မယ်၊ အချိန်က ကုန်တော့မယ်။

ကုသလော ဓမ္မော အဗျာကတသ ဓမ္မသ အနန္တရပစ္စယေန ပစ္စယော။ ကာမဇော ဝါရဝီထိ၌ ကုသိုလ်သတ္တမဇောနောင် တဒါရုံနှင့် ဘဝင်၊ နေရာမှတ်လိုက်စမ်း တဌာန။ စျာနဝီထိ၌ မဟဂ္ဂုတ်စျာန်ဇောနောင် ဘဝင် တဌာန၊ ပေါင်းတော့ ၂-ဌာန ရှိပြီ။ မရဏာ-သန္နဝီထိ၌ ကုသိုလ် မရဏာသန္နဇောနောင် စုတိ တဌာန၊ ဒီ ၃-ဌာနကို ရည်မှန်းတော်မူ၍ မြတ်စွာဘုရားက-

"ကုသလံ ဝုဋ္ဌာနသ" တဲ့။

ကုသလ် ဝုဋ္ဌာနသ ပါဠိတော်ကို နိဿယ ဆရာတော်ဘုရားကြီးက အနက်ပြန်တော့ ဒီလိုပြန်တယ်။ ကုသလ်၊ လောကီကုသိုလ် သတ္တရသ အဆုံးဇောသည်တဲ့။ လောကီကုသိုလ် သတ္တရသ ဟုတ်ရဲ့လားလို့ ကြည့်ပါလား။ ကာမဇော၀ါရက မဟာကုသိုလ်, စျာနဝိထိက မဟာဂျုတ်ကုသိုလ်၊ အဲဒီ ၂-ဝိထိတွင် ကြည့်ပြီးတော့-ကုသလ်၊ လောကီကုသိုလ် သတ္တရသ အဆုံးဇောသည်။ ဝုဋ္ဌာနသ၊ တဒါရုံ, ဘဝင်အား။ ပစ္စယုပ္ပန်က တဒါရုံနှင့် ဘဝင် မဟုတ်လား (မှန်ပါ)။

မကျေနပ်ဘူး မရဏာသန္နဝိထိပါ ဘုန်းကြီးထည့်ချင်တယ်။ ဝုဋ္ဌာနသ၊ တဒါရုံ, ဘဝင်, စုတိအား။

မရဏာသန္နမှာ ရတယ်နော်။ ကိုယ်တိုင်လဲ စဉ်းစား ဟုတ်ရဲ့လား မဟုတ်ဘူးလား၊ ရသင့်ရဲ့လား။ မရသင့်ဘူးလား။ နိဿယမှာတော့ မရှိဘူး၊ ဘုန်းကြီးရဲ့ဝါဒကို သဘောကျ ဆန္ဒတူလဲ လက်ခံပါ။

ဝုဋ္ဌောအမည်ရ တရားများ

ဒါကြောင့် ဦးပဉ္စင်းတို့ ဒီနေရာကနေ အနန္တရနှင့်စပ်ပြီး သတိပြုစရာ ဘာတခုရှိသလဲလို့ မေးလျှင် အနန္တရဒေသနာတော်မှာ မြတ်စွာဘုရားသည် ဝုဋ္ဌောဆိုပြီး ဟောတဲ့ တရား ၄-မျိုးရှိတယ်၊ ဝုဋ္ဌောအမည်တပ်ပြီး ဟောတဲ့ တရား ၄-မျိုးရှိတယ်၊ ဘယ်သူတွေလဲလို့ မေးလျှင် သတိပြု။ **တဒါရုံ, ဘဝင်, ပဋ္ဌဝိညာဉ်, စုတိ**။

ဘာတဲ့တုန်း (တဒါရုံ, ဘဝင်, ပဋ္ဌဝိညာဉ်, စုတိ)၊ ဤ ၄ မျိုးသောတရားကို အနန္တရဒေသနာတော်၌ ဝုဋ္ဌောအမည်တပ်၍ ဟောတော်မူ၏။

အဲဒါကြောင့် ကုသလော ဓမ္မော အဗျာကတသ ဓမ္မသ အနန္တရပစ္စယေန ပစ္စယော။ ကုသလ် ဝုဋ္ဌာနသလို့ ဟောလိုက်လျှင် ကာမဇော၀ါရဝိထိ တဝိထိ, စျာနဝိထိ တဝိထိ, မရဏာသန္နဝိထိ တဝိထိ၊ **၃-ဝိထိ** ပြီးပါစေ။

ဒီတော့ ဘာကျန်နေသတုန်း၊ မဂ္ဂဝိထိနှင့် သမာပတ္တိဝိထိ နိရောဓဝိထိ မကျန်ဘူးလား၊ မဂ္ဂဝိထိက မဂ်က ပစ္စည်း, ဖိုလ်က ပစ္စယုပ္ပန် မဟုတ်လား၊ မဂ္ဂေါ ဖလသ၊ သူ့ဝိထိနှင့်သူ ရှင်သွားရဲ့လား (မှန်ပါ)။

ဘယ့်နှယ်ဟောတယ်၊ မဂ္ဂဝိထိ (မဂ္ဂေါ ဖလသ)။

အောက် ဂိထိကြည့်စမ်း သမာပတ္တိဝိထိ၊ သေက္ခရဲ့ သမာပတ်မှာ အနုလုံက ပစ္စည်း၊ အောက်ဖိုလ် ၃-ခု၊ တနည်း ၁၅-ခုက ပစ္စယုပ္ပန်၊ "အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ"။ အနုလောမ်၊ အနုလုံကိစ္စတပ်တဲ့ မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ခုသည်။

သေက္ခာယ၊ သေက္ခပုဂ္ဂိုလ်၏။ ဖလသမာပတ္တိယာ၊ အောက်ဖိုလ်သမာပတ်အား။ ကုသလော အဗျာကတသ ရတယ်မဟုတ်လား (မှန်ပါ)။

ဘာတဲ့ (အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ)၊ ဒါက ဘယ်ဝိထိတုန်း (ဖလ သမာပတ္တိဝိထိပါ)။

အောက် တဝိထိကျန်သေးတယ် နိရောဓဝိထိ၊ နိရောဓာ ဝုဋ္ဌဟန္တသ။ နိရောဓာ၊ နိရောဓသမာပတ်မှ။ ဝုဋ္ဌဟန္တသ၊ ထတော်မူတဲ့ အနာဂါမ်ကိုယ်တော်ကြီးအား။ ဘာက ပစ္စည်းတဲ့တုန်း၊ နေဝသညာ နာသညာယတနကုသိုလ်က ပစ္စည်း မဟုတ်လား (မှန်ပါ)။ အနာဂါမိ ်ကြီ (ပစ္စယုပ္ပန်)၊ နေဝသညာနာသညာယတနကုသလ် ဖလသမာပတ္တိယာ အနန္တရ ်နေ ပစ္စယော ကုန်ရောမဟုတ်လား (မှန်ပါ)။

ပြန်ပြီး နားထောင်စမ်းတခေါက်၊ ကုသလော ဓမ္မော အဗျာကတသ ဓမ္မသ အနန္တရ ပစ္စယေန ပစ္စယော၊ ကုသလ် ဝုဋ္ဌာနသ ဘယ်နှစ်ဝိထိတုန်း ၃-ဝိထိ (မှန်ပါ)။ မဂ္ဂေါ ဖလသ ဘယ်ဝိထိတုန်း (မဂ္ဂဝိထိ)။ အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ ဘာဝိထိတုန်း (သမာပတ္တိဝိထိ)။ နိရောဓာ ဝုဋ္ဌဟန္တသ နေဝသညာနာသညာယတနကုသလ် ဖလသမာပတ္တိယာ၊ နိရောဓဝိထိ မဟုတ်လား (မှန်ပါ)။ အနန္တရပစ္စယေန ပစ္စယော။

ဆရာတော်။ ။ဦးဉာဏဝရ ဟောစမ်း။

ဦးဉာဏဝရ။ ။ကုဗျာ တခေါက်ဟောသည်။

ဆရာတော်။ ။အားလုံး ၃-ခေါက် ဟောစမ်းပါ။

သံဃာတော်များ။ ။၃-ခေါက် ဟောကြသည်။

ဆရာတော်။ ။ကဲ အချိန်စေ့သွားပြီ၊ ယနေ့ တော်ကြဦးစို့။

ဒီအနန္တရပစ္စည်းက သိစရာ, မှတ်စရာကလေးတွေက သိပ်ပေါတာ၊ ဒါနဲ့ဘုန်းကြီးက အဓိပ္ပါယ်ဦးစားပေးပြီး များများပြောတော့ ပါဠိတော်ကျတော့ အမှတ်တမဲ့ နေတတ်တယ်၊ ဒီနေ့တော့ အားလုံးပြန်ပြီးတော့ ရွတ်ရအောင်၊ ရွတ်တော့ ကုသလော ကုသလသ ပဋ္ဌမ မဟုတ်လား (မှန်ပါ)။ ကုသလော ဓမ္မော ကုသလသ ဓမ္မသ အနန္တရပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော၊ အနုလောမံ ဂေါတြဘုသ အနုလောမံ ဝေါဒါနသ ဂေါတြဘု မဂ္ဂသ ဝေါဒါနံ မဂ္ဂသ အနန္တရပစ္စယေန ပစ္စယော။

ကုသလော ဓမ္မော အဗျာကတသ ဓမ္မသ အနန္တရပစ္စယေန ပစ္စယော၊ ကုသလ် ဝုဋ္ဌာနသ, မဂ္ဂေါ ဖလသ, အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ, နိရောဓာ ဝုဋ္ဌဟန္တ

ဿ နေဝသညာနာသညာယတနကုသလံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော၊ အဒီ ပါဠိတော်ကို အားလုံးဟောစမ်းပါ။

သံယာတော်များ။ ။တခေါက် ကု ကုန္ဒင့် ကု-ဗျာပဒ ဟောကြသည်။

ဆရာတော်။ ။မြတ်စွာဘုရားသည် ပဋ္ဌာန်းကျမ်းမှာ ဒေသနာတော်နည်းကလေးဟာ ၂-မျိုးရှတယ်လို့ ဆိုကြပါစို့၊ ဓမ္မသဒ္ဒါနှင့် ဟောတဲ့ နေရာရှိတယ်၊ ခန္ဓသဒ္ဒါနှင့် ဟောတဲ့နေရာရှိတယ်။

ဓမ္မနှင့် ခန္ဓဟောပုံ

ဓမ္မသဒ္ဒါနှင့် ဘယ်နေရာမှာ ဟောသလဲလို့ မေးလျှင် နိဒ္ဒေသဝါရလို့ ခေါ်တဲ့ ဦးပဋ္ဌင်းတို့ ပဋ္ဌာန်းကျမ်းရဲ့ အစ ပစ္စယနိဒ္ဒေသမှာ ဓမ္မသဒ္ဒါနှင့်ဟောတယ်။ နောက်ပိုင်း ဝိသဇ္ဇနာဝါရတွေမှာတော့ ခန္ဓသဒ္ဒါနှင့်ချည်းဘဲ ဟောရပါတယ်၊ ဒါပေမဲ့ ဝိထိ, အနုဝါဒ ၂-မျိုးတို့တွင် ဝိထိမှာတော့ ဓမ္မသဒ္ဒါနှင့်ဘဲ ဟောတယ်၊ **အနုဝါဒကျတော့မှ ခန္ဓသဒ္ဒါနဲ့** ဟောတယ်။

အဲဒီ ဓမ္မသဒ္ဒါနှင့် ဟောမှု ခန္ဓသဒ္ဒါနှင့်ဟောမှု ၂-မျိုးဟာ ဘာထူးသလဲဆိုတော့ အဌကထာဝါဒအလိုအားဖြင့် **ဓမ္မသဒ္ဒါနှင့် ဟောတယ်ဆိုတာ** သုညတ္ထံ ဒီပေတိတဲ့ ဟုတ်လား (မှန်ပါ)၊ သုညဆိုတာ ၁-၂ ဆိုတဲ့ဂဏန်း မရှိဘူးပေါ့၊ ဝ-ဘဲ ဝလုံး၊ တရားအကျန် မရှိတော့ ဘူးလို့ ပြောတယ် ဓမ္မသဒ္ဒါက ဟုတ်လား (မှန်ပါ)၊ ဒါကြောင့် ဓမ္မသဒ္ဒါနှင့် ဟောလျှင် ဘာတုန်း သုညတ္ထတဲ့။ တရားမကျန်ရဘူးတဲ့၊ မှတ်ထားစမ်း ကျဉ်းကျဉ်း။

ခန္ဓသဒ္ဒါနှင့် ဟောတဲ့အခါကျတော့ ရာသဌတဲ့၊ အပေါင်းအစုတဲ့ တရားအပေါင်းအစုတဲ့၊ ဟောသင့်ဟောထိုက်တဲ့ တရားအပေါင်းအစုကို ရာသဌခေါ်တယ်၊ အဲဒီလို ကွာခြားတယ်တဲ့။

ပဋ္ဌာဝါရမှာ ပရမတ္ထအစစ်ကို ဟောခြင်း

ဘုန်းကြီးတို့ ယခု ပဋ္ဌာဝါရမှာ မြတ်စွာဘုရားဟောနေတဲ့ တရားတော်တွေကို သတိပြုကြည့်မယ်ဆိုလျှင် ဦးပဋ္ဌင်းတို့ အခု သုဒ္ဓသန္ဓာတွေလဲ ကျက်ထားကြပါတယ်၊ ဘယ်လို တရားတွေ မြတ်စွာဘုရားဟောသလဲလို့ ရှာလိုက်လျှင် ပဋ္ဌာဝါရမှာ ပရမတ်အစစ်, ဓာတ်အနှစ်လို့ခေါ်တဲ့ တရားမျိုးတွေ ဟောတယ်၊ တကယ်တမ်း ပရမတ္ထအစစ်ဖြစ်တဲ့ တရားမျိုးတွေကို ဟောတယ်။

ကြည့် ပဋ္ဌာဝါရမှာ မြတ်စွာဘုရားဟောနေတာ စိတ် စေတသိက် ရုပ် နိဗ္ဗာန်ခေါ်တဲ့ ပရမတ္ထတရားအစစ်တွေကို ဟောတာကိုး၊ ဟိုတနေ့က နိပ္ဖန္နရုပ်နှင့် စပ်ပြီးတော့တောင်မှ

ရုပ်စစ်, ရုပ်တု ခွဲပြတယ် မဟုတ်လား၊ အစစ်ကိုသာ ဦးစားပေးပြီး ဟောတယ်လို့ ယူပါ၊ နားလည်တယ်နော် (မှန်ပါ)။

ပြန်နားထောင်စမ်း၊ အဲဒါကို ဘုန်းကြီးတမျိုး ပြန်ပြောမယ်၊ ပဉ္စာဝါရမှာ ဟောတဲ့တရားဆိုတာ ဘာလဲလို့ မေးလျှင် **ပရမတ်အစစ် ဓာတ်အနှစ်ခေါ်**တဲ့တရားကို ဟောတယ်။

အာရမ္မဏနှင့် အာရမ္မဏာဓိပတိမှာ နိဗ္ဗာန်ကိုဟောခြင်း

အဲဒီအထဲမှာတောင်မှ သတိပြုလိုက်စမ်း၊ နိဗ္ဗာန်ခေါ်တဲ့ ပရမတ္ထဓမ္မကို နေရာတိုင်းမှာ မဟောဘူး၊ အာရမ္မဏပစ္စည်းမှာ ဟောတယ်။ အာရမ္မဏာဓိပတိ ပစ္စည်းမှာ ဟောတယ်၊ ဒီ ၂-ပစ္စည်းမှာ နိဗ္ဗာန်ဟောတယ်၊ ကျန်တဲ့နေရာတွေ ဘယ်မှာမှ မဟောဘူး။

ဘယ်သူ့ကိုလဲ (နိဗ္ဗာန်ကို)၊ ဘယ်နေရာမှာ ဟောသလဲ (အာရမ္မဏနှင့် အာရမ္မဏာ-ဓိပတိမှာ ဟောပါတယ်)။

ဦးပဉ္စင်းတို့ သုဒ္ဓသန္ဓာဆိုကြည့်ပါလား၊ ဒီ ၂-နေရာမှာ ပါတယ်နော် (မှန်ပါ)။ သို့ပေမဲ့ ရနေပေမဲ့ ဘုန်းကြီးအခုပြောသလို မလေ့လာလျှင် ဒါက နားမလည်ဘူး မသိဘူးပေါ့။ ကြွင်းတဲ့ စိတ် စေတသိက် ရုပ်တွေကိုသာ အလျဉ်းသင့်သလို ပစ္စည်းတိုင်း ဟောသွားတယ်၊ နိဗ္ဗာန်ကို ဟောတာကတော အဲဒီ ၂-ပစ္စည်းဘဲ ရှိတယ်။

ဒါကြောင့် ခုတင်က ဘာပြောသလဲ၊ ပရမတ်အစစ်, ဓာတ်အနှစ်ဆိုတာတောင်မှဘဲ ပစ္စည်းအားလျော်စွာ နေရာဌာနအားလျော်စွာ ဟောသင့်ဟောထိုက်တဲ့ နေရာတွေမှာ ပစ္စည်းရဲ့ အခြေအနေအရ ကြည့်ပြီး ဟောသွားတာ။

နိဒ္ဒေသဝါရလို့ခေါ်တဲ့ **ပစ္စယနိဒ္ဒေသများ**ကျတော့ ဓမ္မသဒ္ဒါနှင့် ဟောလို့ သုညတ္ထလို့ ခေါ်တယ်၊ ဘာမှ မကျန်ဘူးဆိုတော့ ဘာတွေ ဟောသလဲလို့ မေးလျှင် စိတ်ကိုဟောတယ်, စေတသိက်ကို ဟောတယ်, ရုပ်တွေလဲ ဟောတယ်, နိဗ္ဗာန်လဲ ပါသင့်ပါလာတယ်၊ ပညတ်ခေါ်တဲ့တရားတွေပါ ထည့်ဟောတယ်။

ဘာပိုလာသလဲ (ပညတ်တရား ပိုလာပါတယ်)၊ ဟောထိုက်လျှင် ပညတ်တရားတွေ ဟောသင့်တဲ့နေရာမှာ ထည့်ဟောတယ်။

အဲဒါကြောင့် ဒီ ပဉ္စာဝါရမှာ ခန္ဓသဒ္ဒါနဲ့ဘဲ ဟောပါလို့ ခုတင်က ဘုန်းကြီး ပြောပေးတယ်နော်။

ဘုန်းကြီး စာချပေးပြီးပြီဆိုလျှင် ကိုယ်ချထားတဲ့စာ တခေါက်ပြန်ဖွင့်ပြီး နားထောင်ပါတယ်၊ စိတ်ကူးထားတာကနော် သာသနာတလျှောက်လုံးမှာ သုံးရစ်ပေစေတော့ဆိုပြီး ပြန်နားထောင်တယ်၊ ပြင်သင့်တာ ပြင်ပစ်တယ်။

အဓိပ္ပါယ်က အနန္တရမှာ သိစရာ မှတ်စရာကလေးတွေက အများကြီးဖြစ်နေတော့ ဒီ သိစရာ မှတ်စရာကလေးတွေ မကျန်ရစ်ပါစေနှင့်ဆိုပြီး ဦးစားပေးပေးပြီး ပြောနေရတယ်။

ကဲထားပါတော့။ မနေ့က ကု-ပဒက ပဒါဝသာန ၂-ချက်ပြီးတော့ ဒီနေ့ အကုပဒက အကုသလော အကုသလသဿ, အကုသလော အဗျာကတသဿလို့ ၂-မျိုးလာမယ် မဟုတ်လား (မှန်ပါ)၊ ဦးပဉ္စင်းတို့ဖာသာ ရှာကြည့် ဒီ ဝိထိထဲက ဘယ်မှမထွက်စေနှင့် ဟုတ်လား။

အနန္တရ၌ အကုသလော အကုသလသဿ အရရှာပုံ

အကုသလော ဓမ္မော အကုသလသဿ ဓမ္မသဿ အနန္တရပစ္စယေန ပစ္စယော ဆိုတာ ဘာတွေတုန်း၊ ပစ္စည်းဘဲ အကုသိုလ်ဖြစ်ရမယ် ပစ္စယုပ္ပန်ကလဲ အကုသိုလ် ဖြစ်ရပါမယ်၊ ကဲ ရှာကြ၊ ဘယ်ဝိထိမှာရှိသလဲ (ကာမဇောဝါရဝိထိမှာ ရှိပါတယ်)။ ကာမဇောဝါရ တဝိထိသာ ရှိတယ်။ ကိုယ်တိုင်ကိုယ်ကျ သိကြစမ်းပါ။

အောက်က စျာနဝိထိ, မဂ္ဂဝိထိ, ဖလသမာပတ္တိဝိထိ, နိရောဝိထိ ဒီအထဲတွေမှာ အကုသိုလ် ရှိပ့ါမလား (မရှိပါ)။

နောက်တချက် စဉ်းစားလျှင် အောက်နားမှာ သတ္တဝါတိုင်း ခေါင်းမတိမ်းနိုင်တဲ့ သေခါနီးဆိုတဲ့ မရဏာသန္နဝိထိမှာကော အကုသိုလ်ဇော စောနိုင်တယ် မဟုတ်လား (မှန်ပါ)၊ ပေါလိုက်တာ လောဘဇောနှင့်သေတဲ့ သတ္တဝါတွေ, ဒေါသဇောနှင့် သေတဲ့ သတ္တဝါ တွေ, မောဟဇောနှင့် သေတဲ့ သတ္တဝါတွေ ဒါဟာ အကုသိုလ်တွေဘဲလို့ တိတိကျကျ မှတ်ထားစမ်းပါ။ သူတို့လဲ ၁၂-မျိုး စလုံးရှိတော့ ခေါ်ခဲ့ပါတော့။ ကာမဇောဝါရထဲမှာဘဲ ဝင်နေပေစေ၊ ဇော ၇-ကြိမ်ထဲ သူတို့ အကျုံးဝင်ရော မဟုတ်လား (မှန်ပါ)။

ဒါဖြင့် အဲဒီဟာကလေးတွေ ရှိတယ်။ မနေ့က မဟာကုသိုလ် ကြည့်သလိုဘဲ ပဌမဇောသည် ပစ္စည်းသာဖြစ်၍ ပစ္စယုပ္ပန် မဖြစ်နိုင်။ သတ္တမဇောသည် ပစ္စယုပ္ပန်သာဖြစ်၍ ပစ္စည်းမဖြစ်နိုင်။ အလယ်ဇော ၅-ချက်သည် ပစ္စည်း ပစ္စယုပ္ပန် ၂-မျိုး ဖြစ်နိုင်၏။

ဘုန်းကြီး အခုပြောသလို ဦးပဉ္စင်းတို့ နှုတ်ထဲ ရောက်နေပေစေ။ အနန္တရဟာ မလွယ်ဘူးလို့ ဘုန်းကြီးသတိပေးခဲ့တယ်၊ အင်မတန် ခက်ပါတယ်၊ အခု ပြောလာတာ ပဌမတရက်က တဝက်လောက် ပါသွားတယ်၊ မနေ့က တနေ့လုံး ပါသွားတယ်၊ ဒီနေ့ ဆက်ပြောတယ်၊ နားလည်သွားလျှင်လဲ အလွယ်ကလေးပေါ့။

ဒါကြောင့် ဒီသဝေထိုးကလေး ၇-လုံးထဲမှာဘဲ ဟောတော့ မနေ့ကအတိုင်းပေါ့။ ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။ ဒီတနေရာဘဲ ရှိတယ်မဟုတ်လား (မှန်ပါ)၊ ဒါဘဲရှိတယ် ဘာမှမထူးဘူး။ အောက်

မရဏာသန္နမှာ ရှိတာကတော့ သတိထား။ တူလို့ ဒီခေါ်ပေးထားတာ၊ အင်မတန်လွယ်ပါတယ်၊ ဘာတဲ့တုန်း အကုသလော ဓမ္မော အကုသလသဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။ ဒါဘဲနော် လွယ်လွယ်ကလေး မှတ်ထားစမ်း။

အနန္တရဋ္ဌ အကုသလော အဗျာကတဿ အရရှာပုံ

ပြီးတော့ အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဆိုတော့ ဒီ အကုသိုလ်သတ္တာမဇော်က ပစ္စည်းမဖြစ်ဘူးလား (ဖြစ်ပါတယ်)၊ သူ့နောက်က ပစ္စယုပ္ပန်က ဘယ်သူတဲ့ (တဒါရုံဘဝင်)၊ တဒါရုံကျလျှင် တဒါရုံပေါ့။ တဒါရုံမကျလျှင် ဘဝင်။ အကုသလော အဗျာကတဿ ရတယ်မဟုတ်လား (မှန်ပါ)။

သွားပါ ဟို မရဏာသန္နဝီထိ သွားပါ။ အကုသိုလ်ဇောနောင် စုတိကျလျှင် ကာမစုတိ ၁၀-လို့ ပြထားပြီး မဟုတ်လား။ ကဲ ကြည့်ပါလား၊ အကုသိုလ် မရဏာသန္နပဌမဇော်က အကုသလော ဓမ္မောဆိုပြီး ပစ္စည်း မဖြစ်နိုင်ဘူးလား (ဖြစ်နိုင်ပါတယ်)၊ စုတိက ဘာဖြစ်မယ်၊ အဗျာကတဿ မဖြစ်နိုင်ဘူးလား (ဖြစ်နိုင်ပါတယ်)၊ ပစ္စယုပ္ပန် အဗျာကတကလေ (မှန်ပါ)၊ အဲဒီ ၂-ခု ၂-ဝီထိမှာ ရှိနိုင်တယ်လို့ နားလည်ပါ။

အရကောက် စာအုပ်ထဲမှာ ဇောနောင်စုတိ ကျန်နေ

သို့ပေမယ်လို့ အရကောက်နှင့် နိဿယမှာတော့ အဲဒါ မရှိဘူး မတွေ့ရဘူး။ မရဏာ-သန္နဝီထိ ပျောက်နေတယ်၊ သတိထားခဲ့။ မနေ့က ကုသလော အဗျာကတဿ-မှာလဲ မပါဘူးလို့ ပြောထားခဲ့ပြီ မဟုတ်လား။ ဒီနေ့ အကုသလော အဗျာကတဿမှာလဲ အကုသိုလ်ဇောနောင် စုတိ အကောက်ထဲမှာ မရှိဘူးတဲ့။ ဘယ်လောက် ကြာမြင့်စွာက ပျောက်လာခဲ့တဲ့ အပျောက်မှန်း မသိဘူး၊ သတိထားခဲ့ပေါ့။

စာမေးပွဲအနေအားဖြင့်တော့ ဒါမျိုးတွေထည့်ပြီး ကိုယ်က လူစွာလုပ်လို့ မရဘူး။ ကိုယ်သင်ကြားနေတဲ့အချိန် ကိုယ့်ဉာဏ်ထဲမှာသာ ဒါကလေးတွေ ဝင်နေအောင် ကြိုးစားပါ။

ဒီတော့ အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ မနေ့က ဟောသလိုပေါ့။ ဘယ်လိုဟောသလဲ (ကုသလံ ဝုဋ္ဌာနဿ)၊ ဒီနေ့လဲဘဲ အကုသလံ ဝုဋ္ဌာနဿ အနန္တရပစ္စယေန ပစ္စယော။

မနေ့က ကုသလံ ဝုဋ္ဌာနဿက ၃-ဝီထိတောင် ရတယ်မဟုတ်လား (မှန်ပါ)၊ ဒီနေ့ ၂-ဝီထိရတယ်။ အကုသလံ၊ အကုသိုလ်ဒွါဒသအဆုံးဇောသည်။ အဆုံးဇောဆိုတာ သတ္တာမဇော ယူတယ်။

အရကောက် ဆရာတော်ဘုရားကြီး ဉာဏ်အမြင်ကျယ်လှပါတယ်။ ဘုန်းကြီး ပြောပြဦးမယ် တမျိုး။ မရဏာသန္နဝိထိ အကောက်ရေတဲ့ ဆရာတော်ကြီး မြင်ပုံကို ဘုန်းကြီး ပြောမယ်။ အကုသလ၊ အကုသိုလ်ဒွါဒသ အဆုံးဇောသည်လို့ မသုံးဘဲနှင့် ကာမဇော၀ါရ ဝိထိ တခုသာမြင်လျှင် အကုသလ၊ အကုသိုလ်ဒွါဒသ သတ္တမဇောသည်။ ဇောဟာ ၇-ကြိမ် စောရမယ် မဟုတ်လား (မှန်ပါ)၊ သတ္တမဇောသည်လို့ ပေးလိုက်လျှင် မသေချာဘူးလား (မှန်ပါ)၊ သတ္တမဇောသည်လို့ ပေးလိုက်လျှင် မသေချာဘူးလား (မှန်ပါ)၊ သတ္တမဇောသည်လို့ အနက်ပေးရလျှင် သေချာပါလျက်ကယ်နှင့် ဘာဖြစ်လို့ **အဆုံးဇော**သည်လို့ အနက်ပြန်ရသလဲ၊ ဒါကို ချိန်ဆနော် (မှန်ပါ)။

ဦးပဉ္စင်းတို့ မရဏာသန္နဝိထိကျတော့ ၇-ကြိမ်စောရဲ့လား (မစောပါဘူး)၊ ၅-ကြိမ်နှင်ဘဲ အပြီးသတ်တော့ ပဉ္စမဇောက အဆုံးဇောဖြစ်ရတယ်။ အဲဒါလောက်အထိ ရှေးဆရာတော်ကြီးတွေ ရည်ညွှန်းတော်မူပါတယ်။

ဒါကြောင့် အကုသိုလ်မရဏာသန္နဇောနောင် စုတိဟာ ရသင့်တယ်လို့ဆိုတာ ရှေးဆရာတော်ကြီးတွေလဲ မြင်တော်မူပါတယ်၊ သိတော်မူပါတယ်။ နောက်ပိုင်းကျမှ ဒီဥစ္စာ ဘယ်နေရာက ဘယ်ချောင်ကြားညှပ်ပြီး ပြုတ်နေရစ်ခဲ့တယ် မသိဘူး။ ပုံနှိပ်တိုက်က ပြုတ်သလား, ရှေးခေတ်ပေစာရေးတဲ့ ကျောင်းစာရေးကဘဲ မေ့ကျန်ရစ်သလား မသိဘူး။ ပါဠိတော်က ဒါကလေးဘဲ ရှိတယ်၊ ဒီပြင်လဲ ဘယ်မှမရှိဘူး မဟုတ်လား။

အကုသလံ ဝုဋ္ဌာနဿ အနန္တရပစ္စယေန ပစ္စယော။ အကုပဒက ၂-ချက်နော် ပြီးနေပြီမဟုတ်လား (မှန်ပါ)။

ဆရာတော်။ ။ဦးပဏ္ဍာ၀ ဟောကြည့်စမ်း။

ဦးပဏ္ဍာ၀။ ။အကုပဒ ၂-ချက်ဟောသည်။

ဆရာတော်။ ။ဒါပါဘဲ အကုသလပဒ ၂-ချက်။ အနန္တရ ခက်တယ် ခက်တယ် ပြောတာနှင့် ဦးပဉ္စင်းတို့ကလဲ လန့်ပြီးကြောက်နေတယ်၊ နည်းမရလျှင် ခက်တယ်ပြောတာ၊ နည်းရလျှင် လွယ်ပါတယ်၊ အခုကြည့်ပါ ပါဠိတော်တွေ တွေ့နေပြီ မဟုတ်လား၊ အရကောက်တွေကလဲ အဲဒီ ဝိထိပေါ်က ဘယ်မှ မပြေးနိုင်ဘူး။ ဒီဝိထိကို မြင်နေလျှင် ဒီထဲမှာဘဲ အရကောက်တွေ ရှိတယ်။

အနန္တရဌ် အဗျာကတော အဗျာကတသ အရရှာပုံ

ကဲ ရှေ့တိုးရအောင်၊ ဒီနေ့ မကုန်လို့မဖြစ်ဘူး ဒီနေ့ကုန်မှ၊ အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မသ အနန္တရပစ္စယေန ပစ္စယော၊ ဒီလိုမဟုတ်လား (မှန်ပါ)။

ကဲ တဝိထိချင်း ဒို့ရှာရအောင် ပစ္စည်း ပစ္စယုပ္ပန် အဗျာကတဖြစ်နေတာတွေ သတိပြုပြီး ကြည့်လိုက်စမ်း။ အဗျာကတမဟုတ်တဲ့ စာလုံးလိုက်ရှာ၊ သူကနည်းမှာကိုး။ အဗျာကတမဟုတ်တဲ့ စာလုံးဆိုတော့ လျှောက်ကြည့်ပါလား။ ပဋိသန္ဓေ ဘဝင် အာဝဇ္ဇန်း ဦးပဠင်းတို့က အဗျာကတမဟုတ်တဲ့ နေရာကျတော့ ပြောလေ။ ပဠဝိညာဉ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော၊ ဒါဟာ အဗျာကတတွေချည်းဘဲ မဟုတ်လား (မှန်ပါ)၊ ဇောတဲ့ အဗျာကတ၊ ဘယ်သူပါသလဲ (မဟာကြိယာနှင့် ဟသိတုပ္ပါဒ် ပါပါတယ်)၊ မဟာကြိယာနှင့် ဟသိတုပ္ပါဒ်။ ပေါင်း ကာမကြိယာဇော ၉-ခုလို့ ဟိုတနေ့က ပြောခဲ့တယ် မဟုတ်လား (မှန်ပါ)၊ မှတ်ထားပေါ့။ ဒီတော့ အဗျာကတ မလွတ်ဘူးနော် (မှန်ပါ)။

ဇောပြီးတော့ တဒါရုံ ဘဝင်ဆိုတာကော (အဗျာကတပါ)၊ ကဲ ဒီ တဝိထိလုံး အဗျာ-ကတတွေဘဲ၊ ဒို့တော့ ရလိမ့်မယ်လို့ နားလည်ပါနော် (မှန်ပါ)၊ အဗျာကတော အဗျာကတသ ဆိုလျှင် တဝိထိလုံးရတယ် မဟုတ်လား (မှန်ပါ)။ ကုသိုလ် အကုသိုလ်တုန်းကတော့ ဘယ် နေရာကလေးတွင် ရလိုက်တယ် (ဇောတွင်ဘဲ ရပါတယ်)။

လေ့လာရတယ်၊ အဲဒါတွေက အရေးကြီးတာ၊ ပါဠိတော်ကလဲ မခက်ဘူး၊ အရကောက်လဲ မခက်ဘူး၊ မခက်တဲ့ဘက်ကို ပြောင်းကြစို့ရဲ့နော်၊ ဒါတွေ သိဖို့က ခက်တာ။

ကဲ ပြန်ကြည့်စမ်းပါဦး၊ တခေါက်နဲ့ မကျေနပ်ပါနှင့်။ အဲဒီ တဝိထိလုံး အဗျာကတ ဖြစ်နေရာဝယ် သတိပြုလိုက်စမ်း။ စာတမ်းကလေးကို (**ကာမဇောဝါရဝီထိကို**) ဂရုစိုက်ပြီး ကြည့်စမ်း။ ကြိယာအဗျာကတဖြစ်နေတဲ့ စာလုံး ဘယ်နှစ်ခုပါသလဲ၊ ဘယ်နှစ်နေရာရှိသလဲ သတိပြု၊ ဘုန်းကြီးပြောပေးမယ်။ တဝိထိလုံးမှာ ကြည့်လျှင် **အာဝဇ္ဇန်း**ဆိုတာ ကြိယာမဟုတ်လား။ ပဠဒ္ဓါရာဝဇ္ဇန်းနှင့် မနောဒ္ဓါရာဝဇ္ဇန်း၊ ကြိယာဘဲ မဟုတ်လား မှန်ပါ)။

ပြီးတော့ ဇောမရောက်ခင်က ဝုဋ္ဌောဆိုတာကော ကြိယာဘဲ မဟုတ်လား (မှန်ပါ)၊ ဒီတော့ ၂ နေရာနော်။ ဇောကကော ဟသိတုပ္ပါဒ်နဲ့ မဟာကြိယာမဟုတ်လား (မှန်ပါ)၊ ၃ နေရာ။

ဒါကြောင့် အစောကြီးက ဦးပဠင်းတို့ကို ပြောခဲ့တယ်၊ ဒါဘာလဲ အဗျာကတဟာ ဝိပါက်လား ကြိယာလား ခွဲခဲ့လို့။ အဲဒါ သိမှ ဟိုမှာပါဠိတော်, အရကောက်တို့က သွားလို့ ကောင်းတာ။ သိပါတယ်ဆိုပေမဲ့ မေးတော့မရဘူး။ လုပ်ထားကြပါ။

ဒီတော့ ကြွင်းတဲ့ နေရာဌာနတွေက ဘာတွေတုန်း၊ ဝိပါက်အဗျာကတတွေ၊ အာဝဇ္ဇန်းရယ်, ဝုဋ္ဌောရယ်, ဇောရယ်က ဘာအဗျာကတလဲ (**ကြိယာအဗျာကတ**)၊ ကဲ-မှတ်ခဲ့ကြ။

နောက် တဝိထိတိုးစမ်း **ဈာနဝီထိ**တဲ့၊ လေးလေးစားစား မှတ်ကြပါ။ ဘုန်းကြီးက အပင်ပန်းခံပြီး ပြောပေးနေတယ်။ ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် တိဟိတ် ပုထုဇဉ်နှင့်

သေက္ခက-တမျိုး၊ အသေက္ခက-တမျိုးလို့ ၂ မျိုးခွဲတော့ ဝိထိအကျဉ်း ၂-မျိုးခွဲထား။ တိဟိတ်ပုထုဇဉ် နှင့် သေက္ခဖြစ်လျှင်တော့ ပရိကံက စပြီး စျာန်ကုန်သည့်တိုင်အောင်က ကုသိုလ်မနေပေဘူး လား (မှန်ပါ)၊ ဘဝင်ကျတော့ (ဝိပါက် အဗျာကတပါ)၊ အသေက္ခခေါ်တဲ့ ရဟန္တာကိုယ်တော် ကြီးအတွက် ဆိုလျှင်တော့ တဝိထိလုံး ဘာတွေဖြစ်မလဲ (အဗျာကတပါ)၊ အဗျာကတပေမဲ့ ပရိကံက စပြီး တောက်လျှောက် စျာန်ကုန်သည့်တိုင်အောင် ကြိယာအဗျာကတ၊ ဘဝင်က ဝိပါက်အဗျာကတ။

လေ့လာစမ်းပါ။ ဦးပဉ္စင်းတို့ ဒါတွေဟာ သိလျက်သားနှင့် နူတ်မရဲ ဖြစ်နေတဲ့ စကား တွေ၊ သိလျက်သားနှင့် မပြောတတ်တာ။

ဘုန်းကြီးဆီကသင်ပြီး စာချတဲ့ဘုန်းတော်ကြီးကလေးတွေ ဒီလိုဘဲ ပြောကြတယ်၊ သိတော့ အသိသားတဲ့၊ ပြောလို့ ပါးစပ်က မထွက်ဘူးတဲ့ သူတို့၊ ဆရာတော် ပြောသလို ပြောဖို့ ပါးစပ်က ထွက်မလာဘူးတဲ့။

မှတ်ထားစမ်းပါ။ တဝိထိထားခဲ့၊ **မဂ္ဂဝိထိ** သွားလိုက်၊ မဂ္ဂဝိထိမှာ အဗျာကတ ဘယ် နေရာရှိသလဲ (ဖိုလ်ဘဝင်)၊ ဘာအဗျာကတလဲ (ဝိပါက်အဗျာကတ)။

နောက်တဝိထိ **ဖလသမာပတ္တိ ဝိထိ**တဲ့။ သေက္ခပုဂ္ဂိုလ် သမာပတ်, အသေက္ခ ပုဂ္ဂိုလ် သမာပတ်လို့ ၂-မျိုး ခါတိုင်းလို ခွဲလိုက်။ သေက္ခသမာပတ် ဖြစ်လျှင် အဗျာကတက ဘာလဲ (ဖိုလ်ဘဝင်)၊ ၂-မျိုး ရမှာပေါ့နော်။ အသေက္ခသမာပတ် ဖြစ်လျှင်တော့ တဝိထိလုံး အဗျာကတ။ သို့ပေမဲ့ အနုလုံ ၄-ကြိမ်က ကြိယာ အဗျာကတ, ဖိုလ်ဘဝင်က ဝိပါက်အဗျာ ကတ၊ ပြောပြပါ ပါးစပ်က ပြောမှတတ်သည်။

နောက် တဝိထိသွားပါ။ **နိရောဓသမာပတ္တိဝိထိ**တဲ့။ အနာဂါမ် ရဟန္တာလို့ ၂-မျိုး ခွဲလိုက်။ အနာဂါမ်ကိုယ်တော်ကြီး ဖြစ်ခဲ့အုံ့၊ ပရိကံကစ၍ နေဝသညာနာသညာယတန ကုသိုလ်တိုင်အောင်က ကုသိုလ်တွေ မဟုတ်လား (မှန်ပါ)။ အဗျာကတက ဘယ်သူပါသလဲ (အနာဂါမိဖိုလ်)၊ ဖိုလ်နှင့်ဘဝင်ဘဲ။ ဝိပါက်အဗျာကတနော် (မှန်ပါ)၊ ရဟန္တာကိုယ်တော်ကြီး ဖြစ်ခဲ့အုံ့၊ တဝိထိလုံး အဗျာကတ။ သို့ပေမဲ့ ပရိကံက စပြီး နေဝသညာနာသညာယတန ကြိယာတိုင်အောင်က (ကြိယာအဗျာကတ)။ ကျန်တဲ့ဟာက (ဝိပါက် အဗျာကတပါ)၊ ဖိုလ် ဘဝင်တွေက ဝိပါက်အဗျာကတ၊ မှတ်မိတယ်နော် (မှန်ပါ)။

ပေါ့ပေါ့ကလေး မနေပါနှင့်နော်၊ ကိုယ့်နေရာရောက်တော့လဲ ပြန်ပြီး လေ့လာ၊ ဘုန်းကြီးဒို့ကို ဘာတွေ ပြောပေးနေတာလဲ၊ ဘာမှလဲ ခက်တာ မဟုတ်ဘူး၊ သို့ပေမဲ့ လေ့လာ မှုမရှိလျှင် အလကားဘဲ မသိတော့ဘူး ခက်နေတာဘဲ၊ မသိလျှင် ခက်နေတာဘဲ။

ကဲ... ရှေ့တိုး **မရဏာသန္နဝီထိ**။ နောက်တုန်းက ပြောပြီးသားဘဲ လွယ်လွယ်ပြော ကြစို့။ တဒါရုံနောက် စုတိကျအုံ့၊ တဒါရုံကလဲ အဗျာကတဘဲ မဟုတ်လား (မှန်ပါ)၊ စုတိ ကကော (အဗျာကတပါဘဲ)၊ ဝိပါက်တွေနော် (မှန်ပါ)၊ အဗျာကတော အဗျာကတသ ရတဲ့ နေရာတွေ မှတ်လိုက်စမ်း။

ဇောနောင် စုတိလို့ ဆိုတဲ့နေရာမှာတော့ ကုသိုလ်ဇောနောင်စုတိ, အကုသိုလ် ဇောနောင် စုတိက ခုတင်က ပြောသွားပြီ၊ စုတိသာ အဗျာကတဖြစ်မယ် ဟုတ်လား (မှန်ပါ)။ မဟာကြိယာဇောနောင် စုတိဆိုလျှင်တော့ အဗျာကတော အဗျာကတသ ရရဲ့မဟုတ်လား (မှန်ပါ)၊ သို့ပေမဲ့ ဇောက ကြိယာအဗျာကတ၊ စုတိက ဝိပါက်အဗျာကတ (မှန်ပါ)၊ နားလည် ပါစေနော်၊ တော်တော်နေ ဒါတွေဟာ အသုံးချရမယ်။

ဘဝင်နောင် စုတိဆိုတဲ့အခါကျတော့ ပစ္စည်း ပစ္စယုပ္ပန် ၂-ဖက်စလုံးဟာ ဝိပါက် အဗျာကတတွေတဲ့။ အဲဒီမှာ ပဋိသန္ဓေက စ၍ သတ္တဝါတယောက်ရဲ့ နိဂုံးချုပ် စုတိမှာ တဘဝ ဆုံးပါပြီတဲ့။ အကယ်၍ ရဟန္တာကိုယ်တော်ကြီး ဖြစ်လျှင်တော့ ဒီနေရာမှာဘဲ ခန္ဓာ ဇာတ် ဆုံးပြီပေါ့။ ဦးပဉ္စင်းတို့ သုဒ္ဓသန္ဓိမှာ 'ရဟန္တာတို့၏ စုတိကြဉ်သော' လို့ ပစ္စည်းဘက် က မပါဘူးလား (ပါပါတယ်)။

ရဟန္တာ မဖြစ်သေးလို့ရှိလျှင်တော့ ဘဝတခုက စုတိပြီးလျှင် နောက်ဘဝတခုမှာ ပဋိသန္ဓေလို့ မသွားရပေဘူးလား (သွားရပါတယ်)၊ အနန္တရ ပစ္စည်းပစ္စယုပ္ပန် ဆက်ပြမလို့ ကြည့်စမ်း၊ အောက်နားက စာကလေး ဘယ်နှစ်ကြောင်းရှိသတုန်း၊ ၇-ကြောင်း[1] ရှိတယ်၊ တွေ့ရဲ့လား အလယ်က မျဉ်းခွဲလိုက်။ လက်ရင်းဘက်က ပစ္စည်း, နောက်ပိုင်းက ပစ္စယုပ္ပန်၊ ဟိုနေ့က မပြောဘဲ ချန်ထားတယ်လေ လွယ်လို့။

လက်ရင်းဘက်က ဘာတရားလဲ (ပစ္စည်း)၊ နောက်ပိုင်းက (ပစ္စယုပ္ပန်ပါ)။

လက်ရင်းဘက်က ဘာတွေရေးထားသလဲ ကြည့်စမ်းပါဦး။ အကြမ်းဖျင်းဘဲ ဆက် ပြောမယ်၊ နောက်မှ သူနှင့်စပ်တဲ့ သိစရာကလေးတွေ ပြောဦးမယ်။

ဒီအနန္တရထဲက ဦးပဉ္စင်းတို့ သိစရာတွေ ဘာတွေ ရေးထားသလဲ၊ အကျဉ်းချုပ်ပြော လို့ရှိလျှင် စာ ၇ ကြောင်း[1]လုံးကို ပေါင်းပြီးကြည့်လျှင် လက်ရင်းဘက်က ပြောတာနော် စုတိစိတ် ဇကူနဝိသခေါ်တဲ့ ၁၉ ဘဲ ရှိတယ်။

ဟုတ်ကဲ့လား၊ သတိပြုကြည့်စမ်းပါ၊ အပေါ်ဆုံးအတန်းက ဘာတုန်း၊ ဒွိဟိတ်, အဟိတ်စုတိ ၆-ခု မဟုတ်လား (မှန်ပါ)၊ မှတ်ထားပါ၊ ဒွိဟိတ်, အဟိတ်ဆိုတာက ဘယ်သူလဲ၊

၁။ ဤကျမ်း၊ နှာ-၃၁၁-ရှိ အနန္တရဝိထိ ဇယားထဲပါ စုတိနောင် ပဋိသန္ဓေဖြစ် အောက်ဆုံး စာ ၇-ကြောင်း။

အဟိတ်ဆိုတာက ဥပေက္ခာ သန္ဓီရဏ ၂-မဟုတ်လား၊ ဒွိဟိတ်ဆိုတာက မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-မဟုတ်လား (မှန်ပါ)။

နောက်တကြောင်းလာကြည့်စမ်း၊ ကာမတိဟိတ် စုတိ ၄-ခု၊ ခုတင်က အထဲထည့်လိုက်တော့ ကာမစုတိ ၁၀-မနေဘူးလား (မှန်ပါ)၊ အောက်တကြောင်းကို ကြည့်စမ်း၊ ရူပစုတိ ၅-ခု၊ ၁၅-မနေဘူးလား၊ အောက် ၄-ကြောင်းက အရူပ စုတိ ၄-ခုထည့်လိုက်တော့ စုတိစိတ် ၁၉-ခု။ သူက ပစ္စည်း၊ ခုတင်က စုတိ ဆုံးတယ်လို့ ပြောခဲ့တယ် မဟုတ်လား (မှန်ပါ)။

ထိုနည်းတူစွာ အောက်နားက တရားတွေ ပေါင်းကြည့်ခဲ့လျှင် ပဋ္ဌိသန္ဓေ ၁၉-ဘဲ၊ သို့ပေမဲ့ ဘယ်အကြောင်းမှာ ထင်ရှားသလဲမေးလျှင် ၂-နံပါတ် အကြောင်းမှာ ကြည့်စမ်း၊ ပဋ္ဌိသန္ဓေစိတ် ၁၉-လို့ ပေါင်းလျက်ရှိတယ် မဟုတ်လား (မှန်ပါ)၊ ၂-နံပါတ် မဟုတ်လား၊ ဟုတ်ပြီ ၂-နံပါတ်မှာ ၁၉-ရှိတယ်နော်၊ အဲဒီမှာ ပေါင်းလျက်ပါ၊ ဒီပြင်နေရာတွေက တရားတွေက ဒီအထဲ အကုန်ဝင်တယ်။

ဒီတော့ ဘာပြောမလဲ၊ ပစ္စည်းကလဲ စုတိစိတ် ၁၉၊ ပစ္စယုပ္ပန်ကလဲ ပဋ္ဌိသန္ဓေစိတ် ၁၉၊ အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မသဘဲ၊ ဒီနေ့ ဒါလောက်ဘဲ သိထားပြီးတော့ အဗျာကတတွေ ဘာတွေပါသလဲလို့ မှတ်ခဲ့စမ်းပါ၊ ကဲ ဟောတော့မယ် မြတ်စွာဘုရားက၊ ဒီတရားတွေ အခု ကောက်ထားပြီနော်၊ ဘယ်ဝိထိမှ မလွတ်ဘူး၊ အနည်းနှင့်အများ အဗျာကတတွေချည်းဘဲ အဲဒါလောက် များတာတွေကို သိမ်းကြုံးပြီး မြတ်စွာဘုရား ဟောတော်မူပုံသတိပြု။

အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မသ အနန္တရပစ္စယေန ပစ္စယော။ ဝိထိ-ပါဋိတော်လေ (မှန်ပါ)၊ တရားတွေ နေရာကျယ်နေပေမဲ့ ဟောတဲ့ ဒေသနာတော်က နည်းနည်းကလေးပါ။

ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ ဝိပါက်လဲ အဗျာကတ, ကြိယာလဲ အဗျာကတဘဲ မဟုတ်လား၊ ပေါင်းဟောနေတယ်။

ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယောလို့ ဟောလိုက်တယ်၊ မြတ်စွာဘုရားက ဟောတယ်။

ဘုံဘုံပြားပြား ဟောထားတဲ့ ဒေသနာတော်

ဟောပေမဲ့ ရှေးဆရာတော်ဘုရားကြီးတွေက ဒီဒေသနာတော်ကို ဘယ်လို ပြောသလဲဆိုတော့ ဘုံဘုံပြားပြား ဟောထားတဲ့ ဒေသနာတော်တဲ့၊ ဆရာတော်ကြီးတွေ အသုံး

ပေါ့လေ (မှန်ပါ)။ ဘုံဘုံပြားပြားဆိုတာ ရသင့်သလို ဝိပါက်ကလဲ အဗျာကတ, ကြိယာကလဲ အဗျာကတမို့လို့ သိမ်းကြုံးပေါင်းပြီးတော့ ဟောထားတဲ့ ဒေသနာတော်တဲ့၊ ဟောတဲ့အတိုင်း ပစ္စည်း ပစ္စယုပ္ပန်ဖြစ်မလားလို့ မေးတော့ သတိပြု၊ အဗျာကတတူလို့ ပေါင်းတာနော်၊ ဟောတဲ့အတိုင်း ပစ္စည်းပစ္စယုပ္ပန် ဖြစ်မလားလို့ မေးတော့ ဤဒေသနာတော်ဖြင့် ဟောတာက ဝိပါက်ပစ္စည်း ဝိပါက်ပစ္စယုပ္ပန်မျိုးကိုသာ ရနိုင်တယ်၊ ကြိယာပစ္စည်း, ကြိယာပစ္စယုပ္ပန် ဖြစ်တာမျိုးကိုသာ ရနိုင်တယ်တဲ့၊ ပုရိမာနှင့် ဟောတယ်ဆိုတာ၊ ဒါကြောင့် ဘုံဘုံပြားပြားလို့ ပြောတာ။

ဘယ်လိုသာဖြစ်နိုင်တယ်၊ ဝိပါက်ပစ္စည်း, ဝိပါက်ပစ္စယုပ္ပန်၊ ကြိယာပစ္စည်း, ကြိယာ ပစ္စယုပ္ပန်ဖြစ်လျှင်သာ ပုရိမာ ပုရိမာ ဟောလို့ ပါနိုင်တယ်တဲ့၊ ဟုတ်ပြီလား (မှန်ပါ)။

ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

တကယ်လို့ ဝိပါက်က ပစ္စည်း, ကြိယာက ပစ္စယုပ္ပန်ဖြစ်နေတဲ့ နေရာရှိလျှင် ဒီပုရိမာ ဟောတဲ့ ဒေသနာထဲမှာ မပါနိုင်ဘူး။

ထိုနည်းတူစွာ ကြိယာက ပစ္စည်းဖြစ်ပြီးတော့ ဝိပါက်က ပစ္စယုပ္ပန် ဖြစ်နေလျှင်လဲ ဒီ ပုရိမာ ပုရိမာ ဟောတဲ့အထဲ မပါသေးဘူးတဲ့နော်။

လေ့လာစမ်းပါ၊ ဒါကလေးတွေကို အချို့စာချဆရာတော်တွေက မပြောကြဘူး၊ ဘုန်းကြီးက ပြောစေချင်တယ်၊ ဒါတွေ သိမှ ဒေသနာတော်မှာ ယူဆနည်း လွယ်တော့ မပေါ့။

ကောင်းပြီ ဒါဖြင့်လျှင် ဘုန်းကြီးတို့ ခုတင်က ရှာထားတဲ့ နေရာတွေထဲမှာ ပစ္စည်း တရားက ဝိပါက်ဖြစ်ပြီးတော့ ပစ္စယုပ္ပန်တရားက ကြိယာဖြစ်နေတဲ့ နေရာတွေကို ရှာရတော့ မယ် မဟုတ်လား၊ ရှေးဦးစွာ ကာမဇောဝါရဝိထိမှာ ကြည့်စမ်း၊ ကိုယ်တိုင် တွေ့အောင် ကြည့်စမ်း၊ ပစ္စည်းတရားက ဝိပါက်၊ ပစ္စယုပ္ပန်တရားက ကြိယာ ဒီလို မဟုတ်လား (မှန်ပါ)။

ဘဝဂီ အာဝဇ္ဇနာယ ဟောပုံ

ဒီတော့ ရှေ့စိတ်ပစ္စည်းက ဝိပါက်ဖြစ်ရမယ်။ နောက်စိတ်က ဘာဖြစ်ရမယ် ကြိယာ။ ဘယ်နေရာရှိသလဲလို့ ကိုယ်တိုင်ကြည့်လိုက်စမ်း (ဘဝင်နှင့် အာဝဇ္ဇန်း)။ ဘဝင်က ဝိပါက်, အာဝဇ္ဇန်းက ကြိယာ၊ တဌာန တွေ့ပါရော မှတ်ထားရတယ်။

လျှောက်ကြည့်ဦး၊ နောက်နား ရှိသေးသလားလို့ (သန္တီရဏနှင့် ဝုဋ္ဌော)၊ သန္တီရဏက ဝိပါက်, ဝုဋ္ဌောက ကြိယာ။

မှတ်ထားစမ်းပါ။ အဲဒီ ၂-နေရာ, အဲဒီ ၂-ဌာန ကြည့်ပြီးတော့ မြတ်စွာဘုရားက ဘယ်လိုဟောသလဲမေးတော့ **ဘဝဂ် အာဝဇ္ဇနာယ**။ ဒီက ရှေ့ပိုင်းက ဘဝင်က ပစ္စည်း မဟုတ်လား (မှန်ပါ)၊ အာဝဇ္ဇန်းက (ပစ္စယုပ္ပန်)။

အဲဒီအထဲမှာ ခုတင်က ဒုတိယအချက်ဖြစ်တဲ့ သန္ဓိရဏက ပစ္စည်း, ဝုဋ္ဌောက ပစ္စယုပ္ပန် ဒီဒေသနာထဲ ပါသွားတယ်။ ဘယ်အနေ ပါသလဲလို့မေးလျှင် အလျော်အားဖြင့် ပါတယ်။ ဘယ့်နှယ်လုပ် လျော်မလဲလို့ မေးကြည့်စမ်း။ ဘဝင် ၁၉-ထဲမှာကော သန္ဓိရဏ မပါဘူးလား (ပါပါတယ်)၊ ဥပေက္ခာသန္ဓိရဏ ၂-ခုပါတယ်။ ဒီကတော့ ၃-ခုနော် (မှန်ပါ)၊ **အလျော်ဆိုတော့ ပါသင့်သလောက် ပါတာကိုဘဲ ယူရတယ်**။

အာဝဇ္ဇန်းဆိုလျှင် ပဉ္စဒ္ဓါရာဝဇ္ဇန်း, မနောဒ္ဓါရာဝဇ္ဇန်း ၂-မျိုး ရနိုင်တယ်၊ အဲဒီထဲက မနောဒ္ဓါရာဝဇ္ဇနနှင့် ဝုဋ္ဌောက ဘာထူးသလဲ (မထူးပါ)။ ဝုဋ္ဌောရဲ့ တရားကိုယ်ဟာ "မနောဒ္ဓါရာဝဇ္ဇန်းမေဝ ပဉ္စဒ္ဓါရေ ဝေါဋ္ဌဗ္ဗနကိစ္စံ သာဓေတိ"။ ဒီလို မဟုတ်လား (မှန်ပါ)၊ သူဘဲ နေရာပြောင်းထိုင်တယ်။

ဒါကြောင့် ဘဝဂ် အာဝဇ္ဇနာယ ဆိုတာက ဝိပါက်ပစ္စည်း, ကြိယာပစ္စယုပ္ပန်၊ ဤ ၂-နေရာ ၂-ဌာနကိုကြည့်ပြီး မြတ်စွာဘုရား ဟောတော်မူတာဘဲလို့ နားလည်စမ်းပါ။

ကိရိယံ ဝုဋ္ဌာနသာ ဟောပုံ

မှတ်မိပြီနော်။ ကဲ ဒါဖြင့် ဒီဝိထိ[1] ပြန်ကြည့်ဦး။ အခုဟာ ဝိပါက်ပစ္စည်း, ကြိယာပစ္စယုပ္ပန် မဟုတ်လား (မှန်ပါ)၊ နောက်ထပ် ကြိယာက ပစ္စည်း, ဝိပါက်က ပစ္စယုပ္ပန်ဖြစ်တာ ရှာဦးတဲ့။ (အာဝဇ္ဇန်းနှင့် ပဉ္စဝိညာဉ်)၊ **အာဝဇ္ဇန်းနှင့် ပဉ္စဝိညာဉ်တဌာန**။ နောက် ရှာလိုက်ဦး၊ (ဇောနှင့် တဒါရုံ)။ **ဟသိတုပ္ပါဒ် မဟာကြိယာ သတ္တမဇောနှင့် တဒါရုံ, ဘဝင်တဌာန**၊ ဘဝင်ပါ ပါပေစေ၊ ၂-နေရာတွေ့တယ် မဟုတ်လား (မှန်ပါ)။

သတိပြုကြည့်၊ ပြန်ကြည့် ဘာနှင့် ဘာတုန်း၊ အာဝဇ္ဇန်းက ကြိယာပစ္စည်း၊ ပဉ္စဝိညာဉ်က ဝိပါက်ပစ္စယုပ္ပန်၊ ဟသိတုပ္ပါဒ်, မဟာကြိယာ သတ္တမဇောက ပစ္စည်း, တဒါရုံ, ဘဝင်တည်းဟူသော ဝိပါက်က ပစ္စယုပ္ပန်၊ ဘယ်နှစ်ဌာနလဲ (၂-ဌာန)။

အဲဒါ ဘယ့်နှယ်လုပ်ဟောသလဲ၊ ကုသိုလ်, အကုသိုလ်တုန်းကလိုဘဲ၊ ကိရိယံ ဝုဋ္ဌာနသာတဲ့။

ဘယ့်နှယ် ဟောလိုက်တယ်၊ (ကိရိယံ ဝုဋ္ဌာနသာ)၊ ဟိုတုန်းကတော့ ကုသလံ ဝုဋ္ဌာနသာ, အကုသလံ ဝုဋ္ဌာနသာ၊ အခုတော့ ကိရိယံ ဝုဋ္ဌာနသာ။ ဒါကြောင့် မနေ့က

၁။ ဤကျမ်း၊ နှာ-၃၁၁-ရှိ အနန္တရဝိထိ ဇယားထဲပါ ကာမဇောဝါရဝိထိ။

ဘုန်းကြီး ပြောတယ်။ အနန္တရ ဒေသနာတော်မှာ မြတ်စွာဘုရားက ဝုဋ္ဌောဆိုပြီး ဟောတာဟာ ဘယ်နှစ်မျိုးတဲ့တုန်း (၄-မျိုးပါ)၊ ဘယ်သူတွေတဲ့တုန်း၊ တဒါရုံ, ဘဝင်, ပဋ္ဌဝိညာဉ်, စုတိ။ ဟော ပဋ္ဌဝိညာဉ် ဒီနေ့ တွေ့တယ်နော် (မှန်ပါ)၊ စုတိက မနေ့က ပြုခဲ့ပြီ မဟုတ်လား (မှန်ပါ)၊ သို့သော် ဒီနေ့လဲ ထပ်တွေ့ဦးမှာဘဲ၊ သတိထားဦး၊ ဘယ့်နှယ်လုပ်ဟောသလဲ၊ ကိရိယံ ဝုဋ္ဌာနသာ။

ဝုဋ္ဌောမည်ပုံ ရှင်းချက်

အဲဒီ ဝုဋ္ဌောကို ဘာဖြစ်လို့ ဝုဋ္ဌောလို့ ခေါ်သလဲဆိုတာ အဋ္ဌကထာကိုကြည့်ကြစမ်း၊ ဇောမှ ထသောကြောင့် ဝုဋ္ဌောလို့ ခေါ်တာတဲ့။ ဝိထိပိုင်းမှာလို မနောဒ္ဓါရာဝဇ္ဇန်းကိုသာ ဝုဋ္ဌောခေါ်တာမျိုး မဟုတ်ဘူးနော် (မှန်ပါ)၊ ဇောမှထသောကြောင့် သူ့ကို ဝုဋ္ဌောလို့ ခေါ်တာပါတဲ့၊ ဝဿံ ဝုဋ္ဌော ဘိက္ခု စသည်တို့လို မှတ်ပါ။

ဒီတော့ အာဝဇ္ဇန်းကနေပြီး ပဋ္ဌဝိညာဉ်ကို သွားတဲ့အခါကျတော့ ဇောမဟုတ်ဘူး။ အဋ္ဌကထာက မျှားရာလိုက်တာ။ သူပြောတာကလဲ ဘယ်နေရာကနေ ပြောသလဲမေးတော့ ကုသိုလ် အကုသိုလ်ကနေ ပြောတာကိုး၊ ကုသိုလ် အကုသိုလ် နောက်ဆုံးဇောက ပစ္စည်း၊ တဒါရုံ ဘဝင်တို့က ပစ္စယုပ္ပန် မဟုတ်လား၊ အဲဒီ ကုသိုလ် အကုသိုလ်ဇောမှ ထသောကြောင့် တဒါရုံ ဘဝင်ကို ဝုဋ္ဌောခေါ်တာတဲ့။ အဲဒီလို အဋ္ဌကထာက ပြတယ်။

ဒါဖြင့်လျှင် မဂ္ဂဝိထိတွေကျတော့ မဂ်ပစ္စည်း ဖိုလ်ပစ္စယုပ္ပန် ရှိတယ်မဟုတ်လား (မှန်ပါ)၊ အဲဒီမှာ ဘာဖြစ်လို့ ဝုဋ္ဌာနသာလို့ မသုံးသလဲမေးတော့ သူတို့ကလဲဘဲ ဇောဘဲ၊ မဂ်ကလဲ ဇောဘဲ၊ ဖိုလ်ကလဲ ဇောဘဲ မဟုတ်လား၊ ဇော-ဇောချင်းမို့လို့ မရဘူးတဲ့။ တနည်း-အပွနာဇောလဲ ဖြစ်နေလို့။

ဒါလို ဗဟုသုတကလေးတွေ ပြည့်လို့၊ ကောင်းသင်းကောက် ပြန်ပြောနေတယ် ကြားဖောက်ပြီးတော့၊ ကဲ ထားခဲ့ပါတော့၊ အဲဒီက ပြီးခဲ့ပြန်ရော တမျိုး။

နောက် တဝိထိတိုးစမ်း၊ စျာနဝိထိ။ ရဟန္တာကိုယ်တော်ကြီးရဲ့ စျာနဝိထိဖြစ်လျှင် ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ စျာန်၊ ဒါဟာ ဘာတွေတုန်း၊ မဟာကြိယာနှင့် မဟဂ္ဂုတ် ကြိယာ မဟုတ်လား (မှန်ပါ)၊ ပြီးတော့ ဘာစိတ်တုန်း (ဘဝင်စိတ်)။ ပစ္စည်းက ကြိယာ, ပစ္စယုပ္ပန်က (ဝိပါက်)၊ သူ့လဲ ဘယ့်နှယ်လဲ မေးလျှင် ခုတင်က ကိရိယံ ဝုဋ္ဌာနသာ ဆိုလျှင် သူလဲ ပါသွားတယ်။

ကိရိယံ ဝုဋ္ဌာနသာ-ဆိုလျှင် ကာမဇောဝါရက ၂-ဌာန။ စျာနဝိထိက တဌာန၊ ပါဠိတော်ကလေးက ကျဉ်းကျဉ်းကလေး၊ နေရာညွှန်ပြတာ ၃-ဌာနရှိနေပြီ မှတ်ထား။

တူရာကျော်လိုက်ဦးမယ် သတိပြု **မရဏာသန္နဝိထိ**၊ မဟာကြိယာ ပဌမဇောက ပစ္စည်း, တိဟိတ်စုတိတေရသတည်း ဟူသော ဝိပါက်က ပစ္စယုပ္ပန် မဖြစ်ဘူးလား (ဖြစ်ပါတယ်)။ သူ့အတွက်ကော ဘယ်ဒေသနာလဲ မေးလျှင် ကိရိယံ ဝုဋ္ဌာနသတဲ့။

ကဲ ဒါထောက်လျှင် ကုသလံ ဝုဋ္ဌာနသာ မကောက်သင့်ဘူးလား မရဏာသန္နမှာ (ကောက်သင့်ပါတယ်)။ အကုသလံ ဝုဋ္ဌာနသာ မကောက်သင့်ဘူးလား မရဏာသန္နမှာ (ကောက်သင့်ပါတယ်)၊ ကြပ်ကြပ် လေ့လာပါ၊ သေခါနီးဇောမှာ ကြိယာဇောတခုတည်း၊ အရကောက်ထဲ တွေ့နေလို့ ဘုန်းကြီးက သိပ်မကျေနပ်နေတာ၊ သတိရလျှင် နောက်တမျိုး ထပ်ပြောဦးမယ် မရဏာသန္နဇော ၃-မျိုးရှိပုံကို၊ သတိရလျှင် ပြောတာ။

ဘဝင် အာဝဇ္ဇနာယ ၂-ဌာန

ဒီတော့ ပြန်ကြည့်လိုက်စမ်း၊ ဘာတဲ့ အခုပြောနေတာ ဘဝင် အာဝဇ္ဇနာယ အနုဝါဒပါဠိတော်တွေလေ၊ ဘယ်နှစ်ဌာနရှိသလဲမေးလျှင် ကာမဇော၀ါရမှာ ဘယ်နေရာလဲလို့ မေးလျှင် ဘဝင်နှင့် အာဝဇ္ဇန်းက တဌာန၊ သန္တီရဏနှင့် ဝုဋ္ဌောက တဌာန (မှန်ပါ)၊ ပေါင်း ၂-ဌာန။

ကိရိယံ ဝုဋ္ဌာနသာ ၄-ဌာန

ကိရိယံ ဝုဋ္ဌာနသာ-ကာမဇော၀ါရတွင် ၂-ဌာန၊ ဘယ်မှာလဲ (အာဝဇ္ဇန်းနှင့် ပဉ္စ ဝိညာဉ် တဌာန၊ ဟသိတုပ္ပါဒ် မဟာကြိယာ သတ္တမဇောနှင့် တဒါရုံ ဘဝင်တဌာန၊) ဒါဘဲလား မေးတော့ **ဈာနဝိထိ**မှာ မဟဂ္ဂုတ်ကြိယာ နောက်ဆုံးဇောက ပစ္စည်း, ဘဝင်က ပစ္စယုပ္ပန်၊ ဘာတဲ့တုန်း (ကိရိယံ ဝုဋ္ဌာနသာ)၊ **မရဏာသန္နဝိထိ**လာခဲ့၊ မဟာကြိယာ မရဏာသန္န ပဌမဇောက ပစ္စည်း, စုတိက ပစ္စယုပ္ပန်၊ ကိရိယံ ဝုဋ္ဌာနသာ ၄-ဌာနရှိတယ်။

စဉ်းလဲ စဉ်းစားရတယ်, အားလဲထုတ်ရတယ်၊ ဆရာသမားပြောတဲ့အခါမှာ လေးလေးစားစား နားထောင်ရတယ်၊ ဂရုစိုက်နားမထောင်လျှင် ကြားတောင် မကြားဘူး၊ ဘုန်းကြီး ဘယ်လောက် အော်နေနေ။

နောက် ဘယ်နေရာတွေမှာ ဘာတွေ ရှိသေးသလဲလို့ လိုက်ကြည့်လျှင်အောက်က မဂ္ဂဝိထိကြည့်ရမယ် မဟုတ်လား၊ မဂ္ဂဝိထိကြည့်တော့ ဖိုလ်နှင့်ဘဝင်ဟာ အဗျာကတဆိုတော့ ဝိပါက်အချင်းချင်း ဖြစ်နေခြင်းကြောင့် သူတို့ ပုရိမာထဲ ပါသွားမှာပေါ့နော် (မှန်ပါ)။

ကဲ သမာပတ္တိဝိထိ ကြည့်စမ်း၊ ရဟန္တာခေါ်တဲ့ အသေက္ခပုဂ္ဂိုလ်ကြီး၏ သမာပတ္တိ ဝိထိဖြစ်လျှင် အနုလုံ ၄-ကြိမ်က ဘာတဲ့တုန်း (မဟာကြိယာ)၊ နောက်က အရဟတ္တဖိုလ်က

ဘာတဲ့တုန်း (ဝိပါက်)၊ ဒီတော့ ကိရိယံ ဝုဋ္ဌာနသာ မဖြစ်သင့်ဘူးလားတဲ့၊ ခုတင်က ဘုန်းကြီးပြောတယ်၊ ကြိယာဇောက ထလို့ ဝုဋ္ဌောခေါ်ပေမဲ့ ဒီမှာ ဖိုလ်ကလဲ အမှန်ဇောဖြစ်နေတယ် မဟုတ်လား (မှန်ပါ)၊ ဒါကြောင့် သူ့ကို ကိရိယံ ဝုဋ္ဌာနသာထဲ မထည့်နိုင်ဘူးတဲ့။

မထည့်နိုင်လျှင် 'တမျိုးတော့၊ ဘယ့်နှယ်လုပ်ဟောမလဲ၊ ဟို ကုဗျာတုန်းကလို ဟိုတုန်းကတော့ အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ' လို့ ဟောတယ် မဟုတ်လား (မှန်ပါ)၊ အခုတော့ သတိပြု "အရဟတော အနုလောမံ ဖလသမာပတ္တိယာ" ပေါ့နော်၊ အရဟတော၊ ရဟန္တာကိုယ်တော်မြတ်ကြီး၏။ အနုလောမံ၊ သမာပတ္တိရှေ့၌ ရှိသော အနုလုံ ကိစ္စတပ်သော မဟာကြိယာ ပဌမဒွေ တတိယဒွေသည်။ ဉာဏသမ္ပယုတ် ၄-ခုကို ရည်ရွယ်တယ်၊ ဖလသမာပတ္တိယာ၊ အရဟတ္တဖိုလ်သမာပတ်အား။

ဘယ်ဝိထိပါလိမ့် (ဖလသမာပတ္တိဝိထိ)၊ ဘယ့်နှယ်ဟောတယ် အရဟတော အနုလောမံ ဖလသမာပတ္တိယာ ဒီလိုသွားမယ် မဟုတ်လား (မှန်ပါ)။

ဝိထိက မကုန်သေးဘူး၊ **နိရောဓဝိထိ** ကြည့်လိုက်စမ်း၊ ရဟန္တာကိုယ်တော်ကြီးသည်ပင်လျှင် နိရောဓသမာပတ် ဝင်စားတော်မူတယ်၊ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ နေဝသညာနာသညာယတနကြိယာ၊ ဒါတွေ ကြိယာတွေ မဟုတ်လား (မှန်ပါ)၊ နောက် ၇-ရက်ကျော်လာတဲ့အခါ ဘာတဲ့တုန်း အရဟတ္တဖိုလ် ဝိပါက်မဖြစ်ဘူးလား (ဖြစ်ပါတယ်)၊ ကဲ သူကတော့ မေးတော့ ထုတ်ဦးပေါ့ ဒေသနာတော်တဆင့်ဟုတ်လား (မှန်ပါ)၊ နိရောဓာ ဝုဋ္ဌဟန္တသ နေဝသညာ နာသညာယတနကိရိယံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။

နိရောဓာ၊ နိရောဓသမာပတ်မှ။ ဝုဋ္ဌဟန္တသ၊ ထတော်မူသော ရဟန္တာ ကိုယ်တော်မြတ်ကြီးအား။ နေဝသညာနာသညာယတနကိရိယံ၊ သမာပတ်မဝင်စားမီ ရှေ့အဖို့၌ ဖြစ်ပေါ်လာသော နေဝသညာနာသညာယတနကြိယာဇောသည်။ ဖလသမာပတ္တိယာ၊ နိရောဓသမာပတ်မှ ထသောအခါ ဦးစွာပဌမ ပေါ်လာသော အရဟတ္တဖိုလ် သမာပတ်အား။

ကုန်ရောပေါ့။ **မရဏာသန္နဝိထိ** ကလဲ ဝိပါက်အချင်းချင်းက ပုရိမာထဲ ပါသွားတယ် မဟုတ်လား။ ကြိယာက ဝိပါက်နှင့် ကိရိယံ ဝုဋ္ဌာနသာထဲ ပါပြီးပြီ မဟုတ်လား (မှန်ပါ)၊ ဟို အောက်နားကလဲ ကြည့်စမ်းပါဦး။ စုတိနဲ့ ပဋိသန္ဓေ ကြည့်ပြန်တော့ စုတိကလဲ ဝိပါက်, ပဋိသန္ဓေကလဲ ဝိပါက်မဟုတ်လား (မှန်ပါ)၊ သူတို့ ဝိပါက်အချင်းချင်း ဖြစ်နေလျှင် ပုရိမာထဲ ပါသွားတယ်၊ ကုန်ရောတဲ့။ ပြန်ကြည့်စမ်း ဒေသနာတော်က ကျဉ်းကျဉ်းကလေးရယ်၊ အားလုံးဟောရအောင် သတိထား၊ ဘာတဲ့တုန်း။

အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မသ အနန္တရပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါ-

ကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။ ဘဝင်္ဂ အာဝဇ္ဇနာယ, ကိရိယံ ဝုဋ္ဌာနဿ, အရဟတော အနုလောမံ ဖလသမာပတ္တိယာ, နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကိရိယံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော။

ဆရာတော်။ ။ဦးပညာနန္ဒ တခေါက်ဟောစမ်း။

ဦးပညာနန္ဒ။ ။တခေါက်ဟောသည်။

ဆရာတော်။ ။ဒါပါဘဲ။ ဗျာက ၃-ချက်ဆိုတော့ နောက် ၃-ချက် ကျန်သေးတယ် မဟုတ်လား (မှန်ပါ)။

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ-ပစ္စည်းက အဗျာကတ, ပစ္စယုပ္ပန်က ကုသိုလ်တဲ့နော်။ ကာမဇောဝါရဝိထိ သတိပြုကြည့်စမ်း၊ ပဋိသန္ဓေ, ဘဝင်, အာဝဇ္ဇန်း, ပဉ္စဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏာ ဝုဋ္ဌော အဗျာကတတွေလား ဟုတ်လား (မှန်ပါ)၊ အဲဒီ ဝုဋ္ဌောနောက်နားက ကုသိုလ်ဇော မရှိဘူးလား။ (ရှိပါတယ်)၊ ဒီတော့ ဘာခေါ်မလဲ (အဗျာကတော ကုသလဿ ပါ)၊ ကုသလဿနော်။ အကယ်၍ အကုသိုလ်ဇောဖြစ်လျှင် ဘယ်လို ထုတ်မလဲ (အဗျာကတော အကုသလဿ)၊ အဲဒီ နေရာကလေးတချက်တည်း ရှိတယ်။ ဘယ်မှ မရှာနှင့်၊ ရှာလဲ မတွေ့ဘူး။ ဗျာကု-ဗျာအကု ဖြစ်တာလေ (မှန်ပါ)။

ဦးပဉ္စင်းတို့ကျန်တဲ့ ဝိထိတွေလိုက်ရှာ။ ဘယ်ဝိထိမှာမှ တွေ့မှာမဟုတ်ပါဘူး။ ဒီတော့ ဘုန်းကြီးများက လိုချင်တာကလေး ထုတ်ရေးထားတာ၊ ဒီပြင် ဝိထိတွေ ရှိသေးတယ်ဆိုပြီး ရှာချင်လဲရှာ၊ ဘယ်ဝိထိလိုက်ရှာရှာ။ ချစ်တီးခေါင်းပြောင်ပြောင် သန်း ၃-ကောင် တွေ့အောင် ရှာလို့ တွေ့ချင်တွေ့မယ်၊ ဒီမှာတော မတွေ့ဘူး၊ ဒီတချက်ဘဲရှိတယ်။

ဟိုတနေ့က ဘုန်းကြီး ဘာပြောထားသတုန်း၊ သက်ရှိသတ္တဝါ အပေါင်းတို့၏ သန္တာန်မှာ ကာမဇောစောပြီး ဖြစ်နိုင်တဲ့ ဝိထိတွေ တူရာပေါင်းလျှင် ဒီတကြောင်းဘဲ ရှိတယ်လို့ ပြောထားတယ် မဟုတ်လား။ ဒါကြောင့် အဗျာကတော ကုသလဿ, အဗျာကတော အကု-သလဿဆိုတာ ဝုဋ္ဌော မနောဒ္ဓါရာဝဇ္ဇန်းက ပစ္စည်း၊ မဟာကုသိုလ်ပဌမဇောက ပစ္စယုပ္ပန်။ အဗျာကတော ကုသလဿ ဒီလို မဟုတ်လား (မှန်ပါ)။

အဗျာကတော အကုသလဿဖြစ်လျှင် ဝုဋ္ဌော မနောဒ္ဓါရာဝဇ္ဇန်းက ပစ္စည်း, အကုသိုလ်ဒွါဒသပဌမဇော အကုန်လုံး မရဘူး၊ ပဌမဇောကလေးတင်၊ အဲဒါက ပစ္စယုပ္ပန်၊ ဒါ့ကြောင့်—

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။ အာဝဇ္ဇနာတဲ့၊ ပစ္စည်း၊ ဝုဋ္ဌောလို့လဲ မသုံးဘူး။ မနောဒ္ဓါရာဝဇ္ဇန်းလို့လဲ မသုံးဘူး။ ပဉ္စဒ္ဓါရဝိထိလဲ ဖြစ်

မယ်မဟုတ်လား (မှန်ပါ)။ မနောဒ္ဓါရဝီထိလဲ (ဖြစ်ပါတယ်)။ ဒါကြောင့် အာဝဇ္ဇနာ ကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။ မှတ်မိတယ်နော် (မှန်ပါ)။

ထို့အတူ အဗျာကတော ဓမ္မော အကုသလသ ဓမ္မသ အနန္တရပစ္စယေန ပစ္စယော။ အာဝဇ္ဇနာ အကုသလာနံ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ဆရာတော်။ ။ဦးပညာနန္ဒ ဟောစမ်း။

ဦးပညာနန္ဒ။ ။တခေါက်ဟောသည်။

ဆရာတော်။ ။ကုန်ရောတဲ့ ဗျာ ၃-ချက်။ အားလုံး ဖြည်းဖြည်းဟောစမ်းပါ။

သံဃာတော်များ။ ။တခေါက်ဟောကြသည်။

ဆရာတော်။ ။အနန္တရပါဠိတော် ကုန်သွားပြီ။ အဲဒီ သုဒ္ဓသင်္ခ်ာမှာ ပစ္စည်းရောဘယ် လောက်ရှိသလဲ (၅-ခုရှိပါတယ်)။ ဘာတွေလဲမေးလျှင် အနန္တရ သမနန္တရ အနန္တရူပနိဿယ နတ္ထိ ဝိဂတ မဟုတ်လား (မှန်ပါ)။

အဲဒီ ၅-ပစ္စည်းစလုံး အတူတူချည်းဘဲ၊ ဒီအတိုင်းဘဲ ပါဠိတော်လဲ တူတယ်၊ အရကောက်လဲ တူတယ်။ သို့ပေမဲ့ တာသွားတယ်နော်။ အစကနေပြီး အဆုံးတိုင်အောင် အခု အနန္တရပြီးတော့ သမနန္တရပစ္စယေန ပစ္စယောဆိုပြီး တခေါက် ဟောရအောင်။ ဖြည်းဖြည်းကလေး ကိုယ့်စိတ်ကလေးတွေနှင့် ကိုယ် မှန်းပြီးတော့ ဟောကြစမ်းပါ။

သံဃာတော်များ။ ။သမနန္တရပစ္စည်း တခေါက်ဟောကြသည်။

အာသေဝန သုဒ္ဓသင်္ခ်ာ

ဆရာတော်။ ။အနန္တရူပနိဿယကျတော့ ဥပနိဿယပစ္စယေန ပစ္စယော။ ပြောင်းမှာပေါ့ ဟုတ်လား (မှန်ပါ)၊ နတ္ထိပစ္စယေန ပစ္စယော၊ ဝိဂတပစ္စယေန ပစ္စယော၊ ဒီလောက်ကလေး ပြောင်းပြီးတော့ ပါဠိတော် အတူတူဘဲ။ နောက် ကျန်နေသေးတာက သူရဲ့ အမျိုးအဆွေထဲကပါဘဲ။ အာသေဝနတဲ့ ဦးဉာဏဝရ ဆိုစမ်း၊ အာသေဝနပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရ။

ဦးဉာဏဝရ။ ။**အာသေဝနပစ္စည်း၏** သုဒ္ဓသင်္ခ်ာဝါရ၌ ပဌမဇော, ဖိုလ်ဇော ကြည်သော နောက်နောက်သော ဇော ဧကပညာသအား တပ်သော အဆုံးဇော ကြည်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ၊ ဤတရားတို့သည် အာသေဝနပစ္စည်းတပ်သော တရားတို့ မည်ကုန်၏။

သခ်္ခါ တီဏိ။ ပစ္စည်း ရေ (၆) ဟူသည်တည်း။ **သခ်္ခါ တီဏိ** ဟူသော်ကား **ကုသလော ကုသလသ၊ အကုသလော အကုသလသ၊ အဗျာကတော အဗျာကတသ** ဟူသည် တည်း။ **ပစ္စည်းရေ (၆)** ဟူသော်ကား **အာသေဝန၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ** ဟူသည်တည်း။

သုဒ္ဓသခ်္ခါကို ရအောင်ကျက်ပြီးတဲ့နောက် ဂရုစိုက် နားထောင်စမ်းပါ။ ဘာတွေ ဆိုသွားသလဲ၊ အာသေဝနပစ္စည်းဟာ ဘယ်နေရာမှာလဲ ဘုန်းကြီး ပြန်ရွတ်ပြတော့ ဦးပဉ္စင်းတို့ နားထောင်နေ အာသေဝန နေနိုင်တဲ့နေရာ၊ ပစ္စယုပ္ပန်အစွမ်းအားဖြင့် ပဌမဇော ဖိုလ်ဇောကြဉ်သော ဘာသံပေးသတုန်း၊ ဇောသံပေးသွားတယ်နော် (မှန်ပါ)၊ နောက်နောက်သော ဇော ဧကပညာသအားတပ်သော-တဲ့၊ ပစ္စယုပ္ပန်မှာ ဇော ၅၁-ရှိတယ်တဲ့။

ဇောဟာ ၅၅-ရှိပါတယ်။ ၅၁-ကျန်ရအောင် ဘယ်သူ့နုတ်လိုက်သလဲ၊ သုဒ္ဓသခ်္ခါမှာ ဖိုလ်ဇော ၄-ခု နုတ်လိုက်တဲ့။ ပဌမဖောကြဉ်လို့တော့ ပစ္စည်းအရေအတွက် မလျော့ဘူး၊ တရားမလျော့ဘူး။ ဒါကြောင့် ပဌမဇော ဖိုလ်ဇော ကြဉ်သော နောက်နောက်သေ ဇော ဧကပညာသအား တပ်သော ဖိုလ်ဇော ၄-ခုနုတ်တော့ ၅၅-မဟုတ်ဘူး၊ ၅၁-ပစ္စယုပ္ပန် ဖြစ်နေပြီ၊ ဒါ သုဒ္ဓသခ်္ခါရှိတဲ့အတိုင်း ဘုန်းကြီးပြောတာ၊ ပစ္စည်းက ဘာတဲ့တုန်း၊ အဆုံးဇော ကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ ၄၇၊ ဒီလိုမဟုတ်လား (မှန်ပါ)။

ဘာရသတုန်း၊ ဟို ပစ္စယုပ္ပန်တုန်းကတော့ ၅၁၊ ပစ္စည်းကျတော့ ၄၇၊ ဘယ်သူထပ်လျော့သလဲ မေးလျှင် မဂ်ဇော ၄-ခု ထပ်လျော့သွားတယ်၊ ၅၁-ထဲမှာ ၄-ထပ်ပြီး နုတ်တယ် မဟုတ်လား (မှန်ပါ)။

အဲဒီအချိန်ကလေးတင်ဘဲ သတိနည်းနည်းပြုစမ်း၊ အာသေဝနပစ္စည်း ဘယ်မှာနေ ပါလိမ့်မလဲ၊ ဘယ်တရားတွေမှာ ရှိသလဲ၊ ဘယ်ဝိထိတွေမှာ ရှိသလဲ။ ကိုယ့်စိတ်ကူးကလေးနဲ့ ကိုယ် ရှာရတယ်။ ဒါ ဘုန်းကြီးကတော့ ကိုယ်ရှာတဲ့နည်းတွေ ကိုယ်ပြန်ပြောပေးနေတာ။ အဲဒီလို စဉ်းစားလိုက်လျှင်ဘဲ ဘာပေါ်လာသလဲ၊ ဩော် အာသေဝနတရားဆိုတာဟာ ဇော ထဲမှာ ရှိတာပါကလားလို့ ဉာဏ်ထဲက ၁-နံပါတ် ဒီလို ထွက်လာလိမ့်မယ်။

ဘယ်နေရာမှာရှိရမယ် (ဇောထဲမှာ ရှိပါတယ်)၊ ဇော၏ အတွင်းမှာသာ ရှိရတယ်။ ဒါ ပဌမဆုံး စဉ်းစားစရာဘဲနော်။ ဇောအပြင်ဘက်မှာ မရှိစေနှင့်။

ကောင်းပြီ ဇောတွေ အကုန်လုံးလားလို့မေးလျှင် ခုတင်က သုဒ္ဓသခ်္ခါ ပြောတဲ့ စကားကလေးကို ထောက်ပြီးတော့ ပြန်ကြည့်ရအောင်။ လောကီဇော, လောကုတ္တရာဇော လို့ ၂-မျိုးခွဲလိုက်၊ စိတ်ကူးနဲ့ ဟုတ်လား (မှန်ပါ)၊ ထို ၂-မျိုးတို့တွင် လောကုတ္တရာဇောဆိုတာ လောကုတ္တရာစိတ် ၈-ခုဘဲ မဟုတ်လား (မှန်ပါ)။

သတိပြုလိုက်စမ်း၊ လောကုတ္တရာဇော ၈-ခုတို့တွင် မဂ်ဇော ၄-ခုသည် ပစ္စယုပ္ပန်သာ ဖြစ်၍ ပစ္စည်းမဖြစ်နိုင်။ ဒီလိုမဟုတ်လား။ ပစ္စယုပ္ပန်တော့ သူရှိမယ် မဟုတ်လား (မှန်ပါ)။ ပစ္စည်းတော့ ဖြစ်ရဲ့လား (မဖြစ်ပါ)။

နားလည်ပေစေနော်၊ လောကုတ္တရာဇော ၈-ခုတို့တွင် မဂ်ဇော ၄-ခုသည် ဘာတဲ့တုန်း (ပစ္စယုပ္ပန်သာဖြစ်၍ ပစ္စည်းမဖြစ်နိုင်)။

ဖိုလ်ဇော ၄ ခုတို့သည် ပစ္စည်း ပစ္စယုပ္ပန် ၂-မျိုးစလုံး မဖြစ်နိုင်ဘူးတဲ့။

ဒါ ဘာဖြစ်လို့ လျှောက်ပြောနေသလဲလို့ မေးတော့ စောစောက ပြောထားတာက အာသေဝနတရား ဘယ်မှာရှိသလဲလို့ ရှာလိုက်တော့ ဘယ်မှာတဲ့ ဇောထဲမှာ (မှန်ပါ)၊ အဲဒီ ဇောထဲမှာဆိုတော့ အကုန်လုံးလားလို့ ဖြစ်မလာပေဘူးလား (မှန်ပါ)၊ အဲဒီလို ဖြစ်လာမှာ စိုးလို့ ဇောမှာ ၂-မျိုးခွဲလိုက်တော့ ဘာတဲ့လဲ လောကီဇော, လောကုတ္တရာဇော၊ ဒီလို လာတယ် မဟုတ်လား (မှန်ပါ)၊ အဲဒီမှာမှ လောကုတ္တရာဇောကနေပြီး ထပ်ပြီး ကောက်နုတ်ချက် ချလိုက်တော့ ဘာတဲ့၊ လောကုတ္တရာဇော ၈-ခုတို့တွင် **မဂ်ဇော ၄-ခုသည် ပစ္စယုပ္ပန်သာ ဖြစ်၍ ပစ္စည်းမဖြစ်နိုင်။ ဖိုလ်ဇော ၄-ခုသည် ပစ္စည်းလဲ မဖြစ်နိုင်၊ ပစ္စယုပ္ပန်လဲ မဖြစ်နိုင်။ အာသေဝနအတွက် ပြောတာနော်**၊ နေရာတိုင်းလဲ ယူမထားနှင့်၊ အာသေဝနအတွက် ပြောတယ်လို့ သတိထားရတယ်။

ဒါပြီးသွားရော တနည်း၊ ကောင်းပြီ ဒီလိုဆိုလျှင် ဒို့ခုတင်က ရေးထားတဲ့ ဝိထိ ၄-၅- ကြောင်းထဲမှာ လိုက်ရှာရအောင်။ **ကာမဇော၀ါရ တဝိထိလုံး** သတိပြုကြည့်၊ အာသေဝန ပစ္စည်း ဘယ်နားမှာရှိမလဲ၊ သဝေထိုး ၇-လုံးထဲမှာ ရှိမယ်။ အာသေဝန နေထိုင်တဲ့ နေရာလေ (မှန်ပါ)၊ အပြင်ဘက်က ပဋ္ဌိသန္ဓေ ဘာဘာညာညာဆိုတာ ဒီမှာ အာသေဝနမတပ်ဘူး၊ မရှိဘူး။ သဝေထိုးကလေး ၇-လုံးထဲမှာသာ ရှိမယ်။

လာခဲ့ စျာနဝိထိ၊ ပရိကံကစပြီး ဘဝင်ဆုံးသည်တိုင်အောင် လိုက်ကြည့်။ အာသေဝန ပစ္စည်း နေထိုင်တဲ့နေရာ ဘယ်နေရာလဲ မေးလျှင် ပရိကံမှစ၍ စျာန်ကုန်အောင် ဒါတွေဟာ ဇောတွေမဟုတ်လား (မှန်ပါ)၊ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူက မဟာကုသိုလ် ဉာဏသမ္ပယုတ်, မဟာကြိယာ ဉာဏသမ္ပယုတ်ဇော၊ စျာန်တွေက မဟာဂျတ်ကုသိုလ် ကြိယာဇော၊ အာသေဝနပစ္စည်း နေနိုင်တဲ့နေရာ ဒီမှာ ကျယ်ဝန်းတယ်နော်။ ဘယ်သူကျန်ရစ်ခဲ့တယ်၊ ဘဝင်တွေ ကျန်ရစ်ခဲ့တယ်။

မှတ်ထားပြီးတော့ ဘာဝိထိလဲ (**မဂ္ဂဝိထိ**)၊ အာသေဝနပစ္စည်း နေထိုင်တာ ဘယ်မှာလဲမေးလျှင် ပရိကံမှစ၍ မဂ်အထိတွင်ပေါ့ (မှန်ပါ)၊ မဂ်တောင်မှ ပစ္စယုပ္ပန်သာ ဖြစ်တာ၊

ပစ္စည်းမရဘူးလို့ ခုတင်က ပြောထားတယ် မဟုတ်လား (မှန်ပါ)၊ ဖိုလ်က ပစ္စည်းလဲ မဖြစ်၊ ပစ္စယုပ္ပန်လဲ မဖြစ်။

အားထုတ်ကြစမ်းပါ၊ ဒီသိပ္ပြီးသားထဲမှာ ထပ်ရှာနေရတာ ပျင်းပျင်းရှိတာနှင့် ကြွက်ချေးနှင့် ဆန်နှင့်ရော ဝာခါထပ်မွှေပြီး ရှာရပြန်ရော ဆိုတာလို ဒီဝိထိထဲဘဲ ရောမွှေနေရတယ်၊ အဲဒီရှာရင်းက ပျောက်နေတာ ဂွကျရော။

နောက် တဝိထိသွားစမ်း၊ ဘာဝိထိတုန်း **ဖလသမာပတ္တိဝိထိ၊ ဖလသမာပတ္တိဝိထိ** ၌ အနုလုံ ၄-ကြိမ်က သေက္ခပုဂ္ဂိုလ်ဖြစ်လျှင် မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄၊ အသေက္ခပုဂ္ဂိုလ်ဖြစ်လျှင် မဟာကြိယာ ဉာဏသမ္ပယုတ် ၄ မဟုတ်လား (မှန်ပါ)၊ နောက်က ဖိုလ်, ဘဝင်ကတော့ မဆိုင်တော့ဘူးနော်၊ ဖိုလ်,ဘဝင်က မရဘူး။

ဒါဖြင့် အဲဒီ မဟာကုသိုလ်နှင့် မဟာကြိယာခေါ်တဲ့ ဇောဟာ သတိပြု နားထောင်စမ်း၊ **ကာမဇောဝါရထဲမှာ ပါသွားပြီ** မဟုတ်ဘူးလား၊ ပါသွားလျှင် သတိထားပါ၊ သူ့ကို လွှတ်ထားခဲ့ချင်လို့ ဦးပဉ္စင်းတို့ ကြိုမှု စည်မှု နည်းအောင်၊ နို့မဟုတ် သိပ်များတယ် ထင်နေမယ်။

ထိုနည်းတူစွာ **နိရောဓသမာပတ္တိဝိထိ** ကြည့်လျှင် အနာဂါမ် ပုဂ္ဂိုလ်ကြီးဖြစ်အုံ့၊ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူက မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄၊ ရဟန္တာဖြစ်လျှင် မဟာကြိယာဉာဏ်သမ္ပယုတ်စိတ် ၄-မဟုတ်လား (မှန်ပါ)။ ကာမဇောဝါရဝီထိထဲမှာ ပါမသွားဘူးလား (ပါသွားပါတယ်)။

ရှိတော့ ရှိနေတယ်နော်၊ မျက်စိအမြင်ကို နည်းနည်း ကျဉ်းအောင်လို့ ပြနေတယ်၊ နေဝသညာ နာသညာယတန ကုသိုလ်နှင့် ကြိယာဆိုတာကော စျာနဝီထိ စျာန်ဆိုတဲ့ တရားထဲမှာ မပါဘူလား (ပါပါတယ်) ပါတယ်၊ သူတို့ကို လွှတ်ခဲ့ကြပါစို့၊ နားလည်ရဲ့လား၊ မရဏာ-သန္န ကုသိုလ်ဇောတွေ အကုသိုလ်ဇောတွေ ကြိယာဇောတွေ ရှိတာလဲ ဆိုင်ရာ ဝင်သွားနိုင်တယ် မဟုတ်လား၊ ကာမဇောတွေဘဲ မဟုတ်လား (မှန်ပါ)၊ ဒါကြောင့် သူတို့တွေကို မယူပါနဲ့တော့၊ အင်မတန်ကျဉ်းပါတယ် ရှာတတ်လျှင်။

အဲဒီတော့ တခေါက်ပြန်ပြီး ဦးပဉ္စင်းတို့ ရှာစမ်းရအောင်၊ ထူးတာကလေးနှင့် ကြည့်ရအောင်။

ကာမဇောဝါရဝီထိမှာ အာသေဝနပစ္စည်း ပစ္စယုပ္ပန် ရှိနိုင်တာက သဝေထိုး ၇-လုံး ခေါ်တဲ့ ဇောချည်း ဟုတ်လား (မှန်ပါ)၊ **စျာနဝီထိထဲမှာ** ပရိကံကစပြီး စျာန်ကုန်သည်တိုင်အောင်လို့ ဆိုပေမဲ့ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူတို့က ကာမဇော ဖြစ်ခြင်းကြောင့်

စျာန်တမျိုးတင် ရှိတယ်။ မဂ္ဂဝိထိမှာလဲ တရားအနေအားဖြင့် ကြည့်လျှင် ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ ဝေါဒါန် ဆိုတာက မဟာကုသိုလ်စိတ်တွေ မဟုတ်လား၊ ဒီတော့ သူတို့ ကကော ဘယ်နေမှာလဲ၊ ကာမဇောထဲ နေမှာဘဲ။ မဂ်သည်ပင်လျှင် ပစ္စယုပ္ပန် အနေအား ဖြင့် ရှိတယ် (မှန်ပါ)။

သို့ပေမဲ့ **အာရုံမတူ, ဘုံမတူခြင်းကြောင့်** ဒီနေရာတွေမှာ တရားက၀တော့ အနုန္တရလို လာလိမ့်မယ် သတိပြု။ ဤတရားတို့သည် အာသေဝန ပစ္စည်းတပ်သော တရားတို့ မည်ကုန် ၏။ ၃-ဝိထိထဲ ပေးထားတယ်နော်။

သင်္ခ်ာ တီဏိ။ ဘယ်သူတုန်း ကုသလော ကုသလဿ, အကုသလော အကုသလ-ဿ, အဗျာကတော အဗျာကတဿ။

ကဲ ကုသလော ကုသလဿ ရှာကြစို့ဆိုတော့ ဘယ်နှစ်ဝိထိ-ရမတုန်း၊ ကာမဇော ဝါရဝိထိ ဘာကုသိုလ်ရှိသလဲ (မဟာကုသိုလ်ရှိပါတယ်)၊ စျာနဝိထိ ဘာကုသိုလ်ရှိသလဲ (မဟဂ္ဂတ်ကုသိုလ်ရှိပါတယ်)။ မဟာကုသိုလ်နှင့် မဟဂ္ဂတ်ကုသိုလ်ပေါ့။ ပိုလာတာက မဟဂ္ဂတ် ကုသိုလ်ပေါ့။ ၂ ဝိထိပေါင်းတော့ လောကီကုသိုလ်သတ္တရသ မဖြစ်ဘူးလား (ဖြစ်ပါတယ်)။

မဂ္ဂဝိထိကျတော့ မဂ်ကုသိုလ်တွေ့ရဲ့လား (တွေ့ပါတယ်)၊ သို့ပေမဲ့ သူကပစ္စည်း ဟုတ်ရဲ့လား (မဟုတ်ပါ)၊ ပစ္စယုပ္ပန်။

အဲဒီတရားရနေတာက ခုတင်က ဦးပဉ္စင်းတို့ ဟောသွားတဲ့ အနုန္တရတုန်းက ဟော တဲ့ ကုသလော ကုသလဿဘဲ မဟုတ်ဘူးလားလို့၊ အနုန္တရ ကုသလော ကုသလဿလဲ သူဘဲနော် (မှန်ပါ)၊ ဒါဖြင့်လျှင် အနုန္တရပါဠိတော်နှင့် အာသေဝနပါဠိတော်သည် အလုံးစုံ တူပါသည်။ ကုသလော ကုသလဿ အနေအားဖြင့်၊ (မှန်ပါ)၊ သတိပြုနားထောင်စမ်း။

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာသေဝနပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အာသေဝနပစ္စယေန ပစ္စယော။

ဒီလို မဟုတ်လား (မှန်ပါ)၊ ဘာတွေရသလဲ၊ ကာမဇော၀ါရဝိထိက မဟာကုသိုလ် ဇောတွေရ၊ စျာနဝိထိက ပရိကံကစပြီး စျာန်ထိအောင် ကုသိုလ်တွေရ၊ မဂ္ဂဝိထိက ပရိကံ ကစပြီးတော့ မဂ်ထိအောင် ကုသိုလ်တွေရတယ်တဲ့၊ အဲဒါကြောင့် အနုန္တရအတိုင်း ဆက်လိုက်။

အနုလောမံ ဂေါတြဘုဿ, အနုလောမံ ဝေါဒါနဿ, ဂေါတြဘု မဂ္ဂဿ, ဝေါဒါနံ မဂ္ဂဿ အာသေဝနပစ္စယေန ပစ္စယော။

တူရဲ့မဟုတ်လား (မှန်ပါ)၊ ကျေကျေနပ်နပ် ကြိုးစားစမ်းပါ။

ထိုနည်းတူစွာ အကုသလော အကုသလဿ ဟောချင်တော့ကော ဘယ်ဝိထိမှာ ရှိမလဲ (ကာမဇောဝါရဝိထိမှာ ရှိပါတယ်)၊ ဒီတဝိထိထဲမဟုတ်လား၊ အနန္တရနှင့် ဘာထူးဉီးမှာတုန်း၊ အနန္တရ အကုလဲ ဒါဘဲမဟုတ်လား (မှန်ပါ)။

အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာသေဝနပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ အာသေဝနပစ္စ-ယေန ပစ္စယော။

အာသေဝနသည် အနန္တရမျိုးထဲက ဖြစ်ခြင်းကြောင့် အနန္တရနှင့် လုံးဝတူတယ်၊ ပါဠိတော်တူသလို အရကောက်တွေလဲ အတူတူဘဲ မှတ်ထား။

အနန္တရတော့ မကုန်သေးပါဘူး၊ သူနှင့်စပ်ပြီးတော့ ပြစရာတွေက ကျန်သေးတယ်၊ ပါဠိတော်ကုန်အောင် ပြနေတာ။

ကဲ အဗျာကတလိုက်ရှာစမ်း၊ ဘယ်နားမှာ ဘာရှိသလဲ သတိပြုကြည့်၊ **ကာမဇော ဝါရဝိထိမှာ** ဘာ အဗျာကတရှိသလဲ၊ ဟသိတုပ္ပါဒ်နှင့် မဟာကြိယာ၊ ပေါင်း ၉-ခု မရှိဘူးလား (ရှိပါတယ်)။

မှတ်ထားခဲ့ **စျာနဝိထိ** သွားကြည့်စမ်း၊ ဘာကြိယာရှိသတုန်း (မဟာဂျုတ်ကြိယာရှိပါတယ်)၊ **မဂ္ဂဝိထိ**-က ဘာ ရဉီးမှာလဲ မရဘူး၊ ကုသလော ကုသလဿတုန်းက ၃ ဝိထိ ဟောလို့ရတယ်၊ အကုသလော အကုသလဿက ကာမဇောဝါရ ဝိထိ ဟောလို့ရတယ်၊ အဗျာကတော အဗျာကတဿကျတော့ ကာမဇောဝါရဝိထိနှင့် စျာနဝိထိ ၂ ဝိထိသာ ဟောလို့ရတယ်၊ နားလည်ပြီလား (မှန်ပါ)။

အဲဒါကြောင့် ဘာတွေရသလဲမေးလျှင် ကာမဇောဝါရဝိထိက ဟသိတုပ္ပါဒ်နှင့် မဟာကြိယာ၊ ပေါင်း ၉-ခု၊ စျာနဝိထိက မဟာဂျုတ်ကြိယာ ၉-ခု၊ အားလုံးပေါင်း ၁၈-ခုကို ကြိယာဇော အဌာရသလို့ခေါ်တယ်။

ကြိယာစိတ်ပေါင်း ဘယ်လောက်ရှိသလဲ (၂၀-ရှိပါတယ်)၊ အာဝဇ္ဇနဒွယဝဇ္ဇိတာနိလို့ အရှင်အနုရုဒ္ဓါမိန့်တယ် မဟုတ်လား၊ ပဉ္စဒ္ဓါရာဝဇ္ဇန်းနှင့် မနောဒ္ဓါရာဝဇ္ဇန်းက ဇောမထိုက်ဘူးမဟုတ်လား။ အဲဒီ ၂-ခုကို နုတ်ထားတော့ ဟောဒီမှာ ကြိယာလဲဖြစ် ဇောလဲဖြစ်နေတာ ကြိယာဇော ဘယ်လောက်တုန်း (၁၈-ခု)၊ အဌာရသ ခေါ်တဲ့ ၁၈။

အနန္တရတုန်းက ဝိပါက်တွေရတယ်၊ အခုဝိပါက်တွေရသေးရဲ့လား (မရပါ)၊ ဘယ်တော့မှ ပါဠိတော်အနေအားဖြင့် စဉ်းစားလဲ မမေ့နိုင်တဲ့ သဘောပြောတာ၊ ဒီတော့ ဘယ့်နှယ်လုပ် ဟောမလဲ။

အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မသ အာသေဝနပစ္စယေန ပစ္စယော။ ဝိပါက်မပါဘူးဆို (မှန်ပါ)၊ ပုရိမာ ပုရိမာ ကိရိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကိရိ-ယာဗျာကတာနံ ခန္ဓာနံ အာသေဝနပစ္စယေန ပစ္စယောဆိုတော့ ပြီးရော မဟုတ်လား (မှန်ပါ)။

ကုသလော ကုသလသ အနန္တရအတိုင်း၊ အကုသလော အကုသလသ အနန္တရ အတိုင်း၊ အဗျာကတော အဗျာကတသက ဝိပါက်ချန်ပြီး ကြိယာနှင့် ပုရိမာ ပုရိမာနှင့် ဟောတယ်မဟုတ်လား (မှန်ပါ)၊ ဘာမဟောတတ်စရာ ရှိသလဲ အားလုံး ဖြည်းဖြည်းဟော စမ်းပါ။

သံယာတော်များ။ ။တခေါက်ဟောကြသည်။

အနန္တရ အရကောက် ဆိုရိုးပြုပုံ

ဆရာတော်။ ။ပဋ္ဌာဝါရဝိဘင်ပါဠိတော်တဲ့။ ကျန်ရစ်ခဲ့တာ ဘယ်သူလဲ၊ အာရမ္မဏ ပစ္စည်းနှင့် ပကတူပနိဿယပစ္စည်း၊ ပါဠိတော် ဒီ ၂-ပစ္စည်း ချန်ထားတယ်နော်။ ကျန်တဲ့ပါဠိတော်တွေ ကုန်ပါပြီတဲ့။

ဒီတော့ ကုန်သွားတော့ ၂၄-ပစ္စည်း အစဉ်အတိုင်းဘဲ ဟောကြည့်၊ ဟေတုဟော လိုက်၊ အာရမ္မဏချန်၊ အဓိပတိဟောလိုက်၊ အနန္တရ သမနန္တရဟောလိုက်၊ ပြီးတော့ သဟ-ဇာတဟောလိုက်၊ ဒီလိုဟောလိုက်လျှင် ဖြစ်တယ်နော်၊ ပြန်ပြီးတော့ ပါဠိတော်စာအုပ်ထဲ မှာ ဒို့အခု ဘုန်းကြီးသင်ပေးတာရယ် ပါဠိတော် စာအုပ်ထဲကြည့်တာရယ် ညှိရ, နှိုင်းရတယ်။ ပြန်ပြန်ပြီးလဲ ထပ်ထပ်ရွတ်ပါ၊ နောက်တနေ့ကျတော့ အရကောက်လဲ တိုးမယ်။ ဒီအနန္တရ ဝိထိက ပြန်သုံးရအောင်ဘဲ ဒီနေ့ နည်းနည်းကလေးစပြီးတော့ နောက်နေ့ သုံးမည့် နည်းကလေးကို ပြောပေးထားဦးမယ်။ ကြည့်ထားစမ်း **အနန္တရဝိထိ ကာမဇောဝါရဝိထိ** ကလေးတင်။

ဘယ်မှအားမကိုးနှင့်၊ ဘုန်းကြီးပေးတဲ့နည်းကိုသာ အားကိုးပါ။ လွယ်ကူရာ လွယ်ကူကြောင်းဆိုပြီးတော့၊ ခက်တဲ့ပစ္စည်းဆိုပြီးတော့ နည်းအမျိုးမျိုးတွေနှင့် ဟိုလိုဒီလိုလုပ်ထား တာတွေကြည့်လို့ ရှိတတ်ပါတယ်။ ဘယ်ကိုမှ အားမကိုးပါနှင့်။

နောက်ပိတ်ဆုံး ဘုန်းကြီး ယခုပြောလတ္တံ့ဖြစ်တဲ့ ကိစ္စကိုပင်လျှင် စကားပြေရေး ပြီး အပြည့်အစုံလုပ်ထားတာတွေ ရှိတယ်၊ မဖတ်ပါနှင့်။ ဒီဝိထိကလေးကို မြင်အောင်ကြည့်။ ကိုယ့်မျက်စိထဲ ဒီဝိထိတန်းကလေး ကြည့်လိုက်လျှင် မှန်းပြီး ကြည့်လိုက်လျှင် စ-စ ခြင်း ပဋ္ဌိသန္ဓေတဲ့၊ သူ့နောက်က ဘဝင်တဲ့၊ သူ့နောက်နားက အာဝဇ္ဇန်းတဲ့၊ အလွတ်မြင်နေစမ်း ပါစေ။ အချိန်မရွေး မြင်နေပေစေ။

အဲဒါကို ပါဠိတော်ပြီးတော့ အရကောက် ဆရာတော်ဘုရားကြီးများ အရကောက်တဲ့အခါ အရကောက်တော်မူပုံကို ဒီဝိထိကို ဆိုရိုးကလေးလုပ်ပေးမယ်။

ဆိုရိုးလုပ်တော့ ဘယ်လို သတိထားရမလဲမေးလျှင် စူးစူးစိုက်စိုက် သတိပြု၊ အနန္တရ ပစ္စည်း၏ ပစ္စည်း ပစ္စယုပ္ပန် ဘယ်လိုနေသလဲလို့မေးတော့ ဟိုနေ့က ပြောတယ်။ ရှေးရှေးစိတ်က ပစ္စည်းဖြစ်နေလျှင် နောက်နောက်စိတ်က ပစ္စယုပ္ပန် (မှန်ပါ)။

ဒီတော့ ကာမဇောဝါရဝိထိ[1]ကြည့်စမ်း၊ ပဋိသန္ဓေက ပစ္စည်းဖြစ်နေလျှင် ဘဝင်က (ပစ္စယုပ္ပန်)၊ ဘဝင်က ၁၅-ကြိမ်, ၁၆-ကြိမ်ရှိတော့ ပဌမဘဝင်က ပစ္စည်းဖြစ်နေလျှင် ဒုတိယဘဝင်က (ပစ္စယုပ္ပန်) ဒီလိုသွားနေမှာ မဟုတ်လား (မှန်ပါ)၊ ပန္နရသမ ဘဝင်က ပစ္စည်းဖြစ်နေလျှင် သောဠသမ ဘဝင်က (ပစ္စယုပ္ပန်)။

သွားပြန်ရော၊ သောဠသမ ဘဝင်က ပစ္စည်းဖြစ်နေလျှင် အာဝဇ္ဇန်းက (ပစ္စယုပ္ပန်)၊ ဒီအတိုင်းသွားမှာဘဲ မဟုတ်လား (မှန်ပါ)၊ ပစ္စည်း, ပစ္စယုပ္ပန်၊ ပစ္စည်း, ပစ္စယုပ္ပန်၊ ပစ္စည်း, ပစ္စယုပ္ပန်လို့။ ဒါ သဘာဝနားလည်အောင် ဘုန်းကြီးက ပြောတာ။

ကောင်းပြီ၊ ဒီလို ပစ္စည်း ပစ္စယုပ္ပန်နေတမ်းဖြစ်လျှင် ရှေးရှေးဆရာတော်ကြီးတွေက ပစ္စည်းနှင့် ပစ္စယုပ္ပန် ဘယ်လို ဆိုခိုင်းသလဲ သုဒ္ဓသင်္ချာမှာ။ ပစ္စယုပ္ပန်အားတပ်သော ပစ္စည်းမဟုတ်လား (မှန်ပါ)။ ဒီတော့ ဒီမှာဆိုလို့ရှိလျှင် ဘယ်လိုဖြစ်သင့်သလဲမေးလျှင် နောက်စိတ်အားတပ်သော ရှေ့စိတ်၊ ဒါ ပစ္စည်း ပစ္စယုပ္ပန် မဖြစ်ဘူးလား (မှန်ပါ)။

ဘယ်လို ဖြစ်ရမတုန်း နောက်စိတ်အားတပ်သော ရှေ့စိတ်၊ ဒီလိုဖြစ်ရမယ်နော်။ အဲဒီ နောက်စိတ်နှင့် ရှေ့စိတ်ကို နာမည်ဖော်ဆိုရတယ်။

ဒီတော့ ဦးပဉ္စင်းတို့ ကြည့်စမ်း၊ ပဌမဆုံး ဘဝတခုကို ရောက်လာတယ်၊ ပဋိသန္ဓေက ရှေ့စိတ်မဟုတ်လား၊ သူ့နောက်က ဘဝင်ထဲမှာ ပဌမဘဝင်က ပစ္စယုပ္ပန် မဖြစ်ဘူးလား (မှန်ပါ)၊ ပဌမဘဝင်နာမကွန္ဓာအားတပ်သော ဆိုတာက ပစ္စယုပ္ပန် မဖြစ်ဘူးလား (ဖြစ်ပါတယ်)၊ ပစ္စည်းတရားက ဘယ်သူတုန်း (ပဋိသန္ဓေ)၊ ပဋိသန္ဓေနာမကွန္ဓာ။

လေ့လာစမ်းပါ၊ တော်တော်နေတော့ ခက်လိုက်တာ ဘာညာနဲ့ မလုပ်နှင့်၊ ဒါ လွယ်လွယ်ကလေးရယ်။ အခု ဘုန်းကြီးပြောတာ သဘောနားလည်၊ ဝိထိ အလွတ်ရနေလျှင် ဒါ မဆိုတတ်ဘူးလားလို့။ ဘာတဲ့-ပဌမဘဝင် နာမကွန္ဓာအားတပ်သောဆိုတာက ပစ္စယုပ္ပန် မဟုတ်လား (မှန်ပါ)၊ ပစ္စည်းက ဘယ်သူတဲ့ (ပဋိသန္ဓေနာမကွန္ဓာ)၊ ဒါက ပဋိသန္ဓေပစ္စည်း, ပဌမဘဝင် ပစ္စယုပ္ပန် ဖြစ်ကရောနော်။

၁။ ဤကျမ်း၊ နှာ-၃၁၁-ရှိ အနန္တရဝိထိဇယားဌ ကာမဇောဝါရဝိထိ။

ရေးပြီးမကျက်ပါနဲ့

တချို့က အဲဒါကလေးတွေ ရေးပြီးကျက်ထားတယ်။ ရေးကျက်တော့ မရဘူးတော့ မဟုတ်ပါဘူး။ ရတော့ ရပါရဲ့၊ မောင်ရ ဖြစ်မှာဘဲ။ ဟိုကျ ခွဲပေးလိုက်တော့ မလုပ်တတ်တော့ဘူး၊ နားမလည်ဘူး။

တခါတည်း လျှောက်ပြီး ကျက်ထားတာကို။ ကျက်လို့သိတာနှင့် ဥပမာ-ဦးပဉ္စင်းတို့ ငယ်ငယ်တုန်းက မင်္ဂလသုတ်တွေဟာ ဆရာသမားကချပေး၊ စာအုပ်ထဲကြည့်ကျက်တယ် မဟုတ်လား (မှန်ပါ)၊ အဲဒီလို ရထားတာရယ်, နောက်တော်တော်ကလေး ကြီးလာတော့ သဒ္ဒါကလေး ဘာကလေး သင်ပြီးတော့ ပါဠိတော်ဖြစ်စေ ဇာတ်ဖြစ်စေ နိပါတ်ဖြစ်စေ ပါဠိကြည့်ပြီး ဆရာသမားက အနက်ချပေးတာရယ် အမြင်ချင်း မတူဘူးနော်။ ကျက်ထားတဲ့ သဘာဝက ကျက်တာ ကျက်ထားတဲ့အတိုင်းသိတယ်၊ ကြံစည်မှု မပါဘူး။ ပါဠိတော်ဖြစ်ဖြစ် အဋ္ဌကထာဖြစ်ဖြစ် ကြည့်ပြီး အနက်တင်ခိုင်းပြီး ဆရာသမားက သင်ပေးတာကျတော့ ဒီနေရာတင် မဟုတ်ဘူး၊ ဒီနေရာနှင့် အလားတူတဲ့ ဟိုနေရာ ဟိုနေရာတွေပါ အကုန်လုံးလှမ်းသိတာ။ အဲဒီလို အသိမတူဘူး။ ဒါကြောင့် ရေးပြီး မကျက်ပါနှင့်လို့ ဦးစွာ ပထမဘဲ မှာထားပရစေဦး။

ဘာတဲ့ အခုပြောတာ ပဌမဘဝင် နာမက္ခန္ဓာအား တပ်သော ပဋိသန္ဓေနာမက္ခန္ဓာ။

ရေးကျက်ထားလျှင်တော့ ဒီလို မန်းလိုက်ပေါ့။ **ဥ-ဖွ-ငါဖျင်းစေသတည်း** လို့ ရေးကျက်ချင်လျှင်လေ။ အဲဒါ ဖျင်းရော တခါတည်း။

နောက် ဘဝင်ကလေးတွေက ၁၅-လုံး၊ ၁၆-လုံးရှိတယ်ဆို၊ နောက်နောက်ဘဝင်တွေက ပစ္စယုပ္ပန်ဖြစ်ပြီးတော့ ရှေးရှေးဘဝင်တွေက ပစ္စည်း မဖြစ်နိုင်ဘူးလား (ဖြစ်နိုင်ပါတယ်)၊ နောက်နောက် ဘဝင်ဆိုတာ ဘယ်သူတုန်း၊ ဒုတိယဘဝင်ကစပြီးတော့ သောဋ္ဌသမဘဝင်ထိအောင် မဟုတ်လား (မှန်ပါ)၊ ရှေးရှေးဘဝင်ဆိုတာက ပဌမကစပြီးတော့ ပန္နရသမအထိ မဟုတ်လား (မှန်ပါ)၊ အဲဒါတွေ တလုံးစီ လျှောက်ဆိုနေလျှင် ပြီးမှာ မဟုတ်ဘူး၊ အာဒိသဒ္ဒါနှင့် သုံးတော်မူတယ် ဆရာတော်ကြီးတွေက၊ သတိပြုလိုက်စမ်း၊ ဒုတိယအစရှိသော ဒါဟာ အာဒိ မဟုတ်လား (မှန်ပါ)၊ နောက်နောက်သော ဘဝင်နာမက္ခန္ဓာအား တပ်သော (မှန်ပါ)။

ဘယ်လိုဆိုတယ်၊ နောက်နောက်သော ဘဝင် နာမက္ခန္ဓာအားတပ်သော ဆိုတော့ ဘဝင်တွေ ကုန်ရောပေါ့နော် (မှန်ပါ)၊ အခု ဒီမှာရှိတာက ၁၅-ကြိမ် ၁၆-ကြိမ်ရယ်။ တခါတလေမျှား ဘဝင်တွေ ရေတွက်လို့တောင် မရဘူး၊ ညအိပ်ပျော်နေလျှင် ဘဝင်ချည်းမဟုတ်လား (မှန်ပါ)၊ ဘယ်လောက်ရယ်လို့ ရေတွက်လို့ ရမလဲ၊ ဒါကြောင့် ဒုတိယ အစရှိသော

နောက်နောက်သော ဘဝင်နာမကွန္ဓာအား တပ်သော ဒါက ဘာတွေတုန်း၊ ပစ္စယုပ္ပန် မဟုတ်လား (မှန်ပါ)၊ ပစ္စည်းကြည့်-ပဌမ အစရှိသော ရှေးရှေးသော ဘဝင်နာမကွန္ဓာ၊ နားလည်လိုက်ကဲ့လား (မှန်ပါ)။

ပြန်ပြီး နားထောင်စမ်း၊ ဒုတိယ အစရှိသော နောက်နောက်သော ဘဝင်နာမကွန္ဓာအား တပ်သော ပဌမအစရှိသော ရှေးရှေးသော ဘဝင်နာမကွန္ဓာ။ မျှားချင်တိုင်းမျှား ဘဝင်တွေဟုတ်လား၊ ဦးသူရိယ အစကနေ ဆိုကြည့်စမ်း။

ဦးသူရိယ။ ။ပဌမဘဝင်နာမကွန္ဓာအားတပ်သော ပဋိသန္ဓေနာမကွန္ဓာ၊ ဒုတိယ အစရှိသော နောက်နောက်သော ဘဝင်နာမကွန္ဓာအားတပ်သော ပဌမအစရှိ သော ရှေးရှေးသော ဘဝင်နာမကွန္ဓာ။

ဆရာတော်။ ။ဒီနောက်က ဘယ်သူရှိသေးသတုန်း (အာဝဇ္ဇန်းဒွေ)၊ အာဝဇ္ဇန်းဆိုတာ ဘယ်သူလဲ ပဉ္စဒ္ဓါရာဝဇ္ဇန်းရယ်, မနောဒ္ဓါရာဝဇ္ဇန်းရယ်၊ ၂-မျိုး မဟုတ်လား (မှန်ပါ)၊ အဲဒီတော့ ဦးပဉ္စင်းတို့ ဝိထိပိုင်းသင်တုန်းက ဘဝင်နောက်က အာဝဇ္ဇန်းချလျှင် ဘဝင်တွေဟာ ဘာဖြစ်လာသလဲ၊ ဘဝင်္ဂစလန, ဘဝင်္ဂုပဋ္ဌေဒ။ နောက်ဆုံးဘဝင်က ဥပစ္ဆေဒဘဝင် မဟုတ်လား (မှန်ပါ)၊ အဲဒီတော့ အာဝဇ္ဇန်းရဲ့ ပစ္စည်းဖြစ်မည့် ဘဝင်သည် ဘဝင်္ဂုပဋ္ဌေဒသာ ဖြစ်ရတယ်လို့ နားလည်ပါ။

အာဝဇ္ဇန်းဒွေကို ပစ္စယုပ္ပန်ထားလျှင် အရူပဘဝင်္ဂုပဋ္ဌေဒထားလို့ ရပ့ါမလား (မရပါ)။ ဒါကြောင့် သတိပြုလိုက်စမ်း၊ အာဝဇ္ဇန်းဒွေအားတပ်သော ပဉ္စဝေါကာရ ဘဝင်္ဂုပဋ္ဌေဒ ၁၅-ခု၊ ၁၉-ထဲက ဘယ်သူ့ကို နုတ်လိုက်သလဲ၊ အရူပဝိပါက် ၄-ခု။ ဘာတဲ့တုန်း ပြန်နားထောင်စမ်း၊ အာဝဇ္ဇန်းဒွေအားတပ်သော ပဉ္စဝေါကာရ ဘဝင်္ဂုပဋ္ဌေဒ ၁၅-ခု။ အရူပအတွက်လာခဲ့။ မနောဒ္ဓါရာဝဇ္ဇန်းအားတပ်သော အရူပဘဝင်္ဂုပဋ္ဌေဒ ဘယ်လောက်တုန်း (၄-ခု)။

ဦးပဉ္စင်းတို့သိတယ်၊ ဆိုနေမကျတော့ မဆိုတတ်ဘူး။ အဲဒီအထိကလေး ရစေချင်တယ်၊ ဒီနေ့အတွက်နော် (မှန်ပါ)၊ ဦးသူရိယ တခေါက်ပြန်ဆိုစမ်း။

ဦးသူရိယ။ ။တခေါက်ပြန်ဆိုသည်။

ဆရာတော်။ ။ဒုတိယစသော မလုပ်ပါနှင့် ဒုတိယအစရှိသောလို့ ရှိကလေးတလုံး ထည့်လိုက်ပါဦး၊ နည်းနည်းကျနေတယ် ဟုတ်လား။ ရှိကလေးပါပေစေနော်။ ဒုတိယအစရှိသော နောက်နောက်သော ဘဝင်နာမကွန္ဓာအားတပ်သော ပဌမ အစရှိသော ကလေးလုပ်ပါ။ ရှိကလေးနှင့် လုပ်စမ်းပါ။ အားလုံး တခေါက် ပြန်ဟောကြစမ်းပါ။

သံယာတော်များ။ ။ပဌမဘာဝင် နာမက္ခန္ဓာအားတပ်သော (၀)၊ မနောဒ္ဓါရာဝဇ္ဇန်းအား တပ်သော အရူပဘာဝဂုံပစ္ဆေဒ ၄-ခု။
ကဲ-တော်ကြဦးစို့ အချိန်စေ့ပြီ။

သဟဇာတအင်္ဃယ် အရကောက်
ဟေတုပစ္စည်း အရကောက်

ဆရာတော်။ ။သဟဇာတအင်္ဃယ် အရကောက်နှင့်ဇယား ဒီနေ့စမယ်၊ အင်္ဃယ်သုဒ္ဓ သန်္ဘာ ဦးဉာဏဝရဆိုစမ်း ဟေတုကို။

ဦးဉာဏဝရ။ ။**ဟေတုပစ္စည်း၏** သုဒ္ဓသန်္ဘာဝါရဉ်- သမ္မယုတ္တာခန္ဓာ သဟိတ် စိတ္တဇရုပ်, သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အားတပ်သော ဟိတ် ၆-ပါး၊ ဤတရားတို့သည် ဟေတုပစ္စည်းတပ်သော တရားတို့မည်ကုန်၏။ သန်္ဘာ သတ္တ။ ယထာရဟ ပစ္စည်းရေ လတ်ကြီး (၈) နှင့် မိ ဂ္ဂံ မဂ်၊ ပေါင်း ၁၂-ဟူသည်တည်း။

သန်္ဘာ သတ္တ ဟူသော်ကား- ကုသလော ကုသလသ, ကုသလော အဗျာကတသ, ကုသလော ကုသလာဗျာကတသ၊ အကုသလော အကုသလသ, အကုသလော အဗျာကတသ, အကုသလော အကုသလာ-ဗျာကတသ၊ အဗျာကတော အဗျာကတသ ဟူသည်တည်း။ **ပစ္စည်း** ရေ ၁၂-ဟူသော်ကား ဟေတု, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ဝိပါက, ဣန္ဒြိယ, မဂ္ဂ, သမ္မယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဟူသည်တည်း။ အဲဒီ သုဒ္ဓသန်္ဘာ ဖြင့် ပါဠိတော်တွေ ဟောပြီးပြီ။

သတင်းလိုက် (၇) ကာလတစ်ခုအတွင်း ဆရာဝန်ကြီးများ

ခဲ့ရက်	ဌာန	ကျောင်းသား	ကျောင်းသူ	ကျောင်းသား	ကျောင်းသူ	ကျောင်းသား	ကျောင်းသူ	ကျောင်းသား	ကျောင်းသူ	ကျောင်းသား	ကျောင်းသူ	ကျောင်းသား	ကျောင်းသူ	ကျောင်းသား	ကျောင်းသူ
၁	ဘဲ	ဘဲ	″	″	″	″	″	″	″	″	″	″	″	″	″
၂	″	″	″	″	″	″	″	″	″	″	″	″	″	″	″
၃	″	″	″	″	″	″	″	″	″	″	″	″	″	″	″
၄	″	″	″	″	″	″	″	″	″	″	″	″	″	″	″
၅	″	″	″	″	″	″	″	″	″	″	″	″	″	″	″
၆	″	″	″	″	″	″	″	″	″	″	″	″	″	″	″
၇	″	″	″	″	″	″	″	″	″	″	″	″	″	″	″
၈	″	″	″	″	″	″	″	″	″	″	″	″	″	″	″
၉	″	″	″	″	″	″	″	″	″	″	″	″	″	″	″
၁၀	″	″	″	″	″	″	″	″	″	″	″	″	″	″	″
၁၁	″	″	″	″	″	″	″	″	″	″	″	″	″	″	″
၁၂	″	″	″	″	″	″	″	″	″	″	″	″	″	″	″
၁၃	″	″	″	″	″	″	″	″	″	″	″	″	″	″	″
၁၄	″	″	″	″	″	″	″	″	″	″	″	″	″	″	″
၁၅	″	″	″	″	″	″	″	″	″	″	″	″	″	″	″

ဟေတုဌ် ကုသလပဒ ၃-ချက် အရကောက်

ဆရာတော်။ ။အရကောက်ကျတော့လဲ ဒီ သုဒ္ဓသင်္ချာနှင့်ဘဲ ပြန်ဖြစ်ရမယ်၊ သဟဇယ် အရကောက်ဇယားဆိုတာ သီးသန့်ရှိပါလိမ့်မယ် ထင်ပါတယ်။ မရှိလဲ ပါဠိတော်ဇယားနှင့် ကောက်လို့ရတယ်၊ အဲဒီ အရကောက်ဇယားရှိလျှင် အရ ကောက် ဇယားကြည့်စမ်း။ ဘာရေးပေးထားသလဲလို့။

တခါ ဇယားကို သတိပြုကြည့်လျှင် ပါဠိတော်ဇယားနှင့် ဘာမှမထူးဘူး၊ ရှေ့ပိုင်းက ကွက်စိပ်ကလေး ၃-ခုက ဘာရေးထားသလဲ၊ သင်္ချာ၊ ပဒ၊ ပဒါ-ဝသာန၊ ပါဠိတော်တုန်းကလဲ ဒီအတိုင်းဘဲ မဟုတ်လား (မှန်ပါ)၊ (သတိ ဤမှ **စ၍ သမ္မယုတ္တကာနံ ခန္ဓာနံကို သမ္မယုတ္တခန္ဓာဟုပြင်ပါ)**။

ပါဠိတော်တုန်းကတော့ နောက် ၃-ကွက်မှာ မြတ်စွာဘုရား ဟောတော်မူတဲ့ ပါဠိ တော်အတိုင်း သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနံ ရူပါနံ, ကဋ္ဌတ္တာ စ ရူပါနံ-လို့ ထည့်တယ် ဟိုတုန်းက ပါဠိတော်ဇယားတုန်းက၊ အခု အရကောက် ဇယားကျတော့ ဘာထူးသတုန်း၊ မြန်မာပြန်ထားတဲ့ ကျက်ထားတဲ့ သုဒ္ဓသင်္ချာအတိုင်း ပဌမအကွက်က သမ္မယုတ္တ ခန္ဓာ ဒီလိုမဟုတ်လား (မှန်ပါ)၊ ဒုတိယအကွက်က ဘာတဲ့တုန်း (စိတ္တဇရုပ်)၊ ဟေတုဖြစ်လျှင် သဟိတ်-လို့ တိုးရုံဘဲ မဟုတ်လား (မှန်ပါ)။

နောက်တကွက်က ဘာတဲ့တုန်း (ကဋ္ဌတ္တာရုပ်)၊ ပဋ္ဌိသန္ဓေကမ္မဇရုပ်ကိုဘဲ ကဋ္ဌတ္တာ ရုပ်ဆိုပြီး အကောက်ဆရာတော်ဘုရားကြီးများ သုံးတော်မူတယ်၊ အဲဒီနောက် ကွက်စိပ် ၂-ခုမှာ ဘာရေးထားသလဲ၊ အကြီး ၄-ပစ္စည်းက တကွက်, အလတ် ၄-ပစ္စည်းက တကွက် (မှန်ပါ)။

ထိုမှ နောက်ဌ်တော့ ရှေ့တုန်းကတော့ ကရိဏ်းပါဌ်ထုတ်ဖို့ တကွက်သာ ဘုန်းကြီး ပေးထားပေမဲ့ နောက်ပိုင်းမှာ အဂယ် ၇ ပစ္စည်းအတွက် ၇-ကွက်ချပြီးတော့ ခေါင်းစီးမှာ ဟေ-ဓိ-ကံ-ကာ-ဏ္ဏ-စျာ-မဂ် ဆိုပြီးတော့ ၇ ကွက်ပြထားတယ်မဟုတ်လား (မှန်ပါ)၊ အားလုံး ဟုတ်ကြတယ်နော် (မှန်ပါ)။

ကဲ ဒါဖြင့် ပြန်ကြည့်၊ ပါဠိတော်သင်တုန်းက ဒီသုဒ္ဓသင်္ချာကို သရုပ်ခွဲတော့ တိကနှင့် ဝေဖန်ပြီး ကုသလပဒအကွက် ဘယ်လိုခွဲထားသလဲ၊ သမ္မယုတ္တခန္ဓာအားသာ တပ်သော ကုသိုလ်ဟိတ် ၃-ပါးတမျိုး၊ ဒီလိုနော် (မှန်ပါ)၊ ဟိုတုန်းက ပြောတဲ့စကားအတိုင်း ဖြစ်ရမယ် မထူးစေနှင့်၊ သဟိတ်စိတ္တဇရုပ်အားသာတပ်သော ကုသိုလ်ဟိတ် ၃-ပါးတမျိုး၊ ဒီလို မဟုတ်လား (မှန်ပါ)။

နံပတ် ၃။ သမ္မယုတ္တာခန္ဓာ သဟိတ်စိတ္တဇရုပ်အားတပ်သော ဘာတဲ့တုန်း (ကုသိုလ်ဟိတ် ၃-ပါးတမျိုး)၊ ဒီမှာ ၁-၂-၃-ခေါ်တဲ့ သခ်္ခြာမှာ ကုကု-ကုဗျာ-ကုကုဗျာဘဲ မဟုတ်လား (မှန်ပါ)။

သတိပြုကြည့်စမ်း၊ နံပါတ် ၁-ကြည့်စမ်း၊ ပုဒ်မပြထားတာ အရင်ကအတိုင်းဘဲနော်။ သမ္မယုတ္တာခန္ဓာအားသာတပ်သော ကုသိုလ်ဟိတ် ၃-ပါးတမျိုး၊ အဲဒါအတွက် ပါဠိတော်လုပ်လိုက်တော့ ကုသလော ဓမ္မော ကုသလသဿ ဓမ္မသ ဟေတုပစ္စယေန ပစ္စယော၊ ကုသလာ ဟေတူ ဘာတဲ့တုန်း (သမ္မယုတ္တကာနံခန္ဓာနံ)၊ ခုတင်က ခွဲထားတဲ့သရုပ်လိုဘဲ ပါဠိတော် စီထားတယ် မဟုတ်လား။ အခုလဲဘဲ အရကောက် ဆရာတော်ဘုရားကြီးက ကောက်လျှင် ဒီအတိုင်း ကောက်တဲ့။

သတိပြုနားထောင်စမ်း၊ ကုသလော ကုသလသ-ၨ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပစ္စယုပ္ပန်ကစပြီး ဆိုတယ်မဟုတ်လား၊ ဘာရှိသလဲ၊ သမ္မယုတ္တာခန္ဓာအားသာတပ်သော ကုသိုလ်ဟိတ် ၃-ပါး၊ သရုပ်က ဒါဘဲမဟုတ်လား၊ အခုလဲ ဒီအတိုင်းဘဲ၊ သမ္မယုတ္တာခန္ဓာအားသာတပ်သော ကုသိုလ်ဟိတ် ၃-ပါး ပစ္စည်းတရားရ၏။

ကုသလသ ဓမ္မသ ဟူသော သမ္မဒါန်ပုဒ်၏ အရကား သမ္မယုတ္တာခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

ဒါက အကျဉ်းဆုံး ပြောတာ၊ ပစ္စည်းက ကုသိုလ်ဟိတ် ၃-ပါး ရှိတယ်၊ ပစ္စယုပ္ပန်က သူနှင့်ယှဉ်ဖက်ဖြစ်တဲ့ ကုသိုလ်စိတ် ဧကဝီသ, စေတသိက်အဌတိံသခေါ်တဲ့ သမ္မယုတ္တ ခန္ဓာရတယ်၊ ဒါကို ဒီလို ဖြစ်နေရတယ်။

ပြီးတော့မှ အရကောက်ဆရာတော်ဘုရားကြီးက ဒါကို ပိုမိုထင်ရှားစေဖို့ ဘာပြထားသလဲလို့ မေးလျှင် ကုသိုလ်ဟိတ် ၃-ပါးဆိုတာဟာ ဟိုတုန်းက ပြောခဲ့တယ်။ ပြန်ပြီးနည်းနည်းသတိပြု။ ကုသိုလ်စိတ်ဧကဝီသမှာယှဉ်နေတဲ့ စေတသိက် အဌတိံသထဲက ရှာထားတဲ့ ဟိတ် ၃-ပါးမဟုတ်လား၊ ဒါနားလည်ပြီးသားနော် (မှန်ပါ)။

ဒီတော့ ကုသိုလ်စိတ် ဧကဝီသလုံးမှာ ယှဉ်တဲ့ ဟိတ်သာလျှင် ဟိတ် ၃-ပါးသာလျှင် ပစ္စည်းဖြစ်မှာလားလို့မေးလျှင် သတိပြုစမ်း၊ ကုသိုလ်စိတ် ဧကဝီသဆိုတာ ဘယ်သူလဲ (မဟာကုသိုလ် ၈၊ မဟဂ္ဂုတ်ကုသိုလ် ၉၊ မဂ်ကုသိုလ် ၄။)

သတိပြုစမ်း၊ မဟာကုသိုလ်စိတ် ၈-ခုက စေတသိက် ဘယ်လောက်ယှဉ်သလဲ (၃၈-ပါး)၊ မဟဂ္ဂုတ်ကုသိုလ် ၉-ခုက ဘယ်လောက်ယှဉ်မလဲ (၃၅-ပါး)၊ မဂ်ကုသိုလ် ၄-ခုက (၃၆-ပါး)၊ ဧကဝီသလုံးမှာ ယှဉ်တဲ့ စေတသိက်ထဲပါတဲ့ ဟိတ်သာလျှင် ပစ္စည်းမဟုတ်ဘူးတဲ့၊ မဟာကုသိုလ်စိတ် ၈-ခုမှာ ယှဉ်တဲ့ စေတသိက်အဌတိံသထဲက ဟိတ် ၃-ပါး ပစ္စည်းဖြစ်

ကောင်းတယ်တဲ့၊ ဆရာတော်ကြီးများ ဆိုလိုရင်းနော်။ အဲဒါကို သတိထားခဲ့စမ်းပါ။ မဟာဂျတ်ကုသိုလ် ၉-ခုမှာယှဉ်တဲ့ စေတသိက် ပဠတိံသမှာပါတဲ့ ဟိတ် ၃-ပါးလဲ ပစ္စည်း ဖြစ်နိုင်တယ်၊ မဂ်ကုသိုလ် ၄-ခုမှာယှဉ်တဲ့ စေတသိက်ဆတ္တိံသထဲမှာပါတဲ့ ဟိတ် ၃-ပါးလဲ ပစ္စည်းဖြစ်နိုင်တယ်၊ ဒါက အကြမ်းဖျင်းတမျိုး။

အဲဒီလို ကုသိုလ်တွေက မဟာကုသိုလ်, မဟာဂျတ်ကုသိုလ်, မဂ်ကုသိုလ်လို့ စုံနေမှရတာလားလို့ မေးလျှင် မဟုတ်ပါဘူးတဲ့၊ ပြန်ပြီး သတိပြုလိုက်စမ်း၊ ပါဠိတော်တွေတုန်းက ဘုန်းကြီးပြောတယ်၊ မဟာ ကုသိုလ်စိတ် ၈-ခုတို့တွင် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်လို့ခေါ်တဲ့ ပဌမစိတ်ကလေးမှာ စေတသိက် ဘယ်လောက် ယှဉ်သလဲ (၃၈-ပါး)၊ အဲဒီ တခုတည်းမှာ ယှဉ်တဲ့ စေတသိက်အဌတိံသထဲက ဟိတ်လဲ ပစ္စည်းဖြစ်ကောင်းတယ်တဲ့၊ ဆရာတော်ဘုရားကြီးများ ဒါတွေကို စကားကလေး ကျဉ်းကျဉ်းကလေးနှင့် ဆိုရိုးပြုလိမ့်မယ်၊ နောက်ပိုင်းကျတော့ သတိထားပါ။

အဲဒါဟာလဲ ပဌမဇောမှာရှိတဲ့ ဟိတ်လဲ ပစ္စည်းဖြစ်နိုင်တယ်၊ ထို့အတူ ဒုတိယဇောမှာပါတဲ့ ဟိတ် ၃-ပါးကော ပစ္စည်းမဖြစ်နိုင်ဘူးလား (ဖြစ်နိုင်ပါတယ်)၊ တတိယဇော-နောက်ပိတ်ဆုံး သတ္တမဇောတိုင်အောင် ဘယ်စိတ္တက္ခဏဖြစ်ဖြစ် ကုသိုလ်စိတ္တက္ခဏတွေ ပေါ်လာတိုင်း ပေါ်လာတိုင်း သတ္တဝါသန္တာန်မှာ ကုသိုလ် စိတ္တက္ခဏတွေ ပေါ်လာတိုင်း ပေါ်လာတိုင်း သူတို့နှင့်ယှဉ်တဲ့ စေတသိက်တည်းဟူသော နာမက္ခန္ဓာထဲမှာပါတဲ့ ဟိတ် ၃-ပါးသည် ဟိတ် ၂-ပါးသည် ပစ္စည်းဖြစ်နိုင်တယ်၊ ဟိတ် ၃-ပါးသည်ဆိုတာက ဉာဏသမ္ပယုတ်၊ ဟိတ် ၂-ပါးသည် ဆိုတာက ဉာဏဝိပ္ပယုတ်၊ ဉာသမ္ပယုတ်ကို တိဟိတ်ခေါ်လိမ့်မယ်၊ ဉာဏဝိပ္ပယုတ်ကို ဒွိဟိတ်ခေါ်လိမ့်မယ်။

ဒါကြောင့် အရကောက်ဆရာတော်ဘုရားကြီးက ပြည့်ပြည့်စုံစုံ ကောက်တဲ့ အခါကျတော့ သတိပြန်ပြုလိုက်စမ်း၊ ကုသလော ကုသလဿ-ဌ္ဌ ကုသလော ဓမ္မော-ဟူသော ကတ္တားပုဒ်၏ အရကား သမ္ပယုတ္တခန္ဓာအားတပ်သော (လိုရင်းက ကုသိုလ်ဟိတ် ၃-ပါးဘဲနော်)၊ ကုသိုလ်စိတ် ဧကဝီသ စေတသိက် အဌတိံသ၊ ကုသိုလ်စိတ် ဧကဝီသလုံးလဲ ဟုတ်တယ်၊ စေတသိက် အဌတိံသလဲ ဖြစ်တယ်မဟုတ်လား (မှန်ပါ)၊ နောက်ပိတ်ဆုံး ဆက်တာကြည့်စမ်း။ စိတ္တက္ခဏ တခုတခုဌ္ဌရှိသော၊ ခုတင်ကတွေ့ရဲ့လား ဇော ဇောနေတော့ ပဌမဇော စိတ္တက္ခဏတခု, ဒုတိယဇော စိတ္တက္ခဏတခု-ဒီလိုသွားနေမယ် မဟုတ်လား (မှန်ပါ)၊ သတ္တမဇော စိတ္တက္ခဏတခုထိအောင်သွားတော့ ဘယ်နေရာက ဘယ်အချိန်မှာ ဘယ်ကုသိုလ် ဘယ်စိတ္တက္ခဏပေါ်ပေါ် ကုသိုလ်စိတ္တက္ခဏထဲမှာ ပါနေတဲ့ ဟိတ်တွေက ပစ္စည်းဖြစ်နေတယ်။

အဲဒီမှာမှ ဉာဏသမ္ပယုတ်, ဉာဏဝိပ္ပယုတ် ၂-မျိုးတို့တွင် ဉာဏသမ္ပယုတ်ဖြစ်လျှင် တိဟိတ်, ဉာဏဝိပ္ပယုတ်ဖြစ်လျှင် ဒွိဟိတ်လို့ သိစိမ့်သောဌာ စိတ္တက္ခဏတခုတခုဌာရှိသော ဒွိဟိတ်ဖြစ်အုံ့-ဟိတ် ၂-ပါး ရမယ်မဟုတ်လား (မှန်ပါ)၊ ဘာတဲ့တုန်း၊ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အုံ့-အလောဘ, အဒေါသ, အမောဟ၊ ဤဟိတ် ၂-ပါး ၃-ပါး ပစ္စည်းတရားရ၏။ ဘယ်နေရာမှာတုန်း (ကုသလော ကုသလသမ္မာ) ကုသိုလ်ဟိတ် ၃-ပါးကို ရှင်းပြီးတော့ ဆရာတော်ကြီးတွေ ရေးထားတယ်နော်။

ပြန်နားထောင်စမ်း၊ ကုသလော ကုသလသဿ- ကုသလော ဓမ္မောဟူသော ကတ္တား ပုဒ်၏ အရကား သမ္ပယုတ္တခန္ဓာအား တပ်သော ကုသိုလ်စိတ် ဧကဝီသ, စေတသိက်အဌသီသ စိတ္တက္ခဏ တခုတခုဌာရှိသော (တခုခုဌာရှိသောလို့ မလုပ်ပါနှင့်၊ တခုတခုဌာရှိသောလို့ လုပ်ပါ ဟုတ်လား) (မှန်ပါ)။ ဒွိဟိတ်ဖြစ်အုံ့ အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အုံ့-အလောဘ, အဒေါသ, အမောဟ၊ ဤဟိတ် ၂-ပါး ၃-ပါး ပစ္စည်းတရား၏။ ဦးဉာဏဝရ ဆိုကြည့်စမ်း။

ဦးဉာဏဝရ။ ။ကုသလော ကုသလသဿ (ပ) ပစ္စည်းတရားရ၏။

ဆရာတော်။ ။ဒါဟာ နံပါတ် ၁-မဟုတ်လား၊ ပစ္စည်းတင် ရှိသေးတယ်၊ ပစ္စယုပ္ပန်နှင့် ကရိုဏ်းကျန်သေးတယ်။ ကျန်ပေစေ။ နံပါတ် ၂-ကူးစမ်း။

နံပါတ် ၂-ကုသလော အဗျာကတသဿ ဘာအားတပ်သောလို့ တွေ့နေသတုန်း (စိတ္တဇရုပ်အားတပ်သော) ကုသလော အဗျာကတသဿ ကုသလော ဓမ္မော ဟူသော ကတ္တား ပုဒ်၏အရကား သဟိတ်စိတ္တဇရုပ် အားတပ်သော-

ဦးပဉ္စင်းတို့ သရုပ်ခွဲတုန်းကလဲ ဒီအတိုင်း ပါတာဘဲ မဟုတ်လား၊ ကဲ သတိပြုစမ်း၊ ပစ္စယုပ္ပန် ရုပ်ဖြစ်လာတော့ကာ ၎င်းရုပ်တရားကို အစွဲပြုပြီးတော့ ဘုံသတ်တဲ့အခါမှာ ဘာဘုံသတ်ရသတုန်း (ပဉ္စဝေါကာရ)၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဒီလိုမဟုတ်လား (မှန်ပါ)၊ ဒါကြောင့် သဟိတ်စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အဲဒါကလေး တလုံးပိုတယ်။ ကျန်တာ ခုတင်ကအတိုင်း၊ ခုတင်က အတိုင်းဆိုတော့ ဘယ်လိုတုန်း သဟိတ်စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ်ဧကဝီသ, စေတသိက်အဌတီသ စိတ္တက္ခဏ တခုတခုဌာရှိသော ဒွိဟိတ်ဖြစ်အုံ့-အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အုံ့- အလောဘ, အဒေါသ, အမောဟ၊ ဤဟိတ် ၂-ပါး ၃-ပါး ပစ္စည်းတရားရ၏။ ဒါလောက်ဘဲ မဟုတ်လား (မှန်ပါ)။

ဘာထူးသတုန်း၊ ခုတင်ကတုန်းက သမ္ပယုတ္တခန္ဓာအား တပ်သော အခုတော့ (သဟိတ်စိတ္တဇရုပ်အားတပ်သော) ပြီးတော့ ဘာကလေးပိုသလဲ၊ (ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ) ဒါကလေးပိုတာဘဲ၊ ဘာမှမထူးဘူး။ ဦးသူရိယ ဆိုကြည့်စမ်း။

ဦးသူရိယ။ ။ကုသလော အဗျာကတသ ၌ (၄) ပစ္စည်းတရားရ၏။

ဆရာတော်။ ။အတူတူဘဲ ဖြစ်နေတာတွေကို တော်တော်နေတော့ အထူးအဆန်း လုပ်လုပ်ပြီး ကျက်ကျက်နေရတယ်၊ ဘာကျက်စရာရှိသတုန်း။ ပါဠိတော်တုန်းက ခွဲထားတဲ့သရုပ်ကလဲ ဒါဘဲ။ အခုလဲ ဒါဘဲ။

နံပါတ် ၃-ပြောင်းကြည့်၊ ကုသလော ကုသလာဗျာကတသ၌ ကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ဘာအားတပ်သောတဲ့တုန်း (သမ္မယုတ္တခန္ဓာ, သဟိတ်စိတ္တဇရုပ်အား တပ်သော) ရုပ်ပါနေသေးတယ် မဟုတ်လား၊ ဘုံသတ်ရမှာဘဲပေါ့။ ဒီတော့ ခုတင်ကအတိုင်းဘဲ သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အား တပ်သော ဒါကလေးပြောင်းတယ်နော်။ ဦးသူရိယ ဆက်ဆိုစမ်း။

ဦးသူရိယ။ ။ကုသလော ကုသလာဗျာကတသ၌- ကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အား တပ်သော ပဌဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝီသ စေတသိက် အဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့- အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့-အလောဘ, အဒေါသ, အမောဟ၊ ဤဟိတ် ၂-ပါး ၃-ပါး ပစ္စည်းတရားရ၏။

ဆရာတော်။ ။အားလုံး တခေါက် ဆိုကြစမ်းပါ။

သံဃာတော်များ။ ။တခေါက် ဆိုကြသည်။

ဆရာတော်။ ။ပြီးရောတဲ့၊ ဒါဟာ ပစ္စည်းကောက်နည်း၊ ပစ္စယုပ္ပန်ကောက်နည်းက ဘာထူးဦးမှာလဲတဲ့၊ သတိပြုနားထောင်စမ်း နံပါတ် ၁-ကုသလော ကုသလသ ၌ ကုသလောပြီးပြီနော်။ ကုသလသ ဓမ္မသဟူသော သမ္မဒါန်ပုဒ်၏ အရကား ဘာတွေရတယ်ဆိုတာ ကိုယ်အသိသားမဟုတ်လား ဘာတွေရသတုန်း၊ ကုသိုလ်စိတ် ဧကဝီသ စေတသိက်အဌသိံသ ဒါမဟုတ်လား။

ဒါကြောင့် ကုသလသ ဓမ္မသဟူသော သမ္မဒါန်ပုဒ်၏ အရကား ကုသိုလ်စိတ် ဧကဝီသ စေတသိက် အဌတိံသ သမ္မယုတ္တခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

နံပါတ် ၂-ဖြစ်ခဲ့လျှင်[1] အဗျာကတသ ဓမ္မသဟူသော သမ္မဒါန်ပုဒ်၏ အရကား သဟိတ်စိတ္တဇရုပ် ဘာကြောင့်ဖြစ်တဲ့ရုပ်လဲလို့ မေးလျှင် ကုသိုလ်သည် ပြုအပ်သော သဟိတ်စိတ္တဇရုပ်လို့ သေချာအောင် ထည့်ကောက်စမ်းပါ။

၁။ နံပါတ် ၁-၂-၃-စသည်မှာ ဤကျမ်းနှာ-၃၈၀-သဟဇယ် အရကောက်ဇယားတွင် ပါသော သခ်္ခ်ာ နံပါတ် ၁-၂-၃- စသည်ကို ဆိုသည်။

နံပါတ် ၂-အဗျာကတသဿ ဓမ္မသဿဟူသော သမ္မဒါန်ပုဒ်၏အရကား ကုသိုလ်သည် ပြုအပ်သော သဟိတ်စိတ္တဇရူပ် ပစ္စယုပ္ပန်တရားရ၏။

နံပါတ် ၃-ကျတော့[1] ဒီ ၂-ခုကို ပေါင်းတာဘဲ မဟုတ်လား၊ ကုသလသဿ စ အဗျာကတသဿ စ ဓမ္မသဿဟူသော သမ္မဒါန်ပုဒ်၏အရကား ကုသိုလ်စိတ် ဧကဝီသ စေတသိက် အဌတိံသ သမ္မယုတ္တခန္ဓာ ပြီးတော့ကော (သဟိတ်စိတ္တဇရူပ်) သဟိတ် စိတ္တဇရူပ်လို့ ဒီမှာတော့ နာမ်နှင့်ရူပ် တွဲလျက်ဘဲ သေချာပါတယ်နော်၊ သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရူပ် ပစ္စယုပ္ပန်တရားရ၏။

အဲဒီတော့ ပစ္စည်း ပစ္စယုပ္ပန် စုံသွားရောပေါ့။ ဦးသုဇာတ ဟောစမ်း၊ ၃-ခုစလုံး ပစ္စည်းရယ်၊ ပစ္စယုပ္ပန်ရယ်၊ ပြီးတော့မှ ပစ္စယသတ္တိကောက်ရအောင်။

ဦးသုဇာတ။ ။ကုသလော ကုသလသဒ္ဒ (၀) ရ၏။

မှတ်တမ်းရေးထားကြ

ဆရာတော်။ ။ကုန်သွားရော ပစ္စည်းရယ်, ပစ္စယုပ္ပန်ရယ် ၂-မျိုး ပြီးသွားပြီ။ ကရိုဏ်း ပါဠိလို့ခေါ်တာကို ပစ္စယသတ္တိလို့ ခေါ်တယ်၊ အဲဒီ ပစ္စယသတ္တိထုတ်နည်းကို သတိပြုနားထောင်ပါ၊ စာသင်ပေးနည်းကိုလဲ မှတ်တမ်းထားရတယ်၊ ဦးပဉ္စင်းတို့ နောက်ပိုင်းသာသနာကျတော့ ဒီတာဝန်တွေ ငါတို့ တာဝန်တွေဘဲလို့ ဉာဏ်ထဲမှာ သိထားပါ။

နောက်ပိုင်း သာသနာဆိုတာ ဘုန်းကြီးတို့တတွေ မရှိတဲ့နောက် ဦးပဉ္စင်းတို့ အဆက်ဆက်တွေ သာသနာ့တာဝန်ထမ်းကြရမယ်၊ ဘုန်းကြီးတို့ နေရာတွေ ဦးပဉ္စင်းတို့ ယူရမယ်၊ ဒီအလုပ်တွေ ဦးပဉ္စင်းတို့ လုပ်ပေးရလိမ့်မယ်၊ အဆက်ဆက် သာသနာမပျောက်ရအောင်။

အဲဒီလို တာဝန်ပေးတဲ့ အချိန်အခါကာလကျတော့ ဒို့သင်တုန်းက ဘယ်လိုသင်ခဲ့ပါလိမ့်မလဲ၊ ရတော့ ဒီစာဘဲ အတူတူဘဲ ပြောပါတော့၊ ဒီစာအုပ်ထဲက စာပေါ့။ သင်ပေးတဲ့ ဆရာသမားရဲ့နည်းဟာ ဘယ်နည်း ဘယ်ပုံ ဘယ့်နှယ်လုပ်သင့်သလဲ ဒါကလေးတွေကို ဉာဏ်ထဲမှာ ထည့်ရတယ်။

အခုကြည့်ပါဦး အကောက်သင်ပေးတယ်၊ ကုသလပဒမှာ ပဒါ၀သာန ၃-ချက်ရှိတယ်၊ ပစ္စည်းချည်းဘဲ ဘုန်းကြီး တချိန်အကောက်ခိုင်းတယ် မဟုတ်လား (မှန်ပါ)၊ ၎င်းနောက်မှာ ပစ္စယုပ္ပန် တခါအကောက်ခိုင်းတယ်၊ ပြီးတော့ ပစ္စည်းပစ္စယုပ္ပန်တွဲပြီး တခါ

---

[1] နံပါတ် ၁-၂-၃-စသည်မှာ ဤကျမ်းနှာ-၃၈၀-သဟဇယ် အရကောက်ဇယားတွင် ပါသော သခ်္ခ်ာ နံပါတ် ၁-၂-၃- စသည်ကို ဆိုသည်။

အကောက်ခိုင်းတယ်၊ ဘာလို့ ဒီလိုလျှောက်လုပ်နေသလဲ မေးလျှင် ဦးပဉ္စင်းတို့ ဥာဏ်ထဲမှာ အထပ်ထပ်မြင်ပြီး ကျေနပ်သွားအောင်လို့။

ပစ္စည်းချည်း သန့်သန့်ကောက်တော့ အတူတူဘဲလို့ သိတယ်၊ အတူတူဘဲကိုးဆိုတာလဲ ဥာဏ်ထဲပေါ်လာတယ်နော်၊ တနည်း လွယ်ကူလာတယ် ပြောပါတော့။

ပစ္စယုပ္ပန်အနေအားဖြင့် ကြည့်လျှင် ဒို့သရုပ်ခွဲတုန်းကလဲ ဒီအတိုင်းဘဲ ဘာမှ မထူးဘူးဆိုတဲ့ အသိကလေးတွေ ပေါ်လာတယ်။

အဲဒီလို အစဉ်အလာဖြစ်တဲ့ ဒို့ဆရာသမားများ ဘယ်လိုလုပ် သင်ပေးတယ်ဆိုတာ ဒီနည်းကလေးတွေကိုလဲ နှလုံးသွင်းရတယ်၊ မှတ်ထားရတယ်။

(ကြာတော့ ကြာပါပြီ လွန်ခဲ့တဲ့ ၁၀-နှစ်လောက်က ဘုန်းကြီးဆီမှာ သင်သွားတဲ့ တပည့်တပါး အခုလိုဘဲ သင်တယ်၊ နောက်ပိတ်ဆုံးတော့ သူဘယ်ရောက်သွားသလဲဆိုတော့ အောက်ပြည် မအူပင်မြို့က စာသင်တိုက်တတိုက်မှာ စာချဘုန်းကြီး သွားဖြစ်တယ်၊ စာချဘုန်းကြီးဖြစ်တဲ့ အချိန်ကျတော့ ဟိုက နားလည်ထားနှင့်တာက သူ့ကို ဘုန်းကြီးဆီမှာ ပဌာန်းစာသင်သွားတဲ့ ပဌာန်းဆိုသွားတဲ့ ပုဂ္ဂိုလ်တပါးလို့ဆိုတာ နားလည်ထားတော့ သူ့ကို ပဌာန်းတာဝန်ပေးကြရော။

ပဌာန်းချရတော့မယ် စာသင်တိုက်မှာ ဒီတော့ သူကလဲ ဆိုသွားတဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့ ချပ့ါမယ်လို့တော့ တာဝန်ခံထားရပေမဲ့ ဘယ်ကစပြီး ဘာချပေးရမှန်းကို မသိဘူး။

အဲဒါ သူ့နေရာဌာနကနေပြီး ဘုန်းကြီးဆီကို စာရေးလျှောက်တယ်၊ **တပည့်တော် အခု စာချရဖို့ တာဝန်ကျနေပါတယ် ဘုရားတဲ့၊ ပဌာန်းဆိုခဲ့တာတော့ မှန်တယ်၊ ဆရာတော် ဘယ်ကစပြီး ဘယ်လိုချမှန်းကို မသိတော့ဘူးတဲ့**)။

အဲဒါ မှတ်တမ်းမရှိတာဘဲ၊ ဒါကြောင့် နောက်ပိုင်းတော့ သတိပေးတယ်၊ နေ့စဉ် မှတ်တမ်းလုပ်ကြစမ်းပါလို့ ခိုင်းတယ်၊ နောက်ပိတ်ဆုံး ကိုယ်တာဝန်တွေ့လာတဲ့ အချိန်မှာ မှတ်တမ်းကလေး ရှိပြီဆိုတော့ အလွယ်ကလေးရယ်၊ ပြန်ကြည့်လိုက်၊ ဘယ်လိုလုပ်သင်ပေးနေတယ်၊ ဘယ်လိုလုပ် ချပို့ပေးနေတယ်ဆိုတာ စကားလုံး အစုံအစေ့မမှတ်နိုင်ပေမဲ့ အစိုအစဉ်ကို မှတ်ထားရတယ်၊ ဥပမာ ဘုန်းကြီးတရက်ချနေတဲ့ ဥစ္စာ ကိုယ်က ၂-ရက်ခွဲချမယ်ပေါ့။ ဘာဖြစ်တတ်သတုန်း၊ ဟာ ဒါတော့ လွယ်သားဘဲ ဆရာတော်မို့ ပြောနိုင်လို့ ပြောနေတာ၊ ဒီဥစ္စာကို ငါ တရက်တည်းချမယ်ဆိုလဲ ဖြစ်ပါတယ်။ မူကတော့ ကိုယ့်ဆီမှာ ရှိရမယ်။

အဲဒါကလေးတွေကို ကြပ်ကြပ် လေးစားပါ။ ဧကန်မုချ ဒို့ဟာ ဒီတာဝန် တနေ့တိုးမှာဘဲဆိုတာ ယုံကြည်ထားပါ။ ဒီဘုန်းကြီးတွေက မြိုနေတာ မဟုတ်ဘူး၊ တနေ့ သေကြမှာ၊ ဒီတော့ ဦးပဉ္စင်းတို့ ခေါင်းပေါ် ဒီတာဝန်တွေ ရောက်မယ်၊ မှတ်ထားကြစမ်းပါ။

ကရိုဏ်းပါဌ်ထုတ်နည်း

ဒါကြောင့် နံပါတ် ၁-ကရိုဏ်းပါဌ်ထုတ်တဲ့နည်း၊ ဟေတုပစ္စယေန ဟူသော ကရိုဏ်းပါဌ်၏အရကား ဘာတွေ ရသင့်သလဲဆိုတာ သုဒ္ဓသန္ဓာက ဘာပြောသလဲ၊ လတ်, ကြီး (၈) နှင့် ဓိ, ဣ, မဂ် ပေါင်း ၁၂။ ဒီလိုမဟုတ်လား (မှန်ပါ)။

ကဲ စဉ်းစားစမ်း၊ အခု ဒို့ကောက်ထားတာက ပစ္စည်းက ဘာတရားလဲ၊ ပစ္စယုပ္ပန်တရားက ဘာလဲ၊ ကိုယ်ကောက်ထားတဲ့ ပစ္စည်း, ပစ္စယုပ္ပန်ကို ကိုယ်ပြန်လေ့လာရမယ်နော်။ လေ့လာတော့ ဘာတွေ့သလဲ၊ ပစ္စည်းတရားက ကုသိုလ်နှင့်ယှဉ်ခိုက် ဟိတ် ၃-ပါး နာမ်တရား။ ပစ္စယုပ္ပန်တရားက ဘာတုန်း၊ ကုသိုလ် စိတ် ဧကဝီသ, စေတသိက် အဌတိံသ တည်းဟူသော နာမ်တရား၊ ဟေတုပစ္စည်းက နားလည်လျှင် အငယ်တွေက ဒီအတိုင်းချည်း ဘဲ မထူးဘူး။

ပစ္စည်းကလဲ နာမ်တရားဘဲ, ပစ္စယုပ္ပန်ကလဲ နာမ်တရားဘဲ။ နာမ်တရားထဲမှာ ဘာ နာမ်လဲလို့ မေးလျှင် ကုသိုလ်နာမ်တွေ၊ ဒီလိုမဟုတ်လား (မှန်ပါ)။

သဟကြီး ၄-မှာ ရှာကြည့်

မှက်ထားပါ။ ဒီတော့ ဟေတုခေါ်တဲ့ ပစ္စည်းတရားက ဂါ့မှာ ဒီပစ္စည်း ဒီပစ္စယုပ္ပန် ရှိတယ်။ ဒို့အမျိုးထဲက ဘယ်သူမျှား ဒီတရားမျိုး ရှိသလဲလို့မေးတော့ သတိပြု အကြီး ၄-ပစ္စည်းဆိုတာ တရားအကုန် ရှိတယ်မဟုတ်လား (မှန်ပါ)၊ အကြီး ၄-ပစ္စည်းက အဲဒီလို ကုသိုလ်ဟိတ် ၃-ပါး ပစ္စည်းတရားနှင့် ကုသိုလ် သမ္မယုတ္တာခန္ဓာ ပစ္စယုပ္ပန်တရားမျိုး ဂါ့ဆီမှာ ရှိပါတယ်လို့ လက်ခံလိုက်သဖြင့် အကြီး ၄-ဆိုတဲ့အကွက်မှာ တွေ့ရဲ့လား၊ ဘာရေးသလဲ (ပုဒ်မကလေး ပြထားပါတယ်)၊ ဒီတရားမျိုး သူ့ဆီမှာ အကုန်ရှိတာပေါ့ (မှန်ပါ)။

အညမညနှင့် သမ္မယုတ္တ သုဒ္ဓသန္ဓာမှာ ရှာကြည့်

ကောင်းပြီ၊ အညမည ဝိပါက သမ္မယုတ္တ ဝိပ္ပယုတ္တခေါ်တဲ့ အလတ် ၄-ပစ္စည်းမေး ကြဦးစို့။ ဟိုမှာ ရေးထားတာတော့ ရှိတယ်နော်။ သို့ပေမ့ ကိုယ်က သဘာဝကျအောင်ကြည့်။ ဒို့ရှိရဲ့လား၊ နံပါတ် ၁-အညမည ကြည့်လိုက်၊ သုဒ္ဓသန္ဓာက ဘာတဲ့တုန်း၊ အချင်းချင်းအား တပ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ပစ္စည်းမှာလဲ နာမက္ခန္ဓာ ၄-ပါး ရှိတယ်၊ ပစ္စယုပ္ပန်မှာလဲ နာမက္ခန္ဓာ ၄-ပါးရှိတယ်၊ ဒီလိုဆိုလိုက်တယ် မဟုတ်လား (မှန်ပါ)။

ဒါဖြင့် ပစ္စည်း နာက္ခန္ဓာ ၄-ပါးထဲမှာ ကုသိုလ်ဟိတ် ၃-ပါး မပါဘူးလားမေးလျှင် (ပါပါတယ်)၊ ပါတယ်နော်။

နို့ ပစ္စယုပွန် နာမက္ခန္ဓာ ၄-ပါးထဲမှာကော ကုသိုလ်စိတ် ဧကဝိသ သမ္မယုတ္တခန္ဓာ မရှိပေဘူးလား (ရှိပါတယ်)၊ အဲဒါဖြင့် အညမညက မင်းတရားမျိုး ဒို့ဆီမှာ ရှိတယ်တဲ့။ ကြားထဲက ဝိပါက, ဝိပွယုတ္တ ထားခဲ့။ သမ္မယုတ္တ သုဒ္ဓသင်္ခ်ာကကော ဒီအတိုင်း မဟုတ်ဘူးလား (မှန်ပါ)၊ ဘာတဲ့ အချင်းချင်းအား တပ်သော အလုံးစုံသော ပဝတ္တိ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ၄-ပါး။

မှတ်ထားနော်၊ ဒီတရားမျိုး အညမညက သူ့မှာလဲ ရှိတယ်တဲ့။ သမ္မယုတ္တကကော သူ့မှာလဲ ရှိတယ်၊ ဒီလိုပြောတာ မဟုတ်လား (မှန်ပါ)၊ ဒါကြောင့် နောက်ကွက်က ဘာရေး ထားသလဲ (ည-သံ-) အကျဉ်းချုပ်။ အညမညနှင့် သမ္မယုတ္တ။

ဝိပါက သုဒ္ဓသင်္ခ်ာမှာ ရှာကြည့်

ကဲ ကိုယ်လိုချင်တာ ကွက်ရေးတယ်၊ ကျန်တဲ့ ၂-ပစ္စည်း မေးကြဦးစို့။ ဝိပါကမေးစမ်း၊ သုဒ္ဓသင်္ခ်ာမေးကြည့် ဘာတဲ့တုန်း၊ အချင်းချင်းအားရင်း, အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ် ပဋ္ဌိသန္ဓေကမ္မဇရုပ်အားရင်း တပ်သော အလုံးစုံသော ဝိပါက်ပဝတ္တိပဋ္ဌိသန္ဓေနာမက္ခန္ဓာ လေးပါးတဲ့။ ပါသားဘဲ နာမ်တရားတွေ၊ ပစ္စယုပွန်လဲ နာမ်တွေ၊ အချင်းချင်းဆိုလျှင် ရှိမယ် မဟုတ်လား (မှန်ပါ)၊ ဘာနာမ်လဲမေးလျှင် ဝိပါက်နာမ်။ ဦးပဉ္စင်းတို့ အခုကောက်နေတဲ့ နာမ်တရားက ဘာတဲ့တုန်း (ကုသိုလ်နာမ်ပါ)၊ တူရဲ့လား (မတူပါဘူး)၊ မတူဘူး၊ ဒါကြောင့် ဝိပါက မရနိုင်ဘူးတဲ့။

ဟုတ်ကဲ့နော်၊ နာမ်ပစ္စည်း, နာမ်ပစ္စယုပွန် ဝိပါကက ရှိပါတယ်၊ ရှိပေမဲ့ ဝိပါက်နာမ် ဖြစ်နေတယ်တဲ့။ ဒီက ဟေတုဟောနေတဲ့တရားက ဘာတုန်း၊ ကုသိုလ်နာမ်တရားတဲ့၊ မရဘူး (မှန်ပါ)။

ဝိပွယုတ္တသုဒ္ဓသင်္ခ်ာမှာ ရှာကြည့်

ကဲ ဒါဖြင့် ဝိပွယုတ္တပြောင်းပြီး မေးရအောင်၊ ဝိပွယုတ္တသုဒ္ဓသင်္ခ်ာက ဘာတဲ့တုန်း၊ စိတ္တဇရုပ် ပဋ္ဌိသန္ဓေကမ္မဇရုပ်အားတပ်သော နာမက္ခန္ဓာ ၄-ပါး၊ ပစ္စည်းနာမ်, ပစ္စယုပွန်က (ရုပ်ပါ)၊ အခု ကောက်နေတာက ပစ္စည်းကလဲ နာမ်၊ ပစ္စယုပွန်ကလဲ နာမ်၊ နာမ်ပစ္စည်း နာမ်ပစ္စယုပွန်၊ တူရဲ့လား (မတူပါဘူး)၊ ဒီတော့ မရတော့ဘူး။

ဒါကြောင့်မို့လို့ အကြီး ၄-ပစ္စည်းက ရနိုင်တယ်၊ အလတ် ၄-ပစ္စည်းက နာမ်ပစ္စည်း နာမ်ပစ္စယုပွန်ဖြစ်နိုင်တဲ့ အညမည, သမ္မယုတ္တ ရနိုင်တယ်။ ဝိပါက နာမ်ပစ္စည်း, နာမ်ပစ္စယုပွန်တော့ ဟုတ်ပါရဲ့ ဝိပါက်နာမ်ဖြစ်လို့ မရဘူး။ ဝိပွယုတ္တက နာမ်ပစ္စည်း ရုပ်ပစ္စယုပွန် ဖြစ်နေလို့ မရနိုင်ဘူး၊ ဒီလို မဟုတ်လား၊ ပြီးရော၊ ဒီတော့ အကြီး ၄-ပစ္စည်းနှင့် အလတ် ၂-ပစ္စည်း ၆-ပစ္စည်း ရမနေဘူးလား (မှန်ပါ)။

ပြီးတော့ ဦးပဠင်းတို့ သုဒ္ဓသန္ဓာမှာပါတဲ့ လတ်ကြီး ၈-နှင့် မိ, ဣ, မဂ်-ဆိုတော့ အဓိပတိနှင့် ဣန္ဒြိယ, မဂ္ဂလို့ရပြန်သည်၊ သူတို့ကောလို့မေးတော့ သူတို့မှာ ဟိုတုန်းက ဘုန်းကြီးပြောခဲ့တယ်၊ **သဘာဝတရား, ယဉ္စနာတရား, ကရိဏ်း ပါဠိ အရကောက်, ပစ္စယသတ္တိ** ဆိုတာ အတူတူဘဲ မဟုတ်လား (မှန်ပါ)၊ ဟေတုပစ္စည်းထိုက်နေတဲ့ အခု ကုသလပဒမှာပါတဲ့ အမောဟဟိတ်သည် အဓိပတိမှာ ဘာအဓိပတိအနေနှင့် ရှိတယ် (ဝီမံသာဓိပတိ)၊ ဣန္ဒြိယ ပစ္စည်းမှာ ဘာဣန္ဒြေအဖြစ်နဲ့ ပါနေတယ်၊ (ပညိန္ဒြေ)၊ မဂ္ဂမှာ ဘာမဂ္ဂအဖြစ်နဲ့ပါနေတယ် (သမ္မာဒိဋ္ဌိမဂ္ဂင်)၊ နို့သူ့မှာ တရားကိုယ်ချင်း တူမနေဘူးလား (တူပါတယ်)၊ အကုန်လုံးတော့ မတူဘူး၊ တစိတ်တဒေသ တူတယ်နော် (မှန်ပါ)။

ဒါကြောင့် အကောက်ဆရာတော်ဘုရားကြီးက ဆိုရိုးကို ဒီလိုပြုတော်မူတယ်၊ ဟေတုပစ္စယေနဟူသော ကရိဏ်းပါဠိ၏အရကား မှတ်လိုက်ကြစမ်း "တပြိုင်နက် ယထာရဟ တပ်ကောင်းသော" နောက်နေ့မှဖြစ်ဖြစ် ဒီအဓိပ္ပါယ်ပြောမယ်၊ ဒီနေ့တော့ ရအောင် ဆိုထားပါ၊ အဲဒီနောက်ကနေပြီး ခုတင်က ပြောထားတဲ့ အကြီး ၄-ပစ္စည်းနှင့် အလတ် ၂-ပစ္စည်း၊ မိ, ဣ, မဂ် နှင့် ပေါင်းတော့ ၉-ပစ္စည်း၊ ကိုယ်တိုင် ဟေတုနှင့်ဆိုတော့ ၁၀-ပစ္စည်း၊ ဒါကြောင့် နောက်က (ဟေ) ကွက်မှာ ၁၀-ကလေး တွေ့ရဲ့လား (မှန်ပါ)၊ တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဟေတု, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ဣန္ဒြိယ, မဂ္ဂ, သမ္မယုတ္တ, အတ္ထိ, အဝိဂတ ဤ ၁၀-ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏၊ ကုသလော ကုသလဿ ဒီကျမှ ကုန်တယ်။ ဦးပညာနန္ဒ အစက စပြီး ဆိုစမ်း၊ ပစ္စည်းရယ်, ပစ္စယုပ္ပန်ရယ်, ပစ္စယသတ္တိရယ် စုံအောင်။

ဟေတုဌ် ကုသလပဒ ၃-ချက် အရကောက် အဆက်

ဦးပညာနန္ဒ။ ။ကုသလော ကုသလဿ - ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ **အရကား** သမ္မယုတ္တာခန္ဓာအားတပ်သော ကုသိုလ်စိတ် ဧကဝိသ, စေတသိက် အဌတိံသ စိတ္တက္ခဏ တခုတခု၌ ရှိသော ဒွိဟိတ် ဖြစ်အံ့- အလောဘ အဒေါသ၊ တိဟိတ် ဖြစ်အံ့၊ အလောဘ အဒေါသ အမောဟ၊ ဤဟိတ် ၂-ပါး ၃-ပါး ပစ္စည်းတရားရ၏။

ကုသလဿ ဓမ္မော**ဿ**ဟူသော **သမ္မဒါန်ပုဒ်၏ အရကား** ကုသိုလ်စိတ် ဧကဝိသ စေတသိက် အဌတိံသ သမ္မယုတ္တာခန္ဓာ ပစ္စယုပ္ပန် တရားရ၏။

ဟေတုပစ္စယေနဟူသော ကရိဏ်းပါဠိ၏အရကား တပြိုင်နက်ယထာရဟတပ်ကောင်းသော ဟေတု, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ဣန္ဒြိယ, မဂ္ဂ, သမ္မယုတ္တ, အတ္ထိ, အဝိဂတ ဤ ၁၀-ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

ဆရာတော်။ ။ထိုနည်းတူစွာ နံပါတ် ၂-ကုဗျာမှာ သတိပြုကြစမ်းပါ၊ ပစ္စည်းပစ္စယုပ္ပန် ကောက်ပြီးပြီ၊ ကရိဏ်းပါဠိ ကောက်တော့ အကြီး ၄-ပစ္စည်း ပုဒ်မနှင့် မဟုတ်လား (မှန်ပါ)၊ အလတ် ၄-ပစ္စည်းက အည-သံ ရသေးရဲ့လား (မရပါ)၊ ဘာရသလဲ (ဝိပွယုတ္တရပါတယ်)၊ ဘာဖြစ်လို့လဲမေးလျှင် နာမ်ပစ္စည်း ရူပ်ပစ္စယုပ္ပန် ဖြစ်နေလို့ ဒီလို မဟုတ်လား (မှန်ပါ)၊ ဒီတော့ အကြီး ၄-ပစ္စည်းရယ် ဝိပွယုတ္တရယ် ၅-ပစ္စည်း မရဘူးလား (ရပါတယ်)၊ ဓိ, ဣ, မဂ် ခေါ်တဲ့ ၃-ပစ္စည်းထည့်တော့ (၈-ပစ္စည်း ရပါတယ်)၊ ကိုယ်တိုင် ဟေတုနှင့် ပေါင်းတော့ ၉ ပစ္စည်း၊ ဆိုရိုး ဒီအတိုင်းဘဲတဲ့၊ ဦးသုဇာတ ဟောစမ်းပါ။

ဦးသုဇာတ။ ။ကုသလော အဗျာကတသင်္ခ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား သဟိတ်စိတ္တဇရူပ်အား တပ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝိသ စေတသိက် အဌတိံသ စိတ္တက္ခဏ တခု တခု၌ရှိသော ဒွိဟိတ် ဖြစ်အံ့-အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့-အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အံ့- အလောဘ, အဒေါသ, အမောဟ၊ ဤဟိတ် ၂-ပါး ၃-ပါး ပစ္စည်းတရားရ၏။

အဗျာကတသ ဓမ္မသဟူသော သမ္ပဒါန်ပုဒ်၏ အရကား ကုသိုလ်သည် ပြုအပ်သော သဟိတ်စိတ္တဇရူပ် ပစ္စယုပ္ပန်တရား ရ၏။

ဟေတုပစ္စယေန ဟူသော ကရိဏ်းပါဠိ၏ အရကား တပြိုင်နက် ယထာရဟတပ်ကောင်းသော ဟေတု, အဓိပတိ, သဟဇာတ, နိဿယ, ဣန္ဒြိယ, မဂ္ဂ, ဝိပွယုတ္တ, အတ္ထိ, အဝိဂတ ဤ ၉-ပစ္စယသတ္တိဘို့တွင် ဟေတု သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

ဆရာတော်။ ။နောက် နံပါတ် ၃-သတိပြုကြစမ်း၊ ကရိဏ်းပါဠိ ဘာတွေ ထူးလာမလဲ၊ နာမ်ပစ္စည်း, နာမ်ရူပ် ပစ္စယုပ္ပန်ဖြစ်၍နေခြင်းကြောင့် အကြီး ၄-ပစ္စည်းက ရတယ်မဟုတ်လား (မှန်ပါ)၊ အညမည သမ္ပယုတ္တကတော့ နာမ်ပစ္စည်း နာမ်ပစ္စယုပ္ပန်မှ ရမယ်မဟုတ်လား၊ ဒီမှာ ရပါဦးမလား (မရပါ)၊ နာမ်ပစ္စည်း, နာမ်ရူပ်ပစ္စယုပ္ပန်ဆိုတော့ (မရပါ)၊ ဝိပွယုတ္တကော ရပါဦးမလား (မရပါ)၊ ဒီတော့ အလတ် ၄-ပစ္စည်းကွက်မှာ ဘာရှိသလဲ၊ ကြက်ခြေ (×) ပြထားတယ် ဟုတ်လား (မှန်ပါ)၊ ဒီတော့ အကြီး ၄-ပစ္စည်းရတယ်၊ ဓိ,ဣ,မဂ် ရတယ်၊ ပေါင်း ၇-ပစ္စည်းမနေလား၊ ပြီးတော့ ဟေတုမူရင်းပစ္စည်းနှင့် ပေါင်းလိုက်တော့ ဘယ်လောက်တုန်း (၈-ပစ္စည်း)၊ ဆက်ဆိုစမ်း ဦးသုဇာတ ကုသလော ကုသလာ ဗျာကတသင်္ခ။

ဦးသုဇာတ။ ။**ကုသလော ကုသလာဗျာကတာသင်္ခ- ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏အရကား** သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝီသ, စေတသိက် အဌတီသ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့- အလောဘ, အဒေါသ။ တိဟိတ်ဖြစ်အံ့-အလောဘ, အဒေါသ, အမောဟ၊ ဤဟိတ် ၂-ပါး, ၃-ပါး ပစ္စည်းတရားရ၏။

ကုသလသ စ အဗျာကတသ စ ဓမ္မသဟူသော သမ္မဒါန်ပုဒ်၏ အရကား ကုသိုလ်စိတ် ဧကဝီသ, စေတသိက် အဌတီသ သမ္မယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် ပစ္စယုပ္ပန် တရားရ၏။

ဟေတုပစ္စယေနဟူသော ကရိယာပါဒ်၏အရကား တပြိုင်နက် ယထာရဟတပ်ကောင်းသော ဟေတု, အဓိပတိ, သဟဇာတ, နိဿယ, ဣန္ဒြိယ, မဂ္ဂ, အတ္ထိ, အဝိဂတ၊ ဤ ၈-ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

ဆရာတော်။ ။အားလုံး အစက ပြန်ပြီးတော့ တခေါက်ဆိုကြစမ်းပါ။ ကုသလပဒ ၃-ချက်။

သံဃာတော်များ။ ။တခေါက်ပြန်ဆိုကြသည်။

ဟေတုဌ် အကုသလပဒ ၃-ချက်အရကောက်

ဆရာတော်။ ။အကုသလပဒ ၃-ချက် ကုသလပဒ အတိုင်းဘဲ၊ ဘာမှမထူးဘူး၊ ယူဆနည်းပြောတာ။ အကုသိုလ်ဒွါဒသ စေတသိက် သတ္တဝီသလို့ ပြောင်းလိမ့်မယ်၊ အကျဉ်းချုပ်။

ပြီးတော့ ကုသိုလ်မှာတော့ ဒွိဟိတ် တိဟိတ်လို့ခွဲတယ်။ အကုသိုလ်မှာတော့ တိဟိတ်လို့ ရှိပါ့မလား (မရှိပါ)။ ဧကဟိတ်နှင့် ဒွိဟိတ်ဘဲ ရှိမယ်။ ဒီတော့ ဘယ်လိုလာမလဲ၊ ဒွိဟိတ်ကလဲ မတူခြင်းကြောင့် လောဘမူဖြစ်အံ့- လောဘ, မောဟ ၂-ပါး ရတယ်မဟုတ်လား (မှန်ပါ)။ ဒေါသမူဖြစ်အံ့-ဒေါသ, မောဟ၊ မောဟမူဖြစ်အံ့-မောဟ၊ ဆိုင်ရာဟိတ်ကလေး ထုတ်မယ်နော်၊ ဒါ အထူးသဖြင့် မှတ်ဖို့တွေ ပြောတာ။ ဤဟိတ် ၁-ပါး ၂-ပါး၊ ဒါဘဲ မဟုတ် လား (မှန်ပါ)။ ၁-ပါး စုံလျက်ကို မရှိဘူးနော်။ ဤဟိတ် ၁ ပါး ၂ ပါး ပစ္စည်းတရားလို့ ဆိုလိမ့်မယ်။

ဒါကြောင့် သတိပြုလိုက်စမ်း၊ နံပါတ် ၄၊ **အကုသလော အကုသလသင်္ခ- အကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား** ဟိုတုန်းကအတိုင်း ဆိုရိုးဆိုနော်။ သမ္မယုတ္တခန္ဓာအားတပ်သော အကုသိုလ်စိတ် ဒွါဒသ စေတသိက် သတ္တဝီသ စိတ္တက္ခဏ

တခုတခုဌ်ရှိသော လောဘမူဖြစ်အံ့- လောဘ, မောဟ၊ ဒေါသမူဖြစ်အံ့-ဒေါသ, မောဟ၊ မောဟမူဖြစ်အံ့-မောဟ၊ ဤဟိတ် ၁-ပါး ၂-ပါးပစ္စည်းတရားရ၏။

အကုသလသ ဓမ္မသဟူသော သမ္မဒါန်ပုဒ်၏ အရကား အကုသိုလ်စိတ် ဒွါဒသ၊ စေတသိက် သတ္တာဝီသ ဟုတ်တယ် မဟုတ်လား (မှန်ပါ)။

သို့ပေမယ်လို့ ဟိုပါဠိတော်တုန်းကလဲ ဘုန်းကြီးပြောပြီ၊ မောဟမူဒ္ဒေ၌ ရှိတဲ့ မောဟ ပစ္စည်းထားလျှင် ၎င်းမောဟသည် ယှဉ်ဘက် မရှိသောကြောင့် ပစ္စယုပ္ပန်ဘက်နေလို့ ရပါ့မလား (မရပါ)၊ မရခြင်းကြောင့် သူ့ကို ကြဉ်ရတယ်နော်။

ဒါကြောင့် **အကုသလသ ဓမ္မသဟူသော သမ္မဒါန်ပုဒ်၏ အရကား** အကုသိုလ်စိတ် ဒွါဒသ, မောဟမူဒ္ဒေ၌ မောဟကြဉ်သော စေတသိက် သတ္တာဝီသ၊ သတ္တာဝီသကတော့ မလျော့ဘူးနော်။ တချို့တုန်းက ဘုန်းကြီးပြောတယ်၊ မောဟ ၃-မျိုးပြောတယ် မဟုတ်လား၊ လောဘမူနှင့်ယှဉ်နေတဲ့ မောဟကတမျိုး, ဒေါသမူနှင့်ယှဉ်နေတဲ့ မောဟကတမျိုး, မောဟမူနှင့်ယှဉ်နေတဲ့ မောဟကတမျိုး။ ဒီလိုရှိတယ်။ မောဟမူနှင့်ယှဉ်နေတဲ့ မောဟသာ ကြဉ်တာ၊ လောဘမူ ဒေါသမူနှင့် ယှဉ်တဲ့ မောဟကို မကြဉ်ဘူး မဟုတ်လား၊ မကြဉ်တော့ စေတသိက် သတ္တာဝီသ၊ မလျော့ရဘူး။

ဒါကြောင့် **အကုသိုလ်စိတ် ဒွါဒသ, မောဟဒုဒ္ဒေ၌ယှဉ်သော မောဟကြဉ်သော စေတသိက် သတ္တာဝီသ သမ္မယုတ္တာခန္ဓာ ပစ္စယုပ္ပန်တရား**ရ၏။

ဟေတုပစ္စယေန ဟူသော ကရိုဏ်းပါဌ်၏အရကား သတိပြု ခုတင်က ကုသိုလ်တုန်းကတော့ တပြိုင်နက် ယထာရဟတပ်ကောင်းသောလို့ ဆိုတယ်။ အခုတော့ တပြိုင်နက် တပ်ကောင်းသောလို့ အကုသလပဒ ၃-ချက်မှာဆိုပါ။ ဘာ့ကြောင့် စကားတွေ ပြောင်းတယ်ဆိုတာ နောက်နေ့ကျတော့ နားလည်အောင် ပြောပေးမယ်၊ ဒီနေ့ ရအောင်လုပ်ခဲ့။ ပဌာန်းကို တခါမှ မသင်ဘူးသေးတဲ့ စာသင်သားဖြစ်တဲ့ ပုဂ္ဂိုလ်များကလဲ အထူးဂရုစိုက်ပြီး လေ့လာပါ၊ ရအောင် ရွတ်ခဲ့ပါ၊ ဒီ တပစ္စည်းရလျှင် ဟိုနောက်က အငယ်ပစ္စည်းတွေ ရတာ ဘဲလို့ဆိုတာ ကိန်းသေမှတ်ကြ၊ ဒီနေ့ အပင်ပန်းခံပါ။

ဒါကြောင့် **ဟေတုပစ္စယေန ဟူသော ကရိုဏ်းပါဌ်၏ အရကား** တပြိုင်နက်တပ်ကောင်းသော ယထာရဟကို ဖြုတ်လိုက်နော် (မှန်ပါ)၊ သွားကြည့်စမ်း၊ ခုတင်က နံပါတ် ၁-တုန်းကလိုဘဲ အကြီး ၄-ပစ္စည်း မရဘူးလား (ရပါတယ်)၊ အလတ်က ည-သံ၊ ခုတင်ကလိုဘဲ မဟုတ်လား (မှန်ပါ)၊ ဓိ-ဏ္ဍ-မဂ် ရသလဲမေးလျှင် ဘယ်ဟိတ်ကြောင့် ရတာတဲ့ (အမောဟဟိတ်ကြောင့် ရတာပါ)၊ အကုသလပဒမှာရှိတဲ့ ဟိတ် ၃-ပါးထဲမှာ အမောဟဟိတ် ပါရဲ့လား (မပါပါ)၊ မပါတော့ မရဘူးပေါ့၊ ပါလို့ရနေတာ၊ မပါလျှင် မရနိုင်ပါ။

ဒါကြောင့် သူတို့ ၃-ပစ္စည်းကို ဖြုတ်ပစ်လိုက်တော့ အကြီး ၄-ပစ္စည်း, အလတ်က ၂-ပစ္စည်းဆိုတော့ ၆-ပစ္စည်း မနေဘူးလား (မှန်ပါ)၊ ကိုယ်တိုင်မူလ ဟေတုပစ္စည်းနှင့် ပေါင်းလိုက်တော့ (၇-ပစ္စည်း)၊ တပြိုင်နက်တပ်ကောင်းသော ဟေတု, သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ၊ ဤ ၇-ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရတ်။

ထို့အတူ အကုသလော အဗျာကတသမ္မာ သဟိတ်စိတ္တဇရုပ်အားတပ်သော ထုံးစံအတိုင်း ရုပ်ရှိတော့ ဘာလုပ်ရသလဲ၊ ဘုံသတ်တယ်နော်။ 'ပဠဝေါကာရဘုံ၌ ဖြစ်သောအခါ' ဆိုပြီးတော့ ခုတင်ကအတိုင်း လျှောက်ဆို။ ပစ္စယုပ္ပန်အကောက်ခိုင်းတော့ အကုသိုလ်သည် ပြုအပ်သော သဟိတ်စိတ္တဇရုပ်။

ကရိုဏ်းပါဠိထုတ်မလို့ ဘာရမလဲ။ အညမည, သမ္ပယုတ္တ မရပြန်ဘူး မဟုတ်လား (မှန်ပါ)၊ ဘာထည့်မတုန်း၊ သဟကြီး ၄-ပစ္စည်းရယ်, အလတ်က ဝိပ္ပယုတ္တရယ် ၅-ပစ္စည်းဖြစ်ရော။ ကိုယ်တိုင် ဟေတုနှင့်ဆိုတော့ ၆-ပစ္စည်း (မှန်ပါ)၊ **ဟေတုပစ္စယေနဟူသော ကရိုဏ်းပါဠိ၏အရကား** တပြိုင်နက် တပ်ကောင်းသော ဟေတု, သဟဇာတ, နိဿယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ၊ ဤ ၆-ပစ္စယ သတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရတ်။

နံပါတ် ၆၊ အကုသလော အကုသလာဗျာကတသဒ္ဒါ အကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အားတပ်သော ပဠဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ်ဒွါဒသ စေတသိက်သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော လောဘမူဖြစ်အံ့-လောဘ,မောဟ၊ ဒေါသမူ ဖြစ်အံ့-ဒေါသ, မောဟ၊ မောဟမူ ဖြစ်အံ့-မောဟ၊ ဤ ဟိတ် ၁-ပါး ၂-ပါး ပစ္စည်းတရားရတ်။

အကုသလသ စ အဗျာကတသ စ ဓမ္မသ ခုတင်က ၂-ခုကို ပေါင်းရုံဘဲ မဟုတ်လား (မှန်ပါ)၊ အကုသိုလ်စိတ်ဒွါဒသ, မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် သတ္တဝီသ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်။

ကရိုဏ်းပါဠိထုတ်တော့ ဘာကျန်သေးသတုန်း၊ အကြီး ၄-ပစ္စည်းရတယ်၊ အလတ်က ရသေးရဲ့လား (မရပါ)၊ ကြက်ခြေပြထားတယ် မဟုတ်လား (မှန်ပါ)၊ ကိုယ်တိုင် ဟေတုနှင့်ပေါင်းတော့ ၅-ပစ္စည်း။

ဆရာတော်။ ။ဦးသူရိယ ဟောစမ်း။

ဦးသူရိယ။ ။အကုသလော အကုသလသ-ကစ၍ အကုပဒ ၃-ချက် ဟောသည်။

ဟေတုဌ္ဌ ဗျာ-ဗျာ အရကောက်

အဗျာကတော အဗျာကတသင်္ခ ပဝတ္တိ, ပဋိသန္ဓေလို့ ၂-မျိုး မဟုတ်လား (မှန်ပါ)။ ပဝတ္တိဖြစ်လျှင် သရုပ်ခွဲတုန်းက ဘာတဲ့တုန်း၊ သမ္မယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ်အားတပ်သော သာမညဝိပါက်ကြိယာဟိတ် ၃-ပါးတမျိုး၊ အဲဒါလဲဘဲ နာမ်နှင့်ရုပ် ခွဲရမယ်။

ဒါကြောင့် **အဗျာကတော အဗျာကတသင်္ခ ပဝတ္တိအခါ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဝတ္တိအခါလို့** ထည့်ပေးနော် (မှန်ပါ)။ နာမ်ကို တခြားခွဲလိုက်စမ်း၊ သမ္မယုတ္တ ခန္ဓာအားရင်း၊ သမ္မယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ်အားရင်းလို့ ၂-ခါဆိုပါ။ အကြီးတုန်းကလဲ အချင်းချင်းအားရင်း၊ အချင်းချင်း နာမကွန္ဓာ စိတ္တဇရုပ်အားရင်း သရုပ်ခွဲသလိုနော် (မှန်ပါ)။ ဘယ်လိုခွဲကြတယ်၊ သမ္မယုတ္တခန္ဓာအားရင်း၊ သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အားရင်းတပ်သော ဟုတ်တယ်မဟုတ်လား (မှန်ပါ)။

ဘာဝိပါက်တွေ ရနိုင်သလဲ၊ ဟေတုဖြစ်ခြင်းကြောင့် သဟိတ်ဝိပါက် ဧကဝိသ သဟိတ်ကြိယာ သတ္တရသ၊ စေတသိက် အဌတိသ စိတ္တကွဏ တခုတခုဌ္ဌရှိသော ဒွိဟိတ်ဖြစ်အုံ့-အလောဘ, အဒေါသ၊ တိဟိတ်ဖြစ်အုံ့-အလောဘ, အဒေါသ, အမောဟ၊ ဤဟိတ် ၂-ပါး, ၃-ပါး ပစ္စည်းတရားရ၏။

အဗျာကတသ ဓမ္မသ ဟူသော သမ္မဒါန်ပုဒ်၏ အရကား ဒီတရားတွေ ပြန်ကောက်မယ် မဟုတ်လား။ သဟိတ်ဝိပါက် ဧကဝိသ, သဟိတ်ကြိယာ သတ္တရသ စေတသိက် အဌတိသ သမ္မယုတ္တခန္ဓာ၊ ပြီးတော့ကော ရုပ်ရှိတယ်နော် (မှန်ပါ)။ သဟိတ်စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟေတုပစ္စယေန ဟူသော ကရိယာပါဠိ၏အရကား ကုသိုလ်လိုဘဲ၊ တပြိုင်နက် ယထာရဟတပ်ကောင်းသော-လို့ ထားပါ ဟုတ်လား (မှန်ပါ)။ ပြီးတော့ ဘာတွေ ကောက်မလဲမေးလျှင် ဦးပဠင်းတို့ သုဒ္ဓသခ်ျာမှာ ပါတာတွေ အကုန်ကောက်လိုက်။ သုဒ္ဓသခ်ျာက ဘယ်နှစ်ပစ္စည်းတဲ့တုန်း (၁၂-ပစ္စည်း)။ အဲဒါလတ်ကြီး (၈) နှင့် ဓိ-ဏ္ဏ-မဂ် ကိုယ်တိုင် ဟေတု၊ ပေါင်း ၁၂-မဟုတ်လား၊ အကုန်ထုတ်။

ဘာဖြစ်လို့ထုတ်သလဲ၊ ခုတင်တုန်းကတော့ စည်းနှင့် ကမ်းနှင့် လာတယ်။ ဒီကျတော့ ပေါင်းပြီး အကုန်ထုတ်နေပြီ မဟုတ်လား။ ထုတ်နည်းကို ဘုန်းကြီး ပြောပြမယ်။ ရနေတဲ့ ပစ္စည်းတရားက ဘယ်သူတဲ့။ ဟိတ် ၃-ပါး။ ဘယ်ဟိတ်လဲမေးလျှင် ဝိပါက်နှင့် ယှဉ်ခိုက် ကြိယာနှစ်ယှဉ်ခိုက် ဟိတ် ၃-ပါး ကောက်တယ်မဟုတ်လား (မှန်ပါ)။ ပစ္စယုပ္ပန်က ဝိပါက်ကြိယာရယ် သူ့ကြောင့်ဖြစ်တဲ့ရုပ်ရယ် ဒါတွေရတယ်မဟုတ်လား၊ ဒါတွေရတော့ အကြီး ၄-ပစ္စည်းမှာတော့ ဒီတရားတွေ အကုန်အစုံရှိတာပေါ့။ အလတ် ၄-ပစ္စည်း ရှိကြရဲ့လားလို့

မေးတော့ ဟိုတုန်းက ဘာတွေ ပြောသတုန်း၊ နာမ်ပစ္စည်း, နာမ်ပစ္စယုပ္ပန်ဖြစ်လျှင် အညမည သမ္ပယုတ္တက ရမယ်၊ ဒီလို မဟုတ်လား (မှန်ပါ)၊ နာမ်ပစ္စည်း ရုပ်ပစ္စယုပ္ပန်ဖြစ်လျှင် ဘယ်သူရမယ် (ဝိပ္ပယုတ္တ ရပါမယ်)၊ ဝိပါက်နာမ်, ဝိပါက်ရုပ်ဖြစ်လျှင် ဘယ်သူရနိုင်တယ် (ဝိပါကရနိုင်ပါတယ်)၊ ဒါကို ဦးပဉ္စင်းတို့ ကြိုတင်နားလည်ထားပါ။

ပြန်နားထောင်စမ်း၊ နာမ်ပစ္စည်း နာမ်ပစ္စယုပ္ပန်ဆိုလျှင် ဘယ်သူတဲ့တုန်း (အညမည သမ္ပယုတ္တ)၊ နာမ်ပစ္စည်း ရုပ်ပစ္စယုပ္ပန်ဆိုလျှင် (ဝိပ္ပယုတ္တ)၊ ဝိပါက်နာမ် ဝိပါက်ရုပ်ဆိုလျှင် (ဝိပါက)၊ အလတ်ရနိုင်တဲ့ တရားသာမညနည်း၊ ဟုတ်လား (မှန်ပါ)။

ဒီတော့ ဒီမှာ နာမ်ပစ္စည်း နာမ်ပစ္စယုပ္ပန်ရှိရဲ့လားမေးတော့ ပါဠိတော်အနေအားဖြင့် မရှိဘူး။ နာမ်ပစ္စည်း, နာမ်ရုပ်ပစ္စယုပ္ပန် ဖြစ်မနေဘူးလား (မှန်ပါ)၊ အဲဒီနေရာမှာ အကောက်ဆရာတော်ဘုရားကြီးက နာမ်ပစ္စည်း နာမ်ပစ္စယုပ္ပန်ရပါစေတော့လို့ ဆိုပြီး သတိပြုလိုက်စမ်း။

သမ္ပယုတ္တခန္ဓာအားဇင်း-လို့ ပစ္စယုပ္ပန်တကြိမ် ခွဲလိုက်သည်။ ခွဲနိုင်သလောက် ခွဲပစ်လိုက်တာပေါ့ ဟုတ်လား။ ဒီတော့ သမ္ပယုတ္တခန္ဓားအားတပ်တဲ့ ဝိပါက်ကြိယာ ဟိတ် ၃-ပါးဆိုတော့ အညမညနှင့် သမ္ပယုတ္တက မဝင်နိုင်ပေဘူးလား (ဝင်နိုင်ပါတယ်)၊ ရသင့်တဲ့ အကြောင်းကို ဘုန်းကြီးပြောနေတာ။

ပြီးတော့ ထိုနည်းတူစွာ ခွဲလိုက်လျှင် သဟိတ်စိတ္တဇရုပ်အားတပ်သော ဝိပါက်ကြိယာဟိတ် ၃-ပါးလို့ ဒီလိုခွဲယူလျှင်ကော မရဘူးလား (ရပါတယ်)၊ ရတော့ ဘယ်သူဝင်လာမလဲ (ဝိပ္ပယုတ္တဝင်လာပါမယ်)၊ နာမ်ပစ္စည်း, ရုပ်ပစ္စယုပ္ပန်ဖြစ်ပြီ မဟုတ်လား (မှန်ပါ)။

နောက်တမျိုးက သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အားတပ်သော ကြိယာမထည့်နှင့်၊ ဝိပါက်ဟိတ် ၃-ပါးလို့ ယူလျှင်ကော ဝိပါက မရဘူးလား (ရပါတယ်)၊ အဲဒါကို ယထာရဟလို့ ခေါ်တယ်။

အခုကနေပြီး နည်းနည်းနားလည်ချင်လျှင် ဒီတရားတွေ အကုန်အစုံရှိတာက သဟကြီး ၄-မဟုတ်လား၊ သဟကြီး ၄-အတွက်တပြိုင်နက်၊ အလတ် ၄-ပစ္စည်းအတွက် ယထာရဟ။ နက်ဖြန်ခါ ဒါကို အဓိပ္ပါယ်အကျယ် ပြောပေးမယ်။

ဒီတော့ အကြီး ၄-ပစ္စည်းလဲ ရတယ်၊ အလတ် ၄-ပစ္စည်းလဲ ရတယ်လို့ဆိုတော့ ၈-ပစ္စည်း မနေဘူးလား (မှန်ပါ)၊ ဒီက ဟိတ် ၃-ပါးလုံးတောင် ရထားတယ်။ ဓိ-ဏ္ဏ-မဂ်က ဟိတ် ၃-ပါးရရဲ့လား။ အမောဟဟိတ် တပါးတည်း မဟုတ်လား (မှန်ပါ)၊ သူကလဲဘဲ ပစ္စည်း ယထာရဟမဖြစ်ဘူးလား (ဖြစ်ပါတယ်)၊ ခုတင်က ၈-ပစ္စည်းထဲကို ဒီ ၃-ပစ္စည်းထည့်လိုက်တော့ ၁၁-ပစ္စည်း၊ ကိုယ်တိုင် ဟေတုနှင့်ပေါင်းတော့ ၁၂-ပစ္စည်း။

ဒါကြောင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဟေတု, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ဝိပါက, ဣန္ဒြိယ, မဂ္ဂ, သမ္မယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ၊ ဤ ၁၂ ပစ္စယသတ္တိတို့တွင် ဟေတုသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။ အဲဒါ ပဝတ္တိတဲ့၊ ဦးဉာဏ ကောက်ကြည့်စမ်းပါ။

ဦးဉာဏ။ ။အဗျာကတာ အဗျာကတသဿ ပဝတ္တိအခါ (၀) ရ၏။

အဲဒါက ပဝတ္တိမျှရှိသေးတယ်၊ ပဋ္ဌိသန္ဓိက္ခဏော ဝိပါကာဗျာကတာ ဟေတူ သမ္မယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဟေတုပစ္စယေန ပစ္စယောတဲ့။

ကဲ သတိပြုစမ်း၊ **ပဋ္ဌိသန္ဓေအခါ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား** ခုတင်ကအတိုင်းဘဲ နာမ်နှင့်ရုပ် ခွဲလိုက် ဟုတ်လား။ သမ္မယုတ္တခန္ဓာအားရင်း၊ သမ္မယုတ္တခန္ဓာ ကဋတ္တာရုပ်အားရင်း တပ်သော သဟိတ်ပဋ္ဌိသန္ဓေ သတ္တရသ, စေတသိက်ပဉ္စတိံသ စိတ္တက္ခဏ တခုတခုဌ္ဌရှိသော ဒွိဟိတ်ဖြစ်အံ့၊ တိဟိတ်ဖြစ်အံ့၊ ဒီလိုဆိုသွားပါနော်။ ဤဟိတ် ၂-ပါး ၃-ပါး ပစ္စည်းတရားရ၏။

အဗျာကတသ ဓမ္မသဟူသော သမ္မဒါန်ပုဒ်၏ အရကား သဟိတ်ပဋ္ဌိသန္ဓေ သတ္တရသ, စေတသိက်ပဉ္စတိံသ သမ္မယုတ္တခန္ဓာ, ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။

ဟေတုပစ္စယေနဟူသော ကရိဏီး ပါဋ္ဌ၏အရကား သတိပြု။ ခုတင်က ပဝတ္တိတုန်းက ဘယ်လောက်တုန်း ၁၂-မဟုတ်လား (မှန်ပါ)၊ အဲဒီ ၁၂-ထဲမှာ အဓိပတိပါမနေဘူးလား (ပါပါတယ်)၊ ဦးပဉ္စင်းတို့ သဟဇာတာဓိပတိ ပါဋ္ဌိတော် သင်တုန်းက ပဋ္ဌိသန္ဓိက္ခဏော ဟောခဲ့သလား (မဟောပါ)၊ မဟောလျှင် ပဋ္ဌိသန္ဓေအခါမှာ အဓိပတိမရှိဘူးလို့ နားလည်ပါ။ ၁၂-ထဲမှာ အဓိပတိနုတ်တော့ ဘယ်လောက်ကျန်သတုန်း (၁၁-ပါးကျန်ပါတယ်)၊ ဦးကောလိယ ဟောစမ်းပါ၊ ပဋ္ဌိသန္ဓေအခါ။

ဦးကောလိယ။ ။တခေါက်ဟောသည်။

ဆရာတော်။ ။အားလုံးဟောစမ်းပါ ပဝတ္တိက စပြီးတော့။

သံဃာတော်များ။ ။တခေါက်ဟောကြသည်။

ဆရာတော်။ ။ကုန်သွားပြီနော်၊ တခေါက်ပြန်မယ်လို့ ကုသလပဒ ၃-ချက် ဦးပညာနန္ဒ ဟောစမ်း။

ဦးပညာနန္ဒ။ ။ကုသလပဒ ၃-ချက် တခေါက်ဟောသည်။

ဆရာတော်။ ။အကုပဒ ၃-ချက် ဦးသုဇာတ ဟောစမ်း။

ဦးသုဇာတ။ ။အကုပဒ ၃-ချက်ဟောသည်။

ဆိုရိုးဌ ဘုံသတ် မသတ်

ဆရာတော်။ ။ဗျာဗျာ-ပဒ၊ ပြန်ပြီး သတိပြုနားထောင်စမ်း၊ ပဝတ္တိမှာဘဲ ဖြစ်ဖြစ်၊ ပဋိသန္ဓေမှာဘဲဖြစ်ဖြစ် နောက်က ပြီးလာခဲ့တဲ့ အစဉ်အလာ ကုသိုလ်, အကုသိုလ်တုန်းက ပစ္စည်းနာမ်, ပစ္စယုပ္ပန်နာမ်ဖြစ်လျှင် ဘုံမသတ်ရဘူး၊ ဒီလို မဟုတ်လား (မှန်ပါ)။ ပစ္စည်းနာမ်, ပစ္စယုပ္ပန်ရုပ် ရုပ်တဖက်ပါလာလျှင် ဘုံသတ်ရတယ်။

ထိုနည်းတူစွာ နံပါတ် ၃-မှာ ပစ္စည်းက နာမ်, ပစ္စယုပ္ပန်က နာမ်ရုပ် ဆိုတော့လဲ ဘုံသတ်ရတယ် မဟုတ်လား (မှန်ပါ)။

အဗျာကတကျတော့ ကြည့်စမ်း၊ ပစ္စည်းက နာမ်, ပစ္စယုပ္ပန်က နာမ်ရုပ်မဟုတ်လား (မှန်ပါ)၊ သို့ပေမယ်လို့ အကောက်ဆရာတော်ဘုရားကြီးက ခုတင်က နာမ်ကို သီးသန့်ခွဲထုတ်တယ်၊ သမ္မယုတ္တခန္ဓာအားရင်း, သမ္မယုတ္တခန္ဓာသဟိတ် စိတ္တဇရုပ်အားရင်းလို့ ခွဲလိုက်တာ ဘာအလို့ဌာလဲတဲ့၊ အဲဒါကလေး သတိထားစမ်း၊ နာမ်ပစ္စည်း နာမ်ပစ္စယုပ္ပန်ဖြစ်နေလျှင် စတုဝေါကာရဘုံလဲ ရနိုင်တယ်၊ ပဉ္စဝေါကာရဘုံလဲ ရနိုင်တယ်၊ ဒါမှမဟုတ်လို့ နာမ်ပစ္စည်း, နာမ်ရုပ် ပစ္စယုပ္ပန် ဖြစ်နေလျှင်တော့ ပဉ္စဝေါကာရဘုံသာ ရမယ်မဟုတ်လား (မှန်ပါ)။

အဲဒါကြောင့် နာမ်ပစ္စည်း, နာမ်ပစ္စယုပ္ပန်အနေနှင့် သမ္မယုတ္တခန္ဓာအားရင်းလို့ တကြိမ်ခွဲလိုက်တော့ စတုဝေါကာရပါ ရနေတယ်၊ ဒါကြောင့် အားတပ်သော ဆိုပြီးတော့ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါလို့ မထည့်ရတော့ဘူးနော် (မှန်ပါ)။

အဲဒါကို သတိထားပါ ဆိုရိုးမှာ တရားပြင်နေလျှင်၊ ဘာဖြစ်လို့ သမ္မယုတ္တခန္ဓာအားရင်း ခွဲလိုက်တာလဲ ခုတင်က ပစ္စယသတ္တိထုတ်တော့ **အညမည, သမ္မယုတ္တ ရစေခြင်း** အကျိုးရှိတယ် မဟုတ်လား (မှန်ပါ)၊ အခုပြောတာက ဘာတုန်း၊ ဘုံမသတ်ရတော့ဘူးဟုတ် လား (မှန်ပါ)၊ အဓိပ္ပါယ်က ဘာကြောင့်လဲမေးလျှင် သတိပြုလိုက်စမ်းပါဦး၊ ကုသိုလ် အကုသိုလ်တရားတွေကတော့ ကုသလော ကုသလဿ, အကုသလော အကုသလဿဆိုလျှင် စတုဝေါကာရခေါ်တဲ့ အရူပလေးဘုံမှာလဲ ဖြစ်နိုင်တယ်၊ ပဉ္စဝေါကာရဘုံတွေမှာလဲ ဖြစ်နိုင်တယ်။

နောက် ၂-ချက် ကုသလော အဗျာကတဿ, အကုသလော အဗျာကတဿတို့ကျတော့ စတုဝေါကာရ ရသေးရဲ့လား (မရပါ)၊ နံပါတ် ၃-ကော စတုဝေါကာရ ရပ့ါမလား (မရပါ)၊ ဘာဖြစ်လို့လဲ ရုပ်တွေပါနေလို့ (မှန်ပါ)။

ဒီတော့ ဒီအကုသိုလ်တို့ ကုသိုလ်တို့ ဆိုတာကတော့ စတုဝေါကာရမှာ ဖြစ်ကောင်းတယ်၊ အဗျာကတခေါ်တဲ့ ဝိပါက်ကြိယာ မဖြစ်ကောင်းဘူးလား မေးလျှင် ဖြစ်ကောင်းတယ်

(မှန်ပါ)၊ ဖြစ်ကောင်းသည်၏ အဖြစ်ကို ထင်ရှားစေလို၍ ဘာလုပ်လိုက်တယ်၊ သမ္မယုတ္တ ခန္ဓာအားလုံး ဒီလို မဟုတ်လား။ ပဝတ္တိ, ပဋိသန္ဓေ ၂ မျိုးစလုံး ဒီသဘောဘဲ။ ဦးဉာဏဝရ ဆက်ဆိုစမ်း-အဗျာကတော အဗျာကတသ။

ဦးဉာဏဝရ။ ။အဗျာကတော အဗျာကတသ၌ ပဝတ္တိအခါ (၀) ရ၏။

ဆရာတော်။ ။ဟေတုအရကောက် ကုန်ရော၊ အဲဒါကို ကျေနေအောင် လုပ်ခဲ့ပါ။ ဒီနေ့ အနန္တရ မဆက်သေးပါဘူး။ ဒီ ဟေတုအရကောက် ဦးပဋ္ဌင်းတို့ ကျေနေပြီဆိုလျှင် ကျန်တဲ့ အငယ် ၆-ပစ္စည်းအရကောက်က ဒီအတိုင်း ပြီးနေပါလိမ့်မယ်။ အဲဒီက မရလို့ရှိလျှင် နောက်လဲ ထစ်ထစ်ထစ်ထစ်နှင့် ဖြစ်နေမှာဘဲ၊ ဘယ်တော့မှ ရမှာမဟုတ်ဘူး။ ဒါကြောင့် ဒီတခုထဲ ဒီနေ့ စေ့စေ့စပ်စပ် ချပေးတယ်။

ကဲ တော်ကြဦးစို့။ စာချရက် ၁၅-ရက်ရှိပြီ။

တပြိုင်နက် ယထာရဟတပ်ကောင်းသော ဆိုရိုးပြုပုံ

မနေ့က ဟေတုပစ္စည်းရဲ့ အရကောက် ပြီးသွားရော။ ပစ္စည်းကောက်ပုံ, ပစ္စယုပ္ပန်ကောက်ပုံ ဒါကလေးတွေတော့ တော်တော်ကလေး နားလည်သင့်ပါပြီ။ ကရိုဏ်းပါဠိ ကောက်တဲ့အခါမှာ မနေ့က ချန်ထားခဲ့တဲ့ ကုသလပဒ ၃-ချက် ကောက်တော့ ဆရာတော်များက တပြိုင်နက် ယထာရဟ တပ်ကောင်းသောလို့ ဆိုရိုးပြုတယ်၊ ဟေတုပစ္စယေန ဟူသော ကရိုဏ်းပါဠိ၏ အရကား (တပြိုင်နက် ယထာရဟ တပ်ကောင်းသော) ဆိုရိုးပြုပုံနော်။

အကုသလပဒ ၃-ချက်ကျတော့ ဟေတုပစ္စယေန ဟူသော ကရိုဏ်းပါဠိ၏ အရကား (တပြိုင်နက် တပ်ကောင်းသော)။

အဗျာကတပဒ ပဝတ္တိ, ပဋိသန္ဓေမှာလဲ တပြိုင်နက် ယထာရဟပါဘဲ။

အဲဒီလို သုံးစွဲနည်း ၂-မျိုး ရှိလာပါတယ်တဲ့။ နံပါတ် ၁-တမျိုးက ဘာလဲ၊ တပြိုင်နက် ယထာရဟ တပ်ကောင်းသော၊ နောက်တခုက တပြိုင်နက်တပ်ကောင်းသော မတူကြဘူး။

မူ-မူလီ

အဲဒီ မတူတာ ဘာကွာခြား နေသလဲ၊ ဘာကြောင့် ဒီလို ဆိုရိုး ခွဲထားသလဲလို့မေးလျှင် အခု ဟေတုကို ဟောနေတဲ့အချိန်မှာ ဟေတုက **မူ-ပစ္စည်း**ခေါ်တယ်၊ ဟောဆဲပစ္စည်းပေါ့။ ကြွင်းတဲ့ ပစ္စည်းတွေက ဘာတုန်း ဟိုတချိန်က ပြောထားခဲ့တယ်။ သဘာဂ ပစ္စည်းတွေ မဟုတ်လား (မှန်ပါ)၊ **သဘာဂပစ္စည်း**တွေဟာ **မူလီပစ္စည်း**လို့ ခေါ်တယ်။

သုဒ္ဓသင်္ခ်ာက ယထာရဟ ပစ္စည်းရေ လတ်ကြီး (၈) နှင့် ဓိ, ဣ, မဂ်၊ ပေါင်း ၁၂ ဒီလိုမဟုတ်လား (မှန်ပါ)၊ ဒီမှာ ၁၁-ပစ္စည်းက မူလီ၊ မူက ဘယ်သူလဲ၊ ဟေတုပစ္စည်း။ အဲဒီလို မူ, မူလီ ၂-မျိုးကို ကိုယ်က နားလည်ထားပါ။

အဲဒီလို မူ, မူလီ ၂-မျိုး နေပြီးတဲ့နောက်မှ ဆိုရိုးကို ဆရာတော်ကြီးများ ပြုပုံဟာ ဘာကို ပဓာနထားသလဲ၊ **မူကို ပဓာနထားတယ်**၊ မူမှာ ကုသလော ကုသလသာ ဆိုကြပါစို့၊ ဟေတုက သူ့မှာ ပစ္စည်းတရားအနေအားဖြင့် ကုသိုလ် ဟိတ် ၃-ပါး ရှိတယ်တဲ့။ ပစ္စယုပ္ပန်အနေအားဖြင့် ကုသိုလ်စိတ် ဧကဝိသ, စေတသိက် အဌတိံသ သမ္မယုတ္တာခန္ဓာခေါ်တဲ့ ပစ္စယုပ္ပန်တရား ရှိတယ်။

ဒီလို ပစ္စည်း, ပစ္စယုပ္ပန်တရားမျိုး သဟဇာတမျိုးထဲတွင် ဒို့အမျိုးထဲတွင် ဆိုလျှင် ပိုတောင် ကောင်းသေးတယ်။ ဒို့အမျိုးထဲတွင် ဘယ်သူ့မှာမျာ ဒါမျိုးရှိကြသလဲ၊ ဟေတုက မူလုပ်ပြီးမေးတယ်၊ **သဘာဂ** အားဖြင့်ပေါ့နော်။ အဲဒီလို မေးတဲ့အခါကျတော့ ဘာပြောမလဲ၊ သဟကြီး ၄-ပစ္စည်းက ဒို့မှာ ဤမျှမက ရှိတယ်။ ဘယ့်နှယ်လုပ်ပြောမလဲ၊ အချင်းချင်းအားတပ်သော နာမကွန္ဓာ ၄-ပါး ဆိုတာ ပစ္စည်းလဲ နာမကွန္ဓာ ၄ ပါး။ ပစ္စယုပ္ပန်လဲ နာမကွန္ဓာ ၄ ပါး မဟုတ်လား (မှန်ပါ)၊ ဒီတော့ ပစ္စည်း နာမကွန္ဓာ ၄ ပါးထဲမှာ ကုသိုလ်ဟိတ် မပါပေဘူးလား (ပါပါတယ်)၊ ပစ္စယုပ္ပန် နာမကွန္ဓာ ၄-ပါးမှာကော ကုသိုလ်စိတ် ဧကဝိသ မပါပေဘူးလား (ပါပါတယ်)။

ဒါကြောင့် သဟကြီး ၄-ပစ္စည်းက ဒို့မှာ ဤမျှမက ရှိပါတယ်တဲ့၊ ဒီထက်တောင် ပိုလွန်ပါသေးတယ်တဲ့၊ အကြီး ၄-ပစ္စည်းက ဖြေတယ်။

နောက် အလတ် ၄-ပစ္စည်းထဲက အညမည, သမ္မယုတ္တ မေးပြန်တော့လဲ သူ့ သုဒ္ဓသင်္ခ်ာက ဒီအတိုင်းဘဲ ရှိနိုင်တယ် မဟုတ်လား။ အချင်းချင်းအားတပ်သော အလုံးစုံသော ပဝတ္တိ ပဋ္ဌိသန္ဓေ နာမကွန္ဓာ ၄-ပါးဆိုတော့ သဟကြီး ၄-ပစ္စည်းမှာ ရှိနေသလို ဒီအတိုင်းဘဲ ဟိတ် ၃-ပါးက ပစ္စည်း, ကုသိုလ်စိတ် ဧကဝိသက ပစ္စယုပ္ပန်တွေ သူတို့မှာလဲ ရှိတာပေါ့။ မနေ့က ပြောခဲ့ပြီ၊ ဝိပါက, ဝိပ္ပယုတ္တတို့မှာတော့ မရသင့်သေးဘူး မဟုတ်လား (မှန်ပါ)။

ကဲ ဒါဖြင့် ကောင်းပြီ၊ အဓိပတိ, ဣန္ဒြိယ, မဂ္ဂ မေးတော့ အဓိပတိ, ဣန္ဒြိယ, မဂ္ဂမှာလဲ သမ္မယုတ္တာခန္ဓာ စိတ္တဇရုပ် ပဋ္ဌိသန္ဓေကမ္မဇရုပ်လို့ ပစ္စယုပ္ပန် တရားတွေ ရှိတယ်မဟုတ်လား (မှန်ပါ)၊ ပစ္စည်းအနေကျတော့ အခု တရားကောက်နေတဲ့ ဟိတ် ၃-ပါးစလုံး သူတို့ဆီမှာ ရှိရဲ့လား (မရှိပါ)၊ ဘာဟိတ်လောက်တင် သူတို့မှာ ရှိနိုင်သလဲ (**အမောဟဟိတ်**ဘဲ ရှိပါတယ်)၊ အဓိပတိမှာလဲ ဝိမံသာဓိပတိခေါ်တဲ့ အမောဟဟိတ်တပါးသာ ရှိတယ်၊ ဣန္ဒြိယမှာလဲ ထို့အတူ ပညိန္ဒြေခေါ်တဲ့ အမောဟတပါးသာရှိတယ်၊ မဂ္ဂမှာလဲ သမ္မာဒိဋ္ဌိမဂ္ဂင်ခေါ်တဲ့ ပညာ အမောဟ စေတသိက် တလုံးဘဲ ရတယ်မဟုတ်လား (မှန်ပါ)။

ဒီတော့ သူတို့အနေကတော့ ဘာပြောသင့်သလဲ၊ ဒို့မှာတော့ ဟိတ် ၃-ပါးတော့ မရှိဘူးကွယ်၊ သဘောတူတဲ့ဟိတ်က ဒို့ဆီမှာ တပါးတော့ ရှိတယ်၊ အလောဘ အဒေါသ မရှိဘူး၊ ဒီလို မဟုတ်လား (မှန်ပါ)၊ အမောဟဟိတ် တပါးစီတော့ ဒို့မှာ ရှိကြပါတယ်။ ဒို့တော့ ပြိုင်ခွင့်ရမလားလို့ မေးလျှင် ရှိသလောက်နှင့် ပြိုင်တာပေါ့၊ ဗမာလို ရှိသလောက်နှင့် ပြိုင်တာပေါ့ဥစ္စာ ပါဠိသုံးတော့ ယထာရဟ မဟုတ်လား (မှန်ပါ)၊ တော်သလိုပေါ့ကွယ်၊ ထိုက်သလို ရှိသလောက် ပြိုင်ရတာပေါ့၊ ဒီအဓိပ္ပါယ်မျိုး ထွက်လာတယ်။

အကြီး ၄-ပစ္စည်းနှင့် အလတ် ၂-ပစ္စည်းအနေကတော့ ဒို့အကုန်လုံး ရှိတယ်လို့ဆိုတော့ တပြိုင်နက်ပြိုင်တယ်လို့ ခေါ်တယ်၊ အဓိပတိ, ဣန္ဒြိယနှင့် မဂ္ဂက ရှိသလောက်နှင့် ပြိုင်ရတာကို ယထာရဟလို့ ခေါ်တယ်နော် (မှန်ပါ)၊ အဲဒါကြောင့် ကုသလပဒ ၃-ချက်မှာ တပြိုင်နက် ယထာရဟတပ်ကောင်းသောလို့ ဆရာတော်ကြီးများ ဆိုရိုး ပြုတော်မူပါတယ်။

မှတ်ထားခဲ့နော် တမျိုး။ နောက်တမျိုး ပြောမယ်၊ ပြီးတော့မှ မှတ်တမ်းရေးနည်းကို ဘုန်းကြီးပြောပြမယ်။

အကုသလပဒကျတော့ ဥပမာ အကုသလော အကုသလဿလို့ဆိုတော့ ပစ္စည်းက အကုသိုလ်ဟိတ် ၃-ပါး၊ ပစ္စယုပ္ပန်က အကုသိုလ်ဒွါဒသ, မောဟမူဒ္ဓေ၌ မောဟကြဉ်သော စေတသိက် သတ္တာဝီသတည်းဟူသော သမ္မယုတ္တခန္ဓာ ရှိတယ်၊ ဒီတော့ ဟေတုက သူ့မှာ ဒါရှိတယ်တဲ့၊ အကုသိုလ်ဟိတ် ၃-ပါးက ပစ္စည်း၊ အကုသိုလ်ဒွါဒသ သမ္မယုတ္တခန္ဓာက ပစ္စယုပ္ပန်၊ ဘယ်သူမျှား ရှိကြသလဲလို့ မေးတော့ ခုတင်ကလိုဘဲ အကြီး ၄-ပစ္စည်းနှင့် ည-သံက သူတို့အားလုံး မရှိပေဘူးလား (ရှိပါတယ်)၊ ရှိတော့ သူတို့က တပြိုင်နက် မဖြစ်နိုင်ပေဘူးလား (ဖြစ်နိုင်ပါတယ်)၊ ဓိ-ဣ-မဂ် ကော ရသေးရဲ့လား (မရပါဘူး)၊ မရတော့ သူတို့အတွက် ယထာရဟတပ်စရာ လိုသေးရဲ့လား (မလိုပါ)။

ဒါကြောင့် အကုပဒ ၃-ချက်မှာ ဟိတ် တပါးတလေမျှနှင့် ဝင်ပြီးပြိုင်သော ပစ္စည်း မရှိသောကြောင့် ယထာရဟထည့်ပြီး မသုံးပါနှင့်။

အဗျာကတပဒတော့ မနေ့က ဘုန်းကြီး ပြောထားတယ်၊ ပစ္စယုပ္ပန် ပြင်ရတယ် မဟုတ်လား (မှန်ပါ)၊ ပစ္စယုပ္ပန်မှာ ပြင်ရတယ်။

တပြိုင်နက် ထုတ်ပုံထုတ်နည်း

အဲဒါကြောင့် မှတ်ချင်လျှင် မှတ်တမ်းရေးနည်းက ဒီလိုမှတ်၊ နံပါတ် ၁ **မူပစ္စည်းထက် မူလီပစ္စည်းက တရားအရ သာနေသော်ရင်း, တူမျှနေသော်ရင်း** တပြိုင်နက် တပ်ကောင်းသောဟုဆိုတယ်၊ တပြိုင်နက်ဆိုတာ သုံးတာဟာ ဒါကို ကြည့်သုံးတာ။

ဥပမာ ဒီမှာရှိတယ် မူပစ္စည်းက ဟေတု၊ ဟေတုက ကု-ကုမှာ ကုသိုလ်ဟိတ် ၃-ပါးစီရှိတယ် မဟုတ်လား၊ သဟဇာတ်ကြီး ၄-နှင့် ဥ-သံက သူတို့ထက် တရားတွေ ပိုပြီးတော့ သာပြီး မရှိဘူးလား (ရှိပါတယ်)၊ ရှိနေတော့ ဒီသဟဇာတ်ကြီး ၄-နှင့် ဥ-သံအတွက်က ဘာဖြစ်သလဲ၊ တပြိုင်နက်။

ဒီလိုမဟုတ်ဘဲနှင့် မူထက်ဘဲ မူလီက သာနေသေးလျှင်လဲ တပြိုင်နက်၊ မူအတိုင်းဘဲ မူလီကလဲ ထပ်တူထပ်မျှ ရှိနေတယ်ဆိုလျှင်လဲ တပြိုင်နက်ဘဲခေါ်တယ်၊ မှတ်ထားခဲ့။

ယထာရဟ ထုတ်ပုံထုတ်နည်း

နံပါတ် ၂၊ မူပစ္စည်းထက် မူလီပစ္စည်းက တရားအရ နည်းနေလျှင် ယထာရဟတဲ့၊ ယထာရဟပြိုင် ခေါ်တယ်နော် (မှန်ပါ)။

ဘာမှ ဝန်မလေးနှင့် ပဋ္ဌမဦးဆုံး တွေ့တာကလေးတွေ ကျေကျေနပ်နပ် သဘောကျအောင် ဘုန်းကြီးလဲ တတ်နိုင်သလောက် သဘောကျအောင် ပြောပေးနေတယ်၊ ဒီဟာကလေးတွေနှင့် ဘုန်းကြီးပြောပေးတာနှင့် ကိုယ့်ရှိတဲ့အသိဉာဏ်နှင့် အံကျဖြစ်အောင် တွေးတတ်စေရတယ်။

အဲဒီလို သဘောကျလာပြီဆိုတော့ ဒီနေရာက အခု ဘုန်းကြီးက ဘာပြောသလဲ ဒီမှာ ရှင်းလို့ဘဲ၊ ဟေတုနှင့် ကြွင်းတဲ့ပစ္စည်းတွေနှင့် တရားအရ ပြိုင်နေတယ် မဟုတ်လား၊ ပစ္စည်းတရားအရ ပဓာနထားတယ် ပဉ္ဘာဝါရက ပစ္စယုပ္ပန်လဲ ညှိရတာဘဲ၊ ဒီတော့ **ပစ္စည်းတရားအရ ပြိုင်နေဟာကိုဘဲ** ဘာခေါ်သလဲ မေးလျှင် နောင်တော့ ပဋ္ဌာန်းထဲမှာ **ပစ္စည်းပြိုင်တယ်**လို့ ခေါ်တယ်။ ပစ္စည်းပြိုင်ကျမ်းဆိုတာ တမျိုးသန့်သန့်ကို ရှိသေးတယ်၊ ဘာတွေရေးသလဲမေးလျှင် အခုပြောတာတွေ ရေးတယ်။

ပစ္စည်းပြိုင်, သဘာဂ

ဒီတော့ ဒါတွေနားလည်လျှင် ဘုန်းကြီးတချိန်ကလဲ ပြောတယ် ဘာတဲ့တုန်း **ပစ္စည်းပြိုင်** ဆိုတာလဲ သူဘဲဖြစ်ရမယ်, **သဘာဂ**ဆိုတာလဲ သူဘဲဖြစ်ရမယ်, **ယဋ္ဌနာ**ဆိုတာလဲ သူဘဲဖြစ်ရမယ်, **ကရိဏ်းပါဋ္ဌထုတ်**တယ် ဆိုတာလဲ သူဘဲဆိုတော့ အခုဒါဟာ ကရိဏ်းပါဋ္ဌထုတ်နေတာ မဟုတ်လား (မှန်ပါ)၊ **ပစ္စယသတ္တိ**ဆိုတာလဲ သူဘဲ။

တွေ့နေတဲ့ တနေရာက ဦးစွာပဋ္ဌမ တွေ့လာပြီဆိုလျှင် ကျေကျေနပ်နပ်ကြီး ဖြစ်အောင် လုပ်ရတယ်၊ အဲဒီတော့ ကုပဒ ၃-ချက် အကုပဒ ၃-ချက်ကနေပြီးတော့ ပစ္စည်းအားဖြင့် ဘုန်းကြီးပြောပြတယ်နော်၊ ပစ္စယုပ္ပန်မှာပါလာတာ အဗျာကတမှာ၊ မနေ့က ပြောတာကလေး ထပ်ကြည့်စမ်း။

အဗျာကတော ဓမ္မော အဗျာကတသ္မာ ဓမ္မသ္မာ ဟေတုပစ္စယေန ပစ္စယော။ ဝိပါကာ-ဗျာကတာ ကိရိယာဗျကတာ ဟေတူ သမ္မယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော၊ ဒီလို မဟုတ်လား (မှန်ပါ)၊ အရကောက်လိုက်တော့ အကျဉ်းချုပ် ပစ္စည်းက ဘာတုန်း ဝိပါက်ကြိယာနှင့် ယှဉ်သော ဟိတ် ၃-ပါးက ပစ္စည်း၊ ဟုတ်ကြတယ်နော် (မှန်ပါ)၊ မှတ်ထားရတယ် စိတ်ထဲမှာ။

ဘာလဲ ပစ္စည်း၊ ဝိပါက်ကြိယာနှင့် ယှဉ်သောဟိတ် ၃-ပါး၊ ဝိပါက်ကြိယာ နာမက္ခန္ဓာနှင့် စိတ္တဇရူပ်က ပစ္စယုပ္ပန်၊ အဲဒီလို ကိုယ်က ကိုင်ထားရတယ်။

ဟေတုက သူ့မှာ ဒါရှိတယ်တဲ့၊ ပစ္စည်းက ဒါရှိတယ်, ပစ္စယုပ္ပန်က ဒါရှိတယ်၊ အားလုံးကြွင်းတဲ့ပစ္စည်းတွေထဲမှာ ဒီနည်းရှိကြရဲ့လားလို့ မေးတော့ သဟကြီး ၄-ပစ္စည်းက ခုတင်ကပြောသလို ဒို့မှာတော့ အကုန်ရှိတယ်တဲ့၊ ရှင်းသွားပလား (မှန်ပါ)၊ ကုသိုလ် အကုသိုလ်နှင့်လဲ နှိုင်းယှဉ်တတ်ဖို့ ဘုန်းကြီး ဒီဟာကို ထပ်ပြောတာ။

သဟကြီး ၄-ပစ္စည်းက ဒါမျိုးတွေ ဒို့မှာပြည့်လို့ ဒီထက်မက ဒီပြင်တရားတွေတောင် ရှိသေးတယ်ဆိုတယ်၊ ရှိတော့ သူ့အတွက် ဘာဖြစ်လာမလဲ တပြိုင်နက်ဖြစ်မယ်။

အလတ် ၄-ပစ္စည်းကြည့်စမ်း၊ ခုတင်က ည-သံတို့က ပဌမအချက်မှာ တပြိုင်နက်ဝင်နေတယ် မဟုတ်လား (မှန်ပါ)၊ အခုဝင်နိုင်ပါ့မလား သူတို့က ဘယ်အချိန်မှာ တပြိုင်နက်ဖြစ်နိုင်တယ်၊ ပစ္စည်းကနာမ်, ပစ္စယုပ္ပန်က နာမ်ဖြစ်မှ ည-သံရတယ်။ ပစ္စည်းကနာမ် ပစ္စယုပ္ပန်က ရုပ်ဖြစ်တော့ ဘယ်သူရတယ် (ဝိပ္ပယုတ္တရပါတယ်)၊ ဒါကိုလဲ သူတို့အတွက် သိထားရတယ်နော်။

ပြီးတော့ ပစ္စည်းနာမ်, ပစ္စယုပ္ပန် နာမ်ရုပ်ဝိပါက်ဖြစ်ခဲ့လျှင် ဝိပါက ရမယ် (မှန်ပါ)၊ ပစ္စည်းကလဲ နာမ်ချည်းဖြစ်ရမယ်၊ ပစ္စယုပ္ပန်ကလဲ နာမ်နှင့် ရုပ်နှင့် နေထိုင်တယ်၊ သို့သော် ဘာနာမ်ဖြစ်ရမလဲ ဝိပါက် နာမ်ဖြစ်မှ ဝိပါက-က ရမယ်မဟုတ်လား (မှန်ပါ)၊ အခု ဒီမှာက ဝိပါက်တင် မဟုတ်ဘူး၊ (ကြိယာပါ ရှိတယ်မဟုတ်လား၊ ဒီတော့ သူက တပြိုင်နက်ဝင်လို့ ရပ့ါမလား (မရပါ)။

နာမ်ပစ္စည်း နာမ်ပစ္စယုပ္ပန်ထားတော့ ဘယ်လိုလုပ်ထားမလဲ သတိပြု၊ သမ္မယုတ္တ ခန္ဓာအားသာတပ်သော ဝိပါက်ကြိယာဟိတ် ၃-ပါးလို့ထား (မှန်ပါ)။

စိတ္တဇရူပ်အားသာတပ်သော ဝိပါက် ကြိယာ ဟိတ် ၃-ပါးဆိုလျှင် ဘယ်သူရမလဲ (ဝိပ္ပယုတ္တရပါတယ်)။

ဘာပြင်သလဲ ပစ္စည်းပြင်သလား, ပစ္စယုပ္ပန်ပြင်သလား ဒီကျတော့ ချိန်ရတယ်။ ပစ္စယုပ္ပန်ကလဲ လိုက်ပေးနေရတယ်၊ ပစ္စည်းက အမြဲဝိပါက်ကြိယာဟိတ် ၃-ပါးရှိတယ်။

နောက်တချီကြည့် သမ္မယုတ္တခန္ဓာ စိတ္တဇရူပ်အား တပ်သော ဝိပါက်ဟိတ် ၃-ပါး ဆိုတော့ ဘာတွေထုတ်ပစ်လိုက်သလဲ ကြိယာတွေ လျော့မသွားဘူးလား (မှန်ပါ)၊ ကြိယာတွေမပါတော့ ဘာပစ္စည်းအတွက် ဖြစ်လာသလဲ (ဝိပါကအတွက် ဖြစ်လာပါတယ်)၊ ခုတင်တုန်းကတော့ အညမည သမ္မယုတ္တတို့ ဝိပွယုတ္တတို့က ဝိပါက်ရော ကြိယာရော ယူလို့ရတယ်နော်၊ ဝိပါကကျတော့ ယူလို့ရရဲ့လား (မရပါ)၊ ကြိယာကို ဖယ်ချထားပြီး ဝိပါက်တင်ယူရတယ်၊ အဲဒီအချိန်မှာ ဘာပစ္စည်းဝင်လာတယ် (ဝိပါက ပစ္စည်းဝင်လာပါတယ်)။

ဒီတော့ စောစောပိုင်းက ကုသလပဒမှာ ပဌမအချက်, အကုသလပဒ ပဌမ အချက် ပြောတုန်းကတော့ ည-သံကို တပြိုင်နက်ဖြစ်နိုင်တယ်။ ဒုတိယအချက် ဖြစ်လျှင် ဝိပွယုတ္တ တပြိုင်နက်ဖြစ်နိုင်တယ် မဟုတ်လား (မှန်ပါ)၊ ဗျာဗျာကျတော့ သူတို့ မရတော့ဘူး၊ တပြိုင်နက်မရတော့ဘူး ပြောတာနော် (မှန်ပါ)၊ ဘာခေါ်မလဲ သူတို့အတွက် (ယထာရဟ)။

မိ-ဏ့-မဂ် ကတော့ အတူတူဘဲ ကုသလပဒတုန်းကလိုဘဲ ဟိတ် ၃-ပါးမှ မရှိဘဲ၊ သူတို့ ဘယ်နှစ်ပါးရသလဲ တပါးဘဲ မဟုတ်လား (မှန်ပါ)၊ ဝိပါက်ကြိယာ ဟိတ်ထဲမှာလဲ အမောဟဟိတ်ရှိတယ် မဟုတ်လား၊ ဒီအမောဟဟိတ် တပါးရတာဘဲ၊ ဒါကြောင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဆိုပြီးတော့ ဘယ်လောက်တုန်း သူ့တရားကုန်အောင် ၁၂-ပစ္စည်းမဟုတ်လား (မှန်ပါ)၊ ပဋ္ဌိသန္ဓေနယ်ကျတော့ အဓိပတိပစ္စည်းဟာ ပဋ္ဌိသန္ဓေအခါ မဟောခြင်းကြောင့် အဓိပတိချထားတယ်ဆိုတာ နားလည်ပါ၊ ပြီးရောမဟုတ်လား (မှန်ပါ)။

အဲဒါ နောင်မှာ ဦးပဉ္စင်းတို့ တပြိုင်နက်ဆိုဆို တပြိုင်နက် ယထာရဟဆိုဆို မဆိုဘဲ ချန်ထားထား ဆရာတော်ဘုရားကြီးမျှားသုံးတာ ဘာကို ရည်ညွှန်းပြီး သုံးသလဲလို့မေးလျှင် အခု ဘုန်းကြီးပြောတာနော်။ အဲဒါလဲ ဘုန်းကြီးကြုံတဲ့ အဓိပ္ပါယ် ဘုန်းကြီးပြောနေတာ မှတ်ထားရတယ်။

တနေရာမှာသွားပြီး ဆရာသမားတွေထံမှာ လိုက်ပြီး ပညာဆည်းပူးတဲ့အခါကျတော့ ဒီကိစ္စနှင့်စပ်လို့ဆိုပြီး ဆရာတော်ဘုရားကြီးတွေက ဘယ်လိုမျှား မိန့်တော်မူကြသလဲဆိုတာ တနည်းတဖုံ မှတ်ရတယ်နော်။ ဘုန်းကြီးအခု ချပ်ပြပေးနေတာ အမျှားအားဖြင့် ကိုယ်ကြုံကိုယ်တွေ့ သဘာဝအဓိပ္ပါယ်ကလေးတွေ ကိုယ်ပြောပေးနေတယ်။ အရကောက်ထဲမှာ ဆရာတော်ဘုရားကြီးရေးတဲ့ အဓိပ္ပါယ်ကလေးတွေထဲက တချို့တဝက်ပါတယ်၊ မပါတာက မျှားတယ်၊ ဘာဖြစ်လို့လဲလို့မေးလျှင် အဲဒီက စာအုပ်ရှိပြီးသားမို့၊ ဦးပဉ္စင်းတို့ ကြည့်နိုင်တယ်။ သိသင့်တယ်လို့ ထင်တဲ့အဓိပ္ပါယ်ကလေးတွေ ပြောပေးနေတာ။

အဲဒါ မနေ့က တပြိုင်နက် ယထာရဟတပ်ကောင်းသောလို့တမျိုး, တပြိုင်နက်တပ် ကောင်းသောလို့တမျိုး (မှန်ပါ)။

ဒီတော့ ရှေ့ဆက်၊ နည်းနည်းစဉ်းစားရအောင်၊ တချို့က သံသယကလေးတွေ နည်းနည်းဝင်စရာရှိတယ်။ သဟဇာတမျိုး ပစ္စည်းပေါင်း ဘယ်လောက် ရှိသလဲ (၁၅-မျိုးရှိပါတယ်)။ အဲဒီ ၁၅-ပစ္စည်းထဲက အခု ဟေတုမှာ ဘယ်လောက်ရနေမလဲ (၁၂-ပစ္စည်းရပါတယ်)။

သူ့အမျိုး ၁၅-ပစ္စည်းရှိလျက်သားနှင့် ဘာဖြစ်လို့ ၁၃-ပစ္စည်းသာ ရသလဲ၊ ၃-ပစ္စည်းကျန်နေတာ ဘယ်သူတွေလဲ ရှာစမ်း၊ နောက်တုန်းက ပြောပြီးသား။

ဘာကျန်နေသလဲလို့ ကြည့်လျှင် အဝယ် ၇-ပစ္စည်းထဲက ဓိ-ဣ-မဂ်ရတယ် မဟုတ်လား (မှန်ပါ)၊ **ကမ္မ-အာဟာရ-စျာန ၃-ပစ္စည်း ကျန်နေတယ်**။

ကိုယ့် မျိုးပစ္စည်း ၁၅-ပစ္စည်းရှိလျက်သားနှင့် ကိုယ့်မျိုးဖြစ်တဲ့ ကမ္မ-အာဟာရ-စျာန ၃-ပစ္စည်းတော့ ဘာဖြစ်လို့ မထည့်တာလဲမေးလျှင် ဟိုတုန်းက ပြောခဲ့တယ်၊ အားလုံးအမျိုးတော့ တူပါရဲ့ ကိုယ့်အမျိုးတော့ ဟုတ်ပါရဲ့၊ သဘောမတူလို့ဆိုတာ **သဘာဂမဟုတ်လို့** ဟုတ်လား (မှန်ပါ)။

ရှာထဲသွားပြီး နားထောင်ပါလား၊ ဦးပဉ္စင်းတို့ ဒါယိကာယမတွေက စကားများနေတာ၊ သူက ဒို့အမျိုးပါအေ၊ စိတ်ချင်းသဘောထားချင်း မတူတာနှင့် ငါမခေါ်ဘဲနေတာ။ ဒီလို ရှိကြတယ်၊ ကြားဖူးတယ် မဟုတ်လား (မှန်ပါ)၊ အဲဒါမျိုးလို အမျိုးတော့ အမျိုးဘဲ သဘောထားမတူကြလို့ အခု အလုပ်လုပ်ရာကျတော့ ကျန်နေရစ်ခဲ့တယ်။

ဘယ်လိုသဘောမတူတာလဲတဲ့၊ သတိပြုစမ်း၊ အပေါင်းအစည်းအားဖြင့် ဟေတုရဲ့ ပစ္စည်းတရားက ဘယ်သူတဲ့တုန်း (ဟိတ် ၆-ပါး)၊ ကျန်နေတဲ့ ကမ္မရဲ့ ပစ္စည်းတရားက ဘယ်သူတဲ့တုန်း (စေတနာပါ)၊ ဟိတ်ဟုတ်ရဲ့လား (မဟုတ်ပါ)၊ မတူဘူးတဲ့၊ အဲဒါ သဘော မတူတဲ့ တရား ဝိသဘာဂတရား ခေါ်တယ်နော် (မှန်ပါ)။

သဘောတူတဲ့ပစ္စည်းကို ဘာပစ္စည်းခေါ်သလဲမေးလျှင် သဘာဂပစ္စည်း၊ သဘောမတူတဲ့ပစ္စည်းကို ဝိသဘာဂပစ္စည်း။

ဦးပဉ္စင်းတို့ နှုတ်ထဲ ပါးစပ်ထဲ ဒီစကားကလေးတွေ ရောက်ပေစေ၊ ကမ္မက စေတနာ။ စေတနာဟာ ဘယ်တုန်းကမှ ဟိတ်မဖြစ်တာကြီးဘဲ။

ထို့အတူ အာဟာရရဲ့ ပစ္စည်းတရားက ဘယ်သူလဲမေးလျှင် ဖဿ စေတနာ ဝိညာဉ်၊ ရှာကြည့်ပါလား၊ ဖဿလဲ စေတသိက်ဘဲ မဟုတ်လား (မှန်ပါ)၊ စေတနာကကော (စေတ

သိက်ပါဘဲ)။ သူတို့ကော ဟိတ်ထိုက်ရဲ့လား (မထိုက်ပါ)။ ဒီတော့ ဝိသဘာဂ။ ဝိညာဉ်ဆိုတာက စိတ်မဟုတ်လား၊ ဟိတ် ၆-ပါးက စေတသိက်တွေ မဟုတ်ဘူးလား၊ တူရဲ့လား (မတူပါ)။ အဲဒါ ဝိသဘာဂပစ္စည်းမို့ ကျန်နေတယ်။

မေးဦး၊ ရှေ့တပစ္စည်း ကျန်နေသေးတယ်။ စျာနမှာ စျာနင်တရားကိုယ် ၅-ပါး ပစ္စည်း။ ဘယ်သူတွေလဲ (ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာ)၊ အဲဒီ ၅-မျိုးစလုံး ဟိတ်ဖြစ်ပါ့မလား (မဖြစ်ပါ)။

ပစ္စည်းသဘောမတူတာကို ဝိသဘာဂပစ္စည်းခေါ်တယ်၊ သဘောတူမှ ပေါင်းသင်းလို့ရတယ်။ သဘောမတူလျှင် အပေါင်းအသင်းမလုပ်နှင့်။ လုပ်လို့လဲမဖြစ်ဘူး။ သဘောတူမှ သဘာဂဖြစ်မှ အတူနေ အတူသွား အတူလာ အတူစား ဆိုသလို ဖြစ်တယ်။ ဝိသဘာ ဆိုလျှင် ဒီလိုလုပ်လို့ မဖြစ်ဘူးတဲ့၊ အတူနေ အတူလာ အတူစား အတူသွား မရဘူး။

အဲဒါကြောင့် မျိုးတော်ပေမယ်လို့ **ဝိသဘာဂပစ္စည်းများကို ကရိဏ်းပါဠိထုတ်ရာ ယဉ္စနာပြိုင်ရာ ပစ္စည်းပြိုင်ရာ** အစရှိသည်တို့မှာ ထည့်သွင်းလို့ မယူနိုင်ဘူးတဲ့။ အဲဒါ မနေ့က ကရိဏ်းပါဠိထုတ်ရာမှာ ပြောရန်ကျန်နေတာကို ပြောပေးပါပြီ။

စျာနပစ္စည်း အရကောက်
ကုပဒ ၃-ချက်အရကောက်

ဒီနေ့ အရကောက်ရအောက် ပါဠိတော်တုန်းက ဟေတုပြီးတော့ ဘယ်ပစ္စည်းကို ဟောခဲ့သတုန်း (စျာနကို ဟောခဲ့ပါတယ်)၊ ဒါဖြင့်လဲ စျာနဘဲကောက်မယ်။ မနေ့က ရထားတဲ့ ကိုယ်တော်တွေဖြစ်လျှင်တော့ ဒီနေ့တော့ **ရှမ်းဘုန်းကြီး ပြောသလို လွယ်အိပ်ပါဘဲ၊ အိပ်နေရုံရှိတာဘဲ**။

ဟေတုနှင့် တူစွာဘဲ သန္ဓာသတ္တာဘဲ ရှိတယ် မဟုတ်လား (မှန်ပါ)၊ သတိပြု။ မနေ့ကအတိုင်းမို့လို့ ခပ်ကျဉ်းကျဉ်း ပြောမယ်၊ အကျယ် မဖြန့်တော့ဘူး။ ကုသလော ကုသလသ, ကုသလော အဗျာကတသ, ကုသလော ကုသလာဗျာကတသ။ ဒီလို မဟုတ်လား (မှန်ပါ)။

ကုသလော ကုသလသ၌ ကုသလောဟူသော ကတ္တားပုဒ်၏အရကား ပစ္စည်းအနေအားဖြင့် မနေ့က အတိုင်းသွား၊ သမ္မယုတ္တခန္ဓာအားတပ်သော ကုသိုလ် စိတ်ဧကဝိသ စေတသိက်အဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော ဟေတုတုန်းက ဒွိဟိတ်, တိဟိတ် ခွဲရသေးတယ် မဟုတ်လား (မှန်ပါ)။ စျာနမှာတော့ ဒွိဟိတ်, တိဟိတ် မလိုဘူး။ "စျာနင်တရားကိုယ် ၅-ပါး ပစ္စည်းတရား ရ၏"။ လွယ်ရဲ့မဟုတ်လား (မှန်ပါ)။

မနေ့ကတော့ ဒွိဟိတ်ဖြစ်အံ့, တိဟိတ်ဖြစ်အံ့ စသည် ရှုပ်သေး၏။ ဒီနေ့ လွယ်လိုက်တာ၊ စိတ္တက္ခဏ တခုတခု၌ရှိသော အကောက်အတိုင်းဆိုလျှင် ဖော်ဆိုရတယ်၊ အဆိုရှင်းအောင်လို့ ဘုန်းကြီးက စျာနင်တရားကိုယ် ၅ ပါးလို့ ပေါင်းပြောတာနော်။ ဝိတက် ဝိစာရ ပီတိ ဝေဒနာ ဧကဂ္ဂတာဟု ဆိုအပ်သောလို့ အကောက်ထဲမှာ ရှိလိမ့်မယ်နော်။ စျာနင်တရားကိုယ် ၅-ပါး ပစ္စည်းတရားရ၏။

ကုသလသ ဓမ္မသဟူသော သမ္မဒါန်ပုဒ်၏ အရကား မနေ့တုန်းက အတိုင်းဆို၊ မလွယ်ဘူးလား (မှန်ပါ)၊ ဘာတဲ့တုန်း ကုသိုလ်စိတ် ဧကဝိသ စေတသိက် အဌတိံသ သမ္မယုတ္တခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ကရိဏ်းပါဠ်၏ အရကား သတိပြုကြည့်၊ စျာန သုဒ္ဓသခ်ျာကို မေးစမ်း။ သခ်ျာသတ္တ။ ယထာရဟပစ္စည်းရေ လတ်ကြီး (၈) နှင့် ဣ-မဂ်၊ ကိုယ်တိုင် စျာနနှင့် ပေါင်း ၁၁-ပစ္စည်း၊ ဟေတုတုန်း က မိ-ဣ-မဂ် ၃-ပစ္စည်း ထည့်တယ် မဟုတ်လား (မှန်ပါ)။ စျာနကျတော့ ဣန္ဒြိယနှင့်မဂ္ဂ ၂-ပစ္စည်း ထည့်ရတယ်၊ အဓိပတိ မထည့်နှင့်တဲ့။ ဒီတော့ ဇယား[1]မှာ ကြည့်စမ်း။ အကြီး ၄-ပစ္စည်းက ရနေတယ်၊ ညေ-သံ ရနေတယ်။ ၆-ပစ္စည်း မရဘူးလား (မှန်ပါ)၊ ဣန္ဒြိယ, မဂ္ဂ ထည့်လိုက်တော့ ၈ ပစ္စည်း၊ ကိုယ်တိုင် စျာနနှင့်ဆိုတော့ (၉-ပစ္စည်း)၊ စျာနအကွက်ကို သွားကြည့်၊ ကရိဏ်းပါဠ် ထုတ်ထားတာ ၉ ရေးထားတာ တွေ့လိမ့်မယ်၊ တွေ့ရဲ့လား (မှန်ပါ)၊ အဲဒီ ဂဏန်းချည်း အားကိုးပြီး မသွားရဘူး။ ကိုယ်ကလည်း လက်ချိုးပြီး ရေသွားရတယ်။

ဒီတော့ ဘယ့်နှယ်လုပ်မလဲ စျာနပစ္စယေနဟူသော ကရိဏ်းပါဠ်၏ အရကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော စျာန, သဟဇာတ, အညမည, နိဿယ, ဣန္ဒြိယ, မဂ္ဂ, သမ္မယုတ္တ, အတ္ထိ, အဝိဂတ ဤ ၉ ပစ္စယသတ္တိတို့တွင် စျာနသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။

ဘာထူးလို့တုန်း၊ ပစ္စည်းရေ တွက်ချင်လို့ရှိလျှင် ကိုယ့်သုဒ္ဓသခ်ျာ မေးကြည့်၊ ဘယ်သူ တိုးရမတုန်းလို့၊ ဟုတ်လား (မှန်ပါ)။

ကဲ ထားပါဦး။ စျာနဟာ စျာနင်တရားကိုယ် ၅-ပါး ပစ္စည်းလို့ ခေါ်နေတာ၊ ဒီဣန္ဒြိယ, မဂ္ဂ-က ဘာဖြစ်လို့ လိုက်လာပြန်တာတုန်း၊ စျာနင်တရားကိုယ် ငါးပါးထဲမှာ ဣန္ဒြေ ထိုက်တဲ့ စျာနင်တရားကိုယ် ဘယ်သူပါနေလို့တုန်း (ဝေဒနာနှင့် ဧကဂ္ဂတာ)၊ ဝေဒနာကို ဣန္ဒြေဖွဲ့တော့ ဘာရသတုန်း (ဝေဒနိန္ဒြေ)၊ ၅-ပါးနော်။ ဧကဂ္ဂတာ ဘာဣန္ဒြေတုန်း (သမာဓိန္ဒြေ)။

၁။ ဤကျမ်း၊ နှာ-၃၈၀-ရှိ သဟဇေယ်အရကောက်ဇယား။

ကောင်းပါပြီ၊ သူကတော့ ၂ ပါးရသေးလို့ လိုက်လာတယ်၊ ယထာရဟ ဟုတ်လား၊ မဂ္ဂကတော့ ဘာရှိလို့ လိုက်လာသတုန်း (ဝိတက်နှင့် ဧကဂ္ဂတာ)၊ ဝိတက်က ဘာမဂ္ဂင်တုန်း မေးလျှင် သမ္မာသင်္ကပ္ပမဂ္ဂင်၊ ဧကဂ္ဂတာက သမ္မာသမာဓိမဂ္ဂင်၊ ဒီလို မဟုတ်လား။ အဲဒီလို ကလေးတွေ စဉ်းစားကြစမ်းပါ။

အကောက်ကတော့ လွယ်လွယ်ကလေး ဖြစ်နေပြီ မနေ့ကသာ ရထားလျှင်။ မရလျှင်တော့ ခက်သေးတာဘဲ၊ ရလျှင်တော့ လွယ်နေမယ်။

ကဲ ထားပါတော့။ ကုသလော အဗျာကတသဒ္ဒလည်း ထို့အတူ ဟေတုတုန်းကတော့ သဟိတ်ဆိုပေမဲ့ သူတို့ကျတော့ ရိုးရိုးမဟုတ်လား။ စိတ္တဇရူပ်အားတပ်သော ပဠွဝေါ-ကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝီသ, စေတသိက် အဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော စျာနင်တရားကိုယ် ၅ ပါး ပစ္စည်းတရားရ၏။ အဗျာကတသကတော့ ကုသိုလ်သည် ပြုအပ်သော စိတ္တဇရူပ် ဟုတ်တယ်မဟုတ်လား (မှန်ပါ)။

ကရိုဏ်းပါဌ်ထုတ်တော့ အကြီး ၄-ပစ္စည်းရယ် ဝိပွယုတ္တရယ် ဣန္ဒ-မဂ် ရယ် ဟောဆဲ ကိုယ်တိုင်စျာနရယ် ဒီလို မဟုတ်လား (မှန်ပါ)၊ ဘယ်နှစ်ပစ္စည်း ဖြစ်သွားသတုန်း (၈-ပစ္စည်း)။

တူနေလျှင်တော့ ဘုန်းကြီးသိပ်ပြီး အပင်ပန်းမခံဘူးနော်၊ ပြောစရာရှိလျှင်သာ အပင်ပန်းခံမှာ။

နံပါတ် ၃-ကို ကုဗျာ။ ကုသလော ကုသလာဗျာကတသဒ္ဒ ကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား ဘာအားတပ်သောဆိုမလဲ (သမ္မယုတ္တခန္ဓာ စိတ္တဇရူပ်အားတပ်သော)။ ရှုပ်ပါလျှင် ဘုံသတ်ရလိမ့်မယ်။ ပဠွဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝီသ, စေတသိက် အဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော စျာနင်တရားကိုယ် ၅-ပါး ပစ္စည်းတရားရ၏။

ဟိုမှာ ပါဠိတော် သရုပ်ခွဲတုန်းကလဲ ဒီအတိုင်းဘဲ မဟုတ်လား။ သမ္မယုတ္တခန္ဓာ အားသာတပ်သော ကုသိုလ် စျာနင်တရားကိုယ် ၅-ပါးတမျိုး, စိတ္တဇရူပ်အားသာတပ်သော ကုသိုလ်စျာနင်တရားကိုယ် ၅-ပါးတမျိုး, သမ္မယုတ္တခန္ဓာ စိတ္တဇရူပ်အားတပ်သော ကုသိုလ် စျာနင်တရားကိုယ် ၅-ပါးတမျိုးဆိုတော့ အခု နံပါတ် ၃-မဟုတ်လား။ ဒါကို ကောက်တာဘဲ။

ပြီးတော့ ကုသလသ စ, အဗျာကတသ စ ဆိုတော့ အပေါ် ၂-ခုကို ပေါင်းကောက်ထားရတယ်၊ ကရိုဏ်းပါဌ်ထုတ်တော့ အကြီး ၄-ပစ္စည်းရတယ်။ ည-သံရသေးရဲ့လား (မရပါ)၊ ဝိပွယုတ္တကော (မရပါ)၊ ဒီတော့ ၄-ပစ္စည်း တပ်နေတယ် မဟုတ်လား (မှန်ပါ)၊ ဣန္ဒြေယနှင့် မဂ္ဂ ထည့်လိုက်တော့ ၆-ပစ္စည်း။ ကိုယ်တိုင် စျာနနှင့်ပေါင်းတော့ ၇-ပစ္စည်း။ အဲဒါဘဲ ကုပဒ ၃-ချက် ဦးဉာဏဟောစမ်း။

ဦးဉာဏ။ ။ကုပဒ ၃-ချက် တခေါက်ဟောသည်။

သံယာတော်များ။ ။တခေါက်ထပ်ဟောကြသည်။

အကုပဒ ၃-ချက်အရကောက်

ဆရာတော်။ ။အကုပဒ ၃-ချက် ဒီအတိုင်းဘဲ၊ သတိနှင့် နားထောင်စမ်း၊ ဘာမှတော့ မထူးပါဘူး။ အကုသလော အကုသလသမ္ဘ အကုသိုလ်စျာနင် ၅-ပါး ရှိတာဘဲ မဟုတ်လား (မှန်ပါ)၊ အကုသလော ဓမ္မော ဟူသော ကတ္တား ပုဒ်၏ အရကား သမ္မယုတ္တခန္ဓာအားတပ်သော အကုသိုလ်စိတ် ဒွါဒသ, စေတသိက် သတ္တဝီသ စိတ္တကွဏ တခုတခု၌ရှိသော ဘာရမယ် (အကုသိုလ် စျာနင်တရားကိုယ် ၅-ပါး) ဘာထူးသတုန်း။ အကုသိုလ် စျာနင်တရားကိုယ် ၅-ပါး ပစ္စည်းတရားရ၏။

အကုသလသ ဓမ္မသ ဟူသော သမ္မဒါန်ပုဒ်၏ အရကား အကုသိုလ်စိတ် ဒွါဒသ။ ဟေတုတုန်းကတော့ ဘာလုပ်ရသလဲ (မောဟမူဒ္ဓေ၌ မောဟကြဉ်) ဒီမှာတော့ ဘာမှ မလိုဘူး မဟုတ်လား ရှင်းလို့။ စေတသိက် သတ္တဝီသ သမ္မယုတ္တခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

ကရိုဏ်းပါ၌ထုတ်တော့လဲ ခုတင်က ကုသိုလ်အတိုင်း ရမှာပေါ့။ အကြီး ၄-ပစ္စည်း, ည-သံ နှင့်ဆိုတော့ ၆-ပစ္စည်း။ ဣ-မဂ်နှင့်ပေါင်း ၈-ပစ္စည်း။ ကိုယ်တိုင် စျာန်နှင့်ဆိုတော့ ၉-ပစ္စည်း၊ ကု ကု နှင့် အတူတူဘဲနော်။

ထို့အတူ အကုသလော အဗျာကတသမ္ဘ အကုသလော ဓမ္မော ဟူသော ကတ္တား ပုဒ်၏အရကား ဘာအားတပ်သလဲ (စိတ္တဇရုပ်အားတပ်သော)၊ စိတ္တဇရုပ်အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ,စေတသိက်သတ္တဝီသ စိတ္တကွဏ တခုတခု၌ရှိသော စျာနင်တရားကိုယ် ၅-ပါး ပစ္စည်းတရားရ၏။

အဗျာကတသ ဓမ္မသ ဟူသော သမ္မဒါန်ပုဒ်၏အရကား အကုသိုလ်သည် ပြုအပ်သော စိတ္တဇရုပ်။ အကောက်ထဲမှာတော့ သာမည စိတ္တဇရုပ် နေပါလိမ့်မယ်။ ကြည့်စမ်းပါ။ ဘုန်းကြီးတော့ မကြည့်တာကြာပြီ။

ကရိုဏ်းပါ၌ ကုဗျာတုန်းကလိုဘဲ ဘယ်နှစ်ပစ္စည်းရသတုန်း (၈-ပစ္စည်း) အကြီး ၄-ပစ္စည်းရယ် ဝိပွယုတ္တရယ် ဣ-မဂ် ရယ် ကိုယ်တိုင်စျာနရယ် ပေါင်းတော့ ၈-ပစ္စည်းဟုတ်လား (မှန်ပါ)။

အကုသလော အကုသလာဗျာကတသမ္ဘ သမ္မယုတ္တခန္ဓာ စိတ္တဇရုပ်အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ်ဒွါဒသ, စေတသိက် သတ္တဝီသ စိတ္တကွဏ

တခုတခုဌ္ဌိသော စျာနင်တရားကိုယ် ၅-ပါး ပစ္စည်းတရားရ၏။ အကုသလသ စ အဗျာကတသ စ ဆိုတော့ ခုတင်က ၂-ခုပေါင်းကောက်ပေါ့။ ကရိဏ်းပါဠ်က ဘာရသလဲ အကြီး ၄-ပစ္စည်းရယ် ကျဲ-မဂ်ရယ် ကိုယ်တိုင်စျာနနှင့် ၇-ပစ္စည်း။ ဦးပဏ္ဍာ ဟောစမ်း ဖြည်းဖြည်း ဟောပါ။

ဦးပဏ္ဍာ။ ။အကုပဒ ၃-ချက်ဟောသည်။

ဆရာတော်။ ။ပဋ္ဌမအချက်က ပစ္စည်းဘယ်လောက်တုန်း (၉)။ ဒုတိယအချက်က (၈)။ တတိယ (၇)။ ဟေတုတုန်းကတော့ တပြိုင်နက် တပ်ကောင်းသော မဟုတ်လား အကုပဒ ၃-ချက်က။ ဟိုတုန်းက အငယ်ပစ္စည်းတွေမှ မပါဘဲ။ အခုဟာက ဣန္ဒြိယ မဂ္ဂက ခုတင်က ဦးပဠင်းတို့ပြောတဲ့ စျာနင် ငါးပါးထဲက ၂-ပါးစီ သဘောတူ တရားကလေးတွေ ပါနေတယ် မဟုတ်လား (မှန်ပါ)။ ဒီတော့ ဟေတုမှာ တပြိုင်နက် ဖြစ်ပေမဲ့ စျာနမှာ တပြိုင်နက် ယထာရဟဘဲ ဖြစ်ရမယ်။ အားလုံး ဟောစမ်းပါ အကုပဒ ၃-ချက်။

သံယာတော်များ။ ။အကုပဒ ၃-ချက် တခေါက်ဟောကြသည်။

ဗျာဗျာပဒ အရကောက်

ဆရာတော်။ ။အကုပဒ ၃-ချက်ပြီးပြန်ရော။ ပြီးတော့ ဗျာပဒ၊ ပဝတ္တိပဋ္ဌိသန္ဓေလို့ ၂-မျိုး ရှိတယ်။ မနေ့က ဟေတုဟောတော့ ဘယ်ဝိပါက်တွေ ကောက်သွားသလဲ (သဟိတ်ဝိပါက်တွေ ကောက်ပါတယ်)၊ ဒီနေ့ စျာနတော့ ပါဠိတော်တုန်းက ဘုန်းကြီးပြောတယ်၊ ဝိပါက်က ဘာလျှော့စေရတယ်။ 'ပဠဝိညာဏေသု စျာနဂိါနိ' ဆိုတဲ့ အရှင်အနုရုဒ္ဓါ မိန့်ခွန်းတော်အရ ဒွေပဠဝိညာဉ်တဆယ် ကြဉ်ပြီးတော့ ကောက်တော့ အဗျာကတော အဗျာကတသ၌ ပဝတ္တိအခါ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား မနေ့ကလိုဘဲ ဆိုရိုးပြုပါ။ သမ္မယုတ္တ ခန္ဓာအားဌင်း၊ သမ္မယုတ္တခန္ဓာ စိတ္တဇရုပ်အားဌင်းတပ်သော ဒွေပဠဝိညာဉ် တဆယ်ကြဉ်သောလို့ တခါဆိုထားနော် (မှန်ပါ)၊ ဝိပါက်စိတ် ဆဋ္ဌိသ, ကြိယာစိတ်ဝီသ, စေတသိက် အဌတိံသ စိတ္တက္ခဏ တခုတခုဌ္ဌ ရှိသော စျာနင်တရားကိုယ် ၅-ပါး ပစ္စည်းတရားရ၏။

အဗျာကတသ ဓမ္မသ ဟူသော သမ္မဒါန်ပုဒ်၏အရကား ဝိပါက်စိတ် ဆဋ္ဌိသ, ကြိယာစိတ်ဝီသ, စေတသိက်အဌတိံသ သမ္မယုတ္တခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။

ကရိဏ်းပါဠ်ထုတ်တော့ သုဒ္ဓသခ်ျာပါတဲ့ ယထာရဟပေါ့။ ဘယ်နှစ်ပစ္စည်းတဲ့တုန်း (၁၁-ပစ္စည်း)၊ စျာနပစ္စယေနဟူသော ကရိဏ်းပါဠ်၏အရကား တပြိုင်နက် ယထာရဟတပ်

ကောင်းသော ယထာရဟာဖြစ်ပုံ ခုတင်ကလေးတင်ပြောပေးတယ်နော်။ စျာန, သဟာဇာတ, အညမည, နိဿယ, ဝိပါက, ဣန္ဒြိယ, မဂ္ဂ, သမ္မယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတပေါ့။ ပဝတ္တိ ၁၁-ပစ္စည်း၊ ပဋ္ဌိသန္ဓေလဲ ၁၁-ပစ္စည်းနေမှာဘဲ၊ အဓိပတိမှ မရရှိဘဲ မလျော့ဘူး မဟုတ်ဘူး (မှန်ပါ)။

ပဋ္ဌိသန္ဓေအခါ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား သမ္မယုတ္တ ခန္ဓာအားရင်း၊ သမ္မယုတ္တခန္ဓာကဋတ္တာရူပ်အားရင်း တပ်သော ဟေတုတုန်းကတော့ သဟိတ် ပဋ္ဌိသန္ဓေဆို။ ဒီနေ့ ဒွေပဋ္ဌဝိညာဉ် ၁၀-လျော့လို့ ပဋ္ဌိသန္ဓေစိတ် လျော့သလားလို့၊ မလျော့ ပါဘူး။ ပဋ္ဌိသန္ဓေစိတ်ဇာတိနဝိသ အကုန်ရှိတယ်နော်။ ဒါတွေက ကျက်ရတာ မဟုတ်ဘူး။ သဘောနှင့် မှတ်ရတာ။ ဇ့ါသုဒ္ဓသင်္ချာမှာ ဘာလျော့နေသလဲ၊ ဘာလဲဆိုတာ စဉ်းစားလိုက် သိလာရတယ်။

လိုရင်း ဘုန်းကြီးပြောနေတဲ့နည်းက ပါးစပ်ကဆိုတာ လွဲချင် လွဲသွားပေစေပေါ့။ အမှန်တရားကို ပိုင်းဖြတ်နိုင်တဲ့ဉာဏ် ကိုယ့်ဆီမှာ ရှိရတယ်။

ပဋ္ဌိသန္ဓေစိတ်ဇာတိနဝိသ စေတသိက်ပဋ္ဌတိံသ စိတ္တက္ခဏတခုတခုဌ်ရှိသော စျာနင် တရားကိုယ် ၅-ပါး ပစ္စည်းတရားရ၏။ ပစ္စယုပ္ပန်ကတော့ ပဋ္ဌိသန္ဓေစိတ် ဇာတိနဝိသ, စေ တသိက်ပဋ္ဌတိံသ သမ္မယုတ္တခန္ဓာ, ကဋတ္တာရူပ်နော်။ ကရိုဏ်းကတော့ ခုတင်က အတိုင်းဘဲ။ ဦးပညာနန္ဒဟောစမ်း။

ဦးပညာနန္ဒ။ ။တခေါက် ဟောသည်။

သံယာတော်များ။ ။တခေါက်ထပ်ဟောကြသည်။

မဂ္ဂပစ္စည်း အရကောက်
ကုပဒ ၃-ချက် အရကောက်

ဆရာတော်။ ။ကုန်သွားရော တပစ္စည်း။ စျာနပြီးတော့ ပါဠိတော်ဘယ်ပစ္စည်း ရောက်မယ် (မဂ္ဂပစ္စည်း)၊ ဟေတုနှင့် အတူတူဘဲ၊ တူပေမဲ့ ဟောကြပါဦးစို့ တခေါက်လောက်နော်။ ဒီအတိုင်းဘဲ ၇-ချက် မဟုတ်လား။

ပစ္စယုပ္ပန်နေပုံက သဟိတ်စိတ် စေတသိက် သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋ္ဌိသန္ဓေ ကမ္မဇရုပ်ဆိုတော့ ဒါတွေဟာ ဟေတုနှင့်အတူ ဆိုရမယ်နော်။ အဲဒါတွေ ဘာမှ မထူးဘူး။ အကျဉ်းချုပ်သတိပြုဖို့ရန် ဘုန်းကြီးပြောဘို့က သရုပ်ခွဲတုန်းက ပြောခဲ့တယ်။ ကုသလပဒ ဖြစ်ခဲ့လျှင် ပစ္စည်းတရားမှာ ကုသိုလ်မဂ္ဂင် ဘယ်နှစ်ပါးရခဲ့တယ် (၈-ပါးရပါတယ်)၊ ပါဠိတော် တုန်းက ကျကျနန ခွဲပြောပြီးသားနော်။

အကယ်၍ အကုသလပဒဖြစ်လာလျှင် ပစ္စည်းမှာ မဂ္ဂင် ဘယ်နှစ်ပါးတဲ့ (၄-ပါး)၊ ၈-ပါးကတော့ လူတိုင်းလိုလို သိတယ်။ အကုသိုလ်မဂ္ဂင်ကျတော့ နားလည်မှုနည်းပါတယ်၊ နည်းတော့ ဖော်ဆို။ ဘယ်သူတုန်း အဲဒီ ၄-ပါးက (ဝိတက် ဝိရိယ ဧကဂ္ဂတာ ဒိဋ္ဌိ) ဝိတက်, ဝိရိယ, ဧကဂ္ဂတာ, ဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်တရား ကိုယ် ၄-ပါး ပစ္စည်းတရားရ၏လို့ ဆိုလိမ်မယ်။

အဗျာကတဖြစ်လျှင် ပဝတ္တိဖြစ်အံ့၊ ကုသိုလ်နှင့်တူစွာ မဂ္ဂင်တရားကိုယ် ၈-ပါးက ပစ္စည်းတရား၊ ဒီလိုမဟုတ်လား (မှန်ပါ)။ ပြောပြီးသားတွေပါ ပြန်ပြီးသတိပေးနေတာ။

အကယ်၍ ပဋိသန္ဓေဖြစ်ခဲ့အံ့ ၎င်း ၈-ပါးမှာ ဘာကြဉ်ခိုင်းလိုက်တယ်၊ (ဝိရတီကြဉ်)၊ ဝိရတီမဂ္ဂင် ၃-ပါးကြဉ်လိုက်တော့ ဘယ်လောက်ကျန်မလဲ (၅-ပါးကျန်ပါတယ်)၊ ဘာတွေတဲ့တုန်း၊ အဲဒီကျတော့လဲ ဖော်ဆို ပညာ, ဝိတက်, ဝိရိယ, သတိ, ဧကဂ္ဂတာဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ၅-ပါး၊ ဒါဘဲမဟုတ်လား (မှန်ပါ)၊ ပြန်ကြည့်စမ်း တခေါက်၊ ဒါကအကျဉ်းချုပ် ကိုယ့်စိတ်ထဲ ထည့်ထားရတယ်။

ကုသလပဒ ၃-ချက်နှင့် အဗျာကတပဝတ္တိဖြစ်လျှင် ပစ္စည်း မဂ္ဂင်တရားကိုယ် ၈-ပါး။

အကုသလပဒ ၃-ချက်ဖြစ်လျှင် ပစ္စည်း မဂ္ဂင်တရားကိုယ် ဘယ်လောက် (၄-ပါး)။

ပဋိသန္ဓေအခါဖြစ်အံ့- ဘယ်နှစ်ပါးတဲ့တုန်း (၅-ပါး)။ ပြောသာပြောပါရဲ့၊ မှားလျှင် ဘာဖြစ်တတ်သတုန်း၊ စာမှားတာ ဘုန်းကြီးတာဝန် ပြောပေးမှာပေါ့၊ သိအောင်သင်နေတာဘဲ၊ ပြောရတယ်၊ ပြောတော့မှ နှုတ်လဲ ရဲလာတယ်၊ ပြောတတ်လာတယ်၊ ဆိုတတ်လာတယ်၊ ပြောစရာရှိမှလဲ ပြောတတ်တယ်။

အဲဒါကလေးတွေ အထူးမှတ်ရတယ်၊ ပစ္စယုပ္ပန်အနေအားဖြင့် ဟေတုနှင့် အတူတူဘဲလို့ အကျဉ်းချုပ်အနေအားဖြင့် ပြောထားပြီ။

ကရိဏ်းပါဠိထုတ်စို့ဆိုတော့ ကုသလပဒနံပါတ် ၁-မှာ အကြီး ၄-ပစ္စည်းရမယ်၊ အလတ်က ည-သံရမယ်၊ ဒီလို မဟုတ်လား၊ ထုံးစံအတိုင်း ဘာထူးလို့တုန်း၊ ၆-ပစ္စည်းမနေဘူးလား (မှန်ပါ)။

ကဲ မဂ္ဂ သုဒ္ဓသခ်ၭာ မေးကြည့်စမ်း၊ အဝယ် ဘယ်သူတွေ ရမတဲ့တုန်း၊ ဟေ ဓိ ဣ ဣ ဈာ။

ကောင်းပြီ နည်းနည်းသတိပြုကြည့်၊ သဘာဝကလေး နည်းနည်းပြောဦးမယ်၊ ဟေတုသည် ဘယ်မဂ္ဂင်နှင့် သဘောတူလို့ရသလဲ (သမ္မာဒိဋ္ဌိမဂ္ဂင်နှင့် သဘောတူလို့ရတယ်)၊ ပညာခေါ်တဲ့ သမ္မာဒိဋ္ဌိမဂ္ဂင်တဲ့ ဟုတ်လား (မှန်ပါ)။ အဓိပတိကကော ဘယ်မဂ္ဂင်နှင့် သဘောတူလို့ပါရသလဲ (သမ္မာဒိဋ္ဌိမဂ္ဂင်)၊ ဒါဘဲလား (သမ္မာဝါယာမမဂ္ဂင်)။ အဓိပတ်မှာ ကြည့်လေ

ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသ မဟုတ်လား၊ အဲဒီမှာ ဆန္ဒ, စိတ္တက မဂ္ဂင်ဖြစ်ပါ့မလား (မဖြစ်ပါ)၊ ဒီတော့ ဝီရိယ ဝီမံသပေါ့နော်၊ သမ္မာဒိဋ္ဌိမဂ္ဂင်ရယ် သမ္မာဝါယာမမဂ္ဂင်ရယ် ၂-ပါး သဘောတူတယ်။

ဣဒ္ဓိယနှင့် သဘောတူတဲ့ မဂ္ဂင်က ဘယ်သူတွေတဲ့တုန်း၊ ဝီရိယ သတိ ဧကဂ္ဂတာ ပညာ ဒီ ၄-ပါးက ဘာတဲ့တုန်း ဣဒ္ဓေလဲဟုတ်တယ် မဂ္ဂင်လဲဟုတ်တယ်။

ကဲ စျာနနဲ့တူတဲ့ မဂ္ဂင်တဲ့။ (ဝိတက် ဧကဂ္ဂတာ) ဒါကလေးတွေသာ ခက်တာ။ ခုတင်က ဆိုရိုးကတော့ ဟေတုအတိုင်းဘဲ ဘာမှမထူးဘူး။

ဒီတော့ မဂ္ဂပစ္စယေန ဟူသော ကရိုဏ်းပါဠိ၏ အရကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော ပဌမအချက် ပြောတာနော် (မှန်ပါ)၊ ဘာတွေရမယ် မဂ္ဂ, ဟေတု, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ဣဒ္ဓေယ, စျာန, သမ္မယုတ္တ, အတ္ထိ, အဝိဂတ ဘယ်နှစ်ပစ္စည်းပါလိမ့် (၁၁-ပစ္စည်း)၊ သူ့အကွက်[1]မှာလဲ သွားကြည့် ၁၁-ရှိရဲ့လား (မှန်ပါ)။

ဒုတိယအချက်မှာလည်း ည-သံပြုတ် ဝိပ်ရောက်။

တတိယအချက်ကျတော့ ည-သံ ရော ဝိပ်ရော အကုန်ပြုတ်။

ဦးသုဇာတ ဖြစ်အောင်ဟောစမ်း၊ ဖြည်းဖြည်းဟောပါ၊ သူများ ပီပီသသ ကြားအောင်ဟော။

ဦးသုဇာတ။ ။ကုသလော ကုသလသဿ၊ ကုသလော အဗျာကတသဿ၊ ကုသလော ကုသလာဗျာကတသဿ ၃-ချက်ဟောသည်။

ဆရာတော်။ ။ဘာမှမခက်လှပါဘူး၊ နက်ဖြန်ခါကျတော့ ဒီထက်လွယ်ဦးမှာ၊ ဒါကို ရခဲ့လျှင် ပြောတာနော်၊ မရလျှင်တော့ ခက်ဦးမှာဘဲ၊ ဒါ တာဝန်မခံနိုင်ဘူး။

သံယာတော်များ။ ။တကြိမ် ထပ်ဟောကြသည်။

အကုပဒ ၃-ချက်အရကောက်

ဆရာတော်။ ။အကုပဒ ၃-ချက် ထူးတာကို ဘုန်းကြီးပြောမယ်၊ သတိပြုနားထောင်၊ အကုသလော အကုသလသဿ၌ အကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား သမ္မယုတ္တခန္ဓာအားတပ်သော အကုသိုလ်စိတ် ဒ္ဝါဒသ စေတသိက် သတ္တဝီသ စိတ္တက္ခဏာ တခုတခု၌ရှိသော ဝိတက် ဝီရိယ ဧကဂ္ဂတာ ဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ၄-ပါး ပစ္စည်းတရား ရ၏။

၁။ ဤကျမ်း၊ နှာ-၃၈၀၊ သဟဇယ် ၇-အရကောက်ဇယား၌ မဂ်အကွက်အတန်း။

အကုသလသဿ ဓမ္မသဿဟူသော သမ္မာဒါန်ပုဒ်၏ အရကား ဟေတုတုန်းကတော့ မောဟကြောင့်ခဲ့တယ်၊ ဒီမှာတော့ မကြောင့်နဲ့တော့နော်၊ အကုသိုလ်စိတ် ဒွါဒသ, စေတသိက် သတ္တဝီသ သမ္မယုတ္တခန္ဓာ ပစ္စယုပ္ပန်တရားရဲ့၊ တူတူဘဲ မဟုတ်လား (မှန်ပါ)။

သတိပြုစမ်း၊ သတိပြုစရာကလေးတွေက ကုကုတုန်းက ကရိုဏ်းပါဌ် ဘယ်နှစ်ပစ္စည်း ထုတ်ထားသလဲ (၁၁-ပစ္စည်း)၊ အကြီး ၄-ပစ္စည်း အလတ်က ၂-ပစ္စည်းရယ်ဆိုတော့ ၆-ပစ္စည်း၊ အငယ် ၄-ပစ္စည်း ကိုယ်တိုင်မဂ္ဂနှင့်ဆိုတော့ ၁၁-ပစ္စည်း ဒီလိုရတယ်။ အဲဒီတော့ သတိပြုစမ်းပါ၊ ဒါကလေးတွေက သတိထားမှ သိတယ်။

ကရိုဏ်းပါဌ်ထုတ်စို့ဆိုတော့ ခုတင်က ပြောတဲ့သဘောကို ပြန်လေ့လာရတယ်၊ ဟေ ဓိ ဣ ကုံ စျာလို့ ဦးပဉ္စင်းတို့ ခုတင်က ဆိုတယ်မဟုတ်လား (မှန်ပါ)၊ ခုတင်က ဘုန်းကြီးက မေးတယ်၊ ဟေတုဟာ ဘယ်မဂ္ဂင်နှင့်မျှား သဘောတူလို့ သူက ပါလာရသလဲလို့ မေးတော့ ဘာပြောသလဲ (သမ္မာဒိဋ္ဌိမဂ္ဂင်) သမ္မာဒိဋ္ဌိမဂ္ဂင်ခေါ်တဲ့ အမောဟဟိတ်ရှိတယ်၊ ဒီလို မဟုတ်လား (မှန်ပါ)၊ အကုသိုလ်မဂ္ဂင် ၄-ပါးထဲမှာ အမောဟပါရဲ့လား (မပါ ပါ)၊ နားလည်ပေစေနော်။

အကုသိုလ် မဂ္ဂင်တရားကိုယ် ၄-ပါးထဲမှာ အမောဟဟိတ် မရှိဘူး၊ ပညာမပါဘူးနော်။ ဒီတော့ ပညာမပါတော့ ဟေတုကို ကရိုဏ်းပါဌ်ထည့်လို့ ရပါမလား (မရပါ)၊ ကိုယ်တိုင် ဆုံးဖြတ်နိုင်ရတယ် ဒါတွေကို။

ဒီလို မရတမ်းဖြင့် ဟေတုတင်လား၊ အဓိပတိရော အမောဟ ဝိမံသာဓိပတိ မရှိဘူး မဟုတ်လား၊ သူကော မလျှော့ဘူးလားလို့ မေးလျှင် သူက ဝိမံသာဓိပတိ မရှိပေမဲ့ ဘာ အဓိပတိကျန်တယ် (ဝီရိယာဓိပတိကျန်ပါတယ်)၊ ဒီတော့ ရသေးတယ်။

ဒါကြောင့် ကရိုဏ်းပါဌ်ထုတ်တဲ့အခါ ပဋ္ဌမအချက်[1]မှာ ဘာလျှော့မယ် ဟေတုလျှော့ ၍ ၁၀-ပစ္စည်း၊ ဒီလို မဟုတ်လား (မှန်ပါ)၊ ဒုတိယအချက်[2] ၉-ပစ္စည်း၊ တတိယအချက်[3] (၈-ပစ္စည်း)၊ ဦးပဉ္စင်းတို့ အကွက်ထဲမှာ ရေးထားတယ်နော် (မှန်ပါ)၊ **လျှော့သွားတာ ဘာ့ကြောင့် လျှော့တယ်ဆိုတာ သိရတယ်၊ ပိုလာတာ ဘာဖြစ်လို့ ပိုလာတာလဲလို့ ကိုယ်ကနားလည်ရတယ်။**

အဲဒါကလေးတွေ သတိထားသွားလို့ရှိလျှင် ဒုတိယအချက်, တတိယအချက်မှာ ဒီက ၁၀-ပစ္စည်းဆိုလျှင် ၉-ပစ္စည်း, ၈-ပစ္စည်း ဒီလိုသွားရုံဘဲ မဟုတ်လား၊ ဘာလျှော့သွား

၁။ ပ-အချက်=အကုသလော အကုသလဿ။ ၂။ ဒု-အချက်=အကုသလော အဗျာကတဿ။
၃။ တ-အချက်=အကုသလော အကုသလာဗျာကတဿ။

သတုန်းမေးလျှင် ဟေတုလျှော့တာ သတိထား၊ ဦးဉာဏဝရဟောစမ်း၊ အကုသလော အကု-သလသေ စသည်။

ဦးဉာဏဝရ။ ။အကုပဒ ၃-ချက်ဟောသည်။

သံဃာတော်များ။ ။တကြိမ်ထပ်ဟောကြသည်။

ဗျာ-ဗျာပဒ အရကောက်

ဆရာတော်။ ။အဗျာကတမှာ ပဝတ္တိ, ပဋိသန္ဓေလို့ ၂-မျိုးရှိတယ်၊ ပဝတ္တိဖြစ်အုံ့၊ သဟိတ်ဝိပါက်, သဟိတ်ကြိယာဘဲ မဟုတ်လား၊ ဟေတုအတိုင်း ဆိုရမယ် နော်၊ သမ္မယုတ္တခန္ဓာအားလုံး၊ သမ္မယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်အားလုံး တပ်သော သဟိတ်ဝိပါက် ဧကဝိသ သဟိတ်ကြိယာ သတ္တရသ စေတသိက် အဌတိံသ စိတ္တက္ခဏ တခုတခု၌ ရှိသော မဂ္ဂင်တရားကိုယ် ၈-ပါး၊ ပစ္စယုပ္ပန်ကို သဟိတ်ဝိပါက်, သဟိတ်ကြိယာ သမ္မယုတ္တခန္ဓာနှင့် စိတ္တဇရုပ်ကောက်။

ကရိုဏ်းပါဠိထုတ်တော့ ယထာရဟသုဒ္ဓသခ်္ခါပါတဲ့အတိုင်း ဘယ်နှစ်ပစ္စည်းတဲ့ တုန်း (၁၃-ပစ္စည်း)၊ ၁၃-ပစ္စည်းကုန်အောင်ထုတ်။

ပဋိသန္ဓေအခါဖြစ်လျှင်ကောလို့ မေးလျှင် သတိပြုစမ်း၊ ဟေတုနှင့်တူတော့ သဟိတ် ပဋိသန္ဓေ သတ္တရသဘဲ ရမယ်မဟုတ်လား၊ မဂ္ဂင်တရားကိုယ်ကကော (၅-ပါးရပါမယ်)၊ ပညာ, ဝိတက်, ဝိရိယ, သတိ, ဧကဂ္ဂတာဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ၅-ပါးလို့ထုတ်၊ ပါဠိတော်တုန်းကလဲ တခါပြောတယ်၊ ခုတင်ကလဲ တခါပြောပြီဟုတ်လား (မှန်ပါ)။

ပစ္စယုပ္ပန် သဟိတ် ပဋိသန္ဓေ သတ္တရသ, စေတသိက် ပဉ္စတိံသ သမ္မယုတ္တ ခန္ဓာ, ကဋ္ဌတ္တာရုပ်။

ကရိုဏ်းပါဠိထုတ်တော့ ခုတင်ကထဲမှာ အဓိပတိချန်ရမယ် မဟုတ်လား ဘာဖြစ်လို့လဲ၊ ပဋိသန္ဓေအခါ မဟောလို့ဟုတ်လား (မှန်ပါ)။ ဒီတော့ ၁၂-ပစ္စည်းပေါ့။ ဒါကလေးဘဲ ထူးတာဘဲ၊ ဦးကောလိယဟောစမ်း။

ဦးကောလိယ။ ။အဗျာကတော အဗျာကတသေ တခေါက်ဟောသည်။

ဆရာတော်။ ။ကုန်ပြန်ရော မဂ္ဂပစ္စည်း၊ အားလုံး တခေါက် ဟောပြစမ်းပါ။

သံဃာတော်များ။ ။တခေါက်ဟောကြသည်။

ပရိတ္တာရုံဝီထိ အနန္တရပစ္စည်း ပစ္စယုပ္ပန်တပ်ပုံ

ဆရာတော်။ ။ကုန်သွားပါပြီ၊ ဒီနေ့ ဘယ်နှစ်ပစ္စည်းတုန်း၊ စျာနရယ်, မဂ္ဂရယ် ၂-ပစ္စည်း၊ အချိန်ကလေးကျန်သေးတယ်၊ ဟိုတနေ့က အနန္တရဝီထိနည်းနည်းကလေး ပြန်ကြည့်လိုက်စမ်း၊ လွယ်လွန်းအားကြီးတော့လဲ ပျင်းစရာကောင်းတယ်။

အနန္တရဝီထိ ဆိုပြီးသားကလေး ဘယ်နှစ်ခုပြီးသေးသလဲ။ ပဋိသန္ဓေ, ဘဝင်, အာဝဇ္ဇန်း ဒီတင်ရှိသေးတယ် မဟုတ်လား (မှန်ပါ)၊ ဦးသူရိယ ဆိုကြည့်စမ်း ဘာတဲ့တုန်း ဆိုထားတာ။

ဦးသူရိယ။ ။ပဌမဘဝင် နာမက္ခန္ဓာအားတပ်သော ပဋိသန္ဓေနာမက္ခန္ဓာ၊ ဒုတိယအစရှိသော နောက်နောက်သော ဘဝင်နာမက္ခန္ဓာအား တပ်သော ပဌမအစရှိသော ရှေးရှေးသော ဘဝင်နာမက္ခန္ဓာ၊ အာဝဇ္ဇန်းဒွေအား တပ်သော ပဉ္စဝေါကာရဘဝဂုံပစ္ဆေဒ ၁၅-ခု၊ မနောဒ္ဓါရာဝဇ္ဇန်းအားတပ်သော အရူပဘဝဂုံပစ္ဆေဒ ၄-ခု။

ဆရာတော်။ ။ဒါဘဲရသေးတယ် ဟုတ်လား (မှန်ပါ)၊ ပြီးတော့ သူ့နောက်က ဘယ်သူရှိသလဲ ကြည့်ကြ။ ပဋ္ဌဝိညာဉ်ကို ပစ္စယုပ္ပန်ထားမယ် သတိပြု၊ ဦးပဋ္ဌင်းတို့နားလည်တယ်၊ ဒါတွေဟာ အလေ့အထနည်းနေလို့။ ပစ္စည်းက အာဝဇ္ဇန်းဒွေလို့ ရေးထားတယ် မဟုတ်လား (မှန်ပါ)။ အာဝဇ္ဇန်းဒွေဆိုတာ ဘယ်သူလဲ ပဋ္ဌဒ္ဓါရာဝဇ္ဇန်းနှင့် မနောဒ္ဓါရာဝဇ္ဇန်း။ ဘယ်ဝီထိမှာ မနောဒ္ဓါရာဝဇ္ဇန်းနောက်မှာ ပဋ္ဌဝိညာဉ်ရှိဘူးလို့လဲ ကိုယ်တိုင်သိကြပါတယ်။ ဒီတော့ အာဝဇ္ဇန်းက ဘယ်သူလဲ (ပဋ္ဌဒ္ဓါရာဝဇ္ဇန်း) ပဋ္ဌဒ္ဓါရာဝဇ္ဇန်းသာ ဖြစ်သင့်တယ်။ ဒါမျိုးကလေးတွေလဲ ကိုယ့်ဟာကိုယ်ဆုံးဖြတ်ပါ။ ကျက်နေရတဲ့ စာမျိုးမဟုတ်ဘူးလို့ ဘုန်းကြီးသတိ ပေးပေးနေတာ၊ ကျက်ရမှာက သုဒ္ဓသင်္ချာ၊ နေ့တိုင်းပြန်နေပါလား။ သုဒ္ဓသင်္ချာနေ့တိုင်းပြန်နေလျှင် ကောင်းမှာဘဲ။ နေ့တိုင်းပြန်, နေ့တိုင်းအံ့, နေ့တိုင်းကြည့် ကျေနေပါစေ။

ဒါကြောင် ဒီနေ့ဆက်ဖို့က ဘာလဲ၊ ပဋ္ဌဝိညာဉ်အားတပ်သော ပဋ္ဌဒ္ဓါရာဝဇ္ဇန်း၊ အင်မတန် လွယ်ပါတယ်၊ ဒီနေ့ ဆက်ပေးမှာဘဲ၊ ပဋ္ဌဝိညာဉ် ပစ္စယုပ္ပန်ဖြစ်လျှင် ပစ္စည်းတရားက ဘယ်သူတဲ့တုန်း (ပဋ္ဌဒ္ဓါရာဝဇ္ဇန်း)။ နည်းနည်းကလေး ဆက်ဆက်ပေးမှာပါ။ လွယ်လဲ လွယ်ပါတယ်။

ပဋ္ဌဝိညာဉ်ရဲ့နောက်က ဘယ်သူတုန်း (သမ္ပဋ္ဆိုင်း)၊ ပဋ္ဌဝိညာဉ်ပစ္စည်းဖြစ်လျှင် သမ္ပဋ္ဆိုင်းက ပစ္စယုပ္ပန်မဟုတ်လား (မှန်ပါ)။ ဒီတော့ သမ္ပဋ္ဆိုင်းအား တပ်သော ပဋ္ဌဝိညာဉ်

ဒီလိုမဟုတ်လား။ ရှေ့စိတ် ပစ္စည်း၊ နောက်စိတ် ပစ္စယုပ္ပန်ဆိုတဲ့ ဥပဒေမလွတ်စေနှင့်ပေါ့ ဟုတ်လား (မှန်ပါ)။

သူ့နောက်က ဘယ်သူလာပြန်သတုန်း (သန္ဓိရဏ) သန္ဓိရဏအား တပ်သော သမ္ပယုတ်ရှိင်း။ နောက်ပြီးတော့ ဝုဋ္ဌောအားတပ်သော သန္ဓိရဏ။ မလွယ်ဘူးလား လွယ်ပါတယ်။ ဒါတွေဟာ မခတ်လှပါဘူး။

မှတ်ထားစမ်းပါဦး၊ ဝုဋ္ဌောအား တပ်သောသန္ဓိရဏ။ ဝုဋ္ဌောနောက်က ဘယ်သူရှိသလဲ (ဇောရှိပါတယ်)၊ ဇောရှိတယ်။ အဲဒီတော့ သတိပြုလိုက်၊ ဦးပဉ္စင်းတို့ သင်ကြားပို့ချပုံလိုက်ကြဦးစို့။

ဟိုတချိန်ကလဲ ပြောခဲ့ပါတယ်။ ကာမဇောစောကောင်းသော ဝိထိဘာတွေလဲလို့ မေးလျှင် ပဉ္စဒ္ဓါရဝိထိတမျိုး, မနောဒ္ဓါရဝိထိတမျိုးလို့ ၂-မျိုးအကျဉ်း ပြောခဲ့တယ်မဟုတ်လား (မှန်ပါ)၊ အခုလဲ ပြန်ပြီး နားထောင်စမ်းပါ။

အဲဒီ ၂-မျိုးတို့တွင် ပဉ္စဒ္ဓါရဝိထိခေါ်တဲ့ ဝိထိဟာ ဘာတုန်း။ အတိမဟန္တာရုံ, မဟန္တာရုံ, ပရိတ္တာရုံ, အတိပရိတ္တာရုံလို့ ၄-မျိုး မလာဘူးလား (မှန်ပါ)၊ သတိပြု နားထောင်ကြစမ်းပါ။ စဉ်းစားကြစမ်းပါ။

ဒီ ၄-ဝိထိတို့တွင် နောက်ဆုံး အတိပရိတ္တာရုံ ဝိထိဆိုတာက ဝိထိစိတ် ဖြစ်ရဲ့လား (မဖြစ်ပါဘူး)။ ဝိထိစိတ်မရှိသောကြောင့် မောယဝါရတဲ့။ ဝိထိစိတ်မှ မရှိဘဲနှင့် သူ့အတွက် ဘုန်းကြီးတို့က ဝိထိစိတ်အနေအားဖြင့် အနန္တရပစ္စည်း ပစ္စယုပ္ပန်တပ်နေဖို့ မလိုတော့ဘူး။ ဝိထိစိတ်က မဖြစ်တာ။ ဘဝင်တွေရှိမယ်ဆိုတော့ ဘဝင်တွေက ဆိုပြီးပြီ မဟုတ်လား (မှန်ပါ)၊ နောက်ဘဝင်တပ်လျှင် ရှေ့ဘဝင်က ပစ္စည်း၊ ရှေ့ဘဝင် ပစ္စည်းဖြစ်နေလျှင် နောက်ဘဝင်က ပစ္စယုပ္ပန်။ ပြီးပြီမဟုတ်လား (မှန်ပါ)၊ သူ့အတွက် လျှဉ်းပါးဖွယ်မလိုဘူး။ ဒီတော့ သူ့အတွက် ပဉ္စဒ္ဓါရက တဝိထိလျှော့ထားတယ် မဟုတ်လား (မှန်ပါ)။

ဘာဝိထိ ကျန်သေးသလဲမေးလျှင် ပရိတ္တာရုံဝိထိကျန်တယ်။ ပရိတ္တာရုံဝိထိကျပုံ ကြည့်စမ်းပါဦး။ အဲဒီ ပရိတ္တာရုံဝိထိမှာ ဇောစောရဲ့လား (မစောပါ)၊ ဇောမစောတော့ ဘုန်းကြီးတို့က ဒီက ကူးမှာက ဇောကူးမှာ မဟုတ်လား (မှန်ပါ)၊ ဇောမစောလျှင် သူက ဘာဖြစ်သလဲလို့မေးလျှင် 'ဒွိတိက္ခတ္တုံ ဝေါဋ္ဌဗ္ဗနမေဝ'လို့ အရှင်အနုရုဒ္ဓါဆိုတယ် မဟုတ်လား။ ဝုဋ္ဌော ကို ၂-ကြိမ် ၃-ကြိမ် ချလိုက်တဲ့။ ဝုဋ္ဌော ၂-ကြိမ်ထဲချတဲ့ ဝါဒလဲရှိတယ်။ ၃-ကြိမ်ချတဲ့ နည်းလဲရှိတယ်။ အရှင်အနုရုဒ္ဓါက ၂-မျိုးဘဲပြတယ်။ အရကောက် ဆရာတော်ဘုရားကြီးက ၂-ကြိမ်ချနှင့် ဆိုရိုးပြုထားတယ်။

ဒီတော့ ဦးပဉ္စင်းတို့ ရေးထားတဲ့ ဝိထိထဲ မရှိပေမဲ့ ကိုယ့်သင်္ကေတကလေးနှင့် ကိုယ် မှတ်စမ်း။ အခု ဒီမှာ ဝုဋ္ဌောတော့ တွေ့နေတယ်မဟုတ်လား (မှန်ပါ)၊ နောက်ထပ် ဝုဋ္ဌော တကြိမ် ထည့်ရလိမ့်မယ်လို့ ဉာဏ်ထဲကသိ။ မမှတ်မိဘူးထင်လဲ စာလုံးသေးသေးနှင့် အသာ ကလေး တေးထား။ သိတော့ ဖျက်ပစ်ပေါ့။ ဒီအတိုင်းရေးမထားနှင့်။

အဲဒီ ဝုဋ္ဌော ၂-ကြိမ်ကျပြီးတော့ နောက်က ဘာဆက်ကျမလဲ (ဘဝင် ဆက်ကျပါ မယ်)၊ အဲဒီ ဘဝင်က ဘယ်သူလဲလို့မေးလျှင် ပဋ္ဌဝေါကာရ ဘဝင် ၁၅-ခုတဲ့။ **ပရိတ္တာရုံဝိထိ ဝုဋ္ဌောနောင်ကျတဲ့ ဘဝင်ပြောတာ။**

မှတ်မိကြပလား (မှန်ပါ)၊ အဲဒီတင် ရပ်မှာပါ။ ဒီနေ့ ဒါ ပရိတ္တာရုံဝိထိ အတွက်တင် ပြောတာ၊ ကျန်တဲ့ဝိထိတွေ နက်ဖြန်ခါမှ သွားရအောင်။ ဇောမစောဘူးဆိုတော့ ဒီမှာ ဆုံးရ တယ်။ ခုတင်က ဘာတဲ့တုန်း ဝုဋ္ဌောအားတပ်သော သန္ဓိရဏ ဒီလို ဆိုလိုက်တယ် မဟုတ် လား (မှန်ပါ)၊ ဆိုလိုက် ပရိတ္တာရုံ ဝိထိဖြစ်အံ့လို့ ဆိုရိုးထည့်နော်၊ အခု ပရိတ္တာရုံဝိထိအတွက် ပြောနေတယ် မဟုတ်လား (မှန်ပါ)၊ ပရိတ္တာရုံဝိထိဖြစ်အံ့ ဆိုတော့ ဝုဋ္ဌောက ၂-ကြိမ် ရှိတယ် ဆို၊ ဒီတော့ ဒုတိယ ဝုဋ္ဌောအား တပ်သော ပဋ္ဌမ ဝုဋ္ဌော။

ဒုတိယဝုဋ္ဌောနောက်က ဘယ်သူရှိသတုန်း (ဘဝင်ရှိပါတယ်)၊ ဘာ ဘဝင်တဲ့တုန်း (ပဋ္ဌဝေါကာရဘဝင်)၊ ပဋ္ဌဝေါကာရဘဝင် ၁၅-ခုအား တပ်သော ဒုတိယဝုဋ္ဌော။ နားလည် ပလား (မှန်ပါ)။

ဒီစာကလေးတကြောင်းပေါ်မှာ[1] ဉာဏ်နှင့်မြင်နေအောင် ကြည့်စမ်းပါ။ မံသစက္ခု နှင့် ကပ်ကပ်ကြည့်တော့ ဉာဏစက္ခုက နောက်က လိုက်လာပါလိမ့်မယ်။ ဘယ်မှ အားမကိုး နှင့် ဘုန်းကြီးက ဒါနှင့် ဖြစ်သင့်တယ်, ဖြစ်နိုင်တယ်, ဖြစ်အောင်လုပ်ပေးမယ်လို့ တာဝန်ခံ ပြီး အပင်ပန်းခံပြောနေတာ။ ဒီလိုမဟုတ်လို့ရှိလျှင်လဲ ဦးပဉ္စင်းတို့ဖာသာ ဟိုက ကျက်ခဲ့ဆို ပြီး ခိုင်းလိုက်လျှင် အလွယ်သားပေါ့။ ဒီလို မခိုင်းချင်လို့ စာကလေး ၄-၅ ကြောင်းပေါ်မှာ အဓိပ္ပါယ်နှင့်တကွ ရှင်းပြောနေတာ။

ဘာတဲ့ ပရိတ္တာရုံဝိထိဖြစ်အံ့၊ ဒုတိယဝုဋ္ဌောအားတပ်သော ပဋ္ဌမဝုဋ္ဌော၊ ပဋ္ဌဝေါကာရ ဘဝင် ၁၅-ခုအားတပ်သော ဒုတိယဝုဋ္ဌော အဲဒီတွင် ဆုံးပါစေ။ ဦးသူရိယ အစက ပြန် ဆိုစမ်း။

ဦးသူရိယ။ ။ပဋ္ဌမဘဝင် နာမက္ခန္ဓာအားတပ်သော ပဋ္ဌိသန္ဓေနာမက္ခန္ဓာ (ပ) ဒုတိယဝုဋ္ဌောအားတပ်သော ပဋ္ဌမဝုဋ္ဌော၊ ပဋ္ဌဝေါကာရဘဝင် တဆယ့်ငါးခု အား တပ်သော ဒုတိယဝုဋ္ဌော။

၁။ ဤကျမ်း၊ နှာ-၃၁၁-ရှိ အနန္တရဝိထိဇယား

ဘဝဂုံပစ္ဆေဒ

ဆရာတော်။ ။သတိပြု ဘုန်းကြီး ထပ်ပြောဦးမယ်။ ဝိထိရဲ့ရှေ့ပိုင်းမှာ တွေ့ရတဲ့ ဝိထိစိတ် ပေါ်ခါနီး ဘဝင်ကိုသာ ဘဝဂုံပစ္ဆေဒ ခေါ်ရတယ်နော်။ တနည်း ပြောလျှင် ဝိထိရဲ့ရှေ့ရှိတဲ့ အဆုံးဘဝင်ကိုသာ ဘဝဂုံပစ္ဆေဒ။ နောက်ကရှိ လျှင် ဘဝင်ရိုးရိုး။ ဥပမာ အတီတဘဝင်ဖြစ်နိုင်တယ်၊ ဘဝဂ်စလန ဖြစ်နိုင်တယ်၊ ဝိထိစိတ် ဖြစ်ပေါ်ခါနီးတော့ ဘဝဂုံပစ္ဆေဒ။

ဒါကြောင့် ဒုတိယဝုဋ္ဌောအားတပ်သော ပဌမဝုဋ္ဌော၊ ပဋ္ဌဝေါကာရဘဝင် ၁၅-ခု အားတပ်သော ဒုတိယဝုဋ္ဌော ဒီလိုမဟုတ်လား (မှန်ပါ)။ အားလုံး အစကနေ ဟောပါ ပဌမ ဘဝင် နာမကွန္ဓာက။

သံယာတော်များ။ ။တခေါက်ဟောကြသည်။

ဆရာတော်။ ။ပရိတ္တာရုံဝိထိအတွက် ဆုံးသွားတယ်၊ နောက်ကို တနေ့ နည်းနည်း နည်းနည်း ဒီဝိထိတွေ ထည့်ပေးမယ်၊ ကဲ ဒီနေ့ တော်ကြဦးစို့။

အာဟာရပစ္စည်း အရကောက်
ကုပဒ ၃-ချက် အရကောက်

ဆရာတော်။ ။မနေ့က ဘာပြီးသွားသတုန်း၊ စျာနနှင့် မဂ္ဂ။ ပါဠိတော်အစဉ်အတိုင်း ဒီနေ့ အာဟာရပစ္စည်း ကောက်ရမယ်။ အကျဉ်းချုပ် ဘုန်းကြီးပြောပေးမယ်။ ဒါတွေ သိပ်ကြာနေလိမ့်မယ်။

ကုသလပဒ, အကုသလပဒ, အဗျာကတပဒ ပဝတ္တိ ပဋ္ဌိသန္ဓေ ၂-မျိုးစလုံး အားလုံးမှာ ပစ္စည်းတရားဟာ နာမ်အာဟာရ တရားကိုယ် ၃-ပါးဘဲ၊ အလွန်လွယ်ပါတယ်။

ပစ္စယုပ္ပန်အနေနှင့် ကြည့်လျှင်လဲဘဲ ကုသလပဒ ၃-ချက်တို့တွင် ပဌမအချက်[1] ဘာရသလဲ၊ ကုသိုလ်စိတ် ဧကဝီသ စေတသိက် အဌတိံသ တည်းဟူသော သမ္မယုတ္တခန္ဓာ၊ ဒုတိယအချက်[2] ကုသိုလ်သည် ပြုအပ်သော စိတ္တဇရူပ်၊ တတိယအချက်[3] ဒီ ၂-ခုပေါင်း ပြီးတော့ကောက်။

ကရိဏ်းပါဠိအရကောက်တော့ကော ထုံးစံအတိုင်း အကြီး ၄-ပစ္စည်း, အလတ်ကဘယ်သူတုန်း ည-သံ၊ ပေါင်းတော့ ၆-ပစ္စည်း။ ပြီးတော့ သုဒ္ဓသင်္ခ်ာ မေးကြည့်တော့ ဘယ်

---

[1] ပ-အချက်=ကုသလော ကုသလဿ။ [2] ဒု-အချက်=ကုသလော အဗျာကတဿ။ [3]တ-အချက်=ကုသလော ကုသလာဗျာကတဿ။ ကျန်ပစ္စည်းမှာ ဤနည်းနှင်နှင်သိပါလေ။

သူတွေလဲ လတ်ကြီး (၈) နှင့် ဓိ-ကံ-ဣ၊ ကိုယ်တိုင်အာဟာရ၊ ပေါင်း ၁၂။ ကဲ ဒါဖြင့် ဓိ-ကံ-ဣ ထည့်လိုက်ရုံပေါ့။ ဓိ-ကံ-ဣ ထည့်တော့ အခုန ၆-ပစ္စည်းမှာ ၉-ပစ္စည်း၊ ကိုယ်တိုင် အာဟာရနှင့် ၁၀။ ဒုတိယအချက် ၉။ တတိယအချက် ၈-ဒီလိုနေမှာပေါ့ ဟုတ်လား (မှန်ပါ)။

ထားပါဦး၊ ဦးပဉ္စင်းတို့ သတိပြုစရာ ဘာရှိသလဲ။ ပစ္စည်း နာမ်အာဟာရ တရား ကိုယ် ၃-ပါးဖြစ်တုန်းမှာ ဓိ-ကံ-ဣ-ဆိုတဲ့ ၃-ပစ္စည်းဝင်လာတော့ အဓိပတိပစ္စည်းဟာ ဘယ် အာဟာရနှင့် သဘာဝဖြစ်လို့ရသလဲ (ဝိညာဏာဟာရနှင့် သဘာဝဖြစ်လို့ ရပါတယ်)၊ ဝိညာ ဏာဟာရက ဘာအဓိပတိဖြစ်နိုင်သလဲ (စိတ္တာဓိပတိ)။

ဒါတွေကို လေ့လာကြပါ။ ပြီးတော့ ကမ္မပစ္စည်းက ဘယ်အာဟာရနှင့် သဘာဝဖြစ် သလဲ၊ (စေတနာဟာရနှင့် သဘာဝဖြစ်ပါတယ်)။ ဣန္ဒြိယပစ္စည်းကကော ဘာတူသလဲ (ဝိညာဏာဟာရ)၊ တရားကိုယ်က စိတ်ရတယ်။ ဒီတော့ ဣန္ဒြိယမှာ မနိန္ဒြေလို့ဆိုပြီး ဣန္ဒြေ ဖွဲ့။ အဲဒါနားလည်ဖို့က ပိုအရေးကြီးတယ်။ အရကောက်ကတော့ ခုတင်က ဘုန်းကြီးပြော သွားတဲ့ အကျဉ်းချုပ်ဘဲ။ အဲဒီလွယ်တာကလေးမှာ အချိန်မဖြုန်းရအောင် သတိပြု။ ဒုတိယ အချက်မှာ ၉-ပစ္စည်း။ တတိယအချက်ကျတော့ ၈-ပစ္စည်း။ ကုသလပဒ ၃-ချက်။ ဦးဉာဏ စပြီး ဟောစမ်း။

ဦးဉာဏ။ ။ကုသလော ကုသလသင်္ခ် ကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ကုသိုလ်စိတ် ဧကဝီသ စေတသိက် အဌတိံသ စိတ္တက္ခဏ တခု တခုဌ် ရှိသော နာမ်အာဟာရတရားကိုယ် ၃-ပါး ပစ္စည်းတရားရ၏။

ကုသလသ ဓမ္မသဟူသော သမ္ပဒါန်ပုဒ်၏ အရကား ကုသိုလ်စိတ် ဧကဝီသ စေသသိက် အဌတိံသ သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

အာဟာရပစ္စယေန ဟူသော ကရိဏ်းပါဠ်၏ အရကား တပြိုင်နက် ယထာရဟတပ်ကောင်းသော အာဟာရ, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ကမ္မ, ဣန္ဒြိယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤ ၁၀-ပစ္စယသတ္တိ တို့တွင် အာဟာရသတ္တိဟု ဆိုအပ်သော သတ္တဝိသေသရ၏။

ကုသလော အဗျာကတသင်္ခ် ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝီသ စေတသိက် အဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော နာမ်အာဟာရ တရားကိုယ် ၃-ပါး ပစ္စည်းတရား ရ၏။

အဗျာကတသ ဓမ္မသဟူသော သမ္ပဒါန်ပုဒ်၏ အရကား ကုသိုလ်သည် ပြုအပ် သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။

အာဟာရပစ္စယေနဟူသော ကရိုဏ်းပါဠ်၏အရကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အာဟာရ, အဓိပတိ, သဟဇာတ, နိဿယ, ကမ္မ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤ ၉-ပစ္စယသတ္တိတို့တွင် အာဟာရသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

ကုသလော ကုသလာဗျာကတသင်္ခ် ကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား သမ္မယုတ္တခန္ဓာ စိတ္တဇရူပ်အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ် ၈ကဝိသ, စေတသိက်အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော နာမ် အာဟာရတရားကိုယ် ၃-ပါး ပစ္စည်းတရားရ၏။

ကုသလဿ စ အဗျာကတဿ စ ဓမ္မဿဟူသော သမ္မဒါန်ပုဒ်၏ အရကား ကုသိုလ်စိတ် ၈ကဝိသ, စေတသိက်အဋ္ဌတိံသ သမ္မယုတ္တခန္ဓာ စိတ္တဇရူပ် ပစ္စယုပ္ပန်တရားရ၏။

အာဟာရပစ္စယေနဟူသော ကရိုဏ်းပါဠ်၏အရကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အာဟာရ, အဓိပတိ, သဟဇာတ, နိဿယ, ကမ္မ, ဣန္ဒြိယ, အတ္ထိ, အဝိဂတ ဤ ၈-ပစ္စယသတ္တိတို့တွင် အာဟာရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသ ရ၏။

အကုပဒ ၃-ချက် အရကောက်

ဆရာတော်။ ။အကု ၃ ချက် သတိပြုစမ်း။ လွယ်လွယ်ကလေးရယ်၊ ပြီးတော့မှ ပေါင်းဟောရအောင်။ ဘာထူးမှာလဲလို့ ဒီအတိုင်းဘဲ ပစ္စည်းက နာမ်အာဟာရတရားကိုယ် ၃-ပါး ရတာဘဲ မဟုတ်လား၊ ပစ္စယုပ္ပန်သွားတော့ အကုသိုလ် ဒွါဒသ, စေတသိက်သတ္တဝိသ၊ ကရိုဏ်းပါဠ်လဲ ခုတင်ကလိုဘဲ ပဋ္ဌမအချက် ၁၀၊ ဒု-တ ၉-စ၊ ဒီလို မဟုတ်လား (မှန်ပါ)၊ ဦးပညာနန္ဒ ဟောကြစမ်း။

ဦးပညာနန္ဒ။ ။အကုသလော အကုသလဿ၌ အကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏အရကား သမ္မယုတ္တခန္ဓာအားတပ်သော အကုသိုလ်စိတ် ဒွါဒသ, စေတသိက်သတ္တဝိသ စိတ္တက္ခဏ တခုတခု၌ရှိသော နာမ်အာဟာရတရားကိုယ် ၃-ပါး ပစ္စည်းတရား ရ၏။

အကုသလဿ ဓမ္မဿဟူသော သမ္မဒါန်ပုဒ်၏အရကား အကုသိုလ်စိတ် ဒွါဒသ, စေတသိက်သတ္တဝိသ သမ္မယုတ္တခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

အာဟာရပစ္စယေနဟူသော ကရိုဏ်းပါဠ်၏ အရကား တပြိုင်နက် ယထာရဟတပ်ကောင်းသော အာဟာရ, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ကမ္မ, ဣန္ဒြိယ, သမ္မယုတ္တ, အတ္ထိ, အဝိဂတ ဤ ၁၀-ပစ္စယသတ္တိတို့တွင် အာဟာရသတ္တိဟုဆိုအပ်သော သတ္တိဝိသေသရ၏။

အကုသလော အဗျာကတသင်္ခ် အကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား စိတ္တဇရုပ်အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ, စေတသိက်သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော နာမ်အာဟာရ တရားကိုယ် ၃-ပါး ပစ္စည်းတရားရ၏။

အဗျာကတသ ဓမ္မသဟူသော သမ္မဒါန်ပုဒ်၏အရကား အကုသိုလ်သည် ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။

အာဟာရပစ္စယေနဟူသော ကရိဏ်းပါဠ်၏အရကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အာဟာရ, အဓိပတိ, သဟဇာတ, နိဿယ, ကမ္မ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤ ၉-ပစ္စယသတ္တိတို့တွင် အာဟာရသတ္တိဟု ဆိုအပ်သော သတ္တဝိသေသရ၏။

အကုသလော အကုသလာဗျာကတသင်္ခ် အကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား သမ္မယုတ္တခန္ဓာ စိတ္တဇရုပ်အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်စိတ်ဒွါဒသ, စေတသိက်သတ္တဝီသ စိတ္တက္ခဏ တခုတခု၌ရှိသော နာမ်အာဟာရ တရားကိုယ် ၃-ပါး ပစ္စည်းတရား ရ၏။

အကုသလသ စ အဗျာကတသ စ ဓမ္မသ ဟူသော သမ္မဒါန်ပုဒ်၏ အရကား အကုသိုလ်စိတ် ဒွါဒသ, စေတသိက် သတ္တဝီသ သမ္မယုတ္တခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန် တရားရ၏။

အာဟာရပစ္စယေနဟူသော ကရိဏ်းပါဠ်၏အရကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော အာဟာရ, အဓိပတိ, သဟဇာတ, နိဿယ, ကမ္မ, ဣန္ဒြိယ, အတ္ထိ, အဝိဂတ ဤ ၈-ပစ္စယသတ္တိတို့တွင် အာဟာရသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

နာမ်အာဟာရ၌ ဗျာ-ဗျာ အရကောက်

ဆရာတော်။ ။အတူတူဘဲနော် သတိပြုနားထောင်၊ အဗျာကတော အဗျာကတသ ဣတော့ သတိထားလိုက်ကြစမ်း။ သူက နာမ်အာဟာရ, ရုပ်အာဟာရလို့ မျိုးကွဲရှိလာတယ် မဟုတ်လား၊ ပြီးလာခဲ့တဲ့ ဟေတု စျာန မဂ္ဂကတော့ ပဝတ္တိ, ပဋ္ဌိသန္ဓေလို့ ၂-မျိုးရှိတယ်၊ အာဟာရကတော့ ပဝတ္တိ ပဋ္ဌိသန္ဓေ ရုပ်သက်သက်လို့ ၃-မျိုးရှိတယ်။ ရုပ်အာဟာရဆိုတာ ပစ္စည်းလဲရုပ်, ပစ္စယုပ္ပန်လဲရုပ် မဟုတ်လား (မှန်ပါ)။ ဒါကြောင့် ရုပ်သက်သက်လို့ အရကောက် ဆရာတော်ကြီးတွေက သုံးတယ်။

အဗျာကတော အဗျာကတသ၌ ဆိုပြီး ဟောရိုး အပြည့်အစုံကတော့ 'အဗျာကတသည် ပဝတ္တိ, ပဋိသန္ဓေ, ရူပ်သက်သက်အားဖြင့် ၃ ပါး အပြားရှိ၏။ ထို ၃-ပါးတို့တွင်' ဆိုပြီး ဒီလိုလုပ်ရသေးတယ်နော် (မှန်ပါ)။

ရှိပါစေတော့၊ ပဝတ္တိ ဖြစ်အံ့-ပစ္စည်းကလဲ နာမ်အာဟာရတရားကိုယ် ၃-ပါးဘဲ၊ ပစ္စယုပ္ပန်ကျတော့ ဝိပါက်တွေ ကြိယာတွေ လျော့မှာလား (မလျော့ပါ)၊ မလျော့ဘူးနော်။ ဘယ်ကမှ မလျော့ဘူး။ ဟို ပြီးခဲ့တဲ့ ၃-ပစ္စည်းက ဟေတုနှင့် မဂ္ဂက သဟိတ်တွေ ဖြစ်တော့ အဟိတ်တွေ လျော့တယ်။ စျာနကျတော့ ဘာလျော့တယ်၊ ဒွေပဉ္စဝိညာဉ် ၁၀-လျော့တယ်၊ ဒါကလေးတွေ ပြန်ပြန်လေ့လာမှ နို့မဟုတ် သူကလဲ မေ့ကုန်ပြန်ရော၊ အခု အာဟာရကျတော့ ဘာဝိပါက်မှ မလျော့ဘူး။ အကုန်လုံး ဝိပါက်စိတ် ဆတ္တိံသ, ကြိယာစိတ် ဝီသ, စေတသိက် အဌတိံသလို့ အကုန်လုံး ရှိပေစေ။ ကရိဏ်းပါဌ်ကိုထုတ်တော့ သုဒ္ဓသၚ်ပါတဲ့ အတိုင်း အားလုံးပေါင်း ဘယ်လောက်ရှိတယ် (၁၂-ပစ္စည်း ရှိပါတယ်)။

အဲဒီလို ပဝတ္တိက မလျော့တော့ ပဋိသန္ဓေစိတ်ကော လျော့မှာလား (မလျော့ပါ)၊ ပဋိသန္ဓေစိတ် ဧကူဝီသ စေတသိက် ပဉ္စတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော နာမ်အာဟာရတရားကိုယ် ၃-ပါးလို့ဆိုပါ။

ကရိဏ်းပါဌ်ကျတော့ မရတဲ့ပစ္စည်းက ဘယ်သူတဲ့တုန်း (အဓိပတိပစ္စည်း)၊ အဲဒါ အမြဲတမ်း လေ့လာနေပါ၊ ဘာပျက်သွားတယ်၊ ဘာလျော့သွားမယ်ဆိုတာ။ အဓိပတိလျော့သွားမယ်မဟုတ်လား (မှန်ပါ)၊ ဒီတော့ ဘယ်လောက်ကျန်တော့သတုန်း (၁၁-ပစ္စည်း)၊ အဲဒါ ပဝတ္တိနှင့် ပဋိသန္ဓေ ကွာခြားပုံ။

ရူပ်အာဟာရ၌ ဗျာ-ဗျာ အရကောက်

ရူပ်အာဟာရဖြစ်အံ့-လို့ နောက်ဆက်လိုက်ပါနော် (မှန်ပါ)၊ ရူပ်အာဟာရဖြစ်အံ့၊ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ဘယ့်နှယ်လုပ်ဆိုရမလဲလို့ မေးလျှင် သုဒ္ဓသၚ်ပါအတိုင်းဆို။ သုဒ္ဓသၚ်ပါက ဘာတဲ့တုန်း၊ ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိက ရူပ်အားတပ်သော စတုသမုဋ္ဌာနိက ဩဇာ ပစ္စည်းတရားရ၏။

အဗျာကတသ ဓမ္မသ ဟူသော သမ္ဗန္ဓပုဒ်၏ အရကား ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရူပ် ပစ္စယုပ္ပန်တရားရ၏။ ဒါ သုဒ္ဓသၚ်ပါအတိုင်းဆိုတာနော် (မှန်ပါ)။

ဒီထက် နည်းနည်းပိုပြီး သေချာချင်လျှင်တော့ သတိထားလိုက်ပါတော့၊ ဒါကတော့ ကလာပ်တူ ဩဇာကြဉ်သော-လို့ ပစ္စယုပ္ပန်ကောက်တဲ့အခါမှာ ပစ္စည်းကို ထည့်ဆိုတတ်တဲ့

အလေ့လဲရှိတယ်။ ဒါလဲကောင်းပါတယ်။ သို့ပေမဲ့ အဆိုရှုပ်နေရော့မယ်။ သဘောသိ ထားစမ်း။

ဘယ်လိုဖြစ်သင့်တယ် (ကလာပ်တူသြဇာကြဉ်သော)၊ ပြီးတော့မှ ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ် ပစ္စယုပ္ပန်တရားရ၏။

အာဟာရပစ္စယေနဟူသော ကရိုဏ်းပါဠ်၏ အရကား ဘယ်နှစ်ပစ္စည်းတဲ့တုန်း (၃-ပစ္စည်း)၊ ဘာတဲ့တုန်း (အာဟာရ, အတ္ထိ, အဝိဂတ) ဤ ၃-ပစ္စယသတ္တိတို့တွင် အာဟာရ သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

သူက ရုပ်အာဟာရပါကလား, ပြီးခဲ့တဲ့ ၇-ချက်က နာမ်အာဟာရပါကလား၊ အဲဒီ လိုလဲ ဉာဏ်က သိမ်းပိုက်ထားပါ၊ ဦးကောလိယ ဟောစမ်း။

ဦးကောလိယ။ ။အဗျာကတော အဗျာကတသဒ္ဒ ပဝတ္တိအခါမှစ၍ ၃ ချက် ဟောသည်။

ဆရာတော်။ ။ကောင်းပါတယ်၊ ဒါကလေးလဲ ထည့်ဆိုနိုင်ပါတယ်၊ **ကလာပ်တူ** **သြဇာကြဉ်**သော ထည့်ဆိုတာ ကောင်းတယ်နော်၊ ပြီးတော့လဲ ကရိုဏ်းပါဠ် ထုတ်တော့လဲ အခု သူဆိုသွားတာ ဘာတဲ့တုန်း၊ တပြိုင်နက် တပ်ကောင်း သောတဲ့ သတိပြုစမ်း၊ အဲဒါကလေး ဘုန်းကြီး နည်းနည်းပြောမယ်။

ဟိုနေ့က ဘာပြောခဲ့သလဲ၊ မူ ပစ္စည်းထက် မူလီပစ္စည်းက တရားအရမျှားနေတာ ရယ်, တူမျှနေတာရယ်လို့ ၂-မျိုးရှိတယ် မဟုတ်လား (မှန်ပါ)၊ ဟိုတုန်းက ပြောခဲ့တဲ့ အငယ် တွေ, အလတ်တွေ, အကြီးတွေမှာ အငယ်တို့ထက် အလတ်အကြီးတို့က တရားသာနေတယ်၊ ဒီမှာတော့ ညီနေတယ်၊ အာဟာရမှာလဲ ဒီတရားဘဲ ရှိတယ်၊ အတ္ထိ အဝိဂတမှာလဲ ဒီအတိုင်း ဘဲ ရှိတယ်။ မပိုဘူးနော် (မှန်ပါ)။ အဲဒါကြောင့် ဒါမျိုးဟာ **ညီမျှနေတဲ့ တရားမျိုး, တူမျှနေ** **တဲ့ တရားမျိုးလို့** နားလည်ပါ။

အင်မတန် လွယ်ပါတယ်၊ ဘုန်းကြီးက ဒါလေးက လွယ်တော့ ပျင်းတောင် ပျင်း သေးတယ်၊ ဖြည်းဖြည်းကလေးဘဲ ကုသိုလ်ဖြစ်အောင် အားလုံး ဟောစမ်းပါ၊ ကုသလော ကုသလသဒ္ဒ ဖြည်းဖြည်းဟောပါ။

သံယာတော်များ။ ။အာဟာရပစ္စည်း တခေါက် ဟောကြသည်။

ဆရာတော်။ ။သုဒ္ဓသန္ဓာရဲ့ တန်ဖိုးတွေဆိုတာလဲ သိပါ၊ အဲဒါတော့ ဘယ်တော့မှ မမေ့နှင့် သုဒ္ဓသန္ဓာဖြင့်ပင်လျှင် ပါဠိတော်တွေ စီပေးထားတယ်။ ဒီ သုဒ္ဓသန္ဓာ နှင့်ဘဲ အခု အရကောက်တွေ ဖြစ်နေတယ်၊ အဲဒါတွေဟာ ဒါနှင့် မပြီးသေး ဘူးနော်၊ **နောက်ပိုင်းမှာ အလွန်ခက်တယ်လို့ဆိုတဲ့ သဘာဂ, ယဉ္ဇနာတွေဟာ**

အဲဒီ သုဒ္ဓသင်္ခ်ာနှင့်ဘဲ သွားလိမ့်ဦးမယ်၊ ဒါကြောင့်မို့လို့ သုဒ္ဓသင်္ခ်ာကိုတော့ နေ့တိုင်း ပြန်ထားလျှင် ကောင်းပါတယ်။ မနက် အိပ်ရာနိုး မျက်နှာသစ်ပြီးတော့ ဘုရားရှေ့ထိုင်ပြီးတော့ ဣတိပိ သော ပြီးလျှင် သူ့ကို ဆက်ရွတ်ကြပေါ့ ဟေတုပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရဋ္ဌ ဆိုပြီးတော့၊ မြတ်စွာဘုရားက နှစ်သက်တော်မူမှာပါ။ သုဒ္ဓသင်္ခ်ာတွေနှင့် ကန်တော့လျှင် တာဝတိံသာမှာ ဟောထားတဲ့ အဘိဓမ္မာရဲ့ အဆီအနှစ် အမြုတေတွေ ပါလားဆိုပြီး အားရ နှစ်သိမ့်တော်မူပါလိမ့်မယ်။

ဣန္ဒြိယပစ္စည်း အရကောက်

ပြီးတော့ ဣန္ဒြိယပစ္စည်း ကောက်ကြဦးစို့။ ဘုန်းကြီးအကျဉ်းချုပ် ကြည့်ပြောမှာပါ။ လွယ်လွယ်ကလေးရယ် ဒါတွေက။

သမ္မယုတ္တခန္ဓာ စိတ္တဇရုပ် ပဋ္ဌိသန္ဓေ ကမ္မဇရုပ်အား တပ်သော နာမ်ဣန္ဒြေတရားကိုယ် ၈-ပါး၊ ဒါဘဲမဟုတ်လား (မှန်ပါ)၊

ဒီတော့ ဒို့မှတ်ဖို့က ဘာမှတ်မလဲ၊ ခုတင်က ပြောသလို အကျဉ်းချုပ် ကြည့်လျှင် ကုသလပဒ ၃-ချက်နှင့် အဗျာကတ ပဝတ္တိ, ပဋ္ဌိသန္ဓေ ၂-မျိုးစလုံးမှာ ပစ္စည်း နာမ်ဣန္ဒြေတရားကိုယ် ၈-ပါး၊ ဒီလို မဟုတ်လား (မှန်ပါ)။

အကုသလပဒ ၃-ချက်ဖြစ်လျှင် ပစ္စည်းက နာမ်ဣန္ဒြေ တရားကိုယ် ဘယ်လောက်တုန်း (၅-ပါး)၊ ဘယ်သူတွေတဲ့တုန်း (ဇီဝိတ, စိတ်, ဝေဒနာ, ဝီရိယ, ဇောဋ္ဌတာ)၊ ဖော်ဆိုရမှာနော်။ ဇီဝိတ, စိတ်, ဝေဒနာ, ဝီရိယ, ဇောဋ္ဌတာဟု ဆိုအပ်သော နာမ် ဣန္ဒြေတရားကိုယ် ၅-ပါး ပစ္စည်းတရားရ၏။ ဒီလို မဟုတ်လား၊ မခက်ပါဘူး မှတ်ထားစမ်းပါ။

ပစ္စယုပ္ပန်အနေအားဖြင့် ကြည့်ပြန်လျှင်လဲ သတိနှင့် နားထောင်နော် အတူတူတွေဘဲ၊ ကုသလပဒ နံပါတ် ၁-ဖြစ်လျှင်လဲ ကုသိုလ်စိတ် ဇောဝိသ၊ စေတသိက်အဌတိံသ သမ္မယုတ္တ ခန္ဓာဘဲ မဟုတ်လား (မှန်ပါ)။ ဒုတိယ ကု-ဗျာ ဆိုလျှင်လဲ စိတ္တဇရုပ်ဘဲ၊ တတိယ ကု-ကုဗျာဆိုလျှင်လဲ သူတို့နှစ်ခု ပေါင်းတာဘဲ မဟုတ်လား (မှန်ပါ)။

အကုပဒဖြစ်လျှင်လဲ ထို့အတူဘဲ၊ ပစ္စယုပ္ပန်တရားက ပဌမအချက်က အကုသိုလ်စိတ် ဒွါဒသ, စေတသိက် သတ္တဝီသ ဖြစ်မယ် မဟုတ်လား (မှန်ပါ)။ ဒုတိယအချက်ဖြစ်လျှင် အကုသိုလ်သည် ပြုအပ်သော စိတ္တဇရုပ်၊ ၃-နံပါတ် ဖြစ်နေလျှင် သူတို့ ၂-မျိုး ပေါင်းလိုက်တာဘဲ။

အဗျာကတ ပစ္စယုပ္ပန်ကြည့်လျှင်လဲ ပဝတ္တိမှာ ခုတင်က အာဟာရလိုဘဲ ဝိပါက်တွေ ကြိယာတွေ လျှော့မှာလားလို့ (မလျှော့ပါ)။ ပဋိသန္ဓေမှာလဲ ပဋိသန္ဓေစိတ် ဧကူနဝီသလုံးရှိတယ်လို့ နားလည်ပါ။ အာဟာရနှင့် အတူတူပါဘဲလားလို့ ဉာဏ်ထဲမှာ သွင်းထားစမ်းပါ။

ဣန္ဒြိယ၌ သဘာဝပစ္စည်း

ကရိုဏ်းပါဠိကို စဉ်းစားကြပါစို့။ သဘာဝကလေး လုပ်ပြီးခါကျတော့ ပြန်လှန်လုပ် ရမယ်၊ ယထာရဟပစ္စည်းရေ လတ်ကြီး (၈) နှင့် ဟေ-ဓိ-ဟာ-စျာ-မဂ်၊ သူပါနှင့်ဆိုတော့ ၆-ပစ္စည်း၊ အဝယ် ၇-ပစ္စည်းထဲက ဘယ်သူ ကျန်နေရစ်ခဲ့သလဲ (ကမ္မ ကျန်နေပါတယ်)၊ ကမ္မသည် ဣန္ဒြေဖွဲ့လို့ မရဘူး၊ စေတနိန္ဒြေလို့ ဘယ်မှာရှိသတုန်းနော် (မှန်ပါ)၊ အာဟာရတုန်းကတော့ သူတခါ ပါလိုက်ရတယ် ဟုတ်လား (မှန်ပါ)။

အဲဒီတော့ ခုတင်က ဘုန်းကြီးမေးသလိုဘဲ မေးပါ့မယ်၊ ပြန်ပြီး နားထောင်စမ်း၊ နာမ်ဣန္ဒြေတရားကိုယ် ၈-ပါးထဲမှ ဦးပဠင်းတို့ အခုပြောတဲ့ ၅-ပစ္စည်းထဲက ဟေတုထိုက်တဲ့ ဣန္ဒြေဟာ ဘယ်သူလဲ (ပညိန္ဒြေ)၊ ပညိန္ဒြေသည် ဟေတုမှာ ဘာဖြစ်လာသတုန်း (အမောဟဟိတ် ဖြစ်ပါတယ်)။

အဲဒါ သဘာဝရှာတာ၊ ယဋ္ဌနာကလဲ သူဘဲလို့ ပြောနေတာ၊ ဒါကို ထပ်ထပ်ခိုင်းနေတာက ၃ ၄-ခါ မကပါဘူး၊ ဘုန်းကြီးပြောခဲ့တာ လိုအပ်တယ် အရေးကြီးတယ်၊ ဦးပဠင်းတို့ ထပ်တလဲလဲ နားထဲ ကြားရမယ်၊ ဦးပဠင်းတို့ နှုတ်က ကြိမ်ဖန်များစွာ ပြောပေးရမယ်၊ အဲဒီလိုလုပ်မှ စာကလေးတွေက ပေါ်တာ၊ သိတော့ သိသလိုလို ဘာလိုလိုနှင့်၊ ဒီလိုမလုပ်လျှင် ပျောက်သွားရော၊ ဘယ်က ဘယ်ရောက်သွားမှန်းလဲ မသိပြန်ဘူး။

ထားပါတော့၊ နာမ်ဣန္ဒြေတရာကိုယ် ၈-ပါးမှာ ဟေတုပစ္စည်းထိုက်တဲ့ ဣန္ဒြေက ပညိန္ဒြေခေါ်တဲ့ အမောဟ။

ကဲ ကြည့်ပါဦး၊ အဓိပတိထိုက်တဲ့ ဣန္ဒြေ သတိပြု၊ ဘုန်းကြီးပြောမယ်၊ နည်းတဲ့ဆီကနေ ကိုင်ရတယ်၊ ဘာပြောသလဲ၊ ဣန္ဒြိယကနေပြီး အဓိပတိကိုမေးတာ မဟုတ်လား၊ ဣန္ဒြိယကျတော့ နာမ်ဣန္ဒြေ ၈-ပါးဆိုတော့ များမနေဘူးလား၊ အဓိပတိက ဘယ်နှစ်ပါးရှိသလဲ (၄-ပါး ရှိပါတယ်)၊ နည်းတဲ့တရားက ကြည့်ပါလား၊ ဆန္ဒာဓိပတိတဲ့ ဆန္ဒကို ဣန္ဒြေဖွဲ့လို့မရဘူး (မရပါ)။ စိတ္တာဓိပတိက ဘာဣန္ဒြေဖြစ်နိုင်တယ် (မနိန္ဒြေ)၊ ဝီရိယာဓိပတိက (ဝီရိယိန္ဒြေ)၊ ဝီမံသာဓိပတိက (ပညိန္ဒြေ)၊ ဒီ ၃-ပါး ရတာပေါ့၊ စိတ္တ, ဝီရိယ, ဝီမံသတဲ့၊ သူတို့က အဓိပတိက ဣန္ဒြိယနှင့် သဘောတူ သဘာဝဖြစ်နေတဲ့တရား။

ကဲ နာမ်အာဟာရ တရားကိုယ် ၃-ပါးထဲက ဣန္ဒြိယပစ္စည်းထိုက်တဲ့ အာဟာရ ဘယ်ဟာလဲ (ဝိညာဏာဟာရ)၊ ဝိညာဏာဟာရက ဘာဣန္ဒြေ ဖြစ်ကြမယ် (မနိန္ဒြေဖြစ်ပါတယ်)။

မှတ်ထားပေါ့။ ဟေတုကြောင့် ပညာ အမောဟတပါးရတယ်၊ အဓိပတိကြောင့် စိတ္တ, ဝီရိယ, ဝီမံသ ခေါ်တဲ့ ၃-ပါးရတယ်၊ ဒီလိုမဟုတ်လား (မှန်ပါ)၊ မှတ်ထားနော်၊ အာဟာရက မနိန္ဒြေလို့ခေါ်တဲ့ ဝိညာဏာဟာရ ရတယ်၊ ဒီလိုမဟုတ်လား (မှန်ပါ)။

ပြီးတော့ စျာနပစ္စည်းနှင့် သဘာဝဖြစ်တဲ့ ဣန္ဒြေက (ဝေဒနာနှင့် ဧကဂ္ဂတာ) ဝေဒနိန္ဒြေ ၅-ပါး ရနိုင်တယ်၊ သမာဓိန္ဒြေ ရနိုင်တယ်။

ကဲ လာပြန်ပြီ၊ မဂ္ဂနှင့်တူတဲ့ သဘာဝဖြစ်နေတဲ့ ဣန္ဒြေက 'ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ-ဣန္ဒြေ-မဂ်' တဲ့။ နောင်ကျတော့ ကျက်တောင် ကျက်ရဦးမယ်၊ ၄-ပါး တူတယ်နော်။

ယဇ္ဇနာဟာ အဲဒါဘဲ၊ သဘာဝဟာ အဲဒါဘဲဆိုတာ မှတ်ထားစမ်းပါ။ သေသေချာချာလုပ်ထားပါ၊ အဲဒီက ဘုန်းကြီးအခုပြောတာတွေ နားလည်နေလျှင် ဟိုကျတော့ လွယ်နေရော၊ နို့မဟုတ်လျှင် ဟိုကျတော့ ခက်လိုက်တာ ဘယ်ရှာရမှန်းတောင် မသိဘူး၊ ဒါလေ့လာပြီးလျှင် ပြီးရောပေါ့။

ဒီတော့ ကောက်နုတ်ချက် ပြန်ချကြစို့၊ ကုသလပဒ ၃-ချက်တို့တွင် ပဌမ အချက်မှာ ပစ္စည်းရေ ဘယ်လောက်ထုတ်ရမလဲတဲ့၊ ထုံးစံအတိုင်း အကြီး ၄-ပစ္စည်းနှင့် ညီ-သံ ၆-ပစ္စည်း မနေဘူးလား (မှန်ပါ)၊ ဦးပဠင်းတို့ ဒီက ၅-ပစ္စည်းဆို၊ ဟေ-မိ-ဟာ-စျာ-မဂ် ဆိုတဲ့ ၅-ပစ္စည်းနှင့် ၆-ပေါင်းတော့ ၁၁-ပစ္စည်း၊ ကိုယ်တိုင် ဣန္ဒြိယနှင့်ဆိုတော့ ၁၂-ပစ္စည်း၊ ဟုတ်ကဲ့လား ရေးထားတာ၊ ဇယား[1]မှာ ရေးထားတာ ၁၂-ဟုတ်ရဲ့လား (မှန်ပါ)။

ဒီတော့ ပဌမအချက်[2] ၁၂-ပစ္စည်းဆိုလျှင် ဒုတိယအချက်[3]က ၁၁-ပစ္စည်း, တတိယအချက်[4]က ၁၀၊ ဟုတ်ကဲ့မဟုတ်လား (မှန်ပါ)။

သတိပြုနားထောင်ပါ၊ အကယ်၍ အကုသလပဒဖြစ်မယ်တဲ့၊ ဦးပဠင်းတို့ ခုတင်ကပြောတဲ့ ပစ္စည်းက နာမ်ဣန္ဒြေတရားကိုယ် ၅-ပါးသာ ရတော့တယ်ဆို (မှန်ပါ)၊ ၅-ပါးထဲမှာ ပညာခေါ်တဲ့ အမောဟပါရဲ့လား (မပါပါ)၊ မပါလျှင် အကုသလပဒ ကရိုဏ်းပါ၌ထုတ်ရာ ဟေတုထည့်လို့ ရမရ (မရပါ)၊ အဲဒါတွေကို ကိုယ်တိုင်ဆုံးဖြတ်ခိုင်းတာ မရဘူး မဟုတ်လား (မှန်ပါ)။

၁။ ဤကျမ်း၊ နှာ-၃၈၀-ရှိ သဟဇယ် (၇) အရကောက်ဇယား။

၂။ ကု-ကု။ ၃။ ကုဗျာ။ ၄။ ကု-ကုဗျာ။

ဒီတော့ ပဋ္ဌမအချက်မှာ ဟေတုလျှော့လိုက်တော့ ဘယ်နှစ်ပစ္စည်း (၁၁-ပစ္စည်း)၊ အဓိပတိလျှော့မလားမေးတော့ ဟိုက စိတ္တ ဝိရိယတွေ ရှိနေတယ်နော်၊ မလျှော့နိုင်ဘူး၊ မဂ္ဂမှာလဲ ၃-ပါး လျှော့ပေမဲ့ ကျန်သေးတာဘဲ (မှန်ပါ)။

အဲဒါကြောင့် အကုသလပဒဖြစ်ခဲ့လျှင် ဟေတုလျှော့ပြီးတော့ ၁၁-ပစ္စည်း, ၁၀-ပစ္စည်း, ၉-ပစ္စည်း[1]။

ကဲ အဗျာကတသွားပါ၊ ပဝတ္တိပဋိသန္ဓေ ၂-မျိုး ရှိခဲ့ရာ ပဝတ္တိဖြစ်အုံ့-ကရိုဏ်းပါဌ်ကို သုဒ္ဓသန်ချာပါတဲ့အဘိုင်း ထုတ်ဆိုတော့ ပစ္စည်းရေပေါင်း ဘယ်လောက်ရထားသလဲ (၁၄-ပစ္စည်း ရပါတယ်)၊ ပဋိသန္ဓေအခါဖြစ်လျှင် မဟောနိုင်တဲ့ ပစ္စည်းပါနေသလား (ပါပါ တယ်)၊ ဘယ်သူပါလိမ့် (အဓိပတိပစ္စည်း)၊ သူ့ကို လျှော့လိုက်တော့ ၁၃-ပစ္စည်း။

သဟဇာတိန္ဒြိယဌ္ဌ ကုပဒ ၃-ချက် အရကောက်

ဘာခက်လို့လဲ၊ အဲဒီနည်းကို ကိန်းသေအောင်လုပ်ပါ၊ ကျက်လို့လဲ မရဘူး၊ ဒီစာတွေက ကျက်လဲ တော်တော်နေတော့ ရောကုန်ရော၊ ရောကုန်တော့လဲ ဘာမှ မကောင်းတော့ဘူး၊ သန့်သန့်ကလေး သူ့ဟာကလေးနှင့်သူ ကြည့်လို့ရှင်းလို့ တရားကလေးတွေ့နေရတယ်၊ အဲဒါ သဟဇာတိန္ဒြိယဘဲ အရင်ဟောသေးတာပေါ့၊ ဦးသုဇာတဟောစမ်း၊ ကုသလပဒ ၃-ချက်။

ဦးသုဇာတ။ ။ကုသလော ကုသလဿ ဌ္ဌ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား သမ္မယုတ္တခန္ဓာအားတပ်သော ကုသိုလ်စိတ် ဧကဝိသ, စေတသိက်အဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော နာမ်ကွန္ဒြေ တရားကိုယ် ၈-ပါး ပစ္စည်းတရားရ၏။

ကုသလဿ ဓမ္မဿဟူသော ကရိုဏ်းပါဌ်၏ အရကား ကုသိုလ်စိတ် ဧကဝိသ စေတသိက် အဌတိံသ သမ္မယုတ္တခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

ဣန္ဒြိယပစ္စယေန ဟူသော ကရိုဏ်းပါဌ်၏ အရကား တပြိုင်နက် ယထာရဟတပ်ကောင်းသော ဣန္ဒြိယ, ဟေတု, အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာဟာရ, စျာန, မဂ္ဂ, သမ္မယုတ္တ, အတ္ထိ, အဝိဂတ၊ ဤ ၁၂-ပစ္စယသတ္တိတို့တွင် ဣန္ဒြိယသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

ကုသလော အဗျာကတဿ ဌ္ဌ ကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား စိတ္တဇရုပ်အား တပ်သော ပဌဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝိသ,

---

[1] ။ အကု-အကု ၁၁-ပစ္စည်း၊ အကု-ဗျာ ၁၀-ပစ္စည်း၊ အကု-အကုဗျာ ၉-ပစ္စည်း။

စေတသိက် အဌတိံသ စိတ္တက္ခဏတခုတခု၌ရှိသော နာမ်ကွန္ဒြေ တရားကိုယ် ၈-ပါး ပစ္စည်းတရားရ၏။

အဗျာကတသ ဓမ္မသဟူသော သမ္မဒါန်ပုဒ်၏ အရကား ကုသိုလ်သည် ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။

ကွန္ဒြိယပစ္စယေန ဟူသော ကရိဏ်းပါဠ်၏ အရကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော ကွန္ဒြိယ, ဟေတု, အဓိပတိ, သဟဇာတ, နိဿယ, အာဟာရ, စျာန, မဂ္ဂ, ဝိပွယုတ္တ, အတ္ထိ, အဝိဂတ၊ ဤ ၁၁-ပစ္စယသတ္တိတို့တွင် ကွန္ဒြိယသတ္တိဟု ဆိုအပ်သော သတ္တိ ဝိသေသရ၏။

ကုသလော ကုသလာဗျာကတသ၌ ကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား သမ္မယုတ္တခန္ဓာ စိတ္တဇရုပ်အားတပ်သော ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝီသ စေတသိက် အဌတိံသ စိတ္တက္ခဏ တခုတခု၌ရှိသော နာမ်ကွန္ဒြေတရားကိုယ် ၈-ပါး ပစ္စည်းတရားရ၏။

ကုသလသ စ အဗျာကတသ စ ဓမ္မသဟူသော သမ္မဒါန်ပုဒ်၏ အရကား ကုသိုလ်စိတ် ဧကဝီသ စေတသိက် အဌတိံသ သမ္မယုတ္တခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။

ကွန္ဒြိယပစ္စယေန ဟူသော ကရိဏ်းပါဠ်၏ အရကား တပြိုင်နက် ယထာရဟတပ်ကောင်းသော ကွန္ဒြိယ, ဟေတု, အဓိပတိ, သဟဇာတ, နိဿယ, အာဟာရ, စျာန, မဂ္ဂ, အတ္ထိ, အဝိဂတ၊ ဤ ၁၀-ပစ္စယသတ္တိတို့တွင် ကွန္ဒြိယသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

ဆရာတော်။ ။ကု ၃-ချက်ပြီးပြီနော်၊ မှတ်ထားစမ်း၊ အကု ၃-ချက်ကလဲ ဒီအတိုင်းပါဘဲ၊ ကရိဏ်းမှာ တပစ္စည်းလျှော့တယ်၊ ဒီလိုမဟုတ်လား (မှန်ပါ)၊ အမျှားဟောမှ ထည့်ဟောပါ၊ ဗျာ-ဗျာကို ဦးဥာဏဝရဟောစမ်း။

သဟဇာတိန္ဒြိယ၌ ဗျာ-ဗျာ အရကောက်

ဦးဥာဏဝရ။ ။အဗျာကတော အဗျာကတသ၌ ပဝတ္တိအခါ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား သမ္မယုတ္တခန္ဓာအားရင်း၊ သမ္မယုတ္တခန္ဓာ စိတ္တဇရုပ်အားရင်း တပ်သော ဝိပါက်စိတ် ဆတ္တိံသ ကြိယာစိတ် ဝီသ စေတသိက် အဌတိံသ စိတ္တက္ခဏတခုတခု၌ရှိသော နာမ်ကွန္ဒြေတရားကိုယ် ၈-ပါး ပစ္စည်းတရားရ၏။

အဗျာကတသဿ ဓမ္မသဿဟူသော သမ္မဒါန်ပုဒ်၏အရကား ဝိပါက်စိတ်ဆတ္တံသ ကြိယာစိတ်ဝိသ စေတသိက် အဌတံသ သမ္မယုတ္တခန္ဓာ စိတ္တဇရူပ်ပစ္စယုပ္ပန်တရားရ၏။

ဣန္ဒြိယပစ္စယေန ဟူသော ကရိုဏ်းပါဠ်၏ အရကား တပြိုင်နက် ယထာရဟတပ်ကောင်းသော ဣန္ဒြိယ, ဟေတု, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, စျာန, မဂ္ဂ, သမ္မယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ၊ ဤ ၁၄-ပစ္စယသတ္တိတို့တွင် ဣန္ဒြိယသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

ပဋ္ဌိသန္ဓေအခါ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား သမ္မယုတ္တခန္ဓာအားရင်း၊ သမ္မယုတ္တခန္ဓာ ကဋ္ဌတ္တာရုပ်အားရင်း တပ်သော ပဋ္ဌိသန္ဓေစိတ် ဇကူနဝိသ စေတသိက်ပဉ္စတံသ စိတ္တက္ခဏ တခုတခု၌ရှိသော နာမ် ဣန္ဒြေတရားကိုယ် ၈-ပါး ပစ္စည်းတရားရ၏။

အဗျာကတသဿ ဓမ္မသဿဟူသော သမ္မဒါန်ပုဒ်၏အရကား ပဋ္ဌိသန္ဓေ-စိတ် ဇကူနဝိသ, စေတသိက် ပဉ္စတံသ, သမ္မယုတ္တခန္ဓာ ကဋ္ဌတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။

ဣန္ဒြိယပစ္စယေန ဟူသော ကရိုဏ်းပါဠ်၏အရကား တပြိုင်နက် ယထာရဟတပ်ကောင်းသော ဣန္ဒြိယ, ဟေတု, သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, စျာန, မဂ္ဂ, သမ္မယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ၊ ဤ ၁၃-ပစ္စယသတ္တိတို့တွင် ဣန္ဒြိယသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

ဆရာတော်။ ။ပဋ္ဌိသန္ဓေအထိ ပြီးတယ်တဲ့၊ အဗျာကတမှာ ပါဠိတော်တုန်းက ဟောထားတာက ဣန္ဒြေတွေက ဘယ်နှစ်မျိုးတောင် ထားသတုန်း (၃-မျိုးထားပါတယ်)၊ ၃-မျိုးထဲမှာ အခုကုန်တာက သဟတီ နော်၊ အကောက်ဆရာတော် ဘုရားကြီးက အဗျာကတ စလိုက်တော့ 'အဗျာကတော အဗျာကတသ္မိ အဗျာကတသည် ပဝတ္တိ, ပဋ္ဌိသန္ဓေ, ဝတ္ထုပုရေဇာတ, ရူပဇီဝိတိန္ဒြိယအားဖြင့် ၄-မျိုး' ဒီလိုမဟုတ်လား၊ ၄-မျိုးရှိရမှာပေါ့။ ဟိုက ပဝတ္တိ ပဋ္ဌိသန္ဓေက ခွဲထားတာကိုး (မှန်ပါ)။

ကဲ ထားပါတော့၊ ခုတင်က ပဋ္ဌိသန္ဓေပြီးသွားတော့ ပဋ္ဌိသန္ဓိက္ခဏော ဝိပါကာဗျာ-ကတာ ဣန္ဒြိယာ သမ္မယုတ္တကာနံ ခန္ဓာနံ ကဋ္ဌတ္တာ စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယောဆိုပြီး ဘာဣန္ဒြေဆက်ဟောတယ် (စက္ခုန္ဒြေဟောပါတယ်)၊ အဲဒါက ဘာဣန္ဒြိယခေါ်တယ် (ပုရေ

ဇာတိန္ဒြိယ)၊ စက္ခုန္ဒြိယံ စက္ခုဝိညာဏသ ဣန္ဒြိယပစ္စယေန ပစ္စယော။(ပ)။ ကာယိန္ဒြိယံ ကာယဝိညာဏသ ဣန္ဒြိယပစ္စယေန ပစ္စယော၊ ဒီအထိက ဘာတုန်း ပုတီ (မှန်ပါ)။

ပြီးတော့ ရူပဇီဝိတိန္ဒြိယ် ကဋ္ဌတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ပုရေဇာတိန္ဒြိယ အရကောက်

အရကောက်ကို ပါဠိတော်တုန်းက ပြောပြီးသားပါ၊ ဒါပေမဲ့ ဘုန်းကြီးထပ်ပြောပေးမယ်၊ ပေါင်းကောက်၊ ပုရေဇာတိန္ဒြိယဖြစ်တဲ့ ကောက်နည်း၊ အကောက်ဆရာတော် ဘုရားကြီးများ နည်းအတိုင်း၊ 'ဒွေပဋ္ဌဝိညာဉ် ၁၀-အားတပ်သော' ဆိုတော့ သုဒ္ဓသင်္ချာအတိုင်း မဟုတ်လား (မှန်ပါ)၊ မန္ဒာယုက အမန္ဒာယုက မဏ္ဍိမာယုက ၃-ပါးတို့တွင် မဏ္ဍိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြုင်သော ပဋ္ဌဝတ္ထုပစ္စည်းတရားရ၏။

အဗျာကတသ ဓမ္မသ ဟူသော သမ္မဒါန်ပုဒ်၏အရကား ဒွေပဋ္ဌဝိညာဉ် ၁၀၊ သဗ္ဗစိတ္တာသာဓာရဏစေတသိက် ၇-ခု ပစ္စယုပ္ပန်တရားရ၏။

ဣန္ဒြိယပစ္စယေနဟူသော ကရိဏ်းပါဠ်၏အရကား သုဒ္ဓသင်္ချာ ဘယ်နှစ်ပစ္စည်းလဲ (၆-ပစ္စည်း)၊ အဲဒီအတိုင်းသွားပါ၊ ယဋ္ဌနာကျတော့လဲ အဲဒါကလေးတွေ ဒီအတိုင်းဘဲ ဟောတယ်၊ ဒါကြောင့်မို့ ဒီကနေပြီး ကြိုပြီး လှမ်းပြီးသိထားရတယ်၊ ပြင်ထားရတယ်၊ ဟိုကျတော့ တွေ့ဦးမှာဘဲ၊ ဒီအတိုင်းဘဲ။

ဣန္ဒြိယပစ္စယေန ဟူသော ကရိဏ်းပါဠ်၏အရကား တပြိုင်နက် တပ်ကောင်းသော ဣန္ဒြိယ, နိဿယ, ပုရေဇာတ, ဝိပွယုတ္တ, အတ္ထိ, အဝိဂတ၊ ဤ ၆-ပစ္စယသတ္တိတို့တွင် ဣန္ဒြိယသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

အဲဒီနည်းအတိုင်းဘဲ၊ သတိပြုစမ်း ဦးပဋ္ဌင်းတို့ ဆိုလို့လဲ ပြီးနေပါပြီ၊ ဘာတွေတုန်း နိဿယ, ပုရေဇာတ, ဝိပွယုတ္တ, အတ္ထိ, အဝိဂတ သူမှတပါး ၅-ပစ္စည်းရှိတယ် မဟုတ်လား (မှန်ပါ)၊ အဲဒီ ၅-ပစ္စည်းမှာ ဒီပါဠိတော်တွေပါရဲ့လား၊ ဦးပဋ္ဌင်းတို့ ပါဠိတော်တွေ ရွတ်ခဲ့တယ်၊ နိဿယတုန်းက ပါရဲ့မဟုတ်လား (မှန်ပါ)၊ ပြန်ပြီး ကြည့်ရတယ်၊ ပုရေဇာတမှာကော (ပါပါတယ်)၊ ထိုနည်းတူစွာ ဝိပွယုတ္တမှာလဲ ဒီအတိုင်းပါတယ်နော် (မှန်ပါ)၊ အတ္ထိ, အဝိဂတ ဒီအတိုင်းပါတယ်၊ အခု ဒီမှာနှင့်ဆိုတော့ ၆-ခါပါတယ်၊ ၆-ခါပါတာတောင်မှ မကျေတာကတော့ အခက်သားဘဲနော်၊ ရွတ်တော့ပြီးပြီ ဘယ်နား ပါမှန်းမသိဘူး၊ တွေ့တာ ကောက်ရွတ်လိုက်တာဘဲ ဖြစ်နေဦးမယ်။

ထားပါတော့၊ အဲဒီအတိုင်း ရှိနေတယ်လို့ သိနေပါ၊ ဗျာကု, ဗျာအကုနှင့် တွဲလျက်ဖြစ်နေမှာကိုးနော် (မှန်ပါ)၊ ဣန္ဒြိယမှာတော့ ပုရေဇာတိန္ဒြိယဆိုတာ ပဋ္ဌဝတ္ထုတွေရှိတယ်၊

ကြွင်းတဲ့ ၅-ပစ္စည်းတွေမှာတော့ ဟဒယဝတ္ထုလဲ ရှိရမယ်မဟုတ်လား (မှန်ပါ)။ ဝတ္ထုပုရေဏတ အကုန်ရှိတယ်။

သတိပြုဖို့က ဘာကောင်းသလဲလို့ဆိုတော့ ဦးပဋ္ဌင်းတို့ ပထမပြန်အနေနှင့် တွေ့တတ်ကြုံတတ်တဲ့ သဘောတရားကလေးတွေက ဒီစာတော့ ရနေတာပေါ့။ ဒီစာရနေပေမဲ့ သူတို့က မေးခွန်းလှည့်စရာတွေက ပြည့်လို့၊ အခုက ဣန္ဒြိယကနေ တွေ့တယ်၊ ဥပမာတခု ပြောမှာက အခုကောက်နေတဲ့ ပုရေဏတိန္ဒြိယပြောမလို့။

အဗျာကတော အဗျာကတသ ဒီလိုကလေး ခေါင်းစီး တည်ထားလိုက်၊ အဗျာကတော အဗျာကတသ၌ ဝတ္ထုပုရေဏတိန္ဒြိယဖြစ်အံ့၊ ပုစ္ဆာကပေါ့လေ၊ (မှန်ပါ)၊ ဝတ္ထုပုရေဏတလို့ ပြောတာမဟုတ်ဘူးနော်၊ အဲဒါလဲ ရောမသွားနှင့်ဦး၊ ဝတ္ထုပုရေဏတိန္ဒြိယဖြစ်အံ့၊ ကတ္တား, သမ္မဒါန်, ကရိုဏ်းပါဌ်တို့ကို စုံလင်စွာ ကောက်ပြခဲ့ပါ။

ဘာသွားကောက်မလဲ၊ အခု ဒီမှာရထားတဲ့အတိုင်း ကောက်၊ အခု ဘုန်းကြီး ကောက်ပြပြီမဟုတ်လား၊ ပစ္စည်းတရားက ဘာလဲ ပဋ္ဌဝတ္ထု၊ ပစ္စယုပ္ပန်တရားက (ဒွေပဋ္ဌဝိညာဉ် ၁၀)၊ ကရိုဏ်းပါဌ်က (၆-ပစ္စည်း)၊ ပုတိ်လို့မေးထားလျှင် ၆-ပစ္စည်းနော်။

ဒီတော့ ကိုယ်က သင်နေတုန်း တွေ့နေတုန်း ဆရာသမားလုပ်တဲ့ပုဂ္ဂိုလ်က ပြောပြနေတော့ ဩော် သူတို့ဘဲကိုးလို့ သိတယ်။

သတိထားရတယ်၊ ဩော် ဒါမျိုးတွေ ဒီလိုရှိတတ်သကိုး၊ တွေ့နိုင်သကိုးဆိုတာ သတိထားလိုက်ရတယ်၊ သူ့ကို ညွှန်ထားတာက ၆-ပစ္စည်းတောင် မဟုတ်လား။

ထားပါတော့ အဲဒါက အကုန်လုံးခြုံပြီးတော့ ပြောတဲ့စကား၊ ဒီလိုမှမဟုတ်ဘဲနှင့် တနည်းအားဖြင့် စက္ခုဝိညာဉ်ဒွေအားတပ်သော စက္ခုဝတ္ထုဖြစ်အံ့၊ ပုစ္ဆာတမျိုးထုတ်တာနော် (မှန်ပါ)၊ စက္ခုဝိညာဉ်ဒွေအား တပ်သော စက္ခုဝတ္ထု ပစ္စည်းတရားဖြစ်အံ့၊ ရနိုင်သောပစ္စည်းများကို ပါဠိတော်အကိုးထုတ်ပြီး ဖြေခဲ့ပါ။

ဘယ်နှစ်ပစ္စည်းရသွားမယ် (၆-ပစ္စည်း)၊ ပါဠိတော်အကိုးထုတ်ပါလို့ဆိုတော့ ဘာကိုထုတ်မယ် စက္ခုန္ဒြိယံ စက္ခုဝိညာဏာသ နိဿယပစ္စယေန ပစ္စယော၊ ပုရေဏတပစ္စယေန ပစ္စယော၊ ဣန္ဒြိယပစ္စယေန ပစ္စယော၊ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော၊ အတ္ထိပစ္စယေန ပစ္စယော၊ အဝိဂတပစ္စယေန ပစ္စယော၊ ဒါတွေဟာ ဦးပဋ္ဌင်းတို့ သင်ပြီးသား ပါဠိတော်တွေ။

အဲဒီပုံ အဲဒီနည်းအားဖြင့် ကြံစည်တွေးဆပါ၊ အခု ကောက်ထားတာ သုဒ္ဓသန္ဓာ အတိုင်း မဟုတ်ဘူးလား (မှန်ပါ)။

ရူပဇီဝိတိန္ဒြိယ အရကောက်

ကဲ တော်လောက်ပြီ၊ သူက ရှေ့ဆက်သွားကြရအောင်၊ ရူပဇီဝိတိန္ဒြိယဖြစ်အံ့-အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏အရကား သုဒ္ဓသခ်ျာအတိုင်း ဘာတဲ့တုန်း ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ၉-ခုအားတပ်သော ရုပ်ဇီဝိတိန္ဒြေ ပစ္စည်းတရားရ၏။

အဗျာကတသဿ ဓမ္မဿ ဟူသော သမ္မဒါန်ပုဒ်၏အရကား ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ၉-ခု ပစ္စယုပ္ပန်တရားရ၏။

ဣန္ဒြိယပစ္စယေနဟူသော ကရိဏ်းပါဠ်၏အရကား တပြိုင်နက် တပ်ကောင်းသော ဘယ်လောက်တုန်း (၃-ပစ္စည်း)၊ ဣန္ဒြိယ, အတ္ထိ, အဝိဂတ ဒါဘဲမဟုတ်လား (မှန်ပါ)၊ ဦးဉာဏဝရ ဆက်ဟောစမ်းပါဦး။

ဦးဉာဏဝရ။ ။တခေါက်ဟောသည်။

ဆရာတော်။ ။ကုန်ရော၊ ကု ၃-ချက်, အကု ၃-ချက်။ ဗျာဗျာက ပဝတ္တိ, ပဋိသန္ဓေ, ပုတိ, ရူပတိ ခုတင်က အာဟာရလိုဘဲ၊ အားလုံးဘဲ ကုသိုလ်လဲရ စာလဲကျေအောင် ဖြည်းဖြည်းကလေး စောင့်ဟောပါ၊ ကရိဏ်းပါဠ်မှာ သတိပြုပါ၊ လုံးထွေးလုံးထွေး ဖြစ်သွားပါတယ်၊ မှန်တော့ မှန်ပါတယ်၊ အသံဖမ်းတဲ့နေရာမှာလဲ ပီပီသသ ရအောင်လို့ ကုသလော ကုသလသက စပြီးတော့ ဟောကြစမ်းပါ။

သံယာတော်များ။ ။တခေါက်ပြန်ဟောကြသည်။

ဆရာတော်။ ။ဒီနေ့ ၂-ပစ္စည်း ကုန်သွားရော၊ တူတူဘဲ ဒီဟာတွေ တခုရလျှင် ခက်တာမဟုတ်တော့ပါဘူး။

ကာမဇောဝါရဝိထိ၌ အနန္တရပစ္စည်း ပစ္စယုပ္ပန်တပ်ပုံ

အဲဒါတွေ ထားပစ်ခဲ့၊ အနန္တရဝိထိ မနေ့က ကျန်တဲ့အပိုင်းကလေးကို ဒီနေ့ ပြန်ပြောပေးမယ်။

အနန္တရကာမဇောဝါရဝိထိ မနေ့က မကုန်ဘူး၊ အဲဒီက မှတ်သင့်မှတ်ရာ ကလေးတွေနှင့်တကွ ပြန်ပြောပေးမယ်။

မနေ့က ဘာဆုံးသွားသတုန်း၊ ရေးထားတဲ့ အစဉ်အတိုင်းဆိုလို့ ရှိလျှင် သမ္ပဋိစ္ဆိုင်းသန္တီရဏ ဝုဋ္ဌော ဆုံးသွားတော့ ဇော မစောနိုင်တဲ့ ပရိတ္တာရုံဝိထိပြပေးတယ်။

ပရိတ္တာရုံဝီထိဆိုတော့ ဇောမစောနိုင်တာ၊ ဒီတော့ ဇောစောနိုင်တာ ဒို့ရှာရလိမ့် ဦးမယ်နော်၊ သတိပြုနားထောင်နေ၊ သိပြီးသားမို့ဘဲ ပြန်ပြောပေးနေရတယ်၊ ကာမဇော၀ါရ ဝီထိက ပရိတ္တာရုံ၊ အတိပရိတ္တာရုံဆုံးသွားတယ် ပြောပါတော့၊ ဒီတော့ ကျန်တာက ဘာတုန်း၊ ဇော စောမည့် အတိမဟန္တာရုံဝီထိကျန်မယ်၊ မဟန္တာရုံဝီထိကျန်မယ်၊ ၂-ဝီထိ ကျန်တယ်၊ ပဋ္ဌဒ္ဓါရမှာ ဒီ ၂-ဝီထိမကျန်ဘူးလား (ကျန်ပါတယ်)၊ ၂-မျိုး ပြောပါတော့၊ ဒါကို **တဒါရမ္မဏ၀ါရနှင့် ဇ၀နဝါရခေါ်တယ်။**

ဒီတော့ မနောဒ္ဓါရအနေနှင့် ကြည့်လို့ရှိလျှင် ဝိဘူတ, အဝိဘူတရယ်လို့ ၂-မျိုးဘဲ ရှိတယ်မဟုတ်လား (မှန်ပါ)၊ လယ်တီဆရာတော်ဘုရားကြီးများကတော့ ၄-မျိုးထားပါတယ်၊ ရှိပါစေတော့၊ ဆိုရိုးအတိုင်းကတော့ ၂-မျိုးဘဲ ထားကြတယ်။

ဒီတော့ သူတို့ကောလို့ မေးလို့ရှိလျှင် ဝိဘူတာရုံကလဲ ဇောစောတယ်, တဒါရုံကျ တယ်၊ အဝိဘူတာရုံကတော့ ဇောစောတယ်၊ တဒါရုံမကျဘူး၊ ဒီလိုမဟုတ်လား (မှန်ပါ)၊ တဒါရုံကျတာ "ဝိဘူတေတိမဟန္တေ စ၊ တဒါရမ္မဏမိရိတံ" ဆိုတဲ့အတိုင်း ပဋ္ဌဒ္ဓါရ ပဋ္ဌမဆုံး ဝီထိ, မနောဒ္ဓါရ ပဋ္ဌမဆုံးဝီထိ ဒါတွေဟာ တဒါရုံကျတဲ့ဝီထိ ဟုတ်လား (မှန်ပါ)။

အဲဒီ တဒါရုံတောင်မှ ဒီဝီထိတွေကျလျှင် တဒါရုံ ကျရောလားလို့ မေးလျှင် ကျချင် မှကျတာ၊ မကျတဲ့အခါ ရှိသေးတယ်၊ အတိမဟန္တာရုံ ဖြစ်ပေမဲ့နော် (မှန်ပါ)၊ အတိမဟန္တာရုံ စက္ခုဒ္ဓါရဝီထိ ဖြစ်တယ်၊ သောတ ဃာန ဇိဝှါ ကာယ ဒ္ဓါရတွေလဲ ဖြစ်တယ်၊ ဖြစ်ပေမဲ့ တဒါရုံမကျတာတွေ ရှိသေးတယ်။

အဲဒါပြောနေလျှင် လမ်းရှည်သွားမယ်၊ ကဲ ထားပါတော့ သူတို့ တဒါရုံကျတဲ့ ဝီထိ လို့ သိပေးပါ။

ဒီတော့ တဒါရုံကျကျ မကျကျ ကေန်မုချ အခုတော့ ဇောစောရမယ် မဟုတ်လား၊ ၄-ဝီထိစလုံး (မှန်ပါ)၊ အဲဒါ ရည်ရွယ်ပြီး အကောက် ဆရာတော် ဘုရားကြီးက ဒီလိုဆိုရိုး နိဒါန်းပျိုးလိုက်တယ်၊ မနေ့က ဘာဆုံးတယ်၊ 'ပဋ္ဌဝေါကာရဘဝင် ၁၅-ခုအားတပ်သော ဒုတိယ ဝုဋ္ဌော' ဒီလို မဟုတ်လား၊ အဲဒီကနေ ဆက်ရမယ်၊ ဆိုရိုးကနော် (မှန်ပါ)။

အတိမဟန္တာရုံ, မဟန္တာရုံ, ဝိဘူတာရုံ, အဝိဘူတာရုံ ဝီထိဖြစ်အံ့၊ အခု ပြောခဲ့တဲ့ ၄-ဝီထိဘဲမဟုတ်လား (မှန်ပါ)၊ ဆိုရိုးက ဒီ ၄-ဝီထိဘဲ စတယ်နော်၊ အတိမဟန္တာရုံ, မဟန္တာ ရုံ, ဝိဘူတာရုံ, အဝိဘူတာရုံ ဝီထိဖြစ်အံ့ဆိုတော့ ဝုဋ္ဌောပြီးလျှင် ဇောသွားမယ် မဟုတ်လား၊ ဇောက ဘယ်ဇော ပစ္စယုပ္ပန်သွင်းမလဲ မေးလျှင် ပဋ္ဌမဇော၊ အဲဒီပဋ္ဌမဇောဟာ ကာမဇော ၀ါရဆိုသဖြင့် ကာမဇော ၂၉-ခုစလုံး မရနိုင်ဘူးလား (ရနိုင်ပါတယ်)။

ဦးပဉ္စင်းတို့ ဆိုရိုး ဆိုနေကျအတိုင်း ကာမဇော တခုယုတ်သုံးဆယ် ပဌမဇောအား တပ်သော ပဌမဆုံးတွေ့တဲ့ သဝေထိုး (၄) ကလေး ကြည့်ပြီးတော့ ဘယ်နှယ့်ဆိုတယ်။ ကာမဇော တခုယုတ် သုံးဆယ် ပဌမဇောအားတပ်သော ဒီလိုနော် ဆိုရိုးက (မှန်ပါ)။

နည်းနည်း ခက်တယ်ထင်လျှင်တော့ ရေးမှတ်ပေါ့။ စကားပြင်ကြီး ရေးပြီး မကျက်နှင့်တော့၊ ဒီ ဝီထိပေါ်မှာဘဲ ပါဠိတော်မျှား အဋ္ဌကထာများ နိဿယတင်ပြီးတော့ ဆိုတတ်သလို ဆိုတတ်စေရတယ်၊ ပါဠိတော်ဆိုရိုးဘဲ နည်းနည်းခက်တယ်ထင်တဲ့ အနက်ကလေးတွေတော့ တေးထားရတယ်။ အဋ္ဌကထာဆိုလဲ ထို့အတူဘဲ ခက်တယ်ထင်တဲ့ အနက်ကလေး တေးထားရတယ်၊ ဒီလိုကလေးလဲ တေးထားကြပေါ့။

ကာမဇော တခုယုတ်သုံးဆယ် ပဌမဇောအား တပ်သော ရှေ့နားက ဦးပဉ္စင်းတို့ ရေးခိုင်းထားတာ ဝုဋ္ဌောကလေးတွေ ရှိတယ် မဟုတ်လား၊ ဝုဋ္ဌောဆိုတာက ဘယ်ဝီထိမှာ ကျသလဲမေးလျှင် ပဉ္စဒ္ဓါရဝီထိမှာသာ ကျတယ်၊ နို့မနောဒ္ဓါရဝီထိ ပါနေလျှင်ကော ဒီဝုဋ္ဌောကို ဝုဋ္ဌောလို့ ခေါ်နိုင်သေးရဲ့လား၊ (မခေါ်နိုင်ပါ)၊ ဘာခေါ်တယ် (မနောဒ္ဓါရာ၀ဇ္ဇန်း ခေါ်ပါတယ်)၊ ဒါကြောင့် ဝုဋ္ဌော, မနောဒ္ဓါရာ၀ဇ္ဇန်းလို့ ၂-နာမည် သုံးဒါဘဲ မဟုတ်လား (မှန်ပါ)။

ပြန်နားထောင်စမ်း၊ အတိမဟန္တာရုံ, မဟန္တာရုံ, ဝိဘူတာရုံ, အဝိဘူတာရုံ ဝီထိ ဖြစ်အံ့ ကာမဇော တခုယုတ် သုံးဆယ် ပဌမဇောအား တပ်သော ဝုဋ္ဌော, မနောဒ္ဓါရာ၀ဇ္ဇန်း၊ ဝုဋ္ဌောက ပစ္စည်း ပဌမဇောက ပစ္စယုပ္ပန်၊ ရှေ့ဇောချင်း တက်တော့ ဒုတိယဇောအားတပ်သော ပဌမဇော ဒီလိုမဟုတ်လား (မှန်ပါ)။ ပေယျာလထိုးကြစို့၊ သတ္တမဇောအားတပ်သော ဆဋ္ဌဇော။

ပြီးတော့ သတ္တမဇောကို ပစ္စည်းထားမယ်ဆိုတော့ သူ့နောက်က ပစ္စယုပ္ပန်က ဘယ်သူတွေရှိသလဲ (တဒါရုံရှိတယ်)၊ တဒါရုံကျနိုင်တဲ့ အတိမဟန္တာရုံ, ဝိဘူတာရုံ ဝီထိဖြစ်လျှင် တဒါရုံပေါ့၊ တဒါရုံမကျနိုင်တဲ့ မဟန္တာရုံနှင့် အဝိဘူတာရုံ ဖြစ်လို့ရှိလျှင်တော့ ဘဝင်ဖြစ်မှာပေါ့၊ ဒီတော့ တဒါရုံ ကျရမယ်လို့ချည်း ကိန်းသေမမှတ်နဲ့၊ တဒါရုံကျတဲ့ ဝီထိမှာ တဒါရုံ၊ တဒါရုံ မကျတဲ့ ဝီထိမှာ (ဘဝင်)။

အဲဒီတော့ ပစ္စည်းဖြစ်မည့် သတ္တမဇောက ကာမဇော ၂၉၊ အဲဒီကာမဇော ၂၉-ဆိုတာ ဘယ်သူလဲလို့ သရုပ်ထပ်ခွဲလိုက်ကြဦးစို့၊ အကြမ်းဖျင်း နားထောင်စမ်း၊ အကုသိုလ်စိတ် ၁၂ ဟသိတုပ္ပါဒ် ၁၊ စိတ်ကူးကလေးနှင့် ထားစမ်းပါနော် (မှန်ပါ)၊ မဟာကုသိုလ်, မဟာကြိယာ-၁၆)၊ ဒါဟာ ကာမဇော ၂၉-ဘဲ မဟုတ်လား။ (မှန်ပါ)။ အဲဒီ ၂၉-ပါးသော ကာမဇောတွေ နောင်မှာ သတိနှင့်နားထောင်ပါ၊ ဒါကတော့ မလေ့လာလျှင် နည်းနည်းခက်တယ်၊ လေ့လာလျှင်တော့ မခက်ပါဘူး၊ ၂၉-ပါးသော ကာမဇောနောင်မှာ တဒါရုံတွေဟာ အကုန်

လုံး ၁၁-မျိုးလုံး ဖြစ်နိုင်ရဲ့လား၊ ဘဝင် ၁၉-ရှိတယ်၊ အကုန်လုံး ကျနိုင်ရဲ့လားလို့ မေးလျှင် မဖြစ်ဘူး၊ ရသင့်လို့သာ ၁၉-၁၁ ထားနော် (မှန်ပါ)၊ မရနိုင်ဘူး။

ဒီတော့ အများဆုံး ယေဘုယျအားဖြင့် ရနိုင်တဲ့ တဒါရုံလဲ ၁၁-ရနိုင်လျှင်တဲ့, ဘဝင်လဲ ၁၉-လုံးရနိုင်လျှင်တဲ့ ဇောမရှိဘူးလားလို့ မေးလျှင် ရှိတယ် တစိတ်တဒေသ၊ အဲဒါတဒါရုံ ၁၁၊ ဘဝင် ၁၉-ကျနိုင်တဲ့ဇောဟာ ဘယ်သူလဲလို့ မေးလျှင် စာကလေး ၃-၄ ကြောင်းလောက် ရေးရအောင်။

အနန္တရပစ္စည်း
ကာမဇော၀ါရ၀ီထိ ဇောနောင် တဒါရုံ ဘဝင်ကျပုံဇယား

ပစ္စည်း	ပစ္စယုပ္ပန်
၁။ လောဘမူ, မောဟမူ, မဟာကု ၁၈	တဒါရုံ ၁၁၊ ဘဝင် ၁၉၊
၂။ ဒေါသမူ ၂	ဥပေက္ခာရုံ ၆၊ ကာမဥ, ဘဝင် ၆၊
၃။ ဟသိတုပ္ပါဒ် ၁	သောမနဿရုံ ၅၊ ပဉ္စ၀ေါတိ ဘဝင် ၉၊
၄။ မဟာကြိယာသောမနဿ ၄	သောမနဿရုံ ၅၊ တိဟိတ်ဘဝင် ၁၃၊
၅။ ॥ ဥပေက္ခာ ၄	ဥပေက္ခာရုံ ၆၊ တိဟိတ်ဘဝင် ၁၃၊

ကဲ နံပါတ် ၁-အကြောင်းက ဒီလိုရေးရအောင်၊ စာရွက်တော့ မနှမြောနှင့် တကြောင်းစီရေး၊ ၁-အကြောင်းက လောဘမူ မောဟမူ၊ ပြီးတော့ မဟာကုသိုလ် ၈၊ ဒီတော့ ဘယ်နှစ်ခုတုန်း ၁၈-ခု မဟုတ်လား (မှန်ပါ)၊ မှတ်ထားစမ်း၊ အဲဒါတခဏ်း၊ သူက ပစ္စည်းလုပ်ထားမလို့၊ သူ့နောက်မှာတော့ သတိပြုလိုက်၊ အဲဒီတတန်းဘဲ သူ့ပစ္စယုပ္ပန်က တဒါရုံ ၁၁၊ ဘဝင် ၁၉ လို့ ရေးထား၊ အတိုကောက်ရေးချင်လျှင် ရုံ ၁၁၊ ဘဝင် ၁၉-ပေါ့၊ သိလောက်ပါတယ်၊ အဲဒါက တတန်းနော် (မှန်ပါ)။

စာအုပ်ထဲကြည့်ပြီး ကျက်နေရုံနှင့်ကတော့ ဘယ်နည်းနှင့်မျှ နားမလည်တဲ့ စကားတွေ၊ နံပါတ် ၁-အကြောင်းပြီးပြီ၊ နောက်တကြောင်းရေးပါ နံပါတ် ၂-ထိုးပြီးတော့၊ ဒေါသမူဇော ၂ အဲဒါ ပစ္စည်းတရားဘဲ၊ သဘာ၀နှင့် နားလည်အောင် ဘုန်းကြီးပြောပြီး အရေးခိုင်းနေပါတယ်၊ ဒါဘဲ ပစ္စည်းက ဒေါသမူဇော ၂-ခုဘဲနော် (မှန်ပါ)၊ အဲဒီ ဒေါသမူဇော ၂-ခု

ပစ္စည်းဖြစ်နေလျှင် သတိနှင့် နားထောင်နေစမ်း မရေးပါနှင့်ဦး၊ တဒါရုံတွေ ၁၁-ခုလုံး ကျမလားမေးတော့ တဒါရုံကို ဝေဒနာဘေဒနှင့် ခွဲလိုက်တော့ သောမနဿတဒါရုံ ဘယ်နှစ်ခုပါသလဲ (၅-ခုပါ)၊ သောမနဿတဒါရုံက ၅-ခုဆိုလျှင် ဥပေက္ခာ တဒါရုံက ၆-ခုနေမယ် မှတ်ထားခဲ့ပါ။

အဲဒီတော့ စဉ်းစားပါလား၊ ဦးပဉ္စင်းတို့ သဘာဝအားဖြင့် စဉ်းစားစမ်း၊ စိတ်ဆိုးနေတဲ့ ဒေါသဇောစောနေတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာဖြစ်တဲ့ ဒေါသဇော ဝိထိနောင်မှာ တဒါရုံကျလျှင် သောမနဿဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါ)၊ သောမနဿမဖြစ်နိုင်ဘူး၊ ခုတင်က ပြောတဲ့ သောမနဿတဒါရုံ ၅-ခုကို ဖြုတ်ပစ်လိုက်ပေါ့၊ ဒီတော့ ဘာရှိမလဲ၊ သူ့ပစ္စယုပ္ပန်က ဥပေက္ခာတဒါရုံ ၆-ခုလို့ မှတ်။

ကဲ ဘဝင်စဉ်းစားကြဦးစို့၊ ဘဝင်က မူရင်းက ၁၉-ရှိတယ်ဆို (မှန်ပါ)၊ အဲဒီ ၁၉-စဉ်းစားစမ်း ဘယ်သူတွေလဲလို့၊ ကြပ်ကြပ်လေ့လာပါ၊ လေ့လာစေချင်လို့ အသေးစိတ် ဘုန်းကြီးပြောနေတာ။ ဥပေက္ခာသန္ဓိရဏာ ၂ ပြီးတော့ကော (မဟာဝိပါက် ၈, မဟဂ္ဂုတ်ဝိပါက် ၉)။

သတိပြုကြည့်၊ အဲဒီမှာကြည့်စမ်း၊ ၁၉-နေတယ်မဟုတ်လား၊ ကာမစိတ် ဘယ်နှစ်ခုပါသလဲ (၁၀-ခု ပါပါတယ်)၊ အဲဒါကို ကာမဘဝင် ၁၀-ခေါ်တယ်၊ နောက်ကျန်တာက မဟဂ္ဂုတ်ဝိပါက် ၉-ခုဆိုတယ် မဟုတ်လား (မှန်ပါ)။

သတိပြုကြစမ်းပါ၊ ဒေါသလို့ ခေါ်တဲ့တရားဟာ ရူပဗြဟ္မာ့ဘုံ, အရူပဗြဟ္မာ့ဘုံမှာ ဖြစ်ပါ့မလား (မဖြစ်ပါ)၊ ဗြဟ္မာဘုံဆိုတာ အင်မတန် ချမ်းမြေ့တဲ့ ဘုံတွေ၊ ရူပဗြဟ္မာ့ဘုံ, အရူပဗြဟ္မာ့ဘုံမှာ ဒေါသဆိုတဲ့စိတ်မျိုး ဒေါသမူတရားမျိုး မရှိဘူးတဲ့၊ အဲဒါကတော့ ပုထုဇဉ်ဖြစ်ဖြစ် အရိယာဖြစ်ဖြစ် ဒီဘုံရောက်နေတဲ့ ပုဂ္ဂိုလ်မှန်လျှင် ဒေါသမရှိဘူး၊ **ဘုံ၏အစွမ်းဖြင့် ပယ်တဲ့တရားခေါ်တယ်နော်** (မှန်ပါ)။

ကာမဘုံကတော့ သောတာပန်မှာလဲ ဒေါသနှင့်ဘဲ၊ သကဒါဂါမ်လဲ ဒေါသနှင့်ဘဲ၊ အနာဂါမ်ကျတော့ ဘာဖြစ်သလဲ ဒေါသမရှိဘူး၊ သောတာပန်အရိယာ, သကဒါဂါမ်အရိယာ ဒေါသဖြစ်တုန်းဘဲ။

အဲဒါကြောင့် သတိထားဖို့ ကောင်းတာက ဘာလဲလို့မေးလျှင် ဒေါသဇော စောတဲ့ နောက်မှာ ဘဝင်၏အနေအားဖြင့် ကာမဘဝင် ၁၀-သာလျှင် ရနိုင်တယ်၊ သို့ပေမဲ့ ကာမဘဝင် ၁၀-ကို တခါခုတင်က ပြောသလို သောမနဿ, ဥပေက္ခာခွဲလိုက်ဦး၊ ကာမဘဝင် ၁၀-ထဲမှာ သောမနဿ ဘယ်လောက်လဲ (၄-ပါးရှိပါတယ်)၊ ဥပေက္ခာက (၆-ပါး ရှိပါတယ်)၊ အဲဒီမှာ ဥပေက္ခာသာ ပစ္စယုပ္ပန်တဲ့ (မှန်ပါ)။

ဒေါသမူဇောနောင် တဒါရုံကျသည်ဖြစ်အံ့- ဥပေက္ခာတဒါရုံ ၆-ခု၊ တဒါရုံမကျသည်ဖြစ်အံ့-ကာမဥပေက္ခာဘဝင် ၆-ခု၊ အဲဒါ တတန်း၊ ဒါဟာ ဒုတိယအတန်းနော် (မှန်ပါ)။

ပြီးတော့ကော ဇောတွေထဲမှာ အကုသိုလ်ဇော ကုန်သွားပြီမဟုတ်လား (မှန်ပါ)၊ အဟိတ်ဇောက ဟသိတုပ္ပါဒ်ဇောတဲ့ နံပါတ်-၃။

ဟသိတုပ္ပါဒ်စိတ်ဆိုတာ ဘုရား ရဟန္တာ သန္တာန်မှာ ဖြစ်တာ မဟုတ်ပါလား (မှန်ပါ)၊ ဘုရား ရဟန္တာ သန္တာန်မှာဖြစ်တော့ သူ့နောက်မှာ တဒါရုံကျရမယ် ဘဝင်ကျရမယ် ဆိုလို့ရှိယင် ဟသိတုပ္ပါဒ်စိတ်ဆိုတာ ဘာတုန်းမေးလျှင် ဘုရားရဟန္တာတို့ သန္တာန်မှာ ဖြစ်သော ပြုံးရွှင်တဲ့စိတ် ဟုတ်လား (မှန်ပါ)၊ ဒီတော့ ခုတင်ကလို တဒါရုံကို သောမနဿ, ဥပေက္ခာ ခွဲကြည့်လျှင် သောမနဿ တဒါရုံသာ ဖြစ်တော့မယ် မဟုတ်လား (မှန်ပါ)။

ကဲ ဘဝင်ကိုကြည့်၊ ဘဝင်မှာ ကာမဘဝင်မှာ အဟိတ်ဘဝင်, ဒ္ဝိဟိတ်ဘဝင်, တိဟိတ်ဘဝင်လို့ ၃-မျိုးရှိတယ်၊ နားလည်ပေစေနော်၊ အဟိတ်ဘဝင်ဆိုတာက ဘယ်သူလဲမေးလျှင် ဥပေက္ခာသန္တီရဏ ၂။ ဒ္ဝိဟိတ်ဘဝင်ဆိုတာကကော ဉာဏဝိပ္ပယုတ် မဟာဝိပါက်စိတ် ၄-ခု၊ တိဟိတ်ဘဝင်ဆိုတာက ဉာဏသမ္ပယုတ် မဟာဝိပါက်စိတ် ၄-ခု၊ တိဟိတ်ဘဝင်ဆိုတာက ဉာဏသမ္ပယုတ် မဟာဝိပါက်စိတ် ၄-ခု၊ ရူပ အရူပကတော့ မဟာဂျုတ်ဝိပါက်တွေ မဟုတ်လား၊ တိဟိတ်ဘဝင်တွေဘဲ ခေါ်တယ်။

ဒီတော့ ဘုရား ရဟန္တာတို့ သန္တာန်မှာဖြစ်တဲ့ ဟသိတုပ္ပါဒ်ဇောနောင်မှာ ကျတဲ့ ဘဝင်က အဟိတ်ဘဝင်ဖြစ်လို့ တော်ပါ့မလား (မတော်ပါ)၊ ဒ္ဝိဟိတ် ဘဝင်ကော (မတော်ပါ)၊ ဒီတော့ ကျန်တာဘယ်သူလဲမေးလျှင် တိဟိတ်ဘဝင်၊ တိဟိတ်ဘဝင်က ဘယ်လောက်ရှိသလဲ မေးကြည့်ဦး၊ ဟိုက မဟာဂျုတ်ဝိပါက်က ၉-ခု၊ ဒီက ဉာဏသမ္ပယုတ်က ၄-ခု၊ ပေါင်းလိုက်တော့ ၁၃။ အဲဒါကို တေရသလို ဆိုတယ်မဟုတ်လား (မှန်ပါ)။

အဲဒီ တိဟိတ်ဘဝင် တေရသထဲမှာကော အရူပဘဝင် ၄-ခု မပါဘူးလား (ပါပါတယ်)၊ ပါနေလျှင် အရူပဘုံမှာဖြစ်တဲ့ ပြဟ္မာကြီးတွေက ပြုံးနိုင်ရယ်နိုင်တဲ့ရုပ် သဘောရှိရဲ့ လားလို့ စဉ်းစား (မရယ်နိုင်ပါ)၊ ဘာဖြစ်လို့တုန်း၊ သူတို့မှာ ရုပ်မှမရှိဘဲနှင့် ဘာနှင့်ပြုံးပြမလဲ၊ ပါးစပ်မရှိတဲ့ သတ္တဝါက ရယ်ပြလို့ ဘယ်ဖြစ်နိုင်မလဲနော်။

ဒီတော့ တိဟိတ်ဘဝင်ပင် ဖြစ်ငြားသော်လည်း အရူပဘဝင် မရဘူး၊ ဘယ်ဟာရမလဲ၊ ပဠစ္ဆဝေါကာရတိဟိတ်ဘဝင် ဆိုပြီးတော့ မဟာဝိပါက်ဉာဏသမ္ပယုတ်က ၄-ခု၊ ရူပဝိပါက်က ၅-ခု၊ ပေါင်းတော့ ၉-ခု။

ဒါကြောင့် ဟသိတုပ္ပါဒ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့၊ သောမနဿတဒါရုံ ၅-ခု၊ တဒါရုံမကျလျှင် ပဋ္ဌဝေါကာရတိဟိတ်ဘဝင် ၉-ခု။

ဒီနောက်က တတန်း နံပါတ်ဘယ်လောက်တုန်း (၄)၊ ဒီတဝိထိထဲ ဒီနေ့ရှေ့ကို မတိုးဘူး၊ ဒီတဝိထိကုန်လျှင် တော်ပြီ။

မဟာကြိယာကို သောမနဿ, ဉပေက္ခာခွဲလိုက်၊ သောမနဿ ၄, ဉပေက္ခာ ၄ ရှိတယ် မဟုတ်လား (မှန်ပါ)၊ ပဌမ ၄-နံပါတ်မှာ သောမနဿထား၊ မဟာကြိယာ သောမနဿဇောက ပစ္စည်းဖြစ်နေလျှင် တဒါရုံက ဟသိတုပ္ပါဒ်လိုဘဲ သောမနဿဘဲ ဖြစ်ရမယ် မဟုတ်လား (မှန်ပါ)၊ ဒီတော့ ဘယ်နှစ်ခုတုန်း (၅-ခု)၊ ဒါဖြင့် ပုဒ်မကလေး ပြထားလိုက်ပေါ့၊ သောမနဿတဒါရုံ ၅-ခု၊ မဟာကြိယာကျတော့ အရှုပက ဖြစ်ပြီနော် (မှန်ပါ)၊ ဒီတော့ ဘဝင်ဆိုလျှင် ဘာလဲမေးလျှင် တိဟိတ် ဘဝင်တေရသ ၁၃၊ ဒီလိုနေမယ်မဟုတ်လား (မှန်ပါ)။ ခုတင်က ဟသိတုပ္ပါဒ်ကတော့ ပဋ္ဌဝေါကာရတိဟိတ်၊ အခုဟာကတော့ တိဟိတ်ဘဝင်၊ နားလည်ပလား (မှန်ပါ)။

ကဲ နောက်တတန်း၊ ကုန်ပါပြီ နောက်တတန်းပြီးလျှင် ပစ္စည်းတရားက မဟာကြိယာ ဉပေက္ခာသဟဂုတ်ဇော၊ တဒါရုံဖြစ်လျှင် ဒီကပစ္စည်းက ဉပေက္ခာ ဖြစ်နေတော့ တဒါရုံက ဉပေက္ခာထားနော် (မှန်ပါ)၊ ဉပေက္ခာတဒါရုံ ၆-ခု၊ ဘဝင်ဖြစ်လျှင်ဆိုတော့ ခုတင်ကတုန်းက အတိုင်းဘဲ ရတယ် တိဟိတ်ဘဝင်တွေဘဲ ဒီတော့ ပုဒ်မပြလိုက်၊ ဘယ်လောက်တုန်း (၁၃-ပါး)၊ ပြီးရော စာကလေး ၅-ကြောင်း။ (ဇောနောင် တဒါရုံ ဘွင် ကျပုံဇယား)

သင်ဂြိုဟ်ကို ဘုန်းကြီးများ သင်ပေးတဲ့အချိန်ကျတော့လဲ ဇောနောင် တဒါရုံ ဘဝင်ကို ဒါတွေအပြည့်အစုံပြပြီး ချပေးပါတယ်၊ ဘုန်းကြီးတို့ဆီက သင်ဂြိုဟ်သင်ထားလို နားလည်နေတဲ့ ပုဂ္ဂိုလ်ဖြစ်လျှင် ဒီမှာ သိပ်လွယ်ပါတယ်၊ အခုတော့ ဒါကလေးက အားလုံးနှင့် ပတ်သက်အောင်ဆိုပြီး ပြောပေးနေပါတယ်၊ အဲဒီအတိုင်း အရကောက်ဆရာတော်ဘုရားကြီးက ဆိုရိုးပြုထားတယ်၊ ဦးပဉ္စင်းတို့ ဝိထိမှာတော့ သတ္တမဇောနောင် တဒါရုံ, ဘဝင်လို့ ဒါကလေး ဘဲရှိတယ် မဟုတ်လား (မှန်ပါ)။

ကဲ ခုတင်က ဟောရိုးကို ပြန်ကြည့်လိုက်စမ်း၊ သတ္တမဇောအားတပ်သော ဆဋ္ဌဇော ဒီလိုမဟုတ်လား (မှန်ပါ)။ ခုတင်က ဦးပဉ္စင်းတို့ ရေးထားတဲ့အတိုင်း ကြည့်စမ်း၊ ဘုန်းကြီးဆိုရိုးလုပ်ပေးမယ်၊ လောဘမူ မောဟမူ မဟာကုသိုလ် ဇောနောင် တဒါရုံကျသည်ဖြစ်အံ့-တဒါရုံ ဇောဒသ၊ တဒါရုံမကျသည်ဖြစ်အံ့ ဘဝင် ဇော့ဂုနဝိသအားတပ်သော ဒါက ပစ္စယုပ္ပန်နော် (မှန်ပါ)၊ ပစ္စည်းက အဆုံးဇောဖြစ်ရမယ် မဟုတ်လား (မှန်ပါ)၊ လောဘမူ မောဟမူ မဟာကုသိုလ်အဆုံးဇော။

ကာမဇောက စိတ်ချရတာမှမဟုတ်ဘဲ၊ တခါတလေ ၇-ကြိမ်စောတယ်။ တခါတလေ ၆-ကြိမ်စော၊ တခါတလေ ၅-ကြိမ်စော၊ တခါတလေ ၄-ကြိမ်စော၊ တခါတလေ ၃-ကြိမ်စောသေးတယ် ကာမဇောတွေ၊ အဲဒါတွေလဲ ဝိထိပိုင်းရှာကြည့်၊ ဝိထိပိုင်းတို့ ဝိထိဆိုရိုးတို့ ဘာတို့မှာ ပြည့်လို့ပါ။

ဒီတော့ ဘယ်လိုစောစော အဆုံးဇောဟာ ပစ္စည်းတရားပေါ့နော် (မှန်ပါ)၊ ပြန်နှားထောင်ပါဦး၊ အဲဒီတခုရလျှင် ရတာဘဲ၊ လောဘမူ မောဟမူ မဟာကုသိုလ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့-တဒါရုံ ဧကာဒသ၊ တဒါရုံမကျသည် ဖြစ်အံ့-ဘဝင် ဧကူနဝီသအား တပ်သော ဒါက ပစ္စယုပ္ပန်တွေ၊ ပစ္စည်းက ခုတင်က ရေးထားတာ ဘာတဲ့၊ လောဘမူ မောဟမူ မဟာကုသိုလ်အဆုံးဇော။

ဟိုအကျယ်ကြီးရေးထားတဲ့ အကောက်ကို မကျက်ပါနှင့်၊ ဒါကို ဉာဏ်နှင့်မြင်အောင် ကြည့်ပါ၊ အသုံးချတော ဒါကလေးတွေ ကြည့်ပြီး ထွက်ပါတယ်။

ဒုတိယအတန်း ဒေါသမူဇောနောင် တဒါရုံကျသည်ဖြစ်အံ့-ဥပေက္ခာတဒါရုံ ၆-ခု၊ တဒါရုံမကျသည်ဖြစ်အံ့-ကာမဥပေက္ခာဘဝင် ၆-ခုအားတပ်သော ဒေါသမူအဆုံး ဇော၊ ဒါက ပစ္စည်းတရား။

ပြီးတော့ ဟသိတုပ္ပါဒ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့-သောမနဿတဒါရုံ ၅-ခု၊ တဒါရုံမကျသည်ဖြစ်အံ့-ပဉ္စဝေါကာရ တိဟိတ်ဘဝင် ၉-ခုအားတပ်သော ဟသိတုပ္ပါဒ် အဆုံးဇော။

ပြီးတော့ မဟာကြိယာသောမနဿသဟဂုတ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့-သောမနဿတဒါရုံ ၅-ခု၊ တဒါရုံမကျသည်ဖြစ်အံ့-တိဟိတ်ဘဝင် တေရသအား တပ်သော မဟာကြိယာ သောမနဿသဟဂုတ် အဆုံးဇော။

မဟာကြိယာ ဥပေက္ခာသဟဂုတ်ဇောနောင် တဒါရုံကျသည်ဖြစ်အံ့- ဥပေက္ခာ တဒါရုံ ၆-ခု၊ တဒါရုံမကျသည်ဖြစ်အံ့-တိဟိတ်ဘဝင် တေရသအားတပ်သော မဟာကြိယာ ဥပေက္ခာ သဟဂုတ်အဆုံးဇော။

ဒါက ဇော ပစ္စည်းဖြစ်ရုံတင် ရှိသေးတယ် မဟုတ်လား (မှန်ပါ)၊ မဆုံးသေးဘူး၊ ဟိုက တဒါရုံ ၂-ကြိမ်ရှိတယ်မဟုတ်လား (မှန်ပါ)၊ ဒါကြောင့် ဒုတိယတဒါရုံအားတပ်သော ပဋ္ဌမတဒါရုံ။

တဒါရုံနောင် ဘဝင်ကျလျှင် ကာမဘဝင်ဖြစ်ရတယ်၊ ဒါကြောင့် ကာမဘဝင် ၁၀-အားတပ်သော ဒုတိယတဒါရုံ ဝိထိဆုံးသွားရော မဟုတ်လား (မှန်ပါ)၊ အဲဒါတွင် ပြီးပါတယ်၊ ဒီ ဝိထိဆုံးသွားပြီ တော်ပြီ၊ ဦးသူရိယ ဟောစမ်းပါ။

ဦးသူရိယ။ ။တခေါက်ဟောသည်။

ဆရာတော်။ ။ကုန်ရော ကာမဇော၀ါရ၀ိထိ၊ အားလုံးဖြည်းဖြည်းကလေးစောင့်ဟော ကြစမ်းပါ။

သံယာတော်များ။ ။တခေါက်ဟောတော်မူကြသည်။

နောက်တော့လွယ်ပါပြီ၊ ဒီ တ၀ိထိသာ ခက်နေတာ၊ ကဲ တော်ကြဦးစို့။

ကမ္မပစ္စည်းအရကောက်
သဟဇာတကမ္မအရကောက်

အင်ယ် ၇-ပစ္စည်းမှာ ဘာကျန်တော့သတုန်း ကမ္မပစ္စည်းကျန်တယ်၊ ဒီနေ့ ကမ္မပစ္စည်းကောက်တော့ လွယ်လွယ်ကလေးပါ။

သဟဇာတကမ္မကို အရင်ကောက်လိုက် ဘာရသတုန်း၊ သမ္မယုတ္တာခန္ဓာ စိတ္တဇရူပ်ပဋ္ဌိသန္ဓေကမ္မဇရူပ်အားတပ်သော စိတ်တခုယုတ်ကိုးဆယ်၌ရှိသော စေတနာရတယ်။

ကုသလပဒ, အကုသလပဒ, အဗျာကတပဒအားလုံးမှာ ပစ္စည်းတရားအနေအားဖြင့် စေတနာတမျိုးဘဲ ရတယ်နော်။

ပါဠိတော်တုန်းကလဲ နည်းနည်းသတိပေးခဲ့တယ်၊ သတိပြုဖို့က နာမည်တူတယ် သဘာ၀မတူဘူးဆိုတာ အဲဒါကလေး သတိထားရတယ်၊ ကုသိုလ်မှာလဲ စေတနာ, အကုသိုလ် မှာလဲ စေတနာ, အဗျာကတမှာလဲ စေတနာ ခေါ်ကြပေမဲ့ ဒီ စေတနာတွေ တူကြသလား လို့ ကြည့်ရတယ်၊ မတူဘူးတဲ့၊ စေတနာသည် စေတသိက်၊ သူနှင့်ယှဉ်ဘက်ဖြစ်သော စိတ် ကို စွဲပြီးတော့ အကောင်းအဆိုး ကွာခြားသွားကြတယ်။

ကုသိုလ်တွေနဲ့ယှဉ်တဲ့ စေတနာကြောင့် အကျိုးပေးတဲ့အခါ ပစ္စက္ခဖြစ်ဖြစ်, သံသရာဖြစ်ဖြစ် အကျိုးပေးတဲ့အခါ ကောင်းတဲ့ အကျိုးတွေ ပေးတယ်၊ ဒီစေတနာက အကျိုးပေးတာ၊ အကုသိုလ်တွေနှင့်ယှဉ်တဲ့ စေတနာတွေကြောင့် သူတို့ အကြောင်းခံလိုက်တော့ မကောင်းတဲ့အကျိုးတွေ ပေးထားတယ်၊ ဒါကြောင့် နာမည်ကလေးတွေ တူတယ်၊ သဘာ၀ဓာတ်ချင်းအားဖြင့် အလွန်ကွာခြားတယ်။

ကောင်းတဲ့ ကုသိုလ်စေတနာတွေကြောင့် သတ္တ၀ါတွေ လူ့ရွာသုဂတိ, နတ်ရွာသုဂတိ, ပြဟ္မာ့ရွာသုဂတိခေါ်တဲ့ သုဂတိဘုံဘ၀တွေရတယ်၊ စျာန်, မဂ်, ဖိုလ်, နိဗ္ဗာန်ဆိုတဲ့ အကျိုးတရားတွေ ရနိုင်တယ်၊ မကောင်းတဲ့ အကုသိုလ်နှင့် ယှဉ်တဲ့ စေတနာနှင့်ကျတော့ အပါယ်လေးဘုံ ဒုဂ္ဂတိဘ၀သို့ လားရတယ်၊ အဲဒါလောက်ကြီး ကွာခြားတယ်၊ နာမည်တူတူဘဲနော်။

အဲဒါထောက်သဖြင့် ကြွင်းတဲ့ ပြီးခဲ့တဲ့ ပစ္စည်းတွေမှာလဲ အာဟာရပစ္စည်းတို့ နာမ်အာဟာရတရား ကိုယ် ၃-ပါးတို့မှာ နာမည်အားဖြင့် တူနေကြတယ်၊ အကျိုးပေးခြင်းကျတော့ မတူကြဘူး၊ ဘယ်ပစ္စည်းမှာ မဆိုဘဲ ဒါတွေ သတိထားရတယ်။

ထားပါတော့ ကမ္မမှာ ပစ္စည်းဘက်က ကောက်လျှင် စေတနာလို့ ကောက်၊ ပစ္စယုပ္ပန်ဘက်က ကောက်တဲ့အခါ ပဋ္ဌမအချက် ကုသလော ကုသလသဖြစ်ခဲ့အံ့၊ သတိပြုစရာခါတိုင်းတော့ ကုသလသ ဓမ္မသဟူသော သမ္မဒါန်ပုဒ်၏ အရကား ကုသိုလ်စိတ် ဧကဝီသ စေတသိက် အဌတိံသ သမ္မယုတ္တခန္ဓာလို့ ခါတိုင်းဆိုတယ်နော်။ ဒီနေ့တော့ စေတနာကြဉ်သော စေတသိက် သတ္တတိံသ သမ္မယုတ္တခန္ဓာလို့ ဆိုပါတဲ့၊ ဘာဖြစ်လို့ ကြဉ်ရသလဲလို့မေးလျှင် ပစ္စည်းမှာ သူက တပါးတည်း ရှိတယ်။

ပြီးခဲ့တဲ့ စျာနတို့ အာဟာရတို့တုန်းက မကြဉ်တာက ဥပမာ အာဟာရမေးလို့ရှိလျှင် ဖဿက ပစ္စည်းဖြစ်နေလျှင် စေတနာ ဝိညာဉ်က ပစ္စယုပ္ပန်ဖြစ်နိုင်သေးတယ်၊ စေတနာက ပစ္စည်းဖြစ်နေလျှင် ဖဿ ဝိညာဉ်က ပစ္စယုပ္ပန်ဖြစ်နိုင်တယ်၊ ဝိညာဉ် ပစ္စည်းဖြစ်နေလျှင် ဖဿ စေတနာက ပစ္စယုပ္ပန် ဖြစ်နိုင်တယ်၊ အဲဒီလို ပစ္စည်း ပစ္စယုပ္ပန်အနေအားဖြင့် အပြန်အလှန်ယူလို့ရတဲ့ တရားမျိုးမှာ ကြဉ်ဖွယ်မလိုဘူး။

အခု ဒီမှာတော့ စေတနာဟာ ပစ္စည်းဘဲဖြစ်နေတော့ ပစ္စယုပ္ပန်ဘက်မှာ အလဲအလှယ်ထားပြီး နေစရာမရှိသောကြောင့် ပစ္စယုပ္ပန်မှာ သမ္မယုတ္တခန္ဓာဆိုတဲ့ နေရာမှာ ကုသိုလ်စိတ် ဧကဝီသ, စေတသိက် အဌတိံသလို့ မဆိုဘဲနှင့် စေတနာ ကြဉ်သော စေတသိက် သတ္တတိံသ သမ္မယုတ္တခန္ဓာလို့ ကောက်ပါ။

ကု-ဗျာ-စိတ္တဇရုပ် အတူတူဘဲ၊ ထို့အတူ ကု-ကုဗျာမှာ စေတနာကြဉ်ကောက်။

ကရိဏ်းပါဠိထုတ်တော့လဲဘဲ ဘာခက်သတုန်း၊ ကြီး ၄-ပစ္စည်း၊ လတ်က ပဋ္ဌမအချက် က ည-သံ ရတယ်၊ ၆-ပစ္စည်း၊ ဒီလို မဟုတ်လား (မှန်ပါ)၊ သုဒ္ဓသင်္ချာက လတ်ကြီး (၈)နှင့် ဟာ ဆိုထားတော့ အာဟာရထည့်လိုက်ရုံပေါ့၊ ၇-ပစ္စည်း၊ ကိုယ်တိုင် ကမ္မနှင့်ဆိုတော့ ၈-ပစ္စည်း၊ ပဋ္ဌမအချက် ၈-ပစ္စည်းဖြစ်လျှင် ဒုတိယက ၇-ပစ္စည်း, တတိယ ၆-ပစ္စည်း ဒါဘဲ ရတယ်။

အကုပဒ ၃-ချက်လဲ ဒီအတိုင်း အတူတူဘဲ၊ ပစ္စယုပ္ပန်မှာ အကုသိုလ် ဒွါဒသ စေတနာကြဉ်သော စေတသိက် ဆဋ္ဌိသ သမ္မယုတ္တခန္ဓာလို့ ဒါဟာ သမ္မယုတ္တခန္ဓာမှာ သတိထားပါ၊ ကရိဏ်းပါဠိ ခုတင်က ဒီအတိုင်းဘဲ ၈-၇-၆ (မှန်ပါ)။

ဗျာဗျာ ပဝတ္တိဖြစ်အံ့၊ ဝိပါက်စိတ် ဆတ္တိံသ ကြိယာစိတ် ဝီသ စေတနာကြဉ်သော စေတသိက်သတ္တတိံသ သမ္မယုတ္တခန္ဓာ စိတ္တဇရုပ်က ပစ္စယုပ္ပန်၊ ကရိဏ်းပါဠိထုတ်တဲ့ အခါ

ကျတော့ သုဒ္ဓသန္ဓိပါသလောက် အကုန်ထုတ်၊ ဘယ်နှစ်ပစ္စည်းရသလဲ (၁၀-ပစ္စည်း)၊ ၁၀-ပစ္စည်းကိုထုတ်။

ပဋိသန္ဓေအခါဖြစ်အံ့၊ ပဋိသန္ဓေစိတ် ဧကူနဝီသ စေတနာကြဉ်သော စေတသိက် စတုတ္ထိသလို့ ဆိုပါနော်။ ပဉ္စတိသ မရနိုင်ဘူး၊ စတုတ္ထိ သရမယ်၊ သမ္ပယုတ္တခန္ဓာကဋ္ဌတ္တာ ရုပ် ပဝတ္ထိနှင့် တူတူဘဲ၊ ကုန်ရောပေါ့။ သူက လွယ်လွယ်ကလေးရယ်၊ ဦးပညာနန္ဒကောက် စမ်း၊ ကု ၃-ချက်။

ဦးပညာနန္ဒ။ ။ကု-၃ ချက်ကောက်သည်။

ဆရာတော်။ ။အကု ၃-ချက်ကလဲ အတူတူပါဘဲ၊ ဗျာဗျာ-ပဝတ္ထိ, ပဋိသန္ဓေရှိရာ ပဝတ္ထိကောက်တော့ ဘာတုန်း၊ ပဝတ္ထိအခါ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏အရကား သမ္ပယုတ္တခန္ဓာအားရင်း၊ ဒီလိုတချက်နော် (မှန်ပါ)၊ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ်အားရင်း တပ်သောလို့ဟော၊ ဦးပဏ္ဍာဝဟောစမ်း။

ဦးပဏ္ဍာဝ။ ။အဗျာကတော အဗျာကတသဒ္ဒ ပဝတ္ထိအခါ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား။ (ပ)။ ဤ ၁၀-ပစ္စယသတ္တိတို့တွင် ကမ္မ သတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

ဆရာတော်။ ။ အလွန်လွယ်ပါတယ်၊ ဆိုပြီးတဲ့ စာကလေးတွေ အရကောက်ထဲမှာ ကြည့်ကြစမ်းပါဦး၊ အရကောက်နှင့် ဒို့ဆိုတာ တူရဲ့လား၊ မတူလို့ရှိလျှင် စာအုပ်က မှားသလား, ချပေးတဲ့ဘုန်းကြီးက မှားသလား ဒီလိုကလေးလဲ နှိုင်းယှဉ်ပြီး အချင်းချင်း ညှိကြရတာပေါ့၊ အားလုံး ဖြည်းဖြည်းကုသိုလ်လဲရ စာလဲကျေသွား အောင် ဟောကြစမ်းပါ။

သံယာတော်များ။ ။ကုသလော ကုသလသဒ္ဒ ကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား။(ပ)။ ဤ ၁၀-ပစ္စယသတ္တိတို့တွင် ကမ္မသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

သဟဇာတကမ္မ အရကောက် ပြီးပြီ။

နာနာဂ္ဂဏိကကမ္မ အရကောက်

ဆရာတော်။ ။အခုပြီးခဲ့တာက သဟဇာတကမ္မ၊ ပြီးတော့ နာနာဂ္ဂဏိကကမ္မ ဇယားရှိတယ် အဲဒီဇယားကြည့်ရအောင်၊ အဲဒါကတော့ ဦးပဉ္စင်းတို့ တခါမျှ မကြည့်ရသေးတဲ့ ဇယားပေါ့နော်၊ ဂရုစိုက်ပြီးကြည့်၊ ကူးတုန်းကတော့ ခက်တယ်။

ကုလားပဲကြီး ဈေးကွက်ကျယ်ပြန့်ခြင်း: အရေးကြီးသော အကြောင်းအချက်များ:

| | | |

နာနာဂ္ဂဏိကကမ္မဇယားရေးနည်းနှင့် ရှင်းချက်

သူကလဲ အဆင့်အဆင့်ကလေးတွေနှင့် လှေကားကလေး တပ်ထားသလို ရေးထားတာ၊ သို့ပေမဲ့ ဘုန်းကြီးပြောတာ ဂရုစိုက် နားထောင်ကြည့်တာနှင့် တပြိုင်နက် အဲဒီဇယား အလွတ်ရေးလျှင်ရတယ်၊ မယုံရေးကြည့်ဆိုတော့ ဘယ်သူမှ မရေးဘူး၊ အလွတ်ရေးကြည့်ရတယ်။

နာနာဂ္ဂဏိက ကမ္မကို ပါဠိတော်အချိန်တုန်းက ကမ္မ ၃-မျိုးသွင်းပြီး ပြောထားခဲ့တယ် မဟုတ်လား (မှန်ပါ)၊ ပြန်ပြီးသတိပြု နားထောင်၊ ဒီတရားကိုလဲ နားလည်အောင် ဘုန်းကြီးပြောပေးမယ်။

အနန္တရကမ္မ, ဗလဝကမ္မ, ဗလဝဒုဗ္ဗလကမ္မလို့ ကမ္မ ၃-မျိုး ပေါင်းပြီးတော့ ပါဠိတော်သင်ထားတယ်၊ အဲဒီဥစ္စာကို အခု ဒီမှာ ယူပြီးတော့ အရကောက် ဆရာတော်ဘုရားကြီးများ ပစ္စယနိဒ္ဒေသမှာ ကောက်တယ်၊ ဆဝါရမှာလဲ ဒီအတိုင်း ကောက်မယ်၊ အခု ပဥ္စာဝါရကနေပြီး နားလည်ထားလျှင် ဟိုကျလျှင် ဒါတွေဟာ သြော်- ဒီအတိုင်းဘဲ ဆိုတာ ပေါ်မယ်၊ စာအုပ်ထဲမှာလဲ မရေးတော့ဘူး၊ ဆရာတော်ဘုရားကြီးက တူလာပြီဆိုလျှင် အကုန်လုံး ပေယျာလ ထိုးပစ်လိုက်တယ်၊ ဒီတော့ တနေရာကနေပြီး တိတိကျကျ ပြပေးတုန်း သတိထားရတယ်။

ဒီတော့ ဇယားရေးပုံ ရေးနည်းကို ဘုန်းကြီး အခုပြောပြမယ်၊ ဦးပဉ္စင်းတို့ သတိပြု နားထောင်သွားလျှင် သြော်- လွယ်လွယ်ကလေးပါလား၊ ဒို့ကူးတုန်းကတော့ အကွက်များများမှားမှာစိုးတာနဲ့ အကွက်မှတ်လိုက်ရတာလို့ ဖြစ်မယ်။

ခုတင်က ပြောတဲ့ ကမ္မ ၃-မျိုစလုံးရဲ့ ပစ္စည်းတရားက ဘာလဲလို့ စဉ်းစားလိုက်လျှင် စောစောက ကောက်နေတဲ့ သဟကမ္မပါဘဲ၊ စေတနာပစ္စည်းတရားဘဲ မဟုတ်လား (မှန်ပါ)၊ သို့ပေမဲ့ သူကဘာတုန်း ကုသိုလ်, အကုသိုလ်စေတနာတဲ့။

အဲဒါကြောင့်မို့လို့ ဇယားရဲ့ ခေါင်းစီး အပေါ်ဆုံးရဲ့ လက်ရင်းအစဒေါင့်နားမှာ သာမညဘဲ 'စေတနာ' လို့ ပစ္စည်းတရားကို ရေးထားတယ်၊ ဟုတ်ကဲ့လား (မှန်ပါ)၊ သာမည စေတနာလို့ ရေးထားပေမဲ့ ကိုယ့်စိတ်က ကုသိုလ်နှင့် ယှဉ်တဲ့ **စေတနာ, အကုသိုလ်နှင့် ယှဉ်တဲ့ စေတနာလို့** နားလည်ထားပါ။

နားလည်အောင် နားထောင်ရတယ်၊ ဒီနေ့ သတိပြုထားလိုက်တဲ့ တန်ဖိုးက ခုတင်ကပြောတဲ့ ဝါရကျတော့ လွယ်နေတယ်၊ ဇယားပြောင်းတဲ့အခါ သဘာဝပြောင်းသွားတဲ့အခါ

ကလေးတွေ စာဝါပျက်မိလျှင် အဲဒါလဲ မကောင်းဘူး၊ ဒါ ပစ္စည်း စေတနာလို့ ဒေါင့်ကွက်က တွေ့ပြီးသည့်နောက် နောက်မှ ပစ္စယုပ္ပန်တွေကို ဘယ်လိုလုပ် ပေးထားသလဲဆိုတာ အလွယ် ဆုံးပြောရလျှင် ဦးပဉ္စင်းတို့ သင်ကြားကြတဲ့ အစဉ်အတိုင်း ဝိပါက်တွေကို စဉ်ထားပါတယ်၊ ရေးထားပါတယ်၊ နို့ပေမဲ့ တခုချင်း ဘုန်းကြီးပြောပြမယ်။

စေတနာနောက် အကွက်တကွက်မှာကြည့်လျှင် သတိနှင့်ကြည့်၊ ဝိပါက်စိတ် ဆတ္တိံသထဲက ဘယ်သူ စတွေ့သလဲ (အကုသလဝိပါက် ၇-ပါး)၊ ဒါဟာအဟိတ်စိတ်မှာ သူအရင်ဆုံးဘဲ မဟုတ်လား (မှန်ပါ)၊ ဒုတိယအကွက်ကတော့ (အဟိတ်ကုသလဝိပါက် ၈-ခု)၊ သူတို့ ၂-ခုကို ဒီ ၂-ကွက်ကို ပေါင်းကြည့်လျှင် အဟိတ် ဝိပါက်-၁၅။ လိုအပ်လို့ ပြော နေတာ၊ သတိထားမှတ်ခဲ့ပါ၊ သင်ကြီးဟာသင်တုန်းက သူတို့ ၂-ခုကို အရင်တွေ့တာဘဲ။

ပြီးတော့ သတိပြုလိုက်စမ်း၊ နောက်ထပ် ၂-ကွက်၊ အဲဒီ ၂-ကွက်က ဘယ်သူလဲ မေးလျှင် မဟာဝိပါက် ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ်လို့ ခွဲထားတာ၊ ဒါဘဲမဟုတ်လား (မှန်ပါ)၊ ဒီတော့ ၂-ကွက်ပေါင်းလိုက်လျှင် မဟာဝိပါက်စိတ် ၈-ခု၊ ခုတင်က ၁၅-ရယ် ဒီက ၈-ရယ်ပေါင်းလျှင် (၂၃-ခု ရပါတယ်)၊ အဲဒါ ကာမဝိပါက် တေဝီသ။

နောက်မျှားသုံးကြလျှင် ကာမဝိပါက်တေဝီသဆိုလျှင် ငါတို့ဇယားခေါင်းစီးမှာ အရင် ဆုံးတွေ့တဲ့ ၄-ကွက်ဘဲလို့မှတ်၊ သင်ကြီးဟာသင်တုန်းကလဲ သူတို့ကို အရင်ဆုံး တွေ့တာဘဲ မဟုတ်လား (မှန်ပါ)။

အဲဒီ စာကလေး ၄-ကွက်မြင်ပြီး ကာမဝိပါက်တေဝီသခေါ်တာ သူတို့ပါကလား လို့ မှတ်ထားစမ်း၊ နောက်တော့ တခါတည်း လွယ်လိုက်တာ။

သတိပြုကြည့်၊ နောက်ထပ် ၅-ကွက်ကြည့် ခြုံပြီးတော့၊ ၁-၂-၃-၄-၅၊ ရူပဝိပါက် ၅-ခု၊ ဟုတ်ကဲ့ မဟုတ်လား (မှန်ပါ)။

မသိခင်တော့ ခက်တယ်၊ ဓာတ်သိတော့ ကြော်... ဒါဟာ အလကားဟာတွေဘဲ လွယ်လွယ်ကလေးဘဲ ဖြစ်လာအောင်။

ခုတင်က ၄-ကွက်က ကာမဝိပါက်၊ အခု ၅-ကွက်က (ရူပဝိပါက်)၊ ရူပါဝစရ ပဋ္ဌမ စျာန်ဝိပါက် ၁၊ ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်, ပဉ္စမစျာန်ဝိပါက် ၁ စီ။

နောက်ထပ် ၄-ကွက်က အရူပဝိပါက် ၄-ခု၊ အာကာဝိ, ဝိညာဝိ, အာကိဉ်ဝိ, နေဝဝိ။

အကွက်အားဖြင့်လဲ မှတ်ခဲ့၊ ကာမဝိပါက်တုန်းက ၄-ကွက်ရတယ်၊ ရူပဝိပါက်က ၅-ကွက်ရတယ်၊ အရူပဝိပါက် ၄-ကွက်ထည့်လိုက်တော့ ၁၃-ကွက်။

မှတ်ခဲ့၊ ဇယားမှာ ရေးတတ်သွားအောင်လို့ ပြောတာ။

နောက်ထပ် ဝိပါက်က ဖိုလ်ဝိပါက် ၄-ခု၊ သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်, အရဟတ္တဖိုလ်၊ ခုတင်က ၁၃-ကွက် မဟုတ်လား၊ သူတို့ကို ထည့်လိုက်တော့ (၁၇-ကွက်ရှိပါတယ်)။

အဲဒီ ၁၇-ကွက်ကို အကုန်လုံး စုကြည့်လိုက်တဲ့ အခါကျတော့ ဝိပါက်စိတ် ဆတ္တိံသ မဖြစ်ဘူးလား (ဖြစ်ပါတယ်)။

ပဌမပိုင်း ၄-ကွက်က ကာမဝိပါက် တေဝီသ၊ နောက် ၅-ကွက်နှင့် နောက် ၄-ကွက်က မဟဂ္ဂုတ်ဝိပါက် ၉-ခု၊ နောက်ဆုံ ၄-ကွက်က ဖိုလ်စိတ် ၄-ခု၊ ပေါင်းတော့ ဝိပါက်စိတ် ဆတ္တိံသ။

ကွက်ရေအားဖြင့် ဘယ်လောက်ရှိသလဲ ၁၇-ကွက်၊ ဒီလိုကလေးလဲ မှတ်စေချင်တယ်နော်၊ ဇယားကို အလွတ်ရေးတတ်တယ်ဆိုတာ ဘုန်းကြီးအခုပြောတဲ့ သဘောမျိုးမှတ်မှ အလွတ်ရေးတတ်တာ။ ရေးလဲစမ်းကြည့်စမ်းပါ၊ ဦးပဉ္စင်းတို့က တယ်ကြောက်တာကိုး၊ ရေးကြည့်ရတယ်။

သတိပြုကြစမ်းပါ၊ နောက်ထပ် ၃-ကွက်က ရုပ်၊ ကမ္မဇရုပ် ၃-မျိုးဆိုတာ တချိန်တုန်းက ဘုန်းကြီးသတိပေးလိုက်တယ်၊ အဲဒီမှာတွေ့ပြီ၊ နံပါတ် ၁-အကွက်က ဘာကမ္မဇတဲ့လဲ (ပဋိသန္ဓေကမ္မဇ)၊ ဒုတိယအကွက်က (ပဝတ္တိကမ္မဇ)၊ တတိယအကွက်က (အသညသတ်ကမ္မဇ)၊ ဒါဘဲရှိတယ်၊ ကမ္မဇဟာ ဒီ ၃-မျိုးရှိတယ်၊ ပဋိသန္ဓေကမ္မဇ, ပဝတ္တိကမ္မဇ, အသညသတ်ကမ္မဇ။

နာမ်တရား၏ အစွမ်းအားဖြင့် ပစ္စယုပ္ပန် ၁၇-ကွက်၊ ရုပ်တရားက ၃-ကွက်၊ ပေါင်းတော့ အကွက်ပေါင်း ၂၀။ အလျားလိုက်ထားပါ၊ ပစ္စည်းက ကွက်ကျယ်တကွက်ထား၊ ငါတို့ ရေးကြည့်မယ်လို့ စိတ်ထဲမှာ ပိုင်းဖြတ်ထားပါ။

ပစ္စည်းက တကွက်၊ ပစ္စယုပ္ပန်က နာမ် ၁၇၊ ရုပ် ၃-ကွက်။

ကဲ အဲဒီပစ္စည်းခေါ်တဲ့ စေတနာကို သရုပ်ခွဲထားပုံကလေးကို အောက်မှာ စဉ်ကြည့်ရအောင်၊ ဇယားရေးနည်းလဲ ပေါ်လာမှာပေါ့။

နံပါတ် ၁-ခေါင်းစီးအောက်က အကြောင်းက အကုသိုလ်စိတ် ဒွါဒသရဲ့ စေတနာ၊ ဟုတ်ကြရဲ့လား (မှန်ပါ)၊ အကု ၁၂-နော်။

မှတ်ထားကြစမ်း၊ အဲဒီ အကုသိုလ် စေတနာပစ္စည်း ဖြစ်နေလျှင် သူရဲ့ ပစ္စယုပ္ပန် တရားဟာ နာမ်၏ အစွမ်းဖြင့် ဘယ်သူရှိသလဲမေးလျှင် ပဌမဆုံးတွေ့တဲ့ (အကုသလဝိပါက် ၇-ခု)၊ ရုပ်အနေနှင့်ကြည့်လျှင် (ပဋိသန္ဓေကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်) ပဋိသန္ဓေကမ္မဇရုပ်လဲ ရနိုင်တယ်၊ ပဝတ္တိကမ္မဇရုပ်လဲ ရနိုင်တယ်၊ ဒီလို မဟုတ်လား (မှန်ပါ)၊ လှမ်းပြီးတော့ မြင်ပေစေ။

ဘာပြောတာပါလိမ့်မလဲ၊ ခုတင်က စောစောက ဘုန်းကြီးပြောနေတယ် အကုသိုလ်နှင့်ယှဉ်တဲ့ စေတနာတွေ ကိုယ့်သန္တာန်မှာ ဖြစ်ပြီဆိုလျှင် အပါယ်လေးဘုံသွားတယ်လို့ ခုတင်က ပြောလိုက်တယ်ထင်တယ် ဟုတ်လား၊ ဟောဒီမှာ အကျိုးဘာတုန်း အကုသလဝိပါက် ၇-ခု (မှန်ပါ)။

အဲဒီ အကုသလဝိပါက် ၇-ခုထဲမှာ ဥပေက္ခာသန္တီရဏာ မပါဘူးလား (ပါပါတယ်)၊ အဲဒီဥပေက္ခာသန္တီရဏာဟာ အပါယ်လေးဘုံရဲ့ မျိုးစေ့ မဟုတ်ဘူးလား (မှန်ပါ)၊ အဲဒါတွေ ချိန်ရတယ်၊ နောင်ကျတော့လဲ ဆဝါရကျတော့လဲ ဒီထက် သေချာတဲ့ အဓိပ္ပါယ်ပြောမယ်၊ ဇယားကတော့ ဒါဘဲ။

မဟာကုသိုလ် ၃-မျိုး

မှတ်လိုက်ကြစမ်းပါ၊ အောက်က ၃-ကြောင်းကို ပေါင်းကြည့်စမ်း၊ မဟာကုသိုလ်စိတ် ၈-ခုကို ၃-မျိုးခွဲထားတယ်၊ ပဌမတမျိုးက တိဟိတ် ဉက္ကဋ္ဌ မဟာကုသိုလ်စေတနာ ၄-ခုလို့ တမျိုး၊ နောက်တမျိုးက တိဟိတ်ဩမက ဒွိဟိတ်ဉက္ကဋ္ဌ မဟာကုသိုလ် စေတနာရယ်လို့ တမျိုး၊ သာမန် ပြောတာနော် (မှန်ပါ)၊ နောက်တမျိုးက ဒွိဟိတ်ဩမက မဟာကုသိုလ် စေတနာတမျိုးလို့ မဟာကုသိုလ်ကို ၃-မျိုးခွဲပစ်လိုက်တယ်။

ဘာ့ကြောင့် ခွဲလိုက်သလဲမေးလျှင် တိဟိတ်ကုသိုလ်ဆိုတာက ဘယ်သူလဲ၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ပုထုဇဉ်သားတွေ ဒါန သီလစတဲ့ တရားတွေ ပွါးများအားထုတ်တဲ့အခါမှာ ၎င်းသန္တာန်မှာ ဘာစိတ်ဖြစ်သလဲ မေးတော့ မဟာကုသိုလ်စိတ်၊ ဉာဏ်နှင့် ယှဉ်ပြီး အားထုတ်လျှင် ဉာဏသမ္ပယုတ် မဟာကုသိုလ်ခေါ်တယ်၊ အဲဒါ တိဟိတ်မဟာကုသိုလ် ခေါ်တယ်။

တိဟိတ်ဉက္ကဋ္ဌဖြစ်ပုံ

ဉက္ကဋ္ဌ ဖြစ်ကဲ့လားလို့မေးတော့ ဉက္ကဋ္ဌဖြစ်ဖို့ကတော့ အဲဒီ ကုသိုလ်ပြုစဉ် ဒါန သီလ စသည့်တရားများ ပွားများအားထုတ်စဉ် ကိုယ့်သန္တာန်မှာ လောဘကင်းရမယ်, ဒေါသ ကင်းရမယ်, မောဟကင်းရမယ်, အခိုက်အတန့်ပြောတာနော် (မှန်ပါ)၊ အဲဒီ လောဘ ဒေါသ မောဟ ကင်းနေလို့ရှိလျှင်ဖြင့် ဘာဖြစ်နေမလဲ၊ တိဟိတ်သည် ဉက္ကဋ္ဌ ဖြစ်နိုင်တယ်။

ကျဉ်းကျဉ်းပြောတာ၊ သိသာရုံကလေး ဉာဏသမ္ပယုတ်ဖြစ်လျှင် တိဟိတ်ဘဲ၊ ဉက္ကဋ္ဌ ဖြစ်စေချင်လျှင် ပြုတုန်းမှာ လောဘ ဒေါသ မောဟ မခြိုရုံစေရဘူးတဲ့။

တိဟိတ်သြမကဖြစ်ပုံ

ဒါနပြုတဲ့နေရာမှာလဲ ထို့အတူဘဲ၊ လှူနေတဲ့ပစ္စည်းနှင့် စပ်ပြီးတော့ ပုထုဇဉ်သန္တာန်မှာ လောဘဖြစ်တတ်တယ်, ဒေါသ ဖြစ်တတ်တယ်, မောဟ ဖြစ်တတ်တယ်၊ အဲဒါမျိုးပါလာလျှင် ဉက္ကဋ္ဌမဟုတ်ဘူး၊ သြမကဆိုတာ ဖြစ်တယ်။

ဉာဏသမ္ပယုတ် ကုသိုလ်ဖြစ်ပေတဲ့ လောဘ၊ ဒေါသ၊ မောဟ ခြိုရုံလာလျှင် အောက်တန်းက ဘာဖြစ်သွားသတုန်း (တိဟိတ်သြမက ဖြစ်ပါတယ်)၊ တိဟိတ်တော့ ဟုတ်တယ်၊ သြမက=ယုတ်တယ်လို့ ခေါ်တယ်၊ ဉက္ကဋ္ဌကတော့=အမြတ်လို့ ခေါ်တယ်။

ဒွိဟိတ်ဉက္ကဋ္ဌဖြစ်ပုံ

အဲဒီကိုမှီးသဖြင့် ဉာဏဝိပ္ပယုတ်မဟာကုသိုလ်သည် လောဘ ဒေါသ မောဟ မခြိုရုံလို့ရှိလျှင် ဉက္ကဋ္ဌ၊ ဉာဏဝိပ္ပယုတ်မို့ ဒွိဟိတ်၊ ဒွိဟိတ်ဉက္ကဋ္ဌကုသိုလ်က တိဟိတ်သြမကနှင့် တန်းတူအကျိုးပေးတယ်။

ဒွိဟိတ်သြမကဖြစ်ပုံ

ဉာဏဝိပ္ပယုတ်ကုသိုလ်လဲဖြစ်ပြန် လောဘ ဒေါသ မောဟတွေလဲ ခြိုရုံပြန်ဆိုလျှင်ဖြင့် အလွန်ဘဲ အညံ့စား ဖြစ်သွားပါတယ်၊ ဒွိဟိတ်သြမက ကုသိုလ်ခေါ်တယ်။

အင်မတန် ပြောစရာကောင်းတဲ့ အဓိပ္ပါယ်တွေ, ဒီမှာ အဘိဓမ္မာနှင့်စပ်တဲ့ သဘာဝ အဓိပ္ပါယ်တွေ, မျက်မြင်လက်ရှိ လောကမှာ ပြုလုပ်နေကြတဲ့ ဒါန, သီလတွေနှင့်စပ်လျှဉ်းပြီးတော့ သိစရာ မှတ်စရာတွေ သိပ်ပေါပါတယ်၊ သို့ပေမဲ့ ဒီနေ့ချင်းချန်ထားပြီးတော့ နောင်ကို အလျှဉ်းသင့်တဲ့အချိန်မှာ ပြောပေးပါဦးမယ်။

ဒီနေ့ တိဟိတ်ဖြစ်ပုံ, ဒွိဟိတ်ဖြစ်ပုံ၊ ထိုတိဟိတ် ဒွိဟိတ်တို့၏ ဥက္ကဋ္ဌသြမက ဖြစ်ပုံ လောက်ဘဲ နားလည်ပါနော်။

ကဲထားပါစို့ ပြန်ကြည့်စမ်း၊ တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ် ဉာဏသမ္ပယုတ် စေတနာ လေးခု ပစ္စည်းတရားဖြစ်နေတဲ့အချိန်၊ ပဌာန်းလုပ်ပြီး ခက်နေတာနော်၊ သင်ကြားဟာ်မှာ ဒါတွေ အရှင်အနုရုဒ္ဓါက တိုက်ရိုက် ရှင်းထားတယ်နော်၊ အဲဒီအချိန်မှာ ပစ္စယုပ္ပန်တရားတွေဟာ ဘယ်သူရှိသလဲလို့ သတိပြုလိုက်၊ အဟိတ်ကုသလဝိပါက်စိတ် ၈-ခုမှာ ပုဒ်မ (။) တခုရှိရဲ့လား (ရှိပါတယ်)၊ မဟာဝိပါက် ၂-ကွက်စလုံး ပေါင်းပြီးတော့ ပုဒ်မရှိရဲ့လား (ရှိပါတယ်)၊ အဟိတ် ကုသလဝိပါက်က ၈-ခု၊ မဟာဝိပါက်စိတ် ၈-ခု၊ ပေါင်းတော့ ၁၆-ခု မဟုတ်လား (မှန်ပါ)၊ ရုပ်မှာတော့ ခုတင်ကအတိုင်း ပဋိသန္ဓေကမှဇ, ပဝတ္တိကမှဇ ၂-မျိုးစလုံး ရတယ်နော် (မှန်ပါ)။

နောက်တတန်း တိဟိတ်သြမက, ဒွိဟိတ်ဥက္ကဋ္ဌလို့ ဖြစ်တဲ့အချိန်ကျတော့ ပစ္စယုပ္ပန်တွေဟာ ဘယ်သူလဲလို့မေးလျှင် အဟိတ်ကုသလ ဝိပါက်စိတ် ၈-ခုမှာ ပုဒ်မတခုထား၊ မဟာဝိပါက်ကတော့ ဘယ်သူသာ ရတော့သလဲ (ဉာဏဝိပ္ပယုတ်စိတ် ၄-ခု)၊ ဝိပ္ပယုတ်တင် ရတော့တယ်။

အဲဒီနေရာက အကဲခတ်လျှင် အဘိဓမ္မာရဲ့အတိမ်အနက် တော်တော်သိလာတယ်၊ သြော် တိဟိတ်ဥက္ကဋ္ဌမဟုတ်လို့ သြမကဖြစ်သွားရလျှင် သို့မဟုတ် ဒွိဟိတ်ကုသိုလ်များပြုမိလျှင် ဘဝသံသရာမှာ ဘယ်ပုဂ္ဂိုလ်မျိုး ဒို့သွားဖြစ်မလဲမေးလျှင် နောက်နားမှာ လှမ်းကြည့်ပါလား၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ်ရှိတယ် မဟုတ်လား (မှန်ပါ)။

ဝိပ္ပယုတ်နှင့် ဒုတိယဘဝ တတိယဘဝသွားပြီး ပဋိသန္ဓေနေကတည်းက ထိုပုဂ္ဂိုလ်ကို ဘာပုဂ္ဂိုလ်ခေါ်မလဲ၊ ဒွိဟိတ်ပုဂ္ဂိုလ်မဟုတ်ဘူးလား (မှန်ပါ)၊ ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်နေလျှင် ဘုရားသာသနာတော်ကြီးနှင့် တွေ့ရလျှင် တွေ့ကျိုးနပ်ပါ့မလား (မနပ်ပါ)၊ စျာန်မဲ့ရနိုင်ဘူး၊ မဂ်မရနိုင်ဘူး၊ အင်မတန် နစ်နာတယ်၊ ရုပ် ၂-မျိုးဘဲရှိပါစေ ထားပါတော့။

၃-ခုမြောက် ဒွိဟိတ်သြမက မဟာကုသိုလ် စေတနာမျိုး ပြုမိပြီလို့ဆိုတော့ ကြည့်စမ်း၊ ပစ္စယုပ္ပန်က ဘယ်သူတဲ့တုန်း၊ အဟိတ်ကုသလဝိပါက်စိတ် ၈-ခု မဟုတ်လား (မှန်ပါ)၊ ဒီအထဲမှာ ဥပေက္ခာသန္တီရဏက ပဋိသန္ဓေမဟုတ်လား (မှန်ပါ)၊ သူနှင့်ပဋိသန္ဓေနေတော့ တချိန်က သတိပေးတယ် ဘာလဲ၊ လူဖြစ်လဲ အမိဝမ်းထဲကတည်းက မျက်စိမမြင်, အမိဝမ်းထဲက နားမကြား, စကားမပြောတတ်, ဇစ္စန္ဓ ဇာတိဗဓိရ ဇစ္စမူဂဆိုတဲ့ အနေမျိုးတွေနှင့် လူဖြစ်ရတယ်၊ ကြောက်စရာမကောင်းဘူးလား။

ကုသိုလ်ကြောင့် လူဖြစ်တာဘဲ အကျိုးပေးတာဘဲ၊ နတ်ဖြစ်လဲ နတ်စုတ် နတ်မွှား နတ်အလကားကလေး ဖြစ်ရတယ်၊ ဆင်းဆင်းရဲရဲ မွဲမွဲတေတေ ပေပေကပ်ကပ် ကျောင်းကန်စရပ်ဘေးနားမှာ မှိုပြီး ဘုန်းတော်ကြီးတွေ စွန့်ပစ်တဲ့ ထမင်း မုန့်ငါးကလေးကောက်စား၊ နာမည်ကတော့ နတ်၊ ဒီနတ်မျိုးမှာ မဖြစ်ချင်ကြပါနှင့် မဖြစ်ချင်ပေမဲ့ ဒွိဟိတ်သြမကကုသိုလ် လုပ်လျှင် ဖြစ်တတ်တယ်။

အဲဒီတော့ မဟာကုသိုလ် ၃-ကြောင်း အကွက်ထဲ ဒို့ဒီနေရာမှာ သဲသဲမဲမဲ ဂရုစိုက်မှတ်စရာကလေးပါတယ်၊ အောက်ကိုဆင်းကြည့်လိုက်တော့ ရူပကုသိုလ် ၅-ခု အစဉ်အတိုင်း မထားဘူးလား (ထားပါတယ်)၊ ရူပကုသိုလ် ပဌမစျာန်ကုသိုလ်ဖြစ်နေလျှင် နောက်က ပစ္စယုပ္ပန်က ပဌမစျာန်ဝိပါက်မှာ တည့်တည့်မှတ်ထားတယ်၊ ထို့အတူ ဒုတိယစျာန်ကုသိုလ်က ဒုတိယစျာန်ဝိပါက်, တတိယကုသိုလ်က တတိယစျာန်ဝိပါက်, စတုတ္ထစျာန်ကုသိုလ်က စတုတ္ထစျာန်ဝိပါက်၊ ပုဒ်မကလေးတွေ ပြထားပုံနော်၊ ပဉ္စမစျာန်ကုသိုလ်က ပဉ္စမစျာန်ဝိပါက်၊ ရုပ်၏ အနေအားဖြင့် ပဌမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်တို့က ပဋိသန္ဓေကမှဇ ပဝတ္တိကမှဇလို့ ၂-မျိုးရ၍ ပဉ္စမစျာန်ကုသိုလ်ကျတော့ ၃-မျိုးစလုံး ရနိုင်တယ်၊ အသည်သတ်သွားမှာကိုး၊ ဘယ်လောက်လွယ်သလဲဆိုတာ၊ ဒါကို ချိန်ရတယ်။

အရူပကုသိုလ် ၄-ခုကလဲ အစဉ်အတိုင်းဘဲ၊ အာကာကုက အာကာဝိသွားနေသည်၊ ပုဒ်မပြုပုံဟုတ်လား (မှန်ပါ)၊ ဝိညာကုသိုလ် ပစ္စည်းဖြစ်လျှင် ဝိညာဝိပါက်၊ အာကိုံကုသိုလ်ဖြစ်လျှင် အာကိုံဝိပါက်၊ နေဝ ကုသိုလ်ပစ္စည်းဖြစ်လျှင် နေဝဝိပါက်၊ သူ့နောက်က ရုပ်မရှိရဘူး၊ အရူပမို့လို့ ဒီလိုမဟုတ်လား (မှန်ပါ)။

ထို့အတူ မဂ်ကုသိုလ်စိတ် ၄-ခုကလဲ ဖိုလ်စိတ် ၄-ခုနှင့်တည့်တည့် သောတာပတ္တိမဂ်က သောတာပတ္တိဖိုလ် ပစ္စယုပ္ပန် ပုဒ်မကလေး ပြထားတယ်၊ အစဉ်အတိုင်းသွားလို့ နောက်ပိတ်ဆုံး အရဟတ္တမဂ်ကုသိုလ် ပစ္စည်းဖြစ်နေလျှင် အရဟတ္တဖိုလ်က ဘာဖြစ်နေသလဲ၊ ပစ္စယုပ္ပန်တဲ့၊ ရုပ်မရှိစေနဲ့။

ဒီတော့ ကြည့်စမ်းပါဦး၊ အထက်အောက် ဘယ်နှစ်ခုလဲ၊ အကုသိုလ်ကတကြောင်း, မဟာကုသိုလ်က ၃-ကြောင်း၊ ပေါင်းတော့ ၄ ကြောင်း မနေဘူးလား၊ နားလည်တယ်နော် (မှန်ပါ)၊ ရူပက ၅-ကြောင်း၊ ပေါင်း ၉-ကြောင်း မနေဘူးလား၊ အရူပက ၄-ကြောင်းဆိုတော့ ပေါင်းလိုက် ၁၃-ကြောင်း၊ သူတို့အောက် ဘယ်သူရှိသေးသလဲ၊ မဂ်ကုသိုလ်က ၄-ကြောင်း ပေါင်းလိုက်တော့ ၁၇၊ အထက်အောက် ၁၇-ကြောင်း။

ခုတင်ကလဲ အလျားလိုက် ဒီလိုဘဲ နာမ်ပစ္စယုပ္ပန်တွေ အပေါ်ဆုံးကကြည့်လိုက်တော့ ၁၇-မဟုတ်လား (မှန်ပါ)။ ရုပ် ၃-ကွက်ပါလို့ ၂၀-လို့ပြောတယ် မဟုတ်လား (မှန်ပါ)။

အဲဒီလို စိတ်ကူးကလေးရပြီးတော့ ဒီဇယားကို အလွတ်ရေးချ ကြည့်စမ်းပါ။ လွယ်လွယ်ကလေးပါ။

အဲဒါ သဘောပေါက်နေရင် နာနာဂ္ဂဏိကကမ္မမှာ အရကောက်တွေ အကျယ်တဝင့် ရေးထားတာ ဒီအထဲ အကုန်လုံး လှိမ့်ဝင်တာဘဲ။

အနန္တရကမ္မ

ပြန်ကြည့်လိုက်ဦး ခေါင်းစီးကို၊ နာနာကမ္မ ၃-မျိုး သွင်းပေးဦးမယ် သတိပြု၊ သုဒ္ဓသင်္ချာဘုန်းကြီးဘဲ ရွတ်မယ်၊ ဦးပဉ္စင်းတို့ နားထောင်ကြည့်စမ်း။

အနန္တရကမ္မသုဒ္ဓသင်္ချာ၊ မဂ္ဂါနန္တရဖိုလ် ၄-ခု အားတပ်သော မဂ် ၄-ခုစေတနာ၊ ဘာကမ္မတုန်း သူက (အနန္တရကမ္မ)။

ဟိုလက်ရင်းက ပစ္စည်း စေတနာထဲမှာ ကုသိုလ်စေတနာတွေ ပါတယ်လို့ ပြောထားတယ် မဟုတ်လား (မှန်ပါ)၊ ကုသိုလ်စေတနာထဲမှာ မဂ် ၄-ခုနှင့် ယှဉ်တဲ့စေတနာ မပါပေဘူးလား (ပါပါတယ်)၊ ဟိုနောက်ဆုံး ပစ္စယုပ္ပန် ၄-ကွက် သွားကြည့်စမ်း၊ ၄-ကွက်က ဘယ်သူလဲ (ဖိုလ်စိတ် ၄-ခု)၊ ပစ္စည်းကုသိုလ်ထဲမှာပါတဲ့ ၄-ခု ကုသိုလ်စေတနာက ပစ္စည်း, ဟိုနောက်ဆုံးကွက် ဖိုလ်စိတ် ၄-ခုက ပစ္စယုပ္ပန်၊ ဒါ ဘာကမ္မလဲ မေးလျှင် (အနန္တရကမ္မ)၊ ပြီးစေတော့ သူ့အတွက်။

ဗလဝကမ္မ

ပကတူပမျိုး အောက်နားက ဗလဝကမ္မစဉ်းစားလိုက်စမ်း၊ ဝိပါက်စိတ် ဆတ္တိံသ နာမဂ္ဂန္ဓာအား တပ်သောဆိုတော့ ခုတင်က ပြောတဲ့ ခေါင်းစီး ၁၇-ကွက် ကုန်မသွားဘူးလား (ကုန်သွားပါတယ်)၊ ဗလဝဖြစ်သော ကုသိုလ်, အကုသိုလ် စေတနာ၊ လက်ရင်းက စေတနာ ကုသိုလ်, အကုသိုလ်ရှိရမယ် ပြောတယ်နော် (မှန်ပါ)၊ ရုပ်မပါဘူးလေ၊ ခုတင်က အနန္တရကမ္မကလဲ ရုပ်မပါဘူး မဟုတ်လား (မှန်ပါ)၊ ဗလဝကမ္မကလဲ ရုပ်ပစ္စယုပ္ပန်မပါဘူး၊ ဒါက ဗလဝကမ္မအတွက်၊ ဝိပါက်တွေအကုန်လုံး ၁၇-ကွက်စလုံး ပါသွားတယ်၊ ကုသိုလ် စေတနာလဲရတယ်, အကုသိုလ်စေတနာလဲ ရတယ်။

ဗလဝဒုဗ္ဓလကမ္မ

နောက်ကမ္မတမျိုး ဗလဝဒုဗ္ဓလ၊ သတိပြု။ ကာမဝိပါက် တေဝိသနာမဂ္ဂန္ဓာအား တပ်သော-တဲ့ ဘယ်အကွက်မှာလဲ၊ အစဆုံး ၄-ကွက်မှာ၊ ခုတင်က သတိပေးခဲ့တယ် မဟုတ်လား (မှန်ပါ)၊ ကာမဝိပါက် တေဝိသ နာမဂ္ဂန္ဓာအားတပ်သော ကာမကုသိုလ်, အကုသိုလ်စေတနာဆိုတော့ ကုသိုလ်စေတနာထဲမှာ ကာမကုသိုလ်ဆိုတာ ဘယ်သူလဲမေး လျှင် မဟာကုသိုလ်စေတနာ ၈-ခုပါတယ် မဟုတ်လား (မှန်ပါ)၊ အကုသိုလ်စေတနာက ၁၂၊ ကာမကုသိုလ်, အကုသိုလ်ဆိုတာ သူတို့ဘဲ။

နောက်ကျန်သေးတယ်၊ တပိုဒ်က ဘာတဲ့တုန်း၊ ကဋ္ဌတ္တာရုပ်အားတပ်သော ဆိုတာ ဟိုနောက်ဆုံးက ရုပ် ၃-ကွက်လေ (မှန်ပါ)၊ ကဋ္ဌတ္တာရုပ်အားတပ်သော ပဠဝေါကာရ ကုသိုလ်အကုသိုလ်စေတနာဟု ဆိုအပ်သော ဗလဝဒုဗ္ဓလနာနာဂ္ဓဏိကကမ္မ၊ ဒီလို မဟုတ် လား (မှန်ပါ)။

ပဠဝေါကာရ ကုသိုလ်ဆိုတာက ဘယ်သူလဲ၊ မဟာကုသိုလ်နောက်မှာ ပစ္စယုပ္ပန် ရုပ်တွေ မရှိဘူးလား (ရှိပါတယ်)၊ ရူပကုသိုလ်နောက်မှာ ရုပ်တွေမရှိဘူးလား (ရှိပါတယ်)၊ အဲဒါ ပဠဝေါကာရကုသိုလ်ကြောင့် ဖြစ်တာ၊ တချိန်တုန်းကလဲ သတိပေးဘူးပါတယ်၊ ဒီမှာ ဈာန်းနှင့်တွေ့တော့ သေသေချာချာမှတ်စမ်းပါ၊ အကုသိုလ်နောက်မှာလဲ ရုပ်ရှိတယ် မဟုတ် လား (မှန်ပါ)။

အဲဒါကြောင့် ကဋ္ဌတ္တာရုပ်အားတပ်သော ပဠဝေါကာရ ကုသိုလ် အကုသိုလ်စေတနာ ဟု ဆိုအပ်သော ဘာကမ္မလဲ၊ ဗလဝဒုဗ္ဓလနာနာဂ္ဓဏိကကမ္မတဲ့၊ ဟော ကမ္မ ၃-မျိုး ဒီမှာ စုနေတယ်လို့ နားလည်ပါ။

စဉ်းစားကြည့်၊ ရုပ်ပစ္စယုပ္ပန်မရှိတာ ဘယ်ကုသိုလ်လဲ၊ အရူပကုသိုလ်စေတနာ ၄-ခု၊ ပစ္စည်းရှိတုန်း ရုပ်ပစ္စယုပ္ပန်ဖြစ်ကဲ့လား (မဖြစ်ပါ)၊ မဂ်ကုသိုလ်စေတနာကြောင့်ကော ကဋ္ဌတ္တာခေါ်တဲ့ ကမ္မဇရုပ်တွေ ဖြစ်ပဲ့ါမလား (မဖြစ်ပါ)၊ ဘယ်တော့မှ ကမ္မဇရုပ် မဂ်ကြောင့် မဖြစ်ဘူး၊ ပဋိသန္ဓေကမ္မဇလဲ မဖြစ်ဘူး၊ ပဝတ္တိကမ္မဇလဲ မဖြစ်ဘူး၊ အသညသတ်ကမ္မဇလဲ မရှိရဘူး၊ အရူပကုသိုလ်စေတနာ ၄-ခုကြောင့်လဲ ထို့အတူ၊ ပဋိသန္ဓေကမ္မဇ, ပဝတ္တိကမ္မဇ, အသညသတ်ကမ္မဇလို့ မရှိနဲ့။

နာနာက္ခဏိကကမ္မ ကု-ဗျာ အရကောက် (အကျဉ်း)

အဲဒါဖြင့် ဦးပဉ္စင်းတို့ ဟိုတုန်းက သင်္ချာဒွေဆိုပြီးတော့ ကုသလော အဗျာကတသ, အကုသလော အဗျာကတသလို့ သင်္ချာထုတ်ခဲ့တယ် မဟုတ်လား (မှန်ပါ)။ ပါဠိတော်က ဘယ်နှယ်ထားသတုန်း- ကုသလော ဓမ္မော အဗျာကတသ ဓမ္မသ ကမ္မပစ္စယေန ပစ္စယော။ နာနာက္ခဏိကာ ကုသလာ စေတနာ (ပ) ကုသိုလ်စေတနာက ပစ္စည်းဆို (မှန်ပါ)။ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ ဒါက ဘာတုန်း-ကုသလော အဗျာကတသ (မှန်ပါ)။

ထို့အတူ အကုသလော ဓမ္မော အဗျာကတသ ဓမ္မသ ကမ္မပစ္စယေန ပစ္စယော။ နာနာက္ခဏိကာ အကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ ဒီလိုမဟုတ်လား (မှန်ပါ)။

ပြန်စဉ်းစားပြီး နားထောင်စမ်း၊ နာနာက္ခဏိကကမ္မက ကုဗျာဖြစ်လျှင် ကုသလာ စေတနာတဲ့ ကုသိုလ်ဧကဝိသနှင့် ယှဉ်တဲ့ စေတနာက ပစ္စည်း၊ ပါဠိတော်တုန်းက ရေးတောင် အရေးခိုင်းသေးတယ်[1] ထင်တယ်နော် (မှန်ပါ)။ ဝိပါက်နာမက္ခန္ဓာက ဝိပါကာနံ ခန္ဓာနံ ဆိုတော့ ကုသလဝိပါက် ၂၉-အရေးခိုင်းတယ်မဟုတ်လား၊ နောက်ပြီးတော့ ကဋတ္တာ စ ရူပါနံ ဆိုတာ ဒီမှာ ကမ္မဇရူပ် ၃-ခု လာမနေဘူးလား (နေပါတယ်)၊ ဟော... သူတို့ထွက်လာတာ ဟိုတုန်းကတော့ သာမည ဝိပါက်နာမက္ခန္ဓာနှင့် ကဋတ္တာလို့ ဒါလောက်တင် အရေးခိုင်းတယ်။

အဲဒါ အကျဉ်းချုပ်ကောက်တော့ ပါဠိတော်တုန်းက ပေးတာ ပြီးရောပေါ့။ အခု ဒီအကျယ် ဆရာတော်ဘုရားကြီးများက ကောက်ဖို့အတွက်။

ဒီတော့ ကုသလော အဗျာကတသ ကောက်ချင်လျှင် ဟိုတုန်းကအတိုင်း အကျဉ်းတခါကောက်လိုက်၊ ကုသလော အဗျာကတသ၌ ကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ကုသလဝိပါက်၊ ဟိုတုန်းက ဘယ်လိုအဆိုခိုင်းသလဲ၊ ဧကူနတိံသ နာမက္ခန္ဓာ ကဋတ္တာရုပ်အား တပ်သော ရုပ်ပါပါစေနော် (မှန်ပါ)။ ကုသလဝိပါက်ဧကူနတိံသ နာမက္ခန္ဓာ ကဋတ္တာရုပ်အားတပ်သော ကုသိုလ်ဧကဝိသ၌ရှိသော စေတနာပစ္စည်းတရား ရ၏။ ပါဠိတော်က ရေးထားတဲ့အတိုင်း။

အဗျာကတသ ဓမ္မသဟူသော သမ္မဒါန်ပုဒ်၏ အရကား ကုသလဝိပါက် ဧကူနတိံသ နာမက္ခန္ဓာ ကဋတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။ ဒါ အကျဉ်းကောက်နော် (မှန်ပါ)။

၁။ ဤကျမ်း၊ နှာ-၁၅၃-ကြည့်။

နာနာက္ခဏိကကမ္မ တနည်းကား (အကျယ်) ကောက်ပုံ

ပြီးတော့ ဆရာတော်ဘုရားကြီးက တနည်းကားတဲ့၊ အဲဒီခေါင်းစီးအောက်က အကြောင်းက အကုသိုလ်မဟုတ်လား[1] သူ့ကို ချန်ထားခဲ့ပေါ့။ သူက အကုဗျာဖြစ်မှာကိုး၊ ဒီတော့ သူ့ကိုချန်ထားတော့ ဘယ်သူပစ္စည်းတရားတုန်း၊ တိဟိတ်ဉက္ကဋ္ဌအတွက် မဟုတ်လား (မှန်ပါ)၊ သတိပြုနေစမ်း၊ ဘုန်းကြီးကောက်ပြမယ်၊ ပစ္စယုပ္ပန်အားတပ်သော ပစ္စည်းကောက်ရမယ် မဟုတ်လား (မှန်ပါ)၊ အဟိတ်ကုသလဝိပါက်စိတ် ၈-ခု တွေ့ရဲ့လား ပုဒ်မက (မှန်ပါ)၊ မဟာဝိပါက်စိတ် ၈-ခု နာမက္ခန္ဓာ ကဋ္ဌတ္တာရုပ်အားတပ်သော၊ ဒုတိယအကွက်လေ၊ ဒုတိယအကြောင်း[1]၊ ပစ္စည်းက ဘာတဲ့တုန်း၊ တိဟိတ် ဉက္ကဋ္ဌ မဟာကုသိုလ်စေတနာ၊ ဒီလိုနော် (မှန်ပါ)။

နောက်တကြောင်း၊ အဟိတ်ကုသလဝိပါက်စိတ် ၈-ခု၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄-ခု နာမက္ခန္ဓာ ကဋ္ဌတ္တာရုပ်အားတပ်သော တိဟိတ် ဩမက, ဒွိဟိတ်ဉက္ကဋ္ဌ မဟာကုသိုလ်စေတနာ။

စတုတ္ထအကြောင်းကြည့်၊ အဟိတ်ကုသလဝိပါက်စိတ် ၈-ခု နာမက္ခန္ဓာ ကဋ္ဌတ္တာရုပ်အားတပ်သော ဒွိဟိတ် ဩမက မဟာကုသိုလ်စေတနာ၊ မဟာကုသိုလ်အတွက် ပြီးသွားရော။

ရူပါဝစရ ပဌမစျာန်ဝိပါက် နာမက္ခန္ဓာ ကဋ္ဌတ္တာရုပ်အား တပ်သော ရူပါဝစရ ပဌမစျာန်ကုသိုလ်စေတနာ၊ ဒုတိယ, တတိယ, စတုတ္ထလဲ အစဉ်အတိုင်း သွားမယ်မဟုတ်လား (မှန်ပါ)၊ ရူပါဝစရ ပဉ္စမစျာန် ဝိပါက် နာမက္ခန္ဓာ ကဋ္ဌတ္တာရုပ်အား တပ်သော ရူပါဝစရ ပဉ္စမစျာန် ကုသိုလ်စေတနာ။

အရူပသို့ကူးလိုက်၊ အာကာသာနဉ္စာယတနဝိပါက် နာမက္ခန္ဓာအားတပ်သော အာကာသာနဉ္စာယတနကုသိုလ်စေတနာ၊ ရုပ်မပါဘူးနော် (မှန်ပါ)၊ ဝိညာ, အာကိ, နေဝ-ဆိုတော့ အကုန်လုံးကုန်ရော။

မဂ်ကိုသွားပါ၊ သောတာပတ္တိဖိုလ် နာမက္ခန္ဓာအားတပ်သော သောတာပတ္တိမဂ်ကုသိုလ်စေတနာ၊ သကဒါဂါမိ အနာဂါမိ ဒီအတိုင်း ထည့်ပေါ့ဟုတ်လား (မှန်ပါ)၊ အရဟတ္တဖိုလ် နာမက္ခန္ဓာအားတပ်သော အရဟတ္တမဂ်ကုသိုလ် စေတနာပစ္စည်းတရားရ၏။ ပြီးသွားရော။

၁။ ဤကျမ်း၊ နှာ-၄၄၄-ရှိ နာနာက္ခဏိကကမ္မ တနည်းကား အရကောက် ဇယားကြည့်။

အဗျာကတသ ဓမ္မသ အစတုန်းက ကောက်တဲ့အတိုင်း ကောက်လိုက်၊ ဘာတဲ့တုန်း၊ ကုသလဝိပါက် ဧကူနတိံသ နာမက္ခန္ဓာ ကဋ္ဌတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။

အခုကောက်တဲ့အထဲမှာ အနန္တရကမ္မ မပါဘူးလား (ပါပါတယ်)၊ ဗလဝကမ္မကော (ပါပါတယ်)၊ ဗလဝဒုဗ္ဗကကော (ပါပါတယ်)၊ ပါလျှင် သူတို့ ၃-မျိုးထဲမှာ ပစ္စည်းရေ အများဆုံးက ဘယ်သူလဲ (အနန္တရကမ္မ)၊ တပြိုင်နက် ယထာရဟတပ်ကောင်းသောဆိုပြီး အနန္တရကမ္မပစ္စည်းရေထုတ်၊ ဘယ်နှစ်ပစ္စည်းပါလိမ့် (၆-ပစ္စည်း)၊ ကမ္မ အနန္တရစသည် ဆိုပြီးတော့ ထုတ်၊ နားလည်တယ်နော် (မှန်ပါ)၊ အကောက်ထဲမှာ ပဉ္စာဝါရမှာ ၂-ပစ္စည်းဘဲ ထုတ်ပေးတယ်၊ ဒါကလေးတွေ သတိထားပြီးကြည့်၊ ဦးဉာဏဝရ ကောက်စမ်း။

ဦးဉာဏဝရ။ ။ကုသလော အဗျာကတသ၌(ပ) ကမ္မပစ္စယေန ဟူသော ကရိုဏ်းပါ၌၏အရကား-တပြိုင်နက် ယထာရဟတပ်ကောင်းသော ကမ္မ, အနန္တရ, သမနန္တရ, ဥပနိဿယ, နတ္ထိ, ဝိဂတ၊ ဤ ၆-ပစ္စယသတ္တိတို့တွင် ကမ္မသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။

နာနာက္ခဏိကကမ္မ အကု-ဗျာ အရကောက်

ဆရာတော်။ ။ဒါက ကုသလော အဗျာကတသ အကောက်နော်၊ အကုသလော အဗျာကတသကျတော့ အပေါ်ဆုံးတကြောင်း[1] ရှိတာ မဟုတ်လား၊ အကုသလော အဗျာကတသ၌ အကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပါဋိတော်တုန်းက ရေးထားတဲ့အတိုင်းပါ၊ အကုသလဝိပါက် ၇-ခု နာမက္ခန္ဓာ ကဋ္ဌတ္တာရုပ်အား တပ်သော အကုသိုလ်ဒွါဒသ၌ရှိသော စေတနာ ပစ္စည်းတရား ရ၏။

အဗျာကတသ ဓမ္မသဟူသော သမ္မဒါန်ပုဒ်၏ အရကား-အကုသလ ဝိပါက် နာမက္ခန္ဓာ ကဋ္ဌတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။

ဟိုနောက်က ကမ္မဇရုပ် ၃-မျိုးကိုပေါင်းပြီး ပဉ္စာဝါရကတော့ ကဋ္ဌတ္တာသာမညခေါ်တာနော်၊ ဆဝါရကျတော့ ဒီ ၃-မျိုးခွဲထားတဲ့ဟာ စိတ်ပြုလိမ့်မယ်၊ အခု ကျေနပ်အောင် ဒီ၇ာ လုပ်ထားခဲ့၊ ဟိုကျတော့ ဘာမှ သိပ်ပြောစရာ မလိုဘူး၊ ပစ္စယနိဒ္ဒေသမှာ အခုဆိုတဲ့ အုံ့တိုင်း ကောက်နေမှာ၊ ဆဝါရကျတော့ နည်းနည်း သဘောကွဲမယ်၊ တရားကတော့ ဒါဘဲ။

ကရိုဏ်းပါ၌ ထုတ်တော့မယ်ဆိုတော့ သတိပြုကြစမ်း၊ ဒီ အကုဗျာထဲမှာ အနန္တရကမ္မ ပါသလား၊ မပါဘူးလား (မပါပါ)၊ မပါလျှင် ၆-ပစ္စည်း ဘယ်မှာရတော့မလဲ၊ ဗလဝ

---

[1] ဤကျမ်း၊ နှာ-၄၄၄-ရှိ နာနာက္ခဏိကကမ္မအရကောက်ဇယားထဲပါ အပေါ်ဆုံး အကြောင်း။

ဒုဗ္ဗလမေးလျှင် ကမ္မ တပစ္စည်းတည်း ရတယ်၊ ဗလဝကမ္မပါနေတော့ ရုပ်မပါလို့ရှိလျှင် ဗလဝ ကမ္မဖြစ်မယ် မဟုတ်လား၊ ဒီတော့ ဘယ်နှစ်ပစ္စည်းလဲ ဗလဝကမ္မက (၂ ပစ္စည်း)၊ ကမ္မ, ဥပနိဿယ ၂-ပစ္စယသတ္တိတို့တွင်တဲ့၊ ဦးဉာဏဝရ ဆက်ဟောစမ်း အကုသလော အဗျာ ကတသကို။

ဦးဉာဏဝရ။ ။အကုသလော အဗျာကတသ၌ အကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား အကုသလဝိပါက် ၇-ခု နာမက္ခန္ဓာ ကဋ္ဌတ္တာရုပ် အားတပ်သော အကုသိုလ်ဒွါဒသ၌ရှိသော စေတနာပစ္စည်းတရား ရ၏။

အဗျာကတသ ဓမ္မသဟူသော သမ္ပဒါန်ပုဒ်၏ အရကား အကုသလ ဝိပါက် ၇ ခု နာမက္ခန္ဓာ ကဋ္ဌတ္တာရုပ် ပစ္စယုပ္ပန်တရား ရ၏။

ကမ္မပစ္စယေနဟူသော ကရိဏ်းပါဠ်၏အရကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော ကမ္မ,ဥပနိဿယ ဤ ၂-ပစ္စယသတ္တိတို့တွင် ကမ္မသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။

ဆရာတော်။ ။ဒါပါဘဲ မခက်ပါဘူး၊ အားလုံး ဖြည်းဖြည်း ဟောကြစမ်းပါ။

သံယာတော်များ။ ။ကုဗျာ အကုဗျာ တခေါက် ပြန်ဟောကြသည်။

ဆရာတော်။ ။သူရဲ့ အကြောင်းသိ သဘောသိတော့ လွယ်ပါတယ်၊ သို့ပေမဲ့ ပစ်တော့မထားနှင့် လွယ်တယ်ဆိုပြီးတော့၊ ဂရုတစိုက်ကြည့်၊ ကြည့်ပြီးတော့ ဒီ အကောက် ပြည့်ပြည့်စုံစုံ ဆရာတော်ဘုရားကြီးများ ရေးထားတာတွေ့ချင် လျှင် အရကောက်ထဲက ပစ္စယနိဒ္ဒေသ အကောက်ထဲမှာ သွားကြည့်၊ ဆဝါရ, ပဉ္စာဝါရတို့ကျတော့ ပေယျာလထိုးကုန်ပြီ ပစ္စယနိဒ္ဒေသမှာကြည့်၊ အဲဒီမှာ ဆရာတော်ဘုရားကြီးတွေ ရေးထားတာ အပြည့်အစုံ ရှိတယ်။

ဒီတော့ ဒီက ရထားလျှင် ပစ္စယနိဒ္ဒေသကျတော့ ကိုယ့်ဖာသာကိုယ် အကောက် ခိုင်းလိမ့်မယ်၊ ဘုန်းကြီးပြောဖို့ မလိုတော့ဘူး၊ ဆဝါရကျတော့ ပြောပေးရဦးမယ်၊ ဆဝါရ ကျတော့ ပြောပေးရဦးမယ်၊ ဆဝါရကျတော့ ဒီအထဲမှာ ပဝတ္တိတို့ ပဋိသန္ဓေတို့ ရုပ်သက်သက် တို့ဆိုပြီးတော့ ၃-မျိုး ၃-စား ခွဲခြားလာတယ်၊ ဒီတရားဘဲ၊ ဒီတော့ အခုကနေပြီး တရားရဲ့ အခြေအနေ ကိုယ်က နားလည်သဘောပေါက်နေမှ ဟိုကျတော့ လွယ်သွားလိမ့်မယ်နော်။

နာနာဂ္ဂဏိကကမ္မအရကောက် ပြီးပြီ။

အနန္တရ အရကောက် ဆိုရိုးပြုပုံ အဆက်

ဒီနေ့ ကမ္မမှာ သဟဇာတကမ္မ, နာနာက္ခဏိကကမ္မလို့ ပြီးပါတယ်၊ နောက်သွားလျှင် အဓိပတိသွားဖို့ဘဲ၊ ဒါပေမဲ့ အနန္တရကူးကြဦးစို့ရဲ့၊ အနန္တရက တဝိထိတည်း ဆိုရိုးပြီးသေးတယ်၊ ဝိထိကို အလွယ်မြင်ပြီးတော့ အလွတ်ဆိုတတ်အောင် ကြိုးစားကြစမ်းပါ။

နောက်ဝိထိတွေကျတော့ လွယ်ကုန်ပြီ၊ နည်းလဲ နည်းနည်းကလေးပါ။ ကာမဇောဝါရ တဝိထိဘဲ တရားက မျှားနေတယ်၊ ရှိရှိသမျှ သတ္တဝါအနန္တတို့သန္တာန်မှာ ဖြစ်နိုင်ကောင်းတဲ့, ကာမဇော စောနိုင်တဲ့ သတ္တဝါမှန်သမျှတို့၏ သန္တာန်မှာဖြစ်စကောင်းတဲ့ ဝိထိတွေ အကုန်စုပေါင်းထည့်တာဟာ ဒါလောက်တင်နှင့် ပြီးလျှင် တော်သေးတယ်နော်၊ ၃၁-ဘုံအတွင်းလဲ ကာမဇောစောတဲ့ သတ္တဝါက မျှားမှာပါ။

စျာနဝိထိ[1] စသည်၌ အနန္တရပစ္စည်း ပစ္စယုပ္ပန်

ဒီနေ့ နောက်ထပ်တွေ့ဖို့ဟာက ကာမဇောဝါရပြီးတော့ စျာနဝိထိ၊ ပြောပေးနေတဲ့ အချိန်မှာ အာရုံတပါး စိတ်မသွားဘဲ သတိထားနားထောင်ပါ။ ဦးပဉ္စင်းတို့ ပါဠိတော်ကြီးတွေ ဘာတွေ တက်တဲ့အခါကျတော့ တွေ့ရမယ်၊ မြတ်စွာဘုရား အရေးတကြီးကိစ္စ ကြုံလာပြီဆိုလျှင် ဟောတော့မည် ဒေသနာထိပ်ကနေပြီးတော့ "တံ သုဏာထ သာဓုကံ မနသိ ကရောထ"နှင့် အမြဲလိုလို သတိပေးတယ်၊ ဂရုစိုက်နားထောင်ကြ, နှလုံးသွင်းကြ, စဉ်းစားကြနှင့်၊ အဲဒီအတိုင်းဘဲ ဒီမှာလဲ တခု တခု ပြောင်းလာလို့ရှိလျှင် ဂရုစိုက်နားထောင်ရတယ်၊ အာရုံတပါး စိတ်မသွားစေရဘူး။

ဒီနေ့ပြတော့ ဝိထိကလေးတွေက တိုတိုကလေးတွေဘဲ၊ ၃-ဝိထိပေါင်းကြည့်ရမယ်၊ သဏ္ဌိုဟ်ကလေးတွေပါ ပါလာအောင် ဘုန်းကြီးပြောပေးမယ်၊ ဒါကြောင့် ရှေ့ဆက်မချဘဲ နှင့် ဒါကလေး ကျယ်ကျယ်ပြန့်ပြန့် ပြောရအောင်လို့။

ဉာဏသမ္ပယုတ်ဇောနောင် အပ္ပနာဇော ဖြစ်ပုံ

စျာနဝိထိ, မဂ္ဂဝိထိ, ဖလသမာပတ္တိဝိထိလို့ ၃-ဝိထိပေါင်းပြီးတော့ အရကောက် ဆရာတော်ဘုရားကြီးများ ဆိုရိုးပြုထားတယ် လွယ်လွယ်ကလေးပါ။ သဏ္ဌိုဟ်များပါလာလျှင်တော့ ဒီကျလျှင် သိပ်လွယ်တာဘဲ၊ မကျေလျှင်လဲ ဒီကနေပြီး သဏ္ဌိုဟ်ပါ ကျေသွားရော။

အဲဒီ ၃-ဝိထိရဲ့ လက်ရင်းမှာရှိနေတဲ့ ပရိကံ ဥပစာ အနုလုံ မဂ္ဂဝိထိ ဖြစ်လျှင် ဂေါတြဘူ, ဝေါဒါန် ၂-မျိုးပါတယ်နော် (မှန်ပါ)၊ စျာနဝိထိကတော့ ဂေါတြဘူတင်ဘဲ၊ ဖလသမာ

၁။ ဤကျမ်း၊ နှာ-၃၁၁-ရှိ အနန္တရဝိထိ ဇယားကြည့်။

ပတ္ထိဝိထိဆိုလျှင်တော့ အနုလုံချည်းဖြစ်နေတယ်၊ ဘယ်လိုဘဲ ဖြစ်နေနေ ဟိုတချိန်က ပြောခဲ့သလို တရားကိုယ်ထုတ်တော့ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခုနှင့် မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခုလို့ခေါ်တဲ့ "တတ္ထ ဟိ ဉာဏသမ္ပယုတ္တကာမာဝစရဇဝနာနမဋ္ဌန်" ဆိုတဲ့ ဉာဏသမ္ပယုတ် ကာမာဝစရဇော ၈-ခုဘဲလို့ နားလည်စမ်းပါနော်။

ဒီတော့ မဟာကုသိုလ်စိတ်အနေနှင့်ဘဲ ကြည့်ကြည့်၊ မဟာကြိယာစိတ်အနေနှင့်ဘဲ ကြည့်ကြည့် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တခု, သသင်္ခါရိကစိတ်တခု၊ နောက် ၂-ခုကတော့ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တခု, သသင်္ခါရိဟစိတ်တခု၊ ကုသိုလ်မှာလဲ ဒီအတိုင်း ကြိယာမှာလဲ ဒီအတိုင်းဘဲ။

သတိပြုရတယ် လွယ်လွယ်ကလေးတွေကို၊ ဘုန်းကြီးက ဒို့ကို ဘာဖြစ်လို့ ဒါကလေးတွေများ ဆိုပြနေပါလိမ့်မလဲဆိုတော့ ဆိုသင့်လို့ ဆိုပြနေတာ၊ ဉာဏသမ္ပယုတ် ၄-ခုရယ်လို့ အမှတ်တမဲ့သိတယ်၊ ဘာလဲမေးတော့ မျက်စိလည်တယ်၊ ဒီလိုလူကလဲ ရှိသေးတယ်။

ထားပါတော့၊ ပြော် ဒီ ၃-ဝိထိ ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ ဝေါဒါန် စသည် ရေးထားတာ သူတို့ဘဲကိုး... လို့ ကိုယ့်စိတ်က မှတ်ထားခဲ့နော်၊ ကာမာဝစရ ဉာဏသမ္ပယုတ် ဇော ၈ ခလိုခေါ်တယ်။

အဲဒီနောက် သူတို့နှင့်ဆက်နေတာ သတိပြုလိုက်စမ်း၊ စျာနဝိထိဖြစ်လျှင် စျာန်ဆိုတာ ဘယ်သူတဲ့တုန်း ဟိုတုန်းက ပြောတာ (မဟဂ္ဂုတ်ကုသိုလ် ၉-ခု, မဟဂ္ဂုတ်ကြိယာ ၉-ခု) ပေါင်း ၁၈ ခုရှိတယ်၊ မှတ်မိတယ်နော် (မှန်ပါ)၊ မဂ်ဆိုတာ ဘယ်သူလဲမေးလျှင် (မဂ် ကုသိုလ်စိတ် ၄-ခု)။

ဖလသမာပတ္ထိဝိထိမှာ သေက္ခသမာပတ်, အသေက္ခသမာပတ်လို့ ၂-မျိုးခွဲပြီး ပြောခဲ့တယ် မဟုတ်လား (မှန်ပါ)၊ သေက္ခပုဂ္ဂိုလ်ဖြစ်လျှင် အကျဉ်းအားဖြင့် အောက်ဖိုလ် ၃-ခု၊ အကျယ်ဖြစ်လျှင် ၁၅-ခု၊ အသေက္ခဆိုလျှင် အရဟတ္တဖိုလ်တခု, အကျယ်အားဖြင့် ၅-ခု၊ ပေါင်းတော့ ဖိုလ်စိတ် ၂၀-မနေဘူးလား (မှန်ပါ)။

ပြန်ကြည့်လိုက်စမ်း၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ၉-ခုမှာ သောမနဿ ဘယ်နှစ်ခုပါသလဲ (၄-ခုပါပါတယ်)၊ ဥပေက္ခာက ဘယ်လောက်လဲ (၅-ခု ပါပါတယ်)။ ထိုနည်းတူစွာ မဟဂ္ဂုတ်ကြိယာစိတ် ၉-ခုကို ဝေဒနာဘေဒခွဲလျှင် သောမနဿ ၄-ခု၊ ဥပေက္ခာက ၅-ခု။

မဂ်စိတ် ၄-ခုဟာလဲ အကျယ်အားဖြင့် မဂ်စိတ် ၂၀၊ အဲဒီအကျယ် ၂၀-ကိုလဲ သောမနဿ, ဥပေက္ခာဝေဒနာဘေဒနှင့် ခွဲလျှင် သောမနဿပေါင်း ဘယ်လောက်တုန်း (၁၆-ခု)၊ ဥပေက္ခာက (၄-ခု)။

နားလည်ပါပြီနော်၊ စဉ်းစဉ်းစားစားနားထောင် ဘာမှလဲ ထူးဆန်းတာ မဟုတ်ဘူး၊ သဏ္ဌိုဟ်စိတ်ပိုင်း စေတသိက်ပိုင်း စသည် သရုပ်တွေပြောနေတာ။

ဖလသမာပတ္တိဝိထိမှာ သေက္ခလို့ခေါ်တဲ့ အောက်ဖိုလ်သမာပတ် ၁၅-ခုဖြစ်နေလျှင် ၁၅-ခုထဲမှာ သောမနဿ ဘယ်လောက်ပါမလဲ (၁၂-ခု ပါပါတယ်)၊ ဥပေက္ခာက (၃-ခုပါပါတယ်)၊ အသေက္ခခေါ်တဲ့ အရဟတ္တဖိုလ်သမာပတ်ဖြစ်နေလျှင် သောမနဿက (၄-ခု)၊ ဥပေက္ခာကကော (၁-ခုပါပါတယ်)။

အဲဒါတွေဟာ ဆိုရိုးဘဲ၊ ဆိုရိုးတွေဘဲ၊ ပြီးဧတဲ့ သဏ္ဌိုဟ်နှင့် အံကိုက်လုပ်ပြမယ်၊ အရှင်အနုရုဒ္ဓါပြောပြီးသား, သရုပ်ခွဲပြီးသား။

ဒီတော့ ပရိကံ ဥပစာ အနုလုံတို့ရဲ့ ရှေ့စိတ် နောက်စိတ် ပစ္စည်း ပစ္စယုပ္ပန်ဖြစ်နေတာက ကာမဇောတွေဖြစ်ခြင်းကြောင့် ကာမဇော၀ါရအတိုင်း ရှေ့စိတ်ပစ္စည်း နောက်စိတ် ပစ္စယုပ္ပန် ဖြစ်ကြပါစို့နော်။

အခု ကူးနေတာက ဘာတုန်း။ ကာမဇောကနေပြီးတော့ အပ္ပနာဇောကို ကူးနေတာ၊ အပ္ပနာဇောဆိုတာ ဘယ်သူလဲ၊ မဟာဂ္ဂုတ်ဇော, လောကုတ္တရာဇောပေါ့။ ဒီအချိန်မှာ စျာန်ဇောရယ်, မဂ်ဇောရယ်, ဖိုလ်ဇောရယ် ၃-ဝိထိ ဒါဘဲ မဟုတ်လား (မှန်ပါ)။

သတိပြုနားထောင်၊ စျာနဝိထိ မဟဂ္ဂုတ်ကုသိုလ် သောမနဿ ဘယ်လောက် (၄-ခု)၊ ကုသိုလ်တင်ယူတယ်၊ ကြိယာမယူသေးဘူးနော် (မှန်ပါ)၊ မဟဂ္ဂုတ်ကုသိုလ် သောမနဿက ၄-ခု၊ မဂ္ဂဝိထိပြောင်းကြည့်၊ မဂ်ကုသိုလ်က သောမနဿ ဘယ်လောက် (၁၆-ခု)၊ ခုတင်က ၄ ခု, ဒီက ၁၆၊ ပေါင်းကြည့် စိတ်ကူးကလေးနှင့် ဘယ်လောက် (၂၀)၊ ၂၀-ရတယ်နော်၊ အောက်က သေက္ခသမာပတ်ကြည့်စမ်း၊ အောက်ဖိုလ်သောမနဿ (၁၂-ခု)၊ ခုတင်က ၂၀ ရယ်, ၁၂ ရယ် ပေါင်းလိုက်၊ (၃၂-ပါး)၊ မှတ်ထားစမ်းပါ၊ ဩော် ၃၂-ခုတောင်ရှိပါကလား။

မဟာကုသိုလ် ပဋ္ဌမဒွေနောင် အပ္ပနာဇော ဖြစ်ပုံ

တခေါက်ပြန်စမ်း၊ မဟဂ္ဂုတ်ကုသိုလ် သောမနဿ ၄-ခု၊ မဂ်သောမနဿ ၁၆-ခု၊ အောက်ဖိုလ်သောမနဿ ၁၂-ခုအားတပ်သော သူတို့ကို ပစ္စယုပ္ပန်ထားချင်တာကိုး၊ ပစ္စည်းတရားတွေက စျာနဝိထိမှာ ဂေါတြဘူ၊ မဂ္ဂဝိထိမှာ ဂေါတြဘူ, ဝေါဒါန်၊ သမာပတ္တိဝိထိမှာ အနုလုံလို့ ၃-မျိုး ၃-စားရှိမနေဘူးလား (ရှိပါတယ်)၊ ဒါကြောင့်... အားတပ်သော ဂေါတြဘူ, ဝေါဒါန်, အနုလုံကိစ္စတပ်သော—

ဂေါတြဘူက ဘယ်မှာလဲမေးလျှင် စျာနဝိထိမှာရှိတယ်၊ မဂ္ဂဝိထိမှာရှိတယ်၊ ဝေါဒါန်က ဘယ်မှာရှိသလဲ (မဂ္ဂဝိထိမှာ ရှိပါတယ်)၊ အနုလုံက (ဖလသမာပတ္တိဝိထိမှာ ရှိပါတယ်)။

ဒါကြောင့်—အားတပ်သော ဂေါတြဘူ, ဝေါဒါန်, အနုလုံ ကိစ္စတပ်သော မဟာကုသိုလ် ပဌမဒွေ၊ ဘယ်သူလဲ စောစောက ဘုန်းကြီးပြောခဲ့တယ်၊ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်အသင်္ခါရိကစိတ်တခု, သသင်္ခါရိကစိတ်တခု၊ ဒီ ၂-ခုက ပစ္စည်းဟုတ်လား (မှန်ပါ)၊ သူတို့နှစ်ခုက ပစ္စည်းဖြစ်နေလျှင် ပစ္စယုပ္ပန်တွေဟာ ဘယ်သူလဲလို့မေးလျှင် ခုတင်က လျှောက်ဆိုလာတဲ့ မဟာဂျုတ်ကုသိုလ်က သောမနဿ ၄၊ မဂ်သောမနဿက ၁၆၊ အောက်ဖိုလ်သောမနဿက ၁၂၊ ပေါင်း ၃၂-ပါးမဟုတ်လား (မှန်ပါ)၊ ပစ္စည်းက ၂-ပါး၊ ပစ္စယုပ္ပန် ၃၂-ပါး၊ နားလည်လောက်တယ်နော် (မှန်ပါ)။

အရှင်အနုရုဒ္ဓါက အဲဒါ ဦးပဉ္စင်းတို့ကို ဘယ်လိုလုပ်ပြီး သရုပ်ခွဲပေးလိုက်သလဲဆိုလျှင် နိဂုံးဂါထာမှာ... ဒွတ္တိံသ သုခပုညမှာ-ရတယ်မဟုတ်လား ဒီဂါထာ၊ (မှန်ပါ)၊ ဟိုတုန်းကတော့ ကွဲခဲ့သလား မကွဲခဲ့ဘူးလား မသိဘူး။

ဒွတ္တိံသ သုခုပုညမှာ၊ ဒွါဒသောပေက္ခကာ ပရံ။

သုခိတကိရိယတော အဋ္ဌ၊ ဆ သမ္ဘောန္တိ ဥပေက္ခကာ။

သုခပုညမှာ=သောမနဿသဟဂုတ် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၂-ခုမှ။ ပရံ=နောက်၌။ ဒွတ္တိံသ=၃၂ ပါးကုန်သော။ အပွနာ=အပွနာဇောတို့သည်။ သမ္ဘောန္တိ=ဖြစ်ကြ, စောကြကုန်၏။

တွေ့ရဲ့မဟုတ်လား၊ ဒွတ္တိံသ သုခပုညမှာ (မှန်ပါ)၊ အဲဒါ သောမနဿပစ္စယုပ္ပန်ထားတော့ သောမနဿက ပစ္စည်း၊ ဒီလို မဟုတ်လား (မှန်ပါ)။

မဟာကုသိုလ် တတိယဒွေနောင် အပွနာဇော ဖြစ်ပုံ

ကဲ-တခါ ဥပေက္ခာကလေးတွေ ကျန်တာ ပြန်ပြီးသိမ်းလိုက်စမ်း၊ စျာနဝိထိ မဟာဂျုတ်ကုသိုလ်မှာ ဥပေက္ခာဘယ်လောက် ခုတင်က ပြောတာ၊ မဟာဂျုတ်ကုသိုလ် ဥပေက္ခာသဟဂုတ် ၅-ခု၊ မဂ်ဥပေက္ခာ သဟဂုတ် ၄-ခု၊ အောက်ဖိုလ် ဥပေက္ခာသဟဂုတ် ၃-ခု၊ ပေါင်းလိုက်စမ်း (၁၂-ပါး)၊ မှတ်ထားပါ၊ သူတို့ ပစ္စယုပ္ပန်ဖြစ်လျှင် ပစ္စည်းက ဘယ်သူလဲ၊ ဒီ ၃-ဝိထိ ခုတင်က အတိုင်းဆို၊ ဂေါတြဘူ, ဝေါဒါန်, အနုလုံ ကိစ္စတပ်သော မဟာကုသိုလ်တတိယဒွေ၊ ဘယ်သူလဲမေးလျှင် စောစောက ဘုန်းကြီးရွတ်ပြတဲ့ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တခု, သသင်္ခါရိကစိတ်တခု၊ သူတို့ ၂-ခုက ပစ္စည်းလေ၊ ခုတင်က ဦးပဉ္စင်းတို့ဆိုတဲ့ ဥပေက္ခာ ၁၂-ပါး ပစ္စယုပ္ပန်။

အရှင်အနုရုဒ္ဓါက ဘာတဲ့လဲ၊ ခုတင်က ဂါထာရဲ့ ဒုတိယပဒ ဒွါဒသောပေက္ခကာ ပရံ။ ဥပေက္ခကာ=ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် မဟာကုသိုလ်စိတ် ၂-ခုမှ။

ပရံ=နောက်၌။ ဒွါဒသ=၁၂-ပါးကုန်သော။ အပွနာ=အပွနာဇောတို့သည်။ သမ္ဘောန္တိ=ဖြစ်ကြ, စောကြကုန်၏ ဆိုတာ အဲဒါကိုပြောတာ၊ ဟိုသင်ြိဟ်ထိအောင် လှမ်းမြင်ကြစမ်းပါ။

အဲဒါက မဟာဂျုတ်ကုသိုလ်ပြီးသွားတော့ မဟာဂျုတ်ကြိယာ မကျန်ရစ်ခဲ့ဘူးလား စျာနဝိထိမှာ၊ မဂ္ဂဝိထိကတော့ မဂ်ကုသိုလ်တွေ ကုန်သွားရော မဟုတ်ဘူးလား (မှန်ပါ)၊ ဖလသမာပတ္တိဝိထိကတော့ အရဟတ္တဖိုလ်တွေ ကျန်သေးတယ် မဟုတ်လား (မှန်ပါ)၊ သူတို့ ခဏချန်ထားပါဦး၊ အခုပြီးတာကလေးကို ဦသူရိယ ဆိုကြည့်စမ်း။

ဦးသူရိယ။ ။မဟာကုသိုလ် သောမနဿ ဇောနောင် နှောင်းသော အပွနာဇော တခေါက်ဆိုသည်။

မဟာကြိယာ ပဋ္ဌမဒွေနောင် အပွနာဇော ဖြစ်ပုံ

ပြီးတော့ စျာနဝိထိက ကြိယာကျန်သေးတယ် မဟုတ်လား (မှန်ပါ)၊ သတိပြု၊ မဟာဂျုတ်ကြိယာမှာလဲ အခုအတိုင်းဘဲ သောမနဿ ၄, ဉပေက္ခာ ၅-ရှိမှာပေါ့၊ မဂ္ဂဝိထိက တော့ ကုန်ပြီ၊ ဖလသမာပတ္တိဝိထိက ဘယ်သူကျန်တယ်၊ အရဟတ္တဖိုလ်ကျန်တယ်၊ အရဟတ္တ ဖိုလ်စိတ် ၅-ခုမှာ သောမနဿ ဘယ်လောက်တုန်း (၄-ခု)၊ ဉပေက္ခာက (၁-ခု)။

ဒါဖြင့် မဂ္ဂဝိထိအတွက် မလိုတော့ဘူးနော်၊ စျာနဝိထိကြည့် မဟာဂျုတ်ကြိယာ သောမနဿသဟဂုတ် ၄-ခု, အရဟတ္တဖိုလ် သောမနဿသဟဂုတ် ၄-ခု အားတပ်သော၊ အရဟတ္တဖိုလ်ဆိုတာ ဘယ်ဝိထိတုန်း ဖလသမာပတ္တိဝိထိ)၊ ဖလသမာပတ္တိဝိထိမှာနော်၊ ဘယ်က ဟာတွေ ဆိုနေပါလိမ့် လုပ်မနေနှင့်။

မဟာဂျုတ်ကြိယာ သောမနဿသဟဂုတ် ၄-ခု, အရဟတ္တဖိုလ် သောမနဿ သဟဂုတ် ၄-ခုအားတပ်သော ဂေါတြဘူ စျာနဝိထိအတွက်၊ မဂ္ဂဝိထိက မပါဘူး၊ ဝေါဒါန် ထည့်လို့ ဖြစ်ပါ့မလား (မဖြစ်ပါ)၊ ဒါကြောင့် ဂေါတြဘူ အနုလုံကိစ္စတပ်သော မဟာကြိယာ ပဋ္ဌမဒွေ၊ ကြိယာယူရမယ်နော် အခုတော့၊ ဒါကြောင့်မို့ ဦးပဉ္စင်းတို့ ဝိထိတွေ သင်ပေးတုန်း က ဘုန်းကြီးပြောတယ်မဟုတ်လား၊ 'မဂ္ဂဝိထိရဲ့ ပရိကံ ဉပစာမှာ ကြိယာမရှိဘူး'ဆိုတာ အခု မသေချာဘူးလား (မှန်ပါ)၊ ခုတင်က ကုသိုလ်တွေတုန်းကသာ ပါသွားတယ်။

ပြန်နားထောင်စမ်း တခေါက်၊ မဟာဂျုတ်ကြိယာ သောမနဿသဟဂုတ် ၄-ခု, အရဟတ္တဖိုလ် သောမနဿသဟဂုတ် ၄-ခုအားတပ်သော ဂေါတြဘူ, အနုလုံ ကိစ္စတပ်သော မဟာကြိယာပဋ္ဌမဒွေ။

မဟာကြီယာ တတိယဒွေနောင် အပွနာဇော ဖြစ်ပုံ

သောမနဿသဟဂုတ် မဟာကြီယာဉာဏသမ္ပယုတ် အသခ်ါရိက, သသခ်ါရိက ၂-ခုက ပစ္စည်းဟုတ်လား (မှန်ပါ)။ ပစ္စယုပ္ပန်က ဘယ်သူတုန်း၊ မဟဂ္ဂတ်ကြီယာ သောမနဿ သဟဂုတ် ၄-ခု, အရဟတ္တဖိုလ်က သောမနဿ ၄-ခု၊ ပေါင်း ၈-ခု မဟုတ်လား (မှန်ပါ)။

ခုတင်က ဂါထာ တတိယပါဒဆက်ကြည့်ပါ။ သုခိတကိရိယတော=သောမနဿ သဟဂုတ် မဟာကြီယာဉာဏသမ္ပယုတ်စိတ် ၂-ခုမှ။ ပရံ=နောက်၌။ အဋ္ဌ=၈-ပါးကုန်သော။ အပွနာ=အပွနာဇောတို့သည်။ သမ္ဘောန္တိ=ဖြစ်ကြ, စောကြကုန်၏။

အဲဒီဂါထာကလေးကို သဠာ်ဟ်ကနေပြီး သရုပ်ခွဲလို့၊ မကွဲတဲ့ပုဂ္ဂိုလ်က ခပ်များများ ဖြစ်ဖြစ်နေတယ်၊ သတိပြုပေးရတယ်၊ ဒီက သင်ရင်း မတ္တန့ှင့် ဟိုကိုသွားပြီး ကျေးဇူးပြုပေစေ။

ပြီးတော့မှ ကျန်တာကလေး လိုက်ပြီးသိမ်းလိုက်၊ မဟဂ္ဂတ်ကြီယာ ဥပေက္ခာသဟဂုတ် ၅-ခု, အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ်က ၁-ခု၊ ပေါင်း ၆-ခုက ပစ္စယုပ္ပန်၊ ပစ္စည်းတရားက ခုတင်ကအတိုင်း မဟာကြီယာ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် ၂-ခု။

သတိပြန်ပြုလိုက်၊ မဟဂ္ဂတ်ကြီယာ ဥပေက္ခာသဟဂုတ် ၅-ခု၊ အရဟတ္တဖိုလ် ဥပေက္ခာ သဟဂုတ် ၁-ခုအားတပ်သော ဂေါတြဘူ, အနုလုံကိစ္စတပ်သော မဟာကြီယာ တတိယဒွေ။ ဘယ်သူလဲ ဥပေက္ခာသဟဂုတ် မဟာကြီယာဉာဏသမ္ပယုတ် အသခ်ါရိက, သသခ်ါရိက ၂-ခုက ပစ္စည်း။ မဟဂ္ဂတ်ကြီယာ ၅-နှင့် အရဟတ္တဖိုလ်ဥပေက္ခာ ၁၊ ပေါင်း ၆-ခုက ပစ္စယုပ္ပန်။

ဆ သမ္ဘောန္တိ ဥပေက္ခကာ၊ ဥပေက္ခကာ=ဥပေက္ခာသဟဂုတ် မဟာကြီယာ ဉာဏသမ္ပယုတ်စိတ် ၂-ခုမှ။ ပရံ=နောက်၌။ ဆ=၆-ပါးကုန်သော။ အပွနာ=အပွနာဇောတို့သည်။ သမ္ဘောန္တိ=ဖြစ်ကြ စောကြကုန်၏ဟု ဆိုတာ သူတို့ကို ဆိုတာ။

မှတ်မိလောက်ပါတယ်၊ ပြန်နားထောင်စမ်း တခေါက်၊ မဟဂ္ဂတ်ကြီယာသောမနဿ သဟဂုတ် ၄-ခု၊ အရဟတ္တဖိုလ် သောမနဿသဟဂုတ် ၄-ခုအားတပ်သော ဂေါတြဘူ အနုလုံကိစ္စတပ်သော မဟာကြီယာ ပဌမဒွေ၊ မဟဂ္ဂတ်ကြီယာ ဥပေက္ခာသဟဂုတ် ၅-ခု၊ အရဟတ္တဖိုလ် ဥပေက္ခာသဟဂုတ် ၁-ခုအားတပ်သော ဂေါတြဘူ အနုလုံကိစ္စတပ်သော မဟာကြီယာ တတိယဒွေ။

ဆရာတော်။ ။ဦးပညာနန္ဒ တခေါက်ဟောကြည့်စမ်း။

ဦးပညာနန္ဒ။ ။တခေါက်ဟောသည်၊ ၎င်းနောက် သံယာတော်များ ဟောကြသည်။

ဆရာတော်။ ။ဘာပြီးသလဲမေးလျှင် စျာနဝိထိက ဂေါတြဘူနှင့် စျာန်အကူးတချက်၊ မဂ္ဂဝိထိက ဂေါတြဘူ, ဝေါဒါန်နှင့် မဂ်ကူးတာတချက်၊ ဖလသမာပတ္တိဝိထိက

အနုလုံ့နှင့် ဖိုလ်ကူးတာတချက်၊ ဒီအဆက်လေးတင် ပြီးတယ်နော်။ နက်ဖြန် ခါမှ ရှေ့ဆက်၊ တော်ကြဦးစို့။

အဓိပတိပစ္စည်း အရကောက်
သဟဇာတာဓိပတိ အရကောက်

ဒီနေ့ အဓိပတိပစ္စည်းသွားမယ်၊ သဟာဓိ, အာဓိလို့ ၂-မျိုးရှိတယ်၊ သဟဇာတာ-ဓိပတိက စပြီး ကောက်ရအောင်။

သမ္မယုတ္တာခန္ဓာ သာဓိပတိစိတ္တဇရုပ်အားတပ်သော အဓိပတိတရားကိုယ် ၃-ပါး ၄-ပါးတို့တွင် တပါးပါးတဲ့ ဒီလိုမဟုတ်လား (မှန်ပါ)၊ အဲဒီကနေပြီး ထွက်ရအောင်။

ပစ္စည်းအနေအားဖြင့် ပါဠိတော်တုန်းက ပြောခဲ့ပြီ၊ ကုသလပဒ ၃-ချက်နှင့် အဗျာကတပဒမှာ အဓိပတိတရားကိုယ် ဘယ်လောက်ရှိမလဲ ၄-ပါးရှိမယ်၊ ဟုတ်လား (မှန်ပါ)၊ အကုသလပဒ ဖြစ်လျှင် အဓိပတိ တရားကိုယ် ဘယ်လောက်တုန်း (၃-ပါး)၊ ဝိမံသာဓိပတိ မရဘူး၊ သိပြီးသားတွေဘဲ၊ ပြန်ပြီး နှလုံးသွင်းဖို့ဘဲ ရှိတာဘဲ။

ပြီးတော့ ပစ္စယုပ္ပန်အနေအားဖြင့် ကြည့်လျှင် သုဒ္ဓသင်္ခ်ာ တပုဒ်လုံးရဲ့ သမ္မယုတ္တာခန္ဓာ ဘာတွေရသလဲဆိုတော့ ပါဠိတော်တုန်းက ဘာပြောသလဲ၊ သာဓိပတိဇော ၅၂-ခု ရတယ်။

ဒီတော့ အဲဒီ ၅၂-ခုထဲမှာ လိုက်ရှာလျှင် ကုသိုလ်စိတ် ၂၁=ဧကဝိသအားလုံးပါတယ်၊ ပါတယ်မဟုတ်လား (မှန်ပါ)၊ အကုသိုလ်ကျတော့ ဘာလျော့သလဲ (မောဟမူလျော့ပါတယ်)၊ မောဟမူလျော့တယ်၊ လောဘမူ ၈-ခု, ဒေါသမူ ၂-ခု ဒါတွေ အဓိပတိတပ်တယ်။

အဗျာကတအနေအားဖြင့် ဝိပါက်မှာ ဘာရခဲ့သတုန်း၊ အဓိပတိတပ်တဲ့ ဝိပါက်က ဖိုလ်စိတ် ၄-ခုသာ ရတယ်။

ကြိယာအနေအားဖြင့် ဘာတွေရသလဲ၊ မဟာကြိယာစိတ် ၈-ခု, မဟဂ္ဂုတ်ကြိယာစိတ် ၉-ခု။

ပြောပြီးသားတွေနော်၊ ပြန်ပြန်နှလုံးသွင်းစေဖို့ ပြောနေတာ၊ အဲဒီ တရားတွေ ပြန်ကောက်မှာပေါ့ ပစ္စယုပ္ပန်။

ကရိဏ်းပါဠိကောက်တဲ့အခါကျတော့ သုဒ္ဓသင်္ခ်ာက ပေးတဲ့အတိုင်း လတ်ကြီး (၈) နှင့် ဟော, ဟာ, ဣ, မဂ်, ကိုယ်တိုင် အဓိပတိ၊ ပေါင်း-၁၃။

. သတိပြု၊ သဘာဝရှာလိုက်စမ်း၊ အဓိပတိတရားကိုယ် ၄-ပါးတို့တွင် ဟေတု ဖြစ်နိုင်သော အဓိပတိ-ဘာ အဓိပတိရမယ် (ဝီမံသာဓိပတိ)၊ ဝီမံသာဓိပတိက အမောဟဟိတ်ဖြစ်သွားမယ်၊ အာဟာရဖြစ်နိုင်သော အဓိပတိ (စိတ္တာဓိပတိ)၊ စိတ္တာဓိပတိက ဘာ အာဟာရဖြစ်မလဲ (ဝိညာဏာဟာရ)၊ ဣန္ဒြိယပစ္စည်း တပ်နိုင်တဲ့ အဓိပတိ (စိတ္တ, ဝီရိယ, ဝီမံသ)၊ မဂ္ဂဖြစ်နိုင်တဲ့ အဓိပတိ၊ (ဝီရိယဓိပတိနှင့် ဝီမံသာဓိပတိ) ဝီရိယနှင့် ဝီမံသာဓိပတိ ၂-ပါး။

အဲဒါ သတိထားခဲ့၊ သူက ဆိုရိုးကလေး နည်းနည်းပြင်ရမှာမို့လို့ ဘုန်းကြီး နည်းနည်းပြန်ကောက်ပြမယ်၊ ဒါဟာ အကျဉ်းချုပ်၊ ပစ္စည်းတခု ကောက်တော့မယ်ဆိုတော့ ဘယ်ဟာပစ္စည်း ဖြစ်သင့်တယ်၊ ဘယ်သူက ပစ္စယုပ္ပန် ဖြစ်သင့်တယ်၊ ကရိုဏ်းပါ၌ထုတ်လျှင် ဘယ်သူ့ကို ထုတ်ရလိမ့်မယ်ဆို့တာ အကျဉ်းချုပ် ရှာဖွေပေးတဲ့နည်း။

ပြီးတော့ အပြည့်အစုံကောက်တော့ သူမျှားထက် သူက ဆိုရိုးကလေး နည်းနည်းထူးတာကိုး။

သဟာဓိ၌ ကု-ပဒ ၃-ချက် အရကောက်

ကုသလော ကုသလသဿ၌ ကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား သမ္မယုတ္တခန္ဓာအားတပ်သော-ဒါက ခါတိုင်းနှင့် တူတယ်နော် (မှန်ပါ)၊ ခါတိုင်းတော့ ဘာတုန်း ကုသိုလ်စိတ် ဧကဝီသ, စေတသိက် အဋ္ဌတိံသ စိတ္တက္ခဏ တခုတခု၌ ရှိသော ဒီလိုမဟုတ်လား (မှန်ပါ)၊ ဒီနေ့ ဒီလိုဆိုလို့ မဖြစ်ဘူး၊ နည်းနည်းကလေး သတိပြုလိုက်ကြစမ်းပါ၊ သာဓိပတိဇော ၅၂-ခုလို့ ဟိုတုန်းက အတိအကျ ပြပေးလို့ ရှင်းပြီ၊ အာရမ္မဏာဓိပတိတုန်းက ပြောသလို ဇောစိတ်တွေထဲမှာ ကာမ, အပွနာ ၂-မျိုးခွဲရမယ်။

အာရမ္မဏာဓိပတိတုန်းက ပြောခဲ့ပါတယ် ကာမဇော, အပွနာဇောလို့ ၂-မျိုးခွဲလိုက်၊ **ကာမဇောမှန်လျှင် အဓိပတိတပ်တာ အနေကန်၊ အပွနာဇောသည် ဧကန်။**

ဒီတော့ ဦးပဉ္စင်းတို့ အခုရတဲ့ ကုသိုလ်စိတ် ဧကဝီသဆိုတဲ့ အထဲမှာ ကုသိုလ်က ဘယ်သူရသလဲမေးလျှင် (မဟာကုသိုလ် ၈-ပါး)၊ ၎င်း မဟာကုသိုလ်စိတ်သည် အနေကန္တ အဓိပတိပေါ့နော် (မှန်ပါ)၊ မဟဂ္ဂုတ်ကုသိုလ်နှင့် မဂ်ကုသိုလ်က အပွနာမဟုတ်လား၊ ဧကန္တ အဓိပတိခေါ်တယ်။

အာဓိတုန်းကလဲ ဒီသဘောပြောခဲ့တယ်၊ ဒါကြောင့် သမ္မယုတ္တခန္ဓာအားတပ်သော အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကုသိုလ်က တခါတလေ အဓိပတိတပ်တယ်၊ တခါတလေ အဓိပတိမတပ်ဘူး၊ ပုဂ္ဂိုလ်တိုင်း သန္တာန်မှာ အဓိပတိ မတပ်ဘူး။

အာဓိတုန်းက ပြောပါတယ်၊ ဦးပဠင်းတို့ ဘုန်းကြီးတို့ သန္တာန်မှာ ဖြစ်နေတဲ့ မဟာကုသိုလ်စိတ်တွေက တကယ်တမ်း စင်စစ် အဓိပတိဖြစ်သလားလို့ မေးလျှင် မဖြစ်တတ်ဘူးနော်၊ အလောင်းတော်ကြီ·တွေ သန္တာန်မှာဖြစ်တဲ့ မဟာကုသိုလ်မျိုးတွေကျတော့ အဓိပတိတပ်တယ်ဆိုတာ အာဓိတုန်းက ပြောခဲ့ပါတယ်။

ဒါကြောင့် မဟာကုသိုလ်သည် အဓိပတိတပ်တဲ့ မဟာကုသိုလ်ရှိနေသလို အဓိပတိမတပ်တဲ့ မဟာကုသိုလ်လဲရှိတယ်လို့ နားလည်ပါ။ အဲဒါတွေ ဆဝါရကျတော့ အဓိပတိမတပ်တာတွေ ပစ္စနိက်ရောက်ကုန်တယ်။

ထားပါတော့၊ ဒါကြောင့် သမ္မယုတ္တခန္ဓာအားတပ်သော အဓိပတိပစ္စည်းကိုရသော အခါ မဟာကုသိုလ်စိတ် ၈-ခု ဧကန်ရသော မဟဂ္ဂတ်ကုသိုလ် ၉-ခု, မဂ် ၄-ခု စေတသိက် အဌတိသ စိတ္တက္ခဏ တခုတခုဌာရှိသော အဓိပတိတရား ကိုယ် ၃-ပါး, ၄-ပါးတို့တွင် တပါးပါး ပစ္စည်းတရားရ၏။ ဒီတခု မှတ်ထားလျှင် နောက် ဒီအတိုင်းချည်းဘဲပေါ့။

ကုသလဿ ဓမ္မဿဟူသော သမ္မဒါန်ပုဒ်၏အရကား-သတိနှင့် နားထောင်စမ်းပါ။ အဓိပတိပစ္စည်းကို ရသောအခါ (**အဓိပတိတရားကိုယ် ကြဉ်သော**)၊ ဒီစာလုံးကလေး ပါလာပေစေနော်၊ ဘာပြောတာလဲ၊ ရလဲရပေစေ၊ သဘာဝလဲနားလည်ပေစေ၊ အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ်စိတ် ၈-ခုလို့ ဒီလိုဆိုမသွားသေးဘဲနှင့် ပစ္စယုပ္ပန်မှာ အဓိပတိတရားကိုယ် ကြဉ်သော၊ ဘာပြောတာလဲလို့မေးလျှင် ပစ္စည်းမှာ အဓိပတိတရားကိုယ် ၄-ပါး ရှိတယ် မဟုတ်လား (မှန်ပါ)။

အဲဒီ ၄-ပါးက ၄-ပါးလုံးစုံပြီး ပစ္စည်း ဖြစ်ကောင်းသတဲ့လားလို့ (မဖြစ်ကောင်းပါ)၊ ၂-ပါးလဲ မဖြစ်ရဘူး၊ ၃-ပါးလဲ မဖြစ်ရဘူး၊ ၃-ပါး ၄-ပါးတို့တွင် တပါးသာ ဖြစ်ရမယ်လို့ ဒီလိုမဟုတ်လား (မှန်ပါ)၊ အဲဒီ တပါးက ဆန္ဒ ပစ္စည်းဖြစ်နေလျှင် ပစ္စယုပ္ပန်မှာ မပါရဘူး၊ စိတ္တပစ္စည်းဖြစ်လဲ စိတ္တက ပစ္စယုပ္ပန်မှာ မရပါဘူး၊ ထို့အတူ ဝီရိယ, ဝီမံသတို့တွင် တပါးပါး ပစ္စည်းဖြစ်နေလျှင် ပစ္စည်းထိုက်တဲ့ အဓိပတိ၏ တရားကိုယ်ဟာ ပစ္စယုပ္ပန်မှာ မပါစေနှင့်တဲ့။

ဘာဖြစ်လို့လဲ၊ **ဧကဌာ အဘာဝတောတဲ့**၊ သူက သဟဇာတာအဓိပတိ မဟုတ်လား၊ ဥပါဒ် ဌီ ဘင်လို့ခေါ်တဲ့ ခဏငယ် ၃-ချက်အပြည့်ရှိတဲ့ စိတ္တက္ခဏကြီး တခုမှာ ပစ္စည်းပစ္စယုပ္ပန်တပ်နေတယ်၊ အဲဒီလို စိတ္တက္ခဏအတွင်းမှာ ဖြစ်နေရတော့ ဧကဌာ အဘာဝတောတဲ့-အဌကထာက၊ ဧကဌာ=စိတ္တက္ခဏ တခုအတွင်းဌ။ အဘာဝတော=ပြိုင်တူ မဖြစ်သင့်သောကြောင့်တည်း။ **ပြိုင်ပြီးတော့ သူဘဲပစ္စည်း, သူဘဲပစ္စယုပ္ပန် မရဘူး**။

နားလည်ပြီနော် (မှန်ပါ)၊ အားလုံး ဒီအတိုင်း ဆိုရိုး သွားမှာစိုးလို့၊

ကုသလသဿ ဓမ္မသဿဟူသော သမ္မာဒါန်ပုဒ်၏အရကား အဓိပတိပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော မဟာကုသိုလ်စိတ် ၈-ခု၊ ခုတင်က အတိုင်းပေါ့။ ဧကန်ရသော မဟာဂျုတ် ကုသိုလ် ၉-ခု, မဂ် ၄-ခု စေတသိက်အဌတီံသ သမ္မယုတ္တာခန္ဓာ ပစ္စယုပ္ပန်တရားရ၏။ ဒါက ပစ္စည်းနှင့် ပစ္စယုပ္ပန်။

အဓိပတိပစ္စယေန ဟူသော ကရိဏ်းပါဠ်၏အရကား တပြိုင်နက် ယထာရဟတပ်ကောင်းသောဆိုလျှင် အကြီး ၄-ပစ္စည်း ထုံးစံအတိုင်း ဒီလို တွေ့နေမယ်မဟုတ်လား (မှန်ပါ)၊ အလတ်က အညမည သမ္မယုတ္တာ၊ ၆ ပစ္စည်း ရှိသွားရော၊ ဟိုကဘာတုန်း၊ ဟေ ဟာ ဣ မဂ် ၄-ပစ္စည်း ပေါင်းတော့ ၁၀-ပစ္စည်း၊ ကိုယ်တိုင်အဓိပတိနှင့် ၁၁-ပစ္စည်း၊ ဦးပဉ္စင်းတို့ဆီမှာရှိတဲ့ အကောက်စာအုပ်တွေမှာ ဒီအတိုင်းရှိမယ်။

ရှေးအရကောက်နှင့် ယခုအရကောက်

ဘုန်းကြီးတို့ ရှေးက ပုံနှိပ်ထားတဲ့ အရကောက် ဆရာတော်ဘုရားကြီးများ အလို ဝါဒအတိုင်းက ဒီ ၁၁-ပစ္စည်းကို မကောက်ဘူး၊ ဘာတွေ ကောက်သလဲလို့ မေးလျှင် 'ကောက်လျှင် ဒါဟာ နောက်တုန်းက နည်းရခဲ့လို့ ၁၁-ပစ္စည်း ရှိမယ်ဆိုတာ ဦးပဉ္စင်းတို့ နားလည်ပြီ မဟုတ်လား' (မှန်ပါ)၊ အဓိပတိတပစ္စည်းဘဲ ကောက်တယ်။

ဘာ့ကြောင့်လဲတဲ့၊ သတိပြုစမ်း၊ ကောက်နည်းက ဒီလို၊ အဓိပတိပစ္စယေန ဟူသော ကရိဏ်းပါဠ်၏အရကား သဟဇာတာဓိပတိ တပစ္စယသတ္တိသာရ၏တဲ့။ ဒီအတိုင်း ကောက်ရမှာ ဘုန်းကြီးက၊ ထုံးစံအတိုင်းဆိုလျှင်တော့ ၁၁-ပစ္စည်းကောက်မယ် မဟုတ်လား (မှန်ပါ)၊ အခု ဘယ်လိုကောက်သလဲ (သဟဇာတာဓိပတိ တပစ္စည်း ကောက်ပါတယ်။)

ဘာဖြစ်လို့ ကရိဏ်းပါဠ်အရကို ဘုန်းကြီးတို့က တပစ္စည်းတည်းကောက်တာလဲလို့၊ ဒါကလေးကို ဖြေပေးမယ်၊ ဘုန်းကြီးပြောပြမယ်၊ သဘောကျလျှင်လဲယူပေါ့၊ ရှေးဆရာတော်ကြီးတွေ ဒီအတိုင်းဘဲ ကောက်တယ်။

ခုတင်က ဘုန်းကြီးက သဘာဂကို မေးတယ်၊ သဘာဂမေးတော့ ဦးပဉ္စင်းတို့ ဖြေကြားပုံနှင့် သတိပြုစမ်း၊ ဟေတု ဘယ်အဓိပတိကြောင့် ရသလဲဆိုတော့ ဘာပြောကြသလဲ၊ (ဝိမံသာဓိပတိကြောင့် ရပါတယ်)၊ ဒီတခုဘဲ မှတ်ထားပါတော့၊ ရှေ့မတိုးပါနှင့်၊ ဟေတုပစ္စည်းဟာ ဝိမံသာဓိပတိကြောင့် ရနိုင်တယ်၊ ဒီလိုမဟုတ်လား (မှန်ပါ)။

ဟိုက ပစ္စည်းကောက်လိုက်တော့ ဆရာတော်ဘုရားကြီးက ကောက်လိုက်တော့ စိတ္တက္ခဏာ တခုတခုဌာရှိသော အဓိပတိတရားကိုယ် ၃-ပါး ၄-ပါးတို့တွင် တပါးပါး၊ အဲဒီ တပါးပါးက ဝိမံသာဓိပတိဖြစ်နေလျှင်တော့ ဟေတုက ရမှာပေါ့ (မှန်ပါ)၊ အာဟာရက ရပေါ့

မလား (မရပါဘူး)။ ဣန္ဒြေယ, မဂ္ဂကတော့လဲ ရနိုင်သေးတယ် မဟုတ်လား (မှန်ပါ)။ ဒါက ဝိမံသာဓိပတိဖြစ်မှကိုး (မှန်ပါ)။

အကယ်၍ ဒီလိုမဟုတ်ဘဲနှင့် ဆန္ဒပစ္စည်းဖြစ်နေမယ်တဲ့၊ ဟေတုရပ့ါမလား (မရပါ)။ အာဟာရကော (မရပါ)။ ဣန္ဒြေယ, မဂ္ဂကော (မရပါ)။ ဆန္ဒဟိတ်, ဆန္ဒာဟာရ, ဆန္ဒိန္ဒြေယ, ဆန္ဒမဂ္ဂင်လို့ ဘယ်မှာရှိမလဲ။

လေ့လာပါ။ ရှေးဆရာတော်ကြီးတွေ အမြော်အမြင် ကြီးတော်မူပုံကို ဘုန်းကြီးပြောတာ။

နို့ စိတ္တ ပစ္စည်းဖြစ်နေပါပြီတဲ့၊ စိတ္တာဓိပတိပေါ့။ ဟေတုပစ္စည်းရပ့ါမလား (မရပါ)။ မဂ္ဂကော (မရပါ)။ ဘယ်သူရမလဲမေးလျှင် အာဟာရနှင့် ဣန္ဒြေယရမှာပေါ့။

အင်ယ် ၄-ပစ္စည်း ဦးပဉ္စင်းတို့ ထည့်ကျက်ထားတဲ့ အထဲက အင်ယ် ၄-ပစ္စည်း စလုံးစုံပြီး မရဘူးလို့ ဘုန်းကြီးပြောနေတာ။

ကဲ ဝိရိယကို ပစ္စည်းထားကြမယ်တဲ့၊ ဟေတုနှင့် အာဟာရ ရပ့ါမလား (မရပါ)။ ဘယ်သူရမလဲ (ဣန္ဒြေယနှင့် မဂ္ဂ ရပါမယ်)။ ဣန္ဒြေယနှင့် မဂ္ဂသာ ရမှာပေါ့။

အဲဒီလို အရမတူကြခြင်းကြောင့် ဟေ-ဟာ-ဣ-မဂ်-ခေါ်တဲ့ ၄-ပစ္စည်းဟာ လျှော့တယ်၊ အဓိပတိကိုယ်တိုင်ဌာနလဲ ဘယ်သူမှန်း မသေချာဘူး၊ ၃-ပါး ၄-ပါးတို့တွင် တပါးပါးဆိုတော့ ဒီတပါးပါးက ဘယ်သူမှန်း မသိဘဲနော် (မှန်ပါ)။

ဒါကြောင့်မို့လို့ အင်ယ် ၄-ပစ္စည်းလျှော့တော့ ရှင်းသည်ထက် ရှင်းသွားစေဖို့ ဆိုကြပါစို့၊ အလတ်တွေ အကြီးတွေလဲ ဒီနေရာမှာ ထည့်ပြီး ရွေးချယ်မနေဘဲနှင့် သဟဇာတာ ဓိပတိ တပစ္စယသတ္တိသာ ရ၏လို့ ခုနစ်ချက်လုံး ဒီလို ကရိုဏ်းပါ၌ ချတော်မူကြပါ။

ကဲ ပြန်ရှင်းပြီး တခေါက်ကောက်ပေးမယ်၊ ကုသလော ကုသလသဿ ကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား-သမ္ပယုတ္တခန္ဓာအားတပ်သော အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ်စိတ် ၈-ခု, ဧကန်ရသော မဟဂ္ဂုတ် ကုသိုလ် ၉-ခု, မဂ် ၄ ခု စေတသိက်အဌတီသ စိတ္တက္ခဏ တခုတခု၌ရှိသော အဓိပတိတရားကိုယ် ၃-ပါး, ၄-ပါးတို့တွင် တပါးပါး ပစ္စည်းတရားရ၏။

ကုသလသ ဓမ္မသဟူသော သမ္ပဒါန်ပုဒ်၏အရကား အဓိပတိပစ္စည်းကို ရသော အခါ အဓိပတိတရားကိုယ်ကြဉ်သော မဟာကုသိုလ်စိတ် ၈-ခု, ဧကန်ရသော မဟဂ္ဂုတ် ကုသိုလ် ၉-ခု, မဂ် ၄-ခု စေတသိက်အဌတီသ သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရားရ၏။

အဓိပတိပစ္စယေန-ဟူသော ကရိုဏ်းပါဠ်၏ အရကား သဟဇာတာဓိပတိ တပစ္စယသတ္တိသာ ရ၏။

ပြီးရောနော်၊ ထုံးစံအတိုင်း ကောက်တဲ့နည်းကိုတော့ သိအောင်တော့ လုပ်ထားလေ၊ နောက်က ၆-ပစ္စည်း[1]အတိုင်း ဟုတ်လား (မှန်ပါ)၊ အကယ်၍ ပဌမပြန်မေးလျှင်တော့ သူတို့လျှုထားတဲ့ ပဌမပြန်စာအုပ်အတိုင်း ဖြေလျှင် ကောင်းပါတယ်၊ သင့် မသင့်ကတော့ အခုဘုန်းကြီးနည်း ပြောပေးပြီ မဟုတ်လား (မှန်ပါ)။

ရှေ့တိုးမယ်၊ ကုသလော အဗျာကတသင်္ခ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏အရကား သာဓိပတိ စိတ္တဇရုပ်အားတပ်သော ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ ဒီလိုဆက်လိုက်နော် (မှန်ပါ)၊ ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကိုရသောအခါ ခုတင်ကအတိုင်းပေါ့ လျှောက်ပြီးဆိုက မဟာကုသိုလ်စိတ် ၈-ခု ဧကန်ရသော မဟဂ္ဂတ် ကုသိုလ် ၉-ခု၊ မဂ် ၄-ခု ဒီအတိုင်းဆိုပေါ့။ ပစ္စယုပ္ပန်က ဘာတုန်း ကုသိုလ်သည် ပြုအပ်သော သာဓိပတိစိတ္တဇရုပ် ပစ္စယုပ္ပန်။ ကရိုဏ်းပါဠ်ကောက်တော့ တပစ္စည်းဘဲ။

ကုသလော ကုသလာဗျာကတသင်္ခ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား သမ္မယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ်အား တပ်သော ပဋ္ဌဝေါကာရဘုံ၌ အဓိပတိ ပစ္စည်းကိုရသောအခါ ခုတင်ကအတိုင်းဘဲနော်၊ ၃-ချက် ဦးပညာနန္ဒ ကောက်စမ်း။

ဦးပညာနန္ဒ။ ။ကုပဒ ၃-ချက် တခေါက်ဆိုသည်။

ဆရာတော်။ ။ပြီးရော ကုပဒ ၃-ချက်၊ မှတ်ထားလွယ်ပါတယ်၊ အဆိုကလေး နည်းနည်းပြောင်းလို့။

သဟာဓိ၌ အကု-ပဒ ၃-ချက် အရကောက်

အကု အကု ဒါကိုမှီးပြီးဆိုပေါ့၊ ရတဲ့ အကုသိုလ်က လောဘမူနှင့် ဒေါသမူ၊ မောဟမူစိတ်မျိုးက အဓိပတိ မတပ်ဘူး။

အကုသလော အကုသလသင်္ခ အကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား-သမ္မယုတ္တခန္ဓာအားတပ်သော၊ ဆိုရိုးကို မှန်နေအောင် လုပ်ကြပါ။

ဒီက သင်ပြီးရွတ်၊ တော်တော်ကလေး နှုတ်လဲ လိုက်လာပြီဆိုတော့ အရကောက်ထဲ ပြန်ကြည့်၊ ဘာတွေ ရေးထားသလဲ၊ ဒို့လို ဘုန်းကြီးက ဘာတွေ ချပေးလိုက်သလဲ ကြည့်ရတယ်၊ ပြီးတော့ တူနေတဲ့နေရာတွေမှာ ဆရာတော်ကြီးက ပေယျာလ ထိုးပစ်လိုက်တယ်၊

၁။ သဟဇေယ် (၇) တွင် အဓိပတိမှတပါး ဟေတု ကမ္မ အာဟာရ ဣန္ဒြိယ စျာန မဂ္ဂ ၆-ပစ္စည်း။

ဥပမာ-အခုလို ကုသလပဒ ၃-ချက်ပြပြီးလျှင် အကုသလပဒ ၃-ချက်ကို အပြည့်အစုံ ပြချင် မှပြတာ၊ 'ကုသိုလ်နည်း မီးပြီးဆို' လို့ ရေးချင် ရေးထားတာ။

သမ္မယုတ္တာခန္ဓာအား တပ်သော အဓိပတိပစ္စည်းကို ရသောအခါ လောဘမူစိတ် ၈-ခု, ဒေါသမူဒ္ဓေ၊ မောဟမူမရတော့ သူနှင့်သာ ယှဉ်နိုင်တဲ့ ဝိစိကိစ္ဆာကို ကြဉ်လိုက်ပေါ့နော် (မှန်ပါ)။ ဝိစိကိစ္ဆာကြဉ်သော စေတသိက်ဆဋ္ဌိသ စိတ္တက္ခဏာ တခုတခု၌ရှိသော အဓိပတိတရားကိုယ် ၃-ပါးတို့တွင် တပါးပါး ပစ္စည်းတရား ရ၏။

အကုသလသ ဓမ္မသဟဘူသော သမ္မဒါန်ပုဒ်၏ အရကား-အဓိပတိ ပစ္စည်းကို ရသောအခါ အဓိပတိတရားကိုယ်ကြဉ်သော လောဘမူစိတ် ၈-ခု, ဒေါသမူဒ္ဓေ, ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် ဆဋ္ဌိသ သမ္မယုတ္တာခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ကရိုဏ်းပါဠ် အရတော့ တပစ္စည်းသာထုတ်။

အကု-ဗျာကျတော့ အကုသိုလ်သည် ပြုအပ်သော သာဓိပတိစိတ္တဇရုပ်၊ ဒါ ထူးမှာ ပေါ့နော် (မှန်ပါ)။ ဦးကောလိယ ဟောစမ်းပါ။

ဦးကောလိယ။ ။အကုပဒ ၃-ချက် တခေါက်ဟောသည်။

သဟာဓိ၌ ဗျာ-ဗျာ အရကောက်

ဆရာတော်။ ။အကုပဒ ၃-ချက် ပြီးသွားရော၊ အဗျာကတ ခုတင်က ပြောတဲ့ တရားတွေ မှတ်ထား၊ ပဝတ္တိတင် ရှိတယ် မဟုတ်လား (မှန်ပါ)။

အဗျာကတော အဗျာကတသ၌ ပဝတ္တိအခါ အဗျာကတော ဓမ္မောဟူသော ကတ္တား ပုဒ်၏ အရကား-ခါတိုင်းလိုဘဲ ခွဲလိုက်၊ သမ္မယုတ္တာခန္ဓာအားရင်း၊ သမ္မယုတ္တာခန္ဓာ သာဓိပတိ စိတ္တဇရုပ်အားရင်း တပ်သော-နာမ်ကို ခွဲထုတ်လိုက်တော့ ဘုံမသတ်ရဘူးနော်၊ အဓိပတိ ပစ္စည်းကို ရသောအခါ မဟာကြိယာစိတ် ၈-ခု, ဧကန်ရသော မဟဂ္ဂုတ်ကြိယာ ၉-ခု, ဖိုလ် ၄-ခု၊ ဝိပါက်ပေမဲ့ နောက် ပို့ထားရတယ်နော်၊ စေတသိက် အဌတိံသ စိတ္တက္ခဏာ တခုတခု ၌ရှိသော အဓိပတိတရားကိုယ် ၃-ပါး, ၄-ပါးတို့တွင် တပါးပါး ပစ္စည်းတရားရ၏။ ပစ္စယုပ္ပန် က ခုတင်က နာမ်တွေကို ခုတင်က အတိုင်းဘဲ ပြန်ဆို။ ကရိုဏ်းပါဠ် တပစ္စည်းဘဲ ထုတ်ရ တယ်၊ ဆက်ဆိုစမ်း ဦးကောလိယ။

ဦးကောလိယ။ ။အဗျာကတော အဗျာကတသ၌ ပဝတ္တိအခါ (ပ) အဓိပတိ ပစ္စယေနဟူသော ကရိုဏ်းပါဠ်၏ အရကား-သဟဇာတာဓိပတိ တပစ္စယသတ္တိသာ ရ၏။

ဆရာတော်။ ။ဖြည်းဖြည်း အားလုံးဟောစမ်းပါ။ ကုသလော ကုသလသဿက စပြီးတော့။

သံယာတော်များ။ ။ ကုပဒ ၃-ချက်, အကုပဒ ၃-ချက်, အဗျာကတပဒ တချက် ဟောကြသည်။

အာရမ္မဏာမိပတိ အရကောက်

သဟာမိပြီးရော၊ ပြီးတော့ သူနှင့်တွဲဖက်နေတဲ့ အာမိ ကောက်ရအောင်၊ အာရမ္မဏာ-မိပတိအတွက် ရေးထားတဲ့ စာကလေး ၅-ကြောင်းလေ[1]၊ ပါဠိတော်သင်တုန်းက ပြောခဲ့တဲ့ စာကလေး ၅-ကြောင်းကြည့်၊ အလွတ်ရနေလျှင်လဲ မကြည့်ဘဲနေပေါ့။

အခု သင်နေတဲ့ အစီအစဉ်ကလေးတွေလဲ မှတ်ထားရတယ်၊ ဘာပြီး ဘာကောက်သွားတယ်၊ အခုကောက်လာတာ ပါဠိတော်ချပေးတုန်းက အစဉ်အတိုင်း ကောက်လာတာ။

ပြန်ကြည့် စာ ၅-ကြောင်း၊ ဟိုတုန်းကလိုဘဲ ပြန်မေးမယ်၊ ကောက်တာ ဒါဘဲလို့လဲ ပြောခဲ့သားဘဲ၊ သခ်ၣာ သတ္တမှာ ကု ၃-ချက် ကုသလော ကုသလသဿလို့ ဆိုလိုက်တော့ ပစ္စယုပ္ပန် ကုသိုလ်ရှိရာ အရှာခိုင်းတယ် မဟုတ်လား (မှန်ပါ)။ ၁-၂-၃-၄-၅-ဆိုတဲ့ စာ ၅-ကြောင်းထဲမှာ ဘယ်မှာရှိသလဲ (၂-၃-၅-မှာ ရှိပါတယ်)။ ၂-၃-၅ မှာ ရှိတယ်၊ ပစ္စည်းကုသိုလ်ရှိသလားလို့ လိုက်ကြည့်ပြန်တော့ ၂-နှင့် ၃-က ရှိတယ်မဟုတ်လား (မှန်ပါ)၊ ၂-ရဲ့ပစ္စည်းက ဘာတုန်း (လောကီကုသိုလ်သတ္တရသ)၊ ၃-ကကော (လောကီကုသိုလ်သတ္တရသ, အောက်မဂ် ၃-ခု) ဒါဘဲနော်၊ ၅-ကျတော့ ပစ္စည်းကုသိုလ်မရှိဘူး၊ ရှိရဲ့လား (မရှိပါ)၊ ဒီ ၂-ကြောင်းတည်း ကောက်တယ်၊ ပါဠိတော်တုန်းကလဲ ဒီစကားပြောပြီး ဒီပါဠိတော်တွေ ဖြစ်လာတာ။

အဲဒီတော့ ဆရာတော်ဘုရားကြီးက ၂-ဌာန ကွဲနေလျှင် တနည်းကားနှင့် ကောက်တယ်၊ ပဌမပေါင်းကောက်တယ်၊ သတိပြုကြည့်စမ်း။

အာမိဋ္ဌ ကု-ကု အရကောက်

ကုသလော ကုသလသဿ ကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ၂-ကြောင်းပေါင်း၍နော်၊ အလေးအမြတ် ပြုတတ်သော၊ ဘယ်သူရှိသတုန်း ၂-ကြောင်းပေါင်းလိုက်တော့ (မဟာကုသိုလ်စိတ် ၈-ခု ရှိပါတယ်)၊ မဟာကုသိုလ်စိတ် ၈-ခုအားတပ်သော ဒါက ပစ္စယုပ္ပန် (မှန်ပါ)၊ အလေးအမြတ်ပြုအပ်သော ဆိုတော့ ၂-ကြောင်း ပေါင်းထားတော့ လောကီကုသိုလ် သတ္တရသနှင့် အောက်မဂ် ၃-ခု မဟုတ်လား (မှန်ပါ)၊ အဲဒါက

၁။ ဤကျမ်း၊ နှာ-၁၆၈-ရှိ အာမိဇယား။

အရဟတ္တမဂ်ကြဉ် ကုသိုလ်ဝိသဘဲ မဟုတ်လား (မှန်ပါ)၊ ဒီတော့ ရှေ့နည်းအတိုင်း အသုံးအစွဲသုံးချင်လို့ အလေးအမြတ်ပြုအပ်သော အရဟတ္တမဂ်ကြဉ်သော ကုသိုလ်ဝိသ ပစ္စည်းတရားရ၏... တဲ့ (မှန်ပါ)။

ပြီးတော့မှ တနည်းကား ဒုတိယ အကြောင်းတင်ကောက် ဟုတ်လား (မှန်ပါ)၊ အလေးအမြတ်ပြုတတ်သော မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄-ခုအား တပ်သော အလေးအမြတ်ပြုအပ်သော လောကီကုသိုလ်သတ္တရသ၊ ဒါက တခါနော် (မှန်ပါ)။

ပြီးဇော့ နောက်တကြိမ် တတိယအကြောင်း အလေးအမြတ်ပြုတတ်သော မဟာ ကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခုအားတပ်သော အလေးအမြတ်ပြုအပ်သော လောကီ ကုသိုလ်သတ္တရသ, အောက်မဂ် ၃-ခု ပစ္စည်းတရားရ၏။

ကုသလဿ ဓမ္မဿ ဟူသော သမ္ပဒါန်ပုဒ်၏ အရကား အလေးအမြတ်ပြုတတ် သော မဟာကုသိုလ်စိတ် ၈-ခု ပစ္စယုပ္ပန်တရားရ၏။

ဒီစာကလေး ၅-ကြောင်းဘဲ ပါဠိတော်၊ သူဘဲ အရကောက် ပြန်ဖြစ်တယ်။

အဓိပတိပစ္စယေန ဟူသော ကရိုဏ်းပါဠ်၏အရကား တပြိုင်နက် တပ်ကောင်းသော သုဒ္ဓသခ်ျာမှာပါတယ် ဘယ်လောက်တုန်း (၃-ပစ္စည်း)၊ အဲဒါတင်ကောက်၊ အဓိပတိ, အာရမ္မဏ, ဥပနိဿယ ၃-ပစ္စယ သတ္တိတို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိဝိသေ သရ၏။

၇-ဌာနစလုံးမှာ ရှေးအကောက်က ၃-ပစ္စည်းဘဲ တပြိုင်နက်ကောက်တယ်၊ မှတ် ထားပါ။

ဒါဟာ ကုသလော ကုသလဿ ပြီးရော မဟုတ်လား (မှန်ပါ)။

အာဓိဋ္ဌ ကု-အကု အရကောက်

ပြီးတော့ ကုသလော အကုသလဿဋ္ဌ ဆိုတော့ ပစ္စယုပ္ပန် အကုသိုလ်က ဘယ် အကြောင်းမှာ ရှိသတုန်း (၁-နံပါတ်အကြောင်း)၊ ပစ္စည်းကုသိုလ်က ဘယ်သူလဲ (လောကီ ကုသိုလ်သတ္တရသ)၊ ဒါဘဲရှိတယ်၊ ဒီအတိုင်း ကောက်လိုက်ရုံဘဲ၊ အင်မတန်လွယ်တာဘဲ၊ သူက ဒီ စာ ၅-ကြောင်း အလွတ်ရေးတတ်လျှင် အေးလို့၊ အလွတ်ရေးတတ်နေမှတော့ ခေါင်းမြီးကလေးခြုံ စဉ်းစားနေပေါ့။

ကုသလော အကုသလဿဋ္ဌ ကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈-ခုအားတပ်သော အလေးအမြတ်ပြုအပ် သော လောကီကုသိုလ် သတ္တရသ ပစ္စည်းတရားရ၏။

အကုသလသ ဓမ္မသ ဟူသော သမ္မဒါန်ပုဒ်၏ အရကား အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ၈-ခု ပစ္စယုပ္ပန်တရားရ၏။

ကရိဏ်းပါဠ်အရကား တပြိုင်နက် ခုတင်က ၃-ပစ္စည်းကောက်၊ ဘာမှ ခက်စရာ မရှိပါဘူး။

အာဓိဋ္ဌ ကု-ဗျာ အရကောက်

နောက်တခု ကုသလော အဗျာကတသဒ္ဒ ပစ္စယုပ္ပန် အဗျာကတသ ဘယ်နံပါတ် မှာတုန်း (၄ နှင့် ၅)၊ ၄-ရဲ့ ပစ္စည်းကုသိုလ်က ဘယ်သူလဲ (အရဟတ္တမဂ်)၊ ၅-ရဲ့ ပစ္စည်းကုသိုလ် ရှိရဲ့လား (မရှိပါ)၊ ဒီတော့ ဒီ ၄-တကြောင်းတည်းဘဲနော်။

ကုသလော အဗျာကတသဒ္ဒ ကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား အလေးအမြတ်ပြုတတ်သော မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခုအားတပ်သော အလေးအမြတ်ပြုအပ်သော အရဟတ္တမဂ် ပစ္စည်းတရားရ၏။

အဗျာကတသ ဓမ္မသဟူသော သမ္မဒါန်ပုဒ်၏ အရကား အလေးအမြတ်ပြုတတ်သော မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု ပစ္စယုပ္ပန်တရားရ၏။

ကရိဏ်းပါဠ် ခုတင်ကလိုဘဲ ၃-ပစ္စည်း တပြိုင်နက်ဆို၊ ဒါ ကုပဒ ၃-ချက် ပြီးရော မဟုတ်လား (မှန်ပါ)။

အာဓိဋ္ဌ အကု-အကု အရကောက်

အကုသလော အကုသလသ တချက်ထည့်လိုက်စမ်းပါဦး၊ အကုသလော အကုသလသ ဆိုတော့ ပစ္စယုပ္ပန် အကုသိုလ်က ဘယ်အထဲမှာလဲ (၁-နံပါတ်ထဲမှာ)၊ ဘယ်သူ လောဘမူစိတ် ၈-ခု၊ ပစ္စည်းဘက်က အကုသိုလ်က ဘယ်သူရှိသလဲ (လောဘမူစိတ် ၈-ခု)၊ ဒါဘဲကောက်ပေါ့။

အကုသလော အကုသလသဒ္ဒ အကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈-ခုအားတပ်သော အလေးအမြတ်ပြုအပ်သော လောဘမူစိတ် ၈-ခု ပစ္စည်းတရားရ၏။ ပြုအပ်, ပြုတတ်တော့ ပါပေစေနော် (မှန်ပါ)။

အကုသလသ ဓမ္မသ ဟူသော သမ္မဒါန်ပုဒ်၏ အရကား အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈-ခု ပစ္စယုပ္ပန်တရားရ၏။

ကရိဏ်းပါဠ်ထုတ်တော့လဲ တပြိုင်နက် ၃-ပစ္စည်းထုတ်၊ ဦးသုဇာတဟောစမ်း။

ဦးသုဇာတ။ ။ကုပဒ ၃-ချက်, အကုပဒ တချက် ဟောသည်။

အာဓိဋ္ဌ ဗျာ-ဗျာ အရကောက်

ဆရာတော်။ ။ပြီးတော့ အဗျာကတော အဗျာကတ ရှာစမ်းပါဦး၊ ပစ္စယုပ္ပန် အဗျာကတတ့ဲ၊ ဘယ်အကြောင်းမှာ ပါသလဲ (၄-နံပါတ်နှင့် ၅-နံပါတ်မှာ ပါပါတယ်)။ ၄-ရဲ့ ပစ္စည်း အဗျာကတက ဘယ်သူလဲ (အရဟတ္တဖိုလ် နိဗ္ဗာန်)။ ၅-နံပါတ် ရဲ့ ပစ္စည်းတရားက (နိဗ္ဗာန်)၊ ဒါဘဲ ကောက်မှာဘဲ။

အဗျာကတော အဗျာကတသ၌ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား နံပါတ် ၄-ကြည့် အလေးအမြတ်ပြုတတ်သော မဟာကြိယာ ဉာဏ သမ္မယုတ်စိတ် ၄-ခုအားတပ်သော အလေးအမြတ် ပြုအပ်သော အရဟတ္တဖိုလ် နိဗ္ဗာန်၊ ဟုတ်တယ် မဟုတ်လား (မှန်ပါ)။

၅-နံပါတ်အကြောင်းကြည့်၊ ဖိုလ် ၄-ခုအားတပ်သော နိဗ္ဗာန်၊ ၅-နံပါတ်မှာတော့ ပြုအပ်, ပြုတတ်တွေ မထည့်နှင့်နော်၊ ဧကန္တမို့ ပြောတာ။

အဗျာကတသ ဓမ္မသ ဟူသော သမ္မဒါန်ပုဒ်၏ အရကား အလေးအမြတ် ပြုတတ်သော မဟာကြိယာဉာဏသမ္မယုတ်စိတ် ၄-ခု, ဖိုလ် ၄-ခု ပစ္စယုပ္ပန်တရားရ၏။ ကရိုဏ်းပါဠ် အရက တပြိုင်နက် ၃-ပစ္စည်း။

လွယ်ပါတယ် အာဓိ၊ ဓာတ်မသိတဲ့ ပုဂ္ဂိုလ်တွေက သိပ်ကြောက်တာဘဲ၊ ဦးပဉ္စင်းတို့ ဒါကလေးတွေ နားလည်ထားလို့၊ သဘာဝပြည့်ပြည့်ကလေးနှင့် ကိုယ့်ဉာဏ်ထဲမှာဝင်အောင် စဉ်းစားတတ်တဲ့ ပုဂ္ဂိုလ်တွေဟာ စာချတန်းအတွက် အင်မတန် အသုံးကျပါသတဲ့၊ ဘုန်းကြီး ဘာတိုက်တွန်းသလဲ **'ဒီစာကလေး ၅-ကြောင်း အလွတ်ရေးတတ်ပါစေ'**လို့ ဆိုတာ ထပ်ကာ ထပ်ကာ သတိပေးနေတယ် ရေးတတ်အောင်လုပ်ပါ။

အာဓိဋ္ဌ ဗျာ-ကု အရကောက်

ပြီးတော့ ဘာတုန်း၊ အဗျာကတော ကုသလသတဲ့၊ ပစ္စယုပ္ပန် ကုသိုလ်က ဘယ်မှာလဲ ခုတင်က တခါတွေ့တယ် (၂-၃-၅)၊ ၂-ရဲ့ ပစ္စည်းတရားမှာ အဗျာကတရှိရဲ့လား (မရှိပါ)၊ ဒီတော့ မရဘူး။ ၃-ရဲ့ ပစ္စည်းတရား အဗျာကတ (အောက်ဖိုလ် ၃-ခု, နိဗ္ဗာန်)၊ ၅-ရဲ့ ပစ္စည်း အဗ္ဗာကတ (နိဗ္ဗာန်)၊ ကဲ ရှင်းလို့နော်။

အဲဒါကြောင့် ဒါကို အလွတ်ရေးတတ်လျှင် ဒီတရားတွေ စဉ်းစားလိုက်လျှင် သိနိုင်တယ်။

အဗျာကတော ကုသလသ၌ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ၃-နံပါတ်ကြည့်ပြီး ဟောမယ်မဟုတ်လား (မှန်ပါ)၊ အလေးအမြတ်ပြုတတ်သော

မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ် ၄-ခုအားတပ်သော အလေးအမြတ်ပြုအပ်သော အောက်ဖိုလ် ၃-ခု, နိဗ္ဗာန်၊ ၅-နံပါတ်ကို သွားလိုက်ဦး၊ မဂ် ၄-ခုအားတပ်သော နိဗ္ဗာန် ပစ္စည်းတရားရ၏၊ ဒါဘဲ မဟုတ်လား (မှန်ပါ)။

ကုသလသ ဓမ္မသဟူသော သမ္မဒါန်ပုဒ်၏အရကား အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်ဉာဏသမ္မယုတ်စိတ် ၄-ခု, မဂ် ၄-ခု ပစ္စယုပ္ပန်တရားရ၏။

ကရိုဏ်းပါဠ်အရ ၃-ပစ္စည်းသာထုတ်၊ တပြိုင်နက်ချည်းဘဲနော် (မှန်ပါ)၊ တချက်ပြီး သွားရော။

အာမိဋ္ဌ ဗျာ-အကု အရကောက်

နောက်တချက်က ဘယ်သူတုန်း အဗျာကတော အကုသလသ၊ အဲဒီမှာ ပြင်ထား တာကလေး ပြောပြမယ်။

အဗျာကတော အကုသလသ၌ ဆိုတော့ အကုသိုလ်ပစ္စယုပ္ပန်က နံပါတ် ၁ မဟုတ် လား (မှန်ပါ)၊ ပစ္စည်းအဗျာကတတွေက ဘာတွေလဲ ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဌာရသ, ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော လောကီဝိပါက်ဧကတီသ ကြိယာစိတ် ဝီသ, ဒါကို ကောက်မှာ မဟုတ်လား (မှန်ပါ)။

အဗျာကတော အကုသလသ၌ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈-ခုအားတပ်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဌာရသ၊ နိပ္ဖန္နက ရိုးရိုး မဟုတ်ဘူး၊ ဣဋ္ဌဖြစ်ပေစေ၊ အဓိပတိတပ်ရတယ်ဆိုတာ စွဲစွဲ လမ်းလမ်း ဖြစ်ရမည့်ကိစ္စ ဣဋ္ဌဖြစ်ရမယ်၊ ဒါကြောင့် ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဌာရသ, ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော လောကီဝိပါက် ဧကတီသ, ကြိယာစိတ် ဝီသ ပစ္စည်းတရားရ၏။

မှတ်ထားရမယ် ဒီပစ္စည်းကလေးတွေ၊ ဣဋ္ဌနိပ္ဖန္နရုပ် အဌာရသလဲ ရတယ်၊ နောက် ဟိုကရိုဏ်းပါဠ်မှာ ပြောစရာရှိလို့ အမှတ်ခိုင်းတာ။

အကုသလသ ဓမ္မသ ဟူသော သမ္မဒါန်ပုဒ်၏ အရကား အလေးအမြတ်ပြုတတ် သော လောဘမူစိတ် ၈-ခု ပစ္စယုပ္ပန်တရားရ၏။ ကရိုဏ်းပါဠ်ထုတ်တော့ ထုံးစံအတိုင်း တပြိုင်နက် ၃-ပစ္စည်းပေါ့။

တပြိုင်နက်တပ်ကောင်းသော ၃-ပစ္စည်း၊ ဦးပဋ္ဌင်းတို့ဆီ ရှိသည့် စာအုပ်က ယထာ ရဟထုတ်မှ ဖြစ်မယ်။

အဲဒါ ဘုန်းကြီးတို့က မသိပါဘူး၊ ပုပ္ပါးမှာ စာချနေတုန်းက ဘုန်းကြီးလက်ထောက်ကို ခေါ်ပြီး စာချခိုင်းတယ်၊ ရှင်ဓမ္မပီယက လျှောက်တယ်၊ ဆရာတော်စာအုပ်က ဒီလိုရှိနေတယ်တဲ့၊ ဖတ်စမ်းကွယ်ဆိုတော့ သူဖတ်ပြတာ နားထောင်တယ်၊ ဘုန်းကြီးတော မကြည့်မိဘူး ဒီစာအုပ်တွေ။

ကရိုဏ်းပါဠိကို ဘာထုတ်သလဲမေးလျှင် ၈-ပစ္စည်း ထုတ်ထားတယ်၊ အဗျာကတော အကုသလသာ မဟုတ်လား (မှန်ပါ)၊ မှတ်ထားပါ တိတိကျကျ၊ ဘုန်းကြီးအနေနှင့်မေးလျှင် သင်္ခါသတ္တစလုံး တပြိုင်နက် ၃ ပစ္စည်းချည်းဘဲ ထုတ်မယ်နော်။

ဗျာ-အကုဋ္ဌ ၈-ပစ္စည်း ထုတ်ရကြောင်း

အခုနောက်ဆုံးဖြစ်တဲ့ အဗျာကတော အကုသလသာမှာ လက်ရှိစာအုပ်တွေထဲမှာ ၈-ပစ္စည်းထုတ်ထားပါတယ်၊ ဘာဖြစ်လို့ ထုတ်ပါလိမ့်မလဲလို့ ဘုန်းကြီးမျှား စဉ်းစားပြီးရှာရတယ်၊ အခုတရားဟာ ဘာတရားတုန်း အာဓိ မဟုတ်လား (မှန်ပါ)၊ ပစ္စည်းက နိပ္ဖန္နရုပ် အဌာရသပါနေတယ် မဟုတ်လား (မှန်ပါ)၊ ပစ္စယုပ္ပန်က လောဘမူစိတ် ၈-ခု။

သတိပြုကြစမ်းပါ၊ ဦးပဉ္စင်းတို့ အာရမ္မဏာမျိုး သုဒ္ဓသင်္ခ် အာပုဓိကို ပထမ စဉ်းစားလိုက်စမ်း၊ အာပုဓိ သုဒ္ဓသင်္ခ် ဘယ်သူတဲ့တုန်း၊ အာရမ္မဏာပုရေဇာတာဓိပတိပစ္စည်း၏ သုဒ္ဓသင်္ခ်ာဝါရဋ္ဌ-အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ၈-ခုအားတပ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဌာရသ၊ ဒီဟာ မဟုတ်လား (မှန်ပါ)။

အဲဒီပစ္စည်းမျိုး ဒီမှာ နိပ္ဖန္နရုပ် မရှိဘူးလား (ရှိပါတယ်)၊ ကဲ ဟိုတုန်းက ပစ္စယုပ္ပန် လောဘမူစိတ် ၈-ခုကိုဘဲ အခုယူထားတယ် မဟုတ်လား (မှန်ပါ)၊ အာဓိထဲမှာ အာပုဓိ တရား ဝင်မလာဘူးလား (ဝင်လာပါတယ်)။

သတိနှင့် နားထောင်နော် တဆင့် ထပ်တိုးမလို့၊ ဒါဖြင့် အဲဒီ အာပုဓိမှာ ပစ္စည်းရေ ဘယ်လောက်လဲလို့ မေးလျှင် ၆-ပစ္စည်း၊ ဒီလိုနော် (မှန်ပါ)၊ အာပု ၄-ပစ္စည်းပေါ်မှာ အဓိပတိ ဥပနိဿယ တိုးပြီးတော့ ၆-ပစ္စည်းလို့ ဒီလို သင်ခဲ့တယ်မဟုတ်လား (မှန်ပါ)၊ မှတ်ထားပါ၊ သူ့အနေနှင့် ကြည့်လျှင် ၆-ပစ္စည်းရနိုင်တယ်လို့သိ။

ဒီတော့ ဒီက တရားတွေက ပစ္စည်းကုန်ပလားလို့ မေးလျှင် ဝိပါက်တွေ, ကြိယာတွေ ရှိနေတယ် မဟုတ်လား (မှန်ပါ)၊ ဦးပဉ္စင်းတို့ အာပုဓိက နိပ္ဖန္နရုပ်တင် ရှိတာမဟုတ်လား၊ ပစ္စယုပ္ပန်တော့ လောဘမူစိတ် ၈-ခုထုတ်တယ်၊ ပစ္စည်းမကုန်တော့ ယထာရဟာဘဲ။

နောက်တပုဒ် ဝတ္ထာဓိ၊ ဘာတဲ့တုန်း အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇော ၅-ချက်အားတပ်သော အလေးအမြတ် ပြုအပ်သော စုတိစိတ်မှ ပြန်၍

ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု၊ ဒီလို မဟုတ်လား (မှန်ပါ)၊ ပစ္စည်းက ဟဒယဝတ္ထု၊ ပစ္စယုပ္ပန်က လောဘမူ မရဏာသန္နဇော ၅-ချက်၊ ခုတင်က နိုပ္ပန္နရုပ် ၁၈-ပစ္စည်းတရားထဲမှာ ဟဒယဝတ္ထုမပါဘူးလား (ပါပါတယ်)၊ ပစ္စယုပ္ပန် ညီမျှတယ်၊ ပစ္စည်းလျှော့တယ်နော် (မှန်ပါ)၊ အခု ပစ္စည်းလျှော့သွားပြီ၊ နိုပ္ပန္နရုပ် ၁၈-တောင် မရဘူး၊ ဘာကျန်တော့သတုန်း (ဟဒယဝတ္ထု)၊ ပြီးတော့ ခုတင်တုန်းက လောဘမူစိတ် ၈-ခု အားလုံးရတယ်၊ အခုရတာက သာမန် ပဝတ္တိလောဘမူ မရဘူး၊ **မရဏာသန္နဖြစ်တဲ့ လောဘမူ ရနေတယ်** မဟုတ်လား၊ ဇော ၅-ကြိမ်ကိုး (မှန်ပါ)။

အဲဒီလို တရားတစိတ် ဝင်လာပြန်တော့ ဝတ္ထာဓိမှာ ပစ္စည်းရောယ်လောက်လဲ မေးတော့ (၈-ပစ္စည်း)၊ ဘယ်သူလဲမေးလျှင် အာရမ္မဏာမျိုး ၈-ပစ္စည်း မဟုတ်လား၊ အဲဒါကို မြင်သဖြင့် ဘုန်းကြီးက ဒါပြင်တာတော့ ကြိုက်ပါတယ်၊ သို့ပေမဲ့ တပြိုင်နက်ဆိုလျှင် ၃-ပစ္စည်းနော် (မှန်ပါ)၊ တပြိုင်နက် ယထာရဟဆိုလျှင် ၈-ပစ္စည်းနော် နားလည်ပလား (မှန်ပါ)၊ အဲဒီလို ပြင်ထားတယ်၊ သို့ပေမဲ့ ကောက်တော့ ၃-ပစ္စည်းသာ ကောက်ပါ၊ **တပြိုင်နက် တပ်ကောင်းသော အဓိပတိ, အာရမ္မဏ, ဥပနိဿယ ၃-ပစ္စယသတ္တိတို့တွင်လို့သာ ကောက်**၊ ယထာရဟ ယူလျှင်တော့ ဘယ်နှစ်ပစ္စည်းရမယ် (၈-ပစ္စည်း)၊ ၈-ပစ္စည်း ရကောင်းတယ်လို့ နားလည်ပါ၊ ဦးဥာဏ ဟောစမ်းပါ အဗျာကတော အဗျာကတသင်္ခ-

ဦးဥာဏ။ ။အဗျာကတော အဗျာကတသင်္ခ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား (ပ) အဓိပတိပစ္စယေန ဟူသော ကရိုဏ်းပါဠ်၏ အရကား တပြိုင်နက်တပ်ကောင်းသော အဓိပတိ, အာရမ္မဏ, ဥပနိဿယ ဤ ၃-ပစ္စယသတ္တိတို့တွင် အဓိပတိသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသ ရ၏။

အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿပါ ဟောသည်။

ဆရာတော်။ ။လွယ်တော့ လွယ်ပါတယ်၊ စာကလေး ၅-ကြောင်းထဲ ရှာရတော့ မျက်စိလည်တတ်တာပေါ့၊ ဖြည်းဖြည်း အားလုံး တခေါက် ဟောကြစမ်းပါ။

သံယာတော်များ။ ။ကုသလပဒမှစ၍ တခေါက်ဟောကြသည်။

ဆရာတော်။ ။ကုန်သွားရော၊ အာရမ္မဏာဓိပတိ, သဟဇာတာဓိပတိ အရကောက် ဒီတင်ရပ်ပြီးတော့ အနန္တရ သွားရအောင်၊ အနန္တရ ခက်တယ်ပြောတာနဲ့ ဘုန်းကြီးက တနေ့ နည်းနည်း နည်းနည်း ထည့်ပေးနေတာ၊ အရကောက်လဲ ကျေသွားရော၊ အနန္တရလဲ တဖြည်းဖြည်းချင်း ရလာရော။

အပ္ပနာဇောဝါရဝိထိ ရှင်းချက်

မနေ့တုန်းက ဝိထိတွေ ပြန်ပြီး ခဏကြည့်စမ်း၊ ဘာဝိထိတွေ ပေါင်းပေးထားသလဲ (စျာန, မဂ္ဂ, ဖလသမာပတ္တိဝိထိ[1] ပေါင်းထားပါတယ်)၊ စျာနဝိထိ, မဂ္ဂဝိထိ, ဖလသမာပတ္တိ ဝိထိရယ်လို့ ၃-ဝိထိ ပေါင်းတယ် ဟုတ်လား (မှန်ပါ)၊ ပေါင်းတော့ကော အများကြီးရသလား လို့ မနေ့က မေးလိုက်တော့ စျာနဝိထိက ပရိကံ ဥပစာ အနုလုံ ဂေါတြဘူက နေပြီး စျာန်ကူးတဲ့ အကူးတချက် ရတယ်နော် (မှန်ပါ)၊ ပရိကံ ဥပစာ အနုလုံ ဆိုတာတွေကတော့ ကာမဇောတွေဖြစ်လို့ ရှေ့စိတ်ပစ္စည်း, နောက်စိတ် ပစ္စယုပ္ပန်ဘဲ သာမညအနေအားဖြင့် ပါတယ်။

ပြီးတော့ မဂ္ဂဝိထိမှာ သွားပြန်တော့ ဂေါတြဘူ ဝေါဒါန်က နေပြီးတော့ မဂ်ကူးတဲ့ အကူးတချက် မနေ့ကဆိုပြီးတာနော် (မှန်ပါ)။

ဖလသမာပတ္တိဝိထိအနေနှင့် ကြည့်ပြန်တော့ အနုလုံက နေပြီးတော့ ဖိုလ်ကူးတဲ့ အကူးတချက်၊ အဲဒီအကူးကလေးတင် ရတယ်။

လိုရင်းကတော့ ဝိထိ၏အစွမ်းဖြင့် ဒါဘယ်မှာလဲလို့ မေးလျှင် အပ္ပနာဇောဝါရဝိထိ တွေဘဲ၊ အပေါ်က ကာမဇောဝါရဝိထိ မဟုတ်လား (မှန်ပါ)၊ အပ္ပနာဇောဝါရဝိထိတွေကို အဆင်ပြေနိုင်ဆုံး, အတူနိုင်ဆုံး တူအောင် ပေါင်းပြထားတာ။

ဒီတော့ အပ္ပနာဇော စောတယ်ဆိုတဲ့ သဘောကလဲ ကာမဇော၏ အခြားမဲ့မှာသာ အပ္ပနာဇော စောကြတယ်၊ လိုက်ရှာရတယ် ဝိထိတွေမှာ၊ သတိလဲပြုရတယ်၊ ဝိထိပိုင်းမှာ သင်ကြိုဟ်သင်တဲ့ ပုဂ္ဂိုလ်တိုင်းလိုဘဲ ခပ်ပေါ့ပေါ့ကလေး သင်သွားကြပါတယ်၊ လေ့လာရတယ်။

အပ္ပနာဇော စောမှုသည် ဘာပြောတယ်၊ ကာမဇော၏ အခြားမဲ့မှာသာ စောတဲ့ အလေ့ရှိပါတယ်၊ လေ့လာရတယ်၊ လျှောက်ပြီးလေ့လာ ဝိထိပိုင်းထဲ၊ ကာမဇော ရှေ့ကမရှိဘဲနှင့် အပ္ပနာဇောစောတဲ့ အလေ့မရှိဘူး၊ အများအားဖြင့်လို့ ပြောပရစေတော့လေ။

အများအားဖြင့် ကာမဇော နောင်မှာသာ အပ္ပနာဇောစောတယ်၊ အပ္ပနာဇော စပြီးစောတာ၊ ဘဝင်ကနေပြီး အပ္ပနာကူးတာ မတွေ့ဘူးသေးဘူး။

အဲဒီမှာ ကာမဇောတွေ နေဖို့ရာဆိုပြီးတော့ ခါတိုင်းလဲ ဘုန်းကြီးပြောပြောပြနေတယ်၊ အပ္ပနာဇောရှေ့နားက နေကောင်းတဲ့ ကာမဇောဟာ ဉာဏသမ္ပယုတ်ကုသိုလ်, ကြိယာဇော ဘယ်လောက် (၈-ခု)၊ တတ္ထ ဟိ ဉာဏသမ္ပယုတ္တကာမာဝစရဇဝနာနမဌန်္ဆ အညတြသို့ ပရိကမ္မောပစာရာနုလောမဂေါတြဘုနာမေန... ဒီလိုမဟုတ်လား (မှန်ပါ)။

---

[1] ဤကျမ်း၊ နှာ-၃၁၁-ရှိ အနန္တရဝိထိဇယားကြည့်။

ဒါဟာ သဏ္ဌိဟ်မှာ အရှင်အနုရုဒ္ဓါကလဲ ပြတာဘဲ ဒီအတိုင်းဘဲ၊ ဘုန်းကြီးတို့ ဇယားပြတော့လဲ မနေ့က ဆိုရိုးကလေး သဘောလိုဘဲ။

မနေ့က ပဌမဆုံး ဆိုတဲ့ အပိုဒ်ကို သဏ္ဌိဟ်ချပေးတော့ တိုက်ရိုက်ပါတာ သောမနဿ သဟဂုတ် မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော ၂-ခု နောင်ဆိုတော့ မနေ့က ၃-ဝိထိစလုံးမှာ ဂေါတြဘူ ဝေါဒါန် အနုလုံ ကိစ္စတပ်တဲ့ မဟာကုသိုလ်ပဌမဒ္ဒေမဟုတ်လား (မှန်ပါ)။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်မဟာကုသိုလ် ၂-ခုနောင် မဟဂ္ဂုတ်ကုသိုလ် သောမနဿ ၄-ခု, မဂ် သောမနဿ ၁၆-ခု, အောက်ဖိုလ် သောမနဿ ၁၂-ခု၊ ပေါင်း ၃၂-ပါး သော အပ္ပနာဇောတို့သည် နှောင်းကြကုန်၏။ ပဌာန်းဆိုရိုးနှင့် သဏ္ဌိဟ်ဆိုရိုး မတူတာ လောက်ဘဲ မဟုတ်လား (မှန်ပါ)။ ကာမဇောနောင် အပ္ပနာဇောနှောင်းတယ်ဆိုပြီး အရှင်အနုရုဒ္ဓါက ဆိုသွားတယ်၊ အဲဒီလိုဘဲ ဘုန်းကြီးတို့က ဇယားမှာ ဒီအတိုင်းဘဲ ၄-ချက် ပြတယ်။

ထားပါတော့၊ ဒီတော့ ရှေ့ကို ဘာဆက်စရာလိုသလဲလို့ မေးလျှင် ဒီနေ့ သတိပြုပြီး စျာနတဝိထိထဲ ကြည့်စမ်း၊ ဂေါတြဘူက စျာန်ကူးပြီးပြီ၊ ဒီနေ့ တွေ့ရမှာက စျာန်-စျာန် ချင်းကူးရမယ်မဟုတ်လား၊ ဒီတော့ ဘယ်လိုနေသင့်သလဲ ကိုယ့်စိတ်ကူးကလေးနဲ့ ကိုယ်စိတ်ကူး၊ ရှေ့ရှေ့စျာန်က ပစ္စည်း, နောက်နောက်စျာန်က ပစ္စယုပ္ပန်၊ အဲဒီလို ရှေ့ရှေ့စျာန်, နောက်နောက်စျန် ဖြစ်သင့်တာလဲဘဲ အာဒီကမ္မိကဝိထိမှာ စျာန်တကြိမ်တည်းကျတာ လိုသလားလို့ မေးလျှင် မလိုဘူးနော် (မှန်ပါ)။

သမာပဇ္ဇနဝိထိနဖြစ်လျှင်တော့ ပြောခဲ့ပြီ၊ စျာန်စိတ်တွေက ရေတွက်လို့မဆုံးဘူး၊ ၅-မိနစ်လောက် ဝင်စားဦးတော့ မြင်းမိုရ်တောင်ကို ပတ်လို့ရလောက်တဲ့ စျာန်စာလုံးတွေ ရှိလိမ့်မယ်၊ အဲဒီစျာန်စာလုံးတွေကို တခုချင်းဆိုနေလျှင် ဘယ်တော့မှ ဆုံးမှာမဟုတ်တော့ဘူး၊ ဒါကြောင့်မို့လို့ အာဒိသဒ္ဒါနှင့် ဘဝင်တုန်းကလို သုံးရတယ်၊ ဘယ်ဝိထိမှာ ရနိုင်သလဲ မေးလျှင် စျာနသမာပဇ္ဇနဝိထိ ဟုတ်လား (မှန်ပါ)။

သမာပဇ္ဇနဝိထိ၌ အနန္တရပစ္စည်း ပစ္စယုပ္ပန်

ဒီတော့ ရှေ့စကားကလေး ပလ္လင်ခံလိုက် "သမာပဇ္ဇနဝိထိ၌"လို့၊ စျာနသမာပဇ္ဇနကို ရည်ညွှန်းတယ်နော်၊ စျာနဝိထိကို ဆိုနေတယ်၊ ဘယ်လိုဆိုတယ် (သမာပဇ္ဇနဝိထိ၌)။

စျာန်ဆိုတာ မဟဂ္ဂုတ်ကုသိုလ်နှင့် ကြိယာဘဲလို့ သိထားတယ် မဟုတ်လား (မှန်ပါ)၊ နောက်နောက်သော မဟဂ္ဂုတ်ကုသိုလ် ကြိယာအား တပ်သောဆိုတော့ ရှည်ချင်သလောက် ရှည်စမ်းပါ။ မြင်းမိုရ်တောင် ၁၀-ပတ်ပတ် ကိစ္စမရှိဘူး (မှန်ပါ)၊ နောက်နောက်သော မဟဂ္ဂုတ်ကုသိုလ် ကြိယာအားတပ်သော၊ ဒါက ဘာတွေတုန်း၊ ပစ္စယုပ္ပန်တွေ မဟုတ်လား (မှန်ပါ)။

သတိပြု နားထောင်စမ်း၊ အဓိပ္ပါယ်လဲ ပြောသွားပြီ ဆိုရိုးသင်နေတယ်၊ ဒီတော့ ပစ္စည်းတရားဟာ ဘယ်သူလဲမေးလျှင် နောက်နောက်သော မဟာဂျတ် ကုသိုလ်, ကြီယာ ပစ္စယုပ္ပန်ဖြစ်လျှင် ရှေးရှေးသော မဟာဂျတ်ကုသိုလ် ကြီယာပစ္စည်းဖြစ်မယ် မဟုတ်လား (မှန်ပါ)၊ နောက်နောက်သော မဟာဂျတ်ကုသိုလ် ကြီယာအားတပ်သော ရှေးရှေးသော မဟာဂျတ်ကုသိုလ်ကြီယာ၊ ဒါက အကြမ်းဖျင်း၊ ဒါဟာ ပစ္စည်းပစ္စယုပ္ပန် စျာန်-စျာန်-စျာန်လို့ ရေးချင်သလောက်ရေး၊ ကျချင်သလောက်ကျ၊ စျာန်စိတ်တွေ ဖြစ်ချင်သလောက်ဖြစ်နေပေ စေ ဒီစကားတခွန်းတည်းနှင့် ကုန်သွားတယ်။

ဇောတူအဓိပ္ပါယ်

အဲဒါနှင့် ပြည့်စုံပလားမေးတော့ ဆရာတော်ဘုရားကြီးက မပြည့်စုံဘူးတဲ့၊ ဒီလို ထည့်ဦးတဲ့၊ သမာပဇ္ဇနဝိထိ၌ နောက်နောက်သော မဟာဂျတ် ကုသိုလ် ကြီယာအားတပ်သော ရှေးရှေးသော ဇောတူလို့ ထည့်လိုက်၊ ဇောတူမဟာဂျတ် ကုသိုလ် ကြီယာ။

အဲဒီ ဇောတူဆိုတဲ့ စာလုံးကလေး ၂-လုံးက ဘယ်လောက် တာသွားသလဲ မေးလျှင် သတိပြု နားထောင်စမ်း၊ အကြမ်းဖျင်းအားဖြင့် ကုသိုလ်စျာန်သည် ပစ္စည်းဖြစ်နေလျှင် ကုသိုလ်စျာန်သာ ပစ္စယုပ္ပန် ဖြစ်ကောင်းတယ်၊ ကုသိုလ်စျာန် ပစ္စည်းဖြစ်ပြီးတော့ ကြီယာ စျာန် ပစ္စယုပ္ပန်ဖြစ်လို့ မရနိုင်ဘူးလို့ ဇောတူက ပြောတယ်၊ ဒါ အကြမ်း ရှိသေးတယ်။

နောက်တနည်း အသေးစိတ်ကြည့်လျှင်၊ ဒါဖြင့် ကုသိုလ်-ကုသိုလ်ချင်းသာ, ကြီယာ-ကြီယာချင်းသာ ဖြစ်မယ်ဆိုတဲ့ အဓိပ္ပါယ် ပေါ်မလာဘူးလား (မှန်ပါ)၊ ပေါ်လာပေမဲ့ ရူပကုသိုလ်စျာန်က ပစ္စည်းဖြစ်ပြီးတော့ အရူပကုသိုလ်စျာန်က ပစ္စယုပ္ပန်ဖြစ်လို့ ရမလားလို့ မေးလျှင်ကော ဇောတူ ဆိုသဖြင့် မရဘူး၊ တူပဲ့မလား ပစ္စည်းက ရူပ, ပစ္စယုပ္ပန်က အရူပ၊ မရဘူးနော် (မှန်ပါ)။

ဆရာတော်ဘုရားကြီးတွေ အသုံးအနှုန်းက အင်မတန် တာသွားတယ်၊ အင်မတန် ခရီးရောက်တဲ့ အသုံးအနှုန်းတွေ၊ စာကြည့်ရင်း ဆရာတော်ဘုရားကြီးတွေရဲ့ ဉာဏ်တော် တွေကို ကြည်ညိုစရာ ကောင်းလိုက်တာလို့ ကြည်ညိုမိပါတယ်။

ဒါဘဲလားလို့ မေးကြည့်စမ်း၊ ရူပတင်ဘဲ မေးဦးတဲ့၊ ပဌမစျာန်, ဒုတိယစျာန်, တတိယ စျာန်, စတုတ္ထစျာန်, ပဉ္စမစျာန်လို့ ငါးမျိုး မရှိဘူးလား (ရှိပါတယ်)၊ ပဌမစျာန် ပစ္စည်းဖြစ်ပြီး ဒုတိယစျာန် ပစ္စယုပ္ပန်အနေနှင့် ယူရမလားလို့ မေးတော့ မယူ နှင့်တဲ့၊ ဒီလိုလဲ မရဘူးတဲ့၊ ဇောတူဆိုရမယ် မဟုတ်လား (မှန်ပါ)၊ ဘယ်လိုဖြစ်မလဲ၊ ပဌမစျာန် က ပစ္စည်းဖြစ်လျှင် ပဌမစျာန်သာလျှင် ပစ္စယုပ္ပန်၊ ဥပမာ-ပဌမစျာန်ရလို့၍ အားထုတ်တဲ့ ပုဂ္ဂိုလ်သည်

ပဌမစျာန်ရပြီး ကိုယ်ရတဲ့စျာန်ကလေး ပြန်ဝင်စားတယ်ဆိုတာ ပဌမစျာန်ဘဲ ရှိမှာပေါ့နော် (မှန်ပါ)။

အဲဒီတော့ ဇောတူဆိုတဲ့ စာလုံးကလေးဖြင့် ပဌမစျာန်ပစ္စည်းဖြစ်လျှင် ပဌမစျာန်သာ ပစ္စယုပ္ပန် ဖြစ်ပါစေတဲ့၊ အသွင်မပြောင်းရဘူး။

နားလည်လောက်ပါပြီ ပြန်ကောက်ဆိုရိုး၊ သမာပဇ္ဇနဝိထိ၌ နောက်နောက်သော မဟဂ္ဂုတ်ကုသိုလ်ကြီယာအားတပ်သော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ်ကုသိုလ်ကြီယာ၊ ဆိုရိုးဒါလောက်မခက်ပါဘူး။ ရတိုင်း အဓိပ္ပါယ်မသိလို့ အဓိပ္ပါယ် ညှပ်ပြောပေးပြီး သင်နေတယ်။

ဒီတော့ ဒီဆိုရိုးကလေးဖြင့် ဘာတွေ ကုန်သွားသလဲ မေးလျှင် စျာနဝိထိမှာ ရေးထားတဲ့ စျာန်-စျာန်-စျာန်ဆိုတဲ့ စာလုံးကလေးတွေ ကုန်သွားတယ်လို့ နားလည်ပါနော် (မှန်ပါ)။

အဲဒီ စျာန်နောင်မှာ ကြည့်စမ်း၊ ဘာရှိသလဲ (ဘဝင်ရှိပါတယ်)၊ သတိပြုကြည့်၊ ဘာဘဝင်လဲလို့ မေးတော့ ပါဠိတော်သင်တုန်းက ဘုန်းကြီးက ပြောခဲ့တယ်၊ တိဟိတ်ဘဝင်လို့ ပြောခဲ့တယ် မဟုတ်လား (မှန်ပါ)၊ ဒီက စျာန်က မဟဂ္ဂုတ် ကုသိုလ်စျာန်လဲ ရှိတယ်၊ ကြီယာစျာန်လဲ ရှိတယ်၊ ဘဝင်က တိဟိတ်ဘဝင်ဆိုတော့ သာမညအနေအားဖြင့် ယထာ-လာဘဆိုသလို ရသင့်သလို ယူထားရတာ ခွဲကြည့်ပါလား၊ ရူပစျာန်နောင် ကျန့ိုင်တဲ့ ဘဝင်နှင့် အရူပစျာန်နောင် ကျန့ိုင်တဲ့ဘဝင် တူပါ့မလား၊ သဏ္ဌိဟ်ဝိထိပိုင်းတုန်းက အစအနကလေးတွေပါတဲ့ ပုဂ္ဂိုလ်တွေက ဒီမှာ တန်ဖိုးရှိမှန်း သိလိမ့်မယ်။

ဒီတော့ တိဟိတ်ဘဝင်ကို တချိန်က ဘုန်းကြီးပြောတယ်၊ ဘယ်သူလဲလို့မေးတော့ ကာမဇောဝါရတုန်းက ပြောခဲ့တယ် မဟုတ်လား၊ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄-ခု ရယ် မဟဂ္ဂုတ်ဝိပါက် ၉-ခုရယ်၊ ပေါင်း ၁၃-ခု တိဟိတ်ဘဝင်တေရသ။

ပြန်ကြည့်စမ်းပါဦးတခေါက်၊ မဟာဝိပါက်က ဉာဏသမ္ပယုတ်စိတ် ၄-ခု၊ မဟဂ္ဂုတ်ဝိပါက်က ပေါင်းခေါ်တာကိုး၊ ရူပဝိပါက်က ၅-ခု၊ အရူပဝိပါက်က ၄-ခု၊ ကာမဝိပါက် ဉာဏသမ္ပယုတ်နှင့် ရူပဝိပါက် ပေါင်းတော့ **ပဋ္ဌဝေါကာရ** တိဟိတ်ဘဝင် ၉-ခု၊ ဟိုဟာက အရူပ မဟုတ်လား (မှန်ပါ)၊ စတုဝေါကာရ ဘဝင်လဲ ခေါ်တယ်။

အဲဒီလို နားလည်ရတယ်၊ စာဆိုမည်ကြံရင် ဘယ်သူ့ဆိုတာပါလိမ့်၊ စာအုပ်ကြီးထဲ ရှိတာ ကျက်ထားလို့ မပြီးဘူး။ ဒီတော့ စဉ်းစား၊ ရူပစျာန်တွေနောင်မှာ အရူပဘဝင်တွေ မဖြစ်သင့်ဘူးနော်။

ဒီတော့ အကောက်ဆရာတော်ဘုရားကြီးက ဒါကို ဘယ့်နှယ်လုပ် ခွဲလိုက်လဲ သတိပြု။ ပဠဝေါကာရ တိဟိတ်ဘဝင် ၉-ခုအားတပ်သော (အရူပဘဝင် ဖြုတ်ပစ်လိုက်ပြီ) မဟုတ်လား (မှန်ပါ)။ ပဠဝေါကာရ တိဟိတ်ဘဝင် ၉-ခုအားတပ်သော ရူပါဝစရကုသိုလ်ကြီယာ အဆုံးဇော၊ အရူပစျာန်တွေ ကျန်မနေဘူးလား (မှန်ပါ)။

ပြန်နားထောင်စမ်း၊ ဘာတဲ့ ပဠဝေါကာရတိဟိတ်ဘဝင် ၉-ခုအားတပ်သော ရူပါဝစရကုသိုလ်ကြီယာ အဆုံးဇောတဲ့၊ ဆိုရိုးက ကိုယ်ကြည့်မြင်နေတာက ဘာတုန်း စျာန်+ဘဝင်၊ ဒီစာလုံးကလေး ၂-လုံးကြည့်ပြီး ဆိုရတယ်။

နို့အရူပတွေကျတော့ ဘယ့်နှယ်လုပ်မလဲ၊ အရူပစျာန်နောင်ကျတော့ ပဠဝေါကာရ တိဟိတ်ဘဝင်တွေလဲ ဖြစ်ကောင်းတယ်၊ သူတို့နှင့် အသွင်တူတဲ့ ဘဝင်တွေလဲ ကျသွားတယ်၊ ဒီတော့ ပစ္စယုပ္ပန်မှာ ဘဝင်တလုံးတလုံး တိုးသွားရတယ်၊ အရူပစျာန်ကို သွားမလို့နော် (မှန်ပါ)။

ပဠဝေါကာရ တိဟိတ်ဘဝင် ၉-ခု, အာကာသာနဉ္စာယတနဘဝင်အား တပ်သော ပစ္စယုပ္ပန်မှာ ဘာတိုးလာတယ်၊ အာကာသာနဉ္စာယတနဘဝင် တိုးလာတယ်၊ ပစ္စည်းတရားက အာကာသာနဉ္စာယတနကုသိုလ်ကြီယာ အဆုံးဇောတဲ့။

ဒီတော့ အရူပစျာန်နောင် ကျတဲ့ ဘဝင်ကတော့ ပဠဝေါကာရ ဘဝင်တွေလဲ ကျကောင်းတယ်၊ ကိုယ်နှင့် အသွင်တူတဲ့ ဘဝင်လဲ ကျရတယ် မဟုတ်လား (မှန်ပါ)။

စိတ်ကူးကလေးနှင့် နားထောင်ပါ မခက်ပါဘူး၊ အမှတ်တမဲ့တော့ ခက်တယ် ထင်ရတယ်။

နောက်ဘဝင်တလုံး ထပ်တိုးလိုက်စမ်း ပစ္စယုပ္ပန်က၊ ပဠဝေါကာရ တိဟိတ်ဘဝင် ၉-ခု၊ အာကာသာနဉ္စာယတနဘဝင်, ပြီးတော့ တလုံးတိုးပါ။ ဘယ်သူတုန်း၊ ဝိညာဏဉ္စာယတနဘဝင်အားတပ်သော ပစ္စယုပ္ပန် ပြီးရော မဟုတ်လား (မှန်ပါ)၊ ပစ္စည်းက ဝိညာဏဉ္စာယတနကုသိုလ်ကြီယာ အဆုံးဇော။

ရသလောက်ကလေး နားလည်ပါစေ၊ ကျေပါစေ၊ လောဘမကြီးပါနှင့်။

နောက်ဘဝင်တလုံး ထပ်တိုးလိုက်၊ ပစ္စည်းကလဲ တိုးမှာဘဲ ပဠဝေါကာရ တိဟိတ်ဘဝင် ၉-ခု၊ အာကာသာနဉ္စာယနဘဝင်, ဝိညာဏဉ္စာယတနဘဝင် တခုတိုးရဦးမယ် မဟုတ်လား (မှန်ပါ)။ ဘာတဲ့ အာကိဉ္စညာယတနဘဝင်အားတပ်သော အာကိဉ္စညာယတနကုသိုလ်ကြီယာ အဆုံးဇော ဒီလို မဟုတ်လား (မှန်ပါ)။

ကုန်တော့မယ်၊ နောက်တခုထည့်လျှင် ကုန်ရောမဟုတ်လား၊ ကုန်တာဖြင့် ပေါင်းလိုက်ပါလား၊ ပေါင်းလိုက်တော့ ဘာတုန်း၊ တိဟိတ်ဘဝင် တေရသ မဖြစ်ဘူးလား (မှန်ပါ)၊

ပစ္စည်းတရားက နေဝသညာနာသညာရှိတော့တယ်နော် (မှန်ပါ)၊ တိဟိတ်ဘဝင်တေရသ အားတပ်သော နေဝသညာနာသညာ ယတနကုသိုလ်ကြိယာအဆုံးဇော၊ ပြီးရော စျာနဝိထိ၊ စျာန် + ဘဝင်ကလေးမှာ ၅-ကြိမ်ဆိုထားတယ်၊ ရူပစျာန်က တကြိမ်, အရူပစျာန်က ၄-ကြိမ် ဒီလို မဟုတ်လား (မှန်ပါ)။

ဘယ်က စတယ်၊ သမာပဇ္ဇနဝိထိ စျာန်+စျာန်က နေပြီး စျာန်+ဘဝင် ဒါတွေ မဟုတ်လား (မှန်ပါ)၊ ဦးဉာဏဝရ ဆိုစမ်း။

ဦးဉာဏဝရ။ ။သမာပဇ္ဇနဝိထိ၌ နောက်နောက်သော မဟဂ္ဂုတ်ကုသိုလ် ကြိယာ အားတပ်သော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ်ကုသိုလ်ကြိယာ, ပဠဝေါကာရ တိဟိတ်ဘဝင် ၉-ခုအားတပ်သော ရူပါဝစရ ကုသိုလ်ကြိယာ အဆုံးဇော, ပဠဝေါကာရတိဟိတ်ဘဝင် ၉-ခု အာကာသာနဉ္စာယတနဘဝင်, ဝိညာဏဉ္စာ ယတနဘဝင်အားတပ်သော ဝိညာဏဉ္စာယတန ကုသိုလ်ကြိယာအဆုံးဇော, ပဠဝေါကာရတိဟိတ်ဘဝင် ၉-ခု အာကာသာနဉ္စယတနဘဝင်, ဝိညာဏဉ္စာ ယတနဘဝင်, အာကိဉ္စညာယတနဘဝင်အားတပ်သော အာကိဉ္စညာယတန ကုသိုလ်ကြိယာအဆုံးဇော, တိဟိတ်ဘဝင် တေရသအား တပ်သော နေဝ သညာနာသညာယတန ကုသိုလ်ကြိယာ အဆုံးဇော။

ဆရာတော်။ ။ဒါက စျာနဝိထိ ကုန်သွားတယ်လို့ သိပါနော်၊ စျာနပြီးတော့ မဂ္ဂဝိထိမဟုတ်လား၊ ခဏချန်ထားခဲ့၊ ဝိထိကျော်မလို့၊ စျာနဝိထိပြီးတော့ မဂ္ဂဝိထိကျော်, ဖလသမာပတ္တိဝိထိကျော်၊ ဟိုနောက်ဆုံးက နိရောဓသမာပတ္တိ-ဝိထိ ကြည့်စမ်း။

ဝိထိကလေး ၄-၅-ကြောင်း အစဉ်အတိုင်း ရေးထားတာ၊ ဘာဖြစ်လို့ ခုန်ကျော်ပြီး တော့ ဟိုရောက်သွားပြန်ပါလိမ့်မလဲလို့ သတိပြုပြီးတော့ စဉ်းစားရမယ်။

နိရောဓသမာပတ္တိဝိထိ၌ အနန္တရပစ္စည်း ပစ္စယုပ္ပန်

ဘာဆိုမလို့လဲလို့မေးလျှင် နိရောဓဝိထိကြည့်စမ်း၊ နိရောဓသမာပတ် မဝင်စားမီ အနာဂါမ်ကိုယ်တော်ကြီး သန္တာန်မှာ နေဝသညာနာသညာယတနကုသိုလ်, ရဟန္တာကိုယ် တော်ကြီး သန္တာန်မှာ နေဝသညာနာသညာယတနကြိယာ၊ ပစ္စည်းတွေက ဘာတဲ့တုန်း၊ နေဝကုန္ဒင့် ကြို မဟုတ်လား(မှန်ပါ)၊ သမာပတ်ဝင်စားလို့ ၇-ရက်ကကျော်ပြီးတော့ သမာပတ် က ထတဲ့အခါကျတော့ အနာဂါမ်ကိုယ်တော်ကြီးသန္တာန်မှာ အနာဂါမိဖိုလ်ဖြစ်တယ်၊ ရဟန္တာ ကိုယ်တော်ကြီးသန္တာန်မှာ အရဟတ္တဖိုလ်ဖြစ်တယ်။

ပြန်ကြည့်စမ်း၊ သေသေချာချာကြည့်စမ်း၊ အမှတ်တမဲ့ဆိုလျှင် ပျောက်သွားတတ်တယ်၊ အဲဒီလိုနေတော့ ဒီဝိထိမှာ ပစ္စည်းတရားက ဘယ်သူလဲမေးလျှင် နေဝကု-ကြ၊ ပစ္စယုပ္ပန်တရားက အနာဂါမိဖိုလ်, အရဟတ္တဖိုလ်၊ မှတ်မိလား (မှန်ပါ)။

ခုတင်တုန်းက စျာနဝိထိ ဦးပဉ္စင်းတို့ ဆိုတယ်မဟုတ်လား (မှန်ပါ)၊ နောက်ပိတ်ဆုံးပစ္စည်းတရားဟာ ဘယ်သူတဲ့တုန်း နေဝကု-ကြဘဲ၊ အခု ဒီမှာတွေ့တဲ့အတိုင်း၊ အဲဒါ မျက်စိလည်မှာစိုးလို့ ခုတင် ထပ်ထပ်ပြောနေတာ၊ ဘာတဲ့ တိဟိတ်ဘဝင်တေရသအားတပ်သော နေဝသညာနာသညာယတန ကုသိုလ်ကြိယာ အဆုံးဇော ဒီလိုဆိုတာမဟုတ်လား (မှန်ပါ)။

ဒီတော့ စျာနဝိထိမှာ နောက်ဆုံးပစ္စည်းကလဲ နေဝကု-ကြဘဲ၊ နိရောဓဝိထိရဲ့ ပစ္စည်းတရားကလဲ နေဝကု-ကြဘဲဆိုတော့ ပစ္စည်းချင်း တူမနေဘူးလား ဒီ ၂-ဝိထိ (တူနေပါတယ်)။

ပစ္စယုပ္ပန်အနေအားဖြင့် ကြည့်လျှင် စျာနဝိထိက တိဟိတ်ဘဝင်တေရသ၊ ဒီက ဘာတုန်း။ အနာဂါမိဖိုလ်နှင့် အရဟတ္တဖိုလ်။

ဒီ ၂-ဝိထိသည် ဘယ်လိုတူနေသလဲ ပစ္စည်းအနေအားဖြင့် တူနေကြတယ်၊ ပစ္စယုပ္ပန်မှာ စျာနဝိထိက တိဟိတ်ဘဝင်တေရသ၊ နိရောဓဝိထိက အနာဂါမိဖိုလ်, အရဟတ္တဖိုလ်။

အဲဒီလို တူနေတော့ သတိပြုကြ၊ ဒီမှာသာ ဝိထိနှင့် ဦးပဉ္စင်းတို့ မြင်လို့ပြောဖြစ်တာ၊ အရကောက်မှာဆိုလျှင် ပြောလို့မဖြစ်ဘူး၊ ဆရာတော်ဘုရားကြီးက အရကောက်တော်မူတဲ့ အခါ ဒီ ၂-ဝိထိပေါင်းပြီးတော့ ဘယ်လိုဆိုသတုန်း၊ **စျာနဝိထိအတွက် တိဟိတ်ဘဝင်** တေရသ၊ (စျာနဝိထိအတွက် စကားစလိုက်တယ်)၊ ဟုတ်လား (မှန်ပါ)၊ ပြီးတော့ ဒီကိုလှမ်း ပြီးတော့ **နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်**အားတပ်သော၊ ပစ္စယုပ္ပန် ၂-ခုပေါင်းဆိုလိုက်တယ်။

ဝိထိမသိဘဲနှင့်တော့ ဒီစာကို ကုန်းကျက်နေရုံနှင့်တော့ ဘာနားလည်မှာတုန်းနော် (မှန်ပါ)၊ အခု ဒီက ဝိထိနှင့် မြင်နေရတယ်၊ တိဟိတ်ဘဝင် တေရသဆိုတာက ဘယ်ဝိထိလဲ (စျာနဝိထိ)၊ နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်အားတပ်သောဆိုတာက (နိရောဓဝိထိ)၊ ပြီးတော့ ပစ္စည်းက တူတော့ ပေါင်းချလိုက်ရော ဆရာတော်ကြီးက၊ တပ်သော နေဝသညာ နာသညာ ယတနကုသိုလ်ကြိယာအဆုံးဇော... တဲ့၊ ဘယ်လိုက်ရှာရမှန်းမသိဘဲ ဖြစ်နေတတ်တယ်၊ ကိုယ်ကမှ ဝိထိမသိဘဲကိုး၊ ဒီမှာတော့ ဝိထိကလေးနှင့် ရှင်းပြတော့ ရှင်းနေတာဘဲ။

ဒါကြောင့် ခုတင်ကဟာလဲ ခုတင်ကအတိုင်း ဆုံးပါစေ၊ ဒီဝိထိမှာလဲ ဒီဝိထိသန့်သန့်ဆိုပါ၊ ဦးပဉ္စင်းတို့ အကောက်ထဲမှာ ပေါင်းပြီးတော့ ဆိုထားလိမ့်မယ်လို့ နားလည်ပြီး ကြည့်လဲကြည့်ပါ။

ဘာတဲ့၊ နိရောဝေသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်အားတပ်သော နေဝသညာနာ သညာယတန ကုသိုလ် ကြိယာအဆုံးဇော၊ တကြိမ်ဆိုပါနော်၊ ဒီဝိထိ ကူးပြီးတော့ (မှန်ပါ)။

မဂ္ဂဝိထိ၌ အနန္တရပစ္စည်း ပစ္စယုပ္ပန်

ပြီးတော့ ခုတင်က ချန်ထားခဲ့တဲ့ မဂ္ဂဝိထိသွားကြည့်စမ်း၊ မဂ်က ပစ္စည်း, ဖိုလ်က ပစ္စယုပ္ပန် တွေ့သလား (မှန်ပါ)၊ လွယ်လွယ်ကလေးရယ် ဒီက သတိထားဆို။

သောတာပတ္တိမဂ်က ပစ္စည်းဖြစ်လျှင် ဘယ်သူ ပစ္စယုပ္ပန်ဖြစ်မလဲ (သောတာပတ္တိဖိုလ်)၊ သောတာပတ္တိဖိုလ်အားတပ်သော သောတာပတ္တိမဂ်၊ တခုချင်းထည့်သွား၊ သကဒါဂါမိဖိုလ်အားတပ်သော သကဒါဂါမိမဂ်, အနာဂါမိဖိုလ်အားတပ်သော အနာဂါမိမဂ်, အရဟတ္တဖိုလ်အားတပ်သော အရဟတ္တမဂ်ဆိုတော့ မဂ်နှင့် ဖိုလ် ပစ္စည်း ပစ္စယုပ္ပန် ပြီးပြန်ရော၊ နားလည်တယ်နော် (မှန်ပါ)။

သတိပြု၊ အဲဒီ မဂ္ဂဝိထိမှာ ဖိုလ် ၂-ကြိမ်, ၃-ကြိမ်မရှိဘူးလား (ရှိပါတယ်)၊ ရှေ့ဖိုလ် ပစ္စည်းဖြစ်လျှင် နောက်ဖိုလ်က (ပစ္စယုပ္ပန်)။

သမာပတ္တိဝိထိ၌ အနန္တရပစ္စည်း ပစ္စယုပ္ပန်

သမာပတ္တိဝိထိကြည့်စမ်း။ ဖိုလ်တွေပြည့်လို့ မဟုတ်လား (မှန်ပါ)၊ ဘယ်လောက်များသလဲ မေးလျှင် မသိနိုင်ဘူးပေါ့နော် (မှန်ပါ)၊ ရှေ့ဖိုလ်ပစ္စည်း, နောက်ဖိုလ် ပစ္စယုပ္ပန်၊ သူတို့လဲ ဒီလို ဖြစ်မယ်မဟုတ်လား (မှန်ပါ)။

အဲဒီ ၂-ဝိထိမှာရှိတဲ့ ဖိုလ်တွေပေါင်းပြီးတော့ ခုတင်က စျာန်တုန်းကဆိုသလို နားထောင်စမ်း၊ နောက်နောက်သော ဖိုလ် ၄-ခုအားတပ်သော ဒါက ပစ္စယုပ္ပန်နော် (မှန်ပါ)၊ နောက်နောက်သော ဖိုလ် ၄-ခုအားတပ်သော ရှေးရှေးသော ဖိုလ် ၄-ခု၊ ပြီးတော့မှ စျာနတုန်းက ဘုန်းကြီးပြောသလို ဇောတူဆိုတာကလေး သုံးလိုက်၊ နောက်နောက်သောဖိုလ် ၄- ခုအားတပ်သော ရှေးရှေးသော ဇောတူဖိုလ် ၄-ခုဆိုတော့ မဂ္ဂဝိထိက ဖိုလ်ရယ်, သမာပတ္တိ ဝိထိက ဖိုလ်ရယ် ကုန်ရော မဟုတ်လား (မှန်ပါ)။

ဇောတူ

သတိထားစမ်းပါ၊ ဘာပြောပြန်သလဲမေးလျှင် သောတာပတ္တိဖိုလ်ပစ္စည်း သကဒါဂါမိဖိုလ်ပစ္စယုပ္ပန်လို့မရ၊ သကဒါဂါမိဖိုလ်ပစ္စည်း အနာဂါမိဖိုလ်ပစ္စယုပ္ပန်လို့မရ၊ ပစ္စည်းသည်

သောတာပတ္တိဖိုလ်ဖြစ်လျှင် ပစ္စယုပ္ပန်လဲ တစဉ်လုံး သောတာပတ္တိဖိုလ်တွေချည်း ဖြစ်ရမယ်နော် (မှန်ပါ)။ အဲဒါကိုင့်ပြီးတော့ ဘာခေါ်သတုန်း၊ ဇောတူတဲ့။

ပြန်မှတ်ကြစမ်းပါ၊ နောက်နောက်သောဖိုလ် ၄-ခုအားတပ်သော ရှေးရှေးသော ဇောတူဖိုလ် ၄-ခု၊ သတိပြုကြည့်၊ မဂ္ဂဝိထိဖိုလ်နောင် ဘယ်သူရှိသလဲ (ဘဝင်ရှိပါတယ်)၊ ဖလသမာပတ္တိဖိုလ်နောင် (ဘဝင်ရှိပါတယ်)၊ နိရောဓသမာပတ္တိဖိုလ်နောင် (ဘဝင်ရှိပါတယ်)၊ အားလုံး တိဟိတ်ချည်းဘဲ မဟုတ်လား (မှန်ပါ)၊ တိဟိတ်ဘဝင် တေရသအားတပ်သော၊ အားလုံး ၃-ဝိထိစလုံး တိဟိတ်ချည်းဘဲ၊ အားလုံး ၃-ဝိထိစလုံးကို ခြုံပြီး ဆိုတဲ့စကား၊ တိဟိတ်ဘဝင် တေရသအားတပ်သော ဖိုလ် ၄-ခု အဆုံးဇော၊ ဘာဖိုလ်ဆုံးဆုံး ဟုတ်လား (မှန်ပါ)။

မဂ္ဂနှင့် သမာပတ္တိဝိထိက ဖိုလ် ၄-ခုစလုံးရှိတယ်၊ နိရောဓဝိထိကတော့ ဖိုလ် ၂-ခု ရှိမှာပေါ့နော်၊ အနာဂါမိဖိုလ်နှင့် အရဟတ္တဖိုလ်ရှိတယ်၊ ဒါပါဘဲ။

ပြန်ကြည့်စမ်း၊ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်, အရဟတ္တဖိုလ် အားတပ်သော နေဝသညာနာသညာယတန ကုသိုလ်ကြိယာ အဆုံးဇော၊ ပြီးတော့ ဘယ်သွားမလဲ မဂ္ဂဝိထိ၊ သောတာပတ္တိဖိုလ်အားတပ်သော သောတာပတ္တိမဂ် အစဉ်အတိုင်းထည့်၊ အရဟတ္တဖိုလ်အားတပ်သော အရဟတ္တမဂ်၊ ပြီးတော့ ၂-ဝိထိဖိုလ်တွေ ဟုတ်လား (မှန်ပါ)၊ နောက်နောက်သော ဖိုလ် ၄-ခု အားတပ်သော ရှေးရှေးသော ဇောတူ ဖိုလ် ၄-ခု၊ ပြီးတော့ကော (တိဟိတ်ဘဝင်တေရသအားတပ်သော)၊ ဖိုလ်က ဘဝင်တပ်ပုံ၊ တိဟိတ်ဘဝင်တေရသ အားတပ်သော ဖိုလ် ၄-ခု အဆုံးဇော၊ မှတ်မိတယ် မဟုတ်လား (မှန်ပါ)။

ဆရာတော်။ ။ဦးဥာဏဝရ ဆိုစမ်း။

ဦးဥာဏဝရ။ ။နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်အားတပ်သော နေဝသညာ နာသညာယနကုသိုလ်ကြိယာ အဆုံးဇော, သောတာပတ္တိဖိုလ်အားတပ်သော သောတာပတ္တိမဂ်, သကဒါဂါမိ ဖိုလ်အားတပ်သော သကဒါဂါမိမဂ်, အနာဂါမိဖိုလ်အားတပ်သော အနာဂါမိမဂ်, အရဟတ္တဖိုလ် အားတပ်သော အရဟတ္တမဂ်, နောက်နောက်သော ဖိုလ် ၄-ခုအားတပ်သော ရှေးရှေးသော ဇောတူဖိုလ် ၄-ခု, တိဟိတ်ဘဝင်တေရသအားတပ်သော ဖိုလ် ၄-ခု အဆုံးဇော။

ဆရာတော်။ ။လွယ်ပါတယ် အားလုံး တခေါက်ဆိုကြစမ်းပါ။

သံယာတော်များ။ ။တခေါက်ဆိုကြသည်။

ဆရာတော်။ ။ဒီနေ့ စတဲ့နေရာက စဟောစမ်းပါ။

သံယာတော်များ။ ။သမာပဇ္ဇနဝိထိ၌ (၀)၊ ဖိုလ် ၄-ခု အဆုံးဇော။

ဆရာတော်။ ။နက်ဖြန်ခါ မရဏာသန္နဝိထိ၊ ကဲ ဒီနေ့တော်ကြစို့။

သဟကြီး ၄-ပစ္စည်းအရကောက်
သဟဇာတ၌ ကု-ကု အရကောက်

သဟဇယ်ပစ္စည်းတွေ ကုန်သွားပြီ၊ ဒီနေ့ သဟကြီး ၄-ပစ္စည်းအရကောက် သဟကြီး ပါဠိတော်ဇယား[1]ဘဲ ကြည့်ပါ။

သဟကြီး ၄-ပစ္စည်း အရကောက်ဆိုပေမဲ့ သဟဇာတကောက်ပြီးလျှင် ကြွင်းတဲ့ နိဿယ, အတ္ထိ, အဝိဂတတို့က အတူတူဘဲ ကောက်ပြီး ဖြစ်ပေစေပေါ့။ သဟကြီး လတ် ပါဠိတော်ဇယားဆိုတာ ကြည့်ပါ။

အဲဒီမှာလဲ အပေါ်ကရေးထားတဲ့ သုဒ္ဓသင်္ချာရေးထားတဲ့ စာကလေး ၃-ကြောင်း ကိုသာ ဂရုစိုက်ကြည့်ပါ။

ပါဠိတော်တုန်းက သရုပ်ခွဲသလို အခုအနည်းအကျဉ်းပြန်ပြီး သရုပ်ခွဲမယ်၊ နံပါတ် ၁-အကြောင်း ဘာရေးထားသလဲ၊ နာမကွန္ဓာ ၄-ပါး၊ အချင်းချင်းအားဇင်း, အချင်းချင်း စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်-လို့ ရေးထားတယ်၊ အဲဒါကလေးတင်နော်။

အဲဒီမှာ နာမကွန္ဓာ ၄-ပါးမှာ ပါဠိတော်တုန်းက ပြောသလို တိကအနေနှင့် သရုပ်ခွဲလိုက်လျှင် ကုသိုလ်နာမကွန္ဓာ ၄ ပါး, ထို့အတူ အကုသိုလ် နာမကွန္ဓာ ၄-ပါး, အဗျာကတ လို့ခေါ်တဲ့ ဝိပါက်ကြိယာ နာမကွန္ဓာ ၄-ပါးလို့ ၃-မျိုးထွက်မလာဘူးလား (ထွက်လာပါတယ်)၊ အဲဒီ ၃-မျိုးမှာ ကုသိုလ်နှင့်စပ်တဲ့ နာမကွန္ဓာ ၄-ပါးကို ပစ္စယုပ္ပန်နှင့် တွဲပြီးတော့ ပါဠိတော် ဖြစ်အောင် သရုပ်ခွဲခဲ့တော့ ဘယ်လိုခွဲလာသလဲတဲ့၊ ပြန်နားထောင်နော်၊ အဲဒါ အရကောက် ဖြစ်မှာဘဲ၊ ဒါကြောင်မို့ ပြန်ပြောတာ၊ ပါဠိတော်တုန်းက စကားတွေဘဲ တခေါက်ကြားရ တယ်။

ဘယ်လိုခွဲသလဲ၊ အချင်းချင်းအားတပ်သော ကုသိုလ်နာမကွန္ဓာ ၄-ပါးတမျိုး, နောက် တမျိုးက စိတ္တဇရုပ်အားတပ်သော ကုသိုလ်နာမကွန္ဓာ ၄-ပါး တမျိုး, အချင်းချင်း နာမကွန္ဓာ စိတ္တဇရုပ်အားတပ်သော ကုသိုလ်နာမကွန္ဓာ ၄-ပါးတမျိုး... ဆိုပြီး ၃-မျိုးခွဲတယ်။

---

[1] ဤကျမ်း၊ နှာ-၂၁၈-ရှိ သဟကြီးလတ် ပါဠိတော် သုဒ္ဓသင်္ချာ ဇယား။

အဲဒီလိုခွဲလိုက်တော့ မူရင်းဖြစ်တဲ့ နံပါတ် ၁ စာကြောင်းက ကုသိုလ်နှင့်စပ်တဲ့ နာမ် ရုပ်တရားတွေ ကုန်သွားတယ်လို့ ဒီလို ပြောထားတယ် မဟုတ်လား (မှန်ပါ)။ ကဲ တခေါက် ပြန်ကြည့်ပြီး ပါဠိတော်အရကောက်ဇယာ[1]နှင့် ပြန်တွဲရအောင်။

အချင်းချင်းအားတပ်သော ကုသိုလ်နာမက္ခန္ဓာ ၄-ပါး၊ သူ့အတွက် ပါဠိတော် အရကောက်ဇယား[1]ကြည့်လိုက်၊ သင်္ခ်ာနံပါတ် ၁၊ ပဒက ကု, ပဒါဝသာနကလဲ ကု၊ ဘယ်လိုလုပ် ဟောထားသလဲ၊ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။

နောက် ၁-၃-၂ ကြည့်ပြီးတော့ ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ၊ တယော ခန္ဓာ ဧကဿ ခန္ဓဿ၊ ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ စသည်ဖြင့် ဟောထားတယ်၊ ဘယ်တရား ဟောတာလဲ မေးလျှင် အချင်းချင်းအားတပ်သော ကုသိုလ်နာမက္ခန္ဓာ ၄-ပါး၊ သူသည်ပင်လျှင် အကောက်ဖြစ်လိမ့်မယ်လို့ ပါဠိတော်တုန်းက ပြောခဲ့သားဘဲ။ သတိပြု၊ အကောက် ဆရာတော်ဘုရားကြီးရဲ့ အလိုတော်ကျ ကောက်ရအောင်။

ကုသလော ကုသလဿ၌ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ခုတင်က သရုပ်ခွဲတဲ့အတိုင်းဆိုနော်၊ အချင်းချင်းအားတပ်သော ကုသိုလ်စိတ် ဧကဝိသ, စေတသိက် အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာပစ္စည်းတရား၏။

ဘာခန္ဓာ ခေါ်သလဲ (အစိတ် အစိတ် နာမက္ခန္ဓာ)၊ ၁-၃-၂၊ ၃-၁-၂ လို့ ဒီလိုသွားနေသမျှ ကာလပတ်လုံး အဲဒီလိုသွားနေလျှင် နာမ်ဖြစ်ဖြစ် ရုပ်ဖြစ်ဖြစ် **အစိတ်အစိတ်လို့** မှတ်ထားစမ်းပါ၊ နောင်လဲ ဒီထက်ထင်ရှားမယ်၊ အခုဒီမှာ ဧကော ခန္ဓောက ၁၊ တိဏ္ဏန္နံ ခန္ဓာနံက ၃-မဟုတ်လား (မှန်ပါ)၊ ၁-၃၊ ၃-၁၊ ၂-၂၊ အဲဒီလိုသွားနေလျှင် ရုပ်ဖြစ်တဲ့ မဟာဘုတ်တွေ သွားလဲ အစိတ်အစိတ် မဟာဘုတ်ခေါ်တယ်။

ပြန်နားထောင်စမ်း၊ ကုသလော ကုသလဿ၌ ကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏အရကား အချင်းချင်းအားတပ်သော ကုသိုလ်စိတ် ဧကဝိသ, စေတသိက်အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စည်းတရား၏။

ပစ္စယုပ္ပန် သမ္မဒါန်ကလဲ ဒီအတိုင်း ၃-၁-၂-ရှိသော ကုသိုလ်ဧကဝိသရှိမှာဘဲ မဟုတ်လား (မှန်ပါ)၊ ကုသလဿ ဓမ္မဿဟူသော သမ္မဒါန်ပုဒ်၏ အရကား ကုသိုလ်စိတ် ဧကဝိသ, စေတသိက်အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား၏။ ဒီလိုနော်၊ ဒါဟာ ပစ္စည်းရယ်, ပစ္စယုပ္ပန်ရယ် ပြီးရော၊ သတိပြုစမ်း ကရိုဏ်းပါဠိထုတ်ရအောင်။

---

[1] ဤကျမ်း၊ နှာ-၂၂၃-ရှိ သဟကြီးလတ် ပါဠိတော်အရကောက် ဇယား။

အခုဟောတာက ဘယ်တရားဟောသလဲလို့မေးလျှင် (အချင်းချင်းအားတပ်သော ကုသိုလ်နာမကွန္ဓာ ၄-ပါး ဟောပါတယ်)။

ပစ္စည်းကလဲ နာမ် ကုသိုလ်နာမ် ဟုတ်လား (မှန်ပါ)၊ ပစ္စယုပ္ပန်ကလဲ ကုသိုလ် နာမ်။

ဒါဟာ သဟဇာတ်ကြီး ဟောနေတာဖြစ်တော့ သဟဇာတ်ကြီး ၄-ပစ္စည်းရတယ်ဆိုတာ သေချာ မနေဘူးလား (မှန်ပါ)၊ ဒီတော့ ရှာဖို့ရာ ဘယ်မှာရှာရမလဲ၊ အလတ် ၄-ပစ္စည်းသွားပြီးရှာ၊ နာမ်ပစ္စည်း, နာမ်ပစ္စယုပ္ပန်ရနိုင်တဲ့ အလတ်ပစ္စည်းဟာ ဘယ်သူတဲ့တုန်း (အညမညနှင့် သမ္မယုတ္တပစ္စည်း)၊ ဝိပါက-က ရနိုင်တယ်၊ သို့ပေမယ်လို့ ဝိပါက်မဟုတ်ဘူး၊ ဒီက ကုသိုလ် တွေ ဖြစ်နေတယ်။

ဒီတော့ ဦးပဉ္စင်းတို့ ဘာခက်သတုန်း၊ ဒီကရိုဏ်းပါဠ် ဘယ်လောက်ထုတ်မလဲမေး လျှင် ယခု ဟောရင်းဖြစ်တဲ့ အကြီး-၄-ပစ္စည်းရယ်, အလတ်က ည-သံရယ်ထည့်လိုက်တော့ (၆-ပစ္စည်း)၊ တပြိုင်နက် ၆-ပစ္စည်း။

ပါဠိတော်ကုန်စက ဘုန်းကြီးတချိန်မှာ ပြောခဲ့သေးတယ် သတိပြုစမ်း၊ အခုဟာက ကုသိုလ်ကလေးတင် မဟုတ်လား (မှန်ပါ)၊ သုဒ္ဓသန္ဓာရှိတဲ့အတိုင်း အချင်းချင်းအားတပ် သော နာမကွန္ဓာ ၄-ပါးဆိုတဲ့တရားဟာ ဘယ်မှာရှိသလဲမေးလျှင် အကြီး ၄-ပစ္စည်းနှင့် ည-သံ သုဒ္ဓသန္ဓာမှာလေ (မှန်ပါ)၊ အညမညသုဒ္ဓသန္ဓာ ဒီအတိုင်း၊ သမ္မယုတ္တသုဒ္ဓသန္ဓာ ဒီအတိုင်း မဟုတ်လား (မှန်ပါ)၊ အဲဒါကလေးတွေကို သုဒ္ဓသန္ဓာနှင့် မှတ်ထားလျှင် ဒီကရိုဏ်း ပါဠ် ဘယ်မှ ထွက်မပြေးနိုင်ဘူး။

ပြီးရောပေါ့၊ သဟဇာတပစ္စယေနဟူသော ကရိုဏ်းပါဠ်၏ အရကား တပြိုင်နက် တပ်ကောင်းသော သဟဇာတ, အညမည, နိဿယ, သမ္မယုတ္တ, အတ္ထိ, အဝိဂတ၊ ဤ ၆-ပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

အရကောက်ကို ဆိုနေတဲ့အခါမှာလဲ ပြီးသွားလျှင် အရကောက် စာအုပ်တွေ ကြည့်စမ်းရတယ်, ကြည့်ထားရတယ်၊ ဘယ်နားမှာလဲလို့ ကြည့်နေကျမဟုတ်လျှင် တော်တော်နေ ဘယ်နားမှန်းတောင် မသိဘူး၊ ရှာလို့မတွေ့ဘူး။

အရကောက် ဆရာတော်ဘုရားကြီးက အဓိပ္ပါယ်တွေ အများကြီးနှင့် ရေးထားတော့ တပစ္စည်းနှင့် တပစ္စည်း တခါတလေ အလှမ်းတော်တော်ဝေးတယ်။

သဟဇာတ၌ ကု-ဗျာ အရကောက်

နံပါတ် ၂၊ သရုပ်ခွဲက ဘာတဲ့တုန်း၊ စိတ္တဇရုပ်အားတပ်သော ကုသိုလ်နာမကွန္ဓာ ၄-ပါးတမျိုး၊ သခ်ၣာနံပါတ် ၂-ကုသလော အဗျာကတသ မဟုတ်လား (မှန်ပါ)။

ကုသလော ဓမ္မော အဗျာကတသ ဓမ္မသဆိုပြီး ဟောတယ်၊ အနုဝါဒပါဠိတော်က ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ၊ တပစ္စည်းမှာ ကျကျနနလုပ်ထားလျှင် နောက်ကို အတူတူဘဲဆိုလျှင် ကျေနပ်ရတယ်၊ သာမန်ကာရ၊ကာကလေး လုပ်သွားလျှင် အခုလဲ မရဘူး၊ နောင်လဲ မရဘူး။

ဒါကြောင့် ကုသလော အဗျာကတသ၌ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား စိတ္တဇရုပ်အား တပ်သော ဟုတ်လား (မှန်ပါ)၊ ရုပ်ပါနေလျှင် ဘာလုပ်ရဦးမယ်၊ (ဘုံသတ်ရပါမယ်)၊ ပဠဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝီသ စေတသိက် အဌတိံသ အစိတ်အပေါင်း နာမကွန္ဓာ၊ ခုတင်တုန်းကတော့ အစိတ်အစိတ် နာမကွန္ဓာ၊ အခုတော့ အစိတ်အပေါင်း နာမကွန္ဓာ (မှန်ပါ)။

အစိတ် အစိတ်, အစိတ် အပေါင်း

ပစ္စည်းဘက်မှာဖြစ်ဖြစ်, ပစ္စယုပ္ပန်ဘက်မှာဖြစ်ဖြစ် နာမကွန္ဓာလေးပါးစလုံး စုလျက်ပုံလျက် ရှိနေလျှင် **အစိတ်အပေါင်း** ခေါ်တယ်။

ပစ္စည်းဘက်ကရှိရှိ ပစ္စယုပ္ပန်ဘက်ကရှိရှိ နာမကွန္ဓာ ၄-ပါး တဘက်သတ်သန့်သန့်နေလျှင် မဟာဘုတ်လဲ ထို့အတူဘဲ တဘက်မှာ သန့်သန့်ထိုင်နေလျှင် သူဟာ **အစိတ်အပေါင်း**ဘဲ ခေါ်တယ်။

ဘယ်သဘောမျိုးလဲလို့ မေးလျှင် အခုပြောနေတဲ့ ပဒါဝသာန ၂-ခုတည်းကလေးတင် ယှဉ်ကြည့်စမ်းပါဦး၊ ဘုန်းကြီးပြောပြမယ် အကောက်က လွယ်လွယ်ကလေးပါ။

ခုတင်က ကု-ကုတုန်းက တပါးပစ္စည်းဖြစ်လျှင် ၃-ပါးက ပစ္စယုပ္ပန်၊ ၃-ပါးက ပစ္စည်းဖြစ်နေလျှင် တပါးက ပစ္စယုပ္ပန်၊ ပစ္စည်းဘက်မှာလဲ မစုံဘူး၊ ပစ္စယုပ္ပန်ဘက်မှာလဲ မစုံဘူး မဟုတ်လား (မှန်ပါ)၊ ၂-ပါး ပစ္စည်းဖြစ်လျှင် ၂-ပါးက ပစ္စယုပ္ပန်လို့ နာမကွန္ဓာ ၄-ပါးကို ပစ္စည်း ပစ္စယုပ္ပန် ၂-ဘက်မျှပြီး ယူနေရလျှင် ဒါဟာ **အစိတ်အစိတ်**။

အခုတော့ ဘာတုန်း၊ ကုသလာ ခန္ဓာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဆိုတော့ ကုသလာ ခန္ဓာမှာ နာမကွန္ဓာ ၄-ပါးစလုံး စုလျက်မဟုတ်လား (မှန်ပါ)၊ အဲဒီလိုနေတဲ့ အခါကျတော့ ဘာခေါ်လိုက်တယ် ခုတင်က (**အစိတ်အပေါင်း** နာမကွန္ဓာ)၊ ပစ္စယုပ္ပန်တရားက ဘာလဲမေးလျှင် စိတ္တဇရုပ်မဟုတ်လား (မှန်ပါ)။

သတိကလေးနှင့် နားထောင်စမ်း၊ ဘုန်းကြီးပြောမယ် ကုသိုလ်နာမကွန္ဓာ ၄-ပါးတို့တွင် တပါးသော နာမကွန္ဓာက-ဝေဒနာကွန္ဓာက ပြောကြပါစို့-ဝေဒနာကွန္ဓာက ပစ္စည်း, စိတ္တဇရုပ်က ပစ္စယုပ္ပန်ဆိုတော့ နာမကွန္ဓာ ၄-ပါးကုန်ရဲ့လား (မကုန်ပါ)၊ မကုန်ဘူးနော်၊ ဝေဒနာ သညာက ပစ္စည်း, စိတ္တဇရုပ်က ပစ္စယုပ္ပန်ဆိုတော့ကော ကုန်ရဲ့လား (မကုန်ပါ)၊ ဝေဒနာ သညာ သင်္ခါရက ပစ္စည်း, စိတ္တဇရုပ်က ပစ္စယုပ္ပန်ဆိုလျှင်ကော ကုန်ရဲ့လား (မကုန်ပါ)၊ မကုန်လျှင် ၁-၂-၃- **အစိတ်** (မှန်ပါ)၊ ၄-ပါးပစ္စည်း, ရုပ်ပစ္စယုပ္ပန်ထားတော့ကော ကုန်ပြီ မဟုတ်လား၊ ကုန်တော့ **အပေါင်း** (မှန်ပါ)။

ဒါကြောင့် ကုသလာ ခန္ဓာအရ ဘာတုန်း၊ ကုသိုလ်စိတ် ဧကဝိသ စေတသိက်-အဌတိံသ အစိတ်အပေါင်း နာမကွန္ဓာ ပစ္စည်းတရား ရ၏။ အဗျာကတသ ဓမ္မသဟူသော သမ္မဒါန် ပုဒ်၏ အရကား ကုသိုလ်သည် ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။

ကရိဏ်းပါဠ် ထုတ်ချင်တယ်၊ ထုံးစံအတိုင်း နာမ်က ပစ္စည်း, ရုပ်က ပစ္စယုပ္ပန်ဖြစ်တယ်၊ သဟကြီး ၄-ပစ္စည်းရတယ်၊ နာမ်ပစ္စည်း ရုပ်ပစ္စယုပ္ပန်အတွက် အလတ်က ဘယ်သူ့ထည့်မလဲ (ဝိပွယုတ္တ)၊ တပြိုင်နက် ၅-ပစ္စည်း ဟုတ်ပလား (မှန်ပါ)။

သဟဇာတ၌ ကု-ကုဗျာ အရကောက်

နောက်တခု သရုပ်ခွဲက ဘာတဲ့တုန်း၊ အချင်းချင်းနာမကွန္ဓာ စိတ္တဇရုပ်အားတပ်သော ကုသိုလ်နာမကွန္ဓာ ၄-ပါးတမျိုး ဒီလိုမဟုတ်လား (မှန်ပါ)။

ကုသလော ကုသလာဗျာကတသ၌ ကုသလော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား သရုပ်ခွဲတဲ့အတိုင်း ဆိုပါ၊ အချင်းချင်း နာမကွန္ဓာ စိတ္တဇရုပ်အားတပ်သော၊ ရုပ်ပါလာပြန်ပြီ၊ ဘုံသတ်နော် (မှန်ပါ)။ ပဠဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝိသ စေတသိက် အဌတိံသ ဘယ်လိုဆိုမလဲ (အစိတ်အစိတ်နာမကွန္ဓာ)၊ အစိတ်အစိတ် နာမကွန္ဓာ ပစ္စည်းတရားရ၏။

ကုသလသ စ အဗျာကတသ စ ဓမ္မသဟူသော သမ္မဒါန်ပုဒ်၏ အရကား ကုသိုလ် စိတ် ဧကဝိသ စေတသိက် အဌတိံသ အစိတ်အစိတ် နာမကွန္ဓာ, စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

ကရိဏ်းပါဠ်ထုတ်ချင်တယ်တဲ့၊ နာမ်ပစ္စည်း နာမ်ပစ္စယုပ္ပန် ည-သံ၊ နာမ်ပစ္စည်း ရုပ်ပစ္စယုပ္ပန် ဝိပွယုတ္တ ဒီလိုမဟုတ်လား (မှန်ပါ)၊ အခုတော့ နာမ်ပစ္စည်း, နာမ်ရုပ် ပစ္စယုပ္ပန်ဆိုတော့ သူတို့ရဦးမလား (မရပါ)၊ မရတော့ တပြိုင်နက် သဟကြီး ၄-ပစ္စည်း ဒါဘဲရှိတယ်၊

ဒါဘာတုန်း၊ ကုသလပဒမှာ ပဒါဝသာန ကု-ကု၊ ကု-ဗျာ၊ ကု-ကုဗျာ ၃-ချက် မဟုတ်လား (မှန်ပါ)၊ ဦးဉာဏဟောစမ်းပါ။

ဦးဉာဏ။ ။ကုပဒ၌ ကု-ကု၊ ကု-ဗျာ၊ ကု-ကုဗျာ ပဒါဝသာန ၃-ချက်ဟောသည်။

သဟဇာတ၌ အကုပဒ ၃-ချက် ရကောက်

ဆရာတော်။ ။ပြီးရော ဒါဟာ ကုပဒ ၃-ချက်၊ ကုသိုလ်ပြီးတော့ ဘာတုန်း၊ (အကုသိုလ် ဟောပါတယ်)။

အကုသိုလ်သရုပ်ခွဲတော့ ဘယ်လို ခွဲသတုန်း၊ ဦးသုဇာတ ခွဲစမ်း၊ ပါဠိတော်သရုပ်။

ဦးသုဇာတ။ ။အချင်းချင်းအားတပ်သော အကုသိုလ်နာမကွန္ဓာ ၄-ပါးတမျိုး, စိတ္တဇရုပ်အား တပ်သော အကုသိုလ်နာမကွန္ဓာ ၄ ပါးတမျိုး, အချင်းချင်း နာမကွန္ဓာ စိတ္တဇရုပ်အားတပ်သော အကုသိုလ်နာမကွန္ဓာ ၄-ပါးတမျိုး။

ဆရာတော်။ ။အရကောက်တော့ ဘယ်လိုလုပ် ကောက်မလဲမေးလျှင် ခုတင်က ကုသိုလ်အတိုင်းမှတ်၊ ဘာပြင်ရမလဲ၊ အကုသိုလ်စိတ်ဒွါဒသ စေတသိက် သတ္တဝီသ ဒါပြင်ရုံဘဲနော် (မှန်ပါ)၊ ကရိုဏ်းပါဠိတွေလဲ ခုတင်က အတိုင်းဘဲ ဘာမှမထူးဘူး၊ ဦးသုဇာတ ကောက်စမ်း။

ဦးသုဇာတ။ ။အကုပဒ ၃-ချက်ကို ဟောသည်။

ဆရာတော်။ ။ကုသိုလ်နှင့် အတူတူဘဲ၊ ဟိုက ကုသိုလ်စိတ် ၈ကဝီသ စေတသိက် အဌတိံသဆိုလျှင် ဒီက အကုသိုလ်စိတ် ဒွါဒသ စေတသိက် သတ္တဝီသ ပြောင်းတာ ဒါလောက်ကလေး ရှိတာဘဲ၊ ကရိုဏ်းပါဠိလဲ အတူတူဘဲ၊ အဲဒီတွင် ပိုင်းပြီး အားလုံး ဖြည်းဖြည်း ဟောကြစမ်းပါ။ ကုသလော ကုသလသကစပြီး။

သံယာတော်များ။ ။ကုပဒ ၃-ချက်, အကုပဒ ၃-ချက်ကို တခေါက် ဟောကြသည်။

သဟဇာတ၌ ဗျာ-ဗျာ အရကောက်

ဆရာတော်။ ။သုဒ္ဓသင်္ချာ အနေအားဖြင့်ကြည့်လျှင် နံပါတ် ၁-သုဒ္ဓသင်္ချာပင်မကုန်သေးဘူးနော်၊ နံပါတ် ၂၊ နံပါတ် ၃-လုံး၀ မဟောရသေးဘူး၊ ဒီတော့ မကုန်သေးတော့ နံပါတ် ၁-မှာ ဘာတွေ ကျန်နေသလဲမေးလျှင် ဝိပါက်ကြိယာခေါ်တဲ့ အဗျာကတတွေ ကျန်နေတယ်။

အဲဒီ ဝိပါက်ကြိယာခေါ်တဲ့ အဗျာကတကျတော့ ကုသိုလ်, အကုသိုလ်လို ၃-မျိုး မထွက်ဘူး၊ ပဝတ္တိ, ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ၂-မျိုးသာ ထွက်တယ်၊ ဒီလိုမဟုတ်လား (မှန်ပါ)။

ဒီတော့ ဘယ်လိုလုပ်ခဲ့သလဲ၊ နံပါတ် ၁-သရုပ်ခွဲတော့ အချင်းချင်းအားဇင်း, အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အားဇင်း တပ်သော သာမညဝိပါက် ကြိယာနာမက္ခန္ဓာ ၄-ပါး တမျိုးတဲ့၊ ဒါက ဘာတုန်း၊ ပဝတ္တိအတွက်။

အဲဒီလိုကလေး ခွဲခွဲသိခဲ့ပါ။ ကောက်တော့ ဒီအတိုင်းကောက်မယ်လို့ ပြောခဲ့တယ်။

ဒီတော့ ပဋိသန္ဓေခွဲချင်တော့ အချင်းချင်းအားဇင်း အချင်းချင်းနာမက္ခန္ဓာ ပဋိသန္ဓေ ကမ္မဇရုပ်အားဇင်း တပ်သော ပဋိသန္ဓေကိစ္စတပ်သော ဝိပါက် နာမက္ခန္ဓာ ၄-ပါးတမျိုး-တဲ့။

အဲဒီတော့မှ နံပါတ် ၁-မှာ တရားကုန်တယ်နော် (မှန်ပါ)၊ ဒီသုဒ္ဓသင်္ချာတွေထဲက တရားတွေကို ဒီလို ဝေဖန်စိတ်ဖြာပြီး ပါဠိတော် ဟောတယ်၊ ဒို့ဒီလိုကောက်ရတယ် နားလည်ကြပါ။

ဒီတော့ ပဋိသန္ဓေခဏ်းက မကုန်တော့ ဘယ်ဆက်သတုန်း၊ ၂-ကျော်ပြီးတော့ နံပါတ် ၃-မဟုတ်လား (မှန်ပါ)၊ အချင်းချင်းအားတပ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ သူ့ပါမှ ပဋိသန္ဓေခဏ်းက ကုန်တယ်၊ မှတ်ထားကြပါ။

ဒီတော့ အရကောက်တော့ ဆရာတော်ဘုရားကြီးက ပဝတ္တိကို ခုတင်က သရုပ်ခွဲတဲ့ အတိုင်းကြည့်၊ အဗျာကတော အဗျာကတသ၌ ပဝတ္တိအခါ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏အရကား အချင်းချင်းအားဇင်း၊ သရုပ်ခွဲတုန်းကလဲ ဒီအတိုင်းခွဲထားတယ်နော် (မှန်ပါ)၊ ပြီးတော့ သဟအင်ယတုန်းကလဲ ဗျာဗျာ ကျလို့ရှိလျှင် သမ္မယုတ္တခန္ဓာအားဇင်းလို့ ခွဲရတယ် မဟုတ်လား (မှန်ပါ)၊ စတုဝေါကာရဘုံအတွက် ရည်ညွှန်းတော်မူတယ်။

အချင်းချင်းအားဇင်း, အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်အားဇင်း တပ်သော ဝိပါက်စိတ် ဆတ္တိံသ ကြိယာစိတ် ဝီသ စေတသိက် အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ၁-၃-၂-ဘဲ မဟုတ်လား (မှန်ပါ)။

အဗျာကတသ ဓမ္မသဟူသော သမ္မဒါန်ပုဒ်၏အရကား ဝိပါက်စိတ်ဆတ္တိံသ ကြိယာစိတ်ဝီသ စေတသိက်အဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ စိတ္တဇရုပ် ပစ္စယုပ္ပန် တရားရ၏။ ကုန်ရောမဟုတ်လား (မှန်ပါ)။

သဟဇာတပစ္စယေန ဟူသော ကရိုဏ်းပါဠိ၏အရကား တပြိုင်နက် ယထာရဟ တပ်ကောင်းသော ဒီလိုဆိုနော်၊ ခုတင်က ဟာတွေက တပြိုင်နက်တွေ မဟုတ်လား (မှန်ပါ)၊ သူက တပြိုင်နက် ယထာရဟ။

ဘာကို ရည်ညွှန်းသလဲ မေးလျှင် အကြီး ၄-ပစ္စည်းကတော့ သူတို့ချည်းဟောနေတဲ့ တရားဖြစ်တော့ သူ့တို့ ၄-ပစ္စည်းက တပြိုင်နက်ပေါ့။

သဟလတ် ၄-ပစ္စည်းထဲ ရှာကြည့်

အလတ် ၄-ပစ္စည်းနှင့် ကြည့်လိုက်စမ်း၊ ဘယ်အချိန် ဘယ်သူ ရမလဲလို့ကြည့်၊ အချင်းချင်းအားတပ်သော ဝိပါက်ကြိယာ နာမက္ခန္ဓာ ၄-ပါးလို့ တပိုင်းခွဲလိုက်လျှင် ဘယ်သူ ရလာမလဲ (အညမညနှင့် သမ္မယုတ္တ ရလာပါတယ်)။

အချင်းချင်းအား တပ်သော ဝိပါက်ကြိယာ နာမက္ခန္ဓာ ၄-ပါး၊ အဲဒီအချိန်မှာ အညမညနှင့် သမ္မယုတ္တတင် ယူရတယ်၊ ဝိပါက က မဝင်နိုင်သေးဘူး။

ပြီးတော့မှ စိတ္တဇရုပ်အားတပ်သော ဝိပါက်ကြိယာနာမက္ခန္ဓာ ၄-ပါး၊ ဒီလို တပုံခွဲလိုက်တော့ (ဝိပွယုတ္တ ရလာပါတယ်)။

ပြီးတော့မှ အချင်းချင်းအားဇင်း, အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်အားဇင်းတပ်သော ဝိပါက် နာမက္ခန္ဓာ ၄-ပါး၊ ဒါက ဝိပါက သုဒ္ဓသင်္ခ်ာအတိုင်း မဟုတ်လား (မှန်ပါ)၊ ဒီအချိန်ကျတော့ ဝိပါကပါလာတယ်၊ ကြိယာဖြုတ်ပစ်လိုက်တယ်၊ အဲဒါပါဘဲ။

ဒါကြောင့် အကြီး ၄-ပစ္စည်း တပြိုင်နက်, အလတ် ၄-ပစ္စည်းက ယထာရဟ၊ တပြိုင် နက် ယထာရဟ တပ်ကောင်းသော ၈-ပစ္စယသတ္တိတို့တွင် သဟဇာတသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

သရုပ်မှာ နံပါတ် ၁-က ပဋ္ဌိသန္ဓေနှင့် နံပါတ် ၃-တွဲဟောမှ[1] ပဋ္ဌိသန္ဓေအခါ ကုန်တယ် ဆိုတော့ ပါဠိတော် ဇယား၂မှာဘဲ ကြည့်စမ်း၊ စာ ၂-ကြောင်းကို ပေါင်းကောက်ရတယ်၊ ပေါင်းကောက်ပုံကလေး သရုပ်ပေါ်အောင် ကြည့်စမ်း။

ပဋ္ဌိသန္ဓေအခါ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား ပါဠိတော် ဇယား[2] ကြည့်၊ အချင်းချင်းအားဇင်း, အချင်းချင်း နာမက္ခန္ဓာ ပဋ္ဌိသန္ဓေကမ္မဇရုပ်အားဇင်း

၁။ သဟကြီးလတ်အရကောက်ရာ၌ နံပါတ် ၁-၂-၃-ဟု ညွှန်ပြထားလျှင် ဤကျမ်းနှာ-၂၁၈-ရှိ သဟကြီးလတ်ပါဠိတော် သုဒ္ဓသင်္ခ်ာ ဇယားကြည့်ပါ။

၂။ ဤကျမ်း၊ နှာ-၂၂၇-ရှိ သဟကြီးလတ် ပါဠိတော် အရကောက်ဇယား။

တပ်သော၊ ပစ္စည်းဘက်က ပဋ္ဌိသန္ဓေစိတ် ဧကုနဝိသစေတသိက် ပဌာတိံသ၊ အပေါ်တန်း[1] အနေနှင့်ကြည့် အစိတ်အစိတ်၊ ၁-၃-၂-ဘဲ မဟုတ်လား (မှန်ပါ)။ အောက်တန်းက[2] ခန္ဓာဝတ္ထုသည်လို့ မတွေ့ဘူးလား (တွေ့ပါတယ်)။ ခန္ဓာကို ဘာခေါ်မလဲ (အစိတ်အပေါင်း)။ ပြီးတော့ ဝတ္ထု ခန္ဓာနံဆိုတော့ ဟဒယဝတ္ထုမရှိဘူးလား (ရှိပါတယ်)။ အပေါ်တန်းအတွက် အစိတ်အစိတ်၊ အောက်တန်းအတွက် အစိတ်အပေါင်း နာမကွန္ဓာ ဟဒယဝတ္ထု ပစ္စည်းတရားရ၏။

ဇယား၃မှာ စာ ၂-ကွက်ရှိတယ်နော်၊ ၂-တန်း၊ အဲဒီ ၂-တန်းကိုပြောတယ်၊ ပြန်ပြီး နားထောင်စမ်း၊ ပဋ္ဌိသန္ဓေအခါ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏အရကား အချင်းချင်းအားဇင်း, အချင်းချင်းနာမကွန္ဓာ ပဋ္ဌိသန္ဓေကမ္မဇရုပ်အားဇင်း တပ်သော ပဋ္ဌိသန္ဓေစိတ် ဧကုဝိသ စေတသိက် ပဌာတိံသ အစိတ်အစိတ်၊ အပေါ်တန်းအတွက်[3] ဟုတ်လား (မှန်ပါ)။ အစိတ်အပေါင်း နာမကွန္ဓာ ဟဒယဝတ္ထု အောက်တန်းအတွက်[4] ပစ္စည်းတရားရ၏။

အဗျာကတသ ဓမ္မသဟူသော သမ္မဒါန်ပုဒ်၏အရကား ပဋ္ဌိသန္ဓေစိတ် ဧကုနဝိသ စေတသိက် ပဌာတိံသ အစိတ်အစိတ်၊ အပေါ်တန်းက[5] အောက်တန်းက[6] ခန္ဓာနံ တွေ့ရဲ့လား (မှန်ပါ)။ အစိတ်အပေါင်း နာမကွန္ဓာ၊ အပေါ်တန်းမှာ ကြည့်စမ်း၊ ကဋ္ဌတ္တာရုပ်၊ အောက်တန်းမှာ ဟဒယဝတ္ထု ရှိသေးတယ်မဟုတ်လား။ ကဋ္ဌတ္တာဆိုလျှင် ပါသွားရော၊ ဒီတော့ အစိတ်အစိတ်, အစိတ်အပေါင်းနာမကွန္ဓာ ကဋ္ဌတ္တာရုပ် ပစ္စယုပ္ပန်တရားရ၏။ ဒီလိုဆိုပါနော် (မှန်ပါ)။

ပြန်သတိပြုလိုက်စမ်း၊ ပစ္စည်းဘက်မှာ ဘယ်လိုနေသလဲမေးလျှင် အစိတ် အစိတ်, အစိတ်အပေါင်း နာမကွန္ဓာ ဟဒယဝတ္ထု၊ ဟုတ်လား (မှန်ပါ)။ ပစ္စယုပ္ပန်က အစိတ်အစိတ်, အစိတ်အပေါင်း နာမကွန္ဓာ ကဋ္ဌတ္တာရုပ် (မှန်ပါ)။ ဟဒယဝတ္ထုအစား ကဋ္ဌတ္တာရုပ်ဆို၊ ကဋ္ဌတ္တာရုပ် ဆိုလိုက်လျှင် အောက်တန်းက ဟဒယဝတ္ထုလဲ ပါသွားတယ်။

ကရိဏ်းပါဠ် ခုတင်ကလိုဘဲ 'တပြိုင်နက် ယထာရဟတပ်ကောင်းသော' ဆိုပြီး ၈-ပစ္စည်းရတယ်။

အဲဒီမှာ ၈-ပစ္စည်းလို့ ယူတဲ့အခါမှာ စာ ၂-တန်းဖြစ်နေခြင်းကြောင့် အပေါ်တန်း အနေနှင့် ကြည့်လျှင် ခုတင်ကလိုဘဲ နာမ်ပစ္စည်း, နာမ်ပစ္စယုပ္ပန်ဆိုလျှင် ည-သံ၊ နာမ်ပစ္စည်း ရုပ်ပစ္စယုပ္ပန်ဆိုလျှင် ဝိပ္ပယုတ္တ၊ နာမ်ပစ္စည်း နာမ်ရုပ်ပစ္စယုပ္ပန်ဆိုလျှင် ဝိပါက်တွေချည်း ဖြစ်နေလျှင် ဝိပါက်၊ ဒီလိုရမယ် မဟုတ်လား (မှန်ပါ)။

၁။ ဤကျမ်း၊ နှာ-၂၂၃-ရှိ သဟကြီးလတ် ပါဠိတော် အရကောက်ဇယားတွင် ၃-ဗျာ-ဗျာ၌ ပဋ္ဌိသန္ဓေအတွက် ပြထားသည့် ၂-ကွက်အနက် အပေါ် ကွက်နှင့်။

၂။ အောက်အကွက်။

၃။ ဤကျမ်း၊ နှာ-၂၂၃-ရှိ သဟကြီးလတ် ပါဠိတော် အရကောက်ဇယား။

သတိပြုစမ်း၊ အောက်တန်းက ဘာတုန်း၊ နံပါတ် ၃-က တရားမဟုတ်လား (မှန်ပါ)၊ အချင်းချင်းအားတပ်သော ပဠဝေါကာရ ပဋ္ဌိသန္ဓေ နာမကွန္ဓာ ဟဒယဝတ္ထုဆိုတဲ့တရားဟာ အလတ် ၄-ပစ္စည်းထဲမှာ ဘယ်သူရှိသလဲ၊ အညမညရယ်, ဝိပွယုတ္တရယ် ၂-ပစ္စည်း ရှိတယ်၊ သူတို့ ၂-ပစ္စည်းက တပြိုင်နက်။

အချင်းချင်းအားတပ်သော ပဠဝေါကာရ ပဋ္ဌိသန္ဓေနာမကွန္ဓာ ဟဒယဝတ္ထုခေါ်တဲ့ တရားဟာ အညမညနှင့် ဝိပွယုတ္တမှာရှိတော့ သူတို့ ၂-ပစ္စည်းက ဒီနေရာမှာ တပြိုင်နက်ရတယ်။

သူ့ကို ထက်ဝက်ခွဲလိုက်၊ ဟဒယဝတ္ထုအားတပ်သော ပဠဝေါကာရ ပဋ္ဌိသန္ဓေ နာမကွန္ဓာလို့ဆိုတော့ ဘယ်သူဝင်လာသလဲ (ဝိပါက ဝင်လာပါတယ်)၊ ဒီအချိန်ကျမှ ဝိပါကက ယထာရဟ ဝင်လာတယ်၊ ၃-ပစ္စည်း ရတယ်နော် (မှန်ပါ)၊ ခုတင်တုန်းက ၂-ပစ္စည်းဘဲ ရတယ်၊ အဲဒီလို တပြိုင်နက် ယထာရဟကလေး စဉ်းစားတတ်ပါစေ၊ ဘယ်တရားကြောင့် ဘယ်သူရနေတယ်, ဘယ်တရားမျိုးတွေ့လျှင် ဘယ်သူ့မှာ ရှိနေတယ်လို့ဆိုတာ ကိုယ်ကသုဒ္ဓသင်္ချာနှင့် ဝေဖန်တတ်ပါစေ၊ ကရိဏီး ၈-ပစ္စည်းဘဲ တပြိုင်နက်, ယထာရဟထုတ်မယ်။

ကဲ ရုပ်သက်သက်ဆိုတာ နံပါတ် ၂-မဟုတ်လား (မှန်ပါ)၊ အချင်းချင်းအားဇင်း, ဥပါဒါရုပ်အားဇင်း တပ်သော မဟာဘုတ် ၄-ပါး၊ မဟာဘုတ် ၇-မျိုးရှိလို့ ပါဠိတော်တူရာ ပေါင်းပြီး ၅-ကြိမ်တိတိ ဟောထားသည်၊ ကောက်တော့ ပေါင်းကောက်လိုက်တာပေါ့။

ရုပ်သက်သက်ဖြစ်အုံ့၊ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား အချင်းချင်းအားဇင်း, ဥပါဒါရုပ်အားဇင်းတပ်သော စိတ္တဇမဟာဘုတ်လို့ တခုစီ မဟာဘုတ်တွေ လျှောက်ပြီး ထည့်လျှင် ရှုပ်နေမယ်၊ စိတ္တဇ, ပဋ္ဌိသန္ဓေ ကမ္မဇ, ဗာဟိရ, အာဟာရဇ, ဥတုဇ, အသညသတ်ကမ္မဇ, ပဝတ္တိကမ္မဇ အားဖြင့် မဟာဘုတ် ၄-ပါး ပစ္စည်းတရားရ၏။

ဆိုရမှာကတော့ စိတ္တဇမဟာဘုတ်, ပဋ္ဌိသန္ဓေကမ္မဇ မဟာဘုတ် စသည်နှင့် အကြာကြီး၊ ဒီတော့ တန်းပြီးတော့သာ ဆိုပစ်လိုက် ဟုတ်လား (မှန်ပါ)၊ ပြီးတော့မှ အဆုံးကျမှ... အားဖြင့် မဟာဘုတ် ၄-ပါး ပစ္စည်းတရားရ၏။

အဗျာကတသ ဓမ္မသဟူသော သမ္မဒါန်ပုဒ်၏ အရကား ဘာတွေရှိသလဲ၊ မဟာဘုတ်လဲရှိတယ်, ဥပါဒါရုပ်လဲရှိတယ်၊ မဟာဘုတ်နှင့် တကွသော ဥပါဒါရုပ်ပစ္စယုပ္ပန်တရားရ၏။ ဒီလိုမဟုတ်လား (မှန်ပါ)။

ကဲ ကြည့်စမ်းပါဦး၊ ဒီတရားတွေဟာ အကြီး ၄-ပစ္စည်းအပြင် အလတ်က ဘယ်သူ့များရှိသတုန်း (အညမညမှာ ရှိပါတယ်)၊ အညမညမှာ အကုန်ရှိရဲ့လားမေးလျှင် ဥပါဒါရုပ်မပါဘူး၊ အချင်းချင်းအားတပ်သော မဟာဘုတ် ၄-ပါးဘဲရှိတယ်၊ ဒီတော့ အညမည တပြိုင်

နက် ရပ့ါမလား (မရပါ)၊ တပြိုင်နက် ယထာရဟတပ်ကောင်းသော အညမညနှင့်တကွ ၅-ပစ္စည်းထုတ်၊ အဲဒါ ပဝတ္တိရယ်, ပဋိသန္ဓေရယ်, ရုပ်သက်သက်ရယ် အဗျာကတော အဗျာကတသ တမျိုးတည်းနော်၊ ဦးသုဇာတ ဟောစမ်းပါ။

ဦးသုဇာတ။ ။အဗျာကတော အဗျာကတသ၌ (ပ) ၅-ပစ္စယသတ္တိတို့တွင် သဟ-ဇာတသတ္တိဟု ဆိုအပ်သော သတ္တိဝိသေသရ၏။

ဆရာတော်။ ။မှတ်ထားပါဦး၊ ကုန်သွားရော သုဒ္ဓသန္ဓိ အနေအားဖြင့်၊ ပါဋိတော် အနေအားဖြင့် မကုန်သေးဘူး၊ နံပါတ် ၁-က[1] ကုသိုလ်နာမကွန္ဓာနှင့် နံပါတ် ၂-က[2] မဟာဘုတ်ကို သဟဇာတ အကြီးအနေအားဖြင့် ပေါင်းထားလို့ ပေါင်းယူပြီးတော့ စိတ္တဇရုပ် ပစ္စယုပ္ပန်ထား ဟောတယ်၊ ထို့အတူ အကုသိုလ် နာမကွန္ဓာနှင့် မဟာဘုတ် ပစ္စည်းထားပြီးတော့ စိတ္တဇရုပ် ပစ္စယုပ္ပန်လို့ဆိုပြီး နံပါတ် ၈-နှင့် ၉၊ အောက်တန်းကြည့်၂။

သဟဇာတ၌ ကုဗျာ-ဗျာ အရကောက်

ကုသလာဗျာကတော အဗျာကတသ၌ ကုသလော စ အဗျာကတော စ ဓမ္မာ ဟူသော ကတ္တားပုဒ်၏အရကား နံပါတ် ၂-က ကုဗျာအတိုင်းလိုဘဲ[1] ဟုတ်လား (မှန်ပါ)၊ စိတ္တဇရုပ်အားတပ်သော ပဠွဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ်စိတ် ဧကဝီသ စေတသိက် အဌတိံသ အစိတ်အပေါင်း နာမကွန္ဓာ၊ ဒီဆိုရိုးက ကုဗျာတုန်းက ပါပြီးမဟုတ်လား (မှန်ပါ)၊ အခု ဒီက မဟာဘုတ်တင် ပိုနေတာမဟုတ်လား (မှန်ပါ)၊ အစိတ်အပေါင်း နာမကွန္ဓာဆိုပြီး တော့ ဘာထည့်လိုက်မလဲ၊ အစိတ်အပေါင်း မဟာဘုတ်၊ ဒါကလေး တိုးလာတယ် မဟုတ် လား (မှန်ပါ)၊ ပစ္စည်းက အစိတ်အပေါင်း နာမကွန္ဓာရယ် အစိတ်အပေါင်း မဟာဘုတ်ရယ် ပစ္စည်းတရားရ၏။

အဗျာကတသ ဓမ္မသ ဟူသော သမ္ပဒါန်ပုဒ်၏အရကား ကုသိုလ်သည် ပြုအပ်သော စိတ္တဇရုပ် ပစ္စယုပ္ပန်တရားရ၏။

ဒီတရားမျိုးက ဘယ်မှမရှိဘူး၊ သဟကြီး ၄-ပစ္စည်းသာရှိတာ၊ ကရိဏ်းပါ၌ တပြိုင်နက် ၄-ပစ္စည်းသာထုတ်။

၁။ ဤကျမ်း၊ နှာ-၂၁၈-ရှိ သဟကြီးလတ်ပါဋိတော် သုဒ္ဓသန္ဓိဇယား၌ နံပါတ် ၁-နှင့် ၂။

၂။ ဤကျမ်း နှာ ၂၂၇-ရှိ သဟကြီးလတ် ပါဋိတော်အရကောက်ဇယား၌ နံပါတ် ၈-နှင့် ၅-အတန်းကြည့်။

၃။ ဤကျမ်း၊ နှာ-၄၉၀-ရှိ သဟဇာတ၌ ကု-ဗျာ အရကောက်ကြည့်။

သဟဇာတ၌ အကုဗျာ-ဗျာ အရကောက်

ထို့အတူ အကုသလာဗျာကတော အဗျာကတသ၌ အကုသလော စ အဗျာကတော စ ဓမ္မာဟူသော ကတ္တားပုဒ်၏အရကား စိတ္တဇရူပ်အားတပ်သော ပဠွဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ, စေတသိက် သတ္တဝီသ အစိတ်အပေါင်း နာမက္ခန္ဓာ, အစိတ်အပေါင်း မဟာဘုတ် ပစ္စည်းတရားရ၏။

အဗျာကတသ ဓမ္မသ ဟူသော သမ္မဒါန်ပုဒ်၏အရကား အကုသိုလ်သည် ပြုအပ်သော စိတ္တဇရူပ် ပစ္စယုပ္ပန်တရားရ၏။

ကရိဏ်းပါဠ်အရ တပြိုင်နက် ၄-ပစ္စည်းဘဲ၊ ဦးပဏ္ဍာဝ ဟောစမ်း။

ဦးပဏ္ဍာဝ။	။ကုသလာဗျာကတော အဗျာကတသမ္မစ၍ တခေါက် ဟောသည်။
ဆရာတော်။	။ကုန်ရောပေ့ါသဟဇာတ၊ သခ်္ခာနဝ မဟုတ်လား အားလုံး ဖြည်းဖြည်း ဟောစမ်း။
သံဃာတော်များ။	။အဗျာကတော အဗျာကတသမ္မစ၍ ဟောကြသည်။
ဆရာတော်။	။အရကောက် အနေအားဖြင့် ဒီနေ့ ဆက်ကောက်မယ်ဆိုလျှင် နောက် ၂-ပစ္စည်းလောက်တော့ ပြီးသေးတယ်၊ သို့ပေမဲ့ မကောက်ဘဲနှင့် အနန္တရ ဆိုရိုးသွားပြီး သိမ်းကြစို့ရဲ့၊ ဒါကို ရပေစေ၊ ဒါရတော့လဲ နောက်ပိုင်းက ဟာတွေက သဟနှင့်စပ်တဲ့ အကြီး အလတ်တွေက လွယ်သွားမယ်နော် (မှန်ပါ)၊ ဒါကြောင့် အနန္တရဆိုရိုးကို ဆက်ကြရအောင်၊ ဆက်ကောက်မယ် ဆိုလျှင် အညမညနှင့် သမ္မယုတ္တပြီးသွားပါသေးတယ်၊ ထူးလဲ မထူးဘူး၊ ဒီအတိုင်းဘဲ၊ ဒီတော့ ဒါ မကျေနပ်ချင်သေးရင် ရှေ့တိုးလိုက်တော့ အကုန်လုံး သူရော, နောက်တိုးရော ဝိုးတိုးဝါးတား ဖြစ်ကုန်လိမ့်မယ်။

အနန္တရအရကောက် ဆိုရိုးပြုပုံအဆက်

အနန္တရမှာ မနေ့က နိရောဓသမာပတ္တိဝိထိကုန်သည့်တိုင်အောင် ပြီးသွားတယ် မဟုတ်လား (မှန်ပါ)၊ ဒီနေ့ မရဏာ သန္ဓဝိထိပြောမယ်၊ မခက်ပါဘူး၊ ဒီအနန္တရလဲ စခမ်းသိမ်းလိုက်ချင်လို့။

ပြီးတော့ မနေ့က ဘုန်းကြီးသတိပေးတဲ့ အာရမ္မဏအရကောက်ဇယားကြီး ကူးထားကြ၊ မကြာမြင့်မီ သူ့ကိုလဲ ဖတ်ပေးရမယ်။

လိုအပ်တာကလေးတွေ ဖြည့်ဖြည့်ပြီးတော့ ကြားထဲမှာ တာဝန်ပေးတယ်၊ ပေးတဲ့ တာဝန်ကလေးတွေ ကျေအောင် ထမ်းဆောင်ရတယ်။

မရဏာသန္နဝိထိဋ္ဌ အနန္တရပစ္စည်း ပစ္စယုပ္ပန်

မရဏာသန္နဝိထိကြည့်၊ မရဏာသန္နအခါလို့ ကာလကြားပါ။ အပေါ်ဆုံးအတန်းက[1] ဘာတုန်း၊ တဒါရုံနောင် စုတိမဟုတ်လား (မှန်ပါ)၊ တဒါရုံနောင် စုတိကျသည်ဖြစ်အံ့လို့ ဒီလို သွားရမှာပေါ့။

ဒီတော့ သူ့နောက်က စုတိက ဘာရှိသလဲ၊ ကာမစုတိ ၁၀-အားတပ်သော...၊ ဒါက ပစ္စယုပ္ပန်နော် (မှန်ပါ)၊ ကာမစုတိ ၁၀-အားတပ်သောလို့ ပစ္စယုပ္ပန်ဖြစ်သွားတယ်၊ တဒါရုံက ပစ္စည်းပေါ့။

အဲဒီ တဒါရုံဟာ ဘယ်သူလဲမေးလျှင် တဒါရုံတို့ရဲ့ ထုံးစံတဲ့- သူတို့ကျကောင်းတဲ့ ဝိထိတွေ ဖြစ်စေကာမူ ၂-ကြိမ်ကျရမှ ကျတယ်။

အရှင်အနုရုဒ္ဓါက ပြောတယ်၊ 'ဝိဘူတေတိမဟန္တေ စ၊ တဒါရမ္မဏာမိရိတံ' လို့ ဒီလို ဆိုတယ် မဟုတ်လား (မှန်ပါ)၊ ဝိဘူတာရုံဝိထိရယ် အတိမဟန္တာရုံဝိထိရယ် ဒီ ၂-မျိုးမှာ တဒါရုံကျတယ်လို့ ဆိုတယ်။

ˇ သို့ပင် ဆိုပြားသော်လဲ ၎င်းဝိထိ ၂-မျိုးမှာ တဒါရုံက ၂-ကြိမ်ကျရမှ ကျတယ်၊ ၂-ကြိမ် မကျရလို့ရှိလျှင် တကြိမ်တည်းကတော့ ဘယ်တော့မှ မကျဘူး၊ အဲဒါကိုလဲ သတိထား။

ဒါကြောင့် မရဏာသန္နမှာ သေခါနီး စုတိကျခါနီး ဇောစောတယ်၊ တဒါရုံ ကျတယ် လို့ဆိုပေမဲ့ ဘယ်လောက်မြန်မြန် သေချင်ပေမဲ့ တဒါရုံကတော့ ၂-ကြိမ် ဖြစ်ရမှ၊ တဒါရုံ တကြိမ်တည်းကျပြီး သေသွားတယ်လို့ မရှိရဘူး။

ဒီတော့ ကာမစုတိ ၁၀-ပစ္စယုပ္ပန်ထားလျှင် ပစ္စည်းတရားက ဒုတိယမြောက် တဒါရုံ ဖြစ်ရတယ် မဟုတ်လား (မှန်ပါ)။

ဒါကြောင့် မရဏာသန္နအခါ တဒါရုံနောင် စုတိကျသည်ဖြစ်အံ့၊ ကာမစုတိ ၁၀-အား တပ်သော ဒုတိယ တဒါရုံ။

ဘာဖြစ်လို့ ကာမစုတိတင် ထားသလဲ၊ ဒီအပြင် စုတိတွေ မရဘူးလားဆိုတော့ အရှင်အနုရုဒ္ဓါက တဒါရုံဖြစ်ကြောင်း အဂ်ီ ၃-ပါးပြထားတယ်၊ 'ကာမေ ဇဝနသတ္တာ လမ္ဘ-ဏာနံ နိယမေ သတိ၊ ဒီလို မဟုတ်လား သဏ္ဌိုဟ်ပါဠိ၊ ဒါကတော့ ဦးပဉ္စင်းတို့ ရမှာပေါ့။

---

[1] ဤကျမ်း နှာ-၃၁၁-ရှိ အနန္တရဝိထိဇယားတွင် မရဏာသန္နဝိထိဋ္ဌ အပေါ်ဆုံးအတန်း။

ဒါက ဦးပဋ္ဌင်းတို့ ရတဲ့အတိုင်းဘဲ၊ ဘုန်းကြီးက သင်ကြားပို့ချတော့ ဒီလိုချတယ်၊ ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ ၃-ချက်စုံမှ တဒါရုံ ချရ၏။ ခုတင်ကဟာက အရှင်အနုရုဒ္ဓါပါဠိ၊ အဲဒီအတိုင်းကို ချပေးရမယ်၊ ဘာတဲ့-

ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ ၃-ချက်စုံမှ တဒါရုံချရ၏။ ဝိဘူတာတိမဟန္တလည်း ဖြစ်ရမယ်။

ကာမေ ဇဝနသတ္တာ-လမ္မဏာနံ နိယမေ သတိ။
ဝိဘူတေတိမဟန္တေ စ၊ တဒါရမ္မဏမိရိတံ—

ဒီလိုနော်၊ အဲဒါနှင့် သွားဆက်ရမယ်။

အဲဒီတော့ ဒီကာမဇော စောတိုင်း တဒါရုံမကျနိုင်ဘူးလို့ စောစောပိုင်းက အကျဉ်းပြောတုန်းက တခါတည်း ပြောခဲ့ပြီ။

တဒါရုံကျရာ၌ ဥပမာ

ဥပမာ-မြတ်စွာဘုရားလက်ထက်တော် အခါတုန်းက ဘုရားပွင့်တော်မူစဉ်တုန်းက ပွင့်စဘဲ ပြောကြပါစို့၊ ပွင့်တော်မူစ မိဂဒါဝုန်တောမှာ ဓမ္မစက္ကြာတရား ဟောတော်မူတယ်။

အဲဒီလို ဓမ္မစက္ကြာတရား ဟောတော်မူတဲ့အခါမှာ လူသားအနေအားဖြင့် ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ ခေါ်တဲ့ ပဉ္စဝဂ္ဂိ ၅-ဦးသာလျှင် လူသားတရားနာရှိတယ်။ ကြွင်းတဲ့ပရိသတ်က နတ်ပရိသတ်နှင့် ဗြဟ္မာပရိသတ်။

နားလည်အောင် နားထောင်စမ်း၊ ဘုန်းကြီး ဘာပြောသလဲလို့၊ တဒါရုံကျတာကို ဘုန်းကြီးပြောနေတယ်၊ မြတ်စွာဘုရား ဟောတော်မူသော ဓမ္မစက္ကြာတရားကို ကြားနာနေရသော လူသား ၅-ဦးနှင့် နတ်ပြည်ခြောက်ထပ်က နတ်သားတွေသန္တာန်မှာ မဟာကုသိုလ်ဇောတွေ စောမနေပေဘူးလား (စောပါတယ်)၊ စောနေလျှင် တရားနာခိုက် သောတဝိညာဏဝိထိကျလဲ, အတိမဟန္တာရုံ ဝိထိကျလဲ တဒါရုံ ၂-ကြိမ်ကျရမှာပေါ့။ ဘာဖြစ်လို့လဲ၊ သူတို့သည် စောတဲ့ဇောက မဟာကုသိုလ်ကာမဇော, သတ္တဝါအနေအားဖြင့်လဲ ကာမဘုံသားတွေ, အာရုံအနေအားဖြင့် ကာမအာရုံပြုနေတဲ့အချိန် ဓမ္မာရုံတော့ ဓမ္မာရုံဘဲ။

ကဲ ဗြဟ္မာ့ပြည်က ဗြဟ္မာတွေလာပြီး ဒီအထဲမှာ တရားနာနေတာ အများကြီးပါတယ်၊ ဗြဟ္မာဘုံ ၂၀-က နာလို့ဖြစ်တဲ့ဗြဟ္မာတွေ လာပြီးနာနေကြတယ်၊ အဲဒီ ဗြဟ္မာတွေ သန္တာန်မှာကော တရားနာတုန်း မဟာကုသိုလ်ဇောတွေ မစောပေဘူးလား (စောပါတယ်)၊ စောမယ်နော်၊ အတိမဟန္တာရုံဝိထိ ဖြစ်တယ်လို့ ဆိုကြပါစို့၊ ထိုဗြဟ္မာကြီးတွေရဲ့ သန္တာန်မှာ ဖြစ်တဲ့ အတိမဟန္တာရုံဝိထိမှာ တဒါရုံချလို့ ရပါ့မလား (မရပါ)။

အဲဒါ စဉ်းစားခိုင်းတာနော်၊ ကျနိုင်ပါ့မလားလို့ မေးလို့ရှိလျှင် အဂ်ါ ၃-ချက်ထဲမှာ ဘယ်အဂ်ါချို့နေသလဲ၊ ကာမဇောစောနေတဲ့ ပြဟ္မာကြီးဟာ ကာမသတ္တဝါဟုတ်ရဲ့လား (မဟုတ်ပါ)၊ အဂ်ါချွတ်ယွင်းလာပြီ မဟုတ်လား (မှန်ပါ)၊ ဒါကြောင့် ဒီဝိထိမျိုးမှာ တဒါရုံမကျသင့်ဘူးလို့ ဘုန်းကြီးတို့က သဘောကျထားတာ။

ဒါကြောင့် ကာမဇောစောတိုင်း တဒါရုံမချရဘူး၊ ကာမသတ္တဝါဟုတ်ပါဦးမှ၊ ပြဟ္မာကြီးတွေ တရားနာနေလဲ မဟာကုသိုလ်ဘဲ၊ နတ်တွေ တရားနာနေလဲ မဟာကုသိုလ်ဘဲ၊ လူတွေ တရားနာတာလဲ မဟာကုသိုလ်စိတ်ဘဲ၊ ဒါပေမယ်လို့ တဒါရုံ ကျသင့်တဲ့ပုဂ္ဂိုလ်, မကျသင့်တဲ့ ပုဂ္ဂိုလ်ရှိတယ်၊ ကျသင့်တဲ့ ဝိထိရှိတယ်၊ မကျသင့်တဲ့ ဝိထိရှိတယ်လို့ နားလည်စမ်းပါ၊ ဒါ ဖြတ်ထိုးသိသင့်တဲ့ ဗဟုသုတပြောတာ၊ ကြိုက်မှယူပါ။

အဲဒါကြောင့် နံပါတ် ၁-အကြောင်း[1] မရဏာသန္နအခါ တဒါရုံနောင် စုတိကျသည် ဖြစ်အံ့၊ ကာမစုတိ ၁၀-အားတပ်သော ဒုတိယတဒါရုံ၊ ဒုတိယ တဒါရုံက ပစ္စည်း, ကာမစုတိက ပစ္စယုပ္ပန် (မှန်ပါ)။

အဲဒီတုန်းကများ ဓမ္မစကြာတရား တပွဲတည်းတင် နတ်တွေ ပြဟ္မာတွေဟာ ကျွတ်တမ်းဝင်ကြတာ တဆယ့်ရှစ်ကုဋေတဲ့၊ ကျွတ်တမ်းမဝင်သေးတဲ့ နတ်ပြဟ္မာတွေကလဲ ပါဦးမှာနော် (မှန်ပါ)၊ ဆယ့်ရှစ်ကုဋေရှိတယ်။

တရားနာနေတဲ့ နေရာမှာသာ တရားနာမဏ္ဍပ် ထိုးပေးရမယ်ဆိုလျှင် ဝါးလုံးတောင်လောက်စရာမရှိဘူး၊ ဆယ့်ရှစ်ကုဋေတောင်ကိုး။

အဲဒီတုန်းက ကျွတ်တမ်းဝင်ကုန်ကြတယ် နတ်တွေ ပြဟ္မာတွေ၊ လူသားက ၅-ဦးပါတယ်၊ ထားပါတော့ အခု ဒီရောက်လာလို့နော်၊ နောက်ပိုင်းမှာ မီသေးရဲ့။

မီပေမဲ့ အိပ်နေလို့တော့ အလကားဘဲ၊ ကိုယ်နှင့်တော်တဲ့ ရသင့်ရထိုက်တဲ့ ကုသိုလ်ကလေးတွေ, ရဟန်းနှင့်တော်တဲ့ ကုသိုလ်ကလေးတွေ, သာမဏေနှင့်တော်တဲ့ ကုသိုလ်ကလေးတွေ ရအောင် အားထုတ်ရတယ်၊ သီလရှင်များမှာလဲ သီလရှင်နှင့်တော်တဲ့ ကုသိုလ်ကလေးတွေ အားထုတ်ရတယ်။

မှတ်ထားခဲ့ကြစမ်းပါ၊ အောက်အတန်း၂သွားစမ်းပါဦး ဇောနောင် စုတိ၊ ဇောဘယ်နှစ်မျိုး ပေးခဲ့သတုန်း၊ ဟိုတုန်းက (၃-မျိုးပေးခဲ့ပါတယ်)၊ အကျဉ်းချုပ် ဘာပြောထားသလဲ

၁။ ဤကျမ်း၊ နှာ-၃၁၁-ရှိ အနန္တရဝိထိ ပါဠိတော် အရကောက် ဇယားတွင် မရဏာသန္နဝိထိ၌ ပဌမအကြောင်း။

၂။ ဤကျမ်း၊ နှာ-၃၁၁-ရှိ အနန္တရဝိထိဇယားထဲပါ မရဏာသန္နဝိထိ၌ ဒုတိယအကြောင်း။

ဘုန်းကြီးက၊ မရဏာသန္နခေါ်တဲ့ သေခါနီးမှာ အပွနာဇော မစောနိုင်ဘူးလို့ ဒီလို ဘုန်းကြီး ပြောထားတယ်နော် (မှန်ပါ)။

လေ့လာပါ ပြန်ပြီးတော့၊ ပြန်ပြန်သတိပေးနေတယ်၊ ဒါတွေဟာ ဒီနေ့ ဒို့ဆိုပြီးလျှင် ပြီးရော၊ ဒီလိုမဟုတ်ဘူး၊ ပဉ္စာဝါရပြီးလဲ မပြီးဘူး၊ ပစ္စယနိဒ္ဒေသလဲ ဒါဘဲ၊ ဆဝါရလဲဒါဘဲ၊ ဒါတွေ ထပ်လာမှာ၊ အဲဒီတော့ ဒို့ဒါကလေးတွေ ကုန်သွားပြီ, ပြီးသွားပြီဆိုပြီး ချောင်ကြား ထိုးထိုးမထားနှင့် မရဘူး၊ နောက်ပြန်လှည့်လာတော့ ပြီးရော ဒါတွေမရလျှင်၊

အရကောက် ဆရာတော်ဘုရားကြီးက ဘာ မှာထားသလဲဆိုတော့ **မရဏာသန္နအခါ**မှာ **မဟာဂျုတ်ဇော, ဟသိတုပ္ပါဒ်ဇော မစောဘူး**လို့ ဒါလောက် အကျဉ်းမှာထားတယ်၊ အကောက်ထဲမှာ ရှိပါတယ်၊ ဒီစကား ကြည့်စမ်းပါဦး၊ ဘုန်းကြီးက ဘာပြောသလဲ အပွနာဇောတွေ မစောနိုင်ဘူး၊ အပွနာဇောဆိုတော့ မဟာဂျုတ်တင် မဟုတ်ဘူး၊ **လောကုတ္တရာလဲ** **မစောဘူး**လို့ ပြောတယ်နော် (မှန်ပါ)။

ပြီးတော့ ကာမမှာ ဘာဇောတဲ့ **ဟသိတုပ္ပါဒ်ဇော**၊ **မရဏာသန္နအခါ**မှာ **မစောဘူး**၊ ဒီလို မဟုတ်လား (မှန်ပါ)။

ဒီတော့ ကြွင်းတဲ့ ၂၈-ပါးသော ကာမဇောတွေက **မရဏာသန္န**=**သေခါနီး**မှာ **စော**နိုင်တယ်တဲ့။

မရဏာသန္နဆိုတာ **သေခါနီး** ဒီဇောစောပြီးလျှင် နောက်ထပ် ဇော **မစောဘူး**၊ သေတော့မယ်၊ **မရဏာသန္န**ခေါ်တော့ ပါဠိလိုမို့ နာမည်ကလေးက ယဉ်ကျေးသလိုလို ကောင်းသလိုလို၊ ဗမာလိုတည့်တည့်ခေါ်တော့ ဘယ်သူမှ အခေါ်မခံချင်ဘူး၊ **သေခါနီး**ဆိုလျှင် လူတယ်ပြီး မကြိုက်ချင်ကြဘူးနော်၊ ဒါဟာ **သေခါနီး**စောတဲ့ ဇောလို့ပြောတာ။

ထားပါတော့ ဘာတွေကျန်သတဲ့၊ ကုသိုလ်အနေအားဖြင့်ကြည့်လျှင် **မဟာ**ကုသိုလ်ဇော၊ **မဟာ**ကုသိုလ်စိတ် ၈-ခုဇော စောနိုင်တယ်၊ **အ**ကုသိုလ်**အ**နေနှင့် ကြည့်လျှင် ၁၂-မျိုးစလုံး စောနိုင်တယ်၊ **အ**ဗျာကတ **အ**နေနှင့်ကြည့်လျှင် **မဟာ**ကြိယာဇော ၈-ခု စောနိုင်တယ်။

အရကောက်စာအုပ်မှာ ကုဗျာ, အကုဗျာ ကျန်နေ

ဒီတော့ ဒီမှာ သခ်ျာထုတ်လျှင် ဘာတွေထွက်သလဲ၊ ဟိုတုန်းက ပြောခဲ့တယ်၊ ကုဗျာ, အကုဗျာ, ဗျာဗျာလို့ ၃-မျိုး မထွက်ဘူးလား (ထွက်ပါတယ်)။ **အရကောက်**မှာ **ကုဗျာ, အကု ဗျာ ပျောက်**နေတယ်ဆိုတာ ပါဠိတော်သင်တုန်းက အထပ်ထပ်ပြောတယ်၊ ဒီနေ့ တမျိုး ပြောပေးရုံဘဲ။

အဲဒီတော့ အကုသိုလ်ဇောနောင်ကျမည့် စုတိဟာ ဘယ်သူလဲလို့ မေးတော့ အပေါ် က ကာမစုတိနှင့် တည့်တည့်မှာ ပုဒ်မ ပြမထားဘူးလား (ပြထားပါတယ်)။

အကုသိုလ်ဇောနောင် စုတိကျသည်ဖြစ်အံ့၊ ကာမစုတိ ၁၀-အားတပ်သော ပစ္စယုပ္ပန် (မှန်ပါ)၊ ပစ္စည်းတရာက ဘယ်သူတဲ့တုန်း၊ အကုသိုလ် ဒွါဒသ ပဋ္ဌမဇော၊ မရဏာသန္နဇော က ၅-ကြိမ်သာ စောတယ် မဟုတ်လား (မှန်ပါ)။ ဒါကြောင့် ပဋ္ဌမဇော။

ထို့အတူ မဟာကုသိုလ်ဇောနောင် စုတိကျသည်ဖြစ်အံ့၊ စုတိစိတ် ဧကူနဝီသအား တပ်သော မဟာကုသိုလ်ပဋ္ဌမဇော၊ နားလည်တယ်နော် (မှန်ပါ)။

ပြီးတော့ မဟာကြိယာဇောနောင် စုတိကျသည်ဖြစ်အံ့၊ တိဟိတ်စုတိ တေရသ အားတပ်သော မဟာကြိယာပဋ္ဌမဇော၊ ပဋ္ဌမဇောချည်းဘဲနော် (မှန်ပါ)။

အောက်ဆုံးအတန်း[1]၊ ဘဝင်နောင် စုတိကျသည်ဖြစ်အံ့၊ ၁၉-အောက်မှာ ပုဒ်မ ပြထားတယ် မဟုတ်လား (မှန်ပါ)၊ စုတိစိတ် ဧကူနဝီသအားတပ်သော ဘဝင်ဧကူနဝီသ။

မရဏာသန္နဇော ၃-မျိုး ရှိသင့်ပုံ

ကုန်သွားပါပြီ၊ ဒါဟာ တဘဝဆုံးတဲ့ စုတိလို့ ခေါ်တယ်၊ အဲဒီမှာ ထပ်ပြောမယ် ဆိုတာ စုတိမှာ မရဏာသန္နဇော ၃-မျိုးရှိတာ ဘုန်းကြီး နည်းနည်း ပြောပြမလို့။

အာရမ္မဏမျိုး သုဒ္ဓသင်္ခါမှ အာမိ, အာပု, ဝတ္ထာ မဟုတ်လား၊ ဝတ္ထာရမ္မဏာသုဒ္ဓ သင်္ခါတဲ့၊ ဦးသုဇာတ ဆိုကြည့်စမ်း။

ဦးသုဇာတ။ ။**ဝတ္ထာရမ္မဏပစ္စည်း၏ သုဒ္ဓသင်္ခါဝါရ၌**- မနောဒ္ဓါရာဝဇ္ဇန်း မရဏာ-သန္နဇော ၅-ချက် တဒါရုံအားတပ်သော စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက် မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု။

ဆရာတော်။ ။တော်ပါပြီ၊ ဒါကလေးတင် လိုချင်တာ၊ ဘာတဲ့လဲ ဘုန်းကြီးပြန်ပြော မယ်၊ နားထောင်ကြစမ်း၊ ဦးပဉ္စင်းတို့လဲ ရစေချင်လို့ အရွတ်ခိုင်းတာ၊ ပစ္စယုပ္ပန် က မနောဒ္ဓါရာဝဇ္ဇန်း၊ ကုသိုလ်လား၊ အကုသိုလ်လား၊ အဗျာကတလား (အဗျာ-ကတပါ)၊ ဘာအဗျာကတလဲ (ကြိယာအဗျာကတ)။

မရဏာသန္နဇော ၅-ချက်တဲ့၊ သာမညကလေးရယ်၊ ဘာမရဏာသန္နလို့ခေါ်သလဲ၊ ကြိယာမရဏာသန္နဇော ဖြစ်နေလျှင် သူဟာ အဗျာကတ ဖြစ်မှာပေါ့ (မှန်ပါ)၊ နားလည်

---

[1] ဤကျမ်း၊ နှာ-၃၁၁-ရှိ အနန္တရဝိထိ ပါဠိတော် အရကောက် ဇယားတွင် မရဏာသန္နဝိထိ၌ တတိယအကြောင်း။

အောင် နားထောင်ကြစမ်း။ **တဒါရုံအားတပ်သောတဲ့** တဒါရုံဆိုတာ ကုသိုလ် အကုသိုလ် ဟုတ်ကဲ့လား (မဟုတ်ပါ)၊ ဘာတုန်း (အဗျာကတပါ)။

တစဉ်လုံး ဒီမှာ ဇောမှာ ကြိယာယူလျှင် အဗျာကတချည်း မနေပေဘူးလား (မှန်ပါ)၊ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။

ရုပ်ဝတ္ထုက ပစ္စည်းမဟုတ်လား (မှန်ပါ)၊ ခုတင်ကပြောတဲ့ မနောဒ္ဓါရာဝဇ္ဇန်း, မရဏာသန္နကြိယာပဋ္ဌမဇော, တဒါရုံလို့ရှိလျှင် သင်္ချာထုတ်လျှင် အဗျာကတော အဗျာကတသ၊ တချက်ဘဲ ထွက်မယ် မဟုတ်လား (မှန်ပါ)။

ဦးပဋ္ဌင်းတို့ သုဒ္ဓသင်္ချာက ဒီလိုဆိုသလား၊ 'ဤတရားတို့သည် ဝတ္ထာရမ္မဏာ ပုရေဇာတနိဿယပစ္စည်းတပ်သောတရားတို့ မည်ကုန်။ သင်္ချာ တီဏိ။ ပစ္စည်းရေ (၆)' ဒီလိုဆို တယ်မဟုတ်လား (မှန်ပါ)၊ **တီဏိဟူသော်ကား** ဘာတွေ ရသတုန်း၊ အဗျာကတော အဗျာကတသ, အဗျာကတော ကုသလသ, အဗျာကတော အကုသလသ။

မရဏာသန္နမှာ ကြိယာတမျိုးတည်းသာ စောတယ်ဆိုလျှင် အဗျာကတော ကုသလသ ထုတ်လို့ရပ့ါမလား (မရပါ)၊ အဗျာကတော အကုသလသလို့ကော ရပါဦးမလား (မရပါ)၊ **အခု မနောဒ္ဓါရာဝဇ္ဇန်းနောက်က မရဏာသန္နဇောသည် ဘုန်းကြီးပြောထားတဲ့ ကုသိုလ်မရဏာသန္နဇော, အကုသိုလ် မရဏာသန္နဇောလို့ ၂-မျိုးပါခြင်းကြောင့်သာ အဗျာကတော ကုသလသ ဖြစ်နိုင်တယ်၊ အဗျာကတော အကုသလသ ဖြစ်နိုင်တယ်။**

ဘာတွေ ဘုန်းကြီးလျှောက်ပြောနေသလဲ မေးလျှင် အနန္တရမှာ ကု-ဗျာ, အကု-ဗျာ=မရဏာသန္နဇောသည် ကုသိုလ်ဇောနောင် စုတိ, အကုသိုလ်ဇောနောင် စုတိ ဧကန်မုချရနိုင်တယ်လို့ဆိုတာ ထင်ရှားအောင် ပြောပြတာ၊ ကု-ဗျာ၊ အကု-ဗျာ အရကောက်တဲ့ အခါ ထည့်ကောက်ပါ။ အရကောက်မှာ မရှိတော့ဘူး၊ ကျနေတယ်၊ ဘယ်တုန်းက ကျမှန်းလဲမသိဘူး၊ ဘယ်သူမှလဲ ထည့်မပေးကြဘူး။

ပြီးရောပေါ့ စုတိ၊ တဘဝဆုံးသွားတော့ ရဟန္တာဖြစ်လျှင် ဒီနေရာတွင်ဘဲ ပြတ်လို့၊ 'သုဒ္ဓသင်္ချာမှာ ရဟန္တာတို့၏ စုတိကြဉ်သော' လို့ ပစ္စည်းက ဒီလိုမဟုတ်လား (မှန်ပါ)၊ ပစ္စယုပ္ပန်ဘက်က ဘာတဲ့တုန်း 'ရဟန္တာတို့၏ စုတိနှင့်တကွ' ဒီလို သုံးစွဲခဲ့တယ်နော် (မှန်ပါ)။

စုတိနောင် ပဋိသန္ဓေ

ရဟန္တာမဟုတ်သေးခဲ့သော် သေပြီးနောက် တဘဝကူးဆိုတော့ အောက်က စာ ၇-ကြောင်း[1]ထွက်တယ်။ သတိပြုကြည့်စမ်း၊ စုတိစိတ်တွေက ပစ္စည်း, ပဋိသန္ဓေစိတ်က ပစ္စယုပ္ပန် ဘဝကူးရမှာကိုး၊ ဒီက သေတယ်ဆို ပဋိသန္ဓေနေရမှာက တဆက်တည်းဘဲ။

ထားပါတော့ ဇယား[1] သွားနေပုံကလေး-ကြည့်စမ်း၊ အဘိဓမ္မာမျက်နှာမလိုက်တာ၊ အပေါ်ဆုံးအတန်း[1] ဘာတဲ့တုန်း၊ ကာမပဋ္ဌိသန္ဓေ ၁၀-အားတပ်သော ဒွိဟိတ် အဟိတ် စုတိ ၆-ခုတဲ့။

ပစ္စည်း ပစ္စယုပ္ပန်ဆိုတာ ဘာပြောတာတုန်း အကြောင်းနှင့် အကျိုးစပ်ပြတာ၊ အကြောင်းကို ပစ္စည်း, အကျိုးကို ပစ္စယုပ္ပန်။

သတိထားစမ်း၊ အဲဒီ တကြောင်းတည်းကြည့်စမ်း၊ ဒီက သေတဲ့ စိတ်က ဘာစိတ်လဲ၊ ဒွိဟိတ်, အဟိတ် စုတိ ၆-ခုလို့ ဆိုတယ်မဟုတ်လား၊ သူဟာ ပစ္စည်းအကြောင်းတရား၊ နားလည်ပေစေနော်။

ဒွိဟိတ်ဆိုတာ ဘယ်သူလဲ ရှာရတယ်၊ စာကလေးဖတ်တတ်ရုံ မသင်နှင့်၊ မဟာဝိပါက်ဉာဏဝိပွယုတ်စိတ် ၄-ခု၊ အဟိတ်ဆိုတာက ဘယ်သူလဲ၊ ဥပေက္ခာ သန္တီရဏ ၂-ခု၊ ပေါင်းတော့ ၆-ခု၊ အဲဒါ ပစ္စည်းတရားဘဲ။

အဲဒီစိတ် ၆-မျိုးနှင့် သေလျှင် ထိုဘဝမှ သေပြီးသွားတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်ကူးမလဲ မေးလျှင် နောက်က ပစ္စယုပ္ပန် ဘာရှိသလဲ (ကာမပဋ္ဌိသန္ဓေ-၁၀)၊ ကာမ ၁၁-ဘုံ သွားနိုင်တယ်တဲ့။

အဘိဓမ္မာစည်းမျဉ်းနော်၊ ပေါ့ပေါ့ကလေးမလုပ်နှင့် ဉာဏ်ဝင်စားပြီးကြည့်၊ ဆိုရိုးကလွယ်လွယ်ကလေး၊ ဘယ်သူ့အားတပ်သော ဘယ်သူဆိုလျှင် ပြီးနေတယ်။

သတိပြု၊ ဒွိဟိတ်ဆိုတာက လူလဲရှိတယ်၊ နတ်လဲရှိတယ်၊ အမိဝမ်းတွင်းမှာ ပဋ္ဌိသန္ဓေနေတုန်းက မဟာဝိပါက်ဉာဏဝိပွယုတ် ၄-ခုနှင့် ပဋ္ဌိသန္ဓေနေခဲ့တဲ့ လူနတ်ဖြစ်ခဲ့လျှင် ထိုလူနတ်သည် ဒွိဟိတ် လူနတ်ဘဲ၊ သူတို့ သေလျှင် ဘယ်သွားနိုင်သလဲမေးလျှင် သူတို့ သွားနိုင်တဲ့လမ်းက ကာမပဋ္ဌိသန္ဓေ ၁၀-ဆိုတာ ကာမ ၁၁-ဘုံဘဲ၊ ကာမ ၁၁-ဘုံဆိုတာ ဘယ်ဟာလဲလို့ မေးလျှင် ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ခေါ်တဲ့ အပါယ် ၄-ဘုံ၊ လူ့ဘုံရယ် ၅-ဘုံမနေဘူးလား (မှန်ပါ)၊ နတ်ပြည် ၆-ထပ်ရယ် ပေါင်းလိုက်တော့ ၁၁-ဘုံ၊ အဲဒီ ၁၁-ဌာနကို သွားနိုင်တယ်၊ ဘယ်သူတွေကို ပြောတာတုန်း၊ လူဒွိဟိတ် နတ်ဒွိဟိတ် ပုဂ္ဂိုလ်တွေ။

ဥပေက္ခာသန္တီရဏ ၂-ခုကိုခေါ်တဲ့ အဟိတ် စုတိ ၂-ခုပါဟယ် မဟုတ်လား (မှန်ပါ)၊ သူတို့က ဘယ်သူရဲ့ စုတိစိတ်လဲလို့မေးလျှင် အပါယ် ၄-ဘုံသားတို့ရဲ့ စုတိစိတ်၊ ပဋ္ဌိသန္ဓေစိတ်လဲ ဟုတ်တယ်, စုတိစိတ်လဲ ဟုတ်တယ် မဟုတ်လား (မှန်ပါ)၊ အပါယ် ၄ ဘုံသားဆိုတာ

၁။ ဤကျမ်း၊ နှာ-၃၁၁-ရှိ အနန္တရဝိထိပါဠိတော် အရကောက်ဇယား၌ အောက်ဆုံး ၇-ကြောင်းတွင် ကြည့်။

ဘယ်သူလဲ၊ ငရဲပြည်က သတ္တဝါတွေ, ရှိရှိသမျှ တိရစ္ဆာန်တွေ, ရှိရှိသမျှ ပြိတ္တာတွေ, အသူရကာယ်တွေ ဒါဟာ အပါယ် ၄ ဘုံသားတွေဘဲ။

သူတို့ဟာ အကုသလဝိပါက်ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်နှင့် ပဋိသန္ဓေနေပြီးသေတော့ သူတို့ ဒီစိတ်နှင့်ဘဲ သေရတယ်နော် (မှန်ပါ)၊ သူတို့ကော ဘယ်သွားသလဲမေးတော့ ခုတင်က ပြောတဲ့ ကာမ ၁၁ ဘုံဘဲ သွားနိုင်တယ်။

နားလည်ကြပါစေ၊ ဥပမာ-လူတို့နှင့် အနီးစပ်ဆုံး ကိုယ့်နေရာဌာနမှာ မွေးထားတဲ့ ခွေးကလေးတကောင် သေသွားတယ်တဲ့၊ သူက တိရစ္ဆာန်မဟုတ်လား (မှန်ပါ)၊ ဥပေက္ခာသန္တီ-ရဏ အကုသလဝိပါက်စိတ်နှင့် သေသွားရတယ်၊ သူသေလျှင် ဘယ်သွားနိုင်သလဲ မေးလို့ ရှိလျှင် **အပါယ်လေးပါးလဲ ကျနိုင်တယ်၊ လူ့ဘဝလဲ ကူးလာနိုင်တယ်၊ နတ်ပြည် ၆-ထပ်လဲ** တက်သွားနိုင်တယ် မဟုတ်လား (မှန်ပါ)၊ ဧကန်မုချသွားနိုင်တဲ့လမ်း။

နတ်ပြည် ၆-ထပ်လို့ဆိုတာက ရဟန်းသံဃာများနှင့် အတူတူ နီးနီးစပ်စပ်နေတဲ့ ခွေးများပြောတာ၊ ဟိုရွာထဲမှာ နေပြီး မုဆိုးလက်ထဲရောက်နေတဲ့ ခွေးကတော့ ဘယ်တက်နိုင်မလဲ၊ မုဆိုးတောင် တက်မှာ မဟုတ်ဘူး၊ သူတော့ အဝေးကြီး။

မြတ်စွာဘုရား ပလလဲတောမှာ သီတင်းသုံးတော်မူစဉ်တုန်းက ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို အလုပ်အကျွေးပြုနေတဲ့ **ပလလဲဆင်မင်းကြီး**တို့ ဘုရားရှင် ပြန်ကြွလို့ နောက်စုတိတဲ့ကာလမှာ သူဘယ်သွားသတုန်း **တာဝတိံသာနတ်ပြည်** မဟုတ်လား (မှန်ပါ)၊ ထိုပလလဲ တောမှာပင်လျှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား နိမ္မသက အသက်ရှိတဲ့ ပျားကောင်မှ ကင်းနေတဲ့ ပျားသလက်ကလေး ချိုးပြီးလျှူတဲ့ မျောက်ကလေးသည် မြတ်စွာဘုရားက သူလျှူ တဲ့ ပျားသလက်ကလေးကို ဘုဉ်းပေးတာမြင်တော့ အားရဝမ်းသာနှင့် သစ်ပင်ပေါ် ခုန်တက် ကိုင်းချောက်ဆွဲမိပြီး အောက်လိမ့်ကျသေရော၊ လျှူလို့သေတာမဟုတ်ဘူး၊ သေဖို့ဟ သူ့ အချိန်စေ့နေပြီ၊ **အဲဒီ မျောက်ဘဝက သေသွားတော့** ဘယ်ရောက်သတုန်း၊ **နတ်ပြည်တက် သွားတယ်၊ လူနှင့်နီးစပ်လို့**နော် ကြည်ညိုရမှန်းသိတယ်၊ ဝမ်းသာရမှန်းသိတယ်၊ ကောင်းတာ, ဆိုးတာ အသင့်အတင့် ခွဲခြားနိုင်တယ်၊ ဒါကြောင့် **တိရစ္ဆာန်ဖြစ်ရပေမဲ့ လူနှင့်နီးစပ်လျှင် သုဂတိဘဝ ရနိုင်တယ်လို့** နားလည်ပါ။

ဘာပြောနေသလဲ အကျဉ်းချုပ် ဒွိဟိတ် အဟိတ် စုတိ ၆-ခုနှင့် စုတိကျတဲ့ သတ္တဝါမှန်သမျှတို့သည် ဘယ်သွားမယ် ကာမ ၁၁-ဘုံသို့သာ သွားနိုင်တယ်၊ ပြဟ္မာ့ပြည် ဘယ်တော့မှ မတက်ဘူးနော် (မှန်ပါ)။

သတိပြု၊ ဒုတိယတန်း[1] ကြည့်၊ ပဋ္ဌိသန္ဓေစိတ် ဧကူနဝိသအားတပ်သော ကာမတိဟိတ်စုတိ ၄-ခုဆိုတာ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄-ခု ဟုတ်လား (မှန်ပါ)၊ သူတို့နှင့် ပဋ္ဌိသန္ဓေနေလျှင် ဒီစိတ်နှင့်ဘဲ သေရတယ်၊ သေလျှင် သူဘယ်ကူးမလဲ မေးလျှင် သူ့နောက်က ၁၉-မဟုတ်လား (မှန်ပါ)၊ ၃၁-ဘုံကို အကုန်သွားနိုင်တယ်၊ နားလည်ပလား (မှန်ပါ)။

တိဟိတ်ပုဂ္ဂိုလ်ဟာ ကောင်းတာလဲ သူတို့ သူများထက်သာအောင် လုပ်တယ်, မကောင်းတာ လုပ်ရမယ်ဆိုလဲ သူများထက်သာအောင် လုပ်တယ်လေ၊ တိဟိတ်ပုဂ္ဂိုလ်ဆိုတာ အလွန်ကြောက်စရာကောင်းတယ်၊ သိပ်ထက်မြက်တယ်လို့ ဆိုတယ်၊ ဘာမှ မကြောက်ဘူး၊ ဒီတော့ တက်စရာရှိလဲ အထက်အမြင့်ဆုံးထိအောင် တက်သွားနိုင်တယ်၊ ဆင်းစရာရှိလဲ အောက်ဆုံးထိအောင် ဆင်းသွားနိုင်တာဘဲ။

ထားပါတော့၊ နောက်တကြောင်းကြည့်၊ ရူပစုတိ ၅-ခုက ပစ္စည်း, သဟိတ် ပဋ္ဌိသန္ဓေ ၁၇-ခုက ပစ္စယုပ္ပန်မဟုတ်လား (မှန်ပါ)၊ ဒီတော့ ရူပဘုံက ဗြဟ္မာကြီးတွေသေလျှင် ဘယ်သွားနိုင်မလဲလို့ မေးလျှင် နောက်က ဘယ်လောက် ရှိသလဲ၊ သဟိတ်ပဋ္ဌိသန္ဓေ သတ္တရသ ၁၇ ခုတဲ့။

သတိပြုစမ်း၊ သဟိတ်ပဋ္ဌိသန္ဓေသတ္တရသဆိုတော့ ပဋ္ဌိသန္ဓေစိတ် ၁၉-ထဲက ဘယ်သူလျှော့နေသလဲ (အဟိတ်ပဋ္ဌိသန္ဓေ လျှော့နေပါတယ်)။

အဟိတ်ပဋ္ဌိသန္ဓေ ၂-ခုလျှော့နေတော့ ရူပဘုံက ဗြဟ္မာကြီးတွေသေလျှင် ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ခေါ်တဲ့ **အပါယ်လေးပါး** တခါတည်းဆင်းနိုင်ရဲ့လား (**မဆင်းနိုင်ပါ**)။

နားလည်ပါစေနော်၊ အဲဒါက ဆင်းနိုင်သလိုလိုပြောတဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ သတိပေးပြောနေတာ၊ တိုက်ရိုက်မဆင်းနိုင်ဘူး၊ တဘဝ နှစ်ဘဝ ခြားပြီးမှ ဆင်းနိုင်တယ်။

အဲဒါကလေးတွေ ခပ်များများပြောပေးချင်ပေတဲ့ နာရီက အချိန်နည်းနေတယ်၊ မှတ်ထားပါတော့။

ဘယ်သွားမလဲလို့ မေးလို့ရှိလျှင် အပါယ်လေးဘုံမှ တပါးသော သဟိတ်စိတ်နှင့် ပဋ္ဌိသန္ဓေနေနိုင်တဲ့ ဘုံတွေကို အကုန်သွားနိုင်တယ်တဲ့ နော်၊ ကာမသုဂတိ ၇-ဘုံ ရူပဘုံ အရူပဘုံတွေ သွားနိုင်တယ်၊ ကာမသုဂတိဆိုတဲ့ အထဲမှာလဲ **မနုဿသုဂတိဘုံမှာတော့ အဟိတ်ပဋ္ဌိသန္ဓေနှင့် မနေနိုင်ဘူး**။

---

[1] ဤကျမ်း၊ နှာ-၃၁၁-ရှိ အနန္တရဝိထိ ပါဠိတော်အရကောက် ဇယားခ် ကာမတိဟိတ် စုတိအတန်း။

[2] ဤကျမ်း၊ နှာ-၃၁၁-ရှိ အနန္တရဝိထိ ပါဠိတော်အရကောက် ဇယားဝယ် စုတိနောင် ပဋ္ဌိသန္ဓေဖြစ်ပုံ ပြရာ၌ သက်ဆိုင်ရာ စုတိနှင့် ပဋ္ဌိသန္ဓေအတန်းတွင် ကြည့်။

ရှေ့တခုတိုးပါ[1]၊ အရူပဘုံ ၄-ဘုံတို့တွင် အာကာသာနဉ္စာယတနဘုံက ဗြဟ္မာကြီး သေသွားတယ်တဲ့၊ ဘယ်သွားမလဲလို့ မေးလျှင် သူ့ပစ္စယုပ္ပန်ကြည့်စမ်း၊ ကာမတိဟိတ် ပဋိသန္ဓေ ၄-ခုပါရဲ့လား (ပါပါတယ်)၊ ကာမဘုံမှာ တိဟိတ်ပဋိသန္ဓေနှင့် လူနတ် ပြန်ဖြစ်နိုင်တယ်၊ အပါယ် ၄-ပါးသို့ မဆင်းဘူးနော်၊ ဒီပြင် ဘယ်သွားမလဲမေးလျှင် သူ့ဘုံလဲ သူ ပြန်ဖြစ်မယ်၊ ပါတယ်မဟုတ်လား၊ နောက်က အရူပ ဝိပါက် ၄-ခု၊ (ပါပါတယ်)၊ သူ့ဘုံလဲ သူပြန်ဖြစ်မယ် မဟုတ်လား (မှန်ပါ)၊ အရူပ ပဋိသန္ဓေ ၄-ခုလို့ ရှိတယ်နော် (မှန်ပါ)၊ အထက်အထက် အရူပဘုံတွေကိုလဲ သူတက်သွားနိုင်တယ်၊ နားလည်ပလား (မှန်ပါ)၊ **ကာမဘုံကို တိဟိတ်ပုဂ္ဂိုလ်အနေအားဖြင့် ပြန်နိုင်တယ်၊ သူ့ဘုံ ကို သူပြန်ပြီး ဖြစ်နိုင်တယ်၊ အထက်ဖြစ်တဲ့ အရူပဘုံကိုလဲ သွားနိုင်တယ်။**

နောက်တတန်းကြည့်[2]၊ ဝိညာဏဉ္စာယတနဘုံက ဗြဟ္မာကြီးသေလျှင် ဘယ်ဘုံသွား မလဲ၊ ကာမဘုံကို တိဟိတ်အဖြစ်နှင့် ခုတင်ကလိုဘဲ ပြန်နိုင်တယ်၊ သူ့ဘုံကို သူပြန်ဖြစ်နိုင် တယ်၊ အထက်ဘုံကို ဖြစ်နိုင်တယ်၊ အောက်ဘုံကို ပြန်နိုင်ရဲ့လား (မပြန်နိုင်ပါ)၊ အရူပအောက် ဘုံကို မပြန်နိုင်ဘူး၊ 'ဟေဋ္ဌိမာရူပဗ္ဗဝဇ္ဇိတာ'လို့ အရှင်အနုရုဒ္ဓါပြောတယ် မဟုတ်လား (မှန်ပါ)။

အဲဒီအတိုင်းသွားတော့ အာကိဉ္စညာယတနဘုံက ဗြဟ္မာက ကာမဘုံကို တိဟိတ် နှင့် ပြန်နိုင်တယ်၊ သူ့ဘုံသူ ဖြစ်နိုင်တယ်၊ အထက်ဘုံတွေ ဖြစ်နိုင်တယ်၊ အောက်ဘုံ မပြန် ရဘူး။

နေဝသညာ နာသညာယတနဘုံက ဗြဟ္မာကြီးကျတော့လဲ ထို့အတူ ပုထုဇဉ် ဗြဟ္မာ ကြီးဖြစ်လျှင် ကာမဘုံကို တိဟိတ်ပဋိသန္ဓေအနေအားဖြင့် ပြန်နိုင်တယ်၊ သူ့ဘုံမှာ သူပြန် ဖြစ်ချင်လျှင် ဖြစ်နိုင်တယ်၊ သို့မဟုတ် အရိယာရဟန္တာဖြစ်လျှင် ထိုဘုံမှာပင် ပရိနိဗ္ဗာန်စံ နိုင်တယ်၊ နောက်ဆုံးဘုံခေါ်တယ်၊ ဘဝဂ်ဘုံ၊ ၃၁-ဘုံမှာ အမြင့်ဆုံး ဘဝဂ်ဘုံ။ အဲဒါ ပြီးသွား ရောပေါ့၊ ဆိုရိုးက ဘယ့်နှယ်ဆိုမလဲ၊ သတိပြန်ပြု။

ကာမပဋိသန္ဓေ ၁၀-အား တပ်သော ဒိဋ္ဌိတ် အဟိတ်စုတိ၊ ပဋိသန္ဓေစိတ် ဧကူနဝီသအား တပ်သော ကာမတိဟိတ်စုတိ၊ ဂဏန်းကလေးတွေ မထည့်ချင်နေပါ၊ သိလျှင် တော်ရောပေါ့၊ သဟိတ်ပဋိသန္ဓေ သတ္တရသအား တပ်သော ရူပါဝစရစုတိ၊ ကာမတိဟိတ် ပဋိသန္ဓေ ၄-ခု အရူပပဋိသန္ဓေ ၄-ခုအား တပ်သော အာကာသာနဉ္စာယတနစုတိ၊ ကာမ တိဟိတ် ပဋိသန္ဓေ ၄-ခု ဝိညာဏဉ္စာယတန ပဋိသန္ဓေ, အာကိဉ္စညာယတနပဋိသန္ဓေ,

---

၁။ ဤကျမ်း၊ နှာ-၃၁၁-ရှိ အနန္တရဝိထိ ပါဠိတော်အရကောက် ဇယားဝယ် စုတိနောင် ပဋိသန္ဓေဖြစ်ပုံ ပြရာ၌ သက်ဆိုင်ရာ စုတိနှင့် ပဋိသန္ဓေအတန်းတွင် ကြည့်။

၂။ ဤကျမ်း၊ နှာ-၃၁၁-ရှိ အနန္တရဝိထိဇယားတွင် ဝိညာစုတိ အတန်းကြည့်။

နေဝသညာ နာသညာယတန ပဋိသန္ဓေအား တပ်သော ဝိညာဏဗျာယတနစုတိ၊ ကာမတိဟိတ် ပဋိသန္ဓေ ၄-ခု, အာကိဉ္စညာယတန ပဋိသန္ဓေ, နေဝသညာ နာသညာယတန ပဋိသန္ဓေအား‌တပ်သော အာကိဉ္စညာယတနစုတိ၊ ကာမတိဟိတ် ပဋိသန္ဓေ ၄-ခု, နေဝသညာ နာသညာယတနပဋိသန္ဓေအား တပ်သော နေဝသညာ နာသညာယတန စုတိ-ဆိုတော့ ကုန်ရော၊ ဦးဉာဏဝရ ဟောစမ်း။

ဦးဉာဏဝရ။ ။မရဏာသန္နအခါ တဒါရုံနောင် စုတိကျသည်ဖြစ်အံ့၊ ကာမစုတိ ၁၀-အား‌တပ်သော ဒုတိယတဒါရုံ (၀) နေဝသညာ နာသညာယတနစုတိ။

ဆရာတော်။ ။အနန္တရအရကောက် ကုန်ရော၊ ဖြည်းဖြည်းလေး ဟောကြစမ်းပါ။

သံယာတော်များ။ ။တခေါက်ဟောကြသည်။

ကဲ အချိန်စေ့သွားပြီ တော်ကြဦးစို့။

အနန္တရဝိထိဆိုရိုး

ဆရာတော်။ ။ဒီနေ့ အနန္တရဝိထိဆိုရိုးကလေး အစအဆုံး တခေါက်လောက် ပြန်လှည့်ရအောင်၊ မနေ့က ကုန်သွားခဲ့ပြီ။

သတိပြု ခဏကြည့်ထားစမ်းပါဦး၊ ဘုန်းကြီးနည်းနည်း အရင်ပြောပေးမယ်။

ဘာက စလိုက်သတုန်း၊ ပဌမဘဝင်နာမက္ခန္ဓာအား‌တပ်သော ပဋိသန္ဓေ နာမက္ခန္ဓာ ဆိုတာ ဒီက စသွားမယ် ဟုတ်လား၊ အစနှင့် အဆုံးလောက်တင် ပြောပေးမှာ၊ သတိပြု နားထောင်။

ပြီးတော့ အလယ်ခေါင်မှာ တချက်ဆုံးတာက ပရိတ္တာရုံဝိထိဖြစ်အံ့-ဒုတိယ ဝုဋ္ဌော‌အား‌တပ်သော ပဌမ ဝုဋ္ဌော, ပဉ္စဝေါကာရဘဝင် ၁၅-ခုအား တပ်သော ဒုတိယဝုဋ္ဌောဆိုပြီး တပိုင်းပြတ်သွားရော။

ပြီးတော့ အတိမဟန္တာရုံ, မဟန္တာရုံ, ဝိဘူတာရုံ, အဝိဘူတာရုံ ဝိထိဖြစ်အံ့ ဆိုပြီးတော့ ကာမဇောတခုယုတ်သုံးဆယ် ပဌမဇောအား တပ်သော ဝုဋ္ဌော မနောဒ္ဓါရာဝဇ္ဇန်း။

ကျေနေပါစေ၊ နောက်ကို ဒီအတိုင်းချည်း ထပ်တွေ့နေမှာ၊ ဒုတိယဇော (၀) သတ္တမ‌ဇောအား တပ်သော ဆဋ္ဌဇော-ဆုံးသွားရော။

ဇောနောင် တဒါရုံကျ, သို့မဟုတ် ဘဝင်ကျတဲ့အခါကျတော့ အမှတ်အသားကလေးပေးထားတယ်၊ ဘာတဲ့တုန်း၊ ဇောနောင်မှာ တဒါရုံ အကုန်, ဘဝင် အကုန်ကျနိုင်တာက

လောဘမူ, မောဟမူ, မဟာကုသိုလ်ဇော-ဟုတ်လား (မှန်ပါ)။ ဒေါသမူဇောနောင်ကျတော့ ဥပေက္ခာတဒါရုံနှင့် ကာမဥပေက္ခာဘဝင်၊ ဒီလိုမဟုတ်လား (မှန်ပါ)။ ဟသိတုပ္ပါဒ်ဇောနောင်ကျတော့ သောမနဿတဒါရုံနှင့် ပဠဝေါကာရတိဟိတ်ဘဝင်၊ အကုန်လုံး ပြန်ဆိုခိုင်းမယ်နော် (မှန်ပါ)။

မဟာကြိယာ သောမနဿသဟဂုတ် ဇောနောင်ကျတော့ သောမနဿတဒါရုံနှင့် တိဟိတ်ဘဝင်၊ မဟာကြိယာဥပေက္ခာဇောနောင်ကျတော့ ဥပေက္ခာတဒါရုံနှင့် တိဟိတ်ဘဝင် တေရသ (မှန်ပါ)။ ဒုတိယတဒါရုံအားတပ်သော ပဌမတဒါရုံ ကာမဘဝင် ၁၀-အားတပ်သော ဒုတိယတဒါရုံ, မှတ်ခဲ့၊ ဒါတဝိထိပြီးသွားရော။

ပြီးတော့ အောက်ဝိထိကျတော့ ၃-ဝိထိပေါင်းတယ် မဟုတ်လား (မှန်ပါ)။ စျာနဝိထိ, မဂ္ဂဝိထိ, ဖလသမာပတ္တိဝိထိ၊ အဲဒီ ၃-ဝိထိကို ပဌမတကြိမ်မှာ စျာနဝိထိက မဟဂ္ဂုတ်ကုသိုလ်, မဂ္ဂဝိထိက မဂ်ကုသိုလ် ၂၀, ဖလသမာပတ္တိဝိထိက သေက္ခသမာပတ္တိဝိထိအတွက် အောက်ဖိုလ်သောမနဿ ၁၂-နှင့် ပေါင်းပြီးတော့ မဟဂ္ဂုတ်ကုသိုလ် သောမနဿ ၄-ခု, မဂ်သောမနဿ ၁၆-ခု, အောက်ဖိုလ် သောမနဿ ၁၂-ခုအား တပ်သော ဂေါတြဘူ ဝေါဒါန် အနုလုံကိစ္စတပ်သော မဟာကုသိုလ်ပဌမဒွေ၊ နောက်တခေါက် ဥပေက္ခာဆို။

နောက်တခါပြန်လာတော့ မဂ္ဂဝိထိမရှိဘူး၊ စျာနဝိထိက ကြိယာ, သမာပတ္တိဝိထိက အရဟတ္တဖိုလ် ဒါဘဲမဟုတ်လား (မှန်ပါ)။ မဟဂ္ဂုတ်ကြိယာ သောမနဿသဟဂုတ် ၄-ခု, အရဟတ္တဖိုလ် သောမနဿ သဟဂုတ် ၄-ခုအားတပ်သော ဂေါတြဘူ, အနုလုံကိစ္စတပ်သော မဟာကြိယာ ပဌမဒွေ ဆိုပြီး ဝေါဒါန်ကို ပယ်ခဲ့နော် (မှန်ပါ)။ ပြီးသွားရော သူက၊ နောက်ပြီး ဥပေက္ခာလာ။

ပြီးတော့ စျာနဝိထိရဲ့ စျာနသမာပဇ္ဇနဝိထိဆိုရိုး၊ နောက်နောက်သော မဟဂ္ဂုတ်ကုသိုလ်ကြိယာအားတပ်သော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ် ကုသိုလ်ကြိယာ၊ ဒီနောက်စျာန်နောင် ဘဝင်၊ ရူပစျာန်နောင်ကျတော့ ဘာတွေ ရတယ်၊ ပဠဝေါကာရတိဟိတ်ဘဝင်, အရူပစျာန် နောင်ကျ၎တော့ တခုချင်းတိုး၊ နောက် တိဟိတ်ဘဝင် တေရသအားတပ်သော နေဝသညာနာသညာယတန ကုသိုလ်ကြိယာ အဆုံးဇော။

ပြီးတော့ နောက်က ဝိထိ ၂-ဝိထိကျော်လိုက် နိရောဓသမာပတ်မှ ထသောအခါ ဒီလိုမဟုတ်လား (မှန်ပါ)။ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်အား တပ်သော နေဝသညာ နာ-သညာယတန ကုသိုလ်ကြိယာ အဆုံးဇော။

ပြီးတော့ မဂ်နှင့်ဖိုလ်၊ ဖိုလ်-ဖိုလ်ချင်းချင်း၊ ဖိုလ်နောက်ဘဝင်တဲ့၊ ဒီနောက်ကတော့ လွယ်ပါတယ်၊ ဦးဥာဏဝရဟောစမ်းပါ။

ဦးဥာဏာဝရ။ ။ပဌမဘာဝင် နာမကွန္ဓာအားတပ်သော ပဋိသန္ဓေနာမကွန္ဓာ, ဒုတိယ အစရှိသော နောက်နောက်သော (၀) နေ၀သညာ နာသညာယတနစုတိ။

ဆရာတော်။ ။ဒါပါဘဲ၊ ဦးပဉ္စင်းတို့က မမြန်နှင့်၊ ဆိုတဲ့ပုဂ္ဂိုလ်တွေလောက် မမြန်ကြနှင့် ဖြည်းဖြည်းကလေးစောင့်ဟော၊ ဒါမှ မရတဲ့ ပုဂ္ဂိုလ်တွေလဲရ, မကြေတဲ့ ပုဂ္ဂိုလ်တွေလဲ ကြေသွားပြီ, ကြေပြီးသား ပုဂ္ဂိုလ်တွေလဲ ထို့ထက် ပိုကြေမယ်၊ တလုံးချင်းလို တက်သွားရတယ်၊ ပဌမဘာဝင်နာမကွန္ဓာအား တပ်သော ပဋိသန္ဓေနာမကွန္ဓာဆိုပြီး ခဏတဖြုတ်စောင့်နေဦးမှပေါ့နော်၊ ကဲ အားလုံးဖြည်းဖြည်းဆိုကြစမ်းပါ။

သံယာတော်များ။ ။တခေါက်ဆိုကြသည်။

ဆရာတော်။ ။ကဲ အားလုံးဘဲ အပင်ပန်းထပ်ခံကြပြီး မရဏာသန္ဓဝိထိက စဆိုကြဦး၊ နို့မဟုတ်လျှင် ဟန်မကျဘူး။

သံယာတော်များ။ ။မရဏာသန္ဓအခါ တဒါရုံနောင် စုတိကျသည်ဖြစ်အံ့(၀) နေ၀သညာ နာသညာယတနစုတိ။

ဆရာတော်။ ။ဒီတခါတော့ အောင်ပါပြီ၊ အနန္တရဆိုရိုးတဲ့၊ ကြေနေအောင်လုပ်ထားပြန်ပြီးတော့လဲ ရွတ်ထားကြပါဦး၊ ပြီးပြီဆိုပြီး ပစ်မထားနှင့်၊ ဒီဝိထိဆိုရိုးကလေးကြေလေ ဦးပဉ္စင်းတို့အတွက် ကျေးဇူးများလေဘဲ၊ အခုနေ အမှတ်တမဲ့ သိပ်ပြီးတော့ ကိုယ့်စိတ်ထဲမှာ သဘောမကျသေးပေမယ်လို့ ရွတ်ရင်းဖတ်ရင်းနှစ်သက်စရာကလေးတွေ သဘောကျစရာကလေးတွေ ဒီဝိထိပေါ်က ပေါ်လာပါလိမ့်မယ်၊ နောက်တုန်းက သင်ကြားတုန်းက မကျေနပ်ခဲ့တာကလေးတွေ ဒီမှာလာပြီး ကျေနပ်စရာကလေးအဖြစ်နဲ့ ပေါ်လာပါလိမ့်မယ်၊ လိုလိုချင်ချင်နှင့် ဆည်းပူးပါလို့ တိုက်တွန်းပါတယ်။

ပဌာန်းသိပ္ပံကျမ်း ပဌမတွဲ ပြီးပြီ။

ပဌာန်းသိပ္ပံကျမ်း

မှတ်သားဖွယ် အကွာရာစဉ်

အကွာရာစဉ်	စာမျက်နှာ
[အ]	
အကုပဒ-၄	၂၇
အကုဗျာပဒ-၂	၂၇
အကုသိုလ် နာမ်ကွန်ဒြေ	
တရားကိုယ် ၅-ပါး	၁၃၉၊ ၁၄၀
အကုသိုလ် စိတ္တဇရုပ်	၅၅
အကုသိုလ် သမ္မယုတ္တခန္ဓာ	၄၈
အကုသိုလ်ဟိတ် ရှာနည်း	၅၁
အကုသိုလ်ဟိတ်အတွက်	
သုဒ္ဓသင်္ခ်ာ ၃-မျိုး	၇၃
အကုသိုလ်ဟိတ် သရုပ်ခွဲ	၇၃
အကြောင်းကြောင့်ပေါ်လာတဲ့	
အကျိုးပစ္စယုပ္ပန်	၈၂
အကြောင်းရှိက အကျိုးရ	၈၂
အကြောင်းဟော ပရိယာယ်	၈၁
အစိတ်အစိတ်, အစိတ်အပေါင်း	၄၉၀
အညမညနှင့် သမ္မယုတ္တ	
သုဒ္ဓသင်္ခ်ာမှာ ရှာကြည့်	၉၊ ၁၀၊ ၁၉၉၊ ၂၀၀၊ ၃၈၈
အညမည၌ သင်္ခ်ာတိုကို	၉၊ ၁၉၉၊ ၂၄၃
အညမည၌ ပစ္စည်းရေ-၅	၉၊ ၁၉၉၊ ၂၄၃
အညမည ပစ္စည်းတပ်	
တရား	၉၊ ၁၉၉၊ ၂၄၃
အညမည ပစ္စယုပ္ပန်တရား	၉၊ ၁၉၉၊ ၂၄၃
အညမည သုဒ္ဓသင်္ခ်ာ	၉၊ ၁၉၉၊ ၂၄၃

အကွာရာစဉ်	စာမျက်နှာ
[အ]	
အတူဖြစ်ခိုက်မှာ ကျေးဇူးပြုတဲ့	
တရားမျိုး (သဟဇာတ)	၉၈
အတိမဟန္တာရုံဝိထိ	၉၆
အတိမဟန္တာရုံ သောတဒ္ဓါရဝိထိ	
မှာ အဗျာကတ တရားရှာပုံ	၁၀၀
အတိမဟန္တာရုံ သောတဒ္ဓါရ	
ဝိထိမှာ ကုသိုလ်တရားရှာပုံ	၉၆
အတ္ထိ ၆-မျိုး ဇယား	၃၀၃
အဓိဋ္ဌာန် ၄-ချက်	၃၃၉
အဓိပတိနှင့် ကွန်ဒြိယအထူး	၁၇၆
အဓိပတိ ၂-မျိုးပေါင်း ဟောပုံ	၂၁၃
အဓိပတိပစ္စည်း	၁၆၄
အဓိပတိပစ္စည်း အရကောက်	၄၆၄
အဓိပတိပစ္စည်း ကျေးဇူးပြုပုံ	၁၇၅
အနန္တရ အရကောက်	
ဆိုရိုးပြုပုံ	၃၇၆၊ ၄၅၈၊ ၄၉၈
အနန္တရကမ္မ	၁၄၈၊ ၄၅၂
အနန္တရကမ္မ၌ ပစ္စည်းရေ-၆	၃၀၂
အနန္တရကမ္မ၌ သင်္ခ်ာ ၉က	၃၀၂
အနန္တရကမ္မပစ္စည်း သုဒ္ဓသင်္ခ်ာ	၁၁
အနန္တရကမ္မပစ္စည်းတရား	၁၅၈
အနန္တရကမ္မပစ္စည်းတပ်တရား	၁၁၊ ၃၀၂
အနန္တရကမ္မပစ္စယုပ္ပန်တရား	၁၁၊ ၃၀၂

အကွာရာစဉ်	စာမျက်နှာ
[အ]	
အနန္တရကမ္မသုဒ္ဓသင်္ခ်ာ	၁၅၈၊၃၀၂
အနန္တရခေါ်ပုံ	၃၂၇
အနန္တရဉ် အကုသလော	
အကုသလဿ အရရှာပုံ	၃၅၆
အနန္တရဉ် အကုသလော	
အဗျာကတဿ အရရှာပုံ	၃၅၇
အနန္တရဉ် အဗျာကတော	
အဗျာကတဿ အရရှာပုံ	၃၅၈
အနန္တရဉ် ကုသလော	
ကုသလဿ အရရှာပုံ	၃၄၄
အနန္တရဉ် ကုသလော	
အဗျာကတဿ အရရှာပုံ	၃၄၉
အနန္တရဉ် ပစ္စည်းရေ-၅	၃၀၁
အနန္တရဉ် သင်္ခ်ာ သတ္တ	၃၀၁
အနန္တရပစ္စည်းတပ်တရား	၃၀၁
အနန္တရပစ္စယုပ္ပန်တရား	၃၀၁
အနန္တရပစ္စည်းမျိုး	၂၀
အနန္တရပစ္စည်းတရား	၁၀
အနန္တရဝိထိဆိုရိုး	၅၀၉
အနန္တရဝိထိပါဠိတော်	
အရကောက်ဇယား	၃၁၁
အနန္တရသုဒ္ဓသင်္ခ်ာ	၃၀၁၊၃၁၂
အနန္တရူပ ၇-မျိုး	၃
အနန္တရူပမျိုး အနန္တရကမ္မမှတ်ရန်	၃
အနန္တရူပမျိုး သုဒ္ဓသင်္ခ်ာ	၁၀
အနန္တရူပနိဿယ (သဘော)	၂၈၅
အနိပ္ဖန္နရူပ ၁၀	၂၀၉

အကွာရာစဉ်	စာမျက်နှာ
[အ]	
အနိပ္ဖန္နရူပ်ကို ဒေသနာတင်	
မဟော	၂၀၉
အနုဝါဒ အဓိပ္ပါယ်	၈၆
အပ္ပနာဇောဝါရဝိထိရှင်းချက်	၄၇၈
အဖော်မရှိတဲ့မောဟ	၅၃
အဖော်ရှိတဲ့ မောဟ	၅၂
အဗျာကတအတွက် ပဝတ္တိ	
ပဋိသန္ဓေခဲ့ပုံ	၃၅
အဗျာကတစိတ္တဇရူပ်	၆၅
အဗျာကတဉ် နာမ်ကျွန်ခြေတရား	
ကိုယ် ၈-ပါး	၁၃၉
အဗျာကတ သမ္မယုတ္တခန္ဓာ	၄၈
အဗျာကတဟိတ်အတွက်	
သုဒ္ဓသင်္ခ်ာ	၃၅
အဖိုးမသိလဲ မဝယ်နဲ့	၁၂၀
အမည်တူပေမဲ့ သဘောချင်းမတူ	၉၀
အမျိုးမရှိ မကျယ်နဲ့	၁၂၀
အရကောက်စာအုပ်မှာ ကုဗ္ဗာ,	
အကုဗ္ဗာ ကျန်နေ	၅၀၂
အရကောက်စာအုပ်ထဲမှာ ဇော	
နောင် စုတိကျန်နေ	၃၅၁၊၃၅၂
အသံဖမ်းယူခဲ့ပုံ	၁၆
အသွင်တူပေမဲ့ အသွေးမတူ	၅၄
[အာ]	
အာဒိကမ္မိကဝိထိသရုပ်ခွဲ	၃၁၆
အာမိဋ္ဌ အကု-အကုအရကောက်	၄၇၃

အကွဲရာစဉ်	စာမျက်နှာ
[အာ]	
အာမိဋ္ဌ အဗျာကတော	
အကုသလသယ	၄၇၅
အာမိဋ္ဌ ကု-အကု အရကောက်	၄၇၂
အာမိဋ္ဌ ကု-ကု အရကောက်	၄၇၁
အာမိဋ္ဌ ကု-ဗျာ အရကောက်	၄၇၃
အာမိဋ္ဌ ဗျာ-အကု အရကောက်	၄၇၅
အာမိဋ္ဌ ဗျာ-ကု အရကောက်	၄၇၄
အာမိဋ္ဌ ဗျာ-ဗျာ အရကောက်	၄၇၄
အာမိ သုံးစွဲပုံ	၃၂
အာပု အမည်ရ	၃၃
အာပုမိ သုဒ္ဓသင်္ခ်ာ	၃၄
အာပု သုဒ္ဓသင်္ခ်ာ ပါဠိတော်	
အရကောက်ဇယား	၂၉၁
အာရမ္မဏနှင့် အာရမ္မဏာဓိပတိ	
မှာ နိဗ္ဗာန်ကို ဟောခြင်း	၃၅၅
အာရမ္မဏပစ္စည်း	၆
အာရမ္မဏပစ္စည်း၏ သုဒ္ဓသင်္ခ်ာ	၃၀
အာရမ္မဏပုရေဇာတတ္ထိ (၂)	၃၀၆
အာရမ္မဏ ပုရေဇာတ၌	
ပစ္စည်းရေ ၄	၂၄၈၊ ၂၉၀
အာရမ္မဏပုရေဇာတ၌	
သင်္ခ်ာတီကို	၂၄၈၊ ၂၉၀
အာရမ္မဏပုရေဇာတပစ္စည်း	၇
အာရမ္မဏပုရေဇာတ ပစ္စည်း	
တပ်တရား	၇၊ ၂၄၇၊ ၂၉၀
အာရမ္မဏပုရေဇာတ ပစ္စယုပ္ပန်	
တရား	၇၊ ၂၄၇၊ ၂၉၀

အကွဲရာစဉ်	စာမျက်နှာ
[အာ]	
အာရမ္မဏပုရေဇာတသုဒ္ဓ-	
သင်္ခ်ာ	၇၊ ၃၂၊ ၂၄၇၊ ၂၉၀
အာရမ္မဏပုရေဇာတာဓိပတိ	
ပစ္စည်း	၇
အာရမ္မဏပုရေဇာတာဓိပတိ	
သုဒ္ဓသင်္ခ်ာ	၃၄
အာရမ္မဏမျိုး	၁၈
အာရမ္မဏမျိုး သုဒ္ဓသင်္ခ်ာ	၆
အာရမ္မဏ ၈-မျိုး	၁
အာရမ္မဏ သုဒ္ဓသင်္ခ်ာ	၂၅
အာရမ္မဏာဓိပတိ	၁၈၈၊ ၂၀၂
အာရမ္မဏာဓိပတိ အရကောက်	၄၇၁
အာရမ္မဏာဓိပတိ ၂-မျိုး	၁၈၉
အာရမ္မဏာဓိပတိ၌ ပစ္စည်း	
ရေ ၃	၁၆၇
အာရမ္မဏာဓိပတိ၌ သင်္ခ်ာ သတ္တ	၁၆၇
အာရမ္မဏာဓိပတိ၌ သရုပ်ခွဲ	
ရှင်းချက်	၁၉၂
အာရမ္မဏာဓိပတိပစ္စည်း	၆
အာရမ္မဏာဓိပတိပစ္စည်းဇယား	
ပုံစံ	၁၆၈
အာရမ္မဏာဓိပတိပစ္စည်းတပ်	
တရား	၁၆၇
အာရမ္မဏာဓိပတိပစ္စယုပ္ပန်	
တရား	၁၆၇
အာရမ္မဏာဓိပတိသုဒ္ဓသင်္ခ်ာ	၃၀၊ ၁၆၇
အာရမ္မဏူပနိဿယ (သဘော)	၂၈၅

အကွဲရာစဉ်	စာမျက်နှာ
[အာ]	
အာရမ္မဏူပသုဒ္ဓသင်္ချာ	၃၀
အာသေဝနဋ္ဌ သင်္ချာတိကဏိ	၃၀၂၊၃၇၀
အာသေဝနပစ္စည်းတပ် တရား	၃၀၂၊၃၆၉
အာသေဝနဋ္ဌ ပစ္စည်းရေ ၆	၃၀၂ ၃၇၀
အာသေဝနပစ္စယုပ္ပန် တရား	၃၀၂၊၃၆၉
အာသေဝနသုဒ္ဓသင်္ချာ	၁၁၊၃၀၂၊၃၆၉
အာဟာရတ္ထိ (၅)	၃၀၇
အာဟာရဋ္ဌ ပစ္စည်းရေ ၁၂	၁၁၂
အာဟာရ ၂-မျိုး	၂၄
အာဟာရပစ္စည်းအရကောက်	၄၁၉
အာဟာရပစ္စည်း အကုပဒ ၃-ချက် အရကောက်	၄၂၁
အာဟာရပစ္စည်း ကုပဒ ၃-ချက် အရကောက်	၄၁၉
အာဟာရသုဒ္ဓသင်္ချာ	၁၁၁
အားတပ်သောစကား၏ အဓိပ္ပါယ်	၃၉
[ဣ]	
ဣန္ဒြိယတ္ထိ (၆)	၃၀၇
ဣန္ဒြိယဋ္ဌ ယဇ္ဈနာရှာပုံ	၄၂၆
ဣန္ဒြိယဋ္ဌ သဘာဝရှာပုံ	၄၂၆
ဣန္ဒြိယဋ္ဌ သဘာဝပစ္စည်း	၄၂၆
ဣန္ဒြိယပစ္စည်း အရကောက်	၄၂၅
ဣန္ဒြိယပစ္စည်း ကျေးဇူးပြုပုံ	၁၇၆
[ဣ]	
ဣန္ဒြိယပစ္စည်းဌ သဘာဝယူပုံ	၁၄၄
ဣန္ဒြိယ ၃-မျိုး	၂၄
ဣန္ဒြိယသုဒ္ဓသင်္ချာ	၁၁၇၊၁၂၉၊၁၃၅
ဣန္ဒြေ ၂၂-ပါးနှင့် တရားကိုယ်	၁၃၅
[ဥ-ဩ]	
ဥပနိဿယ	၂၈၄
ဥပနိဿယအဓိပ္ပါယ်	၂၈၇
ဥပနိဿယ ၃-မျိုး	၂၃၊၂၈၅
ဥပသေဝိတပကတ	၂၈၈-၉
ဥပါဒါပြုင်အဓိပ္ပါယ်	၂၇၅
ဥပါဒိတပကတ	၂၈၈-၉
ဩဇာသည် အာဟာရဇရုပ်ကို ဇနကသတ္တိဖြင့် ကျေးဇူးပြုခြင်း	၁၃၅
ဩဇာသည် ကမ္မဇ စိတ္တဇ ဥတုဇ ရုပ်ကို ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုခြင်း	၁၃၅
ဩဇာသည် ကလာပ်တူကို ဇနကသတ္တိဖြင့် ကျေးဇူးပြုခြင်း	၁၃၄
ဩဇာသည် ကလာပ်ပြားကို ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုခြင်း	၁၃၄
[က]	
ကဋ္ဌတ္တာရူပါနံ-ပါဠိတော်ထုတ်စီ ရကြောင်း	၆၀
ကတ္တားသည် ပဒလည်းမည် ပစ္စည်းလည်းမည်	၈၃

အကွဲရာစဉ်	စာမျက်နှာ
[က]	
ကမ္မဇရုပ် ၃-မျိုး	၆၈
ကမ္မ ၂-မျိုး	၁၄၇
ကမ္မပစ္စည်း	၁၄၇
ကမ္မပစ္စည်းအရကောက်	၄၄၁
ကမ္မပစ္စည်း သုဒ္ဓသင်္ကာ	၁၄၇
ကမ္မ ၄-မျိုး	၁၄၇
ကရိဏ်းပါဠိထုတ်တယ်ဆိုတာ	၄၁၂
ကရိဏ်းပါဠိထုတ်နည်း	၃၈၈
ကလာပ်တူ ကလာပ်ပြားယူပုံ	၁၃၂
ကာမဂေါတ္တ	၃၃၁
ကာမဇောဝါရဝိထိ၌ အနန္တရပစ္စည်း ပစ္စယုပ္ပန်တပ်ပုံ	၄၃၃
ကာမဇောဝါရဝိထိကို တိက်နှင့် ဝေဖန်ပုံ	၃၂၆၊၃၂၈
ကာမဇောဝါရဝိထိရှင်းချက်	၃၂၅
ကာမဇောဝါရ ဝိထိသရုပ်ခွဲ	၃၁၃
ကာမဝိထိ ၂-မျိုး	၃၂၅
ကိရိယဲ ဝုဋ္ဌာနသ ၄-ဌာန	၃၆၆
ကိရိယဲ ဝုဋ္ဌာနသ ဟောပုံ	၃၆၄
ကုပဒ-၄	၂၃
ကုဗျာပဒ-၂	၂၃
ကုသလတိက်နှင့် အာဓိမ္မာ မဟောတဲ့တရား	၂၀၃
ကုသိုလ်စိတ္တဇရုပ်	၅၈
ကုသိုလ်စိတ္တဇရုပ်ထင်ရှား ဖြစ်ပေါ်ပုံ	၆၄

အကွဲရာစဉ်	စာမျက်နှာ
[က]	
ကုသိုလ်၌ နာမ်ကွန်ဒြေတရား ကိုယ် ၈-ပါး	၁၃၈-၉
ကုသိုလ်သမ္မယုတ္တခန္ဓာ	၄၈
ကုသိုလ်ဟိတ်အတွက် သုဒ္ဓ သင်္ကာ ၃-မျိုး	၇၀
ကုသိုလ်ဟိတ်ရှာနည်း	၅၀
ကောင်းတဲ့ မဂ္ဂင်ပါလျှင် ချမ်းသာတယ်	၁၀၅
ကောင်းတဲ့မဂ္ဂင် ၈-ပါး	၁၀၃
ကိုယ်ချစ်တဲ့သူကို အမှတ်ရတာ သတိမဟုတ်	၁၀၅
'ကြောင်းရင်းဟေတု' အစချီ သော လက််	၁၀၄
[ခ-ဂ-ဃ]	
ခန္ဓာဆိုတာ	၄၇
ဂေါတြဘူ ၂-မျိုး	၃၃၁
ဃဋ္ဌနာဆိုတာ	၄၀၂
[စ]	
စာမရခြင်းအကြောင်း ၂-ပါး	၈၉
စိတ္တဇရုပ် အခ်ပ်ပါယ်	၅၅
စိတ္တဇရုပ်ခေါ်ပုံ	၅၈-၉
စိတ္တဇရုပ်ချင်း ကွာခြားပုံ	၅၆
စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇ ရုပ် ကွာခြားပုံ	၅၈
စိတ္တဇရုပ် ၃-မျိုး	၅၅၊၆၄
စိတ္တသမုဋ္ဌာနာနံ ရူပါနံ ပါဠိတော် ထုတ်စီရကြောင်း	၆၀

အကွာရာစဉ်	စာမျက်နှာ
[စ]	
'စိတ်နှင့်စေယျဉ်' အစချီသော လယ်တီဆရာတော်ရေးလက်ာ	၅၁
စုတိနောင် ပဋိသန္ဓေ	၅၀၄
[ဆ]	
ဆရာကြီး ဦးအုန်း၏တပည့်ကြီး ၃-ပါး	၁၁၉
ဆိုးရိုးဌ် ဘုံသတ် မသတ်	၃၆၈
[ဇ]	
ဇယားကို ပါဠိတော်ဖြစ်အောင် စီနည်း	၇၁
ဇယားကြည့်နည်း	၂၈
ဇယားများ	၂၇၊၅၉
၁၄၃၊၁၄၄၊၁၅၇၊၁၆၈၊ ၂၂၈၊ ၂၂၇၊ ၂၇၀-၁၊ ၂၇၄၊ ၂၉၁၊၃၀၃၊၃၁၁၊၃၈၀၊ ၄၃၆၊၄၄၄၊	
ဇယားမှာ သုံးစွဲတဲ့ စကားများ	၇၈
ဇော-၅၅	၁၈၁
ဇောစိတ်ကြောင့် ဖြစ်တဲ့ရုပ် ထင်ရှားခြင်း	၆၆
ဇောတူ	၄၈၅
ဇောတူ အဓိပ္ပါယ်	၄၈၀
ဇောနောင် တဒါရုံ ကျပုံ	၄၃၆
ဇောနောင် တဒါရုံ ဘဝင်ကျပုံ	၄၃၆
ဇောနောင် ဘဝင် ကျပုံ	၄၃၆

အကွာရာစဉ်	စာမျက်နှာ
[ဈ]	
ဈာနဌ် ပစ္စည်းတပ်တရား	၆၂၈
ဈာနဌ် ပစ္စည်းရေ ၁၁	၆၂၈
ဈာနဌ် ပစ္စယုပ္ပန်တရား	၆၂၈
ဈာနဌ် သင်္ချာသတ္တ	၆၂၈
ဈာနပစ္စည်း အရကောက်	၄၀၆
ဈာနပစ္စည်း အကုပဒ ၃-ချက် အရကောက်	၄၀၉
ဈာနပစ္စည်းအဆက်	၉၄
ဈာနပစ္စည်း ကုပဒ ၃-ချက် အရကောက်	၄၀၆
ဈာနပစ္စည်းကို တိကန္ဒင့် ဝေဖန်ပုံ	၈၉
ဈာနပစ္စည်း ဗျာ-ဗျာအရကောက်	၄၁၀
ဈာနပစ္စည်း သုဒ္ဓသင်္ချာ	၉၊၈၈
ဈာနပစ္စယုပ္ပန်တရား	၆၂
ဈာနဝိထိကို တိက်နှင့်ဝေဖန်ပုံ	၃၂၉
ဈာနဝိထိစသည်ဌ် အနန္တရ ပစ္စည်း ပစ္စယုပ္ပန်	၄၅၈
ဈာနဝိထိစသည် ရှင်းချက်	၃၂၆
ဈာနဝိထိနှစ်မျိုး	၃၁၆
ဈာနဝိထိသရုပ်ခွဲ	၃၁၅
ဈာနသုဒ္ဓသင်္ချာ	၆၂
ဈာန်ရပုဂ္ဂိုလ် ၂-မျိုး	၃၃၀
[ဉ-ဌ]	
ဉာဏသမ္ပယုတ်ဇောနောင် အပွနာဇောဖြစ်ပုံ	၄၅၈
ဌာန်း ၂-ပင်	၂၆၄

အကွာရာစဉ်	စာမျက်နှာ
[တ]	
တဒါရုံကျရာ၌ ဥပမာ	၅၀၀
တပြိုင်နက်ထုတ်ပုံ ထုတ်နည်း	၄၀၁
တပြိုင်နက် ယထာရဟ တပ် ကောင်းသော ဆိုရိုးပြုပုံ	၃၉၉
တာဝတိံသာမှာ အဘိဓမ္မာ ဟောတော်မူခြင်း	၂၈၀
တိကနှင့် ပေဖန်ပုံ	၈၉
တိဟိတ် ဥက္ကဋ္ဌဖြစ်ပုံ	၄၄၉
တိဟိတ်သြမကဖြစ်ပုံ	၄၄၉
တောထွက်ကိုယ်တော်ကြီးတရား	၆၇
[ဒ]	
ဒေသနာတော် ၃-မျိုး	၂၈၃
ဒေါသစိတ္တဇရုပ်ဖြစ်တဲ့အခါ ဟေတုပစ္စည်း ပစ္စယုပ္ပန်ရှာပုံ	၉၉
ဒေါသမူစိတ်ဖြစ်တဲ့အခါ ဟေတု ပစ္စည်း ပစ္စယုပ္ပန်ရှာပုံ	၉၉
ဒ္ဝိဟိတ် ဥက္ကဋ္ဌ ဖြစ်ပုံ	၄၄၉
ဒ္ဝိဟိတ် သြမကဖြစ်ပုံ	၄၄၉
[ဓ-နိ]	
ဓမ္မနှင့် ခန္ဓဟောပုံ	၃၅၄
နာနာကွဏ္ဍိကကမ္မ	၁၄၉
နာနာကွဏ္ဍိကကမ္မ အကု-ဗျာ အရကောက်	၄၅၆
နာနာကွဏ္ဍိကမ္မ အရကောက်	၄၄၅
နာနာကွဏ္ဍိကကမ္မ ကု-ဗျာ အရကောက်	၄၅၄
[ဓ-နိ]	
နာနာကွဏ္ဍိကကမ္မ ကျေးဇူး ပြုပုံ	၁၅၃-၆
နာနာကွဏ္ဍိကကမ္မဇယား ရေးနည်းနှင့် ရှင်းချက်	၄၄၅
နာနာကွဏ္ဍိကကမ္မ တနည်းကား (အကျယ်) ကောက်ပုံ	၄၅၅
နာနာကွဏ္ဍိကကမ္မ တနည်းကား အရကောက်ဇယား	၄၄၄
နာနာကွဏ္ဍိက ကမ္မတမျိုး	၄
နာနာကွဏ္ဍိက ကမ္မပစ္စည်း သုဒ္ဓသင်္ခ်	၁၂
နာနာကွဏ္ဍိက ကမ္မပါဠိတော်	၁၆၁
နာနာကွဏ္ဍိက ကမ္မမျိုး	၂၀
နာနာဘုမ္မိက တရား	၃၄၈
နာနာရမ္မဏ တရား	၃၄၃
နာမေကဒေသလို့ သုံးစွဲပုံ	၁၁၃
နာမ်အစဉ်ကြီးတွေကိုလဲ နာမ်ဝိထိ	၈၅
နာမ်အာဟာရ၌ ပစ္စည်းရေ-၁၂	၆၃
နာမ်အာဟာရ၌ ဗျာ-ဗျာ အရကောက်	၄၂၂
နာမ်အာဟာရ၌ သင်္ခ်ာသတ္တ	၆၃၊၁၁၂
နာမ်အာဟာရ ပစ္စည်းတရားကို တိက်နှင့် ဝေဖန်ပုံ	၁၁၃
နာမ်အာဟာရ ပစ္စည်းတပ် တရား	၆၃၊၁၁၁-၂
နာမ်အဟာရပစ္စည်း သုဒ္ဓသင်္ခ်	၈

အကွဲရာစဉ်	စာမျက်နှာ
[နာ]	
နာမ်အာဟာရ ပစ္စယုပ္ပန် တရား	၆၃၊၁၁၁-၂
နာမ်အာဟာရသည် သဟဇာတမျိုး	၁၁၇
နာမ်အာဟာရ သုဒ္ဓသင်္ချာ	၆၃၊၁၁၁
နာမ်ကွန်ရှေ့ တရားကိုယ် ၈-ပါးကို တိက်နှင့်ဝေဖန်ပုံ	၁၃၈
နာမည် ၃-မျိုးထွက် တရားတခု သာ (ပစ္စည်း၊ ကတ္တား၊ ပဒ)	၈၃
နာမည် ၃-မျိုးထွက် တရား တခုသာ (ပစ္စယုပ္ပန်၊ သမ္မဒါန်၊ ပဒါဝသာန)	၈၄
နိပ္ပန္နရူပ် ၁၈-ခု	၂၀၆
နိရောဓသမာပတ္တိဝိထိကို တိက်နှင့် ဝေဖန်ပုံ	၃၃၈
နိရောဓသမာပတ္တိဝိထိ၌ အနန္တရပစ္စည်း ပစ္စယုပ္ပန်	၄၈၃
နိရောဓသမာပတ္တိဝိထိ သရုပ်ခွဲ	၃၂၃
နိဿယပစ္စည်း ကျေးဇူးပြုပုံ	၂၈၆
နိဿယ ၃-ပါး	၂၆၅
နိဿယ သုဒ္ဓသင်္ချာ	၂၆၄
နည်း ၄-မျိုး	၄၁
နှစ်ဆယ့်လေးပစ္စည်းကိုလဲ ပဋ္ဌာန်း ၂၄-ကျမ်းခေါ်ကြပုံ	၄၃
[ပ]	
ပကတ ၂-မျိုး	၂၈၃
ပကတူပနိဿယ ပစ္စည်းတပ် တရား	၁၁
[ပ]	
ပကတူပနိဿယသုဒ္ဓသင်္ချာ	၂၈၅
ပကတူပ ၂-မျိုး	၃
ပကတူပ ပစ္စည်း	၁၁
ပကတူပမျိုး	၂၀
ပကတူပမျိုး သုဒ္ဓသင်္ချာ	၁၁
ပစ္စည်းခေါ်ပုံ	၈၁
ပစ္စည်းဆိုတာ အကြောင်း	၈၁
ပစ္စည်းတရားကိုယ် သရုပ်ကို သိပါစေ	၈၉
ပစ္စည်းတရား ၁-ပါးသာရှိ ပစ္စည်း	၁၂၁
ပစ္စည်းတရား ၃-ပါးရှိ ပစ္စည်း	၁၂၁
ပစ္စည်းတရား ၄-ပါးရှိ ပစ္စည်း	၁၂၁
ပစ္စည်းတရား ၅-ပါးရှိ ပစ္စည်း	၁၂၁
ပစ္စည်းတရား ၆-ပါးရှိ ပစ္စည်း	၁၂၁
ပစ္စည်းတရား ၈-ပါးရှိ ပစ္စည်း	၁၂၁
ပစ္စည်းတရား ၉-ပါးရှိ ပစ္စည်း	၁၂၁
ပစ္စည်း နာမည် ကျက်နည်း	၁၈
ပစ္စည်း ပစ္စယုပ္ပန် အဓိပ္ပါယ်	၈၁
ပစ္စည်းပြ စကား	၃၉
ပစ္စည်းပြိုင်ဆိုတာ	၄၀၂
ပစ္စည်းပြိုင် ထုတ်နည်း	၂၆၃
ပစ္စည်းပြိုင်, သဘာဂ	၄၀၂
ပစ္စည်း သရုပ်ခွဲပုံ	၄၅
ပစ္စည်းသည် ကတ္တားလည်းမည်၊ ပဒလည်းမည်	၈၃
ပစ္စယသတ္တိဆိုတာ	၄၀၂

အကွာရာစဉ်	စာမျက်နှာ
[ပ]	
ပစ္စယုပ္ပန် ခေါ်ပုံ	၈၂-၃
ပစ္စယုပ္ပန် ၃-မျိုး သရုပ်ခွဲပုံ	၆၉
ပစ္စယုပ္ပန် သမ္မယုတ္တာခန္ဓာ ရှင်းချက်	၁၈၄
ပစ္ဆာဇာတ အာဟာရ မိသက ၂-မျိုး	၅
ပစ္ဆာဇာတတ္ထိ (၄)	၃၁၅
ပစ္ဆာဇာတမျိုး	၂၀
ပစ္ဆာဇာတမျိုး သုဒ္ဓသင်္ဘာ	၁၂၂၅၄
ပစ္ဆာဇာတ ၄-မျိုး	၄
ပစ္ဆာဇာတာဟာရမိသက ၂ မျိုး	၂၁
ပစ္ဆာဇာတာဟာရမိသကဌ် ပစ္စည်းရေ-၂	၃၀၀
ပစ္ဆာဇာတာဟာရမိသကဌ် သင်္ခ်ာဒွေ	၃၀၀
ပစ္ဆာဇာတာဟာရမိသက ပစ္စည်းတပ် တရား	၃၀၀
ပစ္ဆာဇာတာဟာရမိသက ပစ္စယုပ္ပန်တရား	၃၀၀
ပစ္ဆာဇာတာဟာရမိသက သင်္ခ်ာ	၁၄၊၃၀၀
ပစ္ဆာဇာတိန္ဒြိယမိသက ၂-မျိုး	၅၊၂၁
ပစ္ဆာဇာတိန္ဒြိယမိသကဌ် ပစ္စည်းရေ-၂	၃၀၁
ပစ္ဆာဇာတိန္ဒြိယမိသကဌ် သင်္ခ်ာဒွေ	၃၀၁

အကွာရာစဉ်	စာမျက်နှာ
[ပ]	
ပစ္ဆာဇာတိန္ဒြိယမိသကပစ္စည်း တပ်တရား	၃၀၀-၁
ပစ္ဆာဇာတိန္ဒြိယပစ္စယုပ္ပန်တရား	၃၀၀
ပစ္ဆာဇာတိန္ဒြိယမိသက သင်္ခ်ာ	၁၄၊၃၀၁
ပစ္ဆာဟာ ပစ္ဆာတိ မိသက	၅
ပဋ္ဌာဒါရဝိထိ	၃၂၅
ပဏ္ဍာဝါရ	၆
ပဏ္ဍာဝါရအနုလုံသုဒ္ဓသင်္ခ်ာဇယား	၂၇
ပဏ္ဍာဝါရကုသလတိက် ဟောနည်း-၁၅	၂၆
ပဏ္ဍာဝါရမှာ ပစ္စည်းကို ပဓာန အားဖြင့် ဟောခြင်း	၁၂၀
ပဏ္ဍာဝါရမှာ ပရမတ္ထအစစ်ကို ဟောခြင်း	၃၅၄
ပဏ္ဍာဝါရသုဒ္ဓသင်္ခ်ာ	၆
ပဏ္ဍာဝါရသုဒ္ဓသင်္ခ်ာဇယား သင်တန်း	၂၅
ပဋ္ဌိသန္ဓေအခါ ဝိရတီမရနိုင်	၅၄
ပဋ္ဌိသန္ဓေအတွက် သုဒ္ဓသင်္ခ်ာပိုင်း	၇၆
ပဋ္ဌိသန္ဓေကမ္မဇရုပ်ခေါ်ပုံ	၅၈
ပဌာန်းအကျဉ်း ခြောက်ကျမ်း	၄၁
ပဌာန်းဆိုပေမဲ့ သင်ကြားဟ်ပါဘဲ	၈၈
ပဌာန်း ၂၄ ကျမ်း	၄၂
ပဌာန်း မျိုးပစ္စည်းများ	၁
ပဌာန်းသင်တန်း (၇၂-ကြိမ်မြောက်)	၁၅
ပဒဆိုတာ မူတည်ထားတဲ့ပုဒ်	၇၉

အကွာရာစဉ်	စာမျက်နှာ
[ပ]	
ပဒဆိုသောစကားအဓိပ္ပါယ်	၇၉
ပဒသည် ပစ္စည်းလည်းမည်၊ ကတ္တားလည်းမည်၊	၈၃
ပဒါဝသာနဆိုသောစကားရဲ့ အဓိပ္ပါယ်	၇၉
ပရိတ္တာရုံဝိထိ အနန္တရပစ္စည်း ပစ္စယုပ္ပန်တပ်ပုံ	၄၁၆
ပဝတ္တိအတွက် သုဒ္ဓသင်္ချာပိုင်း	၇၅
ပဝတ္တိနှင့် ပဋိသန္ဓေအဗျာကတ	၆၁
ပဝတ္တိ ပဋိသန္ဓေ ၂-မျိုးခွဲပုံ	၇၆
ပါဋိတော်ဇယား သင်တန်း	၅၈
ပါဋိတော်ဖြစ်မည့် ပုဒ်မတွေ	၆၁
ပါဋိတော်နေပုံသဘာဝများ	၁၀၉
ပါဋိတော်သရုပ်ခွဲ	၁၀၉၊၁၈၆
ပုတိဇယားပုံစံ	၁၄၃
ပုတိ = ပုရေဇာတိန္ဒြိယသုဒ္ဓ သင်္ချာ	၁၄၁
ပုထုဇဉနဂေါတ္တ	၃၃၁
ပုရေဇာတ ၂-မျိုး	၂၉၀
ပုရေဇာတမျိုး သုဒ္ဓသင်္ချာ	၁၂၊၂၉၀
ပုရေဇာတိန္ဒြိယ၌ ပစ္စည်းရေ-၆	၁၃၀
ပုရေဇာတိန္ဒြိယ၌ သင်္ချာဧကံ	၁၃၀
ပုရေဇာတိန္ဒြိယအရကောက်	၄၃၁
[ဖ]	
ဖလသမာပတ်ဝင်စားတဲ့ ပုဂ္ဂိုလ် ၂-မျိုး	၃၃၈

အကွာရာစဉ်	စာမျက်နှာ
[ဖ]	
ဖလသမာပတ္တိဝိထိကို တိက်နှင့် ဝေဖန်ပုံ	၃၃၄
ဖလသမာပတ္တိဝိထိသရုပ်ခွဲပုံ	၃၂၂
[ဗ]	
ဗလဝကမ္မ	၄၅၂
ဗလဝဒုဗ္ဗလကမ္မ	၄၅၃
ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ	၁၅၉
ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ ပစ္စယုပ္ပန်တရား	၁၅၉
ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မမျိုး သုဒ္ဓသင်္ချာ	၁၂
ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ သုဒ္ဓသင်္ချာ	၁၅၉
ဗလဝနာနာက္ခဏိကကမ္မ	၁၅၆
ဗလဝနာနာက္ခဏိက ကမ္မပစ္စည်း ဇယားပုံစံ	၁၅၃
ဗလဝနာနာက္ခဏိက ကမ္မပစ္စည်း တပ်တရား	၁၅၆
ဗလဝနာနာက္ခဏိက ကမ္မပစ္စည်း သုဒ္ဓသင်္ချာ	၁၁၊၁၅၆
ဗလဝနာနာက္ခဏိကကမ္မ သုဒ္ဓသင်္ချာ	၁၅၆
ဗလဝနာနာက္ခဏိကကမ္မ၌ ပစ္စည်းရေ-၁	၁၅၆
ဗလဝနာနာက္ခဏိကကမ္မ၌ သင်္ချာဒွေ	၁၅၆
ဗဟုသုတဆိုတာ ရှာဖွေနှီးနှော ရမယ်	၈၀

အကွဲရာစဉ်	စာမျက်နှာ
[ဗ]	
ဗျာ-အကုဋ္ဌ ၈-ပစ္စည်းထုတ်ရ ကြောင်း	၄၇၆
ဗျာပဒ-၃	၂၇
[ဘ]	
ဘဝင်္ဂ် အာဝဇ္ဇနာယ ၂-ဌာန	၃၆၆
ဘဝင်္ဂ် အာဝဇ္ဇနာယ ဟောပုံ	၃၆၃
ဘဝဂုံပစ္ဆေဒ	၄၁၉
ဘုရားရှင်က သန့်ရှင်းမှုကြိုက်	၃၃၆
ဘုံဘုံပြားပြား ဟောထားတဲ့ ဒေသနာတော်	၃၆၂
[မ]	
မကောင်းတဲ့ မဂ္ဂင် ၄-ပါး	၁၀၄
မကောင်းတဲ့ မဂ္ဂင်ပါလာလျှင် ဆင်းရဲတယ်	၁၀၄
မဂ္ဂ၌ ပစ္စည်းရေ -၁၃	၆၃
မဂ္ဂ၌ သင်္ချာသတ္တ	၆၃
မဂ္ဂပစ္စည်း-အကုပဒ ၃-ချက်နှင့် အရကောက်	၄၁၃
မဂ္ဂပစ္စည်းအရကောက်	၄၁၁
မဂ္ဂပစ္စည်း ကုပဒ ၃-ချက် အရကောက်	၄၁၁
မဂ္ဂပစ္စည်းတပ်တရား	၆၂
မဂ္ဂပစ္စည်း ဗျာ-ဗျာ အရကောက်	၄၁၅
မဂ္ဂပစ္စည်း သုဒ္ဓသင်္ချာ	၉၊၆၂
မဂ္ဂ ပစ္စယုပ္ပန်တရား	၉၊၆၂
မဂ္ဂဝိထိ တိက်နှင့် ဝေဖန်ပုံ	၃၃၁
[မ]	
မဂ္ဂဝိထိ၌ အနန္တရပစ္စည်း ပစ္စယုပ္ပန်	၄၈၅
မဂ္ဂဝိထိရှေ့မှာ ကုသိုလ်ဉာဏ သမ္ပယုတ်သာ	၃၂၀
မဂ္ဂဝိထိသရုပ်ခွဲ	၃၁၈
မဂ္ဂသုဒ္ဓသင်္ချာ	၆၂၊၁၀၃
မဂ္ဂင်တရားကိုယ် ၉-ပါး	၁၀၆
မထင်ရှားသော စိတ္တဇရုပ်	၆၈
မနောဒ္ဓါရဝိထိ ၂-မျိုး	၃၂၅
မရဏာသန္နဇော ၃-မျိုးရှိသင့်ပုံ	၅၀၃
မရဏာသန္နဝိထိ	၃၂၄
မရဏာသန္နဝိထိကို တိက်နှင့် ဝေဖန်ပုံ	၃၄၂
မရဏာသန္နဝိထိ၌ အနန္တရပစ္စည်း ပစ္စယုပ္ပန်	၄၉၉
မဟာကုသိုလ် တတိယဒွေနောင် အပွနာဇောဖြစ်ပုံ	၄၆၁
မဟာကုသိုလ် ပဌမဒွေနောင် အပွနာဇော ဖြစ်ပုံ	၄၆၀
မဟာကုသိုလ် ၃ မျိုး	၄၄၈
မဟာစတုက္ကာ သုံးစွဲခြင်း	၉၅
မဟာကြိယာ တတိယဒွေနောင် အပွနာဇောဖြစ်ပုံ	၄၆၃
မဟာကြိယာ ပဌမဒွေနောင် အပွနာဇောဖြစ်ပုံ	၄၆၂
မဟာဘုတ် ၇-မျိုးနှင့် ပါဠိတော် ဟောပုံ	၂၃၆

အကွာရာစဉ်	စာမျက်နှာ
[မ]	
မိစ္ဆာသက်ပွ	၁၀၆
မိစ္ဆာသမာဓိ	၁၀၆
မိဿက ၇-ပါး	၁၀၄
မိဿကပစ္စည်း ၃-မျိုး	၂၁
မိဿကသင်္ချာများ	၁၃
မိဿက ၃-မျိုး	၅၁၀၃
မူ-မူလီ	၃၉၉
မူလီဖြစ်တဲ့ပုဒ် = ပဒါ၀သာန	၇၉
မောဟ ၃-မျိုး	၅၂
မိန်းမဖြစ်ရတဲ့ကံ	၅၇
မျိုးနှင့် သဘာ၀ကို အဆင့်ဆင့် ကြည့်ရပုံ	၁၂၀
မျိုးပစ္စည်း ၉-မျိုး	၂၂
မျိုးပစ္စည်းများသင်တန်း	၁၇
မှတ်တမ်းရေးထားကြ	၃၈၆
[ယ]	
ယထာရဟထုတ်ပုံထုတ်နည်း	၄၀၂
ယမိုက်ကျမ်းမှာ မူ-မူလီ	၇၉
ယောက်ျားဖြစ်ရတဲ့ကံ	၅၇
ယောက်ျားမိန်းမဖြစ်ရတဲ့ကံ	၅၇
[ရ]	
ရုပ်အာဟာရ၌ ပစ္စည်းရေ-၃	၁၁၂၊၁၃၀
ရုပ်အာဟာရ၌ ပစ္စယုပ္ပန်တရား	၁၃၀
ရုပ်အာဟာရ၌ ဗျာ-ဗျာအရ ကောက်	၄၂၃
ရုပ်အာဟာရ၌ သင်္ချာဧကံ	၁၁၂၊၁၃၁
[ရ]	
ရုပ်အာဟာရပစ္စည်း	၁၃၊၁၁၂
ရုပ်အာဟာရပစ္စည်းတပ် တရား	၆၄၊၁၁၂၊၁၃၀
ရုပ်အာဟာရပစ္စည်း သုဒ္ဓသင်္ချာ	၁၃၊၁၁၂၊၁၃၀
ရုပ်အာဟာရ ပစ္စယုပ္ပန် တရား	၆၄၊၁၁၂၊၁၃၀
ရုပ်အာဟာရမျိုး	၂၀
ရုပ်အာဟာရမျိုး သုဒ္ဓသင်္ချာ	၁၃၊၆၄၊၁၁၂
ရုပ်အာဟာရသည် ဥပသဟ-ဇာတမျိုး	၁၁၃
ရုပ်အာဟာရ ၃-မျိုး	၄
ရုပ်တရားအစဉ်ကိုလဲ ရုပ်ဝိထိ	၈၅
ရုပ်အာဟာရ သုဒ္ဓသင်္ချာ	၁၃၀
ရူပဇီ၀ိတိန္ဒြိယ အရကောက်	၄၃၃
ရူပဇီ၀ိတိန္ဒြိယ၌ ပစ္စည်းရေ ၃	၁၁၈၊၁၃၀
ရူပဇီ၀ိတိန္ဒြိယ၌ သင်္ချာဧကံ	၁၁၈၊၁၃၀
ရူပဇီ၀ိတိန္ဒြိယ ပစ္စည်းတပ် တရား	၁၃၊၁၁၈၊၁၃၀
ရူပဇီ၀ိတိန္ဒြိယမျိုး	၂၁
ရူပဇီ၀ိတိန္ဒြိယ ပစ္စယုပ္ပန်	၁၁၈၊ ၁၃၀
ရူပဇီ၀ိတိန္ဒြိယမျိုး သုဒ္ဓ သင်္ချာ	၁၃၊၁၁၈၊၁၃၀
ရူပဇီ၀ိတိန္ဒြိယ ၃-မျိုး	၄

အကွဲရာစဉ်	စာမျက်နှာ
[ရ]	
ရူပတိ ဇယားပုံစံ	၁၄၄
ရူပတိ-ရူပဇီဝိတိန္ဒြိယ သုဒ္ဓသင်္ခ်ာ	၁၄၄
ရေးပြီး မကျက်ပါနဲ့	၃၇၇
ရှေးအရကောက်နှင့် ယခု အရကောက်	၄၆၇
ရှင်သာရိပုတ္တရာသမာပတ် ဝင်စားခြင်း	၃၃၅
ရှစ်ပစ္စည်းကိုးမျိုး	၂၂
[လ]	
လင်းနို့သားငါးရာအကြောင်း	၂၇၉
လမ်းပြဒေသနာမို့ ဝိထိ	၈၅
လမ်းရှည်ကြီးတွေကို ဝိထိ	၈၄
[ဝ]	
ဝတ္ထာအမည်ရတရား	၃၃
ဝတ္ထာဓိသုဒ္ဓသင်္ခ်ာ	၃၅
ဝတ္ထာရမ္မဏ ပုရေဇာတနိဿယ ပစ္စည်း	၇
ဝတ္ထာရမ္မဏ ပုရေဇာတနိဿယ သုဒ္ဓသင်္ခ်ာ	၃၃
ဝတ္ထာရမ္မဏ ပုရေဇာတာဓိပတိ ပစ္စည်း	၇
ဝတ္ထာရမ္မဏပုရေဇာတာဓိပတိ သုဒ္ဓသင်္ခ်ာ	၃၅
ဝတ္ထုပုရေဇာတ ၆-မျိုး	၃၊၂၀
ဝတ္ထုပုရေဇာတတ္ထိ (၃)	၃၀၇
[ဝ]	
ဝတ္ထုပုရေဇာတနိဿယ အရကောက် ဇယား	၂၇၁
ဝတ္ထုပုရေဇာတနိဿယ	၂၇၀
ဝတ္ထုပုရေဇာတနိဿယကျေးဇူး ပြုပုံ	၂၈၇
ဝတ္ထုပုရေဇာတနိဿယ၌ ပစ္စည်းရေ-၅	၂၄၈၊၂၆၄
ဝတ္ထုပုရေဇာတနိဿယ၌ သင်္ခ်ာတိကဏ်	၂၄၈၊၂၆၄
ဝတ္ထုပုရေဇာတနိဿယ ပစ္စည်းတပ်တရား	၁၂၊၂၄၈၊၂၆၄
ဝတ္ထုပုရေဇာတနိဿယ ပစ္စယုပ္ပန်တရား	၂၄၈၊၂၆၄
ဝတ္ထုပုရေဇာတနိဿယ ပါဠိတော်ဇယား	၂၇၀
ဝတ္ထုပုရေဇာတနိဿယ သုဒ္ဓသင်္ခ်ာ	၂၄၈၊၂၆၄
ဝတ္ထုပုရေဇာတမျိုး	၂၀
ဝတ္ထုပုရေဇာတမျိုး သုဒ္ဓသင်္ခ်ာ	၁၂၊၁၁၇
ဝတ္ထုပုရေဇာတသဘော	၂၆၆
ဝတ္ထုပုရေဇာတိန္ဒြိယ၌ ပစ္စည်းရေ-၆	၁၁၈
ဝတ္ထုပုရေဇာတိန္ဒြိယ၌ သင်္ခ်ာဧကံ	၁၁၈
ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်းတပ် တရား	၁၁၈

အကွာရာစဉ်	စာမျက်နှာ
[ဝ]	
ဝတ္ထုပုရေဏတိန္ဒြိယ ပစ္စယုပ္ပန်	၁၁၇
ဝိပ္ပယုတ္တ သုဒ္ဓသင်္ခ်ာမှာ ရှာကြည့်	၃၈၉
ဝိပါကဒ္ဒ ပစ္စည်းရေ-၅	၂၅၂
ဝိပါကဒ္ဒ သင်္ခ်ာ ဧကံ	၂၀၀၊၂၅၂
ဝိပါက ပစ္စယုပ္ပန်တရား	၂၀၀၊၂၅၂
ဝိပါကသုဒ္ဓသင်္ခ်ာ	၉၊၂၀၀၊၂၅၂
ဝိပါကသုဒ္ဓသင်္ခ်ာမှာရှာကြည့်	၃၈၉
ဝိသဘာဂ ပစ္စည်းခေါ်ပုံ	၁၂၄
ဝိထိက အကျဉ်း အနုဝါဒက အကျယ်	၈၇
ဝိထိနှင့် အနုဝါဒအဓိပ္ပါယ်	၈၄
ဝိထိနှင့်ဝိမိ	၈၄
ဝိထိသုံးတဲ့အဓိပ္ပါယ်	၈၆
ဝုဋ္ဌောအမည်ရတရားများ	၃၅၂
ဝုဋ္ဌောမည်ပုံ ရှင်းချက်	၃၆၅
[သ]	
သင်္ခ်ာ သတ္တယူပုံ	၉၄
သဏ္ဌိဟ်ကို ပြန်ကြည့်ပါ	၄၄
သဏ္ဌိဟ်ထည့်ပြောလျှင် မလာကြတော့ဘူး	၄၅
သတိ ၂-မျိုး မရှိ	၁၀၆
သမ္မယုတ္တကာနံ ခန္ဓာနံ ပါဠိတော် ထုတ်စီရကြောင်း	၆၀
သမ္မယုတ္တခန္ဓာအရ ရှာနည်း	၄၃
သမ္မယုတ္တဆိုတာ	၄၆
သမ္မယုတ္တဒ္ဒ ပစ္စည်းရေ-၆	၂၀၀၊၂၄၉
[သ]	
သမ္မယုတ္တဒ္ဒ သင်္ခ်ာတီကို	၂၀၀၊၂၄၉
သမ္မယုတ္တပစ္စည်းတပ်တရား	၂၀၀၊၂၄၉
သမ္မယုတ္တ ပစ္စယုပ္ပန်တရား	၂၀၀၊၂၄၉
သမ္မယုတ္တ သုဒ္ဓသင်္ခ်ာ	၁၀၊၂၀၀၊၂၄၉
သဘာဂဆိုတာ	၄၀၂
သဘာဂပစ္စည်းခေါ်ပုံ	၁၂၄
သဘာဂပစ္စည်းရှာနည်း	၁၁၈
သမာဓိအားကောင်းစေခြင်း	၂၃၉
သမာပဇ္ဇနဝိထိသရုပ်ခွဲ	၃၁၃
သမာပဇ္ဇန ဝိထိဒ္ဒ အနန္တရ ပစ္စည်း ပစ္စယုပ္ပန်	၄၃၉
သမာပတ္တိ ဝိထိဒ္ဒ အနန္တရ ပစ္စည်း ပစ္စယုပ္ပန်	၄၈၅
သရုပ်ခွဲခဏ်း	၉၃
သဟကမ္မနှင့် နာနာကမ္မအထူး	၁၅၁
သဟကြီး ၄-ပစ္စည်း အရကောက်	၄၈၃
သဟကြီး ၄-မှာ ရှာကြည့်	၃၈၈
သဟကြီးလတ် ပါဠိတော် အရ ကောက် ဇယားပုံစံ	၂၂၃
သဟကြီးလတ်ပါဠိတော် သဒ္ဒသင်္ခ်ာဇယား	၂၁၈
သဟကြီး သုဒ္ဒသင်္ခ်ာ	၁၉၈၊၂၁၃
သဟဇယ် (၇) အရကောက် ဇယား	၃၈၀
သဟဇယ် ပစ္စည်းများ ပစ္စယုပ္ပန် သာမညတူကြခြင်း	၈၉

အကွာရာစဉ်	စာမျက်နှာ
[သ]	
သဟဇယ် ပါဠိတော်ဇယား	၅၉
သဟဇယ်မှာ ရှာကြည့်	၃၉၀
သဟဇာတအကြီး ၄-ပစ္စည်း	၂
သဟဇာတအကြီး ၄-မျိုး သုဒ္ဓသင်္ချာ	၁၀
သဟဇာတအဝယ်အရကောက်	၃၈၉
သဟဇာတအဝယ် ၇-ပစ္စည်း	၂
သဟဇာတအဝယ် ၇-မျိုး	၈
သဟဇာတ အလတ် ၄-ပစ္စည်း	၂
သဟဇာတ အလတ် ၄-မျိုး သုဒ္ဓသင်္ချာ	၉
သဟဇာတကမ္မ	၁၄၈
သဟဇာတကမ္မ အရကောက်	၄၄၁
သဟဇာတကမ္မ ကျေးဇူးပြုပုံ	၁၅၁
သဟဇာတကမ္မ၌ ပစ္စည်းရေ-၁၀	၁၅၄
သဟဇာတကမ္မ၌ သင်္ချာသတ္တာ	၁၅၄
သဟဇာတကမ္မ ပစ္စည်းတပ် တရား	၁၅၄
သဟဇာတကမ္မ ပစ္စယုပ္ပန်တရား	၁၅၄
သဟဇာတကမ္မ ပါဠိတော်	၁၅၅
သဟဇာတကမ္မ သုဒ္ဓသင်္ချာ	၈၊၁၅၄
သဟဇာတ ဝယ် လတ် ကြီး အမည်ပေးပုံ	၂
သဟဇာတ ၁၅-မျိုး	၂
သဟဇာတတ္ထိ (၁)	၃၀၅

အကွာရာစဉ်	စာမျက်နှာ
[သ]	
သဟဇာတနိဿယ ကျေးဇူးပြုပုံ	၂၈၆
သဟဇာတ၌ အကုပဒ ၃-ချက် အရကောက်	၄၉၂
သဟဇာတ၌ အကု ဗျာ-ဗျာ အရကောက်	၄၉၈
သဟဇာတ၌ ကု-ကု အရကောက်	၄၈၇
သဟဇာတ၌ ကု-ကုဗျာ အရကောက်	၄၉၁
သဟဇာတ၌ ကု-ဗျာ အရကောက်	၄၉၀
သဟဇာတ၌ ကုဗျာ-ဗျာ အရကောက်	၄၉၇
သဟဇာတ၌ ပစ္စည်းရေ-၄	၁၉၈
သဟဇာတ၌ ဗျာ-ဗျာ အရကောက်	၄၉၂
သဟဇာတ၌ သင်္ချာနဝ	၁၉၈
သဟဇာတ ပစ္စည်းတပ် တရား	၁၉၈
သဟဇာတ ပစ္စည်းမျိုး	၁၈
သဟဇာတပစ္စည်း သုဒ္ဓသင်္ချာ	၁၀
သဟဇာတ ပစ္စယုပ္ပန်တရား	၁၉၈
သဟဇာတ ပုရေဇာတ မိဿက ၃-မျိုး	၅၊၂၁
သဟဇာတမျိုး သုဒ္ဓသင်္ချာ	၈
သဟဇာတဝိပွယုတ္တာ၌ ပစ္စည်းရေ-၅	၂၀၁၊၂၅၆

အကွာရာစဉ်	စာမျက်နှာ
[သ]	
သဟဇာတဝိပွယုတ္တာဒ်	
သင်္ခ်ာ တိကာ	၂၀၁၊၂၅၆
သဟဇာတဝိပွယုတ္တ	
ပစ္စည်းတပ် တရား	၂၀၁၊၂၅၅
သဟဇာတဝိပွယုတ္တ	
ပစ္စယုပ္ပန် တရား	၂၀၁၊၂၅၅
သဟဇာတဝိပွယုတ္တ	
သုဒ္ဓသင်္ခ်ာ	၁၀၊၂၀၁၊၂၅၅
သဟဇာတသုဒ္ဓသင်္ခ်ာ	၂၁၈၊၂၃၇
သဟဇာတာဓိပတိအရကောက်	၄၆၄
သဟဇာတာဓိပတိဒ်	
ပစ္စည်းရေ-၁၃	၁၆၄
သဟဇာတာဓိပတိဒ်	
သင်္ခ်ာသတ္တာ	၁၆၄
သဟဇာတာဓိပတိ ပစ္စည်းတပ်တရား	၁၆၄
သဟဇာတာဓိပတိ ပစ္စယုပ္ပန်တရား	၁၆၄
သဟဇာတာဓိပတိ ပါဠိတော်	၁၈၇
သဟဇာတာဓိပတိ	
သုဒ္ဓသင်္ခ်ာ	၈၊၁၆၄၊၁၇၄
သဟဇာတာဓိပတိ ရှင်းချက်	၁၇၈
သဟဇာတိန္ဒြိယဒ် အကုပဒ	
၃-ချက် အရကောက်	၄၂၉
သဟဇာတိန္ဒြိယဒ် ကုပဒ	
၃-ချက် အရကောက်	၄၂၈
သဟဇာတိန္ဒြိယဒ်	
ပစ္စည်းရေ-၁၄	၁၁၇၊၁၃၀
သဟဇာတိန္ဒြိယဒ်	
ဗျာ-ဗျာ အရကောက်	၄၂၉

အကွာရာစဉ်	စာမျက်နှာ
[သ]	
သဟဇာတိန္ဒြိယဒ်	
သင်္ခ်ာသတ္တာ	၁၁၇၊၁၃၀
သဟဇာတိန္ဒြိယ ပစ္စည်းတပ်	
တရား	၁၁၇၊၁၂၉
သဟဇာတိန္ဒြိယ	
ပစ္စယုပ္ပန်တရား	၁၁၇၊၁၂၉
သဟဇာတိန္ဒြိယ	
သုဒ္ဓသင်္ခ်ာ	၉၊၁၁၇၊၁၂၉
သဟတိ=သဟဇာတိန္ဒြိယ	
သုဒ္ဓသင်္ခ်ာ	၁၃၈
သဟပုရေမိသက အရကောက်	
ဇယား	၂၇၄
သဟပုရေမိသကဒ်	
ပစ္စည်းရေ-၃	၂၄၉၊၂၇၄
သဟပုရေမိသကဒ်	
သင်္ခ်ာဒွေ	၂၄၉၊၂၇၄
သဟပုရေမိသက ပစ္စည်းတပ်	
တရား	၂၄၉၊၂၇၄
သဟပုရေမိသက	
ပစ္စယုပ္ပန်တရား	၂၄၉၊၂၇၄
သဟပုရေမိသက သင်္ခ်ာ	၁၃၊၂၄၉
သဟပုရေမိသက သုဒ္ဓသင်္ခ်ာ	
ပါဠိတော် ဇယား	၂၇၄
သဟလတ် ၄-ပစ္စည်းထဲ	
ရှာကြည့်	၄၉၄
သဟာဓိဒ် အကုပဒ ၃-ချက်	
အရကောက်	၄၆၉

အကွာရာစဉ်	စာမျက်နှာ
[သ]	
သဟာဓိဌ် ကုပဒ ၃-ချက်	
အရကောက်	၄၆၅
သဟာဓိဌ် ဗျာ-ဗျာ	
အရကောက်	၄၇၀
သဟိတ်ပဋ္ဌိသန္ဓေကမ္မဇရုပ်	၅၇
သာမညနှင့် အဓိပတိ	၁၈၃
သာမာဝတီ၏ ဝိပါကဝဋ်	၃၄၁
သုဒ္ဓ ၉-မျိုး	၁
သုဒ္ဓသန်္ဓာကို ခုံခုံမင်မင်	
ကျက်ကြ	၇၂
သုဒ္ဓသန်္ဓာနှင့် အိုးစား	
မခွဲနှင့်	၇၂
သုဒ္ဓသန်္ဓာမှ ပါဠိတော်နှင့်	
အရကောက် ထုတ်ယူနည်း	၃၈
သုဒ္ဓသန်္ဓာရဲ့ အဓိပ္ပါယ်	၃၈
သုံးနာမည်ရ တရား	၈၃
သင်တန်းဖွင့်ပွဲ	၁၅

အကွာရာစဉ်	စာမျက်နှာ
[ဟ]	
ဟေတုနှင့် သဘောတူ	
ပစ္စည်း-၁၁	၁၂၄-၅
ဟေတုနှင့် သဘောမတူ	
ပစ္စည်း ၃-ပါး	၁၂၄
ဟေတု၌ အကုသလပဒ ၃-ချက်	
အရကောက်	၃၉၂
ဟေတု၌ ကုသလပဒ ၃-ချက်	
အရကောက်	၃၈၁၊၃၉၀
ဟေတု၌ ပစ္စည်းရေ-၁၂	၃၇
ဟေတု၌ ဗျာ-ဗျာ အရကောက်	၃၉၅
ဟေတု၌ သန်္ဓာသတ္တ	၃၅၊၃၇
ဟေတုပစ္စည်း အရကောက်	၃၇၉
ဟေတုပစ္စည်း သုဒ္ဓသန်္ဓာ	၈၊၃၅၊၃၇
ဟေတုပစ္စည်းတပ် တရား	၃၅၊၃၇
ဟေတုပစ္စယုပ္ပန် တရား	၃၅၊၃၇
ဟေတုပစ္စယုပ္ပန် သရုပ်ခွဲ	၄၆

ပဌာန်းသိပ္ပံကျမ်း
မှတ်သားဖွယ် အကွာရာစဉ် ပြီးပြီ။